သုဒ္ဓဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု၊ သုဒဿနဓဇ

အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်နှစ်ထပ်ရ

စံကျောင်း ဆရာတော်ဘုရားကြီး၏ တပည့်

**စလင်းဆရာတော် ဦးပဏ္ဍိစ္စ**

အရှင်သူမြတ်သည် ဝိနယပါရဂူ ဖြစ်မြောက်လိုသူတို့ အကျိုးငှာ

အထူးထူးသော နည်းနာနယတို့ဖြင့် ဆန်းကြယ်စွာ

ရေးသားဆုံးဖြတ်အပ်သော

# စလင်းဝိနည်းဂဏ္ဍိသစ်ကျမ်း

## (ပထမတွဲ)


ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၃၉ ကောဇာ-၁၃၅၇ ခရစ်-၁၉၉၅

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန သာသနာရေး
ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စလင်းဝိနည်းဂဏ္ဌိသစ်

# မဟာဝိနိဒါနကထာ

---

"အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော"-ဟူသော ကျမ်းမြတ်ဋီကာ မဥ္ဇူသာ (ဋ္ဌ၊၁၊၁၅) မိန့်တော်မှုနှင့် "သမ္ပတ္တော ဘာရော အဝဿံ အာဝဟိတဗ္ဗော-ဟူသော လောကောပမာ" ဆိုရာစကား ရှေးသူဟောင်းတို့ မိန့်မှာကြားခဲ့သည်နှင့် အညီ ဒေသ, ကာလ, ဒေသက စသည်ကို ပြခြင်းသည် လည်းကောင်း (သာရတ္ထ၊၁၊၂၇။) အကြောင်းဝတ္ထု အမှုအခင်းသည် လည်းကောင်း (ဝိမတိ၊၂၊၈၃။) နိဒါန်း မည်၏ ဟူသော ညွှန်းဆိုချက်နှင့်အညီ ထိုဒေသ, ကာလ, ဒေသက, အကြောင်းဝတ္ထု အမှုအခင်းတို့ကို ပြညွှန်းဆိုသော နိဒါန်းစကားကို ရေးသားရန်အကြောင်းသည် ဆိုက်ရောက်လာခဲ့ပြီ ဖြစ်ရကား မြန်မာပြည်တွင် ပေါ်ထွန်းဖူးသမျှသော ဝိနည်းဂဏ္ဌိကျမ်း မျိုးစုံတို့တွင် အကြီးဆုံး အကျယ်ဆုံး အပြည့်စုံဆုံး ဖြစ်သော "စလင်း ဝိနည်း ဂဏ္ဌိသစ်" မည်တွင်သော ကျမ်းကြီး၏ အကြောင်းခြင်းရာ မျိုးစုံကို ပေါ်လွင်ထင်ရှားအောင်—

(၁) သိမ်မွေ့နက်နဲ ခက်ခဲသော မြတ်ဓမ္မ။

(၂) ဝိနည်းပိဋကတ်သည် သာသနာ၌ အရေးအပါဆုံး။

(၃) ဘုရားရှင်၏ ဓမ္မဒေသက စွမ်းရည်။

(၄) ပါဠိတော် ဟူသောဝေါဟာရ ဖြစ်ပေါ်လာခြင်း။

(၅) အဋ္ဌကထာများကို ဟောကြား, စုစည်း ရေးသားခြင်း။

(၆) ဋီကာကျမ်းများ ရေးသားရခြင်း အကြောင်း။

(၇) ယောဇနာကျမ်းများ ရေးသားရခြင်း အကြောင်း။

(၈) နိဿယကျမ်းများ ရေးသားရခြင်း အကြောင်း။

(၉) ဂဏ္ဌိကျမ်းများ ရေးသားရခြင်း အကြောင်း။

(၁၀) ဂဏ္ဌိကျမ်းများ၏ သမိုင်းအစဉ်။

(၁၁) များပြားစွာရှိ ဝိနယဂဏ္ဌိ။

(၁၂) ကျမ်း၏ ဂုဏ်ရည် လျှမ်းပြည့်စုံညီ။

(၁၃) ကျမ်းဂန် ကျမ်းပြု နှိုင်းစံတုသော်။

(၁၄) ကျမ်းပြုထေရ်ရှင် မြတ်သခင်။

(၁၅) စက်တင်ပုံနှိပ်ရန် အကြောင်း ဖြစ်ပေါ်လာခြင်း။

(၁၆) သာသနာရေး ဦးစီးဌာန၏ လျှောက်ထားချက်။

(၁၇) တည်းဖြတ်ပြင်ဆင် စက်တင်ပုံနှိပ်။

(၁၈) ကျမ်းပြုဆရာတော်၏ မဟာနိဂုံး။

(၁၉) ဆဆုထေရ် စဉ်ကာဆက် ဘဝဂ်သို့လျှံ။

(၂၀) ဝေဘန်မှုနှင့် ပန်ကြားချက်။

(၂၁) ပဋိ+ဩသာန ဝိသောဓက ဆရာတော်များ–

ဟူသောအစီအစဉ်တို့ဖြင့် အစဉ်ကျကျ တင်ပြပါတော့အံ့။

၁။ သိမ်မွေ့နက်နဲ ခက်ခဲသော မြတ်ဓမ္မ

သံသရာ ဝဋ်ဆင်းရဲအတွင်း၌ နှစ်မွန်းမျောပါလျက် ရှိကြကုန်သော လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ သံသရာ ဝဋ်ဆင်းရဲ အတွင်းမှ လွတ်ကင်းအောင် ကယ်တင်အံ့ ဟူသော ရည်ရွယ်ချက်ဖြင့် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီများ ဖြည့်စွမ်းခဲ့ပြီး ထိုရည်ရွယ်ချက်ကြီးအတိုင်း တရားအလုံးစုံကို ဆရာမရှိ ကိုယ်တော်တိုင် မှန်ကန်စွာသိ၍ သဗ္ဗညုတ ရွှေဉာဏ်တော်ပိုင်ရှင်အဖြစ်သို့ ရောက်တော်မူခဲ့သော ဘုရားရှင်ကိုယ်တော်မြတ်သည် မိမိကိုယ်တိုင် သိရှိထားသော တရားဓမ္မတို့ကို ဟောကြားတော်မူရန် ကြံစည်တော်မူလိုက်သောအခါ ဓမ္မ၏ ခက်ခဲနက်နဲပုံကို လည်းကောင်း, နာကြားအံ့သော သတ္တဝါဝေနေယျတို့၏ သန္တာန်၌ ကာမဂုဏ် အာရုံတို့ဖြင့် ပြည့်လျှမ်း၍ ကိလေသာအညစ်အကြေးတို့ဖြင့် ဖုံးလွှမ်း ထူပြော နေပုံကိုလည်းကောင်း တွေ့မြင်တော်မူရသဖြင့် တရားဓမ္မတို့ကို ဟောပြတော်မူရန် စိတ်ညွတ်တော်မမူသေးဘဲ ဖြစ်ခဲ့ရလေသည်။

"ငါသိအပ်ပြီးသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ တက္ကပုဂ္ဂိုလ်တို့၏ ကျက်စားရာ မဟုတ်၊ သိမ်မွေ့၏၊

ပညာရှိတို့သာ သိနိုင်၏၊ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန်နှစ်ခြိုက်ကုန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်ကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ် တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ, ခပ်းသာ ဆင်းရဲတို့၏ တည်ရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ, တဏှာ၏ကုန်ရာ, ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာ ဖြစ်သော ဤနိဗ္ဗာန်တရားကိုလည်း မြင်နိုင်ခဲ၏၊ ငါသည်လည်း တရားကို ဟောငြားအံ့၊ သူတပါးတို့သည်လည်း ငါ၏တရားကို မသိနားမလည် နိုင်ကုန်ငြားအံ့၊ သို့ဖြစ်လျှင် ထိုတရားဟောခြင်းသည် ငါအားပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲခြင်းသာ ဖြစ်ရာ၏''ဟု (ဝိ၊၃၊မြန်၊၆။) ဤသို့စသည်ဖြင့် ဆင်ခြင်တော်မူမိလျက် တရားမဟောဘဲ ကြောင့်ကြမဲ့နေရန် စိတ်အကြံဖြစ်တော်မူ၏။

ထိုအခါ သဟမ္ပတိ ဗြဟ္မာကြီးသည် ''မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တရားဟောတော် မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည် တရားဟောတော်မူပါလော့၊ ပညာမျက်စိ၌ ကိလေသာမြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ ထိုသတ္တဝါတို့သည် တရားတော်ကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့''ဟု (ဝိ၊၃။မြန်၊၇။) ဤသို့ စသည်ဖြင့် သုံးကြိမ်တိုင်တိုင် တောင်းပန် လျှောက်ထားမှုကြောင့် သတ္တဝါတို့၏အပေါ်၌ သနားခြင်းကို အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူသောအခါ ပညာမျက်စိ၌ ကိလေသာ များပြားသူ နည်းပါးသူ ဣန္ဒြေနုသေးသူ ရင့်ကျက်သူ တရားတော်ကို သိနိုင်ရန် ခက်ခဲသူ, လွယ်ကူသူ စသည်တို့ကို ခွဲခြားမြင်တော်မူလျှင် တရားဟောတော်မူရန်အတွက် ပြန်လည်အားတက်တော် မူခဲ့လေသည်။

ဤသို့ သိမ်မွေ့နက်နဲ ခက်ခဲ သိမြင်နိုင်ခဲသော မြတ်ဓမ္မကို ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူစ မကြာမီ‌သောအခါမှစ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူသည့်တိုင် လေးဆယ့်ငါးဝါပတ်လုံး အကြောင်းအား လျော်စွာ ဟောကြားဆုံးမ နည်းလမ်းပြတော်မူခဲ့ပေသည်။ ထို လေးဆယ့်ငါးဝါ ကာလအတွင်း ဟောကြားတော်မူခဲ့သော မွေတန္တိ ပ္ပဋ္ဌိတော်တရားအစဉ်များကို တရားပန်းတောင်းကြီးသုံးလုံး တည်ထား၍ အမျိုးအစား တူရာတူရာတို့ကို အသီးအသီး ခွဲခြားထည့်သွင်းလိုက်သောအခါ–

(၁) သာသနာတော်ကို စောင့်ရှောက်မည့် ဆေးနည်း ဥပဒေများနှင့် သက်ဆိုင်သော ဝိနယပိဋကာ၊ ဝိနည်းပန်းတောင်း။

(၂) ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍ အကြောင်းအားလျော်စွာ ဟောကြားတော်မူခဲ့သော သုတ္တန္တပိဋက၊ သုတ္တန်ပန်းတောင်း။

(၃) ပရမတ္ထ အဘာဝ တရားအစစ်တို့ကိုသာ ဟောကြားတော် မူခဲ့သော အဘိဓမ္မာပိဋက၊ အဘိဓမ္မာပန်းတောင်းဟူ၍ တရားအစု ပန်းတောင်းကြီး သုံးလုံး ဖြစ်ပေါ်ရရှိပေသည်။

ထိုတရားပန်းတောင်းကြီး သုံးလုံးတို့တွင် "မည်သည့် ပန်းကောင်းထဲ၌ ထည့်သွင်းထားသော တရားအစုသည် သာသနာတော် အတွက် အရေးအကြီးဆုံး ဖြစ်ပါသနည်း"ဟု မေးလတ်သော် "သုံးမျိုးလုံးပင် အရေးကြီးပါသည်"ဟု ဖြေရပေလိမ့်မည်။ ထိုတွင် "အရေးအကြီးဆုံးထဲမှ အရေးအပါဆုံးကို ရွေးချယ်ပြပါဦး"ဟု ဆိုပြန်လျှင် ဝိနည်းပိဋကတ်ကိုသာ ရွေးချယ်ပြရပေမည်။ အကြောင်းကိုဆိုရသော် "လောက၌ ပုဂ္ဂိုလ်တိုင်း မိမိအသက်ထက် မည်သည့်အရာကိုမျှ တန်ဖိုးမထားနိုင်။ မိမိအသက် ရှင်သန်မှသာ လောကီ, လောကုတ္တရာ အကျိုးစီးပွား အမျိုးမျိုးတို့ကို ပြုလုပ်ရှက်ဆောင်နိုင်မည်ဖြစ်၍ မိမိတို့၏ အသက်ရှင်ရေးသည် ပုဂ္ဂိုလ်တိုင်းအတွက် အရေးအပါဆုံး ဖြစ်သကဲ့သို့ ပိဋကတ်သုံးပုံတို့တွင်လည်း ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု (ဝိ၊ဋ္ဌ၊၁၁။)နှင့် အညီ ဝိနည်းပိဋကတ်သည် သာသနာတော်၏ အသက် ဖြစ်၍ ဝိနည်းပိဋကတ် ရှင်သန်မှသာ သာသနာတော်၏ အသက်ရှင်သန်တည်တံ့၍ သာသနာတော်၏ တာဝန်များ ထမ်းဆောင်နိုင်ကြမည် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့်–

> ပဏ္ဍမှိ စ သုတ္တန္တေ၊
> အဘိဓမ္မေ စ တာဝဒေ။
> ဝိနယေ အဝိနဋ္ဌမှိ၊
> ပုန တိဋ္ဌတိ သာသနံ။
>
> (ဝိ၊ဋ္ဌ။၁၃၇။)

သုတ္တန် ပိဋကတ်သည် လည်းကောင်း၊ အဘိဓမ္မာ ပိဋကတ်သည် လည်းကောင်း မေ့ခဲ့သော်လည်း (ကွယ်ပျောက်ခဲ့သော်လည်း) ထိုရွှေလောက် ဝိနည်းတရားတော် ဝိနည်းပိဋကတ်သည် မပျောက်ပျက်ခဲ့သော် တစ်ဖန် သာသနာတော်သည် တည်ထွန်းတောက်ပ၏ဟု (ဝိ၊ဋ္ဌ။မြန်၊၁၃၈။) ဘုရားရှင်ကိုယ်တော်ဘိုင် မိန့်တော်မူခဲ့သည်။

## ၂။ ဝိနည်းပိဋကတ်သည် သာသနာ၌ အရေးအပါဆုံး

ရတနာသုံးပါးတို့တွင် ဘုရားရတနာသည် တရားရတနာကို ဟောကြား ပေါ်ထွန်းစေခဲ့သည်။ စင်စစ်အားဖြင့်ကား တရားရတနာသည် ထာဝရရှိမြဲ ဖြစ်၍ အချိန်ကာလအားလျော်စွာ ငုပ်လျှိုးနေခြင်းသာ ဖြစ်သည်။ တရား ရတနာကို အကြောင်းပြု၍ ဘုရားဖြစ်ရသည်။ ဘုရားထက် တရားက မြတ် သည်။ ထိုတရားရတနာကို ပြန်လည် ပေါ်ထွန်းစေတော်မူခဲ့သော ဂေါတမ ဗုဒ္ဓရှင်တော်ဘုရားသည် ရှေး၌ ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့ကဲ့သို့ သက်တမ်းရှည်မြင့်သော ကာလ၌ ပွင့်တော်မူခြင်း မဟုတ်မူ၍ လေးဆယ့်ငါးဝါ သာ ကြာမြင့်ပြီး ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေသည်။ ထိုဘုရားရှင်ဟောကြားတော် မူခဲ့သောတရားတော်ဘို့ကို ယခုနှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်သည့်တိုင် မပျောက်မပျက် ဆက်လက်တည်တံ့နေအောင် ထိန်းသိမ်းစောင့်ရှောက်တော် မူခဲ့သည်မှာ သံဃာရတနာသာလျှင် ဖြစ်သည်။ ဘုရားရှင် ကိုယ်တော်တိုင် ကလည်း တရားရတနာကို တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်မည့် သူတို့ မှာ သံဃာရတနာသာ ဖြစ်ကြောင်းကို သိရှိတော်မူသည့်အလျောက် သံဃာ ရတနာသံဃာ့အဖွဲ့ အစည်းကြီးကို တည်ထောင်တော်မူခဲ့လေသည်။

ထိုသံဃာရတနာသံဃာ့ အဖွဲ့အစည်းကြီးကို အရှည်ခိုင်၍ တည်တံ့နေအောင် ထိန်းသိမ်းပေးမည့် အရာသည်ကား ဝိနည်းတရားသာလျှင် ဖြစ်သည်။ ထို့ကြောင့် ဝိနည်းတရားမရှိလျှင် သံဃာရတနာဟူသော အဖွဲ့အစည်းကြီး မတည်ရှိနိုင်။ သံဃာ့အဖွဲ့အစည်းကြီး မရှိလျှင်လည်း ဓမ္မရတနာများကို စောင့်ရှောက်မည့်သူ ရှိမည် မဟုတ်၊ စောင့်ရှောက်မည့်သူ မရှိလျှင်လည်း ကွယ်ပျောက် ပေမည်။ ဓမ္မရတနာ ကွယ်ပျောက်လျှင် ဘုရားရတနာနှင့် ဘုရားရှင်၏ သာသနာသည်လည်း ကွယ်ပျောက်ရမည်သာ ဖြစ်ပေသည်။

ပထမသံဂါယနာတင်အံ့ဆဲဆဲ သံဂီတိကာရက အရွေးချယ်ခံ သံဃာ တော်များ စုံစုံညီညီ ရောက်ရှိလာသောအခါ အရှင်မဟာကဿပမထေရ် သည် သံဃာတော်ဘို့ကို "ငါ့ရှင်တို့ ငါတို့သည် ဓမ္မ ဝိနယ နှစ်ပါးရှိသည့် အနက် အဘယ်ကို ရှေးဦးစွာ သံဂါယနာ တင်ကြမည်နည်း။ သုတ်အဘိဓမ္မာ ကို ရှေးဦးစွာ သံဂါယနာတင်ကြမည်လော၊ သို့မဟုတ် ဝိနည်းကို ရှေးဦးစွာ သံဂါယနာတင်ကြမည်လော" ဟု မေးမြန်းတော်မူသောအခါ သံဃာတော် တို့က "အရှင်မဟာကဿပဘုရား၊ ဝိနည်းတရားတော်မည်သည် ဗုဒ္ဓမြတ်စွာ သာသနာ၏ အသက်ဖြစ်ပါသည်၊ အကြောင်းကိုဆိုရလျှင် ဝိနည်းတရားတော် အဓွန့်တာရှည်၍ တည်လတ်သော် ဗုဒ္ဓမြတ်စွာ သာသနာသည် အဓွန့်တာရှည်

တည်သည်မည်ပါသည်။ ထို့ကြောင့် ရှေးဦးစွာ ဝိနယဒေသနာကို သင်္ဂါယနာ တင်ကြပါကုန်စို့”ဟု (ဝိ၊၄၊၁၊၁၁။)တညီတညွတ်တည်း ပြန်ကြားလျှောက်ထား ကြကုန်၏။ ဤသို့လျှင် “ဝိနည်းကို သာသနာတော်၏အသက်”ဟု ဆိုထား သဖြင့် ဝိနည်းမရှိလျှင် သာသနာ၏အသက် ထွက်သည် သေသည် မည်တော့ သည်သာတည်း—

၃။ ဘုရားရှင်၏ ဓမ္မဒေသကစွမ်းရည်

ထိုသို့ ခက်ခဲနက်နဲ၍ အရေးပါလှသော ဝိနယပိဋကတ်တရားတော်မြတ်တို့ကို ဘုရားရှင်ကိုယ်တော်တိုင် “ဥဒ္ဒေ ယျမံ တရား ငါးပါးတို့ကို သဘောအားလျော် စွာ သိစွမ်းနိုင်ခြင်း, သိသည်အားလျော်စွာ ထိုဥဒ္ဒေ ယျမံ တရားတို့၏ ဟောအပ်သော အပြားကို သိစွမ်းနိုင်ခြင်း ဝေနေယျတို့၏ အာသယအာမိမုတ္တိ အစရှိသည်ကိုထင်ရှားအောင် ပြစွမ်းနိုင်ခြင်း”ဟူသော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးဖြင့်(အနု၊၃၊၁၁၈။) ဟောကြားတော်မူပုံကား—

“ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာ နှင့်တကွသော ဤသြကာသလောကကိုလည်းကောင်း၊ သမဏဗြာဟ္မဏ နှင့် တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တ လောကကို လည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကိုဟောတော်မူ၏။” ( ဝိ၊၁၊၁၊မြန်၊၂။ ) ဤသို့ အစ ရှိသည်တည်း။

ဤသို့လျှင် ဘုရားရှင်၏ ဓမ္မဒေသက စွမ်းရည်ထူးဖြင့် သိမ်မွေ့ နက်နဲ ခက်ခဲသော ဝိနည်းတရားတော် အပါအဝင် ဓမ္မတို့ကို ဟောတော် မူခဲ့၍ ခေတ်ကွက်ခြင်းငှာ မတတ်ကောင်းသော လူ နတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်ခဲ့ကြပြီး“သမဏ- ဝိနယ (အနာဂါရိကဝိနယ)=ရဟန်း သာမဏေတို့ လိုက်နာကျင့်သုံးရသော ဝိနည်းပညတ်တော်များ၊ ဂိဟိဝိနယ (အဂါရိကဝိနယ)=လူတို့လိုက်နာကျင့်သုံး ရသော ယဉ်ကျေးမှု တရားအစုဥပဒေလူ့ဝိနည်းများ၊ သံဝရဝိနယ=ရှင်ရဟန်း လူအားလုံးတို့ လိုက်နာကျင့်သုံးရသော သံဝရဝိနည်းများ၊ ပဟာနဝိနယ= အကုသိုလ်တရားတို့ကို ပယ်သော ပဟာနဝိနည်းများ” ဒေသနာတို့ကို လိုက်နာ ကျင့်ကြံနေထိုင်ကြသဖြင့် သီလသာသနာကို အခြေခိုင်စွာ တည်ဆောက်နိုင်

ကြပြီး သမာဓိသာသနာ, ပညာသာသနာတို့ကိုပါ အောင်မြင်စွာ တည်ဆောက်နိုင်ကြလျက် ဈာန်, မဂ်,ဖိုလ်အောင်ပန်း ပန်ဆင်နိုင်ခဲ့ကြသော သူတို့ကား ဗဟုတရမျှားစွ မျှားစွ ပါတကား—

## ၄။ ပါဠိတော်ဟူသော ဝေါဟာရ ဖြစ်ပေါ်လာခြင်း

ဤသို့ ဘုရားရှင် ဟောကြားတော်မူသော ဝိနယတို့တွင် အနာဂါရိက ဝိနယဒေသနာဖြစ်သော ဝိနည်းပါဠိဒေသနာ မေ့တန္တိသည် "ဝါဇနာမဂ္ဂ= ပို့ချမှုအစဉ်" အားဖြင့် ၅-ကျမ်း (၅ အုပ်) ရှိသည်။ သံဂါယနာ (ပေါင်းစု ညီညာရွတ်ဆိုခြင်း) တင်သောအခါ အပန်းဖြေနားနေမှုမရှိဘဲ တောက်လျှောက် တစ်ကြိမ် (စက်နာရီဝက်ခန့်) ရွတ်ဆိုမှု အပိုင်းအခြားကို တစ်ဘာဏဝါရ-ဟု သံဂါယနာ ဝေါဟာရအားဖြင့် ခေါ်ဆိုသည်။ ထိုဘာဏဝါရအားဖြင့် "တရာ့ ခြောက်ဆယ့်ကိုး" ဘာဏဝါရရှိသည်။ ဘာဏဝါရရေတွက်ပုံ (သီ၊ဋ္ဌ၊သစ်၊၁။ ဂ၁)၌ ပါရှိသည်။

အတ္ထံ ပါတိ ရက္ခတီတိ ပါဠိ၊ တန္တိ။ (နိရုတ္တိမဉ္ဇူသာ ဋီကာ)အတ္တံ ပါတိ ရက္ခတီတိ ပါဠိ၊ ယော ဝါနံ ပရိယာပုဏာတိ၊ တံ အပါယာဒီဟိ ဒုက္ခေဟိ ပါတိ ရက္ခတီတိ ပါဠိ၊ ပကဋ္ဌာနံ ဝါ ဥတ္တမာနံ သဒ္ဒါနံ အာဠိ ပါဠိ။ (ဋူ၊၁၊၁၇၆)တို့နှင့်အညီ မှန်ကန်သော အယူအဆအနက်ကို စောင့်ရှောက်တတ်သောကြောင့်လည်းကောင်း၊ အကြင်သူသည် ထိုပါဠိကို သင်ယူ၏။ ထိုသူကို အပါယ်၌ဖြစ်ခြင်း အစရှိကုန်သောဆင်းရဲတို့မှ စောင့်ရှောက်တတ်သောကြောင့် လည်းကောင်း, မြတ်ကုန်သော သဒ္ဒါတို့၏ အစဉ်ဖြစ်သောကြောင့်လည်းကောင်း ပါဠိမည်၏။ ထိုပါဠိအမည်ရသော မဂဓဘာသာ ဒေသနာတန္တိ အစဉ်ကိုပင် တိုင်းတော်, ပြည်တော်, နိုင်ငံတော်, သံဃာတော်, ရဟန်းတော် စသည်ဖြင့် သာသနာ့ဒါယကာ မြန်မာဘုရင်မင်းမြတ်တို့သည် မြန်မာနိုင်ငံသို့ သာသနာရောက်စ ရှေးပုဂံခေတ်ကပင် ခေါ်ဝေါ်ခဲ့ကြရ၍ ယနေ့တိုင်အောင် "တော်" ဟူသော ဝိသေသဖြင့် ဂုဏ်ထူးပြု၍"ပါဠိတော်"ဟု ခေါ်ဝေါ်ကြလေသည်။

## ၅။ အဋ္ဌကထာများကို ဟောကြားစုစည်းရေးသားခြင်း

ဘုရားရှင်သည် သာမုက္ကံသိက ဓမ္မဒေသက စွမ်းရည်ထူးဖြင့် ဝိနယပိဋကတ် အာဏာဒေသနာမြတ် ဓမ္မတန္တိ (တရားအစဉ်) ပါဠိတော်တို့ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းမြင်သာအောင် ဖွင့်တ်စရာ ထည့်သွင်းစရာမရှိ တိတိ ကျကျ ပြည့်ပြည့် စုံစုံ မည်သို့ပင် ဟောစွမ်းနိုင်ခဲ့စေကာမူ ကံမွဲ ဉာဏ်ရှား သာဝကများအတွက် အဋ္ဌအနက် သဘောသက် မှန်ကန် သိမြင်ရန်

အချက်သည် ခက်ခဲနက်နဲလျက်သာ ဖြစ်နေပေသည်။ ထိုအခါ နာနာရဋ္ဌ နာနာဒေသ နာနာပုဂ္ဂလ နာနာဇ္ဈာသယ နာနာဝတ္ထု စသည်တို့ဖြင့် ပြန့်ကျဲရောပြွမ်းနေ၍ "ပကိဏ္ဏကဒေသနာ" ဟု အမည်တွင်သော ဗုဒ္ဓဘာသိတ အတ္ထဝဏ္ဏနာ အဋ္ဌကထာစကားရပ်တို့ကို အဋ္ဌကထာဆရာတို့ဟူ၍ မညတွင်လတ္တံ့သော ထေရ်အရှင်တို့က ပန်းချိုးမောင်စုံဖူးပွင့်စုံကို စုပြုံတင်လှူထားသောတစ်ခုသော ဘုရားပန်းအိုးကြီးထည်းမှ အပြုတစ်ပုံ အဝါဒစည်း အနီတင်ကုံး ခွဲခြားစုရုံးသီကုံးသဖြင့် အရောင်အမွေးကူ ဘုရားပန်းသုံးမျိုး ထူးခြားကွဲပြား ဖြစ်ပေါ်လာသကဲ့သို့ ဝိနည်းဆိုင်ရာကို ဝိနည်းတစ်ပုံ၌သွင်း သုတ္တန်ဆိုင်ရာကို သုတ္တန်တစည်း၌စည်း အဘိဓမ္မာဆိုင်ရာကို အဘိဓမ္မာတကုံး၌ သီကုံး၍ တူညီရာကို သွင်း, စည်း, သီကုံးခါ မရောထွေးအောင် ရှင်းလင်းအောင် ခွဲခြားထားခြင်းသာ ဖြစ်သည်၊ မထေရ်ရှင်တို့ ဉာဏ်သက်ဝင်သလို ဖွင့်ဆိုရေးသားထားခြင်းကား မဟုတ်သည်သာတည်း (ဗုဒ္ဓသံဝဏ္ဏိတ အဋ္ဌကထာတို့ကိုသာ ရည်ရွယ်သည်)

ထိုသို့ ပကိဏ္ဏကဒေသနာ အဋ္ဌကထာမှ သက်ဆိုင်ရာ ဒေသနာတော်အလိုက် ခွဲခြားစုစည်း အသီးပြုသောအခါကား ပထမသံဂါယနာတင်စဉ် ရွေးချယ်ထားသော ပိဋကတ်စာစဉ်အတိုင်း ပါဠိသံဂါယနာတင်ပြီး သည်နောက် ထေရ်အရှင်အသီးသီးနှင့် ယင်းတို့၏သာဝကများအား သင်အံပို့ချရွက်ဆောင်ရန် ပိဋကတ်တော်များ ခွဲဝေအပ်နှင်းလျက် အပ်နှင်းခံမထေရ်နှင့် ယင်းတို့၏ သာဝကတို့က ဆိုင်ရာဆိုင်ရာ ခွဲခြားစုစည်းကာ ပါဠိတော်သံဂါယနာတင်အပြီး ဆက်လက်၍ အဋ္ဌကထာ သံဂါယနာတင်ခဲ့ကြလေသည်"ဟု ဆရာစဉ်ဆက် မိန့်မြွက်စကား ကြားသိခဲ့ဖူးပေသည်။

ထို့ကြောင့် "အဋ္ဌကထာကို ဘုရားရှင်ကိုယ်တော်တိုင် ဟောသည်၊ သက်ဆိုင်ရာ အပ်နှင်းခံ တာဝန်ကျ ထေရ်အရှင်တို့နှင့် ယင်းတို့၏ သာဝကများ စုစည်းသည်"ဟု မှန်ကန်တိကျ ယုံမှားမရှိ မှတ်သင့်သည်၊ ထိုနောင်မှ သာဝကတို့ရေးသော အဋ္ဌကထာများ (သာဝကသံဝဏ္ဏိတ အဋ္ဌကထာများ) ဆက်လက်ပေါ်ထွက်ခဲ့ကြလေသတည်း–

အဋ္ဌကထာဟူသည်

အတ္ထော ကထီယတိ ဧတာယာတိ အဋ္ဌကထာ၊ သာယေဝ အဋ္ဌကထာ၊ တ္ထကာရဿ ဋ္ဌကာရံ ကတွာ၊ ယထာ ဒုက္ခဿ ပီဠနဋ္ဌောတိ။ (ဒီ၊ဋီ၊၁၊၁၆။ သံ၊ဋီ၊၁၊၁၆။ မ၊ဋီ၊၁၊၁၆။) တို့နှင့်အညီ ပါဠိတော်၏အနက်ကို ဖွင့်ဆိုကြောင်းဖြစ်သော စကားအစဉ်သည် အဋ္ဌကထာမည်၏၊ ထိုအဋ္ဌကထာသည် ဘုရားရှင်လက်ထက်ကပင် ထင်ရှားရှိ၏။ ပါဠိတော်ကဲ့သို့ ဘုရားရှင်သာလျှင် အမွန်အစ

ပဘာဝဖြစ်၏။ (အနု၊ဋ္ဌီ၊၁၊၁၁။) ပိဋကတ်သုံးပုံ ပါဠိတော်၏ အနက်အဖွင့်ဖြစ်သော အဋ္ဌကထာကို ဘုရားရှင်ကိုယ်တော်တိုင် ဟောအပ်၏၊ ပကိဏ္ဏကဒေသနာဟူသောအမည်ရှိ၏။(ဒီ ဋ္ဌီ၊၁၊၁၅။သံ၊ဋ္ဌီ၊၁၊၁၅၊မ၊ဋ္ဌီ၊၁၊၁၅။)ထိုပကိဏ္ဏကဒေသနာမည်သော အဋ္ဌကထာတို့ကို ရှေးဦးသုံးကြိမ် သံဂါယနာတင်စဉ်ကပင် သံဂါယနာတင်ထေရ်အရှင်တို့ ထည့်သွင်း၍ သံဂါယနာ တင်ခဲ့ကြ၏။ (သာရတ္ထ၊ ၃၊၆။) စတုတ္ထသံဂါယနာ (ပေထက်အက္ခရာ) တင်သောအခါ၌လည်းကောင်း၊ ပဉ္စမသံဂါယနာ (ကျောက်ထက်အက္ခရာ) တင်သောအခါ၌လည်းကောင်း၊ ဆဋ္ဌသံဂါယနာ (စက်တင်ပုံနှိပ်အက္ခရာ) တင်သောအခါ၌လည်းကောင်း သံဂါယနာတင်ထေရ်အရှင်တို့ ထည့်သွင်းသံဂါယနာတင်ခဲ့ကြကုန်၏။

ပဌမ ဒုတိယ တတိယ သံဂါယနာ သုံးကြိမ်တင်အပ် ပြီးသော ပကိဏ္ဏကဒေသနာဟူသော အဋ္ဌကထာကို အရှင်မဟာမဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ဆောင်ယူသွားသဖြင့် နောက်ကာလတွင် သီဟိုဠ်ကျွန်း၌ နေကုန်သော မထေရ်ကြီးတို့သည် အယူတပါးနှင့် မရောယှက်ရအောင် သီဟိုဠ်ဘာသာဖြင့် ရေးသား ထားခဲ့သောအဋ္ဌကထာကိုပင် ပေါရာဏအဋ္ဌကထာ ကြီးများဟု ခေါ်ဆိုကြသည်။ ထို ရှေးအဋ္ဌကထာကြီးတို့၌ အကျယ် ဆိုအပ်သော စကားကို အကျဉ်း ပြုခြင်း သီဟိုဠ်ဘာသာမှ ဘုရားဟောရင်း မူလဘာသာပါဠိတော်နည်းအားလျော်သော မာဂဓဘာသာသို့ ပြန်ဆိုခြင်းမျှကိုသာပြု၍ အရှင်မဟာဗုဒ္ဓဃောသ စီရင်လေသည်၊ အရှင်မဟာ ဗုဒ္ဓဃောသမထေရ်သည် မိမိ၏ဉာဏ်စွမ်းဖြင့် အသစ်တဖန် ကြံစည်၍ရေးသားအပ်သော အဋ္ဌကထာဟူ၍ လုံးဝမရှိပေ။

၆။ ဋီကာကျမ်းများ ရေးသားရခြင်းအကြောင်း

ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူခဲ့သော ပါဠိတန္တိတရားဓမ္မများကို ဘုရားရှင်ကိုယ်တော်တိုင် ဖွင့်ပြတော်မူခဲ့သော ဗုဒ္ဓသံဝဏ္ဏိတအဋ္ဌကထာများ သာဝကထေရ် အရှင်တို့ဖွင့်ပြတော်မူခဲ့သော သာဝကသံဝဏ္ဏိတအဋ္ဌကထာများ တို့ဖြင့်ဖွင့်ပြကြသောအခါ သာသနာတော်ရှေ့ပိုင်း ကာလ၌ ဘဝဇာတိ ရရှိခဲ့ကြသော ပုဂ္ဂိုလ်တို့သည် များသောအားဖြင့်“ကံကလည်းတက်၊ ဉာဏ်ကလည်းထက်၊ ဝီရိယကလည်းသွက်၊ သမာဓိကလည်းမပျက်” ချိန်၌ကြုံခဲ့ရသည့်အတွက်၊ ဘုရားရှင်၏ အလိုတော်ကျ အနက်အဓိပ္ပါယ်တို့ကို သဘောမိမိ ဉာဏ်သက်ဝင်မှုရှိခဲ့ကြသော်လည်း သာသနာတော် နောက်ပိုင်းကာလ၌ ဘဝဇာတိ ရရှိခဲ့ကြသော ပုဂ္ဂိုလ်တို့သည်ကား များသောအားဖြင့်“ကံကလည်းမွဲ၊ ဉာဏ်ကလည်းနဲ၊ ဝီရိယကလည်းကျဲ သမာဓိကလည်း ဖဲ”ချိန်၌ ကြုံခဲ့ရသည့်အတွက် အဋ္ဌကထာဖွင့်ပြချက်နှင့်ပင် ဉာဏ်မသက်ဝင်နိုင်ကြသဖြင့် မသိမမြင်

သောအချက် ခက်ခဲသော အနက်အဓိပ္ပါယ် မလွယ်ကူသော အာဘောဂများ ဖြစ်ပေါ်လာပြန်သောအခါ လွယ်ကူရှင်းလင်း တိကျမှန်ကန် သဘာဝပေါက် သိနားသည်၍ အခက်အခဲဟူသမျှကို ဖျက်ခွဲနိုင်စေရန် ဋီကာမည်သော ကျမ်း တစ်ဆူမျိုးကို ပညာရှင်မထေရ်တို့ ရေးသားတော်မူကြပြန်သတည်း။

ထို့ကြောင့်"ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်နောက် သာသနာတော် သက္ကရာဇ် (၉၃၀)ကျော်တွင် မြန်မာတိုင်းနိုင်ငံမှာ 'သေဉ်လည်ကြောင်မင်းနှင့် အပြိုင် သီဟိုဠ်ကျွန်းမှာ မဟာနာမ မင်းလက်ထက် ရှင်ဗုဒ္ဓဃောသ ရှင်ဗုဒ္ဓဒတ် တို့ အဋ္ဌကထာကို မဂဓဘာသာပြန်သည်က စ၍ ကျမ်းဂန်ပြုစုကြသည် ထိုမှ ရှေးက ကျမ်းဂန်မပြုစုကြ၊ သတိ, သမာဓိ,ပညာ ထက်သန်သဖြင့် ပါဠိအဋ္ဌ- ကထာ မူလနှင့်ပင် အနက်အဓိပ္ပါယ်ကို သိကြသောကြောင့် ဖွင့်ဖွယ်မရှိ၍ မပြုစု ကြ၊သတိ,သမာဓိ,ပညာမထက်သန်သဖြင့် ပါဠိအဋ္ဌကထာ မူလနှင့်သာ အနက် အဓိပ္ပါယ်ကို မသိကြသောကြောင့် ဖွင့်ဖွယ်ရှိ၍ ပြုစုကြသတည်း"ဟု သာသနာ လင်္ကာရစာတမ်း(၁၁၇)၌ ဆိုထားသည်။

## ဋီကာဟူသည်

ဋီကီယတိ ဉာယတိ သံဝဏ္ဏနာယ အတ္တော ဧတာယာတိ ဋီကာ။ (ဇူ၊ ၂၊ ၇၇။)ဋီကီယာတိ ဇာနိယတိ သံဝဏ္ဏနာယ အတ္တော ဧတာယာတိ ဋီကာ။ (နီတိဓာတု၊၁၇။)(ဋီက+ယာ+အ)ယာ=ယနေ။ယာ=ဓာတ်။ အ-ပစ္စည်း၊ဣတ္ထိ ဇောတကအာပစ္စည်း။ဋီကာ၊ဋီကာကျမ်း။ထို ဋီကာ ကျမ်းတို့ကို မဂဓဘာသာဖြင့် ဋီကာ,ဝိဘာဝနီ, ဒီပနီ–ဟူသော အမည်တို့ဖြင့်လည်းကောင်း သက္ကဋဘာသာ ဖြင့် ဋိပ္ပနီ,သန္ဒယ,ဗျာချာဟူသောအမည်တို့ဖြင့်လည်းကောင်း ခေါ်ဆိုကြသည်။ ထိုဋီကာ ကျမ်းတို့တွင် ဋီကာတကာတို့၏ လက်ဦး အရင်းအမြစ် ဖြစ်သော ကြောင့် မူလဋီကာ အမည်ရသော ကျမ်းကို ဋီကာဒွါရ-ဟု လည်းကောင်း, ဋီကာမ-ဟု လည်းကောင်း ထပ်ဆင့်ဝေါဟာရပြုကြသည်။ ဋီကာကျမ်းရင်း၌ မသင် မမြင်လွယ်သောအရာကို ထင်လွယ်မြင်လွယ်အောင် ထပ်ဆင့်၍ ဖွင့်သော ကြောင့် အနုဋီကာအမည်ရသော ကျမ်းမျိုးကို ဋီကာဆင့်-ဟု ဝေါဟာရပြု ကြသည်။ ဋီကာကျမ်းရင်း၌ အနက်အဓိပ္ပါယ်မကုန်၍ ကြွင်းကျန်သည်ကို လည်းကောင်း မသိသာမကွဲပြားသည်ကိုလည်းကောင်း၊ ကုန်စင်အောင်သိသာ ကွဲပြားအောင် ဋီကာကျမ်းရင်းနှင့် ပေါင်းစပ်၍ ဖွင့်ဆိုထားသဖြင့် ကုန်စင် သိသာကွဲပြား ချိုမြိန်သောကြောင့် မဓုဋီကာ အမည်ရသော ကျမ်းမျိုးကို မြိန်တောင်း-ဟု ဝေါဟာရပြုကြသည်။ အကျဉ်းအမြွက်မျှ မှတ်ဆိုသော ကျမ်းငယ်များကို လက္ခဏာနကျမ်းများဟု လည်းကောင်း, ကာလရှေ့လျော၌

လက္ခဏာနုန်းကျမ်းများဟု လည်း-ကောင်း၊ ကာလထပ်မံ ရွှေလျော်ပြန်၍ လက်သန်းကျမ်းများဟု လည်းကောင်း ဝေါဟာရပြုကြပြန်သည်။

ဝိနည်းဋီကာ၊ ဒီဃနိကာယ်ဋီကာ၊ မဇ္ဈိမနိကာယ်ဋီကာ၊ သံယုတ္တနိကာယ် ဋီကာ၊ အင်္ဂုတ္တရနိကာယ်ဋီကာ၊ အဘိဓမ္မာဋီကာကျမ်းများ မြန်မာပြည်၌ အပြည့် အစုံရှိ၍၊ ကျုန်ခုဒ္ဒကနိကာယ် ဋီကာကျမ်းများ သီဟိုဠ်ကျွန်းမှ မြန်မာပြည်သို့ မရောက်ဖူးခဲ့ကြောင်း ရေးသားထားခြင်းရှိသည်။ ထို့ကြောင့် "မြန်မာပြည်၌ ဋီကာကျမ်းများ အပြည့်အစုံမရှိသေး"ဟု မှတ်ယူရမည်။ ထိုတွင် ခုဒ္ဒကပါဌ ဋီကာကို (အရှင်အာဒိစ္စဝံသ၊ ပထမငါးခုန် ဆရာတော်)။ ဓမ္မပဒဋီကာ ဟောင်းကို (အမည်မသိ သီဟိုဠ်ဆရာတော်)။ ဓမ္မပဒ ဋီကာသစ်ကို( အရှင်ဝရ သမ္ဘောဓိ၊ ရေစကြိုဆရာတော်)။ ဇာတ်ဋီကာ ဟောင်းကို (အရှင်ဓမ္မပါလ၊ ဒီဃနိကာယ် ဋီကာကျမ်းပြုဆရာတော်)။ ဇာတ်ဋီကာသစ်ကို (အရှင်ပညာ သာမိ၊ မောင်းထောင်ဆရာတော်) နေတ္တိမဟာဋီကာကို (အရှင်ဉာဏာဘိဝံသ၊ မောင်းထောင် သာသနာပိုင်) ရေးကြောင်း ပေမူဖြင့်သာရှိကြောင်း ဖတ်ရှု မှတ်သားဖူး၏။ နေတ္တိဋီကာ၊ ဝိဘာဝနီတို့ကား ဆဋ္ဌမူဖြင့် စက်တင်ပုံနှိပ်ပြီးလေပြီ။ သို့ဖြစ်၍ ရေးသားပြီး ဋီကာကျမ်းများ စက်တင် ပုံနှိပ်နိုင်လျှင်သော်လည်း ကောင်း၊ မရေးရသေးသော ဋီကာကျမ်းများ ရေးသားဖြည့်စွမ်းနိုင်လျှင်သော် လည်းကောင်း သာစုအနုမောဒနာထပ်ပြန်ကာ အကြိမ်ကြိမ်ဆင့် ပူဇော်သင့်ပါ ဘိတော့ သည်တကား။ ထို့ပြင် ယခုရှိနေသော ဋီကာကျမ်းများကိုပင် ကုန်စင်အောင်ကြည့်ရှုပါဦး၊ မရိုက်ရသေးသော ဋီကာ၊ မရေးရသေးသော ဋီကာများကို မျှော်သင့်မနေပါနှင့် ဟူ၍လည်း အပြစ်မတင်ကြရာ။ နာနာဆန္ဒ နာနာဇ္ဈာသယကြောင့် နာနာဂန္ထတို့ကို လေ့လာကြည့်ရှု လိုသူတို့အတွက် ကြီးစွာသော အထောက်အပံ့ အကူအညီဖြစ်မည်ကား မလွဲကေန် အမှန်ပင် ဖြစ်ပေလိမ့်တကား။

၇။ ယောဇနာကျမ်းများ ရေးသားရခြင်းအကြောင်း

ထိုသို့ ဋီကာကျမ်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဖွင့်ဆိုပြလိုက် သောအခါ ဘာသာဗေဒဝေါဟာရ၌ ကျွမ်းကျင်သူတို့ အတွက် ဉာဏ်အားတိုး ဆေးကြီး တစ်ခွက် သောက်လိုက်ရသကဲ့သို့ ဖြစ်ခဲ့ငြားသော်လည်း ကာလ သည် အိုဟောင်း၍ သက္ကရာဇ်သည် ပြိုပြောင်း၍ ခေတ်သစ်တစ်ဖန် ဆန်းသစ် လာပြန်သော ကာလ၌ ဘဝဇာတိ ရရှိကြသော 'ကံကလည်းဖျင်း၊ ဉာဏ်က လည်းမလင်း၊ ဝီရိယကလည်းမတင်း၊ သမာဓိကလည်းယွင်း"သဖြင့် ဘာသာ ဗေဒဝေါဟာရ၌ မကျွမ်းကျင်သူတို့ အတွက်ကား "ကာကောတိ ခေါ်"

ဟူသော သဒ္ဒတ္ထဇာလိနီဋီကာအဖွင့်ကို တွေ့မြင် ကြည့်ရှုမိသူတို့ကဲ့သို့ပါဠိ, အဋ္ဌကထာတို့၌ ယခင်သိဖူးပြီး အနက်အဓိပ္ပာယ်၌ပင် သံသယသက်ဝင်ကာ "ဖွင့်ကာမှငုပ်၊ ရှင်းကာမှရှုပ်၊ ဉာဏ်လှုပ်ထွေးယှက်၊ အသိခက်"ဖြစ်ပြီး ဘုရားရှင်ဟောတော်မူလိုရင်း (သိစေတော်မူလိုရင်း)ကို အချိတ်အဆက်မိမိ မသိစွမ်းနိုင် တွေးတောကြံမှိုင်လျက် ဖြစ်နေပြန်သည်။ ထိုပုဂ္ဂိုလ်တို့အတွက် ဘုရားရှင်ဟောတော်မူလိုရင်း (သိစေတော်မူလိုရင်း)ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းလွယ်ကူ သိမြင်နိုင်မှု ရှိအောင် ပါဠိဘာသာရေး ယောဇနာကျမ်းများကို ပညာရှင်မထေရ် အသီးသီးတို့က ထပ်ဆင့်တစ်ဖန် ရေးသားကြပြန်သတည်း။

ယောဇနာဟူသည် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့၌ပါရှိသေသ လိုလျှင် ထည့်စွက်၊ ပုဒ်စပ်ဝေးကွာနေလျှင်, လွဲမှားနိုင်လျှင်, ခက်ခဲနေလျှင် စပ်သင့်ပုဒ်နှင့် တွဲစပ်ပြ၊ တိတိကျကျ အရကောက်သင့်လျှင် ဝိဂ္ဂဟပြု၊ အဘိဓေယျကြားခြင်း စသည်တို့ဖြင့် အချိတ်အဆက်မိအောင် ယှဉ်စပ်ပြသော ကျမ်းမျိုး တစ်ဆူတည်း။

ဂ။ နိဿယကျမ်းများ ရေးသားရခြင်းအကြောင်း

အဋ္ဌကထာ, ဋီကာ, ယောဇနာကျမ်းများ၏ ထောက်ကူမှုကို ရရှိသဖြင့် "ဉာဏ်ရည်သင့်ရုံသာ ရှိသူတို့အတွက် ဉာဏ်မြင့်တက်၊ဉာဏ်ရည်မြင့်သူတို့ အတွက် ဉာဏ်ထိပ်တက်" နှစ်သက်ကြည်ရှင် အနက်အဓိပ္ပာယ် ထင်ကြသော်လည်း မြန်မာဘာသာ မြန်မာစာကိုသာ အဓိကထား၍ ကျွမ်းကျင်ကြသော ပုဂ္ဂိုလ်တို့ အတွက် ပါဠိဘာသာရေး စာပေကျမ်းဂန်တို့၏ သိမ်မွေ့နက်နဲသော သဘော ကြောင့် ခက်ခဲသော အနက်အဓိပ္ပာယ်တို့ကို ရှင်းလင်းစွာသိနိုင်ရေး အထောက် အကူပေးမှု နည်းနေသေးသဖြင့် ခေတ်အဆက်ဆက်၌ ပိဋကတ္တယပါရဂူ ဖြစ်တော်မူခဲ့သော ဆရာတော်တို့သည် "ပါဠိတစ်ချက် အနက်တစ်ချက် ဘာသာ ပြန်ဆိုခြင်း"ဖြစ်သော နိဿယကျမ်းတို့ကို ရေးသားပြုစု၍ ထပ်ဆင့်တစ်ဖန် ကူညီခဲ့ကြပြန်သည်၊ ထိုနိဿယကျမ်းများ ရေးသားသော နည်းစနစ်သုံးမျိုးရှိ ကြောင်းကို "နိဿယပြန်ရာတွင် နံ့ကျဉ်း, နံ့ကျယ်, နံ့ပြောက် ဟူသော နည်းများ ရှိသည်ကိုလည်း တွေ့ရသည်" (မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်၊ အတွဲ-၄၀)ဟု ရေးသားထားခြင်း တွေ့ရသည်။ ထိုတွင် "နံ့ကျဉ်း"ဟူသည် တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းစေ့ရုံ ပြန်ဆိုရေးသားသော မူရာနိဿယကျမ်း မျိုးတည်း။" ယင်းကို'ချနက်'ဟူ၍လည်း ခေါ်ဆိုကြသည်။ "နံ့ကျယ်"ဟူသည် အဓိပ္ပာယ် အမွှာအထားများနှင့်တကွ ဆန်း, အလင်္ကာ, သဒ္ဒါနည်း၊ ပါဠိ,

အဌကထာ, ဋီကာနည်းများ ထည့်သွင်း၍ အကျယ် ပြန်ဆိုရေးသားသော မှီရာနိဿယကျမ်းမျိုးတည်း။ ယင်းကို "မှုကျယ်"ဟူ၍လည်း ခေါ်ဆိုကြသည်။ "နံပြောက်"ဟူသည် နံကျဉ်း, နံကျယ်တို့ကဲ့သို့ ပြန်ဆိုရေးသားခြင်း မဟုတ်ဘဲ ခက်ခဲသောပုဒ်ကိုသာ ရွေးထုတ်၍ ပြောက်ကျား ပြန်ဆိုရေးသားသော မှီရာနိဿယကျမ်းမျိုးတည်း။ ယင်းကို "နံစောင်"ဟူ၍လည်း ခေါ်ဝေါ်ခြင်း အနည်းငယ်အားဖြင့် ရှိသည်။

## ၉။ ဂဏ္ဌိကျမ်းများ ရေးသားရခြင်းအကြောင်း

ဤသို့လျှင် မှီခိုအားထားစရာ နိဿယကျမ်းများဖြင့် ထပ်ဆင့်တစ်ဖန် အသိဉာဏ် မြင့်တင်လိုက်ပြန်သောအခါ "ကံကလည်းတင့်၊ ဉာဏ်ကလည်းသင့်၊ ဝီရိယကလည်းဆင့်၊ သမာဓိကလည်းမြင့်" နေသော ပုဂ္ဂိုလ်တို့အတွက် လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်အောင် အကျိုးတရားများခဲ့သော်လည်း "ကံကလည်းပေါ့၊ ဉာဏ်ကလည်းပျော့၊ ဝီရိယကလည်းဖျော့, သမာဓိကလည်းလျော့" နေသော ပုဂ္ဂိုလ်တို့အတွက် လိုအပ်ချက်ကို ပြည့်စုံစွာ မဖြည့်စွမ်းနိုင်၊ ရှိမြဲတိုင်း အခက်များမှ လျော့ကျရုံသာ ဖြည့်စွမ်းနိုင်ကြသဖြင့် ဘုရားရှင်၏ ဝိနယဓမ္မကို မှန်ကန်သော နယူပဒေသဖြင့် နားလည်သိရှိ၍ အခက်ဟူသမျှ မှုမျှမကြွင်း ရှင်းလင်းကုန်စင်အောင် ပဏ္ဍိတ်မည်တွင် ထေရ်အရှင်တို့၏ ဆထက်တိုးသော ကြိုးပန်းချက်ကြောင့် ဂဏ္ဌိမည်သော ကျမ်းမျိုး တစ်စောင်သည် သာသနာတော် အသက် ကြာရှည်စွာဆက်နိုင်အောင်ပေါ်ထွက်ခဲ့ပြန်ပေသတည်း။

လောကောပမာ အစဉ်အလာစကားတစ်ရပ် သွင်းညှပ်ပါဦးအံ့။ လောကဌ် မကျန်းမာသော လူနာလည်း ရှိသည်။ ဆေးဝါးမျိုးစုံလည်းရှိသည်။ လူနာက လည်း သုံးစွဲမှီဝဲလိုသည်။ သို့သော်လည်း အနာနှင့်ဆေး တည့်အောင် ပေးဘတ်သော ပညာရပ် ကား လိုနေသည်။ ထိုသို့မဖြစ်စေရန် ဆေးပညာ ကို သင်ထားရမည်ကဲ့သို့ ဝိနယပါဠိတော်တန္တိဒေသနာတော်လည်းရှိသည်။ အဖွင့် သံဝဏ္ဏနာအဌကထာ ဋီကာယောဇနာတို့လည်း ရှိသည်။ မှီခိုအားထားစရာ နိဿယများလည်း ရှိသည်။ သို့သော်လည်း ဝေဖန်ဆန်းစစ် သင့်မသင့်ကို မှန်ကန်အောင် နှိုင်းချိန်နိုင်သော ပညာကားလိုနေသည်။ ထိုသို့ မဖြစ်စေရန် ဂဏ္ဌိတည်းဟူသော ပညာကို သင်ထားရပေမည်။

သတ္တဝါတို့၏ အသက်ကို စောင့်ရှောက်ပေးမည့် ဆေးပညာသည် လောကဌ် ခက်ခဲသိမ်မွေ့၍ အချိန်ယူကာသင်ကြားရပေသည်။ ထိုသို့ အချိန်ယူ၍ ခက်ခက် ခဲခဲ သင်ယူထားသော်လည်း ရောဂါလက္ခဏာအယူအဆ မကျွမ်းကျင်လျှင် အနာတခြား ဆေးတခြားဖြင့် ဒုက္ခများတတ်ပေသည်။ ထို့အတူ သာသနာ

တော်၏အသက်ကို စောင့်ရှောက်ပေးမည့် ဝိနည်းပိဋကတ်၌လည်း အချိန်ယူကာ သင်ကြားလေ့လာမှတ်သားထားပါလျက် အခက်အခဲ အဖုအဆစ် မဖြေရှင်းနိုင်ဘဲ ကြွင်းကျန်နေမြဲဖြစ်၍ ဝိနယလက္ခဏာ အယူအဆ မကျွမ်းကျင်ပါက ဒေါသစွန်းငြိ ရှိ-မရှိကို တိတိကျကျ မသိကြသဖြင့် "မရှိကိုရှိ၊ ရှိကို မရှိ" လွဲမှားဘိ၍ ပြုကျင့်မိလျှင် အနာတခြား ဆေးတခြားသို့သာသနာတော်အတွက် အကျိုးဆက်လွဲ အကျိုးနည်း ဖြစ်တတ်ပေသည်။

အပြစ်ရှိသည်ကို အပြစ်မရှိဟု မှတ်ထင်လျက် ပြုလုပ်ချက်ကြောင့် အကျိုးယုတ်ခဲ့ရသည်တို့ကား များပြားလှသဖြင့် တင်ပြရန် မလိုအပ်တော့ပြီ။ အပြစ်မရှိသည်ကို အပြစ်ရှိသည်ဟု ထင်မှတ်၍ ကုက္ကုစ္စသံသယဝင်ကပ်သဖြင့် ဝိနည်းအယူအဆ မတတ်မှုကြောင့် အကျိုးယုတ်ခဲ့ဖူးပုံကို တင်ပြပါဦးအံ့—

မန္တလေးမြို့ ရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီးသည် မင်းသားအဖြစ်နှင့် လွန်မင်းသော သဒ္ဓါတရားရှိသည့် အတိုင်း သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ခွင့် မရသည်နှင့် မင်းပြုရမှသဒ္ဓါတရားရှိသည့်အတိုင်း သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ခွင့် ရချိမ့်မည်ဟု ရည်မှတ်ပြီးလျှင် အမရပူရမြို့မှ ထွက်၍ မိခြားဘတူ နောင်တော်ဘုရင် ပေါက္ကံမင်း ပုဂံမင်းနှင့် တစ်လကျော်ခန့် စစ်ပြိုင်ကြ၍ အထိန်းမရှိ ချည်ခင်ကဲ့သို့ တစ်နိုင်ငံလုံး လှုပ်ချောက်ချားသည်နှင့် ရဟန်းသံဃာတို့ သပိတ်သင်္ကန်း စသောပစ္စည်း ပရိက္ခရာ စာပေတို့ကိုနှစ်ဦးသော စစ်သည်တို့ အနိုင်အထက် ဗလက္ကာရ လုယူ သိမ်းပိုက်ပြီးသည့်နောက် ပဌမသင်္ဂါယနာတင် မင်းတရားကြီး နန်းတက်စအခါ သံဃာ့ရာဇာ သာသနာပိုင် မရှိမီ ထိုနှစ်ဦးသော စစ်သည်တို့လက်၌ လည်းကောင်း၊ ထိုစစ်သည်တို့၏ လက်မှတစ်ဆင့် ဝယ်ယူသောသူတို့၏လက်၌ လည်းကောင်း၊ တစ်ဆင့်ဝယ်ယူသော သူစသည်တို့၏ လက်မှ ထပ်ဆင့် ဝယ်ယူသူ စသည်တို့၏ လက်၌ လည်းကောင်း တွေ့မြင်ရလေသည်။ ထိုသို့တွေ့မြင်ရသော်လည်း မိမိတို့ပစ္စည်းရပ်များကို "အနိုင်အထက်ဗလက္ကာရ ယူသင့်မယူသင့်"ဝိဝါဒစကားဖြစ်ပွားရာ "ယူသင့် ယူထိုက် ယူကောင်းသတည်း" ဟု စံကျောင်းဆရာတော်ဘုရားကြီး အမှတ်အသား ထားတော်မူအပ်သော အဆုံးအဖြတ်ဖြစ်သတည်းဟု ဤကျမ်းစာ(၂၆၃၊၃၆၄။) နှာ၌ ပါရှိသည်။

ထိုပစ္စည်းများကို ပစ္စည်းရှင် ရဟန်းတော်တို့က "အနိုင်အထက် ဗလက္ကာရ မယူသင့်"ဟု ဝိနယကုက္ကုစ္စ ရှိကြသဖြင့် တန်ကြေးဖြင့်ပြန်၍ ရွေးယူခဲ့ကြသည်။ ထိုအကြောင်းကို စံကျောင်းဆရာတော်ဘုရားကြီး သိရှိသောအခါ"ကိုယ့်ပစ္စည်းကိုငွေကုန်ခံပြီး ရွေးနေဖွယ်မရှိ။ တွေ့မိသူထံမှ ဥစ္စာရှင်ရဟန်းသည် ပြန်ယူနိုင်သည်ဟု အမိန့်တော်ရှိ အပြစ် တင်တော်မူခဲ့သည်။

နောက်တစ်မျိုး ဗဟုသုတတိုး ရန်အဆင့်စကားရေးသားပါဦးအံ့....မန္တလေး တောင်ခြေရွှေကျောင်တိုက်မကြီး၌ ပစ္စည်းများကို သူခိုးခိုးယူသွား၍ သံဃာများ ဝိုင်းလိုက်ကြရာ မန္တလေး တောင်ခုလပ်တွင် သူခိုးကို ပစ္စည်းနှင့်တကွမိကြသော် လည်း''အတင်းယူက ပသယှာဝဟာရ တောင်းယူက အညာတကဝိညတ္တိ'' ဖြစ်မည်ကို ကြောင့်ကြပြီး ဘာမျှမယူ၊ ရန်မမူဘဲ ပြန်လာကြရာ ကျေးဇူးရှင် ရွှေကျောင် ဆရာတော်ဘုရား ကြီးက ''ကိုယ့်ပစ္စည်းဆုံးအောင်ဘဲ ကုက္ကုစ္စလှန်ကဲ ကြသည်''ဟု ပြောဆိုလိုက်ကြောင်း စည်ရှင်ဆရာတော်၏ စောရာဝဟဋ္ဌဝိနိစ္ဆယ ၌ ရေးသားထားခြင်း ရှိသည်။

ပြဆိုခဲ့ပြီးသည့် အတိုင်း ကုက္ကုစ္စ မဖြစ်သင့်သည့် အရာ၌ ကုက္ကုစ္စ ဖြစ်နေ လျှင် စောင့်စည်းရမည့် စည်းကမ်းများ များပြားနေရသည့်အထဲ မစောင့်စည်း ရမည့်အရာများကိုပါ စောင့်စည်းနေရသဖြင့် ကြပ်တည်း ကျဉ်းမြောင်း ငြီးငွေ့ကာ ဘုရားရှင်မျှော်ကိုးတော်မူခဲ့သော သီလ၊သမာဓိ၊ပညာ ကျင့်ဖွယ်ရာ တရားများ ထိရောက်စွာ မကျင့်နိုင်သဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန် ချမ်းသာ အကျိုး မပွားတိုးဘဲ သာသနာတော်အတွင်း၌ စိတ်ဓာတ်ကျကာ ဆုံးရှုံး သွားတတ်လေ သည်။ထို့ကြောင့် အပြစ်အားလျော်စွာဆုံးမတတ်၍ ယထာပရာဓသာသနာမည် သော ဝိနည်းပိဋကတ်၌ ဘုရားရှင် သိစေတော် မူလိုရင်းဖြစ်သော အနက် အဓိပ္ပါယ်ကို ကျနအောင် ကောင်းမွန်စွာ သင်ယူခြင်းမရှိသဖြင့်နည်းလမ်းကျကျ မသိသူသည် မကြာမီ သီလပျက်စီးခြင်းသို့ ရောက်တတ်၏''ဟု မိန့်ဆိုထားလေ သည်။ (ဝိ၊ဋ္ဌ၊၁၊၂၀။)ဤတင်ပြအပ်ပြီးသော အကြောင်းအချက် တို့ကြောင့် ''ဂဏ္ဌိမည်သော ကျမ်းမျိုး တစ်စောင်သည် သာသနာအသက် ကြာရှည်စွာ ဆက်နိုင်အောင် ပေါ်ထွက်ခဲ့ပြန် ပေသတည်း''ဟု နိဂုံး ဆက်လိုက်ပါသတည်း။

## ၁၀။ ဂဏ္ဌိကျမ်းများ၏ သမိုင်းအစဉ်

ဂဏ္ဌိ-ဟူသော သဒ္ဒါ(ပုဒ်)သည် ဂန္ထ=ဂန္တ်နေဓာတ်၊ မောဂ်၊ ၅၊ ဏ္ဍ-ဟူသော သုတ်ဖြင့် ဏ္ဍ-ပစ္စည်းသက်၊ မောဂ်၊၅။၅၂။ တထနရာနံ ဋ ဌဏလာ ဟူသော သုတ်ဖြင့် နှ,ထ-တို့ကို ဏ,ဌ-ပြု၍ ပြီးသောသဒ္ဒါ(ပုဒ်)တည်း။ထိုဂဏ္ဌိသဒ္ဒါသည် အထုံး၊ ကြိုးထုံး၊ချည်ထုံး၊ မြက်ထုံး၊အဆစ်၊ ဝါးဆစ် ကြံဆစ်၊ ကျူဆစ်၊နွယ်ကြီးရာ ခက်ဆစ်၊မပေါ်လွင်သောအနက်ရှိသော သဒ္ဒါ အသိရမလွယ်ကူသော အချက် အလက် ဖြေရှင်းရခက်သော အကြောင်း အဖုံ၊ အဖုအပိမ့်၊ အဖွဲ့၊အနှောင်အဖွဲ့ စသည်ဖြင့် အခက်မျိုးစုံ အဖုအထစ် မျိုးစုံ ဟူသောအနက်တို့ကို ဟော၏၊ ဤ၌ကား အထုံးအဖွဲ့ ခက်ရာခက်ဆစ် ဟူသောအနက်တို့ကို ယူသင့်၏။

မှန်၏၊ အထုံးအဖွဲ့ ဖြစ်ပေါ်နေလျှင် ဖြေရှင်းရပေမည်၊ ခက်ရာခက်ဆစ် ဖြစ်ပေါ်နေလျှင် ကြံဆရပေမည်၊ ဖြေရှင်းဖို့၊ ကြံဆဖို့ ဆိုသည် မှာလည်း ဉာဏ်ပညာ အထူးထက်မြက် သဘောသက်သူမှသာ စွမ်းနိုင်ပေလိမ့်မည်။ ဖြေရှင်းရမည့်အရာ,ကြံဆရမည့်အရာကလည်း ပုဒ်အနက်သော်လည်းကောင်း,ဌာနသော်လည်းကောင်း အမျိုးမျိုး ဖြစ်နေမည်သာတည်း။ ထို့ကြောင့် ကေင်္ခါရကောသ-ဋ္ဌီကာကျမ်း (၂၀) ဂါထာအဖွင့်၌ "ဂေါ ဉာဏံ တိဋ္ဌတိ ဧတ္ထာတိ ဂဏ္ဌိ။ ဂဏ္ဌိစ တံ ပဒဥ္စာတိ ဂဏ္ဌိပဒံ ပါဠိအဋ္ဌကထာဒီသု ဂမ္ဘီရဉာဏဝိသယံ ဒုဗ္ဗောဓါဂါဟဋ္ဌာနန္တိ အတ္ထော" ဟု ဖွင့်ဆိုထားပေသည်။ ထိုသို့ဆိုလျှင် ဂဏ္ဌိပဒ,ဂဏ္ဌိဋ္ဌာန-ဟု နှစ်မျိုး ကွဲပြားသွားပေပြီ။

ထိုတွင် အနက်အဓိပ္ပါယ် မပေါ်လွင်မထင်ရှား ခက်ရာခက်ဆစ် ဖြစ်နေသောပုဒ်သည် 'ဂဏ္ဌိဘူတံ ပဒံ ဂဏ္ဌိပဒံ။ ယထာဟိ ရုက္ခဿ ဂဏ္ဌိဋ္ဌာနံ ဒုဗ္ဗိ-နိဗ္ဗေဇ္ဇံ ဒုတ္တစ္ဆိတဥ္စ ဟောတိ၊ ဧဝမေဝံ ယံပဒံ အတ္ထတော ဝိဝရိတုံ နသက္ကာ တံ ဂဏ္ဌိပဒန္တိ ဝုစ္စတိ"ဟူသော(မ၊ဋ္ဌီ၊၁၊၅၉၊)နှင့် အညီ ဂဏ္ဌိပဒမည်၏။ ထိုဂဏ္ဌိပဒကို လွယ်ကူအောင် ဖွင့်ဆိုရေးသားထားသော ကျမ်းသည်လည်း ဥပစာရအားဖြင့် ဂဏ္ဌိပဒ မည်တော့၏။

ထိုထို နေရာ၌ မဟာဂဏ္ဌိပဒဟု လည်းကောင်း, မဇ္ဈိမဂဏ္ဌိပဒ ဟုလည်းကောင်း,စူဠဂဏ္ဌိပဒဟုလည်းကောင်း ရေးသားထားလျှင် သီဟိုဠ်ဘာသာဖြင့် ရေးသားထားသော ဂဏ္ဌိ·ကျမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။ ဂဏ္ဌိပဒဟုသာ ရေးသားထားလျှင် မာဂဓဘာသာဖြင့် ရေးသားထားသော ဂဏ္ဌိကျမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။ ဥပမာ—ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ဂဏ္ဌိပဒ-စသည် တည်း။

၁။ အနက်အားဖြင့် လည်းကောင်း, အဓိပ္ပါယ်အားဖြင့် လည်းကောင်း ထိုးထွင် သိမြင်နိုင်သောဉာဏ် သက်ဝင်နိုင်ခဲသည်၏ အဖြစ်ကြောင့် အဖုံအဆစ် အမျက်သဖွယ်ဖြစ်နေသော အရာဌာနတစ်မျိုး,

၂။ သစ်ပင်(သစ်သား)၏ ခွဲစိပ်နိုင်ခဲသောအစိတ်အပိုင်းဌာနတစ်မျိုး,

၃။ တော၏ အရှုပ်အထွေး ချုံနွယ်ပိတ်ပေါင်း ဖြစ်နေသော အရပ်ဌာန တစ်မျိုး,

၄။ ကမ္မဋ္ဌာန်းပါဠိ၏ အနက်အားဖြင့် ခွဲခြမ်း စိပ်ဖြာနိုင်ခဲသော ရှုပ်ရှက်ခပ်၍အသိခက်သော အရာဋ္ဌာနတစ်မျိုး,—

ဤလေးမျိုးသော ဌာနသည် "ဂဏ္ဌိကူတံ ဌာနံ ဂဏ္ဌိဋ္ဌာနံ" ဟူသည်နှင့် အညီ ဂဏ္ဌိဋ္ဌာနမည်၏၊ ထိုဂဏ္ဌိဋ္ဌာနတို့ကို လွယ်ကူအောင် ဖြေရှင်းဖွင့်ဆို ရေးသားထားသော ကျမ်းသည်လည်း ဥပစာရအားဖြင့် ဂဏ္ဌိဋ္ဌာနမည်တော့၏။ (ဝိသုဒ္ဓိ၊ဋ္ဌီ၊၁၊၁၃၉၊၁၄၄။)

ထိုဂဏ္ဌိဌာန-ဟူသော အမည်ကိုယူ၍ ဒုတိယညောင်လွန် ဆရာတော်ဘုရားကြီးသည် "ဝိနယဂဏ္ဌိဌာန ဝိနိစ္ဆယကျမ်း"ကို ပြုတော်မူသည်၊ ထို့ပြင် ဂဏ္ဌိနောင် ပဒဆင့်၍(အခက်နောင် အခက်ဆင့်၍) ဂဏ္ဌိပဒ-ဟူသော အမည်ဖြင့် ထို ဒုတိယ ညောင်လွန် ဆရာတော်ဘုရားကြီးသည်"ဝိနယဂဏ္ဌိပဒဝိနိစ္ဆယကျမ်း"ကို လည်းကောင်း, ကျော်အောင်စံထား ဆရာတော်ဘုရားကြီးသည် "အဘိဓမ္မာ ခုနစ်ကျမ်း ဂဏ္ဌိပဒ"နှင့် "အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိပဒ" တို့ကို လည်းကောင်း ရေးသားထားပေသည်။

ဋီကာ, အနု မဋီ, ဒီပနီကျမ်းများကဲ့သို့ ပုဒ်စဉ်ပါ၍လျောက် မဖွင့်ဘဲ ခက်ခဲ တိမ်မြုပ်သော အဆစ် အဖု အမျက်၌သာဖွင့်ဆိုရေးသားသော ကျမ်းသည် ညက်အထုံး၏ တည်ရာဖြစ်၍ "ဂဏ္ဌိ"အမည်တွင်သည်။ စင်စစ်အားဖြင့် ဂဏ္ဌိပဒ, ဂဏ္ဌိဌာနတို့မှ နောက်ပုဒ်ကိုဖြုတ်၍ ခေါ်ဆိုထားခြင်းဖြစ်သည်။

သို့ဖြစ်၍ ခက်ခဲသောပုဒ်ကိုဖြစ်စေ, ခက်ခဲသောအနက်ကိုဖြစ်စေ, ခက်ခဲသော ကျဉ်း-ကျယ်ဌာနကိုဖြစ်စေ, ပါဠိဘာသာဖြင့်ဖြစ်စေ, မြန်မာဘာသာဖြင့်ဖြစ်စေ မြန်မာပြည်၌ ရေးသားခဲ့သော ကျမ်းတို့ကို များသောအားဖြင့် ပဒ-ဟူသော, ဌာန-ဟူသော စကားရပ်များ မပါတော့ဘဲ "ဂဏ္ဌိ"ဟူ၍သာ ခေါ်တွင် ကြလေသည်။

ဤဂဏ္ဌိအမျိုးအစား ကျမ်းတို့ကို သီဟိုဠ်ကျွန်း၌ အရှင်ဇောတိပါလမထေရ်သည် ရှေးဦးစွာ ရေးသားခဲ့သည်။ ထိုကျမ်းတို့သည်ကား သာရတ္ထ၊ဋီ၊၁၊ဂ-နှာလာ "စူဠဂဏ္ဌိပဒ, မဇ္ဈိမဂဏ္ဌိပဒ, မဟာဂဏ္ဌိပဒ–ကျမ်းတို့ပေတည်း။ မြန်မာပြည်၌ကား ပုဂံပြည် အရှင်သဒ္ဓမ္မဇောတိပါလမထေရ် ရေးသားသော"ဝိသုဒ္ဓိမဂ် ဂဏ္ဌိကျမ်း"သည် အစောဆုံးဖြစ်သည်။ "သဒ္ဒါတတ်၍ သုတ္တနိဒ္ဒေသကျမ်းကို လည်းကောင်း, ပရမတ်တတ်၍ သခေပဝဏ္ဏနာကျမ်းနှင့် နာမစာရဒီပက ကျမ်းတို့ကို လည်းကောင်း, ဝိနည်းတတ်၍ ဝိနယဂူဠ္ဌတ္ထဒီပနီကျမ်းနှင့် သီမာ လင်္ကာရကျမ်းတို့ကိုလည်းကောင်း ပြုစီရင်သော သီဟိုဠ်ပြန် အရှင်ဆပ္ပဒကား ထိုအရှင်သဒ္ဓမ္မဇောတိပါလမထေရ်၏ မွေးဖွားရာ ပုသိမ်မြို့နယ် ဆပ္ပဒကျေးရွာကို စွဲယူခေါ်ဝေါ်သော အမည်ဘည်း။ ထို့နောက် ဆရာစဉ်ဆက်တို့သည် ဂဏ္ဌိကျမ်း များကို ဆက်လက်ရေးသားလာခဲ့ကြရာ ဤစာတမ်း ရေးသားနေချိန်အထိ သိရှိသမျှတို့တွင်ကား ပခုက္ကူမြို့ဆရာတော် အရှင်ကေလာသ-၏ "မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိကျမ်း" သည် စက်တင်ပုံနှိပ်ပြီးသမျှ နောက်ဆုံးကျမ်းဖြစ်အံ့ဟု ယူဆမိပါသတည်း။

## ၁၁။ မျိုးပြားစွာရှိ ဝိနယဂဏ္ဌိ

မြန်မာပြည်၌ ကြီးကျယ်သော အဆင့်ဖြင့် ရေးသားထားသော ဝိနည်းဂဏ္ဌိကျမ်း (၄)စောင်ရှိသည်။ သေးငယ်သော အဆင့်ဖြင့်ရေးသားထားသော ဝိနည်းဂဏ္ဌိ (၄)စောင်ရှိသည်။ အလယ်အလတ်အဆင့်ဖြင့် ရေးသားထားသော ဝိနည်းဂဏ္ဌိကျမ်းတို့ကား စာရင်းမတင်နိုင်အောင်ရှိသည်။ ထိုတွင် ဆုံထားဆရာတော် ရေးသားသော "ဝိနည်းငါးကျမ်း အဋ္ဌကထာဂဏ္ဌိ ကျမ်း"သည်ကား အစအဆုံး ပေမူဖြင့်သာ ရှိသည်။ ဆင်တဲဆရာတော် ရေးသားသော "ဆင်တဲဝိနည်းဂဏ္ဌိကျမ်း" သည်ကား အစအဆုံး ပေမူဖြင့်အမရပူရမြို့ ဗားကရာကျောင်းတိုက်၌လည်းကောင်း, ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်၌လည်းကောင်း ရှိသည်။ စတုတ္ထပါရာဇိက ဆုံးသည့်တိုင် ပုံနှိပ်မူဖြင့်ရှိသည်။ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော်ဦးသုတ ရေးသားသော "ဝိနည်းဂဏ္ဌိသစ်"သည်ကား ဒုတိယပါရာဇိက အစပိုင်းလောက်အထိသာ ရေးသားပြီးစီးခဲ့သည်။ စက်တင်ပုံနှိပ်မူ နှစ်တွဲသာရှိသည်။ စလင်းဆရာတော် ရေးသားသော"စလင်းဝိနည်းဂဏ္ဌိသစ်" သည်ကားအစအဆုံးပေမူဖြင့်ရှိသည်။ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌ တွေ့ဖူးသည်။ ယခုနိဿဂ္ဂိယ အဆုံးတိုင် ပုံနှိပ်ပြီးဆက်လက်ပုံနှိပ်ရန် စီစဉ်နေသည်။ ဤသို့လျှင် ကြီးကျယ်သောအဆင့်ဖြင့်ရေးသားထားသော ဝိနည်းဂဏ္ဌိကျမ်း (၄)စောင်ရှိသည်။

မန္တလေးမြို့၊ ဆီးပန်းနီကျောင်းတိုက် ဆရာတော် အရှင်နိဂြောဓ မထေရ် စုစည်းတင်ဆက်သော ဝိနယသမူဟ ဝိနိစ္ဆယ(ဒုတိယတွဲ)၌ ပစ္စဝေက္ခဏာ(၄)ပုဒ်ကိုပင် တစ်ပုဒ်စီ အသီးသီးခွဲ၍ "စီဝရ သိက္ခာပဒဂဏ္ဌိ, ပိဏ္ဍပါတသိက္ခာပဒဂဏ္ဌိ, သေနာသန သိက္ခာပဒဂဏ္ဌိ, ဘေသဇ္ဇ သိက္ခာပဒဂဏ္ဌိ"ဟု (၄)စောင် ရှိသည်။ ချောင်းကောက်ဆရာတော် အရှင်သဒ္ဓမ္မနန္ဒီ ရေးသားသော "ပစ္စဝေက္ခဏာဂဏ္ဌိကျမ်း"သည် သေးငယ်သော, တစ်ပေါင်းတည်း တစ်ဆက်တည်းရေးသောကျမ်းဖြစ်သည်။ ကင်္ခါအဋ္ဌကထာ ဂဏ္ဌိကျမ်း၏ နောက်ဆက်တွဲအဖြစ်ထည့်သွင်း ပုံနှိပ်ထားသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ကြီးလွန်းသော ဝိနည်းဂဏ္ဌိကျမ်း (၄)စောင် ရှိသကဲ့သို့ ငယ်လွန်းသော တစ်ပုဒ်စီ သီးသန့်ရေး ပစ္စဝေက္ခဏာဂဏ္ဌိ (၄)စောင် ရှိသောကြောင့် "ပရိတ္တံ တံ ဘဏာမဟေ"ဟု ပါရှိသော ရတနသုတ်စသော ပရိတ်တို့ကို ပရိတ်ကြီးဟုလည်းကောင်း, ပရိတ္တံ-မပါဘဲ "မင်္ဂလံ တံ ဘဏာမဟေ" စသည်ဖြင့် ဆိုင်ရာအမည်သာ ပါရှိသော မေတ္တသုတ် စသော ပရိတ်တို့ကို

ပရိတ်ငယ်ဟု လည်းကောင်း ဘိုးတော်ဘုရားလက်ထက် စလင်းဆရာတော်ရေး ပရိတ်ကြီးနိဿယ (၂၅၂)နှာ၌ ခွဲခြားသကဲ့သို့ "ကျမ်းမျိုးစုံ ဆိုင်ရာသွင်း၊ ပြည့်စုံအောင် ရေးသားခြင်း ပြုထားသော ဝိနည်းဂဏ္ဌိကျမ်းကို "ဝိနည်းဂဏ္ဌိကြီး"ဟု လည်းကောင်း, အချို့သောအရာ၌ တိုတိုကျဉ်းကျဉ်း ကျမ်းမျိုးစုံ သွင်း၍ ရေးသားခြင်း ပြုထားသော ဝိနည်းဂဏ္ဌိကျမ်းကို "ဝိနည်းဂဏ္ဌိလတ်" ဟူ၍ လည်းကောင်း, ဝိနည်းသက်သက်ကိုသာ ရေးသားထားလျှင် "ဝိနည်း ဂဏ္ဌိငယ်"ဟူ၍ လည်းကောင်း ခေါ်ဝေါ်အပ်သင့်တကား"ဟု ဆိုလိုက်လျှင် ထေရ်အရှင်တို့ သဘောနှစ်ခြိုက်နိုင်အံ့ ထင်ပါသည်။

ဤသို့လျှင် အစောဆုံးမှ နောက်အကျဆုံး၊ အကြီးဆုံးမှ အငယ်ဆုံး အထိ ဂဏ္ဌိကျမ်းများသည် များပြားစွာရှိသဖြင့် ယင်းတို့ကို ပြည့်စုံစွာ တင်ဆက်နိုင်ရန်မှာ "ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်ဘိသို့ ဉာဏ်ထင်ရာ ကိုယ်တွေ့မလိုက်နိုင်"သဖြင့် ပြည့်စုံမည် မဟုတ်သည့် အတွက် ဂဏ္ဌိစာရင်း မထည့်သွင်းတော့ပြီ။

၁၂။ ကျမ်း၏ဂုဏ်ရည် လျှမ်းပြည့်စုံညီ

ဂဏ္ဌိ ဟူသောအမည်ကို မှည့်ဆိုထားသော ကျမ်းဖြစ်သည်အားလျော်စွာ ဝိနည်းပိဋကတ်၌ အဆစ်အဖု အခက်အခဲတို့ကို မည်သို့မည်ပုံ ဂုဏ်ရည် မြောက်စွာ ဖြေရှင်းထားသည်ကို တင်ပြလိုပါသည်—

(၁) ဓာတုမာလာ, ဓာတုပါဌ, ဓာတုမဉ္ဇူသာ ဓာတ်ကျမ်းများ၌ မသာသော ဓာတ်ကြွင်းများကို ထုတ်ပြခြင်း၊

(၂) ပုဒ်အဆုံးအဖြတ်များကို ပြဆိုခြင်း၊

(၃) အနက်အဆုံးအဖြတ်များကို ပြဆိုခြင်း၊

(၄) ပါဠိတော်၌ ပါဌ်ပိုနေသည်ကို ပြဆိုခြင်း၊

(၅) အဋ္ဌကထာ၌ ပါဌ်သိုနေသည်ကို ပြဆိုခြင်း၊

(၆) ပါဠိ, အဋ္ဌကထာတို့၌ ပါဌ်ရှေ့နောက်ပြန်နေခြင်း၊

(၇) ဝိဿာသဂ္ဂါဟ အဆုံးအဖြတ်၊

(၈) ဘုရားအမည်ရသော အချိန်ကာလ၊

(၉) ဘုရားထက် တရားမြတ်ကြောင်း၊

(၁၀) ဆုတောင်းပြောင်းခြင်း၊

(၁၁) ဆုတောင်းရာကာလ၊

(၁၂) အလဇ္ဇီဝိနိစ္ဆယအပိုင်း၊

(၁၃) နေဝသုဒ္ဓိ နာသုဒ္ဓ အဓိပ္ပါယ်၊

(၁၄) မိုးရေခံ သက်န်းဝတ်ရုံပုံ၊

(၁၅) နိသီဒိုင်ပြုလုပ်ပုံ၊

(၁၆) ယခုခေတ် ခါးပန်းကြိုးသုံးစွဲသင့် မသင့်၊

(၁၇) အာယောဂပတ် သုံးစွဲပုံ၊

(၁၈) သပိတ်အိတ်နှင့် ဆွမ်းမခံကြောင်း၊

(၁၉) သက်န်းကုံး ပြန်အပ်၊ ကွင်းသင်းပိုင်မအပ်–

စသည်တို့ဖြင့် သဒ္ဒါအပိုင်း၊ အနက်အပိုင်း၊ ဝိနိစ္ဆယအပိုင်း၊ ဗဟုသုတအပိုင်း ဝတ်ရုံမှုအပိုင်း စသည်တို့ဖြင့် ထိုက်သင့်သလို ထည့်သွင်းရေးသားစီရင်ထားသော ကျမ်းဖြစ်၍ ဂဏ္ဌိ-ဟူသော အမည်နှင့်လိုက်လျောညီထွေ သင့်လှပါပေ၏။ ဂဏ္ဌိအထက်တဆင့်တက်၍ ခက်ခဲသောအနက်ကို ပေါ်လွင်စေသော သဒ္ဒါ (ပုဒ်) တစ်မျိုးရှိသေးလျှင် ထိုအမည်ကိုစွဲမှတ် ထင်စေသင့်သော ကျမ်းမြတ်တစ်ဆူ ဖြစ်ပါလေသည်တကား။

## (၁) ဓာတ်ကြွင်းများကို ထုတ်ပြခြင်း

### ဇဂ္ဂဓာတ်ရှိကြောင်း

ကဏ္ဍဇ တတိယ ဂ–နှင့် ဇဂ္ဂဓာတ်သည် ဓာတုမာလာမှာ မလာငြားလည်း ဤဇဂ္ဂိတွာ ပြယုဂ်ကို ထောက်၍ ကဏ္ဍဇ တတိယ ဂ-နှင့် ဇဂ္ဂဓာတ် ရှိကြောင်းကို သိအပ်၏။ "တံ အဇ္ဇ အာဒိ ကတွာ မမဌာနေ ဌတွာ မမ မာတရံ သဟတ္ထာ နှာပေန္တော ဘောဇေန္တော ပါလေန္တော ပဋိဇဂ္ဂါဟိ"။ (ကေနိပါတ်၊ ဇာတ်အဋ္ဌကထာ၊ ဣတ္တိဝဂ်၊ အသာဘမန္တ၊ ပဌမ ဇာတကာဋ္ဌ၊ ၁၊၃၀၄။) ဤဇာတ်အဋ္ဌကထာကို ထောက်၍လည်း ကဏ္ဍဇ တတိယ ဂ-နှင့် ဇဂ္ဂဓာတ် ရှိကြောင်း သိရ၏။ (၂၉၀-နှာ)

## လုဠ္ဌဓာတ်ရှိကြောင်း

အာကုလာ, လုဠိတာ နှစ်ပုဒ်သည် အချင်းချင်း ပရိယာယ်တည်း။ လုဠိတာ ပုဒ်သည် လု ဋ္ဌ-ဓာတ်ဖြင့် ပြီးသတည်း။ ဤပုဒ်ကိုထောက်၍ ဓာတုမာလာ၌ "လောဠ္ဌ=ဥမ္မာဒေ"ဟု လောဋ္ဌ-ဓာတ်သာ လာရှိငြားသော်လည်း လုဠ္ဌဓာတ်လည်း ရှိသေး၏-ဟု သိအပ်သတည်း။ (၃၂၁-နှာ)

## ထိဓာတ်ရှိကြောင်း

"ထိနန္တိ သပ္ပိပိဏ္ဍောဝိယ အဝိပ္ဖါရိကတာယ ဃနဘာဝေ န ဌိတံ" (အဘိ၊ဋ္ဌ၊ ၁၊၄၀၉)ကို ထောက်၍ ထိနံ-၌ ထိ ဓာတ် နေ၍င် သက်အပ်သော ယု-ကို အန-ပြု၊ ဌာနံ-၌ ယုကို အနပြုရသကဲ့သို့တည်း။ လီ=သိလေသေ။ လီနာတိ၊ နိလိ-နာတိ၊ (နိတိဓာတု၊ ၂၅၄-နှာ)ကိယာဒိဂိုဏ်းလာ လီဓာတ်ကဲ့သို့ ထိ-ဓာတ်ရှိသည်ကို သိအပ်၏။ ထိ ဓာတ်သည် ဂတိနိဝတ္တိအနက်ဟောတည်း။(၃၃၉၊၄၀-နှာ)

## ဂုဋ္ဌိဓာတ်ရှိကြောင်း

ကုဌိ=ဝေဗနေ၊ ကုဏ္ဌေတိ-ဟု ဓာတုမာလာ(၂၉၉)၌ မုဒ္ဓဇတတိယ ဍ ကာရန္တသာ လာရှိငြားလည်း ဤအဋ္ဌကထာ၌ သဗ္ဗပလိဂုဏ္ဌိမ်-ဟု မုဒ္ဓဇ ဒုတိယ ဌ-နှင့် စာအများပင်ရှိသောကြောင့် မုဒ္ဓဇ ဒုတိယ အက္ခရာ ဌ-နှင့် ဂုဋ္ဌိ-ဓာတ်လည်း ရှိသင့်၏ဟု သိကြရာသတည်း။ (၃၄၉-နှာ)

## (၂) ပုဒ်အဆုံးအဖြတ်များကို ပြဆိုခြင်း

### သမ္ပဟုလာပုဒ် အဆုံးအဖြတ်

သမ္ပဟုလာပုဒ်သည် များစွာကုန်သော ပါဠိ, အဋ္ဌကထာ ပေတို့၌ သြဋ္ဌဇ တတိယ ဗ အက္ခရာနှင့် လည်းကောင်း,ဟု-၌ ဦဒီဃနှင့်လည်းကောင်း ရှိကြ၏၊ မသင့်။ သြဋ္ဌဇ ပထမအက္ခရာ ပနှင့်လည်းကောင်း, ဟု-၌ ဥ-ရဿနှင့် လည်းကောင်း ရှိသောပုဒ်သာ အသင့်ဖြစ်သတည်း။ သမ္ပဟောတီတိ သမ္ပဟုလံ။ (အဘိဓာန်ဋီကာ ဝိသေသျာဓိနဝဂ်အဖွင့် (၇၀၃-ဂါထာ)၌ သံ ရှေး, ပ ရှေးရှိသော ဟု-ဓာတ်၊ ပစုရအနက်ဟော။ ကေဗ္ဗရကောသမှာလည်း သံ-ရှေး ပ-ရှေးရှိသောဟု-ဓာတ်၊ ပစုရအနက်ဟောရာ သမ္ပဟုလာ ပြယုဂ်ကိုထုတ်သတည်း။ အများဟော ဗဟုလ-ဟု-သြဋ္ဌဇ တတိယဗ-နှင့် ရှိသောပုဒ်မှာ သံရှေးမရှိ။ ထို့ကြောင့် ဝဘ်ကမ္ပဝါစာ ရွတ်ဖတ်ရာမှာ သြဋ္ဌဇ ပဌမက္ခရာ ပ-နှင့်လည်းကောင်း၊ ဟု-၌-ဥ-ရဿနှင့် လည်းကောင်း သမ္ပဟုလာ-ဟူ၍သာ ရွတ်ကြရာသတည်း။

## (၃) အနက်အဆုံးအဖြတ်များကို ပြဆိုခြင်း

### ပရိယေသေယျ အနက် အဆုံးအဖြတ်

ပရိယေသေယျ- ဟူသောပုဒ်၌ ရှာမှီးခြင်း အနက်သည် သဒ္ဒတ္ထမည်၏။ ခွား လက်နက်ကို မရ ရအောင် ပြုခြင်းသည် အဓိပ္ပာယတ္ထမည်၏။ ရှာမှီး၍ရသော ဤလက်နက်ဖြင့် မိမိကိုယ်ကို ခုတ်ဖြတ်၍ သတ်လေစေဟု မိမိရန်သူ ဖြစ်သောသူ၏အနီးအပါး၌ ထားခြင်းသည် သိခါပတ္တအနက် မည်၏။ ထို သိခါပတ္တ အနက်သည် ပရိယေသေယျပုဒ်၏ ဝိသယတ္ထတည်း။ သဒ္ဒတ္ထ, ဝိသယတ္ထ နှစ်ပါးတို့၏ အထူးကို မောင်းထောင်ဆရာတော်က ငါတို့၏ စံကျောင်းဆရာတော်ကို ခက်ဆစ်ပြု၍ မေးဖူးသည်ကို ရဟန်းငယ်အခါက ကြားဖူးရကား ခက်သည်ဟူ၍ပင် မှတ်ထင်သောကြောင့် ကြံစည်အားထုတ်၍ မှတ်ကြောင်း ထားလိုက်သတည်း။(၁၄၅-နှာ)

### အနုမတဂ္ဂအနက် အဆုံးအဖြတ်

အနမတဂ္ဂ၊ အဖန်ဖန် မသိအပ်သော အစရှိသော။ မနိတဗ္ဗော[ညာတဗ္ဗောတိ မတော။ န မတော အမတော။အနု အနုပုနပ္ပုနံ အမတော အနမတော။ အနု-၌ ဥ-ကိုအ-နှောင်းသောကြောင့်ချေ။]

အနမတဂ္ဂ၊ မသိအပ်သော အစရှိသော။ အမတ-၌ အ-သည်တဗ္ဗော။ [န အမတော အနမတော-ဟု ဝစနတ္ထပြု။ ဤသို့ ဝစနတ္ထနှစ်နည်းပြုပြီးမှ "အနမတော အဂ္ဂေါ အာဒိ ဧတဿ သံသာရဝဋ္ဋဿာတိ အနမတဂ္ဂ" ဟု ဝိဂ္ဂြိုဟ်ပြု။]

အနမတဂ္ဂ၊ အဖန်ဖန် သိအပ်သော အစရှိသည် မဟုတ်သော။ [မတော အဂ္ဂေါ အာဒိ ဧတဿ သံသာရဝဋ္ဋဿာတိ မတဂ္ဂ၊ န မတဂ္ဂ အမတဂ္ဂ။ အနု ပုနပ္ပုနံ အမတဂ္ဂ အနမတဂ္ဂ-ဟု ဝိဂ္ဂြိုဟ်ပြု။

အနမတဂ္ဂ၊ သိအပ်သော အစရှိသည် မဟုတ်သော။ အမတ၌ အ သည် တဗ္ဗောပင်။ [မတော အဂ္ဂေါ အာဒိ ဧတဿ သံသာရဝဋ္ဋဿာတိ မတဂ္ဂ။ န အမတဂ္ဂ အနမတဂ္ဂ-ဟု ဝိဂ္ဂြိုဟ်ပြု။] (၃၇-နှာ)

## (၄) ပါဠိတော်၌ ပါဠ်ပိုနေသည်ကို ပြဆိုခြင်း

ယသ္မာ နာနာကုလာ ပရိက္ခိတ္တေ ခေတ္တ-စသော ဧရသကဏ်(၂၊ ၃၉၅။) ဋီကာလာ စကားကိုထောက်၍ ပါဠိတော်ဝယ် "နာနာကုလပရိက္ခိတ္တ ခေတ္တ

ဉာဏာရမ ”အာရမ တို့ကိုဆိုသော အရာ၌“အန္တောခေတ္တေဝတ္ထဗ္ဗံ, အန္တော-ဉာဏာရမေ ဝတ္ထဗ္ဗံ, အန္တော အာရာမေ ဝတ္ထဗ္ဗံ” ဟူသော စကားသုံးချက် မရှိသင့် သည်ကို သိအပ်၏။ လောကမာရဇိန် ကျောက်စာ၌လည်း မရှိ။ ခုဒ္ဒသိက္ခာ ဋီကာဟောင်း၌လည် းမရှိ။(၅၇၆- နှာ)

## (၅) အဋ္ဌကထာ၌ ပါဠိလိုနေသည်ကို ပြဆိုခြင်း

န တေ အညတ္ထ ပူဇံ ကရေန္တိ–ဟူသော ဝါကျ၏ နောက်၌ “န တေ စီဝရာဒိပစ္စယေ အညေသံ ဒေန္တိ” ဟူသောပါဠိ ကြွင်းကျန်သတည်း။ ဤပါဠိကြွင်းကျန်သည်၏ အဖြစ်ကိုကား စီဝရာဒိပစ္စယေ ဟူသောရှေးစကား ပရိနိဗ္ဗုတမ္ဟိ အစရှိသော နောက်စကားတို့ကိုထောက်၍ သိအပ်၏၊ ထိုစကား နှစ်ပါးတို့တွင် နောက်စကား၌ “စတုရာသီတိ ဝိဟာရသဟဿာနိ” ဟူသော စကားကို ထောက်သတည်း။ ထိုစကားမှန်၏။ဝိဟာရ ဟူသော စကားသည် ပဓာနနည်းမျှသာတည်း။ ကျောင်းတို့ကို တည်စေသော် ဦးသက်န်း,ဆွမ်း,ဆေး ပစ္စည်း သုံးပါးတို့ဖြင့် ကျောင်း၌ကိန်းဝပ်ကုန်သော စေတီတော်တို့၌ ဌာပနာသွင်း အပ်ကုန်သော ဓာတ်တော်တို့ကို အဘယ်မှာ မပူဇော်ဘဲ ရှိလှည့် အံ့နည်း။ ဝိဟာရဟူသည်လည်း စေတီတော်ကိန်းဝပ်ရန် စေတီအိမ် စေတီ ကျောင်းပင်တည်း (၄၀-နှာ)

## (၆) ပါဠိ,အဋ္ဌကထာတို့၌ ပါဌ်ရှေ့နောက်ပြန်နေခြင်း

ခပ်သိမ်းကုန်သော သိက္ခာပုဒ်တို့၌ “အနာပတ္တိ။ပ။ အာဒိကမ္မိကဿာတိ’ မှာ ဆုံးမြဲတည်း။ ဤသို့ဖြစ်ပါလျက်နှင့် အဋ္ဌကထာ၌ အနာပတ္တိစသော စကား၌ အကျုံးဝင်သော နဿတိစသော ပုဒ်တို့၏ ဥတ္တာနတ္ထ၏ အဖြစ်ကို ပြသော “နဿတီတိ အာဒိ ဥတ္တာနတ္ထမေဝ” ဟူသောဝါကျ၏ အဆုံး၌ ‘ယော န ဒဒေယျ။ ပ။ ကာရေ,တဗ္ဗောတိ” ဟူသော ‘ စကားပြန်၍ နေသည်ကို မြင်၍ စာပြင်ဆရာတော်တို့က အမှတ်မဲ့ ဤသို့အဋ္ဌကထာမှာ ပြန်၍နေသောစကားကို ပမာဏပြုသဖြင့် ပါဠိတော်၌ ဒသာဟာ တိက္ကန္တေ ဟူသောစကား၏ ရှေ့၌ရှိသော “တေန ခေါ ပန သမယေန၊ပ။ ဒုက္ကဋဿာတိ” ဟူသောစကားကို “အနာပတ္တိ။ပ။ အာဒိကမ္မိကဿာတိ”ဟူသော စကား၏ နောက်သို့ခရွှေ့၍ ရေးသားသောကြောင့် ထိုစကား၏ နောက်၌ ယခုကာလစာတို့မှာ ရှိသတည်း။

အဋ္ဌကထာမှာ “ယော နံ ဒဒေယျာ။ပ။ ကာရေတဗ္ဗောတိ” ဟူသော စကားသည် “ဒသာဟာတိက္ကန္တေ အတိက္ကန္တသညီတိ ဒသာဟာတိက္ကန္တေ စီဝရေ” (ဝိ၊ဋ္ဌ၊၂၊၂၂၄) ဟူသော စကား ရှေ့၌ ရှိရမည်။ ပါဠိတော်မှာလည်း “တေန ခေါ ပန သမယေန။ပ။ ဒုက္ကဋဿာတိ” ဟူသောစကားသည် “ဒသာဟာတိက္ကန္တေ” ဟူသောစကား၏ ရှေ့၌ရှိရမည်။ ဤသို့ရှိမှ “နိဿဋ္ဌ စီဝရံ ဒါတဗ္ဗံ။ ဣမံ စီဝရံ အာယသ္မတော ဒမ္မီတိ” ဟူသောစကားနှင့် “မပေးမူ၍နေသော် ဒုက္ကဋ်သင့်သတည်း” ဟု အပြစ်ကို ပြသည်၏ အဖြစ်ဖြင့် ရှေ့နောက်စပ်သတည်း။ (၅၇၀၊၁။နှာ)

## (၇) ဝိဿာသဂ္ဂါဟ အဆုံးအဖြတ်

ဇီဝတီတိ အနုဋ္ဌာနသေယျာယ–စသောစကားသည် ဇီဝတိသရုပ်ကို ထုတ်ရုံမျှသာတည်း။ အတ္တုဒ္ဓါရမျှသာတည်း။ ဤအရာမှာမူကား မိမိ၏ဥစ္စာကို ဝိဿာသဂ္ဂါဟအားဖြင့် ယူသည်ကို ကေန္တသိလတ္တံ့ဖြစ်၍ ကေန္တအတ္တမန ဖြစ်လတ္တံ့သော ဇီဝတိပုဂ္ဂိုလ်ကိုသာ ယူအပ်၏။ ဇီဝတိပင် ဖြစ်သော်လည်း မိန်းမောတွေဝေ၍ လူမှန်းမသိ သေခါနီးသော သူတို့မှာမူကား မယူကြနှင့်။ ထို့ကြောင့် “တဿ သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိ ပုန ဒါတဗ္ဗံ”ဟု အဋ္ဌကထာ၌ မိန့်တော်မူအပ်လတ္တံ့၊ ဇီဝတိပင် ဖြစ်သော်လည်း မိန်းမောတွေဝေ၍ လူမှန်းမသိ သေခါနီးသောသူ၏ သန္တာန်မှာ မိမိ၏ဥစ္စာကို ဝိဿာသဂ္ဂါဟအားဖြင့် ယူအပ်သည်ကိုလည်း မသိ၊ အတ္တမနလည်း မဖြစ်၊ ယူသည်ကို သိ၍ အတ္တမနဖြစ်မှ ဝိဿာသဂ္ဂါဟအားဖြင့် အယူမြောက်သတည်း။

သန္ဒိဋ္ဌ, သမ္ဘတ္တ, အာလပိတ, ဇီဝတိ အင်္ဂါတို့သည် အတ္တမနအင်္ဂါ၏ အကြောင်းအင်္ဂါတို့တည်း။ “တိဏေပါ ဘတ္တံ သိဒ္ဓံ”၌ကဲ့သို့ “အကြောင်း၏ အကြောင်းကို အကြောင်း”ဟု ဟောတော်မူအပ်သတည်း။ ထို့ကြောင့် အဋ္ဌကထာဆရာသည် “ဝိဿာသဂ္ဂါဟော ပန တီဟိ အင်္ဂေဟိ ရုဟတိ” စသော စကားကို မိန့်ဆိုတော်မူအပ်သတည်း။ ထိုစကား သင့်စွ၊ အင်္ဂါသုံးလီတွင် အတ္တမန အင်္ဂါခေါင်းဆောင်လျက် ပါရှိသည်ချည်းတည်း။ အချို့သော ဆရာတို့ကား “ဝေရူပဿ သန္တကံ ဂဟိတေ မေ အတ္တမနော ဘဝိဿတီတိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတီ”ဟူသောစကားကို ထောက်ထား၍ “နှစ်သက်စိတ် ရှိလတ္တံ့ ဖြစ်စေ၊ မရှိလတ္တံ့ဖြစ်စေ၊ နှစ်သက်သည် ဖြစ်လတ္တံ့”ဟုသိ၍ ယူက မြောက်၏ဟု မိန့်ဆိုကြကုန်၏။ မဆိုသင့်၊ ဝေရူပဿ စသော စကားကို အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသည်ကား “အနာပတ္တိ ဝိဿာသဂ္ဂါဟေ”ဟု ဟောတော်မူသည်နှင့် အညီ ယူဆဲအခါမှာ အနာပတ္တိ ဖြစ်သည်ကို ပြခြင်းငှာသာ မိန့်ဆိုတော်

မူသတည်း။ အယူမြောက်သည်ကို ပြုခြင်းငှာလည်း မိန့်ဆိုတော်မူသည်မဟုတ်၊ ထို့ကြောင့် မဆိုသင့်။ (၁၇၀-၁၊နှာ။)

## (၈) ဘုရားအမည်ရသော အချိန်ကာလ

သိဒ္ဓတ္ထမင်းသားသည် အဘယ်အခါ ဘုရားဟူသော အမည်ရပါလိမ့်မည်နည်းဟု လျှဉ်းပါးရန်ရှိရာမှာ " ဧတ္ထ သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရိယဝိမောက္ခာဓိဂမ ပရိဘာဝိတံ ခန္ဓသန္တာနမုပါဒါယ ပဏ္ဏတ္တိကော သတ္တဝိသေသော ဗုဒ္ဓေါ ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ (၄) ၌ နည်းနှင့်ပါးလာရာတွင် ရှေးနည်းအလိုအားဖြင့် သဗ္ဗညုတဉာဏ်ဖြစ်သည်မှ စ၍ "သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" ဟူသော ဝစနတ္ထနှင့်အညီ ဘုရားဟူသော အမည်တော် ရသတည်း။

ထိုစကားမှန်၏။ ခုဒ္ဒက ပါဌ အဋ္ဌကထာ "သဗ္ဗဓမ္မေသု" စသောရှေးစကား၌ "သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏ" ဟူသည် သဗ္ဗညုတဉာဏ်တည်း။ အနုတ္တရိယဝိမောက္ခ အရသည် "သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော၊ အဂ္ဂမဂ္ဂေါ" ဟူ၍ ဂုဏ်တော်ဖွင့် သာရတ္ထဒီပနီဋီကာ (၁၊၂၈၅။) လာသည်နှင့်အညီ အရဟတ္တမဂ်တည်း။ နောက်နည်း အလိုအားဖြင့် အရဟတ္တမဂ် ဖြစ်သည်မှစ၍ "စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" ဟူသော ဝစနတ္ထနှင့် အညီ ဘုရားဟူသောအမည်ကို ရသတည်း။ (၁၃၉-နှာ)

## (၉) ဘုရားထက် တရားမြတ်ကြောင်း

"စိတ္တံ အဘိနိန္နာမေသိ ဝိဝဋ္ဋာ စိတ္တံ အဘိနီဟရိ" ဟူသောစကားကို ထောက်၍ သမုဒ္ဒရာ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကုန်သော ဘုရားရှင်တို့သည်လည်း ဝိဝဋ္ဋာတရားကိုပွားများကုန်၍သာ သဗ္ဗညု ရှင်တော် ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်သည်ဟု သိအပ်ကုန်၏။ ထိုသို့ သိအပ်ကုန်သော ဘုရားနှင့် တရားမှာ တရားရှေးဦး၏ အဖြစ်ကို သိအပ်သတည်း။ လောက၌အထင်အရှားတရားဖြစ်ရသည်ကား ဘုရားဟောတော်မူသောကြောင့်သာ ဖြစ်ရသတည်း။ ထို့ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာ(ခုဒ္ဒကပါဌ၊ဋ္ဌ၊၁၁။)၌ " ဧတေသု စ တီသု သရဏဂမနေသု သဗ္ဗသတ္တာနံ အဂ္ဂေါတိ ကတွာ ပဌမံ ဗုဒ္ဓေါ။ တပ္ပဘဝတော တဒုပဒေသတော စ အနန္တရံ ဓမ္မော တဿ ဓမ္မဿ အာဓာရကတော တဒါသေဝနတော စ အန္တေ သံဃော " ဟူ၍ မိန့်အပ်၏။ အဘိဓာန် ဋီကာ ( ဂါ၊ထာ၊၁။ )၌ကား တေသံ သမ္မေသမ္ဗိ ဓမ္မာနံ သမ္မာသမ္ဗုဒ္ဓေါဝ သေဋ္ဌော။ ဝုတ္တံ ဟိ ဘဂဝတာ "ဝိတရာဂေါ သေဋ္ဌော ဓမ္မာနံ ဒွိပဒါနဉ္စ စက္ခုမာ"တိ။

ဟူသောစကားကို မိန့်အပ်၏။ သာဓက သာဓေယျ မတန်ဟုဆို၍ ထိုစကားကို ဆရာ့ဆရာတို့ ပယ်ရှားတော်မူကြကုန်သတည်း။ "ဓမ္မညေ့ ဝါ သဏ္ဌာတွာ ဂရုံ ကတွာ မာနေတွာ ပူဇေတွာ ဝိဟရေယျံ" (သံ၊၁၊၁၄၁။ အံ၊၁၊၃၂၉။ ပိဋ္ဌေသု ပယိတဗ္ဗ)ဟူ၍ လာရှိသောကြောင့် ဘုရားထက် တရားမြတ်သည်ကို ဒွိဟမရှိ မှတ်သိအပ်၏။ (၁၃၈–နှာ)

## (၁၀) ဆုတောင်းပြောင်းခြင်း

ပကတိသာဝကဆုမှ သမ္မာသမ္ဗောဓိဆုသို့ ပြောင်းရာ၌ အရှင်သုမေဓာ တည်း။ ပကတိသာဝကဆုမှ အဂ္ဂသာဝကဆုကို ပြောင်းရာ၌ အရှင်သာရိပုတ္တရာ အလောင်း သရဒရသေ့တည်း၊ အချို့ဆရာတို့ကား "ကူးတို့သူကြီး၊ ဖြစ်လုနီးမှ၊ အာသီးလုလ္လ၊ မျက်မာန်ချ၍" ဟူသော လင်္ကာကိုမှီ၍ အရှင်သာရိပုတ္တရာ အလောင်း သရဒရှင်ရသေ့သည်လည်း ဘုရားဆုကို တောင်းပြီးမှ အဂ္ဂသာဝက ဆုကို တောင်းသည်ဟုပြောစမှတ် ပြုကြကုန်၏။ အထောက်အထား ကျမ်းဂန် မရှိ၊ နေရာမကျသည်ကို ငါတို့ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီးသည် မင်းကေရာဇ်က ၁၂၃၄-ခု ဒုတိယဝါဆိုလပြည့်ကျော်(၃)ရက်နေ့လျှောက်ထားရာ ဆုံးဖြတ်ဖြေဆိုတော်မူအပ်သော အဆုံးအဖြတ် ဝိနိစ္ဆယရှိသတည်း။ ကူးတို့ သူကြီးဖြစ်လုနီးမှ"ဟူသော လင်္ကာမှာလည်း "လင်ထိုး မယားပဲ့၊ ဆယ်ကယ့် တင်ပို့၊ ကူးတို့သူကြီး၊ ဖြစ်လုနီးမှ" ဟူသော အဓိပ္ပါယ်ဖြစ်သော် သင့်ရာ၏။ သဘော်ကူးတို့သူကြီးကို ရည်၍ စပ်သော် မသင့်ရာ၊ (၁၂၇၈။ နှာ)

## (၁၁) ဆုတောင်းရာ ကာလ

ဆုတောင်းခြင်းသည် ကုသိုလ်ပြုသည်မှ ရှေ့အဖို့၌ ဆုတောင်းခြင်း, နောက်အဖို့၌ ဆုတောင်းခြင်း အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နောက်အဖို့၌ ဆုတောင်းခြင်းသည်သာလျှင် ရှေးသူဟောင်းတို့ အလေ့အကျက် ဖြစ်သ တည်းဟု–ဥပရိပဏ္ဏာသ သခါရုပပတ္တိသုတ် အဖွင့်ဋီကာ (မ၊ဋီ၊၃၊၁၃၈။) ၌ မိန့်ဆိုသတည်း၊ ထို့ကြောင့် သတ္တကနိပါတ် ကုမ္မာသဇာတ် အဋ္ဌကထာ၌ လည်းကောင်း, ဝိနည်းမဟာဝါ အဋ္ဌကထာ စီဝရက္ခန္ဓက ဇီဝကဝတ္ထု၌ လည်းကောင်း, စန္ဒပဇ္ဇောတဝတ္ထု၌ လည်းကောင်း, နိဒါနဝဂ္ဂသံယုတ် ရက္ခဝဂ် ဒသမသုတ် အဖွင့်အဋ္ဌကထာ၌ လည်းကောင်း, ထို့အတူ ကဿပသံယုတ် ဂေါဒသမသုတ်အဖွင့် အဋ္ဌကထာ၌လည်းကောင်း လှူဒါန်းပြီးမှ နောက် ကာလ၌ ဆုတောင်းကြပုံ လာရှိသတည်း။

ထိုသိုသို့သော ကျမ်းဦးအစ၌ ရတနတ္တယ ပဏာမကို ပြုပြီးမှ "နိပစ္စကာ-ရသေယတဿ" အစရှိသည်ဖြင့် ဆုတောင်းပုံ လာရှိသတည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌ-ကထာ အသုဘကမ္မဋ္ဌာနနိဒ္ဒေသ (ဝိသုဒ္ဓိ၊၁၊၁၇၆။)၌"အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ" ဟူသော စကားဖြင့် ဥဒ္ဓုမာတက ကမ္မဋ္ဌာန်း ဖူးဖူးရောင်၍ ကားကားကြီးရှိသောအပုပ်ကောင်ကို အာရုံပြု၍ မကြောက်မရွံ့ ကမ္မဋ္ဌာန်းကို ပွားများနိုင်အောင် အကျိုးအာနိသင်ကို ရှုအဖို့၌ ရှုမြော်ရမည် ဟူ၍ သာလျှင် ပြတော်မူသတည်း၊ ဦးစွာဆုတောင်းခြင်းကိုကား ပြတော်မမူ။ ထို့ကြောင့် ဤစကားဖြင့် ရှေးဆုတောင်းကို ပြတော်မူသည်ဟု မဆိုသာချေ၊ ဤသည်ကား ပကတိသာဝက ပါရမီဖြည့်ရာကာလ အမြဲမရှိသည်ကို လည်း ကောင်း၊ ကုသိုလ်ပြုပြီးသည်မှ နောက်အဖို့၌ ဆုတောင်းရိုး ဖြစ်သည်ကို လည်း ကောင်း နောက်သားတို့ သံသယမမူ အလွယ်တကူ မှတ်ယူစေခြင်းငှာ စကား စပ်လျှင်းသည်နှင့် အကျယ်ဆုံး ဖြစ်ကြောင်း ဖြစ်သော စကားအစဉ် ဖြစ် သတည်း။ အတိဝိတ္ထာရဘယာ သဘောမပြုကြရာ။ (၃၉-နှာ။)

## (၁၂) အလဇ္ဇီ ဝိနိစ္ဆယအပိုင်း

သာရတ္ထဒီပနီ၌ "ရာဇဝလ္လဘာ။ပ။ဝုစ္စန္တိ၊ စကားကို၊ အလဇ္ဇီရဟန်းတို့သည် မင်းနှင့် အကျွမ်းဝင် တဘ်သောကြောင့်သာ မိန့်ဆိုတော်မူသတည်း။ မင်းနှင့် အကျွမ်းဝင်သမျှ ရဟန်းအလုံးစုံ အလဇ္ဇီဖြစ်သောကြောင့် မိန့်ဆိုတော်မူသည် မဟုတ်၊ မောဂ္ဂလိပုတ္တ မဟာရဲမြတ်ကဲ့သို့ သာသနာတော် အရေးအရာနှင့်စပ်၍ မင်းနှင့်အကျွမ်းဝင်သောရဟန်းကို အလဇ္ဇီမဆိုထိုက် မဆိုကောင်း မဆိုသင့်။ ဒေဝဒတ်ကဲ့သို့ သာသနာတော်ကို ဖျက်ဆီးလိုသောအားဖြင့် မင်းနှင့်အကျွမ်း ဝင်သောရဟန်း၊ ယခုကာလ အရှိန်အဝါ တန်ခိုး အာနုဘော်ကိုသာငဲ့၍ သာသနာတော်ကို မငဲ့ဘဲမင်းနှင့်အကျွမ်းဝင်သောရဟန်း ဤရဟန်းမျိုးတို့ကိုသာ ဤအရာမှာ အလဇ္ဇီရဟန်းဟု ဆိုအပ်သတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ၌ "ရာဇဝလ္လဘာ အလဇ္ဇီနော ရာဇကုလူပကါ ဝုစ္စန္တိ"ဟူ၍သာ မမိန့်မဆိုဘဲ "ပရနိကာယာပိ။ပ။ အန္တရာယကရာ"ဟူသော ဝိသေသန စကားကိုလည်း မိန့်ဆိုအပ်သတည်း။ မင်းနှင့်အကျွမ်းမဝင်ကုန်သော အလဇ္ဇီရဟန်းတို့၏ ကျောင်းသည်ကား ဝိဗ္ဗဒ္ဓသေနာသနမမည်။ အလဇ္ဇီပင်ဖြစ်သော်လည်း မင်းနှင့် တကွ အကျွမ်းမဝင်က အားကိုးမရှိ၍ ဆိုဆုံးမသာဖြင့် လဇ္ဇီအသင်းအပင်း ရဟန်းကောင်း လဇ္ဇီဖြစ်တတ်ပြန်သတည်း၊ ထို့ကြောင့် "ရာဇဝလ္လဘာဟိ"ဟု အဋ္ဌကထာ၌ မိန့်အပ်သတည်း။(၃၀၃၊၃၀၄၊နှာ)

## အလဇ္ဇိဝိနိစ္ဆယ ပဋိညဉ်

အလဇ္ဇီသာ ပဋိညာသ ဝေ ကာတဗ္ဗံ။ (ဝိ၊ဋ္ဌ၊၂၁၇၆) အလဇ္ဇီသ အသုဒ္ဓေါ အဟန္တိ ပဋိညာယ ဝေ ကာတဗ္ဗံ။ ဝေ-သဒ္ဒါဖြင့် အသုဒ္ဓ-ဟု ဝန်မခံသော် အသုဒ္ဓ ဟု မဆုံးဖြတ်အပ်၊ နောက်၌ လာလတ္တံ့သောနည်းဖြင့် "နေဝသုဒ္ဓ နာသုဒ္ဓ"၏ အဖြစ်ဖြင့်သာလျှင် နာသိတက ပြုရမည်ဟု ပြသတည်း။ "သေ ဝေသော အလဇ္ဇီ၊ သည်။ ဇီဝမတကော နာမ စ၊ အသက်ရှိလျက်သေသည်မည်သည်လည်းကောင်း။ အာမပတုတိကော နာမ စ၊ စိမ်းစိုလျက် ပုပ်သည်မည်သည် လည်းကောင်း၊ ဟောတိ၊ ၏။(၅၁၄-နှာ)

## (၁၃) နေဝသုဒ္ဓ နာသုဒ္ဓ အဓိပ္ပာယ်

တေခုသကဏ်ဋီကာ (၂၃၀၀)၌ နေဝသုဒ္ဓေါ န အသုဒ္ဓေါ ဝတ္တဗ္ဗော ၌ စောဒကပုဂ္ဂိုလ်တို့က ပါရာဇိက အရိပ်ထင်၍ စောဒနာရာ အလဇ္ဇီ စုဒိတက ပုဂ္ဂိုလ်က ဝန်မခံမူ၍ နေအံ့။ ဝိနည်းဓိုရ် ပုဂ္ဂိုလ်တို့ကလည်း စောဒကပုဂ္ဂိုလ်တို့ စောဒနာအတိုင်း ပါရာဇိကထင်အံ့၊ နေဝသုဒ္ဓနာသုဒ္ဓ ပြုသဖြင့် သံဃာမှကြဉ်ရ မည်ဟုလိုသတည်း၊ နေဝသုဒ္ဓအဓိပ္ပာယ်ကား မပေါင်းလိုသူနေစေ။ နာသုဒ္ဓ-အဓိပ္ပာယ်ကား ပေါင်းလိုသူပေါင်းစေ ဟူလိုသတည်း။ (၅၄၉-နှာ)

## (၁၄) မိုးရေခံသက်န်း ဝတ်ရုံပုံ

ခုဘဂ်တိစီဝရေ ဥက္ကဋ္ဌတခ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝမ္မိသာရ ဝမ္မသာမိ ဖြစ်တော်မူ၍ မိုးရေခံသက်န်းကို သုံးဆောင်တော် မူသတည်း။ ထို့ကြောင့် ကေနိပါတ် မစ္ဆဇာတ် အဋ္ဌကထာ (ဇာတက၊ဋ္ဌ၊၁။၃၄၇။) ၌ "သတ္ထာ ကေနန္တေန ဥဒကသာဋိကံ နိဝါသေတွာ ၂ ကေနန္တေန သရီရံ ပါရုပိတွာ ဇေတဝနပေါက္ခရဏိယံ နှာယိဿာမီတိ သောပါနေ အဋ္ဌာသိ"ဟု မိန့်အပ်၏။ ကင်္ခါပဋိစ္ဆာဒိ ဝတ်ရပုံကိုဤဇာတ် အဋ္ဌကထာနှင့်အညီ ကင်္ခါ-ပဋိစ္ဆာဒိ သိက္ခာပုဒ်အဖွင့် ဝဇီရဗုဒ္ဓိဋီကာ (၃၄၂။)၌ လာ၏။ (၆၁၉-နှာ)

## (၁၅) နိသီဒိုင် ပြုလုပ်ပုံ

တင်ပျဉ်ခွေပြီးလျှင် တစ်ခုသော အလယ်အဆာကို ပေါင်နှစ်ဖက် ကြား၌ တင်ထား၍ နှစ်ခုသော ဝဲယာအဆာကို ပေါင်နှစ်ဖက်မှာတင်ထား၍ သုံးဆောင် ရမည် ဆိုကြ၏။ အဆာသုံးခုနှင့် လျော်အောင်ဆိုရှိမျှသာတည်း။ အာဂုံသာဓက မရှိ။ အာဂုံသာဓက မရှိရုံမျှသာ မဟုတ်သေး။ စင်စစ်မူကား နိသီဒနသန္တတ သိက္ခာပုဒ်အဖွင့် "သကိံ နိဝတ္ထမ္ပိ သကိံ ပါရုတမ္ပီတိ သကိံ နိသိန္နမ္ပိ

သကို "နိပန္န" ဟူသော အဋ္ဌကထာစကားနှင့်လည်း ဆန့်ကျင်သတည်း။ "နိသီဒနံနာမ သဒသံ ဝုစ္စတိ။ သန္ထတံ နာမ သန္ထရိတွာ ကတံ ဟောတိ အဝါ-ယိမံ"ယူသော နိသီဒန သိက္ခာပုဒ် ပဒဘာဇနီ စကား(ဝိ၊၁။၃၃၉။)ကိုထောက်၍ ယခုကာလ ပြုလုပ်ကြသော ပိတ်ဖြင့် နိသီဒိုင်ကား အတုသာတည်း။ နိသီဒိုင် အစစ်မဟုတ်။ ထို့ကြောင့် နိသီဒန အဓိဋ္ဌာန်မတင်သင့်။ ပစ္စတ္ထရဏအဓိဋ္ဌာန်သာ တင်ရမည်။ နိသီဒိုင်အစစ် ပြုလုပ်လိုမူကား အလျား,အနံ ပမာဏလောက်သော တရုတ်ကော်ဇောကို လည်းကောင်း၊ အလျား, အနံငယ်မူ နှစ်ခုစပ် တရုတ်ကော်ဇောကိုလည်းကောင်း ပြုလုပ်ရာ၏။ (၆၂၀-နှာ)

## (၁၆) ယခုခေတ် ခါးပန်းကြိုး သုံးစွဲသင့်,မသင့်

ကာယဗန္ဓနသာ သောဘဏဘွဲ့စသော အဋ္ဌကထာစကားကိုထောက်၍ ယခုကာလ ခါးပန်းကြိုးပန်းရာ၌ သံသယဖြစ်ဖွယ်ရှိ၏။ ယခုကာလ ခါးပန်းကြိုး အလွန်တင့်တယ်သတည်း။ ပုဆိုး အပြားခါးပန်း ဝက်အူကျစ် ရိုးရိုးခါးပန်းကိုသာ ဘုရားဟောတော်မူသတည်း။ ပုဆိုးခါးပန်း အပြားမှာ "ဥဇုကမေဝ ပန မစ္ဆကဏ္ဍကံ ဝါ" စသည်ဖြင့် အဋ္ဌကထာလာတိုင်း ပြုရမည်တည်း။ ဝက်အူကျစ် ခါးပန်းမှာသံကောက်အိမ်ကဲ့သို့ ပြုရသတည်း။ စူဠဝါ ခုဒ္ဒကခန္ဓက အဋ္ဌကထာ စကားကိုလည်း ထောက်သတည်း။ မစ္ဆကဏ္ဍက ခါးပန်းကို မဆန်းမကြွယ် ဖြောင့်ဖြောင့် ပြေပြေ ချောချော ပြုရသတည်း။ ထို့ကြောင့်ဝိနယဝိနိစ္ဆယ (၃၀၅၄)ဂါထာ၌ ဥဇုကံ မစ္ဆကဏ္ဍကံ ဝါ မဋ္ဌဝါ ပန-ဟုမိန့်အပ်၏။ ပဋိက ခါးပန်းကို သင်ပေါင်းရွက် သဏ္ဌာန် ပြုရသတည်း။ ထို့ကြောင့် ဝိနယဝိနိစ္ဆယ (၃၀၅၄) ဂါထာ၌ ပဋိကံ ခဇ္ဇုရိ ပတ္တကာ ကာရံ-ဟု မိန့်အပ်၏။ ပကတိ ဝီတာ ပတ္တိကာ။ (ဝိနယ ဝိနိစ္ဆယဋီကာ ၃၀၅၅-ဂါထာဖွင့်)။

## (၁၇) အာယောဂပတ် သုံးစွဲပုံ

အာယောဂပတ်ဟူသည် နိသဇ္ဇနဝုတင်ကို ဆောက်တည်ကုန်သော ရဟန်းတို့၏ ထိုင်၍နေသောအခါ မိမိကိုယ်ကို မယိမ်းမယိုင်စေခြင်းငှာ တိုင်စသည်နှင့် မိမိကိုယ်ကို ဖွဲ့ချည်စရာ ပုဆိုးအပြားတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊၇၆။)၌ နေသဇ္ဇိက ဝဏ္ဏနာ၌ "မုဒုကဿ အပဿေနမ္ပိ ဒုဿပလ္လတ္ထိ ကာပိ အာယောဂပဋ္ဋောပိ ဗိမ္ဗောဟနံပိ ပဉ္စင်္ဂံပိ သတ္တင်္ဂံပိ ဝဋ္ဋတိ"ဟု မိန့်အပ်၏။ ထိုစကားရပ်၌ အာယောဂပဋ္ဋော-ဟု အပြားဟော ပဋ္ဋသဒ္ဒါ ပါရှိသတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ထောက်ရသတည်း။ (၁၀၀-နှာ)

## (၁၈) သပိက်,အိတ်နှင့် ဆွမ်းမခံကြောင်း

အနံကစ်တွာ အလျားသုံးထောင် ပမာဏရှိသော ပုဆိုးအပြား ကြိုးကွင်းတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တေစီဝရိကင်္ဂသံဝဏ္ဏနာ(၁၊ ၆၂)၌ "ရတက် တေစီဝရိကဿ ပန စတုတ္ထံ ဝတ္တမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ။ တစ္ဆေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတောဘိ ဟတ္ထမေဝ"ဟု မိန့်အပ်၏။ ထိုကြိုးကွင်းကို ပခုံး၌ဆွဲ၍ သပိတ်ကို လွယ်ရသတည်း။ ထို့ကြောင့် ထိုကြိုးကွင်းသည် သပိတ်အိတ်ကြိုးကွင်း ကြိုးအပြားသာတည်း။ အံသေ ဗန္ဓိယတီတိ အံသဗန္ဓကောဟု ဝစနတ္ထပြု။ ထိုကြိုးကွင်းကို"လွယ်ဘိ"ဟု ရှေးဆရာတို့ ခေါ်ဝေါ်တော်မူကြကုန် သတည်း။ (၁၈ဝ–နှာ)

သစေ ပတ္တ ထဝိကဘော နီဟာရိယမာနေ-စသောစကား (ဝိ၊၄၊၃၊၁၁၁။)ကို ..၍ ရှေးရှေးကုန်သော မထေရ်မြတ်တို့သည် သပိတ်အိတ်ကို လွယ်ကုန်၍ ဆွမ်းခံတော်မမူကြကုန်ဟု သိအပ်၏။ (လက်ရေးမူ၊၁၈၁-နှာ၊ ဒန္တပေါနသိက္ခာပုဒ်)

## (၁၉) သက်နိုး ကုံးပြန်အပ်၊ ကွင်းသင်းပိုင် မအပ်

ခုဒ္ဒကဝိဝရံ မဟန္တံ ကဆောတိ· စကားကို အစပ်တိုး၍ ချုပ်သည်ကို ရည်၍ဆိုသတည်း။ မဟန္တံ ဝါ ခုဒ္ဒကံ ဝါ ကရောတိ·စကားကိုမူကား သံဃာဒိ၊ဥတ္တရာသင်္ဂ, အန္တရဝါသကတို့၌ ထိုက်သည်အားလျော်စွာ "တတ္ထ သံဃာဋိယာ စ ဥတ္တရာသင်္ဂဿ စ ဒီဃန္တတော"စသည်ဖြင့် အဋ္ဌကထာ(၂၊ ၂၂၈။)၌ မိန့်ဆိုပြီးသည့်အတိုင်း အမိဋ္ဌာန်မကျရာ ပြင်ဘက်အနား၌ ဖြတ်၍ ငယ်အောင်ပြုသည်ကို ဆိုသတည်း။ ဥဘောကောဋိယော·စသည်ကို ထောက်၍ ကုံးပြန်၍ချုပ်သင့်သည်ကို သိအပ်၏၊ ကွင်းသင်းပိုင် မအပ်သည်ကိုလည်း သိအပ်၏။ (၅၆၈-နှာ)

## ၁၃။ ကျမ်းဂန်ကျမ်းပြု နှိုင်းစံဟုသော်

သုနာပရန္တ တမ္ဗဒီပစသောမြန်မာတိုင်း နိုင်ငံ၌ ကျမ်းတတ် ဆရာလေးဦးရှိသည်။ လေးဦးဟူသော်ကား

(၁) ကျမ်းလည်းတတ်,၏၊ ကျမ်းလည်းပြု၏။ ကျမ်းလည်းသေချာ၏၊ ကျမ်းလည်းပြီး၏။ ဆရာတစ်ဦးတည်း။ သဒ္ဒနီတိကျမ်းကို ပြုဇသော အရှင်အဂ္ဂပဏ္ဍိတတည်း။

(၂) ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းလည်းသေချာ၏၊ ကျမ်းကားမပြီး။ ဆရာတစ်ဦးတည်း။ မဏိဒီပကျမ်းကို ပြုသော အရှင်မဟာအရိယဝံသတည်း။

(၃) ကျမ်းလည်း တတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းကားမသေချာ၊ ကျမ်းကားပြီး၏။ ဆရာတစ်ဦးတည်း။ ဝိနယာလင်္ကာရကျမ်းကိုပြုသော အရှင်မုနိန္ဒဃောသ (တိပိဋကာလင်္ကာရ၊ တောင်ဖီလာဆရာတော်) တည်း။

(၄) ကျမ်းကားတတ်၏၊ ကျမ်းကားမပြု၊ ကျမ်းပြုသော် သေချာရာ၏။ ဆရာတစ်ဦးတည်း။ မဏိကုဏ္ဍလကျမ်းကိုပြုသော အရှင်ပရာဘိ-သံဃနာထတည်း။ (သမန္တစက္ခုဒီပနီ၊ ၂၉၀-နှာ)

ဤသို့သော ဆရာလေးဦးတို့တွင် ဤစလင်းဝိနည်းဂဏ္ဌိကျမ်းကို ပြုသော ဆရာကား သဒ္ဒနီတိကျမ်းပြုဆရာနှင့် နှိုင်းခိုင်းစံပြုသင့်သော ဆရာတော်တစ်ပါး ဖြစ်သည်ဟု ဆိုထိုက်ပါပေ၏။

(က) သဒ္ဒနီတိကျမ်းသည် မြန်ပြည်သာသနာ၌ ရေးသွားခဲ့ဖူးသမျှသော သဒ္ဒါကျမ်း အားလုံးတို့တွင် အကြီးဆုံး၊အကျယ်ဆုံး အပြည့်စုံဆုံး သဒ္ဒါကျမ်း ကြီးတစ်ဆူဖြစ်သကဲ့သို့ ဤစလင်း ဝိနည်းဂဏ္ဌိသစ်ကျမ်းသည်လည်း မြန်မာပြည် သာသနာ၌ ရေးသားခဲ့ဖူးသမျှသော ဝိနည်းဂဏ္ဌိကျမ်း အားလုံးတို့တွင် အကြီးဆုံး အကျယ်ဆုံး အပြည့်စုံဆုံး ဝိနည်းဂဏ္ဌိကျမ်းကြီး တစ်ဆူပေတည်း။

(ခ) သဒ္ဒနီတိကျမ်းသည် ပိဋကတ်နယ်ပယ်အားလုံးကို သဒ္ဒါနည်းဖြင့် မွှေနှောက်ချောက်ချားနိုင်သကဲ့သို့ ဤစလင်းဝိနည်းဂဏ္ဌိသစ် ကျမ်းသည်လည်း ပိဋကတ်နယ်ပယ် အားလုံးကို ဝိနည်းနည်းဖြင့် မွှေနှောက် ချောက်ချားနိုင် ပေသည်။

(ဂ) သဒ္ဒနီတိကျမ်းသည် ပဒ၊ ဓာတု၊ သုတ္တမာလာ ကြီးကျယ်စွာသော ကျမ်းအားလုံး နိဂုမ်းကမ္ပတ် အပြီးသတ် ပြီးစီးအောင်မြင်သကဲ့သို့ ဤစလင်း ဝိနည်းဂဏ္ဌိသစ်ကျမ်းသည်လည်း ဝိနည်းအဋ္ဌကထာ ၅-ကျမ်း ၄-တွဲအားဖြင့် ကြီးကျယ်စွာသော ကျမ်းအားလုံးကို နိဂုမ်းကမ္ပတ် အပြီးသတ် ပြီးစီးအောင် မြင်ခဲ့လေသည်။

(ဃ) သဒ္ဒနီတိကျမ်းသည် ယိုထိုပိဋကတ်မှ ခဲကပ်လွန်းသော ဥဒါဟရဏ်တို့ကို ထုတ်ဆောင်၍ သဒ္ဒါနည်းဖြင့် တိကျစွာ ပြီးပြစေသကဲ့သို့ ဤစလင်းဝိနည်းဂဏ္ဌိသစ် ကျမ်းသည်လည်း ဝိနည်းပိဋကတ် အရပ်ရပ်၌ ခဲကပ်လွန်းသော အရှုပ်အထွေးတို့ကို ဝိနည်းနည်းဖြင့် တိကျစွာ ဖြေရှင်းထားပေသည်။

သို့ဖြစ်၍"ကျမ်းဂန်ကျမ်းပြု၊ နိုင်းစံတုသော်၊ နီတိပမာ၊ကဲ့သို့သာတည်း"ဟု ဆိုသင့်ပါပေ၏။ ထပ်ဆင့်တမူ တံခွန်ထူသော် "ကုသဂေါတ္တဂုဏာဒိနာ မယ့် ဥပဇ္ဈာယေန ကော သဒိသောတိ ဝိဇတ္တတိ"(ရှ၊ ဋီ၊၁၀၆နှာ)ကဲ့သို့"အတိဂမ္ဘီရ ဂုဋ္ဌဝိနိစ္ဆယတ္တာ ဣမိနာဂဏ္ဌေန ဂဏ္ဌာစရိယေန ဝါ ကော သဒိသောတိ" ဟူ၍ ပင်တည်း။

## ၁၄။ ကျမ်းပြုထေရ်ရှင် မြတ်သခင်

ဤစလင်း ဝိနည်း ဂဏ္ဌိသစ် ကျမ်းကို ပြုစီရင်သော ထေရ်အရှင်သည်ကား ၁၂၀၅-ခုနှစ်၊ စလင်းမြို့နယ် တောင်ဘက် ၁၄-မိုင်ခန့်ကွာဝေးသော ရွာခိုင်ရွာ (ယခု ပွင့်ဖြူမြို့နယ်)တွင် သူဌေးကောင်းမျိုးမှ မွေးဖွားသူတည်း။ ထို့ကြောင့် ရွာခိုင်ရွာကျောင်း ဘုန်းတော်ကြီး ဦးကိတ္တိ၏ တောင်းပန်ချက်အရ ၁၂၄၂-ခုနှစ်တွင် ရေးသားအပ်သော ကထိနဝိနိစ္ဆယကျမ်း နိဒါန်း၌—

"မဟိံသ ဃဋ္ဋနဂါမဿ၊ ဒက္ခိဏာရညဝါသိနာ။
ပဏ္ဍိစ္စ ဝုယထေရေန၊ ရစိတောယံ ဝိနိစ္ဆယော။

မဟိံသ ဃဋ္ဋနဂါမဿ၊ ဒေဝဒတ်အလောင်း မကောင်းယုတ်မာ ကျွဲမိစ္ဆာကို သမ္မာယူတိ ဗောဓိသတ္တ ထိုကျွဲလုရ်၏ သိဂ်ထိရာ သညာကြောင်းဟိတ် နိမိတ်ထင်ရှား သူဟောင်းများတို့ စကားမပျက် စဉ်ဆက်ခေါ်ရာ ကျွဲထိရွာ၏။ ဒက္ခိဏာရညဝါသိနာ၊ ကုလလေးတာ ငါးရာပြည့်လတ် တောင်အရပ်ဝယ် သတ်မှတ်တည်ရှောင်း တောရကျောင်း၌ ကိန်းအောင်း ပျော်မွေ့လေ့ရှိသော။ ပဏ္ဍိစ္စဝုယထေရေန၊ စလင်းမြို့ပိုင် ရွာခိုင်ရွာဇာတိ နှံ့သိကြွေကြွာ ပဏ္ဍိစ္စအမည်ရှိသော မထေရ်ငါသည်။ အယံဝိနိစ္ဆယော၊ ဤကထိန်အဆုံးအဖြတ် ဝိနိစ္ဆယကို။ ရစိတော၊ ရေးသားပြုပြင် စီရင်အပ်လေပြီ။"ဟု မွေးရပ်ဌာနီ မြို့ရွာအမည်ကို ဖော်ထုတ်တင်ပြ ထားလေသည်။ [ယင်းဝိနိစ္ဆယကျမ်းကား နေတစ်ဆူလတစ်ဆူ ဝိနယပါရဂူ ဖြစ်တော်မူ၍ ဇမ္ဗူမဆံ့ ပျံ့နှံ့ပေါက်သွား ကျွန်းခြားသိဃ်ဥ္ဌထုတ်ခြင်းလျှိုမျှ ပုဂ္ဂိုလ်တစ်ယောက်ထွန်းပေါက်သတင်း ကျော်စောခြင်းရှိတော်မူသော မြစ်ကြေ့မြို့ ခုနစ်ကိုက်ဆူးချုပ် ဆရာတော်ဘုရားကြီး ဦးဩဘာသ

၁၂၃၇-ခုနှစ် စလင်းမြို့ စီရင်စု ကျွဲထိရွာ ကောရကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆုံးဖြတ်တော်မူသော ဝိနိစ္ဆယများကို ကိုးကား၍ ရေးသားပြုစုခဲ့သော ကျမ်းဖြစ်သည်။]

ဆရာတော်လောင်းလျာ သူငယ် ငယ်ရွယ်စဉ် ကျောင်းအပ်နှံသင့်သော အခါ၌ ကျွဲထိရွာဇာတိသား ဘကြီးတော်ဖြစ်သူ ကျွဲထိကောရကျောင်း (ကျွဲထိရွာ, ရွာခိုင်ရွာ နှစ်ရွာတစ်ကျောင်း) ဆရာတော် ဦးဩဘာသထံ မိဘတို့က အပ်နှံ၍ ပညာသင်ကြားမှု စတင်ခဲ့သည်။ (သူရိယာ သတင်းစာတိုက်မှ ထုတ်ဝေသော ခွဲထားကျော်ဂဏ္ဍိကျမ်းမှ) ကျောင်းနေ၍ မကြာမီသော ကာလမှာပင် "မကွေးမြို့ သူကြီး ဦးရွှေပြည် (မင်းလှမင်းထင်ကျော်ခေါင်)သည် ဈေးအရှေ့ဘက်အရပ်၌ လေးထပ်ကျောင်းကိုက် တည်ဆောက်၍ ဆရာတော် ဦးဩဘာသအား လှူဒါန်းသဖြင့် ဆရာတော်၏ နောက်ပါတပည့်ငယ် ကျောင်းသားအဖြစ်ဖြင့် လေးထပ်ကျောင်းတိုက်သို့ ရောက်ရှိခဲ့လေသည်။ ထိုကျောင်းတိုက်မှာပင် မိဘတို့က ရှင်သာမဏေပြု အလှူပေး၍ ကာလအတန်အသင့် နေထိုင် စာသင်ခဲ့လေသည်။ ဦးပဏ္ဍိတလောင်းလျာ ရှင်ငယ်ကလေး မိမိကိုယ်ကို ထိန်းသိမ်းနိုင်သော အရွယ်သို့ရောက် ဘကြီးတော် လေးထပ်ကျောင်းတိုက် ဆရာတော်ကလည်း မအူးခုနစ်ဂိုဏ်းချုပ် နှစ်ဦး ရွှေမြို့တော်နေ ဆရာတော်တို့နှင့် အဆက်အသွယ်ဖြစ်သောအခါ ဘကြီးတော် ဦးဩဘာသက မန္တလေးမြို့ မန္တလေးတောင်ခြေ မဏ္ဍလာရာမတိုက်တော် (ပြည်တိုက်) နာမည်ကျော် ပြည်ဆရာတော်ဘုရားကြီးအထံသို့ ထပ်ဆင့်အပ်နှံသဖြင့် ပြည်ဆရာတော်ဘုရားကြီး အထံ၌ ဆက်လက် ပညာသင်ကြားခွင့် ရရှိခဲ့သည်။ ထို့ကြောင့် "ဝိသုဒ္ဓိမဂ် နိဿယသစ် စာသည်ကို စီရင်တော်မူသော ပြည်ဆရာတော်ဘုရားကြီးသည် ငါတို့ကို စာဝါနှင့် ပုဒ်စစ်သင်စဉ်အခါက မိန့်တော်မူသတည်း။" ဟု တဒတ္ထ, တုမတ္ထ သမ္ပဒါန် အထူးပြုခန်း ဤကျမ်း ၁၄–နှာ၌ ရေးသားခဲ့လေသည်။ ထိုအချိန်အရွယ်၌ပင် ခက်ခဲသောအဆုံး အဖြတ်တို့ကို သဘောညာဏ်သက်ဝင်၍ ကျနစွာ ရေးမှတ်သားနိုင်သော သာမဏေကြီးဘဝဖြင့် စာပေတတ်မြောက်မှု အဆင့် အတန်ပင် မြင့်မျှော် ရှိနေပေပြီ။

သက္ကရာဇ် ( ၁၂၂၅ ) ခုနှစ် နှစ်ဦးချိန်တွင် စလင်းသူဌေးကောင်းမျိုးဆက် စကုမြို့ဝန်မင်း ဦးဆိုင် ဝန်မင်းကတော် ဒေါ်သန့်တို့၏ မစ္ဆယာနုဂ္ဂဟကို ခံယူကာ ဘကြီးတော် လေးထပ်ကျောင်းဆရာတော် ဦးဩဘာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။ ထို ( ၁၂၂၅ ) ခုနှစ်မှာပင် တန်ဆောင်မုန်းလ၌ မင်းတုန်းမင်းကြီး၏ ငယ်ဆရာ ပဂာဝေဘာတိ ကသုနကိုက် စိကျောင်း ဆရာတော် ဦးစန္ဒိမာ ပျံလွန်တော်မူ၍ (၁၂၂၆ )ခုနှစ်တွင် သိုမဂာဝေဘာတိ ကာ-

ရုမတိုက် စံကျောင်းကို ပြည်ဆရာတော် ဘုရားကြီးအား မင်းတုန်းမင်းကြီးက လှူဒါန်းသောအခါ ပြည်ဆရာတော် ဘုရားကြီး၏ နောက်ပါတပည့်အဖြစ်ဖြင့် ရဟန်းငယ် ဦးပဏ္ဍိစ္စသည် စံကျောင်းသို့ ရောက်ရှိခဲ့လေသည်။

ဆရာဖြစ်သော ပြည်ဆရာတော်ဘုရားကြီးသည် စံကျောင်း၌ ၆-လခန့်သာ သီတင်းသုံးပြီး ဘဝနတ်ထံ စံလွန်သောအခါ မင်းတုန်းမင်းကြီးသည် မင်းကွန်း အနီး အုန်းသဇင်ရွာ ဣန္ဒသာလ တောရကျောင်း၌ သီးတင်းသုံးနေသော ဆရာ တော်ဦးသုဒဿနအား စံကျောင်းကို တစ်ဖန်လှူဒါန်းပြန်သောအခါ ကျောင်း၌ ရှိရင်းစွဲ ပုဂ္ဂိုလ်အဖြစ်ဖြင့် ထိုဆရာတော်ဦးသုဒဿနထံ နိဿရည်းယူ တပည့်ခံ ၍ ဆက်လက်ပညာသင်ကြားခဲ့လေသည်။ ထိုသို့ဆက်လက် ပညာသင်ကြားနေ စဉ် "စာချလက်သင်, ဆက်စာသင်"ဟူသောစနစ်ဖြင့် စံကျောင်းဆရာတော်၏ စေခိုင်းချက်အရ နောင်လယ်တီဆရာတော်ဟုကျော်ကြားလတ္တံ့သော ဦးဉာဏ၊ တောင်ခွင် သာသနာပိုင် ဆရာတော်ဟု ကျော်ကြားလတ္တံ့သော ဦးဝိသုဒ္ဓ စသော ငယ်ရွယ်သူ စာသင်သားတို့အား စာပေပို့ချပေး၊ စံကျောင်းဆရာတော် ထံ ကိုယ်တိုင်လည်း ဆက်စာသင်သောအခါ မကြာမီကာလအတွင်း "စာချ ကျွမ်းဝင်, စာသင်ပြီးမြောက်" စာပေတတ်ကျွမ်းသူ ပါရဂူတစ်ဦး တစ်ယောက် အဖြစ်သို့ ရောက်ရှိခဲ့လေသတည်း။

ထိုအခါ စံကျောင်းဆရာတော် ဘုရားကြီးက မိမိထံ စာသင်သားအဖြစ် ဖြင့် မသင်ကြားစေတော့ဘဲ "လိုအပ်သောအချက်, ခက်ခဲသောအကြောင်း အရာ, ပရမ္ပရာဘာတ ဝိနိစ္ဆယ, ထုံးဟောင်းသာဓက" စသည်တို့ကို ကိုးကားရန် (ပြောကြားရန်) အခက်အခဲ ကြုံတွေ့နေလျှင် မေးမြန်းလျှောက်ထားလေ" ဟု မိန့်ကြားပြီး လက်ထောက်စာချဆရာတော်အဖြစ် တာဝန်ပေး ဆောင်ရွက် စေသဖြင့် စံကျောင်းတိုက်၏စာချဆရာတော် တစ်ပါးအဖြစ်သို့ ရောက်ရှိခဲ့လေ သည်။

စာချသောအခါမှာ "ရှေးဆရာစဉ်ဆက် ဆုံးဖြတ်ချက်အထွေထွေ, သဒ္ဒါ နေအခန်းခန်း, ကျမ်းရိုးကျမ်းတက်အဖြာဖြာ" ရောမွှေထည့်၍ကာ ဆက်စပ် ပို့ချတတ်သောကြောင့် စာသင်သားတို့ သဘောဉာဏ်သက်ဝင် အသိဉာဏ် လျှင်စွာထင်မြင်စေသဖြင့် စာသင်သားတို့လွန်စွာပင် နှစ်ခြိုက်သော စာချ ပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်ခဲ့ရလေသည်။

ထိုအချိန်တွင် (၁၂၀၄)ခုနှစ်ဖွား၊ အလုံမြို့နယ် သာစည်ရွာဇာတိ၊ အသက် ၁၇-နှစ် အရွယ်ကပင် မင်းကွန်းအနီး အုန်းသဇင်ရွာ ဣန္ဒသာလ တောရကျောင်း

ဆရာတော် ဦးသုဒဿနအထံ၌ ရောက်ရှိနေသော နောင်အခါ မိုင်းခိုင် ဆရာတော်“လုံပဏ်”ဟု ကျော်စောလတ္တံ့သော ဦးပဏ္ဍိတသည်လည်း စံကျောင်းကို ဦးသုဒဿနအား တင်လှူသောအခါ နောက်ပါတပည့်အဖြစ်ဖြင့် ရောက်ရှိခဲ့ပြီး ထိုစံကျောင်းတိုက်မှာပင် သီတင်းသုံးစာချနေသော ဦးပဏ္ဍိစ္စနှင့် နှိုင်းစံယှဉ်၍ “လုံပဏ် လင်းပဏ်၊ ဤနှစ်ပဏ်၊ ဘယ်ပဏ်သာ၍ တတ်သနည်း” ဟူသော စာသင်သားတို့ နှုတ်ဖျားဖြစ်အင် ထောမနာ စကားအစဉ်ဖြင့် ပြိုင်ယှဉ်ကျော်ကြားခဲ့လေသတည်း။

ဤသို့လျှင် စံကျောင်းတိုက်၌ ၁၀-နှစ်ခန့်ကြာအောင် သီတင်းသုံးနေထိုင်၍ သာသနာ့တာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပြီး (၁၂၄၄) ခုနှစ် တန်ဆောင်မုန်းလတွင် မန္တလေးမြို့၌ ပလိပ်ရောဂါကပ်ဆိုးကြီး ဖြစ်ပေါ်ခြင်း, မင်းညီမင်းသား မြို့စား မြို့ဝန် စသူတို့နှင့် အကျွမ်းဝင်အဆက်အသွယ် ရှိသူတို့အား စူးစမ်းထောက်လှမ်းခံရခြင်း စသောအကြောင်းတို့ကြောင့် စလင်းသို့ သဘော်ခရီးဖြင့် ပြန်ကြွခဲ့လေသည်။ စလင်းသို့ ပြန်ကြွသည်ဆိုသော်လည်း စင်စစ် ထိုအချိန်တွင် ကျွဲထိတောရကျောင်းမှ မြစ်ကွေ့မြို့ လေးထပ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံး၍ ခုနစ်ဂိုဏ်းချုပ်ဖြစ်နေသော ဘကြီးတော် ဆရာတော် ဦးဩဘာသထံသို့ သွားခြင်းတည်း။

ထိုကျောင်း၌ပင် ဆရာတော် ဦးဩဘာသ၏ တိုက်တွန်းချက်အရ (၁၂၄၈) ခုနှစ်အထိ ၄-နှစ်ခန့် စာချခြင်း ကျမ်းစာများရေးသားခြင်း စသော သာသနာ့တာဝန်များကို အားကြိုးမာန်တက် ရွက်ဆောင်နေထိုင်ခဲ့သည်။ (၁၂၄၉)ခုနှစ်တွင် စလင်းမြို့တောင်ဘက် မင်းဘူးမြို့မှ စလင်းမြို့သို့အဝင် ကားလမ်းမကြီး အနောက်ဘက်နေရာ၌ သူကောင်းမျိုး ဒါယကာ မောင်ထွေး၊ ဒါယိကာမ မယ်မြင့်တို့က ကျောင်းမြေရာ ဝယ်ယူ၍ ထန်းလက်တဲကြီး ဆောက်လုပ်လှူဒါန်းသဖြင့် ထိုထန်းလက်တဲကျောင်းကို“မဟာသုဇနာရာမ ကျောင်းတိုက်”ဟု အမည်သမုတ်၍ သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့လေသည်။ ထို့နောက် (၁၂၅၃)ခုနှစ်၌ ထိုကျောင်းမြေရာ ဒါယကာတို့ကပင် လွန်စွာကြီးကျယ်သော အုတ်ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ (ထိုအချိန်တွင် ဆရာတော် ဦးပဏ္ဍိစ္စသည် စကုမြို့သို့ပြောင်းရွှေ့သီတင်းသုံးနေပြီ။) ထို့နောက် ဒါယိကာမ သူကောင်းမျိုးမယ်လှက လွန်စွာကြီးကျယ်သော ကျောင်းကြီး တစ်ဆောင် ထပ်မံဆောက်လုပ်လှူဒါန်းခဲ့ပြန်သည်။ ထို့နောက် သက်တော်ရှည် ဘကြီးတော် မြစ်ကွေ့ ခုနစ်ဂိုဏ်းချုပ် လေးထပ်ကျောင်းတိုက်ဆရာတော်ကြီးကခေတ္တခေါ်ယူ၍ စာချတာဝန်ပေးအပ်ထားစဉ် မြစ်ကွေ့မြို့သို့ ဈေးဝယ်သွားသော သူတို့အထံမှ မူလရဟန်းဒါယကာ စကုမြို့ဝန်မင်း ဦးဆိုင်၏ အမိက

ကြားသိသဖြင့် ဝန်မင်း, ဝန်ကတော်တို့အား ပြောကြား၍ ဆရာတော်ဦးပဏ္ဍိစ္စ မကွေးမြို့ လေးထပ် ကျောင်းတိုက်၌ ရောက်ရှိနေကြောင်း သိရှိကြပြီး သွားရောက်ပင့်ဆောင်အခါ (ယင်းကဲ့သို့ပင့်ဆောင်သောအခါဆရာတော်ကြီးက "သူများကိုးကွယ်သေးမှ လာပင့်ကြသည်" ဟု ညီးညူအပြစ်တင်ကြောင်း ယခုလက်ရှိ ဆရာတော်ဦးကေသရ (သက်တော် ၇၀) ကပြောကြားသည်) စကုမြို့အရှေ့ဘက် ပထမတိုက်၌ ဝါးကျောင်းငယ်ဆောက်လုပ်၍ သီတင်းသုံးစေပြီး ပထမတိုက်၏ မြောက်ဘက်၌ သုံးထပ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းသည်။ ထိုအခါ ယခင်က စလင်းမြို့တွင် တည်ရှိခဲ့သော မဟာသုဒနာရာမ ကျောင်းတိုက်ကြီးကို ဆရာတော်ဦးပဏ္ဍိစ္စ မန္တလေးမြို့စံကျောင်းတိုက်မှ စလင်းသို့ပြန်ကြွလာစဉ် အတူပါလာသော တပည့်ကြီး ဦးကောဏ္ဍညအား အပ်နှံထားပြီး စကုမြို့မှ နေ၍ဆရာတော် ဦးပဏ္ဍိစ္စက စဉ်ဆက်မပြတ် ကြီးကြပ်အုပ်ချုပ်နေသောကြောင့် စကုတိုက်ဟု အမည်တွင်သည် နောင်သောအခါသည်နှင့်ရပ်ပေါင်းစပ်ပြီး "မဟာသုဇနာရာမ" စကုတိုက်" ဟု ခေါ်ဆိုကြသည်။ [ကျားကြီးတစ်ကောင်သည် သားသမင်တစ်ကောင်နှင့် တွေ့ဆုံ၍ ဖမ်းယူစားသောက်ရန် ကြံစီနေစဉ် အချိန်လင့်၍] သားသမင်လွတ်မြောက်သွားသဖြင့် "စားလင့်" ဟု မည်တွင်သောအရပ်၌ တည်ထားသောမြို့ဖြစ်၍ "စားလင့်" မြို့ဟု ခေါ်တွင်ခဲ့ပြီး ကာလရွေ့လျော၍ "စလင်းမြို့" ဟု မည်တွင်ကြောင်း ဆရာတော်ဦးပဏ္ဍိစ္စ ရေးသားသော ဂိနည်းပေါင်းချုပ် ပုရပိုက်မူကြမ်းတွင် တွေ့ရှိရကြောင်း ယခု ကံဦးကျောင်း ဆရာတော် ဦးဝိဇယကပြောသည်။ [ထိုဝိနည်းပေါင်းချုပ် ပေစာထုပ်ကို စလင်းဆရာတော် ဦးကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော်သံဃ-မဟာနာယကအား လှူဒါန်းလိုက်ရသည်။]

သုံးထပ်ကျောင်းကြီး ဆောက်လုပ်ပြီးစီးသောအခါ ထိုကျောင်းကြီး၏ အရှေ့ဘက်၌ လေးထပ်ကျောင်းကြီးထပ်မံ ဆောက်လုပ် လှူဒါန်းပြန်သည်။ နောက်တစ်ဖန် သုံးထပ်ကျောင်း လေးထပ် ကျောင်းတို့နှင့် တဆက်တည်း အရှေ့ဘက်၌ တည်ရှိသော ရေကန်ကြီး၏ ထိပ်ဦး "မရင်းအင်း, မင်းကျစွာ" ဟူသောစကားအတိုင်း ကျစွာမင်း လက်ထက် ပရမတ္ထ ဗိန္ဒုကျမ်းစာ ဂါထာများ ရေးတင်းထားသော ခဲတောင်ကြီးကျောက်စာရုံ တည်ရှိရာ အနီးနေရာတွင် ရဟန်းဒါယကာ စကုမြို့ ဝန်မင်းဦးဆိုင်ဝန်ကတော် ဒေါ်သန့်တို့ကပင် သစ်တွင်း ရုပ်ကြွ ရုပ်တု ခြူးပန်း ခြူးနွယ် ပန်းပုလက်ရာတို့ဖြင့် ကြီးကျယ်ခမ်းနားသော အုတ်လှေကားနှင့်စင်းတပ် သစ်သားကျောင်းကြီး ဆောက်လုပ်လှူဒါန်းပြန်သဖြင့် "ကံဦးကျောင်း" ဟုအမည်တွင်သော ထိုကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးနေထိုင်သည်။ [စကုမြို့သည်ပုဂံပြည် ရေပူမင်းတိုင်းခမ်းယှဉ်လည် ရောက်ရှိစဉ် ဗေဒင်ကိန်းခမ်းအရ စန်း,လက် ယတြာချေ-

ကုသ သောကြောင့်“စန်းကု”ဟု အမည်တွင်သည် ထိုကြောင့်လည်း ဤကျမ်းစာ၏ နိဂမကထာတိုင်း၌ “စန်းကုဣတိ နဂရသာ” စသည်ဖြင့် ရေးသားထားခြင်း ဖြစ်သည်။]

ဆရာတော် ဦးပဏ္ဍိစ္စသည် ရှေးဦးစွာ ကစ္စာယနဒီပနီ, ဝိဝိဓဝိနိစ္ဆယ ဒါနကထာ ဒီပနီ, ကထိန ဝိနိစ္ဆယ, ဝိနည်းပေါင်းချုပ် သာသန ဝိသုဒ္ဓိ ကျမ်းစသော များစွာသော ကျမ်းစာတို့ကို ရေးသားခြင်း စာပေပို့ချခြင်း ကိစ္စတို့ဖြင့် အတွေ့အကြုံရင့်ကျက် ဗဟုသုတအထွေထွေ လုံလောက်သောအခါရောက်မှ “မိမိ စံကျောင်းဆရာတော် ဘုရားကြီးအထံမှိခို၍ ပညာရင်နို့ သောက်စို့ရစဉ်က ရေးမှတ်ထားသော စက္ကူပုရပိုက် ပေစာတို့ထွာတို့ကို စဉ်ဆက်လျက် စာချစဉ်က တိုးပွား ရင့်သန်လာသောအသိဉာဏ်, ဤကျမ်းစာရေးသားစဉ် အတွင်း ထိုးထွင်းကြံဆနိုင်၍ တိုးပွား လာသော အသိဉာဏ်များ ထည့်သွင်းလျက် ၁၀-နှစ်ခန့်ကြာအောင် (ဤကျမ်းစာရေးသားမှု မပြီးဆုံးမီ နောက်ပိုင်းတွင် ကျွန်းမာရေးချို့တဲ့လျက်) ရေးသား၍ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် မြောက်ဘက်ရှေ့ရေးဆောင်တိုက် မြို့သစ်မြို့စား အတွင်းဝန် မင်းကျောင်း၌ သီတင်းသုံးနေထိုင်သော ဝ ပည်ကြီးဦးအဂ္ဂဝံသာဘိဝံသ(သက္ကသီဟ ပရိယတ္တိသာသနဟိတ မွေ့စရိယ) အားအမချကူးရေးစေခြင်း သုတ်ဆင်ပြင်ဆင်စေခြင်းတို့ဖြင့် (၁၅၇၀) ပြည့် တပေါင်းလ၌, နိဂုံးကမ္ပတ် အပြီးသတ် အောင်မြင်ခဲ့ပေသတည်း။

ကျမ်းဂန်ပြုစု စာပေပို့ချမှု၌ နိစ္စထာဝစဉ် ဂရုတစိုက် ပြုလုပ်ဆောင်ရွက်နေသော ပညာရှင်သည် ပင်ပန်းကြီးစွာ ပြုလုပ်ရသည်။ ယင်းသို့ ပင်ပန်းကြီးစွာ ပြုလုပ်ရခြင်းကို ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူမသိနိုင်။ ဥပမာ-သန္ဓေသား မွေးဖွားရမှုဒုက္ခကို အမြုံမသည် မသိနိုင်သကဲ့သို့တည်း။ (နီတိမာလာ)

## မဟာသုဇနာရာမ စကုတိုက် သမိုင်းကျောက်စာ။

စလင်းမြို့မ ပေါင်းပင်ဇင်းရပ်နေ သူကောင်းကျောင်းဒါယကာ မောင်ထွေး ကျောင်းဒါယိကာမ မယ်မြင့်တို့ ဗလဝသဒ္ဓါ သံသရာမုစ္စန သိဝကိုရည်သန်လျက် ကောဇာသက္ကရာဇ် (၁၂၅၃)ခုနှစ် ကျောင်းရာမြေကို ဝယ်ယူ၍ စည်မျက်နှာ ပြင်ကဲ့သို့ ညီညွတ်စွာ ပြုလုပ်ပြီးလျှင်(၁၂၅၅)ခုနှစ် သည် တိုင်ထူ၍ အုတ်လေးဆင့်ရှိသော ကျောင်းမ စနုဘောဂဆောင်တို့ကို ငါးစင်းသောအုတ်လှေကားတို့နှင့် တကွ အပြီးသတ် ဆောက်လုပ်လှူဒါန်းအပ်သော ကုသိုလ်အဖို့ကို နတ်လူသာဓု ခေါ်စေသောင်။

စလင်းမြို့ ပေါင်းပင်ဇင်းရပ်နေ သူကောင်းဘုရား ဒါယိကာမ မယ်လှ အဝေစ္စသဒ္ဓါထောက်ပံ့လာသဖြင့် သံသရာဝဋ်တွင်းမှ လွတ်လိုခြင်း ပတ္ထနာကို ပန်ဆင်လျက် သက္ကရာဇ်(၁၂၅၉)ခုနှစ် သည်တိုင်တို့ကို ထူပြီးလျင် မုခ်ဘွဲ့ရှိလေးခု ဘုံခုနစ်ဆင့်ရှိ သင့်တင့်လျောက်ပတ်ကောင်းမြတ်သောကျောင်းဦးပြာသာဒ်ကို သုံးစင်းသောအတ်လေကားတို့နှင့်တကွ အပြီးသတ် ဆောက်လုပ်လှူဒါန်း အပ်သော ကုသိုလ်အဖို့ကို နတ်လူသာဓုခေါ်စေသောဝ်၊

## ခဏ္ဍသိမ်သမိုင်းကျောက်စာ

ဓမ္မိဿရ ဓမ္မဿာမိ ဖြစ်တော်မူသော ဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူသည့်နောက် သာသနာတော်(၂၄၅၃)ခု၊ ကောဇာသက္ကရာဇ် (၁၂၇၁)ခုနှစ်၊ တပေါင်းလဆုတ်(၂)ရက်၊ (၅) တေးနေ့၊ နံနက်-ဂ-ဘဝါးအချိန် စလင်းမြို့ တောင်ဘက် မဟာသုဇနာရာမတိုက် အတွင်းနှိုက် ဝိသုံဂါမအတွင်း အရှေ့ အနောက် (၁၆)တောင်၊ တောင်မြောက် (၁၆) တောင်မျှသော ခဏ္ဍသိမ်ကို သံဃာတော်(၃၀)ပါးတို့ဖြင့် ဝိပ္ပတ္တိ တစ်ဆယ့်တစ်ပါးကို လွန်၍ သမ္ပတ္တိသုံးပါးနှင့် ယှဉ်သဖြင့် သာသနာတော်မြတ်၏ အစီးအပွားများအံ့သည်ကို ရည်၍ သမုတ်သည်။ မအူပင်မြို့အပိုင် ဆိပ်သာကုန်းတန်းကြီးရွာ သိမ်ဒါယိကာမ မယ်ရွှေမှုံတို့ ဩဃလေးဖြာ သံသရာမှ လွတ်မြောက်ရာ နေကန် အမတံကို ရည်သန်လျက် သက္ကရာဇ်(၁၂၇၂)ခုနှစ်၊တပေါင်းလ၌ သည်တိုင်တို့ကိုထူပြီးလျှင် ဘုံခုနစ်ဆင့်ရှိ တင့်အပ်လျောက်ပတ် ကောင်းမြတ်သော တန်ဆောင်းပြာသာဒ်ကို အောက်သမံတလင်းပါ သုံးစင်းသော လှေကားတို့နှင့်တကွ အပြီးသတ် ဆောက်လုပ်လှူဒါန်းပါသည်။ယင်းကုသိုလ်အဖို့ကိုနတ်လူသာဓုခေါ်စေသောဝ်။

## ၁၅။ စက်တင်ပုံနှိပ်ရန် အကြောင်း ဖြစ်ပေါ်လာခြင်း

လွန်ခဲ့သော (၁၃၂၀)ခုနှစ်၊တပို့တွဲလ၏ တစ်ခုသော နေ့ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗုဒီပကျောင်းဆောင်အောက်ထပ် အဘိဓာန် ကျမ်းပြုဌာန၌ ကျမ်းပြုဆရာတော်များ အဘိဓာန်ကျမ်းစာရေးသားနေကြသော နေ့လည်ပိုင်းအချိန်အခါ ဝိနည်းကျမ်း၌သာ ပါဝင်သော အဘိဓာန် ပုဒ်ခက် တစ်ခုကို ဖွင့်ဆိုချက်ပြုရသော တာဝန်ကျဆရာတော်တစ်ပါးသည် ခဲ့စိတ် ဝေဘန်၍မရ အကြံမတက် ဉာဏ်မသက်ဝင် ဖြစ်နေစဉ် "မဟာဝါပိုင်းမှာပါသော ပုဒ်ဆိုလျှင် စလင်းဆရာတော်၏ ဂဏ္ဍိကိုကြည့်၍ အားကိုး၍ရသေး၏၊ယခုတော့ စူဠဝါပိုင်းကဖြစ်နေ၍ မည်သည့်ဝိနည်းဂဏ္ဍိကိုမျှ အားကိုးရန်မရှိ၊ ချေးဒီးဒီး ကျအောင်ကြံစည်ရ ခက်လှပါဘိ၏"ဟု ညည်းညူလျက် စိတ်ပျက်နေပါသည်။ ထိုစဉ်အခါက ကျမ်းပြုရဟန်းတော် ဆရာတော်တို့ဘက်တွင် ဆရာတော်

ဦးဉာဏုတ္တရ၊ (အဂ္ဂမဟာပဏ္ဍိတ) ကလည်းကောင်း၊ လူဒါယကာတို့ဘက်တွင် ဦးဗိုလ်မောင် ( တာဝန်ခံ အယ်ဒီတာ )ကလည်းကောင်း၊ အကြီးအမှူး ဦးစီး ဆောင်ရွက်နေချိန်ဖြစ်၍ သရုပိုင်း အဋ္ဌကထာပိုဒ်စဉ်များဖြစ်ပါသည်။ ထိုသို့ ညှိနှိုင်းသည့်သတင်းကို ကြားရသောအခါ ထိုအဘိဓာန် ကျမ်းပြုဆရာတော်များ အဖွဲ့တွင်ပါဝင်ဆောင်ရွက်နေသော မန္တလေးမြို့ ဇက္ကိုဏာရာမ ဘုရားကြီးတိုက် ပေတောအုတ်ကျောင်း ဦးသာမိန (စလင်း)က “ စလင်းမြို့မှာ ပေမူဖြင့် စလင်းဝိနည်းဂဏ္ဌိသစ် အပြည့်အစုံရှိကြောင်း၊ ပေထုပ်ပိုင်ရှင် ဆရာတော် ကိုလည်း အကျမ်းတဝင် ခင်မင်မှုရှိကြောင်း ငှားရမ်းလျှင်လည်း ရမည်ထင် ကြောင်း”ပြောကြားပါသည်။ ထိုနောက် ခေတ္တရပ်နားချိန်ရောက်၍ ထိုဇမ္ဗူဒီပ ကျောင်းဆောင် အောက်ထပ်၌ပင်ရှိသော ပဋိဝိသောဓကဌာနသို့ ဆရာတော် ဦးသာမိန ကြွရောက်လာပြီး ပဋိဝိသောဓကဌာန တာဝန်ခံ အယ်ဒီတာ ဦးမျိုးမြင့်နှင့် မိမိတို့နှင့်သက်ဆိုင်ရာ စကားများပြောနေစဉ် စကားစပ်၍ “ထိုပုဒ်ခက်နှင့် ထိုညည်းညူချက်”ကို ပြောပြသောအခါ ယင်း စလင်းဝိနည်း ဂဏ္ဌိသစ်ကျမ်းကို အပြည့်အစုံ ရေးကူးပုံနှိပ်ဖြန့်ဝေရလျှင် သာသနာတော် အတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း ဦးမျိုးမြင့်က ပြန်လည်လျှောက် ထားနေစဉ် အတွင်းမှာပင် ထိုအချိန်က သာသနာရေးဦးစီးဌာန ဦးဆောင် ညွှန်ကြားရေးမှူးချုပ် ဦးလှမောင် ရောက်ရှိလာပြီး အကြောင်းခြင်းရာကို ကြားသိသဖြင့် ထိုပေမူ(ပေထုပ်)ကို မည်သို့မည်ပုံ ရယူနိုင်ကြောင်း မေးမြန်း ပြီးနောက် တဆက်တည်းပင် “ဂဏ္ဌိပေမူကို ဦးမျိုးမြင့်နှင့် ဦးသာမိနတို့က ရအောင် ကြိုးစားပါရပါလျှင် ချက်ချင်း လက်ရေးမူဖြင့် ပေမူရှိတိုင်း တစ်ကြောင်းစီ ကူးပြီးလျှင် ပဋိဝိသောဓက အဖွဲ့ တစ်ခုခုသို့ အပ်၍ ပုံနှိပ် ကြတာပေါ့”ဟု တိုက်တွန်းပါတော့သည်။

ထို့နောက် ဦးသာမိန စလင်းမြို့သို့ ပြန်ကြွ၍ စာမူပေထုပ်ပိုင် ဆရာတော် စလင်းမြို့၊ လက်ပန်ပင်တိုက်။ ရတနာမဥ္ဇူကျောင်း၊ ဘုန်းတော်ကြီး ဦးကုမာရ ကလည်း သာသနာတော်အတွက် ရက်ရောကြည်ဖြူစွာပေးငှား၍ စာရွက်ပေါ် တွင် ကူးရေးပြီးနောက် ပဋိဝိသောဓက ဆရာတော်များဖွဲ့ စိစစ်တည်းဖြတ်၍ စက်တင်ပုံနှိပ်ရန် မကြိုးစားတော့ဘဲ ချောင်ထိုးထားခဲ့သည်မှာ ကာလအချိန် အတန်ပင် လင့်ခဲ့ပါတော့သည်၊ ပေမူစာမှ လက်ရေးမူ ကူးရေးပြီးနောက် ပေထုပ်ပိုင် ဆရာတော်ထံ ပြန်လည်အပ်နှံရန် အသွားခရီးအကြား၌ အလယ်ပေ ထုပ် ပျောက်ဆုံးခဲ့ရပေသည် ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးလှမောင် အနားယူသွား၍ ဝဏ္ဏကျော်ထင် ဦးချစ်ဘင် တာဝန်ယူဆောင်ရွက်သော ကာလမှာလည်း ကူးရေးပြီး လက်ရေးမူ(၂၆)အုပ်သည် စာအုပ်စင်တွင်ဖုံသဲ ဖုံးလျက် ပါရမီမပြည့်သေး၍ နားနေလျက်သာ ဖြစ်ခဲ့ပြီး သာသနာရေး-

ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ဦးကြည်ညွန့်ဆောင်ရွက်သောအခါ ရောက်မှပင် စက်တင်ပုံနှိပ်ရန် အကြောင်းပါရမီရင့်သန်ခဲ့ပါလေသတည်း။

## ၁၆။ သာသနာရေးဦးစီးဌာန၏ လျှောက်ထားချက်

စလင်းဆရာတော်ဦးပဏ္ဍိစ္စ၏ "စလင်းဝိနည်းဂဏ္ဌိသစ်" ကျမ်းသည် ဝိနယပါရဂူ ဖြစ်မြောက်လိုသူတို့၏ လိုအပ်ချက်ကို ပြည့်စုံစွာဖြည့်စွက်နိုင်ရန် အထူးထူးသော နည်းနာနယတို့ဖြင့် ဝိနိစ္ဆယချမှတ်ဆုံးဖြတ်ရေးသားထားသော ကျမ်းဖြစ်၍ သာသနာတော်အတွက် အလွန်ကျေးဇူးများအံ့သော ကျမ်းမြတ်တစ်ဆူဖြစ်ခြင်းကို ရိပ်စားမိသော ဦးကြည်ညွန့်သည် သဒ္ဓါနိတိနိဿယကျမ်းများကို ပဋိဝိသောဓက ပြုပြီး၍ (၄)အုပ်(၂)တွဲရိုက်နှိပ်ပြီး (၅)အုပ်မြောက် သုတ္တမာလာနိဿယ ပထမတွဲရိုက်နှိပ်ဆဲတွင် ခေတ္တအားဖြင့် ပဋိဝိသောဓက ကိစ္စများ ရပ်စဲနေသော မန္တလေးမြို့၊ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ပတ္တမြားကျောင်း၊ ပဋိဝိသောဓကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသနှင့် အဖွဲ့ဝင်ဆရာတော်တို့ထံသို့ "စလင်းဝိနည်းဂဏ္ဌိသစ်ကျမ်း"ကို မူသန့်မူကောင်းတစ်ဆူဖြစ်ရေး တည်းဖြတ် ဆောင်ရွက်ပေးပါရန် (၂၁၊၃၊၇၉။) နေ့တွင် အောက်ပါအတိုင်း လျှောက်ထားအပ်နှံခဲ့ပေသတည်း။

**ဆက်ကပ်ပါသည်**

ဆရာတော်ဦးဥက္ကံသ၊ ပတ္တမြားတိုက်ကျောင်း
မြင်းဝန်တိုက်၊ တောင်ပြင်၊ မန္တလေး။

**အကြောင်းအရာ။** ။စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ ဝိနည်းငါးကျမ်း ဂဏ္ဌိကျမ်းကို တည်းဖြတ်ဖြင်ဆင် ပြုပြင်ခြင်း ပဋိဝိသောဓက လုပ်ငန်းကို ပြုလုပ်ပေးတော်မူပါရန် လျှောက်ထားခြင်း။

**ရှိသေစွာလျှောက်ထားပါသည်ဘုရား။**

(၁) မင်းတုံးမင်းဟာရားကြီး လက်ထက်က ''လုံပန်လင်းပန် ဤနှစ်ပန် ဘယ်ပန်သာ၍ တတ်သနည်း'' ဟူသော မေးခွန်းဖြင့် ထင်ရှား ကျော်စောတော်မူခဲ့သော စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ ဝိနည်း ငါးကျမ်း ဂဏ္ဌိကျမ်းကို ဝိနည်းမိုရ်ပုဂ္ဂိုလ် စာချပုဂ္ဂိုလ်များနှင့် ဝိနည်း ခက်ရာခက်ဆစ်များကို သိလိုသူများအတွက် ရည်သန်သောအားဖြင့် သာသနာရေးဦးစီးဌာနမှ စာအုပ်အဖြစ်ရိုက်နှိပ်ရန် ပေမူမှလက်ရေးမူ အဖြစ်သို့ ရေးကူးထားခဲ့ပြီးဖြစ်ပါသည်ဘုရား။

(၂) မူလကျမ်းပြု ဆရာတော်၏ မူရင်းကျမ်းစာအဖြစ်သို့ ရောက်အောင် တည်းဖြတ်ပြင်ဆင်တော်မူပြီးလျှင် လက်ရှိပါဠိ အဋ္ဌကထာ ဋီကာများ နှင့် ကွဲလွဲချက်များ တွေ့ရှိလျှင်သော်လည်းကောင်း မကိုက်မနှစ်သက် သော ဝိနည်းဆုံးဖြတ်ချက်စသည်များ တွေ့ရှိလျှင်သော်လည်းကောင်း နိဿယကျမ်းများ တည်းဖြတ် ပြုပြင်စဉ်က ပါဝင်သော စည်းကမ်း (၁၀)ချက်နှင့်အညီတည်းဖြတ်ပြင် ဆင်ပေးတော်မူပါရန်နှင့် ဆရာတော် ဘုရား၏ ပဋိဝိသောဓကအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူမည့် ဆရာ တော်များ၏ ဘွဲ့တော်များကိုလည်း ပဋိဝိသောဓကဌာနနှင့် ညွှန်ကြား ရေးမှူးချုပ်ထံသို့ ပေးပို့တော်မူပါရန် ရှိသေစွာလျှောက်ထားပါသည် ဘုရား။

(၃) ဆရာတော်များထံမှ ပြန်စာကို ရရှိသောအခါ တပည့်တော်များထံမှ ဝိနည်းငါးကျမ်းဂဏ္ဌိကျမ်း လက်ရေးမူများကို လာရောက်ဆက်ကပ် ပါမည်ဘုရား။

ဦးကြည်ညွန့်
ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန။

ဖော်ပြပါ လျှောက်ထားချက်အရ ပတ္တမြားဆရာတော် အမှူးပြုသော မန္တလေးမြို့၊ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ပတ္တမြားကျောင်း၌ တည်ရှိသော ပဋိဝိသောဓကအဖွဲ့ ဆရာတော်များသည် သာသနာတော်၏အကျိုး သယ်ပိုးရွက်ဆောင်ရန် မိမိ ဂုဏ်နှင့် ထိုက်တန်သဖြင့် ရောက်ရှိလာသော ပိဋကတ်စာပေ ကာဝန်ကို ကြည်ရွှင်စွာ လက်ခံတော်မူခဲ့ကြပါသည်။

## ၁၇။ တည်းဖြတ်ပြင်ဆင် စက်တင်ပုံနှိပ်

ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်တို့သည် သဒ္ဒနီတိနိဿယကျမ်းကြီး တည်းဖြတ် ပြင်ဆင်စဉ်က ချမှတ်ခဲ့သော စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်တည်းဖြတ်ခြင်း အကိုးသာဓကကျမ်းစာများကို အမျိုးမျိုးသောကျမ်းဂန်ဘို့မှ ရှာဖွေ၍ ညွှန်းဆိုခြင်း၊ ကာဗိုဒ်များကို သင့်လျော်အောင် ခွဲခြားခြင်း၊ အမျိုးမျိုးသောကျမ်းဂန်များနှင့် တိုက်ဆိုင်ညှိနှိုင်း၍ ပြင်ဆင်ခြင်း၊ မိမိတို့ သဘောဉာဏ် သက်ဝင်သော အယူအဆများနှင့် ဝါဒကွဲများကို အောက်ခြေမှတ်ချက် ထည့်သွင်းရေးသားခြင်း၊ ပေမူမှ လက်ရေးမူသို့ ကူးရေးရာတွင် မတူညီသောနည်းစနစ်ကြောင့် လွဲမှားတတ်သော အက္ခရာတို့ကို ပြင်ဆင်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်တော်မူနေကြစဉ် မရှောင်လွှဲနိုင်သော သင်္ခါရသဘောတရားနှင့်အညီ အရပ်တပါးသို့ ပြောင်းရွှေ့သွားသော ဆရာတော်၊ အနားယူသွားသော ဆရာတော်၊ ပျံလွန်တော်မူသွားသော ဆရာတော်များ ဖြစ်ပေါ်ကြုံကြိုက်ခဲ့ရပါသည်။ လျှော့ချက်ချည်းကျန်သော်မှ အလံမလဲ ခိုင်မြဲသော စိတ်ဓာတ်ဖြင့် ဆက်လက် ဆောင်ရွက်ခဲ့ကြရာ ပြီးပြီးအောင်မြင်သဖြင့် စက်တင်ပုံနှိပ်နိုင်သော အခြေအနေသို့ ရောက်ရှိခဲ့ပါတော့သည်။

သာသနာတော်အသက် ရှည်ကြာစွာဆက်ဆံနိုင်ရေးအတွက် အရေးပါလှသော ကျမ်းကြီးကို ရိုက်နှိပ်သောအခါမှာလည်း "ဆယ်ဖြာသောပါရမီပြည့်စုံပြီး ဖြစ်ပါလျက် အပိုဆပ်ဆင့်၍ ဝေဿန္တရာမင်း ဖြစ်ခဲ့ရသည့်ပမာ" အချိန်နှောင်းဖင့် ကာလသင့်ခဲ့ရပြန်ပါသေးသည်။

ယခုအခါ၌ကား အားလုံးအကြောင်း ညီညွတ်စွာ ပေါင်းမိသဖြင့် စက်တင် ပုံနှိပ်ဖြန့်ချိနိုင်သော အခါသို့ ရောက်ခဲ့ပါပြီ။ ကမ္ဘာဦးက နေလပမာ တောင့်တချသို့ မျှော်လင့် စောင့်စားခဲ့ကြရသော ဤ ကျမ်းစာအုပ်ကြီးသည် နေလအသွင် ပေါ်ထင်လာပြီဖြစ်၍ စာချ စာသင် စာမေးပွဲဝင်မည့် ထေရ်အရှင်တို့သည်လည်းကောင်း၊ ဝိနည်းကျမ်း၏ အနှစ်သာရကို သိကျွမ်းလိုသော ထေရ်အရှင်တို့သည်လည်းကောင်း လေ့လာရှုကြည့်၍ သာသနာအသက် ရှည်ကြာစွာ ဆက်နိုင်အောင် အားတက်နိုင်ကြပါစေသော်။

## ၁၈။ ကျွမ်းပြူဆရာတော်၏ မဟာနိဂုံး

ဇေတ္တာဝတာ ၈။ ။စလင်းဋ္ဌတိ မဟာနဂရဿ၊ ဒက္ခိဏသ္မိံ ဒိသာဘာဂေ သကလဇမ္ဗုဒီပိဿရေန ဓမ္မာသောကနာမကေန နရိန္ဒေန ကာရာပိတေန ရွှေပုထိုးဋ္ဌတျာဝှယေန တေနေဝ ဓမ္မရာဇေန သုပတိဋ္ဌိတာနံ စတုရာသီတိ သဟဿာနံ စေတိယာနံ အဗ္ဘန္တာဂမေန သုဂဏ္ဏမုဋ္ဌာတိနာမကေန မဟာစေတိယေန စေဝအညေဟိ စ ဗဟူဟိ စေတိယေဟိ ဗဟူဟိ ဝိဟာရေဟိ စ ဗဟူဟိ ဒေဝတ္တဝတ္ထုဟိ ဗဟူဟိ နာဠိကေရရုက္ခာဒီဟိ စ ဗဟူဟိ ဥဒကကူပေဟိ စ ဟံသကောဋ္ဌာသကုဏေဟိ စ သမ္ပရိကိဏ္ဏေန နီလုပ္ပလာဒီနံ ဇာတဋ္ဌာနေန တာဝတိံသဒေဝပုရေ နန္ဒာပေါက္ခရဏီသဒိသေန မဟာတဠာကေန စ အတိဝိယ တာဝတိံသနဂရံ ဝိယ သောဘိတေ ဗဟူဟိ ပဗ္ဗတေဟိ ရာဇဂဟနဂရံဝိယ သမန္တတော ပရိက္ခိတ္တေ မနောရမ္မေ ဘိက္ခူနံ သာမဏေရာနဉ္စ ကာသာဝပဇ္ဇောတေန ဇလန္တေ ဗဟုဿုတာနံ သီလဝန္တာနံ ပေသလာနံ ဘိက္ခူနံ နိရန္တရံ ပတ္တဋ္ဌာနဘူတေ ပုတ္တဘူတဿ အမှာကံ ဗောဓိသတ္တဿ မဟိံသရာဇဝရဿ အတိဝိယ တိက္ခေန သိင်္ဂေန မမ ပုတ္တောတိ စိတ္တမတ္တမ္ပိ အဇနေတွာ ကာရုညံ အကတွာ အတ္တနော မာရဏတ္ထာယ ကတဝါယာမဿ ပိတုဘူတဿ ဒုဋ္ဌဿ ဒေဝဒတ္တမဟိံသဿ ဃဋ္ဋနေန သိင်္ဂဖုသာနဋ္ဌာနဘာဝကာရဏေန "ကျဲထိ"ဋ္ဌတျာချာတေ အပရာဇိတပလ္လင်္ကာဒိသံတံ ဇိနဋ္ဌာနဘူတေ မဟာဂါမေ ဇာတဿ အမှာကံ မာတာပိတုဘူတဿ ဗဟုဿုတဿ ပေသလဿ အတိဝိယ သန္တိန္ဒြိယဿ သတ္တဂဏပါမောက္ခဿ ဂဏ္ဌဟာလေ စန္ဒော ဝိယ ဇမ္ဗုဒီပံ အဇ္ဈောတ္ထရိတွာ ယာဝ သီဟဠဒီပါ ပါကဋဿ နဒိဝက် နဂရာစရိယဿ ပုတ္တဘူတေန အန္တေဝါသိကဘူတေန စ သဗ္ဗညုတနပုဏ္ဏဋ္ဌာနိယတ္တာ ရတနာပုဏ္ဏနာမိကာယ စ မန္တလေးပဗ္ဗတာချာတံ ပဗ္ဗတံ နိဿာယ မာပိတတ္တာ မန္တလေးဋ္ဌတိ နာမိကာယ စ မဟာရာဇဋ္ဌာနိယာ [illegible] ကိတ္တိသဒ္ဒဿ ဝိနယဓရဿ သာဋ္ဌကထေ တေပိဋကေ ပါရဂူတဿ "မေဓာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု"တိ လဒ္ဓလဉ္ဆဿ နဂရာစရိယဿ ၊ စပ, သုဒဿနဓဇ အတုလာဓိပတိ သိရိ[illegible]ဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တိ လဒ္ဓလဉ္ဆဿ မဟာဇောတိကာရာမ မဟာဝိဟာရစရိယဿ စ သိဿဘူတေန စေဝ အန္တေဝါသိကဘူတေန [illegible] စန်းကူနဂရ[illegible] ပုဒ္ဓ[illegible]ဂေ သုမာပိတေ ကန်ဦးဋ္ဌတျာဘိဓာနေ ဝိဟာရေ အဇ္ဈာဝသန္တေန ပဋိမကတ္တိကပုဏ္ဏမဒိဝသေ အဒ္ဓရတ္တသမယေ ရာဟုအသုရိန္ဒအဗ္ဘမဟိကာရဇမှုမေဃဟိ [illegible] နဘော စန္ဒော ဝိယ [illegible] ဇောတန္တံ ပုန္နပုန္နံ ပဋ္ဌယန္တေန ၁ ဗ္ဗာဟိ အန္တရာယေဟိ [illegible]တိ တီဏိ ပိဋကာနိ ဝိသောဓေတုကာမေန အနမတဂ္ဂေ သံသာရေ ယေဘုယျေန

နိရုတ္တကဘာဝေန ဝိနယနသဘာဝဿ ဇီဝိတဿ ဣမသ္မိံ ဘဝေသာတ္ထကဘာ-ဝေန ဝိနာသံ ဣစ္ဆန္တေန ဘိက္ခုဝါ ဂဏနသော တေ ပဉ္စတ္တာလီသဝဿိကေန ပဏ္ဍိစ္စနာမကေန ထေရေန ကပ္ပသတဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ ပါရမိယောတိန္တေန ပူရေန္တေန သဗ္ဗညုဗုဒ္ဓေန ဌပိတဿ သာသနဿ စိရဋ္ဌိတိယာ "သမ္မာကိစ္စတောအညကိစ္စာနိ အဇ္ဈုပေက္ခိတွာ ပဋ္ဌိံကတွာ" ဇီဝိတဿ နာမ မာနဿတူတိ အာသီသိတဿာပိ နဿ နကာလေ သမ္ပတ္တေ ကမ္မာနုရူပေနနဿာ-နသဘာဝတော အတ္တနော ဇီဝိတံ တိကာ ယပိ အမညိတွာ မမ သီသာဗာဓံ မမ ဥဒရာဗာဓန္တိ အာဒိနာ ကိဉ္စိ ရောဂံ အန ပဒိသိတွာ ဗလဝုဿာဟံ ဇနေတွာ တီ-ဟိ ပိဋကေဟိ ဧဝ ဗဟူဟိ ပါဠိ အဋ္ဌကထာဋီကာဒီဟိ အညဂန္ထေဟိ စ ဗဟူဟိ သဒ္ဒသတ္ထေဟိ စ သံသန္ဒိတွာ ဒိဋ္ဌတ္တံ ဝဋ္ဋဂါမဏိရာဇကာလေ ပေါတ္ထကာရုဠ္ဟဿ စတုတ္ထသံဂါယနာ စ သဒိသဘာဝတော တံ ဥပါဒါယ ပဉ္စမသံဂါယနာသဒိသံ ဝိသေသာမေတွာ ရစိတာ ပါရာဇိကကဏ္ဍဒီပနီ နိဋ္ဌိတာ။

အယဉ္စ မန္တလေးနာမိကာယ ရတနာပုဏ္ဏနာမိကာယ စ မဟာရာဇဋ္ဌာနီယံ ဒက္ခိဏသ္မိံ ဒိသာဘာဂေ မဟာမြတ်မုနိနာမကဿ မဟာဗိမ္ဗဿ ဤသံနိဿိတ-ပစ္ဆိမသ္မိံ ဒိသာဘာဂေ နဝဘောဇကဋ္ဌာနိယေန အန္တောမစ္စေန ကာရိတေ မဟာသောဘိဋ္ဌကာဝါသေ မဟာဇေဋ္ဌဘူမျာဝါသံ အဇ္ဈာဝသန္တဿ အနမတဂ္ဂေ နိရုတ္တကဘာဝေန ဝိနယနသဘာဝဿ ဇီဝိတဿ ဣမသ္မိံ ဘဝေ သာတ္ထကဘာ-ဝေန ဝိနာသံ ဣစ္ဆန္တဿ သီလဝန္တဿ ပညာပါရမိယော ဝိသေသေန ပူရေန္တဿ တိပိဋကံ သာသနံ အနုရက္ခန္တဿ "အဂ္ဂဝံသာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယော" တိ လဒ္ဓလဉ္ဆဿ တိက္ခဇဝနဂမ္ဘီရပညဿ အန္တေဝါသိကဘူတဿ ထေရဿ ဝိသောဓာပေတွာ သတ္တတာဓိကေ ဒွိသတေကသဟဿ သက္ကရာဇေ ဖဂ္ဂုနမာသဿ ဇုဏှပက္ခေ ဒွါဒသမေ ပေါတ္ထကံ အာရောပါပေတဗ္ဗာတိ။

## ၁၉။ ဆရာထေရ်စဉ်ကာဆက် ဘဝင်္ဂသို့လျှံ

စလင်းဝိနည်းဂဏ္ဌိသစ် ကျမ်းပြုဆရာတော်၏ ကျေးဇူးရှင်ဆရာ ထေရ်သခင် အရှင်မြတ်တို့သည်ကား“ငါတို့ဆရာဖြစ်တော်မူသော နေတစ်ဆူ လတစ်ဆူ ဝိနယပါရဂူ ဖြစ်တော်မူ၍ ဇမ္ဗူကျွန်းခွင် မြေပြင်မဆန့် ပျံ့နှံ့သိန်းဆိုင် ထုတ်ခြင်း လျှံအောင် ဂုဏ်ရောင်သတင်း ကျော်စောခြင်းရှိတော်မူသော မြစ်ကြေ့မြို့ ခုနစ်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည်” (မဟာဝါဂဏ္ဌိ၊ ကထိနက္ခန္ဓက) ဟု ဆရာတော်ဦးပဏ္ဍိစ္စက ငယ်ဆရာ မြစ်ကြေ့ခုနစ်ဂိုဏ်းချုပ် (သဒ္ဒါလင်္ကာရ ကျမ်းပြု) ဆရာတော်ကြီးအား ထောမနာပြုချက်ကိုလည်းကောင်း ဝိသုဒ္ဓိမဂ်-နိဿယသစ် စသည်ကို စီရင်တော်မူသော ပြည်ဆရာတော်ဘုရားကြီးသည် ငါတို့ကို စာဝါနှင့် ရှင်သာမဏေအဖြစ်ဖြင့် ပုဒ်စစ်သင်စဉ်အခါက -မိန့်တော်မူ အပ်သတည်း။” (၁၉-နှာ)။ “စံကျောင်းဆရာတော်ဘုရားကြီးထံ စာသင် ရောက်စအခါ အနာဒရအနက်ပေးပုံကို မေးမြန်းတော်မူသည်နှင့် ပြည်ဆရာ တော်ဘုရားကြီး အနက်ပေးပုံကို လျှောက်ထားရာ’ (၆၁-နှာ) ဟု ဆရာတော် ဦးပဏ္ဍိစ္စက ပြည်ဆရာတော်ဘုရားကြီးဦးမေဓာ အား ထောမနာပြုချက်ကို လည်းကောင်း “မန္တလေးမြို့ ရတနာပုံ မြို့တည် နန်းတည် မင်းတရားကြီး တည်ထောင်ဖန်ဆင်းအပ်သော ရတနာဘုံစံ အမည်ရှိသော မင်္ဂလာစံကျောင်း တော်၌ သီတင်းသုံးနေတော်မူသော ငါတို့ဆရာဖြစ်တော်မူသော နေတစ်ဆူ လတစ်ဆူ ဝိနယပါရဂူ ဖြစ်တော်မူ၍ ဇမ္ဗူကျွန်းခွင် မြေပြင်မဆန့် ပျံ့နှံ့သိန်းဆိုင် ထုတ်ခြင်းလျှံအောင် ဂုဏ်ရောင်သတင်း ကျော်စောခြင်း ရှိတော်မူသော စံကျောင်းဆရာတော်ဘုရားကြီးသည်” (မဟာဝါဂဏ္ဌိ၊ ကထိနက္ခန္ဓက) ဟု ဆရာ တော် ဦးပဏ္ဍိစ္စက စံကျောင်းဆရာတော်ဘုရားကြီးဦးသုဒဿန-အား ထောမနာ ပြုချက်ကိုလည်းကောင်း ငါတို့ကျေးဇူးရှင် ထိပ်ခေါင်တင် ဖြစ်တော်မူသော ရွှေဘုံရှင်ဘုရင် ရတနာပုံမြို့တည်ရှင်ဘုရင်မင်းတို့ လက်ထက် သံဃာရာ သံဃာ-ရာဇာဖြစ်တော်မူသော သာသနာပိုင် ဆရာတော်ဘုရားကြီးသည် နှစ်သိန်းလေး သောင်း ခတ်အပေါင်းအထုရှိသော မဟာပဋ္ဌာန် ဤပြည်ကြီး၏ပျားလဘို့ပမာ အရသာရှိသော မြေသီးဩဇာ အရသာကို ခွါလှစ်ယူငင်၍ သူခပ်သိမ်းတို့အား ဝေငှတိုက်ကျွေးပေးကမ်းဘိ၏ သို့တပည့်သားအပေါင်းတို့အား သင်ကြား ညွှန်ပြဝေငှဆုမ္မတော်မူသတည်း” (မဟာ-ဝါဂဏ္ဌိ၊ ကထိနက္ခန္ဓက) ဟု စံကျောင်း ဆရာတော်ဦးသုဒဿန-က သာသနာပိုင် ဦးနေ ယျအား ထောမနာပြုချက်ကို လည်းကောင်း ဤကျမ်း၌ပင် ပြဆိုရေးသားထားသဖြင့် စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ ဆရာစဉ်ဆက်တို့ကား အစဉ်အတိုင်း မြစ်ကြေ့ခုနစ်ဂိုဏ်းချုပ်ဆရာ တော်, ပြည်ဆရာ-တော်, စံကျောင်းဆရာတော်တို့ ဖြစ်ကြောင်း ရာဇဝင် သာသနာဝင်ထဲမှာ မဖွေလှစ်ဘဲ ဤကျမ်းစာအတွင်း၌ပင် လယ်ပြင်ဆင်သွား

ထင်ရှားလှပါသည်။ ထို့ပြင် ထိုဆရာတော် ထေရ်အရှင်တို့၏ ထေရုပ္ပတ် အကြောင်း ထည့်သွင်း ရေးသားရန်မှာလည်း "တောင်ထိပ်မီးတင်၊ နေလ သွင်သို့" လွန်စွာပင် ထင်ရှားကျော်ကြားသော ဆရာတော်ဘုရားကြီးများ ဖြစ်တော်မူကြသဖြင့် မလိုအပ်တော့ပြီ။ သို့ဖြစ်၍ "ဆရာထေရ် စဉ်ကာဆက် ဘာဝက်သို့လျှံ"ဟုသာ ဆိုထိုက်ပါလေသည်တကား။

## ၂၀။ ဝေဖန်မှုနှင့် ပန်ကြားချက်

ဤသို့လျှင် ကျမ်းပြုအကျော် မထေရ်မော် ဖြစ်တော်မူကြကုန်သော မြစ်ကွေ့မြို့ ခုနစ်ဂိုဏ်းချုပ်ဆရာတော်, ပြည်ဆရာတော်, စံကျောင်းဆရာတော် တို့၏ အထံ၌ရှေးကောင်းမှုကုသိုလ်ကံ ဖန်လာသောဘာဝ အကျိုးပေးကောင်း သဖြင့် ပညာရင့်နို့သောက်စို့ခွင့်ကြုံသဖြင့် ပိဋကတ္တယပါရဂူဆရာတစ်ဆူ ဖြစ်နိုင် အောင် တတ်ကျွမ်းပြီးနောက် "မမသိသာဗာဓံ မမဥဒရဗာဓန္တိ ကိဋ္ဌိရောဂံ အနုပဒိသိတွာ" ဟူသော ခံယူချက်အတိုင်း ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ "သမဏကိစ္စတော အညကိစ္စာနိ အဗ္ဗုပေက္ခိတွာ ပိဋ္ဌကတွာ "ဟူသော မှုအတိုင်း ကျင့်သုံးနေထိုင်ပြီး သာသနာတော်အတွက် အကျိုးများသည်ထက် များစေကြောင်း ရည်သန်ချက်ဖြင့်"စာပေကျမ်းဂန်ပို့ချခြင်း, ရေးသားခြင်း" ကိစ္စကိုသာ အသက်ထက်ဆုံး ဆောင်ရွက်သဖြင့် "အကြီးဆုံးတပည့် လယ်တီ ဆရာတော်, တောင်ခွင်သာသနာပိုင် ဆရာတော်တို့မှသည် အငယ်ဆုံး တပည့် ဦးအဂ္ဂဝံသာဘိဝံသ (သကျသီဟ ဓမ္မာစရိယ) တိုင်အောင် "မျိုးစေ့ ကောင်း၍ သီးနှံကောင်းသို့" ပေါ်ထွန်းခဲ့သည့်ကား စဉ်ကာ ရေတွက် မှန်းဆ ချက် စာရင်းမတင်သွင်းနိုင်အောင် များပြားခဲ့ပေသည်။

စလင်းဆရာတော် ဦးပဏ္ဍိစ္စသည် ဓာတုကထာ, မူလဋီကာ, ဂဏ္ဌိ, ကစ္စာ- ယနဒီပနီ, ဝိဝိဓဝိနိစ္ဆယ, ဒါနက္ကမဒီပနီ စသော များစွာသော ကျမ်းစာ တို့ကို ရေးသားခဲ့သည်ကား တစ်အုပ်စီသာဖြစ်၍ မကြာမြင့်သောကာလအတွင်း ပြီးစီးနိုင်ပါ၏၊ ကျမ်းပြုဆရာတော်တစ်ပါး အဖြစ်ဖြင့်ကား ချီးမွမ်းသင့်ပါ၏။ သို့သော် လွန်စွာလွန်စွာချီးမွမ်းရန်ကား မသင့်သေး။ ဤဝိနည်းအဋ္ဌကထာ ကျမ်းကြီး ၅-ကျမ်း(၄-တွဲ)၏ ဂဏ္ဌိကျမ်းကြီးကို နိဂုမ်း ကမ္ပတ် ပြီးစီးအောင် ရေးသား ပြုစုခဲ့ခြင်းသည်ကား လွန်စွာလွန်စွာ ချီးမွမ်းဖွယ် ဖြစ်ပေသည်။ ဤကဲ့သို့ ကြီးကျယ်သော ကျမ်းတွဲကြီးတစ်ဆူ ရေးသားပြုစုရန်မှာ "စာပေ ပညာ တတ်ကျွမ်းမှု, လွန်ကဲသောဆန္ဒရှိမှု ပြင်းထန်သောဝီရိယရှိမှု" တို့ဖြင့်သာ ပြီးနိုင်သည်မဟုတ်၊ "ကျန်းမာရေး ကောင်းမွန်ပြည့်စုံခြင်း, လောကီ လော- ကုတ္တရာနှင့် အခြားအထွေထွေဗဟုသုတ ပြည့်စုံအောင် ဆည်းပူးပြီးဖြစ်ခြင်း

လုံလောက်သောကာလ အတိုင်းအတာအထိ အသက်ရှည်ခြင်း၊ နိဿယဓမ္မ ပတ်၏ ပရိကမ်ပမာ ဗာဟိရကိစ္စများ မနှောင့်ယှက်ခြင်း” စသော အကြောင်း များကိုပါ ထည့်သွင်း စဉ်းစားလိုက်လျှင် ကြံစည်ရန်ပင် မဝံ့စကောင်းသော အရာ” ဖြစ်နေခြင်းကို (ဝါ) “မစတင်မီကပင် လက်လျှော့ချင်သောအရာ” ဖြစ်နေခြင်းကို ထေရ်အရှင်တို့ သတိဝင်မိကြပါလိမ့်မည်။ မောင်းထောင် ဆရာတော်၏ တစ်ပိုင်းတစ်စ ဝိနယဂဏ္ဌိအဆက်ကို ငယ်ရွယ်ဉာဏ်ထက် ဝီရိယတက် သော ဦးသုတအား ဆက်လက်ရေးသားပါရန် ဆရာတော်ကြီးတို့၏ တိုက်တွန်း ချက်ကြောင့် ကြိုးပမ်းပါသော်လည်း လေနာရောဂါ နှိပ်စက်သဖြင့် “မရှည် အသက် ကျမ်းဆက်မပြီး” အနစ်နာကြီး နစ်နာခဲ့သည်မှာ အထူးလျှောက်ထား ရန် မရှိပြီ။ ထိုသို့လျှင် တစ်ပိုင်းတစ်စသာ ပြီးသော ဝိနည်းဂဏ္ဌိသစ်ကိုပင် သာသနာတော်တစ်ရပ်လုံး မှီခိုအားထား သုံးစွဲ နေကြရသည်မှာလည်း ထေရ် အရှင်တို့လက်တွေ့ပင်။ သို့ဖြစ်၍ “ခက်ခဲလှ ကျယ်ကြီးမားသော နက်နဲလျက် ကျယ်ပြန့်သော” ဝိနည်းဂဏ္ဌိကျမ်းကြီးတစ်ဆူ အစအဆုံး နိဂုံးတိုင်ရေးသားပြုစု စွမ်းနိုင်သော ဆရာတော်အားလည်းကောင်း, ကျမ်းကြီးအား လည်းကောင်း ချီးမွမ်းဖွယ်စကားရပ်ကို ရှာဖွေတင်ဆက်ရန်ပင် မတတ်ကောင်းရာပြီတည်း။ ချီးမွမ်းရန် ဝေါဟာရစကား ရှာဖွေကာ တင်စားခဲ့လျှင်လည်း “လူမိုက်ချီးမွမ်း ဂုဏ်နာသွမ်း” သော်လည်းကောင်း ဂုဏ်ကားမတက်, ဂုဏ်သာပျက်” သော် လည်းကောင်း ဖြစ်အံ့စိုးသောကြောင့် မရေးသွင်းပါတော့ပြီ။

ဤသို့လျှင် ဆရာတော်၏ သူမတူသော ကြိုးပမ်းချက်ကြောင့် ပေါ်ထွက် လာသော ဝိနည်းဂဏ္ဌိကျမ်းကြီးသည် (မဟာဝါ ဂဏ္ဌိပိုင်းမှတပါး) စက်တင် ပုံနှိပ်ထုတ်ဝေသော အခြေအနေသို့တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့၊ ပေမူဖြင့်သာ အနည်းငယ်သော အရေအတွက်ဖြင့် မူပွားရေးသားထားခြင်းများ ရှိခဲ့သဖြင့် နဲပါးသော အရေအတွက်ရှိသည့် ထေရ်အရှင်တို့သာ လေ့လာကြည့်ရှု အားကိုးရမှု အခွင့်အရေး ရရှိခဲ့ကြပေသည်၊ များပြားစွာသော ထေရ်အရှင်တို့အတွက်ကား “အနဿပြည်တန် ပတ္တမြားမှန်လျက် အသူတရာချောက်နက် နစ်မြုပ်လျက်သာ” ဖြစ်ခဲ့ရသည်မှာ များစွာဝမ်းနည်းဖွယ် တစ်ရပ်ဖြစ်ပေသည်။ “ဖိုးထိုက်ပြည်တန် ပတ္တမြားမှန်လျှင် များသူရှင်နှင့် ထိုက်တန်ရိုးလား” ဟု ပြောကြားခဲ့လျှင်တော့ ချေပရန် မရှိပါလေ ထို့ပြင်........ ကျမ်းစာသာ နစ်မြုပ် ငုပ်လျှိုးနေသည် မဟုတ်သေးဘဲ ကျမ်းပြုဆရာတော်၏ ထေရုပ္ပတ်သည်လည်း “ရာဇဌာနီ မင်း နေပြည်မှာ ဂုဏ်ဘင့်လောက်သောအရွယ်မှာ သီတင်းသုံးခဲ့သည် မဟုတ်ခြင်း, အမတ်တစ်သင်း သင်းကွဲခြင်းကြောင့် ပြည်တွင်းရေး ရှုပ်နေသော ကာလ လောက်မှာ ပညာရည်ပြည့်ဝခဲ့ခြင်း, ခေတ်ကာလအလိုက် ဆက်ကပ် ထိုက်သော ရာဇဂုရုဘွဲ့တံဆိပ်တော် သုံးမျိုးတို့တွင် တစ်မျိုးမျှပင်အလှူမခံခဲ့ရခြင်း, အင်္ဂလိပ်

အစိုးရလက်ထက် ရှေ့ပိုင်းတွင် တိုင်းရေးပြည်ရေး ငြိမ်သက်အောင်သာ ရှက် ဆောင်နေရသဖြင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်မှုမရှိခြင်း တည်ငြိမ်အခြေကျသော အခါမှာလည်း ရွှေမြို့တော်နေ မဟာထေရ်တို့ကိုသာဦးစားပေးသုံးသပ်ဆက်ကပ် နေရခြင်းကြောင့်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူမခံခဲ့ရခြင်း ဆရာတော် ကိုယ်တိုင်ကလည်း ရေးသားပြုစုသော ကျမ်းဂန်တို့၏ နိဒါန်းမှာ ဖြစ်စေ နိဂုံးမှာဖြစ်စေ ထည့်သွင်းရေးသားမှုမရှိခြင်း" စသော အကြောင်းတို့ကြောင့် လွန်စွာပင် ခက်ခဲလှပါသည်။ ထို့ကြောင့် အညတြထေရ်ရှင်တစ်ဦး ရေးသား သော ကဗျာတိုကလေးတစ်ပုဒ်ထည့်သွင်း ရေးလိုက်ပါအံ့—

ကာလယုတ်ရက်၊ ပညာတက်၍၊ နန်းထက်တော်ဝင်၊ ပွဲမယင်သဖြင့်—
မွေးပျံ့လှိုင်ကြူ၊ ပန်းမဥ္စူသို့၊ ရှင်လူနှစ်ခိုက်၊ မကိုဋ်သရဖူ၊ မဖြစ်ခဲ့မူရှိစေ—

နန်းထိုက်တော်ဝင်၊ ပန်းသင်္ဇမျှ၊ ထိပ်တင်ပန်ခြင်း၊ မကြုံလျှင်းသဖြင့်—
ရာဇဒိန္န၊ လဉ္စတံဆိပ်၊ ခတ်နှိပ်ဆင့်ဆင့်၊ ပွဲမတင့်ခဲ့ရခြင်းသည်ကား—

တောမှ ဇာတ်ကြောင်း၊ တောတွင်ပေါင်းသို့၊ တောမှာပွင့်ပန်း၊ တောမှာ နွမ်းသို့၊ တောပန်းပမာ၊ တော၌သာလျှင်၊ ကြွေခဲ့ရရှာသော—

စလင်းမွေးဖွား၊ စလင်းသား၏၊ ခန့်ငြားထူးပွတ်၊ ယွင်း သွေ့လပ်သည်—
ပတ္တမြားစစ်၊ ညွန့်တွင်းနစ်သို့၊ ဆိုးညစ်အကြောင်း တစ်ရပ်ပါတကား။

ဤသို့လျှင် သာသနာရေးဦးစီးဌာန၏ စီစဉ်မှု၊ ပေမူပိုင်ရှင် စလင်းမြို့ လက်ပံပင်တိုက် ရတနာမဥ္စူကျောင်း ဆရာတော် ဦးကုမာရ၏ စေတနာ ကြီးမားမှု၊ ဦးသာဓိန ပေတောကျောင်း ဒက္ခိဏာရာမတိုက် (စလင်း) ၏ ကူညီဆောင်ရွက်မှု၊ ပဋိဝိသောဓက ဆရာတော်တို့၏ ကြိုးစားမှုတို့ကြောင့် "ငုပ်နေသော ပတ္တမြား"သည် ပေါ်ထွက်ခဲ့ပေပြီ။ ဤသို့လျှင် "ငုပ်ရာမှ ပေါ် ထွက်လာသောပတ္တမြားသို့ မြုပ်ရာမှ ကျော်တက်လာသော" စလင်းဆရာတော် ၏ "စလင်းဝိနည်းဂဏ္ဌိသစ်" ကျမ်းကြီးကို ကြည့်ရှုလေ့လာ မှတ်သား၍ သာသနာအသက် ရှည်ကြာစွာ ဆက်နိုင်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေ သတည်း။

ဤဆို ခဲ့ပြီးသော စကားအစဉ်ဟူ့ဖြင့် "ဒေသ, ကာလ, ဒေသက, နှင့်ဝတ္ထု စသည် နိဒါန်းမည်၏" ဟူသည်နှင့်အညီ နိဒါန်းကို ရေးသားခဲ့ပါသည်။ ဤ ကျမ်းစာကို ကြည့်ရှုလေ့လာသောအခါ မှားယွင်းမှုများတွေ့ရှိခဲ့လျှင် ကျမ်းပြု ဆရာတော်၏ အမှားမဟုတ်၊ ပါဝင်ဆောင်ရွက် သူတို့၏ အမှားသာ ဖြစ်ပါမည်။

သို့ဖြစ်၍ "မှားယွင်းတတ်သော အကြောင်း လည်း ရှိသည်၊ မှားယွင်း တတ်သော အကြောင်း၏ အကြောင်းလည်းရှိသည်။ မှားယွင်းတတ်သော နေရာဌာနလည်းရှိသည်။ ထို့ကြောင့်မှားယွင်းနေသည်"ဟု သနားချစ်ခင် ဉာဏ်သက်ဝင်၍ ယထာဘူတ အမှန်ကျအောင် ပြင်ဆင်ဖတ်ရှုခြင်းဖြင့် မေတ္တာရှေးရှုနှင့်လွှတ်မှု ပြုကြပါကုန်။

ပဋ္ဌိဝိသောဓကထေရ

## ၂၁။ ပဋ္ဌ+ဩသာနသောမကဆရာတော်များ

၁။ ဆရာတော် ဦးဥက္ကံသာဘိဝံသ။ "အဂ္ဂမဟာပဏ္ဍိတ၊ သကျသီဟမူလ စာချ၊ ဂန္ထကာရက၊ ပဓာနဆရာတော်" ပတ္တမြားကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့။ (ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်ဆဲ ပျံလွန်တော်မူသည်။)

၂။ ဆရာတော်ဦးအာစာရာဘိဝံသ။ "အဂ္ဂမဟာပဏ္ဍိတ၊ သကျသီဟမူလ စာချ၊ ဂန္ထကာရက၊" ပုညဝတီဟံဇာကျောင်း၊ ဆီးဘန်နီတိုက်၊ မန္တလေးမြို့။ (ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်ဆဲ ပျံလွန်တော်မူသည်။)

၃။ ဆရာတော်ဦးဝါသဝ။ "အစိုးရဓမ္မာစရိယ" ရှမ်းဖက်ရိပ်သာ အုဋ္ဌကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့။ (အဖွဲ့ဝင်ဆရာတော်အဖြစ် ဆောင်ရွက်ဆဲ ပျံလွန်တော်မူသည်။)

၄။ ဆရာတော် ဦးအာစ္စရိယာဘိဝံသ။ "သကျသီဟဓမ္မာစရိယ၊သီးခြားစာချ၊" သာသနာ့ဂုဏ်ရည်ကျောင်း၊ ဘုရားကြီးတိုက်၊ ရန်ကုန်မြို့။ (အဖွဲ့ဝင်ဆရာတော်အဖြစ် ဆောင်ရွက်ဆဲ ပျံလွန်တော်မူသည်။)

၅။ ဆရာတော် ဦးသောဘန။ "အစိုးရဓမ္မာစရိယ" ရှင်စောပုကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (အဖွဲ့ဝင် ဆရာတော်အဖြစ်မှ အနားယူပြီးနောက် ပျံလွန်တော်မူသည်။)

၆။ ဆရာတော် ဦးကဝိဇ။ "အစိုးရဓမ္မာစရိယ" ဇမ္ဗူအေးကျောင်း၊ ဥယျာဉ်တိုက်၊ ရှမ်းလမ်း၊ ရန်ကုန်မြို့။ (အဖွဲ့ဝင် ဆရာတော်အဖြစ်မှ နုတ်ထွက်အနားယူသွားသည်။)

## ဆောင်ရွက်တော်မူဆဲ ဆရာတော်များ

၁။ ဆရာတော် ဦးဣန္ဒကပဏ္ဍိတ။ "အဂ္ဂမဟာဂန္ထဝါစက၊ အစိုးရဓမ္မာစရိယ၊" မန်းခေတ္တရာကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့။ (ဥက္ကဋ္ဌဆရာတော်)

၂။ ဆရာတော် ဦးကုဏ္ဍလ။ "အစိုးရဓမ္မာစရိယ" ဓမ္မပိယကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့။

၃။ ဆရာတော် ဦးပညာသာမိ။ "အစိုးရဓမ္မာစရိယ" ပုပ္ပါးကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့။

၄။ ဆရာတော် ဦးဇောတိကာဘိဝံသ။ "ပါဠိပါရဂူ၊ အစိုးရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ။ သက္ကတ၊ ပါကတ၊ ပါဠိ၊ဟိန္ဒီ၊ အင်္ဂလိပ်၊ဥတ္တရ မဇျေ။" ဆန်းစကရစ် ယူနိဗာစီတီ၊ ဗာရာဏသီ၊ ဇောတိကာရုံစာချ အုဋ္ဌကျောင်း၊ တောင်ထီးလင်းတိုက်၊ မန္တလေးမြို့။

၅။ ဆရာတော်ဦးသုတာလင်္ကာရ။ "အစိုးရဓမ္မာစရိယ၊ဘီအေ" ရွှေကျောင်း မြင်းဝန်တိုက်၊ မန္တလေးမြို့။

၆။ ဆရာတော် ဦးဇနသာရ။ "အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက၊" ပဏ္ဍိတာရုံကျောင်း၊ ညောင်ကန်တိုက်၊ မန္တလေးမြို့။

၇။ ဆရာတော်ဦးဥက္ကဋ္ဌ။ "အစိုးရဓမ္မာစရိယ၊ စူဠဂန္ထဝါစက" သဲကုန်း ကျောင်း၊ တောင်ထီးလင်းတိုက်၊ မန္တလေးမြို့။

၈။ ဆရာတော် ဦးကောဏ္ဍည။ "အစိုးရဓမ္မာစရိယ ဘီအက်စ်(ဂုဏ်)" ရတနာတင်းတိမ်ကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့။

၉။ ဆရာတော် ဦးကေလာသ "အစိုးရဓမ္မာစရိယ၊ ယဉ်ကျေးမှု အဘိဓမ္မာ သင်တန်းနည်းပြ၊" ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ကမ္ဘာအေး၊ ရန်ကုန်မြို့။

၁၀။ ဆရာတော် ဦးဝါယမသာရ။ အစိုးရဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ၊ ဘီ အေ(ဂုဏ်)၊ ယဉ်ကျေးမှု အဘိဓမ္မာသင်တန်းနည်းပြ" ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

၁၁။ ဆရာတော် ဦးနန္ဒဝံသ။(ဦးထွန်းတင်။) ပတ္တမြားကျောင်း၊မြင်းဝန်တိုက် မန္တလေးမြို့။

စလင်းဝိနည်းဂဏ္ဌိသစ်

# မာတိကာ

✦✦✦✦✦✦✦✦


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန .... .... .... .... | |
| ၂။ | စလင်းဝိနည်းဂဏ္ဌိသစ် ပဏာမ .... .... | ၁ |
| | **ဝေရဉ္စကဏ္ဍဝဏ္ဏနာ** | |
| ၃။ | အဇ္ဈတ္တိက နိဒါန်း .... .... .... | ၂ |
| ၄။ | အဝယဝီဟိတ်ကို ရှင်းပြချက် .... .... | ၃ |
| ၅။ | အယဥ္စိဝါကျ အနက်ပေးပုံ .... .... | ၄ |
| ၆။ | မူခ-သဒ္ဒါ မတ္တသဒ္ဒါ ဝိနိစ္ဆယ .... .... | ၆ |
| ၇။ | သမယသဒ္ဒါ အဖွင့် .... .... .... | ၈ |
| ၈။ | ပရံမုခပုဒ် ဝိဂ္ဂဟ .... .... .... | ၁၀ |
| ၉။ | ဌာဘာဟနှင့် တတ္ထ သိယာ-စောဒနာ အထူး .... | ၁၁ |
| ၁၀။ | အစ္စန္တသံယောဂ-အနက်ဖြစ်ပုံ .... .... | ၁၁ |
| ၁၁။ | အဓိကရဏ အနက်ဖြစ်ပုံ .... .... .... | ၁၁ |
| ၁၂။ | ဟိတ်နှင့် ကရိဏ်းဖြစ်ပုံ .... .... .... | ၁၂ |
| ၁၃။ | ကြောင်းကျိုးနှစ်ပါး၊ လှည့်ခါရခြား၊ ဟိတ်မှတ်သား .... | ၁၃ |
| ၁၄။ | ကြောင်းကျိုးနှစ်ပါး၊လှည့်မရခြား၊ ကရဏမှတ်သား .... | ၁၃ |
| ၁၅။ | ဝေရဥ္စာပုဒ်အဖွင့် ဋီကာဝါဒရှင်းချက် .... .... | ၁၃ |
| ၁၆။ | ဣတ္ထမ္ဘူတာချာန ဝိနိစ္ဆယ .... .... | ၂၉ |
| ၁၇။ | သော ဣမံ လောကံ သဒေဝကံ-စသောပုဒ်တို့၏အဖွင့် .... | ၃၂ |
| ၁၈။ | ဒသန် ဟောတိ အဖွင့်.... .... .... | ၃၅ |
| ၁၉။ | ဝေဓမန္တပုဒ်၏အဖွင့် ဝိနိစ္ဆယ .... .... | ၃၆ |
| ၂၀။ | အဘိဝါဒေတိ ဝါ ၌ ဝါ-သဒ္ဒါ ဝိနိစ္ဆယ.... .... | ၃၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၂၁။ အနုစ္ဆရိယံ ဝါ တော်-ပုဒ်အဖွင့် .... .... ၈၀
၂၂။ သတ္တပဒ ဝီတိဟာရေန ပုဒ် ဝိနိစ္ဆယ .... .... ၈၂
၂၃။ အာဝိဋ္ဌန္တိပုဒ် ရှုပ်ပြီး .... .... .... ၈၃
၂၄။ သန္ဓာယဘာသိတမတ္တံ-ပုဒ် ဝိနိစ္ဆယ .... .... ၈၄
၂၅။ ဝေနယိကောပုဒ် အဖွင့် .... .... .... ၈၆
၂၆။ တပဿီပုဒ် အဖွင့် .... .... .... ၈၈
၂၇။ သေယျထာပိ ဗြာဟ္မဏပုဒ် အဖွင့် .... .... ၈၈
၂၈။ သမ္မာပရိသေဒိတာနိပုဒ် အဖွင့် .... .... ၉၁
၂၉။ ကောဝ လောကေပုဒ် အဖွင့် .... .... ၉၃
၃၀။ အတ္တနော စိတ္တသန္တာနေ၌ စိတ္တပုဒ် ဝိနိစ္ဆယ .... ၉၄
၃၁။ ပဌမစျာန်ခန်း-ဝိဝိစ္စေဝ ကာမေဟိ အဖွင့်.... .... ၉၄
၃၂။ ဝိဝိစ္စေဝ ၌ ဧဝသဒ္ဒါ ဝိနိစ္ဆယ .... .... ၉၇
၃၃။ ဝိဝိစ္စေဝ ကာမေဟိ၌ ကာမ ဝိနိစ္ဆယ .... .... ၁၀၀
၃၄။ ဒုတိယစျာန်ခန်း .... .... .... ၁၀၀
၃၅။ ပုဗ္ဗေနိဝါသကထာ .... .... .... ၁၁၂
၃၆။ ဒိဗ္ဗစက္ခုဉာဏကထာ .... .... .... ၁၂၈
၃၇။ အာသဝက္ခယဉာဏကထာ.... .... .... ၁၃၆


## ပါရာဇိကကဏ္ဍဝဏ္ဏနာ


၃၈။ ပါရာဇိကကဏ္ဍ .... .... .... ၁၈၂
၃၉။ မဏ္ဍုဒ္ဒိဝတ္ထုကထာ .... .... .... ၂၃၀
၄၀။ စတုဗ္ဗိဓ ဝိနယကထာ .... .... .... ၂၃၅
၄၁။ ပစ္စက္ခာန ဝိဘင်းမှတ်ရန် ၂၄၁
၄၂။ မူလပညတ် .... .... .... ၂၅၇
၄၃။ ပဌမ စတုက္ကကထာ .... .... .... ၂၆၂

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | အဝသေသ ကျေနသတ္တတိ ဒွိသတ စတုက္ကကထာ .... | ၂၆၃ |
| ၄၅။ | သန္တတ စတုက္ကဘေဒကထာ .... .... | ၂၇၉ |
| ၄၆။ | ပဒဘာဇနီယဝဏ္ဏနာ .... .... .... | ၂၇၂ |
| ၄၇။ | ပထမ ပါရာဇိကဒီပနီ .... .... .... | ၂၇၇ |
| ၄၈။ | ပါဠိမုတ္တက ဝိနိစ္ဆယဒီပနီ.... .... .... | ၂၉၂ |
| ၄၉။ | ဘူမဋ္ဌကထာ .... .... .... | ၃၀၄ |
| ၅၀။ | ထလဋ္ဌကထာ .... .... .... | ၃၁၄ |
| ၅၁။ | အာကာသဋ္ဌကထာ .... .... .... | ၃၃၁ |
| ၅၂။ | ဝေဟာသဋ္ဌကထာ .... .... .... | ၃၄၂ |
| ၅၃။ | ဥဒက ကထာ .... .... .... | ၃၄၃ |
| ၅၄။ | နာဝဋ္ဌကထာ .... .... .... | ၃၄၇ |
| ၅၅။ | ယာနကထာ .... .... .... | ၃၄၉ |
| ၅၆။ | ဘာရဋ္ဌကထာ .... .... .... | ၃၅၁ |
| ၅၇။ | ဝိဟာရဋ္ဌကထာ .... .... .... | ၃၅၃ |
| ၅၈။ | ခေတ္တဋ္ဌကထာ .... .... .... | ၃၅၆ |
| ၅၉။ | ဂါမဋ္ဌကထာ .... .... .... | ၃၅၆ |
| ၆၀။ | အရညဋ္ဌကထာ .... .... .... | ၃၅၆ |
| ၆၁။ | ဥဒကကထာ .... .... .... | ၃၅၇ |
| ၆၂။ | ဒန္တပေါဏကထာ .... .... .... | ၃၅၈ |
| ၆၃။ | ဝနပ္ပတိကထာ .... .... .... | ၃၆၀ |
| ၆၄။ | ဟရဏကထာ .... .... .... | ၃၆၀ |
| ၆၅။ | ဥပနိဓိကထာ .... .... .... | ၃၆၁ |
| ၆၆။ | သုင်္ကဃာတကထာ .... .... .... | ၃၇၁ |
| ၆၇။ | ပါဏကထာ .... .... .... | ၃၈၃ |
| ၆၈။ | အပဒကထာ .... .... .... | ၃၇၄ |
| ၆၉။ | ဒွိပဒကထာ .... .... .... | ၃[illegible]၄ |

# စလင်းဝိနည်းဂဏ္ဌိသစ် မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၀။ | စတုပ္ပဒကထာ | ၃၇၄ |
| ၇၁။ | ဗဟုပ္ပဒကထာ | ၃၇၅ |
| ၇၂။ | ဩစရကကထာ | ၃၇၆ |
| ၇၃။ | ဩဏိရက္ခကထာ | ၃၇၆ |
| ၇၄။ | သံဝိဓာဝဟာရကထာ | ၃၇၇ |
| ၇၅။ | သံကေတကမ္မကထာ | ၃၇၇ |
| ၇၆။ | နိမိတ္တကမ္မကထာ | ၃၇၈ |
| ၇၇။ | အာဏတ္တိကထာ | ၃၇၈ |
| ၇၈။ | ပဒဘာဇနီယဝဏ္ဏနာ | ၃၇၈ |
| ၇၉။ | ကုသသင်္ကာမနဝတ္ထုကထာ | ၃၈၀ |
| ၈၀။ | တတိယပါရာဇိကကဏ္ဍ | ၃၉၂ |
| ၈၁။ | မြက်တော၊ သစ်တော၊ တောင်တော | ၄၀၀ |
| ၈၂။ | ပဒဘာဇနီယဝဏ္ဏနာ | ၄၂၂ |
| ၈၃။ | စတုတ္ထပါရာဇိကကဏ္ဍဝဏ္ဏနာ | ၄၃၅ |


## သံဃာဒိသေသကဏ္ဍဝဏ္ဏနာ


| | | |
|---|---|---|
| ၈၄။ | သံဃာဒိသေသကဏ္ဍ | ၄၆၀ |
| ၈၅။ | သုက္ကဝိဿဋ္ဌိ သိက္ခာပဒ | ၄၆၀ |
| ၈၆။ | ပဒဘာဇနီယဝဏ္ဏနာ | ၄၆၉ |
| ၈၇။ | ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ | ၄၇၆ |
| ၈၈။ | ပဒဘာဇနီယဝဏ္ဏနာ | ၄၇၉ |
| ၈၉။ | ဒုဋ္ဌုလ္လဝါစာသိက္ခာပဒ | ၄၈၀ |
| ၉၀။ | အတ္တကာမပါရိစရိယ သိက္ခာပဒ ဝဏ္ဏနာ | ၄၈၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉၁။ | သဥ္စရိတ္တသိက္ခာပဒဝဏ္ဏနာ .... .... | ၄၀၃ |
| ၉၂။ | သညာစိကာယသိက္ခာပဒဝဏ္ဏနာ .... .... | ၄၉၂ |
| ၉၃။ | ဝိဟာရသိက္ခာပဒဝဏ္ဏနာ .... .... | ၅၀၁ |
| ၉၄။ | ပဌမ ဒုဋ္ဌဒေါသသိက္ခာပဒဝဏ္ဏနာ .... .... | ၅၀၂ |
| ၉၅။ | ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပဒဝဏ္ဏနာ .... .... | ၅၂၀ |
| ၉၆။ | ဒုဗ္ဗစသိက္ခာပဒဒီပနီ .... .... | ၅၂၂ |
| ၉၇။ | ကုလဒူသကသိက္ခာပဒဒီပနီ .... .... | ၅၃၄ |

## အနိယတကဏ္ဍဝဏ္ဏနာ

| | | |
| --- | --- | --- |
| ၉၈။ | ပဌမအနိယတသိက္ခာပဒဒီပနီ .... .... | ၅၄၇ |
| ၉၉။ | ဒုတိယအနိယတသိက္ခာပဒဒီပနီ .... .... | ၅၅၁ |

## နိဿဂ္ဂိယကဏ္ဍဝဏ္ဏနာ

### စီဝရဝဂ္ဂ

| | | |
| --- | --- | --- |
| ၁၀၀။ | ပဌမ ကထိနသိက္ခာပဒဒီပနီ .... .... | ၅၅၃ |
| ၁၀၁။ | ဥဒ္ဒေါသိတသိက္ခာပဒဒီပနီ .... .... | ၅၇၁ |
| ၁၀၂။ | တတိယ ကထိနသိက္ခာပဒဒီပနီ .... .... | ၅၇၉ |
| ၁၀၃။ | ပုရာဏစီဝရသိက္ခာပဒဒီပနီ .... .... | ၅၈၁ |
| ၁၀၄။ | စီဝရပဋိဂ္ဂဟဏသိက္ခာပဒဒီပနီ .... .... | ၅၈၅ |
| ၁၀၅။ | အညာတကဝိညတ္တိသိက္ခာပဒဒီပနီ .... .... | ၅၈၇ |
| ၁၀၆။ | တတုတ္တရိ သိက္ခာပဒဒီပနီ .... .... | ၅၉၄ |
| ၁၀၇။ | ပဌမ ဥပက္ခဋ သိက္ခာပဒဒီပနီ .... .... | ၅၉၇ |
| ၁၀၈။ | ဒုတိယ ဥပက္ခဋ သိက္ခာပဒဒီပနီ .... .... | ၅၉၈ |
| ၁၀၉။ | ရာဇသိက္ခာပဒဒီပနီ .... .... | ၅၉၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## ကောသိယဝဂ္ဂ


| | | |
| --- | --- | --- |
| ၁၁၀။ | ကောသိယသိက္ခာပဒဒီပနီ .... .... | ၆၁၅ |
| ၁၁၁။ | သုဒ္ဓကာဠကသိက္ခာပဒဒီပနီ .... .... | ၆၁၆ |
| ၁၁၂။ | ဒွေဘာဂသိက္ခာပဒဒီပနီ .... .... | ၆၁၆ |
| ၁၁၃။ | ဆဗ္ဗဿသိက္ခာပဒဒီပနီ .... .... | ၆၁၇ |
| ၁၁၄။ | နိသီဒနသန္ထတသိက္ခာပဒဒီပနီ .... .... | ၆၁၇ |
| ၁၁၅။ | ဧဠကလောမသိက္ခာပဒဒီပနီ .... .... | ၆၂၃ |
| ၁၁၆။ | ဧဠကလောမ ဓောဝါပန သိက္ခာပဒဒီပနီ .... | ၆၂၃ |
| ၁၁၇။ | ရူပိယသိက္ခာပဒဒီပနီ .... .... | ၆၂၄ |
| ၁၁၈။ | ရူပိယသံဝေါဟာရ သိက္ခာပဒဒီပနီ | ၆၂၉ |
| ၁၁၉။ | ကယဝိက္ကယသိက္ခာပဒဒီပနီ .... .... | ၆၃၃ |


---

## ပတ္တဝဂ္ဂ


| | | |
| --- | --- | --- |
| ၁၂၀။ | ပတ္တသိက္ခာပဒဒီပနီ .... .... | ၆၃၅ |
| ၁၂၁။ | ဦနပဉ္စဗန္ဓနသိက္ခာပဒဒီပနီ .... .... | ၆၄၁ |
| ၁၂၂။ | ဘေသဇ္ဇသိက္ခာပဒဒီပနီ .... .... | ၆၄၉ |
| ၁၂၃။ | ဝဿိကသာဋိကသိက္ခာပဒဒီပနီ .... .... | ၆၅၃ |
| ၁၂၄။ | စီဝရအစ္ဆိန္ဒနသိက္ခာပဒဒီပနီ .... .... | ၆၆၀ |
| ၁၂၅။ | သုတ္တဝိညတ္တိသိက္ခာပဒဒီပနီ .... .... | ၆၆၂ |
| ၁၂၆။ | မဟာပေသကာရသိက္ခာပဒဒီပနီ .... .... | ၆၆၆ |
| ၁၂၇။ | အစ္စေကစီဝရသိက္ခာပဒဒီပနီ .... .... | ၆၆၆ |
| ၁၂၈။ | သာသင်္ကသိက္ခာပဒဒီပနီ .... .... | ၆၆၄ |
| ၁၂၉။ | ပရိဏတသိက္ခာပဒဒီပနီ .... .... | ၆၇၀ |


စလင်းဝိနည်းဂဏ္ဌိသစ် မာတိကာပြီး၏။

# စလင်းဝိနည်းဂဏ္ဌိသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ

ဝိသေသနယဒဿေန္တံ၊ နာထံ သမ္ဗုဒ္ဓသေဝိတံ။
ဓမ္မံ နိဗ္ဗာနသမ္ပတ္တံ၊ နတွာ သံဃံ နိပါပကံ။
ရစယိဿံ ယထာဉာဏံ၊ ဝိနယတ္ထာဒိဒီပနိံ။
ဝိနယံ ဂရုကာရာနံ၊ ပရံ ပီတိဝိဝဍ္ဎနံ။

အဟံ၊ ငါသည်။ ဝိသေသနယဒဿေန္တံ၊ ပိဋကသုံးပုံ အလုံးစုံ၌ ထူးထွေကုန်သော နည်းနယတို့ကို ဟောကြား ပြသတော်မူတတ်သော။ နာထံ၊ မြတ်စွာဘုရားကိုလည်းကောင်း။ သမ္ဗုဒ္ဓသေဝိတံ၊ မြတ်စွာဘုရားတို့သည် ဂေါစရာသေဝနဘာဝနာသေဝနအားဖြင့် မှီဝဲအပ်သော။ ဓမ္မံ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ နိဗ္ဗာနသမ္ပတ္တံ၊ မျက်မှောက်အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ရောက်တော်မူထသော။ နိပါပကံ၊ ဆိုးယုတ်ညစ်ကျုံ မကောင်းမှု အကုသိုလ် ရှိတော်မမူထသော။ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်းကောင်း။ နတွာ (နမာမိ)၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

ဝိနယံ၊ ဝိနည်းကို။ ဂရုကာရာနံ၊ အလေးပြုကုန်သော သီလဝန် ပုဂ္ဂိုလ်မြတ်တို့၏။ ပရံ၊ အလွန်အကဲ။ ပီတိဝိဝဍ္ဎနံ၊ ပီတိကိုပွားစေတတ်သော။ ဝိနယတ္ထာဒိဒီပနိံ၊ ဝိနည်း၏ အနက် အစရှိသည်တို့ကို အဆန်းတကြယ် အသွယ်သွယ် အစဉ် ပြရာပြကြောင်းဖြစ်သောကြောင့် ဝိနယတ္ထာဒိဒီပနီ အမည်ရှိသော ဝိနည်းဂဏ္ဌိသစ်ကျမ်းကို။ ယထာဉာဏံ၊ ဉာဏ်အားလျော်စွာ။ ရစယိဿာမိ၊ ရေးသားပြုပြင် စီရင်ပေအံ့။

## အဗျတ္တိကနိဒါန်း ဝေရဉ္ဇကဏ္ဍ

[ဣမသ္မိံ ကာလေ]၊ ဝိနည်း၏ ဗာဟိရနိဒါန်းကို ဖွင့်ပြီးသည်၏ အခြားမရှိသော ဤယခုကာလ၌။

> [ဤသို့သော အနက်ကို နာမ်ရူပသိဒ္ဓိ ၁၂၆-၌ မိန့်အပ်သော "ဣမသ္မိံ ကာလေတိ ဣဒါနိ" ဟူသောစကားကို သာကေ ၍ သိအပ်၏။ ဤ ဣဒါနိပုဒ်ကို ကရိယာမိ၌ စပ်ယှဉ်အပ်၏။]

တေနာတိ[ဝေနံ]၊ တေန-ဟူသောသဒ္ဒါသည်။ အနိယမနိဒ္ဒေသဝေစနံ ရှေးဦးစွာ ယ-သဒ္ဒါဖြင့် မှတ်သားခြင်းမရှိသော သမယကို ညွှန်းပြကြောင်း ဖြစ်သော သဒ္ဒါသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ စ၊ ထိုကြောင့် လည်းကောင်း။

> [သာရတ္ထဝါဒ] [ဤအနက်ကို သာရတ္ထဒီပနီ (၁-၁၉၅)လာ "အနိယမနိဒ္ဒေသ ဝစနန္တိ နတ္ထိ တေသ နိယမောတိ အနိယ မော၊ နိဒ္ဒိသီယတိ အတ္တော တေနာတိ နိဒ္ဒေသော၊ ဝုစ္စတိ တေနာတိ ဝစနံ၊ နိဒ္ဒေသောယေဝ ဝစနံ၊နိဒ္ဒေ သဝစနံ အနိယမဿ နိဒ္ဒေသဝစနံ အနိယမ-နိဒ္ဒေသဝစနံ၊ ပဌမံ အနိယာမိတဿ သမယဿ နိဒ္ဒေသဝစနန္တိ အတ္တော" ဟူသော စကားကို ယောက်၍ သိအပ်သတည်း။ ဤဋီကာစကား၌ "တေသ၊ ထို တ-သဒ္ဒါအား။ တေန သမယေနာတိ ဝစနတော၊ တေန-သမယေန ဟူသော စကားမှ။ (တ နည်းကား) တေ နသမယေနာတိ-ဝစနဿ၊ ၏။ ပဌမံ၊ ရှေးဦးစွာ။ ယ-သဒ္ဒေန၊ ယ-သဒ္ဒါဖြင့်။ နိယမော (နိယမိတဗ္ဗော)၊ မှတ်အပ်သော သမယသည်။ နတ္ထိ၊ မရှိ" ဟု အနက် ယောဇနာ။ ထို့ကြောင့် နောက်၌ "ပဌမံ အနိယမိတဿ သမယဿ" ဟု မိန့်အပ်လတ္တံ့။ (သာရတ္ထ ၁၊၁၉၅)]

(တစ်နည်းကား) "တေနာတိဝစနံ၊ သည်။ အနိယမနိဒ္ဒေသဝစနံ၊ ရှေးဦးစွာ ယ-သဒ္ဒါဖြင့် မှတ်သားခြင်းမရှိသော၏ အဖြစ်ဖြင့် သမယကို ညွှန်းပြကြောင်း ဖြစ်သောသဒ္ဒါသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ စ၊ ထို့ကြောင့် လည်းကောင်း" ဟု [အနက်ယောဇနာ။]

ထို့ကြောင့် ဤအဋ္ဌကထာ ပဌမပါရာဇိက သိက္ခာပုဒ်အဖွင့်(ဝိ၊ဋ္ဌ၊၁၊၂၀၃)၌ 'တေတ္ထ စ ယသ္မာ ပနာတိ နိပါတမတ္တံ၊ ယောတိ အတ္တ ဒံ၊ တဉ္စ အနိယမေန ပုဂ္ဂလံ ဒီပေတိ၊ တသ္မာ တဿ အတ္ထံ ဒဿေန္တော အနိယမေန ပုဂ္ဂလဒီပကံ

ယော–သဒ္ဒမေဝ အာဟ”ဟု မိန့်တော်မူအပ်လတ္တံ့။ ။အင်္ဂုတ္တရလိုနီ သမယ အဖွင့် (အဘိ၊၄၁၊၉၉)၌လည်း “ယောဂဝသာ အနိယမတော သမယော နိဒ္ဒိဋ္ဌော ဟောတိ”ဟု မိန့်ဖွင့်၏။

သာရတ္ထဒီပနီ(၁၊၁၉၅)၌ “ပဌမံ အနိယမိတဿ”ဟူသော စကားကို “အပရာဘဂေ အတ္တတော သိဒ္ဓေန ယေနာတိ ဣမိနာဝစနေန ပဋိနိဒ္ဒေသော ကာတဗ္ဗော” (ဝိဋ္ဌ-၁၊ ၇၉)ဟူသော အဋ္ဌကထာစကားဖြင့် နောက်၌ “ယ” သဒ္ဒါဖြင့် မှတ်အပ်သည်ကို မိန့်လတ္တံ့ဖြစ်သောကြောင့် ဆိုသတည်း၊ ဤဋီကာ, ဤအဋ္ဌကထာလာ စကားနှစ်ရပ်ကိုထောက်ရှု၍ ပဏ္ဏတ္တိ, ပသိဒ္ဓ, အနုဘူတဝိသယ “တ”သဒ္ဒါမှတစ်ပါး အနာဂတဝိသယ “တ”–သဒ္ဒါလည်း ရှိသေးသည်၏ အဖြစ်ကို သိအပ်၏။

[ဝဇီရဗုဒ္ဓိဝါဒ] ဝဇီရဗုဒ္ဓိဋီကာ (၃၂)၌ကား “သမ္ပတိ ကာလ ဝသေန တဒိတရေသံ ဘိက္ခူနံ အဝိဒိတတ္တာ အနိယမနိဒ္ဒေသဝစနန္တိ ဝုတ္တံ”ဟု မိန့်အပ်၏။ ဤသို့ မိန့်သည်ကိုရှု၍ ဝဇီရဗုဒ္ဓိဋီကာဆရာသည် အဋ္ဌကထာ၌ “အနိယမနိဒ္ဒေသ-ဝစနံ၊ သင်္ဂါယနာ တင်သည်ကို ပြုတော်မူကုန်သော အရှင်မဟာကဿပ-အစရှိကုန်သော ရဟန္တာအရှင်မြတ်တို့မှ တပါးကုန်သော ယခုကာလ ရဟန်းတို့သည် မမှတ်အပ်မမှတ်နိုင် မသိအပ် မသိနိုင်သော သမယကို ညွှန်းပြကြောင်း ဖြစ်သော သဒ္ဒါတည်း”ဟု အနက်ပေးလိုသည်ကို သိအပ်၏။

ထိုဝဇီရဗုဒ္ဓိဋီကာ စကားသည် ဆိုအပ်လတ္တံ့သော “အနိယမေန ပုဂ္ဂလံ ဒီပေတိ”ဟူသောစကား, (ဝိဋ္ဌ ၁၊၂၀၃) “အနိယမတော သမယော နိဒ္ဒိဋ္ဌော-ဟောတိ”ဟူသောစကား(အဘိ-ဋ္ဌ ၁၊ ၉၉)တို့နှင့် မညီလေ၊ ဝါဒန္တရအားဖြင့် ဆိုသည် ဖြစ်ကလည်း “ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော” စသော စကားတို့၌ ဝဇီရဗုဒ္ဓိဋီကာ ဆရာမိန့်တိုင်း အနိယမနိဒ္ဒေသကို မရ ကောင်းသောကြောင့် ဝဇီရဗုဒ္ဓိဋီကာစကား၌ အဗျာပိတ ဒေါသသင့်သတည်း။

## အဝယဝီဟိတ်ကို ရှင်းပြချက်

အတ္တတော၊ သမတ္ထိယအနက်အားဖြင့်။ သိဒ္ဓေန(သိဒ္ဓတ္တာ)၊ပြီးသည်၏အဖြစ်ကြောင့်၊ ယေနာတိ ဣမိနာဝစနေန၊ ဖြင့်။ ပဋိနိဒ္ဒေသော၊ အကျယ်ချဲ့သဖြင့် ညွှန်ပြခြင်းကို။ (ယသ္မာ၊ ကြောင့်။) ကာတဗ္ဗော၊ ပြုသင့်ပြုထိုက်၏။ တသ္မာ ဝ၊ ထိုကြောင့်လည်းကောင်း။

အပရဘာဂေတိ-စသော စကားသည် “သိဒ္ဓေန”ဟူသော ဟိတ်စကားနှင့် တကွဖြစ်သော “ပဋိနိဒ္ဒေသော ကာတဗ္ဗော”ဟူသော အကျိုးစကားနှင့် စပ်ရ

သောကြောင့် အဝယဝိ ဟိတ်စကားတည်း။ အဝယဝိသဒ္ဒါသည် "အဝယဝေါ တေသ သမုဒါယဿ အတ္ထိတိ အဝယဝီ" ဟူသော ဝစနတ္ထကြောင့် အကြောင်းစကား, အကျိုးစကားနှစ်ပါးအပေါင်းဟောတည်း။

(အဝယဝီဟိတ်သည် များစွာသော ကျမ်းဂန်တို့၌ ရှိလေငြားသော်လည်း နည်းနယဥပဒေသကို မရသောသူတို့ မသိနိုင်ကြဟု မဏိဒီပ (၁၁-နှာ)၌ မိန့်တော်မူ၏။ ။တသ္မာ နှစ်ချက်ကို "သမ္ဗန္ဓော ဝေဒိတဗ္ဗော" စကား၌ စပ်အပ်၏။)

ယေန သမယေန၊အကြင်သိက္ခာပုဒ်တော်ကို လွန်ကျူးရာအခါကြောင့်။ ဝါ ဖြင့်။ တေန သမယေန၊ ကြောင့်။ ဝါ၊ ဖြင့်။ တွေ (တေသ္မိံ တေနာတိ အာဒိ ဝစနေ၊ ၌။)

(အယံ ဟိ စသော စကားသည်ကား "တဿ သရူပေန" စသော စကားသည် "အနိပ္ဖန္န နိဒ္ဒေသဝစနံ" ဟူသော စကား၏ ဟိတ်ကူဖြစ်သကဲ့သို့ ထိုအတူ "တဿ သရူပေန" စသော ဟိတ်ကူစကား၏ ဟိတ်ကူစကား ဖြစ်သတည်း။)

## အယဥ္စိဝါကျ အနက်ပေးပုံ

ယတ္ထ ယသ္မိံ၊ (သိက္ခာပဒေ) ၌။ တေနာတိ၊ ဟူ၍။ (သံဂီတိကာရေဟိ၊ တို့သည်။ ယသ္မာ၊ ကြောင့်။) ဝုစ္စတိ၊ ၏။ (တသ္မာ၊ ကြောင့်။) တတ္ထ တတ္ထ (သိက္ခာ ပဒေ)၊ ၌။ ပုဗ္ဗေ ဝါ၊ ၌လည်းကောင်း။ ပစ္ဆာ ဝါ၊ ၌လည်းကောင်း။ အတ္ထတော၊ သာမတ္ထိယ အနက်အားဖြင့်။ သိဒ္ဓေန (သိဒ္ဓတ္တာ)၊ ကြောင့်။ ယေနာတိ (ဣမိနာ ဝစနေန)၊ ဖြင့်။ ပဋိနိဒ္ဒေသော၊ ကို။ (ကာတဗ္ဗော၊ ၏။) ဣတိ၊ သို့။ ယဒိဒံ ယာ အယံ ဝိဓာနပရိဒီပနာ)၊ သည်။ (အတ္ထိ၊ ၏။) အယံ (ဝိဓာနပရိဒီပနာ)၊ သည်။ (ယသ္မာ၊ ကြောင့်။) သဗ္ဗသ္မိံ၊ သော။ ဝိနယေ၊ ၌။ ယုတ္တိ (ပရိဒီပနာ)၊ သည်။ ဟောတိ၊ ၏။

(တနည်းကား) ယဒိဒံ (ယာ အယံ ယုတ္တိပရိဒီပနာ)၊ သည်။ (အတ္ထိ၊ ၏။) အယံ (ယုတ္တိပရိဒီပနာ)၊ သည်။ သဗ္ဗသ္မိံ၊ သော။ ဝိနယေ၊ ၌။ ယုတ္တိ(ပရိဒီပနာ)၊ သည်။ ဟောတိ၊ ၏။ တသ္မာ စ၊ ထို့ကြောင့်လည်းကောင်း။ သမ္ဗန္ဓော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ယုတ္တိ၌ ပဋိဒီပနာပုဒ်ကောသတည်း ထိုကြောင့် (၁၁၉၆) သာရတ္ထဒီပနီ၌ "ယထာ ဝုတ္တယုတ္တိယာ ပရိဒီပနေ"ဟု မိန့်အပ်လတ္တံ ။ ဝဇိရဗုဒ္ဓိဋီကာ (၃၊)၌။ "ယံ ပန ဝုတ္တံ အယံ ဟိ သဗ္ဗာသွိ ဝိနယေ ယုတ္တီတိ တံ တဗ္ဗဟုလေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ" ဟု မိန့်အပ်၏။ ဤသို့ မိန့်တော်မူခြင်းသည် "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ" ဟူသော မဟာဝဂ္ဂပါဠိတော် (ဝိ ၃၊၁) စကား၌။ "ယေန သမယေန၊ အကြင်အခါကြောင့်။ (ဝါ)၊ ဖြင့်။ နိဒ္ဒိ၊ နေတော်မူ၏။ တေနသမယေန၊ ကြောင့်။ ဝါ။ ဖြင့်။ ဝိဟရတိ၊ နေတော်မူ၏"။ ဤသို့ အနက်ဖြစ်သောကြောင့် "အယံ ဟိ သဗ္ဗာသွိ ဝိနယေ ယုတ္တိ" ဟူသောစကားသည် အလုံးစုံ ဝိနည်းငါးကျမ်းမှာ လာရှိသမျှသော "တေန သမယေန" ဟူသော စကားနှင့် ဆက်ဆံသော စကားဖြစ်ရကား သင့်မည်ဟု မထင်ပေ။

မဟာဝဂ္ဂ အဋ္ဌကထာအစ ပလ္လင်ချပ် ကုန်ခါနီး (ဝိဋ္ဌ၊၃။၂၃၃) မှာလည်း "ယသ္မာ၊ ကြောင့်။ အယံ အဘိလာပေါ၊ ဤတေန သမယေန-ဟူသောသဒ္ဒါကို။ အာရောပိတော၊ တင်အပ်၏။ ဣတိတသ္မာ စ၊ ထိုကြောင့်လည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ ဣမေ၊ ဤအရာ၌လည်း။ ယေနသမယေန၊ ကြောင့်။ (ဝါ) ဖြင့်။နိဒ္ဒိ၊ ၏။ တေန သမယေန၊ ကြောင့်။ (ဝါ) ဖြင့်။ ဝိဟရတိ၊ ၏။ ဣတိ အယံ အတ္ထော၊ သည်။ သမ္ဘဝတိ၊ ဖြစ်သင့်၏။ ဣတိတသ္မာ စ၊ ကြောင့် လည်းကောင်း ။ အာဒိတော၊ မှ။ စသည်ဖြင့် အနက်ယောဇနာသင့်၏။ "အထ ဝါ တတော ပဋ္ဌာယ တာဒတ္ထာဒဿနတော၊ ပစ္စာပိ တံ သမ္ဗန္ဓေန ယံ နိဒ္ဒေသ ဒဿနတော စ ဒ နိယမ နိဒ္ဒေသဝစနမေတန္တိ ဝုတ္တံ" ဟူသော ဝဇိရဗုဒ္ဓိဋီကာ (၃) စကားမှာ သာရတ္ထ ဒီပနီစကားကဲ့သို့ အဋ္ဌကထာလာ "အပရဘာဂေ အတ္ထတော သိဒ္ဓေန" စသောစကားနှင့် ညီညွတ်၏။

"အထ ဝါ ပုဗ္ဗဏှာဒီသု"စသော ဝဇိရဗုဒ္ဓိဋီကာ (၃၃) စကားသည် အဋ္ဌကထာလာ အပရဘာဂေ-စသော စကားကို မငဲ့မကွက် အလွတ်ဆိုအပ်သော စကားတည်း။ ထိုစကားသည် ဤအဋ္ဌကထာ ပထမပါရာဇိက သိက္ခာပုဒ် အဖွင့်လာ (ဝိဋ္ဌ၊၁၊၂၀၃။) "ယောပနာတိ ယော၊ ယာဒိသော ဝါ... ဝုတ္တံ ဟောတိ" စကားနှင့် ညီသကဲ့သို့ ရှိလျှင်မူလည်း အပရဘာဂေ-စသော အဋ္ဌကထာစကားနှင့် မညီရကား မသင့်ပေ။ အထ ဝါ တေနာတိ ဝုတ္တော-စသော ဝဇိရဗုဒ္ဓိဋီကာ (၃၃) စကားသည်လည်း အဋ္ဌကထာလာ အပရဘာဂေ-စသောစကားကို မငဲ့မကွက် အလွတ်ဆိုအပ်သော စကားသာတည်း။ ဤနည်း အလိုအားဖြင့် တေန သည် အနိယမ၊ သမယေန သည် နိယမ ဖြစ်ခဲ့၏။ အဋ္ဌကထာ ဆရာ၏ အလိုအားဖြင့် တေနသမယေန - သည် အနိယမလည်း

ဖြစ်ရကား ထိုဝဇီရဗုဒ္ဓိဋီကာ စကားသည်လည်း သင့်မည်ဟု မထင်ပေ။ ဤ ဟည်ကား ဝဇီဗုဒ္ဓိဋီကာလာ စကား အထူးထူး အပြားပြား များလှသည် ဖြစ်၍ နောက်သားတို့ ပိုင်းခြားဝေ့ နေရာတကျ သိစေခြင်းငှါ မှတ်သားသော စကားတည်း။

(ယသ္မာ၊ ကြောင့်။) တတြ (တသ္မိံ ဝိခါနပရိဒီပနေ)၊ ၌။ ယဒိဒံ ယံဣဒံ ဝိခါနံ ဟူသော သာရတ္ထဒီပနီ (၁၁၉၅)စကားနှင့် အညီ အနက်ပေးသတည်း။

(တစ်နည်းကား)– တတြ (တသ္မိံ ယထာ ဝုတ္တ ယုတ္တိယာပရိဒီပနေ)၊ ၌။ ယထာ ဝုတ္တယုတ္တိယာ ပရိဒီပနေ–ဟူသော သာရတ္ထဒီပနီ (၁၁၉၆) စကားနှင့် အညီ အနက်ပေးသတည်း။

မုခ-သဒ္ဒါ မတ္တ-သဒ္ဒါ ဝိနိစ္ဆယ

ဣဒံဝက္ခမာနဝစနံ၊ ဤ ဆိုအပ်လတ္တံ့သော စကားသည်။ မုခမတ္တနိဒဿနံ၊ အနည်းငယ်သောစကားကို ပြကြောင်းဖြစ်သော ပုဒ်တည်း။ (ဝါ) အနည်းငယ်သော အကြောင်းကိုပြကြောင်းဖြစ်သောစကားတည်း။ (တသ္မာ၊ ကြောင့်။ အယံ ဝိခါနပရိဒီပနာ၊ သည်။ (တစ်နည်းကား) အယံ ယုတ္တိ ပရိဒီပနာ၊ သည်။ သဗ္ဗသ္မိံ၊ သော။ ဝိနယေ၊ ၌။ ယုတ္တိပရိဒီပနာ၊ သည်။ ဟောတိ၊ ၏။)

ထို့ကြောင့် ဣမိနာစ ဣမိနာစ ကာရဏေနာတိ ဝုတ္တံ ဟောတိ ဟု မိန့် အပ်၏။ ဣမိနာစ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း အရဟံ၊ အရဟံ မည် တော်မူ၏။ ဣမိနာစကာရဏေန၊ ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ၊ ၏။

ကာရဏေနာတိ-၌ အာဒိအနက်ကို ဟောသော ဣတိ-သဒ္ဒါ ကျေသတည်း။ ထိုအာဒိအနက်ကို ဟောသော ဣတိ-သဒ္ဒါဖြင့် ဂုဏ်တော်ခုနစ်ပါး ကြွင်းကျန် သေးသည် အလျောက် ဣမိနာစကာရဏေန ဟူသော အကြောင်း ခုနစ်ပါးကို ယူအပ်၏။ ရှေးစကားရင်းကို ထောက်သဖြင့် ဣမိနာစ ကာရဏေန ဣမိနာစကာ ရဏေနကို ဝိစ္ဆာ မမှတ်လင့်။ ဣတိဣတိ ဣတိ အာဒိအတ္ထော၊ ဤသို့အစရှိသော

အနက်သည်။ ဝေရဉ္ဇေနု၊ ဝေရဉ္ဇာ၌နေသော။ ဗြာဟ္မဏေန၊ သည်။ ဝုတ္တံ (ဝုတ္တော)၊ ဆိုအပ်သည်။ ဟောတိ၊ ၏။

ကောသလ္လ တ္တဥ္စ၊ စိတ္တသံမပံ သန္တဥ္စ၊ သော ဘဂဝါ ဣတိပိအရဟန္တိအာဒိ၊ သော။ ယံ (ဝစနံ) ကို။ (ဝေရဉ္ဇနု၊ သော။ ဗြာဟ္မ-ဏေန၊ သည်။) ဝုတ္တံ၊ ၏။ တတ္တ(တသ္မိံ ဝစနေ)၊ ၌။ (ဝေဒိတဗ္ဗော၊ ၌စပ်။) (သမ္မာ သမ္ဗုဒ္ဓေါဣတိ အာဒီတိ။ သမ္မာသမ္ဗုဒ္ဓေါ ဤသို့အစရှိသည်ဟူ၍။ ဝေဒိ·တဗ္ဗတော၊ သိအပ်သည်မှ။) တာဝ၊ ရှေးဦးစွာ။ (အရဟန္တိဝေဒိတဗ္ဗော၌စပ်။)

အာရကာဟိ- အစရှိသောစကားသည် အာရကတ္တာ အစရှိသော သဒ္ဒေပစကား၏ ဝိတ္ထာရစကားတည်း။ ထို့ကြောင့် ဟိ "ဝိတ္ထာရေမိ"ဟု အနက်ပေး။ အာရကာကို "သုဝိဒူရ ဝိဒူရေ ဌိတော"ဟု ဖွင့်သတည်း။ ထို့ကြောင့် "သဗ္ဗကိလေသေဟိ၊ တို့မှ၊ အာရကာ၊ ဝေးတော်မူ၏။ သုဝိဒူရဝိဒူရေ၊ အလွန်ဝေးသည်၏ အဖြစ်ဖြင့်သာလျှင် ဝေးသည်၌။ ဌိတော၊ တည်တော်မူ၏။"ဟု အနက်ပေး။

အာရကာ-ဟူသောပုဒ်သည်ကား အဘိဓာန်အဗျယဝဂ် (၁၁၅၇-ဂါထာ)၌ "အာရာ,ဒူရာ,စ အာရကာ"ဟု မိန့်အပ်သည်နှင့်အညီ နိပါတ်ပုဒ်တည်း။

ထိုနိပါတ်ပုဒ်သည်ပင်လျှင် ရှေးဦးစွာသော အာကိုလည်းကောင်း,ကာ၏ အစိတ်ဖြစ်သော နောက်ဖြစ်သော အာကိုလည်းကောင်း။ အ-ရဿပြု၍ လည်းကောင်း။ က-ကို ဟ ပြု၍လည်းကောင်း၊ နိဂ္ဂဟိတ်လာ၍လည်းကောင်း၊ နိရုတ္တိနည်းအားဖြင့် အရဟံပုဒ်ပြီးဖြစ်သတည်း။

တေစ ၌ စသည် ဝါ အနက်ဟောတည်း။ နောက်ဖြစ်ကုန်သော "ယဉ္စေတံ (ဝိ၊၌၊၁။၇၄။) အဂ္ဂဒက္ခိဏေယျတ္တာစ (ဝိ၊၌၊၁။၇၇) ယထာစ လောကေ (ဝိ၊၌၊၇၇) စကားတို့၌ စ-သဒ္ဒါသုံးခုတို့သည်လည်း ဝါ အနက်တို့တည်း။

**တစ်နည်းကား** – ဝါကျာရမ္ဘအနက်ဟောတို့တည်း။ အရာနဥ္စ၌ စ–ကို ဟတတ္တာ စ, အရဟတ္တာ စ,ရ ဟာဘာဝါ စ–ဟုယှဉ် ရသည်၏အဖြစ်ကိုသိစေမြင်းငှာ ဝိတ္ထာရစကား၌ "အရာနံဟတတ္တာပိ, အရဟတ္တာပိ, ရဟာဘာဝတောပိ" ဟု မိန့်သတည်း။

**ဝေမ္ပိအရာနံဟတတ္တာအရဟံ** စကား၌ကား အထဝါ–ဟု အစ၌မိန့်ခဲ့သည် အားလျော်စွာ အရာနဥ္စ ဟတတ္တာကို တစ်နည်းခွဲသောစကားဖြစ်သောကြောင့် ဝေမ္ပိဟု မိန့်သတည်း။ ထိုပိ-သဒ္ဒါကို ဟတတ္တာပိဟူ၍လည်းယှဉ်လေ။ ဤသို့ယှဉ်မှ ရှေ့နောက်ညီညွတ်သတည်း။ ဝေမ္ပိ၌ ပိ-ဖြင့် သဗ္ဗေအရာဟတာတိ-ကိုပေါင်း။ ဟတတ္တာပိ၌ ပိ-ဖြင့် ရှေ့နောက်ဖြစ်ကုန်သော ဟိတ်တို့ကိုပေါင်း။ ယံ စေတံ သံသာရစက္ကံ၊ သည်။ အတ္ထိ၊ ရှိ၏။

အနုမတဂ္ဂံ၊ အဖန်ဖန်မသိအပ်သော အစရှိသော။ ။မနိတဗ္ဗော ဉာတဗ္ဗောတိ မတော၊ န မတော အမတော။ အနုအနုပုနပ္ပုနံ အမတော အနမတော။ အနု-၌ ဥ-ကို အ-နှောင်းသောကြောင့်ချေ။

**တစ်နည်းကား**။ အနုမတဂ္ဂံ၊ မသိအပ်သော အစရှိသော။ အမတဉ္ အ-သည် တဗ္ဗော။ "န အမတော အနမတော"ဟု ဝစနတ္တပြု။ ဤသို့ ပစနတ္တ နှစ်နည်းပြုပြီးမှ "အနမတော အဂ္ဂေါအာဒိ ဧတဿ သံသာရဝဋ္ဋဿာ ဟိ အနုမတဂ္ဂံ"ဟု ဝိဂ္ဂြိုဟ်ပြု။

**တစ်နည်းကား**။ အနုမတဂ္ဂံ၊ အဖန်ဖန်သိအပ်သော အစရှိသည်မဟုတ်သော။ "မတော အဂ္ဂေါ အာဒိ ဧတဿ သံသာရဝဋ္ဋဿာတိ မတဂ္ဂံ။ န မတဂ္ဂံ အမတဂ္ဂံ။ အနုအနုပုနပ္ပုနံ အမတဂ္ဂံ အနုမတဂ္ဂံ"ဟု ဝိဂ္ဂြိုဟ်ပြု။

တစ်နည်းကား အနုမတဂ္ဂံ၊ သိအပ်သော အစရှိသည် မဟုတ်သော။ ။ အမတ၌ အ-သည် တဗ္ဗောပင် "မတောအဂ္ဂေါအာဒိ ဧတဿ သံသာရဝဋ္ဋဿာတိ မတဂ္ဂံ" န အမတဂ္ဂံ အနုမတဂ္ဂံ ဟု ဝိဂ္ဂြိုဟ်ပြု။

ဤလေးပါးကုန်သော အနက်တို့တွင် ပဌမအနက်, တတိယအနက် နှစ်ပါးတို့ကို "အနုအနုအမတဂ္ဂံ အဝိညာတပုဗ္ဗကောဋိကံ သံသာရမဏ္ဍလံ"ဟူသော သာရတ္ထဒီပနီ (၁၊၂၁၀") စကားကိုမှီး၍ ပေးသတည်း။ ဒုတိယအနက်, စတုတ္ထအနက်နှစ်ပါးတို့ကိုမူကား "မတောဝေ အမတော၊ အကာရော တဗ္ဗာဝဝုတ္တိတ္တာ။ အမတော ဉာတော အဂ္ဂေါ အာဒိ ဧတဿာတိ အမတဂ္ဂေါ၊ သံသာရော။ န အမတဂ္ဂေါ အနမတဂ္ဂေါ"ဟူသော မဏိသာရမဉ္ဇူသာ (မဏိ၂၊၂၆၀) သမ္ဗန္ဓနည်းပိုင်း အဖွင့်စကားကိုမှီး၍ ပေးသတည်း။ သံသာရဝဋ်၏ အဖန်ဖန်မသိအပ်သော အစရှိသည်၏ အဖြစ်ကို။ နေတ္တိပါဠိတော် နယသမုဋ္ဌာန (ခု-၁၁၊ ၉၁)၌၊ လာရှိသော။ "ပုဗ္ဗာကောဋိ နပညာယတိ အဝိဇ္ဇာယစ ဘဝတဏှာယစ"၊ ဟူသော စကားဖြင့်လည်းကောင်း တတ္ထပုဗ္ဗာကောဋိ န ပညာယတိတိ အသုကဿ နာမ ဗုဒ္ဓဿ ဘဂဝတော အသုကဿ ဝါ စက္ကဝတ္တိနော ကာလေ အဝိဇ္ဇာ ဘဝတဏှာ စ ဥပ္ပန္နာ။ တတော ပုဗ္ဗေ နာဟောသိတိ ဧဝံ အဝိဇ္ဇာဘဝတဏှာနံ န ကာစိ ပုရိမာ မရိယာဒါ ဥပလဗ္ဘတိ။ ကသ္မာ အနုမတဂ္ဂတ္တာ သံသာရဿ။ ဌတ္တော ဟောတိ၊ အနုမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ နပညာယတိတိ ဝိတ္တာရော၊ ဟူသော နေတ္တိအဋ္ဌကထာ (နေတ္တိ ဋ္ဌ၊ ၁၉၃) လာစကားဖြင့်လည်းကောင်း သိအပ်၏။ သံသာရ၏အစကို အစပင်မရှိသောကြောင့် ဘုရားရှင်တို့သော်လည်း သိတော်မမူနိုင်ကုန်သေး၏ ဘုရားရှင်တို့မှ တစ်ပါးကုန်သော သာဝကတို့ သိတော်မမူနိုင်ကြကုန်သည်၌ ဆိုရန်မရှိသည်သာတည်း။ အစမထင်

အစကိုမရအပ် အစမရှိဟူ၍ သိတော်မူတတ်သော ဉာဏ်တော်မချွတ်သောကြောင့် ဘုရားရှင်တို့သာ သိတော်မူကုန်သတည်း။ သာဝကတို့သည် ဉာဏ်ချွတ်သော ကြောင့် အစမထင် အစကိုမရအပ် အစမရှိဟု သိတော်မမူကြလေကုန်။ ထို့ကြောင့် နေတ္တိပါဠိတော် သာသနာ ပဋ္ဌာန၌ (ခု-၁၀၊၁၅၂) "ပုဗ္ဗာ ဘိက္ခ- ဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇ- နာနံ သကိံ နိရယံ သကိံ တိရစ္ဆာနယောနိံ သကိံ ပေတ္တိဝိသယံ သကိံ အသုရယောနိံ။ သကိံ ဒေဝေ သကိံ မနုဿေ သန္ဓာဝိတံ သံသရိတံ။ ကတမာ ပုဗ္ဗာကောဋိတိ အဝိဇ္ဇာနိယံ။ န ပညာယတီတိ သာဝကာနံ ဉာဏဝေကလ္လေန"ဟု ဟောတော်မူအပ်၏။

"နပညာယတီတိ၊ အစမထင် အစကိုမရအပ်၊ အစမရှိ၏ ဟူ၍ သိခြင်းဟု ဆိုအပ်သော အရာသည်။ သာဝကာနံ။ သာဝကတို့၏။ ဉာဏဝေကလ္လေန၊ ဘုရားရှင်ကဲ့သို့ ဉာဏ်မပြည့်စုံ ဉာဏ်ချွတ်တဲ့သည်၏ အဖြစ်ကြောင့်။ ဝိသယော၊ အရာသည်။ နဟောတိ၊ မဖြစ်(ဝါ) မဟုတ်"ဟု အနက်ပေး။ ထို့ကြောင့် နေတ္တိအဋ္ဌကထာ(နေတ္တိ-ဋ္ဌ၊၂၅၈)၌ ကတမာ ပုဗ္ဗာ ကောဋိတိ အဝိဇ္ဇာနီယန္တိ ကတမာပုဗ္ဗာ ကောဋိတိ ကေနစိကတံ ပုစ္ဆနံ အဝိဇ္ဇာနီယံ။ကသ္မာ၊ သံသာရဿ ပုရိမာယ ကောဋိယာ အဘာဝတော။ တေနေဝါဟ ပုဗ္ဗာ၊ ဘိက္ခဝေ ကောဋိ န ပညာယတီတိ။ တတ္ထ န ပညာယတီတိ န ဒိဿတိ၊ န ဥပလဗ္ဘတီတိ အတ္ထော။ နပညာယတီတိ န အညဿ ဉာဏဿ ဝိသယော ဟောတီတိ ပန အတ္တံ သန္ဓာယ န ပညာယတီတိ သာဝကာနံ ဉာဏဝေ ကလ္လေနာတိ အာဒိ ဝုတ္တံ" ဟု မိန့်အပ်၏။ ။နေတ္တိဋီကာ (နေတ္တိ-ဋီ၊ ၁၄၄)၌လည်း "နဥပလဗ္ဘတီတိ နတ္ထီတိအတ္ထောဟုဖွင့်အပ်၏၊ဤစကားရပ်တွင်"နပညာယတီတိ အညဿဉာဏဿ ဝိသယော ဟောတိ"ဟူသော စကာကို ရှုမျှော်၍"န ပညာယတီတိ သာဝကာနံ ဉာဏဝေကလ္လေန"ဟူသော စကား၌ ပါဌ်သေသနှင့်တကွ အပြည့်အစုံ အနက် ယောဇနာခဲ့သတည်း။ အချို့သောသူတို့ကား "သံသာရဿ ပုရိမာယ ကော- ဋိယာ အဘာဝတော"ဟူသော စကားကို လည်းကောင်း, နပညာယတီတိ န အညဿ ဉာဏဿ ဝိသယော ဟောတိ"ဟူသော စကားကို လည်းကောင်း၊ မရှုမမျှော်လေဘဲ မျက်နှာလွှဲ၍ "န ပညာယတီတိ သာဝကာနံ ဉာဏဝေက- လ္လေန"ဟူသော ပါဠိတော် စကားကိုသာ ရှုမျှော်ပြီးလျှင် ထိုပါဠိတော်စကား၌ "သာဝကာနံ၊သာဝကတို့အား။ ဉာဏဝေကလ္လေန၊ ဉာဏ်ချွတ်တဲ့သည်၏ အဖြစ် ကြောင့်။ ပုဗ္ဗာ၊ ရှေးဖြစ်သော။ကောဋိ၊ အစွန်းသည်။ န ပညာယတိ၊မထင်နိုင်" ဟု အနက်သမ္ဗန်၍ သံသရာ၏ အစကို ဉာဏ်ချွတ်တဲ့ခြင်းကြောင့် သာဝကတို့သာ မသိနိုင်ကုန်သည်။ ဉာဏ်မချွတ်တဲ့သည်၏အဖြစ်ကြောင့် ဘုရားရှင်တို့မူကား သိနိုင် ကုန်၏"ဟု ဆိုကြကုန်သေး၏။ ဤသို့ ဆိုကုန်ကြငြားသော်လည်း ထိုစကားကို

သံသာရဿ ပုရိမာယ ကောဋိယာ အဘာဝတော” ဟူသော စကားနှင့်လည်းကောင်း၊ “န ပညာယတိတိ န အညဿ ဉာဏဿ ဝိသယော ဟောတိ” ဟူသော စကားနှင့်လည်းကောင်း ဆန့်ကျင်သောကြောင့် လေးစားမှု မယူအပ်ချေ။ “အညဿ၊ ဘုရားရှင်တို့ဉာဏ်တော်မှ တစ်ပါးသော ဉာဏဿ၊ သာဝကဉာဏ်၏။ ဝိသယော၊ အရာသည်။ န ဟောတိ မဖြစ် (ဝါ)မဟုတ်”ဟု အနက်ပေး။ အကယ်၍တည်း အစရှိခဲ့မူ ဤသည့်သတ္တဝါသည် ဤဘုရား, ဤစကြာမင်း လက်ထက်အခါ၌ “မြေမှစ၍ ဖြစ်လေသည်, ရေမှစ၍ ဖြစ်လေသည်” ဟု ဟောတော်မူသော အရာရှိလေရာသည်။ သို့လည်း မရှိလေခဲ့။

ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ စကားတို့ကို လေးစားမှုသဖြင့် သံသရာမှာ အစလုံးလုံး မရှိဟူ၍သာလျှင် မြဲမြဲကြီး မှတ်ယူကြကုန်ရာသတည်း။ ယဋ္ဌေတံ-စသော စကားသည် သခေ်ပတည်း။ စ-သဒ္ဒါ ဝါကျာရမ္ဘတ္ထဇောတက။ အထဝါ စသော စကားသည် ဝိတ္ထာရတည်း။ သခေ်ပ, ဝိတ္ထာရ၏ အဖြစ်ဖြင့် ထူးသောကြောင့် အထဝါနှင့် တက်သတည်း။

ယသ္မာ သံသာရဝဋ္ဋ ဝဋ္ဋတိ တသ္မာ။ ။(ဤတသ္မာကို ဟနိ (ဝိ၊ဋ္ဌ၊၁။၈၇)၌ စပ်။) တဿ အစရှိသည်ကား ဟိတ်ကူတည်း။ တတ္ထ ဒုက္ခာဒီသု စသော စကားသည် ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သိခြင်း၏ အကြောင်းတည်း။ ဝေမဃံ စကားသည် ထိုစကား၏ ဟိတ်ကူတည်း။ သာရတ္ထဒီပနီ(၁၊၂၂၁)၌ကား ချုံးသည့် ဒေ့ဓိပ္ပါယ် ရသောကြောင့် နိဂုံးဟူ၏။ တတ္ထ အဝိဇ္ဇာ စသော စကားသည် ဣမိနာ ဓမ္မဋ္ဌိတိဉာဏေန-၏ သရုပ်ပြတည်း။

တတ္ထ တသ္မိံ သံသာရဝဋ္ဋေ။ ဣတရေသု ရူပါ ရူပဘဝေသု အဋ္ဌကထာ၌ တဏှာ ာဃာနံ ဟူသောစကားသည် နည်းပြစကားတည်း။ ထို့ကြောင့် ရှေးရှေးသော စကားတို့၌လည်း ကာယသဒ္ဒါနှင့်တကွ ကာမဘဝ သခ်ရကာယာနံ စသည်ဖြင့် ဆိုသင့်ကြောင်းကို သိအပ်၏။ ထို့ကြောင့် သုတ်ပါထေယျပါဠိတော် သံဂီတိသုတ် အဋ္ဌ (ဒီ ၃၊၂၀၂။)၌ “ဆဝိညာဏကာယာ။ဆ ဖဿကာယာ။ဆ ဝေဒနာကာယာ။ဆ သညာကာယာ။ ဆ သဉ္စေတနာကာယာ။ ဆ တဏှာကာယာ”ဟု ဟောကော်မူအပ်၏။ သုတ်ပါထေယျ အဋ္ဌကထာ (ဒီ-ဋ္ဌ-၃၊၂၀၆)၌ “ဝိညာဏကာယာတိ ဝိညာဏသမူဟာ” ဟု ဖွင့်အပ်၏။ ဤစကားရပ်ဖြင့် ကာယ-သဒ္ဒါ၏ အတ္ထဘာဝအနက်ကို နှစ်စေ၍ သမူဟအနက်ကို ပြသတည်း။ ဝိညာဏ်ခြောက်ပါး ပေါင်းပုံကိုလည်း သုတ်ပါထေယျဋီကာ (ဒီ-ဋီ-၃၊၂၅၂)၌ “ဝိညာဏသမူဟာတိ တတ္ထ ယဒိပိ တေသံ ဝိညာဏာနံ သာမဝေါခနံ နတ္ထိ၊ ဘိန္နကာလိကတ္တာ၊ စိတ္တေန ပန ဧကဇ္ဈံ ဒဿိတံ

ယူပဟာနဝသေန သမဟာတာ ဝုတ္တာ။ ယထာ ဝေဒနာက္ခန္ဓောတိ”ဟူ၍ လာသော စကားနှင့်အညီ သိအပ်၏။ ဤသုတ်အဋ္ဌကထာ ဋီကာလာ စကားတို့ကို သာဓကပြု၍ အဋ္ဌကထာလာ “တဏှာကာယာနံ”ဟူသော ပုဒ်၏အနက်ကို ငှင်း တဏှာခြောက်ပါး ပေါင်းပုံကို သိအပ်၏။

အပါယေ ယသ္မာ ဥပပဇ္ဇတိ၊ တသ္မာ။ တတ္ထ တသ္မိံ ကာမတဏှာဝေ အဿ ကေစ္စဿ ပုဂ္ဂလဿ ဥပပတ္တိ ဟောတုဘူတံ ဒုစ္စရိတသင်္ခါတံ ကမ္မံ ကမ္မဘဝေါ။ (နောက် တတ္ထဿ အစရှိသော စကားသုံးချက်၌လည်း ဤအနက်အတိုင်းပင် တည်း)။

ဝေမယံ စသော ဝါကျကား အတိတ်စသော ကာလဝိသေသဖြင့် မမှတ် သောကြောင့် သာမညတည်း။ အတီတမ္ပိ-စသော ဝါကျသည် အတိတ် စသော ကာလဝိသေသဖြင့် မှတ်သောကြောင့် ဝိသေသတည်း။ ဤသို့ ရှေးဝါကျ, နောက်ဝါကျထူးသတည်း။

အင္ဂဒက္ခိဏော ဧတေ အဝိဇ္ဇာ သင်္ခါရာဒိကော ဓမ္မော။ တတ္ထတေသု အဝိဇ္ဇာ သင်္ခါရာဒီသု။ အင္ဂဒက္ခိဏောဟျပ္ပ္မာစ-၌ စ-သဒ္ဒါသည် ဝါကျာရမ္ဘတ္ထဇောတက “စီဝရာဒိပစ္စယေ စ ပူဇာဝိသေသဋ္ဌ ပဋိဂ္ဂဏှိတုံ အရဟတိ။ ”တေနေဝ စ အစရှိသောစကားသည် စီဝရာဒိပစ္စယေ အစရှိသော စကား၏ သခေပဖြစ် သော ဒဋ္ဌိကရဏ စကားဖြစ်သတည်း။ “စ သတ္တံ၊ ထိုစကားသည် မှန်၏”ဟု အနက်ပေး။

နှ တော အညတ္ထပူဇံ ကရော္တိ-ဟူသော ဝါကျ၏ နောက်၌ “နှ တေ စီဝရာဒိပစ္စယေ အညေသံ ဒေန္တိ”ဟူသော ပါဌ်ကြွင်းကျန်သတည်း။ ဤပါဌ် ကြွင်းကျန်သည်၏ အဖြစ်ကိုကား စီဝရာဒိပစ္စယေ-ဟူသော ရှေးစကား, ပရိ-နိဗ္ဗုတမ္ပိ စ အစရှိသော နောက်စကားတို့ကို ထောက်ထား၍ သိအပ်၏။ ထို စကား နှစ်ပါးတို့တွင် နောက်စကား၌ “စေတိယာသီတိဝိဟာရသဟဿာနိ” ဟူသော စကားကို ထောက်သတည်း။ ထိုစကားမှန်၏ ဝိဟာရ ဟူသော စကားသည် ပဓာန နည်းမျှသာတည်း။ ကျောင်းတို့ကို တည်စေသော် သက်နိမ်း, ဆွမ်း, ဆေး-ပစ္စည်းသုံးပါးတို့ဖြင့် ကျောင်းတော်တို့၌ ကိန်းဝပ်ကုန် သော စေတီတော်တို့၌ ဌာပနာသွင်းအပ်ကုန်သော ဓာတ်တော်တို့ကို အဘယ် မှာ မပူဇော်ဘဲ ရှိလှည့်အံ့နည်း။ ဝိဟာရဟူသည်လည်း စေတီတော်ကိန်းဝပ်ရန် စေတီအိမ် စေတီကျောင်းပင်တည်း။ ထို့ကြောင့် ဤပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရနိဒါန်းအဖွင့်(ဝိ၊ ဋ္ဌ၊ ၁၊ ၃၆)၌ စေတုရာသီတိဝိဟာရသဟဿာနိ ကာရာပေသိ စတုရာသီတိ သဟဿ စေတိယ ပဋိမဏ္ဍိတာနိ”-ဟု မိန့်တော်မူအပ်ပြီ။ ထိုသို့ ပါဌ်ကြွင်းကျန်သောကြောင့် လို တေနေဝ-အစရှိသော စကားသည် ပစ္စာသတ္တိ

နည်းအားဖြင့် ပုဇ္ဇာဝိသေသဥ္စ ဟူသော နောက်စကားကို အစပြု၍ မြဲမြံစေသော စကားဖြစ်သတည်း။ ထို့ကြောင့် ထိုတေနေဝစ—အစရှိသော သခေ်ပဖြစ်သော ဒဠှီကရဏစကားကို အကျယ်ချဲ့ပြသော တထာ ဟိ—အစရှိသော ဝိတ္ထာရ စကားနှစ်ရပ်တွင် ဗြဟ္မာသဟမ္ပတိ—အစရှိသော ရှေးဝိတ္ထာရစကားဖြင့် နတေအညတ္တ ပုဇ္ဇံကရောန္တိ ဟူသော ရှေးသခေ်ပစကား၏ ဝိတ္ထာရကိုပြပြီးမှ ပရိနိဗ္ဗုတမ္ပိ—အစရှိသော နောက်ဝိတ္ထာရစကားဖြင့် န တေစီဝရာဒိပစ္စယေ အညေသံ ဒေန္တိ—ဟူသော နောက် ပါဠ်ကြွင်းစကား၏ ဝိတ္ထာရကိုပြသတည်း။

ကော ပန ဝါဒေါ အညေသံ ပုဇာ ဝိသေသာနံ ဟူသော စကား၏ နောက် ၌လည်း ကောပန ဝါဒေါ အညေသံ စီဝရာဒိပစ္စယာနံ—ဟူသော ပါဠ်ကြွင်းကျန် သတည်း။ ဣတိ ပစ္စယာဒီနံ—အစရှိသော စကားသည် နိဂုံးစကားဖြစ်သတည်း။ ဤနိဂုံးစကားဝယ် ပစ္စယ—သဒ္ဒါဖြင့် စီဝရာဒိပစ္စယေ ဟူသော ရှေးစကားနှင့် အညီ စီဝရာဒိပစ္စယာကိုယူ၍ ပစ္စယာဒီနံ—၌ အာဒိသဒ္ဒါဖြင့် ပုဇာဝိသေသကို ယူအပ်၏။ ထိုသို့ယူအပ်သည်ရှိသော် ဤနိဂုံးစကားသည် စီဝရာဒိပစ္စယေ အစရှိသော ရှေးအရင်းစကားအားလျော်စွာ အစဉ်အတိုင်းသိမ်းအုပ်သော နိဂုံးစကားဖြစ်သတည်း။ ပစ္စယာဒီနံ၌ အာဒိသဒ္ဒါဖြင့် ပုဇာဝိသေသကိုယူရ သည်၏ အဖြစ်ကို "ပစ္စယာဒီနံ အရဟတ္တာပိ အနုဟန္တိ ယထာဝုတ္တ စီဝရာဒိ ပစ္စယာနံ ပုဇာဝိသေသဿ စ အဂ္ဂဒက္ခိဏေယျဘာဝေန အနုစ္ဆဝိကတ္တာပိ အရဟံ" ဟူသော သာရတ္ထဒီပနီ (၁၊၂၂၇) စကားကို သာဓကပြု၍ သိအပ်၏။ သင်္ဂဟဂါထာ၌လာသော "ပစ္စယာဒီနစာရဟော" ဟူသော စကား၌လည်း ထို့အတူပင် ပစ္စယ၏အရကိုလည်းကောင်း၊ အာဒိသဒ္ဒါဖြင့်ယူအပ်သော အနက်ကိုလည်းကောင်း သိအပ်၏။

တစ်နည်းကား န တေ အညတ္ထ ပုဇ္ဇံကရောန္တိ ဟူသော စကား၌ န တေ အညတ္တ စီဝရာဒိပစ္စယေဟိ စေ ရတနဒါမာဒိနာ စ ပုဇ္ဇံကရောန္တိ ဟူသော အနက်ဖြစ်ခဲ့သော် ထိုစကား၏နောက်၌ န တေ စီဝရာဒိပစ္စယေ အညေသံ ဒေန္တိဟု ပါဠ်ကြွင်းကျန်ရှန်မရှိပြီ။ ဤသို့ဖြစ်ခဲ့သော် တထာဟိ—အစရှိသော ဝိတ္ထာရစကားသည်သာလျှင် ပစ္စာသတ္တိနည်းအားဖြင့် ဝိတ္ထာရကိုပြသော စကားဖြစ်သတည်း။ ဤသို့ဖြစ်ခဲ့သော် န တေ အညတ္တပုဇ္ဇံကရောန္တိ ဟူသော စကားမူကား ပစ္စာသတ္တိနည်းအားဖြင့် ဆိုအပ်သော စကားမဟုတ် ဟု မှတ်အပ်၏။

န တေ အညတ္ထ ပုဇ္ဇံ ကရောန္တိ—ဟူသော စကား၌ကဲ့သို့ ကောပနဝါဒေါ အညေသံ ပုဇာဝိသေသာနံ—ဟူသော စကား၌လည်း စီဝရာဒိပစ္စယပုဇာရတန ဒါမာဒိ ပုဇာသက္ကာရာနံ ပုဇာဝိသေသာနံ—ဟူသော အနက်ကို မှတ်အပ်၏၊

ယထာ ၆ ၌ ဧ–သည် ဝါကျာရမ္ဘတ္ထဇောတက။ အသိလောကာဘယေန– ၌ သိယောက–သဒ္ဒါသည်။ သိလောကောတု ယသေပဇ္ဇေ (၁၀၄၁ ဧ.ဘိဓာန် ဂါထာ) ဟုမိန့်အပ်သော ယသအနက်, ပဇ္ဇအနက် ဤနှစ်နက်တို့တွင် သိလော ကတိ ပတ္တရတိတိ သိလောကော ဟူသော ဝစနတ္ထကြောင့် ဤအရာ၌အကျော် အစော ကိတ္တိ အနက်ဟောတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၊ ၂၂၅) ၌ အသိလောကာဘယေနာတိ အကိတ္တိဘယေန" ဟု မိန့်အပ်၏။

ရဟော–သဒ္ဒါသည် ပရမ္မုခါ အနက်ဟောသော နိပါတ်ပုဒ်တည်း။ ထို့ကြောင့် အဘိဓာန်အဗျယဝဂ် (၁၁၅၇-ဂါထာ)၌ ပရမ္မုခါ တု ဧ ရဟော– ဟု မိန့်အပ်၏။ ရုပ်ပြီးကိုမူကား "သဗ္ဗသော န သန္တိစေတဿ ရဟာတိ အရ- ဟောဘိ ဝတ္တဗ္ဗေ ဩကာရဿ သာနုသာရံ အကာရာဒေသံ ကတွာ အရ- ဟန္တိ ဝုတ္တံ" ဟူသော သာရတ္ထဒီပနီ (၁၊ ၂၂၇) စကားကို မှီး၍ဖြင့် ဩ– အက္ခရာကို နိဂ္ဂဟိတ်နှင့်တကွဖြစ်သော အံ-ပြု၍ အရဟံ–ဟု ရုပ်ပြီးသည်ကို သိအပ်၏။ ရဟာဘာဝါ ပုဒ်ကို ဝစနတ္ထကို ထောက်သဖြင့် ရဟော+အဘာ- ဝါ–ဟု ပဒစ္ဆေဒမူအပ်၏။ ဟောတိစေတ္ထ ၌ ဧ–သည် ဝါကျာရမ္ဘတ္ထဇောတက။ သမ္ဘာသဒ္ဒါသည် အဝိပရိတတ္ထဝါစက။ သာမံ သဒ္ဒါကား သယမတ္ထဝါစက။ ဧ-သဒ္ဒါ သည် အဝဓာရဏတ္ထဝါစကထို့ကြောင့် သာရတ္ထဒီပနီ (၁၊ ၂၂၈)၌ "သာမန္တိသယ- မေဝ၊ အပရေနယျာ၊ ဟုတွာတိအတ္ထော" ဟု မိန့်အပ်၏။ မဏိသာရမဉ္ဇူသာ (၁၊ ၇၄)၌လည်း ဧ သဒ္ဒေါအဝဓာရဏတ္ထော၊ သာမံဝေါတိအတ္ထော" ဟု မိန့်အပ်၏။

အဘိညေယျ ဟူသောစကားသည်၊ ပရိညေယျ စသော လေးပါးတို့နှင့် ဆက်ဆံရကား သာမည။ ပရိညေယျ စသည်ကား ဝိသေသ။ ထိုအဘိညေယျ စသော စကားသည်၊ မဇ္ဈိမပဏ္ဏာသ ဗြဟ္မာဏဝဂ် ဒုတိယသေလ သုတ်၌ လာ သတည်း။ ထို့ကြောင့် "ဗြဟ္မဏ၊ သေလပဏ္ဏာသ" ဟု အနက်ပေး။

အပိစ အစရှိသော စကားသည် အဘိညေယျမမွေ အစရှိသော သခေ်ပ၏ ဝိတ္ထာရတည်း။ ထို့ကြောင့် "အပိစ အပရော ဝိတ္ထာရနယော မယာ ဝုတ္တော" ဟု အနက်ပေး။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၊ ၂၃၁)၌ ဓေ၀သစ္စဝသေန သာမညတော ဝုတ္တမတ္ထံ ဒွါရာရမ္မဏေဟိ သဒ္ဓိံ ဒွါရပ္ပဝတ္တဓမ္မေဟိစေဝ ခန္ဓာ- ဒိဟိ စ သစ္စဝသေနေဝ ဝိဘဇိတွာ ဒဿေတုံ အပိစာတိ အာဒိ အာရဒ္ဓံ" ဟု မိန့်အပ်၏။

ဧကေကပဒုဒ္ဓါရေနာပိ၊ စက္ခုပုဒ်အစရှိသော တစ်ခုတင်ခုသော ပုဒ်ကို ထုတ်သဖြင့်လည်း။ တတြပဋိစ္စသမုပ္ပါဒင်္ဂေသု။ တေန ဝုတ္တံ စသည်ကား နေတ္တိအဋ္ဌကထာ၌ မိန့်သော စကားကိုထောက်၍ နိဂုံး ဆရာတို့ကား လင်္ကာဂုဏ်ဟု မိန့်တော်မူကုန်၏။

ဘယဘေရဝသုတ်သည် မူလပဏ္ဏာသပါဠိတော် မူလပရိယာယဝဂ်တွင် စတုတ္ထသုတ်တည်း။ အမ္ဗဋ္ဌသုတ်မူကား သုတ်သီလက္ခန်ပါဠိတော် တတိယ သုတ်တည်း။

ဟိသစ္စံ။ တတြတသ္မိံ အမ္ဗဋ္ဌသုတ္တေ။

သာရတ္ထဒီပနီ(၁၊၂၃၅)၌ စတ္တာရိဈာနာနိဟု-တည် ပါဌ်ထားသောကြောင့် အဋ္ဌကထာ၌ ရူပါဝစရသဒ္ဒါနှင့် တကွ စတ္တာရိ ရူပါဝစရဇ္ဈာနာနိဟု မရှိသင့်။ ရူပါဝစရသဒ္ဒါမပါဘဲ စတ္တာရိ ဈာနာနိ ဟူ၍သာ ရှိသင့်သတည်း။ ဣမေယောဂ ပန္နရသဓမ္မာ ဧကေဟိ ပန္နရသဟိ စ ဓမ္မေဟိ အရိယသာဝကော အမတံပဒံ (ဒိသံ) ယသ္မာစရတိ တသ္မာစရဏန္တိ ဟိယသ္မာ ဝုတ္တာ တသ္မာစရဏန္တိ ဣမေပန္န-ရသဓမ္မာ ဝေဒိတဗ္ဗာ။

ယထာဟစသော စကားဖြင့် ပန္နရသ ဓမ္မာ ဝေဒိတဗ္ဗာကို သာဓကဆောင်သတည်း။ [ကျမ်းတက်] မြတ်စွာဘုရားသည် ဤဝိဇ္ဇာစရဏတို့နှင့် ပြည့်စုံစေကာမူ ဤဝိဇ္ဇာစရဏ သမ္ပဒါကို သာဝကတို့၌လည်း ရအပ်သောကြောင့် မြတ်စွာဘုရားကိုသာ ဝိဇ္ဇာစရဏသမ္ပန္နောဟု မဆိုအပ်သည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် တတ္ထစသော စကားကို မိန့်သတည်း။

ယသ္မာ သဗ္ဗညုတံ ပူရေတွာ ဌိတာ, တသ္မာ စ၊ ယသ္မာ မဟာကာရုဏိကတံ ပူရေတွာ ဌိတာ တသ္မာစ၊ ယသ္မာ အတ္ထေ နိယောဇေတိ၊ တသ္မာ ဘဂဝါ ယေဝ ဝိဇ္ဇာစရဏ သမ္ပန္နောတိ ဝုစ္စတိ။

အသော ပိ၊ ငါတို့၏ ဘုရားရှင်တပါးလည်းဖြစ်သော။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သော။ဗုဒ္ဓေါ၊ သည်။ အနတ္ထံ၊ ကို။ ပရိဝဇ္ဇေတွာ၊ ၍။ အတ္ထေ၊ ၌။ နိယောဇေတိယထာ ယှဉ်စေသကဲ့သို့။ တထာ၊ ထို့။ သောဘဂဝါ၊ သည်။ (ပ)နိယောဇေတိ ၏။

တနည်းကား "ယထာ ယေန ကာရဏေန သော ဘဂဝါ ဝိဇ္ဇာစရဏ သမ္ပန္နော၊ တထာ တေန ကာရဏေန နိယောဇေတိ"-ဟု မဟာကာရုဏိကတာယ-ဟူသောဟိတ်၏ ဟိတ်ကို အနက်ပေးသော်လည်းသင့်ရသေး၏။ ယသောတံ၌ တံကား အနက်မရှိ နိပါတ်မျှသာတည်း။ တေနသာစသည်ကား ဝုစ္စတိ, ဝိဇ္ဇာစရဏ

သမ္ဗန္ဓောတိ၏ လဒ္ဒဂုဏ်ကိုပြစကားတည်း ထို့ကြောင့် သာရတ္ထဒီပနီ (၁၊၂၃၆)၌ သာပနာယ် စသော စကားကို မိန့်သတည်း။
ထို့ကြောင့်“တေနသမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ ဝိဇ္ဇာစရဏသမ္ပန္နောတိ ဝုတ္တဘာဝ ကာရဏေန” ဟုစွဲ“တေနအတ္ထေ နိယောဇနကာရဏေန”ဟု မစွဲလင့်၊ စွဲရိုးမဟုတ်။ ဝိဇ္ဇာစရဏ ဝိပန္နာနံဟိ စသည်ကား တေန-၏ ဟိတ်ကူတည်း ဤဟိတ်ကူကို ထောက်၍လည်း တေနဖြင့် အရင်းစကားကို စွဲသည်၏အဖြစ်ကို သိရာ၏။ ထိုစကားမှန်၏ ဝိဇ္ဇာစရဏ ဝိပန္နသည် ဝိဇ္ဇာစရဏ သမန္နာဂတ၏ ဗျတိရေကတည်း။ ထို့ကြောင့် “တေနဟူသော အကြောင်းကို အန္ဝယအကြောင်း, ဝိဇ္ဇာစရဏ ဝိပန္နာန စသောအကြောင်းကို ဗျတိရေက အကြောင်း”ဟု မှတ်အပ်၏။

ဟိယသ္မာ၊ ကြောင့်။ ဝိဇ္ဇာစရဏဝိပန္နာနံ၊ ဝိဇ္ဇာစရဏနှင့် မပြည့်စုံကုန်သော တိတ္ထိတို့၏။ သာဝကာ၊ ကုန်သော။ အတ္တန္တပါဒယော၊ မိမိတို့၏ကိုယ်ကို ငါးပါးကုန်သော အပူတို့ဖြင့် ပူစေတတ်ကုန်သောသူအစရှိသည်တို့သည်။ ဒုပ္ပဋိပန္နာ၊ ကုန်သည်။ ဟောန္တိဝိယ၊ သို့။ဒုပ္ပဋိပန္နာ၊ ကုန်သည်။ နဟောန္တိ၊ ကုန်၊ တသ္မာ၊ ကြောင့်။ သုပ္ပဋိပန္နာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဒုပ္ပဋိပန္နာ၊ ကုန်သည်။ နဟောတိ၊ ကုန်။ နော ဒုပ္ပဋိပန္နာကို ရှေ့ဝါကျ နောက်ဝါကျနှင့် စပ်၍ အနက်ပေး။

သောဘဏဂမနတ္တာစ၊ ဘေးမရှိသော နိဗ္ဗာန်အရပ်သို့ အာရုံပြုသောအားဖြင့် အရိယမဂ် တည်းဟူသော သွားခြင်း ရှိတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။ သုန္ဒရံ၊ ကောင်းသော။ ဌာနံ၊ နိဗ္ဗာန်တည်းဟူသော အရပ်သို့။ ဂတတ္တာစ၊ အာရုံ ပြုသောအားဖြင့် ကြွသွားတော် မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ သမ္မာ၊ ကောင်းစွာ၊ ဂတတ္တာ စ။ ထိုထိုမဂ်ဖြင့်ပယ် အပ်ကုန်ပြီးသော ကိလေသာတို့ကို တဖန် မဖြစ်စေသည်၏ အဖြစ်ဖြင့် ဖြစ်တော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

တစ်နည်းကား—— သမ္မာ၊ ကောင်းသောအမျိုးဆယ်ကုန်သော ပါရမီတော်တို့ကို ဖြည့်တော်မူခြင်းတည်းဟူသောအကျင့်ဖြင့်။ (ဝိတ္ထာရစကားမှ သမ္မာပဋိပတ္တိယာကို ထောက်သတည်း။) ဂတတ္တာစ၊ ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ခြင်း အရိယာမဂ်၏ ဖြစ် ခြင်း ဖြင့် ဖြစ် တော် မူ တတ် သည် ၏ အ ဖြစ် ကြောင့် လည်းကောင်း၊ (ဝိတ္ထာရစကားအဖွင့်ဖြစ်သော။ “ပဋိစ္စသမုပ္ပါဒဂတိ ဒဿေတိ။ အရိယမဂ္ဂဂတိ ဒဿေတိ”ဟူသော သာရတ္ထဒီပနီ (၁၊၂၃၇)လာ စကားကို ထောက်သတည်း) သမ္မာ၊ ကောင်းစွာ၊ ဂဒတ္တာစ၊ မိန့်ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သုဂတော၊ သုဂတမည်တော်မူ၏။ [ဂမနံပိဟိ စသည်ကား ဝိတ္ထာရ]။

တေနဟေသစသော စကားသည် အရိယာမဂ်၏ ဂမနမည်ရာ၌အကြောင်းကို ပြသော စကားတည်း။

ဟိယသ္မာ သေ သော ဘဂဝါ တေန အရိယမဂ္ဂသင်္ခါတေန ဂမနေန ခေမံ အဘယံ နိဗ္ဗာနံ သင်္ခါတံ ဒိသံ ဇာရမ္မဏကရဏဝသေန၊ သုဂတိဂမနေပိ အသင်္ဂမာနော သင် အကရောန္တော အလဂ္ဂမာနော။ အထဝါ ဥပရိမုပရိမမဂ္ဂါနံ ကောသနေ အလဘာနေန ဟေဋ္ဌိမဟေဋ္ဌိမ မဂ္ဂေ အသင်္ဂမာနော အဗဇ္ဈန္တော ဂတော။ တသ္မာအရိယမဂ္ဂေါဂမနံနာမာတိ။ တသ္မာ သောဘဏဂမနတ္တာစ သုဂတော”

တသ္မာ-ရှေ့ ဟိတ်ကို တွေ့ပြား အနက်ပြား။ တသ္မာနောင်ဟိတ်နှင့် ဆောင်မူ၊ အနက်တူ။ ဤမှာ သုံး။

နပုနေတိကို နပုန ဧတိ-ဟု ပုဒ်ဖြတ်၊ ဧတိ-၌ ကာရိုက်ဏာပေပစ္စည်းကျေ သည်ဟု မှတ်ရန်ရှိသည်။ ဤသို့ကျေမှ ထို နပုနေတိဟူသော ကြိယာသည် တေကိုလေသေဟူသော ကံနှင့် လျော်သတည်း။ နပစ္စေတိ နပစ္စာဂစ္ဆတိဟု ကုန်သော ကြိယာနှစ်ပုဒ်တို့၌လည်း ထို့ အတူပင်တည်း။

သဘာဝတော၊ ဒုက္ခသဘောအားဖြင့်။ သမုဒယတော၊ဒုက္ခ၏ဖြစ်ရာ တဏှာ အစရှိသောအားဖြင့်။ နိရောဓတော၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်အားဖြင့်။ နိရောဓုပါ-ယတော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အရိယာမဂ်အားဖြင့်။ ယတ္ထခေါ် အစရှိသော ပါဠိတော်သည် သဂါထာဝဂ္ဂသံယုတ်၊ နာနာတိတ္ထိယဝဂ်၊ ဒေဝ-ပုတ္တသံယုတ်၊ ရောဟိတဿသုတ် (သံ-၁၊၆၁)၌ လာသတည်း။

အပိစအပရော ဝိတ္ထာရနယော မဟာဝုစ္စတေ။ လောကောပန-စသော သာရတ္ထ ဒီပနီစကား (၁-၂ ၄၁။) ဝေဝံခေပတော-စသော ဝိမတိ ဝိနောဒနီ (၁၊၅၂)စကားတို့ကို ထောက်သတည်း။

ယာဝတာယတ္တကေဒွာနေ၊ တံတိဝိဓမ္ပိလောကံ။ အဿအနေန ဘဂဝတာ၊ (ဝိဒိတော၌ စပ်)

တထာဟေသ-၌ သေ ကိုနောက် တဆယ့်တအင်္ဂါနှင့်ရှိသော ဘဂဝါနှင့်ယှဉ် စပ်၍ “သေ သော ဘဂဝါ”ဟု ဤမှာအနက်ပေး။ ဇာစက္ကဝါဠိသည် ပကတိ ကတ္တား, ဒွါဒသ သတသဟဿာနိစသည်ကား ဝိကတိကတ္တား၊ ဟောန္တိထည့်၍ အနက်ပေး။ ဤ၌ ဝိကတိသင်္ချာကိုယူသတည်း။ ထို့ကြောင့် “ပကတိ ဝိကတိ-စေဝ၊ယတြဝုတ္တံဒွယမ္ပိ စ။ဝါစကော ပကတိသင်္ချါ၊ဂဏှာတိဿာပဓာနတောတ်” အယမ္ပနဂါထာ ယေဘုယျေန ဝါစကဿ ပကတိသင်္ချာ ဂဟဏ သန္ဓာယဝုတ္တာတိ ဝေဒိတဗ္ဗော”ဟု မဏိသာရမဉ္ဇူသာ ၂၊၂၁၀။ ၌ မိန့်အပ်ပြီ။ မူလဋီကာ ရူပ

ကဏ္ဍ"သဗ္ဗံသတသဟဿာနိ"စသော ဒုတိယဂါထာအဖွင့် (မူလဋီ ၁၊၁၄၀။)၌
လည်း"ပရိက္ခေပတော ဆတ္တိံသ သတ သဟဿာနိ ဒသ စေဝ သဟဿာနိ
အစ္စုဂ္ဂတ္တာနိ စ ယောဇနသတာနိ ဟောန္တီတိ အဓိပ္ပာယော"ဟု ဗဟုဝုစ်ဟောန္တိ
သဒ္ဒါနှင့်မိန့်အပ်ပြီ။

"စဝတိဘမတိတေနာတိစက္ကံ"ရထားလှည်းဘီး ရစေ။ စက္ကံဝိယဝါဋတိ ပဗ္ဗတ·
တီတိစက္ကဝါဠော။ ဆရာတို့ကား စက္က-ခာတ်ပူ ကုန်၏။ ဤမြေ နှစ်သိန်းလေး
သောင်း ဟူရာ၌ ပေါ်စကိုသာရည်သည် ကကုသန်နှင့် ကောဏာဂုံ။ ကော·
ဏာဂုံနှင့်ကဿပဘုရားတို့၏ အကြား၌ တယူဇနာစီ၊ ကဿပဘုရားနှင့် ငါတို့
ဘုရားလက်ထက် တယူဇနာခွဲတက်မှုကားနှစ်သိန်းလေးသောင်းကျော်ပြီ။ ယင်း
သို့လျှက်ဦနမဓိကံဝါ ဂဏနုပဂံနဟောတိ" (မ ဋီ ၂၊ ၁၇၁)ဟူရကား အလွန်
ကို မယူမူ၍ နှစ်သိန်းလေးသောင်း နှင်နှင်သာ မိန့်လေသည်။ မြေတက်
အပိုင်းအခြားကို သိလိုမူ သာရတ္ထသင်္ဂဟာကိုကြည့်။

"သိနေ့ သောစေယျေ။ သိနာတိသောစေတိဒေဝေတိသိနေရု၊ ရေပဗ္ဗ·
ယော။ ယုဂန္ဓရာဒီနိသိနေရုဿ ပရိဝါရ ဘူတာနံသတ္တန္နံ ပရိဘဏ္ဍ ပဗ္ဗတာနံ
နာမာနိ။ စန္ဒသူရိယ သဒ္ဒိတံ ယုဂံမာရေတိ တဒုဗ္ဗေဓမဂ္ဂစာရိတ္တာတိ ယုဂန္ဓ·
ရော။ ဤသံမဟိဿရံ ဓာရေတိ တဿ နိဝါသဋ္ဌာနတ္တာတိ ဤသဓရော။ ကရဝီရာ
အဿမာကေကာ ဗဟဝေါတ္ထေသန္တီတိ ကရဝီရော၊ ကေဝါ မယုရာ ရဝန္တိ တ္တောတိ
ကရဝီရော။ ကရဝီကောတိပိပါဌော၊ ဣမာပိ ပတ္တိမောယေဝတ္တော၊ ကရဝီက·
သကုဏာဝါ ဗဟဝေါတ္ထေသန္တီတိ ကရဝီကော။ သုဒဿနာ ဩသဓိ ဝိသေသာ
ဗဟုကာတ္ထေသန္တီတိ သုဒဿနော၊ သုခေန (သာရတ္ထ ပကာသိနီမည်သော
သံယုတ်အဋ္ဌကထာ (သံ-ဋ္ဌ ၂၊ ၁၄၉)၌ တ္တောဝတာ ကိရ ဒိန္နံ ဗုဒ္ဓါနံ အန္တရေ
ယောဇနံ ပထဝီ ရဿန္တာ"ဟု-ရှိ၏။) ပဿိတဗ္ဗတ္တာ ဝါ သုဒဿနော။
သုန္ဒရံ ဝါ ဒဿနံ တ္တောတိ သုဒဿနော။

ပဋ္ဌန္နံ ပဗ္ဗတစက္ကာနံ နေမိံသဒိသံ ကတ္ဝာ အတ္တာနံ ဓာရေတီတိ နေမိန္ဓရော၊
နေမိဘာဝေန ဝါ ဓာရေတဗ္ဗော ဥပလက္ခေတဗ္ဗောတိ နေမိန္ဓရော၊ နေမိံ ဝါ·
ရထန္ဒုမံ ဓာရေတိ ယေဘုယျေနာတိ နေမိန္ဓရော။ ဝိနတာနာမ သုပဏ္ဏမာတာ၊
တဿာ နိဝါသဋ္ဌာနတ္တာ ဝိနတကောတိ စိန္တာမဏိဋီကာ။ ဝိတ္ထိဏ္ဏော ဝါ နတာ·
နဒိယော တ္တောတိ ဝိနတကော။ အဿကဏ္ဏာသဒ္ဒိဒုမာဗဟဝေါ တ္တေ သန္တီတိ
အဿကဏ္ဏော၊ အဿကဏ္ဏသဒိသကူဋတ္တာဝါ အဿကဏ္ဏော" (အဘိဓာန်
ဋီကာ။ ၂၅, ၂၆ ဂါထာ)

ဤသံကို မဟိသာရံဟု ဖွင့်သည်ကား "သမ္ဘူ-ဤသော၊ သဗ္ဗော-ဤသာနော" စသည်ဖြင့် မဟိသရပရိယာယ်ကို မိမိဆိုခဲ့သည်နှင့်အညီ (အဘိဓာန်ဋီ၊ ၂၅၊ နှာ)။ ဖွင့်သတည်း။ ကရဝီရကို အဿမာရကာ ဟုဖွင့်သည်ကား အရည်ဝဂ် (၅၇၄-ဂါထာ) ၌ ကရဝီရောဿမာရကော=ကုလားဇလပ်ပရိယာယ် လာရှိသောကြောင့် ဖွင့်သတည်း။ သာလေဿ ကဏ္ဏော သဇ္ဇော ထ အဘိဓာန် အရည်ဝဂ် (၅၆၂-ဂါထာ) အင်ကြင်းဟောပရိယာယ်။ နေမိဇာတ်တော် (ဇာတက-ဋ္ဌ-၆၊ ၁၅၆)၌ သုဒဿနော၊ ကရဝီကော၊ ဤသန္ဓရော ယုဂန္ဓရော နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော၊ ဂိရီဗြဟာ" ဟုလာရှိသည်ကား "တဒါသတ္တန္နံ ပရိဘဏ္ဍပဗ္ဗတာနံ၊ ပရိဝတ္တနနာမတ္တာ"ဟု မဏိဒီပ (ဝိသဟ် ဂါထာဝဏ္ဏနာ၊(၁၉၇၊ ၁၉၉-နှာ)၌ မိန့်အပ်သည်နှင့်အညီ ထိုအခါ အမည်ပြန် သောကြောင့် လာရှိသတည်းဟု မှတ်အပ်၏။

ယဿာ၊ ဇမ္ဗုယာ၊ အကြင် ကျွန်းဦးသပြေပင်၏။ အာနုဘာဝေန၊ ဖြင့်။ အယံ ဒီပေါ၊ သည်။ (ဝါ) ကို။ ဇမ္ဗုဒီပေါတိ၊ ဟူ၍။ ပကာသိတော၊ ထင်ရှား၏။ (ကတ္တုသာဓ်) (ဝါ) ပြုအပ်၏၊ (ကမ္မသာဓ်) နဂဝှယာ၊ နဂ-ဟု ဆိုအပ်သော။ (ဝါ)နဂ-ဟုခေါ်ဝေါ်အပ်သော။ သာ ဇမ္ဗူ၊ သည် (အဋ္ဌသာလိနီ ယောဇနာနည်းတည်း) တစ်နည်းကား–နဂဝှယာ၊ နဂသဒ္ဒါဖြင့် ခေါ်ဝေါ် အပ်သော (ဝါ) နဂသဒ္ဒါသည် ဟောအပ်သော (သာရတ္ထ ဒီပနီ ဋီကာနည်း တည်း) (တစ်နည်းကား) နဂဝှယာ၊ သစ်ပင်ဟု ခေါ်ဝေါ်အပ်သော။ သာဇမ္ဗူ၊ သည်။ (ပါရာဇိကကဏ် ယောဇနာနည်းတည်း။) တေသ (ဘဂဝတော)၊ ထို မြတ်စွာဘုရားအား။ ဂုဏေ ဟိ၊ သီလ အစရှိကုန်သော ဂုဏ်တော်တို့ဖြင့်။ အတ္တနော၊ ကိုယ်တော်ထက်။ ဝိသိဋ္ဌတရဿ၊ ကိုယ်တော်၏အထက်၌ ဖြစ်သည်၏ အဖြစ်ဖြင့် ထူးသောအားဖြင့်လွန်သော။ (ဝိသိဋ္ဌေန ဝိသိဋ္ဌဘာဝေန တရော- တိဏ္ဏောတိ ဝိသိဋ္ဌတရော-ဟု ဝစနတ္ထပြု၊ ဝိသိဋ္ဌာန် ဝိသေသေန ဝိသိဋ္ဌောတိ ဝိသိဋ္ဌတရော-ဟု ဝနေတ္ထပြုသော် ဘုရားရှင်ထက် အလွန်ထူးသောသူသာ မရှိသည်။ အတော်အသင့် ထူးသောသူမှုကား ရှိသေး၏ဟူသော အပြစ်ဒေါသ ရောက်လေရာသတည်း။) ကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ဥတ္တရော၊ ကိုယ်တော်၏ အထက်၌ ဖြစ်သည်၏ အဖြစ်ဖြင့် ထူးသောအားဖြင့် လွန်သော တစ်စုံတစ်ယောက်သောသူသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ သောဘဂဝါ၊သည်။အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။

ဤအဋ္ဌကထာစကားရပ်ပယ် ကောင်းစွာအကျုံးဝင်သော ဝိသိဋ္ဌတရဿ ဟူသောစကားရပ်၌ ဝိသိဋ္ဌ-သဒ္ဒါဖြင့် ဥတ္တရ-ဟူသောပုဒ်၌ ဥ-ဟူသောဥပသာရ ပုဒ်၏ ဥဒ္ဓဂ်မ ဝိယောဂ အစရှိကုန်သော တစ်ဆယ့်လေးပါးကုန်သော အနက်

တို့တွင် ဥဒ္ဒင်္ဂမအနက်ကို ပြတော်မူသတည်း။ ထိုစကားသင့်၏၊ ဥဒ္ဒင်္ဂမ-ဟူသည် အထက်၌ဖြစ်ခြင်းတည်း။ အထက်၌ဖြစ်ခြင်းဟူသည် သူတစ်ပါးတို့ထက်ထူးသည်၏အဖြစ်ပင်တည်း။ တရဟူသောကၱတ်ပုဒ်သဒ္ဒါဖြင့် ဥတ္တရဟူသောပုဒ်၌ တရ-သဒ္ဒါ၏အနက်ကို ဖွင့်ပြသတည်း။ တရသဒ္ဒါကို တရသဒ္ဒါဖြင့် ဖွင့်ပြခြင်းသည်ကား မကသသဒ္ဒါသည် ခြင်ဟူသောအနက်၌ လယ်ပြင် လွင်တီးခေါင်အရပ်မှာ ပြေးသွားသော ဆင်ပြောင်ကြီးကဲ့သို့ ထင်ရှားသောကြောင့် "မကသာတိ-မကသာဝ"ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ ခန္ဓဝိဘင်္ဂနိဒ္ဒေသ သုတ္တန္တဘာဇနီယနည်း ရူပက္ခန္ဓနိဒ္ဒေသအဖွင့် (အဘိ ဋ-၂-၅)၌ ဖွင့်ပြသကဲ့သို့ တရဓာတ်၏ တရပ္ပဝန သရဏော်သု ဟူ၍လည်းကောင်း, တရ-သမ္ဘမေ၊ သမ္ဘမော အနဝဋ္ဌာနံ ဟူ၍လည်းကောင်း ဓာတုမာလာ၌ (နိတိဓာတု၁၅၀) လာရှိကုန်သော သုံးပါးကုန်သောအနက်တို့တွင် ပ္လဝနအနက်, သမ္ဘမအနက် ဤနှစ်ပါးကုန်သော အနက်တို့ကား မထင်ရှားကုန်။ တရဓာတ် တရဏအနက်သည် ဓာတ်မပြောင်းသော အနက်ဖြစ်သည်နှင့် ထင်ရှားသကဲ့သို့ ထင်ရှားသတည်း။ ထို့ကြောင့် ဖွင့်ပြသတည်း။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၁၊၂၈၈)၌ တရဂ္ဂဟဏဥ္စေတ္ထ အနုတ္တရေတိ ပဒဿ အပ္ပနိဒ္ဒေသတာယ ကတံဟု မိန့်အပ်၏။ ဤစကားရပ်ဖြင့် အနုတ္တရော ဟူသော ပုဒ်တွင် ဥတ္တရောဟူသော နောက်ပုဒ်၏သာလျှင် အတ္ထနိဒ္ဒေသ ဟု မိန့်သတည်း။ အန-သဒ္ဒါနှင့်တကွဖြစ်သော ဥတ္တရောဟူသောပုဒ်၏ အတ္ထနိဒ္ဒေသ ဟု မိန့်သည်မဟုတ်ဖူး။ ထို့ကြောင့် မဏိသာရ မဉ္ဇူသာ ကျမ်း စိတ်ပိုင်း အနုတ္တရံ စိတ္တံစကား၏အဖွင့်၌ (မဏိ ၂၊၂၈၂) "တရဂ္ဂဟဏဥ္စေတ္ထ ဥတ္တရသဒ္ဒဿ အတ္ထဒဿနတ္ထမေဝ ဝုတ္တံ"ဟုမိန့်အပ်၏။ ဤ မဏိသာရမဉ္ဇူသာကျမ်း (မဏိ ၁၊၂၈၂)၌ 'န သဒိသဿ ဝိဇ္ဇမာနတ္တာ"ဟူသော စကားကို မိန့်ဆိုလေသည်ကား မ်မ်၏ ဝိသုဒ္ဓိမဂ်ဋီကာ (ဝိသုဒ္ဓိဋီ ၁၂၄၃။)၌ "နသဒိသဿ ကဿစိ အတ္ထိတာယ"ဟူသောစကားကို တွေ့ရှိသောကြောင့် ထိုစကားကိုယူ၍ မိန့်ဆိုလေသည်ဟု မှတ်ယူရန်ရှိသတည်း။ယခုကာလဝိသုဒ္ဓိမဂ်ဋီကာ(၂၃၃-နှာ)သာရတ္ထဒီပနီဋီကာ(သာရတ္ထဋီ ၁၊၂၈၈)တို့နှင့်မူကား "နဝိသိဋ္ဌဿ ကဿစိ အတ္ထိတာယ ဟူ၍သာလျှင် ရှိချေသတည်း။

**လွန်ခြင်းဟူသည်ကား** အထက်၌ ဖြစ်သည်၏အဖြစ်ဖြင့် လွန်ခြင်းအောက်၌ ဖြစ်သည်၏အဖြစ်ဖြင့် လွန်ခြင်းဟူ၍ နှစ်ပါးအပြားရှိကုန်၏။ ထိုနှစ်ပါးတို့တွင် ဝရတရော စသောပုဂ်၌ အထက်၌ ဖြစ်သည်၏အဖြစ်ဖြင့် လွန်ခြင်းတည်း။ ပါပတရော စသောပုဂ်၌ အောက်၌ ဖြစ်သည်၏အဖြစ်ဖြင့် လွန်ခြင်းတည်း။ ဤ၌မူကား အထက်၌ ဖြစ်သည်၏အဖြစ်ဖြင့် လွန်ခြင်းတည်း။ ထို့ကြောင့်

ဥတ္တရဟူသောပုဒ်၌ အကျုံးဝင်သော ဥ-ဟူသော ဥပသာရပုဒ်ကို ဝိသိဋ္ဌသဒ္ဒါဖြင့် ဖွင့်ပြသတည်း။ တရသဒ္ဒါသည် ဝိသေသေ တရတမိသိကိယိဋ္ဌာ-ဟူသောသုတ်ဖြင့် ဝိသေသအနက်၌ သက်အပ်သော တရ-ပစ္စည်းမဟုတ်၊ ကိတ်ပုဒ်သာဖြစ်သတည်း၊ ဤသို့ ကိတ်ပုဒ်သာဖြစ်သည်ကိုလည်း န ဝိသိဋ္ဌဿ ကဿစိ-အတ္ထိတာယ-ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ,(၁၊၂၄၃) သာရတ္ထ ဒီပနီဋီကာ(၁၊၂၈၈) လာ စကားကို ထောက်ထား၍ သိအပ်၏။ ထိုစကားကို ဆိုသင့်စွ၊ ထိုဋီကာနှစ်ရပ်လာစကားဖြင့် အတော်အသင့်မျှ ထူးသောသူ မရှိသည်ကို ပြသတည်း။ သာရတ္ထဒီပနီဋီကာလာ ရှေ့,နောက်စကားနှစ်ရင်ကို စပ်နှော၍ ဝိသိဋ္ဌတရ-ဟူသောပုဒ်၌ တရ-သဒ္ဒါ၏ ကိတ်ပုဒ်ဖြစ်သည်၏အဖြစ်ကို ထင်ရှားစွာ နောက်သားတို့ အလွယ်တကူအားဖြင့် နှလုံးထားကြရန် သာရတ္ထ ဒီပနီ ဋီကာလာ စကား၌ အနက်ယောဇနာဦးအံ့။

စ၊ ဆက်၍ဆိုဦးအံ့။ တွေတေသိံ ပဒေ၊ ဉ္တ္တရိသိဋ္ဌတရဿဟူသောပုဒ်၌။ သမဘိနိဝိဋ္ဌံ၊ ကောင်းစွာအကျုံးဝင်သော။ တရဂ္ဂဟဏံ၊ တရဟူသောသဒ္ဒါကို။ တဿ တရဂ္ဂဟဏဿ၊ ထိုတရဟူသောသဒ္ဒါ၏။ ကိတပဒဘူတတ္တာ၊ ကိတ်ပုဒ်ဖြစ်၍ ဖြစ်သည်၏အဖြစ်ကြောင့်။ အနုတ္တရောတိပဒဿ၊ အနုတ္တရောဟူသောပုဒ်၏။ အတ္ထနိဒ္ဒေသေ၊ အတွင်း၌။ သမဘိနိဝိဋ္ဌဿ၊ ကောင်းစွာအကျုံးဝင်သော။ တရသဒ္ဒဿ၊ တရဟူသော ကိတ်ပုဒ်သဒ္ဒါ၏။ အတ္ထနိဒ္ဒေသတာယဝေ၊ အနက်ကို ညွှန်းပြသည်၏ အဖြစ်တည်းဟူသောအကျိုးငှါသာလျှင်။ယထာဘူတကထနေန၊ ဟုတ်မှန်တိုင်းဆိုသဖြင့်။ သင်္ဂဟကာရေန၊ အဋ္ဌကထာဆရာသည်။ ကတံ၊ ပြုအပ်၏။ (အတ္ထနိဒ္ဒေသတာယ- ဟူသောပုဒ်၌ ဝေသဒ္ဒါ ကျေကြောင်းကိုလည်းကောင်း၊ အကျိုးငှာဟူ၍ အနက်ပေး ရသည်ကို လည်းကောင်း ထုတ်ပြအပ်ပြီးသော " အတ္ထဒဿနတ္ထမေဝ ဝုတ္တံ " ဟူသော မဏိသာရမဉ္ဇူသာ (၁၊၂၀၂။ )၌ လာရှိသော စကားကို ထောက်ထား၍ သိအပ်၏) တရသဒ္ဒဿ၊ တရ-ဟူသောသဒ္ဒါ၏။ ဝိသေသေ၊ ဝိသေသနအနက်၌။ ပဝတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ဝိသိဋ္ဌဿ၊ မြတ်စွာဘုရားထက် အတော်အသင့်မျှထူးသော။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏။ အတ္ထိတာယ၊ အတ္ထိတာဒီပနတာယ၊ ရှိသည်၏အဖြစ်ကို ပြသည်၏အဖြစ်တည်းဟူသော အကျိုးငှာ။ သင်္ဂဟကာရေန၊ သည်။န ကတံ၊ မပြုအပ်။

ယထာဘူတကထနေန--ဟူသောပုဒ်ကို ထည့်စွက်၍ အနက်ပေးသည့်ကားစိတ္တပဗ္ဗောမသူရော-ဟူသောပြဿုဒ်၌ဥဒေါင်းဟူသမျှလည် ဆန်းကြယ်သောအတောင်ရှိသော ဥဒေါင်းချည်းတည်း၊ ဆန်းကြယ်သော အတောင်မရှိသောဥဒေါင်းဟူ၍ အတော်အသင့်မျှမရှိချေ။ ထို့ကြောင့် စိတ္တပဗ္ဗော ဟူသောဝိသေသနသည် ဟုတ်မှန်တိုင်းဆိုသော ယထာဘူတကထန ဝိသေသနသာ ဖြစ်

သတည်း။ ထိုကဲ့သို့ပင် ဤအနုတ္တရောဟူသော ဂုဏ်တော်သည်လည်း ယထာဘူတကထနဂုဏ်တော်သာ ဖြစ်သတည်း။ မြတ်စွာဘုရားထက် အတော်အသင့်မျှထူးသောတစ်စုံတစ်ယောက်သောသူမရှိဟူသော်တူသောသူမှကားရှိသေး၏ဟု စကားကျန်ခဲ့၏၊ တူသောသူသည်လည်း တစ်ပြိုင်နက်ခဏ၌ မရှိလေ။ လောက၌ မိမိထက်ယုတ်သောသူရှိမှု မိမိနှင့်တူသောသူလည်းရှိမြဲတည်း၊ မိမိနှင့်တူသောသူရှိမှု မိမိထက်ထူးသောသူလည်း ရှိမြဲတည်း။မြတ်စွာဘုရားမှာမူကား ကိုယ်တော်ထက် အတော်အသင့်မျှ ထူးသောသူမရှိချေရကား တစ်ပြိုင်နက်သောခဏ၌ ကိုယ်တော်နှင့် တူသောသူလည်းမရှိပေ၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာ သံဃာနုဿတိအဖွင့်(ဝိသုဒ္ဓိ ဋီ ၁၊ ၂၈၁။)၌ယဒိ ပိ ပါဠိယံ အနုတ္တရန္တိ ဝုတ္တံ။နတ္ထိ ဧတော ဥတ္တရံ ဝိသိဋ္ဌန္တိ ဟိ အနုတ္တရံ။ သမမ္ပိသ ပန နတ္ထိဟိ ဒဿေန္တော အသဒိသန္တိ အာဟ။ ပါဠိယံ၊ ပါဠိတော်၌။ အနုတ္တရန္တိ၊ အနုတ္တရံဟူ၍။ ဘဂဝတာ၊ သည်။ ယဒိပိဝုတ္တံ၊ အကယ်၍မူလည်း ဟောအပ်၏ရှင့်။ ဟိသစ္စံ၊ မှန်၏။ ဧတော၊ ဤအရိယာရစ်ဖော်သော သံဃာတော်ထက်။ ဥတ္တရံ၊ လွန်ကဲသော။ ဝိသိဋ္ဌံ၊ ထူးသောသံဃာတော်သည်။ နတ္ထိ၊ မရှိ၊ ဣတိဣမိနာဝစနတ္ထေန၊ ကြောင့်။ အနုတ္တရံ၊ ၏။ ပန တထာပိ၊ ထိုသို့ပင် အနုတ္တရံဟု ဟောတော်မူအပ်လေသော်လည်း။ သမမ္ပိ၊ တူသောသံဃာသည်လည်း၊ အဿ၊ ထိုအရိယာသံဃာတော်အား။ နတ္ထိ၊ မရှိပေ။ ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေန္တော၊ ပြတော်မူလိုသော အဋ္ဌကထာဆရာသည်။ အသဒိသန္တိ၊ အသဒိသံဟူ၍။ အာဟ၊ မိန့်တော်မူ၏ ဟူ၍ဖွင့်ပြအပ်၏။

အဂ္ဂပ္ပသာဒသုတ်သည် စတုက္ကအင်္ဂုတ္တိုရ် ပထမပဏ္ဏာသက စက္ကဝဂ် စတုတ္ထ သုတ်တည်း။နမေ အာစရိယော အတ္ထိ–အစရှိကုန်သော ဂါထာတို့သည် မူလပဏ္ဏာသပါဠိတော် (မ-၁–၂၂၇) ပါသရာသိသုတ်ဟူ၍လည်းကောင်း၊ အရိယပရိယေသနသုတ် ဟူ၍လည်းကောင်း၊ အမည်နှစ်ပါးရသော ဆဋ္ဌသုတ်၌လည်းကောင်း၊ မဟာဝါပါဠိတော် (ပိ ၃၊ ၁၂။) အာဝလေးချပ်ခန့်၌လည်းကောင်း လာရှိကုန်သတည်း။

ပုရိသဒမ္မ၊ ဆုံးမအပ် ဆုံးမထိုက်ကုန်သော တိရစ္ဆာန်ယောကျ်ား, လူယောကျ်ား, နတ်ယောကျ်ားတို့ကို။ သာရေတိ၊ ရှစ်ပါးကုန်သော အရပ်မျက်နှာတို့သို့ ဆုံးမသောအားဖြင့် ပြေးသွားစေတော်မူတတ်၏။

သာရ–ဂတိ ယံ၊(ဓာတုမာလာ ၁၄၆–နှာ) ဤအရာ၌ သရ-ဓာတ်သည် ဂတိအနက်ဟောတည်း။ သရ-စိန္တာယံ၊ သရသဒ္ဒါပဘာပေသု ဟူ၍လည်းကောင်း သရအဒ္ဓေပေ ဟူ၍လည်းကောင်း လာကုန်သော စိန္တာ, ဥပတာပ အစရှိသောအနက်တို့ကို မဟော၊ ပြေးသွားစေခြင်း ဟူသည် ဆင်ထိန်း

မြင်းထိန်းတို့သည် ဆင့်မြင်းတို့ကို ပြေးသွားစေခြင်းကဲ့သို့ မဟုတ်၊ ဆုံးမတော်မူခြင်းတည်းဟု ပြလိုရကား ဒမေ့တိ-ဟူသောစကားကို မိန့်တော်မူသတည်း။

ဒမု-ဓာတ်သည် ဒိဝါဒိဂိုဏ်းဖြစ်၍ မ္မ-ဒွေးဘော်နှင့် ဒမ္မတိ-ဟု ရှိရမည်။ အဋ္ဌကထာစာအများ၌ပင် ဧ-အက္ခရာနှင့် ဒမေ့တိဟု ရှိ၏။ ဒမု-ဒမ္မနေ ဒမ္မတိ-ဟု ဒိဝါဒိဂိုဏ်း ဓာတုမာလာ၌ ရှိရကား ဧ-အက္ခရာကင်းလျက် ဒမ္မတိ ရှိရမည် ထင်သည်။ ဆိုစကားသင့်စွ၊ ကာရိတ်ဏေပစ္စည်းသည် ဤအရာ၌ မဆိုင်၊ အမ္မ, ဒမ္မ,ဟမ္မ,မိမ္မ, ဆမ ဂတိယံ-ဟု ဂတိအနက်ဟော ဒမ-ဓာတ်ရှိလေရကား ထိုခါတ်ထိုအနက်ကို နှစ်စေခြင်းငှါ ဝိနေတိ-ဟု မိန့်သတည်း။

အပလာလ နာဂရာဇာ ဟူသည်ကား ပါစိတ်အဋ္ဌကထာ ပဒဘာဇနီမှ သိက္ခာပုဒ်၏ အဖွင့်၌ အပလာလဒမနမ္ပိ ဝုတ္တံ-ဟု မိန့်အပ်သော နဂါးမင်းတည်း။ "မဟာပစ္စရိယမ္ပန ပဋိသိဒ္ဓံ"ဟု ဂှင်းသိက္ခာပုဒ်အဖွင့်၌ မိန့်သည်ကား အပလာလ နဂါးမင်းကို ဘုရားရှင် ဆုံးမတော်မူသောကြောင့် မိန့်သည်မဟုတ်၊ နောင်အခါ၌ ဘုရားစကားနှင့် နောက်မသေရိုးစကား ရောယှက်လျက်ရှိသောကြောင့်သာ မိန့်သတည်း။ ထိုကြောင့် ဂှင်းသိက္ခာပုဒ်အဖွင့် ဝဇိရဗုဒ္ဓိဋီကာ (ဝဇိရဋီ-၂၉၁)၌ ကိဥ္စာပိ အပလာလဒမနမ္ပိ သီလူပဒေသောပိ ဘဂဝတော ကာလေ ဥပ္ပန္နော၊ အထခေါ ဟောသု ယံ ယံ ဗုဒ္ဓဝစနတော အာဟရိတွာ ဝုတ္တံ၊ တံ တဒဝ အာပတ္တိဝတ္ထု ဟောတီတိ ဝိညာပနတ္ထံ မဟာအဋ္ဌကထာယံ ဝုတ္တန္တိ ဝဒန္တီတိ ဝစနေဟိ သိထိလံ ကတံ။ ဗုဒ္ဓဝစနတော အာဟရိတွာ ဝုတ္တဿ ဗဟုသတာယ တဗ္ဗဟုလ္လနယေန တေသု အာပတ္တိ ဝုတ္တာ၊ တသ္မာ မဟာပစ္စရိယံ တဿာဓိပ္ပာယော ပဂေ သိတောတိ အတ္ထော၊ သဗ္ဗေသမေဝ ဝစနန္တိ အပရေတိ ဝုတ္တံ"ဟု မိန့်အပ်၏။

အပလာလ နဂါးမင်းကို ဘုရားရှင် ဆုံးမတော်မူသောကြောင့်ပင် ဤအဋ္ဌကထာ ဤအရာ၌ အပလာလော နာဂရာဇာ-ဟု မိန့်တော်မူသတည်း။ ထိုအပလာလနဂါးမင်းသည် ဟိမဝန္တာ၌နေသည်ဟု ဝိသုဒ္ဓိမဂ်ဋီကာ(၁၊၂၄၅)၌ မိန့်သည်အားလျော်စွာ သာရတ္ထဒီပနီ၌ မိန့်သတည်း။

စူဠောဒရ, မဟောဒရနဂါးတို့သည်ကား ဘုရားသိန်းခိုကျွန်းသို့ သုံးကြိမ်ကြွတော်မူဖူးသည်ကို ဆိုရာအခန်း၌ မဟာဝင်ကိုမှီး၍ သာရတ္ထဒီပနီ (၁၊၂၉၁)၌ လာကုန်သတည်း။ အင်္ဂီသိခနဂါးသည်လည်း မဟာဝင်၌လာ၏။ ဓူမသိခနဂါးမှုကား မဟာဝါပါဠိတော် မဟာခန္ဓက ဥရုဝေလ ပါဋိဟာရိယ (ဝိ၊၃၊ ၃၂။)၌ "အသာ ခေါ သော နာဂေါ မက္ခံ အသဟမာနော ပဇ္ဇလိ"ဟု လာရှိသော အခိုးအလျှံလွှတ်သော နဂါးတည်း။

ဓနပါလကဟတ္ထိဟူသည် စူဠဝါပါဠိတော် သံဃဘေဒခန္ဓကာ၌ လာရှိသော နာဠာဂိရိဆင်ပင်တည်း။ ထိုဆင်၏ နာဠာဂိရိအမည်သည် ငယ်မည်တည်း။ ဓနပါလ အမည်ကိုကား အဋ္ဌကနိပါတ်ဇာတ်အဋ္ဌကထာ စူဠဟံသဇာတ် (ဇာတက ၄-၅၊ ၃၅၈)၌။ "မနုဿာ တံ ပါဠိဟာရိယံ ဒိသွာ ဥန္နဒိံသု အပ္ပေါဋိံသု၊ သဉ္ဇာတသောမနဿာ နာနာဘရဏာနိ ခိပိံသု၊ တာနိ ဟတ္ထိဿ သရီရံ ပဋိစ္ဆာဒယိံသု၊ တတော ပဋ္ဌာယ နာဠာဂိရိ ဓနပါလကော နာမ ဇာတော" ဟူ၍ လာသည်နှင့်အညီ ၎င်း အပဒါန် အဋ္ဌကထာ ဗုဒ္ဓအပဒါန် သတ္တမပဉ္စာ၌ (အပဒါန၊ ၄၊ ၁၊ ၁၃၇၊ ၈။) "ဘဂဝါပိ ကတာသရီရပဋိဇဂ္ဂနော ဘိက္ခုသံဃပရိဝုတော ရာဇဂဟံ ပိဏ္ဍာယ ပါဝိသိ၊ တသ္မိံ ခဏေ ဝုတ္တနိယာမေနေဝ နာဠာဂိရိံ ဝိဿဇ္ဇေသုံ။ သော ဝီထိစစ္စရာဒယော ဝိဓမေန္တော အာဂစ္ဆတိ။ တဒါ ကောလာဟလံ ဒါရကံ ဂဟေတွာ ဝီထိတော ဝီထိံ ဂစ္ဆတိ၊ ဟတ္ထိ တံ ဣတ္ထိံ ဒိသွာ အနုဗန္ဓိ။ ဘဂဝါ "နာဠာဂိရိ န တံ ဟနတ္ထာယ ပေသိတော၊ ဣဓာ ဂစ္ဆာဟီ"တိ အာဟ။ သော တံ သဒ္ဒံ သုတွာ ဘဂဝန္တာဘိမုခေါ ဓာဝိ။ ဘဂဝါ အပရိမာဏေသု စက္ကဝါဠေသု အနန္တသတ္တေသု ဖရဏာရဟံ မေတ္တံ ဧကသ္မိံယေဝ နာဠာဂိရိမှိ ဖရိ။ သော ဘဂဝတော မေတ္တာယ ဖုဋ္ဌော နိဗ္ဘယော ဟုတွာ ဘဂဝတော ပါဒမူလေ နိပတိ။ ဘဂဝါ တဿ မတ္ထကေ ဟတ္ထံ ဌပေသိ။ တဒါ ဒေဝဗြဟ္မာဒယော အစ္ဆရိယဗ္ဘုတ ဇာတစိတ္တာ ပုပ္ဖပရာဂါဒီဟိ ပူဇေသုံ။ သကလနဂရေ ဇဏ္ဏုကမတ္တာ ဓနရာသယော အဟေသုံ။ ရာဇာ ပစ္ဆိမဒွါရေ ဓနာနိ နဂရဝါသီနံ ဟောန္တု၊ ပုရတ္ထိမဒွါရေ ဓနာနိ ရာဇဘဏ္ဍာဂါရေ ဟောန္တူတိ ဘေရိံ စရာပေသိ။ သဗ္ဗေ တထာ ကရိံသု။ တဒါ နာဠာဂိရိ ဓနပါလော နာမ အဟောသိ" ဟူ၍ လာသည်နှင့်အညီ သိအပ်၏။

သစ္စက နိဂဏ္ဌပုတ္တဟူသည် မူလပဏ္ဏာသပါဠိတော် စတုတ္ထမဟာယမကဝဂ် ပဉ္စမစူဠသစ္စကသုတ်လာ စူဠသစ္စကတစ်ယောက်၊ ဆဋ္ဌမမဟာသစ္စကသုတ်လာ မဟာသစ္စကတစ်ယောက် ဤနှစ်ယောက်တို့ ဖြစ်ကုန်သတည်း။

အမ္ဗဋ္ဌမာဏဝကဟူသည်, သုတ်သီလက္ခန်ပါဠိတော် တတိယအမ္ဗဋ္ဌသုတ်လာ လုလင်တည်း။ ပေါက္ခရသာတိပုဏ္ဏားလည်း ထိုသုတ်မှာပင်လာသတည်း။ သောဏဒဏ္ဍသည် သုတ်သီလက္ခန်ပါဠိတော် စတုတ္ထ သောဏဒဏ္ဍသုတ်၌လာရှိသတည်း။ ကူဋဒန္တသည် ၎င်း ပါဠိတော် ပဉ္စမကူဋဒန္တသုတ်၌ လာရှိသတည်း။ အာဠဝကသည် သဂါထာ ဝဂ္ဂသံယုတ်တွင် ယက္ခသံယုတ် ဒွါဒသမ အာဠဝကယက္ခသုတ်၌ လာရှိသတည်း။ သူစိလောမ ဘီလူး ခရလောမဘီလူး နှစ်ယောက်တို့သည် ၎င်းယက္ခသံယုတ်တွင် တတိယ သူစိလောမယက္ခသုတ်၌ လာရှိကုန်သတည်း။

သက္ကနေဝရာဇ သည် သုတ်မဟာဝါ အဋ္ဌမသက္ကပဉ္စသုတ်၌ လာရှိသတည်း။ အဟံ ခေါ ကေသိ အစရှိသောသုတ်သည် စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် တတိယပဏ္ဏာသက ဒုတိယဝဂ် ပဥ္စမကေသိသုတ်တည်း။ ဝိနီတာ-စသော ဝါကျသည် ဒမိတာဟူသော ရှေ့စကား၏အဖွင့်တည်း။ ကေသိသုတ်လာစကားမဟုတ်။

တွေ တေသံ ဝိစိဗြေဟိ ဝိနယန္တုပါယေဟိ ဝိနယေ။

စသဒ္ဒါသည် ယသ္မာ အနက်ကိုဟောသော ဟိ- သဒ္ဒါ၏အရာ၌ တည်ရကား ယသ္မာအနက်ဟောသတည်း။

အနုတ္တရော ပုရိသဒမ္မသာရထိတိ ဣဒံ ဝါကျံ၊ သည်။ ဧကမေဝ၊ တစ်ခုသာလျှင်ဖြစ်သော။ အတ္ထပဒံ၊ ဘုရားရှင်၏ အနုတ္တရဖြစ်သော ပုရိသဒမ္မသာရထိ၏ အဖြစ်တည်းဟူသော တစ်ခုသောအနက်ကို ပြတတ်သောပုဒ်တည်း။ ကုသလာ-ဓမ္မာဟူသောဝါကျသည် ကုသိုလ်တည်းဟူသော တစ်ခုသောအနက်ကို ပြတတ်သည်နှင့် "ပဇ္ဇတိ ဉာယတိ ဧကော အတ္ထော ဧတေနာတိ ပဒံ"ဟူသော ဝေနတ္ထနှင့်အညီ တစ်နည်းပဒမည်သကဲ့သို့ မှတ်အပ်၏။

ဘဂဝါ ဟိ- စသော စကားသည် အကြောင်းကို ပြသောစကားတည်း။ ဘဂဝါ၊ သည်။ (သာရေတိ၌စပ်) တစ်နည်းကား ဘဂဝါ၊ ကို။ (ဝုစ္စတိ၌စပ်) ယထာ ယေန အာကာရေန၊ ဖြင့်။ သာရိယမာနာ၊ ဆုံးမအပ်ကုန်သော။ ပုရိသဒမ္မာ၊ တို့သည်။(ဓာဝန္တိ၌စပ်)ကေပလ္လကော်နေဝ၊ တစ်ထက်ငယ်တည်းဖြင့် သာလျှင်။ နိသိန္နာ၊ ကုန်၍။ အဋ္ဌဒိသာ၊ သမာပတ်ရှစ်ပါးဟု ဆိုအပ်ကုန်သော အရပ်မျက်နှာတို့သို့။ အသဇ္ဇမာနာ၊ ကုန်ရ်။ ဓာဝန္တိ၊ ကုန်၏။ တထာ-တေန အာကာရေန၊ ဖြင့်။ ဘဂဝါ၊ သည်။ ပုရိသဒမ္မေ၊ တို့ကို။ ယသ္မာ၊ ကြောင့်။ သာရေတိ၊ ၏။ တသ္မာ၊ ကြောင့်။ အနုတ္တရော ပုရိသဒမ္မသာရထိတိ၊ ဟူ၍။ ပဒဒ္ဒယေန၊ ဖြင့်။ ဟိ ယသ္မာ၊ ကြောင့်။ ဝုစ္စတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဧကမေဝ၊ သော။ အတ္ထပဒံ၊ တည်း။

[ကျမ်းတက်] ထိုအခြင်းအရာအားဖြင့် မြတ်စွာဘုရား ဆုံးမတော်မူသည်၏ အဖြစ်ကို ဆရာအဘယ်ကြောင့် သိသနည်းဟု မေးရန်ရှိသောကြောင့် ဟတ္ထိဒမကေန အစရှိသောစကားကို မိန့်သတည်း။

တွေ တေသံ ဘဂဝတော တထာ တေန အာကာရေန ပုရိသဒမ္မာနံ သာရဏော စသဒ္ဒါသည် ယသ္မာအနက်ကိုဟောသော ဟိသဒ္ဒါ၏အရာ၌ တည်ရကား ယသ္မာအနက်ဟောတည်း။

သတ္တာဝါဟော၊ လှည်းမှူးနှင့်တူတော်မူသော၊ ဘဂဝါ၊ ကို။ လဗ္ဘတိ၊ ရအပ်၏။ ။ဘဂဝတော၊ ၏။ ဓမ္မသဝနေန၊ ဖြင့်။ ဥပနိဿယသမ္ပတ္တိ၊ ဒုတိယဘဝ, တတိယဘဝ၌ မဂ်,ဖိုလ်ကို ရခြင်း၏အားကြီးသော အကြောင်းဖြစ်သော တိဟိတ် ပဋိသန္ဓေနေရခြင်း အစရှိသည်နှင့် ပြည့်စုံခြင်းသို့။ ပတ္တာ၊ ရောက်၍။ (ဓမ္မသဝနေနကို ပတ္တာ၌ စပ်)

ဥပနိဿယ၏အရကား-ဓမ္မသဝနမဟုတ်၊ဓမ္မသဝနကိုအကြောင်းပြု၍ ဒုတိယဘဝ, တတိယဘဝ၌ တိဟိတ်ပဋိသန္ဓေနေခြင်း အစရှိသည်တည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာလာ စကားကိုယူ၍ သာရတ္ထဒီပနီဋီကာ (၁၊ ၂၉၃။)၌ ဥပနိဿယသမ္ပတ္တိန္တိ တိဟေတုကပဋိသန္ဓိအာဒိကံ မဂ္ဂဖလာဓိဂမဿ ဗလဝကာရဏံဟု မိန့်အပ်၏။ တိဟေတုကပဋိသန္ဓိဟူသည် အနာဂတ် ဒုတိယဘဝ, တတိယဘဝ၌ ဖြစ်လတ္တံ့သော တိဟိတ်ပဋိသန္ဓေတည်း။

တာယဝေဠ် ဓေဝ-ဖြင့် ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ရသော အားကြီးသော အကြောင်းကိုကန့်၍ အနည်းငယ်သော အကြောင်းကို ခွင့်ပြုသတည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ(၁၊၅၇။)၌ သရေ နိမိတ္တံ အဂ္ဂဟေသိတိ ပုဗ္ဗဗုဒ္ဓုပ္ပါဒေသု သဒ္ဓမ္မဿ ဝနပရိစယေန ဓမ္မော ဓေသော ဝုစ္စတီတိ သရေ အာကာရံ ဂဏှိဟု မိန့်အပ်၏။

ယေ ပန ဒေဝမနုဿနာဂသုပဏ္ဏာဒယော ပကတိယာဝ ကမ္မဿကတာဉာဏာ-ဒိယုတ္တာ ဟောန္တိ၊ တေယေဝ ပုဗ္ဗေ အနုပနိဿယာပိ ဘဂဝတော သဒ္ဓမ္မဿ-ဝနာဒိနာ ပဌမံ ဝိဝဋ္ဋူပနိဿယံ ပသာဒံ ဥပ္ပါဒေတုံ သက္ကောန္တိ၊ န ဣတရေတိ ဂဟေတဗ္ဗံ”ဟူ၍ ဝိမတိဝိနောဒနီဋီကာ(၁၊၅၇)၌ မိန့်အပ်သည်နှင့်အညီ နက်, လူ, နဂါး, ဂဠုန်-စသည်တို့သည် ပကတိအားဖြင့်သာလျှင် ကမ္မဿ-ကတာဉာဏ် စသည်တို့နှင့် ယှဉ်ကုန်သည်နှင့် ရှေး၌ ဥပနိဿယမရှိကုန်ငြား လည်း ဘုရားသခင်၏ တရားတော်ကို နာခြင်းစသည်ဖြင့် ရှေးဦးစွာသော ဝဋ္ဋကင်းရာ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မှီသော ကြည်ညိုခြင်းကို ဖြစ်စေနိုင်ကုန်သတည်း။ တပါးကုန်သော ဖားအစရှိကုန်သော တိရစ္ဆာန်တို့သည် ဥပနိဿယ မရှိကုန်မူ၍ ဤသို့ ကြည်ညိုခြင်းကို မဖြစ်စေနိုင်ကုန်ဟု မှတ်အပ်၏။ ဝိမတိဝိနောဒနီဋီကာလာ ပုဗ္ဗေ အနုပနိဿယာပိ ဟူသောစကားသည် မူလပဏ္ဏာသ အဋ္ဌကထာ မဟာယမကဝဂ် ဆင့်ဖြစ်သော မဟာသစ္စကသုတ်အဖွင့်(၂၊၁၉၄) “ဘဂဝတာ ဣမဿ နိဂဏ္ဌဿ ဒွေ သုတ္တာနိ ကထိတာနိ။ ပုရိမသုတ္တံ ဧကော-ဘာဏဝါရော၊ ဣဒံ ဒိယဍ္ဍော၊ ဣတိ အဍ္ဍတိယေ ဘာဏဝါရေ သုတွာပိ အယံ-နိဂဏ္ဌော နေဝ အဘိသမယံ ပတ္တော၊ န ပဗ္ဗဇိတော၊ န သရဏေသု ပတိဋ္ဌိတော။ ကသ္မာ ဧတဿ ဘဂဝါ ဓမ္မံ ဒေသေသီတိ၊ အနာဂတေ ဝါသနတ္ထာယ။ ပဿတိ

ဟိ ဘာဂဝါ ဣမသ္မာ ဣဒါနိ ဥပနိဿယော နတ္ထိ၊ မယံ ပန ပရိနိဗ္ဗာနတော သမ္မိကာနံ ဒိန္နံ ဝဿသတာနံ အစ္စယေန ကမ္ဗုပဏ္ဏိဒီပေ သာသနံ ပတိဋ္ဌ-ဟိဿတိ၊ တတြာယံ ကုလဃရေ နိဗ္ဗတ္တိတွာ သမ္ပတ္တေ ကာလေ ပဗ္ဗဇိတွာ တီဏိ ပိဋကာနိ ဥဂ္ဂဟေတွာ ဝိပဿနံ ဝဍ္ဎေတွာ သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတွာ ကာဠဗုဒ္ဓရက္ခိတော နာမ မဟာဓမ္မကထိကော ဘဝိဿတီတိ။ ဣဒံ ဣဓ အနာဂတေ ပဿန္တော ဓမ္မံ ဒေသေသိ ဟူသော စကားနှင့် ညီညွတ်သတည်း။ ဝိမတိဝိနောဒနီဋီကာလာ "ပုဗ္ဗေ အနုပနိဿယာပိ" ဟူသော စကားသည် မူလပဏ္ဏာသအဋ္ဌကထာလာ "ဣဒါနိ ဥပနိဿယော နတ္ထိ" ဟူသော စကားနှင့် တစ်ထပ်တည်းကျသတည်း။

ဤကာဠဗုဒ္ဓရက္ခိတရဟန္တာကြီးသည် ပကတိသာဝက ရဟန္တာဖြစ်သတည်း။ ပကတိသာဝကရဟန္တာတို့မှာ ပါရမီဖြည့်ရာဘဝ ကမ္ဘာအမှတ်အသား အမြဲမရှိလေ၊ ထိုက်သည့်အားလျော်စွာ အတိတ်ဘဝတို့၌ ဂဋ္ဌိကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ မိတင်းသည်၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော နောင်ဘဝ အခါ အဆုံးစွန်သောဘဝ၌ အရိယာမဂ်ဖြင့် ကိလေသာတို့ကို ဖောက်ထွင်းခြင်း အကျိုးဟူသော အဖို့ရှိသော ဝိဝဋ္ဋနိဿိတ ကုသိုလ်သည်သာလျှင် ပုညဉာဏသမ္ဘာရဖြစ်သတည်း။ ထို့ကြောင့် မူလပဏ္ဏာသ သတိပဋ္ဌာနသုတ်အဖွင့် ဋီကာ (မ၊ဋီ၊၁။၃၅၇။)၌

> "ဣတရေသံ အတီတာသု ဇာတီသု ဝိဝဋ္ဋသန္နိဿယဝသေန နိဗ္ဗတ္တိတံ နိဗ္ဗေဓဘာဂိယံ ကုသလံ" ဟု မိန့်အပ်၏။ "ဣတရေသံ ပကတိသာဝကာနံ နိဗ္ဗေဓဘာဂိယံ ကုသလံ ပုညဉာဏသမ္ဘာရော" ဟု အနက်ပေး။

"တဿ တိတ္ထိယာ စတ္တာလီသံယေဝ ကပ္ပေ အနုဿရန္တိ၊ န တတော ပရံ။ ကသ္မာ ဒုဗ္ဗလပညတ္တာ။ တေသဉှိ နာမရူပပရိစ္ဆေဒဝိရဟိတတ္တာ ဒုဗ္ဗလာ ပညာ ဟောတိ၊ ပကတိသာဝကာ ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ အနုဿရန္တိယေဝ၊ ဗလဝပညတ္တာ။ အသီတိ မဟာသာဝကာ သတသဟဿကပ္ပေ အနုဿရန္တိ၊ ဒွေ အဂ္ဂသာဝကာ ဧကံ အသင်္ချေယျံ, သတသဟဿဉ္စ၊ ပစ္စေကဗုဒ္ဓါ ဒွေ အသင်္ချေယျာနိ, သတသဟဿဉ္စ။ ဧတ္တကော ဟိ ဧတေသံ အဘိနီဟာရော၊ ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နာမ နတ္ထိ" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၂၊၄၁။) ပုဗ္ဗေနိဝါသာနုဿတိဉာဏကထာ၌ "ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ" ဟူသော စကားကို တိတ္ထိတို့ထက် အောက်မေ့နိုင်သည်ကို ပြခြင်းငှာသာ ကမ္ဘာ အရာ ကမ္ဘာအထောင် ပါရမီဖြည့်ရသော ပကတိသာဝကတို့ကိုသာ ငဲ့၍ ဥပ-လက္ခဏနည်းအားဖြင့် မိန့်ဆိုသတည်း။ ပကတိသာဝကဟူသမျှသည် ဤသို့သာ

ပါရမီဖြည့်ရသေးကြောင့် ဆိုသည်မဟုတ်ဟု မှတ်အပ်၏။ ထိုကြောင့် တစ်ကမ္ဘာ နှစ်ကမ္ဘာ၊ တစ်ဘဝ နှစ်ဘဝ ပါရမီဖြည့်ရသော ပုဗ္ဗေနိဝါသဉာဏ်ကိုရသော ပကတိသာဝကဖြစ်သော ပါရမီအားလျော်စွာ တစ်ကမ္ဘာ နှစ်ကမ္ဘာ၊ တစ်ဘဝ နှစ်ဘဝသာ အောက်မေ့နိုင်ကောင်းသည်ကို သိအပ်၏။ ရှင်မယသော်ရောသည် ပကတိ သာဝကမဖြစ်သော်လည်း ဘုရားရှင်နှင့်အတူ ပါရမီဖြည့်ဖက်ဖြစ်သည် နှင့်ပရိနိဗ္ဗာန်စံခါနီးအခါ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းမက ရှေး၌ဖြစ်ခဲ့သော အကြောင်းအရာကို ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဖြင့် မြင်၍ ဘုရားရှင်အား လျှောက်ထားနိုင်လေသတည်း။ ထိုဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဗလဝပညတ္တာ—' ဟူသော အကြောင်းသည် မူလအကြောင်းတည်း။ ဧတ္တကော ဟိ—စသော' နောက်အကြောင်းစကားကို ထောက်၍ "ဧသံ ဧတ္တက အာဘိနိဟာရတ္တာ" ဟူသောဟိတ်ကိုလည်း သိအပ်၏။ ဧတ္တကောဟိ အစရှိသော အကြောင်းသည် ဟိတ်ကူတည်း။ ဗလဝပညတ္တာ—ဟူသော ရှေးအကြောင်းစကားကို ထောက်၍ ထိုဟိတ်ကူ၏ ရှေး၌ ဧတ ဗလဝပညာ—ဟူသော မူလဟိတ်ကိုလည်း သိအပ်၏။ ဤသို့သဘောရှိသောနည်းကို တစ်ဖက်ပြ ဧကပဿနည်းဟူ၍ ဆရာမြတ်တို့ မိန့်အပ်ကုန်သတည်း။ မူလပဏ္ဏာသဋ္ဌကထာ၌ မိန့်အပ်သောစကားသည် ဤဝိသုဒ္ဓိ မဂ်၌ မိန့်အပ်သောစကားနှင့်အညီ မိန့်ဆိုအပ်သော စကားဖြစ်သတည်း။

ပညာရှိတို့ကား ဝိသုဒ္ဓိမဂ်လာ"ဂပ္ပသာတမ္ပိကပ္ပသဟဿမ္ပိ"ဟူသောစကားကို သာ ရှုမျှော်၍ ပကတိသာဝကတို့သည် ကမ္ဘာအရာ, ကမ္ဘာအထောင် ပါရမီ ဖြည့်ရကုန်သတည်းဟု မိန့်ဆိုဆုံးဖြတ်ကုန်၏။ ဤသို့ဆုံးဖြတ်သည်ကို ကျောင်း သား ငယ်စဉ်အခါ တွေ့ရှိဖူးသတည်း။ ထုတ်ပြအပ်ပြီးသော မူလပဏ္ဏာသအဋ္ဌ- ကထာ မဟာသစ္စကသုတ်အဖွင့်လာ ဗုဒ္ဓရက္ခိတ ရဟန္တာ အလောင်းတော် မဟာသစ္စက တက္ကတွန်းအား လည်းကောင်း၊ ဤ အဋ္ဌကထာလာ ဖါးတိရစ္ဆာန်အား လည်းကောင်း ဝိဝဋ္ဋဖြစ်သော မဂ်,ဖိုလ် နိဗ္ဗာန်ကို အထူးအားဖြင့် ဆုံတောင်း ပတ္ထနာခြင်း အမှုကို မပြုလေငြားသော်လည်း ဓမ္မသဝနကုသိုလ်ထူးတည်း—ဟူသော အကြောင်းအားလျော်စွာ ဝိဝဋ္ဋနိဿိတ ကုသိုလ်ထူးဖြစ်လေသတည်း။

ဥပရိပဏ္ဏာသ အဋ္ဌကထာ သခ်ါရုပတ္တိသုတ်အဖွင့် (မ၊ဋ္ဌ၊၃၊၁၀၄။)၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးပါး ရှိငြားသော်လည်း အထူး အားဖြင့် မှက်သား၍ ဆုတောင်းခြင်းမရှိလေမူ ဂတိမမြဲသည်ကိုသာ မိန့်ဆိုတော်မူသတည်း။ ဝိဝဋ္ဋနိဿိတ မဖြစ်သည်ကိုမူကား မိန့်ဆိုတော်မမူ။ ဤတရားငါးပါးတို့တွင် အကြား အမြင် သုတ ကုသိုလ်သည် အကြောင်း အားလျော်စွာ ဝိဝဋ္ဋနိဿိတ ကုသိုလ်လည်း ဖြစ်သင့်၏။ ဝဋ္ဋနိဿိတ ကုသိုလ် သည်သာလျှင် ဖြစ်သင့်သည်မဟုတ်။ ဓမ္မသဝနကုသိုလ်ကဲ့သို့ပင် ဒါနမှုတစ်ပါး

ကုန်သော သီလဘာဝနာ အရှေ့ကုန်သော ဂုဏ်ရစ်ပါး တို့သည်လည်း ဝိဝဋ္ဋကို အထူးအားဖြင့် ဆုမတောင်းမူ၍ ပြုအပ်သည် ဖြစ်ကုန်ငြားသော်လည်း အကြောင်းအားလျော်စွာ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်ကုန်လေရာသတည်း။

ဆုငယ်မှဆုကြီးကို ပြောင်းရွှေ့သည်ကား ငါတို့ဘုရားအလောင်းတော် အရှင် သုမေဓာရသေ့ကျော်နှင့် အရှင် သာရိပုတ္တရာ အလောင်းတော် အရှင် နာရဒရသေ့ကျော်တည်း။ ပျို့ကဗျာ၌ နာရဒရှင်ရသေ့ကျော်ကို ရည်၍ပင် "ကူးတို့သူကြီးဖြစ်လိုနိုးမှ၊ အားသီးလုံ့လ မျက်မာန်ချ၍" ဟုစပ်ဆိုသတည်း။ ဤပျို့ကဗျာ၌ "လင်ထိုးမယား ပွဲတင်ကဲ့ဆောင်ပို့၊ ကူးတို့သူကြီး" ဟူသော အဓိပ္ပာယ်ကိုသာ မှတ်အပ်၏။ "သုံးပင်တိုင်မှူး၊ ရှေးဦးစီးခါ၊ ဝေနေယျာကို၊ ခေမာသောင်ပို့၊ ကူးတို့သူကြီး" ဟူသော အဓိပ္ပာယ်ကိုမူကား မမှတ်အပ်။ ထို့ကြောင့် အပဒါန်အဋ္ဌကထာ (၁၊၂၃၁) ဗုဒ္ဓဝဂ် သာရိပုတ္တအပဒါန် အဖွင့်၌ "သရဒ တာပသော ပန "အဟောဝတာဟမ္ပိ အယံ နိသဘတ္ထေရော ဝိယ အနာဂ-တေ ဧကဿ ဗုဒ္ဓဿ သာဝကော ဘဝေယျံ"န္တိ ဒေသနာကာလေ ဥပ္ပန္နပရိဝိတက္က-တာယ အညဝိဟိတော ဟုတွာ မဂ္ဂဖလာနိ ပဋိဝိဇ္ဈိတုံ နာသက္ခိ အထ သတ္ထာရံ ဝန္ဒိတွာ တထာ ပဏိဓာနံ အကာသိ။ သတ္ထာ အနန္တရာယေန သမိဇ္ဈနဘာဝံ ဒိသွာ "ဣတော ကပ္ပသတသဟဿာဓိကံ ဧကံအသင်္ချေယျံ အတိက္ကမိတွာ ဂေါတမဿ နာမ သမ္မာသမ္ဗုဒ္ဓဿ အဂ္ဂသာဝကော သာရိပုတ္တော နာမ ဘဝိဿ-တီ"တိ ဗျာကရိတွာ ဓမ္မကထံ ဝတွာ ဘိက္ခုသံဃပရိဝါရော အာကာသံ ပက္ခန္ဒိ" ဟု မိန့်အပ်၏။

ထိုစကားရပ်၌ အညဝိဟိတော ဟုတွာ မဂ္ဂဖလာနိ ပဋိဝိဇ္ဈိတုံ နာသက္ခိ ဟူသော စကားဖြင့် အနောမဒဿီ ရှင်တော်ဘုရား တရားဟောတော်မူသောအခါ တရားတော်မှတပါး နှောင်သောအခါ "သာဝက ဖြစ်ရလိုသော" ဟု သာဝကအဖြစ်ကို အာရုံပြုသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဤဘဝ၌ ပကတိသာဝက၏ အဖြစ်ဖြင့် မဂ်ဖိုလ်ကို မရသည်ကို ပြတော်မူသတည်း။ ထို့ကြောင့် ဤစကားကိုထောက်၍ ပကတိသာဝက ဆုငယ်မှသည် အဂ္ဂသာ-ဝကဆုကြီးသို့ ပြောင်းရွှေ့ကောင်းသည်ကို သိအပ်၏။ ထို့ကြောင့် ငါတို့ကျေးဇူးရှင်ဖြစ်တော်မူသော ပဉ္စမသံဂါယနာတင် မင်းတရားကြီးဆောက်လုပ်လှူဒါန်းအပ်သော ရတနာဘုံစံကျောင်း၌ သီတင်းသုံးတော်မူသော ပိဋကတ္တယ ပါရဂူဖြစ်တော်မူသော စံကျောင်းဆရာတော် ဘုရားသည် မန္တလေးရတနာပုံမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးက ဤပျို့ကဗျာလင်္ကာနှင့်စပ်၍ လျှောက်ထားရာ ဤသို့ပင် အဖြေဝိသဇ္ဇနာ စာသွင်းတော်မူသတည်း။

စာသွင်းတော်မူသည့် ဝိသဇ္ဇနာကား ၁၂၃၄-ခု ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက်နေ့ လျှောက်ထားရာ ၎င်းနေ့တွင် ဖြေဆိုလိုက်သည်ကား "စံကျောင်း

ဆရာတော် စာဆက်သင်းအပ်သည်။ အရှင်သာရိပုတ္တရာ အလောင်းတော်သည် အနောမဒဿီ မြတ်စွာဘုရားလက်ထက် လက်ယာရံအဂ္ဂသာဝကဆုကိုမတောင်းမီ သမ္မာသမ္ဗောဓိဆုကို တောင်းရင်းရှိကြောင်း ပြောဆိုကြသော စကားအစဉ် ပါဠိအဋ္ဌကထာ ဋီကာ မလာကို အသောအချာ စာဆက်သင်းပါမည့် အကြောင်းနှင့် ဆင်တဲရွာဇာ မန်ကျီးရာဇသကြီကို စေလွှတ်လျှောက်ထားရာ ရှင်သာရိပုတ္တရာ အလောင်းသည် အနောမဒဿီဘုရားလက်ထက် နိသဘမထေရ်ကိုမြင်၍ လက်ျာရံ အဂ္ဂသာဝကဆုကို တောင်းယူသည်မှ ရှေးအဖို့ကာလ၌ တောင်းယူဖြည့်ကျင့်ဖူးအပ်သော သမ္မာသမ္ဗောဓိဆုရှိသော အကြောင်းကို ပြောဆိုကြသော စကားစဉ်သည် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ အရိပ်အမြွက်မျှ မထင်မမြင်စဖူး၊ ထင်မြင်ဘူးသည် အကြောင်းအရိပ်အမြွက်မှုကား "သရဒတာပသော ကာသွာ အရဟတ္တံ န ပတ္တောတိ ဝိကိတ္တစိတ္တတော။ တသ္သာ ကိရ ဗုဒ္ဓါနံ ဒုတိယာသာနေ နိသိဒိတွာ သာဝက ပါရမီဉာဏာ ဌတ္ဝာ ဓမ္မံ ဒေသယတော အဂ္ဂသာဝက သာ ဒေသနံ သောတုံ အာဝဒ္ဓကာလတော ပဋ္ဌာယ အဟောဝတာဟမ္ပိ အနာဂတေ ဥပ္ပန္နေကဿ ဗုဒ္ဓဿ သာသနေ ဣမိနာ ဝသာဝကေန လဒ္ဓဓုရံ လဘေယ့ "န္တိ စိတ္တံ ဥဒပါဒိ၊ သော တေန ပရိဝိတက္ကေန မဂ္ဂဖလပဋိဝေဓံ နာသက္ခိ" ဟု၍ အင်္ဂုတ္တရအဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၁၁၈)၊ ဓမ္မပဒ အဋ္ဌကထာ (ဋ္ဌ ၁၊ ၇၀) စသည်တို့၌ အနောမဒဿီ မြတ်စွာဘုရားလက်ယာရံ နိသဘမထေရ်ကဲ့သို့ လက်ျာရံဖြစ်လိုသော စိတ်အကြံအစည်ကြောင့် အနောမဒဿီမြတ်စွာဘုရားတရားတော်ကို နာရာ၌ မဂ်ဖိုလ်ကိုရသင့်လျက် မဂ်ဖိုလ် မရကြောင်းသာ လာသည်။ သမ္မာသမ္ဗောဓိ ဆုကို တောင်းယူရင်းရှိသောကြောင့် မဂ်ဖိုလ်မရကြောင်း မလာ။

ငါ့ကို့မြတ်စွာဘုရားအလောင်းတော် သုမေဓာရသေ့သည်လည်း ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်း၌ ဘာဝကအဖြစ်ဖြင့် နိဗ္ဗာန်ယူတော်မူလျှင် ရသင့်လျက် အသင်္ချေ ကြား လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ သမ္မာသမ္ဗောဓိဆုကို ယူတော်မူသည်။

အဇာတသတ်မင်းသည်လည်း အဆွေခင်ပွန်းယုတ်ဒေဝဒတ်နှင့် ပေါင်းဖော်မိခြင်းကြောင့် အမည်ဖခမည်ဘုတ်ကို နာရသည်၏အဆုံး၌ မဂ်ဖိုလ်ရသင့်လျက် မဂ်ဖိုလ်ကို မရသည်နှင့် အသင်အသီးခြား နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီကိုဖြည့်၍ ပစ္စေကဗောဓိဆုကို ပြီးစီးလိမ့်မည်ဟု သုတ်သီလက္ခန် စသည်တို့၌ လာသည်။ ထို့ကြောင့် ပကတိသာဝကဆုမှ ပြောင်း၍ ပစ္စေကဗောဓိဆုကို ယူသော အဇာတသတ်မင်း၊ ပကတိသာဝကဆုမှ ပြောင်း၍ လက်ယာရံ အဂ္ဂသာဝကဆုကို ယူသော ရှင်သာရိပုတ္တရာအလောင်း သရဒရသေ့ကို ထောက်လျှင် တစ်ခုသော သာဝကဗောဓိဆုမှ တစ်ပါးသော ပစ္စေကဗောဓိဆု၊ သမ္မာသမ္ဗောဓိဆုတို့ကို

အသစ်အသစ်။ ဖြည့်ဖုံးပ်သော ပါရမီအားလျော်စွာ ပြည့်စုံနုသော သူတို့သည်လည်း ရှိရာသည်။ နိယတဗျာဒိတ်ရပြီးသော အလောင်းလျာ ဖြစ်မှုကား ပြောင်းရွှေ့ရသော အကြောင်း မရှိ။ နိယတဗျာဒိတ် အားလျော်စွာသာ ပြည့်စုံရာသည် ကေရာင်မင်းမြတ်။ ဤကား ဝိသဇ္ဇနာတည်း။

ဆုတောင်းခြင်းသည် ကုသိုလ်ပြုသည်မှ ရှေးအဖို့၌ ဆုတောင်းခြင်း,နောက်အဖို့၌ ဆုတောင်းခြင်းအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် နောက်အဖို့၌ ဆုတောင်းခြင်းသည်သာလျှင် ရှေးသူတော်ဟောင်းတို့ ဒ လေ့အကျက် ဖြစ်သတည်းဟု ဥပရိပဏ္ဏာသ သသခါရူပပတ္တိသုတ် အဖွင့်ဋီကာ (မ၊ ဋီ၊ ၃၊ ၃၁၈) ၌ မိန့်ဆိုသတည်း။ ထို့ကြောင့် သတ္တကနိပါတ် ကုမ္မာသဇာတ် အဋ္ဌကထာ၌ လည်းကောင်း၊ တိံသနိပါတ် ဆဒ္ဒန္တဇာတ် အဋ္ဌကထာ၌လည်းကောင်း၊ ဝိနည်း မဟာဝါ အဋ္ဌကထာ စီဝရက္ခန္ဓက ဇီဝကဝတ္ထု၌ လည်းကောင်း၊ စန္ဒပဇ္ဇောတဝတ္ထု၌ လည်းကောင်း၊ နိဒါနဝဂ္ဂသံယုတ် ရက္ခဝဂ် ဒသမသုတ်အဖွင့် အဋ္ဌကထာ၌ လည်းကောင်း ထိုအတူ ကဿပသံယုတ် ကောဒသမသုတ် အဖွင့် အဋ္ဌကထာ၌လည်းကောင်း၊ လှူဒါန်းပြီးမှ နောင်ကာလ၌ ဆုတောင်းကြပုံ လာရှိသတည်း။

ထိုထိုသို့သော ကျမ်းဦးအစ၌ ရတနတ္တယပဏာမကို ပြုပြီးမှ "နိပစ္စကာ-ရသေ တဿ" အစရှိသည်ဖြင့် ဆုတောင်းပုံလာ ရှိသတည်း။ ထိုထိုသို့သော ကျမ်းဂန်တို့၌ပင် ကျမ်းပြုပြီးမှ ဆုတောင်းပုံ လာရှိသတည်း။ ဝိသုဒ္ဓိမဂ်အဋ္ဌ-ကထာ အသုဘကမ္မဋ္ဌာနနိဒ္ဒေသ (ဝိသုဒ္ဓိ-၁-၁၇၆)၌ 'အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ" ဟူသောစကားဖြင့် ဥဒ္ဒုမာတက ကမ္မဋ္ဌာန်း ဖူးဖူးယောင်၍ ကားကားကြီးနှင့်သော အပုပ်ကောင်ကို အာရုံပြု၍ မကြောက်မရွံ့ ကမ္မဋ္ဌာန်းကို ပွားများ နိုင်အောင် အကျိုးအာနိသင်ကို ရှေ့အဖို့၌ ရှုမျှော်ရမည် ဟူ၍သာလျှင် ပြတော်မူသတည်း၊ ဦးစွာ ရှေးဆုတောင်းကိုကား ပြတော်မမူ၊ ထို့ကြောင့် ဤစကားဖြင့် ရှေးဆုတောင်းကို ပြတော်မူသည်ဟု မဆိုသာချေ။ ဤသည်ကား ပကတိသာဝက ပါရမီဖြည့်ရာကာလ အမြဲမရှိသည်ကို လည်းကောင်း၊ ကုသိုလ်ပြုပြီးသည်မှ နောက်အဖို့၌ ဆုတောင်းရိုး ဖြစ်သည်ကို လည်းကောင်း နောက်သားတို့ သံသယမှ အလွယ်တကူ မှတ်ယူစေခြင်းငှာ စကားစပ်လျှဉ်းသည်နှင့် အကျယ်ဆုံးဖြစ်ကြောင်း ဖြစ်သော စကားအစဉ် ဖြစ်သတည်း၊ အတိဝိတ္ထာရရောဟု သဘောမမှုကြရာ။

စသဒ္ဒေါ ဝါကျာရမ္ဘတ္ထ ဇောတကော ဗျွ တေသိံ မဂ္ဂဖလဘာဂိ ဘာဝေ။ ဟိသဒ္ဒေါ ဝိတ္ထာရတ္ထဇောတကော၊ ဟိ ဝိတ္ထာရေမိတိ အတ္ထော။ ကိရ-သဒ္ဒေါ အနုဿဝတ္ထေ နိပါတော။ ဒေသယမာနေတ် ဝစနေ အနာဒရတ္ထေ သာမိဝစနံ။ [ "ဒေသယမာနေ၊ ဟောတော်မူစဉ်" ဟု အနက်ပေး၊ ဣ-အက္ခရာနှင့် ဒေသိယမာနေ ဟု အချို့စာရှိမှုကား မသင့်။] သန္နိရုမ္ဘိတွာ၊ မခုန်မပြေး

နိုင်အောင် ထောက်သောအားဖြင့် ကားမြစ်၏။ (ဝါ) ထောက်ရှု၏။ ရှုတိ– နိဝါရဏေ၊ ရုန္ဓတိ သန္ဓိရုန္ဓတိ သန္ဓိရုမ္ဘော သန္ဓိရုမ္ဘိတော (နီတိဓာတု ၁၂၉)။ ။ အချို့စာ၌ တာလုဇ စတုတ္ထ ဈ-နှင့် သန္ဓိရုဇ္ဈိတော- ဟု ရှိသည်ကား မသင့်။

အပမ္ဘိနာမဥ် ပိ-ကား ဂရဟတ္ထ ဝါစကတည်း။ ဂရဟာဟူသည် နိန္ဒာတည်း။ ထို့ကြောင့် ဂန္ထာဘရဏ (နံပါတ် ၅၅-ဂါထာ) ၌——

"သမုစ္စယေ အပေက္ခ စ၊ သမ္ဘာဝနေ စ နိန္ဒာယံ။
ပိသဒ္ဒေါ စ အပိသဒ္ဒေါ၊ စတုတ္ထေသု ပကာသိတော"ဟုမိန့်အပ်၏။

အဘိဓာန်အဋ္ဌကထာ (၁၁၇၃-ဂါထာ) ၌လည်း-

သမ္ဘာဝနေ စ ဂရဟာ၊ ပေက္ခာသု စ သမုစ္စယေ။
ပဉ္စသံဝရဏေစေဝ၊ အာသီသတ္ထေ အပီရိတံ" ဟု မိန့်အပ်၏။

ဂရဟတ္ထဝါစက နာမသဒ္ဒါဖြင့် ပိသဒ္ဒါ၏ ဂရဟာအနက်ကို ဖွင့်သတည်း။ ထိုစကား မှန်၏၊ ဤအရာ၌ ပိသဒ္ဒါသည် "ဂရဟေ အပိ အမှာကံ ပဏ္ဍိတက" ဟု နာမ်ရူပသိဒ္ဓိ (၁၃၀-နှာ) ၌ လာသည်နှင့်အညီ ဂရဟာအနက်ကို ဟောသတည်း။ နာမသဒ္ဒါ၏ အရာ၌ဂရဟာအနက်ကို ဟောသည်၏အဖြစ်ကို သဒ္ဒနီတိ စတုပဒဝိဘာဂ(နီတိသုတ္တ၊ ၁၀၄)၌ လာရှိသော "အဟော နာမ ဣဓေဝေတ ဂရဟတ္တေ၊ အဟော ဝတ ရေ အသ္မာကံ ပဏ္ဍိတကာ၊ အတ္ထိ နာမ တာတ မှေ အာနန္ဒ ထေရော ဘိက္ခု ဝိဟေဌိယမာနာ အဇ္ဈုပေက္ခိဿထ"ဟူသောစကားဖြင့် သိအပ်၏။

တစ်နည်းကား ပိသဒ္ဒါသည်လည်း ဂရဟတ္ထဝါစက၊ နာမသဒ္ဒါလည်း ဂရဟတ္ထ ဝါစက ဤသို့ ပရိယာယ် သဒ္ဒါနှစ်ချက်ဆင့်သည်နှင့် ထိုသဒ္ဒါ နှစ်ပါးသည် ဖားတိရစ္ဆာန်၏ မိမိကိုယ်ကို နှိမ့်ချသောအားဖြင့် အလွန် ကဲ့ရဲ့ခြင်းအနက်ကို ဟောသတည်း။

မေ၊ ငါဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးသောသူသည်။ ကော၊ အဘယ်သူသည်။ ဟောတိ၊ ဖြစ်သနည်း။

ဤနည်းအားဖြင့် ဝန္ဒတိ-ဟူသော အာချာတ်ပုဒ်သည် ပကတိကတ္တား ဖြစ်သတည်း။ ထို့ကြောင့်–

"ကတ္တုတ္တေ ကမ္မတ္တေ၊ အာချာတေသု ပိ လဗ္ဘတိ။
မိဂံ ခါဒတိ ပဿာမိ၊ နဂ္ဂဿော ကောစိ ဝိဇ္ဇတိ"။

"ကံနှင့်ကတ္တား နှစ်ပါးလုံးပင် အာချာတ်တွင် ရ၏ မှတ်လေမင်း"ဟု ဆရာတော် ဦးဗုဓ် (နီတိဓာတုနိဿယ၊ ၁၊ ၄၅၇)၌ မိန့်တော်မူသတည်း။

တစ်နည်းကား–ယော၊ အကြင်သူသည်။ မေ၊ ငါ၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုး၏။ သော၊ ထိုသူသည်။ ကော၊ အဘယ်သူပေနည်း” ဟု အနက်ပေး။

ဤအနက်ကား–ယော မိဂေါ၊သည်။ ခါဝတိ၊ပြေးသွား၏။ တံ မိဂံ၊ ကို။ ပဿာမိ၊ ၏။ အညော၊ ဘုရားရှင်မှ တပါးသော။ ကောစိ၊ သော။ ယောနာဒော၊သည်။ ဝိဇ္ဇတိ၊ ရှိရာ၏။ ယောနာဒော၊ သည်။ နတ္ထိ၊ မရှိ”။ ဤသို့ အနက်ယောဇနာသော် အာချာတ်ပုဒ် ကံ, ကတ္တား မဖြစ်ဟု ဝိသုဒ္ဓိမဂ်နိဿယသစ်စသောကျမ်းကို အဆန်းပြုကျယ် ဖွယ်ဖွယ်ရာရာ စီရင်တော်မူသော ငါတို့ကျေးဇူးရှင် ဖြစ်တော်မူသော ပြည်ဆရာတော်ဘုရားကြီး မိန့်တော်မူသည်ကို မှီးသော အနက်တည်း။

“မမ မယိ၊ အကျွန်ုပ်သည်။ တဝ၊ ရှင်တော်ဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုဏန္တေသု–သုဏန္တေ၊ နာစဉ်” ဤသို့ အနာဒရ အနက်ပေး။

ထို့ကြောင့် သာရတ္ထဒီပနီ(၁၊၂၉၄)၌ “အနာဒရေ စေတံ သာမိဝစနံ”ဟု မိန့်အပ်၏။ ပြည်ဆရာတော်ဘုရားကြီး၏ အထံတော်မှာ ရှင်သာမဏေအခါက ဆိုဝါနှင့် ပုဒ်စစ်ဆင်ရာ ဤသို့ အနာဒရကို သတ္တမီဝိဘတ်နှင့် ဖွင့်၍ အနက်ပေးတော်မူသတည်း။ စံကျောင်းဆရာတော် ဘုရားကြီးထံ စာသင်ရောက်စအခါ အနာဒရ အနက်ပေးပုံကို မေးမြန်းတော်မူသည်နှင့် ပြည်ဆရာတော်ဘုရားကြီးအနက်ပေးပုံကို လျှောက်ထားရာ စံကျောင်းဆရာတော်ဘုရားကြီးက ဤသို့အနက်ပေးခြင်းသည် ဝိနယ၊ လင်္ကာရဋီကာ ဂရုကာပတ္တိ ဝဏ္ဏနာဝိနိစ္ဆယ (၂၊၂၁၈)မှာ လာရှိသော “ပက္ကမာနတ္တံ စရန္တိ ယာတိ အနာဒရေ သာမိဝစနံ၊ ပက္ကမာနတ္တေ အစိဏ္ဏေယေဝါတိ အတ္ထော” ဟူသော စကားနှင့် ညီညွတ်ပါပေသည်ဟု ချီးမွမ်းတော်မူသတည်း။

ဖားတိရစ္ဆာန်၏ တရားနာခြင်း ကြိယာဖြစ်စဉ် နွားကျောင်းသား၏ သတ်ခြင်း ကြိယာသည် လုယက်သကဲ့သို့ ဖြစ်လာလေရကား သတ်ခြင်း ကြိယာသည် အနာဒရ မည်သတည်း။ ထိုစကားမှန်၏။ “ကြိယာတပါးဖြစ်စဉ် လုယက်သကဲ့သို့ဝင်၍ ကြိယာတပါး ဖြစ်လာခြင်းသည် အနာဒရမည်၏” ဟု ပြည်ဆရာတော်ဘုရားကြီး မိန့်တော်မူသတည်း။ အနာဒရ အဓိပ္ပာယ်အကျယ်ကို သိလိုကြမူ ပြည်ဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော ကစ္စာယနသာရ၏ အကောက်ကို ရှု၍ သိအပ်၏။

ဤဒီဃနှင့် သိတံ မရှိသင့်၊ ဣ-ရဿနှင့် သိတံ ရှိမှသင့်သတည်း။ ဟသိတံ ဟ-ကရလောပေန မန္ဒဟသနံ သိတန္တိ ဝုစ္စတိ သိဟံ ပါတွာ ကာသိတိ အာဒီသု။ နီတိဓာတု ၁၇၅။ ချမ်းသေည်ကိုဟောသော သိတ-သဒ္ဒါသည်လည်း ထို့အတူ

ပင်တည်း။ထို့ကြောင့် အဘိဓာန်ဋီကာ သဂ္ဂကဏ္ဍအဖွင့်(၅၆-ဂါထာ)၌ ဥဏှာဘိ-တတ္တောဟိ သေဝိယတီတိ သိတံ"ဟု မိန့်အပ်၏။

ယံ ပန ကိစ္စံ၌ ပနသည် ဝစနာလင်္ကာရမတ္တတည်း-ဟု သာရတ္ထဒီပနီ (၁၊၂၉၅)၌ မိန့်အပ်၏။ ။တနည်းကား – ပက္ခန္တရတ္ထဇောတကတည်း။ ထို့ကြောင့် အရဟံပုဒ်ကို ဖွင့်ပြီး၍ သမ္မာသမ္ဗုဒ္ဓပုဒ်ကိုဖွင့်ရာ အစ၌လည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓပုဒ်ကို ဖွင့်ပြီး၍ ဝိဇ္ဇာစရဏသမ္ပန္နပုဒ်ကို ဖွင့်ရာအစ၌ လည်းကောင်း သုဂတော၂ပုဒ်ကို ဖွင့်ပြီး၍ သိတံ-ဟု ဒီဃနှင့် ရှိသည်။ (ဆင့်မှု) လောကဝိဒူ ပုဒ်ကိုဖွင့်ရာအစ၌လည်းကောင်း ၊ လောကဝိဒူပုဒ်ကို ဖွင့်ပြီး၍ အနုတ္တရပုဒ်ကို ဖွင့်ရာအစ၌ လည်းကောင်း အသီးအသီး ပက္ခန္တရဇ္ဈဇောတက ပန-သဒ္ဒါနှင့် တကွ မိန့်တော်မူသတည်း။

သုဂတပုဒ်ကို ဖွင့်ရာအစ၌လည်းကောင်း၊ ပုရိသဒမ္မသာရထိပုဒ်ကို ဖွင့်ရာ အစ၌ လည်းကောင်း၊သတ္ထာပုဒ်ကို ဖွင့်ရာအစ၌လည်းကောင်း ဤသုံးဌာနတို့၌ ကား ပန- သဒ္ဒါ ကျေသတည်း။ ။တနည်းကား ဝိသေသတ္ထဒီပကဟုသာရတ္ထ ဒီပနီ(၁၊၂၉၅)၌ မိန့်၏။

ဝိမောက္ခန္တိက ဉာဏဝသေန၊အလုံးစုံကုန်သော ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့မှ လွတ်သော အရဟတ္တမဂ်၏အဆုံး၌ ဖြစ်သော အရဟတ္တဖိုလ် ကြောင့် ဖြစ်သော သဗ္ဗညုတဉာဏ်တော်နှင့်တကွ အလုံးစုံသော ဘုရားရှင်၏ ဉာဏ်တော်၏ အစွမ်းအားဖြင့် (ဝါ) ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

ဤစကားကိုထောက်၍ အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်မှစ၍ ဘုရားရှင်၏ ခန္ဓာငါးပါး ဗုဒ္ဓမည်ကြောင်းကို သိအပ်၏။ ဗုဒ္ဓေါ သဗ္ဗညုတဉာဏ်ဟူသော စကားအလိုအားဖြင့် မူလပဏ္ဏာသ တတိယဩပမ္မဝဂ် သတ္တမအရိယ ပရိယေသန သုတ် ပါဠိအဋ္ဌကထာဋီကာလာသည်နှင့်အညီ အရဟတ္တမဂ္ဂဝီထိ၏ အခြားမဲ့၌ သဗ္ဗညုတဉာဏဝီထိဖြစ်သည်မှစ၍ ဗုဒ္ဓမည်ကြောင်းကို သိအပ်၏။ မဏိသာရ မဉ္ဇူသာကျမ်း မဏိဒီပကျမ်းတို့၌ ဤသို့ နှစ်နည်းမိန့်၏။

တသ္မာ ပိ ဝေမာဒီဟိ ကာရဏေဟိ ပိ-ဟု ပိ-သဒ္ဒါကို ယှဉ်။ ဝေမာဒိသည် အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီသမာသ်ပုဒ်တည်း။ ဤသို့ဖြစ်မှ တသ္မာ သဒ္ဒါကို ဆိုခြင်းငှာ သင့်သတည်း။

စ ကာရော ဝါကျာရမ္ဘတ္ထဇောတကော။ ။ပဋိသမ္ဘိဒါနယော ဝါ ဟူသော စကား၌ ဝါ–သဒ္ဒါသည် အနိယမအနက်ဟောတည်း။ ထို့ကြောင့် သာရတ္ထ-ဒီပနီ (၁၊၂၉၆။)၌ "အနိယမတ္ထော ဝါသဒ္ဒေါ ဝုတ္တော"ဟု မိန့်အပ်၏။ အနိယမဟူသည်လည်း နိဒ္ဒေသနည်း, ပဋိသမ္ဘိဒါနည်း နှစ်ပါးတို့တွင် တစ်ပါး ပါးသော နည်းကိုသာ အမြဲမချအပ်၊ တစ်ပါးကိုချပြီးလျှင် တစ်ပါးကို ချရသည်နှင့် မမြဲခြင်းတည်း၊ ဤသို့မမြဲကလည်း အထူးကြံခြင်း ဝိကပ်ဖြစ်

သတည်း။ ထို့ကြောင့် မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာ (မ၊ဋ္ဌ၊၁၊၇၃)၌ “ဝါသဒ္ဒေါ ဝိကပ္ပတ္ထော၊ ဧဝံ ဝါ ဧဝံ ဝါ ဒိဋ္ဌိ ဥပ္ပဇ္ဇတီတိ ဝုတ္တံ ဟောတိ” ဟူ၍ လည်းကောင်း၊ မူလပဏ္ဏာသဋီကာ (မ၊ဋီ၊၁၊၁၅၇)၌ “ဝိကပ္ပတ္ထောတိ အနိယမတ္ထော၊ “အညတရာ ဒိဋ္ဌိ ဥပ္ပဇ္ဇတီ”တိ ဟိ ဝုတ္တံ”ဟူ၍ လည်းကောင်း မိန့်အပ်၏။ ဝုတ္တံ၏ အာဓာရကား ပါဠိယံတည်း။

ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ–ဟူသော စကားဖြင့် ဘဂဝါဟူသော ဤသဒ္ဒါသည် မြတ်စွာဘုရား၏ ဂုဏ်အထူးတည်း ဟူသော အကြောင်းရှိသော အမည်ဟူ၍ အကျဉ်းအားဖြင့် မိန့်တော်မူသတည်း။ ယင်းကြောင့် ထိုအနက်ကို အကျယ်အားဖြင့် ဝေဖန်တော်မူလို၍ နာမံကိုသာလျှင် ရှေးဦးစွာအနက်ကို ထုတ်သည်၏ အစွမ်းဖြင့် ပြတော်မူလိုရကား စတုဗ္ဗိဓံ ဟိ နာမံ အစရှိသော စကားကို မိန့်တော်မူသတည်း။ [ဟိ ဝိတ္ထာရေမိ ဟု အနက်ပေး၊ သာရတ္ထဒီပနီနည်းတည်း]

**တနည်းကား** စတုဗ္ဗိဓံ ဟိ နာမံ-အစရှိသောစကားသည် တေနာဟ ပေါရာဏာ ဟူသော စကား၏ ဟိတ်ကူတည်း။ ဣဒံ ပန အစ ဒေဝတာဝိသေသဟိ-အဆုံးရှိသော စကားသည် စတုဗ္ဗိဓံ နာမံ-အစရှိသော စကား၏ ဟိတ်ကူတည်း။ ဝိသုဒ္ဓိမဂ် (ဌ၊၁၊၂၀၃)၌ ဝါသဒ္ဒါနှင့် “စတုဗ္ဗိဓံ ဝါ နာမံ”ဟု ရှိ၏။ ဝိသုဒ္ဓိမဂ်ဋီကာ (၁၊၂၅၁)၌လည်း ထို့အတူပင်ရှိ၏။ အကျဉ်းအကျယ်အားဖြင့် ထူးသောကြောင့် ဝိသုဒ္ဓိမဂ်၌ ဝါသဒ္ဒါနှင့် မိန့်ဆိုသည်ဟု မှတ်ရန်ရှိသတည်း။

အာဝတ္ထိကံ လိင်္ဂိကံ နေမိတ္တိကံ အဓိစ္စသမုပ္ပန္နန္တိ ဧတ္ထ အာဝတ္ထိကန္တိ ဝစ္ဆော ဒမ္မော၊ ဗလီဗဒ္ဒေါတိ ဧဝမာဒိ အဝတ္ထန္တရဝသေန ပဋိလဒ္ဓနာမံ။ အဝတ္ထာဝသေန ဘူတံ အာဝတ္ထိကံ။ အတိတရုဏကာလေ မာတုသန္တိကေ ဝစ္ဆတီတိ ဝစ္ဆော၊ ဒမေတုံ မနုစ္ဆဝိကကာလေ ဒမ္မော၊ မဟလ္လကကာလေ ဗလီဗဒ္ဒေါတိ တံ တံ အဝတ္ထန္တရမပေက္ခိတွာ ပဋိလဒ္ဓနာမန္တိ ဝုတ္တံ ဟောတိ။ လိင်္ဂိကန္တိ ဒဏ္ဍိသိခိကရီတိဒဏ္ဍာဒိ သံယောဂေန ပဋိလဒ္ဓနာမံ။ လိင်္ဂေန ဘူတံ လိင်္ဂိကံ။ ဧတ္ထ စ ဒဏ္ဍာဒိဝိရဟော အပါကဋော အတ္ထော သံယောဂေ လိင်္ဂနတော ပါကဋကရဏတော ဒဏ္ဍာဒိ ဝေါဟာရမေဝ လိင်္ဂန္တိ ဝုစ္စတိ။ နေမိတ္တိကန္တိ ဂုဏနေမိတ္တိကံ၊ ဘဒ္ဒေါ မတိမာ ဗုဒ္ဓေါတိ ဂုဏနိမိတ္တဝသေန ပဋိလဒ္ဓနာမံ။ နိမိနာတိ ပရိစ္ဆိန္ဒတီတိ နိမိတ္တံ၊ နိမိတ္တေန ဘူတံ နေမိတ္တိကံ၊ အဓိစ္စသမုပ္ပန္နန္တိ သိရိဝဍ္ဍကော ဓနဝဍ္ဍကောတိ ဝစနတ္ထမနပေက္ခိတွာ လောကဗျဝဟာရဝသေန ဒါသဒလိဒ္ဒါဒီသု ပဝတ္တနာမံ။ အဓိစ္စေန အကာရဏေန သမုပ္ပန္နံ ဇာတန္တိ အဓိစ္စသမုပ္ပန္နံ၊ (ပဏ္ဏမာဂါထာ အဖွင့်–သံပျင်ကျမ်း) “မစ္ဆိကဝသပတ္တကာလေ သာမိကာနံ ဗလိပဒါနံ သီလတ္တာ ဗလိဗဒ္ဒေါ-နာမ”။ (နိရုတ္တိမဉ္ဇူ။)

"ဗလံ ဝဒ္ဓယတီတိ ဗလီဗဒ္ဓေါ။ နိပါတနာ" (တေဝုဗ္ဗဏ္ဏဝဂ် အဘိဓာန် ဋီကာ။) (၄၉၅-ဂါ ၁) ဤအဋ္ဌကထာ၌ အဘိဓာန်ဋီကာနှင့်အညီ ဗလီဗဒ္ဓ-ဟု ရှိသတည်း။ ဝိသုဒ္ဓိမဂ် (ဌ၊ ၁၊ ၂၀၃) ၌လည်း ထိုအတူရှိသတည်း။

နေမိတ္တိကံ၌ နိမိတ္တအရ ဒြပ် ဂုဏ်, ကြိယာ, နာမ်, ဇာတ် – အားဖြင့် ငါးပါးကုန်သော ပဝတ္တိနိမိတ်တို့တွင် အဋ္ဌကထာ၌ "ယံ ဂုဏနိမိတ္တကဋ္ဌေတံ နာမံ" အစရှိသည်ဖြင့် မိန့်တော်မူအပ်လတ္တံ့သည်အားလျော်စွာ ဣဿရိယာဒိ ဘေဒဖြစ်သော ဘဂရှိသည်၏အဖြစ် အစရှိသော ဂုဏ်တည်း။ ဂုဏနေမိတ္တိ-ကဋ္ဌေတံ၌ စ-သဒ္ဒါသည် ဝါကျာရမ္ဘတ္ထ ဇောတကတည်း။

နိဒ္ဒေသေ မဟာနိဒ္ဒေသေ သတ္တမေ တိဿမေတ္တေယျသုတ္တနိဒ္ဒေသေ အာယသ္မတာ သာရိပုတ္တတ္ထေရေန ဝုတ္တနယေနေဝ တ္တေ ေတိဿ ဂါထာယံ အာဂတာနံ တေသံ တေသံ ပဒါနံ အတ္ထော ဒဋ္ဌဗ္ဗော။ တော် နိရုတ္တိလက္ခဏ်၊ ကို။ ဂဟေတဗ္ဗာဝါ၊ ၍လည်းကောင်း။ သဒ္ဒနယေန၊ သဒ္ဒါလက္ခဏာနည်းဖြင့်။ ပိသောဒရာဒိပက္ခေပလက္ခဏ်၊ ပိသောဒရာဒိဂိုဏ်း၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ထည့်သွင်းရာခြင်းလက္ခဏာကို။ ဂဟေတဗ္ဗာဝါ၊ ယူ၍လည်းကောင်း။(ဘဂဝါတိ ဝုစ္စတိ၌စပ်) သာရတ္ထဒီပနီ (၁၊ ၃၀၀) လာ (ပိသောဒရာဒီနံ သဒ္ဒါနံ အာကတိ-ဂဏဘာဝတော–ဟူသောစကား၌ အကျုံးဝင်သောအာကတိဂိုဏ်းဟူသည်ကား "ပုဇာဒိအာကတိဂဏော အယံ"ဟု တဒ္ဓိတ်ကလာပ်ကျမ်း၌ လာသည်နှင့်အညီ သဒ္ဒါကျမ်းတို့၌ အာဒိသဒ္ဒါနှင့်ထား၍ ဇာတ်တူယူရသောသဒ္ဒါ အပေါင်းတည်း။
ထို့ကြောင့် မဏိသာရ မဉ္ဇူသာ(၂၊၂၀၃)ကျမ်း၌"အာကတိယာ သာမညေန ဂဟေတဗ္ဗော ဂဏော အာကတိဂဏော–ဟု မိန့်အပ်၏။ အာကတိယာကို သာမညေန-ဟု ဖွင့်သောကြောင့် "သာမညေန အာကိရဏံ မိဿနံ အာကတိ"ဟု အာကိဏ္ဏပုဒ်, ဝေါကိဏ္ဏပုဒ်တို့ကဲ့သို့ ဝစနတ္ထပြု၍ သာမညဟူသော ဇာတ်တူသဒ္ဒါ၏အဖြစ်ကို အရကောက်ယူအပ်၏။

ပိသောဒရပုဒ်၏ ဝစနတ္ထကိုလည်းကောင်း, အဘိဓေယျတ္ထကိုလည်းကောင်း ဤဆိုအပ်လတ္တံ့ကုန်သော လောကီသဒ္ဒါကျမ်းလာ စကားတို့ဖြင့် ထင်ရှားစွာ သိအပ်ကုန်၏။

ဗိဟပ္ပတိ ဝါ ဉလိ ဂဗျူတိ ပိသောဒရာဒီနိ (သုတ်) ဧတေ နိပ္ပစ္စန္တေ ဗိဟတံပတိ ဗိဟပ္ပတိ ဒေဝတာ။ ဝါစံဝဒတီတိ ဝါ ဂါဒေါ။ ဟဿ အပစ္စံ ဝါ ဉလိ၊ ဂဿ ဉတ္တံ ဒဿလတ္တံ ဓာတုရဿော၈ ဂဝံယူတိဂဗျူတိ ပိသတံ ဉဇရံ အဿ ပိသောဒရော ပိသောဃျာနံ (ဝုတ္တိ) ပိသဟတ္တိ ဗိန္ဒုလ္လောပါတိအတ္ထော။ (ဋီကာ ကာတန္တ ပရိသိဋ္ဌကျမ်း) ဝဏ္ဏနာသောပိ။

ဝဏ္ဏနာ သော ပိသောဒရေ။ (သာရတ္ထ) ပိသတော မိဂေ ဗိန္ဒုမွိတိ၊ အဘိဓာနတ္ထာ၊ ပိသတ မိဂသော၀၊ ဥဒရံ၊ ယဿ သော ပိသောဒရော ဣတျတြပိသတဿ တကာရနာသော။ (သာရတ္ထဋီကာ) ဗ်ဟပ္ပတိ ဝါ ဥလိဂဗျုတိ ပိသောဒရာ။ ဗိဟပ္ပတိသဒ္ဒါ, ဝါ ဥလိသဒ္ဒါ, ဂဗျုတိသဒ္ဒါ, ပိသောဒရသဒ္ဒါ စသောသဒ္ဒါတို့သည်။ နိပ္ဖန္နေ ပြီးကုန်၏။ တေ၊ ဤသဒ္ဒါတို့သည်။ နိပ္ဖန္နေ၊ ပြီးကုန်၏။ ဗိဟတံ၊ နတ်တို့၏။ ပတိ၊ အရှင်တည်း။ ဗိဟပ္ပတိ၊ နတ်တို့၏အရှင်။ ဒေဝတာ၊ ကြာသပတေးဂြိုဟ်နတ်ကို ရ၏။ ဗိယတံ ဒေဝါနံပတိ ဂုရုတ္တာ (စိန္တာမဏိဋီကာ) ဗိဟာသဒ္ဒါ ဗြိဟာသဒ္ဒါ၊ နတ်ဟောဆိုလို သည်။ ဝါစံ၊ စကားကို။ ဝဒတိ၊ဆိုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝါဂ္ဂါဒေါ၊ ဝါဂ္ဂါဒမည်၏။ တဿ၊ ထိုဝါဂ္ဂါဒမည်သောသူ၏၊ အပစ္စံ၊ သားတည်း။ ဝါဥလိ၊ ဝါဂ္ဂါဒမည်သောသူ၏သား။ ဂဿ၊ ဂ-အက္ခရာ၏။ ဥတ္တံ ဥ-အက္ခရာ၏အဖြစ်။ ဒဿ၊ ဒ-အက္ခရာ၏။ လတ္တံ၊ လ-အက္ခရာ၏အဖြစ်။ ခါတုရဿောစ၊ ဝါဒခါတ်၏ အာ-ကို အ-ရဿလည်းပြု။ ဂဝံ၊ နွားတို့၏။ ယုတိ၊ ထွန်ခြင်း။ ဂဗျုတိ၊ နွားတို့၏ ထွန်ခြင်း။ အဿ၊ ထိုဥယျာဉ်၏။ ပိသတံ၊ အလုံး အပေါက်ကဲ့သို့သော၊ ဥဒရံ၊ ဝမ်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပိသောဒရော၊ ပိသောဒရ မည်၏။ ပိသောယျာနံ၊ အလုံးအပေါက် ဝမ်းရှိ သော ဥယျာဉ်ကို ရ၏။ (သုတ်, ဝုတ္တိ အနက်)။ ပိသတန္တိ၊ ပိသတံ ဟူသည်ကား။ ဗိန္ဒုဏ္ဍ၀၊ အလုံးအပေါက်ကဲ့သို့သော။ ဣတိအတ္ထော၊ ဤကား ပိသ သဒ္ဒါ၏ အနက်။(ဋီကာအနက်)။ ကာတန္တပရိသိဋ္ဌကျမ်းအနက်။ ပိသောဒရေ၊ ပိသောဒရပုဒ်၌။ ဝဏ္ဏနာသော၊ ဝဏ္ဏကျေ၏။(သာရတ္ထကျမ်း အနက်)။ ပိသတော၊ ပိသတသဒ္ဒါသည်။ မိဂေ၊ သမင်ဟူသောအနက်၌ လည်းကောင်း၊ ဗိန္ဒုမွိ၊ အလုံးအပေါက်ဟူသော အနက်၌ လည်းကောင်း။ ဣတိ အဘိဓာနတ္တာ၊ ဤသို့အဘိဓာန်ရှိသည်၏ အဖြစ်ကြောင့်။ ယဿ၊အကြင် ဥယျာဉ်အား။ ပိသတ မိဂဿ၊ သမင်၏။ ဥဒရံဣဝ၊ ဝမ်းကဲ့သို့သော။ ဥဒရံ၊ ဝမ်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ သော၊ ထိုဥယျာဉ်သည်။ ပိသော- ဒရော၊ မည်၏။ ဣတိ၊ ဤသို့။ အတြ၊ ဤပြယုဂ်၌။ ပိသတဿ၊ ပိသတသဒ္ဒါ၏ တကာရနာသော၊ တ-အက္ခရာကျေ၏။ (သာရတ္ထဋီကာအနက်)။ သက္ကတ၌ ပိသတ၊ မာဂဓ၌ ပသဒ သမင်ဟောတည်း။ ချေဟောမဟုတ်။ ကာတန္တပရိ- သိဋ္ဌကျမ်းဆရာ၊ ကာတန္တပရိသိဋ္ဌဋီကာဆရာ၊ ဤနှစ်ဦးကုန်သော ဆရာတို့၏ အလိုအားဖြင့် ပိသတ-သဒ္ဒါသည် အလုံးအပေါက်ဟောတည်း။

သာရတ္ထကျမ်းဆရာ, သာရတ္ထဋီကာဆရာ ဤနှစ်ဦးကုန်သော ဆရာ တို့၏ အလိုအားဖြင့် ပိသတသဒ္ဒါသည် သမင်ဟောတည်း။ ပိသောဒရာဒိဂိုဏ်း မှာ သာရတ္ထကျမ်း၌ ဝဏ္ဏနာသောပိသောဒရေ ဟူသော စကားပုဒ်ကို ပိသောဒပုဒ်ကိုသာ ငဲ့၍ မိန့်သတည်း။

ပိသောဒရာဒိ တစ်ဂိုဏ်းလုံးကို ငဲ့၍ မမိန့်အပ်။ ပိသောဒရာဒိဂိုဏ်းမှာမူကား ဝဏ္ဏနာသဟူသော နိရုတ္တိလက္ခဏာကိုသာ ရအပ်သည်မဟုတ်။ ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယ, ဝဏ္ဏဝိကာရ, ဓာတုအတ္ထနိယောဇန ဟူကုန်သော ဤ နိရုတ္တိလက္ခဏာလေးပါးတို့ကိုလည်း ရအပ်ကုန်သေး၏။ ထို့ကြောင့် ကိတ် သဒ္ဒနီတိ ကုန်ခါနီး (နိုတိသုတ္တ၊ ၁၅၆)၌ သဒ္ဒသတ္ထဝိဒူပန "ပိသောဒရာဒီနိ ယထော-ပဒိဋ္ဌ"န္တိ ပရိဘာသာ လက္ခဏံ ဝတွာ ပိသောဒရ ဝလာဟက မေခလ,ဇီမူတ သုသာန ဥဒုက္ခလ ပိသာစ ဘိသိ မယူရသဒ္ဒေ အဝိဟိတလက္ခဏေ သာဓေတုံ "ဝဏ္ဏာဂမောတိ အာဒိနာ ပဉ္စဝိဓံ နိရုတ္တိံ ဝဒိံသု။ ။သာသနိကေသုပိ နိရုတ္တညူနော အာစရိယာ ပဉ္စဝိဓံ နိရုတ္တိံ အာဟံသု"ဟု မိန့်အပ်၏။ ဤသဒ္ဒနီတိ လာ စကားကို ထောက်၍ ဤအဋ္ဌကထာမှာ နိရုတ္တိလက္ခဏံ ဟူသောစကားကို သာသနာတော်၌ အကျုံးဝင်ကုန်သော နိရုတ္တညူဆရာတို့၏ အလိုအားဖြင့် မိန့်တော်မူသတည်း။

ပိသောဒရာဒိပက္ခေပလက္ခဏံ ဟူသောစကားကို သာသနာတော်၌ အကျုံးမဝင်ကုန်သော သဒ္ဒသတ္ထဝိဒူဆရာတို့၏ အလိုအားဖြင့် မိန့်တော်မူသတည်းဟု ခွဲ၍မှတ်အပ်၏။ သာသနာတော်၌ အကျုံးဝင်ကုန်သော နိရုတ္တညူဆရာတို့ ဟူသည် ရဟန်းတို့တည်း။ သာသနာတော်၌ အကျုံးမဝင်ကုန်သော သဒ္ဒသတ္ထဝိဒူဆရာတို့ဟူသည် ပုဏ္ဏားတို့တည်း။ ပိသောဒရာဒိဂိုဏ်း၌လည်း ဝဏ္ဏာဂမ စသည်တို့ကိုလည်း ရအပ်သောကြောင့်ပင်လျှင် ပိသောဒရာဒိပက္ခေပလက္ခဏာကို ယူ၍လည်း ဘဂဝါ ဟုဆိုလိုလျက် ဘာ-၏ အစိတ် အ-ကို အ-ရဿ ဂျကို ဂ ပြု၍ ဘဂဝါပုဒ်ပြီးသတည်း။ နိရုတ္တိလက္ခဏာကို ယူ၍သာလျှင် ပြီးသည် မဟုတ်ဟု မှတ်အပ်၏။ ဝဏ္ဏာဂမ အစရှိသော နိရုတ္တိ လက္ခဏာငါးပါး အထူးအပြားသည် မဟာနိဒ္ဒေသ အဋ္ဌကထာမေတ္တေယျသုတ် အဖွင့်၌ အကျယ်လာသတည်း။

ယသ္မာ ပနဍ္ဎ ပနသည် ပက္ခန္တရတ္ထဇောတကတည်း။

ဘဂ္ဂဝါပုဒ်၌ အဿတ္ထိအနက် ဝန္တုပစ္စည်းသက်။ ဘဂ္ဂါဿကို"ဘဂ္ဂါ+အဿ" ဟု ပုဒ်ဖြတ်။ အဿ ဘဂဝတော၊ အား။ ။ဘဂျဝန္တတာယ စ-၌ စ-သည် ဝါကျာရမ္ဘဇောတကတည်း။

သတပုညဇလက္ခဏဓရဿ၊ အရာမကသော ဘုန်းတော်ကြောင့်ဖြစ်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကို ဆောင်တော်မူတတ်သော၊ (သတ သဒ္ဒါသည် အနေကသင်္ချာဖြစ်၍ များသည်၏အဖြစ်၏ ပရိယာယ်တည်း)။ ။ အဿ ဘဂဝတော၊ ၏။ သတပုညဇလက္ခဏဓရဿ၊ သတပုညဇလက္ခဏဓရတ္တာ၊ ကြောင့်။ ယသ္မာ စ-၌ စ သည် ဝါကျာရမ္ဘတ္ထဇောတကတည်း။ ပရမဋ္ဌဿ

အစရှိသော ပယတ္တော စ အတ္ထိအဆုံးကျသောစကားသည် ဟိတ်ကူတည်း။ ထို့ကြောင့် တသ္မာဖြင့် ယသ္မာ စ လောကေ အစရှိသော ရှစ်ဝါကျကိုခွဲ၍ ယသ္မာကို နောက်ခုနစ်ဝါကျနှင့်လည်းယှဉ်။ ပရမဋ္ဌသဉ္စ စ-ကို တသ္မာရှစ်ချက်နှင့်ယှဉ်။

ဘဂဝသဒ္ဒေ ယသ္မာ ဝတ္တတိ၊ တသ္မာ စ, ဣဿရိယံ ယသ္မာ ဟောတိ၊ တသ္မာ စ, သဗ္ဗာကာရပရိပူရံ ဣဿရိယံ ယသ္မာ အတ္ထိ၊ တသ္မာ စ, ဓမ္မော ယသ္မာ အတ္ထိ၊ တသ္မာ စ, ယသော ယသ္မာ အတ္ထိ၊ တသ္မာ စ, သဗ္ဗင်္ဂပစ္စင်္ဂသိရီ။ ယသ္မာ အတ္ထိ၊ တသ္မာ စ, ကာမော ယသ္မာ အတ္ထိ တသ္မာ စ, ပယတ္တော ယသ္မာ အတ္ထိ၊ တသ္မာ စ, ဣမေဟိ ဘဂေဟိ ယုတ္တတ္တာပိ ဘဂါ အဿ သန္တီတိ၊ ဣမိနာ အတ္ထေန ဘဂဝါတိ ဝုစ္စတီတိယောဇနာ။

နောက်ခုနစ်ဝါကျကို စွဲသော တသ္မာကို ဟိတ်ကူခြင်းငှါ "ဣမေဟိ ဘဂေဟိ ယုတ္တတ္တာပိ"ကို မိန့်သတည်း။ ပိ ဖြင့် အရင်းဂါထာလာ ဘဂေဟိ စ-၌ စ-ကိုဖွင့်သတည်း။ ထို့ကြောင့် ထုံ ပိ-ဖြင့် အရင်းဂါထာလာ "ဘာဂျဝါ,ဘဂ္ဂဝါ" ကိုပေါင်းအပ်သတည်း။ သည်သာမဟုတ်သေး။ ဟိတ်ကူဖြစ်သောကြောင့် ရှေးဟိတ်ကူခုနစ်ဝါကျကိုလည်း ပေါင်းသတည်း။ တစ်နည်းရှိသည်နှင့် ယှဉ်ခြင်းသည် မခြားနား မပြားဘူး၊ ထို့ကြောင့် တသ္မာကို "ဣမေဟိ ဘဂေဟိ ယုတ္တတ္တာပိ"ဟု ဖွင့်သတည်း။ "တသ္မာ နောင် ဟိတ်နှင့် ဆောင်မူ အနက်တူ" ဟူသော နိယံနှင့်အညီတည်း။ ဤနောက်နည်းသာလျှင် သာ၍သင့်သတည်း။ ဤနည်းအလိုအားဖြင့် ယုတ္တတ္တာပိ-၌ ပိ-ဖြင့် အရင်းဂါထာလာ "ဘာဂျဝါ, ဘဂ္ဂဝါ" ကိုသာ ပေါင်းသတည်း။

"အဏိမာ လဃိမာဒိကံ"၌ အာဒိဖြင့် မဟိမာ, ပတ္တိ,ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမာဝသာယိတာ၊ ဤခြောက်ပါးတို့ကို ယူအပ်ကုန်၏။

အဏိမာဟူသည် မိမိကိုယ်ကို အနုမြူ၏အဖြစ်ကို ပြုခြင်းတည်း။ အဏု-ပုဒ်နောင် ဇာတာဒီနမိမိယာ စ-သုတ်၌ အာဒိသဒ္ဒါဖြင့်၎င်း၊ တမေတ္တဿတ္ထိတိမန္တု ဟူသော (၇၈။ ဏာဒိကဏ္ဍ။ မောဂ္ဂလာန်)သုတ်မှ မန္တုသဒ္ဒါအလိုက်မခံမူ၍၊ ဣမိနာယာဟူသော(၉၄။ ဏာဒိကဏ္ဍ။) မောဂ္ဂလာန်မူလ တဒ္ဓိတ်သုတ်ဖြင့်၎င်း။ ဣမပစ္စည်းသက် အဏုသဒ္ဒါသည် ဘာဝပ္ပဓာနတည်း။ ထို့ကြောင့် "ကာယဿ၊ အဏုဘာဝဿ ကရဏံ အဏိမာ"ဟုဝိဂ္ဂြိုဟ်ပြုအပ်၏။ ဣ-နှောင်းသောကြောင့် ဥ-ကိုချေ၊ "အဏုသဒ္ဒါကိုလည်း အဏုတိ သုခုမဘာဝေန ပဝတ္တတီတိအဏု"ဟု ဏွာဒိမောဂ္ဂလာန်(၂-သုတ်)၌ ဝိဂ္ဂြိုဟ်ပြုအပ်၏။ အဏ-ဓာတ်နောင် ဥ-ပစ္စည်းသက်။

လံဃ ဂတိသောသနေသု၊ ဃဿဝါပဝတ္တံ၊ နိဂ္ဂဟိတလောပေါ စ၊ လံဃတိ ပဝတ္တတိ လဟုဘာဝေနာတိ လဃု။ လဟု။ဟူသော ဏွာဒိမောဂ္ဂလာန် (၆-သုတ်)စကားဖြင့် လဃုပုဒ်ပြီးကို သိအပ်၏။ ထို့ကြောင့် ၎-ကင်းစီးနှင့်

လဃိမာမသင့်။ င-ကင်းစီးကင်းလျက် လဃိမာ-သာသင့်သည်ကို သိအပ်၏။ ဝိသုဒ္ဓိမဂ်၌လည်း င-ကင်းစီးကင်းလျက် လဃိမာ-ဟူ၍သာ ရှိသတည်း။ "လဃုနော ဘာဝေါ လဃိမာ"ဟု ဝိဂြိုဟ်ပြု။ ရုပ်ပြီးကား အဏိမာပုဒ်ပြီးနည်း အတိုင်းတည်း။

မဟန္တဿ ဘာဝေါ မဟိမာ။ ရုပ်ပြီးကား မဟတံမဟာ-ဟူသော ယောဂ ဝိဘာဂသုတ်ဖြင့် မဟာပြု။

ဣဋ္ဌ ဒေသဿ ပါပုဏနံ ပတ္တိ၊ အဓိဋ္ဌာနာဒိပဒေသေန ဣစ္ဆိတနိပ္ဖာဒနံပါကမ္မံ။ ပ-ပုဒ်၊ အာကမ္မပုဒ်၊ ပ-သည် ပကာရ အနက်ဟော။ ပကာရအရ အဓိဋ္ဌာန စသည်တည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၊၃၁၁။)၌ "အဓိဋ္ဌာနာဒိဝသေန" ဟု မိန့်အပ်၏။ အာကမ္မ၌ အာ-ပုဗ္ဗ ကရ-ဓာတ်၊ ရမ္မပစ္စည်း၊ အာ-သည် ဓာတွတ္ထာနုဝတ္တကတည်း။ ကရ ကရဏေဓာတ်နက်။ ကရဏ ဟူသည် နိပ္ဖာဒန ပင်တည်း။ ထိုကြောင့် သာရတ္ထဒီပနီ၌ ဣစ္ဆိတနိပ္ဖါဒနံဟု မိန့်အပ်၏။ ဤ သနံ ဣဿရိယဘာဝေန ဘဝနံ ဤသော၊ ဤသော ဧဝဿ ဘာဝဝတော အတ္တိတိ ဤသီ၊ ဤသိနော ဘာဝေါ ဤသိတာဟု ဝိဂြိုဟ်ပြု။ ထို့ကြောင့် သာရတ္ထဒီပနီ(၃၁၁)၌ သယံဝသိတာ ဣဿရဘာဝေါ ဤသိတာ၊ ဟုမိန့်အပ်၏၊ ဤသ ဣဿရိယေ၊ ဤသတိ။ ။ဓာတုမာလာ (၁၇၇-နှာ။) ဣဒ္ဓိဝိဓေ ဝသိနော ဘာဝေါ ဝသိတာ။ ။ယတ္ထကာမာ ဝသာယိတာ ပုဒ်ဝယ် အဝသာ- ယိကာ၌ အဝ-ပုဗ္ဗ သာ-ဓာတ်၊ တ-ပစ္စည်း၊ ဣအာဂုံ၊ သာဓာတ်သည်၊ သာ၊ ပါကေ။ သာတိ (ဘူဝါဒိ)သာ၊ တနုကရဏေ အန္တကမ္မနိစ၊ သိယတိ။ သာ၊ အဿာဒနေ၊ သာယတိ၊ (ဒိဝါဒိ)ဟု ဓာတုမာလာ (၁၇၁။၂၃၈။၂၅၅။ ၂၅၉။)၌ လာရှိကုန်သော သုံးပါးကုန်သော အနက်တို့တွင် အန္တကမ္မ အနက် ဟောသည်း။ အန္တကမ္မဟူသည် အဆုံးကို ပြုခြင်းတည်း။ အဆုံးကိုပြုခြင်းဟူသည် အဆုံးသို့ ရောက်စေခြင်းတည်း။

ထို့ကြောင့် သာရတ္ထဒီပနီ (၁၊၃၁၂။)၌ "ယတ္ထ ကတ္ထစိ ဝေါသာနပ္ပတ္တိ ယတ္ထ ကာမာဝသာယိတာ"ဟု မိန့်အပ်၏။ ဝေါသာနပ္ပတ္တိကို ဝိ-အဝသာနပ္ပတ္တိ ဟု ပုဒ်ဖြတ်၊ ပတ္တိ၌ ကာရိုက်ဏေပစ္စည်းကျေသတည်း။ ဣဿရိယပုဒ်ကို "ဣဿရဿ ဘာဝေါ ဣဿရိယံ"ဟု ဝစနတ္ထပြု။ "ဣဿရော တုသီဝသာ မီသု"ဟု အဘိဓာန်အနေကတ္ထဝဂ် (၁၀၉၄-ဂါထာ)ပါဒလာ ဣဿရသဒ္ဒါ၏ ပရမိ သ္မာနတ်ဟူသောအနက်, အရှင်ဟူသော အနက်, ဤနှစ်ချက်တို့တွင် ဤအရာ၌ ဘုရားရှင်အနက်ဟောတည်း။

အတ္တာနံ ဓာရေဇေန္တေ စတူသု အပါယေသု၊ ဝဋ္ဋဒုက္ခေသု စ အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော။ ယသော၊ ကျော်စောသံသည်။ ယဇတိ ဧတေနာတိ ယသော ဇဿ သော။ သဗ္ဗတ္ထ ယာတီတိ ဝါယသော၊ ၎သာ။ ယဿတိ ပယသ

ဘိတိ ဝါယသော။ အဘိဓာန်ဋီကာ (၁၁၇-ဂါထာ) သဂ္ဂကဏ္ဍအဖွင့် ယသဿိ-မာတိ တေဇသမ္ပတ္တိယာ၊ ယသဿိမာ။ ။တိံသနိပါတ် သမ္ဘဝဇာတ် အဋ္ဌ-ကထာ (ဇာတက ၃၊၅။၆၅။)အစ္စိမာလီ ယသဿိမာ။ ။သမ္ဘဝဇာတ်ပါဠိတော် (၁.၅၊၁၇၉။) ယသဿိမာတိ တေဇသမ္ပတ္တိယာ ယသိမာ။ ။၎င်းအဖွင့် အဋ္ဌကထာ။ (ဇာတက ၃၊၅၊၆၅) ယသဿိမာတိ တေဇသီ၊ (ဇာတ်ဋီကာ) ယသသဒ္ဒါ တန်ခိုးဟော ရှိသည်ကို ထောက်ရန်သာဓကတို့တည်း။ ယသော လဒ္ဓါတိ ဣဿရိယဥ္စ။ လဘိတွာ၊ စတုက္ကနိပါတ် ကက္ကာရုဇာတ် အဋ္ဌကထာ (ဇာတက ၃၊၁၊၈၁။)ယသောတိ ဣဿရိယ ပရိဝါရော။ စတုက္ကနိပါတ် ကာဠ-ဗာဟုဇာတ်အဋ္ဌကထာ (ဇာတက၊၃၊၁၊၉၁။) ယသသဒ္ဒါသည် ဣဿရိယအနက်နှင့် ပရိဝါရ အနက်ဟောရှိသည်ကို ထောက်ရန် သာဓကတို့တည်း။

ဤတေဇအနက်, ဣဿရိယအနက်, ပရိဝါရအနက် – ဤသုံးပါးကုန်သော အနက်တို့သည် ဤအရာမှာ မဆိုင်ကုန်။ အရာအားလျော်စွာမှတ်။

သမ္ပတ်ပစ္စင်သိရီ၊ အလုံးစုံကုန်သော အင်္ဂါကြီး,ငယ်တို့၏ တင့်တယ်ခြင်းသည်။ သမ္ပတ်ပစ္စင်သိရီတိ,သဗ္ဗေသံ အင်္ဂပစ္စင်္ဂါနံ သောဘာ။ (သာရတ္ထဒီပနီ။ ၁၊၃၁၂။)သိရိမတောတိ ဧတ္ထ သိရီတိ ပညာပုညာနံ အဓိဝစနန္တိ ဝဒန္တိ။ အထဝါ။ ပုညနိဗ္ဗတ္တာ သရီရသော သဂ္ဂါဒိသမ္ပတ္တိကတပုညေ နိဿယတိ,၊ ကတပုညေ ဟိ ဝါ နိဿီယတီတိ''သိရီ''တိ ဝုစ္စတိ။ သာစ အတိသယဝတီ ဘဂဝတော အတ္ထီတိ-သိရိမာ။ ဘဂဝါ၊ တဿသိရိမတော။ မူလဋီကာ(မူလဋီ–၁၊၉။)ပဏာမအဖွင့်) သိရိန္တိ သောဘံ။ ။မဏိကဏ္ဌဇာတ် အဋ္ဌကထာ (ဇာတက-၃-၂၊၃၇၆။ မဏိသူ-ကရဇာတ်) အထလက္ခီ သိရိတ္ထိယံ။ ။ အဘိဓာန်သဂ္ဂကဏ္ဍ။ (၈၂၊ဂါထာ)။ ကတပုညေဟိ သေဝီယတေ တေ ဝါ သေဝတီတိ သိရီ။ ရော။ ဤစ။ ။ အဘိဓာန်ဋီကာ။ (၈၂၊ဂါထာ။) သိရီသဒ္ဒါ သောဘာ အနက်ကို ဟောရာ၌ ထောက်ရန် သာဓကတို့တည်း။ သမ္ပတ္တိ သမ္ပဒါလက္ခီ။ သိရီဝိပ္ပတ္တိစာပဒါ။ ။ အဘိဓာန်စတုဗ္ဗဏ္ဏဝဂ်။ (၁၇၅၊ဂါထာ)။ သိရီစ ပုဗ္ဗေ ဒေဝတာ ဝေသနံ ဝုတ္တာ။ ၎င်းအဖွင့် အဘိဓာန်ဋီကာ။ (၁၁၅၊ဂါထာဖွင့်)။ သိရိဝှာယနန္တိ ဧဟိ သိရီ၊ မယှံသိရေ ပတိဋ္ဌာဟီတိ ဧဝံ သိရေန သိရိယာ အဝှာယနံ။ (ဒီ ၃-၁၊၉၁။) သီလက္ခန် အဋ္ဌကထာ၊ ဗြဟ္မဇာလသုတ်အဖွင့်။

ကျက်သရေကိုစောင့်သော ကိုယ်စောင့်နတ်ကို သိရီ ဆိုသည်ဟု မုံရွေးဆရာတော် ကိုယ်စောင့်နတ် အသုံးအဖြတ်၌ မိန့်သတည်း။ သိရီတိ သိရီဒေဝတာ၊ ။စတ္တာလီသနိပါတ် ဓေသကုဏဇာတ် အဋ္ဌကထာ။ ယင်း ဇာတ်တွင် မတွေ့ရ။ သိရီစလက္ခီစာတိ ပရိဝါရသမ္ပတ္တိ စ ပုညဥ္စ။ (အင်္ဂုတ္တရနိပါတ်၊ သုမင်္ဂလဇာတ် အဋ္ဌကထာ။ ဇာတက-၃-၁၊၄၂၂။) သိရီစ လက္ခီစ အပေတိတိ

တမှာ။ (ပညာသနိပါတ် ဥမ္မာဒန္တီဇာတ်။ ဇာတက-ဋ္ဌ-၅၊၂၃၂။)။ ဣဿရိယ-သန္နိဝါတာ သိရီစ။ ။ငင်းအဖွင့် အဋ္ဌကထာ။ နှာ-၂၃၇။ သိရီတိ ယသ ဝိဘဝေါ။ (တိံသနိပါတ် ဂန္ဓတိန္ဒုကဇာတ် အဋ္ဌကထာ။ ဇာတက-ဋ္ဌ ၅၊ နှာ-၁၀၆)။ ယသဝိဘဝေါ၊ အခြံအရံ စည်းစိမ်တည်း။ ။ဤသမ္ပတ္တိအနက်, ကြက်သရေကိုဆောင်သော ကိုယ်စောင့်နတ် အနက်, သိရီနတ်သမီး အနက်, ပရိဝါရသမ္ပတ္တိ အနက် ဣဿရိယ အနက်, ယသဝိဘဝ အနက် ဤခုနစ်ပါးကုန်သော အနက်တို့သည် ဤအရာမှာ မဆိုင်ကုန်။ အရာအားလျော်စွာမှတ်။

"အတ္တဟိတံ ဝါ ပရဟိတံ ဝါ ကာမေတိဣစ္ဆတီတိ ကာမော" ဟု ဝစနတ္ထပြု၍ သမ္မာဆန္ဒတော်ကို ကောက်ယူ။ "ပကာရေန ယတတိ ပတိယတတိ ဝါယာမံကရောတီတိ ပယတ္တော" ဟု ဝစနတ္ထပြု၍ သမ္မာဝါယာမဟု ဆိုအပ်သော ဥဿာဟကို ကောက်ယူ။ ဆဒါဒီဟိတစြဏ် သုတ်ဖြင့် ယတ-ဓာတ်နောင် တ-ပစ္စည်းသက်၊ တ-ကို တ-သို့ကပ်၊ ယတတီတိ ယတ္တံ ယတြံ။ (သဒ္ဒါကြီးဥဏာဒိ။) ဝီရိယကို ငဲ့၍ နိဂ္ဂဟိတန္တနှင့် နိပ္ဖန္န ချသတည်း။ ဤဥ္စမူကား ဥဿာဟကို ငဲ့၍ ဩကာရန္တနှင့် နိပ္ဖန္န ချသတည်း။

ယသ္မာ ပန ဌ် ပန-သဒ္ဒါသည် ပက္ခန္တရတ္ထဇောတကတည်း။ ကုသလာဒီဟိ အစရှိသော စကားကို မေ့သင်္ဂဏီပါဠိတော်လာ ကုသိုလ်စသည်တို့ကို ရည်၍ မိန့်သတည်း။ ခန္ဓာဒအာယတန အစရှိသော စကားကို ဝိဘင်းပါဠိတော်မှ စ၍ အထက်အာဘိဓမ္မာ ခြောက်ကျမ်းလာ ခန္ဓာစသည်တို့ကို ရည်၍ မိန့်သတည်း။ ပဋိစ္စသမုပ္ပါဒါဒီဟိ၌ အာဒိဖြင့် ဝိဘင်းပါဠိတော်လာ သတိပဋ္ဌာန် စသည်တို့ကိုသာ မယူမူ၍ ဓာတုကထာကျမ်းလာ သင်္ဂဟ စသည်တို့ကိုလည်းကောင်း၊ ပုဂ္ဂလပညတ်ကျမ်းလာ သမယ, ဝိမုတ္တိစသည်တို့ကို လည်းကောင်း။ ကထာဝတ္ထုကျမ်းလာ ဥပနာ စသည်တို့ကို လည်းကောင်း၊ ပဋ္ဌာန်းကျမ်းလာ တိက ပဋ္ဌာန်း စသည်တို့ကို လည်းကောင်း ယူအပ်ကုန်၏။ သာရတ္ထဒီပနီ (၁၊၁၁၂။) လာ စကားကိုထောက်၍ ဆိုသတည်း။ ပီဋ္ဌနသဉ်တ အစရှိသော စကားကို ပဋ္ဌိသမ္ဘိဒါမဂ် အာဘိဓေယျနိဒ္ဒေသလာ ပီဋ္ဌနသဉ်တစသည်တို့ကို ရည်၍ မိန့်သတည်း။ ထိုပီဋ္ဌနသဉ်တ စသော ပုဒ်တို့၏ အနက်ကို ဝိသုဒ္ဓိမဂ်ဋီကာ ဗုဒ္ဓါနုဿတိ အဖွင့်လာရှိသည့်အတိုင်း ဖွင့်ဆိုသော သာရတ္ထဒီပနီလာစကားကို လည်းကောင်း၊ တနည်းအားဖြင့် ဖွင့်ဆိုသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ အဘိညာနိဒ္ဒေသအဖွင့် (ပဋိသမ္ဘိဒါ၊ဋ္ဌ-၁၉၅)၌ လာရှိသော "ဒုက္ခဒဿနေနေဝ-ပီဋ္ဌနတ္တော။ဒုက္ခာဟ္ဟဟနသမုဒယ ဒဿနေနသဉ်တဋ္ဌော၊ သဗ္ဗကိလေသသန္တာပ ဟရသုသီတလမဂ္ဂဒဿနေနသန္တာပဋ္ဌော။ အဝိပရိဏာမဓမ္မနိရောဓဒဿနေန ဝိပရိဏာမဋ္ဌော။ သမုဒယဒဿနေနေဝ အာယူဟနဋ္ဌော။ သမုဒယာယူဟိတ ဒုက္ခဒဿနေန နိဒါနဋ္ဌော။ ဝိသညောဂဘူတနိရောဓ ဒဿနေန သညောဂဋ္ဌော။

နိယျာနဘူတ မဂ္ဂဒဿနေန ပလိဗောဓဇ္ဈော။ နိရောဓဒဿနေနေဝ နိဿရဏဇ္ဈော။ အဝိဝေကဘူတ သမုဒယ ဒဿနေန ဝိဝေကဇ္ဈော။ သင်္ခတဘူတ မဂ္ဂဒဿနေန အသင်္ခတဇ္ဈော။ ဝိသဘူတဒုက္ခဒဿနေန အမတဇ္ဈော။ မဂ္ဂဒဿနေနေဝ နိယျာနဇ္ဈော။ နိဗ္ဗာနသမ္ပတ္တိယာ အဟေတုဘူတသမုဒယဒဿနေန ဟေတုဇ္ဈော။ သုဒုဒ္ဒသနိရောဓဒဿနေန ဒဿနဇ္ဈော။ ကပဏ ဇနသဒိသဒုက္ခဒဿနေန ဥဠာရ ကုလသဒိသော အာဓိပတေယျဇ္ဈော။ ပါတုဘဝတီတိ ဧဝံ တံတံ သစ္စဒဿနေန တဒည သစ္စဒဿနေနစ ဧကေကဿ သစ္စဿ စတ္တာရော စတ္တာရော လက္ခဏဇ္ဈာ ဝုတ္တာ။ ဟူသောစကားကိုလည်းကောင်း။ ရှုမြော်ထောက်ထား၍ အလွယ်အားဖြင့် မှတ်သားဖွယ်၏။

ဣမာနိစတ္တာရိသစ္စာနိ ဟုနေတ္တိ ပါဠိတော် ဒေသနာဟာရ သမ္ဗာတ၌ လာရှိသည်နှင့် အညီရင်းသစ္စဝိနိမုတ္တာပါ ဘဂဝတော ဒေသနာနတ္ထီတိ ဟုနေတ္တိ အဋ္ဌကထာ(နေ့တ္တိဋ္ဌ၊၅၆)ဖွင့်သည်နှင့်အညီ ရင်းသစ္စာလေးပါးတို့မှ လွတ်သော သဗ္ဗညု ဘုရားရှင်တို့၏ ဒေသနာတော်မရှိသောကြောင့်ရင်း အာဒိမှိသီလံ ဒဿေယျ၊ မဇ္ဈေမဂ္ဂံဝိဘာဝယေ။ ပရိယောသာနေစ နိဗ္ဗာနံ၊ သောကထိက သဏ္ဌိတိ”ဟုသုတ် သီလက္ခန် အဋ္ဌကထာသာမညဖလသုတ်အဖွင့်(ဒီ၊ဋ္ဌ၊၁၊၁၅၉။) ၌လာသည်နှင့်အညီသစ္စာလေးပါးတို့ကို အဆုံးထားတော်မူ၍တရားဟောတော်မူခြင်းသည် သဗ္ဗညုရှင်တော်ဘုရားတို့၏အလေ့သဘောတော် ဖြစ်သောကြောင့် ရင်းအဋ္ဌကထာဆရာသည် ပိဋ္ဌနသင်္ခတအစရှိသော စကားဖြင့် သစ္စာလေးပါး တို့ကိုအဆုံးထား၍ သဗ္ဗညုရှင်တော်ဘုရား ဝေဖန်တော်မူသည်ကို ပြတော်မူသတည်း။

ဝန္တိံ၌ဝမှ-ခတ် မာန-ပစ္စည်း။ ထိုမာန-ပစ္စည်းကို ကံအနက်၌ သက်ပြီးလျှင် ကံအနက်၌သက်ရခြင်း ရေတူသည်နှင့်“တုမှေဟိ သဗ္ဗာဇေန္တော ဝါ ဥပသမ္ပါဒေန္တောဝါ”ဟူသောအဋ္ဌသာလိနီဒိဒါန်း (အဘိ ဋ္ဌ၊၁၊၂၉။ ကိဥ္စိဝိသဒိသံ။)လာ စကားကို မဏိဒီပ၌ ရုပ်ပြီးစီရင် သကဲ့သို့၊ ပရာနျတ္တနောပဒါနိ သုတ်ဖြင့် အတ္တနောပုဒ်မှည့်ပြီးလျှင် အဋ္ဌပုဗ္ဗာနိ ဝိဘတ္တိနံ ဆ ပရဿ ပဒါနိသုတ်ဖြင့် ကတ္တားအနက်၌ သက်ရခြင်း ရေတူသည်နှင့် အန္တပစ္စည်းကို ပရဿပုဒ်မှည့်၍ အတ္တနော ပဒါနိ ပရဿပဒတ္တံ သုတ်ဖြင့် အတ္တနောပုဒ် မာန-ပစ္စည်းကို ပရဿပုဒ် အန္တပစ္စည်းပြု

ဘဂဝါပုဒ်ကိုဖွင့်ရာ ပဌမနည်း၌ ပနသဒ္ဒါသည် ပက္ခန္တရတ္ထဇောတကတည်း။ အယံပန အပရောနယောအရ နည်းခြောက်ပါးတို့တွင် ဒုတိယနည်း၌ “ယသ္မာ ပနလောဘ”ဟု ပနသဒ္ဒါနှင့် ရှိသတည်း တတိယနည်း၌ “ယသ္မာ လောဘော” ဟုစသဒ္ဒါနှင့် ရှိသတည်း။ စတုတ္ထနည်း၌ “ယသ္မာပန ကုသလာဒီဟိ”ဟု ပန

သဒ္ဒါနှင့်ရှိသတည်း။ ပဥ္စမနည်း၌“ယသ္မာစသေ” ဟုစ–သဒ္ဒါရှိသတည်း။ ဆဋ္ဌနည်း၌“ယသ္မာပနဣတိသု”ဟုပနသဒ္ဒါနှင့် ရှိသတည်း။ ဤသို့ပနသဒ္ဒါကို သုံးဌာနတို့၌ထားခြင်းသည် ရှေးရှေးနည်းမှ အသီးအခြားနည်းတပါး တပါးဖြစ်၍ ပက္ခန္တရဖြစ်သောကြောင့် ထားခြင်းဖြစ်သတည်း။ စ-သဒ္ဒါကို နှစ်ဌာနတို့၌ ထားခြင်းသည် ရှေးရှေးနည်းမှ အသီးအခြား နည်းတပါး ဖြစ်လေလျှင်မူလည်း ဘဂဝါဟူသောပုဒ်ရင်းနှင့် ဆက်စပ်၍ ဖြစ်လေရကား စကားစပ် စကားဆက် ဝါကျာရမ္ဘဖြစ်၍ ထားခြင်းဖြစ်သတည်း။

ဤသို့သဘောရှိသော ပန–သဒ္ဒါ စ–သဒ္ဒါထားခြင်းကို နည်းပြဟု ငါတို့ကျေးဇူးရှင် ဖြစ်တော်မူသော စံကျောင်းဆရာတော်ဘုရားကြီး အမိန့်တော်ရှိသတည်း။

## သော္ဏမံလော့ကဲသဒေဝကစ သောပုဒ်တိုင်အဖွင့်

ဣမသဒ္ဒါသည် ဝုတ္တာပေက္ခ ဝုစ္စမာနာ ပေက္ခအားဖြင့် နှစ်ပါးအပြားရှိသည်တွင် ဤအရာ၌ ဝုစ္စမာနာ ပေက္ခဖြစ်သတည်းဟု ပြတော်မူလိုရကား “ဣဒါနိ ဝတ္တဗ္ဗံနိဒဿေတိ” ဟူသောစကားကို မိန့်တော်မူသတည်း။ ထိုစကားမှန်၏-ဝတ္တဗ္ဗံ ဟူသောပုဒ်၌ တဗ္ဗပစ္စည်းကို အနာဂတ်ကာလ၌ သက်ရသတည်း။ “သဒေဝကဝစနေန ပဥ္စကာမာဝစရဒေဝဂ္ဂဟဏံ”စသော သာရတ္ထ ဒီပနီ (၁၊ ၃၂၁။)စကားတွင် ပဥ္စကာမာဝစရဒေဝဂ္ဂဟဏံ၌ ဒေဝ–သဒ္ဒါ နတ်ဘုံဟောတည်း နတ်ဟောမဟုတ်။ ထို့ကြောင့် အဋ္ဌကထာ၌“ဧဝမေတ္တတီဟိပဒေဟိ ဩကာသလောကော”ဟု မိန့်အပ်၏။ ဋီကာ၌လည်း “တတ္ထဟိသော ဇာတော (၁၊ ၃၂၁။) စသော စကားကို မိန့်အပ်၏ “ပါရိသေသညာယေန” စကားကို ဋီကာဆရာဆိုသည်ကား သဒေဝကသဒ္ဒါ နတ်ဘုံ, ဗြဟ္မာဘုံရှိသမျှကို ဟောလေငြားသော်လည်း ငါးပါးကုန်သော ကာမာဝစရ နတ်ဘုံမှတပါးကုန်သော နတ်ဘုံ, ဗြဟ္မာဘုံတို့ကို သမာရကံ, သဗြဟ္မကံ ဟူကုန်သော ပုဒ်တပါးတို့ဖြင့် အစဉ်အတိုင်း ရေတွက်လတ္တံ ဖြစ်သောကြောင့် ဆိုသတည်း။

နည်းလေးဆယ်မှာ ပါရိသေသနည်းဟု ဆိုလိုသည်၊ ဤဋီကာနှင့် ညီ၏။ သဒေဝကန္တိ အဝယဝေန စသည်မှာ အဝယဝအရ ငါးပါးသော ကာမာဝစရ နတ်တည်း။ သမုဒါယောအရ အပေါင်းဖြစ်သော နတ်ဘုံ, ဗြဟ္မာဘုံတည်း။ သဒေဝကံသည် ဣမံလောကံ၏ ဝိသေသနတည်း။ ဣမံ လောကံ အရ နတ်ဘုံ, ဗြဟ္မာဘုံ အကုန်တည်း။ ထို့ကြောင့် သမုဒါယောအရ အပေါင်းဖြစ်သော နတ်ဘုံ, ဗြဟ္မာဘုံ အကုန်သည် သဒေဝကံ၌ အညပုဒ်၏ အနက်ဖြစ်၍ အညပုဒ်ကျေသော် သဒေဝကံ ဟူသော သမာသ်ပုဒ်လုံး၏ အနက်ဖြစ်သတည်း။ ထို့ကြောင့် သမုဒါယော သမာသတ္ထောဟု ဋီကာဆရာမိန့်အပ်၏။ (သာရတ္ထ၊ ၁၊ ၃၂၁။)

ကာမံ သဒေဝကန္တိအာဒိ ဝိသေသနာနံ စသော ဋီကာစကား၌ အနုသန္ဓေနှင့်တကွ အဓိပ္ပါယ်ကို ပြဦးအံ့။ အရှင်ဋီကာဆရာ၊ အဋ္ဌကထာ ဆရာသည် အဘယ့်ကြောင့် "ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ" ဟူသော စကားကို မိန့်ဆိုအပ်လေသနည်း။ သဒေဝကံ, သမာရကံ, သဗြဟ္မကံ–ဟူသော ဝိသေသနတို့၌ ဒေဝ, မာရ, ဗြဟ္မအရတို့သည် နတ်ပြည် ငါးထပ်၌ ရှိသော နတ်, ဝသဝတ္တိနတ်ပြည်၌ ရှိသော မာရနတ်, ဗြဟ္မာဘုံ၌ ရှိသော ဗြဟ္မာသဟ္ဂ ဝါ ဖြစ်သော ကြောင့် သဒေဝကံ အစရှိသော ဝိသေသန သုံးပုဒ်တို့၏ အစွမ်းဖြင့် ဩကာသလောက၌ လောကသဒ္ဒါသည် သတ္တဝါလျှင် အနက်အရာရှိသည်ဟု သိအပ်ပါသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ကာမံစသောစကားကို မိန့်အပ်သတည်း။ ထိုစကားရပ် အပေါင်းတို့တွင် ကာမံ ။ပ။ တေသံ ဟူသော စကားရပ်ဖြင့် စောဒကဆရာ၏ နှလုံးသွင်းအာဘောဂကို ပြတော်မူသတည်း။ သလောမကော စသောစကားဖြင့် ပရိဟာရဆရာ၏ အဖြေကို ပြတော်မူသတည်း။

ထိုသလောမကော စသောစကားတွင်လည်း ဗျဘိစာရဒဿနတော ပဇာ-ဂဟဏန္တိအာဟ စသောစကားသည်သာ အဖြေကိုပြသော စကားဖြစ်သတည်း။ သလောမကော ။ပ။ လဗ္ဘတီတိဟူသော စကားမှုကား ဗျဘိစာရဒဿနတော ဟူသော စကား၏ အကြောင်းစကားတည်း။

အနက်ကား သဒေဝကန္တိအာဒိ ဝိသေသနာနံ၊ သဒေဝကံ ဤသို့အစရှိသော ဝိသေသန သုံးပုဒ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ တေသံ ဝိသေသနာနံ၊ သဒေဝကံ, သမာရကံ, သဗြဟ္မကံဟူကုန်သော ထိုဝိသေသနတို့၏။ တုလျယောဂဝိသယတ္တာ၊ ဩကာသလောကံဟူသော ဝိသေသျနှင့် နတ်, မာရ်, ဗြဟ္မာဟူသော အရတူသည်၏အဖြစ်ဖြင့် ယှဉ်ခြင်းလျှင် အရာရှိသည်၏အဖြစ်ကြောင့်။ သဒေဝကံ သမာရကံ သဗြဟ္မကန္တိဝိသေသနေသု၊ သဒေဝကံ, သမာရကံ, သဗြဟ္မကံ ဟူသော ဝိသေသနတို့၌။ သမာသနိဒ္ဒိဋ္ဌေဟိ၊ ကောင်းစွာသက်ဝင်၍ တည်ကုန်သော။ ဒေဝမာရဗြဟ္မသဒ္ဒေဟိ၊ သမာသ်ပုဒ်တစိပ် ဖြစ်ကုန်သော ဒေဝသဒ္ဒါ, မာရသဒ္ဒါ, ဗြဟ္မသဒ္ဒါတို့ဖြင့်။ ဒေဝမာရဗြဟ္မဘူတာနံ၊ နတ်, မာရ်, ဗြဟ္မာ ဖြစ်၍ဖြစ်ကုန်သော။ သတ္တလောကာနံ၊ သတ္တလောကတို့ကို။ ဂဟိတတ္တာ၊ ယူအပ်သည်၏အဖြစ်ကြောင့်။ လောကသဒ္ဒေါ၊ ဝိသေသျဖြစ်သော ဩကာသလောက၌ လောကသဒ္ဒါသည်။ သတ္တဝိသယော၊ နတ်, မာရ်, ဗြဟ္မာဟူသော သတ္တလောကလျှင် အရာရှိသည်။ ယောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကာမံ ဝိညာ-ယတိ၊ အကယ်၍ကား သိအပ်ရှင့်။ ပနတထာပိ ထိုသို့ပင် သိအပ်လေငြားသော်လည်း။ သလောမကော သပက္ခကောတိ အာဒီသု၊ သလောမကော သပက္ခကော၊ ဤသို့ အစရှိသောစကားတို့၌။ လောမဿ၊ သမာသ်ပုဒ်၏အရ

ဖြစ်သော အမေး၏ အညပဒတ္တဘူတ အမနုဿတ္တာစေဝ၊ အညပုဒ်၏ အနက် ဖြစ်၍ ဖြစ်သော လူမဟုတ်သည်၏အဖြစ်ကြောင့်ငင်း။ ပက္ခဿ၊ သမာသ်ပုဒ်၏ အချဖြစ်သော အဖောင်၏။ အညပဒတ္တဘူတ အသကုဏတ္တာစ၊ အညပုဒ်၏ အနက်ဖြစ်၍ ငှက်မဟုတ်သည်၏ အဖြစ်ကြောင့်ငင်း။ လောမပက္ခာဒိ သဒ္ဒါနံ၊ လောမ ပက္ခစသော သဒ္ဒါတို့၏။ အတုလျယောဂေပိ၊ မနုဿော, သကုဏော ဟူသောဝိသေသျနှင့်မတူသည်၏ အဖြစ်အားဖြင့် ယှဉ်ရာ၌လည်း။ အယံသမာ· သော၊ ဤသဟသဒ္ဒါနှင့်တကွဖြစ်သော ဗဟုဗ္ဗီဟိသမာသ်ကို။ ယသ္မာ၊ အကြင် ကြောင့်။ လဗ္ဘတိ၊ ရအပ်၏၊ ဣတိတသ္မာ၊ ထိုသို့သဟသဒ္ဒါနှင့် တကွဖြစ်သော ဗဟုဗ္ဗီဟိသမာသ်ကိုတူသည်၏ အဖြစ်အားဖြင့် ယှဉ်ခြင်းရှိရာ, မတူသည်၏အဖြစ် အားဖြင့် ယှဉ်ခြင်းရှိရာ ဤနှစ်ဖြာ၌ ရအပ်သောကြောင့် (ဣတိတသ္မာကို ဗျာဘိစာရဒဿနတောမှာသာစပ်၊ ပဇာဂဟဏံမှာ မစပ်လင့်။) ဗျာဘိစာရဒဿ· နတော၊ ခင်စစ်အမှန်အားဖြင့်။ သလောမကော သပက္ခကောကဲ့သို့ သဒေဝကံ၊ သမာရကံ၊ သဗြဟ္မကံမှာလည်း ဒေဝမာရ ဗြဟ္မအဖြစ်သော နတ်, မာရ်, ဗြဟ္မာသည် ဩကာသလောက မဟုတ်သည်ဖြစ်၍ ဣမံလောကံအရကို ဩကာသလောကယူခဲ့သော် ဣမံလောကံနှင့် အရတူသည်၏ အဖြစ်ယှဉ်ခြင်း အရာ မရှိရာ၌လည်း သဒေဝကံ, သမာရကံ၊ သဗြဟ္မကံဟူသော သမာသ်ကို ရအပ်သည်နှင့် သဒေဝကံ၊ သမာရကံ၊ သဗြဟ္မကံဟူသော ဝိသေသနပုဒ်တို့၏ ဣမံလောကံဟူသော ဝိသေသျနှင့်တူသော ယှဉ်ခြင်း, မတူသောယှဉ်ခြင်း၌ ၌လျဉ်းပါဘွယ်ကို သံဂါယနာတင် အရှင်မြတ်တို့ မြင်တော်မူခြင်းကြောင့် သဒေ· ဝကံ သမာရကံ သဗြဟ္မကန္တိဝိသေသနာနံ၊ သဒေဝကံ သမာရကံ၊ သဗြဟ္မကံ ဟူသော ဝိသေသနတို့၏။ အတုလျယောဂဝိသယဘာဝဿ၊ ဣမံလောကံ ဟူသော ဝိသေသျနှင့် မတူသည်၏ အဖြစ်အားဖြင့်ယှဉ်ခြင်းလျှင် အရာရှိသည်၏အဖြစ်ကို။ နိဝတ္တနတ္ထံ၊ နစ်စေခြင်းအကျိုးငှါ။ သင်္ဂီတိကာရာနံ၊ သင်္ဂါယနာတင်အရှင်မြတ်တို့၏။ ပဇာဂဟဏံ၊ ပဇံဟူ၍ ပဇာသဒ္ဒါကိုယူတော် မူခြင်း ရွတ်တော်မူခြင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဇာဝစနေနသတ္တလောကဂ္ဂဟဏန္တိ၊ ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ ဟူသော စကားကို။ အဋ္ဌကထာ စရိယော၊ အဋ္ဌကထာ ဆရာသည်။ အာဟ၊ မိန့်တော်မူ၏။ ဤသို့ ဆရာ ဆရာတို့ နည်းနာနယကို ယူသဖြင့် အပြည့်အစုံအနက် ယောဇနာသည်ကို ကြည့်ရှု၍ အဓိပ္ပါယ်ကို သိလောက်ကြသော ကြောင့် အဓိပ္ပါယ်ကို အသီးခြားမရေးသားဘဲ ချန်ထား ခဲ့သတည်း။မဏိသာရမဉ္ဇူသာ၊မဏိဒီပစသောကျမ်းဂန်တို့မှာမူကား စောဒနာ တခြား အနက်တခြား အဓိပ္ပါယ်တခြားထင်ရှားအောင် ရေးသားတော်မူ သတည်း။

## ဒဿနံဟောတိအဖွင့်

“ဒဿနံ ဟောတီတိ ပဿာဒသောမ္မာနိ အက္ခီနိ ဥမ္မီလိတွာ ဒဿန မတ္တမ္ပိ သာဓု ဟောတီတိ ဝေံအတ္ထာသယံကတွာ အထခေါဝေရဉ္ဇော ဗြာဟ္မဏော ယေန-ဘဂဝါ တေနုပသင်္ကမီတိ ယေနာတိ ဘုမ္မတ္ထေ ကရဏဝစနံ”။ (အဋ္ဌကထာ) ဤစကားကို အဋ္ဌကထာဆရာ ဆိုတော်မူသည်ကား။ ဣတိပိသောဘဂဝါ။ ပ။ ပဝေဒေတိ၊ ဟူသော စကားတို့သည်၊ “အပိစေတ္ထ သဒ္ဒေဝကာဝစနေန။ ပ။ သဒ္ဒေဝမနုဿန္တိ အဗ္ဘုဂ္ဂတော”ဟူ၍ မိမိမိန့်ခဲ့သည် အားလျော်စွာ အဗ္ဘုဂ္ဂတော ဟူသော စကား၏ အာကာရ ဖြစ်ကုန်သည်ဟု သောတုဇနတို့သိအပ်ကုန်သတည်း၊ ဤသို့ အာကာရ ဖြစ်ကုန်သည်ဟု သိအပ်ကုန်သည်ရှိသော်၊ “သောဓမ္မံ ဒေသေတိ။ ပ။ ပကာသေတိ” ဟူသော စကားတို့သည်လည်း ပဝေဒေတိ ဟူသော ရှေးစကား၏ အကျယ်ဝိတ္ထာရ ဖြစ်ကုန်သောကြောင့် အဗ္ဘုဂ္ဂတောဟူသော စကား၏ အာကာရ ဖြစ်ကုန်သည်သာဟု သိအပ်ကုန်သတည်း။ ဤသို့ သိအပ်ကုန်သည်ရှိသော် “သာဓုခေါပနတထာရူပါနံ အရဟတံ ဒဿနံ ဟောတီတိ”။ ဟူသောစကားသည်လည်း တိုဣတိပိသောဘဂဝါ။ ပ။ ဗြဟ္မစရိယံ ပကာသေတိဟူသော စကားတို့နှင့် ယှဉ်ဘက်ဖြစ်သောကြောင့်၊ အဗ္ဘုဂ္ဂတောဟူသော စကား၏ အာကာရဖြစ်သည်သာဟု သိအပ်သတည်း။ ထို့ကြောင့် သာဓုခေါပန အစရှိသော စကားကို ရှေ့အဗ္ဘုဂ္ဂတောဟူသော စကား၏ အာကာရအဖြစ်ဖြင့် မဆိုဘဲ ထို သာဓုခေါပနအစရှိသော စကားကို အထခေါဝေရဉ္ဇောဗြာဟ္မဏော စသောနောက်ဝါကျသို့ လိုက်စေ၍ အနက်ယောဇနာရသောအရာသာ အသိခက်သောကြောင့်သာ ဆိုတော်မူသတည်း။ သာဓုခေါပနစသော စကားကို အဗ္ဘုဂ္ဂတောဟူသော စကားသို့ အာကာရ အဖြစ်ဖြင့် မပြန်ရသောကြောင့် ဆိုသည်မဟုတ်ဟု မှတ်ယူအပ်၏။

သာရတ္ထဒီပနီ ဋီကာ (၁၊ ၃၃၆) ၌မူကား “ဗြဟ္မစရိယံ ပကာ-သေတီတိ ကိတ္တိသဒ္ဒေါ၊ အဗ္ဘုဂ္ဂတောတိ ဝေမေတ္ထ သမ္ဗန္ဓောတိ အာဟ ဒဿန မတ္တမ္ပိ သာဓု ဟောတီတိ ဝေ မဇ္ဈာသယံ ကတွာတိ အာဒိ” ဟူ၍ ဣတိပိသောအစ ဗြဟ္မစရိယံပကာသေတိ၊ အဆုံးရှိသော စကားတို့ကိုသာ အဗ္ဘုဂ္ဂတော ဟူသောစကား၏ အာကာရအဖြစ်ဖြင့် ဆိုတော်မူအပ်၏။ သာဓုခေါပန အစရှိသော စကားကိုမူကား အဗ္ဘုဂ္ဂတော ဟူသော စကား၏ အာကာရအဖြစ်ဖြင့်ဆိုတော်မမူအပ်။ ဤသို့ဆိုတော်မမူခြင်းသည်လည်း ဒဿနံဟောတီတိပဿာဒသောမ္မာနိ စသည်ဖြင့် ဒဿနံဟောတီတိ ဟူသော စကားကို နောက်စကားနှင့်စပ်၍ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်၏အဖြစ်ကြောင့်ဆိုတော်မမူသတည်း။

သာဝေခါပန အစရှိသောစကားကို အဗ္ဗုဂ္ဂဟော ဟူသောစကားသို့ ပြန်၍ စပ်ရမည်ကို မနှစ်သက်သောကြောင့် ဆိုတော်မမူသည်မဟုတ်ဟု မှတ်အပ်၏။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာဆရာ၌ ကိဥ္စိမတ္တ ဒေါသမရှိ မငြိမစွန်းလေ။ ဝိမတိ ဝိနောဒနီဋီကာ၌မူကား သော ဓမ္မံ ဒေသေတိ အစရှိသော စကား, သာကုံသမျှ၌နှံ အစရှိသောစကား, သာဝေခါပန ဒ စရှိသော စကား တို့ကို အယောသိ ဟူသော ကြိယာနှင့် ပြန်၍စပ်ရမည့်အရာကို မိန့်ဆိုတော်မူအပ်၏။ ဤသို့ အယောသိ ဟူသောကြိယာနှင့်ပြန်၍ စပ်ရမည့်အရာကို မိန့်ဆိုတော်မူခြင်းသည် ''ဗြဟ္မစရိယံ ပကာသေတီ"ကိတ္တိသဒ္ဒေါ အဗ္ဗုဂ္ဂတောတိ ဝေမေတ္တ သမ္ဗန္ဓော‌တိအာဟဒဿနမတ္တမ္ပိ သာဓု ဟောတီတိ ဝေမဇ္ဈာသယံ ကတ္ဗာတိအာဒိ" ဟူသော သာရတ္ထဒီပနီဋီကာ (၁၊၃၃၆။) စကားနှင့်မညီလေ။ သာရတ္ထဒီပနီဋီကာ ဆရာသည်လည်း ထိုစကားကို ဆိုသည်ကား သဒ္ဒေဝ မနုဿန္တိအဗ္ဗုဂ္ဂတောဟူသော အဋ္ဌကထာစကားနှင့်အညီဆိုသတည်း။ သဒ္ဒေဝ-ကံ။ပ။ပဝေဒေတိ ဟူသောစကားသည် အဗ္ဗုဂ္ဂတော ဟူသော စကား၏ အာကာရဖြစ်ခဲ့သော်"သော ဓမ္မံဒေသေတိ။ပ။ဗြဟ္မစရိယံပကာသေတိ"ဟူသော စကားသည်လည်း။ သဒ္ဒေဝကံ။ပ။ပဝေဒေတိ ဟူသောစကားနှင့် ယှဉ်ဘက်ဖြစ်သောကြောင့် အဗ္ဗုဂ္ဂတောဟူသောစကား၏ အာကာရဖြစ်သင့်သည်ဟု သာရတ္ထဒီပနီ ဋီကာဆရာ၏ အာဘောဂရှိသတည်း။ ထို့ကြောင့် ဋီကာချင်း တုပါလျက်နှင့် သာရတ္ထဒီပနီဋီကာကိုသာ ပမာမူသည်ဟု မယူကြသင့်၊ ပါဠိတော်မှာ ''သမဏော ခလု ဘောဂေါတမော။ပ။အဗ္ဗုဂ္ဂတော ဣတိ အယောသိ ကိတ္တိအဗ္ဗုဂ္ဂတော ဣတိပိ။ပ။ဒဿနံ ဟောတီတိ အဗ္ဗုဂ္ဂတော။ သုတ္ဝာ ပန သာဓုခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတီတိ အဇ္ဈာသယံ ကတ္ဝာ တတော အဇ္ဈာသယကရဏတော။ အထခေါ ပဉ္စာဝေရဉ္ဇော ဗြာဟ္မဏော" စသည်ဖြင့် အနက်ယောဇနာလေ၊ အထသဒ္ဒါသည် ဤအရာမှာ ပစ္ဆာအနက်ကို ဟောသောကြောင့် အထသဒ္ဒါကို ပစ္ဆာသဒ္ဒါနှင့်ဖွင့်သတည်း။

## ကေမန္တိပုဒ်၏အဖွင့် ဝိနိစ္ဆယ

"ကေမန္တိ ဘဝ နပုံသက နိဒ္ဒေသော" အဋ္ဌကထာ။ဤ၌ ကေ-သဒ္ဒါသည် အဘိဓာန်အနေကတ္ထဝဂ် ဂါထာ (၈၅၀။) မှာ "သေဋ္ဌာ-သ ဟာ ယ သ ချာ'ည၊ တုလျေသွေကော တိလိင်္ဂိကော" ဟူ၍ လာသော သေဋ္ဌ-စသောအနက်ကိုမဟော၊ အဘိဓာန်လာစကားသည် အနဝသေသမဟုတ် သာဝသေသဖြစ်၍ ယုတ္တအနက်ကြွင်းကျန်သည်။ ထိုကြွင်းကျန်သော ယုတ္တအနက်ကို ဟောသတည်း။ ထို့ကြောင့် ဝိမတိ ဝိနောဒနီဋီကာ(၁၊၆၇)၌ "ကေမန္တိ ကေသို့ အဇ္ဈေ။ ယုတ္တပဒေသေတိအတ္ထော။ ။ ကေမန္တိ၊ ကောန္တ ဟူသည်ကား၊ ကေသို့။ အတိဒူရစသော နေခြင်း၌ အပြစ်

ခြောက်ပါးကင်းသဖြင့် သင့်တင့်သော။ အန္တေ၊ ဘုရားရှင်နှင့် မနီးလွန်းသော အစွန်အဖျားဖြစ်သော အရပ်၌။ ယုတ္တပဒေသေ၊ သင့်တင့်သောအစွန်အဖျားဖြစ်သောအရပ်၌။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်းဟု ဖွင့်အပ်၏။ ဤဝိမတိစကား၌ ပဒေသေဟူသော စကားဖြင့် အန္တသဒ္ဒါသည် သမီပအဝသာန စသော အဘိဓာန်အနေကတ္ထဝဂ်-၇၉၂ ဂါထာလာ အနက်တို့တွင် အစွန်အဖျား ဖြစ်သော အဝသာနအနက်ကိုဟောသတည်းဟု ပြတော်မူသတည်း။ အဝသာန အပြားတွင်လည်း ဤအရာမှာ "ပဒေသအဝသာနဟော"ဟု ပြတော်မူသတည်း။ ဤ၌ ဝိမတိ ဝိနောဒနီ ဋီကာလာစကားဖြင့် အဋ္ဌကထာမှာ နောက်နည်းနှင့် အညီဧကမန္တံ ဟူသော ပုဒ်ကိုဖွင့်သတည်း။ ။

ဤဝိမတိ ဝိနောဒနီ ဋီကာလာ စကားကို အားကိုး၍ပင် အဋ္ဌကထာ ရှေးနည်းအလို"ဧကမန္တံ၊ အတိဒူရစသောနေခြင်း၌ အပြစ်ခြောက်ပါး ကင်းသဖြင့် သင့်တင့်လျောက်ပတ်စွာ"ဟူ၍ အနက်ပေးရမည်ကို သိအပ်၏။ သို့အနက်ပေးရသော် ရှေးနည်းအလိုအားဖြင့် ဧကမန္တံ၌ အန္တ-သဒ္ဒါသည် သုတ္တန္တဝနန္တ ဟူသော ပုဒ်တို့၌ အန္တကဲ့သို့ အနက်မရှိသည်ဟုမှတ်အပ်၏။ ဘာဝနပုံသက-နိဒ္ဒေသောပုဒ်၏ အနက်ကိုလည်း "ဘာဝံအနုဂတော နပုံသကော ဘာဝနပုံသကော"ယူ၍ သဒ္ဒတ္ထဘေဒစိန္တာဒီပနီ(၃၁၂-ဂါထာ)လာ စကားနှင့်အညီရင်း, "ဘာဝံအနုဂတံနပုံသကံ ဘာဝနပုံသကံ"ဟူ၍ မဏိဒီပကျမ်းမှာလာသောစကားနှင့် အညီရင်း။ "ဘာဝနပုံသက နိဒ္ဒေသော နိဿီဒိဟူသော အာချာတ်ပုဒ်၌ နိ-ရှေးရှိသော သဒဓာတ်အရ အန္တတ္ထဖြစ်သော နေခြင်းကြိယာသို့ အထူးပြုသောအာဖြင့် အစဉ်လိုက်သော နပုံလိင်၏ အဖြစ်ဖြင့် ညွှန်ပြကြောင်းသဒ္ဒါတည်း"ဟု အနက်ပေး။ ဘာဝနပုံသကန္တိ ဘာဝဝေဇောတကံ နပုံသကဝစနံ၊ ဟူသော သံယုတ်ဋီကာ(၂၊၂၀၂)နှင့်အညီ "ဘာဝနပုံသကနိဒ္ဒေသော၊ နိသီဒန ကြိယာကို အထူးပြုသောအားဖြင့် ထွန်းပြတတ်သော နပုံလင်၏ အဖြစ်ဖြင့် ညွှန်ပြကြောင်းသဒ္ဒါတည်း"ဟု အနက်ပေး 'ဘာဝနပုံသကနိဒ္ဒေသောတိ စ၊ ဘာဝေဓာတွတ္ထသင်္ခါတာယ ကြိယာယဂမျမာနာယ ပဝတ္တော နပုံသကနိဒ္ဒေသောတိ၊ အတ္ထော"ဟူသော မဏိသာရမဉ္ဇူသာ(မဏိ-၁၊၃၀)နှင့်အညီ၊ "ဘာဝနပုံသက နိဒ္ဒေသော၊ နိသီဒန ကြိယာ၌အထူးပြုသော အားဖြင့် ဖြစ်သော နပုံလိင်အဖြစ်ဖြင့် ညွှန်ပြကြောင်းသဒ္ဒါတည်း"ဟု အနက်ပေး။

## အဘိဝါဒေတိဝါ၌ ဝါသဒ္ဒါဝိနိစ္ဆယ

"သုတမေတံ ဘောဂေါတမ နသမဏော ဂေါတမော ဗြာဟ္မဏေ ဇိဏ္ဏေ ဝုဍ္ဎေ မဟလ္လကေ အဒ္ဓဂတေ ဝယောအနုပ္ပတ္တေ အဘိဝါဒေတိ ဝါ ပစ္စုဋ္ဌေတိ ဝါ အာသနေန ဝါ နိမန္တေတီ'တိ။ ပါဠိတော် (ဝိ ၁၊ ၂။) ဣဒါနိ အဘိဝါဒေတီတိ ဧဝမာဒီနိ နသမဏော ဂေါတမောတိ ဧတ္ထ ဝုတ္တနကာရေန ယောဇေတွာ ဧဝမတ္ထော

တောဝေဒိတဗ္ဗာနိ။န ဝန္ဒတိ နာသနာ ဝုဋ္ဌာဟတိ နာပိဣ္ဆာဝေဘာဒ္ဓေါနိသီဒန္တိ။-တိ ဧဝံအာသနေန နိမန္တေတီတိ။ ဧတ္ထဟိ ဝါသဒ္ဒေါ ဝိဘာဝနေ နာမအတ္ထေ "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ"တိ အာဒီသုဝိယ။ အဋ္ဌကထာ (နှာ-၁၀၂) ပါဠိတော်မှာ "အဘိဝါဒေတိဝါ" အစရှိသည်ဖြင့် ဝါ သဒ္ဒါရှိပါလျက်နှင့် အဘယ့်ကြောင့် "နဝန္ဒတိ န အာသနာဝုဋ္ဌာဟတိ"စသည်ဖြင့် ဝါသဒ္ဒါကို ဖျောက်၍ အဋ္ဌကထာ ဆရာ ဖွင့်အပ်သနည်း။ ပါဠိတော်မှာ ဝါ·သဒ္ဒါရှိသောကြောင့်, နဝန္ဒတိဝါ နအာသနာဝုဋ္ဌာဟတိဝါ စသည်ဖြင့် ဝါ·သဒ္ဒါနှင့်တကွသာ ဖွင့်သင့်ပါသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ဧတ္ထဟိ ဧသောစကားကို မိန့်တော်မူအပ်သတည်း။ "ဟိယသ္မာ ဧတ္ထ ဧတေသု အဘိဝါဒေတိ ဝါ တိအာဒိဝစနေသုမဘိနိဝိဋ္ဌော ဝါသဒ္ဒေါဝိဘာဝနေ နာမအတ္ထေ ဟောတိ၊ တသ္မာစ, ယသ္မာဝိဘာဝနံ နာမအဘိဝါဒေတဗ္ဗန္တိ ပြာဟ္မဏဿအသလ္လက္ခဏဿ ဝိဘာဝနံဟောတိ၊တသ္မာ စ, ဝါသဒ္ဒေနဝိနာနဝန္ဒတိ။ န အာသနာဝုဋ္ဌာဟတိတ်အာဒိနာဝဏ္ဏိတာဗ္ဗန္တိယောဇနာ။ အသလ္လက္ခဏဿဝိဘာဝနံ ဟူသောစကားကို ငါဆိုသည်ကား "ဝိဘာဝနေနာမ အတ္ထေတိပကတိဝိဘာဝနသင်္ခါတေအတ္ထေ၊ န အဘိဝါဒေတိဝါတိ နအဘိဝါဒေ-တဗ္ဗန္တိ သလ္လက္ခေတီတိ ဝုတ္တံ ဟောတိ"ဟူသော သာရတ္ထဒီပနီ(၁၊၃၃၇)စကားကို ကြည့်၍ဆိုသတည်း။ သာရတ္ထဒီပနီဋီကာ ဆရာသည် အဋ္ဌကအင်္ဂုတ္တိုရ် ဒုတိယဝဂ် ပဍ္ဍမသုတ်အဖွင့် (အံ ဋီ၊၃၊၂၀၉) မှာလည်း ထိုအတူပင် ရေးသတည်း။

ဝိဘာဝနေနာမအတ္ထေတိ၊ ဟူသည်ကား။ ပကတိဝိဘာဝနသင်္ခါတေ၊ အိုမင်းကြီးပွား ကြီးမားသောပုဏ္ဏားတို့ကို ရှိခိုးခြင်းစသည်တို့ကို ပြုအပ်ကုန်၏ ဟူ၍ မြတ်စွာဘုရား၏ မမှတ်မသားခြင်း ပကတိသဘောကို ထင်စွာပြခြင်းဟု ဆိုအပ်သော။ အတ္ထေ၊ အနက်၌။ ဝတ္တတိ၊ ဖြစ်၏။ နအဘိဝါဒေတီတိဝါတိ၊ ဟူသည်ကား။ သမဏောဂေါတမော၊ သည်။ အဘိဝါဒေတဗ္ဗန္တိ၊ အိုမင်း ကြီးပွားကြီးမားသော ပုဏ္ဏားတို့ကို ရှိခိုးအပ်၏ဟူ၍။ နသလ္လက္ခေတိ၊ မမှတ်မသား။ ဣတိဣမံအတ္ထံ၊ ကို။ ဝိဘာဝေတိ၊ ထင်စွာပြ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ "အယံဝါ သောမတောသေတိ" သတ္တက နိပါတ် သောမဒတ္တဇာတ်ပါဠိတော်။ (၃-၅၊၁၆၈။) "အယံဝါတိ ဝိဘာဝနတ္ထေ ဝါ-သဒ္ဒေါ။ အယမေဝသော၊ နအညောတိ တံ ဝိဘာဝေန္တော ဝေမာဟ" (ဇာတက ၄၊၃၊၁၆၈) ယော ကုဋ္ဋရော၊ အကြင်ဆင်သည်။ မတော၊ သေသည် ဖြစ်၍။ သေတိ၊ အိပ်၏။ သော ကုဋ္ဋရော၊ ထိုဆင်သည်။ အယံဝါအယမေဝ၊ ဤသောမဒတ္တဆင်ပင်တည်း။ န အညော၊ တပါးသော ဆင်မဟုတ်။ (ဇာတ်ပါဠိတော်နိဿယနက်)။

ဤဇာတ်ပါဠိတော်လာဝါ-သဒ္ဒါ၏ ဝိဘာဝနတ္ထတခြား, ဤဝိနည်းပါဠိတော်လာ ဝါ-သဒ္ဒါ၏ ဝိဘာဝနတ္ထတစ်ပါး ဤသို့ပြား၍ မှတ်လေ။ ပါဠိတော်မှာ

မူကား "နအဘိဝါဒေတိဝါ၊ ရှိမခိုး"ဟူ၍ သာ ဝါ-သဒ္ဒါ၏ ဝိကပ်အနက်သံတို ဖျောက်၍အနက်ပေး။ "နအဘိဝါဒေတိဝါ၊ ရှိခိုးမူလည်းရှိမခိုး" ဟူ၍ ဝါ-သဒ္ဒါ ဝိကပ်အနက်သံနှင့် အနက်မပေးလင့်။ ရူပံနိစ္စံဝါ အနိစ္စံဝါ ဟူသော မူလပဏ္ဏာသ အလဂဒ္ဒူပမသုတ်လာ ဥပမာစကားမှာလည်း "နိစ္စံဝါ၊ နိစ္စလော့။ အနိစ္စံဝါ၊ အနိစ္စလော့" ဟု ဝိကပ်အနက်သံကို ဖျောက်၍ပင် အနက်ပေး "နိစ္စံဝါ၊သည် လည်းကောင်း။ အနိစ္စံဝါ၊ သည် လည်းကောင်းဟု ဝိကပ်အနက်သံကိုမပေးလင့်။ ရုပ်၏နိစ္စသဘော, အနိစ္စသဘောကို ထင်စွာပြခြင်းကြောင့် နိစ္စံဝါ၊ အနိစ္စံဝါ၌ ဝါ-သဒ္ဒါ ဝိဘာဝနာအနက်ရှိသတည်း။ တံ ခေါ ပန ဘဂဝန္တံဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော‌ဟူသော စကား၌ ဣတ္ထမ္ဘူတလက္ခဏာ အနက်သံထင်အောင်၊ ဘာဝေနဘာဝလက္ခဏမှာကဲ့သို့ အနက်မပေး ရသော်လည်း တံခေါပန-စသည့်၌ ဒုတိယာ ဝိဘတ်သည် ဣတ္ထမ္ဘူတလက္ခဏာ အနက်ကို ထွန်းသောကြောင့် ဣတ္ထမ္ဘူတလက္ခဏာအနက်၌ ဖြစ်သည်ဟုဆိုရသကဲ့သို့ ဤမှာလည်း။ ဝိဘာဝနာအနက်သံထင်အောင် အနက်မပေးရသော်လည်း ဝါ သဒ္ဒါသည် ဝိဘာဝနာအနက်ကို ထွန်းသောကြောင့် ဝိဘာဝနာအနက်၌ ဖြစ်သည်ဟု ဆိုရသတည်း။ ဤသည်ကား သဒ္ဒါသဘောတည်း။

"န ဝါယန္တိ တ္တေ ဝါ သဒ္ဒေါ အဝဓာရဏတ္ထောတိ အာဟ "နေဝ ပမာဏံ အညာသီတိ"(မ-ဋီ ၂.၃၂၂)၌ ဝါသဒ္ဒါ အဝဓာရဏအနက်ရှိကြောင်းကို ဆိုသောကြောင့် ဤမှာလည်း "န အဘိဝါဒေတိဝါ နအဘိဝါဒေတိ ဧဝ၊ ရှိမခိုးသည်သာတည်း"ဟု အနက်ပေးသော်လည်း သင့်ရာသေး၏။ "တတ္ထ သဗ္ဗပဒေသု ဝါ သဒ္ဒေါ ဝိကပ္ပတ္ထော၊ ဧဝံဝါ ဧဝံဝါဒိဋ္ဌိ ဥပ္ပဇ္ဇတီတိ ဝုတ္တံ ဟောတိ" ဟူ၍ မူလပဏ္ဏာသသဗ္ဗာသဝသုတ် အဋ္ဌကထာမှာ(မ-ဋ္ဌ-၁၊၇၃) ဝါသဒ္ဒါ ဝိကပ် အနက်ရှိကြောင်းကို ဖွင့်တော်မူသောကြောင့်။ "န အဘိဝါဒေတိဝါ၊ ရှိခိုးမူ လည်း ရှိမခိုး"ဟူ၍ အနက်ပေးသော်လည်း သင့်ရာသေး၏။ တံကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ၊ အနိစ္စံ ဘန္တေ။" မူလပဏ္ဏာသ ပါဠိတော် တတိယသြပမ္မဝဂ် နှစ်ခုမြောက်သော အလဂဒ္ဒူပမသုတ်ပါဠိတော် (မ-၁၊၁၉၁) ခန္ဓဝဂ္ဂသံယုတ် ဥပယဝဂ် သတ္တမအနတ္တလက္ခဏာသုတ် (သံ-၂.၅၅) မှာလည်း ထိုအတူလာသတည်း။ ထိုပါဠိတော်၌ ဝါ-သဒ္ဒါ၏အနက်ကို မူလ ပဏ္ဏာသအဋ္ဌကထာ, သံယုတ်အဋ္ဌကထာတို့၌ အထူးမဖွင့်သောကြောင့် ထိုနိစ္စံဝါ၊ အနိစ္စံဝါ၌ ဝါသဒ္ဒါအနက်မရှိ ပဒပူရဏ မျှသာဟု နှလုံးပိုက်၍ သဒ္ဒနီတိကုန်ခါနီး (နီတိသုတ္တ၊၃၇၆) ပဒဝိဘတ္တိ၌ ဝါ-သဒ္ဒါအနက်မရှိ ပဒပူရဏ၌ ဖြစ်ရာမှာ၊ "ကိန္နု ဘိက္ခဝေ ရူပံ ဝဒေထ၊ နိစ္စံဝါ အနိစ္စံဝါ"ဟူသော ပြယုဂ်ကို ထုတ်တော် မူသတည်း။ ထို့ကြောင့်သဒ္ဒနီတိစကားကို ထောက်၍ ဝါ-သဒ္ဒါအနက်မရှိ ပဒပူရဏ ၌ ဖြစ်၏ဟု နှစ်လုံးပြုသဖြင့် ဝါသဒ္ဒါကိုဖျောက်၍ "န အဘိဝါဒေတိ ရှိမခိုး"ဟု အနက်ပေးသော်လည်း သင့်ရာသေး၏။

“ဝါ ဣတိ နိပါတော ဝိကပ္ပနာဒီသု။ ဝိကပ္ပနေ ဒေဝေါ ဝါ မာရော ဝါတိ အာဒိ။ ဥပမာနေ မဓု ဝါ မညတီတိ။ သမုစ္စယေ ရာဇတော ဝါ စောရတော ဝါ တိအာဒိ။ ဝဝတ္ထိတ ဝိဘာသာယံ ဝါ ပဇော အသရူပါ” နာမ်ရူပသိဒ္ဓိ ဋီကာ ကုန်ခါနီး (ရူပသိဒ္ဓိ–ဋီ–၈၀) နေပါတိကပဒအဖွင့်၌ ဝါ သဒ္ဒါ သမုစ္စည်းအနက် ရှိကြောင်းကို ဖွင့်တော်မူသောကြောင့် “န အတိဝါဒေတိ စ၊ ရှိလည်းမခိုး” ဟု အနက်ပေးသော်လည်း သင့်ရာသေး၏။

ဝါသဒ္ဒါ ဝိကပ်အနက်ရှိခိုက် “ရှိခိုးခြင်း, နေရာမှထခြင်း, နေရာဖြင့်ဖိတ်ခြင်း တို့ကို အစဉ်အတိုင်းမပြု” ဟု ပုဏ္ဏားကြီးကဆိုသည် ဟူသောအဓိပ္ပါယ်ကိုယူလေ။

ဝါသဒ္ဒါ သမုစ္စည်းအနက်ရှိခိုက် ရှိခိုးခြင်း, နေရာမှထခြင်း, နေရာဖြင့်ဖိတ်ခြင်း တို့ကို တစ်ပြိုင်နက်မပြုဟု ပုဏ္ဏားကြီးကဆိုသည် ဟူသော အဓိပ္ပါယ်ကို ယူလေ။ ထို့ကြောင့် ဝါသဒ္ဒါ ဝိကပ် အနက်ရှိက သမုစ္စည်းအနက် မရှိသင့်၊ သမုစ္စည်း အနက်ရှိက ဝိကပ်အနက် မရှိသင့်ဟု မယူရာလေ။ ရှိခိုးဆဲ, နေရာမှထဆဲဖြစ်၍ လည်း နေရာဖြင့်ဖိတ်ခြင်း မဖြစ်သင့်သည်မဟုတ် ဖြစ်လည်းဖြစ်သင့်၏။

## အနဥ္ဆရိယံ ဝါ တေ ပုဒ်အဖွင့်

အနဥ္ဆရိယံ ဝါ တေ ဟူသော အဋ္ဌကထာစကား၌ အနဥ္ဆရိယံ ဝါတိ ဧတ္ထ ဝါ သဒ္ဒေါ အဝဓာရဏတ္ထော ဟူ၍ ဝိမတိဝိနောဒနီဋီကာ ဖွင့်ရကား(“အနိစ္စံဝါတိ ဧတ္ထ ဝါသဒ္ဒေါ အဝဓာရဏတ္ထော” ဟု ဝိမတိဋီကာ (၁၊၆၇။) တွေ့သမျှပါဠိ, ပေ နိဿယ, သီပါဠိမှုတ်၌ ရှိကြသည်။ “အနဥ္ဆရိယံ ဝါ တိ ဧတ္ထ ဝါ သဒ္ဒေါ အဝဓာရဏတ္ထော” ဟု ဂဏ္ဌိ, နိဿယ အမှာအထားဟူသမျှတို့၌ ပြည့်နှန်းကြသည်။ ဝိမတိဋီကာ သံဝဏ္ဏနာ စာအနေအထားကို ထောက်ဆ၍ နောက်ပါဌ်သာ ယုတ္တတရဖြစ်ရာသည်။ န-ဗု-သ-ပဋိ) ဧတံအဒသနံ၊ ဤသို့မမြင်ခြင်းသည်။ အနဥ္ဆရိယံ ဝါ (အနဥ္ဆရိယံ ဧဝ)၊ မအံ့ဩအပ်သည်သာတည်း။ တသ္မာ ထို့ကြောင့်။ အပိစ အပရော၊ တစ်ပါးသော။ အပရိယာယကနယော၊ “မာ၊ တထာဂတာ ဧဝ ရူပံ နိပ္ပစ္စကာရံ ပတ္တယိတ္တ” ဟူသောစကားကိုမိန့်တော်မူရာ၌ အံ့လောက်သော တစ်ပါးအကြောင်းနည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်ဦးအံ့” ဟု အနက်ပေး။

တစ်ပါးသော အံ့လောက်သော အကြောင်းနည်းဟူသည် အဘယ်နည်းဟု မေးရန်ရှိသောကြောင့် သွာဟံစသောစကားကို မိန့်။ ယဒါပါဟံ စသော စကားကိုမိန့်။ လိုရင်းကားတဒါပိစာဟံ။ပ။ လောကဿာတိ၊ တည်း။ ဤသည် ကား အံ့လောက်သော အကြောင်းနည်းတည်း။

ဤသို့ပင် ဖွားမြင်စအခါက မကြောက်မရွံ့သောစကားကို မြွက်လေငြားသော်လည်း ဘုရားအဖြစ်သို့ ရောက်သောအခါ ရှိခိုးအိုက်သောသူ, ခရီးဦးကြိုဆိုထိုက်သောသူ, နေရာဖြင့်ဖိတ်ထိုက်သောသူ ရှိလေက "မာ တထာဂတာ ဧဝ ရူပံ နိပ္ပစ္စကာရံ ပတ္တာယိတ္တ" ဟူသော စကားကို ဟောတော်မမူရာသည် မဟုတ်လေလောဟု စောဒနာရန်ရှိသောကြောင့် "ဧဝံ သမ္ပတိ ဇာတာသာပိ ။ပ။ နိမန္တေယျံ" ဟူသောစကားကိုမိန့်။

ထိုသို့သောသူ ရှိပင်မရှိလေငြားသော်လည်း မြတ်စွာဘုရားသခင်သည် တစ်ပါးသောသူကို ရှိခိုးခြင်းစသည်ကို ပြုခြင်းကြောင့် တစ်ပါးသော သူမှာ အပြစ်မရှိခဲ့သော် "မာ တထာဂတာ ဧဝရူပံ နိပ္ပစ္စကာရံ ပတ္တယိတ္တ" ဟူသော စကားကို မိန့်တော်မမူရာသည်မဟုတ်လေလောဟု စောဒနာရန်ရှိသောကြောင့်၊ ယဉ္စ။ပ။ ဝိပတေယျာတိ" ဟူသောစကားကို မိန့်အပ်သတည်း။

"ယသ္မာ၊ ကြောင့်။ နပဿာမိ၊ မြင်တော်မမူ။ တသ္မာ စ၊ ထိုကြောင့်လည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ အာသဘိံ၊ မကြောက်မရွံ့သော။ ဝါစံ၊ စကားကို။ နိစ္ဆာရေသိ၊ မြွက်ပေါ်ချပြီ။ တသ္မာ စ၊ ထိုကြောင့်လည်းကောင်း။

ကံ၊ အဘယ်သူကို။ နိမန္တေယျံ ဝါ၊ ဖိတ်မှုလည်း ဖိတ်ရအံ့နည်း။ သော တာဒိသော၊ ထိုသို့ သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ စ၊ ထိုကြောင့်လည်းကောင်း။

ဟိယသ္မာ၊ အကြင်ကြောင့်။ ဝိပတေယျ၊ ကျလေရာ၏။ ဣတိတသ္မာ စ၊ ထိုကြောင့်လည်းကောင်း။ မာ တထာဂတာ ဧဝရူပံ နိပ္ပစ္စကာရံ ပတ္တယိတ္တာတိ၊ ဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဝေါစ၊ မိန့်တော်မူ၏။

တတြာယံသင်္ခေပတ္ထော၊ စသောစကားမှာ "တသ္မာ ကုံ၊ပ။ ပတ္တယိတ္တ" ဟူသောစကားကို ပဓာနထားသောကြောင့် ထိုစကားကို လိုရင်းကောက်ရသတည်း။ ထိုစကား လိုရင်းဖြစ်ခဲ့သော် ပါဠိတော်မှာ "နာဟန္တံ ဗြာဟ္မဏ-ပဿာမိ" ဟူသော စကားသည် အကြောင်းစကားသာဟု မှတ်အပ်၏။ သင်္ခေ-ပတ္ထော၌ အတ္ထာအရလည်း "ဝိပတေယျာတိ" ကျမှ ဆုံးသတည်း။ အနစ္ဆရိယံဝါ စေတံ ဟူသော အဋ္ဌကထာစကား၌ "စေတံ အဒဿနံ၊ ဤသို့ မမြင်ခြင်းသည်။ ယသ္မာ၊ ကြောင့်။ အနစ္ဆရိယံ၊ မအံ့လောက်။ တသ္မာ၊ ကြောင့်။ ဝါ အပရော၊ တစ်ပါးသော။ အပရကာရဏနယော၊ မာ တထာဂတာ ဧဝရူပံ နိပ္ပစ္စကာရံ-ပတ္တယိတ္တ ဟူသော စကားကို ဘုရားမိန့်တော်မူရာ၌ အံ့လောက်သော တစ်ပါးသော အကြောင်းနည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။

ဝိမတိ၊ နည်းမှ တစ်နည်းကြံ၍ အနက် ပေးသင့်ရာသေး၏။ ဤသို့ အနက်ပေးသော် ဤသို့ မမြင်သောကြောင့်သာ။ မာ တထာဂတာ ဝေရုပံ နိပ္ပစ္စကာရံ ပတ္တာယိဟ္တ ဟူသော စကားကို ဘုရား မိန့်တော်မူပေသလောဟု စောဒနာရန် ရှိသောကြောင့် အနုစ္ဆရိယံ ဝါ တေ ဟူသော စကားကိုမိန့်သတည်း ဟု စောဒနာတက်လေ။

တစ်ပါးသောအကြောင်းနည်းဟူသည် အဘယ်နည်းဟု စောဒနာရန်ရှိသော ကြောင့် သွာဟံ စသော စကားကို မိန့်အပ်သတည်း။ တစ်နည်းကား ဤသို့ မမြင်သောကြောင့် သာ "မာ တထာဂတာ။ ပ။ ပတ္တယိဟ္တ" ဟူသော စကားကို မိန့်တော်မူသလော့ဟု မေးရန်ရှိသောကြောင့် အနုစ္ဆရိယံ ဝါ တေ ဟူသော စကားကို မိန့်အပ်သတည်း။

"တေ အဿနံ၊ ဤသို့မမြင်ခြင်းသည်။ အနုစ္ဆရိယံ ဝါ၊ မအံ့လိုသောသူတို့မှာ မအံ့အပ်သည်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ထိုကြောင့်။ အပရော၊ တစ်ပါး သော။ အပရကာရဏနယော၊ သူခပ်သိမ်းတို့ အံ့အပ်သော တစ်ပါးသော အကြောင်းနည်းကို။ မယာ၊ သည်။ ဝုစ္စတေ၊ မိန့်ဦးအံ့" ဟု အနက်ပေး။ ဝါသဒ္ဒါဖြင့် အံ့လိုသောသူတို့ အံ့ခြင်းကိုဆည်းလေ။ နောက် အာသတိ ဝါစိ နိစ္ဆ ရဏာ ကိုမူကား သူခပ်သိမ်း အံ့အပ်သတည်း။ သူခပ်သိမ်းတို့ အံ့လောက် သော တပါးသော အကြောင်းနည်းဟူသည် အဘယ်နည်းဟု စောဒနာရန်ရှိ သောကြောင့် သွာဟံစသော စကားကို မိန့်တော်မူအပ်သတည်း။ ဤနောက် နည်းသာ သာ၍ဖြောင့်ရာသည်။

## သတ္တုပဒဝီတိဟာရေနုပဒဝိနိစ္ဆယ

သတ္တုပဒဝီတိဟာရေန ဂန္တွာ စသောအဋ္ဌကထာစကားမှာ ဂန္တွာ၌ တွာပစ္စည်း ကို အနာဂတ် ကာလမှာသက်၊ သာရတ္ထဒီပနီဆောင်ထားသော သတ္တုပဒဝီတိ- ဟာရေန ဂစ္ဆတိဟူသော ပါဠိတော်စကားမှာလည်း ဂစ္ဆတိ–၌ တိ ဝိဘတ်ကို ပစ္စုပ္ပန်၏ အနီးဖြစ်သော အနာဂတ်ကာလမှာပင်သက်။ သာရတ္ထဒီပနီ (နှာ ၃၃၃)မှာလည်း "သတ္တုပဒဝီတိဟာရုပရိ၊ နှစ်ဘဝါးလှမ်းသည်၏အထက်၌။ ဋ္ဌိတ ဿဝိယ၊ တည်သကဲ့သို့ဖြစ်သော။ ဝါ၊ တည်သည် အရောင်ဖြစ်သော။ သဗ္ဗဒိသာနုဝိလောကနဿ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာကို ကြည့်ခြင်းကို။ ဘဂဝတာ၊ သည်၊ ကာတတ္တာ၊ ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ ပါဠိယံ၊ ပါဠိတော်၌။ ဘဂဝတာ၊ သည်။ ဝုတ္တာနုရူပမေဝ၊ ပြုတော်မူအပ် သည် အားလျော်စွာသာလျှင်။ သင်္ဂဟကာရေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်အပ်၏။ ပနတာဒသိ၊ ထိုသို့ပင် မိန့်အပ်ငြားသော်လည်း၊ တေ ဝစနံ၊ ဤသတ္တုပဒဝီတိဟာရေန စသောစကားကို။ ဂန္တွာတိပဒေ၊ ဂန္တွာ–ဟူသော

ပုဒ်၌။ ပုဗ္ဗကာလေ၊ ပုဗ္ဗကာလ၌။ တ္ဝာပစ္စယံ၊ တ္ဝာ-ပစ္စည်းကို။ ကတွာ၊ သက်သည်ကို ပြု၍။ ဧဝံ၊ ဤသို့အဋ္ဌကထာဆရာဆိုတိုင်း။ နိတတ္ထေဘာ၊ နိတတ္ထအားဖြင့်။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ကသ္မာ၊ ကား။ သတ္တပဒဝီတိဟာရတော၊ မှ။ ။ပ။ ကကတ္တာ၊ ကြောင့်တည်း။ ဂန္တ္ဝာတိပဒေ၊ ၌။ အပရကာလေ၊ ၌။ တ္ဝာ-ပစ္စယံ၊ ကို။ ကတွာ၊ ၍။ သကလာယ၊ သော။ ဒသသဟဿိလောက-ဓာတုယာ၊ ကို။ သြလောကနတော၊ မှ။ ပစ္ဆာ၊ ၌။ သတ္တပဒဝီတိဟာရေန၊ ဖြင့်။ ဂန္တွာ၊ သွားသက်သည်ဖြစ်၍။ ပဌမံ၊ ရှေးဦးစွာ။ သကလံ၊ အလုံးစုံ။ ဒသသဟဿိ လောကဓာတုံ၊ ကို။ ဩလောကေသိ၊ ကြည့်ရှုပြီ။ ဣစ္စေဝ၊ ဤသို့အားဖြင့်သာလျှင်။ သကသဟဿိကံ၊ သကလာယ ဤသို့အစရှိသော။ ပါဠိသေသံ၊ ပါဠိကြွင်းကို၊ အဇ္ဈာဟရိတ္ဝာ၊ ထုတ်ဆောင်၍၊ နေယျတ္ထ တာ ဧဝ၊ နေယျတ္ထအားဖြင့်သာလျှင်။ ဒဋ္ဌဗ္ဗံ၊ ၏။ ဟိသစ္စံ၊ နေယျတ်အားဖြင့်သာလျှင် မှတ်အပ်၏ဟူသောစကားသည်မှန်၏။ မဟာသတ္တော၊ သည်" စသည်ဖြင့်အနက်ယောဇနာလေ။

ဤဋီကာမှာ ယထာရုတပါဠိတိုင်းသာ အနက်ယောဇနာ၍ အဓိပ္ပာယ်ကိုယူသော် ဋီကာဆရာသည် အဋ္ဌကထာစကားကို ပယ်သည်ဖြစ်ရာသည်။ သို့ဖြစ်ရကလည်း ပါဠိတော်အားလျော်စွာ အဋ္ဌကထာဆရာ ဆိုတော်မူသောကြောင့် ပါဠိတော်ကိုလည်း ပယ်သည်ဖြစ်ရာသည်၊ သို့လည်း မဖြစ်ရာကောင်းလေခဲ့။

## အာဝဋ္ဋနီပုဒ်ရှပ်ပြီး

အဋ္ဌကထာမှာ အာဝဋ္ဋနီဟူ၍ စာအများရှိ၏။ အဆိ=အာယာမေဟူ၍ ဓာတုမာလာ(နီတိဓာတု၊၃၉။)ရှိသောကြောင့်လည်းကောင်း, အာကစ္ဆတိ-ဟူ၍ သာရတ္ထဒီပနီ (သာရတ္ထ၊ဋီ၊၁၊၃၄၀။) ဖွင့်သောကြောင့်လည်းကောင်း ဝ-မှာ အ—ရယနှင့်အာဝဋ္ဋနီ ရှိရမည် ထင်သတည်း။ အဝ-ရှေးရှိသော၊ အဆိဓာတ်၊ အ-ကို ဒီဃပြု။

တတ္ထပဟီနာတိ စသော စကား၌။ တထာဂတဿ၊ ၏။ စိတ္တသန္တာနတော၊ စိတ်အစဉ်မှ။ ဝိဂတာ၊ ကင်းကုန်ပြီ။ ဟာ ပရိဟာနိယံ ဟူသော ဒိဝါဒိဂိုဏ်း ဓာတုမာလာ(နီတိဓာတု၊၂၄၀။) စကားနှင့်အညီ ပဟီနာ ၌ ပရေးဟာဓာတ်ဤက—ပစ္စည်း။ ဟာ—ဓာတ်သည် ပရိဟာနိ အနက်ဟော၊ ယုတ်ခြင်းဟူသည် ကင်းခြင်းတည်း။ ထိုကြောင့် ဝိဂတာဟူ၍ ဖွင့်တော်မူသတည်း။ ဒိဝါဒိတော ဣနွ အန္တ ဤကာဂါနှင့် စိုးပြီးမှ ကာ-ပြီးကို နပယ်ပြု။ ဇဟိတာ ဝါ ဖြင့် ဟာစာဂေ ဟူသော ဓာတ်အနက်ကို ပြတော်မူသတည်း။ ကာရဂေးဖြင့် ကတ္တားကို ကရိုဏ်းဆိုသတည်း။ ပိမတိ(၁၊၆၇။)၌ "တံ တေ ကထာဂတဿ ပဟီနာတိ အာဒိပါဠိယာ"စသည်ဖြင့် သာရတ္ထဒီပနီကို ပယ်၏။ "ကုသလာ

ကုသလံ ဇဟံ”ဟူသော အရင်ဗုဒ္ဓဃောသဆရာ စီရင်အပ်သော နမက္ကာရပါဠိ (နှာ၊၁။)နှင့်အညီ ဘုရားမှူ ငြင်သည် ကုသိုလ်, အကုသိုလ်ကို ပယ်တော်မူသော ကြောင့် “တေ တထာဂတ ဘာသ ပဟီနာ” ဟူသောပါဠိတော်နှင့် မညီ မဆို သာချေ။ “ကာမသုခဿာဒ သင်္ခါတာ ရူပရသ”စသော(အဋ္ဌကထာ နှာ၊၁၀၄) စကား၌ “ကာမ သုခဿာဒ သင်္ခါတာ”စသည်ဖြင့် အဋ္ဌကထာမှာ ဆိုခဲ့သည့် အတိုင်း ကာမသုခဿာဒ အရကိုကုသိုလ်သောမနဿ ကို ယူသော် ထိုစကားနှင့် မသင့်လေ။ ထို့ကြောင့် သာရတ္ထ(၁၊၃၄၁။)၌ “ဣမသ္မိံ ဟိ အတ္ထေ” စသည်ကို မှီနှံ့အပ်၏။

ရဟန္တာတို့အား ရှေးရှေးကံကြောင့် ကုသိုလ်အကျိုး, အကုသိုလ်အကျိုး ဖြစ်လေငြားလည်း သာရတ္ထမှာ ကုသိုလ်, အကုသိုလ်အကျိုးကို မဆိုမူ၍ ကုသိုလ်, အကုသိုလ်ကို သာ ဆိုသောကြောင့် သာရတ္ထမှာ ဝိမတိ ထင်တိုင်း အပြစ်မရှိ၊ သာရတ္ထ(၁၊၃၄၁။)လာ ဥပ္ပန္နာပိ–ပုဒ်မှာသည်း “ဥပ္ပန္နာပိ၊ ရှေးရှေး ဘဝကပြုခဲ့ပြီးဖြစ်၍ ဖြစ်ကုန်ပြီးသော်လည်း ဟူ၍ အနက်ပေးလေ။ ခိဏာသဝါ· နမ္ပိ·စသည်ဖြင့် ဝိမတိဝိနောဒနီဋီကာ(၁၊၆၇။) ဆရာအပြစ်တင်သောအရာလည်း သာရတ္ထဒီပနီဋီကာမှာ ‘အာယတိံ’ စသည်ဖြင့် အနာဂါတ်ဘဝ၌ ‘ဝိပါကဲခန္ဓာ တို့ကိုသာ ဖြစ်စေခြင်းငှာ မတတ်ကောင်းသည်ကို မိန့်ဆိုတော်မူသတည်း။ ဤဘဝ၌ ဝိပါကဲခန္ဓာတို့ကိုလည်း ဖြစ်စေခြင်းငှာ မတတ်ကောင်းသည်ကို မိန့်တော်မမူ၊ ထို့ကြောင့် သာရတ္ထဒီပနီဋီကာဆရာမှာ ဝိမတိဝိနောဒနီဋီကာ ဆရာ အပြစ်တင်တိုင်း အပြစ်မရောက်ပေ။

ယထာဓနေသံ–စသည်ဖြင့် အနဘာဝံ စသည်ကိုဆင့်၍ ဖွင့်သတည်း။ ယထာဓနေသံ စသည်ကို ရှု၍ အနက်ကို သိလောက်သောကြောင့် အယံ ဟေတ္ထ စသည်ဖြင့် ပဒစ္ဆေဒကိုသာ ပြသတည်း။ ယောဟိ-စသည်၌ ယသ္မာ န ကရောတိ၊ တသ္မာ။ပ။ ဟိ ယသ္မာ ဘဝေယျ။ယသ္မာ အဘဗ္ဗော ဝ တသ္မာ အာရ ယရူပေါတိ ဝဇ္ဇဗ္ဗော န ဘဝတိ, တသ္မာ အနုညာတာ, န ဟောတိ။ တေန အနနုညာတတ္တကာရဏေန အဿ သာမဂ္ဂိရသဿ ကရဏေ အဘဗ္ဗတံ ပကာသေန္တော” စသည်ဖြင့် အနက်ယောဇနာလေ။ ယံ ပရိယာယံ စသည်ကား “ယဿ္မ ခေါ တုံ” စသည်မှ တစ်နည်းအားဖြင့် “နော စ ခေါ ယံ တုံ” စသော ပါဠိတော်၌ အနက်ယောဇနာ ရမည့်အရာကို ပြတော်မူသတည်း။ ယံ ပရိယာယံ၌ တစ်နည်းဟူသော အနက်ကို ဟောတတ်သော ဝါ သဒ္ဒါအကျေ ကြံလေ။

## သန္ဓာယ ဘာသိတမတ္ထံပုဒ် ဝိနိစ္ဆယ

သန္ဓာယ ဘာသိတမတ္ထံ ဝေဒိတဗ္ဗံ ဟူသော (အဋ္ဌကထာ·နှာ ၁၀၅) စကား၌ အတ္ထ–သဒ္ဒါသည် ပုလ္လိင်, နပုလိင် နှစ်ပါးနှင့် ဆက်ဆံသောကြောင့်

ဒ္ဒိလိင်တည်း။ ထို့ကြောင့် သဒ္ဒနီတိပဒမာလာ (နီတိပဒ၊ ၃၃၂)၌ "ဗျဉ္ဇနံ ဗျဉ္ဇနော အတ္တော၊ အတ္တမက္ခရမက္ခရော" ဟု မိန့်အပ်၏၊ နပုလ္လိင် အတ္တ-သဒ္ဒါသည် နိဗ္ဗာန်ကို ဟောသည်။ ပုလ္လိင် အတ္တ-သဒ္ဒါသည် အဘိဓေယျစသည်ကို ဟောသည်ဟူ၍ လည်းကောင်း, ကထာဝတ္ထုပါဠိတော် (အဘိ၊ ၄၊ ၅၄)ဝယ် "အတ္တံ တတ္ထမိ" ဟူသော ပါဠိတော်၌ နပုလ္လိင် အတ္တ သဒ္ဒါ နိဗ္ဗာန်ကို ဟောကြောင်းကို ကထာဝတ္ထုအဋ္ဌကထာ၌ (အဘိ၊ ဋ္ဌ၊ ၃။ ၁၃၇) "အတ္တံ ဝုစ္စတိ နိဗ္ဗာနံ" ဟု ဖွင့်သည်ဟူ၍ လည်းကောင်း, သဒ္ဒနီတိ၌ မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသောအရာသည် ယေဘုယျမျှသာတည်း။ နပုလ္လိင် အတ္တ-သဒ္ဒါသည် နိဗ္ဗာန်မှတပါး အဘိဓေယျကိုလည်း ဟောသေး၏ဟု မှတ်အပ်၏။ ထို့ကြောင့် အဋ္ဌကထာဆရာသည် "သန္ဓာယ ဘာသိတမတ္တော စေဝ ဝေဒိတဗ္ဗော" ဟု ပုလ္လိင်ဖြင့် မဆိုမူ၍ "သန္ဓာယ ဘာသိတမတ္ထံ စေဝ ဝေဒိတဗ္ဗံ" ဟု နပုလ္လိင်ဖြင့် ဆိုအပ်သတည်း။ ယာစနည်းကား သန္ဓာယ ဘာသိတမတ္ထံဟူ၍ ဒန္တဇပဌမက္ခရာ တ-နှင့် အချိုစာ ရှိသေး၏။ ရှိသော အလိုအားဖြင့် မတ္တ-သဒ္ဒါကို အဝမာရဏ အနက်ဟောကြံ၍ "ဝုတ္တနယော နေဝ။ ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင်။ ယောဇေနက္ကမံ၊ အနက်ယောဇနာခြင်း အစဉ်ကို။ ဝိဒိတ္ဝာ၊ သိပြီး၍။ ဝုတ္တနယတော၊ ဆိုအပ်ပြီးသောနည်းမှ။ အပရံ၊ တစ်ပါးသော။ နဝယောဇနနယံ၊ အသစ်ဖြစ်သော ယောဇနာနည်းကို။ အဝိဒိတွာ၊ မသိမူ၍။ သန္ဓာယ-ဘာသိတမတ္တံ၊ ပုဏ္ဏားကြီး ရည်ညွှန်း၍ ဆိုအပ်သော အဘိဝါဒနကမှ စသော သာမဂ္ဂိပရိဘောဂ၏ ဘုရားရှင်မှာ မရှိခြင်း, ဘုရားရှင်က ရည်ညွှန်း၍ ဆိုအပ်သော ဆန္ဒရာဂ ပရိဘောဂ ဘုရားရှင်မှာ မရှိခြင်းဟု ဆိုအပ်သော ရည်ညွှန်း၍ ဆိုအပ်သော ပရိဘောဂနှစ်ပါး၏ မရှိခြင်း စသည်မျှကိုသာ။ စေဝ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏" ဟူ၍ အနက်ပေးလေ။ ဤနောက်နည်း၌လည်း သန္ဓာယဘာသိတမတ္တံကို လိင်ပြန်ဟူ၍ပင် မှတ်လေ။

**တစ်နည်းကား—**

"သန္ဓာယဘာသိတမတ္တံ။ ပုဏ္ဏားကြီးက ရည်ညွှန်း၍ ဆိုအပ်သော နိဗ္ဗောဂေါ ဟူသောစကား, ဘုရားရှင်က ရည်ညွှန်း၍ ဆိုအပ်သော နိဗ္ဗောဂေါ ဟူသော စကားမျှကို။ ကာရဏနနာ၊ အကြောင်းနှင့်။ သဟ၊ တကွ။ စေဝ ဣမိနာ ဝုစ္စ-မာန နယေန၊ ဤသို့ဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ မည-မာနေနှင့် သမ္ဗန္ဓမာနေသည် အကြောင်းစကားတည်း။ မညမာနော မညမာနဟွာ၊ မှတ်ဘင်သည်၏အဖြစ်ကြောင့်။ တဒဘာဝေန၊ ထိုသာမဂ္ဂိပရိဘောဂ၏ မရှိခြင်းကြောင့်။။ (မညမာနော၏ ဟိတ်ကူ) တဒဘာဝံ၊ ထိုသာမဂ္ဂိပရိဘောဂ၏ မရှိခြင်းကို။ သန္ဓာယ၊ ရည်၍ ဤနှစ်ပုဒ်ကား တည့်သတည်း။ ဘဂဝန္တံ၊ ကို။ နိဗ္ဗောဂေါတိ၊ ဟူ၍။ အာဟ၊ ဆို၏။ ပန

တထာပိ၊ ထိုသို့ပင်ဆိုလေငြားသော်လည်း။ ဘဂဝါ၊ သည်။ ရူပါဒီသု၊ ရူပါရုံစသည်တို့၌။ သတ္တာနံ၊ တို့၏။ ယသ္မာ၊ အကြင်ကြောင့်။ ယွာယံ ယောအယံ ဆန္ဒရာဂပရိဒေဟာဂေါ၊ အကြင် ဆန္ဒရာဂအားဖြင့် သုံးဆောင်ခြင်းသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုကြောင့်။ တဒဘာဝံ၊ ထိုဆန္ဒရာဂအားဖြင့် သုံးဆောင်ခြင်း၏ မရှိခြင်းကို။ အတ္တနိ၊ ကိုယ်တော်၌။ သမ္မသမာနော သမ္မသမာနတ္တာ၊ မြင်တော်မူသည်၏အဖြစ်ကြောင့်။(ဤဟိတ်ကား ရှေးဟိတ်၏ ဟိတ်ကူတည်း။) တဒဘာဝံ၊ ထိုဆန္ဒရာဂအားဖြင့် သုံးဆောင်ခြင်း၏ မရှိခြင်းကို။ သန္ဓာယ၊ ရည်၍။ အပရံ၊ ပုဏ္ဏား၏ သာမဂ္ဂီပရိဘောဂ မရှိခြင်းမှ တစ်ပါးသော။ ပရိယာယမ္ပိ၊ ရူပါရုံစသည်တို့၌ ဆန္ဒရာဂအားဖြင့် သုံးဆောင်ခြင်း၏ မရှိခြင်းဟုဆိုအပ်သော အကြောင်းကိုလည်း။ အနုဇာနာတိ၊ ခွင့်ပြုတော်မူ၏။

အပရမ္ပိ ၌ ပိ-သဒ္ဒါဖြင့် ဆိုအပ်ပြီးသော ရူပါရုံ စသည်တို့၌ သာယာခြင်း၏ မရှိခြင်းဟုဆိုအပ်သော အကြောင်းကို ပေါင်းရမည်။ ဤမှ နောက်ဖြစ်သော အပရမ္ပိပရိယာယံ ဟူသော စကားခြောက်ရပ်တို့၌လည်း ဤအတူ ဆိုအပ်ပြီးသမျှကိုပေါင်းလေ။ ဤနောက်နည်းအလိုအားဖြင့် သန္ဓာယဘာသိတ-မတ္ထံ ဟူသောပုဒ်၌ ဘုရားရှင်စကား ဝစနနှင့် ပုဏ္ဏားကြီးစကား ဝစနကို ယူရသည်နှင့် ဝစနသဒ္ဒါသည် နပုလ္လိင်ဖြစ်သကဲ့သို့ အဘိဓေယျသို့လိုက်၍ "သန္ဓာယ-ဘာသိတမတ္ထံ" ဟူသောပုဒ်သည် နပုံးလိင်ဖြစ်သတည်း၊ ဤသည်ကား ယခုကာလ စာအုပ်တွေ့ရှိ၍သော အတွေ့တွေ့ကြ၍ ရေးသားလိုက်သည်။ ဝိမတိ-ဝိနောဒနီဋီကာ(ဝိမတိ ဋီ ၁၊၆၉)၌"သန္ဓာယဘာသိတမတ္ထန္တိ ယံ အတ္ထံ သန္ဓာယ ပြာဟ္မဏော နိဗ္ဗောဂေါ ဘဝံဂေါတမောတိ အာဒိမာဟ၊ဘဂဝါ စ ယံ သန္ဓာယ နိဗ္ဗောဂတာဒိံ အတ္တနိ အနုဇာနာတိ၊ တံ သန္ဓာယ ဘာသိတမတ္ထံ"ဟူ၍ ဒုန္တဇဒုတိယက္ခရာအတ္ထသဒ္ဒါနှင့် "ယံ အတ္ထံ"ဟု အသေအချာ ရှိသောကြောင့် ရှေးဦးစွာသောနည်းသာလျှင် လျောက်ပတ်ကောင်းမြတ်သတည်း။

## ဝေနယိကောပုဒ်အဖွင့်

အဘယ်ကြောင့် မြတ်စွာဘုရားသည် ပုဏ္ဏားစကားကို ပယ်တော်မမူဘဲ တစ်ပါးသော ပရိယာယ်ကိုလည်း ခွင့်ပြုတော်မူသနည်းဟု စောဒနာရန် ရှိသောကြောင့် "ဘဂဝါ ပန"စသည်ကို မိန့်တော်မူအပ်သတည်း။ လိုရင်းကား ဘဂဝါပန။ပ။ဟောတိ၊ သွာယံအပရမ္ပိပရိယာယံ အနုဇာနာတိတည်း။ မြတ်စွာဘုရားသည် ဝေနယိကဖြစ်တော်မူလျှင်းမှုလည်း ဤဝေနယိက-ဟူသောပုဒ်၌ ပုဏ္ဏားအလိုအားဖြင့် ဆိုအပ်ပြီးသော "ဝိနယတီတိ ဝိနယော"စသော ပဒတ္ထလည်း ပဒတ္ထဖြစ်ခဲ့သော တစ်ပါးသောပရိယာယ်ကို ခွင့်ပြုတော်မမူရာသည်

မဟုတ်လော-ဟု စောဒနာရန် ရှိသောကြောင့် "အယမေဝစေတ္ထ။ပ။ဝေနယိကော"ဟူသောစကားကို မိန့်အပ်သတည်း။ ဝေနယိကော ဟောတိ၏ ဟိတ်ကူတည်း။ ဝိနယာယ။ပ။ဝေနယိကော၌ ဣတိသဒ္ဒါကျေစေ။ အယမေဝ၌ ဧဝ-သဒ္ဒါဖြင့် ပုဏ္ဏားအလိုအားဖြင့် ဆိုအပ်ပြီးသော 'ဝိနယတီတိ ဝိနယော, ဝိနယောဧဝ ဝေနယိကော, ဝိနယံ ဝါ အရဟတီတိ ဝေနယိကော"ဟူသော အနက်နှစ်ချက်ကန့်ကွက်တော်မူသတည်း။ အယမေဝစ ၌ စ-သဒ္ဒါကား အဝုဒ္ဓနပယုဂ်တည်း။ ထို့ကြောင့် ထို ဧ-သဒ္ဒါကို ယသ္မာ ဝေနယိကော ဟောတိ၊ တသ္မာ စ ဟူ၍လည်းကောင်း, ယသ္မာ ပဒတ္ထော ဟောတိ၊ တသ္မာ စ ဟူ၍လည်းကောင်း သမ္ဗုဿမာနော သမ္ဗုဿမာနတ္တာ စ ဟူ၍လည်းကောင်း ယှဉ်လေ။ အဘယ်ကြောင့် ဤအတ္ထ-သဒ္ဒါသည်သာလျှင် ပဒတ္ထဖြစ်သနည်း။ ထိုကပစ္စည်းသက်ရာအနက်များတွင် ဓမ္မံ ဒေသေတိ ဟူသော အနက်မလာ မရှိပါသည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့်" ဝိစိတြာဟိ တဒ္ဓိတဝုတ္တိ"ဟူသောစကားကို မိန့်တော်မူအပ်သတည်း။ ဤဝိစိတြာဟိစသော ဟိတ်သည် အယမေဝ-စသော ဟိတ်ကူ၏ ဟိတ်တည်း။ "ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝိနယော"ဟူသော အနက်သည်သာလျှင် ပဒတ္ထ ဖြစ်လျှင်မူလည်း ဘုရားရှင်သည် ထိုဝေနယိကအဖြစ်ကို မြင်တော်မမူလေက တစ်ပါးသော ပရိယာယ်ကိုလည်း ခွင့်ပြုတော်မမူရာသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့်"သွာယံ။ပ။သမ္ဗုဿမာနော"ဟူသောစကားကိုမိန့်တော်မူအပ်သတည်း။ အယမေဝ စသောဟိတ်ကူ၏ ဟေတုမန္တဝိသေသနဟိတ်ကူ ဖြစ်သတည်း။ "ပနတထာပိ ဘဂဝါ ယသ္မာ။ပ။ဒေသေတိ၊ တသ္မာ ဝေနယိကော ယသ္မာ ဟောတိ တသ္မာစ, ဟိ ယသ္မာ တဒ္ဓိတ ဝုတ္တိ ဝိစိတြာ၊ တသ္မာ ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝိနယောတိ အယမေဝ အတ္ထော ဧတ္ထ ဧတသ္မိံ ဝေနယိကောတိ ပဒေ ပဒတ္ထော။ ယသ္မာ ဟောတိ၊ အသ္မာ စ, ဝိနယာတီတိ ဝိနယောတိ အာဒိကော အတ္ထော ဧတ္ထ ဧတသ္မိံ ဝေနယိကောတိပဒေ ပဒတ္ထော။ ယသ္မာ န ဟောတိ။ တသ္မာ စ, သွာယံ ဘဂဝါ တံ ဝေနယိကဘာဝံ အတ္တနိ သမ္ဗုဿမာနော သမ္ဗုဿ မာနတ္တာစ အပရမ္ပိ ပရိယာယံ အနုဇာနာတီတိ ယောဇနာ။ ရှေးဝါကျစကားတို့၌ "ပုန ဗြာဟ္မဏော။ပ။ ဝေနယိကောတိ အာဟ"ဟူသော စကားနှင့် နောက်ဝါကျစကားတို့၌ "ဘဂဝါ ပန ။ပ။ ဝေနယိကော ဟောတိ"ဟူသော စကားသည် စကားနေအလားတူ၏။ ယတြာယံ ပဒတ္ထော ။ပ။ ဝုတ္တံ ဟောတိ ဟူသောစကားနှင့် "အယမေဝစေတ္ထ။ပ။ဝေနေယိကော"ဟူသော စကားသည် စကားနေအလားတူ၏။

## တပသာီပုဒ်အဖွင့်

တို့နောက်တပဿီ ဟူသောပါဠိတော်အဖွင့် ဤသို့ သဘောရှိသော နေရာ၌ “တတြာယံ ပဒတ္ထော၊ တပန္တီတိ တပါ”စသော စကားကို မိန့်တော်မူအပ်သတည်း။ “ဟထာ တေ တပေ အဿီ”စသောဝါကျမှာ အဿီ–၌ အသု–ခတ် ခေပအနက်ဟောတည်း။ ထို့ကြောင့် ဒိဝါဒိဂိုဏ်း ဓာတုမာလာ (နီတိ ဓာတု ၂၃၉)၌ အသု ခေပေ၊ အဿတိဟု မိန့်အပ်၏။ နိရဿီဟူသောပုဒ်၌ စာအများပင် ဒန္တဇတတိယက္ခရာ ဒ-နှင့် နိဒဿီရှိ၏။ ရွှေစာ, မှင်စာတို့မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် မုဒ္ဓဇ ရ-ထွေးရှက်သည်။ ရွှေစာ, မှင်စာကိုမူ ပြု၍ ကူးသော စာရေးတို့ ဒန္တဇတတိယက္ခရာ ဒ-ကို မုဒ္ဓဇ ရ-ရေးတတ်ကုန်သည် မုဒ္ဓဇ ရ-ကို ဒန္တဇ တတိယက္ခရာ ဒ-ရေးတတ်ကုန်သည်ဟု စံကျောင်းဆရာတော်ဘုရားကြီး အမိန့်တော်ရှိသတည်း။ သို့ရေကူးတတ်သောကြောင့်ပင် ဤအဋ္ဌကထာမှာ ဒန္တဇတတိယက္ခရာဒ-နှင့် နိဒဿီ ရှိသတည်း။ မုဒ္ဓဇ ရ-နှင့် နိရဿီ ပုဒ်သာ အမှန်တည်း။ ရ-ကား အာဂုံ ထို့ကြောင့် ဒိဝါဒိဂိုဏ်း ဓာတုမာလာ (နီတိဓာတု-၂၃၉)အသု-ခတ်ပြယုဂ်မှာပင် နိရဿတိ ပြယုဂ်ကို ထုတ်တော်မူသတည်း။

## သေယျထာပိ ဗြာဟ္မဏပုဒ်အဖွင့်

မြတ်စွာဘုရားသည် သေယျထာပိ ဗြာဟ္မဏ ဤသို့ အစရှိသော စကားဖြင့် မည်သည့်ကိစ္စကို ပြုတော်မူသနည်း၊ လောကမှာ မိမိကို ရှေးဦးစွာဆဲရေးသောသူကို ခံရသောသူက ပြန်၍ဆဲရေးသောအားဖြင့် နှိပ်သကဲ့သို့ မိမိကို ဆဲရေးသော ပုဏ္ဏားကို ဘုရားမြတ်စွာသည် ပြန်၍နှိပ်လေသလောဟု စောဒနာရန်ရှိသောကြောင့်“ဇံ အာဂတကာလတော” စသည်ကို မိန့်တော်မူအပ်သတည်း။ လိုရင်းကား သေယျထာပိ ဗြာဟ္မဏာတိ အာဒိနာ နယေန ဗြာဟ္မဏဿ ဓမ္မဒေသနံ ဝဍ္ဎေသိ”တည်း။

အဘယ့်ကြောင့် ဓမ္မဒေသနာကို ပွားစေတော်မူသနည်း၊ ပုဏ္ဏားသည် မိမိကို ဆဲရေးပါသည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် “ဇံ အာဂတကာလတော”စသည်ကို မိန့်တော်မူအပ်သတည်း၊ လိုရင်းကား “ဇံ အာဂတကာလတော။ပ။ဗြာဟ္မဏံ ဘဂဝါ တထာဂတတော။ပ။ညြလောကေန္တော”ဟူသည်တည်း။ ညြလောကေန္တော ညြလောကေန္တတ္တာ၊ဟုအနက်ပေး၊ အဘယ့်ကြောင့် အေးမြသည်သာလျှင် ဖြစ်သော စက္ခုဖြင့် ကြည့်ရှုတော်မူလေသနည်း။ မိမိကို ဆဲရေးသောကြောင့် မကြည့်ရှုလေဘဲ မျက်နှာတော် လွှဲရာသည် မဟုတ်ပါလောဟု စောဒနာရန် ရှိသောကြောင့် “ဓမ္မသာမီ” စကားကိုမိန့်။ ဓမ္မသာမိ ဖြစ်တော်မူသောကြောင့် တရားဟောဟော်မူခြင်းငှါ ကြည့်တော်

မှုသည်ဟူလို။ ဓမ္မရာဇာသည် ဓမ္မသာမိ၏ အကြောင်း။ ဓမ္မိသာရောသည် ဓမ္မရာဇအကြောင်း။ အေးမြသော စက္ခုဖြင့် ကြည့်ရှုတော်မူလျှင်ပင် အဘယ့်ကြောင့် ဓမ္မဒေသနာကို· ပွားစေတော်မူသနည်း။ သဗ္ဗညုတဉာဏ်ကို မရက ဓမ္မဒေသနာကို မပွားစေနိုင်ရာသည် မဟုတ်လော့ ။ပ။ ကြောင့်"ယံ ဓမ္မာတုံ ။ပ။သုပ္ပဋိဝိဒ္ဓတ္တာ"ကို မိန့်၊ သဗ္ဗညုတဉာဏ်ကို ရစေကာမူ ပုဏ္ဏား၏ နှလုံး၌ဖြစ်သော မောဟတည်းဟူသော အမိုက်မှောင်ကို မပယ် မဖျောက် စွမ်းနိုင်လေက ဓမ္မဒေသနာကို မပွားစေရာသည် မဟုတ်ပါလော့၊ ။ပ။ ကြောင့် "ဝိဂတဝလာဟကေ။ပ။ ဝိဓမေန္တောကိုမိန့်။ဝိဓမေန္တော ဝိဓမေန္တတ္တာ၊ ပယ်ဖျောက် စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ၊ သို့ပင်ပယ်ဖျောက် စွမ်းနိုင်စေကာမူ တာဒိဂုဏလက္ခဏပထဝီသမစိတ္တ အကုပ္ပဓမ္မတို့ကို မပြလိုလေက ဓမ္မဒေသနာကို မပွားစေရာသည် မဟုတ်လော့။ပ။ကြောင့် "တာဒိယေဝ။ပ။ ပကာသေန္တော" ကိုမိန့်။ပကာသေန္တော ပကာသေတုကာမတ္တာ ဟုအနက်ပေး။ သို့ပင်ပြစေကာမူ တစုံတခု အကြံတော်မရှိက ဓမ္မဒေသနာကို မပွားစေရာသည် မဟုတ်ပါလော ။ပ။ကြောင့် "အယံဗြာဟ္မဏော။ပ။စိန္တေတွာ"ကိုမိန့်၊ တွာ-ပစ္စည်းကို ဟိတ်အနက်၌သက်။ သို့ပင်ကြံစေကာမူ မိမိ၏ပုရေဇာတ၏အဖြစ်ကို မပြလိုလေက ဓမ္မဒေသနာကို မပွားစေရာသည်မဟုတ်လော။ပ။ကြောင့် "လူမသ္မိံ ။ပ။ ဒဿေန္တော"ကို မိန့်။

ပီတိ သမ္ဘာဝနတ္တေ" ဟူသော စကား၌ သမ္ဘာဝနတ္တေတိ အပိနာမေဝံ သိယာတိ ဝိကပ္ပနတ္တော သမ္ဘာဝနတ္တော၊တသ္မိံ ဇာတကတာယ ပ်သဒ္ဒေါ ဝတ္တတိ။ (၁၊၃၅၀။) သမ္ဘာဝနတ္တေတိ၊ သမ္ဘာဝနတ္တေ ဟူသည်ကား။ ဝေံ၊ ဤသို့ ဇေဒ္ဒော-ဟူ၍ ဆိုအပ် ဆိုသင့်ဆိုထိုက်သည်။ အပိနာမသိယာ၊ ဖြစ်ရာပါပေ၏။ ဣတိ၊ ဤသို့။ ဝိကပ္ပနတ္တော၊ ချီးမွမ်းသောအားဖြင့် ကြံစီခြင်းအနက်သည်။ သမ္ဘာဝနတ္တော၊ ချီးမွမ်းခြင်းအနက်မည်၏။ ဟူ၍ သဒ္ဒနီတိပဒ္ဓိကာလာသည် အားလျော်စွာလည်းကောင်း အပိစေပ ဒုဗ္ဗလော မိတ္တော၊ မိတ္တဓမ္မေသု တိဋ္ဌတိ။ (၃၊၅။၃၈။)စေ၊ အကယ်၍။ ဒုဗ္ဗလောပိ၊ အားနည်းငြားသော်လည်း။ မိတ္တော၊ အဆွေခင်ပွန်းသည်၊ မိတ္တဓမ္မေသု၊ အဆွေခင်ပွန်း၏ တရားတို့၌။ အပိတိဋ္ဌတိ၊ အကယ်၍ တည်ခြင်းငှါ တတ်နိုင်ပေအံ့ဟု ဒုကနိပါတ် ဂုဏဇာတ်ပါဠိတော်။ အပိစေပိတိ ဧကော အပိသဒ္ဒေါ အနုဂ္ဂဟတ္တော ဧကော သမ္ဘာဝနတ္တော။ (ဇာတက ဋ္ဌ၊ ၂။၂၆)။ အပိစေပိတိ့တွေ၊ ၌။ ဧကော၊ တစ်ခုသော။ အပိသဒ္ဒေါ၊ သည်။ အနုဂ္ဂဟတ္တော၊ ကြံစီခြင်းနှင့် မရောမယှက် သက်သက်ချီးမြှောက်ခြင်း အနက်ရှိ၏။ ဧကော၊ တစ်ခုသော။ အပိသဒ္ဒေါ၊ သည်။ သမ္ဘာဝနတ္တော၊ အကယ်၍ တည်ခြင်းငှါ တတ်နိုင်ပေအံ့ဟူ၍ ကြံစီသောအားဖြင့် ချီးမွမ်းခြင်း အနက်ရှိ၏။ (ဂုဏဇာတ်အဋ္ဌကထာ) နှာ-၂၆ ဤသို့လာသည် အားလျော်စွာ

လည်းကောင်း။ သမ္ဘာဝနေဝါ။ သမ္ဘာဝနေ ဂမျမာနေ မာတုနာ ဝုစ္စမာနေ စ ယျောဒယော ဟောန္တိ ဝိဘာသာ၊ အပိ ပဗ္ဗတံ သိရသာ ဘိန္ဒေယျ။ (မောဂ်၊ ၁၂။၆။) သမ္ဘာဝနေ၊ ချီးမွမ်းခြင်းကို။ ဂမျမာနေ စ သော်လည်းကောင်း။ မာတုနာ၊ သည်။ သမ္ဘာဝနေ၊ ကို။ ဝုစ္စမာနေ၊ သော်လည်းကောင်း။ ယျောဒယော၊ ယျေ- ဝိဘတ်စသည့်တို့သည်။ ဝိဘာသာ၊ ဖြင့်။ ဟောန္တိ၊ ကုန်၏။ ပဗ္ဗတံ၊ ကို။ သိရသာ၊ ဖြင့်။ အပိ ဘိန္ဒေယျ၊ ခွဲနိုင်ပါပေ၏ ဟူ၍ မောဂ္ဂလာန် မူလအာချာတ်၌လာသည် အားလျော်စွာ လည်းကောင်း။ ပါဠိတော်၌ "ဘော ဂေါတမ၊ အိုရှင်ဂေါတမ။ ဇေဋ္ဌောတိ၊ ကြက်ကြီးဟူ၍။ ဝစနီယော၊ ဆိုအပ် ဆိုသင့် ဆိုထိုက်သည်။ အပိ အသဿေယျထာ၊ ဖြစ်ရပါပေသကဲ့သို့" ဟု အနက်ပေး။ အသဿ ဟူသော ပုဒ်ကိုလည်း၊ "လောပါဘာဝေ၊ ကွစိဓာတွာဒိနာ အသဇတော ယျောဒီနံ သမောတ္တန္တာနံ သဿု-သ သထ သံ သာမ အာဒေသာ ဟောန္တိ၊ ဧဝမဿ၊ အဿု။ (ရူပသိဒ္ဓိ၊ ၃၁၀။) လောပါဘာဝေ၊ အသ-ဓာတ်၏အစဖြစ်သော အ အက္ခရာ၏ ကျေခြင်း၏ မရှိခြင်းသည်။ သဟိ၊ သော်။ ကွစိဓာတွာဒိနာ၊ ကွစိဓာတု အစရှိသောသုတ်ဖြင့်။ အသတော၊ အသ၊ ဓာတ်နောင်မှ။ သမော- တ္တန္တာနံ၊ အသ-ဓာတ်၏ အဆုံးဖြစ်သော သ-အက္ခရာနှင့်တကွ ဖြစ်ကုန် သော။ ယျောဒီနံ၊ ယျေအစရှိကုန်သော ဝိဘတ်တို့၏။ သ သု သ သထ သံ သာမ အာဒေသာ၊ သအပ္ပ၊ သုအပ္ပ၊ သအပ္ပ၊ သထအပ္ပ၊ သံအပ္ပ၊ သာမအပ္ပတို့သည်။ ဟောန္တိ၊ ကုန်၏။ ဧဝံ၊ ဤသို့၊ အသ၊ ဖြစ်ရာ၏။ အဿု၊ ဖြစ်ကုန်ရာ၏ ဟူ၍ အာချာတ်ရူပသိဒ္ဓိ လာသည်အားလျော်စွာ ရှပ်ပြီးစေ၊

အဋ္ဌကထာ၌ ဥဘယေနာပိ ယထာပိ နာမ ဗြာဟ္မဏာတိ ဒသေတိ ဟူ၍ မိန့်တော်မူသောအရာသည် ဆိုအပ်ပြီးသော နည်းဖြင့် သေယျထာသဒ္ဒါနှင့် ပိသဒ္ဒါကို ခွဲ၍ အနက်ယောဇနာရသည့်အရာ သိလောက်သောကြောင့်၊ သေယျ ထာပိဟူ၍ သေယျထာသဒ္ဒါနှင့် ပိသဒ္ဒါ တရေတည်း ပါဠိတော်မှာ ရှိသည် အားလျော်စွာ သေယျထာပိ ဗြာဟ္မဏဟူ၍ တရေတည်း မိန့်တော်မူအပ် သတည်း။ သို့ မိန့်တော်မူသော်လည်း အနက်ယောဇနာသောအခါ ဆိုအပ်ပြီးသော နည်းဖြင့် ခွဲ၍သာ အနက်ယောဇနာပေ။ ဤအဋ္ဌကထာ စာဟူသမျှတို့၌ယထာသယ် ပိသဒ္ဒါ မပါမရှိဘဲ "ဥဘယေနာပိ ယထာ နာမ ဗြာဟ္မဏာတိ၊ ဒသေတိ" ဟူ၍ရှိ၏။ သို့ရှိက ပိသဒ္ဒါ ပျောက်ပျက်သတည်း။ သဠာကန်ပါတ် ဒီဂိတ္တိုရ် အဋ္ဌကထာ မဟာဝဂ် သတ္တမသုတ်အဖွင့် (အံ၊ဋ္ဌ-၃၊ ၁၈၆။)၌ ပိသဒ္ဒါနှင့်တကွပင် "ဥဘယေနာပိ သေယျထာပိ နာမ ဘိက္ခဝေတိ ဒသေတိ" ဟူ၍ ရှိသတည်း။ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ စာကိုယ်မှာ ယထာ၌ ပိသဒ္ဒါနှင့်တကွ ဥဘယေနာပိ ယထာပိ ဗြာဟ္မဏာတိ

ဒဿေတိ ဟူ၍ ရှိသင့်သတည်း။ ထိုသို့ရှိသင့်သောကြောင့်ပင် အာပိ အဿ သေယျထာ ဟူ၍ ငါအနက်ယောဇနာသတည်း။

## သမ္မာပရိသေဒိတာနိပုဒ်အဖွင့်

သမ္မာပရိသေဒိတာနိ ဟူသောပုဒ်၌ သမ္မာသဒ္ဒါသည် သမ္မာ ဉာယေ ဝ ပရိဒေတ စသည်ဖြင့် မိန့်အပ်သော အနက်တို့တွင် မည်သည့်အနက်ကို ဟောသနည်း။ ပရိ-သဒ္ဒါသည်လည်း သမန္တတော ပရိစ္ဆေဒေ စသည်ဖြင့် မိန့်အပ်သော အနက်တို့တွင် မည်သည့်အနက်ကို ဟောသနည်းဟု မေးရန်ရှိသောကြောင့် "သမ္မာပရိသေဒိတာနီတိ" စသည်ကို မိန့်အပ်သတည်း။

ကာလေန ကား အနုရူပကာလ ကာလေန ဓမ္မဿဝနံ၊ ကာလေန ဓမ္မသာကစ္ဆာ စသည်တို့ကဲ့သို့တည်း၊ ကာလေန၌ ဝိသေသနေ စသုတ်ဖြင့် တတိယာဝိဘတ်သက်၊ တနည်း ကာလေန ကာလံကား အညေနညံ စသည်ကဲ့သို့ ဝိဘတ္တိပဋိရူပက နိပါတ်ပုဒ်ဖြစ်သည်။ "ကာလေနကာလံ အခါအခါ၌ဟု အနက်ပေး" ကာလေနကာလံ ဥတုံ ဂဏှာပေန္တိယာဖြင့် သုဋ္ဌု သမန္တတော သေဒနာကာရကို ပြသတည်း။ သုဋ္ဌုဖြင့် သမ္မာသဒ္ဒါ၏ သုဋ္ဌုအနက်ကို ဟောသည်၏အဖြစ်ကို ပြသတည်း။ သမန္တတောဖြင့် ပရိ-သဒ္ဒါ၏ သမန္တ အနက်ကို ဟောသည်၏အဖြစ်ကို ပြသတည်း။

သေဒိတာနိ၌ သိဒ-ဓာတ်သည် သိဒ မောစနေဟူသည်နှင့် အညီ၊ မောစန အနက်ကို ဟောလေသလောဟု စောဒနာရန်ရှိသောကြောင့် ဥသ္မာကတာနီတိ ဝုတ္တံ ဟောတိ ဟူသောပါဌ်ကို မိန့်အပ်သတည်း။

ဤပါဌ်ဖြင့် ဓာတ်တို့၏များသော အနက်ရှိခြင်းကြောင့် သိဒ-ဓာတ်၏ဥသ္မာကရဏအနက်ကို ဟောသည်၏အဖြစ်ကို ပြသတည်း။ ထို့ကြောင့် ကုက္ကုဋိယာ၊ ဒမိကြက်မသည်။ သေဒိတာနိ၊ ပူအောင်ပြုအပ်ကုန်သည် (ဝါ) ပြုတ်ဖြော်အပ်ကုန်သည်။ ဥသ္မာကတာနိ၊ ပကတိက မပူသော ကြက်ဥကို ပူအောင်ပြုအပ်ကုန်သည်။ ဣတိ အယံ ဓိပ္ပါယော၊ ဤသို့လိုအပ်သော မာတ်အနက်ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုအပ်သည်။ ဝါ- ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏" ဟု အနက်ပေး။ ထို့ကြောင့် ဘေသဇ္ဇသိက္ခာပုဒ်အဖွင့် (ဝိ၊ ၄၊ ၂၊ ၂၉၁။) "တိလပိဋ္ဌံ ဝါ သေဒေတွာ" ဟူ၍ မိန့်အပ်လတံ့။ ထိုစကားရပ်၌၊ "တိလပိဋ္ဌံ၊ နှမ်းမှုန့်ကို။ သေဒေတွာ ဝါ၊ ရေပြည့်သောအိုး၏ အထက်၌ တင်ထားအပ်သော ပေါင်းချောင်၌ နှမ်းမှုန့်ကို ထည့်၍ စလောင်းပိတ်ပြီးလျှင် ပူအောင်ပြုသဖြင့် ပြုတ်ဖြော်၍လည်းကောင်း" ဟုအနက်ပေး။

ဣတိဝုတ္တံဟောတိခ်ကပ်ဖြစ်ဟော ပိဏ္ဍတ္ထ၊" ဟူသော နိယံစကားသည် ယေဘုယျမျှ သာတည်း၊ ဤအရာ၌မှာကား၊ အနက်ကိုဖွင့်ရာမှာ ဣတိဝုတ္တံ ဟောတိ ထား သတည်း။ ဥသ္မိကတာနိဟူသောပုဒ်မှာလည်း "ဥသာ ဒါဟော၊ ဥသတိဒဟတီတိ ဥသ္မာ၊ တေဇောဓာတု" ဟူ၍ ဏ္ဍာဒိမောဂ္ဂလာ (၁၃၇ ၊ဏ္ဍာဒိသုတ်) လာသည် အားလျော်စွာ ဥသ္မာပုဒ်ရှုပ်ပြီးပုံကို သိအပ်၏။ ဥသ-ဒါဟေဟူသောစကား၌ ဒဟ-ဓာတ်သည် ဒဟ ဘသ္မီကရဏေ ဓာရဏေ စ။ အဂ်ါရာနိ အဂ္ဂိ ဒဟတိ။ (နိတိဓာတု၊ ၁၈၅။) ဒဟ ဘသ္မီကရဏေ။ ပရိဒါဟော။ ။ကိတ်ရူပသိဒ္ဓိ နှာ-၃၅၉။ ။ဤသို့လာသည် အားလျော်စွာ ဘသ္မီကရဏ အနက်ဟောတည်း။ ဘသ္မီကရဏ ဟူသောပုဒ်၌၊ ဘသ္မီသဒ္ဒါသည် "ဘသ ဘသ္မီကရဏေ၊ ဘသတိ ပဋ္ဌရတီတိ ဘသ္မံ၊ ဆာရိကာ" ဟူ၍ ဏ္ဍာဒိ မောဂ္ဂလန် (၁၃၇-သုတ်) လာသည် အားလျော်စွာ လည်းကောင်း ဘသ္မန္တု သေဋ္ဌ ဆာရိကာ ဟူ၍ အဘိဓာန် (ဂါထာ-၃၅) အားလျော်စွာ လည်းကောင်း ပြာဟူသော အနက်ဟောတည်း၊ ပြာဖြစ်အောင်ပြုကလည်း ပူလောင်သတည်း။ ထို့ကြောင့် ဓာတုမာလာ, ကိတ် ရူပသိဒ္ဓိတို့၌ ဒဟ ဘသ္မီကရဏေဟု ဓာတ်နက်ကြွေးပြီးသျှင် အဂါရာနိ အဂ္ဂိ ဒဟတိ ပရိဒါဟောဟူသော ပြယုဂ်တို့ကို အစဉ်အတိုင်း ထုတ်အပ် သတည်း။ "ဥသ္မိကတာနိ၊ ပကတိက မပူသောကြက်ဥကို ပူအောင်ပြုအပ် ကုန်သည်" ဟု အနက်ပေးရသောကြောင့် ဥသ္မီဟူသောပုဒ်မှာ အဘူတတဗ္ဘာ အနက်၌ ဤပစ္စည်းသက်လေ။ ဤအရာမှာ အဘူတတဗ္ဘာဝ ဟူသည် ရှေးအဖို့ ကြက်မ မဝပ်မီက ပူသောအခိုက်အတန့်တပါးဖြင့် မဖြစ်ဖူးသော မြေသော အခိုက်အတန့်ရှိသော ကြက်ဥ၏ ကြက်မဝပ်သည်ကာလ, ထိုပူသောအခိုက်အတန့် အားဖြင့် ဖြစ်ရခြင်းသည်။ ထို့ကြောင့် မောဂ္ဂလာန်ဝုတ္တိ (မောဂ်၊၄၊၁၁၉ သုတ်) ၌၊ အဘူတတဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရာ စီ။ ။အဝတ္ထာဝတော ဝတ္ထန္တရေနာဘူတဿ တာယာဝတ္ထာယ ဘာဝေကရာသဘူဟိ သမ္ဗန္ဓေ သတိ-ဝိကာရဝါစကာ ဝီဟောတိ။ [စကာရော ဝိကြိယတ္ထေဟီတိ ဂိသေသနတ္ထော] (မောဂ်၊ပဉ္စိကာ၊၄၊၁၁၉-သုတ် အဖွင့်) အဓဝလံ ဓဝလံ ကရောတိ မဓဝလီ-ကရောတိ ဟူ၍ မိန့်အပ်၏။ ။အဘူတတဗ္ဘာဝေ၊ အဖြစ်သော အခိုက်အတန့် တစ်ပါးဖြင့် တစ်ရံ တစ်ဆစ်မျှ မဖြစ်ဖူးသော အမည်းစသော အခိုက်အတန့် ရှိသော ဝတ္ထု၏ ကိုဝတ္ထု အဖြစ်သော အခိုက်အတန့်အားဖြင့် ဖြစ်ရခြင်းသည်။ သတိ၊ ရှိသော်။ ကရာသဘူယောဂေ၊ ကရဓာတ်, အသဓာတ်, ဘူဓာတ်တို့နှင့် ယှဉ်ရာ၌။ ဝိကာရာစ၊ အဖြစ်သော ဖောက်ပြန်ခြင်းအနက်ကို ဟောသော သဒ္ဒါတို့ နောင်မှလည်း။ ဤ၊ ဤ ပစ္စည်းသည် ဟောတိ၊ ဖြစ်၏။ ။အဝတ္ထန္တ-ရေန၊ အဖြစ်သော အခိုက်အတန့်တစ်ပါးဖြင့်။ အဘူတဿ၊ တစ်ရံတစ်ဆစ်မျှ မဖြစ်ဖူးသော။ အဝတ္ထာဝတော၊ အမည်းစသော အခိုက်အတန့်ရှိသော ဝတ္ထု၏။ တာယအဝတ္ထာယ၊ ထိုအဖြစ်သော အခိုက်အတန့်အားဖြင့်။ ဘာဝေ၊

ဖြစ်ရခြင်းသည်။ သတိ၊ ရှိသည်ရှိသော်။ ကရာသဘူဟိ၊ ကရဓာတ်၊ အသဓာတ်၊ ဘူဓာတ်တို့နှင့်။ သမ္ဘဝေ့၊ ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်ရခြင်းသည်။ သတိ၊ ရှိသည်ရှိသော်။ ဝိကာရဝါစကာစ၊ အထူးပြုခြင်းအနက်ကို ဟောသော ဓဝလ-စသော သဒ္ဒါနောင်မှလည်း။ ဤ၊ ဤ-ပစ္စည်းသည်။ ဟောတိ၊ ၏။ စကာရော၊ စအက္ခရာသည်။ ဝိကြိယတ္တေဟိ၊ အထူးပြုခြင်း အနက်ရှိသောသဒ္ဒါတို့နောင်မှ။ ဣတိ၊ ဤသို့။ ဝိသေသနတ္တော၊ အထူးပြုခြင်း အနက်ရှိ၏။ အဝေလံ၊ ဖြူသောဝတ္ထုမဟုတ်သော အမည်းစသောဝတ္ထုကို။ ဝေလံ၊ ဖြူအောင်။ ကရောတိ၊ ပြု၏။ ဓဝလီကရောတိ၊ ဖြူသော ဝတ္ထုမဟုတ်သော အမည်းစသောဝတ္ထုကို ဖြူအောင်ပြု၏။

အဓဝလံ ဓဝလံ ကရောတိဟူသော ရှေးပါကျသည် ဓဝလီကရောတိဟူသော နောက်ပါကျ၏ အနက်ကို ပြသော အတ္ထပါကျတည်း။ သံဃော ပဗ္ဗတမိဝ အတ္တာနံ မာစရတိ ကရောတိ ပဗ္ဗတာယတိကဲ့သို့မှတ်။

ဣဒါနိ ယသ္မာစသော ပါကျ၌ ယသ္မာကိုလေးကြောင်းခန့်သော ဇေယျောတိ ဝုစ္စတိမှာစပ်လေ၊ အစပ်ဝေးသတည်း။

## ကောဝလောကေအဖွင့်

ကော ဝ လောကေတိ သကလေပိ လောကသန္နိဝါသေဟူသော အဋ္ဌကထာ စကား၌ လောက သန္နိဝါသေတိ၊ လောကော ယေဝ သံဂမ္မ သမာဂမ္မ နိဝေ-သနဋ္ဌေန လောကသန္နိဝါသော၊ သတ္တာကာရော။ အဋ္ဌက အင်္ဂုတ္တိုရ် ဒုတိယ မဟာဝဂ် ပထမသုတ်ဋီကာ (အံ၊ ဋ၊ ၃၊ ၂၁၅။ ၌ လောကသန္နိဝါသော၊ သတ္တနိကာယောဟု ပထမဆင့်မူ၌ ယခုရှိနေသည်) သတ္တာကာရော၌ အာကရ သဒ္ဒါသည် တည်ရာဟောတည်း။ ထို့ကြောင့် "သတ္တာကာရော၊အစိတ် အစိတ်ဖြစ်သော သတ္တဝါတို့၏ တည်ရာဖြစ်သော သတ္တလောကကို။ လဗ္ဘတိ၊ ရအပ်၏" အနက်ပေး။ ထို့ကြောင့် အဘိဓာန်ဋီကာ ပထမပလ္လင်ဝါးကြောင်း ခန်း၌ (အဘိဓာန် ဋီ-၁။)ကရုဏာကရော မဟာကရုဏာယ ဥပ္ပတ္တိဋ္ဌာန ဘူတော"ဟူ၍ အာကရသဒ္ဒါကိုဌာနသဒ္ဒါနှင့်ဖွင့်တော်မူသတည်း။ ထို့ကြောင့် "လောကသန္နိဝါသေ၊အချင်းချင်းပေါင်းဆုံ၍ နေရာဖြစ်သောသတ္တလောက၌" ဟူ၍သာအနက်ပေး "အချင်းချင်းပေါင်းဆုံ၍ နေရာဖြစ်သော ဩကာသ လောက၌"ဟူ၍ အနက်မပေးလင့်။ထို့ကြောင့်"ဇေဋ္ဌောသေဋ္ဌောလောကဿ" ဟူ၍ ပါဠိတော် (ဝိ၊၁၊၄။)၌ မိန့်အပ်၏။ ဩကာသလောကထက်ကြီး၏ ဟူသောအနက် မလျော်ရကား လောကဿ အရ သတ္တလောကကိုသာယူသင့် သတည်း။ သို့ဖြစ်ကလည်း ရှေ့လောကေအရလည်း သတ္တလောကကိုသာ ယူသင့်သတည်း။"လောကသန္နိဝါသေတိ ဘာဇနလောကေနသဒ္ဓိံ ဂဏိတပ္ပဒဋ္ဌာနေ

သုတ်မဟာဝဂ္ဂဋီကာ၊ မဟာပဒါနသုတ်အဖွင့်(ဒီ-ဋီ ၂၊၇။) ဘာဇနလောကေန၊ ဩကာသလောကသည်။ သန္နိဝိသိတဗ္ဗဋ္ဌာနေ၊ မှီ၍ နေအပ်ရာ သတ္တလောက ဟူသော ဌာန၌ "ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ" ဟူသကဲ့သို့ သတ္တလောက ကို အကြောင်းပြု၍ ဩကာသလောကတည်ရကား ဩကာသလောကသည် သတ္တလောကကို မှီသည်ဟု ဆိုရသတည်း။ ဤနည်းအလိုအားဖြင့် "လောက သန္နိဝါသေ ဩကာသလောကသည်မှီ၍ နေအပ်ရာ သတ္တလောက၌" ဟု အနက်ပေး။

## အတ္တနော စိတ္တသန္တာနေ၌ စိတ္တပုဒ်ဝိနိစ္ဆယ

မောဓ်သတ္တဘူဘာသာ၊ ဘဂဝတော အတ္တနော စိတ္တသန္တာနေ အနိစ္စံ ဒုက္ခမ- နတ္တာတိ၊ တိဝိဓာနုပဿနာကမ္မံ (ဝိ-ဋ္ဌ ၁၊ ၁၁၀)ဟူရဲ့ စိတ္တသဒ္ဒါနှင့် စာအမျိုးမျိုး ရှိ၏။ သာရတ္ထ ဒီပနီ၌ စိတ္တသဒ္ဒါမပါဘဲ သန္တာနေတိ ဝုတ္တံ ဟူ၍ မိန့်အပ် သောကြောင့်လည်းကောင်း အဏ္ဏသဒိသတာ သန္တာနသဿဟူ၍ သာရတ္ထဒီပနီ (သာရတ္ထ၊ဋီ၊၁၊၃၅၂)၌ မိန့်အပ်သည်နှင့်အညီ ဘုရားရှင်၏ ကိုယ်သဏ္ဌာန်သည် သာလျှင်ကြက်ဥမှအပသို့ထွက်သော ကြက်သူငယ်တို့နှင့် တူကုန်သော ဘုရားရှင် ဂုဏ်တော်တို့၏ ထွက်ရာဖြစ်သောကြောင့်လည်းကောင်း၊ အဋ္ဌကအင်္ဂုတ္တိုရ်အဋ္ဌ ကထာဋီကာဒုတိယဖြစ်သောမဟာဝဂ် ပဌမသုတ်အဖွင့် (အံ၊ဋ္ဌ၁၊ ၂၀၆)၌ စိတ္တသဒ္ဒါမပါဘဲ "သန္တာနေ" ဟူ၍သာရှိသောကြောင့်လည်းကောင်း၊ စိတ္တသဒ္ဒါ ရှိရိုကြီး ငါဖျက်သတည်း။

အသာရဒ္ဓေါ်ဟူသောပုဒ်ကို ရာဘ,ရာဘသေး။ အာပုဗ္ဗော ရာဘ ဟိံသာ- ကရဏဝါယ မနေသု" ဟူ၍ ဓာတုမာလာ (နိတိဓာတု၊၁၂၈။)၌ မိန့်အပ်သည်နှင့် အညီ ရာဘ-ဓာတ်သည် ဤအရာ၌ ဟိံသာအနက်ကိုဟောရကား "အာရဘန်ဒ္ဒရထဝသေန ဟိံသန် အာရဒ္ဓေါ။ သံဝိဇ္ဇတိ အာရဒ္ဓေါ တေဿ ကာသဿာတိ သာရဒ္ဓေါ၊ န သာရဒ္ဓေါ အသာရဒ္ဓေါ ဟု ပစနတ္တပြု။

## ဈာန်ခန်းအဖွင့်။ ။ပဌမဈာန်ခန်း။ ဝိဝိစ္စေဝ ကာမေဟိအဖွင့်

တဋ္ဌဝိဝိစ္စေဝကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိတိအာဒိနံ ကိဋ္ဌာပိ အစရှိသောစကား၌ စောဒနာတက်ပုံကား—

အရှင်မဟာဗုဒ္ဓဃောသဆရာ ဝိဝိစ္စေဝ။ပ။ဓမ္မေဟိ-ဤသို့အစရှိသော သဒ္ဒါတို့၏အနက်ကို တတ္ထ ကတမေ ကာမာ။ပ။ဓမ္မေဟိ-ဤသို့ အစရှိသော နည်းဖြင့် ဈာနဝိဘင်း၌သာ မှတ်စွာဘုရားဟောကြားဖွင့်လှစ်ဟော်မူပြီး ဖြစ်သောကြောင့် ထိုသဒ္ဒါတို့၏အနက်ကို ဆရာမပြမှနှင့်ဘဲ ရှောင်လွှဲခါသွားရာ ကောင်းအံ့လော ဟု စောဒနာချက် ရှိသောကြောင့် တဋ္ဌ-စသောစကားကို မိန့်တော်မူအပ်သတည်း။

ကိဉ္စာပိ ဝုတ္တော တထာပိ ယသ္မာ ဝိဘင်္ဂေ ဝုတ္တော သော အတ္ထော ဝိဘင်္ဂပါဠိံ အာနေတွာ ဣဓ ဝုတ္တောပိ အဋ္ဌကထာနယံ မဟာအဋ္ဌကထာ နယံ ဝိနာ-သုဋ္ဌုပါကဋော န ဟောတိ၊ တသ္မာ အဋ္ဌကထာနယေနေဝ မဟာအဋ္ဌကထာနယေနေဝ နံ အတ္ထံ ပကာသယိဿာမီတိ ယောဇနာ။

အရှင်မဟာဗုဒ္ဓဃောသဆရာ ဝိဝိစ္စေဝကာမေဟိဟူသောစကား၌ ဝေ-သဒ္ဒါကို နိယမအနက်, အဝဓာရဏအနက်, သန္နိဋ္ဌာနအနက်, ပဒပူရဏအနက်, အပိသဒ္ဒါ၏ အနက်ဖြစ်သော သမ္ဘာဝနာအနက်အားဖြင့် ငါးချက်သော အနက်တို့တွင် အဘယ်အနက်ရှိ၏ဟူ၍ သိအပ်သနည်းဟု မေးရန်ရှိသောကြောင့် ယောပနာယမေတ္ထ-အစရှိသောပါဌ်ကို မိန့်တော်မူအပ်သတည်း။

နိယမေ စာဝဓာရဏေ၊ သန္နိဋ္ဌာနေ စ ဝုစ္စတေ။
ပဒပူရဏမတ္တေပိ၊ ဧဝသဒ္ဒေါ ဝိဘာဝိနာ—

ဟူသောဂန္ထာဘရဏ(၄၀၊ဂါထာ)လာစကားဖြင့် ဝေ-သဒ္ဒါ၏ နိယမ အဝဓာရဏ သန္နိဋ္ဌာန ပဒပူရဏ အနက်ရှိသည်၏အဖြစ်ကို သိအပ်၏။

တေနေဝ သောတိ တေန ပရိတ္တဒေယျဓမ္မဝတ္ထုကေန ပရိတ္တကေနာ ပိစာဂေန သော ပရိတ္တသုခီ ဟောတိ မဟာရာဇ။ ဟူသော အဋ္ဌကနိပါတ် အာဒိတ္တဇာတ်အဖွင့်(ဇာတက၊ဋ္ဌ၊၃၊၄၄၉)အဋ္ဌကထာစကားဖြင့် ဝေ-သဒ္ဒါ၏ အပိသဒ္ဒါ၏ အနက်ဖြစ်သော သမ္ဘာဝနာ အနက်ရှိသည့်အဖြစ်ကို သိအပ်၏။

ဣဒါနိ ဝိဝိစ္စေဝကာမေဟီတိ အာဒိနယပ္ပဝတ္တာယ-စသော (ဝေရဉ္ဇကဏ်ဋီကာ) (သာရတ္ထ-ဋီ၊၁၊၃၅၄၊) စကား၌ ပါဠိယာကို အတ္ထံမှာစပ်၊ "ဝုတ္တမ္ပိ၊ ဟောတော်မူအပ်သော်လည်း။ အတ္ထံ၊ ကို။ အဋ္ဌကထာ နယေနေဝ၊ အဋ္ဌကထာနည်းဖြင့်သာ ။ပ။ ဧဝ ဝစနေ၊ မဖွင့်မဆိုရာ၌။ ကာရဏံ၊ ကို။ န သုဋ္ဌုပါကဋောတိ ဝစနေန၊ ဖြင့်။ ဒဿေတိ၊ ပြ၏"ဟု အနက်ပေး။

နံ ပကာသယိဿာမိ၊(ပကာသယိဿာမ၊ဆဋ္ဌမူ)ဟူသော အဋ္ဌကထာစကား၌ "နံ (အတ္ထံ)၊ ထိုဝိဘင်း၌အကျဉ်းအားဖြင့် ဟောအပ်သောအနက်ကို။ ပကာသယိဿာမိ၊ အကျယ်အားဖြင့်ပြအံ့။"

ယောပနာတိဝစနေ ပန သဒ္ဒေါ ပက္ခန္တရတ္ထော၊ အဘယ့်ကြောင့် ဝေ-သဒ္ဒါကို နိယမအနက်ရှိ၏ဟူ၍ သိအပ်သနည်း။ ဝေ သဒ္ဒါသည် များသောအားဖြင့် အဝဓာရဏ အနက်၌ဖြစ်သည် မဟုတ်ပါလော့ဟု စောဒနာရန်ရှိသောကြောင့် ယသ္မာ-အစရှိသော စကားကို မိန့်တော်မူအပ်သတည်း။ လိုရင်းကား နိယမံ ကရောတီတိ-တည်း။

အဘယ့်ကြောင့် ဝေ-သဒ္ဒါဖြင့် မှတ်သားခြင်းကို ဘုရားသခင် ပြုတော်မူလေသနည်း။ ဘုရားသခင် သန္တာန်တော်မှာ ပထမစျာန်ကို ပြည့်စုံစေ၍ နေတော်မူဆဲအခါ၌ ကာမတို့မှ ရှိသည် မဟုတ်ပါလောဟု စောဒနာရန်ရှိသောကြောင့်၊ တသ္မိံ။ပ။ဒီပေတိ၊ ယသ္မာဟူသော စကားကို မိန့်တော်မူအပ်သတည်း။

တသ္မိံ။ပ။ယဝိဇ္ဇမာနာနံပိ ဟူသောစကားဖြင့် စောဒကဆရာ၏ နှလုံးသွင်းအာဘောဂကို ပြုတော်မူသတည်း။

အဘယ့်ကြောင့် ဆန့်ကျင်ဘက်၏အဖြစ်ကိုလည်းကောင်း။ ပထမစျာန်ကို ရခြင်းကိုလည်းကောင်း။ ဝေ-သဒ္ဒါဖြင့် ဘုရားသခင် ပြတော်မူလေသနည်း။ ဝေ-သဒ္ဒါသည် အဝဓာရဏ, သန္နိဋ္ဌာန, ပဒပူရဏ, သမ္ဘာဝနာ အနက်ရှိခဲ့မူ သို့မပြုရာသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ယသ္မာ စ နိယမတ္ထော တသ္မာဟူသော စကားကို မိန့်တော်မူအပ်သတည်း။ [စသဒ္ဒါကား ဝါကျာရမ္ဘအနက်ရှိ၏။]

ဝေ-သဒ္ဒါ နိယာမအနက်ရှိလျှင်ပင် အဘယ်အကြောင်းကြောင့် ဆန့်ကျင်ဘက်၏ အဖြစ်ကို လည်းကောင်း၊ ပထမစျာန်ကိုရခြင်းကိုလည်းကောင်း ပြတော်မူလေသနည်း။ ဝေ-သဒ္ဒါ နိယာမအနက်ရှိစေခါမူကား ကာမတို့သည် ပထမစျာန်၏ ဆန့်ကျင်ဘက်မဖြစ်ကုန်သော်လည်းကောင်း၊ ကိလေသာကာမတို့ကို စွန့်သဖြင့် ပထမစျာန်ကို မရသော်လည်းကောင်း၊ ဆန့်ကျင်ဘက်၏အဖြစ်ကိုလည်းကောင်း၊ ပထမစျာန်ကို ရခြင်းကိုလည်းကောင်း၊ ပြတော်မူရာသည် မဟုတ်ပါလောဟု စောဒနာရန်ရှိသောကြောင့် ဝိဝိစ္စေဝ ကာမေဟီတိ ဧဝံ စသောစကားကို မိန့်တော်မူအပ်သတည်း။

"ဧတ္ထ ဟောသ္မိံ ဝိဝိစ္စေဝကာမေဟိဟိဝစနေ ယော အယံ ဧဝကာရော အတ္ထိ၊ သော ဧဝကာရော နိယမတ္ထောတိ ဝေဒိတဗ္ဗော။ ယသ္မာ နိယမတ္ထော။ တသ္မာ စ ဝိဝိစ္စေဝ ကာမေဟီတိ ဧဝံ ဧဝသဒ္ဒေန နိယမေ ကရိယမာနေ ဣမဿ ဈာနဿ ကာမာ ပဋိပက္ခဘူတာ ဟောန္တိ စ နနု၊ ယေသု ကာမေသု သတိ သန္တေသု ဣဒံ ဈာနံ နပ္ပဝတ္တတိ၊ ကော နပ္ပဝတ္တတိ ဟိ ဝိယ။ အန္ဓကာရေ သတိ ပဒီပေါ ဘာသော နပ္ပဝတ္တတိ ဝိယ။ တေသံ ကာမာနံ ပရိစ္စာဂေနေဝ အဿ ဈာနဿ အဓိဂမော ဟောတိ စ နနု၊ ကောဟောတိ ဝိယ။ ဩရိမတီရပရိစ္စာဂေန ပါရိမတီရဿ အဓိဂမော ဟောတိ ဝိယ၊ ဣတိ ဣဒံ အတ္ထဇာတံ ဟိ ယသ္မာ ပညာယတိ၊ တသ္မာ စ တသ္မိံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရဏ သမယေ အဝိဇ္ဇမာနာနမ္ပိ ကာမာနံ တဿ ပထမဈာနဿ ပဋိပက္ခဘာ-

ဝဋ္ဋ ကာမပရိစ္စာဂေနေဝ အဿ ပဌမဇ္ဈာနဿ အဓိဂမနဉ္စ ဧဝသဒ္ဒေန နိယမေတွာ ဘဂဝါ ယသ္မာ ဒီပေတိ တသ္မာ ဧဝသဒ္ဒေန နိယမံ ယသ္မာ ကရောတိ ဣတိ တသ္မာ နိယမတ္ထောတိ ဝေဒိတဗ္ဗောတိ ယောဇနာ။

## ဝိဝိစ္စေဝ၌ဧဝ–သဒ္ဒါဝိနိစ္ဆယ

တံ နိဿရဏတော စသောစကား၌ စောဒနာကား အဘယ့်ကြောင့် စောဒကဆရာ၏ စကားကို စောဒကဆရာဆိုတိုင်း မမှတ်အပ်သနည်း။ ဘုရား မြတ်စွာသည် ရှေးပုဒ်၌သာ ဧဝ–သဒ္ဒါကို ဟောတော်မူပါသည်မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် တံ နိဿရဏတော ဟိ–စသောစကားကို မိန့်အပ် သတည်း။ လိုရင်းကား “တံနိဿရဏတော ဟိ ပုဗ္ဗပဒေ ဧဝဝုတ္တော၊ ဥတ္တရ· ပဒေပိ ပန။ပ။ ဝတ္တဗ္ဗော”တည်း။ ဟိ–ကို ဟိယသ္မာ အနက်ပေး၍ ဝတ္တဗ္ဗောမှာ ယှဉ်။ တံ နိဿရဏတော စသော ဝါကျမှာ ကိဉ္စာပိထည့်၍ အနက်ပေး။ ဥတ္တရပဒေပိ ပန၌ ပန–ကို ပန တထာပိဟု အနက်ပေး။ အဘယ့်ကြောင့် ကာမတို့၏သာ ထွက်မြောက်ရာဖြစ်သနည်းဟု မေးရန်ရှိသောကြောင့် ကာမ ဓာတု သမတိက္ကမနတောဟိ စသောစကားကို မိန့်တော်မူအပ်သနည်း။

ကာမတို့၏သာ ထွက်မြောက်ကြောင်း၏ အဖြစ်ကို ပစ္စက္ခအားဖြင့် သိအပ် သလောဟု မေးရန်ရှိသောကြောင့် ကာမံ န မေတံ စသည်ကိုမိန့်။

အဘယ့်ကြောင့် နောက်ပုဒ်၌လည်း ဧဝ–သဒ္ဒါကိုဆောင်၍ ဆိုသင့်ဆိုထိုက် ဓလေသနည်း။ ဧဝသဒ္ဒါကို ရှေ့ပုဒ်၌သာ ဟောတော်မူပါသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် နဟိ–စသောစကားကို မိန့်တော်မူအပ်သတည်း။

တသ္မာ ဝိဝိစ္စေဝ စသည်ကား လဒ္ဓဂုဏ်တည်း။ ။တံနိဿရဏတော၊ ထို ကာမတို့မှသာ ဖြောင့်ဖြောင့်ထွက်မြောက်ကြောင်း၏ အဖြစ်ကြောင့်။ ပုဗ္ဗပဒေ ဧဝ၊ ရှေ့ဝိဝိစ္စေဝ ဟူသောပုဒ်၌သာလျှင်။ သေ ဧသော ဧကာရော၊ ထိုဧဝ– သဒ္ဒါကို။ဘဂဝတာ၊သည်။ကိဉ္စာပိဝုတ္တော၊ အကယ်၍ဟောတော်မူအပ်၏ရှင့်။ဟိ ဝိတ္ထာရေမိ၊ချဲ့ဦးအံ့။ကာမဓာတု သမတိက္ကမနတော စ၊အလုံးစုံသော ကာမဘဝ ဟု ဆိုအပ်သော ကာမဓာတ်ကို လွန်မြောက်ကြောင်း အကျင့်၏ အဖြစ်ကြောင့် လည်းကောင်း။ ကာမရာဂပဋိပက္ခတော စ၊ ကာမရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်လည်းကောင်း။ ဣဒံ ဈာနံ၊ သည်။ ကာမာ နမေဝ၊ ကာမတို့၏သာလျှင်။ နိဿရဏံ၊ ဖြောင့်ဖြောင့် ထွက်မြောက်ကြောင်း သည်။ ဟောတိ၊ ၏။ ဗျာပါဒါဒီနံ၊ ဗျာပါဒစသည်တို့၏။ နိဿရဏံ၊ ဖြောင့်ဖြောင့်ထွက်မြောက်ကြောင်းသည်။ န ဟောတိ၊ မဖြစ်။ ယထာ ကိံ ဝစနံ၊ အဘယ်စကားကို။ ဘဂဝါ၊ သည်။ အာဟ၊ နည်း။ ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မန္တိ။ ဟူသောစကားကို။ အာဟ၊ ၏။ ပန တထာပိ၊

ထိုသို့ရှေး ဝိဝိစ္စဟူသော ပုဒ်၌သာ ဝေ–သဒ္ဒါကို ဟောတော်မူအပ်သော်လည်း။ ဥတ္တရပဒေပိ၊ နောက်ဝိဝိစ္စဟူသောပုဒ်၌လည်း။ ဣမေဝေ။ပ။သမဏောတိ တွေ့တောသ္မိံ ဝစနေ၊ ၌။ ဝေကာရော၊ ရှေးပုဒ်၌ ဝေ·သဒ္ဒါကို။ ဥတ္တရပဒေပိ၊ နောက်ပုဒ်၌လည်း။ အာနေတဗ္ဗာ၊ ဆောင်၍။ ဝိဝိစ္စတိယ ထာ၊ ဆိုအပ်သကဲ့သို့။ဝေ်တထာ၊ ထို အတူ။ ဝေကာရော၊ ကို။အာနေတဗ္ဗာ၊ ဆောင်၍။ဟိယသ္မာ၊ အကြောင်ကြောင့်။ ဝတ္တဗ္ဗော၊ ဆိုသင့်ဆိုထိုက်၏။ တသ္မာ၊ ထို့ကြောင့်။ ဝေ၊ ကို။ ဝေ၊ တိုင်း။ နခေါဒဋ္ဌဗ္ဗံ၊ အပ်။ ဟိ ယသ္မာ၊ ကြောင့်။ ဣတော၊ ဤကာမတို့မှ။ အညေဟိပိ၊ တပါးလည်းဖြစ်ကုန်သော။ နီဝရဏ သဒ္ဒါတေဟိ၊ ကုန်သော။ အကုသလေဟိ ဓမ္မေဟိ၊ တို့မှ။ အဝိဝိစ္စ၊ မဆိတ်မူ၍။ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိတုံ၊ နေခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ ထို့ကြောင့်။ ဥတ္တရပဒေပိ၊ ၌လည်း။ ဝေကာရော၊ ကို။ အာနေတဗ္ဗာ၊ ဆောင်၍။ ဝတ္တဗ္ဗော၊ ၏။ တသ္မာ၊ ထိုသို့ဆိုသင့်ဆိုထိုက်သည်၏ အဖြစ်ကြောင့်။ ဝိဝိစ္စေဝကာမေဟိ ဝိဝိစ္စေဝအကုသလေဟိ ဓမ္မေဟိတိ၊ ဟူ၍။ ဝေ၊ ဤသို့။ ပဒဒ္ဒယေပိ၊ ၌လည်း။ သေသော ဝေကာရော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ဝိဝိစ္စဟူသော ပုဒ်နှစ်ပါးအပေါင်း၌ အလုံးစုံသော ဝိဝေကတို့သည် ရေတွက်ခြင်းသို့ရောက်သောကြောင့် ဝိဝိစ္စဟူသောပုဒ်နှစ်ပါးအပေါင်းဖြင့် အလုံးစုံသော ဝိဝေကကို မြတ်စွာဘုရားဟောအပ်လေသလောဟု စောဒနာရန် ရှိသောကြောင့် ပဒဒ္ဒယေပိ စ အစရှိသော စကားကို မိန့်တော်မူအပ်သတည်း။ စ·သဒ္ဒါကား ဝါကျာရမ္ဘအနက်ရှိ၏။ လိုရင်းကား။ "ပဒဒ္ဒယေပိ။ပ။ဒဋ္ဌဗ္ဗာ၊ တေနကာယဝိဝေကော ဝုတ္တော ဟောတိ၊ တေန စိတ္တ ဝိဝေကော ဝုတ္တော ဟောတိ"တည်း။ ပဒဒ္ဒယေပိ။ပ။ဒဋ္ဌဗ္ဗာစကားသည်။ ကာယဝိဝေကော ဝုတ္တော, စိတ္တဝိဝေကော ဝုတ္တော, ဝိက္ခမ္ဘနဝိဝေကောဝုတ္တော စကားသုံးရပ်၏ အကြောင်းတည်း။ရှေ့စကားနှစ်ရပ်၏သာ အကြောင်းမဟုတ်၊ ဤအရာ သတိရှိခဲ့စွ။

သုံးပါးကုန်သော ဝိဝေကတို့ကိုသာ မှတ်အပ်လျှင်ပင် အဘယ့်ကြောင့် ဝိဝိစ္စဟူသောပုဒ်နှစ်ပါးဖြင့် ကာယဝိဝေက စိတ္တဝိဝေကကို ဟောတော်မူအပ်လေသနည်း သုံးပါးကုန်သော ဝိဝေကတို့ကိုသာ မှတ်အပ်သည် အားလျော်စွာ သုံးပါးကုန်သော ဝိဝေကတို့ကိုဟောတော်မူသင့်ပါသည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ကာမေဟီတိ အစရှိသောစကားကို မိန့်တော်မူအပ်သတည်း။ ဤစကားလည်း စကားနှစ်ရပ်၏အကြောင်း။

ကာမေဟီဟူသော ပုဒ်ဖြင့်အလုံးစုံသော ကာမတို့ကိုလည်း ရေတွက်အပ်ကုန်၏ဟူ၍ မှတ်အပ်ကုန်လျှင်ပင် အဘယ်အကြောင်းကြောင့် ဝိဝိစ္စဟူသော ဝိဝိစ္စဟူသော ပုဒ်နှစ်ပါးဖြင့် ကာယဝိဝေက စိတ္တဝိဝေကကိုဟောတော် မူအပ်

လေသနည်းဟု စောဒနာရန်ရှိသောကြောင့် "ဝေါ ဟိ စသောစကား ဝိဝိစ္စ- အကုသလေဟိ ဓမ္မေဟိတိ" စသော စကားတို့ကို မိန့်တော်မူအပ်သတည်း။

ဝေ ဟိ သတိ ကို အတ္ထော, ယုဇ္ဇတိ စကားနှစ်ချက်နှင့်စပ်လေ။ပဒဒွယေပိ၊ ဝိဝိစ္စဟူသော ပုဒ်နှစ်ပါး အပေါင်း၌လည်း ဝိဝိစ္စာတိ ဣမိနာသာဓာရဏ ဝစနေန၊ဝိဝိစ္စ ဟူသော ဤအလုံးစုံသော ဝိဝေကတို့နှင့် ဆက်ဆံသောစကား ဖြင့်။ (ဝါ)ကြောင့်။ တဒင်္ဂဝိဝေကာဒယောစ၊တဒင်္ဂဝိဝေက အစရှိသည်လည်း ဖြစ်ကုန်သော။ ကာယဝိဝေကာဒယောစ၊ ကာယဝိဝေက အစရှိသည်လည်း ဖြစ်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဝိဝေကာ၊ ဝိဝေက တို့သည်။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ အကယ်၍ ရောက်ကုန်၏ ရှင့်။ တထာပိ၊ ထိုသို့ရောက်ကုန်သော်လည်း။ ကာယဝိဝေကော၊လည်းကောင်း။ စိတ္တဝိဝေကော၊ လည်းကောင်း။ ဝိက္ခမ္ဘန ဝိဝေကော၊ လည်းကောင်း။ ဣတိ၊ ဤသို့။ တယောဧဝဝိဝေကာ၊ သုံးပါးကုန်သော ဝိဝေကတို့ကို သာလျှင်။ ယသ္မာ၊ အကြင်ကြောင့်။ ဣဓဈာနကထာယံ၊ ၌။ ဒဋ္ဌဗ္ဗာ၊ကုန်၏။ တသ္မာစ၊ ထိုကြောင့်လည်းကောင်း။ ပနဘာထာပိ၊ ထိုသို့ပင်မှတ်အပ်ကုန်သော် လည်း။ကာမေဟိတိဣမိနာပဒေန၊ ဖြင့်။ နိဒ္ဒေသေ၊ နိဒ္ဒေသပါဠိတော်၌။ ကတမေ။ပ။ရူပါတိ အာဒိနာနယေန၊ ဖြင့်။ ယေ ဝတ္ထုကာမာ စ၊ တို့ကိုလည်း။ ယသ္မာ၊ကြောင့်။ ဝုတ္တာ၊ ကုန်၏။ တသ္မာစ၊ ကြောင့်လည်းကောင်း။ တတ္ထေဝ စ နိဒ္ဒေသေ၊၌သာလျှင်လည်းကောင်း။ဝိဘင်္ဂေစ၊ဈာနဝိဘင်း၌ လည်းကောင်း။ ဆန္ဒောကာမောတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ယေ ကိလေသကာမာ စ၊ တို့ကိုလည်း။ ယသ္မာ၊ကြောင့်။ ဝုတ္တာ၊ကုန်၏။ တသ္မာ စ၊ကြောင့်လည်းကောင်း။ တေ သဗ္ဗေပိကာမာ၊ တို့ကိုလည်း။ သင်္ဂဟိတာဣစ္စေဝ၊ ရေတွက်အပ်ကုန်၏ဟူ၍ သာလျှင်။ ယသ္မာ၊ ကြောင့်။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ တသ္မာ စ၊ ထိုကြောင့် လည်းကောင်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဝေ၊ ဤသို့ ရေတွက်အပ်ကုန် သည်၏ အဖြစ်သည်။သတိ၊ ရှိသည်ရှိသော်။ ဝိဝိစ္စေဝကာမေဟိတိဝတ္ထုကာမေဟိ ဝိဝိစ္စေဝါတိပိ အတ္ထော၊ သည်လည်း။ (ပိ၊ ရွှေ။ သာရတ္ထထောက်။) ယုဇ္ဇတိ၊ သင့်၏။ တသ္မာစ၊ ထိုကြောင့်ရင်း။ တေနဝစနေန၊ ထိုဝိဝိစ္စေဝကာမေဟိ ဟူသောစကားဖြင့်။ ကာယဝိဝေကော၊ ကို။ ဝါ၊ သည်။ ဘာဝိတော၊ သည်။ ဝုတ္တော၊ သည်၊ ဟောတိ၊ ၏။ ယသ္မာ၊ ကြောင့်။ ဝိဝိစ္စ- အကုသလေဟိ ဓမ္မေဟိတိတွေ တေသံ ဝစနေ၊ ၌။ ကိလေသကာမေဟိ သဗ္ဗာ ကုသလေဟိ ဓမ္မေဟိ ဝါ ဝိဝိစ္စာတိအတ္ထော၊ သည်။ ယုဇ္ဇတိ၊ သင့်၏။ တသ္မာ၊ ထိုကြောင့်။ တေနဝစနေန၊ ထိုဝိဝိစ္စအကုသလေဟိ ဓမ္မေဟိ ဟူသော စကား ဖြင့်။ စိတ္တဝိဝေကော၊ ကို(ဝါ)သည်။ ဘာဝိတော၊သည်။ ဝုတ္တော၊သည်။ဟောတိ၊ ၏။ ပဒဒွယေပိ။ပ။ ဒဋ္ဌဗ္ဗာစကားသည်၊ "ကာယဝိဝေကော ဝုတ္တော ဟောတိ,

စိတ္တဝိဝေကော ဝုတ္တော ဟောတိ, ဝိက္ခမ္ဘန ဝိဝေကော ဝုတ္တော ဟောတိ”ဟူသော စကားသုံးရပ်၏ မူလအကြောင်းရင်းတည်း။ သေတာ၀–၌ တာ၀–ကား ဝတ္တဗ္ဗန္တရာပေက္ခ အနက်ရှိသတည်း။

## ဝိဝိစ္စေဝကာမေဟိ၌ ကာမဝိနိစ္ဆယ

ဤနည်းသည်ကား ကိလေသကာမအဖို့၌ နည်းမှ ရှေးဦးစွာ ဝတ္ထုကာမအဖို့၌ နည်းဖြစ်သည်ဟုဆိုသဖြင့် ကိလေသကာမအဖို့၌ နည်းရှိရာသေး၏။ ထိုကိလေသကာမအဖို့၌ နည်းကား အဘယ်နည်းဟု မေးရန်ရှိသောကြောင့် ကိလေသကာမပက္ခေ ပန–စသော စကားကို မိန့်တော်မူအပ်သတည်း။ လိုရင်းကား ကိလေသကာမေဟိ ဝိဝိစ္စေဝါတိ အတ္ထော ပိ ယုဇ္ဇတိဟူသောပါဌ်သေသတည်း။

အဘယ့်ကြောင့် ကိလေသကာမေဟိ ဝိဝိစ္စေဝ ဟူသော အနက်လည်း သင့်သနည်း။ ကိလေသကာမအဖို့၌ ဆန္ဒောဟူ၍ရင်း, ရာဂေါဟူ၍ရင်း ဤသို့အစရှိသော စကားတို့ဖြင့် တစ်ပါးမက များသောအပြားရှိသော ကာမစ္ဆန္ဒကိုသာ ကာမ–ဟူ၍ အလိုရှိအပ်သည်မဟုတ်ပါလော၊ သို့အလိုရှိအပ်သည်ရှိသော် ထိုကာမစ္ဆန္ဒသည် အကုသိုလ်၌ အကျုံးဝင်ပါသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ကိလေသကာမပက္ခေပန စသောစကားကို မိန့်တော်မူအပ်သတည်း။ ပန၊ ကား။ ပက္ခန္တရတ္ထ၊ ကိလေသကာမပက္ခေ။ပ။ အဓိပ္ပေတော၊ ကား။ စောဒကဆရာ၏ အာဘောဂပြစကားတည်း။

သော စ၌ စ–ကား တထာပိအနက်ဟောတည်း။ ကိလေသကာမပက္ခေ၊ ၌။ ဆန္ဒောတိစ၊ ဟူ၍ရင်း။ ရာဂေါတိစ ဟူ၍ရင်း။ ဝေမာဒီဟိ၊ ဤသို့အစရှိသော စကားတို့ဖြင့်။ အနေကဘေဒေါ၊ သော၊ အကုသလပရိယာပန္နော၊ သော။ ကာမစ္ဆန္ဒောဝေ၊ ကိုသာလျှင်။ ကာမောတိ၊၍။ ကဏ္ဍာပိ အဓိပ္ပေတော၊ ရှင့်။ စ တထာပိ၊ ငင်း။ သော ကာမစ္ဆန္ဒော၊ သည်။ အကုသလပရိယာပန္နော၊ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်စကားအရ အကုသိုလ်၌ အကျုံးဝင်သည်။ သမာနောပိ၊ ငင်း။တတ္တကတမော ကာမစ္ဆန္ဒော၊ ကာမောတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝိဘင်္ဂေ၊ ဈာနဝိဘင်း၌။ ဈာနပဋိပက္ခတော၊ ဈာန်တို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ ဝိသုံ၊ အသီးအခြား။ ယသ္မာ၊ ကြောင့်။ ဝုတ္တော၊ ၏။ တသ္မာ၊ ကြောင့်။ ကိလေသ ကာမေဟိ ဝိဝိစ္စေဝါတိအတ္ထောပိ၊ သည်လည်း။ ဝိသုံ၊ သီးခြား။ ယုဇ္ဇတိ၊ ၏။ ဤနည်း အလိုအားဖြင့် ကိလေသကာမသည် အကုသလေဟိ ဓမ္မေဟိ၌ အကျုံးမဝင်။ တစ်နည်း ပြတော်မူလိုရကား ကိလေသကာမတ္တာဝါ စသော စကားကို မိန့်တော်မူအပ် သတည်း။

ဤနည်းအလိုအားဖြင့် ကိလေသကာမသည် ကာမေဟိ၌ လည်းကောင်း၊ အကုသလေဟိ ဓမ္မေဟိ၌လည်းကောင်း၊အကျုံးဝင်သတည်း(ဝါ)တနည်းကား။ သော ကာမစ္ဆန္ဒော၊ ကို။ ကိလေသကာမတ္တာ၊ ကိလေသကာမ၏ အဖြစ်ကြောင့်။ ပုရိမပဒေ၊ ရှေးဖြစ်သော ကာမေဟိဟူသောပုဒ်၌။ ယသ္မာ၊ ကြောင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တသ္မာ စ၊ ထို့ကြောင့်လည်းကောင်း။ အကုသလပရိယာပန္နတ္တာ၊ အကုသိုလ်၌အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ ဒုတိယပဒေ၊ အကုသလေဟိ ဓမ္မေဟိဟူသော နှစ်ခုမြောက်သောပုဒ်၌။ ယသ္မာ၊ ကြောင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တသ္မာ စ၊ ထို့ကြောင့်လည်းကောင်း။ ကိလေသကာမေဟိ ဝိဝိစ္စေဝါတိ အတ္တောပိ၊ ။ သည်လည်း။ ယုဇ္ဇတိ၊ သင်၏။

ကိလေသကာမ၌ အကျုံးဝင်သောကြောင့် ရှေ့ပုဒ်၌ ကာမစ္ဆန္ဒကို ဟောတော်မူအပ်သည်ရှိသော် သာမညအားဖြင့် ကာမစ္ဆန္ဒသည် တစ်ပါးတည်းသာဖြစ်သောကြောင့် ကာမေဟိ-ဟူ၍ ဗဟုဝုစ်အားဖြင့် ဟောတော်မမူဘဲ ကာမတော-ဟူ၍ ဧကဝုစ်အားဖြင့်သာ ဟောတော်မူရာသည် မဟုတ်လော၊ သို့ပါလျက်အဘယ့်ကြောင့် ကာမတောဟူ၍ ဧကဝုစ်အားဖြင့် ဟောတော်မမူဘဲ ကာမေဟိဟူ၍ ဗဟုဝုစ်အားဖြင့် ဟောတော်မူအပ်လေသနည်းဟု စောဒနာရန်ရှိသောကြောင့် အနေကဘေဒတော အစရှိသော ပါဠိကို မိန့်တော်မူအပ်သတည်း။ စ-သဒ္ဒါကား ဝါကျာရမ္ဘဇောတကတည်း။

အသ ကာမစ္ဆန္ဒဿ၊ ၏။ ကာမာသဝကာမရာဂသံယောဇနာဒိဝသေန စ၊ လည်းကောင်း။ ရူပတဏှာဒိဝသေန စ၊ ဖြင့်လည်းကောင်း။ အနေကဘေဒတော၊ တပါးမကများသော အပြားရှိသည်၏ အဖြစ်ကြောင့်။ ကာမတောတိ၊ ကာမတော ဟူ၍။ ဧကဝစနေန၊ ဖြင့်။ အဝတွာ၊ ၍။ ကာမေဟီတိ၊ ၍။ ဗဟုဝစနေန၊ ဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ကာယဝိဝေကော, စိတ္တဝိဝေကော, ဝိက္ခမ္ဘန ဝိဝေကော၊ ဟူ၍ မိန့်တော်မူခဲ့သည် အားလျော်စွာ ကာယဝိဝေက, စိတ္တဝိဝေကတို့ကို ဤသည့်စကား ဤသည့်စကားဖြင့် ဟောတော်မူအပ်သည်ဟု ဆရာပြ၍သိရပေပြီ အဘယ်စကား အဘယ်စကားဖြင့် အဘယ်နိဒ္ဒေသရကား အဘယ်နိဒ္ဒေသရကား၏ ဝိက္ခမ္ဘန ဝိဝေကကို ဟောတော်မူအပ်သနည်းဟု မေးရန်ရှိသောကြောင့်။ အညေသမ္ပိ အစရှိသော စကားကို မိန့်တော်မူအပ်သတည်း။ စ-သဒ္ဒါကား ဝါကျာရမ္ဘဇောတကတည်း။

ဧတ္တ ဝိဝိစ္စေဝ ကာမေဟိတိဣမိနာ စသော စကားကို လိုရင်းကောက်။ ပဥ္စန္နံပိ၌ ပိ-ဒ္ဒါဖြင့် ကာမစ္ဆန္ဒကိုပေါင်း။ ထို့ကြောင့် အဂ္ဂဟိတဂ္ဂဟဏေနစသော

စကားကို မိန့်အပ်သတည်း။ ဤစကား၌ ပိ-ကို ကိလေသကာမတ္တာဝါဟူသော နည်းနှင့်အညီ ဆိုသတည်း။

အဘယ်ကြောင့် ပိဝိစ္စေဝ ကာမေဟိ ဟူသော စကားဖြင့် ကာမစ္ဆန္ဒ၏ ဝိက္ခမ္ဘနဝိဝေကကို ဟောတော်မူအပ်သည် ဖြစ်လေသနည်း။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသော စကားဖြင့် ငါးပါးကုန်သော နီဝရဏတို့၏လည်း ဝိက္ခမ္ဘန ဝိဝေကကို ဟောတော်မူအပ်သည် ဖြစ်လေသနည်း။ ဝိဝိစ္စဟူသော ပုဒ်နှစ်ပါး၌ ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးကိုသာ မှတ်အပ်သည်ရှိသော် ဤသို့ ဟောတော်မူအပ်သည် မဖြစ်ရာသည် မဟုတ်ပါလော့ဟု စောဒနာရန် ရှိသောကြောင့် ပဒဒွယေပ။ပ။ ဒဋ္ဌဗ္ဗာဟူသော ပါဠ်ကို မိန့်တော်မူအပ်သတည်း။

သို့ပင် မှတ်အပ်သည် ဖြစ်ပါစေဦးတော့၊ ကာမစ္ဆန္ဒစသည်မှ တပါးကုန်သော ဒိဋ္ဌိ,မာန, အဟိရိက, အနောတ္တပ္ပ စသောတရား ဖဿစသော တရားတို့၏ အကုသိုလ်၏ အဖြစ်ရှိလေသောကြောင့် ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိဟူသော စကားဖြင့် နီဝရဏငါးပါးတို့၏သာ ဝိက္ခမ္ဘန ဝိဝေကကို ဟောတော်မူအပ်သည် မဖြစ်ရာသည် မဟုတ်ပါလော၊ ကာမစ္ဆန္ဒမှတပါးသော အကုသိုလ်ဟူသမျှ၏ ဝိက္ခမ္ဘနဝိဝေကကို ဟောတော်မူသင့်ပါသည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် အညေသမ္ပိ။ပ။ နီဝရဏာနေဝ ဝုတ္တာနိ ဝေဝဟူသော ပါဠ်ကို မိန့်တော်မူအပ်သတည်း။

အညေသမ္ပိစဓမ္မာနံ အကုသလဘာဝေ ဝိဇ္ဇမာနေ ဟူသော စကားသည် စောဒကဆရာ၏ အာဘောဂကို ပြသော စကားဖြစ်သောကြောင့် ဤသို့ စောဒနာတက်သတည်း။

အညေသမ္ပိ၌ ပိ-သဒ္ဒါကား သမ္ပိဏ္ဍန အနက်ရှိ၏။ စ-သဒ္ဒါကိုမူကား ယသ္မာ ဒဋ္ဌဗ္ဗာ တသ္မာစ နီဝရဏာနေဝ ယသ္မာ ဝုတ္တာနိ၊ တသ္မာစဟူ၍ ယှဉ်လေ။ ဤစကားဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိတိ ဣမိနာ ပဉ္စန္နမ္ပိ နီဝရဏာနံ၊ ဝိက္ခမ္ဘန ဝိဝေကော ဝုတ္တော ဟောတိ ဟူသော စကား၏သာ အကြောင်းကိုပြတော်မူသတည်း။ ဝိဝိစ္စေဝ ကာမေဟိတိ ဣမိနာ ကာမစ္ဆန္ဒဿ ဝိက္ခမ္ဘန ဝိဝေကော ဝုတ္တော ဟောတိဟူသော စကား၏မူကား အကြောင်းကို မပြ။

ဤစကားနှင့် အကြောင်းအကျိုးမတော် အဘယ့်ကြောင့် ဈာနဝိဘင်း၌ နီဝရဏတို့ကိုသာ ဟောတော်မူအပ်ကုန်သနည်း။ ဒိဋ္ဌိ, မာနစသော အကုသိုလ်တရား များစွာရှိပါသည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် နီဝရဏာနိဟိ ဈာနင်္ဂပစ္စနီကာနိဟူသော ပါဠ်ကို မိန့်တော်မူအပ်သတည်း။

နီဝရဏာနိ၌ ဝေ-ကျေ။အဘယ့်ကြောင့် နီဝရဏတို့သည်သာ ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သနည်းဟု မေးရန်ရှိသောကြောင့် ဝေသံ ဒုံစရှိသော စကားကို မိန့်တော်မူအပ်သတည်း။ နီဝရဏတို့နှင့် ဈာန်အင်္ဂါတို့သည် အပြန်အလှန် ပဋိပက္ခဖြစ်လေကုန်သတည်း။ ပိဋကတ္တယမှတစ်ပါး အကြောင်းကို ပြရာ၌လည်း၊ ဣတိဝုတ္တံဟောတိ ခံသဟည်း။

နီဝရဏတို့၏ ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ကို ပစ္စက္ခအားဖြင့် ဆရာသိသလောဟု မေးရန်ရှိသောကြောင့် တထာဟိ-စသော စကားကို မိန့်တော်မူအပ်သတည်း။

ပဒဒွယေပိ, ဝိဝိစ္စ-ဟူသောပုဒ် နှစ်ပါးအပေါင်း၌လည်း။ပ။ တယော ဝေ၊ သုံးပါးကုန်သော ဝိဝေကတို့ကိုသာ။ ဣခ၊ ဤဈာနကထာ၌။ ယသ္မာ၊ အကြင်ကြောင့်။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ ဝေံ့ကူ့မိနာကာရဏေနစ၊ ဤအကြောင်းကြောင့်ငင်း။ နောက်ဝေမေတ္တင်္ဂ ဝေကို ဤစကား၌လည်းယူဉ်။ အညေသံ၊ ကာမစ္ဆန္ဒစသည်မှ တစ်ပါးကုန်သော။ ဓမ္မာနံပိ၊ ဒိဋ္ဌိ,မာန,အဟိရိက, အနောတ္တပ္ပစသော တရား-ထို ကာမစ္ဆန္ဒနှင့်တကွဖြစ်ကုန်သော ဖဿစသော တရားတို့၏လည်း။ အကုသလဘာဝေ၊ အကုသိုလ်၏ အဖြစ်သည်။ ဝိဇ္ဇမာနေပိ၊ ရှိပါလျက်လည်း။ တတ္ထကတမေ အကုသလာဓမ္မာကာမစ္ဆန္ဒောတိ အာဒိနာ၊ သော။နယေန၊ နည်းဖြင့်။ ဝိဘင်္ဂေ၊ ဈာနဝိဘင်း ပါဠိတော်၌။ ဥပရိဈာနင်္ဂါနံ၊ ဤပါရာဇိကကဏ် ပါဠိတော်မှာပင် အထက်၌ သင်္ဂဟတ္တံ သင်္ဂဟရုံစသည်ဖြင့် ဟောတော်မူအပ်ကုန်သော ဝိတက်ဝိစာရစသော ဈာန်အင်္ဂါတို့၏။ နီဝရဏာနံ၊ တို့၏။ ပစ္စနိကပဋိပက္ခဘာဝဒဿနတော၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အစွမ်းအားဖြင့် ဆန့်ကျင်ဘက် ဖြစ်ကုန်သော နီဝရဏတို့၏ အဖြစ်ကို ဘုရားရှင် ပြတော်မူသောအားဖြင့်။ ဥပရိဈာနင်္ဂါနံသည် ပစ္စနိက ပဋိပက္ခ၏သမ္မန်တည်း။ ဘာဝ၏သမ္ဗန်ကား နီဝရဏာနံ တည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီ၌ ပဋိပက္ခဘာဝတော နီဝရဏာနံဟု မိန့်အပ်၏။ နီဝရဏာနေဝ၊ နီဝရဏတို့ကိုသာ။ ယသ္မာ၊ အကြင်ကြောင့်။ ဘဂဝတာ၊ သည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ယသ္မာ၏ အဖင်္ကား ဝေံကူ့မိနာကာရဏေန တည်း။ ဟိယသ္မာ၊ ကြောင့်။ နီဝရဏာနိ၊ တို့သည်။ဈာနင်္ဂပစ္စနိကာနိ၊ ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်တို့သည်။ ဟောန္တိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ နီဝရဏာနေဝ၊ တို့ကိုသာ။ ဝုတ္တာနိ၊ ကုန်၏။ယသ္မာ၊ ကြောင့်။ တေသံဝေ၊ ထိုနီဝရဏတို့၏သာ။ (ပဋိပက္ခာနိမှာစပ်၊(ဝါ)တို့ကိုသာ။ ဝိဒ္ဓံသကာနိမှာစပ်) ယသ္မာ၊ ကြောင့် ပဋိပက္ခာနိ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဝိဒ္ဓံသကာနိ၊ ဖျက်ဆီးတတ်ကုန်၏၊ ဣတိအယံ အဓိပ္ပါ-

---

၁။ ပဋိပက္ခဘာဝဒဿနတောတိ နီဝရဏာနံ(ဆဋ္ဌ-၇၂-နှာ)

ယော၊ ကို။ဝုတ္တံ ဝုတ္တော၊ ဆိုအပ်သည်(ဝါ)ဆိုလိုသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ဆန့်ကျင့်ဘက်၏အဖြစ်, ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်။ နိဝရဏာနိ၊ တို့သည်။ ဈာနင်္ဂပစ္စနီကာနိ၊ ၏။ ဣတိ ဧဝံ ဟိ တတော ဧဝ၊ ထိုနီဝရဏတို့၏သာ ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်။သ မာဓိကာမစ္ဆန္ဒဿပဋိပက္ခော ပီတိဗျာပါဒဿ ဝိတက္ကော ထိနမိဒ္ဓဿ သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စဿ ဝိစာရော ဝိစိကိစ္ဆာ-ယာတိ၊ ဟူ၍။ ပေဋကေ၊ နေတ္တိကျမ်းနည်းသို့ အစဉ်လျှောက်သော ပေဋကောပဒေသကျမ်း၌။ (ဝိမတိဝိနောဒနီ၊ နှာ–၇၂ ကိုထောက်) မဟာ-ကစ္စာယန ထေရေန၊ သည်။ ဝုတ္တံ၊ အပ်၏။ ဧဝံ ဣမိနာ ကာရဏေန စ၊ ဤအကြောင်းကြောင့်လည်းကောင်း။ ဝိဝိစ္စေဝ ကာမေဟီတိ ဣမိနာဝစနေန၊ ဖြင့်။ ကာမစ္ဆန္ဒဿ၊ ၏။ ဝိက္ခမ္ဘနဝိဝေကော၊ ကို။ ဘာဂဝတာ၊ သည်။ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ဝိဝိစ္စအကုသလေဟိ ဓမ္မေဟီတိ ဣမိနာဝစနေန၊ ဖြင့်။ ပဉ္စန္နမ္ပိ၊ ငါးပါးလည်း ဖြစ်ကုန်သော။ နီဝရဏာနံ၊ တို့၏။ ဝိက္ခမ္ဘနဝိဝေကော၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

ဝိဝိစ္စေဝကာမေဟိဟူသော ရှေ့စကားဖြင့် ယူအပ်ပြီးသော ကာမစ္ဆန္ဒကို ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိဟူသော နောက်စကားဖြင့် ထပ်၍ ယူသဖြင့် ဝိက္ခမ္ဘနဝိဝေကကို ဘုရားဟောတော်မူသည်ကို ဆရာပြ၍ သိရပေပြီ၊ ထပ်၍ မယူသဖြင့် ဝိက္ခမ္ဘနဝိဝေက ကို ဘုရားဟောတော်မူသည်ကို ဆရာမပြပြီလောဟု မေးရန် ရှိသောကြောင့် အဂ္ဂဟိတ ဂဟဏေန ပန စသောစကားကို မိန့်တော်မူအပ်သတည်း။

ပန-သဒ္ဒါကား ပက္ခန္တရတ္ထဇောတက အဂ္ဂဟိတဂဟဏေန ဟူသော စကားကို သေသနီဝရဏာနံနှင့် စပ်လေ။ ။ဒုတိယေန၊ ဖြင့်။ အဝိဇ္ဇာယ စ၊ ၏ လည်းကောင်း။ တံသမ္ပယုတ္တကာနဥ္စ၊ ထိုအဝိဇ္ဇာနှင့် ယှဉ်ကုန်သော ဒေါသမူ, မောဟမူ စိတ္တုပ္ပါဒ်တို့၏ လည်းကောင်း။ ဝိက္ခမ္ဘန ဝိဝေကော၊ ကို။ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ အယံ အတ္ထုပကာသနာ၊ ဤအနက်ကို ပြခြင်းသည်။ သဝိတက္ကံ သဝိစာရန္တိ အာဒိဝစနာနံ၊ တို့၏။ အတ္ထုပကာသနတော၊ မှ။ တာဝ၊ ရှေးဦးစွာ။

ဝိဝိတ္တိ၊ နီဝရဏတို့မှ ကင်းခြင်း။ ဤစကားဖြင့် ဝိဝေကသဒ္ဒါ၏ ဘာဝ သာဓနကို ပြသတည်း။ ဝိဝိတ္တော၊ နီဝရဏတို့မှ ဆိတ်တတ်၏။ ဤစကားဖြင့် ဝိဝေကသဒ္ဒါ၏ ကတ္တုသာဓနကို ပြသတည်း။ ဝိဝိတ္တိ ဝိဝေကော ဟူသော ဘာဝသာဓနပြ ရှေ့စကားနှင့်အညီ တသ္မာ ဝိဝေကာ ဟူသော စကားကို မိန့်တော်မူအပ်သတည်း။ ဝိဝိတ္တောဟူသော ကတ္တုသာဓန, ကမ္မသာဓနပြ စကားနှင့်အညီ တသ္မိံ ဝါ ဝိဝေကေဟူသော စကားကို မိန့်တော်မူအပ်သတည်း၊

တတ္ထ ပီတိ သဟဂတ စိတ္တေ သုခံ နိယမတော ဟောတိ။ ယတ္ထသုခသဟဂတ· စိတ္တေ သုခံ ဟောတိ။ တတ္ထ သုခ သဟဂတ စိတ္တေ နိယမတော ပီတိ နံ ဟောတိ။

ဝိဝေကဇံ ပီတိ သုခန္တိတ္ထေတ္ထ သော သာရတ္ထဒီပနီ(၁၊၃၆၃။)၌ ပီတိသုခ· သဒ္ဒတော၊ မှ။ ပရံ။ နောက်၌။(အကာရောမှာစပ်။) အကာရော၊ သဒ္ဒါဒိတော ဏ-ဟူသော သုတ်ဖြင့် သက်အပ်သော အ-အက္ခရာဟု ဆိုအပ်သောပစ္စည်းကို။ ဒဋ္ဌဗ္ဗော၊ ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ အရိသသောတိ ယထာ၊ အရိသသော ဟူသကဲ့သို့တည်း။

အရိသသော၊ ရန်သူဖြစ်သော ယုံရှိသောသူ။ သို့အနက်ပေးမှ ပီတိသုခ ဟူသော ပုဒ်ရင်းနှင့် ညီအံ့သတည်း။ ပီတိသုခသည်နှစ်ပုဒ်ဖြစ်သကဲ့သို့ အရိ· သသသည် အရိတစ်ပုဒ်, သသတစ်ပုဒ် ဤသို့ နှစ်ပုဒ်ဖြစ်သတည်း။ ဒုန္နာမကာ္ဘ အရိသံ၊ အဘိဓာန်။ နရဝဂ် (၃၂၇-ဂါထာ) မြင်းသရိုက်နာဟော၊ ဤအဘိဓာန် ကိုကြည့်၍ အရိသပုဒ်တည်ပြီးလျှင် သုမေဓသောမှာကဲ့သို့ တဒဿတ္ထိတိဝိစ ဟူသောသုတ် စံ သဒ္ဒါဖြင့် သ-ပစ္စည်းသက်၍ အရိသသောပုဒ်ပြီးကြံသဖြင့်၊ “အရိသသော၊ မြင်းသရိုက်နာရှိသောသူဟု အနက်ပေးက ပီတိသုခဟူသော ပုဒ်ရင်းနှင့်မညီခြင်းဟူသော အပြစ်ရှိသတည်း။

အသာဓျာနဿ၊ အား။(ဝါ)ကား။ အသို့ စျာနေ၊ ၌။ ဝိဝေကဇံပီတိသုခံ၊ ဝိဝေကကြောင့် ဖြစ်သော ပီတိသုခသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာစ၊ ထိုကြောင့် လည်းကောင်း။ စျာနံ၊ သည်။ ဝိဝေကဇံ၊ သည်။ ဟောတိ ယထေဝ၊ ဖြစ် သကဲ့သို့လျှင်။ ဝေံတဿ၊ ထို့အတူ။ ပီတိသုခံပိ၊ သည်လည်း။ ဧတ္ထေတသ္မိံ ပဌမဇ္ဈာနေ၊ ၌။ ဝိဝေကဇမေဝ၊ သည်သာလျှင်။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ဣတိတသ္မာစ၊ လည်းကောင်း။ အဿပဌမဇ္ဈာနဿ၊ အား။ တံဝိဝေကဇံပီတိသုခံ၊ ထိုဝိဝေကကြောင့်ဖြစ်သော ပီတိ, သုခသည်။ ယသ္မာ၊ ကြောင့်။ အတ္ထိ၊ ၏။ ဣတိတသ္မာစ၊ ထိုကြောင့် လည်းကောင်း။ ကေပဒေ ဧနဝ၊ တစ်ခုတည်းသောပုဒ်ဖြင့်သာလျှင်။ ဝိဝေကဇံပီတိသုခန္တိ၊ ဟူ၍။ ကေ· တောပိ၊ တစ်ပေါင်းတည်းလည်း။ ယသ္မာ၊ ကြောင့်။ ဝတ္တုံ၊ ငှါ။ ယုဇ္ဇတိ၊ သင့်၏။ တသ္မာစ၊ ထို့ကြောင့်လည်းကောင်း။ ဧဝံပိ၊ ဤသို့တစ်ပေါင်းတည်း လည်း။ ဝိဝေကဇံပီတိသုခံ၊ ဝိဝေကဇံပီတိသုခမည်၏။

ဧဝံပိ၌ ပိသဒ္ဒါဖြင့် ကေတော သဒ္ဒါနောင်ယှဉ်ရသည်နှင့် အညီ၊ ပဌမ စျာန်သည် ဆိုအပ်ပြီးသောနည်းဖြင့်အသီးသီးသာလျှင် ဝိဝေကဇမည်သင့်သည်၊ ပီတိသုခမည်သင့်သည်မဟုတ်၊ ဤသို့ တစ်ပေါင်းတည်းလည်း ဝိဝေကဇံ ပီတိသုခံ

မည်သင့်သည်ဟူ၍ ပေါင်းသတည်း။ ထို့ကြောင့်နောက်၌၊ ဝိဝေကဇံ ပီတိ သုခန္တိပိ ဝတ္တုံယုဇ္ဇတိ ဟူ၍ ပိ-သဒ္ဒါနှင့်တကွ မိန့်တော်မူအပ်သတည်း။

ထိုစကားသင့်စွ၊ ဝိဝေကဇံပီတိသုခန္တိပိဟူသော နောက်စကား၌ ပိ-သဒ္ဒါကို ထည့်ပါ၍၊ ကေတော သဒ္ဒါနောင် ယှဉ်၍ အနက်ပေးရသည်နှင့်အညီ အသီးသီး သာလျှင် ဝိဝေကဇံဟူ၍လည်းကောင်း, ပီတိသုခံဟူ၍ လည်းကောင်းကိုဆိုခြင်း ငှါ သင့်သည်မဟုတ်၊ စင်စစ်မူကား ဝိဝေကဇံ ပီတိသုခံဟူ၍ တပေါင်းတည်းလည်း ဆိုခြင်းငှါသင့်သည်ဟု ပိ-သဒ္ဒါဖြင့်ပေါင်း။ အဝုတ္တိတိ၌ ဟိတ်အနက်ရှိသော ဣတိ သဒ္ဒါနှင့် ယုဇ္ဇတိ နောင်ထည့်ပါ၍ တသ္မာ သည်အဖက်တည်း။ ဣတိတသ္မာနှင့် တသ္မာနောင် စ သဒ္ဒါကျေ။ တဥ္စ၌၊စသဒ္ဒါကိုမူကား "ယောတိ တသ္မာ စ အဝုတ္တံ၊ ဣတိ တသ္မာ စ" ဟူ၍သာလျှင် ယှဉ်ရမည်။ အဝုတ္တိတိ၌ ဟိတ်အနက်ရှိသော ဣတိသဒ္ဒါနှင့် ယုဇ္ဇတိ နောင်ထည့်ပါ၍ တသ္မာနှင့် ယှဉ်ရမည်ကား အရိုးမကျ အရေးမလှချေ။ ဤသည်ကား ခက်ဆစ်တည်း။

ဤ ပဌမံ ဈာနံ ဟူသောအရာ၌ တန့်ရပ်၍ စောဒက ဆရာကိုယ်တိုင် ကိုယ်ကြပ် အဘယ်အမေးပုစ္ဆာ ပြဿနာစကားကို ဆိုဖူးလေသနည်းဟု မေးရန် ရှိသောကြောင့် တွေ့ာဟ-စသောစကားကို မိန့်တော်မူအပ်သတည်း။

ဧတ္ထာဟနေ၊ ဤပဌမဈာနံဟူသော စကားအရာ၌။ ဧတ္ထ၊ တန့်ရပ်၍။ စောဒကော၊ စောဒကဆရာသည်။ ယံဈာနံ၊ သည်။ သဝိတက္ကံ သဝိစာရံ။ပ။ ပီတိသုခန္တိ၊ ဟူ၍။ ဝေါ၊ သို့။ အပဒေသံ၊ ညွှန်းပြခြင်းကို။ အရဟတိ၊ထိုက်၏။ တံဈာနံ နာမ၊ သည်။ ကတမံ ပန၊ အဘယ်ပါနည်း။ ဣတိ ဣဒံ ပုစ္ဆာဝစနံ၊ ဤအမေးပုစ္ဆာ ပြဿနာစကားကို။ အာဟ၊ ဆိုဘူး၏။ အပဒေသာရဟံ၊ ညွှန်းပြခြင်းငှါထိုက်သောဈာန်သည်။ ကိဥ္စာပိ နတ္ထိ၊ ရှင့်။ ပန တထာပိ၊လည်း။ ယသ္မာ၊ ကြောင့်။ ဈာနသမ္ပတ္တိ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ တသ္မာ၊ ကြောင့်။ တံပဥ္စင်္ဂ၊ ထိုငါးပါးသော အင်္ဂါသည်။ ဈာနံနာမ၊ ဈာန်မည်၏။ ဧတေသု-၌ ဝေ-ကျေ၊ နောက် တောနေဝကိုထော်က်။

အဘယ့်ကြောင့် ဤငါးပါးသော အင်္ဂါတို့၌သာလျှင် ဈာန်ဟူသော သမုတ် ခြင်းကို သိအပ်သနည်း။ ဤမှတစ်ပါးသော ဖဿဝေဒနာစသောတရားများစွာ ရှိပါသည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် တောနေဝဟိ စသော စကားကို မိန့်တော်မူအပ်သတည်း။

ဟိ ယသ္မာ တောနေဝ ပဥ္စင်္ဂါနိ အဿ ပဌမဿ ဈာနဿ သဝိတက္က သဝိစာရန္တိ အာဒိနာ နယေန အင်္ဂဘာဝေန ဣမဿိ ဈာနပါဠေ ဘဂဝတာ ဝုတ္တာနိ၊ တသ္မာ ဧတေသုဝေ ပဥ္စသု အင်္ဂေသု ဈာနသမ္မုတိ ဝေဒိတဗ္ဗာတိ ယောဇနာ။

ဤဈာန်ပါဌ်၌ ဟောအပ်ကုန်၏ဟု ဆရာဆိုသော်လည်း ဤဈာန်ပါဌ်၌ ကေဂ္ဂတာကို မဟောအပ်သောကြောင့် အင်္ဂါမဖြစ်သင့်သောကြောင့် ဤဈာန်ပါဌ်၌ ဘုရားရှင် ဟောတော်မူသောအားဖြင့် မယူအပ်သော ကေဂ္ဂတာကို အင်္ဂါ၏ အဖြစ်ဖြင့် ဆရာအဘယ့်ကြောင့် ယူအပ်သနည်းဟု စောဒနာထုတ်လို ရကား အဝုတ္တတ္တာ ကေဂ္ဂတာ အင်္ဂံ န ဟောတီတိ စေ ဟူသော စကားကို မိန့်တော်မူအပ်သတည်း။

ဈာနပါဌေ ဘဂဝတာ ကေဂ္ဂတာယ သရူပေန အဝုတ္တတ္တာ ကေဂ္ဂတာ အင်္ဂံ ယသ္မာ န ဟောတိ တသ္မာ ဈာနပါဌေ သရူပေန ဘဂဝတာ အဂ္ဂဟိတာ။ ကေဂ္ဂတာ အင်္ဂဘာဝေန ကသ္မာ တယာ ဂဟိတာတိယောဇနာ။ [တဥ္စနဉ်၌ စဖြင့် ဝိတက်ဝိစာရ ပီတိသုခတို့ကိုဆည်း။]

တဥ္စအင်္ဂံ၊ ထိုကေဂ္ဂတာဟု ဆိုအပ်သော အင်္ဂါသည်လည်း။ နဟောတိ၊ မဖြစ်သည်ကား။ န၊ မဟုတ်။ ဟောတိဝေ၊ ဖြစ်သည်သာတည်း။ သာပိ ဟိ–စသည်ကား ဝိတ္ထာရ။

ဈာနန္တိ ။ပ။ ကေဂ္ဂတာ ဟူ၍ ဝိဘင်းပါဠိတော်၌ ဟောတော်မူအပ်သည်သာ ဖြစ်ပါစေဦးတော့၊ သို့ပင် ဖြစ်စေကာမူ ဤ ဈာန်ပါဌ်၌ အဓိပ္ပါယ် တစ်ခြား၊ ဝိဘင်း၌ ပြအပ်သော အဓိပ္ပါယ်တစ်ပါး၊ ဤသို့ပြား လေက စိတ္တေကဂ္ဂတာကိုလည်း အင်္ဂါသာဟူ၍ မသိအပ်ရကား စိတ္တေကဂ္ဂတာကို ဤဈာန်ပါဌ်၌ အင်္ဂါ၏အဖြစ်ဖြင့် မယူအပ်ရာသည် မဟုတ်လော့ဟု စောဒနာ ရန်ရှိသောကြောင့်။ ယေနဟိ၊ စသောစကားကို မိန့်တော်မူအပ်သတည်း။

ဟိဝိတ္ထာရေမိ သာပိ ကေဂ္ဂတာ ဝိဘင်္ဂေ ဈာနဝိဘင်္ဂေ ဝိတက္ကောဝိစာရော ပီတိသုခံ စိတ္တဿ ကေဂ္ဂတာတိ ဧဝံ ဘဂဝတာ ယသ္မာ ဝုတ္တာယေဝ၊ တသ္မာ စ, ဝိတက္ကာဒီဟိ ပဉ္စဟိ အင်္ဂေဟိ ဒ္ဓဟာဝတ္တန္တံ ဈာနမ္မံ ဒီပေတုံ "ကာမဘာဝသင်္ခါ- တေန ယေန အဓိပ္ပါယေန ဘဂဝတာ ဣဓဈာန ပါဌေ ကေဂ္ဂတံ ဌပေတွာ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခ"န္တိ ဥဒ္ဒေသော ကတော သော ဧဝ အဓိပ္ပါယော အနေန ဘဂဝတာ ဝိဘင်္ဂေ ဈာန ဝိဘင်္ဂေ ဟိ ယသ္မာ ပကာသိတော တသ္မာစ, သဝိတက္ကံ သဝိစာရန္တိ ဝုတ္တံ ယထာ၊ ဧဝံတထာ သစိတ္တေကဂ္ဂတန္တိ ဝစနေန ဣဓဈာနပါဌေ အဝုတ္တေပိ ဣမိနာ ဝိဘင်္ဂဝစနေန စိတ္တေကဂ္ဂတာပိ အင်္ဂမေဝါတိ ယသ္မာ ဝေဒိတဗ္ဗာ၊ တသ္မာ ဣဓ ဈာနပါဌေ စိတ္တေကဂ္ဂတာပိ အင်္ဂဘာဝေန ဂဟိတာတိယောဇနာ။ ဥပသမ္ဗုဇ္ဇ ဟူသောပုဒ်၌ ဥပ·သဒ္ဒါ, သံ· သဒ္ဒါနှစ်ပါးပင် အနက်ရှိသလောဟူ၍လည်းကောင်း။ ဤဥပသမ္ဗုဇ္ဇဟူသော ပုဒ်သည် ဥပသမ္ဗဒံ·ဟူသော ပုဒ်နှောင် သကာတ်အနက်၌ ကျ·ပစ္စည်းသက်၍

ဒေါဓသော စ ဟူသော သုတ်၌ စ-သဒ္ဒါဖြင့် ဒျ-ကို ဇ္ဇ-အစုံပြု၍ သိဝိဘတ်ကိုချေ၍ ပြီးသောပုဒ် ဖြစ်လေသလောဟူ၍လည်းကောင်း မေးရန်ရှိသောကြောင့် ဥပ· သမ္ပဇ္ဇာတိ ဥပဂန္တွာ ဟူသောစကားကို မိန့်အပ်သတည်း။

ဤပါဠိဖြင့် သံသဒ္ဒါအနက်မရှိသည်ကိုလည်းကောင်း။ တွာ ပစ္စည်းအဆုံး ရှိသည်ကိုလည်းကောင်း ပြတော်မူသတည်း။ ဥပ၊ သဒ္ဒါကား သမီပ, ပူဇာ· စသောတစ်ဆယ့်သုံးပါးသော အနက်တို့တွင် ဥပဂမန အနက်ကိုထွန်းပြသတည်း။ ပါပုဏိတွာကား· ကပ်ခြင်းဟူသည်ရောက်ခြင်းပင်တည်း ဟူ၍အဓိပ္ပါယ်ကို ပြသတည်း။ သာရတ္ထ (၁၊၃၆၄။)၌ မူကား ဥပသဒ္ဒါ သံသဒ္ဒါ နှစ်ပါးပင် အနက် မရှိဟူ၏။ ဥပသမ္ပာဒယိတွာ ဟူသော နောက်နည်းဖြင့် ဥပ·သဒ္ဒါ၏ ဥပေတ အနက်, သံ·သဒ္ဒါ၏ သမိဒ္ဓိအနက်ကို ပြတော်မူသတည်း။ ထို့ကြောင့် "ဥပ· သမ္ပာဒယိတွာ၊ အသင့်အားဖြင့် ပြည့်စုံစေ၍" ဟု အနက်ပေး။ သုခ ဒုက္ခာနံဝါ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ ဣက္ခာ အနုဘဝနတ္ထိ ဥပေက္ခာဟူသော အဘိဓမ္မတ္ထ ဝိဘာဝနိဋီကာ(၇၈·နှာ)လာ စကားကိုထောက်။ သာရတ္ထဒီပနိဋီကာ(၁၊၃၆၄။) ၌ ဥပသမ္ပဇ္ဇာတိ ဧတ္ထ ပတွာ သာဓေတွာတိဝါ အတ္ထောဟူ၍ မိန့်တော်မူအပ်၏။ သာရတ္ထ ဒီပနိဋီကာဆရာ၏ အလိုအားဖြင့် ဥပ·သဒ္ဒါသည် ရောက်ခြင်းအနက် ဟော, သံ·သဒ္ဒါသည် ပြီးစေခြင်းအနက်ကို ထွန်းသတည်းဟု မှတ်အပ်၏။ ထို့ကြောင့်သာရတ္ထဒီပနိဋီကာဆရာ၏ အလိုအားဖြင့် "ဥပသမ္ပာဒယိတွာ၊ ရောက်သောအားဖြင့် ပြည့်စုံစေ၍" ဟု အနက်ပေး။ နိပ္ဖာဒေတွာကား အဓိပ္ပါယ် ကို ဖွင့်သတည်း။

ဝိဟာသိဟူသောစကား၌ ဣရိယာပထဝိဟာရ, ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရတို့တွင် အဘယ်ဝိဟာရဖြင့် နေသနည်း။ ဟု မေးရန်ရှိသောကြောင့် ဝိဟာသိန္တိစသောစကားကို မိန့်တော်မူအပ်သတည်း။ ဣရိယာပထဝိဟာရဖြင့် နေသည်ဟူလိုသတည်း။ ဝိဟာရလေးပါး ရှိသည်ကို ဝေရဉ္ဇာယံ ဝိဟရတိအဖွင့် အဋ္ဌကထာစကားကိုထောက်၍ သိအပ်၏။

## ပဌမဇ္ဈာနကထာနိဋ္ဌိတာ

ဣမေသံ ဒိန္နံ ဝူပသမာ ဟူသောစကား၌ ဝိ-ရှေ့, ဥပ-ရှေ့ရှိသော သမု- ဓာတ်၊ ကာရိုက်ဏော·ပစ္စည်း၊ ဘောအနက်၌ အ·ပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ် သတည်း။ ထိုပုဒ်၌ သမု-ဓာတ်သည် "သမု=ဥပသမေ" ဟူသည်နှင့်အညီ ငြိမ်း ခြင်းအနက်ကို ဟောသတည်း။ ထို့ကြောင့်"ဣမေသံ ဒိန္နံ၊ ဤနှစ်ပါးကုန်သော ဝိတက် ဝိစာရတို့ကို။ ဝူပသမာ၊ ငြိမ်းစေခြင်းကြောင့်"ဟု အနက်ပေး။ ထို့ ကြောင့် သာရတ္ထဒီပနိဋီကာ (၁၊၃၆၄။)၌ ဝူပသမောတိစေတ္တပဟာနံ အဓိပ္ပေ·

တံ ဟု မိန့်အပ်၏။ ငြိမ်းစေခြင်းနှင့် ပယ်ခြင်းသည်အတူတူပင်တည်း။ဝူပသမာ၊ ငြိမ်းခြင်းကြောင့်”ဟု အနက်ပေးသော် သာရတ္ထဒီပနီအဖွင့်နှင့် လည်းကောင်း, သမတိက္ကမာဟူသောအဌကထာစကားနှင့်လည်းကောင်း မညီဖြစ်သတည်း။မညီ ရှိသာမဟုတ်သေး၊ မီးသည်စဖိုသည်စသောသူတို့၏ လုံ့လပယောဂမဖက် သက် သက်ထင်းကုန်သဖြင့် သဘောအားဖြင့်သာ အလိုလို ငြိမ်းသကဲ့သို့၊ ဝိတက်, ဝိစာရတို့သည် မြတ်စွာဘုရား၏ ငြိမ်းစေခြင်းပယောဂတော်နှင့်မဖက် သက်သက် သော သဘောအားဖြင့်သာ ငြိမ်းကုန်၏ ဟူသော အဖြစ်လည်း ရှိရာသတည်း။

ငြိမ်းစေခြင်းဟူသည် မီးကို ရေဖြင့် ငြိမ်းစေခြင်းကဲ့သို့ ငြိမ်းစေခြင်းလောဟု မေးရန်ရှိသောကြောင့် သမတိက္ကမာဟူသော ပါဠိကို မိန့်တော်မူအပ်သတည်း။ ဝိတက်, ဝိစာရတို့ကို လွန်ခြင်းသည်သာ ငြိမ်းစေခြင်းမည်၏ ဟူလိုသတည်း။

လွန်စေခြင်းဟူသည် တစ်စုံတစ်ခုသောအရပ်ကို လွန်စေခြင်း ကဲ့သို့သော လွန်စေခြင်းလောဟုမေးရန်ရှိသောကြောင့် ဒုတိယဈာနက္ခဏေအပါတု ဘာဝါ တိ ဝုတ္တံ ဟောတိ ဟူသောပါဠိကို မိန့်တော်မူအပ်သတည်း။ အပါတုဘာဝါ၊ ထင်ရှားမဖြစ်စေခြင်းကြောင့်။ ထင်ရှားမဖြစ်စေခြင်းသည်ပင် လွန်သည်ဟူလို သတည်း။

အဇ္ဈတ္တံ ဟူသောပုဒ်ဖြင့် ဂေါစရဇ္ဈတ္တ နိယကဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ,ဝိသယဇ္ဈတ္တ အားဖြင့် လေးပါးကုန်သော အဇ္ဈတ္တတို့တွင် အဘယ်အဇ္ဈတ္တကို အလိုရှိအပ် သနည်းဟု မေးရန်ရှိသောကြောင့် အဇ္ဈတ္တန္တိ ဣဓနိယကဇ္ဈတ္တမဓိပ္ပေတံဟူသော ပါဠိကို မိန့်တော်မူအပ်သတည်း။

အဇ္ဈတ္တသည် လေးပါးအပြားရှိလေသော်လည်း ဒုတိယဈာန်သည် ဘုရား ရှင် သန္တာန်တော်၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် နိယကဇ္ဈတ္တကိုသာလျှင် အလိုရှိအပ်၏ ဟူလိုသတည်း။ ထို့ကြောင့် အဌသာလိနီတိက်အဖွင့် မူလဋီကာ (မူလဋီ၁၊၄၇။)၌ အဇ္ဈတ္တံသမ္ပသာဒနန္တိ ဧတ္ထ ဈာနံ သကသန္တတိ ပရိယာပန္နတ္တာ အဇ္ဈတ္တန္တိ ဝုတ္တန္တိ နိယကဇ္ဈတ္တဧတ္ထ အဇ္ဈတ္တသဒ္ဒေါ ဟောတိဟူ၍မိန့်အပ်၏။ အဇ္ဈတ္တန္တိပဒေန၊ ဖြင့်။ ဣဓ၊ ဤအရာ၌။ နိယကဇ္ဈတ္တံဝေ၊ နိယကဇ္ဈတ္တ ကိုသာလျှင်။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာ(၁၊၁၈၂။)၌ နိယကဇ္ဈတ္တမဓိပ္ပေတန္တိ န အဇ္ဈတ္တဇ္ဈတ္တာဒိ”ဟု မိန့်အပ်၏။ နိယကဇ္ဈ ဟူသော ပုဒ်ကိုလည်း၊ အတ္တာနံ နိဿာယ ယတတိ ဥပ္ပဇ္ဇတိ ဝါယာမံ ကရောန္တိ ဝိယ ပဝတ္တတီတိ နိယကံ။ ကောတဿ ယထာ၊ နိယကော ဟူ၍ သန္ဓိကျမ်း၌ လာသည်နှင့်အညီ ဒန္တဇပထမက္ခရာ တ-ကို ကဏ္ဍဇပဌမက္ခရာက-ပြု။ “ဇတ္တနော သန္တာနေ ပဝတ္တန ဝသေန အတ္တာနံ အတ္တနော သန္တာနံ အဓိကိစ္စ ပဝတ္တတီတိ

အဇ္ဈတ္တံ၊ နိယကဇ္ဈတ္တံ အဇ္ဈတ္တဇ္ဈတ္တံ နိယကဇ္ဈတ္တံ”ဟု ဝေနတ္တပြုလေ။ အဋ္ဌကထာမှာ မိန့်အပ်သော အတ္တနိဇာတံ ဟူသောစကားသည် ငါလှစ်အပ်ပြီးသော ဝိဂ္ဂိုဟ်ကိုပြသော ဝိဂ္ဂိုဟ်ပြစကားသာတည်း၊ ဝိဂ္ဂိုဟ်စစ်မဟုတ်။

အဘယ့်ကြောင့် နိယကဇ္ဈတ္တကိုသာ အလိုရှိအပ်သနည်း။ အဇ္ဈတ္တသဒ္ဒါသည် သာမညသဒ္ဒါဖြစ်၍ အဇ္ဈတ္တလေးပါးနှင့် ဆက်ဆံပါသည်မဟုတ်လောဟု မေးရန်ရှိသောကြောင့် ဝိဘင်္ဂေပန စသည်ကို မိန့်တော်မူအပ်သတည်း။

ဝိဘင်္ဂေပန စသောစကားသည် ရှေ့စကား၏ အကြောင်းစကားဖြစ်သည်ကို တတ္ထကာရဏမာဟ ဝိဘင်္ဂေပနာတိ အာဒိမာဟဟူသော သာရတ္ထဒီပနီလာစကား(၁၊၃၆၅။)ကို ထောက်ထား၍ သိအပ်၏။ ပနသဒ္ဒါ အပိသဒ္ဒါ၏ အနက်အနက်ရှိသည်၏ အဖြစ်ကို ပနသဒ္ဒေါ အပိသဒ္ဒတ္ထော၊ ဝိဘင်္ဂေပိတိအတ္ထောဟု သာရတ္ထဒီပနီ (၁၊၃၆၆။)၌ မိန့်အပ်၏။ လုံ အပိ-သဒ္ဒါဖြင့် ဤဥဘတော ဝိဘင်းကို ပေါင်း။ ယသ္မာ၊ ကြောင့်။ ဝိဘင်္ဂေပန ဝိဘင်္ဂေအပိ၊ အဘိဓမ္မာ ဈာန ဝိဘင်းပါဠိတော်၌လည်း။ အဇ္ဈတ္တံ ပစ္စတ္တန္တိ ဧတ္ထကမေဝဝစနံ၊ အဇ္ဈတ္တံ ပစ္စတ္တံ၊ ဟူသော ဤမျှ အတိုင်းအရှည်ရှိသော စကားကိုသာလျှင်။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ တသ္မာ စ၊ ထို့ကြောင့် လည်းကောင်း။ ယသ္မာ၊ ကြောင့်။ ဂေါစရဇ္ဈတ္တန္တိ အာဒိဝစနံ၊ ကို။ န ဝုတ္တံ၊ အပ်။ တသ္မာ စ၊ ထို့ကြောင့် လည်းကောင်း။ ယသ္မာ၊ အကြင့်ကြောင့်။ ဥဘယမ္ပိဝစနဒွယံ၊ အဇ္ဈတ္တံ, ပစ္စတ္တံ ဟူသော သဒ္ဒါနှစ်ပါးအပေါင်းသည်လည်း။ တဿ ဝစနဒွယဿ၊ ထိုသဒ္ဒါနှစ်ပါးအပေါင်း၏။ ပရတော၊ နောက်၌။ နိယကဇ္ဈတ္တဿ၊ နိယကဇ္ဈတ္တကို။ အဓိပ္ပေတဘာဝညာပနတ္ထံ၊ အလိုရှိအပ်သည်၏အဖြစ်ကို သိစေခြင်းငှာ။ နိယကံ ပါဠိပုဂ္ဂလိကန္တိ၊ ဟူ၍။ သံဝဏ္ဏနာဝသေန၊ ဖွင့်တော်မူသည်၏ အစွမ်းအားဖြင့်။ ဘဂဝတာ၊ သည်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နိယကဇ္ဈတ္တာဓိဝစနံ၊ နိယကဇ္ဈတ္တ၏ အမည်သည်။ ဟောတိ၊ ၏။ တသ္မာ စ၊ ထိုကြောင့်လည်းကောင်း။ အဇ္ဈတ္တန္တိပဒေန၊ ဖြင့်။ ဣဓ၊ ဤအရာ၌။ နိယကဇ္ဈတ္တံဝေးကိုသာလျှင်။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဥဘယမ္ပိဝစနဒွယံ။ပ။ နိယကဇ္ဈတ္တာဓိဝစနံ ဟူသောပါဌ်ကို ထည့်စွက်၍ အနက်ပေးရမည်ကို “အဇ္ဈတ္တံ ပစ္စတ္တန္တိ ဥဘယံနိယကဇ္ဈတ္တာဓိဝစနံ” ဟူသော အဋ္ဌသာလိနီ နိက္ခေပကဏ္ဍအဖွင့် (အဘိ၊ဋ္ဌ ၁၊၃၉၄)ကိုထောက်၍ သိအပ်၏။အဇ္ဈတ္တံဟူသောပုဒ်၌ အဓိပ္ပေတတ္ထကို ပြ၍ သိရပေပြီ၊ ပဒတ္ထကားအဘယ်နည်းဟု မေးရန်ရှိသောကြောင့် ယသ္မာပန စသောစကားကို မိန့်တော်မူအပ်သတည်း။

ပန အဓိပ္ပေတတ္ထမှတစ်ပါး ပဒတ္ထကို ပြဦးအံ့။ စသည်ဖြင့် အနက်ပေး။ ဤကား ဝိဘင်္ဂေပန၌ ပနသဒ္ဒါ အပိသဒ္ဒါ၏ အနက်ရှိသတည်း။ သာရတ္ထဒီပနီ၌ ဆိုသောစကားကို မှီ၍ ဆိုအပ်သောနည်း ဖြစ်သတည်း။

**တစ်နည်းကား**။ အဇ္ဈတ္တံ ဟူသောပုဒ်ဖြင့် နိယကဇ္ဈတ္တကို အလိုရှိအပ်သည် အားလျော်စွာ ဝိဘင်း၌ "အဇ္ဈတ္တံ နိယကဇ္ဈတ္တံ" ဟု ဟောတော်မူအပ်သလောဟု မေးရန်ရှိသောကြောင့် ဝိဘင်္ဂပန စသည်ကို မိန့်အပ်သတည်း။ ဤနည်းအလို ပနသဒ္ဒါသည် ပက္ခန္တရ အနက်ဟောတည်း။ ဝိဘင်္ဂေ၊ ၌။ အဇ္ဈတ္တပစ္စတ္တန္တိ၊ တွေ့ကမေဝဝစနံ၊ ကိုသာ။ ဝုတ္တံ၊ ၏။ နိယကဇ္ဈတ္တန္တိဝစနံ၊ ကို။ နဝုတ္တံ၊ အပ်။ ဟု အနက်ပေး။

ဝိဘင်း၌ ဤမျှသော စကားကိုသာ ဟောတော်မူသောကြောင့် အဇ္ဈတ္တံ ဟူသောပုဒ်၌ ပစ္စတ္တံဟူသော အနက်ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် ယသ္မာပန စသည်ကို မိန့်တော်မူအပ်သတည်း။

ပန တထာပိ၊ ထိုသို့မျှသော စကားကိုသာ ဝိဘင်း၌ ဟောတော်မူအပ်ငြား သော်လည်း။ ယသ္မာ၊ ကြောင့်။ ဝိဘင်္ဂေ၊ ၌။ ဝုတ္တေန၊ ဟောတော်မူအပ်သော။ အဇ္ဈတ္တံပစ္စတ္တန္တိဝစနေန၊ ဖြင့်။ နိယကဇ္ဈတ္တံ၊ ကို။ အဓိပ္ပေတံ၊ ၏။ တသ္မာ၊ ကြောင့်။ အတ္တနိ၊ ၌။ ဇာတံ၊ ဖြစ်၏။ စသည်ဖြင့်အနက်ပေး။

သမ္ပသာဒနံ-ဟူသောစကားရပ်၌ ကြည်လင်စေခြင်းကြိယာကို သမ္ပသာဒနဟု ဆိုလေသလောဟု မေးရန်ရှိသောကြောင့် သမ္ပသာဒနန္တိ၊စသည်ကို မိန့်တော်မူ အပ်သတည်း။

ဤစကားရပ်ဖြင့် "သဒ္ဓံ သံပသီဒတီတိသမ္ပသာဒနံ" ဟူသော ဝစနတ္ထကို ပြတော်မူသတည်း။ သဒ္ဓါတရားကိုသာ သမ္ပသာဒနဟု ဆိုအပ်လေသလောဟု မေးရန်ရှိသောကြောင့် သမ္ပသာဒနယောဂတော စသော စကားကို မိန့်တော်မူ အပ်သတည်း။ ဈာနံပိ၊ ဈာန်ကိုလည်း။ ဂုဏူပစာရေန၊ ဖြင့်။ သမ္ပသာဒနံ၊ဟူ၍။ ဝုစ္စတိ၊ ၏၊ ဤစကားရပ်ဖြင့် ဂုဏူပစာအားဖြင့် ဈာန်၏ သမ္ပသာဒနမည်သည်၏ အဖြစ်ကို ပြတော်မူသတည်း။ ဤစကားနှစ်ရပ်ဖြင့် သမ္ပသာဒန၏ အတ္ထုဒ္ဒါရကို သာ ပြတော်မူသတည်း။ဤအရာ၌မူကား သမ္ပသာဒနဟူသော ဝိသေသနသည် ဒုတိယဇ္ဈာနံဟူသော ဝိသေသျ၏ ဝိသေသနဖြစ်သောကြောင့် ဈာန်ကိုသာ လိုအပ်သတည်း။ ထို့ကြောင့် "ယသ္မာ ဝါ၊ တံ ဈာနံ" စသော စကားကို မိန့်တော်မူအပ်လတ့်။ ဤနည်းအလို ပါဠိတော်၌ "သမ္ပသာဒနံ၊ ကြည်တတ် သော"ဟု အနက်ပေး။ ဧကော ဥဒေတီတိ ဟူသောစကားရပ်ဝယ် ဥဒေတိ– ဟူသောပုဒ်၌ ဒ-အက္ခရာကား အာဂုံတည်း။ ဥ-ရှေ့ရှိသော ဣ-ဓာတ်၊ဖြစ်ခြင်း အနက်ဟော ဥဒိ-ပုဒ်မှာ ကြိယာပစ္စည်းသက်ချေ။ ဥဒေတိ၊ ဖြစ်တတ်၏။ ဥဒါယ-တီတိဥဒိ ဟူသောစကားဝယ် ဥဒါယတိ ဟူသောပုဒ်၌ ဥ–ရှေ့ရှိသော ဣ–ဓာတ်၊ ဖြစ်ခြင်းအနက်ကိုပင် ဟော၊ ဣ–ဓာတ် နောင်ကာရိုက်ဏယ–ပစ္စည်းသက်၊

ဏာ–အနုဗန်ချေ၊ အယ–ကျန်၊ ဣ–ကို၊ ေ–ဝုဒ္ဓိပြု၊ တေ အာဝါယာ ကာရိတေ သုတ်ဖြင့် ေ–ကိုအာယ–ပြု၊ ကုစိဓာတု ဟူသော သုတ်ဖြင့် ကာရိုက်အယ–ပစ္စည်းကိုချေ။ ဒ–ဒေါဂုံလာ၊ တိ–ဝိဘတ် အ–ပစ္စည်းသက်၊ ဒ–အာသို့ကပ်၊ ယ–အသို့ကပ် ရုပ်ပြီးစေ။ ထိုကြောင့် သဒ္ဒနီတိ ဓာတုမာလာ(နီတိဓာတု ၁၊၂။)၌ ဣ ဂတိယံ၊ ဣလတိ ဧတိ ဥဒေတိ၊ ကာရိတေ ဥဒါယတိတိရူပံ ဘဝတိ။ဥဋ္ဌာပေတီတိ ဟိ အတ္ထော၊ ဒကာရော အာဂမော၊ ဟုမိန့်အပ်၏။ ဥဒါယတိ၊ ဖြစ်စေတတ်၏။ ဥဋ္ဌာပေတိ၊ ဖြစ်စေတတ်၏။ ဥဋ္ဌာပေတိ၌ ဥ–ရှေးရှိသော ဌာ–ဓာတ်ဖြစ်၍ ဂတိ နိဝတ္တိ အနက်မှတပါး ဖြစ်ခြင်းအနက်ဟော။

ဧကောဒိ° ဘာဝေတိ ဝဓေ့တီတိ ဟူ၍သာ ဝစနတ္ထကြောင့် ဒုတိယစျာန် သည် ဧကောဒိဘာဝ မည်သည်ရှိသော် ဤဒုတိယစျာန်ကို ဧကောဒိဘာဝံ ဟူ၍သာ ဟောတော်မူသင့်ပါသည် မဟုတ်လော။ ထိုသို့ဖြစ်လျက် အဘယ် အကြောင်းကြောင့် စေတသော သဒ္ဒါနှင့်တကွ“စေတသော ဧကောဒိဘာဝံ” ဟူ၍ ဟောတော်မူအပ်လေသနည်းဟု စေဒနာရန်ရှိသောကြောင့် သောပနာ ယံ–စသည်ကို မိန့်တော်မူအပ်သတည်း။

ပနတထာပိ၊ ထိုသို့ဒုတိယစျာန် ဧကောဒိဘာဝ မည်ငြားသော်လည်း။ လဒ္ဓေါကာသာ လဒ္ဓေါကာသတ္တာ၊ ရအပ်သော အခွင့်ရှိသည်၏ အဖြစ်ကြောင့်။ သဒ္ဒါ၊သည်။ ယသ္မာ၊ ကြောင့်။ ဗလဝတီ၊ အားကြီးသည်။ ဟောတိ၊ ၏။ တသ္မာစ၊ ထို့ကြောင့်ရင်း။ ဗလဝသဒ္ဒါသဟာယပ္ပဋိလာဘေနေဝ၊ ကြောင့် သာလျှင်။ သမာဓိပိ၊ သည်လည်း။ ယသ္မာ၊ ကြောင့်။ ပါကဋော၊ ၏။ တသ္မာစ၊ ရင်း။ဧဝံ၊ သို့။ ဧကောဒိ ဘာဝန္တိပိ၊ ဟူ၍လည်း။ ဝုတ္တံ၊ ၏။

ဒုတိယဇ္ဈာနကထာ နိဋ္ဌိတာ။

ဝိရာဂါဟူသောပုဒ်၌ ဝိသဒ္ဒါသည် ဝိဝိဓအနက်ကို ဟောသောကြောင့် “ဝိဝိဓေနရဇ္ဇနတော” ဟူသောအနက် ဖြစ်သလော ဟုမေးရန်ရှိသောကြောင့် “ဝိရာဂါတိ” စသည်ကို မိန့်တော်မူအပ်သတည်း။

ဝိ–သဒ္ဒါသည် ဝိယောဂအနက်ကိုဟောသောကြောင့် တပ်ခြင်းကင်းခြင်းသည် ဝိရာဂမည်သတည်း။ တပ်ခြင်းကင်းခြင်းဟူသည် ငြီးငွေ့ခြင်းကို အရင်းမူသဖြင့် ပီတိကို ရွတ်ချစက်ဆုပ်ခြင်း ဟူလိုသတည်း။ နောက်၌ တပ်ခြင်း ကင်းခြင်း ဟူသည် ထိုပီတိနှင့်စပ်သော ရာဂ–ကို လွန်ခြင်း ပယ်ခြင်း ဟူလိုသတည်း။ ဥဘိန္နမန္တရာ စ သဒ္ဒေါ သမ္ပိဏ္ဍနတ္ထောဟူသောစကား၌ သမ္ပိဏ္ဍနဟူသည် သမုစ္စည်းတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ(၁၊ ၃၆၄။)၌၊ “သမ္ပိဏ္ဍနံ သမုစ္စယော” ဟုဖွင့်အပ်၏။

ဂန္ထာဘရဏ ဂါထာ—၅၃—၌

သသုတ္တေ ပိဏ္ဍိတံ အတ္ထံ၊ သမ္ဗိဏ္ဍနမုဒီရိတံ။ လောပဥ္စ တတြကာ ရောတိ၊ ဇာနိတဗ္ဗံ ဝိစက္ခဏာ။

ဟူသောစကားကို မိန့်တော်မူသည်ကား—သဒ္ဒါကျမ်းအရနှင့် သာ စပ်၍ မိန့်တော်မူသတည်းဟု မှတ်အပ်၏။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့မှာမူကား၊ သမ္ဗိဏ္ဍနနှင့်သမုစ္စည်းအထူးမရှိ။ ။ရူပသမံဝါ၊ ပီတ၏ ငြိမ်းခြင်းကိုလည်း။ သမ္ဗိဏ္ဍေတ်၊ ၏။ဝိတက္က ဝိစာရရူပသမံ ဝါ၊ကိုလည်း။သမ္ဗိဏ္ဍေတိ၊၏။ရူပသမာ စ၊ ပီတိ၏ ငြိမ်းခြင်းကြောင့် လည်းကောင်း။ ဝဏ္ဏာဘဏနတ္တာဒွေ့တံ ဝုတ္တံ ဟူသော စကား၌။ ပီတိယာဝိရာဂါတိ၀စနမေ၀၊ ကိုသာလျှင်။ အ၀တွာ၊ ၍။ စသဒ္ဒေန၊ နှင့်။ သဟ၊ တကွ။ ဇတံပီဘိယာစဝိရာဂါဒိဝစနံ၊ ကို။ ဝုတ္တံ၊ ၏—ဟုအနက်ပေး။ ဟိ ဝိတ္တာရေမိ၊ အံ့။ ဝိတက္ကဝိစာရာနံ ရူပသမာတ်၊ ၍။ဝုတ္တေ၊ ပီတိယာ စ ၌ စ-သဒ္ဒါဖြင့်ပေါင်းသောအားဖြင့် ဆိုအပ်သည်။ သတိ၊ သော်။ ရူပသမောနန္ဒ၊ လော့။ ဣတိ ဣဒံ အတ္တဇာတံ၊ သည်။ ယသ္မာ၊ ကြောင့်။ ပညာယတိ၊ ၏။ တေန စ၊ ကြောင့်လည်းကောင်း။ ဝဏ္ဏာဘဏနံ၊ သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တေန စ၊ ကြောင့်လည်းကောင်း။ အယမတ္ထော၊ ကို။ ဝုတ္တော၊ ၏။ တတြမဇ္ဈတ္တုပေက္ခာ၀ ယသ္မာ ဟောတိ၊ တသ္မာ စ, ယသ္မာ အတ္ထိ၊ တသ္မာ စ ဂတိသုခါ ဟောတိ။ အဗျတ္တံ တတ္ထ သတိသာမဇ္ဇညကိစ္စံ—သည် ရှေးစျာန်နှစ်ပါးကိုစွဲ၍ ခတ်သော ဟိတ်ဖြစ်ရကား ပရပဋိဗဒ္ဓဟိတ်မည်သတည်း။ သည်တွင် "ဂတိသုခါဟောတိ"သည် မူလဟိတ်တည်း။ "အဗျတ္တံ။ပ။ကိစ္စံ" သည် ဟိတ်ကူဘည်း။ ဩဠာရိကင်္ဂပ္ပဟာနေန ပန ။ပ။ ဣစ္ဆိတဗ္ဗာ"သည်၊ သကပဋိဗဒ္ဓဟိတ်တည်း။ ဣတိ—ဖြင့် ဤဟိတ်သုံးပါးကို စွဲ။ နာမကာယေနသုခံ၊ ယသ္မာ သမ္ပယုတ္တံ၊ တသ္မာ ဇတမတ္ထံ ဒဿေန္တောတိ ယောဇနာ။

ယံ ဝါတံ စသည်၌ ဝါ, အထဝါ, ယသ္မာ, ဖုဋ္ဌော၊ တသ္မာ စ, ယသ္မာ ပဋိသံဝေဒေယျ၊ တသ္မာ စ ဇတမတ္ထံ ဒဿေန္တောတိ ယောဇနာ။

အာစိက္ခန္တိ စသည်၌ စိက္ခ, စက္ခ ဝိယတ္တိယံ ဝါစာယံ (နိတိဓာတု။၂၆။) စိက္ခဓာတ်နက်၊ ဤအနက်ကို သိစေခြင်းငှာ ဒေသေန္တိဖြင့်။ ဒိသပေက္ခနေ့,ဒိသီ အပ္ပီတိယံ, ဒိသ အတိသဇ္ဇနေ, ဒိသိ ဥစ္စာရဏေ၊ အနက်အများတွင် ဥစ္စာရဏ အနက်ကို သိစေခြင်းငှာ ပညာပေန္တိ၊ ဖြင့်။

ဉာ အဝဗောဓနေ,ဉာ မာရဏတောသနနိသာနေသု၊ဉာ—ဓာတ်အနက်အများ ကိုမဟော၊ ပ-ရှေးရှိ၍ထပန အနက်ဟောဟု သိစေခြင်းငှာ ပထပေန္တိဖြင့်။ ဩပ ထပ-တပနေဓာတ်နက်ကို ဟောသည်။ အပြားအားဖြင့် ထားခြင်းဟူသည် ဝိဝရဏတည်းဟု သိစေခြင်းငှာ ဝိဝရန္တိဖြင့်။ ရေအာဝရဏေဓာတ်အနက်ရှိလည်း

ဝိ·ရှေးရှိသော ဝရ·ခါတ်ဖြစ်၍ ဝိဘဇနအနက်ဟောတည်းဟု သိစေခြင်းငှာ ဝိဘဇတ္တိဖွင့်။ ဘဇဘာဇနေဒါနေသု အနက်တွင် ဘဇနအနက်ဟောဟု သိစေခြင်းငှာဥတ္တာနိကရော္တိ ဖွင့်။ ၎င်းကို ပကာသေန္တိဖြင့် အဓိပ္ပါယ်ဖွင့်။ ၎င်းကို ပသံသန္တိဖြင့် အဓိပ္ပါယ်ဖွင့်။ ထိုကြောင့် ဝိသုဒ္ဓိမဂ်ဋီကာဖွင့်အတိုင်း သာရတ္ထဒီပနီဋီကာ(၁၊၃၇၆)၌ အာစိက္ခန္တီတိ အာဒီနိ ပဒါနိ၊ ကိတ္တနတ္ထာနီတိ အဓိပ္ပါယေနာဟ ပသံသန္တီတိ အဓိပ္ပါယောတိ–ဟု မိန့်အပ်၏။ ယံ တံ အရိယာ အာစိက္ခန္တီတိ ပဒနိဒ္ဒေသော ပန ကိဉ္စာပိ အာစိက္ခန္တိ ဒေသေန္တီတိ အာဒီနိ သဗ္ဗာနေဝ အညမညဝေဝစနာနိ၊ ဧဝံသန္တေပိ "ဥပေက္ခကော သတိမာသုခဝိဟာရီ" တိအာဒိ ဥဒ္ဒေသဝသေန အာစိက္ခန္တိ၊ နိဒ္ဒေသဝသေန ဒေသေန္တိ၊ ပဋိနိဒ္ဒေသဝသေန ပညာပေန္တိ၊ တေန တေန ပကာရေန အတ္တံ ဌပေတွာ ပဋ္ဌပေန္တိ၊ တဿ တဿတ္ထဿ ကာရဏံ ဒဿေန္တာ ဝိဝရန္တိ၊ ဗျဉ္ဇနဝိဘာဂံ ဒဿေန္တာ ဝိဘဇန္တိ၊ နိက္ကုဇ္ဇိတဘာဝံ ဂမ္ဘီရဘာဝဉ္စ နိဟရိတွာ သောတူနံ ဉာဏဿ ပတိဋ္ဌံ ဇနယန္တာ ဥတ္တာနီကရောန္တိ။ သဗ္ဗေဟိပိ ဣမေဟိ အာကာရေဟိ သောတူနံ အညာဏန္ဓကာရံ ဝိဓမေန္တာ ပကာသေန္တီတိ ဧဝံ မတ္ထောဒဋ္ဌဗ္ဗော။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ (အဘိ၊ဋ္ဌ၊၂။၃၅၅။) ဗျာန·ဝိဘင်္ဂနိဒ္ဒေသ ဤသမ္မောဟဝိနောဒနီ အဋ္ဌကထာစကားတွင် ရှေ့နည်းကိုယူ၍ ဝိသုဒ္ဓိမဂ်ဋီကာဖွင့်သတည်း။ ရှေ့နည်းကိုယူ၍ ဖွင့်သည်၌ အကြောင်းမှာ ဤဝိနည်းပါဠိတော်၌ ဥဒ္ဒေသ,နိဒ္ဒေသ စသည် မလာသကဲ့သို့ ဝိသုဒ္ဓိမဂ် မှာလည်း "တတ္ထ ကတမာ ဥပေက္ခာ ယာ ဥပေက္ခာ"စသည်ဖြင့် နိဒ္ဒေသစသည် မလာသော ကြောင့်တည်း။ ဟိဝိတ္ထာရေမိ၊ ယသ္မာအယံ တတိယဈာနသမင်္ဂီပုဂ္ဂလော အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ တတိယဇ္ဈာနေ ဥပေက္ခကော။ တသ္မာစ, ယသ္မာ တတ္ထတတိယဇ္ဈာနေ သုခါဘိသင်္ဂေန အာကဍ္ဎိယတိ၊ တသ္မာစ, ယသ္မာ ယထာယောန အာကာရေန ပီတိ န ဥပ္ပဇ္ဇတိ။ ဧဝံ တထာ တေန အာကာရေန ဥပဋ္ဌိတသတိတာယ သတိမာ၊ ယသ္မာစ, ယသ္မာ အရိယကန္တံ အရိယဇနေ သေဝိတမေဝ အသံကိလိဋ္ဌံ သုခံ နာမ ကာယေန ပဋိသံဝေဒေတိ၊ တသ္မာစ, ယသ္မာ ပသံသာရဟော ဟောတိ ဣတိတသ္မာပသံသာရဟတော နံ တတိယဇ္ဈာနသမင်္ဂီ ပုဂ္ဂလံ အရိယာ ဧဝံ ပသံသာဟေတုဘူတေ ဂုဏေပကာသေန္တာဟုတွာ၊ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ ဧဝံပသံသန္တီတိ ဝေဒိတဗ္ဗန္တိ ယောဇနာ။

စ၊ ဆက်၍ဆိုဦးအံ့။ ဧသော၊ ဤဥပေက္ခကော·စသောတရားသည်။ ပရိယာယောဧဝ၊ ပရိယာယ်သာတည်း။ သေသံပဌမဇ္ဈာနေ ဝုတ္တနယမေဝ။

ဧဝံ၊ ဤသို့။ ပဟာနင်္ဂမေန၊ ဖြင့်၊ အဝုတ္တာနမ္ပိ၊ ဥဘတောဝိဘင်း၌ မဟောအပ်ကုန်သော်လည်း။ [ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုထောက်၍ ပဲသဒ္ဒါကိုထည့်သတည်း။ စာဟူသမျှ၌ ပိ-သဒ္ဒါကျသည်။ ဝိဘင်္ဂပနဝ၌ ပန·ကား တစ်ဝါကျ

တည်းမှာပင် ပက္ခန္တရအနက်ရှိသတည်း]။ ဣန္ဒြိယဝိဘင်္ဂေ၊ ၌ (ဥဒ္ဒေသက္ကမေနေဝမှာစပ်။) ဣန္ဒြိယာနံ၊တို့၏။ ဥဒ္ဒေသက္ကမေနေဝ၊ ဥဒ္ဒေသအစဉ်ကြောင့်သာလျှင်။ ဣဓာပိဥဘတော ဝိဘင်္ဂေ၊ ၌လည်း။ ဝုတ္တာနံ၊ ကုန်သော။ ဧတေသံ သုခဒုက္ခသောမနဿ ဒေါမနဿာနံ၊တို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။ ကတ္ထစ အဘယ်စျာန်ကြောင့်လည်း။ (နိရုဇ္ဈတိ၊မှာသာစပ်။ ဥပ္ပန္နံမှာ မစပ်လင့်။) ဥပ္ပန္နံ၊ မိမိအကြောင်းတို့ကြောင့်ဖြစ်သော။ အတ္တနော-ပစ္စယေဟိ၊ ဥပ္ပန္နံ ဟူသော သာရတ္ထဒီပနီ (၁။၃၇၇။) စကားကို ထောက်နောက်တွေ့ပုဒ္ဒန္နံ ဟူသော စကားနှစ်ရပ်, ဈာနနေသွေဝ, ပဌမဇ္ဈာနာဒိသုဤစကားလေးရပ်တို့၌လည်း ထိုအတူ အကြောင်းအနက်ပေး။

နေသံ သုခါဒီနံ ၊ယသ္မာ အတိသယနိရောဓော ဟောတိ တသ္မာ စ, ယသ္မာ နိရောဓောယေ ဝ န ဟောတိ တသ္မာ စ ယဟ္မာ နိရောဓော ယေဝ ဟောတိ တသ္မာ စ ယသ္မာ အတိသယနိရောဓော န ဟောတိ တသ္မာ စ, ဈာနေသွေဝ နိရောဓော ဝုတ္တော။

တထာ တံ ဝဒနံ ဟိ ဝိတ္ထာရေမိ၊ ဝိသမာသနေ ပတာပေနဝါ၊ မညီညွတ်သော နေရာ၌ နေရခြင်းကြောင့်ဖြစ်သော ပင်ပန်းခြင်းကြောင့် လည်းကောင်း။ ဥပစာရေဝါ-၌ ဝါ-ကို "တနည်းကား"ဟု အနက်ပေး။ ဥပစာရေဝါ၊ "ဥပစာရ၌လည်း" ဟု ဒ နက်မပေးလင့်။

ယသ္မာ ဥပ္ပတ္တိ သိယာ တသ္မာ, ယသ္မာဥပ္ပတ္တိ နတွေဝ သိယာ တသ္မာ စ, ယသ္မာ နိရုဒ္ဓံ ဟောတိ တသ္မာစ, ယသ္မာ သုခေါက္ကန္တော ဟောတိ၊ တသ္မာစ ယသ္မာ နိရုဒ္ဓံ ဟောတိ၊ တသ္မာစ, ပဟီနဿာပိ ဒေါမနဿိန္ဒြိယဿ ယသ္မာ ဥပ္ပတ္တိ သိယာ၊ တသ္မာ စ, ယသ္မာ ဥပ္ပဇ္ဇတိ၊ တသ္မာ စ ယသ္မာ နေဝ ဥပ္ပဇ္ဇတိ၊ တသ္မာ စ, ယတ္ထ စိတ္တုပ္ပါဒေ ဥပ္ပဇ္ဇတိ၊ တတ္ထ စိတ္တုပ္ပါဒေ ဝိတက္ကဝိစာရဘာဝေ၊ ဝိတက္ကဝိစာရဝန္တဘာဝတော ဒေါမနဿိန္ဒြိယံ ယသ္မာ ဥပ္ပဇ္ဇတိ၊ တသ္မာစ, ယသ္မာ အပ္ပဟီနာ ဧဝ ဒုတိယဇ္ဈာနူ ပစာရေ ဝိတက္က-ဝိစာရာ ဣတိ တသ္မာ တတ္ထ ဒုတိယဇ္ဈာနူပစာရေ အဿ ပဟီနဿာပိ ဒေါမနဿိန္ဒြိယဿ ယသ္မာ ဥပ္ပတ္တိ သိယာ၊ တသ္မာစ, ယသ္မာ ဒုတိယဇ္ဈာနေ ဥပ္ပတ္တိနတွေဝသိယာ၊ တသ္မာစ, ယသ္မာ ပီတိ သမုဋ္ဌာန ပဏီတရူပဖုဋ္ဌကာယဿ ဥပ္ပတ္တိသိယာ တသ္မာစ, ယသ္မာ တတိယဇ္ဈာနေ ဥပ္ပတ္တိနတွေဝသိယာ၊ တသ္မာစ, ယသ္မာ ဥပ္ပတ္တိသိယာ၊ တသ္မာစ, ယသ္မာ စတုတ္ထဇ္ဈာနေ ဥပ္ပတ္တိနတွေဝသိယာ၊ တသ္မာ ဧဝ စ တွေ့ပုဒ္ဒန္နံ။လ။နိရုဇ္ဈတီတိ တတ္ထ တတ္ထ ဈာနေသု၊ အပရိသေသ ဂဟဏံ ကတံ၊ ဣတိ အယံ ပရိဟာရော။

ဧတ္တာဝတိ သုခဿ တဗ္ဗာဒိဝစနေ ဌတွာ စောဒကော အာဟ၊ သမာဟရိ အထသမာဟရိနှ၊ ဟိ ဝိတ္ထာရေမိ၊ ယသ္မာ အဒုက္ခမသုခါဝေဒနာဝုတ္တာ၊ တသ္မာစ, ယသ္မာ ဒုဝိညေယျာ၊ တသ္မာစ, ယသ္မာ န သက္ကာ၊ တသ္မာစ, သုခဂ္ဂဟဏံ တွံ။ သဗ္ဗာ တော သမာဟရိတိ ယောဇနာ တော (သုခါဒယော)။

တောသုဟိဥ္ဒ ဟိ ကား ဝိတ္ထာရဇောတက။ ဒေါမနဿံ ဒေါသဿပစ္စယော ယသ္မာ ဟောတိ၊ ဣတိ တသ္မာစ, သပ္ပစ္စယာ သောမနဿာဒိ ပစ္စယသဟိတာ ရာဂဒေါသာ ယသ္မာ ဟတော၊ ဣတိ တသ္မာစ, ယသ္မာ ဧတိဒ္ဒူရေ ဟောန္တိ။ ဣတိ တသ္မာ အတိဒ္ဒူရဘာဝံ ဒဿေတုံပေတာ ဝုတ္တာတိ ဝေဒိတဗ္ဗာတိ ယောဇနာ။

အဒုက္ခမသုခံဟူသော ပုဒ်၌ အပြဟ္မဏောကဲ့သို့ ဒုက္ခမဟုတ်သောကြောင့် အဒုက္ခ မည်လေသလော၊ သုခမဟုတ်သောကြောင့် အသုခ မည်သလော သို့ဖြစ်ခဲ့သော် စတုတ္ထံဈာန်ဟူသော ဝိသေသျနှင့် ဆန့်ကျင်ရာသည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် အဒုက္ခမသုခန္တိစသော စကားကို မိန့်တော်မူအပ်သတည်း။

ဤစကားရပ်ဖြင့် နတ္ထိ ဒုက္ခံ ဧတဿ စတုတ္ထဇ္ဈာနဿာတိ အဒုက္ခံ၊ နတ္ထိ သုခံဧတဿ စတုတ္ထဇ္ဈာနဿာတိ အသုခံဟူသော ဝစနတ္ထကိုပြသတည်း။

ဤ အဒုက္ခမသုခံဟူသော ပုဒ်ဖြင့် ဒုက္ခ, သုခ၏မရှိခြင်းမျှကို ပြတော်မူသလောဟု မေးရန်ရှိသောကြောင့် ဧတေနစသည်ကို မိန့်အပ်သတည်း။

ဧတေန အဒုက္ခမသုခန္တိပဒေန ဧတ္ထ စတုတ္ထဇ္ဈာနေ ပဝတ္တံ ဒုက္ခသုခပဋိပက္ခဘူတံ တတိယဝေဒနံ ဒီပေဟိ ဒုက္ခသုခါဘာဝမတ္တံန ဒီပေတီတိ ယောဇနာ။

အဓိပ္ပာယ်ကား တတိယဝေဒနာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဒုက္ခ၏မရှိခြင်းကြောင့် စတုတ္ထဈာန်သည် အဒုက္ခမည်သည်။ တတိယဝေဒနာ၏ ဆန့်ကျင်ဘက်ဖြစ်သော သုခ၏မရှိခြင်းကြောင့် စတုတ္ထဈာန်သည် အသုခ မည်သည် သို့ဖြစ်သည်ရှိသော် ဤစတုတ္ထဈာန်၌ ပြန်ဘက်အားဖြင့်ဒုက္ခသုခတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တတိယဝေဒနာရှိရမည်၊ ထို့ကြောင့် ဤအဒုက္ခမသုခံ ဟူသော ပုဒ်ဖြင့် ဤစတုတ္ထဈာန်၌ဖြစ်သော ဒုက္ခသုခတို့၏ ဆန့်ကျင်ဘက် ဖြစ်သော တတိယဝေဒနာကို ပြသည်ဟူလိုသတည်း။ "အဒုက္ခမသုခန္တိဧတ္ထန ဒုက္ခန္တိ အဒုက္ခံ။ ဒုက္ခဝိပရိတံ" (ဒုက္ခဝိဒူရံ။ ဆဋ္ဌမူ။) စသော တေရသကဏ် ဋီကာ (၁၊ ၃၇၉။) စကား၌ နဒုက္ခံ အဒုက္ခံဟု ဝစနတ္ထပြုသော် ဒုက္ခ၏ ဆန့်ကျင်ဘက်ဖြစ်သော တတိယဝေဒနာကိုရသတည်း။ ဤစတုတ္ထဈာန်၌ ဒုက္ခ၏ ဆန့်ကျင်ဘက်ဖြစ်သော တတိယဝေဒနာ၏ ဆန့်ကျင်ဖက်ဖြစ်သော ဒုက္ခမရှိ ဟူလိုသတည်း။ ပဋိပက္ခဘူတံဟူသော စကားကို ဤအရာ၌ ဒုက္ခစသည်တို့ကို လွန်သဖြင့် တတိယဝေဒနာသို့ ရောက်အပ်သောကြောင့်သာ ဆိုအပ်သတည်း။

ကုသိုလ်, အကုသိုလ်တို့ကဲ့သို့ ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်ဖြစ်သောကြောင့် ဆိုအပ်သည်မဟုတ်၊ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ နှာ-၇၈၌ သုခဒုက္ခာနံ ဒါဉပေတာ ယုတ္တာ အဝိရုဒ္ဓါ ဣဋ္ဌာအနုဘဝနတ္ထဉပေက္ခာ။ သုခဒုက္ခာ ဝိရောဓိတာယ ဟေသာတေသံ အနန္တရမ္ပိပဝတ္တတီတိ-ဟု မိန့်အပ်၏။ သာ ဣဋ္ဌာနိ ဝိပရီတာနုဘဝန လက္ခဏာဟူသော စကား၌ "သာ၊ ထိုအဒုက္ခမသုခါ ဝေဒနာသည်။ ဣဋ္ဌာနိဋ္ဌဝိပရီတာနုဘဝန လက္ခဏာ၊ ကုဋ္ဌာရုံ, အနိဋ္ဌာရုံတို့မှ ပြန်သောအာနာပါန အာရုံတည်းဟူသော မဇ္ဈတ္တာရုံကိုခံစားခြင်း လက္ခဏာ ရှိ၏၊" ဤသို့အနက်ပေး။ ထို့ကြောင့် ဤပါရာဇိကကဏ် အဋ္ဌကထာ ပထမဇ္ဈာနကထာ(ဝိ၊ ဌ၊၁၊၁၁၇။)၌။ ကိံ ပနကတ္ထ ဘဂဝါ ဣမံစျ နံဉပသမ္ပဇ္ဇ ဝိဟာသီတိ ကမ္မဋ္ဌာနံဘာဝေတွာ။ ကတရံ အာနာပါနသတိကမ္မဋ္ဌာနံ ဟု မိန့်အပ်၏။ ဒုတိယ တတိယ စတုတ္ထဇ္ဈာနကထာတို့၌ ထို့အတူပင် အာနာပါနသတိကမ္မဋ္ဌာန်းကို ပွားစေသည်ဟု သိအပ်သတည်း။ ထို့ကြောင့် နောက်စျာနကထာ သုံးပါတို့၌ ဤသို့သဘောရှိသော စကားကိုအထူးမဆိုသတည်း။ ဤ "သာဣဋ္ဌာနိ ဌာနုဘဝနလက္ခဏာ"ဟူသော စကားဖြင့် ဘုရားရှင် သန္တာန်တော်၌ ဖြစ်သော စတုတ္ထစျာန်၌ အကျုံးဝင်သော ဉပေက္ခာဝေဒနာ၏ လက္ခဏာကို ပြသတည်း။ ဤအဋ္ဌကာာစကားကို ထောက်ဆဖြင့်ပင် အာနာပါန အာရုံ၏ မဇ္ဈတ္တာရုံ၏ အဖြစ်ကို သိအပ်သတည်း။

ဝဇီရဗုဒ္ဓိ ဋီကာ (ဝဇီရဋီ၊၁၊၄၇။)၌ မူကား—ဣဋ္ဌာနိဋ္ဌ ဝိပရီတန္တိ ဧတ္ထ "အာရမ္မဏဝသေန အဂ္ဂဟေတွာ၊ ဣဋ္ဌာနိဋ္ဌဝိပရီတာ ကာရေန အနုဘဝတီတိ ဂဟေတဗ္ဗန္တိ ဝဒန္တိ" ကသ္မာ ဧကံ ယေဝ ကသိဏံ အာရဗ္ဘ သဗ္ဗေသံ ပဝတ္တိတော—ဟု မိန့်အပ်၏။ "အာရမ္မဏဝသေန၊ မဇ္ဈတ္တာရုံ၏ အစွမ်းဖြင့်။ အဂ္ဂဟေတွာ၊ ဝိပရီတအရကို မယူမူ၍" အနက်ပေး၊ အာနာပါနသတိကမ္မဋ္ဌာနံ ဟူသော အဋ္ဌကထာစကားနှင့် ဝဇီရဗုဒ္ဓိဋီကာ စကား ဆန့်ကျင်သတည်း။

ဟိ ယသ္မာ သတိပရိသုဒ္ဓါ၊ တသ္မာစ, ယသ္မာ ဉပေက္ခာယ ကတာ၊ တသ္မာစ, အညေန ယသ္မာ န ကတာ၊ တသ္မာစ, ဧတံ စျာနံ ဉပေက္ခာသတိပါရိသုဒ္ဓိန္တိ ဝုစ္စတီတိ ယောဇနာ။ အပိစ ခေါ သဗ္ဗေပိ သမ္ပယုတ္တ ဓမ္မာ ကိစ္စာပိ ပရိသုဒ္ဓါ၊ ပန တထာပိ သတိ သီသေန ဒေသနာ ဝုတ္တာ။

သောမ္မဘာဝနောတိ ဝစနဋ္ဌေဝ ဉပကာရကတ္တေနာတိ ဝစနဋ္ဌ သဘာဂါယာတိ ဝစနဿ ဝိဓသသန်၊ စသဒ္ဒေါ အဋ္ဌာနုပယုတ္တော။ သော သူရိယပ္ပဘာဘိဘဝါတိ ဝစနေန စေဝ အလာဘာတိဝစနေန စ ယောဇေတဗ္ဗော။ အပရိသုဒ္ဓါ ယသ္မာ ဟောတိ တသ္မာစ, အပရိသုဒ္ဓါဝ ယသ္မာ ဟောန္တိ၊ တသ္မာစ နဝုတ္တံ၊ ယသ္မာ အတိဂိယ ပရိသုဒ္ဓါ တသ္မာစ, ယသ္မာ ပရိသုဒ္ဓါ ဟောန္တိ၊ တသ္မာစ, ဣဓမေဝ စတုတ္ထဇ္ဈာနံ ဉပေက္ခာသတိပါရိသုဒ္ဓိန္တိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

စတုတ္ထစျာနကထာ နိဋ္ဌိတာ။

သဗ္ဗကိစ္စသာဓကေ၊ အနုပုဗ္ဗဝိဟာရ အစရှိသော အလုံးစုံသော ကိစ္စကို ပြီးစေတတ်သည်ဥင်း။ ဟောတိ၊ ၏။ သဗ္ဗလောကိယ လောကုတ္တရဂုဏဒါယကံ၊ အလုံးစုံသော ဝိပဿနာအဘိညာဏ် စသော လောကီ၊ လောကုတ္တရာဂုဏ်တို့ကို ပေးတတ်၏။

ဤသဗ္ဗလောကိယ လောကုတ္တရဂုဏဒါယကံ ဟူသောစကားဖြင့် ဝိပဿနာ ပါဒကဈာန်—စသည်ဖြင့် ဆိုအပ်ပြီးသော လောကီ၊ လောကုတ္တရာဂုဏ်တို့ကို ပေါင်းရုံးသတည်း။ သာရတ္ထဒီပနီ နှာ—၃၈၃ ဝိမတိဝိနောဒနီဋီကာ နှာ—၇၈ တို့ကိုထောက်။ ထို့ကြောင့် ရှေးစကားတို့၌ကဲ့သို့ စသဒ္ဒါနှင့်တကွ မဆိုသတည်း။

စတုတ္ထဇ္ဈာနက္ကမနိဒဿနံ၊ စတုတ္ထဈာန်နှင့် ထိုစတုတ္ထဈာန်ကို ရကြောင်း ဖြစ်သော ပဌမဈာန်ကို ရခြင်းစသော အစဉ်ကို ညွှန်ပြကြောင်း ဖြစ်သော စကားဘည်း။ သာရတ္ထဒီပနီ နှာ—၃၈၃-ကိုထောက်။ ။ပရိသုဒ္ဓေသည် ပရိယောဒါတေ၌ လက္ခဏာ သတ္တမီချင်း ဟိတ်ဖြစ်သတည်း။ ထို့ကြောင့် အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၁။၁၂၇)၌ ပရိသုဒ္ဓတ္တာ ယေဝ ပရိယောဒါတေ ဟု မိန့်အပ်သတည်း။ အနင်္ဂဏေနှင့် ဝိဂတူပက္ကိလေသေ စကား၊ မုဒုဘူတေနှင့် ကမ္မနိယေစကား၊ ဌိတေနှင့် အာနေဉ္ဇပ္ပတ္တေ စကားတို့၌ ထို့အတူ ပင်တည်း။ တဒုဘယမ္ပိ၊ ထိုနူးညံ့သည်၏ အဖြစ်၊ အမှု၌ ကောင်းသည်၏ အဖြစ် နှစ်ပါးစုံသည်လည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယံစိတ္တံ၊ အကြင်စတုတ္ထဈာန် သမာဓိနှင့် ယှဉ်သောစိတ်သည်။ ဧဝံ၊ ဤသို့ဝသီဘော်သို့ ရောက်စေသဖြင့်။ ဘာဝိတံ၊ ပွားစေအပ်သည်ရှိသော်။ ဝါ၊ ကြောင့်။ ဗဟုလီကတံ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ ဝါ၊ ကြောင့်။ မုဒုစ၊ သည်လည်းကောင်း။ ကမ္မနိယဉ္စ၊ သည်လည်းကောင်း။ ဟောတိ၊ ၏။ ဣဒံ စိတ္တံ၊ ဤစတုတ္ထဈာန် သမာဓိနှင့် ယှဉ်သောစိတ်သည်။ မုဒုစ၊ သည်လည်းကောင်း။ ကမ္မနိယဉ္စ၊ သည်လည်းကောင်း။ ဟောတိယထာ၊ သို့။ ဧဝံ တထာ၊ တူ။ အညံ၊ စတုတ္ထဈာန်သမာဓိနှင့်ယှဉ်သော စိတ်မှတပါးသော။ မုဒုဉ္စ၊ သော။ ကမ္မနိယဉ္စ၊ သော။ ဧကဓမ္မမ္ပိ၊ တခုသော သဘောတရားကိုလည်း။ သဗ္ဗညုတဉာဏေန၊ ဖြင့်။ ဣလောကေဋ္ဌောပိ၊ ကြည့်မြူပါသော်လည်း။ န သမနုပဿာမိ၊ မြင်တော်မမူ။ ဘာဝိတံ နှင့်၊ ဗဟုလီကတံကို ထောက်၍။ သုဘာဝိတတ္တာ ဧဝ ဟူသောစကားကို အဋ္ဌကထာဆရာဆိုတော်မူသတည်း။ ဤအဋ္ဌကထာစကားကို ထောက်၍ ဘာဝိတံနှင့် ဗဟုလီကတံကို ဟိတ်အနက် ငါပေးသတည်း။

သဒ္ဒါပရိက္ခဟိတံ၊ စသောစကားဖြင့် မုဒုကမ္မညဘာဝေန ဝါ၊ စသော နောက် နည်းကိုသာ ခွဲသတည်း။

“အင်္ဂဏံအင်္ဂဏ”န္တိ အာဝုသော ဝုစ္စတိ၊ ကိဿနုခေါ ဧတံ အာဝုသော အဓိဝစနံ၊ ယဒိဒံ အင်္ဂဏန္တိ၊ ပါပကာနံ ခေါ ဧတံ အာဝုသော အကုသလာနံ ဣစ္ဆာဝစရာနံ၊ အဓိဝစနံ ယဒိဒံ အင်္ဂဏန္တိ။ ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ ဣဓေကစ္စဿ ဘိက္ခုနော ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ “အာပတ္တိဉ္စ ဝတ အာပန္နော အဿံ န စ မံ ဘိက္ခူ ဇာနေယျုံ အာပတ္တိံ အာပန္နော”တိ။ ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ တံ ဘိက္ခုံ ဘိက္ခူ ဇာနေယျုံ “အာပတ္တိံ အာပန္နော”တိ။ ဇာနန္တိ မံ ဘိက္ခူ အာပတ္တိံ အာပန္နောတိ ဣတိ သော ကုပိတော ဟောတိ အပ္ပတီတော။ ယော စေဝ ခေါ အာဝုသော ကောပေါ ယော စ အပ္ပစ္စယော။ ဥဘယမေတံ အင်္ဂဏံ။ ။မူလပဏ္ဏာသပါဠိတော် ပထမ၊ ဖြစ်သောမူလပရိယာယဝဂ်၊ ပဉ္စမဖြစ်သော အနင်္ဂဏသုတ် (မ၁၊၃၂)။ ။တတ္ထဣစ္ဆာဝစရာနန္တိ ဣစ္ဆာယ အဝစရာနံ၊ ဣစ္ဆာဝသေန ဩတိဏ္ဏာနံ ပဝတ္တာနံ နာနပ္ပကာရာနံ ကောပအပ္ပစ္စယာနန္တိ အတ္ထော။ သော ဣမိနာ ကာရဏေန ကုပိတော စေဝ ဟောတိ ကောဓာဘိဘူတော အပ္ပတီတော စ ဒေါမနဿာဘိဘူတော။ ရင်းအဖွင့်အဋ္ဌကထာ (မဋ္ဌ၁၊၁၄၇၊၁၄၈။) ဣစ္ဆာယ အဝစရာနန္တိ ဣစ္ဆာဝသေန အဝစရာနံ။ ဩတိဏ္ဏာနန္တိ စိတ္တသန္တာနံ အနုပဝိဋ္ဌာနံ။ ရင်းအဖွင့်ဋီကာ (မဋီ၁၊၂၄၈)ဤစကားအပေါင်းတို့တွင် ကုပိတော ဟောတိ ကောဓာဘိဘူတော အပ္ပတီတော စ ဒေါမနဿာဘိဘူတော ဟူသော အဋ္ဌကထာ နောက်စကားကို ထောက်၍ အဋ္ဌကထာရှေ့စကား၌ ကောပ သဒ္ဒါဖြင့် ဒေါသကို ယူရမည်ကိုလည်းကောင်း။ အပစ္စယ သဒ္ဒါဖြင့် ဒေါမနဿဝေဒနာကို ယူရမည်ကိုလည်းကောင်း သိစေအပ်၏။

အပ္ပတီတောတိ နပ္ပတီတော ပီတိသုခါဒီဟိ ဝဇ္ဇိတော၊ န အဘိသဋ္ဌောတိ အတ္ထော။ ပါရာဇိကကဏ် အဋ္ဌကထာ ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ်အဖွင့် (ဝိ႒၂၊ ၁၇၀)။ နပ္ပတီတောတိ ပီတိသုခါဒီဟိ န အဘိဂတော န အနုဂတော၊ န ဥပေတောတိ အတ္ထော(သာရတ္ထ၊ဋီ၊၂၊၃၄၇။) (တေရသကဏ်ဋီကာ) ဤစကားအပေါင်းတို့တွင် မူလပဏ္ဏာသပါဠိတော် နှာ—၃၂ ၌။အာပတ္တိဉ္စ ဝတ အာပန္နော အဿံ ဟူသောစကားဖြင့် အာပတ်နှင့်တကွ ဖြစ်သော ရဟန်းဖြစ်သည်ကို ပြတော်မူသည်နှင့် ထိုအာပတ်သင့်သော ရဟန်းသည် ဈာန်မရသည်ကို သိအပ်သောကြောင့် “ဈာနပဋိလာဘပစ္စနီကာနံ” ဟူသော ပါဠိသည်သာ ပါဠိမှန်ဖြစ်ရာသတည်း။ ထိုစကားဆိုသင့်စွ၊ အာပတ်သင့်သော ရဟန်းသည် အာပတ်သို့ ငါရောက်သည်ကို ရဟန်းတို့ မသိကုန်ပါမူကား ကောင်းလေစွ။

ရဟန်းတို့ ငါအာပတ်သို့ ရောက်သည်ကို သိခဲ့ကုန်မူ ထိုရဟန်းတို့က ပြောကြား၍ တစ်ပါးကုန်သော ရဟန်းတို့ သိကုန်လိမ့်သတည်း။ သို့သိကုန်သည်ရှိသော် ငါ့ကို အပေါင်းအဖော်မပြုဘဲ ကြဉ်ရှောင် ဖျက်ဆီးကြကုန်လိမ့်

သတည်းဟု ကြံစည်၍ အမျက်ထွက်သော ရဟန်း၊ နှလုံးမသာယာသော ရဟန်းအား အဘယ်မှာ စျာန်ကို ရနိုင်လိမ့်မည်နည်း၊ မရနိုင်သည်သာတည်း။ သာရတ္ထဒီပနီ (သာရတ္ထဋီ၊၁၊၃၈၆)လာ၊ အရှင်ဓမ္မပါလဋီ၌ "ဈာနပဋိလာဘ-ပစ္စယာနန္တိ ဈာနပဋိလာဘ ဟေတုကာနံ ဈာန ပဋိလာဘံ နိဿာယ ဥပ္ပဇ္ဇန-ကာနံ"ဟု စကားရှိ၏။ သို့ရှိသော စကားကို မူလပဏ္ဏာသ အနင်္ဂဏ သုတ်ပါဠိ၊ အဋ္ဌကထာစကားမှာ ထိုရဟန်း ရှေးအဖို့က ဈာန်ရသော အရိပ်အမြွက် မထင်ရကား အားထုတ်၍ ကြံကြလေ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂-နှာ-၆ မှာ ဈာနပဋိလာဘပစ္စယာနံရှိသော အရာလည်း ဝိသုဒ္ဓိမဂ်ဋီကာပြု အရှင်ဓမ္မပါလ ဆရာပြင်၍သာရှိရာသည်။ ပါဠိဟောင်းမဟုတ်ရာ၊ အပစ္စယပုဒ်ကို ယုံကြည်ခြင်း"ဟု အနက်မသမ္ဘန်လင့်၊ အပ္ပတီတော စ ဒေါမနဿာဘိဘူတော ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ နှာ ၁၄၀ ၌ဖွင့်သောကြောင့် လည်းကောင်း၊ အပ္ပတီ-တောတိ နပ္ပတီတော ပီတိသုခါဒီဟိ ဝဇ္ဇိတောဟု ဝိနည်းအဋ္ဌကထာ နှာ-၁၇၀ ဖွင့်သောကြောင့်လည်းကောင်း၊ နပ္ပတီတောတိ ပီတိသုခါဒီဟိ အနဘိဂတော ဟု တေရသကဏ်ဋီကာ နှာ-၃၄၇ ဖွင့်သောကြောင့်လည်းကောင်း၊ အပ္ပစ္စယ ဟူသောပုဒ်သည် န-ရှေး,ပတိ-ရှေးရှိသော ဣ-ဓာတ် ဏ ပစ္စည်းဖြင့်ပြီးသတည်း။ န-ကို၊ အ-ပြု၊ တျ-ကို စ-ပြု၍ပြီးစေ။ ဣ-ဓာတ်သည် ဂတိအနက်ဟော၊ ထို့ကြောင့် တေရသကဏ်ဋီကာ နှာ-၃၄၇ ၌ န အဘိဂတောဟု ဂတိအနက် ဟော ဂမု-ဓာတ်နှင့် ဖွင့်အပ်၏။ ပတိတေဗ္ဗော ပီတိသုခါဒီဟိ အဘိဂန္တဗ္ဗောတိ ပစ္စယော၊ (သောမနဿဝေဒနာ)နပစ္စယော အပစ္စယော (ဒေါမနဿဝေဒနာ) သို့ဝိဂြိုဟ်ဝစနတ် အဘိဓေယျတ္ထကို သိအပ်၏။ ထို့ကြောင့် မူလပဏ္ဏာသ အဋ္ဌ-ကထာ နှာ-၁၄၀ ၌ "အပ္ပတီတော စ ဒေါမနဿာဘိဘူတော"ဟု မိန့်အပ်၏။ "အနင်္ဂဏသုတ္တေ ဝုတ္တာနုရူပံ ကောပအပစ္စယာနံ တေရသ ဝိဓတ္တာနာနုပ္ပ-ကာရာနံ။ ။ဥဘယံပိ စေတံ အနင်္ဂဏ ဝတ္ထသုတ္တာနုသာရေန ဝေဒိတဗ္ဗံ"ဟူသော စကား၌ အနင်္ဂဏသုတ်သည် မူလပဏ္ဏာသပါဠိတော် ပဌမဖြစ်သော မူလပရိယာယဝဂ် ပဉ္စမသုတ်တည်း။ ဝတ္ထသုတ်ကား ၎င်းပါဠိတော် ၎င်းဝဂ် သတ္တမသုတ်တည်း။ ဤအဋ္ဌကထာ၌ ဥ-အက္ခရာနှင့် ဝတ္တ ရှိ၏။ အ-အက္ခရာ နှင့် ဝတ္ထသာအမှန်တည်း။ ထို့ကြောင့် ဝတ္ထသုတ်ပါဠိတော် (မ-၁၊၄၄။)၌ "သေယျထာပိ ဘိက္ခဝေ ဝတ္ထံ သံကိလိဋ္ဌံ မလဂ္ဂဟိတံ"ဟု အကာရန္တနှင့် လာရှိသတည်း။ အဋ္ဌကထာ (မ-၄၊၁၊၁၇၁။)၌လည်း "ဝတ္ထန္တိ ပကတိ ပရိသုဒ္ဓံ ဝတ္ထံ"ဟု မိန့်အပ်သတည်း။ ပဒဘာဇနဟုတ် ဣတိ အယံ အပရော နယော။

ဆိန္န ဝဋ္ဋုမကာနုဿရဏဒီသု၊ ပြတ်ပြီးသော သံသရာခရီးလမ်း ရှိကုန်သော သဗ္ဗညုဘုရားရှင်တို့ကို အောက်မေ့ခြင်း အစရှိသည်တို့၌။ ။အဋ္ဌသံဝဋ္ဋမ်၊ အဘိဓာန်ဂါထာ-၁၉၀ ခံဒီးဟောပရိယာယ် လာရှိသတည်း။ ။သာရတ္ထဒီပနီ

နာ–၁၈၈ ၌လည်း “ဆိန္န သံသာရမဂ္ဂတ္တာ”ဟု မိန့်အပ်၏။ အချို့စာ၌ “သာ ပုဗ္ဗေနိဝါသာနုဿတိ”ဟု ရှိ၏။ သာရတ္ထဒီပနီ (၁၊၃၈၉)၌ “သာ ပုဗ္ဗေနိဝါသာနုဿာတိတိ အာနေတွာ သမ္ဗန္ဓိတဗ္ဗံ”ဟူ၍ သာ–သဒ္ဒါကို ဆောင်ရမည်ဟု မိန့်ရကား သာ–အက္ခရာ မရှိသင့်။

ယာယသတိယာ၊ ဖြင့်၊ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရတိ၊၏။ သာ (သတိ)၊ သည်။ ပုဗ္ဗေနိဝါသာနုဿတိ၊ မည်၏–ဟု သာ ပုဗ္ဗေနိဝါသာနုဿတိကို ထည့်သမ္ဗန်။ ဋီကာ, ဝိသုဒ္ဓိမဂ်ဋီကာ။ အချို့ပေ၌ တိုက်ရိုက်ရှိသည်ကား ဋီကာများနှင့် မညီ။ ပါ၊ဂဏ္ဌိသစ်၊ ၂၊ ၂၄၆၊

အနေကဝိဟိတံ ဟူသောပုဒ်၌ ဝိ–ရှေးရှိသော ဟာ–ဓာတ် စာဂအနက် ဟောဖြစ်၍ အနေကဝိဇဟိတံ ဟူသောအနက်ကို မှတ်အပ်သလောဟု စောဒနာ ရန် ရှိသောကြောင့်အနေကဝိဟိတန္တိ အနေကဝိဓံ ဟူသောပါဌ်ကို မိန့်သတည်း။

ဤစကားဖြင့် ဝိဟိတံ ဟူသောပုဒ်သည် “ငိသံ ဒဟိတဗ္ဗော ၎ပေတဗ္ဗောတိ ဝိဟိတော”ဟူသော ဝစနတ္ထနှင့်အညီ ဝိဓ–အနက်ကိုဟောသတည်းဟု ပြတော်မူသတည်း။ ဧကော ဝိဟိတော ဝိဓော၊ ဧက ဝိဟိတော၊ န ဧကဝိဟိတော အနေကဝိဟိတော–ဟု ဝစနတ္ထပြု။ ဝိဓ–သဒ္ဒါသည် ဤအရာ၌“အထောမာနေ ပကာရေစ၊ ကောဋ္ဌာသေစ ဝိဓော ဒိသု”ဟူ၍ အဘိဓာန် အနေကတ္ထဂါထာ–၈၄၆ ဂါထဒ္ဓ၌ မိန့်အပ်သော အနက်တို့တွင် ပကာရအနက်ဟောတည်း။ အနေကေ–ဟိငါ–စသော စကားဖြင့် ဝိဟိတံဟူသောပုဒ်၌ ဓာ–ဓာတ်သည် “ဝိပုဗ္ဗော ဓာ ကရောတျတ္ထေ” (နီတိဓာတု–၁၀၆) ဟူသည်နှင့်အညီ ကရဏအနက်ကို ဟောသတည်းဟူ၍လည်းကောင်းပြုခြင်းဟူသည် ဟောသည်၏အစွမ်းအားဖြင့် ဖြစ်စေခြင်းတည်းဟူ၍လည်းကောင်းပြတော်မူသတည်း။ ရှေ့နည်း, နောက်နည်း နှစ်ပါး၌ပင် ဩဟိတသောတော ဟူသောပုဒ်၌ကဲ့သို့ လည်းကောင်း သာဟု ဟူသော ပုဒ်၌ကဲ့သို့လည်းကောင်း ဒေါဿေဿစသုတ်၌ စသဒ္ဒါဖြင့် ဓ–ကို ဟ–ပြုသတည်း။

သေယျထိဒန္တိ အယံ နိပါတော။ သေယျထိဒံ ဟူသော ဤနိပါတ်နှစ်ခုသည် အာရဒ္ဓပ္ပကာရဒဿနေ တွေ၊ အောက်မေ့ခြင်းငှာ ဘုရားသခင် အားထုတ်အပ်သော ပုဗ္ဗေနိဝါသအပြားကို ပြခြင်းငှာ မေးမြန်းခြင်းအနက်၌။ ပဝတ္တော၊ ဖြစ်သော။ နိပါတော၊ နိပါတ် ပုဒ်နှစ်ခုတည်း။ “ဣတိ အယံ ပုဗ္ဗေနိဝါသော၊ ဤပုဗ္ဗေနိဝါသ အပြားသည်။သေယျထာကတမော၊ အဘယ်နည်းဟု အနက်ပေးရသောကြောင့် သေယျထိဒံပုဒ်သည် နိပါတ်ပုဒ်နှစ်ခုဖြစ်သတည်း။ ဤသေယျထိဒံ ဟူသော နိပါတ်ပုဒ်သည် ‘သေယျထိဒံ ရူပုပါဒါနက္ခန္ဓော”ဟူသော ပြယုဂ်၌ ပဒပူရဏ၌ ဖြစ်သတည်း။ အနက်ရှိရာမှာ လိင်သုံးပါး ဝုစ်နှစ်ပါးနှင့် ဆက်ဆံသည်၏အစွမ်း ဖြင့် မမှတ်မသားအပ်သော အနက်၌ဖြစ်သတည်း။ သဒ္ဒနီတိကုန်ခါနီး (နီတိသုတ္တ၊ ၃၇၈။)၌ မိန့်အပ်၏။

သတ္တဟာရက်ံ ဝါဿ ပရိယေသေယျ ဟူသော ပါတိမောက်ပါဠိတော်၌ "ပရိယေသေယျ၊ ရှာမှီး၍ အနီးအပါး၌ ထားဩွားအံ့" ဟူသော သိခါပတ္တ အနက်ဖြစ်သကဲ့သို့ ထို့အတူ ဤ၌လည်း "ပြခြင်းအနက်၌" ဟူ၍သာ အနက် မပေးမူ၍ "ပြခြင်းငှာ မေးခြင်းအနက်၌" ဟု သိခါပတ္တအနက် ငါပေးသတည်း။ သိခါပတ္တအနက်ဟူသည် ဟောရင်းအနက်ထက်ပို၍ အထွင်အထိပ်သို့ရောက် သော အနက်တည်း။ ဉာတိ ယာနိ တာနိ အသင်္ချေယျာနိ ဘဂဝတာ ဝုတ္တာနိ။ တာနိ သဗ္ဗာနိ အသင်္ချေယျာနိတိ ယောဇနာ။

အဂ္ဂိနာ၊ သည်။ဍယှတိ၊ လောင်အပ်၏။ဉဒကေန၊ သည်။ဝိလီယတိ၊ ကျေစေ အပ်၏။ ဝါတေန၊ သည်။ ဝိဒ္ဓံသိယတိ၊ ဖျက်ဆီးအပ်၏။ ပန၊ အဖို့တစ်ပါးကို ဆိုဦးအံ့။ ဝိတ္ထာရတော၊ အနံအားဖြင့်။ သဒါပိ၊ အခါခပ်သိမ်းလည်း။ ဧကံ၊ တစ်ခုသော။ ဗုဒ္ဓခေတ္တံ၊ ဗုဒ္ဓခေတ်သည်။ ဝိနဿတိ၊ ပျက်စီး၏။ ဤအရာ၌ ဝိတ္ထာရ–သဒ္ဒါသည် ဘိက္ခုပါတိမောက်လာ "ဝိတ္ထာရိကာဒ္ဓေသော ပဉ္စမော" ဟူသော စကား၌ ဝိတ္ထာရသဒ္ဒါကဲ့သို့ လည်းကောင်း, ကင်္ခါဝိတရဏီ အဋ္ဌကထာလာ၊ ဝိတ္ထာရော ဝိတ္ထာရေယေဝ ဟူသောစကား၌ ဝိတ္ထာရ– သဒ္ဒါကဲ့သို့ လည်းကောင်း၊ အကျယ်အပြန့်ဟောမဟုတ်၊ ဤပါရာဇိကဏ် အဋ္ဌကထာ လောကဝိဒူအဖွင့်(ဝိ၊ဌ၊၁၊၉၁)လာ၊ တထာဟေသ ဧကံ စက္ကဝါဠံ အာယာမတော စ ဝိတ္ထာရတော စ ယောဇနာနံ ဒွါဒသ, သတသဟဿာနိ တီဏိ သဟဿာနိ စတ္တာရိသတာနိ ပညာသဉ္စ ယောဇနာနိ ဟူသောစကား၌ ဝိတ္ထာရ သဒ္ဒါကဲ့သို့ အနံဟောသာတည်း။ အာယာမတော စ၊ ဝိတ္ထာရတော စ ဟူသော စကား၌ ဝိတ္ထာရသဒ္ဒါ အနံဟောသည်၏အဖြစ်ကို အလျားဟော အာယာမ သဒ္ဒါနှင့်တွဲစပ်၍ ယှဉ်ဘက် ပဋိယောဂီအားဖြင့် အဋ္ဌကထာဆရာ မိန့်တော်မူ သောကြောင့် သိအပ်သတည်း။ စကြဝဠာမှာ အလျားနှင့်အနံ တူမျှသတည်း။ စကြဝဠာဟူသည် အဝိုင်းတည်း။ လေးထောင့်မဟုတ်၊ ထိုကြောင့် သာရတ္ထဒီပနီ (သာရတ္ထ၊ဋီ၊၁၊၂၅၂)၌ စက္ကဝါဠန္တိ လောကဓာတု။ သာ ဟိ နေမိမဏ္ဍလ- သဒိသေန စက္ကဝါဠ ပဗ္ဗတေန သမန္တတော ပရိက္ခိတ္တတ္တာ စက္ကဝါဠန္တိ ဝုစ္စတိ ဟု မိန့်အပ်၏။

ဤသို့ အဝိုင်းဖြစ်သောကြောင့် အလျားအနံပမာဏကို အရှေ့အနောက် ဖြစ်စေ၊ တောင်မြောက်ဖြစ်စေ အလယ်ခေါင်ဗဟိုရ်တည့်တည့်အရပ်၌ တိုင်းတာ အပ်၏။ ဝိတ္ထာရတောပန–စသောစကား၌ ဝိတ္ထာရသဒ္ဒါ အနံဟောဖြစ်သော ကြောင့်ပင်လျှင်။ ဧကံအာဏာခေတ္တံ ဝိနဿတိတိ ဉာမိနာ တိရိယံ တော သံဝဋ္ဋ- မာန ပရိစ္ဆေဒေါ ဝုတ္တော ဟု သာရတ္ထဒီပနီ(၁၊၃၉၁)၌ မိန့်တော်မူအပ်၏။(ဝိမတိ ဝိနောဒနီ ဋီကာ(၁၊ဂဝ)၌မူကား ဝိတ္ထာရတော ပနာတိ ပုထုလတော ပန

သံဝဋ္ဋသီမာဘေဒေါ နတ္ထိဟု မိန့်အပ်၏။ "ပုထုလတော၊ အနံအကျယ်အားဖြင့်" ဟု အနက်ပေးရသောကြောင့် သာရတ္ထဒီပနီဋီကာစကားနှင့် မထူးခြားဟု မှတ်အပ်၏။ လောကဝိဒူအဖွင့်၌ကဲ့သို့ အာယာမတော စ ပန ဝိတ္ထာရတော စ သဒါပိ ကော ဗုဒ္ဓခေတ္တံ ဝိနယတိ–ဟု အဋ္ဌကထာဆရာ မိန့်တော်မူဘဲ ဝိတ္ထာရတော ပန သဒါပိ ကော ဗုဒ္ဓခေတ္တံ ဝိနယတိ–ဟု မိန့်တော်မူသည်ကား မြတ်စွာဘုရား သက်န်းတော်စသည်မှာကဲ့သို့ အလျားအနံ မထူးခြားသောကြောင့် မိန့်တော်မူအပ်သတည်း။ (မြတ်စွာဘုရား သင်္ကန်းတော်စသည်မှာ အလျား အနံ ထူးသကဲ့သို့ ဤ၌ အလျား အနံ မထူးသောကြောင့်ဟု အဓိပ္ပာယ်ကိုယူ။)သို့ဖြစ်သော် လောကဝိဒူအဖွင့်မှာ ကော စက္ကဝါဠံ ဝိတ္ထာရတော ဟူ၍သာ ဆိုရာသည်မဟုတ်လောဟု စောဒနာမူ အနံဟူက အလျားနှင့်မကင်း ကောင်းသောကြောင့် ဆိုရာသည်ဟုဖြေလေ၊ တစ်နည်းမှာ ဝိတ္ထာရတော ပန သဒါပိ ဟူသောစကားမှာ အာယာမောစ ဝိတ္ထာရောစ ဝိတ္ထာရော–ဟု ကေသိက်ပြုအပ်၏။ ဤသို့ ကေသိက်ပြုရသော ဋီကာဆရာတို့နည်းမှ တစ်နည်း ဖြစ်သတည်း။ အဋ္ဌကထာစကားချင်း မူကား ရှေ့နောက် ယပ်မိသတည်း။

ယံ ဝိသယက္ခေတ္တံ သန္ဓာယ ယာဝတာ ပန အာကင်္ခေယျာတိ စေနံ ဘဂဝတာ ဝုတ္တံ၊ ယတ္ထ ဝိသယက္ခေတ္တသင်္ခါတေ ပဒေသေ။ ယံ ယံ အာကင်္ခတိ၊ တံ တံ အာရမ္မဏံ ဘဂဝါ အနုဿရတိ၊ အနုဿရိတုံ သက္ကောတိ၊ ဣဒံ ဝိသယက္ခေတ္တံ အနန္တံ အပရိမာဏန္တိ ယောဇနာ။

ဒေသော သံဝဋ္ဋဝိဝဋ္ဋေသု၊ တိုတွင်။ နိသိန္နော၊ နေတော်မူသည်ရှိသော်။ (ဝါ) နေတော်မူသောအခါ၌။ ဘုရားမဖြစ်မီ အောက်မေ့တော်မူသတည်း။

အမုမှိ၊ ဤအမည်ရှိသော။ သံဝဋ္ဋကပ္ပေဝါ၊ ၌လည်းကောင်း။ (ဝါ–သဒ္ဒါ ကျေ) ထို ဝါ–သဒ္ဒါဖြင့် သံဝဋ္ဋဋ္ဌာယီ စသော အသင်္ချေယျ သုံးကပ်တို့ကိုယူ။ တစ်နည်းကား အမုမှိ သံဝဋ္ဋကပ္ပေဟူသော ဤစကားကို အနေကေပိ သံဝဋ္ဋ-ကပ္ပေဟူ၍ ပါဠိတော် ရှေးဦးစွာ ယူအပ်သောကြောင့် ပဓာနနည်းအားဖြင့်သာ ဆိုအပ်သတည်း။

ထို့ကြောင့်"အမုမှိ သံဝဋ္ဋကပ္ပေ"ဟူသောစကားဖြင့်ကြွင်းသော အသင်္ချေယျ သုံးကပ်တို့ကိုလည်းယူလေ။ တစ်နည်းကား အမုမှိ၊ သော။ သံဝဋ္ဋကပ္ပေ၊ ၌။ ဝတ္တမာနေ၊ ဖြစ်သော။အမုမှိ ဘဝေဝါ၊ ၌လည်းကောင်း စသည်ဖြင့်အနက်ပေး။ သာရတ္ထဒီပနီ နှာ–၃၉၁ ကို မှီးသတည်း။ အယ ငါ စသောစကားကို ဆိုသည် ကား သာမညဝိသေသထူးသောကြောင့်သာ ဆိုသတည်း။ လုံးလုံးထူးသော ကြောင့် ဆိုသည်မဟုတ်။ သာရတ္ထဒီပနီကို နှာ–၃၉၁ ကိုထောက်။ အထဝါ၊

တစ်နည်းကား။ ယသ္မာ၊ ကြောင့်။ အမုတြာသိန္တိ ဣဒံဝစနံ၊ ကို။ အနုပုဗ္ဗေန၊ ဘဝအစဉ်အားဖြင့်။(ဝါ) အောက်မေ့တော်မူအပ်သော ဘဝအခြားမရှိသော အားဖြင့်။ (ဝါ) ဘဝမခုန်သောအားဖြင့်။ အာရောဟန္တသ္သ၊ သေတကေတုနတ်သားဘဝမှစ၍ ပဋိလောမအားဖြင့် အလိုရှိအပ်သော ဘဝတိုင်အောင် အောက်မေ့သောအားဖြင့် တက်တော်မူသော မြတ်စွာဘုရား၏။ ယာဝဒိစ္ဆကံ အောက်မေ့ခြင်းငှါ အလိုရှိအပ်သော ဘဝတိုင်အောင်။ သရဏံ၊ ပုဗ္ဗေနိဝါ-သာနုဿတိအဘိညာဏ်ဖြင့် အောက်မေ့တော်မူခြင်းကို။ သန္ဒဿယ၊ ရည်တော်မူ၍။ အာဟ၊ ဟောတော်မူ၏။ သော တတော စုတောတိဝစနံ။ သော တတော စုတော ဤသို့အစရှိသောဒုတိယဝါကျစကားကို။ ပဋိနိဝတ္တန္တဿ၊ အလိုရှိအပ်သောဘဝမှစ၍ အနုလောမအားဖြင့် သေတကေတုနတ်သားဘဝတိုင်အောင် ဆင်ခြင်သောအားဖြင့် ပြန်နစ်တော်မူသော မြတ်စွာဘုရား၏။ ပစ္စဝေက္ခဏံ၊ ဆင်ခြင်တော်မူခြင်းကို။ သန္ဒဿယ၊ ၍။ အာဟ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ ဣဓူပပန္နောဘိဝစနေန၊ ဖြင့်။ ဝုတ္တာယ၊ ဟောတော်မူအပ်သော။ ဣမိဿာ ဣဓူပပတ္တိယာ၊ အဆုံးစွန်ဖြစ်သော ဤသိဒ္ဓတ်မင်းသား၏ ဘဝ၌ ဖြစ်သော ဤပဋိသန္ဓေ၏။ အနန္တရံ၊ အခြားမရှိ လွန်လေပြီးသော အတိတ်ဘဝ၌။ ပဝတ္တံ၊ ဖြစ်ပြီးသော။ အသုဘာဂဝတော၊ ထိုမြတ်စွာဘုရား၏။ ဥပ္ပတ္တိဋ္ဌာနဘူတံ၊ ဖြစ်ရာဌာနဖြစ်၍ဖြစ်သော။ တုသိတ ဘဝနံ၊ တုသိတာနတ်ဘုံကို။ သန္ဒဿယ၊ ရည်တော်မူ၍။ အမုတြာဥဒပါဒိန္တိဝစနံ၊ ကို။ ဣဒံ၊ သည်။ အာဟ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

အာရောဟန္တဿ ပုဒ်ကို အနက်ပေးရာမှာ "အလိုတော်ရှိအပ်သော ဘဝတိုင်အောင်" ဟု အသေအချာဖေါ်သည်ကား "ယာဝဒိစ္ဆကံ သရဏံ" ကိုထောက်၍ ဖော်သတည်း။ ဣဓူပပန္နောတိ စသည်၌ဆိုအပ်ပြီးသော နည်းဖြင့် အနက်ပေးရမည်ကို "ဣဓူပပန္နော" တိ ဣမိဿာ ဣဓူပပတ္တိယာ အနန္တရမေဝဿ ဥပ္ပတ္တိဋ္ဌာနံ သန္ဒဿယ "အမုတြာဥဒပါဒိ" န္တိဣဒံဝုတ္တန္တိ ဝေဒိတဗ္ဗံ ဟုဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၂၅၃)လာစကားကို ထောက်၍ သိအပ်သတည်း။ယာဝဒိစ္ဆကံ သရဏံစကားဖြင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဝီထိကို ပြသတည်း။ ပစ္စဝေက္ခဏံ စကားဖြင့် အဘိညာဏ် ဝီထိ၏ အခြားမဲ့၌ ပစ္စဝေက္ခဏာဝီထိဖြစ်မြဲ ဖြစ်သောကြောင့် ပစ္စဝေက္ခဏာဝီထိကိုပြသတည်း။ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ် သေတကေတုနတ်သားဘဝမှစ၍ ပဋိလောမအားဖြင့် အလိုရှိအပ်သော ဘဝတိုင်အောင် အောက်မေ့သတည်း။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဝီထိ၏ အခြားမဲ့၌ ဖြစ်သော ပစ္စဝေက္ခဏာ ဝီထိဖြင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် အောက်မေ့အပ်ပြီးသော အလိုရှိအပ်သော ဘဝမှစ၍ အနုလောမအားဖြင့် သေတကေတုနတ်သား ဘဝတိုင်အောင် ဆင်ခြင်တော်မူသတည်း။ ပါဠိတော်မှာ

"အမုတြ၊ ဤအမည်ရှိသော ဝေဿန္တရာမင်းဘဝ၌။ အာသိံ၊ ဖြစ်ပြီးသော အဟံ၊ ထိုငါသည်။ တတော၊ ထိုဝေဿန္တရာ မင်းဘဝမှ။ စုတော။ မသာ်။ အမုတြ၊ ဤမည်သော တုသိတာနတ်ဘုံ၌။ ဥဒပါဒိံ၊ ဖြစ်ပြီ၊ တတော၊ ထိုတုသိတာနတ်ဘုံမှ။ စုတော၊ သော်။ ဣဓ၊ ဤလူ့ဘုံ၌။ ဥပ္ပန္နော၊ ဖြစ်၏။"ဟု အနက်ပေး။

ဣတိသာကာရံ စသောစကား၌ ဣတိ· သဒ္ဒါသည် ဤအရာမှာ ဟေတု, ပကာရအနက်စသည်တို့တွင် အမှတ်မရှိသော အနက်ကိုမဟော၊ နိဒဿနအနက်ကို ဟောသတည်း ဟု သိစေခြင်းငှါ ဣတီတိ ဧဝံ ဟူသော စကားကို မိန့်တော်မူအပ်သတည်း။

ဤစကားရပ်ဖြင့် ဣတိသဒ္ဒါသည် ဧဝံနာမောစသည်ဖြင့် ဟောတော်မူအပ်ပြီးသောအနက်ကို ညွှန်ပြခြင်းအနက် ရှိသတည်းဟု ပြတော်မူသတည်း။

ဧဝံနာမောစသည်ဖြင့် ဟောတော်မူအပ်သော အနက်သည် ဧဝံနာမောတိ ဝေဿန္တရော ဝါ·စသည်ဖြင့် အဋ္ဌကထာဆရာ ဖွင့်တော်မူသည့် အားလျော်စွာ သာမညအနက်လည်းရှိသည်။ အထဝါ ယသ္မာ အမုတြာသိန္တိ ဣဒံစသည်ဖြင့် အဋ္ဌကထာဆရာ ဖွင့်တော်မူသည့်အားလျော်စွာ ဝိသေသအနက်လည်း ရှိသည်။ ထိုနှစ်ပါးတို့တွင် ရှေ့နည်းနှင့်အညီ ဘဝအစဉ်မကျ ထိုက်သည့်အားလျော်စွာသာ ဟောတော်မူအပ်ပြီးသောအနက်ကို ညွှန်းပြခြင်းအနက်ရှိသတည်း။ နောက်နည်းနှင့်အညီ ဘဝစဉ်အတိုင်း ညွှန်ပြခြင်းအနက်ရှိသည်မဟုတ်ဟု ဥပလက္ခဏနည်းအားဖြင့် မှတ်၍ ပြတော်မူလိုသော အဋ္ဌကထာဆရာသည် နာမ ဂေါတ္တံ,ဝသေန ဟိ·စသောစကားကို မိန့်တော်မူအပ်သတည်း သာရတ္ထဒီပနီ နှာ ၃၉၂·ကို မှီသတည်း။ သာရတ္ထဒီပနီဆရာသည်လည်း အဋ္ဌကထာရှေးနည်းမှာ ဧဝံ နာမောတိ ဝေဿန္တရော ဝါ ဇောတိပါလော ဝါ စသည်ဖြင့် ဘဝအစဉ်မကျ၊ ထိုက်သည်အားလျော်စွာ မိန့်တော်မူသကဲ့သို့ ဤမှာလည်း တိသောဂေါတမော· တိ ဥဒ္ဒိသိယတိဟူ၍ ဘဝအစဉ်မကျ ထိုက်သည်အားလျော်စွာ အဋ္ဌကထာဆရာ မိန့်တော်မူသောကြောင့် တစ္ဆ ခေါ ယထာရဟတော(၁၁၃၉၂) စသောစကားကို မိန့်တော်မူသတည်း။ အဋ္ဌကထာ နောက်နည်းနှင့်အညီ ဖွင့်မူ နာမ ဂေါ-တ္တေနဟိ သက္ကောသေတကေတုဒေဝဂေါတ္တောတိ ဥဒ္ဒိသိယတိ စသည်ဖြင့် ဖွင့်ပြလေရာသတည်း။ သာရတ္ထဒီပနီဋီကာဆရာသည် တစ္ဆခေါ ယထာရဟတော စသောစကားကို အဋ္ဌကထာနောက်နည်းမှာ အနုပုဗ္ဗေန အာရောဟန္တဿ· ဟူသောစကားရှိသည်နှင့်အညီ ဣတိတိဝံ စသော အဋ္ဌကထာစကားမှာ ဘဝအစဉ်အားလျော်စွာ မပြထိုက်သည်အားလျော်စွာ ပြသောကြောင့် ဆို

သတည်း။ သာရတ္ထဒီပနီ ဋီကာဆရာသည် ဝိသုဒ္ဓိမဂ်ဋီကာ (ဝိသုဒ္ဓိ၊ဋီ၊၂၅၆) လာတိုင်းရေးသတည်း။ ဋီကာဆရာနှစ်ပါးတို့၏ အာဘောဂ၊ အသိခက်သော ကြောင့် သာရတ္ထဒီပနီဋီကာဆရာ၏ အာဘောဂကို ပြလိုက်သတည်း။ သာရတ္ထ ဒီပနီဆရာ၏ အာဘောဂကိုပြ၍ ဝိသုဒ္ဓိမဂ်ဋီကာဆရာ၏ အာဘောဂကိုလည်း ပြ၍ခြင်း ကိစ္စ ပြီးသတည်း။

တိတ္ထိယာ ဟိ – အစရှိသောစကား၌ တိတ္ထိယ ဟူသည် ပုရာဏ ကဿပ - စသော ဆသတ္ထာရ တိတ္ထိယတို့နှင့် တူသော တိတ္ထိယ မဟုတ်၊ "ကေစေ ဟိ တိတ္ထာယတနေ ပဗ္ဗဇိတွာ ဝါယောကသိဏေ ပရိကမ္မံ ကတွာ စတုတ္ထဇ္ဈာနံ နိဗ္ဗတ္တေတွာ ဈာနာဝုဋ္ဌာယ စိတ္တေ ဒေါသံ ပဿတိ၊ စိတ္တေသတိ ဟတ္ထစ္ဆေဒါဒိ ဒုက္ခဥ္စေဝ၊ သဗ္ဗဘယာနိ စ ဟောန္တိ၊ အလံ ဣမိနာ စိတ္တေန၊ အစိတ္တကဘာဝေါဝ သန္တောတိ၊ ဧဝံ စိတ္တေ ဒေါသံ ပဿိတွာ အပရိ- ဟီနဇ္ဈာနော ကာလံ ကတွာ အသညသတ္တေသု နိဗ္ဗတ္တတိ၊ ဟူ၍ သုတ်သီလက္ခန် အဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့် (ဒီ ဋ္ဌ ၁၊ ၁၀၇) လာ ရုပ်၌သာ အပြစ်ကို မြင်၍ နာမ်၌အပြစ်ကို မမြင်သောကြောင့် တိတ္ထိယအမည်ရသော ကမ္မကြိယ- ဝါဒီ တိတ္ထိယတည်း။ ထို့ကြောင့် ထိုကမ္မကြိယဝါဒီ တိတ္ထိယတို့သည် ဈာန် အဘိညာဉ်ကို ရ၍ ကမ္ဘာလေးဆယ်တို့ကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် အောက်မေ့နိုင်လေသတည်း။ အသညသတ်ဘုံသို့ သွားရသော တိတ္ထိယတို့ သည်လည်း ဤ၌ တိတ္ထိယအရပင်တည်း၊ ထိုတိတ္ထိယတို့သည် နာမ်၌သာအပြစ် ကိုမြင်၍ ရုပ်၌ အပြစ်ကို မမြင်လေ၊ ထို့ကြောင့် ဤအဋ္ဌကထာ၌ နာမရူပ- ပရိစ္ဆေဒဝိရဟာတောဟု မိန့်အပ်သတည်း။ ဤစကား၌ နာမပရိစ္ဆေဒဝိရဟာ ဟူသောစကားကို အရူပဘုံသို့ သွားရလိမ့်မည့် တိတ္ထိယကို ငဲ့၍ဆိုသတည်း။ ရူပပရိစ္ဆေဒဝိရဟာ ဟူသော စကားကို အသညသတ်ဘုံသို့ သွားရလိမ့်မည့် တိတ္ထိယကို ငဲ့၍ဆိုသတည်း။ ဤအဋ္ဌကထာမှာ ပကတိသာဝကမလာ၊ ဝိသုဒ္ဓိမဂ် (ဋ္ဌ-၂၊ ၄၁) ၌မူကား။ ပကတိသာဝကာ ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ အနုဿ- ရန္တိယေဝ၊ ဗလဝပညတ္တာ၊ ဟူ၍ ပကတိသာဝကတို့ ပုဗ္ဗေနိဝါသကို အောက်မေ့ နိုင်ရာမှာ နာမ်, ရုပ်ကို ပိုင်းခြား၍သိသော ဗလဝပညာကိုသာ "ဗလဝ- ပညတ္တာ" ဟု အကြောင်းစပ်၍ ကမ္ဘာအရာ, အထောင် အောက်မေ့နိုင်ကြောင်း ကို မိန့်ဆိုတော်မူသောကြောင့်ရင်း, မဟာသာဝက အဂ္ဂသာဝက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ရာမှာကဲ့သို့ အဘိနီဟာရကို အကြောင်းစပ်၍ မဆိုသောကြောင့်ရင်း, ကမ္ဘာအရာ, အထောင်ကား ပါရမီ ဖြည့်ရာကာလ မဟုတ်ဟု သိအပ်၏။ အချို့ဆရာတို့ကား "ကပ္ပသတမ္ပိ

ကပ္ပသဟဿမ္ပိ” ဟူသောစကားကို ထောက်၍ ပကတိသာဝကတို့သည် ကမ္ဘာ ဒဲရာ ကမ္ဘာအထောင် ပါရမီဖြည့်ရသည်ဟု ဆိုကြကုန်၏၊ ပကတိသာဝကတို့ ပါရမီဖြည့်ရာကာလကား အမှတ်အသား အမြဲမရှိ၊ အမြဲမရှိသည်ကို ကျမ်းဂန် ထုတ်ဆောင်၍ ပြဦးအံ့၊ “ပုရိမ သုတ္တံ ဧကော ဘာဏဝါရော၊ ဣဒံ ဒိယဍ္ဎော၊ ဣတိ အဍ္ဎတိယေ ဘာဏဝါရေ သုတွာပိ အယံ နိဂဏ္ဌော နေဝ အဘိသမယံ- ပတ္တော၊ န ပဗ္ဗဇိတော။ န သရဏေသု ပတိဋ္ဌိတော။ ကသ္မာ ဧတဿ ဘဂဝါ ဓမ္မံဒေသေသီတိ ဒ-နာဂတေ ဝါသနတ္ထာယ ။ ပဿတိ ဟိ ဘဂဝါ ဣမဿ ဣဒါနိ ဥပနိဿယော နတ္ထိ၊ မယ္ဟံ ပန ပရိနိဗ္ဗာနတော ဒ သမဓိကာနံ ဒွိန္နံ ဝဿ သတာနံ အစ္စယေန တမ္ဗပဏ္ဏိဒီပေ သာသနံ ပတိဋ္ဌဟိဿတိ၊ တတြာယံ ကုလဃရေ နိဗ္ဗတ္တိတွာ သမ္ပတ္တေကာလေ ပဗ္ဗဇိတွာ တီဏိ ပိဋကာနိ ဥဂ္ဂဟေ- တွာ ဝိပဿနံ ဝဍ္ဎေတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတွာ ကာဠဗုဒ္ဓရက္ခိ- တော နာမ မဟာခီဏာသဝေါ ဘဝိဿတီတိ။ ဣဒံ ဒိသွာ အနာဂတေ ဝါသ နတ္ထာယ ဓမ္မံ ဒေသေသိ။ ဤမူလပဏ္ဏာသ အဋ္ဌကထာ မဟာသစ္စကသုတ် အဖွင့်(မ၊ဋ္ဌ၊၂၊၁၉၄။)၌လာ ကာဠဗုဒ္ဓရက္ခိတ အမည်ရှိသော ရဟန္တာကြီး ဝတ္ထုလျှင် သက်သေပုံစံရှိသော။ ဘဂဝါ ပန တိရစ္ဆာနဂတာနမ္ပိ အနုသာသ နိပ္ပဒါနေနံ သတ္ထာယေဝ။ ယော ပိ ဟိ ဘဂဝတော ဓမ္မသဝနေန ဥပနိဿယ- သမ္ပတ္တိံ ပတွာ တာယ ဧဝ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ တတိယေ ဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ။ မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ ဟူသော ပါရာဇိကဏ် အဋ္ဌကထာ အဋ္ဌုတ္တိက နိဒါန်းအဖွင့် (ဝိ- ဋ္ဌ-၁-၉၄)လျှင် အာဂုံစကား အထောက်အထားရှိသော ဣတရေသံအတိတာ- သု၊ ဇာတိသု ဝိဝဋ္ဋသန္နိဿယဝသေန နိဗ္ဗတ္တိတံ နိဗ္ဗေဓဘာဂိယံ ကုသလံ ဟူ၍ မူလပဏ္ဏာသ သတိပဋ္ဌာနသုတ်ဒ-ဖွင့်ဋီကာ(မ၊ဋ္ဌီ၊၁၊၃၇၇။) လာသည်နှင့် အညီလည်းကောင်း။ ယေ ပန ဒေဝမနုဿနာဂသုပဏ္ဏာဒယော ပကတိယာဝ ကမ္မဿကတဉာဏာဒိယုတ္တာ ဟောန္တိ၊တေယေဝ ပုဗ္ဗေ အနုပနိဿယာပိ ဘဂဝ တော သဒ္ဓမ္မသဝနာဒိနာ ပဌမံ ဝိဝဋ္ဋူပနိဿယံ ပသာဒံ ဥပ္ပါဒေတုံ သက္ကောန္တိ။န ဣတရေတိ ဂဟေတဗ္ဗံ ဟူသောဝိမတိဝိနောဒနီဋီကာ(၁၊၅၇။)လာစကားနှင့်အညီ လည်းကောင်း,ပကတိ သာဝကတို့မှာ ဘဝကမ္ဘာအမှတ်အသားဖြင့်ပါရမီဖြည့်ရာ ကာလ အမှတ်အသား အမြဲမရှိသည်ကို သိအပ်သတည်း။

ပကတိ သာဝကဆုမှ သမ္မာသမ္ဗောဓိဆုသို့ပြောင်းရာ၌ အရှင်သုမေဓာတည်း။ ပကတိသာဝကဆုမှ ပစ္စေကဗောဓိဆုသို့ ပြောင်းရာ၌ အဇာတသတ်မင်းတည်း။ ပကတိသာဝကဆုမှ အဂ္ဂသာဝကဆုကို ပြောင်းရာ၌အရှင်သာရိပုတ္တရာအလောင်း

သရဲဒ ရသေ့တည်း။ အချို့ဆရာတို့ကား "ကူးတို့သူကြီး ဖြစ်လှူနီးမှ အားသိး လုလ္လ၊မျက်မာန်ချ၍" ဟူသော လင်္ကာကိုမှီး၍ အရှင်သာရိပုတ္တရာ ဒႏလောင်း သရေ့ဒ ရှင်ရသေ့သည်လည်း ဘုရားဆုကိုတောင်းပြီးမှ အဂ္ဂသာဝက ဆုကို တောင်းသည်ဟု ပြောစမှတ်ပြုကြကုန်၏။ အထောက်အထား ကျမ်းဂန်မရှိ၊ နေရာမကျသည်ကို ငါတ်ကျေးဇူးရှင် စံကျောင်းဆရာတော် ဘုရားကြီးသည် မင်းကေရာဇ်က ၁၂၃၄—ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃) ရက်နေ့ လျှောက်ထားရာ ဆုံးဖြတ်ဖြေဆိုတော်မူအပ်သော အဆုံးအဖြတ် ဝိနိစ္ဆယရှိ သတည်း။ "ကူးတို့သူကြီး၊ဖြစ်လှူနီးမှ" ဟူသော လင်္ကာမှုလည်း "လင်ထိုး မယားပဲ့၊ ဆယ်ကယ့်တင်ပို့၊ ကူးတို့သူကြီး ဖြစ်လှူနီးမှ" ဟူသောအဓိပ္ပါယ် ဖြစ်သော်သင့်ရာ၏။ သတော်ကူးတို့သူကြီးကို ရည်၍ စပ်သော် မသင့်ရာ၊ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္တ၊ ဤဝိဇ္ဇာ အဓိဂတာစသော စကားတို့တွင်။ ဝိဇ္ဇာအဓိ ဂတာတိ အယံသဒ္ဒေါ၊ သည်၊ အတ္တော၊ လိုရင်းလိုအပ်သော ပုဗ္ဗေနိဝါသာနု- ဿတိ အဘိညာဉ်တည်းဟူသော ပဌမဝိဇ္ဇာအနက်ရှိသော သဒ္ဒါတည်း။

ပါဠိတော်၌ ဘုရားဖြစ်စအခါ ဝိဇ္ဇာသုံးပါးကို ပြရင်းဖြစ်သောကြောင့် "ဝိဇ္ဇာ အဓိဂတာ"သာ လိုရင်းတည်း။

သေသံ၊ကြွင်းကျန်သော အဝိဇ္ဇာ ဝိဟတာ စသောစကားသည်။ ပသံသာ- ဝစနံ၊ ဝိဇ္ဇာ၏ဆန့်ကျင်ဘက်ဖြစ်သော အဝိဇ္ဇာတည်းဟူသော အမိုက်မှောင် တို့ကို ဖျက်ဆီးမှုတ်လွှင့်ခြင်း ဝိဇ္ဇာဖြစ်ခြင်း, အာလောကဖြစ်ခြင်း အထူးတို့ကို သိစေသောအားဖြင့် ကိုယ်တော်ကို ချီးမွမ်းသောစကားတည်း။ ။သာရတ္ထ ဒီပနီဋီကာ (၁၊၃၉၄) ၌ "ပဋိပက္ခဝိဓမနပဝတ္တိဝိသေသာနံ"ဟူသော စကားမှာ ပဋိပက္ခဝိဓမန ဟူသောစကားကို အဝိဇ္ဇာ ဝိဟတာ တမော ဝိဟတော ဟူသော စကားကိုငဲ့၍ ဆိုအပ်သတည်း၊ ပဝတ္တိဟူသောစကားကို ဝိဇ္ဇာ ဥပ္ပန္နာ အာလော ကော ဥပ္ပန္နော ဟူသောစကားကိုငဲ့၍ ဆိုအပ်သတည်း။ ဖလံ၊ အဝိဇ္ဇာ ပျောက် ခြင်း ဝိဇ္ဇာဖြစ်ခြင်းစသော အကျိုးကို။ မယာ၊ ငါဘုရားသည်။ လဒ္ဓံ၊ ရအပ်ပြီ။ ဣတိ ဣဒံ အယံ အဓိပ္ပါယော ဝုတ္တံ ဝုတ္တော ဟောတိ၊ ကုက္ကုဋဗ္ဗုစ္ဆာပကာသော ကို ကုက္ကုဋစ္ဆာပကဿ ဣဝ ဟု ပဒစ္ဆေဒပြု၊ ဣဝ-ကိုလည်း ပစ္စာဇာတိ သဒ္ဒါနှင့် ပစ္စာဇာတိ ဣဝဟုယှဉ်။

## ပုဗ္ဗေနိဝါသကထာ ပြီး၏။

ဒိဗ္ဗသဒိသတ္တာဟူသော စကားဖြင့် "ဒိဝိ ဘဝံ ဒိဗ္ဗံ"ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထ ပြု၍ နတ်တို့၏ ပသာဒစက္ခုရ၏။ ဒိဝိဟူသောပုဒ်မှာလည်း ဒိဝ တည် သို့ ဝိဘတ်သက် တတောသို့မိသုတ်၌ တတောသဒ္ဒါလွန်ဖြင့် အာရ-အပြုမှ တပါး

သော ဒိဝသဒ္ဒါနောင် သို့ ဝိဘတ်ကို ဋ-ပြု၍ ဒိဝိသဒ္ဒါပြီးစေ။ "ဒိဗ္ဗံ ဝိယာတိ ဒိဗ္ဗံ"ဟူသော ဝစနတ္ထကို ပြတော်မူသတည်း။ ဒိဗ္ဗဝိဟာရဝသေန စသည်ဖြင့် "ဒိဗ္ဗန ဒိဗ္ဗဝိဟာရေန ပဋိလဒ္ဓံ ဒိဗ္ဗံ"ဟူသော ဝစနတ္ထကိုလည်းကောင်း, "ဒိဗ္ဗံ ဒိဗ္ဗ ဝိဟာရံ သန္နိဿိတံ ဒိဗ္ဗံ"ဟူသော ဝစနတ္ထကိုလည်းကောင်း ပြတော်မူသတည်း။ သော ပေါ အဟံ အနုရုဒ္ဓ စသောသုတ်သည် ဥပရိပဏ္ဏာသပါဠိတော် (မ-၃-၁၉၉) သုညတဝဂ် ရှစ်ခုမြောက် ဥပက္ကိလေသသုတ်တည်း။ ထိုသုတ်၌ ဝိစိကိစ္ဆာ စိတ္တဿ ဥပက္ကိလေသောတိ ဣတိ ဝိဒိတွာ ဝိစိကိစ္ဆံ စိတ္တဿ ဥပက္ကိလေသံ ပဇဟိံ ဟူသော ပါဠိ၏အနက်ကို မူလပဏ္ဏာသ အဋ္ဌကထာ (နှာ-၁၇၀) မူလပရိယာယဝဂ် ခုနစ်ခုမြောက်ဖြစ်သော ဝတ္ထသုတ်အဖွင့်၌ ဖွင့်ပြပြီးဖြစ်သောကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာမှာ မဖွင့်မပြသတည်း။ မူလပဏ္ဏာသအဋ္ဌကထာ၌ ဖွင့်ပြသည်ကား—တတ္ထ ဣတိ ဝိဒိတွာတိ ဧဝံ ဇာနိတွာ။ ပဇဟတီတိ သမုစ္ဆေဒပ္ပဟာနဝသေန အရိယမဂ္ဂေန ပဇဟတိ။ ။မူလပဏ္ဏာသ အဋ္ဌကထာ (မ-ဋ္ဌ-၁။၁၇၅)။ ဧဝံ ဇာနိတွာတိ အဘိဇ္ဈာဝိသမလောဘော ကေနဋ္ဌေနေဝ စိတ္တဿ ဥပက္ကိလေသောတိ သဘာဝတော သမုဒယတော နိရောဓတော နိရောဓူပါယတော စ ပုဗ္ဗဘာဂပညာယစေဝ ဟေဋ္ဌိမမဂ္ဂဒွယပညာယ စ ဇာနိတွာ။ ပဇဟတီတိ တွေ အစ္စန္တပ္ပဟာနမေဝ အဓိပ္ပေတန္တိ ဒဿေန္တော သမုစ္ဆေဒပ္ပဟာနဝသေန အရိယမဂ္ဂေန ပဇဟတီတိ အာဟ။ အရိယမဂ္ဂေနာတိ အနာဂါမိမဂ္ဂေန။ တေန ဟိ ပဟာနံ ဣဓ သဗ္ဗဝါရေသု အဓိပ္ပေတံ။ မူလပဏ္ဏာသဋီကာ(၁။၂၇၄)။အဋ္ဌကထာ၌ ဣတိ ဝိဒိတွာတိ ဧဝံ ဇာနိတွာဟုဖွင့်သောကြောင့်လည်းကောင်း။ ဋီကာ၌—"အဘိဇ္ဈာဝိသမလောဘော ။ပ။ နိရောဓူပါယတော စ"ဟု ဖွင့်သောကြောင့်လည်းကောင်း။ "ဝိစိကိစ္ဆာ၊ သည်။ စိတ္တဿ၊ ၏။ ဥပက္ကိလေသော၊ တည်း။ ဣတိ၊ ဤသို့။ ဣတိ ဧဝံ၊ ဤသို့သော သဘာဝ, သမုဒယ,နိရောဓ, နိရောဓူပါယ—အားဖြင့်။ ဝိဒိတွာ၊ သိ၍။ ဝိစိကိစ္ဆံ၊ ဟူသော။ စိတ္တဿ၊ ၏။ ဥပက္ကိလေသံ၊ ကို။ သောတာပတ္တိမဂ္ဂေန၊ ဖြင့်။ ပဇဟိံ၊ ပယ်ပြီ"ဟု အနက်ပေး။ ။အမနသိကာရော၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်အပ်သော ရူပါရုံတို့ကို နှလုံးမသွင်းခြင်းသည်။ စိတ္တဿ၊ ၏။ ဥပက္ကိလေသော၊ တည်း။ အမနသိကာရသည် ဥပက္ကိလေသဖြစ်ရသည်ကား နှလုံးမသွင်းပြန်သော် ထိနမိဒ္ဓ ဖြစ်လာသောကြောင့်တည်း။ သာရတ္ထဒီပနီ (၁၊၃၉၈) ကို ထောက်။

အဘိဇပ္ပာ၊ ဤသို့ နတ်တို့နှင့်အတူ ငါဖြစ်စေသော်ဟူ၍ နှလုံးသွင်းသည်၏ အစွမ်းအားဖြင့် ဆိုစေတတ်သော တဏှာသည်၊

ဧဝံ မေ ဟောတူတိ ဟိ အဘိနိဝိသနဝသေန ဇပ္ပေတီတိ အဘိဇပ္ပာ၊ တဏှာ။ (သာရတ္ထ ဋီ၊၁။၃၉၉။)

ဤသာရတ္ထဒီပနီစကားသည် ဥပရိပဏ္ဏာသဋီကာ ဥပက္ကိလေသသုတ်အဖွင့်ကို မှီးသတည်း။ ဥပရိပဏ္ဏာသဋီကာ(မ၊ဋီ၊၃။၃၅၇။)မှာ ဝေမမာတိ အဘိနိဝေသ ဝိသေန ဇပ္ပေတိတိ အဘိဇပ္ပာ တဏှာ–ဟူ၍လာရှိသတည်း[၁]။ အဋ္ဌသာလိနီ ဒုကနိဒ္ဒေသ(အဘိ၊ဋ္ဌ၊၁။၃၉၇။)မှာလည်း–ဣဒံမယှံ ဧတံ မယှန္တိ ဝါ အသုကေန မေ ဣဒံ ဒိန္နံ ဣဒံ ဒိန္နန္တိ ဝါ ဧဝံ သတ္တေဇပ္ပာပေတီတိ ဇပ္ပာ–ဟု လာရှိသတည်း။ ဤသာရတ္ထဒီပနီဋီကာမှာ များစွာသောပေတို့၌ အကာရန္တနှင့် ဇပ္ပတိ-ရှိသည်ကား စာပျက်တည်း။ ဧကာရန္တနှင့်ဇပ္ပေတိရှိမှ မှန်သတည်း။ ဇပ္ပေတိ့ ဧ·သည်လည်း ဓာတူဟိ ဏေဏယာစသောသုတ်ဖြင့် သက်အပ်သော ကာရိုက် ဏေ·ပစ္စည်းတည်း။ "ဇပ္ပေတိ၊ ဆိုစေတတ်၏"ဟု အနက်ပေး။ ဇပ္ပဓာတ် ကထနအနက်ဟော။

နာနတ္တသညာ၊ နတ်ပြည်၌ဖြစ်သော ရူပါရုံ, လူပြည်၌ဖြစ်သော ရူပါရုံ အားဖြင့် အထူးထူးသဘောရှိသော ရူပါရုံ၌ဖြစ်သော သညာသည်။ သာရတ္ထဒီပနီ(၁၊၃၉၉)ကို ထောက်။ အတိနိဗ္ဗာယိတတ္တာ၊ ဣဋ္ဌ အနိဋ္ဌမဟူ တစ်ခုတည်းသော သဘောရှိသည်သာ ဖြစ်သော ရူပါရုံကို နှလုံးသွင်းအံ့ဟု နှလုံးပြု၍ တစ်ခုတည်းသော သဘောရှိကုန်သော ရူပါရုံတို့ကို အလွန်အကဲပြု၍ ကြည့်ရှုသည်၏အဖြစ်သည်။ သမ္ပတိနိဗ္ဗတ္တာဝ·ကား·ဂဟိတပဋိသန္ဓိကာ၏အဖွင့်။ သမ္ပတိနိဗ္ဗတ္တာဝဟု အကာရန္တနှင့် ရှိသည်သာမှန်သတည်း၊ ဝိသုဒ္ဓိမဂ် (ဝိသုဒ္ဓိ၊ဋ္ဌ၊ ၂၊၅၄။)မှာလည်း ဤသို့ပင်ရှိ၏၊ သမ္ပတ်နိဗ္ဗတ္တာဝါဟု အာကာရန္တနှင့် အချို့စာရှိသည်ကား မသင့်။ ဟိ ဂတိယံ ဓာတ္တံ ဟေသိဟိနုတ္တမဂမိတ် ဟိနော နိဟ်နော။ (ဏွာဒိမောဂ္ဂလာန်၊ ၁၀၇။ ဥဏာဒယောသုတ်) ဟာ·စာငေ။ ဣနော ဒီဃော။ (အဘိဓာန်၊ ဋီ၊၆၉၉ ဂါထာ) ဤစကားတို့ကို ထောက်၍ ဟီနေပုဒ်မှာ ဤဒီဃနှင့် ရှိရမည်။ ဟီဠိတေပုဒ်မှာ ဟီဠ-အနာဒရေဟု ဓာတုမာလာ (နိတိ·ဓာတု၊ ၂၀၀)၌ ရှိသောကြောင့် "ဟီဠိတော၊ မရိုမသေအပ်ကုန်သော်" ဟု အနက်ပေး၊ မရိုသေက ကဲ့ရဲ့ခြင်း ဖြစ်သတည်း။ ထိုကြောင့် သာရတ္ထဒီပနီ (၁၊၄၀၁။)၌ "ဟီဠိတောတိ ဂရဟိတော"ဟု ဖွင့်တော်မူသတည်း။

ဣမိနာပဒေန၊ ဤယထာ ကမ္မူပဂေသတ္တေ ပဇာနာမိ ဟူသော ဝါကျပုဒ်ဖြင့် ကုသလာဓမ္မာစသော ဝါကျသည် ပုဒ်ပြည်သကဲ့သို့မှတ်။ ဣမဿဝိသုံ ပရိကမ္မံနာမ နတ္ထိ ယထာစိမဿ ဧဝံ အနာဂတံသဉာဏဿပိ-ဟူသော စကားကို အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၁၊၁၃၃။) ဆရာဆိုတော်မူသည်ကား ဒိဗ္ဗစက္ခုအဘိညာဉ်ကို

---

[၁]။ ဥပရိပဏ္ဏာသဋီကာဆဋ္ဌမူ၌ တံ မမာတိ ပတ္ထနာ အဘိဘဝနီယ မနသိသေန ဇပ္ပေတီတိ အဘိဇပ္ပါဟု ရှိသည်။

ရခြင်း အရင်းခံနှင့် ကင်း၍ ယထာကမ္မူပဂဉာဏ်, အနာဂတံသဉာဏ် နှစ်ပါးတို့အား အသီးအခြား ပရိကံကို ပြုရခြင်း မရှိ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရခြင်း အရင်းခံရှိမှသာ အသီးအခြား ပရိကံကိုပြု၍ ယထာကမ္မူပဂဉာဏ်, အနာဂတံသဉာဏ်နှစ်ပါးတို့ကို ရနိုင်လေသတည်း။ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရခြင်း အရင်းခံမရှိလေသော် အသီးအခြား ပရိကံကို ပြုလေသော်လည်း ထိုဉာဏ်နှစ်ပါးတို့ကို ရနိုင်လေ ထိုကြောင့် ဆိုတော်မူသတည်း။

အကယ်၍ ထိုဉာဏ်နှစ်ပါးတို့အား ပရိကံလုံးလုံးမရှိဟု ယူချေသော် ထိုဉာဏ်နှစ်ပါးတို့၏ ပရိကံမရှိကုန်မူ၍ ကာမာဝစရတရားကဲ့သို့ ဖြစ်ကုန်ခြင်းကြောင့် ပရိကံရှိခြင်း သဘောရှိသော မဟဂ္ဂုတ်တရား၏ အဖြစ်သည် မဖြစ်လေရာ။ ပရိကံကင်းခြင်း သဘောရှိသော ကာမာဝစရတရား၏ အဖြစ်ဖြင့်သာ ဖြစ်လေရာသတည်း။ သို့လည်း မဖြစ်ကောင်းခဲ့။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၊ ၄၀၂။)၌ ဝိသုံ ပရိကမ္မံ နတ္ထီတိ ဣဒံ ပန ဒိဗ္ဗစက္ခုဉာဏေန ဝိနာ ယထာကမ္မူပဂဉာဏဿ ဝိသုံ ပရိကမ္မံ နတ္ထီတိ အဓိပ္ပါယေန ဝုတ္တံ။ ဧဝဉ္စတံ ဣစ္ဆိတဗ္ဗံ၊ အညထာ ယထာ ကမ္မူပဂဉာဏဿ မဟဂ္ဂတဘာဝေါ ဧဝ န သိယာ-ဟု မိန့်အပ်၏။

အဘယ့်ကြောင့် အသီးအခြား ပရိကံမရှိသနည်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်မှာ အသီးအခြား ပရိကံရှိသကဲ့သို့ ထိုဉာဏ်နှစ်ပါးတို့မှာလည်း အဘိညာဉ်၏ အဖြစ်ဖြင့် တူသောကြောင့် အသီးအခြား ပရိကံရှိရာပါသည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် ဒိဗ္ဗစက္ခု ပါဒကာနေဝ ဟိ ဣမာနိ ဟူသော ပါဠိကို မိန့်တော်မူအပ်သတည်း။

အဘယ်ကြောင့် ဤဉာဏ်နှစ်ပါးတို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်တည်းဟူသော အခြေရှိကုန်လေသနည်း၊ အဘိညာဉ်အသီးအခြားမဟုတ်ပါလော့ဟု စောဒနာရန်ရှိသောကြောင့် ဒိဗ္ဗစက္ခုနာ သဟေဝ ဣဇ္ဈန္တီဟူသော ပါဠိကို မိန့်တော်မူအပ်သတည်း။

ဤစကားကိုလည်း ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရခြင်း အရင်းခံရှိမှ ထိုဉာဏ်နှစ်ပါးတို့ကို ရရှိနိုင်သောကြောင့်သာ မိန့်ဆိုအပ်သတည်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရလျှင်ရခြင်း အလိုအလျောက် ထိုဉာဏ်နှစ်ပါးတို့ကိုရသောကြောင့် မိန့်ဆိုအပ်သည်မဟုတ်။

ဣမဿ ယထာကမ္မူပဂဉာဏဿ၊ အား။ ဝိသုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရခြင်းမှ အသီးအခြား၊ ပရိကမ္မံနာမ၊ ပရိကံကိုပြုရခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဟိယသ္မာ၊ ကြောင့်။ ဣမာနိဉာဏာနိ၊ ဤယထာကမ္မူပဂဉာဏ်,အနာဂတံသဉာဏ်တို့သည်။ ဒိဗ္ဗစက္ခုပါဒကာနေဝ၊ ဒိဗ္ဗစက္ခုအဘိညာဉ်တည်းဟူသော အကြောင်းရင်း အခြေခံရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ၏။ တသ္မာ၊ ကြောင့်။ ဣမဿ၊ ဤ

ယထာကမ္မူပဂဉာဏ်အား။ ဝိသို၊ အသီးအခြား။ ပရိကမ္မံနာမ၊ သည်။ နတ္ထိ၊ မရှိ။ အနာဂတံသဉာဏဿပိ၊ အားလည်း။ ဝိသုံ၊ အသီးအခြား။ ပရိကမ္မံနာမ သည်။ နတ္ထိ၊ မရှိ။ ဟိသ္မာ၊ ကြောင့်။ ဣမာနိ၊ ဤယထာကမ္မူပဂဉာဏ် အနာဂတံသဉာဏ်တို့သည်။ ဒိဗ္ဗစက္ခုနာ၊ နှင့်။ သဟေဝ၊ တကွသာလျှင်။ ဣဇ္ဈန္တိ၊ ပြည့်စုံကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဒိဗ္ဗစက္ခုပါဒကာနေဝ၊ လျှင်။ ဟောန္တိ၊ ၏။

ယထာကမ္မူပဂဉာဏ်မှာ "အတီတံ ကမ္မံ ဇာနာမိ"ဟု ပရိကံကိုပြုအပ်၏။ အနာဂတံသဉာဏ်မှာ "အနာဂတခန္ဓခန္ဓပဋိဗဒ္ဓံ ဇာနာမိ"ဟု ပရိကံကိုပြုအပ်၏။ သို့ပြုရသည်ကို "သတံ ဟောမိ သဟဿံ ဟောမိတိ ပရိကမ္မံ ကတ္ဝာ"[၁] ဟူသော ဝိသုဒ္ဓိမဂ်ဣဒ္ဓိဝိဓကထာလာ စကားကိုလည်းကောင်း။ ယထာကမ္မူပဂဉာဏဿစ အဟတံစေတနာမတ္တမေဝါရမ္မဏံ။ ။အနာဂတံသဉာဏစတုတ္ထံ အနာ-ဂဟာရမ္မဏမေဝ။ တဉ္စ အနာဂတက္ခန္ဓခန္ဓပဋိဗဒ္ဓသု (ဓမ္မေသု) ပုဗ္ဗေ-နိဝါသဉာဏံ ဝိယ သဗ္ဗညုတဉာဏသမဂတိကံ ဟောတိ။ (အဘိဋ္ဌ ၁၊၄၄၇) အဋ္ဌကထာ ကဏ္ဍလာ စကားကိုလည်းကောင်း ထောက်၍သိအပ်၏။

ဒုဋ္ဌုံ၊ မကောင်းစွာ။ စရိတံ၊ ကျင့်အပ်သည်တည်း။ (ဝါ) တနည်းကား။ ဒုဋ္ဌုံ၊ မကောင်းသော။ စရိတံ၊ စရိုက်တည်း။ ဒုဋ္ဌုစရိတံကို ဤ ကာယေ နဒုစ္စ-ရိတံကို မိန့်အပ်သတည်း။ ဒုဋ္ဌုံ ဝါ စရိတံကို ငဲ့၍ကာယတောဝါစသည်ကို မိန့်အပ်သတည်း။ ကာယေန၊ ကာယဝိညတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းစွာကျင့်အပ်သည်တည်း။ (ဝါ) တနည်းကား။ ကာယတော၊ ကာယဝိညတ်ဟူသော ကာယ-ဒွါရမှ။ ဥပ္ပန္နံ၊ ဖြစ်သော။ ဒုစ္စရိတံ၊ ဒုစရိုက်တည်း။ သာရတ္ထဒီပနီ(နှာ-၁၊၄၀၃)မှာ အသတိတဿ-စသည်၌ "တဿသန္တာနဿ၊ ၏။ အာဟာရူပစ္ဆေဒ၊ အဝိစ္ဆေဒ၊ တကျာဟူသော အကြောင်း၏ပြတ်ခြင်းသည်။ အသတိ၊ မရှိသော်"ဟု အနက်ပေး။ အာဟာရသဒ္ဒါ အကြောင်းဟောတည်း။ မူလယမိုက်မှာ အာဟာရဝါရ လာရှိသတည်း။ ထိုအာဟာရသဒ္ဒါသည် မူလဝါရ၌ မူလသဒ္ဒါ, ဟေတုဝါရ၌ ဟေတုသဒ္ဒါစသည်နှင့်အတူ "အကြောင်း"ဟောတည်း။

နတ္ထိ ဣမေသံဗျာနံ ဝါ ဝိမောက္ခော ဝါ စသည်၌ ဗျာနံ ဝါ အရ လောကီ ဗျာန်တည်း။ ဝိမောက္ခောဝါ၊ ကိလေသာတို့မှ လွတ်သော လေးပါးသော အရိယာမဂ်သည်လည်းကောင်း။ ဝိမောက္ခောတိ၊ စတ္တာရောတိ အရိယမဂ္ဂါ။ သာရတ္ထ ဒီပနီ စတုတ္ထပါရာဇိကအဖွင့်(၂၊၂၈၆။) အတ်ဘာရိယံ ကမ္မံ သ ဂ္ဂါဝနံ့ဏံ မဂ္ဂါဝရဏဉ္စ ဟူသော အဋ္ဌကထာ စကား၌ သဂ္ဂ–သ ဒ္ဒါဖြင့် နတ်ပြည် ကိုသာ မယူ လင့်။ လူ့ပြည်ကိုလည်း သုဂတိခြင်း ရေတူသောကြောင့် သဒိသူပစာရအားဖြင့်

၁။ ဝိသုဒ္ဓိ ၂၊ ၁၅။၌ သတံ ဟောမိ သတံ ဟောမိတိ ပရိကမ္မံ ကတ္ဝာ-ဟုရှိသည်။

ယူ။ ထို့ကြောင့် ပါဠိတော်(ဝိ၊၁၊၆)၌ "သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ"ဟု ဟောတော်မူအပ်၏။ အဋ္ဌကထာ(ဝိဋ္ဌ၊၁၊၁၃၆)၌လည်း "တေ့ သုဂတိဂ္ဂဟဏေန မနုဿဂတိပိ သင်္ဂယှတိ"ဟု ဖွင့်အပ်၏။ မဂ္ဂ-သဒ္ဒါ၌ ဥတ္တရိမနုဿဓမ္မခြင်း ရေတူသောကြောင့်, လောကီစျာန်ကိုလည်း သဒိသူပစာရအားဖြင့် ယူလေ။ သို့ယူရသော် အရိယူပဝါဒကံ ထိုက်သောသူသည် နတ်ပြည်, လူ့ပြည်မှာ ရှိတေသည်၏ အခြားမဲ့၌ နတ်ဘုံ, လူ့ဘုံ၌ မဖြစ်ရမှု၍ အပါယ်ဘုံမှာသာ ဖြစ်ရမည်ကို သိအပ်သတည်း။ ထို့ကြောင့် "အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ" (ဝိ၊၁၊၆) ဟူ၍ ဟောတော်မူအပ်သတည်း။ သာရတ္ထဒီပနီ (၁၄၄၃)၌ "အရိယေ တိ ပန အဇ္ဈာနတော အဒုဋ္ဌစိတ္တဿေဝ တတ္ထ အရိယဂုဏာဘာဝံ ပဝေဒေန္တဿ ဂုဏပရိဓံသနံ န ဟောတီတိ တဿ အရိယူပဝါဒေါ နတ္ထီတိ ဝဒန္တိ" ဟူ၍ လာသောစကားသည် အဋ္ဌကထာမှာ အနတ္တကာမာ-ဟူ၍ မိန့်အပ်သည် အားလျော်စွာ အနတ္တကာမနှင့် စပ်သောကြောင့် သင့်သတည်း။ ရဟန္တာ မထေရ်နှင့် သိတင်းသုံးရဟန်းဝတ္ထုမှာ ပဒုဋ္ဌ စိတ္တ အနတ္ထ ကာမ တိုက်ရိုက် မလာမရှိငြားသော်လည်း တံ ဇိဂုစ္ဆိ-ဟူသော စကားကို ထောက်၍ ဒုဋ္ဌ စိတ် ရှိသည်ကို သိအပ်၏။ ဤအရာ၌ ဇိဂုစ္ဆိ-ဟူသည် လဇ္ဇီရဟန်းတို့က အလဇ္ဇီ ရဟန်းကို စက်ဆုပ်ခြင်းနှင့်တူသော ကောင်းသောစက်ဆုပ်ခြင်းမဟုတ်။ "အတိစ္ဆာတောဝတာယံ မဟလ္လကော"ဟူ၍ ဒေါသအလျောက် နှိပ်စက် ဆိုသောစကားကို ထောက်၍ ဒေါသအမျက် ခြောင်းခြောင်းထွက်၍ စက်ဆုပ်ခြင်းတည်းဟု သိအပ်၏၊ သို့သိအပ်သော် အနတ္ထကာမကို အလိုရှိ၍ အတိစ္ဆာတော စသော စကားကို သိတင်းသုံး ရဟန်းဆိုသတည်းဟု သိအပ်၏။ "အရိယူပဝါဒကံကို ဖရုသဝါစာကံ၌ သွင်းအပ်၏။ ထို့ကြောင့် စရိယပိဋကတ် မာတင်္ဂစရိယာအဖွင့် (စရိယာ၊ ဋ္ဌ၊ ၁၅၆။) ၌ "အရိယူပဝါဒကမ္မံ အဘိသပသန္နိဘံ ဖရုသဝစနံ သံယုတ္တံ"ဟု မိန့်အပ်၏။ ဝေ နေသ တံပါကတိက်အဟောသိ ဟူသော အဋ္ဌကထာစကား၌ သဂ္ဂါဝရဏော္စ မဂ္ဂါဝရဏော္စ ဟူသောစကားကို ထောက်၍ ဒိဋ္ဌဓမ္မဝေဒနီယကံ သည်သာလျှင် လုံးလုံး အဟောသိကံ ဖြစ်သတည်း။ ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံ နှစ်ပါးတို့ကိုမူကား အဟောသိကံ မဖြစ်သည်နှင့် ပါကတိက မဖြစ်သေး အခွင့်သာသော် ပဝတ္တိ အကျိုးကို ပေးသေး၏၊ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ (ဓမ္မပဒဋ္ဌ၊၂။၄၄၁)၌ ဣတိ သော သတ္တက္ခတ္တုံ ဇာတကာလေ ဥဒကေ ပါတနံ လဘိ"ဟု မိန့်အပ်၏။

ဝိနယဂဏ္ဌိပုဒ်ကျမ်း၌ကား ယဋ္ဌဒ္ဒွာပတ္တာဓိကရဏံ အကုသလံ တံပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အနန္တရာယ ကရံ၊ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလ မှိ ခမာနံ အစ္စယံ ဒေသေတွာ ခမာပနေန ပယောဂသမ္ပတ္တိယာ ပဋိဗာဟိတတ္တာ အဝိပါက

---

၁။ ယယုတ္တံ(ဆဋ္ဌ မူ)

ဓမ္မတံ အာပန္နံ အဟောသိကမ္မံ အဟောသိ၊ ဧဝမိဒမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောပသမ္ဘတ္တိယာ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတာ အဟောသိကမ္မဘာဝေန အနန္တရာယ ကရတ္တေ ဒိဋ္ဌဓမ္မဝေဒနိယုပပဇ္ဇအပရာပရိယ ဝေဒနိယေသု- တီသု ကမ္မကောဋ္ဌာသေသု ဒေသနာ ဝုဋ္ဌာနံ ဒိဋ္ဌဓမ္မဥ္စ ဥပပဇ္ဇ ကောဋ္ဌာ- သာနံ ဒွိန္နံ ကမ္မာနံယေဝ အနန္တရာယကရံ နာပရာပရိယကမ္မဿ။ အပရာပရိယ ကမ္မံဟိ ယဒါ လဒ္ဓေါကာသံ၊ တဒါ ကိဉ္စိကာလေ အန္တရာယကရံ သိယာ၊ ဇဋိလ- သေဋ္ဌိနော အပရာပရိယ ဥပပါဒကမ္မံဝိယ၊ ဇဋိလသေဋ္ဌိ ဝတ္ထုပန ဓမ္မပဒေ အာဂတမေဝါတိ”ဟူ၍ မိန့်အပ်၏။ ထိုစကားသည် မသင့်၊ အကြောင်းကား ကံသုံးပါးတို့၏ပင် အနန္တရာယကရ ဖြစ်သောကြောင့်တည်း။ သော ဘရိယာယ ကောပေန “တဝ သတ္တာဟ ဥဒကေ ခိပိတွာ ဂစ္ဆာ”တိ အာဟ ဟူ၍လည်းကောင်း သုဝဏ္ဏကာရော တာဝဒေဝ သံဝေဂပ္ပတ္တော ဟုတွာ “ခမထ ဘန္တေ”တိ ဝတွာ ထေရဿ ပါဒမူလေ နိပ္ပဇ္ဇိ ဟူ၍လည်းကောင်း၊ ဣတိ သော သတ္တကခတ္တုံ ဇာတ ကာလေ ဥဒကေ ပါတနံ လဘိ ဟူ၍လည်းကောင်း ဓမ္မပဒအဋ္ဌကထာ အဆုံးစွန် ဖြစ်သော ဗြာဟ္မဏဝဂ် ဇဋိလထေရဝတ္ထု (ဓမ္မပဒ ဋ္ဌ၊၂၊၄၄၄-၄၄၅) ဇဋိလ သေဋ္ဌေး ဝတ္ထုလာသတည်း။ ထွေ စ “တံ ဝါစံ အပ္ပဟာယာ”တိ ဧဝမာဒိ- စနေန တဒါ ဒါယကဿ အပ္ပဟာနေနေဝ အရိယူပဝါဒေါ အန္တရာယိကော အနတ္ထာဝဟော၊ ပဟာနေန ပန အစ္စယံ ဒေသေတွာ ခမာပနေန န အန္တရာယိကော၊ အနတ္ထာဝဟော။ ယထာတံ ဝုဋ္ဌိတာ ဒေသိတာစ အာပတ္တိတိ ဒဿေတိ။ ဝေရဉ္ဇကဏ္ဍအဖွင့် သာရတ္ထဒီပနီဋီကာ (၁၊၄၀၆) ပါကတိကန္တိ ပဝတ္တိ ဝိပါကံ အဟောသိတိ ဝဒန္တိ။ ဝုဒ္ဓိဟေသာ ဘိက္ခဝေ အရိယဿ ဝိနယေ၊ ယော အစ္စယံ အစ္စယတော ဒိသွာ ယထာ ဓမ္မံ ပဋိကရောတီတိ ဝစနတော ပါကတိကံ အဟောသိတိ ဧဝေ။ ၊ဝေရဉ္ဇကဏ္ဍအဖွင့် ဝဇီရဗုဒ္ဓိဋီကာ (ဝဇီရ၊ ဋီ၊၅၃)ယဉ္စ အာပတ္တာဓိကရဏံ အကုသလံ၊ တမ္ပိဒေသိတံ ဝုဋ္ဌိတံ ဝါ အနန္တရာယ- ကရံ။ ယထာဟိ အရိယူပဝါဒကမ္မံ အကုသလမ္ပိ သမာနံ အစ္စယံ ဒေသေတွာ ခမာ ပနေန ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဟောသိက မ္မံ ဟောတိ၊ ဧဝမိဒမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိ ပဋိဗာဟိတတ္တာ အဝိပါက ဓမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယကရံ ဇာတံ။ တေနေဝ။ “သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ”တိ သာပတ္တိ ကဿေဝ အပါယဂါမိတာဝုတ္တာ။ကေရသကဏ်ဋီကာ စူဠဝါ သမထက္ခန္ဓကအဖွင့် (သာရတ္ထ၊၃၊၃၇၉)၌သို့ထုတ်ဖော်ပြအပ်ပြီးသော ကျမ်းဂန်အများတွင် ဓမ္မပဒ အဋ္ဌကထာမှာ ကန်တော့လျှက်နှင့်အရိယူပဝါဒကံ၏ ပဝတ္တိအကျိုးအထင်အရှား

လာရှိသောကြောင့် "ဘေနသ္မာ တံ ပါကတိကံ အဟောသိ"ဟူ၍ ဣဂ်ဝိနည်း အဋ္ဌကထာမှာဆိုရာ၌ ဒိဋ္ဌဓမ္မဝေဒနိယကံသည် သာလျှင် လုံးလုံးပါကတ်က ဖြစ်သတည်း။

ဥပပဇ္ဇဝေဒနိယ အပရာပရိယဝေဒနိယ နှစ်ပါးတို့မှကား အခွင့်သာသော် ပဝတ္တိ အကျိုးကိုပေး၏ဟု ယူအပ်၏။ ထိုကြောင့်ဝေရဉ္စကဏ္ဍအဖွင့် ဇီရဗုဒ္ဓိ ဋီကာ(၅၃)၌ ပါကတိကန္တိ ပဝတ္တိဝိပါကံ အဟောသိတိ ဝဒန္တိဟု မိန့်အပ်၏။ ။ ဝေရဉ္စကဏ္ဍအဖွင့် သာရတ္ထဒီပနီဋီကာလာ "အနုတ္တာဝပေ-ာ" ဟူသော စကား ကိုလည်း ပဋိသန္ဓေအကျိုးကိုသာ မရှက်ဆောင်သည်ကိုရည်၍ မိန့်တော်မူသည် ဟု ယူအပ်၏။ အခွင့်သာသော် ပဝတ္တိအကျိုးကိုမူကား ရှက်ဆောင်သေး၏ဟု သာရတ္ထဒီပနီဋီကာဆရာ အလိုရှိသည်ဟု မှတ်လေ။ စူဠဝါသမထက္ခန္ဓကအဖွင့် သာရတ္ထ၊ တေရသကာဏ္ဍဋီကာ (၃၊၃၇၉)၌ "အဝိပါကမ္မေတံ အာပန္နံ အဟောသိကမ္မံ ဟောတိ" ဟူသောစကားကိုလည်း ထိုအတူပင် ပဋိသန္ဓေ အကျိုးမရှိသည်ကိုသာရည်၍ မိန့်အပ်၏ဟုယူအပ်၏။ သို့ယူသော် ဓမ္မပဒ အဋ္ဌကထာစကားနှင့်လည်းကောင်း ဝေရဉ္စကဏ္ဍအဖွင့် ဝဇီရဗုဒ္ဓိဋီကာလာ ပဌမအာစရိယဝါဒနှင့်လည်းကောင်း သာရတ္ထဒီပနီလာ စကားနှစ်ချက်သည် တစ်သားတည်းကျ၍ ညီမျှရာသတည်း။ အရိယူပဝါဒကံနှင့်အတူ ဒေသနာကံ, ဝုဋ္ဌာနကံအာပတ်မှ လည်း ဒေသနာကြားငြားသော် လည်းကောင်း, ပရိဝတ်နေ ခြင်းစသည်ဖြင့် အာပတ်မှထငြားသော် လည်းကောင်း အခွင့်သာက ပဝတ္တိ အကျိုးမှ မလွတ်ရာသေးဟု မှတ်အပ်၏။ ဤအရာ၌ အကျဉ်း အဆုံးအဖြတ်ကို စူဠဝါအဋ္ဌကထာ သမထက္ခန္ဓကအဖွင့်၌ ငါပြလတ္တံ့ စပ်၍မှတ်လေ။

အတ္တနာ၊ မိမိသည်(ဝါ)မိမိကား။ ဝုစ္စတာရော၊ သီတင်းကြီးသည်။ သစေ ဟောတိ၊ အံ့။ မိမိက သီတင်းကြီးကရှိခိုးခြင်းစသည်ကိုမပြုလင့်,နောက်မှာ "ဋ္ဌဟာဂေါနေဝ"ဟု မိန့်အပ်လတ္တံ့သည်အားလျော်စွာ ထရပ်လျက်သာလျှင် "အဟံ အာယသ္မန္တံ"စသော စကားကိုဆို၍ သည်းခံစေအပ်၏။

အတ္တနာ၊ သည်။ နဝကတရော၊ သည်။ သစေဟောတိ၊ အံ့။ ယေစ၊ အကြင်သူတို့သည်လည်း။ မိစ္ဆာဒိဋ္ဌိမူလကေသု၊ မိစ္ဆာဒိဋ္ဌိလျှင်အရင်းရှိကုန်သော။ ကာယကမ္မာဒိသု၊ တို့၌။ အညေပိ၊ တစ်ပါးသောသူတို့ကိုလည်း။ သမာဒပေန္တိ၊ ဆောက်တည်စေကုန်၏။တေ စ၊ ထိုသူတို့သည်လည်း။ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ မည်ကုန်၏။ အရိယူပဝါဒေစ၊ ကို လည်းကောင်း။ မိစ္ဆာဒိဋ္ဌိယာစ၊ ကို လည်းကောင်း။ သင်္ဂဟိတာယပိ၊ သင်္ဂြိုဟ် တွေ့က်အပ်ငြားသော်လည်း။ ယဿာယေနအာကာရေန၊ ဖြင့်။ နိရယပါလဟိ၊ ငရဲထိန်းတို့သည်။ အာဘတံ၊ ငရဲသို့ဆောင်အပ်သည်ကို။ ကတွာ၊ ပြု၍။ နိက္ခိတ္တော၊ ပစ်ထားအပ်၏။

ဧဝံ တထာ တေန အာကာရေန၊ ထိုင်ရဲထိန်းတို့ ပစ်ထားသော အခြင်းအရာ အားဖြင့်။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တောယေဝ၊ ပစ်ထားအပ်သော အတိုင်း သာလျှင်။ ဟောတိ၊ ၏။

ဥပါဒိန္နက္ခန္ဓပရိစ္စာဂါ၊ ဥပါဒိန္နက္ခန္ဓာကို စွန့်ခြင်းဟူသော။ မရဏာ၊ သေ သည်မှ။ ပရံ၊ နောက်ဖြစ်သော အသင်္ဖြစ်သော ခန္ဓာကိုယ်ကို ယူသော အခါ၌။ ဇီဝိတိန္ဒြိယုပစ္ဆေဒါ၊ ဇီဝိတိန္ဒြေပြတ်ခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ (ငါ) စုတိစိတ်ကျသည်မှ။ ပရံ၊ နောက်ကာလ၌ (ဝါ) အထက်၌။ တိရစ္ဆာန-ယောနိ၊ သည်။ ဒုဂ္ဂတိ၊ ဒုဂ္ဂတိမည်သည်။ န၊ မဟုတ်။ မယာ၊ ငါသည်။ ဝုတ္တံ ယထာ၊ ဆိုအပ်ပြီးသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဣဓ၊ ဤဒိဗ္ဗစက္ခု-ဉာဏကထာ၌။ မယာ၊ ငါသည်။ ဝတ္တဗ္ဗံ၊ ဆိုသင့်ဆိုထိုက်၏။

ဒိဗ္ဗစက္ခုကထာနိဋ္ဌိတာ စကားသည် ဝတ္တဗ္ဗံ၏, အခြားမဲ့၌ ရှိသော် သင့်ရာ သတည်း၊ သို့မှ "အယမေဝဟောတ္တ"စသောစကားသည် သေသံ ဝုတ္တနယမေဝ ဟူသော စကားနှင့် ဒဋ္ဌကရဏာအားဖြင့် စပ်နိုင်လေရာသတည်း။

### ဒိဗ္ဗစက္ခုဉာဏကထာ နိဋ္ဌိတာ။

---

သော ဧဝံ သမာဟိတေ စိတ္တေတိ ဝစနေန၊ ဖြင့်။ ဣဓ၊ ဤအာသဝက္ခယ ဉာဏကထာ၌။ ဝိပဿနာပါဒကံ၊ အာသဝက္ခယဉာဏ်ကို ရကြောင်းဝိပဿနာ၏ အခြေဖြစ်သော။ စတုတ္ထဇ္ဈာနစိတ္တံ၊ ရူပါဝစရစတုတ္ထဈာန်စိတ်ကို။ ဝေဒိတဗ္ဗံ၊ ၏။

ဤ"သော ဧဝံ သမာဟိတေ စိတ္တေတိ ဣဓ"စသော စကားကို အဋ္ဌကထာ ဆရာဆိုတော်မူရ သည်ကား ပုဗ္ဗေနိဝါသကထာ(ဝိ ဋ္ဌ ၁၊၁၂၄)၌"သမာဟိတေ စိတ္တေတိ ဣဓမိနာ စတုတ္ထဇ္ဈာန သမာဓိနာ သမာဟိတေ" ဟူ၍ ဖွင့်ခဲ့လျက် ရှိသောကြောင့် ဆိုတော်မူရသတည်း။

ရှေးသမာဟိတေ စိတ္တေအရလည်း စတုတ္ထ ဈာန်စိတ်တည်း။ ထိုစတုတ္ထဈာန် သည် ဝိပဿနာပါဒကမဟုတ်အဘိညာပါဒကတည်း။"အာသဝါနံ ခယဉာဏာ-ယာတိ အရဟတ္တမဂ္ဂဉာဏတ္ထာယ"ဟု အဋ္ဌကထာဆရာ ဖွင့်တော်မူရသည်ကား ခယေဉာဏန္တိ မဂ္ဂသမင်္ဂိဿ ဉာဏံ၊အနုပ္ပါဒေ ဉာဏန္တိ ဖလသမင်္ဂိဿ ဉာဏံ့ နိက္ခေပ-ကဏ္ဍ ပါဠိတော်(အဘိ ၁၊၂၆၅) မဂ္ဂသမင်္ဂိဿ ဉာဏန္တိ စတ္တာရိမဂ္ဂဉာဏာနိ။ ၎င်းအဖွင့်အဋ္ဌကထာ (အဘိ ဋ္ဌ-၁-၄၃၆) ဤသို့မဂ်ဉာဏ် လေးပါးအာသ ဝက္ခယဉာဏ်မည်ကြောင်း လာရှိသောကြောင့် လည်းကောင်း "နိဗ္ဗိဒါယ ဧဝ ပဋိဝေဓာယ စ"ဟူသော ဉာဏဝိဘင်းပါဠိတော်မှာ (အဘိ ၂၊၃၂၇)။ ။ ယထာနုရူပံ ဝါ အာသဝက္ခယဘာဝတော ဖလေ ဝါ အာသဝက္ခယေ သတိ

ယထာနုရူပံ တံ နိဗ္ဗတ္တနတော စတုသုပိ မဂ္ဂေသု ပညာ ဆဌွအဘိညံ ပဋိဝိဇ္ဈတီတိ ဒဋ္ဌဗ္ဗာ ဟူ၍ မူလဋီကာ(မူလဋီ၊ ၂၊ ၂၀၄)ဖွင့်သည်အားလျော်စွာ မဂ်ဉာဏ်လေးပါးသည် အာသဝက္ခယဉာဏ်ဖြစ်သော ပဋိဝေဓဖြစ်သောကြောင့် လည်းကောင်း အာသဝက္ခယဉာဏ်သည် အရဟတ္တမဂ်ဉာဏ်,မဂ်ဉာဏ်လေးပါး ဤသို့နှစ်ပါးအပြား ရှိသောကြောင့် ဖွင့်တော်မူအပ်သတည်း။ ဤအဋ္ဌကထာ များစွာသောပေတို့၌ "တံ တေသံ အပဝတ္တိဋ္ဌာနံ" ဟုရှိ၏၊ (သာရတ္ထ ဋီ၊ ၁၊၄၀၈။)၌ အပ္ပဝတ္တိန္တိ အပ္ပဝတ္တိနိမိတ္တံ။ တေ ဝါ နပ္ပဝတ္တန္တိ ဧတ္ထာတိ အပ္ပဝတ္တိ၊ နိဗ္ဗာနံဟု ဖွင့်တော်မူသောကြောင့်လည်းကောင်း ဝိမတိ ဝိနောဒနီ(ဝိမတိ ဋီ ၁၊၈၅)၌ "အပ္ပဝတ္တိန္တိ အပ္ပဝတ္တိဟေတုံ"ဟူ၍ ဖွင့်တော်မူသောကြောင့် လည်းကောင်း သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာန သုတ်အဖွင့် သစ္စပဗ္ဗ (ဒီ–ဋ္ဌ–၂–၃၈၆ ")၌ ဥဘိန္နံ အပ္ပဝတ္တိ နိဗ္ဗာနံ"ဟူ၍ဆိုသောကြောင့်လည်းကောင်း၊သုတ်မဟာဝါဋီကာ (ဒီ–ဋီ–၂–၃၃၆)၌လည်း အပ္ပဝတ္တိပုဒ်ကို ဖွင့်ထားသောကြောင့်လည်းကောင်း၊ တံ တေသံ အပ္ပဝတ္တိံ နိဗ္ဗာနံ ဟူသောပါဌ်သာ အမှန်တည်း။ ဧဝံ၊ ဤသို့၊ ဣဒံ၊ ဒုက္ခံ အယံ ဒုက္ခသမုဒယောစသည်ဖြင့်။ ဇာနန္တဿ၊မဂ်ဉာဏ်ဖြင့်သိသောငါအား။ သောဠသဒုက္ခန္တိ ဧဝမာဒိဟိ ဝစနေဟိ၊တို့ဖြင့်။ ဝိပဿနာယ၊နှင့်။သဟ၊ တကွ။ ကောဋိပ္ပတ္တံ၊ အထွတ်အထပ်သို့ရောက်သော။ မဂ္ဂံ၊ လောကုတ္တရာမဂ်ကို။ ဘဂဝါ၊ သည်။ ကထေတိ၊ ၏။ သောဠသဒုက္ခန္တိဧဝမာဒီသု ဟူသော အရင်းစကားကို ထောက်၍ "သောဠသဒုက္ခန္တိ ဧဝမာဒိဟိဝစနေဟိ" ဟူသော ကရိုဏ်းကို ထည့်သတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ(၁၊၄၀၈)၌ ဣဒံ ဒုက္ခန္တိ ယထာဘူတံ အဗ္ဘညာသိန္တိအာဒိနာ စသော စကားကိုမိန့်တော်မူအပ်သတည်း။ ဤသာရတ္ထဒီပနီ စကားမှာ "မိဿကမဂ္ဂေါ၊ လောကီဝိပဿနာနှင့် ရောသော လောကုတ္တရာမဂ်ကို" ဟု အနက်ပေး။ ဤစကားကို သာရတ္ထဒီပနီဆရာ ဆိုသည်ကား "သဟဝိပဿနာယ ကောဋိပ္ပတ္တံ မဂ္ဂံ ကထေတိ" ဟူသောအဋ္ဌကထာစကား အားလျော်စွာ ဆိုသတည်း။ လောကီဝိပဿနာနှင့် လောကုတ္တရာမဂ်သည် သမ္ပယုတ်အဖြစ်ဖြင့် ရောသောကြောင့် ဆိုသည်မဟုတ်။ လောကီဝိပဿနာကို "စိတ္တံ အဘိနိန္နာမေသိန္တိ ဝိပဿနာစိတ္တံ အဘိနီဟရိံ" ဟု အဋ္ဌကထာဆရာ မိန့်တော်မူသည် အားလျော်စွာ စိတ္တံအဘိနိန္နာမေသိံ ဟူသော ရှေ့စကားဖြင့်သာ ပြတော်မူသတည်း။ သောဠသဒုက္ခန္တိ ယထာဘူတံ အဗ္ဘညာသိံ စသော စကားဖြင့် ပြတော်မမူ။ ဤ သောဠသဒုက္ခန္တိ ယထာဘူတံ အဗ္ဘညာသိံ စသောစကားဖြင့် လောကီဝိပဿနာနှင့်မဖက် သက်သက်ဖြစ်သော လောကုတ္တရာမဂ်ကိုသာ ပြတော်မူသတည်း။ သို့ဖြစ်ပါလျက်နှင့် သာရတ္ထဒီပနီဋီကာဆရာ ထိုစကားကို ဆိုတော်မူသည်ကား ဥပလက္ခဏာ နည်းအားဖြင့်သာ ဆိုတော်မူသတည်းဟု သိအပ်၏။

ဝိပဿနာစိတ္တံ၊ တေ ဘုမ္မက သင်္ခါရတရားတို့ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အထူးထူးအပြားပြားအားဖြင့် ရှုသော ဝိပဿနာဉာဏ်နှင့် ယှဉ်သော စိတ်ကို။ အဘိနီဟရိ၊ ရှေးရှုဆောင်ပြီ-ဟု အနက်ပေး။

စိတ္တံ အဘိနိန္နာမေသိန္တိ ဝိပဿနာစိတ္တံ အဘိနီဟရိ- ဟူသော စကားကို ထောက်၍ ခပ်သိမ်းကုန်သော သမုဒ္ဒရာ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကုန်သော ဘုရားရှင်တို့လည်း ဝိပဿနာတရားကို ပွားများကုန်၍သာ သဗ္ဗညု ရှင်တော်ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်သည်ဟု သိအပ်ကုန်၏။ သို့သိ အပ်ကုန်သော ဘုရားနှင့် တရားမှာ တရားရှေးဦး၏ အဖြစ်ကို သိအပ်သတည်း။ လောက၌အထင်အရှားတရားဖြစ်ရသည်ကား ဘုရားဟောတော်မူသောကြောင့် သာ ဖြစ်ရသတည်း၊ ထို့ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာ (ခုဒ္ဒကပါဌ၊ဋ္ဌ ၁၁)၌ တေသုစ တီသုသရဏေသု ဝစနေသု သဗ္ဗသတ္တာနံ အဂ္ဂေါတိ ကတွာ ပဌမံ ဗုဒ္ဓေါ၊ တပ္ပဘဝတောတဒုပဒေတိ တတောစ အနန္တရံ ဓမ္မော၊တဿ ဓမ္မဿ အာဓာရ- ကတော တဒါ သေဝနတောစ အန္တေ သံဃော ဟူ၍ မိန့်အပ်၏။ အဘိဓာန်ဋီကာ (ဂါထာ-၁)၌ကား တေသံ သဗ္ဗေသမ္ပိ ဓမ္မာနံ၊ သမ္မာသမ္ဗုဒ္ဓေါပိ သေဋ္ဌော။ ဝုတ္တံ ဟိ ဘဂဝတာ၊ဝိရာဂေါသေဋ္ဌော ဓမ္မာနံ၊ဒွိပဒါနဉ္စ စက္ခုမာ”တိ ဟူသော စကားကို မိန့်အပ်၏။သာဓက သာဓေယျမတန်ပ ဆို၍ ထိုစကားကို ဆရာ့ဆရာတို့ ပယ်ရှား တော်မူကြကုန်သတည်း။ “ဓမ္မညေဝ သက္ကတွာ ဂရုံကတွာ မာနေတွာ ပူဇေတွာ ဝိဟာရေယျံ (သံ ၁-၁၄၁။ အံ ၁-၃၂၈။ ပိဋ္ဌေသု ပဿိတဗ္ဗံ)’ ဟူ၍လာရှိသော ကြောင့် ဘုရားထက် တရားမြတ်သည်ကို ဒိဋ္ဌဟမရှိ မှတ်သိအပ်၏။

သော ဧဝံ ဒုက္ခန္တိ။ပ။အယံ အာသဝ နိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ အဗ္ဘညာသိံ-ဟူသော(ဝိ ၁၊ ၆) စကားဖြင့် မဂ်ဖြစ်သည်ကို ပြတော်မူ သတည်း။

ကာမာသဝါပိ စိတ္တံ ဝိမုစ္စိတ္ထ ။ပ။ အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စိတ္ထ (ဝိ ၁၊၆) ဟူသော စကားဖြင့် ဖိုလ်ဖြစ်သည်ကို ပြတော်မူသတည်း။

ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ အဟောသိ (ဝိ ၁၊ ၆) ဟူသော စကားဖြင့် ပစ္စဝေက္ခဏာဉာဏ် ဖြစ်သည်ကို ပြတော်မူသတည်း။

သဗ္ဗညုတဉာဏ်ဖြစ်သည်ကို ပြသောစကားမူကား ဤဝိနည်း ပါဠိတော်မှာ မလာမရှိ။ ထို့ကြောင့် ဘုရားရှင် သန္တာန်တော်မှာ အဘယ်အခါ သဗ္ဗညုတ ဉာဏ်တော် ဖြစ်ပါလိမ့်မည်နည်းဟု သံသယဖြစ်ရန်ရှိသတည်း။ မူလပဏ္ဏာသ

ပါဠိတော် တတိယဖြစ်သော ဩပမ္မဝဂ် ခုနစ်ခုမြောက်သော အရိယ ပရိယေ-သနသုတ် (မ ၁၊ ၂၂၃။ ပါသရာသိသုတ္တေ)၌ "နိဗ္ဗာနံ အဇ္ဈဂမံ" ဟူသော ပဌမစကားဖြင့် မဂ္ဂဝိထိ ဖြစ်သည်ကို ပြတော်မူသတည်း။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ ဟူသော ဒုတိယစကားဖြင့် (မ ၁၊ ၂၂၃) သဗ္ဗညုတဉာဏဝီထိ ဖြစ်သည်ကို ပြတော်မူသတည်း။

အကုပ္ပါ မေ ဝိမုတ္တိ။ အယမန္တိမာဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ ဟူသော တတိယ စကားဖြင့် (မ ၁၊ ၂၂၃) ပစ္စဝေက္ခဏာဝီထိ ဖြစ်သည်ကို ပြတော်မူသတည်း။

ထိုကြောင့် ဘုရားရှင် သန္တာန်တော်မှာ ဘုရားဖြစ်စအခါ၌ ရှေးဦးစွာ မဂ္ဂဝီထိ ဖြစ်သတည်း။ ထို့နောင် သဗ္ဗညုတ ဉာဏဝီထိဖြစ်သတည်း။ ထို့နောင် ပစ္စဝေက္ခဏာ ဉာဏဝီထိ ဖြစ်သတည်း။ ဤသို့ သံသယဖြစ်ဟန်ကို ပယ်လှန် ဖြေပြောက်အပ်၏။

ဤ ဝီထိသုံးပါး အစဉ်အားဖြင့် ဖြစ်ရာတွင် သိဒ္ဓတ်မင်းသားသည် အဘယ် အခါ ဘုရားဟူသော အမည်ရပ်လိမ့်မည်နည်းဟု လျှဉ်းပါနိုင်ရှိရ မှာ တတ္ထ သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရိယဝိမောက္ခာဓိဂမပရိဘာဝိတံ ခန္ဓ-သန္တာနမုပါဒါယ, ပဏ္ဏတ္တိကော သဗ္ဗညုတဉာဏပဒဋ္ဌာနံ ဝါ သစ္စာဘိသမ္ဗောဓိ မုပါဒါယ ပဏ္ဏတ္တိကော သတ္တဝိသေသော, ဗုဒ္ဓေါ-ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာ (ခုဒ္ဒကပါဌ၊ ဌ၊ ၄)၌ နည်းနှစ်ပါး လာရာတွင် ရှေးနည်းအလိုအားဖြင့် သဗ္ဗညုတ ဉာဏ်ဖြစ်သည်မှစ၍ "သဗ္ဗဓမ္မ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" ဟူသော ဝစနတ္ထနှင့် အညီ ဘုရားဟူသော အမည်တော်ကိုရသတည်း။

ထိုစကားမှန်၏ ခုဒ္ဒကပါဌ အဋ္ဌကထာလာ သဗ္ဗဓမ္မေသု-စသော ရှေ့စကား၌ သဗ္ဗဓမ္မေသု အပ္ပဋိဟတ ဉာဏ-အရသည် သဗ္ဗညုတဉာဏ်တည်း။ အနုတ္တရိယ ဝိမောက္ခ-အရသည် "သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော အဂ္ဂမဂ္ဂေါ"ဟူ၍ ဂုဏ်ခတော်ဖွင့် သာရတ္ထဒီပနီဋီကာ(၁၊၂၈၅။)လာသည်နှင့်အညီ အရဟတ္တမဂ်တည်း။

ထို့ကြောင့် ထိုခုဒ္ဒကပါဌ အဋ္ဌကထာ စကားမှာ "သဗ္ဗဓမ္မေသု၊ အလုံးစုံသော ငြေယျတရား ငါးပါးတို့၌။ အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရိယဝိမောက္ခာဓိဂမ ပရိဘာဝိတံ၊ အပိတ်အပင် အဆီးအတားမရှိ သိမြင်သော သဗ္ဗညုတဉာဏ်၏ အကြောင်းပဒဋ္ဌာန်ဖြစ်သော ဝိမောက္ခအများတွင် အလွန်အကဲမရှိသော ဖလုံး စုံအားဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့မှလွတ်သော အရဟတ္တမဂ်ကို

ရခြင်းဖြင့် ရှေးဦးစွာ ထုံအပ်ပြီးသော။ အရဟတ္တမဂ္ဂဝီထိတော၊ အရဟတ္တမဂ်ဝီထိမှ။ ပရံ၊ နောက်၌။ ပဌမံ၊ဘုရားသန္တာန်တော်မှာ ဖြစ်သမျှ သဗ္ဗညုတဉာဏ်တော်တို့တွင် ရှေးဦးစွာ အစဆုံး။ပဝတ္တဿ၊ဖြစ်သော။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏။ ပဝတ္တနဋ္ဌာနဘူတံ၊ ဖြစ်ရာတည်ရာ ဖြစ်၍ဖြစ်သော။ ခန္ဓသန္တာနံ၊ ခန္ဓာအစဉ်ကို။ ဥပါဒါယ၊စွဲ၍(ဝါ) အစပြု၍။ ပဏ္ဏတ္တိတော၊ ပညတ်အားဖြင့်။ သတ္တဝိသေသော၊ သတ္တဝါအများတွင် ထူးသော သိဒ္ဓတ်မင်းသည်။ ဗုဒ္ဓေါ၊ ဘုရားမည်၏”ဟူ၍ အနက်ပေးအပ်၏။ ထို့ကြောင့်ပင် နိဒ္ဒေသပါဠိတော်(ခု–၇၊၁၁၁။)၌ ဝိမောက္ခန္တိကမေတံ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဗောဓိယာမူလေ သဟ သဗ္ဗညုတဉာဏဿ ပဋိလာဘာ သစ္ဆိကာပညတ္တိ၊ ယဒိဒံ ဗုဒ္ဓေါတိ ဟုဟောဘော်မူအပ်၏။

နောက်နည်းအလိုအားဖြင့် အရဟတ္တမဂ် ဖြစ်သည်မှစ၍ “စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ”ဟူသော ဝစနတ္ထနှင့်အညီ ဘုရားဟူသော အမည်ကို ရသတည်း။ ထို့ကြောင့် နောက် (ခုဒ္ဒကပါဠိ၊ ၄၊၄။ ၌ သစ္စာဘိသမ္ဗောဓေပေါ- ဒါယဟု မိန့်အပ်၏။ မဏိသာရမဉ္ဇူသာကျမ်း (မဏိ၊၁၊၄။)၌ “ကော ဗုဒ္ဓေါတိ အနန္တဂုဏာဓိဝါသော ခန္ဓသန္တာနော၊တဿ သဟ သဗ္ဗညုတဉာဏဿ ပဋိ- လာဘာ ဗုဒ္ဓေါတိ ပဏ္ဏတ္တိ”ဟူ၍ မိန့်တော်မူခြင်းသည့်ကား “ဗုဒ္ဓေါသဗ္ဗညုတ- ဉာဏံ၊ဓမ္မောလောကုတ္တရောနဝ”(မဏိဒီပ–၅၁–နှာ)ဟူသောဂါထာစကားအား လျော်စွာ မိန့်ဆိုတော်မူအပ်သတည်း။

ထို့ကြောင့်ပင် မဏိဒီပကျမ်း(မဏိဒီပ ဝီသတိဂါထာဝဏ္ဏနာ) ၌ ထိုဂါထာ၏ အနက်အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူသတည်း။ ဤဂါထာကိုလည်း နိဒ္ဒေသ ပါဠိတော်ကို ရှု၍ ဆရာတို့ဆိုအပ်သတည်း။

န အနာဂတာဟူသောအဋ္ဌကထာစကားဖြင့် ကေန်ဖြစ်လတ္တံ့သောပဋိသန္ဓေ၊ မဂ်ကို မပွားစေအပ်သည်ရှိသော် ဖြစ်ထိုက်ဖြစ်ရာသော ပဋိသန္ဓေ၊ ဤပဋိသန္ဓေ နှစ်ပါးဟု ဆိုအပ်သော အနာဂတ်သာမညကို ယူအပ်၏။ ထို့ကြောင့် သာရတ္ထ ဒီပနီ(၁၊၄၀၉)၌“န အနာဂတာတိ စ အနာဂတတ္တသာမညံ ဂဟေတွာလေသေန ဝဒတိ”ဟု မိန့်အပ်၏။ န အနာဂတာတိဝစနေန၊ ဖြင့်။ အနာဂတတ္တသာမညံ၊ အနာဂတ်၏အဖြစ်ဖြင့် တူသည်၏ အဖြစ်ကို။ ဂဟေတွာ၊ ယူ၍။ လေသေန၊ အမြွက်အားဖြင့်။ ဝဒတိ၊ဆို၏ဟု အနက်ပေး။

ယာပန စသောအဋ္ဌကထာစကားဖြင့် မဂ်ကိုမပွားစေအပ်သည်ရှိသော် ဖြစ်ထိုက်ဖြစ်ရာသော ပဋိသန္ဓေဟုဆိုအပ်သော အနာဂတဝိသေသကိုယူအပ်၏။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၊၄၀၉)၌ အနာဂတဝိသေသော ပနေတ္ထ အဓိပ္ပေတောဟု မိန့်အပ်၏။

တတ္ထ ယထာ အစ္စိန္နေ ရုက္ခေ နိဗ္ဗတ္တိဋ္ဌာနိ ဖလာနိ ဆိန္နေ အနုပ္ပဇ္ဇမာနာနိ န ကဒါစိ သသဘာဝ နိ အဟေသုံ ဟောန္တိ ဘဝိဿန္တိစာတိ အတီတာဒိဘာဝေန န ဝတ္တဗ္ဗာနိ၊ ဧဝံ မဂ္ဂေန ပဟီနကိလေသာ စ ဒဋ္ဌဗ္ဗာ။ယထာ စ ဆေဒေ အသတိ ဖလာနိ ဥပ္ပဇ္ဇိဿန္တိ သတိစ နုပ္ပဇ္ဇိဿန္တီတိဆေဒဿ သာတ္ထကတာ၊ ဧဝံမဂ္ဂဘာဝ-နာ ယ စ သာတ္ထကတာ ယောဇေတဗ္ဗာ။ (မူလဋီကာသမ္ပယုတ္တန ဝိဘင်းအဖွင့်။ မူလဋီ၂၊၁၆၄။) ဤမူလဋီကာစကားကို ထုတ်ပြသည်ကား ဥပမာ နှိုင်းခိုင်း ရန်တည်း။

ဝုသိတံ-ဟူသောပုဒ်၌ တ-ပစ္စည်းသည် သီလံ ရက္ခိတော-ဟူသောပုဒ်၌ တ-ပစ္စည်းကဲ့သို့ ကတ္တားအနက်၌ ဖြစ်လေသလော ဟု မေးရန်ရှိသောကြောင့် "ဝုသိ ဘန္တိ ဝုတ္တံ" စကားကို မိန့်အပ်သတည်း။

ဤဝုတ္တံဟူသောပုဒ်သည် ဝသတော ဥတ္တဟူသောသုတ်ဖြင့် ကံအနက်၌သက်အပ်သော တ-ပစ္စည်းကို အနီးဖြစ်သော သ-ဗျည်းနှင့်တကွ ဥတ္တပြု၍ပြီးရကား ထိုပုဒ်ဖြင့် ဝုသိတံပုဒ်၌ တ-ပစ္စည်း၏ကံအနက်၌ ဖြစ်သည်၏ အဖြစ်ကို ပြသတည်း။

ဝုတ္တံ၌ဝသဓာတ်သည်ဝသ ကန္တိယံဟူသည်နှင့်အညီကန္တိအနက်၌ဖြစ်သလော ဟု မေးရန်ရှိသောကြောင့် ပရိဝုတ္တံစကားကို မိန့်သတည်း။ ဝသ နိဝသေ ဟူသည်နှင့်အညီ နိဝါသအနက်ကိုဟောသတည်း။ နိဝါသအများတွင်လည်း ကျင့်သုံး၍ နေခြင်းတည်းဟု ဖွင့်သတည်း။ ကျင့်သုံး၍ နေခြင်းဟူသည် အိမ်ကျောင်းစသည်၌ နေခြင်းကဲ့သို့သော နေခြင်းလောဟု မေးရန်ရှိသောကြောင့် ကတံ စကားကို မိန့်သတည်း။ ပြုခြင်းဟူသည် ရထားစသည်ကို ပြုခြင်းကဲ့သို့သောပြုခြင်းလော ဟု မေးရန် ရှိသောကြောင့် စရိတံ စကားကိုမိန့်အပ်သတည်း။ ကျင့်ခြင်းဟူသည်ကာယသုစရိုက်ကဲ့သို့ဒုစရိုက်မှကျဉ်ရှောင်ခြင်းလောဟု မေးရန်ရှိသောကြောင့် နိဋ္ဌိတန္တိ အတ္ထောစကားကို မိန့်သတည်း။ "နိဋ္ဌိတံ ပြီးစေအပ်ပြီ" ဟုအနက်ပေး။ကျင့်ခြင်းဟူသည် မဂ်တည်းဟူသော မြတ်သောအကျင့်ကို ဖြစ်စေသောအားဖြင့် ပြီးစေခြင်းပင်တည်း ဟူလိုသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၁.၄၀၉)၌ ဗြဟ္မစရိယဝါသောနာမ ဣဓ မဂ္ဂဗြဟ္မစရိယဿ နိဗ္ဗတ္တနမေဝါတိ အာဟ နိဋ္ဌိတန္တိ-ဟုမိန့်အပ်၏။

အဘယ်ကြောင့် ဝုသိတံဟူသောပုဒ် ဤအနက်ဖြစ်သည်ကို ဆရာသိသနည်း ဟု မေးရန်ရှိသောကြောင့် ဗြဟ္မစရိယန္တိ မဂ္ဂဗြဟ္မစရိယံကို မိန့်သတည်း။ ဗြဟ္မစရိယဟူသည် မဂ္ဂစရိယလျှင်ပင် အဘယ့်ကြောင့် ဤ အနက်ဖြစ်သည်ကို ဆရာသိသနည်းဟု မေးရန်ရှိသောကြောင့် ပုထုဇ္ဇနကလျာဏကေနဟိ စသည် မိန့်အပ်သတည်း။ ရဟန္တာပုဂ္ဂိုလ်လည်း ကျင့်သုံးခဲ့သော် ဤအနက်ကို

ဆရာမသိသင့်ဟု မေးရန်ရှိသောကြောင့် ခိဏာသဝေါ ဝုတ္တဝါသောစကားကို မိန့်သတည်း။ ခိဏာသဝသည် [ဝုဋ္ဌဝါသဖြစ်စေကာမူ] မြတ်စွာဘုရားသည် ခိဏာဝသတွင်း၌ အကျုံးမဝင်လေက ဤအနက်ကို ဆရာမသိသင့်ဟု မေးရန် ရှိသောကြောင့် ဘဂဝါစ ခိဏာသဝဗ္ဗတ္တရေ အန္တောဂဓောဟူသော ပါဌသေသ ကို မိန့်အပ်သတည်း။ ဝုသိတံပုဒ်၌ ဤအနက်ဖြစ်သဖြင့် အဘယ်လဒ္ဓဂုဏ် ရှိသနည်းဟု မေးရန်ရှိသောကြောင့် တသ္မာစသည်ကို မိန့်အပ်သတည်း။ တသ္မာ ထိုသို့ဝုသိတံပုဒ်၌ ဝုတ္တံ။ပ။ နိဋ္ဌိတံဟူသော အနက်ဖြစ်သည်၏ အဖြစ်ကြောင့်။ ဘဂဝါသည်။ပ။အဗ္ဘညာသိ၊ ပြီ။ ဉာတိ၊ ဤသို့။ မယာ၊ ငါသည်။ ဉာယတိ၊ သိအပ်၏ဟု အနက်ပေး။

ပုထုဇ္ဇနကလျာဏကာဒယော ဟိ စသော စကားမှာလည်း ဤနည်းကို မှီ၍ ထွက်လေ။ ပဗ္ဗာဇာတိ ဉာတိအယံဝိသေသော။ ဧတ္တာဝတာတိ ဧတ္တာဝန္တေန သော ဧဝံ သမာဟိတေ စိတ္တေတျာဒိဝစနက္ကမေန။ သော ကုက္ကုစ္စေဿပကော၊ သည့် ဇာယတိမှာစပ်။ ဟိ ဝိတ္ထာရေမ၊ သာဇာတိ၊ ထိုသုံးကြွမ် ဖြစ်ခြင်း သည်။ ။

အာသဝက္ခယညာဏကထာ နိဋ္ဌိတာ။

ဝုတ္တေကို ဝိဒိတ္ဝာမှာစပ်။ လောကာနုကမ္ပကေန၊ လူအပေါင်းကို အစဉ် သနားတော်မူသော။ (တစ်နည်းကား) လောကာနုကမ္ပကေန လောကာနုကမ္ပ ကတ္တာ၊ လူအများကို အစဉ်သနားခြင်း ပကတိသဘောတော် ရှိတော်မူသည်၏ အဖြစ် ကြောင့်။ ဗြာဟ္မဏံ၊ ဝေရဉ္စပုဏ္ဏားကို။ အနုကမ္ပမာနေန၊ အစဉ် သနား တော်မူသော။ (တစ်နည်းကား) ဗြာဟ္မဏံ-ဗြာဟ္မဏဿ၊ ကို။ အနုကမ္ပမာနေန အနုကမ္ပမာနတ္တာ၊ ကြောင့်။ ဘဂဝတာ၊ သည်။ ဝိနိဂူဟိတဗ္ဗေပိ၊ လျှို့ဝှက် အပ်ငြားသော်လည်း။

ပီတိဝိပ္ဖါရပရိပုဏ္ဏဂတ္တစိတ္တော–ကား ဟောတုမန္တတည်း။ အဝေါစမှာစပ်။ ဝိဒိတ္ဝာကို ဂရဟိတ္ဝာမှာစပ်။ ဂရဟိတ္ဝာ ကို နိဋ္ဌံဂန္တွာမှာစပ်။

ရတ္တိ၊ ညဉ့်သည်။ အဘိက္ကန္တာ၊ လွန်ပါပြီ။ (ဝါ)ကုန်ပါပြီ။ အဘိက္ကန္တတရောစ၊ အလွန်လျှင် အထူးသဖြင့် နှစ်သက်ဖွယ်ရှိသည်လည်း။ (ဝါ) နှလုံးမွေ့လျော် ဖွယ်ရှိသည်လည်း။

ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်ကောင်းတည်း၊ ထိုကြောင့် သုန္ဒရေ ဟူ၍ မိန့်အပ်သတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၊၄၁၁)၌ အဘိက္ကန္တ တရောစာတိ အတိဝိယကန္တတရော မနောရမော။ တာဒိသော စ သုန္ဒရော ဘဒ္ဒကောနာမ ဟောတီတိ အာဟ သုန္ဒရေ ဒိဿတီတိ ’ဟု မိန့်အပ်၏။

အနက်ဟူသည် သဒ္ဒတ္ထ, ဝိသယတ္ထဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အဘိက္ကန္တသဒ္ဒါ၏ အတိဝိယကန္တတရ အနက်သည် သဒ္ဒတ္ထတည်း။ သုန္ဒရ အနက်သည် ဝိသယတ္ထတည်း။ ထိုသုန္ဒရအနက်သည် အတိဝိယကန္တတရ အနက်ရင်းကို မှီးပြီးလျှင် အထူးအလွန် အထွဋ်အထိပ်သို့ ရောက်သည်၏အဖြစ်ဖြင့် အဘိက္ကန္တသဒ္ဒါ၏ ဖြစ်ရာဖြစ်သောကြောင့် အတိဝိယကန္တတရသဒ္ဒါတံ မူလတ္ထံ နိဿာယ အဘိက္ကန္တသဒ္ဒေါ ဝိသေသေန အတိသယေန သီလပတ္တဘာဝေန သယတိ ပဝတ္တတိ ဣတ္ထာတိ ဝိသယောဟူသော ဝစနတ္ထကြောင့် ဝိသယမည်သတည်း။ ထို့ကြောင့် မူလဋီကာ (မူလဋီ၊၂၃) ခန္ဓဝိဘင်း အဖွင့်၌ ရာသိမှိတိ သဒ္ဒတ္ထ သဟိတံ ခန္ဓ သဒ္ဒဿ ဝိသယံ ဒဿေတိ။ ဂုဏောပဏ္ဏတ္တိယံ ရုဠှီယန္တိ ဝိသယမေဝ ခန္ဓသဒ္ဒဿ ဒဿေတိ န သဒ္ဒတ္ထံ။ လောကိယ လောကုတ္တရဘေဒံ ဟိ သီလာဒိဂုဏံ နိပ္ပဒေသေန ဂဟေတွာ ပဝတ္တမာနော ခန္ဓသဒ္ဒေါ သီလာဒိဂုဏဝိသိဋ္ဌံ ရာသဋ္ဌံ ဒီပေတီတိ-ဟု မိန့်အပ်၏။ အနက်ကား ရာသိမှိတိဝစနေန၊ ဖြင့်။ ခန္ဓသဒ္ဒဿ၊ ၏။ သဒ္ဒတ္ထသဟိတံ၊ ရာသိအနက်တည်းဟူသော သဒ္ဒတ္ထနှင့်တကွဖြစ်သော။ ဝိသယံ၊ ခန္ဓ· သဒ္ဒါ၏ ဝါစက၏ အပြစ်ဖြင့် ဖြစ်ရာ ရာသိအနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ဂုဏောပဏ္ဏတ္တိယံ ရုဠှီယန္တိ ဝစနေဟိ၊ တို့ဖြင့်။ ခန္ဓသဒ္ဒဿ၊ ၏။ ဝိသယမေဝ၊ သီလအစုစသောအနက်ရင်းကိုမှီး၍ အထူးအလွန် အထွဋ်အထိပ်သို့ ရောက်သည်၏ အဖြစ်ဖြင့် ဟောခြင်းဖြစ်ရာဂုဏ် စသောအနက်ကိုသာလျှင်။ ဒဿေတိ၊ ပြတော်မူ၏။ သဒ္ဒတ္ထံ၊ သီလ အစုစသော အနက်ရင်းကို။ န ဒဿေတိ၊ ပြတော်မမူ။ ဟိယသ္မာ၊ ကြောင့်။ လောကိယ လောကုတ္တရဘေဒံ၊ လောကီ, လောကုတ္တရာ အပြားရှိသော။ သီလာဒိဂုဏံ၊ သီလ အစရှိသော အစိတ်အစိတ်သောဂုဏ်ကို။ နိပ္ပဒေသေန၊ အကြွင်းအကျန်မရှိသောအားဖြင့်။ ဝါစကဘာဝေန၊ ဖြင့်။ ဂဟေတွာ၊ ယူ၍။ ပဝတ္တမာနော ပဝတ္တမာနတ္တာ၊ ကြောင့်။ ခန္ဓသဒ္ဒေါ၊ သည်။ သီလာဒိဂုဏဝိသိဋ္ဌံ၊ သီလ စသော အစိတ်အစိတ်သော ဂုဏ်တို့ဖြင့် အထူးပြုအပ်သော။ ရာသဋ္ဌံ၊ ရာသိအနက်ကို။ ဒီပေတိ၊ ပြ၏။ ဣတိ တသ္မာ၊ တို့ကြောင့်။ ဝိသယမေဝ၊ ကိုသာလျှင်။ ဒဿေတိ၊ ၏။ သဒ္ဒတ္ထံ၊ ကို။ န ဒဿေတိ၊ ပြတော်မမူဟု အနက်ပေး၊ ရာသိအနက်မှာ သဒ္ဒတ္ထနှင့် ဝိသယတ္ထမထူး။ သဒ္ဒတ္ထသဟိတံ ဝိသယံကား အဘေဒူပစာရတည်း၊ သမာသ်ပုဒ်အနက်နှင့် အညပုဒ်အနက် ခြား သို့ မထူးရာမှာ ဝိသယပုဒ်ကို "ဝါစကဘာဝေန ဝိသယတိ ပဝတ္တတိ ဧတ္ထာတိ ဝိသယော" ဟု ဝစနတ္ထပြု။

သဒ္ဒတ္ထသဟိတံ ခန္ဓသဒ္ဒဿ ဝိသယံ ဒဿေတီတိ ဧတေန ရာသိသဒ္ဒဿ ဝိယ ရာသဋ္ဌေ ခန္ဓသဒ္ဒဿ ဝါစကဘာဝေန ပဝတ္တိံ ဒဿေတိ၊ ပရိယာယန္တရဘာဝတော။

ဂုဏာဒီသု ပန ကေဝလံ တဗ္ဗိသယ ပယောဂဘာဝေ နေဝ ပဝတ္တိ၊ န ဝါစကဘာဝေနာတိ အာဟ ဂုဏော။ ပ။ န သဒ္ဒတ္တန္တိ (အနုဋီ ၂၊၆)။ ။သဒ္ဒတ္တသဟိတံ ခန္ဓသဒ္ဒဿ ဝိသယံ ဒဿေတီတိ ဓေတေန။ ဝစနေန၊ ဖြင့်။ ရာသိသဒ္ဒဿ ၏။ ရာသဒ္ဒေ၊ ၌။ ဝါစကာဘာဝေန၊ ဖြင့်။ ပဝတ္တိဝိယ၊ ကဲ့သို့။ ခန္ဓသဒ္ဒဿ၊ ၏။ ရာသဒ္ဒေ၊ ၌။ ဝါစကဘာဝေန၊ ဖြင့်။ ပဝတ္တိ၊ ကို။ ဒဿေတိ၊ ၏။ ကသ္မာ၊ ကား။ ပရိယာယန္တရဘာဝတော၊ ကြောင့်တည်း။ ပန၊ အထူးကိုဆိုဦးအံ့။ဂုဏာဒိသု၊ တို့၌။ ကေဝလံ၊ သဒ္ဒတ္တနှင့် မရောမယှက်သက်သက်။ တဗ္ဗိသယပယောဂဘာဝေနေဝ၊ ထိုသီလစသော အစိတ်အစိတ်သော ဂုဏ်စသည်တို့၏ ဖြစ်ရာသီလအစုအပေါင်း စသော ဝိသယနှင့် ထိုသီလစသော အစိတ်အစိတ်သော ဂုဏ်တို့၏ အပေါင်း အစိတ်, အားဖြင့် ယှဉ်သည်၏ အပြစ်ဖြင့်သာလျှင်။ သမုဒါယာဝယဝါနံ၊ အပေါင်း, အစိတ်တို့၏။ အဝိနာဘာဝီဘာဝတော၊ မကင်းမူ၍ ဖြစ်လေ့ရှိသည်၏ အဖြစ်ကြောင့်။ သိခါပတ္တဘာဝေန၊ အထွဋ်အထိပ်သို့ ရောက်သည်၏ အဖြစ်ဖြင့်။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ဝါစကဘာဝေန၊ ဂုဏ်စသော ဒြနက်တို့ကို ဒြရင်းပြု၍ ဟောတတ်သည်၏ အဖြစ်ဖြင့်။ ပဝတ္တိ၊ ဖြစ်ခြင်းသည်၊ န ဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ထို့ကြောင့်။ ဂုဏော။ ပ။ နသဒ္ဒတ္တန္တိ၊ ဟူ၍။ အာဟ၊ ၏။

ဆိုအပ်ပြီးသော နည်းဖြင့်။ အဘိဏှန္တ– သဒ္ဒါသည်။ အတိဝိယကန္တတရ အနက်ကို ဟောသည်နှင့်အညီ အတိဝိယကန္တတရ ဖြစ်သော် ကောင်းခြင်း သုန္ဒရ ဖြစ်သတည်း။

ထို့ကြောင့် ထိုသုန္ဒရအနက်သည် အနက်ရင်းထက် လွန်၍ အထွဋ်အထိပ်သို့ ရောက်သော အနက် ဖြစ်လေသောကြောင့် သိခါပတ္တ အနက်မည်သတည်း။ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ တတိယပါရာဇိက (ဝိ၊ဋ္ဌ၊၂၊၄၁။) အဖွင့်၌ ပရိယေသေယျာတိ ယထာလဘတိ တထာကရေယျ၊ဥပနိက္ခိပေယျာတိ အတ္ထော – ဟူ၍ ပရိယေသေယျ ပုဒ်၌ ပရိပုဗ္ဗ ဣသ – ဓာတ်သည် ဣသ = ပရိယေသနေ ဟူသည်နှင့်အညီ ပရိယေသန အနက်ကို ဟောရင်း ဖြစ် ပါလျက် နှင့် ထို ပ ရိ ယေ သ န အနက်ထက် လွန်၍ အထွဋ်အထိပ်သို့ ရောက်သော သိခါပတ္တ ဖြစ်သော အနက်ကို ပြတော်မူခြင်းငှာ မိန့်တော်မူအပ်သတည်း။ ပရိပုဗ္ဗ ဣသ– ဓာတ်သည် ပရိယေသန အနက်ကို ဟောရင်းတည်း။ ဤမှာမူကား ပရိယေသန အနက်ထက် လွန်၍ ဤဥပနိက္ခိပန အနက်ကို ဟောသတည်း။ထို့ကြောင့် သာရတ္ထဒီပနီ(သာရတ္ထ၊ဋီ၊၂၊၂၅၈။)၌ ယထာ လဘတိ၊ တထာ ကရေယျာတိ အဓိပ္ပာယတ္ထမာဟ၊ ဥပနိက္ခိပေယျာတိ

ပရိယေသေယျာတိ ဣမဿ သိခါပတ္တမတ္တံ ဒဿေတိ၊ဟု မိန့်အပ်၏။ ။အနက်ကား။ ယထာလာဘတိ၊ တထာကရေယျာတိဝစနေန၊ ဖြင့်။ အဓိပ္ပာယတ္တံ၊ ကို။ အာဟ၊ ၏။ ဥပနိက္ခိပေယျာတိဝစနေန၊ ဖြင့်။ ပရိယေသေယျာတိ ဣမဿ-ဝစနဿ၊ ၏။ သိခါပတ္တံ၊ အထွတ်အထိပ်သို့ ရောက်သော။ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏။

ပရိယေသေယျ ဟူသောပုဒ်၌ ရှာမှီးခြင်း အနက်သည် သဒ္ဒတ္ထ မည်၏။ မားလက်နက်ကို မရရအောင် ပြုခြင်းသည် အဓိပ္ပာယတ္ထ မည်၏။ ရှာမှီး၍ ရသော် ဤလက်နက်ဖြင့် မိမိကိုယ်ကို မိမိခုတ်ဖြတ်၍ သတ်လေစေဟု မိမိရန်သူ ဖြစ်သောသူ၏ အနီးအပါး၌ ထားခြင်းသည် သိခါပတ္တ အနက်မည်၏။ ထို သိခါပတ္တ အနက်သည် ပရိယေသေယျ-ပုဒ်၏ ဝိသယတ္ထတည်း။ သဒ္ဒတ္ထ, ဝိသယတ္ထ နှစ်ပါးတို့၏ အထူးကို မောင်းထောင်ဆရာတော်က ငါတို့၏စံကျောင်း ဆရာတော်ကို ခက်ဆစ်ပြု၍ မေးဖူးသည်ကို ရဟန်းငယ်အခါက ကြားဖူး ရကား ခက်သ ်ဟူ၍ပင် မှတ်ထင်သောကြောင့် ကြံစည်အားထုတ်၍ မှတ်ကြောင်းထားလိုက်သတည်း။

ဣမာပိ အဗ္ဘာနုမောဒနေယေဝ-ဟူသော နည်းအလိုအားဖြင့် အဘိက္ကန္တံ-၌ အဘိ-ရှေးရှိသော ကမု-ဓာတ်သည် ကန္တိ အနက်ဟောတည်း။ ထို့ကြောင့် နောက်၌ "အထ ဝါ အဘိက္ကန္တန္တိ အတိဣဋ္ဌံ" ဟု မိန့်အပ်၏။ ဣမိနာ စ ၌ စ-သဒ္ဒါကား ဝါကျာရမ္ဘ ဇောတကတည်း။ ယသ္မာ ဝုတ္တံ ဟောတိ၊ တသ္မာ တတ္ထ တေသု သု အဘိက္ကန္တသဒ္ဒေသု . ဧကေန အဘိက္ကန္တသဒ္ဒေန-ဟု အနက်ပေး။ တသ္မာ သာဓု သာဓု စသောရှေ့စကားကို ထောက်။ သာရတ္ထဒီပနီ (၁၊၄၁၂)မှာ "အဘိက္ကန္တန္တိ၊ ဟူ၍။ ဝစနံ၊ နပုံလိင် ဝစန-သဒ္ဒါကို။ (ဝါ) တနည်းကား။ တေ ဝစနံ၊ ဤအဘိက္ကန္တန္တိ အတိဣဋ္ဌံ ဟူသော စကားသည်။ အတ္ထမတ္တဒဿနံ၊ အဘိက္ကန္တသဒ္ဒါ၏ အနက်ကိုသာ ပြကြောင်းဖြစ်သော စကားတည်း။ လိင်ကိုမူကား မပြဟူလိုသတည်း။

တတ္ထ နိက္ကုဇ္ဇိတန္တိ အဓောမုခဋ္ဌပိတံ စသည်ကို ထောက်၍ ဓာတုမာလာ (နိတိဓာတု၊၄၉)မှာ မှောက်ခြင်း, လှန်ခြင်း အနက်နှစ်ပါးနှင့် ဆက်ဆံ လေအောင် ကုဇ္ဇမုခီကရဏေဟု ရှိရမည် ထင်သတည်း၊ စာအများပင် အဓော သဒ္ဒါနှင့် ကုဇ္ဇ အဓောမုခီကရဏေဟု ရှိကြ၏၊ ရှိသောအလိုအားဖြင့် ဥပလက္ခဏ နည်းအားဖြင့် ဓာတ်နက် ကြားသတည်းဟု မှတ်ရန်ရှိသတည်း။ အဓောမုခဋ္ဌ-ပိတံ ဟူသော စကားကို လူ၏ဗျာပါရကို ငဲ့၍ ဆိုသတည်း။ ဟေဋ္ဌာမုခဇာတံ ဝါ ဟူသော စကားကို လူ၏ ဗျာပါရမဖက် တစ်စုံတစ်ခုသော အကြောင်းကြောင့်

အိုးမှောက်၍ နေသည်ကို ငဲ့၍ ဆိုသတည်း။ ထိုကြောင့် သာရတ္ထဒီပနီ (၁၊၄၁၂)၌ အဓောမုခဥ္စပိတန္တိ ကေနစိ အဓောမုခံ ဌပိတံ၊ ဟေဋ္ဌာ မုခ ဇာတန္တိ သဘာဝေနေဝ ဟေဋ္ဌာမုခံ ဇာတံ-ဟု မိန့်အပ်၏။

နိက္ကုဇ္ဇိတံ၌ နိ-သည် အဓောဘာဂ အနက်၌ ဖြစ်သတည်း။ ဥက္ကုဇ္ဇေယျ၌ ဥ-သည် ဥဒ္ဓဂ်မအနက်၌ ဖြစ်သတည်း။ ဗုဒ္ဓါဒိရတနတ္တယရှုပါနိ၊ ဘုရားစသော ရတနာသုံးပါး၏ သဘောတို့ကို။ ရူပ-သဒ္ဒါ သဘာဝအနက်ဟောတည်း။ ပကာသိတော၊ ပြတော်မူအပ်ပြီ။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယယောဇနာ၊ အဓိပ္ပာယ်ကို ယှဉ်ခြင်းတည်း။

ပသန္နစိတ္တော ပသန္နစိတ္တတ္တာ၊ ကြည်ညိုသော စိတ်ရှိသည်၏ အဖြစ်ကြောင့်။ (ကရောန္တောမှာစပ်) ပသန္နကာရံ ပသန္နာကာရဿ၊ ကြည်ညိုသော အခြင်းအရာကို။ ကရောန္တော ကရောန္တုတ္တာ ကာတုကာမတ္တာ၊ ပြုခြင်းငှာ အလိုရှိသည်၏ အဖြစ်ကြောင့်။

ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ-ဟူသော စကား၌ ဘဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကို။ သရဏံ၊ ကိုးကွယ်ရာသို့။ ဂစ္ဆာမိ၊ ရောက်ပါ၏။ သို့အနက် ပေးသလောဟု စောဒနာရန် ရှိသောကြောင့် ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိတိ စသည်ကို မိန့်အပ်သတည်း။ဂေါတမံ၌ ဒုတိယာဝိဘတ်တည်း။

သရဏံ-၌ အာကာရ ဝါစက ဣတိသဒ္ဒါကျေ သတည်း၊ ပဌမာဝိဘတ်တည်း။ ထို့ကြောင့် ဆိုအပ်ပြီးသောနည်းဖြင့် အနက်မပေးလင့် ဟူလိုသည်တည်း။

သဒ္ဒေပအားဖြင့် အနက်ကို ပြတော်မူ၏၊ ဝိတ္ထာရအားဖြင့် မပြပြီလောဟု မေးရန်ရှိသောကြောင့် ဘဝံ...မေ ဂေါတမော စသည်ကို မိန့်အပ်သတည်း။

သရဏံ၌ သရ-ဓာတ်သည် သရ=စိန္တာယံဟူသည်နှင့်အညီ ဗုဒ္ဓါနုဿတိပုဒ်၌ သရ-ဓာတ်ကဲ့သို့ အောင့်မေ့ကြံစီခြင်းအနက် ဟောသလောဟု မေးရန် ရှိသောကြောင့် ပရာယနံ စကားကို မိန့်သတည်း။ ။ဤစကားဖြင့် သရဓာတ်သည် "သရသဒ္ဒေ ပတာပေသု" ဟူသည်နှင့် အညီ ဆင်းရဲခြင်းကို ပယ်ပျောက်သောအားဖြင့် ဆင်းရဲခြင်းကို ပူပန်စေခြင်း အနက်ဟောတည်း။ ဆင်းရဲကို ပယ်ဖျောက်ပူပန်စေသော် ကိုးကွယ်ရာဖြစ်သတည်းဟူ၍ အဓိပ္ပါယ်ကို အရင်းမူသဖြင့် ဓာတ်နက်ကို ပြသတည်း။ ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ(၅၅)၌ သရဏဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုဂ္ဂတိံ ပရိက္ကိလေသံ ဒုက္ခံ ဟိံသတီတိ ရတနတ္တယံ သရဏံ နာမ-ဟု မိန့်အပ်၏။

အဘာယ်ကြောင့် ဘုရားရှင်သည်လဲလျောင်းရာ ဖြစ်သနည်းဟု မေးရန် ရှိသောကြောင့် အဃဿ။ ပ။ ဝိဓာတာ·စသည်ကို မိန့်သတည်း။

ယသ္မာ စ အဃဿ တာတာ၊ တသ္မာ စ,ယသ္မာ ဟိတဿ ဝိဓာတာ၊ တသ္မာ စ, ပရာယနံ ဂတိ ဂမိနာ အဓိပ္ပာယေန အဃဿဟတာ·ဟူ၍ ကဏ္ဍဇ ဟ·အက္ခရာနှင့် စာအများရှိသည်ကား မသင့်။ ဒန္တဇ ပဉ္စမက္ခရာ တ-နှင့် အဃဿ တာတာ ရှိသည်သာ အသင့်တည်း။ အဃဿဣ သ·ဝိဘတ်ကို တာ·ဓာတ်၏အယှဉ်မှာ အပါဒါန်အနက်၌ သက်ရသောကြောင့်တည်း။ သာရတ္ထဒီပနီ (၁၊ ၄၁၄။)ကို ထောက်။ ဂစ္ဆာမိ၌ ဂမု-ဓာတ်သည် ဂတိအနက်ဟောတည်း၊ ဂတိအနက်ရှိကလည်း "ယေသံ ဓာတူနံ ဂတိ အတ္ထော၊ ဗုဒ္ဓိ ပိ တေသံ အတ္ထော၊ ပဝတ္တိ ပါပုဏာနိပိ" ဟူသည်နှင့်အညီ ဗုဒ္ဓိ, ပဝတ္တိ, ပါပုဏန-အနက်တို့ကိုလည်း ဟောသတည်း။

ဤ၌ အဘာယ်အနက်ကို ဟောသနည်းဟု မေးရန်ရှိသောကြောင့် ဘဇာမိ-မိန့်သတည်း။ ဤဘဇာမိဖြင့် ဆည်းကပ်သောအားဖြင့် ရောက်ခြင်း ပါပုဏနဂတိအနက်ကို ဂမု-ဓာတ်ဟောသတည်း ဟု ပြတော်မူသတည်း။ ဘဇာမိ-၌ ဘဇ-ဓာတ်သည် ဘဇ—ဝိသာသေ- ဟူသည်နှင့်အညီ ဝိသာသအနက် ဟောလောဟု မေးရန်ရှိသောကြောင့် သေဝါမိမ်န့်သတည်း။ ဘဇ=သေဝါယံ ဟူသည်နှင့်အညီ သေဝါအနက်ကို ဟောသတည်း ဟု ပြတော်မူသတည်း။ သေဝါမိ၌ သိ-ဓာတ်သည် သိ-သေဝါယံ, သိ-ဂတိဗုဒ္ဓိသုံ, သိ-သယေဟူသည်နှင့်အညီ အနက်များခဲ့၏၊ ဤအရာ၌ မည့်သည့်အနက်ကို ဟောသနည်း မေးရန်ရှိသောကြောင့် ပယိရုပါသာမိကိုမိန့်သတည်း။ သိ—သေဝါယံ၊ ဟူသည်နှင့်အညီ သေဝါအနက်ကို ဟောသတည်းဟု ပြတော်မူသတည်း။

ဂစ္ဆာမိ၊ ရောက်ပါ၏။ ဘဇာမိ၊ ဆည်းကပ်ပါ၏။ သေဝါမိ၊ မှီဝဲပါ၏။ ပယိရုပါသာမိ၊ ချဉ်းကပ်ပါ၏။ ဝါ၊ တစ်နည်းကား။ ဧဝံ၊ ဤသို့ကိုးကွယ်ရာဟူ၍။ ဇာနာမိ၊ သိပါ၏။ အဓိဂတမဂ္ဂေ၊ ထိုက်သည်အားလျော်စွာ သိအပ်ပြီးသော မဂ္ဂသစ္စာရှိကုန်သော။ သစ္ဆိကတနိရောဓေ စ၊ မျက်မှောက်ပြုအပ်ပြီးသော နိရောဓသစ္စာရှိကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို လည်းကောင်း။ ယထာနုသိဋ္ဌံ၊ ဘုရားမြတ်စွာ ဆုံးမတော်မူအပ်သည်အားလျော်စွာ။ ပဋိပဇ္ဇမာနေစ၊ ကျင့်ဆဲဖြစ်ကုန်သော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်တို့ကိုလည်းကောင်း။

ရာဂဝိရာဂံ၊ ရာဂ၏ကင်းကြောင်းဖြစ်သော။ ဓမ္မံ ဓမ္မံ၊ ဤမဂ်တရားသို့လည်းကောင်း။ အနေဇံ၊ တဏှာမရှိသော။ အသောကံ၊ သောကမရှိသော။ ဓမ္မံ ဓမ္မံ၊ ဤဖိုလ်တရားသို့ လည်းကောင်း။ အသင်္ခတံ၊

အကြောင်းတရားတို့သည် မပြုပြင်အပ်သော။ ဣမံ ဓမ္မံ၊ ဤနိဗ္ဗာန် တရားသို့လည်းကောင်း။ အပ္ပဋိကူလံ၊ နှောက်ရှက်ခြင်းမရှိသော။ မဓုရံ၊ ချိုမြိန်ကောင်းမြတ်သော။ ပဂုဏံ၊ လေ့လာအပ်သော။ ဝါ။ မြတ်သော ဂုဏ်ကို ထင်စွာပြတတ်သော။ သုဝိဘတ္တံ၊ ကောင်းစွာ ဝေဖန်အပ် သော။ ဣမံ ဓမ္မံ၊ ဤပရိယတ်တရားသို့ လည်းကောင်း။ သရဏတ္တံ၊ ကိုးကွယ်ခြင်းအကျိုးငှါ။ ဥပေဟိ၊ ကပ်လေလော့။

ဒိဋ္ဌိသီလသံဃာတေန၊ အယူ သီလတို့၏ ပေါင်းသည်၏ အဖြစ်ဖြင့်။ သံဟတော၊ ပေါင်းအပ်၏။ စတူသု၊ လေးပါးကုန်သော။ သုစီသု၊ စင်ကြယ်တော်မူကုန်သော။ ယတ္တ ယေသု ပုရိသယုဂေသု၊ အကြင် ယောကျ်ားမြတ် အစုံတို့အား။ ဒိန္နံ၊ ပေးလှူခြင်းကို။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိသည်၏ ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ တေ စတ္တာရော၊ ထိုလေးယောက်ကုန်သော ယောကျ်ားမြတ် အစုံတို့သို့ လည်းကောင်း။ ဓမ္မဒသာ၊ အရိယာတို့၏ တရားကို မျက်မှောက်ထင် ထင် မြင်တော်မူကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပုဂ္ဂလေစ၊ ထိုပုဂ္ဂိုလ်တို့သို့ လည်းကောင်း။ သရဏတ္တံ၊ ငှါ။ ဥပေဟိ၊ ကပ်လေလော့။

ပုဂ္ဂလာ၌ ဆန်းဂိုဏ်းအကျိုးငှါ ရဿပြုသတည်း။ တွော၀တာ၊ ဤမျှ အတိုင်းအရှည်ရှိသော "သောဟံ ဘ၀န္တံ" စသောစကားဖြင့်။ ဥပါသကံ၊ မံ ဘ၀ံ ဂေါတမော ဓာရေတု – ဟူသော စကား၌၊ "ဘ၀ံ ဂေါတမော၊ သည်။ ဥပါသကံ၊ ဆည်းကပ်တတ်သော။ မံ၊ အကျွန်ုပ်ကို။ ဓာရေတု၊ မှတ်တော်မူပါလော့။ ဟူသောအနက် ဖြစ်လေသလောဟု မေးရန်ရှိသော ကြောင့် ဥပါသကံ မံ ဘ၀ံ ဂေါတမော ဓာရေတူတိ စသည်ကို မိန့်အပ်သတည်း။

ဤစကားရပ်ဖြင့် အဓိပ္ပါယ်တွကို အရင်းမူသဖြင့် "ဘ၀ံ ဂေါတမော၊ သည်။ မံ၊ အကျွန်ုပ်ကို။ ဥပါသကံ၊ ဆည်းကပ်တတ်သော ဒါယကာကို။ ဓာရေတု၊ မှတ်တော်မူပါလော" ဟူသော သဒ္ဒတ္ထကို ပြတော်မူသတည်း။ ထို့ကြောင့် ဓာတုမာလာ (နီတိဓာတု ၃၉၀)၌ ဥပါသကံ မံ ဘ၀ံ ဂေါတမော ဓာရေတူတိ ဧတ္ထ ပန ဒွိကမ္မကဘာဝေါ လဗ္ဘတီတိ ဝတ္တဗ္ဗော "မံ ဣတော ပဋ္ဌာယ ဥပါသကံ ဓာရေတူ" တိ အတ္ထသမ္ဘဝတော၊ အဓိပ္ပာ- ယတ္ထတော ပန မံ ဥပါသကော မေ အယန္တိ ဓာရေတူတိ အတ္ထော သမ္ဘဝတီတိ ဒဋ္ဌဗ္ဗံ၊ ဟုမိန့်အပ်၏။ တနည်းကား၊ ဤအဋ္ဌကထာစကားရပ်ဖြင့် သဒ္ဒတ္ထကိုပင် ပြတော်မူသတည်း။ ထို့ကြောင့် ဓာတုမာလာ၌ အာဂိ ၈ ဗုဒ္ဓံ သရဏံ ဂစ္ဆာမီတိ

ဗ္ဗေ ဝိယာ ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတူတိ ဗ္ဗောပိ မံ ဘဝံ ဂေါတမော ဥပါသကံ ဓာရေတု ဧ လ္လကေ့ ္ဓတူတိ ဇ္ဇတဂ္ဂေ ပါဏုပေတံ ... ဣတိ သဒ္ဒလောပဝသေန ဝုတ္တတ္တာ နှ လဗ္ဘတိ ဒ္ဒိကမ္မက ဘာဝေါတိ ဝတ္တဗ္ဗော။ ဟု(နီတိဓာတု၊၁၉၀၊ ပိဋ္ဌေ ပဿိတဗ္ဗံ။)မိန့်အပ်၏။ ရှေးနည်းအလို ဥပါသကံပုဒ်၌ ဒုတိယာဝိဘတ်ကို ကံအနက်၌ သက်။ နောက်နည်းအလို ၎င်းပုဒ်၌ ဒုတိယာဝိဘတ်ကို လိင်အနက်၌ သက်။ အာကာရ ဟူသမျှသည် လိင်အနက်မှာချည်း သက်ရသော ဝိဘတ်ဆုံးရသေ ၁ကြောင့်တည်း။

အနုဇာနာမိ ဘိက္ခဝေ ဝိဟာရဂ္ဂေန ဝါ ပရိဝေဏဂ္ဂေန ဝါ ဘာဇေတုန္တိ အာဒိသုကောဌ္ဌာသေ ဟူသော အဋ္ဌကထာစကားကို ထောက်၍ ဝတ်ကမ္မဝါစာ၌ ကဏ္ဍဇတတိယကၡရာ ဂ-ယ်ဒွေဘော်နှင့် တာသံ အဂ္ဂေနဟု ရှိရာသတည်း။ "တာသံ၊ ထိုအလှူနင်ဂါးရက်စသည်ဖြင့် ဖုံးလွှမ်းအပ်သော အာပတ်တို့၏။ အဂ္ဂေန၊ အဖို့အစုအပိုင်း အခြားအားဖြင့်"ဟု အနက်ပေး။ များစွာသောဝတ်ကမ္မဝါစာတို့၌ကား ကဏ္ဍဇ စတုတ္ထက္ခရာ ဃကြီးနှင့် ဂ-ယ်ဒွေဘော်ဆင့်၍ "တာသံ အဃ္ဃေန"ဟု ရှိ၏။ အဘိဓာန်အနေကတ္ထဝဂ်ပါဒ(၁၀၄၇ ဂါထာ)မှာ "အဃ္ဃော မူလေ စ ပူဇနေ"ဟူ၍သာ လာသည်၊အဖို့အစု အပိုင်းအခြား အနက်မလာ။ မဟာဂ္ဃံပုဒ်၌ အဃ္ဃ-သဒ္ဒါအဖို့ဟု ဆိုအပ်သော မူလျအနက်ဟော။ မူလျ-၌ ကျပ်စသည်းအနက်မရှိ။ အဂ္ဃိယ-သဒ္ဒါစေတီဟော၊ ဤ အဂ္ဃိယပုဒ်၌ အဃ္ဃ-သဒ္ဒါ ပူဇော်ခြင်းအနက်ဟော။ ဤသို့ ကဏ္ဍဇတတိယ-ဂ နှစ်လုံးနှင့်ရှိသော အဂ္ဂသဒ္ဒါ၊ ကဏ္ဍဇဟတိယနှင့် စတုတ္ထဆင့်၍ အဃ္ဃ-သဒ္ဒါ နှစ်ပါးတို့ကိုပင် သံသယပျောက်စေခြင်းငှါ နှစ်ကြိမ်ရွတ်၍ ကမ္မဝါစာဘတ်ကြရာသတည်း။

အဇ္ဇတန္တိ အဇ္ဇဘာဝန္တိ ဝုတ္တံ ဟောတိ၌"အဇ္ဇဘာဝန္တိ အဿိံ အဟနိ ပဝတ္တံ" ဟု ဝိမတိဝိနောဒနီ (၁၊ဂဂ) ဖွင့်သောကြောင့် ဘာဝ-ပုဒ်ကို "ဟာဝနံ ဘာဝေါ"ဟု ဝိဂ္ဂိုဟ်မပြုလင့်၊ "ဘဝတီတိဘာဝေါ"ဟု ဝိဂ္ဂိုဟ်ပြု၊ ဤ ဝိမတိဝိနောဒနီ ဋီကာစကားကို ထောက်၍ ကျတ္တတာ ဘာဝေတုသတ်မှာ၊ ဘာဝ-ပုဒ်ကို ကတ္တုသာဓန ဝိဂ္ဂိုဟ်လည်း ပြုအပ်ကောင်းသည်ကို သိအပ်သေး၏။ အဇ္ဇ-ပုဒ်မှာလည်း ဒုတိယာဝိဘတ်ကို သိမ်ပြု။ (တစ်နည်း)ကံအနက်၌ သိမ်ဝိဘတ်သက်။ ထို့ကြောင့် "အဂ္ဂတိ ဗ္ဗေ ဥပယောဂဝစနဿ ကောရေ ဒေသော၊ ဝစနဂ်ပ္ပလ္လာသော ဝါ"-ဟု သိလက္ခန္ဓဋီကာသစ် (သိ-ဋီ-သစ် ၂၁၉၁)၌ မိန့်အပ်၏။ အဇ္ဇတဂ္ဂေပုဒ်နောင် ကတ္တာပုဒ်ကျေ၊ "အဇ္ဇတဂ္ဂေ၊ ယနေ့၌ဖြစ်သောအစကို။ ကတ္တာ၊ ပြု၍"ဟု အနက်ပေး။ အဇ္ဇတဂ္ဂန္တိ ဝါ အဇ္ဇဒဂ္ဂန္တိ ဝါ၊ အဇ္ဇဂ္ဂေစ္စေဝ အတ္ထော ဟူသော စကားကို သိလက္ခန္ဓဋီကာ သာမညဖလသုတ် (ဒီ-ဋီ၊၂၀၄) အဖွင့်ရှိသည်အတိုင်း ရေးတော်မူသတည်း။ သိလက္ခန္ဓဋီကာ

ဆရာသည် သုတ်သီလက္ခန် အဋ္ဌကထာနည်းမှ တစ်နည်းဖွင့်သတည်း။ သုတ်သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ်အဖွင့်(ဒီ-ဋ္ဌ-၁၊၂၁၁) ၌မူကား အဇ္ဈတ္တိ အဇ္ဈတ္တံ အဇ္ဈဒတ္တေ ဝါ ပါဌော၊ ဒကာရော ပဒသန္ဓိကရော။ အဇ္ဈတ္တိ အတ္တော-ဟုရှိ၏။ ဥပါသက် မံ ဘဝံ ဂေါတမော ဓာရေတူတိ မံ ဘဝံ ဂေါတမော စသော စကားဖြင့် အဝယဝတ္တကိုပြပြီး၍ သမုဒါယတ္တကို ပြတော်မူလိုရာကား အနညသတ္တု[က်-စသည်ကို မိန့်အပ်သတည်း။

ထွေ့စ၌ စ-ကား ဝါကျာရမ္ဘဇောတကတည်း။ ထွော့တိ သောဟံ ဘဝန္တံ တိ အာဒိဝစနေ၊ ၌။ ဗြာဟ္မဏော၊ ေရှ၌ပုဏ္ဏားသည်။ ပါဏုပေတံ သရဏံ ဂကန္တိဝစနေန၊ ဖြင့်။ ပုန၊ တစ်ဖန်။ သရဏဂမနံ၊ ကို။ ဝဒန္တော၊ လျှောက်ဆိုသည်ဖြစ်၍ (ဝါ) လျှောက်ဆိုသောအားဖြင့်။ အတ္တသန္နိယျာတနံ၊ မိမိကိုယ်ကို မြှတ်စွာဘုရားအား အပ်နှင်းခြင်းကို။ ပကာသေတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ဤစကားကို အဋ္ဌကထာ ဆရာဆိုတော်မူသည်ကား ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ပုဏ္ဏားသည် သရဏဂုံ ဆောက်တည်ပြီး ဖြစ်သောကြောင့် တစ်ဖန် ဆောက်တည်ရန်မရှိသည်နှင့် ဆိုသတည်း။ တယော-မာသေစသည်ဖြင့် ရှေးစကားကိုဆင့်၍ ဖွင့်သတည်း။အဓိဝါသေသိ၌ ဝါသ-ဓာတ်သည် အဓိ- ရှေးရှိ၍ သာယာခြင်းအနက်ဟောတည်း၊ သာယာခြင်းဟူသည် စိတ်ဖြင့် ဝန်ခံခြင်းတည်း။ ထို့ကြောင့် သမ္ပဋိစ္ဆိ-ဟု မိန့်သတည်း။

ဗြာဟ္မဏာသ စသည်ဖြင့် ရှေးဝါကျကို ဖွင့်သတည်း။ နိသိန္နာသနတော ဝုဋ္ဌာယ စသည်၌ ယထာ ခေါ ပနိမေ ရာဇာနံ ဝန္ဒိတွာ နိသိန္နာဝ အတ္တနော ကုလူပကသမဏာနံ ဂုဏံ ကထယိံသုန မယှံ ဧဝံ သတ္ထု[ဂုဏေ ကထေတုံ ယုတ္တန္တိ ဥဋ္ဌာယာသနာ ဘဂဝတော ဝိဟာရာဘိမုခေါ ပဥ္စပတိဋ္ဌိတေန ဝန္ဒိတွာ ဒသနခ သမောဓာနသမုဇ္ဇလံ အဉ္ဇလိံ သိရသိ ပဂ္ဂဟေတွာ၊ ဟူ၍ သုတ်သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ်(ဒီ-ဋ္ဌ-၁၊၁၃၃၊)အဖွင့်လာသည်နှင့်အညီ လည်းကောင်း ပဥ္စပတိဋ္ဌိတေနာတိ ဇွေ့ ပဥ္စဟိ အင်္ဂေဟိ အဘိမုခံ ဌိတေနာတိအတ္ထော၊ ပါဒ-ဇာဏုကပ္ပရ ဟတ္ထသီသသင်္ခါတာနိ ပဉ္စအင်္ဂါနိ သမံ ကတွာသြနာမေတွာ အဘိမုခံ ဌိတေန ပဉ္စမံ ဝန္ဒိတွာတိ ဝုတ္တံ ဟောတိ ဟူ၍ သုတ်သီလက္ခန်ဋီကာသစ်(ဒီ၊ဋီ၊သစ်၊၂၊၁၀၈) ဖွင့်သည်နှင့်အညီ လည်းကောင်း၊ ပုဆစ်နှစ်ခု၊ လက်နှစ်ခု၊ ဥကျောင်းပေါင်း ငါးပါးတို့ကို အမျှပြု တည်သဖြင့် ရှေးဦးစွာ ရှိခိုးခြင်းသည် ဝန္ဒိတွာအရ ဝန္ဒနာမည်၏။ ဝန္ဒန္တောပိ အရေ ဝန္ဒနာကား ကာယဝန္ဒနာ, ဝါစာဝန္ဒနာ, မနဝန္ဒနာ သုံးပါးပြား၏။ ထိုသုံးပါးတို့တွင် ကိုယ်ကိုညွတ်၍ ရှိခိုးခြင်းသည် ကာယဝန္ဒနာ မည်၏။ ဘုရားဂုဏ်တော်ကို နှုတ်မြွက်၍ ရှိခိုးခြင်းသည် ဝါစာဝန္ဒနာ မည်၏။ ဘုရားဂုဏ်တော်ကို နှလုံးသွင်းခြင်းသည် မနဝန္ဒနာ

မည်၏။ လက်အုပ်ချီခြင်းကိုမူကား "အဉ္ဇလိံ ပဂ္ဂယှ" ဟု မိန့်တော်မူလတ္တံ့တည်း။ ထို့ကြောင့် အဉ္ဇလိပဂ္ဂဏှနသည် ကာယဝန္ဒနာ မဟုတ်။

ဟုတွာ၊ ဖြစ်၍ (ဝါ) ဖြစ်သောကြောင့်။ အပက္ကမေတွာ၊ နောက်ဆုတ်ဖဲ့၍ အပ-ပုဒ်, ကမ-ပုဒ်တည်း, အ-ပုဒ်, ပက္ကမ-ပုဒ် မဟုတ်။ ထို့ကြောင့် "အပက္ကမေတွာ၊ မဖဲ့မူ၍" ဟု အနက် မပေးလင့်။ အ-နှင့် ပ-ကို ရော၍ရွတ်၊ စဉ်းငယ် ရပ်သဖြင့် ခွဲ၍ မရွတ်လင့်။

ဒုဗ္ဘိက္ခာပုဒ်၌ ဒု-ဥပသာရပုဒ်သည် အဘာဝအနက်ဟော ဖြစ်သောကြောင့် "ဒုဗ္ဘိက္ခာ၊ လုံးလုံးထမင်းမရှိသည်" ဤအနက်လောဟု မေးရန်ရှိသောကြောင့် ဒုဗ္ဘိက္ခာတိ ဒုလ္လဘဘိက္ခာကို မိန့်သတည်း။ ဤစကားရပ်ဖြင့် ဒု-သဒ္ဒါ၏ အသမိဒ္ဓိ အနက်ကို ပြသတည်း။ မပြည့်စုံသော ထမင်းရှိခြင်းဟူသည် ရခဲသောထမင်း ရှိခြင်းပင်တည်း။ ထို့ကြောင့် အဓိပ္ပာယ်ကို အရင်းမူသဖြင့် သဒ္ဒတ္ထကို အဋ္ဌကထာ ဆရာ ပြသတည်း။

ဒုဗ္ဘိက္ခာပုဒ်၌ ဒုလ္လဘဘိက္ခာ အနက်ဖြစ်ခဲ့သော် ဝေရဉ္ဇာမြို့သည် ဒွိဟိတိက စသည်ဖြစ်၏ ဟူသောအနက် ပြီးပါသည် မဟုတ်လော၊ သို့ပါလျက် အဘယ် အကြောင်းကြောင့် ဒွိဟိတိကာ-စသော စကားကို ဟောတော်မူလေသနည်း။ သဒ္ဒါလွန်သည်မဟုတ်လော၊ သဒ္ဒါလွန်ကလည်း ပြအပ်သောအနက်လွန်ရှိရာသည် မဟုတ်လော၊ အဘယ်အနက်လွန်ကိုပြလိုသောကြောင့် ဤစကားကိုဟောတော်မူ သနည်းဟု စောဒနာရန် ရှိသောကြောင့် သာ ပန-စသည်ကို မိန့်အပ်သတည်း။

ပန တထာပိ၊ လည်း။ သာ ဒုလ္လဘဘိက္ခတာ၊ သည်။ (ဟောတိမှာစပ်) သုသဿကာလေ ပိ-ကိုဆင့်၍ အတိသမဂ္ဃေ ပိ-ဖြင့်ဖွင့်သတည်း။ အတိသမဂ္ဃေပိ-၌ သံ-သဒ္ဒါကား သမောဓာန, သံခေပ-စသော အနက်တို့တွင် သံခေပ အနက် ဟောတည်း၊ အကျဉ်းသံခေပဟူသည် ဤအရာမှာ အနည်းငယ် အပ္ပကတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၁၄၂၆)၌ "အတိသယေန အပ္ပဂ္ဃေပိ" ဟု ဖွင့်သတည်း။

သုသဿကာလေပိ၊ ပြည့်စုံသော ကောက်ရှိသော အခါ၌သော်လည်း။ ပုဗ္ဗဏ္ဏာပရဏ္ဏေ၊ ကောက်ပဲသည်၊ အတိသမဂ္ဃေပိ၊ အလွန်နည်းသော အဖိုးရှိ သောအခါ၌သော်လည်း။ ဟောတိ၊ ဖြစ်တုံသေး၏။ ပိ-သဒ္ဒါ နှစ်ခုကား ဂရဟာ အနက်၌ ဖြစ်သတည်း။ ဝေရဉ္ဇာယံ ပန ၌ ပန-ကားဝိသေသတ္ထဇောတကတည်း။ ဆာတကဒေါသေန။ ကြောင့်။ ဒွိဟိတိကာပုဒ်၌ ဒု+ဤဟိတိကာပုဒ်ဖြတ်၍

မကောင်းသော အားထုတ် ခြင်းရှိ၏ အနက်မဖြစ်သလော့ဟု မေးရန်ရှိသောကြောင့် တတ္ထ-စသည်ကို မိန့်သတည်း။ စေ့ဆော်ကျိုးကုတ်အားထုတ်အပ်သော အမှုသည် ဤဟိတမည်သလောဟု မေးရန်ရှိသောကြောင့် ဤဟိတံနာမစသည်ကို မိန့်သတည်း။

တတ္ထ ဝေရဉ္စာယံ ကိဉ္စိ ဘိက္ခုမာနာ လဗ္ဘာမ နုခေါ နလဗ္ဘာမ နုခေါ ဣတိ ဒွိဓာ ပဝတ္တာ စိတ္တဣရိယာ စိတ္တဤဟာ ဤဟိတံနာမ။ ဇီဝိတုံ ဝါ သက္ခိဿာမ နု ခေါ၊ နော သက္ခိဿာမ နုခေါ တိဒွိဓာ ပဝတ္တာ စိတ္တဣရိယာ, စိတ္တဤဟာ ဤဟိတံနာမ။ ဣတိ အယံ တတ္ထ ဒွိဟိတိကာတိပဒေ အဓိပ္ပာယော။

သေတာ အဋ္ဌိ စ ကား၌ "သေတဘာဝေန ဒဋ္ဌ ယတိ ဟိံသတီတိ အဋ္ဌိ" ဟု ဝစနတ္ထပြု။ အဋ္ဌ အတိက္ကမ ဟိံသာသု၊ ( အဘိဓာန်ဋီကာ ၁၁၂၆-ဂါထာ၊ ) အဋ္ဌိယန္တိတိ သကေန ကာယေန ဒဋ္ဌာ ဒုက္ခိတာ ဟောန္တိ ဟူသော တတိယပါရာဇိကအဖွင့် (ဝိ၊ဋ္ဌ ၂၊၅။) အဋ္ဌကထာစကားဖြင့် အဋ္ဌသည်နာမခါတ်ဟု ပြသတည်း။ သိက္ခာပစ္စက္ခာနအရာ၌လာသော အဋ္ဌိယ-မာနေ၌လည်း နည်းတူတည်း။ ထိုမှာပင်လာသော ဝေဒနဋ္ဌော၌ အဋ္ဌ-သည် ကေန္တခါတ်၊ အဆတ္တံ ဆတ္တမိဝ အာစရတိ ကဏ္ဍတီတိ ဆတ္တိယတိကဲ့သို့တည်း။ အဋ္ဌိယန္တိဟု ဋ္ဌိ-၌ ဒီဃရှိရာသတည်း။ ဤယုပမာနာစ-သုတ်၌ ဤယ-ဟူသော ယောဂဝိဘာဂသုတ်ဖြင့် ဥပမာနမဟုတ်သော နာမသဒ္ဒါနောင် ဤယ-ပစ္စည်းသက်။

သေတကရောဂေန၊ ဖြူသောကောက်နာသည်။ (ဝါ) ဖလံဖြူစွဲသော ကောက်နာသည်။ ဝုတ္တသဿံ၊ စိုက်ပျိုးအပ်သောကောက်ပင်သည်။ တတ္ထ၊ ထိုဝေရဉ္စာမြို့၌။သလကာယေဝ၊ အခံမပါ စပါးနှံတံသည်သာလျှင်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ ဝုတ္တသဿံ၌ ဒန္တဇပဌမက္ခရာ တ္တ-နှင့်ရှိရမည်။

ကေသောဟာရဏဇီဝိတ- ဝုတ္တိသု ဝပနေ စ ဝါပသမကရဏေ။
ကထနေ ပဝုတ္တဘာဝ ဧွဘေနာဒေါ ဝုတ္တမပိ တီသု—

ဟူသော အဘိဓာန်အနေကတ္ထဝဂ် (၇၉၁-ဂါထာ)ကို ထောက်။ သလာ-ကာယ ဝါ စသည်၌ သလာက- သဒ္ဒါ စာရေးတံဟော။

ဓညကရဏဋ္ဌာနေ၊ စပါးချင့်ရာအရပ်၌။ ။ဒဏ္ဍကွာ ဂေါဂတောစေ၀။ အဘိဓာန် ဗြာဟ္မဏဝဂ် (၃၄၃-ဂါထာ) အဋ္ဌကထာ၊ တစ်ရပ်တစ်ရွာ၌သာ လွန်သောစည်းစိမ်ရှိသောသူ။ အဓိဂတော၊ များစွာသောရပ်ရွာတို့၌ လွန်သော စည်းစိမ်ရှိသောသူ။ (အဘိဓာန်နိဿယ)။ ဂါမေသု အဓိကတ္တာ၊ အဓိကာဏက္ခာ အနုဘာဝနမေတဿ အဋ္ဌကထာ၊ ဣဿတ္တံ အဓိကံကရောတီတိဓိကတော၊ (အဘိဓာန်ဋီကာ (၃၄၃-ဂါထာဖွင့်) ဝဏ္ဏဋ္ဌကထာနိ ကဟာပဏပရိက္ခကံ၊

(သာရတ္ထဒီပနီ ၁၊ ၄၂၇။) ဤ သာရတ္ထဒီပနီဋီကာ အလိုအားဖြင့် ဝဏ္ဏပုဒ်, အဓိပ္ပုဒ်, ဣက္ခပုဒ်၊ ဝဏ္ဏသဒ္ဒါ အဆင်းသဏ္ဌာန်ဟော။ "ဝဏ္ဏဇ္ဈက္ခံ၊ အသပြာ၏ အဆင်းသဏ္ဌာန်ကို အသပြာမှန်မမှန် သိရအောင် အလွန်ရှုတတ် ကြည့်တတ်သော ပွဲစားကို" ဟု အနက်ပေး။ အဘိဓာန်ဋီကာနှင့် အဘိဓာန် နိသျသည် သာရတ္ထဒီပနီနှင့်မတိုက်ဆိုင်။ သာရတ္ထဒီပနီဖွင့်တိုင်းသာ အရာ ထောက်ရှုသင့်မည်ထင်သတည်း။

န သုကရာ ဥဒ္ဒေ္ဒန ပဂ္ဂဟေနဟူသော စကားရပ်၌ "ဥဒ္ဒေ္ဒန၊ ဆွမ်းကို ရှာမှီးခြင်းဟု ဆိုအပ်သော။ ပဂ္ဂဟေန၊ အားထုတ်ခြင်းဖြင့်။ ယာပေတုံ၊ ငှာ။ နသုကရာ၊ မလွယ်" ဟူသော အနက်ဖြစ်သလောဟု မေးရန်ရှိသောကြောင့် န် သုကရာ ဥဒ္ဒေ္ဒန ပဂ္ဂဟေန ယာပေတုန္တိ စသည်ကိုမိန့်သတည်း။

ဤစကားရပ်ဖြင့် "ပဂ္ဂယှတီတိပဂ္ဂဟော" ပဂ္ဂယှတိ၊ ချီးမြှောက်အပ်၏။ ဣတိတသ္မာ၊ ကြောင့်။ ပဂ္ဂဟော၊ မည်၏။သဒ္ဒိတ်ကိုရ၏။ ပဂ္ဂဟေန၊ ချီမြှောက် အပ်သောသပိတ်ဖြင့်။ ဥဒ္ဒေ္ဒန၊ ဆွမ်းကိုရှာမှီးသဖြင့်။ ယာပေတုံ၊ ငှာ။ န သုကရာ၊ လွယ်ခြင်းမရှိရာမှုတည်း။ ဟူသော အနက်ကိုပြတော်မူသတည်း။ "န သုကရာ၊ မလွယ်ဟု အနက်ပေးမူ ဝေရဉ္ဇာ ဟူသော ပကတိ ကတ္တားနှင့် ဆန့်သတည်း။ "လွယ်ခြင်းမရှိရာမှုတည်း" ဟု အနတ်ပေးမှ ဓကတိ၊ ဝိကတိ၊ မဆန့်သတည်း။ ထို့ကြောင့် သာရတ္ထ ဒီပနီ (၁၊ ၄၂၇) ၌။ သုကရဘာဝေါ ဧတ္ထ နတ္ထိ တိ နသုကရာ"ဟု မိန့်အပ်၏။ အတ္တနိ္ထသာ တပ္ပုရိသေ, သရေအန် သုတ်တုံနှင့် မဆိုင်သောကြောင့်လည်းကောင်း, သဒ္ဒနီတိ (နီတိသုတ္တ-၇၁၇။)မှာ နသဿတ္တံ တပ္ပုရိသဗဟုဗ္ဗီဟိသု။အဗြာဟ္မဏော၊ အနုတ္တရော၊ ဟူသြားသော်လည်း ဗဟုဗ္ဗီဟိသမာသ်၌။ အ-ပြုရသည် မမြဲသောကြောင့်လည်းကောင်း။ န-သဒ္ဒါ ပကတိရှိသတည်း။ အနုတ္တရော၌ န-ပုဒ်၊ ဥတ္တရပုဒ်၊ န-လာ၊ ဥ-ကပ်။ ပြီးမှ န-ကို အ-ပြုစေလိုသတည်း။

သတ္တဌဂါမေ၊ ခုနှစ်ရွာ၊ ရှစ်ရွာတို့တိုင်တိုင်။ ဟိယသ္မာ အဒ္ဓါနံ ပဋိပဇ္ဇိတုံ န သက္ကာ၊ တသ္မာ ဝသာဝါသံ၊ ဥပဂတာ ဟောန္တိ။

ပတ္တပတ္တ ပုလကန္တိ၊ ဟူသည်ကား။ ကောမေကာသ၊ သော။ ဘိက္ခုနော၊ အား။ ပတ္တပတ္တပမာဏ၊ တကွမ်းစား တကွမ်းစား အတိုင်းအရှည်ရှိသော(ဝါ) တစလယ်၊ တစလယ် အချင့်ရှိသော။ ပုလကံ၊ မုယောဆန်ရင်းကို။ ဂဟေတွာ ယဝတဏ္ဍုလာ ဝုစ္စန္တိကိုထောက်။ မုယောဆံဟူသည် ယနုကာလ ခေါ်ဝေါ်ကြ

သော ဂျုံဆန်တည်း။ ပတ္တနှင့် နာဠိ ကဲ့သို့ ပရိယာယ်တည်း။ ထိုကြောင့် "ပတ္တောဒနမ နာဠိမတ္တံ ဟောတိ"ဟု မိန့်အပ်၏။ အဘိဓာန် (၄၇၄-ဂါထာ)၌လည်း "ပတ္တော တု နာဠိ နာရိယံ"ဟု မိန့်ဆိုအပ်၏။ ပတ္တဟူသည် တစလယ်တည်း။ ထို့ကြောင့် အဘိဓာန် (၄၇၂-ဂါထာ)၌ "ကုဍုဝေါပသထော စောဏ၊ ပတ္ထော တေ စတုရောသိယံ"ဟု မိန့်အပ်၏။ ဧကော ပသထော၊ တလက်ဖက် တလက်ဆွမ်းသည်။ ကုဍုဝေါ၊ တကချုံမည်၏။ တေ စတုရော၊ ထိုလေးကချုံတို့သည်။ ပတ္ထော၊ တကွမ်းစားသည်။ (ဝါ) တစလယ်သည်။ သိယံ၊ ဖြစ်ကုန်၏။ လေးဆုတ် တကချုံ, လေးကချုံ ဘပတ္တ= တစလယ်။ ဝိမတိဝိနောဒနီဋီကာ၊ နိဿဂ္ဂိယပတ္တ သိက္ခာပုဒ်အဖွင့် (ဝိမတိဋီ ၁၊၃၄၇)၌ "ကောဿ ပုရိသဿ အလံယာပနာယ"ဟူသော စကားကို ယောကျ်ားတစ်ယောက်အား နှစ်ထပ်မျှ လောက်သည်ကို ရည်၍ဆိုအပ်သောကြောင့် ပတ္တ-အရ ခွက်ကွမ်းစားတည်းဟု မိန့်အပ်လတ္တံ့။ ယောရသကဏ်ဋီကာ နိဿဂ္ဂိယပတ္တ သိက္ခာပုဒ်အဖွင့်၌ ကောဿ· ပုရိသ စသော စကားကို ယောကျ်ားတစ်ယောက်အား တစ်ထပ်မျှလောက်သည် ကိုရည်၍ ဆိုသောကြောင့် ပတ္တ-အရ စလယ်ကွမ်းစားတည်းဟူ မိန့်အပ်လတ္တံ့။ မဟာနာမသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ (ဝိ-၃-၁၊၁၂၄)၌၊ "ပတ္တေန နာဠိယာ အဍ္ဍေကနာဠိ ဝါ"ဟု မိန့်အပ်လတ္တံ့သော စကား၌ ပတ္တ-အရ တစလယ်တည်း။ နာဠိအရ တခွက်တည်း။ ထို့ကြောင့် "ပတ္တနှင့် နာဠိသည် တူသည်လည်းရှိ၏။ မတူသည်လည်းရှိ၏"ဟူ၍ နှစ်မျိုး မှတ်ရန် ရှိသတည်း။ ဤကား ဋီကာဆရာ နှစ်ပါးတို့၏ အာဘောဂကိုပြ၍ ဆိုလိုက်သတည်း။ ဋီကာနှစ်ဆောင်၌ မူကား ဤစကား အစဉ် အတိုင်း မလာရှိပေဘူး။

တေန ဟိ ဣမ သွိ ဂေဟေ ပရိဇနဿာတိ။ ကိံ တေ ဓေတနာတိ။ တေန ဟိ ဗန္ဓုဇနဿဝ ပဟောနကံ ကတွာ ပစာမိတိ။ ကိံ တေ ဓေတနာတိ။ တေန ဟိ တုယှဥ္စ မယှဥ္စ ပစာမိ သာမိတိ။ ကာသိ တုံ၊ န တုယှံ ဝဋ္ဋတိတိ။ တေနဟိ ကော· ဿော တေ ပဟောနကံ ကတွာ ပစာမိတိ။ မယှဥ္စ တုံ မာ ပစိ၊ ဂေဟေ ပနပ· စန္တေ ဗဟူ ပစ္စာသိသန္တိ၊ မယံ ပတ္တံ တဏ္ဍုလာနံ စတုဘာဂံ ခီရဿ အစ္ဆရံသက္ခ· ရာယ ကရဏ္ဍကံ သပ္ပိဿ ကရဏ္ဍကံ မဓုဿ ကေဥ္စ ပစနဘာဇနံ ဒေဟိ၊ အဟံ အရ· ညံ ပဝိသိတွာ တတ္ထ ပစိတွာ ဘုဥ္ဇာမိတိ။ သာ တထာ အကာသိ။ အသီတိနိပါတ် သုဓာဘောဇန ဇာတ်အဋ္ဌကထာ။ (ဇာတက ၃၊၅၊၄၁၀။ ။တဏ္ဍုလာနံ။ ဆန်တို့၏။ ပတ္တံ၊ တကွမ်းစားကို၊ (ဝါ)တစလယ်ကို။ နေဝကိဏာမိ နပိ ဝိက္ကိ· ဏာမိ၊ န စာပိ မေ သန္နိစယော စ အတ္ထိ၊ သုကိစ္ဆရူပံ ဝတိဒံ ပရိတ္တံ၊ ပတ္ထော· ဒနော နာလမယံ ဒုဝိန္နံ။ အသီတိနိပါတ် သုဓာဘောဇနဇာတ် (ခု ၆၉၉။)

ဣဒံ ပရိတ္တန္တိ ဣဒံ အပ္ပကံ။ ပဏ္ဍောဒကေနာတိ နာဠိ မတ္တော ဩဒနော။ ဒုဝိန္နန္တိ အမှာကံ ဒုဝိန္နံ။ အလန္တိ အယံ ပါယာသော၊ နာလန္တိ န ပဟောတိ။ (ဇာတ်ဋီကာ)

မာနန္တိ ဟိ အဋ္ဌန္နံ နာဠီနံ နာမံ၊ စတုန္နံ အာဠှကာနံ၊ စတဿော စ နာဠိယော တုမ္ဗော နာမ။ (ဖေကနိပါတ် အသမ္ပဒါန ဇာတ်အဋ္ဌကထာ) (ဇာတက ဋ္ဌ ၁၊၄၉၃)စတုန္နံနာဠီနံ၊ တို၏။ အာဠှကာနံ၊ အာဠှကာနပဟူသော အမည်သည်။ ဟောတိ၊ ၏။ အဟံ ခေါ ပန ဥဒါယိ အပ္ပေကဒါ ဣမိနာ ပတ္တေန၊ သမတိတ္တိကံပိ ဘုဉ္ဇာမိ၊ ဘိယျောပိ ဘုဉ္ဇာမိ။ မဇ္ဈိမပဏ္ဏာသပါဠိပါဠိဗြာဇကဝဂ် မဟာ သကုလုဒါယီသုတ် (မ၊ ၂။ ၁၉၉)။ သမတိတ္တိကန္တိ ဩဋ္ဌဝဋ္ဋိယာ ဟေဋ္ဌိမ-လေခါသမံ။ ။(အဋ္ဌကထာ မ-ဋ္ဌ၊ ၃၊ ၁၆၅) ဤဇာတ်ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထောက်ထား၍ တေရသကဏ်ဋီကာလာတိုင်းသာ "စလယ်ကွမ်းစား" အမှန်တည်းဟု ဆစ်ဖုမရှိ မှတ်သိအပ်၏။ ဝေရဉ္ဇမြို့မှ မြင်းကုန်သည်တို့က တကွမ်းစား တကွမ်းစားသော မယောဆန်ရှင်းကို လှူဒါန်းသည်ဖြစ်၍ ရတော်မူသည်ကာလ ဘုရားအမှူးရှိသော သံဃာတော် ငါးရာသည် တစ်ထပ်တစ်ကြိမ်သာ သုံးဆောင်တော်မူသတည်း။ ထို့ကြောင့်လည်း "စလယ်ကွမ်းစား" အမှန်တည်းဟု ဆင်ဖုမရှိ မှတ်သိအပ်၏။

အဿ ဘတ္တံ ဘဝိဿတိ ဣတိ မနသိကတွာ ယဝတဏ္ဍုလံ အာဒါယ အဒ္ဓါနံ ပဋိပဇ္ဇန္တိ။

ဗုဒ္ဓမာမက, ဓမ္မမာမက, သံဃမာမက ဖြစ်ကုန်လျှင်ပင် အဘယ်ကြောင့် တကွမ်းစား တကွမ်းစားသော မယောဆန်ရင်းကို ဝတ်တည်အပ်သနည်း။ မြို့တစ်စိတ်ဝေစ်ဒေသကို ဆွမ်းအကျိုးငှာ လှည့်လည်၍ အလိုရှိတိုင်း ဆွမ်းရပ်ကုန်သော ရဟန်းတို့ကို မြင်ကုန်လေက နုပ်နုပ်ညှံ့ညှံ့ မယောဆန်ရင်းကို ရဟန်းတို့အား ဝတ်မတည်ကုန်ရာသည် မဟုတ်လောဟု မေးရန်ရှိသောကြောင့် တေ ပုဗ္ဗဏှသမယံ စသည်ကို မိန့်အပ်သတည်း။

သို့ပင် မြင်ကုန်စေကာမူ၊ မြင်ကာမတ္တ ဖြစ်လေက ဝတ်မတည်ကုန်ရာသည် မဟုတ်လောဟု မေးရန်ရှိသောကြောင့် ဒိသွာန- စသည်ကို မိန့်အပ်သတည်း၊ ဟိ ယသ္မာ အပ္ပသန္နာ န ဟောန္တိ၊ ဟသ္မာ စ, သံဃမာမကာ ဟိယသ္မာ ဟောန္တိ၊ တသ္မာ စ, ဟိယသ္မာ အဒ္ဒသံသု တသ္မာ စ,၊ဟိယသ္မာ တေဒဟောသိ၊ တသ္မာ စ, တေ ဘိက္ခူနံ သန္တိကံ ဂန္တွာ။ ပ။ ပဋိပေသုံ။

နိဂုံးအုပ်တော်မူလိုရကား၊ တေန ဝုတ္တံ စသည်ကို မိန့်အပ်သတည်း။

ဤသို့တစ်ဖန်ကျော့၍ ဆိုသော စကားကို နိဂုံးဟု နေတ္တိဋ္ဌကာ၌ဆိုသတည်း။

ဆရာတို့ကား "တေန ဝုတ္တံ၊ လက်ရှမ်းတမ်း" ဟု မိန့်တော်မူကြကုန်၏၊ လက်ရှမ်းတမ်းဟူသည်ကား လဒ္ဓဂုဏ်တည်း၊

ပညတ္တံဟူသော ပုဒ်၌ ဉာပ-ဓာတ်သည် တောသနှ, နိသာနအနက်၌ ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် ပညတ္တန္တိ- စသည်ကို မိန့်အပ်သတည်း။

ဤအရာမှာ ပ·ရှေးရှိသော ဉာပ- ဓာတ်ဖြစ်၍ ထားခြင်းနိက္ခိပန- အနက်၌ ဖြစ်သတည်းဟု ပြတော်မူသတည်း။

ပုဗ္ဗ-ဣ သမယံ ဟူသော ပုဒ်၌ ပုဗ္ဗအဏ္ဍ သမယံ ဟု·ပဒစ္ဆေဒ မူရသည်ဖြစ်၍ ရှေးဖြစ်သော လောလောပူသော မွန်းတည့်အခါ၌ ဟူသောအနက် ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် ဣဒါနိ·စသည်ကို မိန့်အပ်သတည်း။

ပုဗ္ဗ·ပုဒ်, အဟပုဒ်, သမယပုဒ် အဟ သဒ္ဒါနေ့ဟော"အဟာသာ ပုဗ္ဗံ ပုဗ္ဗဏှံ၊ ပုဗ္ဗဏှုဥ္စ တံ သမယောစာတိ ပုဗ္ဗဏှသမယော" ဟူသော ဝစနတ္ထကို ပြတော်မူသတည်း၊ အဟာသဒ္ဒါကို အဏှပြု၊ ထို့ကြောင့် သမာသ် ရူပသိဒ္ဓိ (အမာဒိ·တပ္ပုရိသ်)၌၊ အဟာသာ ပုဗ္ဗံ ပုဗ္ဗဏှံ၊ ဝေ သာယဏှံ တော့ဝုဒ္ဓိတိ အာဒိနာ အဟာသာအဏှာဒေသော ဟု မိန့်အပ်၏။ ဝုတ္တိမောဂ္ဂလာန် (၃၊ ၁၁၀၊) ၌လည်း ပုဗ္ဗာပရဇ္ဈသာယမဇ္ဈေ ဟာဟာသာနှော။ ။ပုဗ္ဗာဒီဟိ ဥတ္တရပဒသာ ဇာဟာသာ အနှာဒေသော ဟောတိ၊ ပုဗ္ဗနှော။ အပရနှော၊ အဇ္ဈနှော၊ သာယနှော၊ မဇ္ဈနှော—ဟု မိန့်အပ်၏။

ဤအဋ္ဌကထာ၌မူကား စာအများပင် မုဒ္ဒဇပဉ္စမက္ခရာဏ နှင့် ရှိကြသည်။ ထို့ကြောင့် ရှိသော အလိုအားဖြင့် အဟ သဒ္ဒါကို မုဒ္ဒဇ ပဉ္စမက္ခရာ အဏှပြု။

(ဝါ) တစ်နည်းကား၊ "ပုဗ္ဗဏှော၊ နံနက်အခါ၌၊ "သမယံ၊ တစ်ခုသော အခါပတ်လုံး"။ ရက္ခေသာခါ ကဲ့သို့ အပေါင်း, အဘိတ် အာခာရ,အာခာရိ ဖြစ်သတည်း။ တစ်နည်းကား "ပုဗ္ဗဏှော၊ နံနက်အခါတွင်။ သမယံ၊ တစ်ခုသောအခါပတ်လုံး"။ ပုဗ္ဗဏှောကား ကောဝုစ် နိဒ္ဒါရဏ၊ "အန္တသာတေ ကော-ကဿ°"ကဲ့သို့တည်း။ ဝိဟာရနိဝါသနပရိဝတ္တနဝသေန၊ ကျောင်း၌ နေသော အခါ ဝတ်အပ်သော သင်းပိုင်ကို ရှာသို့ဝင်ခါနီးအခါ, လှုပ်ရှားပြုပြင်သော အားဖြင့် ပြန်လှန်သည်၏အစွမ်းအားဖြင့်။ သမ္ပဋိစ္ဆာဒေတွာ၊ သက်နီးဖြင့် ကိုယ်ကိုဖုံးလွှမ်း၍ (ဝါ) သက်နီးရုံ၍။ ဓာရေတွာ၊ သပိတ်ကို ဆောင်ပိုက်၍။

သမာဒါယေဝ ပက္ကမတိ ကား ဥဒါဟရဏ် ညွှန်းပြကြောင်းတည်း။ ထို့ကြောင့် ဝဇိရဗုဒ္ဓိ ဋီကာ၌ သမာဒါယေဝါတိ နိဒဿနံ(ဝဇိရ-ဋီ၊၅၆)ဟု မိန့်အပ်၏။ အတိစ္စထ၊ ဤအိမ်ကိုလွန်၍ ရပ်ခြင်းငှာ အလိုရှိပါကုန်လော့။ (ဝါ)ကန်တော့ ပါကုန်၏။ ဇာတိ၊ ဤသို့။ ဝါစမ္ပိ၊ ကန်တော့စကား ဇာ န်တော့ဆွမ်းကိုမျှလည်း။ ဂတာဂတ ဌာနေ၊ ရောက်ရာရောက်ရာအရပ်၌။ သာမမ္ပိ၊ ကိုယ်တိုင်လည်း။ ပစနံ၊ ပေါင်းအပ်ပြီးသော မုယောဆန်ကို ယာဂုကျိုခြင်း, ထမင်းချက်ခြင်းသည်။ န စ ဝဋ္ဋတိ၊ အပ်လည်း မအပ်။ သာမံပါကဖြစ်၍ ဒုက္ကဋ် အာပတ် သင့်သည်ဟုလိုသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ(၁၄၂၀)၌ ပုန အကပ္ပိယဘာဝံ ပိဒဿေန္တော အာဟ န စ ဝဋ္ဋတိ–ဟု မိန့်အပ်၏။

အဋ္ဌကထာဝုဋ္ဌေ အဋ္ဌကထာပကတော၊ သာမံပါကေ စ ဒုက္ကဋံ- ဟူ၍ ခုဒ္ဒသိက္ခာ (၁၁၂-ဂါထာ) ၌လည်း မိန့်အပ်၏။ ဥဿောဒေတ္ဘာ ဂဟိတယဝတဏ္ဍုလာ– ဝုစ္စန္တိ–ဟူသော အဋ္ဌကထာ ရှေးစကား၌ ဤ "န စ ဝဋ္ဋတိ" ဟူသော နောက်စကားကို ထောက်၍ ကျက်အောင်ပေါင်းသည်မဟုတ်။ ပိုးမထိုးစေခြင်း ငှာ တော်ရုံသာ ပေါင်းသည်ဟု မှတ်အပ်၏။ ယဒိ ဟိ သတုသာ ဟူသော စကားကိုလည်း ဥပလက္ခဏနည်းအားဖြင့်သာ ဆိုသည်။ အနုသေဒိတာ ဟူသော စကားကိုလည်း သိ။ အကယ်၍ ကျက်အောင်ပေါင်းပြီးဖြစ်ခဲ့မူ၊ ကျက်ပြီးကို ကိုယ်တိုင် ချက်မှုမအပ်ဘဲ အဘယ်မှာ ရှိလှည့်အံ့နည်း၊ အပ်သည် သာလျှင်တည်း။ အဖျော်မှာမူကား မီးဖြင့် ချက်အပ်, ကင်အပ်ပြီးသော သရက်သီး စသည်ဖြင့်လည်း ဖျော်ရည် မလုပ်ကောင်း၊ လူ, သာမဏေတို့ ပြုလုပ်အပ်ပြီးသော ဖျော်ရည်ကိုလည်း မီးနှင့် ကျို၍ မသောက် ကောင်း။ ထို့ကြောင့် မဟာဝါဘေသဇ္ဇခန္ဓက(ဝိ-၃-၁။၃၇၃) ၌ ဥဒကေ- ပက္ခိပိတွာ အာတပေ အာဒိစ္စပါကေန ပစိတွာ–စသော စကားကိုလည်းကောင်း ဣမာနိ အဋ္ဌပါနာနိ သီတာနိ ပိ အာဒိစ္စပါကာနိ ပိ ဝဋ္ဋန္တိ၊ အဂ္ဂိပါကာနိ နဝဋ္ဋန္တိဟု (ဝိ–၃၊၁။၃၇၃) မိန့်အပ်၏။ ထိုစကားနှစ်ရပ်တွင် ရှေ့စကားဖြင့် မီးဖြင့်ကင်အပ်, ချက်အပ်သော သရက်သီးစသည်ဖြင့် အဖျော်ပြုလုပ်ခြင်းငှာ မအပ်သည်ကို ပြန်ဘက်အားဖြင့် သိအပ်၏။

အထ၊ ထိုမြင်းကုန်သည်တို့ လှူသည်မှ၊ ပစ္ဆာ၊ နောက်၌။ နံ၊ ထိုကာကွမ်း စားသော မုယောဆန်ကို။ ပိယိတွာ၊ ကျောက်၌ကျိတ်၍။ ဤစကားကို မြင်းကုန်သည်တို့လှူသည်မှ နောက်၌ ကျိတ်ပြီးလျှင် အမှုန့်အတိုင်းကပ်သလော ဟု လျှဉ်းပါးရန်ရှိသောကြောင့် မိန့်သတည်း။

---

[၁] ပရိသေဒိတာနိ—ဟု ဖြစ်သင့်၏။ ဝိ-ဋ္ဌ-၁၊၁၀၀–နှာ၌။

မာရာဝဋ္ဋနာယ၊ မာရ်နတ်သည် ပြုအပ်သော ရဟန်းသံဃာနှင့်တကွသော ဘုရားရှင်မှ ဝေရဉ္ဇပုဏ္ဏားအား၏ စိတ်ယည်ခြင်းကြောင့်။ န ဇာနာတိ၊ မသိ။

ပဏ္ဍုကမ္ဗလုတ္တမေဝ ဝေရဉ္ဇံ ပြာဟ္မဏဉ္စ နဂရဉ္စ ယောဇနမတ္တဉ္စ တံ သဗ္ဗဉ္စ။ တဿာ စသည် လဒ္ဓဂုဏ်တည်း။ တဿာ-ဖြင့် နဇာနာတိ-စွ၊ ပရိယုဋ္ဌိတ-စိတ္တော၊ ထက်ဝန်းကျင်မှယူ၍ တည်သောစိတ်ရှိသည်။ [၁]ဝိသယေ၊ အရုံသည်။ သတိ၊ ရှိသော်။ န သက္ကောတိ၊ မတတ်နိုင်သည်ကား။ နေဝ၊ မဟုတ်။ အဝိ-သယတာယ-ဟူသော နေဝက်စကားကိုထောက်။

အဘိဟဋ္ဌတိက္ခာယ၊ ချက်ပြုတ်ပြီး၍ မြတ်စွာဘုရား၏ အထံတော်သို့ ရွေးရှု ဆောင်အပ်ဆဲဖြစ်သော ဆွမ်းတော်၏လည်းကောင်း။ နိမန္တဒါနဿ၊ မြဲသော အလှူ၏လည်းကောင်း။ အပ္ပိတဝတ္တဿ၊ ဘုရားသခင်၏ ပစ္စည်းလေးပါး အကျိုးငှာဟူ၍ ကျောင်းတော်သို့ဆောင်ပြီးလျှင် လှူဒါန်းသဖြင့် ဘုရားသခင် ၏ မျက်မှောက်တော်သို့ ရောက်စေအပ်ပြီးသော ဝတ္ထု၏လည်းကောင်း။ အပ္ပိတဝတ္ထုသောပုဒ်၌ အပ-ဓာတ်၊ တ-ပစ္စည်း၊ ဣအာဂုံတည်း။ အပ-ဓာတ်သည် ပါပုဏနအနက်ဟောတည်း။ပါရာဇိကကဏ် ဂ္ဂဏ္ဌကထာ ဒုတိယဈာနကထာအဖွင့်၌ အပ္ပိတာတိ ဂမိတာ ဝိနာသံ ဂတာဟူသော သာရတ္ထဒီပနီစကားကို ထောက်။ (၁၂၆၈)ဂမိတာဖြင့် အပ္ပိတာကို ဖွင့်သတည်း။ ဝိနာသံကိုမူကား ကံအလို့ငှာ ထည့်သတည်း။

ဧကဂ္ဂံ စိတ္တံ အာရမ္မဏေ အပ္ပေတီတိ အပ္ပနာ၊အဋ္ဌသာလိနီဒွေဒသဝါရကထာ၊ အဘိ၊ဋ္ဌ၊၁၊၁၀၇။ ဧကဂ္ဂံ၊ သော။ စိတ္တံ၊ ကို။ အာရမ္မဏေ၊ ၌။ အပ္ပေတိ၊ ဖြစ်စေ တတ်၏။ ဣတိတဿာ၊ ကြောင့်။ အပ္ပနာ၊၏။ သာရတ္ထဒီပနီ (၁၄၃၁)၌၊အပ္ပိတ ဝတ္ထုဿာတိ "ဣဒံ ဗုဒ္ဓဿ စတုပစ္စယပရိဘောဂတ္တံ"န္တိ ဝိဟာရံ နေတွာ ဒိန္နဝတ္ထုနောဟူသောစကားဖြင့် အဓိပ္ပါယ်ကိုသာ ထင်ရှားအောင်ဖွင့်သတည်း။ ဘုရားသခင်၏ မျက်မှောက်တော်သို့ ရောက်စေခြင်းဟူသည် ဘုရားသခင်အား လှူဒါန်းခြင်းပင်တည်း။ ၎င်းစကားကိုထောက်သဖြင့် နိမန္တဒါန အပ္ပိတဝတ္ထု သဒ္ဒါပေနပုဒ်ကို "နိမန္တဒါန သံခေပေါစ အပ္ပိတဝတ္ထု သံခေပေါစ"ဟု ဒွန္ဒဝစနတ္တပြု။ အပ္ပေတီတိ အပ္ပနာဝသေန ဥပ္ပဇ္ဇတိ။ (ဝိထိပိုင်းအဖွင့် မဏိသာရမဉ္ဇူသာ (၁၄၇၈။) အပ္ပနာဝသေနကိုကား ဝိသေသနအလို့ငှာသာ ဆိုသတည်း။ ဥပ္ပဇ္ဇတိ သာ အပ္ပေတိ၏ အဖွင့်တည်း။ အပ္ပ-ဓာတ်သည် ဂတိအနက်ဟော၊ ကာယဂတိ ဉာဏဂတိ ပဝတ္တနဂတိ၊ ပါပုဏနဂတိ လေးပါး

---

[၁] ဝိသယေ၊ အလိုရှိတိုင်း စိတ်ကိုဖွဲ့ခြင်း အစွမ်းသတ္တိသည်။ သတိ၊ သော်။ ဟူသောအနက်လည်း သင့်သည်သာတည်း။

တို့တွင် ပဝတ္တန ဂတိယော။ ဗုဒ္ဓါနံ ဇီဝိတဿ-စသော စကားကို စပ်လျဉ်း၍သာ ဆိုသတည်း လိုရင်းမဟုတ် ဣမေသံ စတုန္နံ၌ ပိ-ကျေ၊ တသ္မာဖြင့်စတုန္နံ ဟိ န သက္ကာ အန္တရာယော ကာတုံ ဝါကျကိုသာစွဲ။

မုဋ္ဌယောဆုမ်းကို တပည့်သံဃာနှင့်တကွ သုံးဆောင်တော်မူပြီး၍ ဝပြော သောအခါမှ ဆုံငယ်သံကို ကြားရလေသလော့ဟု မေးရန်ရှိသောကြောင့် ဓေ ပရိဘုဉ္ဇန္တော-စ- အစရှိသည်ကို မိန့်အပ်သတည်း။ [စ-သဒ္ဒါကား ဝါကျာရမ္ဘဇော တကတည်း] ဓေ၊ ဤသို့။ ပရိဘုဉ္ဇန္တော၊ သုံးဆောင်တော်မူရဆဲဖြစ်၍။ ဥဒုက္ခလ သဒ္ဒံ ၌ ဣတိသဒ္ဒါ အချိုစာရှိသည်ကား မသင့်၊ ဝုတ္တိနည်းအားဖြင့်ဖွင့်သတည်း။

ပါဠိတော်၌ "အဿောသိ ခေါ ဘဂဝါ ဥဒုက္ခလသဒ္ဒံ" ဟူသောစကား၏ အခြားမဲ့၌ ကြားတော်မူခြင်းသည်မိန့်တော်မူခြင်း၏ အကြောင်းဖြစ်၍ အကြောင်း အကျိုးစပ်လေသောကြောင့် အထ ခေါ ဘဂဝါ စသောစကားကို သာဟောတော်မူသင့်ပါသည်မဟုတ် လော့၊ ထိုသို့ဖြစ်လျက် အဘယ်အကျိုးငှါ "ဇာနန္တာ ပိ တထာဂတာ" စသောစကားကို ကြားညှပ်၍ ဟောတော်မူအပ် လေသနည်းဟု စောဒနာရန် ရှိသောကြောင့် တတော ပရံ စသည်ကို မိန့်အပ် သတည်း တတော ပရံကို ဝုတ္တံမှာစပ်၊ ဝေမာဒိကိုလည်း ဝုတ္တံမှာပင်စပ်။

တတော၊ ထိုအဿောသိ ခေါ- စသောစကားမှ။ ပရံ၊ နောက်၌။ ဇာနန္တာပိ တထာဂတာတိ ဝေမာဒိ၊ ကို။ ပရတော၊ ကြားတော်မူသည်မှနောက်၌။ ကိံ နုခေါ သော အာနန္ဒ ဥဒုက္ခလသဒ္ဒေါတိ၊ ၌။ ယံ ပုစ္ဆာဝစနံ၊ ကို။ ဘဂဝါ၊ သည်။ ပုစ္ဆိ၊ မေးတော်မူ၏။ တဿ ပုစ္ဆာဝစနဿ၊ ကို။ ပုစ္ဆနေ၊ မေးတော် မူရာ၌။ ပဌမံ၊ ရှေးဦးစွာ။ ပရိဟာရဒဿနတ္ထံ၊ အဖြေကိုပြခြင်းအကျိုးငှါ။ သံဂီတိကာရေဟိ၊ သင်္ဂါယနာတင် အရှင်မြတ်တို့သည်၊ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပာယ်ကား** ကိံ နု ခေါ သော—စသည်ဖြင့် မေးတော် မူခြင်းသည် သိတော်မမူ၍ မေးတော်မူလေ သလောဟု ဘုရားရှင်၏သဗ္ဗညု အဖြစ်ကို မသိသော စောဒကပိတ်တုံးတို့က မေးရန်ရှိသောကြောင့် ထိုကိံ နု ခေါ- စသောစကားကို မေးတော်မူရာ၌ အဖြေကိုပြခြင်း အကျိုးငှာ ဇာနန္တာ ပိ တတာဂတာ စသောစကားကို သင်္ဂါယနာတင် အရှင်မြတ်တို့သည် ဟောတော် မူအပ်သည် ဟူလိုသတည်း။ ပါဠိတော်မှာလည်း "တထာဂတာ၊ တို့သည်။ ဇာနန္တာပိ၊ သိတော်မူကုန်လျက်လည်း။ ယသ္မာ၊ ကြောင့်။ ပုစ္ဆန္တိ၊ မေးတော်မူ ကုန်၏။ (ဝါ)မေးတော်မူရိုး အလေ့တော် ဖြစ်ကုန်၏။ ယသ္မာ၊ ကြောင့်။ ပဋိပုစ္ဆန္တိ၊ မေးတော်မူကုန်၏။ (ဝါ) တဖန်မေးတော်မူရိုး အလေ့တော်ဖြစ်ကုန်

၏။တသ္မာ၊ ထိုကြောင့်။ အထ ခေါ၊ ထိုသို့ ဆိုငယ်သံကို ကြားတော်မူသော အခါ၌။ ဘဂဝါ၊ သည်။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ အာမန္တေသိ၊ မေးတော်မူ၏။ဧဝံ အာဘာဝနေ၊ ဤသို့မေးရာကာလ၏ မဖြစ်ခြင်းသည်။ သတိပိ၊ ရှိသော်လည်း” ဧဝံပိဟု ပိ-သဒ္ဒါကိုဆိုသည်ကား ဇာနန္တာပိ-ဟု ရှေးကဆိုပြီးဖြစ်သောကြောင့် သိကုန်လျက်သာ မေးတော်မမူကုန်သည် မဟုတ်သေး၊ စင်စစ်မူကားမေးရာကာလမဖြစ်သော်လည်း မေးတော်မမူကုန်ဟု ပေါင်းခြင်းငှာဆိုသတည်း။

အတ္ထနိဿိတံကို ကာရဏနိဿိတံဟု ဖွင့်တော်မူသည်ကား။ “ဒိဋ္ဌိဟိအာကာရေဟိ ဗုဒ္ဓါ ဘဂဝန္တော ဘိက္ခူ ပဋိပုစ္ဆန္တိ”ဟူသော ပါဠိတော် (ဝိ၊ ၁-၇)၌ အာကာရ-သဒ္ဒါကာရဏအနက် ဟောတည်း၊ ကာရဏဟူသည် တရားဟောတော်မူခြင်း အကြောင်းဝတ္ထုဖြစ်သော အဋ္ဌုပ္ပတ္တိဟု ဆိုအပ်သော ပစ္စုပ္ပန်ဝတ္ထု လည်းကောင်း ရှေးဘဝ၌ အလေ့အကျင့်လည်းကောင်း သိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်း၏ အကြောင်းဖြစ်သော မေထုန်လွန်ကျူးခြင်းစသော လွန်ကျူးခြင်းသည် လည်းကောင်းတည်း။ ထို့ကြောင့် ဖွင့်တော်မူသတည်း။

သေတု-သဒ္ဒါသည်“သေဝိယာတိ ဇနေတီတိ သေတု”ဟု ဝစနတ္ထပြု၍ တံတားဟူသောအနက်ကို ဟောသောအရာလည်းရှိသောကြောင့် ဤမှာမူကား“နိဗ္ဗာနံ အာရမ္မဏကရဏ ဝသေန သယတိ ဂစ္ဆတီတိ သေတု”ဟူသော ဝနတ္ထကြောင့် အရိယာမဂ်ကို သေတု ဟု ဆိုအပ်သတည်းဟု ပြလိုသောကြောင့် သေတု-ဝုစ္စတိ မဂ္ဂေါဟူသော စကားကို မိန့်တော်မူသတည်း။

သာဓု သာဓု အာနန္ဒ-ဟူသော စကားကို ဤအရာ၌ သာဓု-သဒ္ဒါဒွိကမှ အနက်ဖြစ်ခြင်းကြောင့် မြဲမြံစေခြင်းငှာ အလိုတော်ရှိသောကြောင့် ဟောတော်မူသလော့ဟု လျှဉ်းပါးရန်ရှိသောကြောင့် သာဓုသာဓု အနန္ဒာ တိဣဒံ ပန-စသည်ကို မိန့်တော်မူသတည်း။

ဤအရာ၌ သာဓု-သဒ္ဒါသမ္ပဟံသာအနက်၌ ဖြစ်ခြင်းကြောင့် ရှင်စေလိုသောကြောင့် ဟောတော်မူသည်ဟူလိုသတည်း။

ဒုဗ္ဘိက္ခေ၊ ရခဲသော ထမင်းရှိသော အခါ၌။ ဒုလ္လဘပိဏ္ဍေ၊ ရခဲသော ထမင်းရှိသောအခါ၌။ ဒုဗ္ဘိက္ခေကိုဆင့်၍ ဒုလ္လဘပိဏ္ဍေဖြင့် ဖွင့်သတည်း။ ဒွိဇီတံ၊ ၌ ဝိ-ရှေးရှိသော ဇိ-ဓာတ် အဘိဘဝန အနက်ဟော။ ဇိ အဘိဘဝနေ၊ ဇေတိ။

ဇီနော၊ တုမှေဟိ အာနန္ဒ သပ္ပုရိသေဟိ ဝိဇိတံ၊ ဝိဇိတန္တိအဓိဘူတန္တိအတ္ထော (မာတုမာလာ နီတိဓာတု၊ ၄၂။)ဝိဇိတံ၊ လွှမ်းမိုးနိုပ်စက်အပ်၏။ ဝေံသနွေပိ၊ ဤသို့အခြားမရှိ ရွာ နိဂုံးတို့၏ ရလွယ်သော ဆွမ်းရှသည်၏အဖြစ်သည် ဖြင်ပါ လျက်လည်း။ တာဝ၊ လောဘစသည်လွှမ်းမိုးနှိပ်စက်ဒး ပ်သည်မှ ရှေးဦးစွာ။ ဒုဗ္ဘိက္ခံ၊ ငတ်မွတ်ခြင်းကို။ဝိဇိတံ၊ လွှမ်းမိုးနှိပ်အပ်၏။ ကိုသို့ဩ၊ တစ်စုံတခုသော ဂုဏ်၌။ သမ္ဘာဝနာဝသေန၊ ချီးမွမ်းအပ်သည်၏ အစွမ်းဖြင့်။နမညန္တိ၊ မမှတ် မထင်ကြကုန်။ တစ်စုံကစ်ခုသောဂုဏ်ကို အကြောင်းပြု၍ ချီးမွမ်းပလွှားအံ့ငှါ မမှတ်မထင်ကြကုန်ဟူလိုသတည်း။

ဣဒံဥတ္တကျ္ကုလံ၊ ဤမနပ်သောဆွမ်းသည်။ ဣဒံ အဲတိကိလိန္နံ၊ ဤအလွန် ပျော့သောဆွမ်းသည်။ ဣဒံ အလောဏံ၊ ဤဆားပေါ့သောဟင်းသည်။ ဣဒံ အတိလောဏံ၊ ဤအလွန်ဆားငန်သောဟင်းသည်။ ဣဒံ အနမ္ဗလံ၊ ဤအချဉ် ပေါ့သောဟင်းသည်။ ဣဒံ အစ္စမ္ဗိလံ၊ ဤအလွန်ချဉ်သော ဟင်းသည်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်းဣမိနာ၊ ဤထမင်းဖြင့်။ ကော အတ္ထော၊ အဘယ် အကျိုးရှိအံ့နည်း။ ဣတိ အာဒိနာ နယေန၊ ဖြင့်။ သာလိမံသောဒနံ၊ သလေး ဆန်တို့ဖြင့် ပြည့်စုံစေအပ်သော အသားဖြင့် သွန်းလောင်းအပ်သော သားပြွမ်း ထမင်းကို။ အတိမညိဿတိ၊ အယုတ်ပြုသည်၏အစွမ်းအားဖြင့် မွန်မြတ်သည်ကို လွန်၍ မှတ်ထင်လိမ့်သတည်း။ ဉညာတံ၊ အောက်ပြု၍ မှတ်ထင်ခြင်းကို။ အဝ· ညာတံ၊ အောက်ပြု၍မှတ်ထင်ခြင်းကို။ ဤနှစ်ပုဒ်သည် ဝေငုစ်တည်း။ ဉညာတံ ၌ တဗ္ဗိပရိတုပပဒေဗျဉ္ဇနေစ· သုတ်ဖြင့် အာ ကို။ ဥ ပြုသတည်း။ အဝ သဒ္ဒါသည်။ ဝိယောဂ အဓေ·စသော တစ်ဆယ့်သုံးနက်တို့တွင် အဓောအနက် ဟောတည်း၊ထို့ကြောင့်သုာရတ္ထဒီပနီ(၁၊၄၃၅)၌“ဟေဋ္ဌာ ကတွာ”ဟုဖွင့်အပ်၏။

အနေကပ္ပကာရဉ္စ၊ တစ်ပါးမက များသောအပြားရှိသော ယာဂုခဲဖွယ် စသည်ကိုလည်းကောင်း၊ သာလိဝိကတိမံသောဒနဉ္စ၊ သလေးဆန်တို့ဖြင့် အထူးပြုအပ်သော အသားဖြင့်သွန်းလောင်းအပ်သော သားပြွမ်းထမင်းကို လည်းကောင်း။ တဲပ္ပစ္စယံ၊ ထိုသင်တို့ကိုမှီ၍ဖြစ်သော ပူဇာသက္ကာရလျှင် အကြောင်းရှိသော။ မာနဉ္စ၊ အတော်အသင့်သော မာန်ကို လည်းကောင်း။ ဩမာနဉ္စ၊ ယုတ်သောမာန်ကိုလည်းကောင်း။ ဩမာနပုဒ်၌ အဝ·သဒ္ဒါသည် ဟာနိ အနက်ဟောဟည်း။ လွန်သော မာန်သည်သာ ယုတ်ညံ့သည်၏ အဖြစ် ကြောင့် ဩမာနဟုဆိုအပ်သတည်း။

ကသ္မာ၊အဘယ်ကြောင့်။ တွေကာံ၊ ဤမျှလောက် များများကြီး။ ပက္ကံ ချက်ပြုတ်အပ်သနည်း။ ယတ္ထ၊အကြင်အိုးခွက်တို့၌။အဝတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာဖြစ်သော သလေးဆန်ကို။ ပက္ခိပေတွာ၊ ထည့်ကုန်၍။ ထပေယျာထ၊

ထားကုန်ရာ၏။ တာနိ ဘာဇနာနိ၊ ထိုထည့်စရာအိုးခွက်တို့သည်။ တုမှာကံ၊သင်တို့အား။နတ္ထိကိံ၊ မရှိကုန်လို့လား။ ဣတိ၊ ဤသို့။ မာနဥ္စ၊ ကို လည်းကောင်း။ ဩမာနဥ္စ၊ကိုလည်းကောင်း။ ကရိယတိ၊ပြုကြလတ္တံ့။

ဇတံ ဝစနံ၊ ဤအာ'သဿာ-ဟူသောသဒ္ဒါသည်။ ဂရုဂါရဝသပ္ပတိဿာဝိဝစနံ၊ မှီရာနိဿရည်းဆရာနှင့်တကွဖြစ်သော တပည့်၏အလေးပြုအပ်သော ဂုဏ်နှင့်ယှဉ်သောဆရာတို့၌ ရှိသေသည်၏အဖြစ်အားဖြင့် ဆိုအပ်သောသဒ္ဒါတည်း။ [ဝိမတိကို မှီသတည်း။ ဝဇိရဗုဒ္ဓိ, သာရတ္ထ ဒီပနီဋီကာတို့၌ကား မဖွင့်] သဂါရဝါ သပ္ပတိဿာတိ ဂရုဘာဝဉ္စေဝ ဇေဋ္ဌကဘာဝဉ္စ ဥပဋ္ဌပေတွာ မဟာဝါအဋ္ဌကထာ မဟာခန္ဓကအဖွင့်။ (ဝိ၊ဋ္ဌ၊၃၊၂၅၈။) သဂါရဝါသပ္ပတိဿာတိတွေ ဂရုဘာဝေါ ဂါရဝံ၊ ပါသာဏစ္ဆတ္တံ ဝိယ ဂရုကရဏီယတာ။ သဟ ဂါရဝေနာတိ သဂါရဝါ၊ ဂရုနာ ကိသ္မိဉ္စိဝုတ္တေဂါရဝဝသေန ပတိဿဝနံ ပတိဿော ပတိဿဝဘူတံ တံ သဘာဂဉ္စ ယံကိဉ္စိ ဂါရဝန္တိအတ္ထော။ သဟပတိဿေနာတိ သပ္ပတိဿာ၊ ဩဝါဒံ သမ္ပဋိစ္ဆန္တာတိ အတ္ထော။ ပတိဿီယတီတိ ဝါ ပတိဿော၊ ဂရုကာ တဗ္ဗော၊ တေန သဟပတိဿေနာတိ သပ္ပတိဿာ။ (တေရသကဏ်၊ သာရတ္ထ၊ဋီ၊၃၊၂၃၂။)

ပတိဿယနံ ပတိဿော၊ ဂရုံ နိဿာယ ဝတ္တနဘာဝေါ၊ ယံ ကိဉ္စိ ဂါရဝန္တိ-အတ္ထော။ သဟ ပတိဿေန သပတိဿော၊ ပရံ ဇေဋ္ဌံ ကတွာ တဿောဝါဒေ ဝတ္တနတာတိအတ္ထော။ (ဝိမတိ၊ဋီ၊၂၊၁၀၂။)

ဝိမတိ ဝိနောဒနီ, မဟာဝါ, တေရသကဏ်ဋီကာကို ထောက်၍ "သဂါရဝ သပ္ပတိဿာဝိဝစနံ၊ ရိုသေခြင်း, နာခံထောင်ခြင်းရှိသည်၏ အဖြစ်ဖြင့် ဆိုအပ်သောသဒ္ဒါတည်း"ဟူ၍လည်း အနက်ပေးအပ်၏။

သာရတ္ထဒီပနီဆရာ (၁၊၂၉၇။)၏ အလိုအားဖြင့် ဂရုသဒ္ဒါ ဤမှာလည်း မရှိသင့်၊ ထို့ကြောင့် ဂုဏ်တော်ဖွင့်မှာ "တဿာ ဂရုတိ ဝတွာ ဂါရဝယုတ္တောတိ ဝုတ္တန္တိကေစိ"ဟု မိန့်အပ်၏။ ။ဝိမတိဆရာ (၁၊၅၈)အလိုအားဖြင့် ဂုဏ်တော်ဖွင့်မှာလည်း "ဂရုဂါရဝယုတ္တော"ဟူ၍ ရှိသင့်၏။

ဣမိနာဝစနေန၊ ဤတေဒဝေါစ ဟူသောစကားဖြင့်။ ဣဒါနိ၊ ၌။ ဝတ္တဗ္ဗံ၊ ဆိုအပ်လတ္တံ့သော။ တေရဟိ။ပ။ ဝစနံ ကို။ ဒဿေတိ၊ ၏။

အနိဋ္ဌကံ ဟူသောပုဒ်ကို အန-ပုဒ် ဣဋ္ဌက-ပုဒ်ဟူ၍ နှစ်ပုဒ်ခွဲ။ က-ကား သမာသ်ပုဒ်၏အဆုံး၌လာ၊ ဣဋ္ဌ-သဒ္ဒါသည် "ဣဋ္ဌကမ္ပနေ"ဣဋ္ဌတိ၊ ဧလံ၊ ဧလာ၊ ဖလံ ဝုစ္စတိ ဒေါသော"ဟူ၍ ဓာတုမာလာ (နိတိဓာတု၊၁၆၈။)၌ လာသည်နှင့်

အညီ အပြစ်ဟောတည်း၊ လ, ငယ်ကိုဋ္ဌကြီးပြု၊ အပြစ်ဟူသည်လည်း ပျားကောင် ပျားဥတည်း။ ထိုကြောင့် အဋ္ဌကထာ၌ အနုဋ္ဌကတ္တိစသည်ကို မိန့်တော်မူသတည်း။

ဇပံ၊ ဤသို့ တဖက်သောလက်ကို မြေနှင့်အတူ။ကတွာ၊ ပြုပြီး၍။ ယေပါဏာ၊ အကြင်သတ္တဝါတို့သည်။ ပထဝိနိဿိတာ၊ မြေကြီးကိုမှီ၍ နေကုန်၏။ တေပါဏေ၊ ထိုသတ္တဝါတို့ကို။ (သကျာမေဃာမိ၌ငပ်) ကေသို ၊ တခုသော။ ဟတ္ထတလေ၊ လက်ဝါးအပြင်၌။ ဌိတေ၊ တည်ကုန်သော။ ပါဏေ၊ သတ္တဝါတို့ကို။ (သကျာ-မေဓန္တော ဝိယ၌စပ်၊) တတော၊ ထိုတခုသော လက်ဝါးအပြင်မှ။ ဒုတိယဟတ္ထ-တလေ၊ နှစ်ခုမြောက်လက်ဝါးအပြင်သို့။ သကျာမေဓန္တောဝိယ၊ ပြောင်းရွှေ့စေဘိသကဲ့သို့။ တတ္ထ၊ ထိုမြေကြီးကဲ့သို့ ဖန်ဆင်းအပ် မြေကြီးနှင့်အတူပြုအပ်သော တဖက်သောလက်သို့။ သကျာမေဃာမိ၊ ပြောင်းရွှေ့စေပါအံ့။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ခုဒ္ဒကော ဂါမော။ မဟန္တော သာပဏော နိဂမော။ (ဝိမတိဝိနောဒနီ။) (၁၊၉၁။) (ဇနပဒသီမာနာမ၊)

အမှာကံ၊ ငါတို့၏။ ယံ ကိဉ္စိ၊ အမှတ်မရှိသော။ ပက္ကံ ဝါ၊ ကျက်သော အစာအာဟာရကို လည်းကောင်း။အာမကံဝါ၊ မကျက်သော စိမ်းသော အစာအာဟာရကို လည်းကောင်း။ ခါဒိတုံ၊ ခဲစိမ့်သောငှာ။ မယံ၊ ငါတို့သည်။ ဘိက္ခုနံ၊ ရဟန်းတို့အား။ နဒဒေယျုံ၊ မလှူဒါန်း မပေးကမ်းကြရကုန်ရာ။ (ဝါ) မလှူဒါန်းမပေးကမ်းဘဲ နေကြကုန်ရာ၏။ ဣတိဇပံ၊ ဤသို့။ ပရိဝိ-တက္ကော၊ သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မဟာသမုဒ္ဒံ၊ ကို။ ဧကေန၊ တစ်ခုသော။ ပဒဝီတိဟာရေန၊ ဖဝါးကိုလွှန်၍ဆောင်ခြင်းဖြင့်။ (ဝါ) ဖဝါးကိုလှမ်းခြင်းဖြင့်။ (ဝါ)၊ ဖဝါးကိုပစ်ခြင်းဖြင့်။ အတိက္ကမိတဗ္ဗံ၊ လွန်အပ်သော။(ဝါ)၊ ကျော်အပ်သော။ မာတိကာမတ္တံ၊ တောင်ဆုပ်ခန့်မျှသော မြောင်းငယ်မျှကို။ (ဝါ)၊ တောင်ဆုပ်ခန့်မျှသော မြောင်းငယ်အတိုင်းအရှည်ကို။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်တော်မူ၍။ နဠေရုပုစိမန္ဒတော၊ ဝေရဉ္စမြို့၏ အနီးအပါး နဠေရု မည်သော ဘီလူးသည် သိမ်းဆည်းအပ်သော တမာပင်၏အနီးအပါးမှ။ ဥတ္တရကုရုံ၊ မြောက်ကျွန်းသို့။အဘိမုခံ၊ မျှေးရှု။မဂ္ဂံ၊ခရီးကို။ နီဟရိတွာ၊ သွယ်၍။

ပဋိသလ္လီနဿာတိ သလ္လီနဿ၊ ဧကီဘာဝံဂတဿ-ဟူသောစကား၌ သလ္လီ-နဿဖြင့် ပဋိဥပသာရပုဒ်အနက်မရှိဟုပြသတည်း။သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီ ဋီကာတို့၌ကား အဋ္ဌကထာနည်းမှ တစ်နည်းအားဖြင့် ပဋိ·သဒ္ဒါ ပဋိနိဝတ္တန အနက်ရှိသည်ကို ဖွင့်အပ်သတည်း။ သာရတ္ထဒီပနီ (၁၊၄၃၇)၌။ "စိတ္တဿ၊

၏၊ နိဝတ္တိ ယာ၊ နစ်ခြင်းဖြင့်။ ပဋ္ဌိ၊ နစ်၍”ဟု အနက်ပေး။ ထို့ကြောင့် ဝိမတိ ဝိနော ဒနီဋ္ဌကာ (၁၊၉၁။)၌ သာရတ္ထဒီပနီစကားရိပ်ကို ကြည့်၍“ပဋ္ဌိနိဝတ္တိတွာ” ဟု မိန့်တော်မူအပ်သတည်း။

သလ္လိနပုဒ်၌ သံ-ရှေးရှိသော လီ-ဓာတ်၊ ကိယာဒိတောနာ သုတ်ဖြင့် နာပစ္စည်းသက်၊ ကွစာဒိသုတ်ဖြင့် နာ-အစိတ်အာ-ကို အ-ရဿပြု၊ လီ-ဓာတ်သည် “လီ-သိလေသေ”ဟူသည်နှင့်အညီ ကပ်ငြိခြင်းသိလေသအနက်တည်း။ ကပ်ငြိခြင်းဟူသည် အထူးထူးသော အာရုံ၌ဖြာခြင်းမှ နစ်၍ တစ်ခုတည်းသော အာရုံ၌ အာရုံပြုသောအားဖြင့် ကပ်ငြိခြင်းတည်း။ ထို့ကြောင့် ဧကီ-ဘာဝံဂတဿ-ဟု မိန့်တော်မူအပ်သတည်း။

“ဧကီဘာဝံ၊ တစ်ခုတည်းအာရုံရှိသည်၏အဖြစ်သို့။ ဂတဿ၊ ရောက်တော်မူသော”ဟု အနက်ပေး။ အဿ ဗြဟ္မစရိယဿ၊ ထိုမြတ်သော သာသနာတော်အား။ စိရံ၊ မြင့်ရှည်စွာသောကာလပတ်လုံး။ ဌိတိ၊ တည်ခြင်းသည်။ အတ္ထိ ၏။ ဣတိ တဿ၊ ထို့ကြောင့်။ တံ ဗြဟ္မစရိယံ၊ သည်။ စိရဋ္ဌိတိကံ၊ ၏။ (ဝါ) ကား။ အဿ ဗြဟ္မစရိယဿ၊ အား။ စိရံ၊ မြင့်ရှည်စွာသော။ ဌိတိ၊ တည်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ ဧတံ ကာရဏံ၊ ဤအကြောင်းကို။ ဝိနိစ္ဆိတုံ၊ ဆုံးဖြတ်ခြင်းငှါ၊ နသက္ကောတိ၊ မစွမ်းနိုင်။

ကိလာသုနော အဟေသုံ ဟူသော စကား၌ ကိလာသုနော အဟေသုန္တိ အပ္ပေါဿုက္ကာ အဟေသုံ၊ နိရုဿာဟာ အဟေသုန္တိ အတ္ထော၊ ဟူသော သာရတ္ထဒီပနီဋီကာ(၁၊၄၄၈)ကားကို ထောက်၍ကု-သဒ္ဒါသည် အပ္ပ အနက်ကို ဟောသတည်း ဟူ၍လည်းကောင်း။ လသ-ဓာတ်သည် လသ-သိလေသနကိလ-နေသု ဟူ၍ ဓါတုမာလာ(နီတိဓါတု၊၁၇၅)၌ လာသည်နှင့်အညီ သိလေသန ကိလနအနက်တို့ကိုမဟော၊ လသ-ကန္တိယံ ဟူ၍ ဓာတုမာလာ (နီတိဓာတု၊ ၁၀၄)၌ လာသည်နှင့်အညီ။ ကန္တိ အနက်ကိုသာ ဟောသတည်းဟု သိအပ်၏။ ထို့ကြောင့် သီဟဠအဘိဓာန်၌ “နိက္ကောသဇ္ဇော အကိလာသု”ဟူ မိန့်အပ်၏။ သီဟဠအဘိဓာန် ဋီကာ၌လည်း။ အပ္ပံ လသတီတိ ကိလာသု၊ ကုပုဗ္ဗ လသ-ကန္တိယံ၊ ကုဿဥဿ ဣ၊ န ကိလာသု အကိလာသု၊ ဧတ္ထကုသဒ္ဒေါ အပ္ပတ္ထော ဟု မိန့်အပ်၏။ မြန်မာနိုင်ငံဖြစ် အဘိဓာန်ဋီကာ(၅၁၆ ဂါထာ)၌လည်း၊ “လသ ကန္တိယံ၊ အပ္ပံလသတီတိ ကိလာသု”ဟု မိန့်အပ်၏။ “ကုဿ၊ ကုသဒ္ဒါ၏။ ဥဿ၊ အစိတ်ဖြစ်သော ဥ-အက္ခရာကို။ ဣ၊ ဣ-ဇပြုသည်။ ဟောတိ၊ ဖြစ်၏။ ဟု အနက်ပေး။ သာရတ္ထဒီပနီဋီကာ၌လည်းကောင်း, သီဟဠအဘိဓာန်ဋီကာ၌ လည်းကောင်း, မြန်မာနိုင်ငံဖြစ် အဘိဓာန်ဋီကာ၌ လည်းကောင်း လာသော

အပ္ပ-သဒ္ဒါသည် အပ္ပဟရိတေ အဂိလာနေ၊ ဥစ္စာရံ ဝါ၊ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာ မီတိ သိက္ခာ ကရဏီယာ၊ ဟူသော သေခိယ သိက္ခာပုဒ်တော်လာ အပ္ပ-သဒ္ဒါကဲ့သို့ နိဝါရဏအနက်ဟောတည်း။ ထို့ကြောင့် "ထောကမပ္ပကံ သိံ တနု"ဟူသော အဘိဓာန် (၇၀၄-ဂါထာ)ဝိသေသျာဒီနဝဂ်လာစကားအဖွင့် အဘိဓာန်ဋီကာ၌ "အ လ-ဘူသနပရိယတ္တိ နိဝါရဏေသု၊ ပေါ၊ လဿ ပေါ အပ္ပံ"ဟု မိန့်အပ်၏။ ဤအဘိဓာန် ဋီကာစကားဖြင့် အများကို မြစ်တတ်သော ကြောင့် အနည်းငယ်သည် အပ္ပမည်သတည်းဟုသိအပ်၏။ ဤအဘိဓာန်ဋီကာ စကားကိုထောက်၍ ဤကဲ့သို့ပင် မရှိခြင်းသည် ရှိခြင်းကိုမြစ်တတ်သောကြောင့် အပ္ပမည်သတည်းဟုသိအပ်၏။ ဤအလုံးစုံသောစကားကိုထောက်၍ "ကိလာသု နော၊ အားထုတ်ခြင်းမရှိသည်ကို နှစ်သက်တော် မူကြကုန်သည်" ဟုအနက် ပေး။

သာဝကာနံ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ။ ဝိ-၁၊၉။ ။ကု အပ္ပံဝိဇ္ဇမာနဿ-နိဝါ ရဏ သခ်ါတံ အဝိဇ္ဇမာနဘာဝံ လဿန္တိ ကာမေန္တိတိကိလာသုနော ဟုဝစနတ္ထပြု။ ။ယေ ဘဂဝန္တော၊ အကြင်ဝိပဿီ သိခီ ဝေဿဘူ ဟုဆိုအပ်ကုန် သော ဘုရားသုံးဆူတို့သည်။ သာဝကာနံ၊ တပည့်သားသာဝကတို့အား။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ဓမ္မံ၊တရားကို။ ဒေသေတုံ၊ ဟောတော်မူခြင်းငှါ၊ ကုအပ္ပံ၊ မရှိသည်ကို။ ဝိဇ္ဇမာနဿ၊ ရှိသည်ကို။ နိဝါရဏသခ်ါတံ၊ ဖြစ်ခြင်းဟု ဆိုအပ်သော။ အဝိဇ္ဇမာနဘာဝံ၊ မရှိသည်၏ အဖြစ်ကို (ဝါ) မရှိခြင်းကို။ လဿန္တိကာမေန္တိ၊ နှစ်သက်တော် မူတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေ ဘဂဝန္တော၊ ထိုသည်။ ကိလာသုနော၊ ကိလာသု မည်တော်မူကုန်၏။ အကျယ်အားဖြင့် တရားဟောတော်မူခြင်းငှာ မရှိခြင်းကိုနှစ်သက်တော် မူခြင်း ကြောင့် အကျယ်အားဖြင့် တရားဟောခြင်းငှာ အားထုတ်ခြင်းမရှိ ဟူသော သိဒ္ဓါပတ္တအနက်ကို ပြတော်မူခြင်းငှာ (သာရတ္ထ ဋီ၊၁။၄၄၀)၌ အပ္ပေါသုက္ကာ ဟူသော စကားကို မိန့်အပ်သတည်း။

လတောဝေါကာရော စ ဟူသော သုတ်၌ ကာရ-သဒ္ဒါလွန်ဖြင့် လ-အမည် ရှိသော ဥ—သရမှ နောက်ဖြစ်သော ယောဝိဘတ်ကို နော—ပြု၍ ဇန္တု နောကဲ့သို့ ကိလာသုနော ရုပ်ပြီးသတည်း။

ဆန္နံ ဆန္နံဝဿာနံ၊ ခြောက်နှစ် ခြောက်နှစ်တို့ကို။ အစ္စယေန၊ လွန်သော အခါ၌။ တစ်နည်းကား။ ဆန္နံ ဆန္နံဝဿာနံ၊ ခြောက်နှစ် ခြောက်နှစ်တို့၏။ သကိံ သကိံ၊ အဆုံးစွန်သောတစ်နေ့တစ်နေ့၌။သာရတ္ထဒီပနီဋီကာ(၁၊၄၄၀—နှာ)လာ စကားကို ထောက်၍ ဤကဲ့သို့ အနက်ပေးသတည်း။ ။

ဥပေါသထံ၊ ဩဝါဒပါတိမောက်ကို ပြတော်မူသော အားဖြင့် ဖြစ်သော ဥပုသ်ကို။ အကာသိ၊ ပြုတော်မူပြီ။ စ၊ ဆက်၍ ဆိုဦးအံ့။ တံဥပေါသထံ၊ ကို။ ခေါ၊ စင်စစ်။ သံဃုပေါသထမေဝ၊ ဩဝါဒပါတိမောက်ကို ပြသော အားဖြင့် ဖြစ်သော သံဃဥပုသ်ကိုသာ။ အကာသိ၊ ပြုတော်မူပြီ။

တဒါကိရ စသည်ကား သကလဇမ္ဗုဒီပေ စသော စကား၏ ဝိတ္ထာရတည်း။ အဗ္ဗောကိဏ္ဏာနိ ဒသပိ ဝီသတိပိ ဘိက္ခူ သမာဿာနိ ဘာန္တိတိဝိသဘာဂပုဂ္ဂလေဟိ အသံသဋ္ဌာနိ ဒသပိ, ဝီသတိပိ ဘိက္ခူနံ သဟဿာနိ ဝသန္တိ။ ။သာရတ္ထဒီပနီဋီကာ (၄၄၁–နှာ) အလို "အပညတ္တံ သာဝကာနံ သိက္ခာပဒန္တိသာဝကာနံ နိဒ္ဒေါသတာယ ဒေါသာနုရူပတော ပညပေတဗ္ဗံသတ္တာ ပဋိက္ခိတ္တဝသေနအာဏာ သိက္ခာပဒံအပညတ္တံ" ဟူသော အဋ္ဌကထာ ရှေးစကားကို ထောက်၍ ဝိပဿီဘုရားလက်ထက်တော် အခါမှာ သိက္ခာပုဒ်နှင့်စပ်၍ အပြစ်ရှိသော အလဇ္ဇီ-ဝိသဘာဂ ရဟန်းမရှိသောကြောင့် အဗ္ဗောကိဏ္ဏာနိ- ဟူသော ဝိသေသနသည် ယထာဘူတကထနဝိသေသန ဖြစ်သတည်းဟု မှတ်အပ်၏။

ဤသာရတ္ထဒီပနီဋီကာ အလိုအားဖြင့် အလဇ္ဇီဝိသဘာဂရဟန်းတို့နှင့်ရောရော ပြွမ်းပြွမ်း နေကုန်သလောဟု မေးရန်ရှိသောကြောင့် အဗ္ဗောကိဏ္ဏာနိ ဟူသော စကားကို မိန့်အပ်သတည်းဟု စောဒနာတက်လေ။

(တစ်နည်းကား)တစ်ခုတစ်ခုသော ကျောင်း၌ ကျောင်းကျဉ်းသောကြောင့် စပ်ခါစပ်ခါ သဘာဂရဟန်းချင်းချင်း ရောပြွမ်း၍ နေကုန်သလောဟု မေးရန်ရှိသောကြောင့် အဗ္ဗောကိဏ္ဏာနိဟူသော ပါဌ်ကို မိန့်အပ်သတည်း၊ ကျောင်းကျယ်သောကြောင့် တစ်ခုတစ်ခုသော ကျောင်းမှာ သဘာဂရဟန်းအချင်းချင်း မရောမပြွမ်း ရဟန်းတစ်သောင်း, နှစ်သောင်း နေရကုန်သည် ဟူလိုသတည်း။ ဤသည်ကား ငါ၏အကြံတည်း။

ပဋိဗလော ဝိနေတုံ အဘိဓမ္မေ အဘိဝိနယေ တိ အာဒိသု ပရိစ္ဆိန္ဒေ အညမညသက်ရဝိရဟိတေ ဓမ္မေ စ ဝိနယေ စာတိ ဝုတ္တံ ဟောတိ-ဟူသော အဋ္ဌသာလိနီ(အဘိ၊ဋ္ဌ၊၁။၂၀။ ဝိ၊ဋ္ဌ၊ ။၁၆။) နိဒါနကထာကို မှီး၍ကြံသတည်း။

ကိစ္စာပိဝသန္တိ၊ တထာပိ ယသ္မာ အာရောစေန္တိ၊ တသ္မာ စ, အာနုဘာဝေန ယသ္မာ ဂစ္ဆန္တိ၊ တသ္မာ စ ဒေဝတာနုဘာဝေန ယသ္မာ ဂစ္ဆန္တိ၊ တသ္မာ စ, တေ သဗ္ဗေပိ ဘိက္ခူ ဝိပဿိံ သမ္မာသမ္ဗုဒ္ဓံ အဘိဝါဒေတွာ နိသီဒန္တိ။

ယထာ ယေန အာကာရေန' ဖြင့်။ သုတွေန၊ ဖြင့်။ အသင်္ဂဟိတတ္တာ၊ မယူအပ်သည်၏အဖြစ်ကြောင့်။ အဂန္ထိတတ္တာ၊ မသီအပ်သည်၏အဖြစ်ကြောင့်

အဗန္ဓိတတ္တာ၊ မဖွဲ့အပ်သည်၏အဖြစ်ကြောင့်။ ဝိကိရိယန္တိ၊ ဖရိုဖရဲကြဲအပ်ကုန်သော သတ္တိရုပ်ရှိကုန်၏။ ဝေတထာ၊ ထိုအခြင်းအရာဖြင့်။ ဝါတော၊ သည်။ တာနိပုပ္ဖာနိ၊ တို့ကို။ ဝိကိရတိ၊ ဖြန့်ကြဲ၏။

ယထာ သုတ္တေန၊ စသည်ဖြင့်ဆင့်ဖွင့်။ ယထာယေန အာကာရေန၊ ဖြင့်။ သုတ္တေန၊ဖြင့်။ အသင်္ဂဟိတာနိ၊ သော။ ပုပ္ဖာနိ၊ တို့ကို။ ဝါတေန၊ သည်။ ဝိကိရိယန္တိ၊ ဖြန့်ကြဲအပ်ကုန်သော သတ္တိရုပ်ရှိကုန်၏။ ဧဝံတထာ၊ ထိုအခြင်းအရာအားဖြင့်။ ဝါတော၊ သည်၊ တာနိပုပ္ဖာနိ၊ တို့ကို။ ဝိကိရတိ၊ ၏။ (နဘာဝိယတော-ကို နပပဋ္ဌတော-ဆင့်ဖွင့်။) အကိလာသု၊ ဖြစ်ကုန်ငြားလည်း ငါတို့ဘုရားကဲ့သို့ အနုသာသနီကို အကျယ်မပြု မဟောဟူလိုသတည်း။

တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့၏။ စိတ္တာနိ၊ အရဟတ္တဖိုလ်စိတ်တို့ကို။ ယေဟိ အာသဝေဟိ၊ အာသဝေါတို့သည်။ ဝိမုစ္စိံသု၊ လွတ်အပ်ကုန်ပြီ။ တေအာသဝါ၊တို့သည်။တာနိစိတ္တာနိ၊ ထို အရဟတ္တဖိုလ်စိတ်တို့ကို။ နဂဟေတွာ၊ မယူကုန်မူ၍။ ဝိမုစ္စိံသု၊ လွတ်စေကုန်ပြီ။ [အနုပ္ပါဒ နိရောဓေန ပန-စသည်ဖြင့် နတေစသည်ကို ဆင့်ပွားဖွင့်သတည်း။] ပန၊ စင်စစ်သော်ကား။ အနုပ္ပါဒနိရောဓေန၊ တဖန်မဖြစ်သော ချုပ်ခြင်းဖြင့်။ နိရုဇ္ဈမာနာ၊ ချုပ်ကုန်သည်ဖြစ်၍ (ဝါ) ချုပ်ကုန်သောကြောင့် (ဝါ)ချုပ်ကုန် သော အာသဝတို့သည်။ တာနိ၊ ထိုအရဟတ္တဖိုလ်စိတ်တို့ကို။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းအားဖြင့်။ အဂ္ဂဟေတွာ၊ မယူကုန်မူ၍။ ဝိမုစ္စိံသု၊လွတ်စေကုန်ပြီ။

ဝိမုစ္စနဖြစ်ကုန်သော် အဘယ်အကျိုးရှိသနည်းဟု မေးရန်ရှိသောကြောင့် "သဗ္ဗေပိ"စသည်ကို မိန့်သတည်း။

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေဘိက္ခူ၊ ထိုဝိပဿီဘုရား ဆုံးမအပ်ကုန်သော ရဟန်းတထောင်တို့သည်။အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ပတ္တာ၊ ရောက်ကုန်၍။ သူရိယရသ္မိသမ္ဖုဋ္ဌံ၊ နေ၏အရောင်သည် တွေ့ထိအပ်သော။ ပဒုမဝနံ့ဝိယ၊ပဒုမ္မာကြာ တောကဲ့သို့။ဝိကသိတစိတ္တာ၊ပွင့်ပြီးသော အရဟတ္တဖိုလ်စိတ်ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ စိတ္တသဒ္ဒါသာမည ဖြစ်ငြားသော်လည်း "ဝိမုစ္စိတ္တာတိ ဣမိနာ ဖလက္ခဏံဒဿေတိ"ဟူသော ဤပါရာဇိကကဏ္ဍ အဋ္ဌကထာ အာသဝက္ခယဉာဏကထာ(၁၃၇)လာ စကားကိုထောက်ထား၍ အရဟတ္တဖိုလ်စိတ်ဟု အနက်ပေးသတည်း။ထိုသို့အနက် ပေးခြင်းသည် သင့်လျော်စွ။ အရဟတ္တဖိုလ် စိတ်သည် အာသဝေါတရားတို့မှ လွတ်ပြီး ဖြစ်သတည်း။နေ၏ အရောင်နှင့် အရဟတ္တမဂ်ဉာဏ်ရောင်တူသတည်း။ ပဒုမ္မာကြာတောနှင့် အရဟတ္တဖိုလ်စိတ်တူသတည်း။

တတြသုဒံ စသောစကား၌ တတြသဒ္ဒါသည် "တတ္ထသန္နိ ကတ္တုကာမော" စသော စကား၌ တတ္ထသဒ္ဒါကဲ့သို့ ပစ္စိမဝစနာပေက္ခ ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် တတြာတိပုရိမဝစနာပေက္ခံ ကို မိန့်သတည်း။

ဘိံသနက တသ္မိံ-ဟူသောစကား၌ "ကရဏံ ကတံ၊ ဘိံသနဿ ကတံ ဘိံသနကတံ" ဟုဝစနတ္ထပြု၊ သို့ဝိဘတ်ကိုလည်း နိမိတ်အနက်၌ သက်အပ်သတည်း ဟု ပြလိုရကား ဘိံသနကိရိယာယ စသည်ကို [မိန့်သတည်း။ ထို့ကြောင့် "နိမိတ္တတ္တေစေတံ ဘုမ္မဝစနံ"ဟု မိန့်လတ္တံ့။]

ဘိံသန ကိရိယာယ၊ကြောက်ခြင်းကို ပြုခြင်းကြောင့်။ဘိံသနကိရိယာယ၊ ကြောက်ခြင်းကို ပြုခြင်းသည်။ ဝတ္တမာနာယ၊ ဖြစ်လတ်သော်။ ကိံ၊ အဘယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ယောကောစိ၊ သော။ အဝိတရာဂေါ၊သည်။ ပ။ လောမာနိ၊ တို့သည်။ ဟံသန္တိ၊ ရှင်ကုန်၏။ ဣတိ ဣဒံ လောမာနံ ဟံသနံ၊ ဤ ဤအမွေးတို့၏ ရှင်ခြင်းသည်။ ဟောတိ၊ ၏။ အဓိပ္ပေတံ၊ သော။ အတ္ထံ၊ လောမဟံသန အနက်ကို။ အဘယ်ကြောင် ဣဒံသဒ္ဒါသည် အလိုရှိအပ်သော လောမဟံသန အနက်ကို မျက်မှောက်ကဲ့သို့ ပြု၍ပြကြောင်း စကားဖြစ်သနည်း ပါဠိတော်၌ သုဒံ-သဒ္ဒါရှိသတည်း။ဣဒံသဒ္ဒါမရှိသည် မဟုတ်လေ ဟု စောဒနာရန် ရှိသောကြောင့် သုဣဒန္တိ စသည်ကို မိန့်အပ်သတည်း။

ယသ္မာ သုဣဒန္တိ သန္ဓိဝသေန၊ ဣကာရလောပေါ ဝေဒိတဗ္ဗော၊တသ္မာ ဣဒန္တိ ။ပ။ ဒဿနဝစနံဟောတိ။ ဘိံသနကတသ္မိံ၊ ကြောက်မက်ဖွယ်ကို ပြုခြင်းကြောင့်။ ဣဒံ လောမာနံ ဟံသနံ၊ သည်။ သုဟောတိ၊ ပြင်းပြစွာ ဖြစ်၏။ သုနိပါတ်သည် ဘုသအနက်ဟောတည်း။ ဤအရာ၌ သု-ဥပသာရပုဒ်ကို သုနိပါတ် ဆိုသတည်း။ သု-သဒ္ဒါ အနက်ရှိကြောင်းကို "သုဣတိ နိပါတော"ဟု အဋ္ဌကထာ ဆိုသောကြောင့် သိသတည်း။ အကယ်၍ သု- သဒ္ဒါအနက်မရှိက "သု ဣတိ ပဒပူရဏမတ္တံ" ဟု ရှေး၌ကဲ့သို့ ဆိုရာသည်၊ မဆိုခဲ့။ နောက်၌လည်း သုသဒ္ဒါကို ဖျောက်၍ ရှေးကဲ့သို့ဆိုရာသည် မဆိုခဲ့၊သု-သဒ္ဒါနှင့် "ဣဒံ သုဟောတိ"ဟု ဆိုအပ်သတည်း။ ဘိံသနကဘာဝေ၊ ကြောက်မက်ဖွယ် ရှိသည်၏အဖြစ်ကြောင့်။ နိမိတ္တတ္တေစေတံ ဘုမ္မဝစနံ ဟု မိန့်အပ်လတ္တံ့သော အဋ္ဌကထာစကား ကိုထောက်။ လိင်္ဂဝိပလ္လာသော ဘိံသနကတာ ဟူသော အာကာရန္တ အာဒီဃနှင့်ဣတ္ထိလိင်၏ "ဘိံသန ကတ"ဟု အကာရန္တ အ-ရဿ နှင့် နပုလ္လိင်, ပုလ္လိင် ပြန်ခြင်းကို။ ကတော၊ ပြုအပ်၏။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ (ဝဇိရ၊ ၅၇) ၌ ဣတ္ထိလိင်္ဂ ဝိပလ္လာသံကတွာ နပုံသကလိင်္ဂံ ပုရိသလိင်္ဂံ ဝါ ကတွာ"ဟု မိန့်အပ်၏။ ဣတ္ထိလိင်သည် ပုလ္လိင်ပြန်သော် ပဌမာဝိဘတ်

ဆုံးအံ့၊ "ဘိံသ န ကတော"ဟုရှိရမည်။ နပုံလိင်ပြန်သော် ပဌမာဝိဘတ်ဆုံးအံ့ "ဘိံသန ကတံ"ဟု ရှိရမည်။

ယောဘုယျန လောမာနိ ဟသန္တိ–ဟူသော စကား၌ ရှေးနည်းအလို "ယေဘုယျေန ယေဘုယျာနိ၊ များကုန်သော။ လောမာနိ၊ တို့သည်·ဟု အနက်ပေး။ ယေဘုယေန၊ ၌ တတိယာ ကေဝုစ်နာ·ဝိဘတ်ကို ပဌမာဗဟုဝုစ်၌သက်။ နောက်နည်းအလို "ယေဘုယေန ယေဘုယျာနံ၊ များကုန်သော။ သတ္တာနံ၊ တို့၏။ လောမာနိ၊ တို့သည်။ ဟသန္တိ၊ ရွှင်ကုန်၏"ဟု သတ္တာနံ ကို ထည့်၍ အနက်ပေး။ ယေဘုယျေန၌ တတိယာကေဝုစ် နာဝိဘတ်ကို ဆဋ္ဌီဗဟုဝုစ်၌သက်။ ထိုကြောင့် သာရတ္ထဒီပနီ (၁၄၄၇-နှာ)၌၊ ယေဘုယျဂ္ဂဟဏံ လောမဝန္တဝသေန ·ပိ ယောဇေတဗ္ဗံ၊ န လောမဝသေနေ ဝါ တိ အာဟ ဗဟုတရာနံ ဝါ တိအာဒိ ဟု မိန့်အပ်၏။ ဝိမတိ ဝိနောဒနီ (ဋ္ဌ ၁၊၉၄)၌လည်း သာရတ္ထဒီပနီကို မှီ၍ "ဗဟုတရာနံ ဝါ သတ္တာနန္တိ ယေဘုယျေနာတိ ပဒဿ အတ္ထဒဿနံ"ဟု မိန့်အပ်၏။

ဣဒါနိ၊ ယခုအခါ၌။ ပါဠိယံ၊ ၌။ အာဂတံ၊ လာသော။ ဒေယံ ခေါ သာရိပုတ္တ ပေတ္တတိအာဒိ၊ သည်။ နိဂမနံ၊ တည်း။ ဟု အနက်ပေး။ ဧ၊ ဆက်၍ဆိုဦးအံ့။ တွေ၊ ဤသာရိပုတ္တ အာယာစန ကထာ၌။ အန္တရန္တရာ၊ အကြားအကြား၌။ သံဝဏ္ဏနာဝသေန၊ ဖွင့်သည်၏အစွမ်းအားဖြင့်။ ယံဝစနံ၊ အကြင် "နာနာပုပ္ဖာနိ ဖလကေ နိက္ခိတ္တာနိ" စသောစကားကို။ ဧယာ ငါသည်။ နဝုတ္တံ၊ မမိန့်အပ်။ တံဝစနံ၊ ကို။ ပုရိသယုဂဝသေန၊ ဝိပဿီ, သိခီ ဝေဿဘူ ရှင်တော်ဘုရား သုံးဆူတို့၏ မျက်မှောက် တပည့်သား, ထိုတပည့် သားတို့၏ တပည့်သားဟု ဆိုအပ်သော တပည့်သား ယောကျ်ားအစုံတို့၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ယာနကာယ ဟိ- သည်ကား ဝိတ္ထာရတည်း။ သမ္မုခသာဝကာနံ· ၏အရကား ဝိပဿီဘုရား ပွင့်တော်မူမှ စ၍ ပရိနိဗ္ဗာန် စံလွန်တော်မူသော အခါနီးတိုင်အောင် ရဟန္တာဖြစ်သော တပည့်သားရဟန္တာ အလုံးစုံတည်း။

သမ္မုခသာဝကတို့၏လည်း အသက်အနှစ်ရှစ်သောင်းဖြစ်သော် အဘယ် အကျိုးထူး လဒ္ဓဂုဏ်ရှိသနည်းဟု မေးရန်ရှိသောကြောင့် ဝေမဿ ယွာယံ စသည်ကို မိန့်သတည်း။ [ဧဝံ စသည် သည် လဒ္ဓဂုဏ်တည်း။]

ဧဝံ သတိ၊ ဤသို့ သမ္မုခသာဝကတို့၏လည်း အသက်ရှစ်သောင်း ဖြစ်သည် ရှိသော်။ ။ဝိမတိလာ (ဝိမတိဋ္ဌ ၁၊ ၉၅။) "ဥဒ္ဒိနံဟောတိ" ဟူသောစကား၌

ငါတို့ဘုရား၌မှာ သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါးဝါကိုထောက်သော် ဝိပဿီဘုရားမှာလည်း သက်တော်ရှစ်သောင်း ဝါတော် လေးသောင်းငါးထောင် သာရ၍ သုံးသောင်းငါးထောင် ယုတ်သည်ဟူလိုသတည်း။ ဖြဟ္မစရိယံ ကိစ္စာပိ အဋ္ဌာသိ၊ ပန တထာပိ ပုရိသယုဂဝသေန။။

တိဏ္ဏံ ဗုဒ္ဓါနံ၊ ဝိပဿိ, သိခိ, ဝေဿဘူဟူကုန်သော သုံးဆူကုန်သော ဘုရားရှင်တို့၏ ဣတရေသံ၊ ဤမှတစ်ပါးကုန်သော။ တိဏ္ဏံဗုဒ္ဓါနံ၊ ကကုသန်, ကောဏာဂုံ, ကဿပ ဟူကုန်သော သုံးဆူကုန်သော ဘုရားရှင်တို့၏။ ငါတို့၏ဘုရားရှင် သာသနာကား အသို့နည်း၊ သာဝက အဆက်ဆက်အားဖြင့် တည်သောကြောင့် စိရဋ္ဌိတိက ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် အမှာကံ ပန-စသည်ကို မိန့်သတည်း။

ပန-သဒ္ဒါကား ဝိသေသဇောတကတည်း။ လိုရင်းကား–အဿ သာသနကေ-ပရမ္ပရာဝသေန စသည်တည်း။ သာဝကအဆက်ဆက်၏ အစွမ်းအားဖြင့် မြင့်ရှည်စွာ တည်ပါလျက်နှင့် အဘယ်ကြောင့် မြင့်ရှည်စွာတည်ခြင်း မရှိသည် သာဖြစ်သနည်းဟု မေးရန်ရှိသောကြောင့် အတိပရိတ္တာယုကကာလေ ဥပ္ပန္နော၊ တေန ဟူသော စကားကို မိန့်သတည်း။

အဘယ်ကြောင့် အလွန်နည်းသော အသက်ရှိသော တစ်ရာတန်းကာလ၌ ဖြစ်ခဲလေသနည်း။ ကောဏာဂုံဘုရားရှင်သည် ကကုသန်ဘုရား၏ အသက်တော် လေးသောင်းမှ တသောင်းယုတ် သုံးသောင်းတန်း၌ ဖြစ်သကဲ့သို့လည်းကောင်း၊ ကဿပဘုရားရှင်သည် ကောဏာဂုံဘုရား၏ အသက်တော် သုံးသောင်းမှ တသောင်းယုတ် နှစ်သောင်းတန်း၌ ဖြစ်သကဲ့သို့လည်းကောင်း၊ ထို့အတူ ကဿပဘုရားရှင်၏ အသက်တော်နှစ်သောင်းမှ တသောင်းယုတ် တသောင်းတန်း၌သော်လည်းကောင်း၊ ငါးထောင်တန်း၌သော်လည်းကောင်း၊ တထောင်တန်း၌သော်လည်းကောင်း၊ ငါးရာတန်း၌သော်လည်းကောင်း၊ ဖြစ်ရာပါသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် အမှာကံ ပနမှစ၍ ပရိပါကမဂမာသိ၊ တသ္မာ တိုင်အောင်သော စကားကို မိန့်သတည်း။

ပန-သဒ္ဒါ ဝိသေသဇောတကတည်း။ ဒသဝဿသဟဿာယုကကာလေ ဥပ္ပဇ္ဇိတဗ္ဗံ ကိဉ္စာပိ သိယာ ။ပ။ ပဉ္စဝဿသတာယုကကာလေဝါ ဝါ ဥပ္ပဇ္ဇိတဗ္ဗံ ကိဉ္စာပိ သိယာ၊ ပန တထာပိ။ သေန္တဿ၊ ရှားမှီးတော်မူစဉ်။ ဉာဏံ၊ ပါရမီဉာဏ်ကို။ ပရိပါစေန္တဿ၊ ရင့်စေတော်မူစဉ်။ ဉာဏဂဗ္ဘံ၊ သဗ္ဗညုတဉာဏ် တည်းဟူသော သားကိုဖွားမြင်ခြင်းအကျိုးငှာ ပါရမီဉာဏ် တည်းဟူသော

ဝမ်းတိုက်ကို (ဓာတ်ကံ)။ သဗ္ဗညုတဉာဏ်၊ ကို။ (ကာရိုက်ကံထည့်သတည်း။) ဂဏှာပေန္တော၊ ယူစေတော်မူစဉ်။

သုံးဆူကုန်သော ဘုရားရှင်တို့၏ စိရဋ္ဌိတိကာရဏကို ပြရခြင်းကိစ္စ ပြီးပါပြီ မဟုတ်တုံလော့၊ သို့ဖြစ်ပါလျက် အဘယ်အကျိုးငှာ "အထခေါ ဘာယသ္မာ သာရိပုတ္တော ဥဋ္ဌာယာသနာ ။ပ။ စိရဋ္ဌိတိကံ ဟူသောစကားကို သင်္ဂါယနာတင် အရှင်မြတ်တို့ ဟောတော်မူအပ်လေသနည်း။ ရှေ့စကားနောက်စကား မစပ်ရာ သည်မဟုတ်လော့? ရှေ့စကားနောက်စကား အစပ်ကား အဘယ်နည်းဟု မေးရန်ရှိသောကြောင့် ထိုအမေးကိုပြ၍ ဖြေတော်မူလိုသော အဋ္ဌကထာဆရာ သည် "အထခေါ အာယသ္မာသာရိပုတ္တောတိကော အနုသန္ဓိ"စသည်ကို မိန့်သတည်း။

အဒ္ဓနိယံ-၌ အဒ္ဓါနပုဒ်၊ ခမအနက်၌ ဏိကပစ္စည်းသက်၊ ကကို ယပြု၊ ဒ္ဓါ-၌ အာကိုလည်း အ-ရဿပြုဟု ပြလို၍ အဒ္ဓနိယန္တိ အဒ္ဓါနက္ခမံကို မိန့်အပ်သတည်း။

တာဝ၊ သိက္ခာပုဒ်တော်ကို ပညတ်ရာကာလမှ ရှေးဦးစွာ။ "ပုနကာလံ ဒသေတုံ ယတော စ ခေါ သာရိပုတ္တာတိ အာဒိမာဟ"ဟု အထက်၌ မိန့်လတ္တံ့ သော စကားကိုထောက်။ ၎င်းတာဝကို ပကာသေန္တောမှာစပ်။ အကြောင်း ကား၊ "ယတော စ ။ပ။ ရတ္တညု" (ဝိ၊၁၊၁၁။) စသောစကားဖြင့် သိက္ခာပုဒ် တော်ကို ပညတ်ရာကာလကို နောက်၌ပြသောကြောင့်တည်း။

အာဒရ ဝသေနစေတံ ၌ စသဒ္ဒါကား ဝါကျာရမ္ဘဇောတကတည်း။ ။ သိက္ခာပဒပညတ္တိယာစနာပေက္ခံ၊ တောင်းပန်အပ်သော သိက္ခာပုဒ်တော်ကို ပညတ်ခြင်းကိုငဲ့သော။ ။ "သိက္ခာပဒံ ပညပေယျ"ဟူသောစကားအရ အနွတ္ထ ဖြစ်သော သိက္ခာပုဒ်တော် ပညတ်ခြင်းကို တဿာဂတော ဝ တတ္ထ (ဝိ ၁၊၁၀)၌ တသဒ္ဒါဖြင့်စွဲလေဟူလိုသတည်း။ တတ္ထ တဿာသိက္ခာပဒပညတ္တိယာတိ တဿံ ယာစိယမာန သိက္ခာပဒပညတ္တိယန္တိအတ္ထောဟူ၍ သာရတ္ထဋီကာ (၁၄၄၉-နှာ) ၌ မိန့်သည် အလိုအားဖြင့် တတ္ထ၌ ထ-ပစ္စည်းကို သတ္တမီအနက်မှာသက်။ တဿာ သိက္ခာပဒပညတ္တိယာ၌ သ-ဝိဘတ်ကိုလည်း သတ္တမီအနက်မှာပင်သက်။ ၎င်းပုဒ်တို့ကို ဇာနိဿတိမှာစပ်။ ထ-ပစ္စည်းကို ကြံထဟူသော ယောဂဝိဘာဂ ဖြင့် သာမိအနက်မှာသက်။ တဿာ သိက္ခာပဒပညတ္တိယာ၌ သ-ဝိဘတ်ကိုလည်း သာမိအနက်မှာပင်သက်။ ၎င်းပုဒ်တို့ကို -ကာလံမှာစပ်သော်လည်း သင့်ရာ သေး၏။

တာဝ၊ကာလကိုပြသည်မှ ရှေးဦးစွာ။န တာဝ သာရိပုတ္တဥ္စတာဝကို ပါဠိတော်ကို အနက်ပေးသောအခါ"တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး"ဟု အနက်ပေး။

အာသဝဋ္ဌာနီယာ ဓမ္မာ သံဃေ ပါတုဘဝန္တိ ... တေ-သဒ္ဒါဖြင့် ဝီတိက္ကမဓမ္မာဟု မိန့်လတ္တံ့သည် အားလျော်စွာ ဝီတိက္ကမဓမ္မကိုစွဲ။

ယဒိဟိ ပညပေယျ စသည်ကား န သိက္ခာပဒံ ပညပေတိဟူသော ရှေ့စကား၏ အကြောင်းစကားကည်း။

ဟိ ယသ္မာ နပရိမုစ္စေယျ၊ တသ္မာ စ၊ ယသ္မာ ယထာ ဌာနေ နတိဋ္ဌေယျ၊ တသ္မာ စ၊ သိက္ခာပဒံ န ပညပေတိ၊ တထာဂတသာစဥ္စ စ-သဒ္ဒါကို ဤသို့ တသ္မာနှစ်ပုဒ်နောင်ယှဉ်၍ တသ္မာ ဝုတ္တံ န တာဝ စကား၌တသ္မာဖြင့် န ပညပေတိ ကိုစွဲ။ လဒ္ဓဂုဏ်တည်း။ ။ပါကဋ္ဌံ ကတန္တိ၌ ဣတိကို "ဣတိ=ဤသို့" ဟုအနက် ပေး၍ ပဝတ္တေယျ၊သို့ ပြန်။ သေသံ၊ ကြွင်းကျန်သော အာသဝဋ္ဌာနီယာ စသောပုဒ်ကို ပြည်ခြင်းကို ပြခြင်းကို။အာသဝဋ္ဌာနီယာ ဓမ္မာ။ဖြင့် ဝုတ္တာနုသာရေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။ ဝိမတိဝိနောဒနီကို မှီးသတည်း။ အယံ ဝါ တွေ့သခ်ေပတ္တော၌ ဝါသဒ္ဒါကို "ဝါ၊ တနည်းကား"ဟု အနက်ပေး။ အကျယ်နည်း။ အကျဉ်းနည်းသည် အကျယ် အကျဉ်း၏အဖြစ် ဖြင့် ထူးသတည်း။ ထို့ကြောင့် ဝါသဒ္ဒါနှင့်ဆိုသတည်း။ သို့ ဆိုကြောင်းကို နေတ္တိအဋ္ဌကထာ၌ မိန့်အပ်သတည်း။ ဝိမတိ ဝိနောဒနီ(၉၅)၌မူကား "တတ္ထ ဝါသဒ္ဒေါ အဝဓာရဏော၊ ဟိဘာဒ္ဒေါ ပဂ်ဒ္ဓိယံ"ဟု မိန့်အပ်၏။ တစ်နည်းဟု မှတ်လေ၊ ပသိဒ္ဓိဟူသည် ထင်ရှားပြုခြင်းဘပ္ပါကာရကရဏပင်တည်း။ ယခုကာလ စာအများ၌ပင် ဟိ သဒ္ဒါမရှိ။ ကသ္မာ ဟု အကြောင်းနှင့်မေး၍ ပဋိဃာတတာယဟု အကျိုးနှင့်ဖြေသတည်း၊ ဤသို့သော စကားသည် ကျမ်းဂန်တို့၌ အများ ပင် ရှိသတည်း။

အဘယ်ကြောင့်ဝီတိက္ကမဓမ္မဒေါသတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ သိက္ခာ ပုဒ်တော်ကို ပညတ်တော်မူသနည်း။ ဤသို့ သိက္ခာပုဒ်တော် ပညတ်တော်မူ သော်လည်း သိက္ခာပုဒ်တော်သည် ထားမြဲတိုင်းသော နေရာ၌ မတည်ခဲ့သော် ဝီတိက္ကမ ဒေါသတို့ကို မပယ်ဖျောက်သောကြောင့် ဝီတိက္ကမဒေါသတို့ကို ပယ် ဖျောက်ခြင်းအကျိုးငှာ သိက္ခာပုဒ်တော်ကို ပညတ်တော်မမူရာသည် မဟုတ် လော့ဟု စောဒနာရန် ရှိသောကြောင့် ဧဝံ ပညပေန္တော စသည်ကို မိန့် သတည်း။

ယသ္မာ ယထာ ဌာနေတိဌတိ တသ္မာ စ၊ ဧဝံ ဒ တိ ဝိတက္ကမဒေါသာ ယသ္မာ နဟောန္တိ၊ တသ္မာ စ၊ ငီတိက္ကမဒေါသာနံ ငရှိဃာတာယ သိက္ခာပဒံ ပညပေတိ၊ ဣတိ အယံ သခေ်ပတ္ထော။ ။ဤသို့ အနက်ပေးသော အရာသည် "ယင် ဟိ· ပညပေယျ" သော အကျယ်နည်းမှာ ဒ နက်ပေးခဲ့သေ ာ အရာနှင့်ညီညွတ်လှ သတ ည်း။ထိုစကားကို ဆိုသင့်စွ၊ "ယဒိ ဟိ ပညပေယျ" စသေ ာစက ားမှာဝ ည်း ယဒိ ဟိ ပညပေယျ စသောစကားကိ န သိက္ခာပဒံ ပညပေတိ ဟူသောဒ ရင်း စကားသို့ အကြောင်း၏ အဖြစ်ဖြင့် ပြန်ရသတည်း။

သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီဋီကာ နှစ်စောင်တို့၌ပင် ရောပေတ္ဂာ ပုဒ်ကို ထည့်၍ ဖွင့်တော်မူကြကုန်၏။ ယခုကာလ အစောင်စောင်သော အဋ္ဌကထာတို့၌ပင် "ရောဂံ ဝူပသမေတွာ" ဟူ၍ချည်း ရှိလေသတည်း။ သို့ရှိသည့်ပါဌ်ကား ပါဌ်ဟောင်းမဟုတ် ပါဌ်သစ် ဖြစ်သတည်း။ ထိုပါဌ်ဟောင်း ပါဌ်သစ် နှစ်ပါး၌ပင် အဓိပ္ပါယ်မှာမူကား သာရတ္ထဒီပနီဋီကာမှာ "ရောပေ–တွာတိ ဖာသုကံကတွာ"ဟု ဖွင့်သည့်အတိုင်း "ချမ်းသာအောင် ပြုခြင်းသည် လည်းကောင်း၊ ဝိမတိဝိနောဒနီဋီကာမှာ "ရောပေတွာတိ ဖာလိတဋ္ဌာနေ နိန္နံ မံသံ သမံ ဝဍ္ဎေတွာ"ဟု ဖွင့်သည့်အတိုင်း ဓားငယ်ဖြင့် ခွဲရာအရပ်၌ အသားနုကိုတက်စေခြင်းသည် လည်းကောင်း၊ အနာကို ငြိမ်းစေခြင်းချည်း ဖြစ်၍ အဓိပ္ပါယ်မပြား တသားတည်းသာတည်း။ သာရတ္ထဒီပနီ၌ အသားနု တက်စေခြင်းသည် ချမ်းသာအောင် ပြုခြင်းဖြစ်၍ သိဓိပတ္တာ အနက်ကို ဖွင့်သတည်း။ ဝိမတိဝိနောဒနီ၌မူကား ရောပေတွာ၌ ရုပဓာတ်သည် ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာကရဏီယာ ဟူသော သေခိယ သိက္ခာပုဒ်တော် ရုပဓာတ် ကဲ့သို့ တင်ထားခြင်း အနက်ကို ဟောသည်နှင့် ဓာတ်ကိုငဲ့၍ ဖွင့်တော်မူ သတည်း။ ဋီကာဆရာနှစ်ဦးတို့၏ လက်ထက်တော်အခါ၌ အဋ္ဌကထာမှာ ရောဂံသဒ္ဒါ မပါဘဲ "တိကိစ္ဆန္တော ရောပေတွာ"ဟု ရှိသတည်း ဟု မှတ်အပ်၏။တတြ၊ ထို့ရတ္တညူမဟတ္တ စသည်တို့တွင်။ ။ရတ္တညူမဟတ္တံ ပတ္တကာလေ–စသည်ကား တတြ ရတ္တညုမဟတ္တံ ပတ္တေ စသည်၏ နိဂုံးတည်း။

အဂ္ဂေါ ဥတ္တမောဖြင့် အဂ္ဂမဟတ္တံ၌ အဂ္ဂကို ဖွင့်သတည်း။ မဟန္တဘာဝေါဖြင့် မဟတ္တံကို ဖွင့်သတည်း။ မဟန္တသဒ္ဒါသည် အများဟောတည်း။ ကောင်းမွန် သော လာဘ်သည် အဂ္ဂမည်၏။ ထိုကောင်းမွန်သော လာဘ်အများသည် ဟန္တမည်၏။

ထို့ကြောင့် သာရတ္ထဒီပနီ(၁၊၄၅၀–နှာ)မှာလာသော အဂ္ဂမဟန္တန္တိ စီဝရာဒိ လာဘိတဗ္ဗပစ္စယော လာဘော၊ တဿ အဂ္ဂံ မဟတ္တံ ပဏီတတာ ဗဟုဘာဝေါ

ဝါ–ဟု မိန့်အပ်၏။ ထိုစကားရပ်၌ ပဏီတတာ–ဖြင့် အဂ္ဂံ–ကို ဖွင့်သတည်း။ ဗဟုဘာဝေါ–ဖြင့် မဟတ္တံ–ကို ဖွင့်သတည်း။ သို့ဖွင့်ခြင်းသည် သေဋ္ဌတ္တဉ္စ မဟန္တတ္တဉ္စ–ဟူသော အဋ္ဌကထာ နောက်စကားကိုမှီး၍ ဖွင့်သတည်း။ ထို့ကြောင့် အဂ္ဂေါ ဥတ္တမော ဟူသော ပုဒ်တို့၌ ဘာဝပ္ပဓာနကြံ၍လည်းကောင်း ဝါ–သဒ္ဒါအကျေကြံ၍ လည်းကောင်း "အဂ္ဂေါ ဥတ္တမော ဝါ, အဂ္ဂဘာဝေါ ဥတ္တမ ဘာဝေါ ဝါ, မဟန္တ ဘာဝေါ ဝါ" ဟူသော အနက်ကို မှတ်အပ်၏။ မဟတ္တဟူသောပုဒ်သည် မဟတံ မဟာတုလျာဓိကရဏော ပဒေ ဟူသောသုတ်၌ မဟတံ ဟူသော ဗဟုဝစနသဒ္ဒါလွန်ဖြင့် မဟန္တသဒ္ဒါကို မဟာပြု၍ ပြီးသတည်း။ အဂ္ဂမဟတ္တံ ဟူသော ပုဒ်ကိုလည်း "အဂ္ဂေါစ မဟန္တောစ အဂ္ဂမဟာ၊ အဂ္ဂမဟာနံ ဘာဝေါ အဂ္ဂမဟတ္တံ"ဟု ဝစနတ္ထပြု၍ မဟတံ မဟာတုလျာဓိကရဏော ပဒေ သုတ်၌ မဟတံဟူသော ဗဟုဝစနသဒ္ဒါလွန်ဖြင့် မဟန္တသဒ္ဒါကို ကမ္မဓာရည်း သမာသ်မှတစ်ပါးသော ဒွန်သမာသ်၌ မဟာ–ပြု။ ဤကိုထောက်၍ ဒွန်သမာသ်၌ မဟာ–ပြုရသည်ကို သိအပ်၏။ လာဘေန ငါ စသော ဒုတိယ နည်းဖြင့် အဂ္ဂမဟာဖြစ်သောလာဘ်ကို အကြောင်းပြု၍ သံဃာတော်လည်း အဂ္ဂမဟာ ဖြစ်သည်ကို ပြတော်မူသတည်း။

ရသေန၊ အပြစ်မရှိသောဘုရားရှင် ခွင့်ပြုတော်မူအပ်သော အခင်းစသော အနုပ်ဒိဋ္ဌာ အတွေ့သဘောနှင့်။ ရသံ၊ အပြစ်ရှိသော ဘုရားရှင်တားမြစ်တော်မူအပ်သော မာတုဂါမစသော ဥပါဒိဏ္ဏအတွေ့သဘောကို။ သတ္ထုသာသနံ၊ မြတ်စွာဘုရား၏သာသနာတော်ကို။ ဥဒ္ဓမ္မံ၊ သုတ်,အဘိဓမ္မာမှတက်သည်ကို (ဝါ)သုတ်, အဘိဓမ္မာမှထွက်သည်ကို။ (ဝါ)သုတ်, အဘိဓမ္မာမှ လွတ်သည်ကို။ (ဝါ)သုတ်အဘိဓမ္မာ မဟုတ်သည်ကို။ ဥဗ္ဗိနယံ၊ ဝိနည်းမှတက်သည်ကို(ဝါ) ဝိနည်းမှထွက်သည်ကို (ဝါ) ဝိနည်းမှလွတ်သည်ကို (ဝါ) ဝိနည်းမဟုတ်သည်ကို။ ကတွာ၊ ပြု၍။ ဒီပေန္တိ၊ ပြကြကုန်၏။ ပဌမအနက်သာသဒ္ဒတ္ထတည်း။ ဥ-ကား ဥဒ္ဓဂ်မ၊ အနက်ဟောတည်း။ ထို့ကြောင့် ဝိမတိ ဝိနောဒနီ (၁၊၉၆) ၌၊ "ဥဒ္ဓမ္မံ ဥဗ္ဗိနယန္တိ ဥဂ္ဂတဓမ္မံ၊ ဥဂ္ဂတဝိနယဉ္စ"- ဟုမိန့်အပ်၏၊ ထိုစကားရပ်၌ "ဥဂ္ဂတ ဓမ္မဉ္စ၊ သုတ်, အဘိဓမ္မာမှ တက်သည်ကိုလည်းကောင်း" ဟု အနက်ပေး။ နေမင်း၏ ယုဂန္ဓိုရ်တောင်မှတက်ခြင်းနှင့် သတ္ထုသာသန၏သုတ်, အဘိဓမ္မာမှ တက်ခြင်းသည်တူသတည်း။ နေမင်း၏ ယုဂန္ဓိုရ်တောင်မှလွတ်ခြင်းနှင့် သတ္ထုသာသန၏ သုတ်, အဘိဓမ္မာမှ လွတ်ခြင်းသည်တူသတည်း။ နေမင်း၏ယုဂန္ဓိုရ်တောင်မဟုတ်ခြင်းနှင့် သတ္ထုသာသန၏ သုတ်, အဘိဓမ္မာမဟုတ်ခြင်းသည် တူသတည်း။ ဥဗ္ဗိနယအနက်လေးချက်မှာလည်း ဤနည်းအတူ ဥပမာ, ဥပမေယျဟတ်လေ။

အဘယ့်ကြောင့် ဂုဏ်အားဖြင့် အယုတ်ဆုံးဖြစ်သော ထိုရဟန်းသည်၊ သောတာပန်မည်သနည်း။ သောတာပန္နော ဟူသောပုဒ်၏ " သောတ-အာပန္နော" ဟု ဝစနတ္ထကိုပြုရပါသည် မဟုတ်လော။ သောတ ဟူသော အမည်သည် အဋ္ဌင်္ဂိက အရိယမဂ်၏ အမည်မဟုတ်လော၊ သောတာပန္န ဟူသော အမည်သည် ထိုမဂ်နှင့်ပြည့်စုံသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ အမည် မဟုတ်ပါလောဟု စောဒနာရန်ရှိသောကြောင့် သောတာပန္နောတိ စသည်ကို မိန့်အပ်သတည်း။

သောတာပန္နောတိ စသည်ါကား ဝါကျာရမ္ဘတည်း၊ ထိုစကားအပေါင်း တို့တွင် သောတာပန္နောတိ မှစ၍ ပုဂ္ဂလဿတိုင်အောင် စကားဖြင့် စောဒက ဆရာ၏အာသာဂကို ပြတော်မူသတည်း။ ဖလဋ္ဌော သောတာပန္နောတိ၊ ဝေဒိတဗ္ဗော·စကားဖြင့် အကြောင်းအဖြေကို ပြသတည်း။ အကြောင်း ဖြစ်သော မဂ်၏သောတဟူသောအမည်ကို အကျိုးဖြစ်သောဖိုလ်၌ ကာရဏူ-ပစာအားဖြင့် တင်စားရသည်ရှိသော် မဂ်က ဖိုလ်အားအမည်ကို ပေးရာကျ သောကြောင့် နာမံဒိန္နံ·ဟုမိန့်သတည်း။

သောတာပန္နောတိပဒဿ၊ ၏။ သောတံ အာပန္နောတိဝစနတ္ထော၊ ကို။ ကိဥ္စာပိကာတဗ္ဗော၊ အကယ်၍ကားပြုအပ်၏ရှင့်။ သောတောတိ တော် (အမိ-ဝစနံ) သည်။မဂ္ဂဿ၊ အဋ္ဌင်္ဂိကအရိယမဂ်၏။ အမိဝစနံ၊ သည်။ ကိဥ္စာပိဟောတိ၊ အကယ်၍ကားဖြစ်၏ရှင့်။ သောတာပန္နောတိဒေတ် အမိဝစနံ၊ သည်။ တေနမဂ္ဂေန၊ ထိုအဋ္ဌင်္ဂိကအရိယမဂ်နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ ပုဂ္ဂလဿ၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏။ အမိဝစနံ၊ သည်။ ကိဥ္စာပိဟောတိ၊ ရှင့်။

ယထာကိံဝစနံ၊ ကို။ အာဟ၊ နည်း။ သောတော သောတောတိ။ပ။ ဂေါတြဘူတိဝစနံ၊ ကို။ အာဟ၊ ၏။ပန တထာပိ၊ လည်း။ မဂ္ဂေန၊ အဋ္ဌင်္ဂိက အရိယမဂ်သည်။ ဖလဿ၊ အဋ္ဌင်္ဂိကအရိယာဖိုလ်အား။ နာမံ၊ သောတဟူသော အမည်ကို။ ယသ္မာ၊ ကြောင့်။ ဒိန္နံ၊ ပေးအပ်၏။ တသ္မာ၊ ကြောင့်။ ဖလဋ္ဌော၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ကို။ ယသ္မာ၊ ကြောင့်။ သောတာပန္နောတိ၊ ၍။ ဝေဒိတဗ္ဗော၊ ၏။ တသ္မာ၊ ကြောင့်။ သောဘိက္ခု၊ ဂုဏ်အားဖြင့် အယုတ်ဆုံး ဖြစ်သော ထိုရဟန်းသည်။ သောတာပန္နော၊ သောတာပန်မည်၏။

ဃာဝမ္ဗော၊ အကြင်ပုဂ္ဂိုလ်၏ သဘောသည်။ အတ္တာနံ၊ သဘောရှင်ဟု ဆိုအပ်သော မိမိကိုယ်ကို။ အပါယေသု၊ အပါယ်ဘုံတို့၌။ ဝိနိပါတေတိ၊

ဖောက်ပြန်စွာ ကျစေတတ်၏။ (ဝါ)ဆင်းရဲခြင်းနှင့်တကွ ကျစေတတ်၏ (ဝါ) ပင်ပန်းခြင်းနှင့်တကွ ကျစေတတ်၏။(နောက်နှစ်နက်ကား အဓိပ္ပါယ်ထွက်တည်း)။ ဣတိတသ္မာ၊ ကြောင့်။ သောဓမ္မော၊ ထိုပုဂ္ဂိုလ်၏ သဘောသည်။ ဝိနိပါတော၊ မည်၏။ အယံ သောတာပန္နော၊ အား။ ဝိနိပါတော၊ အပါယ်ဘုံတို့၌ ဖောက်ပြန်စွာ ဆင်းရဲပင်ပန်းခြင်းနှင့်တကွ ကျစေတတ်သော။ ဓမ္မော၊ ပုဂ္ဂိုလ်၏ သဘောသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ သော သောတာပန္နော၊ သည်။ အဝိနိပါတဓမ္မော၊ မည်၏ဟု အနက်ပေး၊ ထိုကြောင့် “န အတ္တာနံ” စသည်ကို မိန့်အပ်သတည်း။ ဤ န အတ္တာနံ စသော စကားဖြင့် အဝိနိပါတဓမ္မော ဟူသောပုဒ်၏ အနက်ကို ပြတော်မူသတည်း။ ဣတိ အယံ အတ္ထော၊ ဤသို့သော သဒ္ဒတ္ထသည်။ ဝုတ္တံဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ၏။ ဣတိ ဝုတ္တံ ဟောတိ ခံသော်လည်း သဒ္ဒတ္ထတည်း။

(တနည်းကား၊) ယောဓမ္မော၊ အကြင် သက္ကာယဒိဋ္ဌိ စသော အကုသိုလ်တရားသည်။ ဝိနိပါတေတိ၊ ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောဓမ္မော၊ သည်။ ဝိနိပါတော၊ ၏။ အယံ သောတာပန္နော၊ အား။ ဝိနိပါတော၊ သော။ ဓမ္မော၊ သက္ကာယဒိဋ္ဌိ စသော အကုသိုလ်တရားသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ သော သောတာပန္နော၊ သည်။ အဝိနိပါတဓမ္မော၊ မည်၏။ လဒ္ဓဂုဏ်ဆောင်လိုရကား န အတ္တာနံ စသည်ကို မိန့်အပ်သတည်း။

ဝိနိပါတဓမ္မမရှိသော် သောတာပန်ပုဂ္ဂိုလ်အား အပါယ်ဘုံတို့၌ ကျခြင်းဖြစ်ခြင်း သဘောမရှိခြင်းတည်းဟူသော လဒ္ဓဂုဏ်ရှိ၏ ဟူလိုသတည်း။ သာရတ္ထဒီပနီကို မှီးသတည်း။ ဝိမတိဝိနောဒနီ၌မူကား သာရတ္ထဒီပနီလာ ရှေ့နည်း, နောက်နည်း နှစ်ပါးတို့ ရောယှက်၍ ဖွင့်လေဘိသတည်း။ သာရတ္ထဒီပနီမှာ ရှေ့နည်းအလိုအားဖြင့် ဓမ္မသဒ္ဒါသည် သဘောဟောတည်း။ နောက်နည်း အလိုအားဖြင့် ဓမ္မသဒ္ဒါသည် သက္ကာယဒိဋ္ဌိစသော အကုသိုလ် တရားဟောတည်း။ ဝိမတိဝိနောဒနီမှာမူကား သာရတ္ထဒီပနီမှာကဲ့သို့ နည်းနှစ်ပါးမရှိ။ ဓမ္မသဒ္ဒါသည် သဘောဟောတည်း။သဘာဝအရလည်း သက္ကာယဒိဋ္ဌိ စသော အကုသိုလ်တရားတည်း။ ထိုကြောင့် ဝိမတိဝိနောဒနီ၌ကား “ဣဒါနိ သဘာဝဝသေန” စသည်ကို မိန့်အပ်သတည်း။ သာရတ္ထဒီပနီမှာ ရှေ့နည်း, နောက်နည်း ကွဲသောကြောင့် ဝိမတိဝိနောဒနီ ဋီကာလာစကားကို အားထုတ်၍ သင့်တင့်အောင် ကြံအပ်၏၊ ဝိနိပါတနံဝါ စသော အဋ္ဌကထာ စကား၌ ဝိနိပါတနံမှာ ဝိရှေးနိရှေးရှိသော ပတဓာတ် ယုပစ္စည်းတည်း။ ဣညေသုစ သုတ်ဖြင့် ပ-အစိတ်အကို အာဝုဒ္ဓိပြု (ကာရိက်ပစ္စည်းသက်၍ ဝုဒ္ဓိပြုပြီးလျှင် ထိုကာရိက်ပစ္စည်းကို ချေရသည်မဟုတ်) ထို့ကြောင့် သာရတ္ထဒီပနီ(၁၊ ၄၅၁-နှာ)၌ “ဝိနိပါတန

သဘာဝေါတိ ဥပ္ပဇ္ဇနသဘာဝေါ” ဟု မိန့်အပ်၏။ ဤသာရတ္ထဒီပနီ စကားကို ထောက်၍ အဋ္ဌကထာမှာ “ဝိနိပါတနံ၊ ဖောက်ပြန်စွာ ကျခြင်း။ ဝိနိပါတန သဘာဝေါ၊ ဖောက်ပြန်စွာကျခြင်း သဘောတည်းဟု အနက်ပေး။

အပါယ်တို့၌ ဖောက်ပြန်စွာကျခြင်း သဘောနှင့် အပါယ်တို့၌ ဖြစ်ခြင်း သဘောသည် အတူတူပင်တည်း၊ သာရတ္ထဒီပနီ (၁၄၅၂-နှာ)၌ “သမ္ဘောဓိတိ ဥပရိမဂ္ဂတ္တယသင်္ခါတာ သမ္ဘောဓိ”ဟူသော ပဌမနည်း အလိုအားဖြင့် သမ္ဘောဓိ ဟူသော ပုဒ်ကို “ဥပရိ စတ္တာရိ သစ္စာနိ သမ္ဗုဇ္ဈတီတိ သမ္ဘောဓိ”ဟု ဖေနတ္ထ ပြုလေ။ ထို့ကြောင့် ပုဂ္ဂလပညတ် အဋ္ဌကထာ၌ “ဥပရိ တီဟိ မဂ္ဂေဟိ အဝဿံ ဗုဇ္ဈိဿတီတိ ဝါ သမ္ဘောဓိ ပရာယနော” ဟု မိန့်အပ်၏။

အာမန္တေသိ-၌ မန္တ-ဓာတ်သည် မန္တ-ဂုတ္တဘာသနေ ဟူသည်နှင့် လျှို့ဝှက်စွာ ဆိုခြင်း အနက်ဟောလေသလော ဟု စောဒနာရန် ရှိသောကြောင့် “အာမန္တေသီတိ အာလပိ” စကားကို မိန့်အပ်သတည်း။ အာရှေးရှိသော မန္တဓာတ်ဖြစ်၍ အာလပန အနက်ဟော ဟူလိုသတည်း။

အာလပိ၌ အာ-ရှေးရှိသော လပ-ဓာတ် ဖြစ်၍ အာ-ရှေးရှိသော မန္တ-ဓာတ် ကဲ့သို့ ဟောရင်းဖြစ်သော ဝိယတ္တဝါစာ အနက်မှတပါး အခြားသောအနက်ကို ဟောလေသလောဟု စောဒနာရန် ရှိသောကြောင့် အဘာသိကို မိန့်သတည်း။ ဟောရင်း ဝိယတ္တဝါစာ အနက်ကိုသာ ဟောသည် ဟူလိုသတည်း။

အဘာသိ၌ ဘာသ-ဓာတ်ဖြစ်၍ ကာသု ဘာသု ဒိတ္တိယံ ဟူသည်နှင့်အညီ တောက်ပခြင်းဒိတ္တိ အနက်ဟောလေ့သလောဟု စောဒနာရန်ရှိသောကြောင့် သမ္ဗော-ဓေသိကို မိန့်သတည်း။ ဘာသဗျတ္တာယံ ဝါစာယံ ဟူသည်နှင့်အညီ သိစေသော အားဖြင့်ဆိုခြင်း အနက်ကိုသာ ဟောသည်ဟူလိုသတည်း။

အနုဂ္ဂဏ္ဍန္တော စ ဝဍ္ဎေန္တော စဟု စ-သဒ္ဒါကိုယူဥ်။ မာဂဓိရသာနုတ္တော်လ၏ ပဌမ ဒိဝသ၌ ဤစကားကို ရှေးဝေါဟာရ၏ အစွမ်းအားဖြင့်သာ အဋ္ဌကထာဆရာ ဆိုတော်မူသတည်း။ ယခု ဝေါဟာရ၏ အစွမ်းအားဖြင့်မူကား တန်ဆောင်မုန်း လ၏နောက် ပက္ခ လပြည့်ကျော်အထွက် တစ်ရက်နေ့သည် ပဌမဒိဝသတည်းဟု သာရတ္ထဒီပနီ (၁၄၅၃-)၌ မိန့်အပ်၏။ ဝတ္ထဝသာနံ၊ ဝါကျွတ်ကုန်ပြီးသော။ နေသံ၊ ထိုရဟန်းတို့တွင်။ ဖုဿမာသဿ၊ ပြာသိုလ်လ၏။

သုဝဏ္ဏရသပိဉ္ဇရာဟိ၊ ရွှေရေအယဉ်နှင့် တူကုန်သော ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော။ အဓိပ္ပာယ်ကား...ကြေမွသောရွှေနှင့် ရောသော ရေအယဉ်အဆင်းနှင့် ရောင်ခြည်တော် အဆင်း တူသည် ဟူလိုသတည်း။

အထဝေါ၊ စသော စကားဖြင့်။ သာမညာဘိဟိတေ သဒ္ဒေါ ၊ နိဒ္ဒိဋ္ဌောဝ ပုမေနဝါ နပုံသကေနဝါတိပိ။ (သုတ္တနိဒ္ဒေသကာရကအစ)ဟု သဒ္ဒဝိဒူတို့ မိန့်အပ်သည်နှင့်အညီ တစ္ဆ ခေါနော အသန္တံ ဟူသောသဒ္ဒါ၏ သာမညဖြစ်သော စီဝရပိဏ္ဍပါတ, ဝိဟာရ, ဘေသဇ္ဇ• တည်းဟူသော နပုလ္လိင်, ပုလ္လိင်တို့နှင့် ဆက်ဆံသော အနက်ကို ဟောသောကြောင့် ရှေး၌ အပိစ ယော ဒေယျဓမ္မော၊ သော န ဒိန္နော-ဟု ပုလ္လိင်ဖြင့် ဆိုပြီးဖြစ်ငြားသော်လည်း သော စ၊ ခေါနော အသန္နောဟု ပုလ္လိင်ဖြင့် မဆိုမူ၍ တစ္ဆ ခေါနော အသန္တံဟု နပုလ္လိင်ဖြင့် ဆိုအပ်သတည်း။ ထိုကြောင့် သာရတ္ထဒီပနီ(၁၊၄၅၇-နှာ)၌ ဣမိနာ သာမညဝစနတော ဧတ္ထ နပုံသကလိင်္ဂနိဒ္ဒေသောတိ ဒဿေတိဟု မိန့်အပ်သတည်း။ အဒါတုကာမတာယ၊ သည်လည်း။ နောအမှာကံ၊ တို့အား။ နတ္ထိ၊ မရှိ။ ဤနည်းအလို နတ္ထိကား ထည့်ပါ၍ တည်း။ တစ်နည်းကား အဒါတုကာမတာယ၊ သည်လည်း။ အမှာကံ၊ တို့အား။ နော နတ္ထိ၊ မရှိ။ အသန္တသည် အသန္တာဟု ပြင်၍ လိုက်သတည်းဟု သိစေခြင်းငှာ နတ္ထိ စကားကို မိန့်အပ်သတည်း။ သာရတ္ထ ဒီပနီ ရှေးနည်း အလိုဘည်း။ ဤနည်းအလို အမှာကံကား ထည့်ပါ၍တည်း။

ကေသံ၊ အဘယ်သူတို့အား။ အဒါတုကာမတာ၊ သည်။ နတ္ထိ၊ မရှိသနည်း။ ပဟူတဝိတ္တူပကရဏာနံ၊ များစွာနှစ်သက်ခြင်း၏ အကြောင်းဖြစ်သော ဥစ္စာ စပါးစသည်ရှိကုန်သော။ မစ္ဆရီနံ ဂန်တိုကုန်သောသူတို့အား၊ အဒါတု-ကာမတာ၊ သည်။ အတ္ထိယထာ၊ ရှိသကဲ့သို့။ အဒါတုကာမတာ၊ သည်။ နတ္ထိ၊ မရှိ။ (ဝိသဒိသူပမာတည်း။)

ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ တုမှာကံ၊ တို့အား။ ဒေယျဓမ္မံ၊ ကို။ ဒဒေယျာမ၊ လှူဒါန်းကုန်ရာ၏။ တံ ကာရဏံ၊ ကို။ လဒ္ဓုံ၊ ငှာ။ ကုတော သက္ကာ၊ နည်း။ (တနည်းကား) မယံ၊ တို့သည်။ တုမှာကံ၊ တို့အား။ ဒေယျဓမ္မံ၊ ကို။ ယံ ဒဒေယျာမ၊ အကြင် လှူဒါန်းကုန်ရာ၏၊ တံ ကိစ္စံ၊ ထိုလှူဒါန်းသော ကိစ္စကို။ လဒ္ဓုံ၊ ရခြင်းငှာ။ ကုတော သက္ကာ၊ အဘယ်မှာ တတ်ကောင်းအံ့နည်း။

တံကုတေတ္ထလဗ္ဘာတိ ဧတ္ထ တန္တိ တံ ကာရဏံ၊ ကိစ္စံဝါ သာရတ္ထဒီပနီ(၁၊၄၅၇)။ ကိစ္စံ-အရ ဒဒေယျာမ၌ ဒါ-ဓာတ်အရ ဒါနကိစ္စတည်း။

ယံ ဒေယျဓမ္မံ၊ ပေးလှူခြင်းငှာ ထိုက်သော လှူဖွယ်ဝတ္ထုကို။အဟံ၊ သည်။ တုမှာကံ၊ တို့အား။ ဒဒေယျံ၊ ပေးလှူဒါန်းအံ့။ တံဒေယျဓမ္မံ၊ ကို။ ကုတော လဗ္ဘာ၊ နည်း။ ။ဃရာဝါသဗဟုကိစ္စဖြစ်၍ ပစ္စည်းများ ရှိသော်လည်း လှူဒါန်း ဖြစ်နိုင်ခဲသောကြောင့် လှူဒါန်းခြင်းငှာ ထိုက်သော လှူဖွယ်ဝတ္ထုကို ရနိုင်ခဲ သည် ဟူလိုသတည်း။

သုဘာတနုပုဒ်ကို "သေ့ဘာဝံ သုဘာတနံ" ဟူသော ဘာဝတဒ္ဓိတ်ဝစနတ္ထပြု။ "သေ့၊ နက်ဖြန်၌။ ဘင်၊ဖြစ်လတ္တံ့သော ကောင်းမှုအတွက် နှစ်သက် ဝမ်းမြောက်ခြင်းသည်း" ဟု အနက်ပေး။

ထိုပုဒ်ကား တဒတ္ထသမ္ပဒါန်တည်းဟု ပြလိုရကား တတ္ထ သုဘာတနာယာတိ စသည်ကို မိန့်အပ်သတည်။

သေ့ပုဒ်နှောင် ဘာဝအနက်၌ ယဒနုပပန္နာနိပါတနာ သိဒ္ဓါန္တိသုတ်ဖြင့် တန-ပစ္စည်းသက် သေ့အစိတ် ဧ-ကို အာပြု၊ ထို့ကြောင့် တဒ္ဓိတ်ရူပသိဒ္ဓိ ကုန်ခါနီး ယဒနုပပန္နာနိပါတနာသိဒ္ဓါန္တိသုတ်၏ ဝုတ္တိ၌ "နိပါတေဟိစ ဘာဝတ္ထေ တန-ပစ္စယော အဇ္ဇဘာဝံ အဇ္ဇတနံ အဇ္ဇဘာဝါ အဇ္ဇတနီ သေ့ဘာဝံ သုဘာတနံ" ဟု မိန့်အပ်၏။ သေ့ ဘာဝိယာတိဟူသော အဋ္ဌကထာစကားကို ရှု၍ သေ့ ဘာဝံ၌ "သေ့၊ နက်ဖန်၌။ ဘာဝံ၊ ဖြစ်လတ္တံ့သည်တည်း" ဟု အနက်ပေး။ ဘာဝိယာတီတိ ဘာဝံ-ဟု ဝစနတ္ထပြု။ သုဘာတနပုဒ်ကို ပဉ္စမဒုဋ္ဌဒေါသသိက္ခာပုဒ်၌လည်း မှတ်လတ္တံ့။

တတ္ထစ၌ စ-ကို သန္ဒဿေတွာစ, သမာဒပေတွာစ, ဂဏှာပေတွာစ, သမုတ္တေဇေတွာစ, ကတွာစ, သမ္ပဟံသေတွာစ-ဟု တွာပစ္စည်း ဆုံးသမျှပုဒ်တို့မှာ အသီးအသီးယှဉ်။

သမာဒပေတွာကို ဂဏှာပေတွာဟု ဆင့်၍ ဖွင့်သတည်း၊ သမုတ္တေဇေတွာကို သဥဿာဟံ ကတွာဟု ဆင့်၍ ဖွင့်သတည်း။ အညေဟိစ၌ စကို တာယ-သဥဿာဟတာယစ, ဝိဇ္ဇမာနဂုဏေဟိ စ-ဟုယှဉ်။ ယံ ဒိဝသံ၊ အကြင်နေ့၌။ ဘဂဝါ၊ ကို။ နိမန္တိတော၊ ၏။ တဿာရတ္တိယာ၊ ထိုနေ့၏ အဆုံးဖြစ်သော ညဉ့်ကို။ ယံဒိဝသံဟူသော အနိယတ်အရကား နေ့အကုန်တည်း။ တဿာ-ရတ္တိယာဟူသော နိယတ်အရကား နေ့တစ်စိတ်တည်း။

ဩဏိတပတ္တပါဏိံ၌ အာဝ-ရှေးရှိသော နီ-ဓာတ်တည်း။ ဒန္တဇ-နကို မုဒ္ဓဇ ဏ-ပြုအဝသဒ္ဒါသည် ဝိယောဂ အနက်ဟောတည်း။ ထို့ကြောင့် "အပနီတပတ္တံ" ဟု မိန့်အပ်သတည်း။ အဝသဒ္ဒါသည် အပဂတအနက်ဟောတည်း။ "ပတ္တတော၊ သပိတ်တော်မှ။ အပနီတပတ္တံ၊ ပယ်၍ သပိတ်တော်၏ ပြင်ဖက်သို့ ဆောင်တော်မူအပ်သော လက်တော်ရှိသော။ ဩနီတ္တံ နာနာဘူတံ စသော သာရတ္ထဒီပနီ (၁၊၄၅၇)ပါဠ်၌ ဩဏီတပုဒ်သည် အဝရှေးရှိသော နမု-ဓာတ် တ-ပစ္စည်းဖြင့် ပြီးသတည်း။ အဝ-သဒ္ဒါသည် ဝိယောဂ အနက်ဟောတည်း။ ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြု၊ ဣ-အာဂုံလာ ဘုဇာဒီနမန္တောနောဒွိစ သုတ်ဖြင့် မ-ကိုချေ။ တ-ကိုလည်း ဒွေဘော်ပြု၍ ပြီးသတည်း။ "ဩဏီတ္တပတ္တပါဏိံ၊ လက်တော်မှ ကင်းစေ၍ သင့်လျော်သော အရပ်၌ ညွတ်စေအပ်သော သပိတ်တော်ရှိသော" ဟု သဒ္ဒတ္ထ

အနက်ပေး။ လက်တော်မှ ကင်းစေ၍ သင့်လျော်သော အရပ်၌ ညွှတ်စေအပ်သော သပိတ်ရှိခြင်းဟူသည် လက်တော်နှင့်ကင်းသော သပိတ်ရှိခြင်းတည်း။ ထို့ကြောင့် "နာနာဘူတံ ဝိနာဘူတံ" ဟု(သာရတ္ထဒီပနီ-၁၊ ၄၅၈)၌ မိန့်အပ်သတည်း။

တနည်းကား – လက်တော်မှကင်းစေ၍ သင့်လျော်သော အရပ်၌ ညွှတ်စေအပ်သော သပိတ်ရှိခြင်းဟူသည် ဆွမ်းစသော အာမိသကို ပယ်သနှင့် စင်ကြယ်စွာပြုအပ်သော သပိတ်ရှိခြင်းတည်း။ ထို့ကြောင့် "အာမိသာပနယနေန ဝါ သုစိကတံ"ဟု (သာရတ္ထ-၁-၄၅၈-၌) မိန့်အပ်သတည်း။ ဤဒုတိယစကားဖြင့် နာနာ ဘူတံ ဝိနာ ဘူတံ ကို တနည်းလဲသတည်း။ ဩဏိဇ္ဇာပုဒ်၏ အနက်ကို တနည်းပြသည် မဟုတ်၊ အကယ်၍ တနည်းပြသည်ဟု ယူခဲ့သည် ရှိသော် ပါဏိတော ဟူသော အပ်ဒါန်နှင့် ဆန့်သတည်း။ လက်တော်မှ အာမိသကို ပယ်သည်မဟုတ်၊ သပိတ်တော်မှသာ အာမိသကို ပယ်သတည်း။ ထို့ကြောင့် ဆန့်သတည်း။

ပတ္တုဏ္ဏ ပတ္တ ပဋ္ဋေ၊ ပတ္တုဏ္ဏတိုင်း အရပ်၌ဖြစ်သော ပုဆိုး့စိန့်တိုင်း၌ ဖြစ်သောပုဆိုး- ဟုဆိုအပ်ကုန်သော ပုဆိုးတို့ကိုလည်းကောင်း။ အာယောဂ အံသဗဒ္ဓကကာယဗန္ဓနပရိဿာဝနာဒီနံ၊ အာယောဂပတ်၊ အံသကိုက်၊ ခါးပန်း၊ ရေစစ်စသည်တို့၏။ အာယောဂပတ်ဟူသည်နိသဇ္ဇနာ၊ ဓုတင်ကိုဆောက်တည်ကုန်သော ရဟန်းတို့၏ ထိုင်၍နေသောအခါ မိမိကိုယ်ကို မယိမ်းမယိုင် စေခြင်းငှါ တိုင်စသည်နှင့် မိမိကိုယ်ကိုဖွဲ့ချည်စရာ ပုဆိုးအပြားတည်း။ ထို့ကြောင့် ဝိသုဒ္ဓိ၊ မဂ်အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ဌ၊ ၁၊ ၇၆။)၌ နေသဇ္ဇိကဝဏ္ဏနာ၌၊ မုဒုကဿ အပဿေနမ္ပိ ဒုဿပလ္လတ္ထိကာပိ အယောဂပဋ္ဋောပိ ဗိမ္ဗောဟနံပိ ပဉ္စင်္ဂပိ သတ္တင်္ဂပိ ဝဋ္ဋတိ- ဟု မိန့်အပ်၏။ ထိုစကားရပ်၌ အာယောဂပဋ္ဋော ဟု အပြားဟောပဋ္ဋ သဒ္ဒါပါရှိသတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ထောက်ရသတည်း။

အံသဗဒ္ဓကဟူသည် အနံတင်ထွာ အလျားသုံးတောင် ပမာဏရှိသော ပုဆိုးအပြားကြိုးကွင်းတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တေစီဝရိကင်္ဂဝဏ္ဏနာ (၁၊ ၆၂)၌၊ ဓုတင်တေစီဝရိကဿ ပန စတုတ္ထံ ဝဋ္ဋမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ၊ တဉ္စ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ ဟု မိန့်အပ်၏။ ထိုကြိုးကွင်းကို ပခုံး၌ဆွဲ၍ သပိတ်ကို လွယ်ရသတည်း။ ထို့ကြောင့် ထိုကြိုးကွင်းသည် သပိတ်အိပ်ကြိုးကွင်းကြိုး အပြားသာတည်း။ အံသေ ဗန္ဓိယတိ တိ အံသဗန္ဓကော"ဟု ဝစနတ္ထပြု။ ထိုကြိုးကွင်းကို"လွယ်ဘိ"ဟု ရှေးဆရာတို့ ခေါ်ဝေါ်တော်မူကြကုန်သတည်း။

ပန တထာ ပိ၊ ထိုသို့တစုံတခုသော ရဟန်းအသုံးအဆောင် ပရိက္ခရာကို မလှူဒါန်းအပ်သည် မည်သည်မဖြစ်လေငြားသော်လည်း။ ပါဠိယံ၊ ၌။ စီဝရ မတ္တမေဝ၊ ကိုသာလျှင်။ ဥပလက္ခဏနယေန၊ ဖြင့်။ ဝုတ္တံ၊ ၏။

အနုဗန္ဓိတွာ၊ အစဉ်လိုက်၍။ (ဝါ) ပိုလိုက်၍။ ယထာဘိရန္တံပုဒ်၌ အဘိရှေး ရှိသော ရမုဓာတ်။ တ· ပစ္စည်း၊ ရမုဓာတ်သည် ရမု–ကီဠာယံ ဟူသည်နှင့်အညီ အလိုရှိခြင်းတည်း ဟူသော မွေ့လျော်ခြင်းအနက် ဟောတည်း။

ထို့ကြောင့်"ယထာဇ္ဈာသယံ ယထာရုစိတံ"ဟုဖွင့်သတည်း။အဇ္ဈာသယ·သဒ္ဒါ သည်"တံ တံ ကမ္မံ ကာတုံ အာသယတိ ဂုဏ္ဍတီတိ အာသယော၊ အာသယော ဧဝ အဇ္ဈာသယော" ဟူသော ဝစနတ္ထနှင့် အညီ ကတ္တုကမျတာဆန္ဒဟော တည်း။ ထို့ကြောင့် အဘိဓာန် သံကိဏ္ဏဝဂ် (၇၆၆ ဂါထာ)၌ အဇ္ဈာသယော အဓိပ္ပါယော၊ အာသယောစာဘိသန္ဓိစ၊ ဘာဝေါဓိမုတ္တိဆန္ဒောထ၊ ဟု မိန့်အပ် ၏။ ရုစိသဒ္ဒါသည်လည်း အလိုဟောတည်း။ ထို့ကြောင့်–

အဘိဓာန် သဂ္ဂကဏ္ဍ(၁၆၃–ဂါထာ)၌ အာကင်္ခါရုစိဝုတ္တာသာ"ဟု မိန့်အပ် ၏။ ပါဠိတော်၌ "ယထာဘိရန္တံ၊ ဝေနေယျကို ဆုံးမလို၍ နေတော်မူခြင်းငှာ အလိုရှိတော်မူခြင်းတည်းဟူသော မွေ့လျော်တော်မူခြင်း အားလျော်စွာ"ဟု အနက်ပေး။ အဘိရမံ အဘိရန္တော၊ အဘိရှေးရှိသော ရမုဓာတ် တ·ပစ္စည်း ပက္ကမာဒီဟိန္တောစ သုတ်ဖြင့် တ·ပစ္စည်းကို အန္တပြု၊ရမုဓာတ် အစိတ်မကိုလည်း ချေ။ ပယာဂပတိဋ္ဌာနံ ဂန္တွာဖြင့်၊ ယေနပယာဂပတိဋ္ဌာနံ၊တေနုပသင်္ကမိ ဥပ· သင်္ကမိတွာကို ချုံး၍ ဖွင့်သတည်း။ ယေနမဂ္ဂေန၊ ဖြင့်။ ဗာရာဏသီ၊သို့။ ဂန္တဗ္ဗာ၊ ၏။ တေနမဂ္ဂေန၊ ဖြင့်။ ဗာရာဏသိံ၊ သို့။ အနုဝသရိ၊ ရောက်တော်မူပြီ။ တတြ· တသ္မိံ ဝစနေ၊ ထိုသမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ဟူသော စကား၌။ ဝုတ္တာယ၊ ဆိုအပ်ပြီးသော။ သမန္တပါသာဒိကာယ၊ သမန္တပါသာဒိက အမည် ရှိသော ဝိနည်းအဋ္ဌကထာ၏။ သမန္တပါသာဒိကတ္တ သ္မိံ၊ ထက်ဝန်းကျင် အားဖြင့် ကြည်ညိုခြင်းကို ဖြစ်စေတတ်သည်၏ အဖြစ်၌။ ဣဒံဝက္ခမာနဂါထာဝစနံ၊ ဤ သို့ဆိုအပ်လတ္တံ့သော ဂါထာစကားသည်။ ဟောတိ၊ ဖြစ်၏ (ဝါ) ဖြစ်လတ္တံ့။

ဝေရဉ္ဇကဏ္ဍဝဏ္ဏနာနိဋ္ဌိတာ

# ပါရာဇိကကဏ္ဍဝဏ္ဏနာ

ဣတော၊ ဝေရဉ္ဇ ဂဏ္ဍုတော၊ မှု။ ပရံ၊ ၌။ ဝုတ္တံ၊ သော။ ယတ္ထယတ္ထ၊ အကြင် အကြင်ပါဠိ၌။ ဝတ္တဗ္ဗံ၊ ဖွင့်ဆိုအပ်ဖွင့်ဆိုထိုက် ဖွင့်ဆိုသင့်သော စကားသည်။ အတ္ထိ၊ ၏။ တံတဒေဝ၊ ထိုထိုပါဠိကိုသာလျှင်။ ဝဏ္ဏာယိဿာမ၊ ဖွင့်ကုန်အံ့။ ဘဏ္ဍာပဋိယော ဇနဥဒ္ဒါရသာရဏာ ဒိနာ၊ ရောင်းအပ်သော ဘဏ္ဍာကို ရောင်းသော အားဖြင့် ရောင်းအပ်သော ဘဏ္ဍာကိုဝယ်သောသူနှင့် ယှဉ်စေခြင်း, ဝယ်သော သူက ဝယ်ဖိုးကို ပေးခြင်ငှာ ချိန်းချက်အပ်သော နေ့၌ သွား၍ ဆောင်ယူခြင်း, ဤအမည်ရှိသောနေ့၌ ဝယ်ဖိုးကိုပေးရမည်ဟု သတိကို ဖြစ်စေသော အားဖြင့် အောက်မေ့စေခြင်း အစရှိသော။ ဒိသ္သာနယဿနှင့် ဒိသ္သာနပုဒ်၊ စရ ပိရေ ဝိနယာ–၌ကဲ့သို့ နယာ–ပုဒ်လောဟုမေးရန်ရှိသောကြောင့် ဒိသ္သာနသာတိ ဒိသ္သာနာ အဿ စကားကို မိန့်အပ်သတည်း။သုဒိန္နော၊ သည်။ ဒိသ္သာန၊၍။ ကတ္တားကား သုဒိန္နောတည်း။ အဟောသိ၏ ကတ္တားကား တေ တည်း။ ဤသို့ ကတ္တားကွဲသောကြောင့် တွာ-ပစ္စည်းကိုဟိတ်အနက်၌သက်။ သုဒိန္နော ကတ္တား ကိုလည်း "သုဒိန္နဿ"ဟု သမ္ဗန်ထား၊ထို့ကြောင့် "ကတ္တားကွဲသော်၊ မတူရှိမူ၊ မိမိ ကတ္တား၊သမ္ဗန်ထား၍၊ ဖြစ်ငြားဟိတ်မှာ၊ သက်တို့လာသည်၊ တွာဒိပစ္စည်း သဘောတည်း"ဟု ရှေးဆရာတို့ မိန့်အပ်၏။

ကတ္တားတူရာ "ဩဒနံ ပစိတွာ ဘုဥ္ဇတိ"မှာလည်း ဟိတ်အနက် ပေးလို လျှင် ပေးရသေး၏။ ကတ္တားမတူရာ "သီဟံ ဒိသွာ ပုရိသဿ ဘယံ ဟောတိ" မှာလည်း ပုဗ္ဗကာလ အနက်ပေးလိုလျှင် ပေးရသေး၏။

ဘဗ္ဗကုလပုတ္တဿ၊ ဤဘဝ မဂ်, ဖိုလ်ကို ရထိုက်သော အမျိုးကောင်းသား သုဒိန်အား။ရှေးဖြစ်ကုန်သော ဘုရားရှင်တို့၏ အထံတော်၌ ရအပ်သော ဗျာဒိတ် စကား ရှိကုန်သော ပစ္ဆိမဘဝိက ဖြစ်ကုန်၍ ဧကန် မဂ်, ဖိုလ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်တို့အား မဂ်, ဖိုလ်ကို ရရာ၌ အန္တရာယ် မရှိကောင်း၊ ဝိမတိဝိနောဒနီ ဋီကာကို ထောက်၍ ဆိုသတည်း။

ယံနူနာဟံ စသည်၌ န ဟိ နူန သော ဩရကော ဓမ္မဝိနယော(ဝိ၊၃၊၂၅။) ဟူသော စကား၌ "သော ဓမ္မဝိနယော၊ သည်။ နဟိ ဩရကောနူန၊ မယုတ် သည်သာ ဖြစ်ရာ၏" ဟု အနက်ပေးရသည်နှင့် နူန-သဒ္ဒါသည် အနုမာန အနက်၌ ဖြစ်သကဲ့သို့ "အဟံမ္ပိ၊ သည်လည်း။ ဓမ္မံ၊ ကို။ ယံနူသုဏေယျံ၊ အကြင် နာအံ့။ ဧတံဓမ္မသဝနံ၊ သည်။ သာဓုနူန၊ ကောင်းရာ၏" ဟု အနက်ပေးရသည်

ဖြစ်၍ နူန-သဒ္ဒါသည် အနုမာန အနက်ကို ပြလေသလော။ ယံသဒ္ဒါသည် ကြိယာပရာမသန ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် ဝတ္တ ယံ နူနာတိ စသည်ကို မိန့်သတည်း။

အဘယ့်ကြောင့် ပရိဝိတက္ကဒဿန ဖြစ်သနည်းဟု မေးရန်ရှိသောကြောင့် ဝေ ကိရ စသည်ကို မိန့်အပ်သတည်း။

ယမယံ။ပ။ သုဏောယျုံ ဣတိ ဝေ အယံ သုဒိန္နဿ ပရိဝိတက္ကော ယသ္မာ ဥပ္ပန္နော ကိရ၊ တဿ ပရိဝိတက္ကဒဿနံ။

ဥဠာရဠာရဇနာ၊ ခတ္တိယမဟာသာလ စသော အလွန်မြတ်သော လူတ များ ရှိသော။ ပဉ္စာအာဂတေန ပဉ္စာအာဂတတ္တာ၊ ကြောင့်။ အထခေါ၊ စင်စစ် သော်ကား၊ ဘဂဝတော၊ ၏။ သိက္ခတ္တယူပသံဟိတံ သိက္ခတ္တယူပသံဟိတဿ၊ သော။ ထောကံ ထောကဿ၊ သော။ ဓမ္မကထံ ဓမ္မကထဿ၊ ကို။ သုတ္ဘာ သုတ္တတ္တာ၊ ကြောင့်။ ဧတံ ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။

ကေမန္တံ။ပ။ဧတဒဟောသိ ဟူ၍ အဘယ်ကြောင့် ဟောတော်မူအပ်လေ သနည်း။ ထိုင်နေကာမျှ ဖြစ်သော သုဒိန်အား ဤအကြံအစည် မဖြစ်သေး၊ စင်စစ်မူကား ထိုင်နေပြီးလျှင် မြတ်စွာဘုရား၏ သိက္ခာသုံးပါးနှင့် စပ်သော အနည်းငယ်သော တရားတော်ကို ကြားနာရသောကြောင့် အကြံအစည် ဖြစ်သည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် ကေမန္တ စသည်ကို မိန့်သတည်း။

ဓမ္မကထံ သုတ္ဘာ ဧတံ ပရိဝိတက္ကနံ ကိဥ္စာပိ အဟောသိ၊ ပန တထာပိ ပရိဝိတက္ကနံ အယံ သုဒိန္နဿ စသည်ဖြင့် အနက်ပေး။ နိသိန္နဿေဝ၊ ထိုင်နေ တုန်းဖြစ်သော သုဒိန်အားသာလျှင် ထိုင်နေစအခါ အကြံမဖြစ်သော်လည်း ထိုင်နေတုန်းအခါ ထိုင်နေခြင်း ကြိယာမပြီးသမျှ ကာလအတွင်း အကြံဖြစ် သောကြောင့် ကေမန္တ စသည်ကို ဟောတော်မူအပ်၏ ဟုလိုသတည်း။

ဣဒံ န သုကရံ အဂါရံ အဇ္ဈာဝသတာ-ဟု သီလက္ခန် အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၁၊၁၆၃။)ရှိ၍ ထိုစကားကို ပါထည့်သတည်း။ပဗ္ဗဇေယျန္တိ ဝေပရိဝိတက္ကော ဟောတိ-ဟု အရင်းသို့ပြန်။ အဂါရဿ ဟံတံ-၌ "န ဂစ္ဆန္တီတိ အဂါ၊ ထမ္ဘာ ဒယော၊ တေ ရာတိ ဂဏှာတီတိ အဂါရံ" ဟု ဝစနတ္ထပြု၍ အိမ်ကို ရ၏။ ထိုနောင် "အဂါရေ ဝါသော အဂါရံ" ဟု ဥတ္တရပဒလောပသမာသ် ဝစနတ္ထ ပြု၍ အိမ်၌နေခြင်းကို ရ၏။

ဉာတိသာလောဟိတာ မိတ္တာမစ္စာ၊ အဖမျိုး, သွေးစပ်သော အမိမျိုး, ချစ်အပ်သော မိတ်ဆွေ, ကိစ္စကြီးငယ်တို့၌ တကွဖြစ်သော အဆွေခင်ပွန်း

တို့သည်။ ကေပုတ္တကော၊ သနားအပ်သော တစ်ယောက်ကည်းသော သားသည် (ဝါ) သနားဖွယ်သော တစ်ယောက်တည်းသော သားသည်။ အနုကမ္ပာယ။ ပုတ္တကော၊ တဒ္ဓိတ်ရှုပသိဒ္ဓိ ယဒနုပပန္နာ နိပါတနာသိဇ္ဈန္တိ ၏ ပြယုဂ် ကုစ္ဆိတော သမဏော သမဏကော ဟူသော ဂုဏ်းသုတ်၏ ပြယုဂ်ကိုထောက်၍ "အနုကမ္ပိတော ဧက ပုတ္တောတိ ဧကပုတ္တကော" ဟု ဝစနတ္ထပြု၊ ထို့ကြောင့် အဋ္ဌကထာ၌။ "ဧတ္တ စ ကေပုတ္တောတိ ဝတ္တဗ္ဗေ အနုကမ္ပာဝသေန ဧကပုတ္တကောတိ"ဟု မကြာမတင် မိန့်လတ္တံ့။ ယသ္မာ ဘဝိဿတိ ဂ္ဃတိ တသ္မာ န ယာစိ။

ဓူရနိက္ခေပေနဝ၊ ဘဏ္ဍာကို ရောင်းချသောအားဖြင့် ယှဉ်စေခြင်း စသည်တို့၌။ ဘဏ္ဍပယောဇန စသည်ကိုမပြုလိုဟု ဝန်ချခြင်းဖြင့်သာလျှင်။ တံ ကရဏိယံ၊ ထိုဘဏ္ဍပယောဇန စသောကိစ္စကို။ ။နက္ခတ္တ ကီဠာယံ ဝါ စကားကို "ကတ္တိက နက္ခတ္တ ကီဠာကိစ္စနာတိပိ ဝဒန္တိ"ဟု မိန့်ဆိုခဲ့သည်နှင့်အညီ အာစရိယဝါဒ ရှိသည်အားလျော်စွာ မိန့်ဆိုတော်မူသတည်း။ ။မနာပေါ၌ အာပ-ဓာတ်သည် အာပ-ဗျာပနေ ဟူသည်နှင့်အညီ ပျံ့နှံ့စေခြင်း အနက်ဟောတည်း။ ပျံ့နှံ့စေခြင်းဟူသည် ပွားခြင်းပင်တည်း ထို့ကြောင့် မနာပေါတိ မနဝဍ္ဎနကောဟု မိန့်အပ်သတည်း။

ဧမိတော ၌ ဓေ-ဓာတ်သည် ဓေ-ဗုဒ္ဓိယံ လာဘေ စ (နီတိဓာတု-၁၀၀။) ဟူ၍လာသော အနက်နှစ်ချက်တို့တွင် ဝုဒ္ဓိအနက်ဟောဟု ပြတော်မူခြင်းငှါ သုခသံဝဍ္ဎိတောတိ အဋ္ဌကထာ-ဟု မိန့်အပ်သတည်း။

ဒုက္ခဿ၊ မရေတွက်နိုင်သော ဒုက္ခ၏။ ကိဋ္ဌိ၊ စိုးစဉ်းသော။ အပ္ပမတ္တကံပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ကလဘာဂံ၊ တစ်စိတ်သော အဖို့ကိုမျှ။ န ဇာနာသိ၊ မသိ။ ယေနကာရဏေန၊ အကြင်အကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ ဇီဝန္တံ၊ အသက်ရှည်သော။ တံ၊ သင့်ကို။ အနုဇာနိဿာမ၊ ခွင့်ပြုကုန်အံ့။ တံ ကာရဏံ၊ သည်။ ကိံ နာမ အတ္ထိ၊ အဘယ်မှာရှိအံ့နည်း။

အနန္တရဟိတာယ-ပုဒ်၌ အန္တရသဒ္ဒါ ရှေးရှိသော ဓာ-ဓာတ်၊ အန္တရ ဓာ အဒဿနေ၊ အန္တရ ပုဗ္ဗော ဓာ-ဓာတု အဒဿနေ-(နီတိဓာတု-၂၂၀။) ဟူသည်နှင့်အညီ အန္တရသဒ္ဒါ ရှေးရှိသော ဓာ-ဓာတ် ဖြစ်သော်လည်း မမြင်ခြင်း အဒဿန အနက်ဟောမဟုတ်၊ ကြားအရာမှ အရာသို့လိုက်၍ ဖြန့်ခင်းခြင်း အတ္ထရဏ အနက်ဟောတည်း ဟု ပြလိုရကား၊ အနန္တရဟိတာယာတိ စသည်ကို မိန့်ဆိုသတည်း၊

"အနန္တရ ဓာတဗ္ဗံ အတ္ထရိတဗ္ဗန္တိ အန္တရဟိတံ အတ္ထရဏံ။ နတ္ထိ အန္တရ ဟိတံ၊ တေိဿာ ဘူမိယာတိ အနန္တရဟိတာ"ဟု ဝစနတ္ထပြု။

ဂန္ဓဗ္ဗနစ္စနာဋကာဒီနိ၊ သီချင်းသီတတ်သောသူ၊ ကချေသည်၊ ဂျမ်းသမား စသောသူတို့ကို။ လင္ဃ၊ စံပယ်လေ့။ ဥပလင္ဃ၊ လွန်စွာစံပယ်လေ့။ ရမ၊ မွေ့လျော်လေ့။ ကီဠသ္သ၊ မြူးထူးကစားလေ့။ ဒါနပ္ပဒါနာဒီနိ၊ မြဲသော အလှူ၊ ဥပုသ်နေ့ စသည်တို့၌ လှူအပ်သော လွန်သောအလှူ အစရှိကုန် သော။ ဤနည်းအလို ပ-ဥပသာရပုဒ်သည် ဘုသ-အနက်ဟောတည်း။ (ဝါ) ပဝေဏီ ကို စောင့်ရှောက်သည်၏ အစွမ်းအားဖြင့် လှူအပ်သောအလှူ၊ မိမိသည်သာဖြစ်စေ၍ လှူအပ်သောအလှူ အစရှိကုန်သော။ ဤနည်းအလို ပ-ဥပသာရပုဒ်သည် အာဒိကမ္မအနက်ဟောတည်း။ (ဝါ) သူတစ်ပါးတို့နှင့် ဆက်ဆံသော အလွန်မမွန်မြတ်သော အလှူ၊ သူတစ်ပါးတို့နှင့် မဆက်ဆံသော အလွန်မွန်မြတ်သော အလှူအစရှိကုန်သော။ ဤနည်းအလိုလည်း ပ-ဥပသာရ ပုဒ်သည် ဘုသအနက်ကိုပင် ဟောသတည်း။

ကထာနုပ္ပဗန္ဓဝိစ္ဆေဒနတ္တံ၊ မိဘတို့က "တံ ခေါ သိ တာတ-သုဒိန္န" စသည် ဖြင့် ဆိုအပ်သော စကားအစဉ်ကိုဖြတ်ခြင်း အကျိုးငှါ။ နိရာလာပသလ္လာပေါ၊ ရှေးဦးစွာ ပြောဆိုခြင်း၊ တစ်ဖန် စကားတုံ့ပေးသောအားဖြင့် အညီအညွတ် ပြောဆိုခြင်းမရှိသည်။ အာဒေါဘာသနမာလာပေါ၊ သမ္ဗာသနံ တု သလ္လာပေါ။ ဝိရောဓရဟိတာံမိထု၊ (၁၂၃–၁၂၄–ဂါထာ) အဘိဓာန်သဂ္ဂကဏ္ဍ။ ဂမနာဂမနာဒိ သမယေ အာဒိမှိ ဘာသနံ၊ ပိယဝစနမာလာပေါ။ အာဒိမှိလာပေါ အာလာပေါ။ မိထု အညမညံ ဝိရောဓရဟိတံ ဝစနံ။ သမ္ဗာသနံ သလ္လာပေါတိစ ဝုစ္စတိ။ ယထာ ကော ဗျုတော အဇ္ဇ သောဘနံ နက္ခတ္တန္တိ၊ ဂုတရောပျာဟ တထေ-ဝါတိ၊ အဘိဓာန်ဋီကာ (၁၂၃၊၄–ဂါထာ) အာလာပ၌ အာ– သည် အာဒိ-ကမ္မအနက်ဟောတည်း။ ထို့ကြောင့် အဘိဓာန်ဋီကာ၌ အာဒိမှိ လာပေါ အာလာပေါဟု မိန့်အပ်၏။ ဤအဘိဓာန်ဋီကာ၌ မိန့်အပ်သောစကားသည်၊ အဘိဓာန် အဗျယဝဂ် (၁၁ဂ၀၊ ဂါထာ)၌ မိန့်အပ်သော "အာဘိမုချသမီပါဒိ၊ ကမ္မာသိင်္ဂနပတ္တိသု" ဟူသော စကားနှင့် ညီ၏။

သလ္လာပ၌ သံသဒ္ဒါသည် သမောဓာန အနက်ဟော တည်း။ ထို့ကြောင့် အဘိဓာန်ဋီကာ၌ "မိထု အညမည ဝိရောဓရဟိတံ ဝစနံ" ဟု မိန့်အပ်၏။ ဤ အဘိဓာန်ဋီကာ၌ မိန့်အပ်သော စကားသည်၊ အဘိဓာန်အဗျယဝဂ် (၁၁၇၀– ဂါထာ)၌ မိန့်အပ်သော သံမောဓာနသင်္ခေပ–စသော စကားနှင့် ညီ၏။

သာရတ္ထဒီပနီ(၂–၅။)လာ "နတ္ထိ တေသံ ဝစနပဋိဝစနသင်္ခါတော" ဟူသော စကား၌ ဝစနဖြင့်အာလာပကိုဖွင့်သတည်း။ ပဋိဝစနဖြင့် သလ္လာပကိုဖွင့်သတည်း။ "ဝစနပဋိဝစနသင်္ခါတော၊ ရှေးဦးစွာ ပြောဆိုခြင်း၊ စကားတုံ့ပေးသောအားဖြင့် ပြောဆိုခြင်းဟု ဆိုအပ်သော" ဟု အနက်ပေး။

သုဒိန်၏ အဖော်တို့သည် အကြံအစည် ဖြစ်သောအတိုင်း သုဒိန်၏ မိဘတို့ကို ခွင့်လွှတ်စေခြင်းကို ပြုကြပါကုန်၏လော့ဟု မေးရန် ရှိသောကြောင့် "တေ တထာ အကံသု"ကို မိန့်သတည်း။ တေ၊ ထိုသုဒိန်၏ အဖော်တို့သည်။ တထာ၊ ထိုကြံစည်သော အခြင်းအရာအားဖြင့်။ ဝါ၊ ထို ကြံစည်သောအတိုင်း။ အကံသု၊ သုဒိန်၏ မိဘတို့ကို ခွင့်လွှတ်စေခြင်းကို ပြုကြကုန်၏။

ဥဒဂ္ဂေါ၊ ပုဒ်သည် ဥဒ–ပုဒ်, အဂ္ဂပုဒ်ဖြင့်ပြီးသောပုဒ်ဖြစ်၍ "ဥဒ– မောဒေ ကီဠာယဉ္စ"(နိတိ၊ဓာတု·၉၃)ဟူသည်နှင့်အညီ ဥဒ–သဒ္ဒါသည် ဝမ်းမြောက်ခြင်း အနက်ကိုဟောသောကြောင့် လည်းကောင်း၊အဂ္ဂ–၌ အဇ–ဓာတ်သည်ဖြစ်ခြင်း အနက်ကို ဟောသောကြောင့် လည်းကောင်း။"ဥဒေါ မောဒေါ အဂ္ဂေါ သဥ္စာ· တော တေသာတိ ဥဒဂ္ဂေါ"ဟု ဝစနတ္ထ ပြုရကောင်းအံ့လောဟု စောဒနာရန် ရှိသောကြောင့် ဥဒဂ္ဂေါတိ စသည်ကို မိန့်အပ်သတည်း။

ဥ–ပုဒ် အဂ္ဂ·ပုဒ်။ ဥ–သည် ဥဒ္ဓံမ အနက်ဟောဘည်း။ အဂ္ဂိ၌ အဇ ဓာတ်သည် တက်သွားခြင်း အနက်ဟောတည်း။ ထို့ကြောင့် "ဥဒ္ဓံ အဇတိ ဂစ္ဆတီတိ ဥဒဂ္ဂေါ"ဟု ဝစနတ္ထ ပြုလေဟု ပြတော်မူသတည်း။

အထက်သို့ တက်ခြင်းဟူသည် ရှေးရှုအထက်သို့ တက်ကြွသော ကိုယ်စိတ် ရှိသည်၏ အဖြစ်ပင်တည်းဟု အဓိပ္ပါယတ္ထကို အရင်းမူသဖြင့် ဝစနတ္ထကို ပြတော်မူသတည်း။

ကတိပါဟံ ဟူသောပုဒ်ကို "ကတိပယ အဟံ"ဟု ပုဒ်ဖြတ် ကတိပယပုဒ်၌ ယ–ကျေသ ဘည်း။ ထိုကတိပယ–သဒ္ဒါသည် နှစ်ခု, သုံးခု, လေးခုမှ ငါးခု စ၍ တသောင်း, တစ်သိန်း တိုင်အောင် အစုံစုံသော အရေအတွက် သချာဟောတည်း။ ထို့ကြောင့် မဓုသာရတ္ထဒီပနီ နိဒါန်းအဖွင့်၌ ကတိပယာဝါတိ အပ္ပကာ· ဝါတိ အတ္ထော။ ကတိပယသဒ္ဒေါဟိ ဿတသဟဿံ ဥပါဒါယ ဒသပိ,သတံပိ· ကတိပယာတိ ဝုစ္စန္တိ။ကေစိ ပန ဒွေ တယော၊ကေစိ စတုပဥ္စာတိ-ဟုမိန့်အပ်၏။

ဤအရာမှာမူကား ကေစိဝါဒနှင့်အညီ နှစ်ခု, သုံးခု,နှင့် လျော်သတည်း။ အဘယ်ကြောင့်နည်း ဟူမူကား "ကာယဗလံ ဇနေတွာ"ဟု အဋ္ဌကထာ၌ မိန့်အပ်သည်နှင့် အညီ နှစ်ရက်, သုံးရက် မိမိအိမ်မှာ လျောက်ပတ်သော ဘောဇဉ်ကိုစား၍ နေသော် လည်းကောင်း မိမိကိုယ်ကို ပွတ်တိုက်ခြင်း ရေချိုး ခြင်း စသည်ဘို့ဖြင့် ရှက်ဆောင်သော် လည်းကောင်း, ကိုယ်အားကို ဖြစ်စေခြင်းကြောင့် လည်းကောင်း "န ဟိ ပဗ္ဗဇ္ဇာယ တိဗ္ဗစ္ဆန္ဒဿ"

စသည်ဖြင့် အဋ္ဌကထာဆရာ (၁၇၁–နှာ) မိန့်အပ်သော စကားကို ရှု၍ "ကတိပါဟံ ဗလံ ဂါဟေတွာတိ၊ ကသ္မာ ပနဿ ဃံ တထာ ပဗ္ဗဇ္ဇာဃ တိပ္ပစ္စန္တေ အနုညာတော သမာနော ကတိဂါဟံ ဃရေယေဝ ဝိလမ္ဗိတွာ ကာယဗလဉ္စ ဒဂ္ဂဟေသီတိ။ အနုမတိဒါနေန မာတာပိတူသု သဟာယကေသု စ တုဋ္ဌေသု တေသံ စိတ္တတုဋ္ဌတ္ထံ ဟူ၍ (ဝဇိရဗုဒ္ဓိဋီကာ-၆၇)၌ မိန့်အပ်သည်နှင့် အညီ ရှင်, ရဟန်းပြုခြင်းငှါ ထက်သောအလိုဆန္ဒရှိခြင်းကြောင့်လည်းကောင်း တည်း။

ကတိ ပယာနိ အဟာနိ ကတိပါဟံဟု ဒိဂု သမာသ်ဝစနတ္ထပြု။ "တီဏိ နယနာနိ တိနယနံ" ကဲ့သို့ နပုံကေတ်ငဲ့ရမည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် "ကတိ-ပါဟန္တိ ကတိပယာနိ ဒိဝသာနိ" ဟု မိန့်အပ်သတည်း။ တိမ်မြုပ်သောအရာတည်း။ ဘုဉ္ဇန္တော စ, ပရိဟရန္တော စဟု စ-သဒ္ဒါကို ယှဉ်၊ ထိုနှစ်ပုဒ်ကို ဇနေတွာ မှာစပ်။

ပန၊ အဖွိုတပါးကို ဆိုဦးအံ့။ ဧတ္ထဌာနေ၊ ဤ "အလတ္ထခေါ်" စသော စကားအရာ၌။ ဌတွာ၊ တန့်ရပ်၍။ သင္ဂအဋ္ဌကထာသု၊ မဟာအဋ္ဌကထာစသော အလုံးစုံသော အဋ္ဌကထာတို့၌။ ပဗ္ဗဇ္ဇာ စ၊ ရှင်ပြုခြင်းကိုလည်းကောင်း။ ဥပ-သမ္ပဒါ စ၊ ပဉ္စင်းခံခြင်းကိုလည်းကောင်း။ ကထေ့ပိ ကထိတာ၊ အကယ်၍ကား ဖွင့်ဆိုအပ်ကုန်၏ရှင့်။ ပန တထာပိ၊ လည်း။ ဟိယသ္မာ၊ ကြောင့်။ ဧဝံ၊ ဤသို့။ ကထိယမာနေ၊ သော်။ ပါဠိက္ကမေနေဝ၊ ဖြင့်သာလျှင်။ ဝဏ္ဏနာ၊ သည်။ ကတာ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ စ၊ ထိုကြောင့်လည်းကောင်း။ ဟိယသ္မာ၊ ကြောင့်။ တတော၊ ထိုသို့ပါဠိတော်အစဉ်အားဖြင့်သာ အဖွင့်၏ ပြုအပ်သည်၏ အဖြစ်၏ ဖြစ်သည်၏ အဖြစ်ကြောင့်။ တေနတေန ဝိနိစ္ဆယေန၊ ကို။ အတ္ထိကာနံ၊ အလိုရှိကုန်သော အမျိုးသားတို့သည်။ ပါဠိက္ကမေနေဝ၊ ဖြင့်သာလျှင်။ ဣမံ ဝိနယသံဝဏ္ဏနံ၊ ကို။ ဩလောကေတွာ၊ ၍။ သောသောဝိနိစ္ဆယော၊ သည်။ (ဝါ)ကို။ သုဝိညေယျော၊ ချမ်းသာသဖြင့် သိအပ်သည်။ (ဝါ) လွယ်သဖြင့် သိအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိတသ္မာ စ၊ ထို့ကြောင့်လည်းကောင်း။ မယံ၊ ဗုဒ္ဓဃောသ ဆရာ ငါတို့သည်။ ပဗ္ဗဇ္ဇဉ္စ၊ ကိုလည်းကောင်း။ ဥပသမ္ပဒဉ္စ၊ ကိုလည်းကောင်း။ ယထာဌိတ ပါဠိဝသေနေဝ၊ အကြင်အကြင် တည်မြဲတိုင်းသောပါဠိ၏ အစွမ်းအားဖြင့်သာလျှင်။(ဝါ) တည်မြဲတိုင်းသော ပါဠိအားလျော်သည်၏ အစွမ်းအားဖြင့်သာလျှင်။ ခန္ဓကေ၊ မဟာဝါခန္ဓက ၌။ ကထယိဿာမ၊ ဖွင့်ဆိုကုန်အံ့။ စ၊ ဆက်၍ဆိုဦးအံ့။ (ဝါ) စဉ်းငယ်ဆိုရန် ရှိသေး၏။ ဝါ၊ သည်သာမဟုတ်သေး။ ကေဝလံ၊ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါမှ တပါးလည်း ဖြစ်သော မဟာဝါခန္ဓက စူဠဝါခန္ဓက ပရိဝါတို့၌ ဖွင့်ဆိုအပ်သောစကားနှင့် မရောယှက် သက်သက်။ ဧဝံ ပဗ္ဗဇ္ဇူပသမ္ပဒ ဒွယံဝေ၊ ကိုသာလျှင်။ (ဝေ·ကျေ) ခန္ဓကေ၊ ၌။ ကထ

ယိဿာမ၊ ဖွင့်ဆိုကုန်အံ့သည်ကား။ နု။ မဟုတ်ကုန်ပါသေး။ အထခေါ၊ စင်စစ် သော်ကား။ ဧတသ္မာ ပဗ္ဗဇ္ဇုပသမ္ပဒဒ္ဒယမှာ ၊ မှ။ အညမ္ပိ၊တပါးလည်းဖြစ် သော။ ခန္ဓကေ၀ါ၊ မဟာဝါ၊ စူဠဝါခန္ဓကဌ္ဌလည်းကောင်း။ ပရိဝါရေဝါ၊ ၌ လည်းကောင်း။ ကထေဘဗ္ဗံ၊ ဖွင့်ဆိုထိုက်သော။ ယံ၀စနံ၊ အကြင်စကားကို။ အဌကထာစရိယေဟိ၊ တို့သည်။ ဝိဘင်္ဂေ၊ ၌။ ကထိတံ၊ ဖွင့်ဆိုအပ်၏။ တံသဗ္ဗံဝစနံ၊ ထိုအလုံးစုံသောစကားကို။ တတ္ထ တတ္ထေဝ၊ ထိုထိုမဟာဝါခန္ဓက၊ စူဠဝါခန္ဓက၊ ပရိဝါ၌သာလျှင်။မယံ၊ငါတို့သည်။ ကထယိဿာမ၊ ဖွင့်ဆိုကုန်အံ့။

ထိုဌ္ဌေပနစသော·စကားမှာ အနက်ပေးသည်နှင့် လျော်အောင်·စုဒ်,စော ဒနာဝင်လေ။ ရှေးခန္ဓကေ· အရကား ပဗ္ဗဇ္ဇာဥပသမ္ပဒါကို မဟာဝါခန္ဓက မှသာ ဆိုသောကြောင့် မဟာဝါ ခန္ဓကသာတည်း။ နောက်ခန္ဓကေ၀ါ·အရ ကား တပါးသောစကားကို မဟာဝါခန္ဓကစူဠဝါခန္ဓက· ဆိုသောကြောင့်မဟာဝါ ခန္ဓက,စူဠဝါခန္ဓက နှစ်ပါးစုံတည်း။ တတော စသော စကားသည် ဝေယျ စသော ဟိတ်၏ ဟိတ်ကူတည်း။ ။

ဝေရူပေ၌ ရူပ သဒ္ဒါသည် သဘာဝဟောဘည်း၊ ထိုသဘာဝသည် တပါတည်းလားဟု လျှဉ်းပါရန် ရှိသောကြောင့်။ ဝေ ဝိမေစကားကိုမိန့်အပ် သဘည်း ဝိမအေရအပြားသည်။ ဒြပ်, ဂုဏ်, ကြိယာ, နာမ်, အားဖြင့် ပြား သလောဟု မေးရန်ရှိသောကြောင့် ဝေ ဇာကိကေ· စကားကို မိန့်အပ် သတည်း။ အမိပ္ပာယ်ကား၊ အာရည်ိကင်္ဂစသည်တို့၏ ဂစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟုဆိုအပ်သောဇာတ်အားဖြင့် ပြားသည်ဟူလိုသတည်း။ ဌ္ဌေစ အာရည်ိကင်္ဂါဒိ ပဓာနင်္ဂဝသေန သေသဓူတင်္ဂါနိပိ ဂဟိတာနေဝ· ဟောန္တီတိ ဝေဒိတဗ္ဗံ၊ ဟူသော သာရတ္တဒီပနီ(သာရတ္ထ၊ဒု၊၂၆။)စကား၌ ဥပ· ဘောဂပရိဘောဂူပကရဏ မဟန္တတာယ၊ ငါးပါးကုန်သော ကာမဂုဏ်ဟု ဆိုအပ် ကုန်သော အတွင်းအသုံးအဆောင်,ဆင်မြင်း ရထား မိန်းမ အစရှိကုန်သော အပ အသုံးအဆောင်တို့၏ များသည်၏အဖြစ်ကြောင့်။

သဋ္ဌိမတ္တေ ထာလိပါကေ ဟူသောစကား၌ သဋ္ဌိမတ္တေသည် ထာလိ၏ ဝိသေသနမဟုတ်၊ ပါက၏ဝိသေသနတည်း။နောက်၌ "သဋ္ဌိထာလိပါကေ"ဟု ပတ္တကိုဖြောက်၍ သဋ္ဌိနှင့် ထာလိပါကကို သမာသ်တစ်ခုတည်း ပြုသဖြင့် ဆိုလတ္တံ့ ဖြစ်သောကြောင့်လည်းကောင်း၊ အချို့သောအရာ၌ ပုဒ်ဇစ်စိတ်၏ ဝိသေသနဖြစ်သောအရာရှိသောကြောင့်လည်းကောင်း၊ သဋ္ဌိမတ္တေသည် ထာလိ· ပါကေ၌ ထာလိ၏ဝိသေသနဟု မမှတ်မထင်ကြကုန်လင့်။ ထို့ကြောင့် ဧကမေ ကောစေတ္တ ထာလိပါကောဟု မိန့်အပ်၏။ ပါကေပုဒ်ကိုလည်း "ပစိတဗ္ဗာတိ· ပါကော"ဟု ဝိဂ္ဂိုဟ်ပြုအပ်၏။ ပါကအရကားထမင်းကိုရ၏။ ထို့ကြောင့် "ဘတ္တံ

ဂဏှာတိ”ဟု မိန့်အပ်၏။ ပုဒ်တစ်ခုတ်၏ဝိသေသနဖြစ်သောအရာရှိသည်ကို ဝိပါကဝဋ္ဋဘူတေ ပဋိသန္ဓိ ပဝတ္တိ ဖဿာဒယောဟူသော ပဋိစ္စသမုပ္ပါဒ ဝိဘင်းမူလဋီကာ (မူ-သဋီ၊၂၊၇၅။) စကားကို လည်းကောင်း၊ ဝိပါကဝဋ္ဋဘူတေ တိစ ဣဒံ ပဝတ္တိဝိသေသနံ ဒဋ္ဌဗ္ဗံဟူသော အနုဋီကာ (အနုဋီ၂၊၉၂) စကားကိုလည်းကောင်း ထောက်၍ သိအပ်၏။ “ထာလိပါကော၊ အိုးဖြင့်ချက်အပ်ကုန်သောထမင်းတို့ကို”ဟုအနက်ပေး။ပါဠိတော်၌ သဒ္ဒမတ္တေ ထာလိပါကေကား ပကတိ ကံတည်း။ ဘတ္တာဘိဟာရံကား ဝိကတိကံတည်း။

ပူတိဘာဝဒေါသေန အဘိဘူတော တိ အဘိဒေါသော ကား အဗျယီဘာဝသမာသ်တည်း။ အဗျယီဘာဝသမာသ်ဖြစ်သော်လည်း ဇာဝိဘတ္တိနှင့်မကာရန္တသုတ်၏ အနိစ္စဝိဓိသုတ်ဖြစ်သောကြောင့် အံပြု၍ အဘိဒေါသံဟုနပုံလိင်ဖြင့် နိပ္ဖန္နမချဘဲ အဘိဒေါသောဟု ပုလ္လိင်ဖြင့် နိပ္ဖန္နချသတည်း။

“န ပဉ္စမျာယမမ္တာဝေါ၊ ကွစိတိ အမိကာရတော။
တတိယာ ဆဋ္ဌီ သတ္တမီ၊ နန္တု ဟောတိ ဝိကပ္ပတော။”

(ရူပသိဒ္ဓိ-၁၇၀-နှာ)

ဟူသော၊ ဂါထာကို ယေဘုယျအားဖြင့်သာ ဆရာတို့ဆိုအပ်သတည်း။ အဇ္ဈတ္တံဝုဋ္ဌာတိ (အဘိ-ဋ္ဌ-၁၊၂၇၀)ဟူသော ပြယုဂ်၌ ပဉ္စမီဝိဘတ်ကို အံပြုသတည်း၊ အဇ္ဈတ္တာရမ္မ (အဘိ ၁၊ ၃။)၌ အံ-မပြုရ။ ဤ အဘိဒေါသောပြယုဂ်မှာလည်း၊ အံ-မပြုရ။

သာရတ္ထဒီပနီ၊ (၂၊၇၊)၌“ပူတိဘာဝေနေဝ” စသောစကားဖြင့် အဋ္ဌကထာနည်းမှ တစ်နည်းပြသတည်း။ အဘိ-သဒ္ဒါသည် အဘိလက္ခဏ အနက်ဟောသည်း။ “အဘိလက္ခိတဗ္ဗော ဒေါသော အဘိဒေါသော၊ အဘိဒေါသောတော၊ အတ္တိတိ အာဘိဒေါသိကော” ဟူသော ဝစနတ္ထကို ပြသတည်း။

အဋ္ဌကထာ၌ “ကေရတ္တာတိက္ကန္တဿ ဝါ” စသော စကားဖြင့် အဘိဒေါသသဒ္ဒါသည် ဤအရာမှာ မိုးသောက်ထအခါဟောသတည်း၊ မိုးသောက်ထ အခါကို လွန်လေက မိုးသောက်ထအခါသည် ညဉ့်၏အဆုံး၌ ဖြစ်သောကြောင့် တညဉ့်လုံးကို လွန်သတည်း။ ထိုကြောင့် ကေရတ္တာတိက္ကန္တဿ ဝါ - စသော စကားကို အဋ္ဌကထာ ဆရာမိန့်သတည်း။ သာရတ္ထဒီပနီကို မှီးသတည်း။

အဘိဒေါသယသဒ္ဒါသည် အဘိဒေါသကာလက်တော (ဝိ ၃၊၁၁။) ဟူသော မဟာဝါ မဟာခန္ဓကလာစကား၌ ညဉ့်သန်းခေါင်ဟောသတည်း။ထိုကြောင့်မဟာဝါ အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၂၄၅။)၌“အဘိဒေါသကာလက်တောတိဟိယျောကာလက်-ပေ”ဟု မိန့်အပ်၏။ တေရသကဏ်ဋီကာ (သာရတ္ထဋီ ၃၊ ၁၆၁။)၌အဘိ-

ဒေါသကာလင်္ကတောတိ အစုံရတ္တေ ကာလင်္ကတော”ယု ဖွင့်အပ်၏။ အဘိ-မာန်(၆၇-၇)၌ အဘိဒေါသောပဒေါသော-ဟု ညွှဲဦးဟောလာ၏။ ဝိမတိ-ဝိနောဒနီဋီကာ(၁၊၁၀၀)၌ “ဒေါသာတိ ရတ္တိ။ပ၊အာဘိဒေါသိကံ စကားကို သာရတ္ထဒီပနီ ဋီကာနည်းမှ တစ်နည်းဆိုသတည်း။

ဧဝံရူပံ၊ ဤသို့ မုယောမုံပုပ်သဘောရှိသော၊ ဆဍ္ဍနီယဓမ္မံ၊ စွန့်ပစ်အပ်သော သဘောရှိသော။ ယံ ဝတ္ထုံ၊ အကြင်ဝတ္ထုသည်လည်းကောင်း။ ဆဍ္ဍနီယဓမ္မ တော၊ သော။ ဝတ္ထုတော၊ မှ။ အညံ၊ သော။ အပရိဂ္ဂဟိတံ၊ အရှင်သည် မသိမ်းအပ်သော။ ဝနမူလ ဖလဘေသဇ္ဇာဒိကံ၊ တောသစ်မြစ်, တောသစ်သီး, တောဆေးအစရှိသော။ [1]ယံဝတ္ထုံ၊ သည်လည်းကောင်း။ အတ္ထိ၊ ၏။ တံသဗ္ဗံ၊ ကို။ ယထာသုခံ၊ ချမ်းသာသည်အားလျော်စွာ။

ဟိ ယသ္မာ ပဗ္ဗဇိတေ၊ ဟိယသ္မာ ပဝိဋ္ဌေ တေနကာရဏေန ကိဉ္စာပိ န သဉ္စာနိ ပနတထာပိ ယသ္မာ နိမိတ္တံ အဂ္ဂဟေသိ ဂဟေတုံ အသက္ခိ၊ ဣတိတသ္မာ၊ အာကာရံ အဂ္ဂဟေသိ ဤသို့ အနက်ယောဇနာမှ ဣတိသဒ္ဒါရှိကျိုးသာ၍ နပ်သတည်း။ ရှေးအဂ္ဂဟေသိကား ဗျတ္တိရှုပ်အကျိုးတည်း၊ နောက်အဂ္ဂဟေသိ-ကားသတ္တိရှုပ်အကြောင်းတည်း၊ထိုကြောင့်“အဂ္ဂဟေသိ ဂဟေတုံ၊ အသက္ခိ”ဟု ဖွင့်သတည်း။

အတ္ထိတိ ဝိဇ္ဇမာနတ္တေနိပါတောတိ ယောဇနာ။“မနံ ဝါ၊သည်လည်းကောင်း။ ဇီဝိတံ၊သည်လည်းကောင်း။ အတ္ထိနာမ အတ္ထိနုံ၊ ရှိကုန်သည်မဟုတ်လော”ဟု ဗဟုဝုစ် အနက်ပေးရသောကြောင့် အတ္ထိ-ပုဒ်ကို နိပါတ်ပုဒ်ဟု အဋ္ဌကထာ ဆရာဖွင့်သတည်း။ ကတ္တားနှစ်ခု ရှိသောကြောင့် ဒွိဗ်ကိုင်၍ အတ္ထိနာမကို ဗဟုဝုစ်အနက်ပေးရသတည်း။သတ္တာစ သာရိပုတ္တောစ ဓမ္မံ ဒေသေန္တိကဲ့သို့မှတ်။ တိယန္တိတ္တံ သုတ်ဖြင့်စီရင်အပ်သော အတ္ထိကား ဧကဝုစ်ဖြစ်၍ အာချာတ် ပုဒ်တည်း။ ဗဟုဝုစ်အနက် ပေးရသောကြောင့် အတ္ထိပုဒ်၏ နိပါတ်ဖြစ်ခြင်းကို “အတ္ထိတိ သံဝိဇ္ဇန္တိ”ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ(ဋ္ဌ ၁၊၂၃၃။)၌တွေ့သာ-ကာရ အဖွင့်စကားကို လည်းကောင်း။ “အတ္ထိတိ ဝစနဝိပ္ပလ္လာသေန ဝုတ္တံ၊ နိပါတပဒံ ဝါ ဧတံ”ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ (ဝိသုဒ္ဓိ ဋီ ၁၊၂၉၈) စကားကို လည်းကောင်း ဆောက်၍သိအပ်၏။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ စသောပါဠိ၌ “အတ္ထိ၊ ရှိကုန်၏”ဟု ဗဟုဝုစ်အနက် ပေးရသတည်း။ တနည်းကား၊ ဝိသုဒ္ဓိမဂ်ဋီကာ၌ “ဝစန ဝိပ္ပလ္လာသေန ဝုတ္တံ” ကို ဆောက်၍ ဤမှာလည်း

---

၁။ ဝနမူလ ဖလဘေသဇ္ဇာဒိကံ၊ တော၌ ရောက်သော အမြစ်အသီးဖြစ်သော ဆေး အစရှိသော၊ မူလဉ္စ ဖလဉ္စ မူလဖလံ၊ ဝနေဇာတံ မူလဖလံ ဝနမူလဖလံ။ ဝနမူလဖလဉ္စ တံ ဘေသဇ္ဇဉ္စာတိ ဝနမူလဖလဘေသဇ္ဇံ။ တံ အာဒိယဿာတိ ဝနမူလဘေသဇ္ဇာဒိကံ သမာသန္တေ ကော

အတ္ထိသည် အားချာတ်ပုဒ်ပင်တည်း။ မဟာဝုစ်၌ ဧဝံဝုစ်တိ-ဝိဘတ်သက်ရှိ တိ ကို တ္တိ ပြုသတည်း၊ အာချာတ်ပုဒ်ပင်တည်းဟု အဋ္ဌကထာနည်းမှ တနည်း မှတ်သင့်သေး၏။

အတ္ထိယာ နဝ ဟူသော ပဋ္ဌာန်းသချ်ာဝါရလာ အတ္ထိ-ကား၊ နိပါတပဋိ-ရူပက(နိပါတ်တု)တည်း၊ ထို့ကြောင့် သတ္တမီ ဝိဘတ် မကျေသတည်း၊ ဤ အတ္ထိသဒ္ဒါ၏ အာချာတ်ပုဒ်, နိပါတ်ပုဒ်, နိပါတပဋိရူပကပုဒ်ဟု သုံးမျိုးရှိ သည်ကို မှတ်အပ်၏။

သာရတ္ထဒီပနီ (၂၈။)၌ "တထာတိ သမ္ပဋိစ္ဆနတ္ထော"ဟု မိန့်တော်မူအပ်၏။ ထိုစကားရပ်၌ သမ္ပဋိစ္ဆည်းဟူသည် ဝိကပ်တည်း။ "ယထာ၊ ထိုမှတပါး" ဟု အနက်ပေးရသောကြောင့်၊ အထ ဝါ- သဒ္ဒါ, ဝါ-သဒ္ဒါတို့ကဲ့သို့ ဝိကပ်အနက် ရှိသတည်း။ အထူးကြံသောအားဖြင့် ဆည်းသောကြောင့် ဝိကပ်ကို သမ္ပဋိစ္ဆည်း ဆိုသတည်း။ သဒ္ဒါကြီးနာမ် စုလာနမိယုဝါ သရေဝါ သုတ်၏ ဝုတ္တိ ၌လည်း သမ္ပဋိစ္ဆည်းကိုပင် "ဝါတိ ဝိကပ္ပနတ္ထံ"ဟူ၍ ဝိကပ်ဆိုသတည်း။ ပရိဘာသာဥ္ဇသတိတိ-၌ ဣတိကို ဣဒံ ဝုတ္တံ ဟောတိဟု ရှေးသို့ပြန်၍ အနက်ပေး။

ဤအဓိပ္ပါယ်ကို ဆိုလိုသည် ဖြစ်သည်ရှိသော် သုဒိန်၏အဖ သူဌေးသည် ဤ"အတ္ထိ နံ ခေါ တာတ သုဒိန္န အမ္ဘာကံ ဓနံ" စသော အပြည့်အစုံ စကား ကိုသာ ဆိုရာသည်မဟုတ်လော၊ သို့ဖြစ်ပါလျက် အဘယ်အကြောင်းကြောင့် "အတ္ထိ နာမ တာတသုဒိန္န အာဘိဒေါသိကံ" စသော ဤမျှအတိုင်း အရှည် ရှိသောစကားပြတ် စကားတစ်ပိုင်းအဖြစ်ကိုသာ ဆိုလေသနည်းဟု မေးရန်ရှိ သောကြောင့် သော ပန စသောစကားကို မိန့်အပ်သတည်း။

ဣတိ ဣဒံ အယံ အဓိပ္ပါယော၊ ကို (ဝါ) သည်။ အာယာသမ္ပတော သုဒိန္နဿ ၏။ ပိတရာ၊ သည်။ ပရိပုဏ္ဏံ၊ အပြည့်အစုံ။ ကတွာ၊ ပြု၍။ ဝုတ္တံ ဝတ္တော၊ ဆိုလိုသည်။ ကိဥ္စာပိ ဟောတိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ ပန တထာ ပိ၊ လည်း။ သော ဂဟပတိ၊ ထိုအရှင်သုဒိန်၏ အဖသူဌေး ဒါယကာသည်။ ဒုက္ခာဘိတုန္န-တာယ၊ ဒုက္ခသည် ထိုးကျင့်နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ဧတမတ္ထံ၊ ဤဆိုအပ်ပြီးသော အနက်ကို။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်ကို။ ကတွာ၊ ပြု၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အသက္ကောန္တော အသက္ကောန္တတ္တာ၊ မစွမ်းနိုင်သည်၏ အဖြစ် ကြောင့်။

အတ္ထိနာမ စသော စကား၌ အဋ္ဌကထာ ဆရာတို့၏နည်းကို ပြပြီး၍ သဒ္ဒါ ဆရာတို့၏နည်းကို ပြပြန်လိုရကား "အက္ခရစိန္တကာပနေတ္ထ" စသည်ကို မိန့်အပ် သတည်း။

အနောကပ္ပနာ ပရိသမတ္တဝသေန ဟု တ္တ ရှေ့က ဩဋ္ဌဇ ပဉ္စမက္ခရာ မ-နှင့် ရှိ၏။ အနောကပ္ပနာ ပရိသဟ-တ္တဝသေန ဟူ၍သာ တ္တရှေ့က ကဏ္ဌဇ ဟ-အက္ခရာနှင့်ရှိရမည်။ "သဟ ပရိသဟနေ ပရိသဟနံ၊ ခန္တီ၊ သဟေတိ သဟနံ" ဟူသော ဓာတုမာလာ (၃၅၀-နှာ) စုရာဒိ ဂဏိကကိုထောက်။ သာရတ္ထဒီပနီ (၂-၉) ဝိမတိ ဝိနောဒနီ (၁၊ ၁၀၀-နှာ)တို့၌ကား "အပရိသနံ အသဟနံ" ဟု ရှိ၏။ ကဏ္ဌဇ ဟ-နှင့် "အပရိသဟနံ အသဟနံ" ဟု ရှိရမည် သို့မှ သံဝဏ္ဏေ ဟဗ္ဗ သံဝဏ္ဏနာ လျော်သတည်း။ ထိုကြောင့် အဋ္ဌကထာ၌၊ "န ပရိသဟာမိ" ဟု မိန့်အပ်လတ္တံ့။

အနောကပ္ပန ပုဒ်၌ ဩကပ္ပန-သဒ္ဒါသည် အဝရှေးရှိသော ကပ္ပ ဓာတ်ဖြင့် ပြီးသတည်း။ ကပ္ပ ဓာတ်သည် ဤအရာမှာ အဝ-ရှေးရှိရကား၊ "ကပ္ပ-ဝိမိမှိ" ဟူ၍လည်းကောင်း၊ "ကပ္ပဝိတက္ကဝိဓိသေ ဒနေသု" ဟူ၍လည်းကောင်း မိန့်အပ်သော အနက်တို့ကို မဟော၊ ယုံကြည်ခြင်းအနက်ကိုသာ ဟောသတည်း။ ထိုကြောင့် အဋ္ဌကထာ၌ န သဒ္ဒဟာမိ ဟု မိန့်အပ်လတ္တံ့။ အဝ ဥပသာရပုဒ်သည် အနုပဝိသန အနက်ဟောတည်း။ ထိုကြောင့် မူလဋီကာ (မူလဋီ ၁၊၇၉) ဓမ္မုဒ္ဒေသဝါရကထာအဖွင့်၌ ဩကပ္ပန လက္ခဏာတိ အနုပဝိသိတွာ ဝေဓမတန္တိ ကပ္ပနလက္ခဏာ" ဟု မိန့်အပ်၏။

တတောယန္တိ ပိ ပါဌော သောဓေတဗ္ဗော။ ကသ္မာ၊ တတောယန္တိပဒဿဝိယ တတောယန္တိ ပဒဿာပိ ကတော အယန္တိ ပဒစ္ဆေဒဿ ကတတ္တာ။ တဒါယန္တိဝစနံပိ ပဌန္တိ၊ တံဝစနံ န သုန္ဒရံ၊ ကသ္မာ၊ တဒါယန္တိ ဝစနဿ တဒါ အယန္တိ ပဒစ္ဆေဒဿ ကတတ္တာစေဝ လဒ္ဓါတိ၊ ပါဌသေသဿ အပါဒါနာပေက္ခတ္တာ စ, အာဓာရာန-ပေက္ခတ္တာ စ။ အထဝါ တဒါယန္တိ ဝစနဿ တံ အယန္တိ ပဒစ္ဆေဒဿ ကတတ္တာ စေဝ၊ တန္တိဝစနေန ပရာမသိတဗ္ဗဿ အတ္ထဿ အဘာဝါ စ။

တစ်နည်းမှာကား အဋ္ဌကထာ ဆရာကို မငဲ့မစား တံ၌ အံဝိဘတ်ကို "မနုဿ မံသံ ဝိရမ" ဟူသော ပြယုဂ်၌ကဲ့သို့ အပါဒါန် အနက်မှာ သက်သော တံ-သည် တတော နှင့် ပုဒ်အနေသာကဲ့သို့ အနက်မကွဲသောကြောင့် သင့်ရာသေး၏။ သို့ပင် သင့်ရာသော်လည်း တဒါယံ—ပါဌ်သည် အဋ္ဌကထာဆရာ လက်ထက်တော်ကပင် "တတောယံ" ပါဌ်ကဲ့သို့ ပါဠိတော်မှာ ရေးသားလျက်မရှိ။ ဆရာတို့ နှုတ်ဝယ် ရွတ်ကြသော ပါဌ်သာ ဖြစ်၍ကား "တံ န သုန္ဒရံ" ဟု အဋ္ဌကထာဆရာ မိန့်တော်မူတိုင်း မကောင်းဟူ၍သာ ပုံသေမှုချ မှတ်အပ်၏။

ဩပုဉ္ဇာပေတွာ၌ ဩပုဇိဓာတ် ဝိလိမ္ပန အနက်ဟော ထို့ကြောင့် "ဥပလိမ္ပာ-ပေတွာ" ဟု ဖွင့်သတည်း။

“သြပုဉ္ဇ ဝိလိမ္ပနေ။ ဂေါမယေန ပထဝိံ သြပုဉ္ဇတိ” ဓာတုမာလာ(နိတိဓာတု၊ ၄၉။) တိရောကရဏီယ၌ အဋ္ဌကထာရှေးနည်းအလိုအားဖြင့် တိရောကရဏီ ပုဒ်ချင်းတည်း။ ယု-ပစ္စည်းကို အန-ပြုသော်လည်း ဣတ္ထိလိင်တည်း။ ထို့ကြောင့် “ယု ပစ္စည်း ဆုံးပုဒ်ရှိကျိုး၊ နပုံးများသဖြင့်” ဟုအများနှင့်စပ်တော်မူသတည်း။ နောက်နည်းအလိုအားဖြင့် တိရောသဒ္ဒူပပဒကရဓာတ်၊ အနီယပစ္စည်း။ ဒန္တဇနကို မုဒ္ဓဇဏပြု။ ဏီ၌ ဤဒီဃကိုလည်း ဣ-ရဿပြု။ တိရောကရဏီယ၌ အံကား ကံအနက်၌ ဖြစ်သတည်း။

တေနပဟီတိ ယသ္မာ စသော ရှေးနည်းဖြင့် တေနသဒ္ဒါသည် သဗ္ဗနာမ်ပုဒ်ဟု ပြတော်မူသတည်း။ ထို့ကြောင့် “တေနာတိ အယမ္ပိ ဝါ-စသော အနက်နည်းကို မိန့်တော်မူသတည်း။

ရှေးနည်း၌ တေနသဒ္ဒါဖြင့် အဓိဝါသေယျ၌ အဓိရှေးရှိသော ဝသဓာတ်သည် သည်းခံခြင်း အနက်ကို ဟောသတည်း။ သည်းခံသော်လည်းခြင်း ကြိယာ ဟူသော သိခါပတ္တအနက်ကို ဖြစ်သတည်း။ ထို့ကြောင့် သိခါပတ္တအနက်ကို စွဲသည်ဟု ပြခြင်းငှါ တေနပဟီတိ စသည်ကို မိန့်သတည်း။

အယံပိ ဝါ၌ ပိ-ဖြင့်ဟိ-ကိုပေါင်း။ နောက်နည်းအလိုအားဖြင့် “တေန၊ ငါ ယောက္ခမ သေဋ္ဌေးကတော် တိုက်တွန်း၏” ဟု အနက်ပေး။ သို့အနက်ပေးရ ကြောင်းကိုကား ဥယျောဇနနှင့် စောဒနာအတူတူ ဖြစ်သောကြောင့် သိအပ်သတည်း။

ဣင်္ဃဟန္ဒလူစွေတောစောဒနတ္ထေ။ ဣင်္ဃ မေ တွံ အာနန္ဒ ပါနီယံ-အာဟရ ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမီတိ။ သဒ္ဒနီတိကုန်ခါနီး (နီတိသုတ္တ၊ ၃၂၈။) စတုပဒဝိဘတ္တိလာ စကား၌ “ ဣင်္ဃ၊ ငါဘုရားတိုက်တွန်း၏” ဟု အနက်ပေးရသည်။ ထို့ကြောင့် “ဣင်္ဃမေ” စကားမှာကဲ့သို့ “တေနဟိ ဝဓူ” စကားမှာလည်း၊ “တေန၊ ငါ့ယောက္ခမသေဋ္ဌေးကတော် တိုက်တွန်း၏” ဟူသော အနက်ကို သိအပ်သတည်း။

ဣတ္ထိကာယပုဒ်၌ ဣတ္ထိပုဒ်နောင် သကတ်အနက်၌ က-ပစ္စည်းသက်၊ ထို့ကြောင့် မဟာဝါအဋ္ဌကထာ၊ ဘေသဇ္ဇက္ခန္ဓက (ဝိ၊ ဋ္ဌ၊ ၃၊ ၃၇၈) အဖွင့်၌ “အမ္မကာယာတိ ဣတ္ထိကာယ” ဟု မိန့်အပ်၏။ တေရသကဏ္ဍဋီကာ(သာရတ္ထ၊ ဋီ၊ ၃၊ ၃၂၁) ၌လည်း၊ “အမ္မကာယာတိမာတုဂါမေန။ ဥပစာရဝစနဉ္စေတံ။ ဣတ္ထီသု ယဒိဒံ အမ္မကာ မာတုဂါမော ဇနိကာတိ၊” ဟု မိန့်အပ်၏။ ဤစကား

ကို တေရသကဏ် ဋီကာဆရာ မိန့်တော်မူသည်ကား သုတ်မဟာဝါ မဟာ-ပရိ နိဗ္ဗာနသုတ်ဋီကာ လာဟိုင်း မိန့်တော်မူသတည်း။ "ဒေမ ပူဇာယ၊ ကမ္မနိ မော ဗောစ၊ အမွာ၊ အမ္ဗာ"ဟူသော အဘိဓာန်ဋီကာ(၂၄၄-ဂါထာ)နရဝင် အဖွင့်လာသည်နှင့်အညီ။ မိန်းမသည်သာ မိဘတို့ကို ပူဇော်တတ်သည်မဟုတ်၊ ယောကျ်ားသည်လည်း မိဘတို့ကို ပူဇော်တတ်သောကြောင့် လည်းကောင်း "မာတုယာ ဂါမော ဝိယ ဂါမော ယဿာ သာ မာတုဂါမော"ဟူသော ဝစနတ္ထ နှင့်အညီ ယောကျ်ားသည်လည်း ဒေမိ၏သွားခြင်းကဲ့သို့ သွားတတ်သောကြောင့် လည်းကောင်း၊ "ဇနယတီတိ ဇနိကာ"ဟူသော ဝစနတ္ထနှင့်အညီ ယောကျ်ား သည်လည်း သားသမီးတို့ကို ဖြစ်စေတတ်သောကြောင့် လည်းကောင်း၊ တေရသကဏ်ဋီကာ၌ "ဥပစာရဝစနံ"ဟု မိန့်အပ်သတည်း။ ဤအရာမှာ ရှင်ဋ္ဌကို ဥပစာရဟုဆိုသတည်း။ ဥပစာရ ဆယ်ပါးတို့တွင် တစ်ပါးပါးမျှ မဟုတ်။ ဠတ္တိကာယ နာမ "မိန်းမမည်သည်၏-"ဟု အနက်ပေး။ ဠတ္တိကာယ ဠတ္တိခနံ ကား သုဂတဿ သုဂတစီဝရံ ကဲ့သို့တည်း။ ဠတ္တိခနံပုဒ်ကို ဠတ္တိယာ ခနံ ဠတ္တိခနံဟု ဝစနတ္ထပြု။ နိဗ္ဗုန္ဒပြီးသည့်ကာလ ဠတ္တိခနေ ပုရိသနေ စသော ခနသာမညကို ရသောကြောင့် သမ္ဗန္ဓဝိသေသကို သိစေတော်မူခြင်းငှာ ဠတ္တိကာယ ဟူသော သမ္ဗန္ဓဝိသေသကို ဟောတော်မူသတည်း။ အဌကထာ၌ ဠတ္တိခနံပုဒ်ကို ဠတ္တိပရိဘောဂါနံယေဝ နွာနစုဏ္ဏာဒီနံ အတ္ထာယ လဒ္ဓံ ခနံဟု ဖွင့်သည်ကား အဓိပ္ပာယ်ဖွင့်တည်း၊

တဝေါ၊ ထိုသို့အရှင်သုဒိန်က "ဝဒေယျာမ ခေါ 'စသော စကားဆိုသည်မှ။ ပရံ၊ နောက်၌။ (ပရံ-ကားထည့်သ၍ည်း)။ သေဠိ၊ အဖသူဋ္ဌေးသည် (အာဟ၊ မှာစပ်) ပုတ္တော၊ သားအရှင်သုဒိန်သည်။ (ကတ္တုကာမော မှာစပ်)

တဝေါ နိဒါန်ကို "တံ ခနသခေါတံ နိဒါနံ ကာရဏံ အဿ ဘယာဒိကဿာတိ တဝေါ နိဒါနံ"ဟု ဝစနတ္ထပြု၊ ရပ်ပြီးစေသည့်ကာလ တံ-၌ ပဋ္ဌမာဝိဘတ်ကို တေသံဝိဘတ္တီယော လောပါစ သုတ်၌ နိဝတ္တာပန အပဓာရဏ အနက်ရှိသော စ-သဒ္ဒါမြစ်သောကြောင့် ချေခြင်းကိုမပြုဘဲ ထိုပဋ္ဌမာဝိဘတ်ကို ယဒနုပပန္နာ-နိပါတနာသိဇ္ဈန္တိသုတ်ဖြင့်တော-ပြုလေဟု ပြတော်မူလိုကား တဝေါနိဒါနန္တိ စသည်ကို မိန့်တော်မူအပ်သတည်း။ စ-သဒ္ဒါမြစ်သည ကိုမူကား တေသံဝိဘတ္တိ-ယောလောပါစ ဟူသော သုတ်၏ ဝုတ္တိ၌ စဂ္ဂဟဏမဝဓာရဏတ္တံ၊ ပဘံကရော-ဟု မိန့်တော်မူသောကြောင့် လည်းကောင်း သမာသ် ရူပသိဒ္ဓိ၌ စဂ္ဂဟဏံ ပဘာက်-ရောတိ အာဒီသု လောဂနိဝတ္တနတ္ထံဟု မိန့်တော်မူသောကြောင့် လည်းကောင်း သိအပ်သတည်း။

ပဌမာဝိဘတ်ကိုတော·ပြုပြီးသော် ဝါကျမဟုတ် သမာသ်ဖြစ်သောကြောင့်လည်းကောင်း၊ သမာသ်ဖြစ်ကလည်း ဝိဘတ်ကိုချေရသောကြောင့် လည်းကောင်း ထိုကာရီဖြစ်သော ပဌမာဝိဘတ်၏ ကာရိယဖြစ်သော တော·ကိုချေရမည်လော၊ **တစ်နည်းကား၊** အပေါင်းဖြစ်သော တတောဟူသောပုဒ်၏ **အစိတ်**ဖြစ်သော တော ကိုချေရမည်လောဟု မေးရန်ရှိသောကြောင့် သမာသေစသ-စသည်ကို မိန့်အပ်သတည်း။ စသဒ္ဒါကား ဝါကျာရမ္ဘတည်း သမာသေ နှောင်သန္တေပိပုဒ်ကျေ။ သမာသန္တေပိသည် စောဒက ဆရာ၏ အာဘောဂပြစကားတည်း။ တစ်နည်း စသဒ္ဒါသည် ဝါကျာရမ္ဘအနက်, ပိအနက် နှစ်ချက်ကိုဟောသတည်း။ ဤနည်းအလိုသမာသေနောင် သန္တေသဒ္ဒါသာကျေစေ ပိသဒ္ဒါမကျေစေနှင့်။

**စ၊** ဆက်၍ ဆိုဦးအံ့၊ သမာသေ၊ သမာသ်သည်။ သန္တေပိ၊ ဖြစ်လေငြားသော်လည်း။ **တစ်နည်းကား။** သန္တေစ သန္တေပိ၊ ဖြစ်လေငြားသော်လည်း။ အသ၊ ထိုကာရီဖြစ်သော ပဌမာဝိဘတ်၏။ တောလောပါဘာဝေါ၊ ကာရိယဖြစ်သော တော၏ ကျေခြင်း၏ မရှိခြင်းကို။ တစ်နည်းကား။ အသ၊ ထိုအပေါင်းဖြစ်သော တတောဟူသောပုဒ်၏။ တောလောပါဘာဝေါ၊ အစိတ်ဖြစ်သော တော·၏ ကျေခြင်း၏ မရှိခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ ဟုအနက်ပေး။ ထို့ကြောင့် သာရတ္ထဒီပနီ (၂။၁၀·နှာ)၌ "အသာတိ ပစ္စုဋ္ဌဝစနဿ, ပဒဿဝါ" ဟုမိန့်အပ်၏။ ပဒဿ အရ ကတောပုဒ်သာတည်း။ တတော နိဒါန် တပုဒ်လုံးမဟုတ်။

ဆမ္ဘိတတ္တံ၌ ထဘိ·ဓာတ်၊ တ-ပစ္စည်း၊ ဣ-အာဂုံ၊ ထဘိဓာတ်သည် ခဘိထဘိ ပဋိဗဒ္ဓေ"ဟူသည်နှင့် အညီ၊ ခက်ထန်ခြင်း ပဋိဗဒ္ဓ အနက်ဟောတည်း၊ ထကိုဆပြု၍၊ ခက်ထန်ခြင်းဟူသည် ကိုယ်၏ တုန်လှုပ်ခြင်းတည်း။ ထို့ကြောင့် ရာဇူဟိ၊ စသည်ကို မိန့်သတည်း။ အဋ္ဌကထာမှာ တေနဟိ ဝဒတိ။ပ။ အဝ္ဃော·စကားသည် ရှေ့နောက်·ပြန်သတည်း။

ပုရာဏဒုတိယိကန္တိ။ပ။အဝ္ဃော၊ စကားသည် အာရက္ခနံ စကား၏ အခြားမဲ့၌ ရှိရမည်။ ထိုနောင်မှ တေနဟိ ဝဒတိ။ပ။ အာမန္တေသိ၊ တေနဟိ ဝဒတိ စကားရှိရမည်။ ထိုနောင်မှ၊ တေနဟိတိ ယေန ကာရဏေန စသော စကားရှိရမည်။ "ပုရာဏဒုတိယိကံ၊ အာမန္တေသိ၊ တေနဟိ" ဝဒစသော ပါဠိတော်အစဉ်ကိုထောက်။ တေနဟိတိ ယေန ကာရဏေနစသော စကားဖြင့် သူဌေးကြီးသည် "မာတုဂါမနှင့် တူသော အနှောင်အဖွဲ့မရှိ" ဟုမှတ်ယူ၍ ရောင်ရောင်ရမ်းရမ်း အရှင်သုဒိန်၏ မယားဟောင်းကို ဆိုသောကြောင့် စကားမပြည့်စုံသည်နှင့် မှတ်ထင်ရင်းအနက်ကို စွဲလေဟု ပြတော်မူသတည်း။

အကယ်၍ သူငွေးကြီးသည် ဒုက္ခသည် မနိုပ်စက်အပ်လည်ဖြစ်အံ့၊ “မာတုဂါမသဒိသံဒါန် ပုရိသာနံ ဗန္ဓနံ နတ္ထိ၊ တေနဟိ ဝဓု တံ့” စသောစကားကို အပြည့်အစုံ ဆိုရာသည်၊ ထိုကြောင့်မာတုဂါမသဒိသံ ဗန္ဓနံ နတ္ထိ-ကိုငဲလေဟု ပြတော်မူသတည်း။ ဒုက္ခနိုပ်စက်သောကြောင့် အပြည့်အစုံမဆိုနိုင်သည်ကို မှုကား၊ သော ပန ဂဟပတိ ဒုက္ခာဘိတုန္နဟာယ တေမတ္တံ ဂရိပုဏ္ဏံ ဂ-တွာ ဝတ္တုံအာသက္ကောန္တော ဟူသော အဋ္ဌကထာ(၁၇၆-နှာ) ရှေ့စကားကို ထောက်၍ သိအပ်သတည်း။ မာ အမ္မေ မနံ ဒဃေတွာ ဟူသောစကားကို ဥပသက်မိတွာတေ ပုဋ္ဌေ ဝိဝရာပေတွာ အာယသ္မန္တံ သုဒိန္နံ တေဒဝေါစ၊(ဝိ၁။၁၉။)အစရှိသော စကားအားလျော်စွာဆိုသတည်း။မာတုဂါမဥ္စ ဥယျောဇေတွာဟူ သောစကားကို မှုကား တေန ဟိ ဝဓု တွံ ပိယာ စ, မာနပါစ(ဝိ၁၊၁၉။) အစရှိသော စကားအားလျော်စွာ ဆိုသတည်း။ ဟိ ယသ္မာ၊ ကြောင့်။ သော၊ ကုဋုမ္ဗိကောကိုပြခြင်း, မာဘုဂါမကို လွှတ်ခြင်း အမှုအရာ ကြံယာသည်။ ပဗ္ဗဇိတာနံ၊ ရဟန်းတို့ကို။ ဝိဟေသာ၊ ညှဉ်းပန်းခြင်း အမှုအရာသည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ မာ ဝိဟေဌယ်တ္ထ၊ မညှဉ်းပန်းကြပါကုန်လင့်။ ဣတိ၊ သို့၊ ဒ-ဝေါ စ၊ ၏။ သို့မှ အကြောင်းအကျိုး တန်သတည်း။

တေနဟိတိ အဘိရတိယံ ဥယျောဇေတိ စကားဖြင့် ဟိ- ကာ:ပဒပူရဏ၊ တေန-သာအနက် ရှိသည်။ ထိုတေန နိပါတ်ဖြင့် “အဘိရတော၊ အဟံ ဗြဟ္မစရိယံ စရာမိ”ဟု သုဒိန်ရဟ-န်းက ဆိုသောအတိုင်း မွေ့လျော်ပါလေ-ဟု မွေ့လျော်ခြင်း၌ တ-ိုက်တွန်းသည် ဟူလိုသ-ည်း။ ထို့ကြောင့် “တေန၊ မွေ့လျော်ခြင်း၌ ဂ-ါ အမိတိုက်တိုက်ဟွန်း၏”ဟု အနက်ပေး။ ထို့ကြောင့် သ-ဓေ ကွံမှ စ၍ ဟောဟိ-ဟူသော စကားကို မိန့်တော်မူသတည်း။ ရဋ္ဌေ၊ ၌။ ဟိ ယသ္မာ၊ ကြောင့်။ ဝသာမ နေရကုန်၏။ တ-သ္မာ၊ ကြောင့်။

ဣမံ သာပတေယျ ၊ ဧဝံ မဟန္တံ အမှာကံ ဝိဘဝံ စကာ-းဖြင့် “သဿ ပတိ သံပတိ၊ သံပတိဿ ဟိတံ သာပတေယျံ” ဟူသော ဝစနတ္ထကို ပြသတည်း။ ဟိတံ၊ အစီးအပွားကို ရွက်ဆောင်တတ်သည်တည်း။ ဒိဋ္ဌမဗ္ဗိကသမ္ဗရာယိကဟိ-တာ ဝဟတ္တာ- ဟူသော သာရတ္ထဒီပနီ ဋီကာ (၂၊၁၁။နှာ)ထောက်။ ဏ-နဂါတ ဿဒ မည္တေ္တသုစ-သုတ်၌ စ—သဒ္ဒါဖြင့် ဟိတ အနက်၌ ဏေယျပစ္စည်းသ-က်။ ကွစိလောပ သုတ်ဖြင့် နိဂ္ဂဟိတ်ကိုချေ။ သခွင်း၊ တတိယပိုင်း သန္ဓိ ဒီဃံသုတ်ဖြင့် အ-ကို အာ-ဒီဃပြု၊ ထို့ကြောင့် သန္ဓိရူပသိဒ္ဓိ (၃၇-နှာ)၌၊ သကာရ-ဟကာရေသု ဥပသဂ္ဂန္တဿ ဒီဃော။ သာရတ္တော၊ သာရာဂေါဟု မိန့်အပ်၏။

အပုတ္တကံ၌ အ-ကား ဝိရဟ အနက်ဟောတည်း။ ထို့ကြောင့် အပုတ္တကံ ကုလမနုရက္ခကေန ပုတ္တေန ဝိရဟိတံ-ဟု မိန့်အပ်သတ-ည်း။

အ-သဒ္ဒါ၏ ပဋိသေဓ, ဝုဒ္ဓိစသော ဆယ်ပါးသော အနက်တို့တွင် သုည ဟူသည်- မရှိခြင်းတည်း။ ဝိရဟဟူသည်-ကင်းခြင်းတည်း။ မရှိခြင်းနှင့် ကင်းခြင်းသည် မခြားသကဲ့သို့ ဖြစ်၏။ အသူးကား၊ ပကတိက-မရှိခြင်းသည် သုညမည်၏။ ပြုဂ်ကား အဘာဝေါတည်း။ ရှိပြီးမှ ကင်းခြင်းသည် ဝိဟာရ မည်၏။ ပြုဂ်ကား အပုတ္တကံပင်တည်း။

အတိဟရာပေသုံ၌ အဇ္ဇတနီ ဥံဝိဘတ်တည်း။ က-ရဿကာသ တ္တမဇ္ဇတနီမို့ သုတ်၌ ကာသတ္တံဟူသော ဘာဝနိဒ္ဒေသ သဒ္ဒါလွန်ဖြင့် သ-အက္ခရာလ၏ အပေါသိ, အဒါသိကဲ့သို့တည်း။ထိုအဇ္ဇတနီ ဥံ ဝိဘတ်သည်လည်း မာယောဇေ သဗ္ဗကာလေစ ဟူသောသုတ်နှင့်အညီ မာ-သဒ္ဒါနှင့် ယှဉ်ရာ ကာလသုံးပါး၌ ဖြစ်ငြားသော်လည်း ဤအရာမှာ အရာသို့လိုက်၍ ပစ္စုပ္ပန်ကာလ၌ ဖြစ်သတည်း ဟူ၍လည်းကောင်း ထိုအဇ္ဇတနီ ဥံဝိဘတ်သည် မာယောဂေ သဗ္ဗကာ-လေ စ ဟု ကာလကိုသာဆို၍ အနာဂတ်, အာသိဋ္ဌ စသောအနက် အထူးကို မဆိုသည်နှင့် သာမညသုတ်ဖြစ်သောကြောင့် ဤအရာမှာ အရာသို့လိုက်၍ အာဏတ္တိ အနက်ဖြစ်သတည်း ဟူ၍ ပြတော်မူလိုရာကား မာအတိဟရာပေန္တူ တိကို မိန့်သတည်း။

ဝဇိရဗုဒ္ဓိ (၆၉-နှာ) ၌၊ မာ အတိဟရာပေသုန္တိ ကာလဗျတ္တယဝသေန ဝုတ္တံ ဟု မိန့်အပ်၏။ “ကာလ ဗျတ္တယ ဝသေန၊ ပစ္စုပ္ပန်ကာလ၏ အတိတ် ကာလပြန်သည်၏ အစွမ်းအားဖြင့်” ဟု အနက်ပေး။ ဝဇိရဗုဒ္ဓိ ဋီကာ၌ ထိုစကား ကိုဆိုသည်ကား မာယောဂေ သဗ္ဗကာလေ စ သုတ်ကိုမငဲ့ဘဲ သမီပေဇ္ဇတနီ သုတ်ရင်းကိုသာငဲ့၍ ဆိုသတည်း။ ပစ္စုပ္ပန်ကာလ၌ အဇ္ဇတနီ ဝိဘတ်သက် ဟူလိုသတည်း။ မာ နော အပုတ္တကံ သာပတေယျံ စသော ပါဠိတော်စကား၌၊ လိစ္ဆဝိယောကား ကာရိုက်ကံတည်း၊ သာပတေယျံ ကား ဓာတ်ကံတည်း။ တုမှေ ထည့်ပုဒ်ကား ကာရိုက်ကတ္တားတည်း။တုမှေ၊ သင်တို့သည်၊သာပတေယျံ၊ ဥစ္စာ၏ အရှင်၏အစီးအပွားကို ရှက်ဆောင်တတ်သော စည်းစိမ်ဥစ္စာကို (ဝါ) ဥစ္စာနှစ်ကို၊ လိစ္ဆဝိယော၊ တို့ကို။ မာအတိဟရာပေသုံ၊ မဆောင်စေကုန်လင့်ဟု အနက်ပေး။

ပုပ္ဖဓာတ်သည် ပုပ္ဖဝိကသနေဟူ၍ ဓာတုမာလာ (နီတိဓာတု-၁၂၂။) နှင့် အဘိဓာန်ဋီကာ (၂၃၉-၅၄၅-ဂါထာလာသည်) နှင့်အညီ ပွင့်ခြင်း, စည်ကားခြင်း အနက်ဟောတည်း။ အဋ္ဌကထာ၌ ဝဍ္ဎိတွာ ဘိဇ္ဇန္တိ-ဟူသည်နှင့်အညီ ဥတုသွေး သည် ပန်းကဲ့သို့ပွင့်တတ်, စည်ကားတတ်ရကား ပုပ္ဖမည်သတည်း။ ထို့ကြောင့် ပုပ္ဖန္တိ စသည်ကို အဋ္ဌကထာ၌ မိန့်အပ်သတည်း။ ဒေါသေနေဝ၊ ဥတုသွေးတည်း ဟူသော အပြစ်နှင့်သာလျှင်။

ပုရာဏ ဒုတိယိကာယ ဗာဟာယံ ဂဟေတွာ ဟူသောစကား၌ ဟတ္ထေသု ပိဏ္ဍာယ စရန္တိပြယုဂ် မှာကဲ့သို့ ဗာဟာယံ၌ သို့ဝိဘတ်သည် ကရိုဏ်းအနက်၌ ဖြစ်သောကြောင့် "ဗာဟာယံ၊ မောင်းဖြင့်"ဟု အနက်သမွန်ရမည်လော့ဟု မေးရန်ရှိသောကြောင့် ပုရာဏ ဒုတိယိကာယ ဗာဟာယံ ဂဟေတွာတိ စသည်ကို မိန့်အပ်သတည်း။

တတြ နံ ဂဟေတွာ၌ တတြ-ဖြင့်"ဗာဟာယံ၊ မောင်း၌"ဟု အနက်ပေးဟု ပြသတည်း။ နံ-ဖြင့် ဂဟေတွာ၏ ကံကို ပြသတည်း။ ပါဒေသု ဂဟေတွာတိ ပါဒေ ဂဟေတွာဟူသော အဋ္ဌကထာ ရှေ့စကားကို ထောက်၍ " ဗာဟာယံ မောင်းကို "ဟု အနက်ပေးသော်လည်း သင့်သေးသတည်းဟု သာရတ္ထဒီပနီ (ဋီ၊၂၊၁၁။)၌ မိန့်အပ်၏။

အဘိဝိညာပေသိ၌ ဉာ-ဓာတ်သည် ဉာ-အဝဗောဓနေ ဟူသည်နှင့်အညီ အဝဗောဓနအနက်ကို ဟောသောကြောင့် အဝဗောဓာပေသိ ဟူသောအနက် ဖြစ်လေသလော၊ ဤအနက်ဖြစ်သည်ရှိသော် ဤအနက်ကို ဟောတတ်သော အဘိညာပေသိ ကြိယာသည် အာခါရကို မငဲ့သောကြောင့် ပုရာဏ ဒုတိယိ-ကာယ ဟူသော အာခါရနှင့် မတန်ရာ၊ဆန့်ရာသည် မဟုတ်လော့ဟု စောဒနာရန် ရှိသောကြောင့် အဘိဝိညာပေသီတိ ပဝတ္တေသီကို မိန့်သတည်း။

ဤစကားရပ်ဖြင့် အဘိ-ရှေးရှိ၍ ဉာ-ဓာတ်သည် ဤအရာမှာ ပဝတ္တနအနက်ကို ဟောသတည်းဟု ပြသတည်း။ အဘယ်ကြောင့် ပဝတ္တေသိ ဟူသော အနက် ဖြစ်သနည်း၊ အဝဗောဓာပနကိုသာ ဝိညာပနဟု ဆိုအပ်သည်ရှိသော် ပဝတ္တေသိဟူသော အနက်မဖြစ်ရာသည် မဟုတ်လောဟု စောဒနာရန်ရှိသော ကြောင့် ပဝတ္တနာပိ ဟိ-စသည်ကို မိန့်သတည်း။

အဘိရှေးရှိသော ဉာ-ဓာတ်သည် ပဝတ္တနအနက်ကို ဟောသောကြောင့် ကာယဝိညတ်၏ အစွမ်းအားဖြင့်ဖြစ်သော ကိုယ်ကိုလှုပ်ရှားစေခြင်းဟု ဆိုအပ် သော ဖြစ်စေခြင်းကိုလည်း ဝိညာပနဟု ဆိုအပ်သောကြောင့် ပဝတ္တေသိ ဟူသော အနက်ဖြစ်သည် ဟူလိုသတည်း။

ကာယဝိညတ်၏အစွမ်းအားဖြင့်ဖြစ်သောကိုယ်ကို လှုပ်ရှားစေခြင်းဟုဆိုအပ် သော ဖြစ်စေခြင်းကိုလည်း ဝိညာပနဟုဆိုအပ်သည် ဖြစ်ပါစေဦးတော့ သို့ပင် ဝိညာပနဟု ဆိုအပ်သည်ဖြစ်ငြားသော်လည်း အရှင်သုဒိန်သည် သုံးကြိမ် ဖြစ်စေခြင်းဟု ဆိုအပ်သော ကိုယ်ဝန်တည်ခြင်း၏ အပြီးအဆုံးကိုမပြုရော

ပဝတ္တေသိ ဟူသောအနက် မဖြစ်ရာသည်မဟုတ်လေောဟု စောဒနာရန် ရှိသော ကြောင့် တိက္ခတ္တုံ စသည်ကို မိန့်သတည်း၊ ဟိတ်ကူတည်း။

ဟိ ယသ္မာ၊ ကြောင့်။ ပဝတ္တနာပိ၊ ကာယဝိညတ်၏ အစွမ်းအားဖြင့်ဖြစ်သော ကိုယ်ကို လှုပ်ရှားခြင်းဟု ဆိုအပ်သော ဖြစ်စေခြင်းကိုလည်း။ ကာယဝိညတ္တိ စောပနတော၊ ကာယဝိညတ်၏ အစွမ်းအားဖြင့်ဖြစ်သော ကိုယ်ကို လှုပ်ရှား ခြင်းဟု ဆိုအပ်သော ဖြစ်စေခြင်းကြောင့်။ ဝိညာပနာတိ၊ ချ။ဝုစ္စတိ၊ ၏။ တသ္မာ စ၊ ကြောင့်လည်းကောင်း။ ယသ္မာ၊ ကြောင့်။ ဧသ ဧသော သုဒိန္နော၊ သည်။ တိက္ခတ္တုံ၊ သုံးကြိမ်။ အဘိဝိညာပနံ၊ ကာယဝိညတ်၏ အစွမ်းအားဖြင့် ဖြစ်သော ကိုယ်ကို လှုပ်ရှားစေခြင်းဟု ဆိုအပ်သော ဖြစ်စေခြင်းဟု ဆိုအပ် သော။ ဂဗ္ဘသဏ္ဌာနသန္နိဋ္ဌာနံ၊ ကိုယ်ဝန်ကည်ခြင်း၏ အပြီးအဆုံးကို။ (သန္နိဋ္ဌာ· နတ္ထံ၊ဆဋ္ဌမူ။သီမူ) အကာသိ၊ ပြုပြီ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ တသ္မာ စ၊ လည်းကောင်း။ အဘိဝိညာပေသီတိဧတ္ထ၊ ၌။ ပဝတ္တေသီတိအတ္ထော၊ သည်။ ဟောတိ၊ ၏။

ကာယဝိညတ္တိစောပနတော၊ ၌ စောပန ပုဒ်နောင် ပဝတ္တာပန၊ ပုဒ်ကျေ သတည်း။ သို့မှ ပဝတ္တနာပိ-ဟူသော ကံနှင့် ညီသတည်း။ မိဂသိင် တာပသ ဝတ္ထုကား စတ္တာလီသနိပါတ်၊ အလမ္ဗုသာဇာတ်မှာ လာသတည်း။ ဇာတ် အဋ္ဌကထာ (ဇာတက ၄၊၅။၁၆၂)၌ ဣသိသိင်္ဂေါတိဃနာမံ အကာသိ ဟု မိန့်အပ်၏။ ဣသိသိင်္ဂနှင့် မိဂသိင်္ဂအမည်ကား ထိုရသေ့ငယ်၏ အမည် ချည်းတည်း။ သာမ၏ဝတ္ထုကား သုဝဏ္ဏသာမဇာတ်မှာ လာသတည်း။ မဏ္ဍဗျ၏ ဝတ္ထုကား မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဂဟပတိဝဂ် ဥပါလိသုတ် (မ၊ဋ္ဌ၊၃၊၅၅) အဖွင့်မှာလာသတည်း။ စဏ္ဍပဇ္ဇောတဝတ္ထုကား မဟာဝါပါဠိတော် စီဝရခန္ဓက (ဝိ ၃၊၃၈၇)မှာ လာသတည်း၊ အယံ ကိရ ရာဇာ ဝိစ္ဆိကာယ ဇာတော၊ ဝိစ္ဆိကဇာတိယာ ပဋိဃာတာယ စ သပ္ပိဒ္ဒာသဇ္ဇံ ဟောတိ ဝိစ္ဆိ ကာ နံ ပဋိကူလံ။ တသ္မာဧဝမာဟ-ဟု မဟာဝါ အဋ္ဌကထာ(ဝိ ဋ္ဌ၊၃၊ ၃၉၉)၌ မိန့်အပ် ၏။ အဋ္ဌကထာ ပေဟူသမျှပင် "ဗကာဘု ပန ပုရိသောနာမ နတ္ထိ၊ တာ ဥတု- သမယေ မေဃသဒ္ဒံ သုတွာ ဂဗ္ဘံ ဂဏှန္တိ-ဟုဒန္တငဖြစ်သော အဝဂ်လ-အက္ခရာကင်း လျက် ဩဋ္ဌဇ ဖြစ်သော တတိယက္ခရာပနှင့် ကဏ္ဍဇ ဃောမက္ခရာ ကာ-ဣတ္ထိလိင် ရှိ၏။ အဘိဓာန် အရညာဒိဝဂ်(၆၄၂)မှာမူကာ၊ ဗကောတု သုက္ကကာကော· ထ၊ ဗလာကာ ဝိသကဏ္ဍိကာ- ဟုလာ၏။ဒွယံ ကာကေဟိ သဒ္ဒိံ နိဋ္ဌံ ကတွာ ဝသနတော သုက္ကသကုဏေ။ ကော အာ ါဒေနဲ၊အ။ သေတဝဏ္ဏတာယ သု ာ စ ေသာ ကာကေဟိ သဒ္ဒိံ နိဝါသနတော ့ကာက သဏ္ဌာနတ္တာဝါ ကာကောစာကိ

သုက္ကကာကော။ ဒွယံ ဝိသင်္ကေတကာယံ။ ဗလ-ပါဠိနေ၊ ကုဠု၊ ဒီဃော၊ အကောဝါ။ ဝိသသဒိသော ကာဠကဝဏ္ဏော ကဏ္ဏော ယဿ သော ဝိသင်္ကေတကော၊ တေိဿ ပုမောနာမ န ဝိဇ္ဇတိ။ဝုတ္တာဥ္စ ပါဠိနေ၊ "ယထာ ဗလာကယောနိမှိ န ဝိဇ္ဇတိ ပုမော သဒါ။ မေဃေသု ဂဇ္ဇမာနေသု ဂဗ္ဘံ ဂဏှန္တိ တာ တဒါတိ(အဘိဓာန် ဋီကာ-၆၄၂-ဂါထာ)ဟု ဖွင့်အပ်၏။ ဒီဃောဝါ ဗလာ၌ လ-အာဂိတ်အ-ကို ဓာတုဿန္တော သုတ်ဖြင့်မချောဘဲ အာ-ဒီဃ အပြုသည်လည်းကောင်း။ အကောဝါ၊ ကုဠုပစ္စည်းကို အကပြုသည်လည်းကောင်း။ ယောတိ၊ ဖြစ်၏။ ဝါမရေဟူသော ယောဂဝိဘာဂဖြင့် ပပံ, ပအာပံပြုယုဂ်မှာကဲ့သို့ အာ၌ နောက်ဖြစ်သော အ-ကိုချေ၊ ဗလာကသဒ္ဒါသည် ဗျိုင်းအောက်မကို ဟောငြားသော်လည်း မာတုဂါမော ကဲ့သို့ သဒ္ဒါပုလ္လိင်ဖြစ်သောကြောင့် "ဣတ္ထိလိင်တွင် အက-မြင် အ-လျှင်ဣ ဖြစ်မြဲ။" ဟူသော နိယံလာသည်နှင့် အညီအက၌ အ-ကိုဣ-ပြု၍ ဒါယိကာ ဥပါသိကာ- ပြုယုဂ်တို့ကဲ့သို့ ဗာလိကောရုပ် မဖြစ်ကောင်း။ ထို့ကြောင့်ပင် ဒီဃောဟူသည်နှင့်အညီ လ-အဂိတ် အ-ကို အာဒီဃ ပြုရသည်တည်း။ ဤသို့ အဘိဓာန်စာကိုယ်, ဋီကာလာသောကြောင့် ဗကသဒ္ဒါသည် ဗျိုင်းဖြူအဖိုကိုသာ ဟောသည်ဟု မဆိုသာ။ ပုလ္လိင် ပုတ္တောသဒ္ဒါသည် သားယောကျ်ားကို ဟောသည်။ ဣတ္ထိလိင် ပုတ္တီသဒ္ဒါသည် သမီးမိန်းမကို ဟောသည်။ ဤကဲ့သို့ပင် ပုလ္လိင် "ဗကော" သဒ္ဒါသည် ဗျိုင်းဖြူအဖိုကိုသာ ဟောသည်။ ဣတ္ထိလိင် "ဗကာ"သဒ္ဒါသည် ဗျိုင်းဖြူအမကို ဟောသည်ဟု မှတ်အပ်၏။ အဘိဓာန်၌ ဗကော တု သုက္ကကာကော ဣ-ဟူသောစကားသည် ဥပလက္ခဏ-နည်းမျှသာတည်း။ ဗကသဒ္ဒါသည် ဗျိုင်းဖြူကိုသာ ဟောသည်မဟုတ်၊ ဗျိုင်းအောက် ဗျိုင်းနှမ်းကိုလည်း ဟောသေး၏၊ထို့ကြောင့် အဋ္ဌကထာ၌ ဗကာသု-စသောစကားကို မိန့်အပ်သတည်း။ ဗျိုင်းဖြူတို့၌ အဖို အမ ရှိသည်ကိုငြား အဖိုအမအစုံ အသိုက်အမြုံ၌ နေသည် ကိုလည်းကောင်း၊ ရေကန်စသည်တို့၌ အဖိုအမအစုံ ကျက်စားသည်ကိုလည်းကောင်း၊ မျက်မြင်အားဖြင့် သိအပ်သတည်း၊ ထိုကဲ့သို့ပင် ဗျိုင်းအောက် ဗျိုင်းနှမ်းတို့၌ အမသာရှိသည်ကိုလည်း အသိုက်အမြုံ၌ တင်ကောင်တည်းသာနေသည်ကိုလည်းကောင်း၊ ရေကန်စသည် တို့၌ တစ်ကောင်တည်းသာ ကျက်စားသည်ကိုလည်းကောင်း မျက်မြင်အားဖြင့် သိအပ်သတည်း။ အဋ္ဌကထာ၌ ဗကာသု-ဟု ရှိသောကြောင့်လည်းကောင်း "အဋ္ဌကထာတွင်၊ ဖြစ်လေလျှင်၊ နည်းပင်ခိုးယူဘိ"ဟူသည်နှင့်အညီ အဋ္ဌက-ထာမှာ ဆိုသောနည်း ယူရသော ကြောင့်လည်းကောင်း၊ ဣတ္ထိလိင် ဗကာ—

သဒ္ဒါသည် ဗျိုင်းအောက် ဗျိုင်းနှမ်းကို လည်းကောင်း ဟောသေး၏ဟု မှတ်အပ်၏။ ထို့ကြောင့် အဋ္ဌကထာမှာ ဗျိုင်းအောက် ဗျိုင်းနှမ်းကို ဆိုသောအရာဖြစ်သောကြောင့် လ-အက္ခရာ ကင်းလျက် ဗကာသု မရှိသင့်။ လ-အက္ခရာနှင့်တကွ ဗလာကာသု ဟူ၍သာ ရှိရမည်ဟု မဆိုသာချေ။ အကယ်၍ အဋ္ဌကထာမှာ ဗလာကာသဒ္ဒါ အမှန်ဖြစ်ခဲ့သော် ဗလာက-သဒ္ဒါသည် မာတုဂါမောကဲ့သို့ သဒ္ဒါပုလ္လိင်ဖြစ်သောကြောင့် အဋ္ဌကထာ၌ ဗလာကေသုဟု ဆိုရာသည်၊ ဆိုလည်းမဆိုခဲ့ နောက်ဝါကျမှာလည်း တေ-ဟု ဆိုရာသည်၊ ဆိုလည်းမဆိုခဲ့။ ထို့ကြောင့် အဋ္ဌကထာ၌ "ဗကာသု" သဒ္ဒါသာ အမှန်ဖြစ်သတည်းဟု ဆစ်ဖုမရှိ မှတ်သိအပ်၏။

မာတာစ၊ အမိသည်လည်း။ ဥတုနီ (ဥပ္ပန္န ဥတုနီ) ဖြစ်ပြီးသော ဥတုသွေးရှိသည်။ ဥတုနီ၌ ဥပ္ပန္နဟူသော အစပုဒ် ကျေသတည်း။ သို့မှ မာတာဟူသော ပကတိကတ္တားနှင့် လျော်သတည်း။ ဥပ္ပန္နကျေသည်ကိုလည်း "တေနဟိ ဝဓုယဒါ ဥတုနီ အဟောသိ ပုပ္ဖဝတီ ဥပ္ပန္နံ ဟောတိ" ဟူသော ပါဠိတော်ကို ထောက်၍ သိအပ်၏။ ဥတုနီ ပုဒ်ကိုလည်း ပတိဘိက္ခု ရာဇိ ကာရဂေန္တဟိ ဣနီသုတ်၌ ဘိက္ခုသဒ္ဒါကို ဥပလက္ခဏ နည်းအားဖြင့်သာ ဆိုသောကြောင့် ဤသုတ်ဖြင့်ပင် ဣနီပစ္စည်းသက်ပြီးလျှင် ဝါပရောအသရူပါသုတ်ဖြင့် ဥ-မှနောက်ဖြစ်သော ဣကိုချေ၍ ပြီးစေ၊ ထို့ကြောင့် သဒ္ဒနီတိ၌ ပတျာဒိဘိက္ခာဒိ-ရာဇာဒီ ဒန္တေဟိ၊ ဣနီဟု သုတ် (နီတိသုတ္တ၊ ၄၆၉) တည်ပြီးလျှင် ဥတုနီဟူသော ပုဂ်ကိုထုတ်ဆောင်၍ ပြသတည်း။ ဂန္ဓဗ္ဗော ပုဒ်ကိုလည်း ဂမုဓာတ်နောင် တဗ္ဗ-ပစ္စည်းသက်ပြီးလျှင် ပက္ကမာဒီဟိ န္တော စသုတ်ဖြင့် နိဂ္ဂဟိတာဂမကို သံယောဂန္တပြုပြီးလျှင် မ-ကိုချေ၍ ဂန္တဗ္ဗဖြစ်သောကာလ "ဓာတာသာ ဂဗ္ဘက္ကမနာသန္တေ-သတ္တေ" (နီတိသုတ္တ၊ ၇၅) ဟူ၍ အမိန့်သို့ ကပ်ခါနီးသော သတ္တဝါကို ဟောသည်ရှိသော် တ-ကို ဓ-ပြုရမည် ဟူ၍ သဒ္ဒနီတိ သန္ဓိကျမ်း၌ မိန့်သည်နှင့်အညီ ဓော ဒဿ စသုတ်၌ စသဒ္ဒါဖြင့် တ-ကို ဓ-ပြု၍ ပြီးစေ။

အဘယ့်ကြောင့် ဘုမ္မစိုးနတ်ကိုသည် အသံကို ကြားစေကုန်သနည်း။ မဟာဝန် အဇ္ဈောဂါဟေတွာ ဟူ၍ ပါဠိတော်၌ လာသည်နှင့်အညီ မဟာဝုန်တောအုပ်သို့ သက်ဝင်၍ ဆိတ်ကွယ်ရာ အရပ်၌ ရှင်သုဒိန် မေထုန်မှီဝဲခြင်းအကျင့်ကို ဖြစ်စေသောကြောင့် ဘုမ္မစိုးနတ်တို့ မမြင်ကုန်ရာသည် မဟုတ်လော။ မမြင်ကုန်ကလည်း အသံကို မကြားစေကုန်ရာသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုန္တိ စသည်ကို မိန့်အပ်သတည်း။ လိုရင်းကား "အသော သကလဝနသဏ္ဍနိဿိတာ" စသည်တည်း။

[ဒိသွာ၌၊ တွာပစ္စည်းကို ဟိတ်အနက်၌သက်။]

အဘယ်ကြောင့် ဘုမ္မစိုးနတ်တို့သည် မြင်ကုန်သနည်း။ ဘုမ္မစိုးနတ်တို့သည် အရှင်သုဒိန် မေထုန်မှီဝဲခြင်းအကျင့်ကို ဖြစ်စေရာအရပ်သို့ မလာသောကြောင့် မမြင်ကုန်ရာသည်မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် ပရစိတ္တဝိဒူ စကားကိုမိန့်အပ်သတည်း။ [ပေတုမန္တဝိနယသနတည်း၊ ဒိသွာမှာ စပ်]

မေထုနံ ယုဂဠံ ယမကံ ဥဘယန္တိ ဟိ အတ္ထတော ဧကံ။ ။ဝိမတိ ဝိနောဒနီ။ (၁၁၃၀။) ဤဝိမတိ ဝိနောဒနီအလိုအားဖြင့် အဘိဓာန်အရညာဒိဝဂ်(၆၂၀-ဂါထာ)မှာ မိထုနံ ထီပုမဒွယံ၊ ယုဂန္တု ယုဂဠံ ဒွန္ဒံ။ ယမကံ ယမလံ ယမံဟူသော စကားဖြင့် မိထုနနှင့် ယုဂစသည်သည် အစုံဟောပရိယာယ်၏ အဖြစ်ဖြင့်တူသည် ကို ပြတော်မူသတည်းဟု ယူရန်ရှိသတည်း။ ပရိယာယ်ခြားက တု-သဒ္ဒါနှင့် ဆိုမြဲ ဖြစ်သောကြောင့် အဘိဓာန်မှာ မိထုန ထီ ပုမဒွယနှင့် ယုဂစသည်ကို ပရိယာယ် တခြားစီ ဟူ၍သာ ယူသင့်သတည်း။ အဘိဓာန်ကို စီရင်သည်ကား ရှေး အဘိဓာန်ကိုမှီ၍ စီရင်သတည်း၊ ရှေးအဘိဓာန်မှာလည်း "ယုဂန္တု"ဟု တု-သဒ္ဒါ နှင့် မိန့်ဆိုလေရာသတည်း။ မိထုနထီပုမဒွယကား ယုဂဠဝိသေသ ယုဂစသည် ခြောက်ပါးကား ယုဂဠသာမညတည်း။ ထို့ကြောင့် အဘိဓာန်ဋီကာ (၆၂၀-ဂါထာ)၌၊"ဆတ္တံ ယုဂဠမတ္တေ"ဟုမိန့်အပ်၏။ဥဘိန္နံ ရတ္တာနံ စသော အဋ္ဌကထာ စကားဖြင့် "မိထုနာနံ ဣဒံ မေထုနံ"ဟူသော ဣဒံ တဒ္ဓိတ်ဝစနတ္ထကို ပြတော်မူ

သတည်း။ ထို့ကြောင့်သာရတ္ထဒီပနီ (၂၊၇၂။)၌ ရာဂပရိယုဋ္ဌာနေန သဒိသဘာဝပ္ပတ္တိယာ မိထုနာနံ ဣဒံ မေထုနံဟု မိန့်အပ်၏။ ဝေမဇ္ဈဥ္စ၊ အောက်, အထက်နံပါး နှစ်ဖက်အရပ် ဤလေးခုသော နံပါးအရပ်တို့ကို မတွေ့မထိဘဲ အင်္ဂါဇာတ်တွင်းသို့သွင်း၍ ဖြစ်အောင် တစုံတခုသော အခြင်းအရာဖြင့် ပူးအပ်သော အလွန်ကြွယ်သောဟောင်းလောင်းပေါက်ရှိသော မိန်းမအင်္ဂါဇာတ်၏ အပေါက်၏ အောက်ဆုံးဖြစ်သော အတွင်း, အပြင်, အလယ်-အရပ်လည်းကောင်း။

ဝေမဇ္ဈန္တိ ယထာစတ္တာရိ ပဿာနိ အသံဖုသန္တော ပဝေသေတိ၊ ဧဝံ ကတဝိဝရဿ ဣတ္ထိ နိမိတ္တဿ ဟေဋ္ဌိမတလံ ဝုစ္စတိ။ သာရတ္ထဒီနီပ။ (၂။၇၂၊၇၃။) ဤသာရတ္ထဒီပနီစကား၌ ဟေဋ္ဌိမ တလအရကို မိန်းမအင်္ဂါဇာတ်၏ အောက်ဆုံးဖြစ်သော အတွင်းအပြင်အရပ်ကိုသာယူ။ မိန်းမအင်္ဂါဇာတ်၏ အောက်စပ်အရပ်ကို မယူလင့်။ အောက်စပ်အရပ်ကိုကား စတ္တာရိ ပဿာနိ၌ယူပြီး။ ထို့ကြောင့် ဝိမတိ ဝိနောဒနီ (၁၊၁၃၈။)၌။ ဝေမဇ္ဈန္တိယထာ စတ္တာရိ ပဿာနိ အဖုသန္တော ပဝေသေတိ၊ ဧဝံ ကတဝိဝရဿ ဣတ္ထိနိမိတ္တဿ အဗ္ဘန္တရတလံ ဝုစ္စတိဟု မိန့်အပ်၏။

ဟေဋ္ဌာ၊ မိန်းမ၏ အင်္ဂါဇာတ်၏ အောက်နံပါးအရပ်ဖြင့်။ ဥပရိတော၊ မိန်းမအင်္ဂါဇာတ်၏ အထက်နံပါး အရပ်ဖြင့်။ ဥပရိဘာဂမဇ္ဈဥ္စ၊ အထက်အဖို့ဖြစ်သော တွန့်လိပ်သော အလယ်အရပ်လည်းကောင်း။ ၊စမ္မခီလံဝါ၊ အရေငုတ်ကိုလည်းကောင်း။ (ဝါ)၊ ကြွက်နို့ကိုလည်းကောင်း။ ပိဋ္ဌကံဝါ၊ ထွင်ရှုအိုင်းနာကိုလည်းကောင်း။ ဖောဋ္ဌေောတု ပိဋ္ဌကာဘဝေ၊ အဘိဓာန် နရဝဂ်။ (၃၂၄-ဂါထာ)။ ။ဒွယံ ဖောဋ္ဌေ။ ဖုဋ္ဌသံကိလေသနေ၊ ဘူဝါဒိ၊ ဖောဋ္ဌော၊ ဏော။ ပိဋ္ဌဝိဗာဓာယံ၊ စုရာဒိ၊ ဏ္ဍု။ ဣတ္ထိယမတော အာပစ္စယောတိအာ။ (အဘိဓာန်ဋီကာ၊၃၂၄-ဂါထာဖွင့်)။ အပိစမှစ၍။ ဒုက္ကဋန္တိ တိုင်အောင်သောစကားဖြင့်။ အာဝဇ္ဇိတ္ဝာ ကထနာကာရကို တနည်းပြသတည်း။ ဒုက္ကဋန္တိ၌ ဣတိသဒ္ဒါ တခုကျေ၊ 'ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ကော၊အတယ်သူသည်။ ဇာနေယျ၊ သိနိုင်အံ့နည်း။ န ဇာနေယျဧဝ၊ မသိနိုင်သည်သာတည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇိတွာ၊ ၍။ ကထေတဗ္ဗံ၊ ဆိုအပ်၏။

ဧတံ ဝါ အညံဝါ။ ပ။ ဥပ္ပါဒေတွာ၊ စကားကို ယဒိဘာဂဝါ စသော စကားရှေ့နားကလိုက်၍အနက်ပေး။ တသ္မာ၊ ထိုသို့ကရုဏာ ဂုဏ်ကိုဆင်ခြင်၍ ဆိုထိုက်သည်၏ အဖြစ်, အဘယ်သူသည်သိနိုင်အံ့နည်း ဟု ဆင်ခြင်၍ ဆိုထိုက်သည်၏ အဖြစ်ကြောင့်။ (နောက်ကထေတဗ္ဗံမှာစပ်) ကထေတဗ္ဗံ၊ ဆိုအပ်၏၊ ဆိုရမည် ဆိုကြလေ ဟု အနက်ပေး။ နိသီဒိတဗ္ဗံမှာမစပ်လင့်၊ နိသီဒိတဗ္ဗ –သည် အပဓာန

စကားတည်း၊ "နိသီဒိတဗ္ဗံ၊ နေရာ၏။ နိသီဒိတွာ၊ နေပြီး၍" ဟု အနက်ပေး။ အပိဓာယ၊ မပိတ်မူ၍။ ဒွါရံအပိဒဟိတွာ ဟူသော ပြယုဂ်မှာကဲ့သို့ အ–သည် ပဋိသေဓအနက်ဟောတည်း၊ အပိရှေးရှိသော ဓာ ·ဓာတ်၊ အ–ကျေ၊ ·အနှင့် အပိအကြားမှ ဗင်းငယ်ဖြတ်၍ရှတ်။ တနည်းကား အပိဓာယ၊ ပိတ်၍။ နတံ သက္ကာမိ၊ ဗြဟ္မာ အပိဓေတုံ မဟာသိန္ဓု။ခု၊၅။၃၇၇။ဟူသော ပြယုဂ်မှာကဲ့သို့ အပိရှေးရှိသော ဓာဓာတ်သည် ပိတ်ခြင်းအနက်ဟောတည်း။ အ· နှင့်ပိကို တယောတည်းရှတ်။ ။ဒန္တဝိဒံသကံ၊ သွားတို့ကိုပြသည်ကို။ ကတွာ၊ ပြု၍။ တနည်းကား၊ ဒန္တဝိဒံသကံကတွာ။ သွားပြသည်ကိုပြု၍။ အဓိပ္ပာယ်ကားပြုံးပင် ပြုံးသော်လည်း သွားပေါ်အောင်မပြုံးရဘူးဟူလိုသတည်း၊

ဂဗ္ဗိတေန၊ မာန်ထောင်သကဲ့သို့တက်ကြွသည်၊ ဂဗ္ဗောဘိမာနေဟံ ကာရော။ အဘိဓာန်သဂ္ဂကဏ္ဍ (၁၇၁–ဂါထာ)။ ။ဂဗ္ဗမာနေ၊ စုရာဒိ အ အထဝါ ဂရ- သေစနေ၊ ပေါ။ ။အဘိဓာန်ဋီကာ (၁၇၁–ဂါထာဖွင့်) ဂဗ္ဗမာနေ။ မာနေ၊ အဟင်္ကာရော။ ဂဗ္ဗေတိ၊ ဂဗ္ဗယတိ။ ဂဗ္ဗနံ၊ ဂဗ္ဗိတော စုရာဒိဂိုဏ်း ဓာတုမာလာ (၃၂၈–နှာ) ဤအရာသည် ဝိနည်းမိုရ်ပုဂ္ဂိုလ် ကျင့်ရမည်ကိုဆိုသောအရာ ဖြစ် သောကြောင့် ဝိနည်းမိုရ်ပုဂ္ဂိုလ် မာန်မထောင်ကောင်းရာကား "ဂဗ္ဗိတော ဝိယာတိ ဂဗ္ဗိတော" ဟု ဥပမာ တဒ္ဓိတ် ဝိဂ္ဂိုဟ်ပြုရမည်။ မာန်ထောင်သကဲ့သို့ တက်ကြွခြင်းရ၏။ မာန်ထောင်သကဲ့သို့ တက်ကြွခြင်းဟူသည် ဤသို့သဘော ရှိသော မေထုန်နှင့် စပ်သော မသူတော်တို့၏စကားကို မဆိုလို၊ မေထုန်အမှုကို မမေးမြန်းလို ဟု စိတ်တွန့်တိုခြင်း, နောက်သို့ ဆုတ်ခြင်းသို့ မရောက်ခြင်း ပင်တည်။ ထိုကြောင့်သာရတ္ထဒီပနီ(၂၊ ၈၄) ၌ ဂဗ္ဗိတေနာတိ သံကောစံ အနာ ပဇ္ဇန္တေန၊ ဉဿာဟ ဇာတေနာတိ အတ္ထော ဟု မိန့်အပ်၏၊ သာရတ္ထဒီပနီ၌ "အသဗ္ဘိံ မသူတော်တို့၏ စကားကို၊ ကထေမိ ဆိုရတော့အံ့။ (ဝါ) ဆိုရတော့မည် တကား၊ ဣတိ ဤသို့၊ သံကောစံ၊ စိတ်တွန့်တိုခြင်း သို့။ (ဝါ) နောက်သို့ ဆုတ်ခြင်းသို့" ဟု အနက်ပေး။

များစွာသော ပါရာဇိကဏ်အဋ္ဌကထာ, သာရတ္ထဒီပနီ, ဝိမတိဝိမနောဒနီ ဋီကာတို့၌ ယခုကာလ သြဋ္ဌဇ စတုတ္ထက္ခရာ ဘနှင့် ဂဗ္ဘိတေန–ဟု ရှိကြ၏။ သြဋ္ဌဇ စတုတ္ထက္ခရာဘနှင့် ဂဗ္ဘဓာတ်သည် အဗ္ဘ ဂဗ္ဘ မဗ္ဘ ယံ ဟူသည်နှင့် အညီလည်းကောင်း ဂဗ္ဘဓာရဏေ,(နီတိဓာတု ၁၂၇) ဟူသည်နှင့်အညီ လည်း ကောင်း ဂတိအနက်, ဓာရဏအနက်ကိုသာ ဟောသတည်း။ မာန်ထောင်ခြင်း အနက်ကိုကား မဟော။ ထို့ကြောင့် သြဋ္ဌဇစတုတ္ထက္ခရာ ဘ–နှင့် ဂဗ္ဘိတေန– ပုဒ်သည် ပုဒ်ဟောင်း ပုဒ်မှန်မဟုတ်၊ ပုဒ်သစ် ပုဒ်ပျက်သာ ဖြစ်သတည်းဟု

မှတ်ရန်ရှိသတည်း။ အချို့သော အဋ္ဌကထာ၌ ဩဋ္ဌဇ တတိယက္ခရာနှင့် ဂဗ္ဗိ-တေန–ဟု ပါဌ်မှန်ရှိ၏။ ဇမတ္တသုတ်မှာလည်း အပ္ပဂဗ္ဗောဟု ဩဋ္ဌဇ တတိ-ယက္ခရာ ဗ္ဗ–နှင့်ပင် အမှန်ရှိ၏။ "အပ္ပဂဗ္ဗော၊ မာန်မူခြင်းမရှိသည်ဖြစ်၍"၊

သုတ္တနိပါတ်အဋ္ဌကထာ မေတ္တသုတ် အဖွင့်မှာလည်း ထိုဩဋ္ဌဇတတိယက္ခရာ ဗ္ဗ–နှင့် ရှိသော အပ္ပဂဗ္ဗောပုဒ်ကိုပင် ဖွင့်သတည်း။ ငါတို့မြန်မာနိုင်ငံရှိ ပါရာ-ဇိကဏ် အဋ္ဌဂ.ထာ များစွာသောပေတို့၌သာ ဩဋ္ဌဇစတုတ္ထက္ခရာ ဘ္ဘ–နှင့် ရှိသည်မဟုတ်။ ဉဿာဟေန ဂဗ္ဘိတေန ဟူ၍ပင် သီဟိုဠ်ဘာသာ အက္ခရာနှင့် ရေးသားသော ပါရာဇိကဏ်အဋ္ဌကထာ၌သည်း ရှိ၏။ သို့ပင်ရှိငြားသော်လည်း ဂဗ္ဗ၊ ဂဗ္ဗဘ်၊ ဂဗ္ဗယတေ၊ ဂဗ္ဗာပယတေ၊ ဂမက၊ အဟင်္ကာထ အဟင်္ကာရက ဂဗ္ဗ ဂဗ္ဗိတိ။ မုတ္တာ ဝလိ အဘိဓာန်၊ ဓာတုမာလာ ဗဂ္ဂ.ာရန္တ တတိယက္ခရာ။

သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာပဂဗ္ဗေန၊ သံကိလိဋ္ဌေန ဇီဝိတံ။
ဟိရိမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ။
အလီနေနာပ္ပဂဗ္ဗေန၊ သုဒ္ဓါဇီဝေန ပဿတာ။

(ဓမ္မပဒပါဠိတော် ခု၊၁၊၄၇။ စူဠသာရိပုတ္တ သဒ္ဒဝိဟာရိက ဝတ္ထု၊)ပဂဗ္ဗေ-နာတိ၊ ကာယပါပဂဗ္ဗိယာဒီဟိ သမန္နာဂတေန။ ဓမ္မပဒအဋ္ဌကထာ (၂၊၂၂၆။) ဤသို့ အရပ်ရပ်စကားကိုထောက်၍ ဩဋ္ဌဇတတိယက္ခရာ ဗ္ဗ–နှင့်ရှိသော ပုဒ်ကိုသာ ပုဒ်မှန်ဟု မှတ်အပ်၏။

## မူလပညတ္တံ နိဋ္ဌိတံ။

ဗွေ၊ ဤတိရစ္ဆာနဂတာယပိ–ဟူသောစကား၌။ မဍ္ဍာရီပုဒ်သည် ဏွာဒိ မောဂ္ဂလာန်အလိုအားဖြင့် တာလုဇ တတိယက္ခရာ ဇ္ဇ ဒွေဘော်နှင့် ရှိရမည်။ မဇ္ဇ သံသုဒ္ဓိယံ။ သရိရံ မဇ္ဇတိ နိမ္မလံ ကရောတီတိ မဇ္ဇာရော။ ဗိဋ္ဌာရော။ ဏွာဒိမောဂ္ဂလာန် (၁၆၄–သုတ်) အဘိဓာန်စာကိုယ် ဋီကာအလိုအားဖြင့် ဍ–သံယုတ်နှင့် မဍ္ဍာရီရှိရမည်။ ဗိဋ္ဌာရော ဗဗ္ဗုမဍ္ဍာရော။ အဘိဓာန် သီဟာဒိဝဂ် (၆၁၅။ဂါထာ)။ မဇ သုဒ္ဓိယံ။ အာရော၊ နိဂ္ဂဟိတာဂမော။ (အဘိဓာန် ဋီကာ။) (၆၁၅–ဂါထာဖွင့်) မဇ္ဇ သံသုဒ္ဓိယံ။ မဇ္ဇတိ။ ဓာတုမာလာ(၄၇–နှာ) အဇဂရ်၊ စပါးကြီးမြွေ။ ဝါဟသော ဇဂရော ဘဝေ။ အဘိဓာန်ပါတာလဝဂ်။ (၆၅၁–ဂါထာ)။ ဒွယမဇဂရေ အဇံ ဆာဂံ ဂိလတီတိ အဇဂရော၊ ဣလာသတ္တံ၊ လဿ ရတ္တဥ္စ။ (အဘိဓာန်ဋီကာ ၆၅၁–ဂါထာဖွင့်) ဂေါနသ၊ ငန်းကြားမြွေ။ ဂေါနသော တုတိလိစ္ဆော။ (အဘိဓာန် ပါတာလဝဂ်၊ ၆၅၁–ဂါထာ)

ဒွယံ ဂေါနသ သပ္ပေ၊ ငန်းကျဲတိချာဘော။ ဂဝသောဝ နာသသောတိ ဂေါန သော သညာယံ နာသသဒ္ဒသာ နသော ကတော။ ။အဘိဓာန်ဋီကာ(၆၅၁-ဂါထာဖွင့်)။ယခုကာလ၌မူကား ငန်းကျဲမြွေကို ငန်းတော်ကြားဟု ခေါ်ဝေါ် ကြသတည်း။

ပဝေသနံ ကိစ္စာပိ နပ္ပဟောတိ၊ ပန တထာပိ မုခသဏ္ဍာနံ ဥ ဝဏ္ဏသံခေပံ ယသ္မာ ဂစ္ဆတိ တသ္မာ။ ။ရုက္ခသုနာ၊ ရှင့်။မငုံသ၊ မြွေပါ။ ဂေါဓ၊ ဖွတ်။

ပါရာဇိကောပုဒ်သည် ပရာဇ်ပုဒ် ဏိကပစ္စည်းဖြင့်ပြီးသလောဟု လျှဉ်းပါးရန် ရှိသောကြောင့် ပါရာဇိကောတိ စသည်ကို မိန့်အပ်သတည်း။

ပရာပုဗ္ဗ ဇိဓာတ် တပစ္စည်း ပအစိတ် အကို အာဝုဒ္ဓိပြုပြီးလျှင် တ-ကို-က ပြု၍ ပါရာဇိကာပြီးသည်ဟု ပြသတည်း။ ပရာဇိတောပုဒ်ကို"ပရာဇေတီတိ ပရာဇိ-တော"ဟု ဝစနတ္ထ ပြုရမည်လောဟု မေးရန်ရှိသောကြောင့် ပရာဇယံ အာပန္နောစကားကို မိန့်အပ်သတည်း။

ဤစကားဖြင့် "ပရာဇေတဗ္ဗောတိ ပရာဇိတော ဟူသော ဝစနတ္ထကို ပြသ တည်း။ပရာဇယံ အာပန္နော-ကား အဓိပ္ပါယ်ဖွင့်တည်း၊အဓိပ္ပါယ်ကို အရင်းမူသဖြင့် ကမ္မသာဓနကို ပြသတည်း။ ပုဂ္ဂလော ပန ကမ္မသာဓနနေ-စသော သာရတ္ထဒီပနီ(၂၊ ၈၅) စကားကိုထောက်။ ။ဝဇ္ဇီနံဝါ၊ ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ လည်းကောင်း။ ဝိဇ္ဇီပုတ္တကာနံ ဝါ၊ ဝဇ္ဇီတိုင်းတွင် ဝေသာလီပြည်၌ နေကုန် သော အမျိုးသားတို့၏လည်းကောင်း။ ဝေသာလိကာတိ ဝေသာလီ ဝါသီ နော ဝဇ္ဇီပုတ္တကာတိ ဝဇ္ဇီရဋ္ဌေ ဝေသာလိယံ ကုလာနံပုတ္တာ။ ဝဇ္ဇီဝတ္တုကထာ (ဝိ၊ ၄၊ ၁၁၀၄) ဓမ္မေဝတ္တတီတိ ကိဉ္စာပိ ဝဒန္တိ၊ ပန တထာပိ ယသ္မာ။ တတ္ထ ပါရာဇိကေန အနုဒ္ဓံသေယျာတိအာဒီသုဝစနေသု။သော ဓမ္မော ဝိသုံ နဝတ္တဗ္ဗော။ တတ္ထ သိက္ခာပဒအာပတ္တိ ပုဂ္ဂလေသု။ တံ၊ ထိုသိက္ခာပုဒ်ကို လွန်ကျူးသော ရဟန်းကို။ ပရာဇေတိ ရှုံးစေတတ်၏။ (ကာရိုက်ဏာပေ ပစ္စည်းကျေ)။

ပုဂ္ဂလာပတ္တိ သိက္ခာပဒ ပါရာဇိကေသု၊ တို့တွင်။ ယဒိဒံ ယာအယံ အာပတ္တိ၊ ကို။ ပါရာဇိကံနာမ ပါရာဇိက မည်၏ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ တံအာပတ္တိ၊ သို့။ အာပဇ္ဇန္တော၊ သော ပုဂ္ဂလော၊ သည်။ ယသ္မာ၊ ကြောင့်။ သဒ္ဓမ္မာ၊ သူတော်ကောင်းတို့၏တရားဖြစ်သော သာသနာတော်မှ။ စုတော စ၊ ရွေ့လျောသည်လည်းကောင်း။ အပရဒ္ဓေါ စ၊ ချွတ်ချော်သည်လည်းကောင်း။ ဘဋ္ဌော စ၊ လျောကျသည်လည်းကောင်း။ နိရင်္ကတော စ၊ ကင်းသည်လည်း ကောင်း။ ဟောတိ၊ ၏။

စု စဝနေ၊ အဘိဓာန်ဋီကာ (၇၅၁-ဂါထာဖွင့်)။ အပရဒွေါပုဒ်၌ အပ ပုဗ္ဗ ရမဓာတ်၊ ရမ-ဓာတ်သည် ရမ ဟိံ သာယံ (နီတိဓာတု-၂၃၁) ဟူသည်နှင့်အညီ ဟိံသာအနက်ကို ဟောရင်းတည်း။ ဤအရာမှာမူကား အပဂတ အနက်ကို ထွန်းသော အ ၊-ဥ ၊ သာရပုဒ်မျှေးရှိသည်နှင့် ရမ-ဓာတ်သည် ချွတ်ချော်ခြင်း ဟူသော ကင်းခြင်းအပဂတ-ဟူသောအနက်ကို ဟောရသတည်း။ ဘင္ဂေ၌- ဘသဓာတ်သည် အဓော ပတန အနက်ဟောတည်း။ ထို့ကြောင့် အဘိဓာန် ဋီကာဝိသေသျှာဒိနဝဂ် (၇၅၁-ဂါထာ)၌ ဘသ အဓောပတနေ၊ တော ဟုမိန့် အပ်၏။ အောက်သို့ကျခြင်းဟူသည် လျှောကျခြင်းပင်တည်း။ နိရက်တောပုဒ်၌ နိ ပုဗ္ဗ ကရဓာတ် တ ပစ္စည်းတည်း၊ သရနှင့်တကွ ရ-အာဂုမ်၊ ရ-ထက်၌ နိဂ္ဂ-ဟိတ်လာ၊ ကာဝဂ္ဂန္တ ၄—ပြု။ နိဥပသာရပုဒ်သည် ဝိယောဂ အနက်ကို ထွန်းသောကြောင့် ကရဓာတ်သည် ကင်းခြင်းအနက်ကို ဟောသတည်း။

တဟိံ၊ ထိုသူတော်ကောင်းတို့၏ တရားဖြစ်သော သာသနာတော်မှ ရွေ့လျောသော ပုဂ္ဂိုလ်၌။ (နတ္ထိမှာစပ်၊ သံဝါသောပိမှာ မစပ်လင့်၊) သံဝါသောပိ၊ ကေ ကမ္မက စသည်ဘို၌ လဇ္ဇီ ပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်သော အားဖြင့်တကွ နေရခြင်းသည်လည်း။ ပိသဒ္ဒါဖြင့် သာသနာတော်မှ ရွေ့လျော ခြင်းကိုပေါင်း။ နတ္ထိ၊ မရှိ။ တေန၊ ထို့ကြောင့်။ တေံ အာပတ္တိံ၊ ကို။ ပါရာ- ဇိကံ ဣတိ၊ ပါရာဇိကဟူ၍၊ ဝုစ္စတိ၊ ၏။ တေံ၊ နှင့် ပါရာဇိကံ သဒ္ဒါ၌ ဣတ္ထိလိင် သည် နပုံလိင် ပြန်သတည်း။ အာပတ်ဟော ပါရာဇိကသဒ္ဒါ ဣတ္ထိလိင်ဖြစ်သည် ကို "အာပန္နောပန ။ပ။ ပါရာဇိကာ တိ ဝုစ္စတိ" ဟူသော အဋ္ဌကထာ စကားကို ထောက်၍ သိအပ်၏။ တေံ အာပတ္တိံ၊ ကို။ ပါရာဇိကံ ဣတိ။ ဟူ၍ ဟု အနက်ပေးရမည်ကို တေနေတံ ၊ ဣတိ ဝုစ္စတီတိ တေနကာရေန တေံ အာပတ္တိံ ပါရာဇိကန္တိ ဝုစ္စတိ ဟူသော ပရိဝါ အဋ္ဌကထာ ပထမဂါထာ သင်္ဂဟိက (ဝိ ဋ္ဌ ၄၊ ၁၉၁) အဖွင့်စကားကို ထောက်၍ သိအပ်၏။

ပရိဝါအဋ္ဌကထာ၌ တေန တံ ဣတိ ဝုစ္စတီတိ တေန ကာရဏေန တေံ အာပတ္တိံ ပါရာဇိကန္တိ ဝုစ္စတိ-ဟု မိန့်ဘော် မူအပ်လတ္တံ့သည် အားလျော်စွာ ရှေးနောက် ညီလေ အောင် ဤ ပါရာဇိကဏ် အဋ္ဌကထာ၌ တေန ဝုစ္စတိ၊ ကိန္တိ၊ ပါရာဇိကန္တိဟု ဆိုအပ် ဆိုသင့် ဆိုထိုက်၏။ သို့မဆိုဘဲ "တေန ဝုစ္စတိ၊ ကိန္တိ' ပါရာဇိကော ဟောတီတိ"၊ ဟုဆိုသည်ကား တံပရာ- ဇေတိ၊ တသ္မာ ပါရာဇိကာတိ ဝုစ္စတိ ဟူသော အဋ္ဌကထာ ရှေးစကားနှင့်အညီ ရှုံးစေတက်သောကြောင့် အာပတ်ကို ပါရာဇိကဟု ဆိုအပ်သည် ရှိသော်

ပုဂ္ဂလောယသ္မာ။ပ။ ပါရာဇိကောတိ ဝုစ္စတီတိဟူသော အဋ္ဌကထာ ရှေးစကားနှင့် အညီ ရှုံးခြင်းသို့ရောက်တတ်သောကြောင့် ပုဂ္ဂိုလ်ကိုလည်း ပါရာဇိကဟု ဆိုအပ် ရာကျသောကြောင့် ဆိုသတည်း။ သို့ဖြစ်သည်ရှိသော်၊ "ပုဂ္ဂလောယသ္မာ ။ပ။ ပါရာဇိကောတိ ဝုစ္စတိ"ဟူသော သာမေယျစကားနှင့် "ပါရာဇိကန္တိ ယံ ဝုတ္တံ။ ။ပ။ ဝုစ္စတိ" ဟူသော သာဓကစကားသည် သာဓက သာမေယျ တန်သတည်း။ သို့မဟုတ်က ပါရာဇိကန္တိ ယံ ဝုတ္တံစသော ဂါထာ၌ "နမယံ ပါရာဇိကာ၊ ယော အဝဟာဋ္ဌော။ သော ပါရာဇိကော"(ဝိ ၁၊ဂ၁)ဟူသော စကားမှာကဲ့သို့ ပုဂ္ဂိုလ် ဟောပါရာဇိကသဒ္ဒါ မပါမရှိသောကြောင့် သာဓက, သာမေယျ မတန်သည် ဖြစ်ရာသတည်း။

ဌေတ္ထကေကမ္မာဒီသု။ တို့၌။ သဟ၊ အတူတကွ။ ကမ္မကရဏပါတိမောက္ခုဒ္ဒေ-သနသမ သိက္ခနဝသေန၊ ဖြင့်။ ဝသန္တိ၊ နေကုန်၏။ ။သီမာပရိစ္ဆိန္နေဟိ ပကတတ္တေဟု ဘိက္ခူဟိ ကေတော ဥဒ္ဒိသိတဗ္ဗတ္တာ။ သမံ၊ အညီအအမျှ။ သိက္ခိ-တဗ္ဗဘာဝတော၊ ကျင့်အပ်သည်၏ အဖြစ်ကြောင့် ဝါ၊ သင်အပ်သည်၏အဖြစ် ကြောင့်။ ။သိက္ခိတဗ္ဗဘာဝတောတိ အနတိက္ကမနဝသေန ဥဂ္ဂဟပရိပုစ္ဆာဒိနာ-သိက္ခိတဗ္ဗဘာဝတော။ (သာရတ္ထဒီပနီ၊ ၂၊ဂ၆၊) ပရိပုစ္ဆာဒိနာ၌ စ-ကျေ။ ထိုကြောင့် ဝိမတိဝိနောဒနီ (၁၊ ၁၄၁။)၌၊ ဥဂ္ဂဟပရိပုစ္ဆာဒိဝသေန စ-ဟု စသဒ္ဒါနှင့်တကွ မိန့်အပ်၏။အနတိက္ကမနဝသေန ဟူသောစကားကို အဋ္ဌကထာ၌၊ မေထုန ဝိရတိယာ မေထုနသံဝရဿေတံ အဓိဝစနံဟု သိက္ခာပဒံပုဒ် အဖွင့် (ဝိ ဌ၊၁၊၁ဂဂ)၌ မိန့်ခဲ့သည်အားလျော်စွာ မိန့်တော်မူအပ်သတည်း။ ထို့ ကြောင့် ထိုအနတိက္ကမန ဟူသော စကားကိုငဲ့၍ သိက္ခိတဗ္ဗဘာဝတော၌ ပထမ အနက်ပေးသတည်း ဥဂ္ဂဟပရိပုစ္ဆာဓိနာဟူသော စကားကို မူကားအဋ္ဌကထာ၌ ပင်"အပိစ တာသာတ္တာသ ဒီပကံ ဝစနံပိ သိက္ခာပဒန္တိ ဝေဒိတဗ္ဗံ"ဟု သိက္ခာပုဒ် အဖွင့်(ဝိ ဌ ၁၊ ၁ဂဂ။)၌သာ မိန့်ခဲ့သည်အားလျော်စွာ မိန့်တော်မူသတည်း။ ထို့ကြောင့် ထို"အပိစ၊ တဿတ္ထဿ" စသော စကားကို ငဲ့၍ သိက္ခိတဗ္ဗ-ဘာဝတော၌ ဒုတိယအနက်ပေးသတည်း။ ဌေတ္ထ တေိသံ ပါဠိယံ၊ ၌။(ဂဟေတ္ဗာ နှင့် အာဟမှာစပ်) သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တာနိကေ-ကမ္မာဒီနိ၊ တို့ကို။ ပါရာဇိကော၊ သော။သော ပုဂ္ဂလော၊ ကို။ အသံဝါသောတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

နိမိတ္တေန နိမိတ္တံ အင်္ဂဇာတေန အင်္ဂဇာတန္တိ။ ဟူသော။ ယန္တံဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ကေပလံ၊ ဥဘတော ဗျည်းစယည်နှင့် မရော မယှက် သက်သက်။ ဣတ္ထိယာ ဝေ၊ ၏သာလျှင်။ နိမိတ္တံ၊ နိမိတ်အင်္ဂါဇာက်

သည်။ ပါရာဇိကဝတ္ထု၊ သည်။ နုမဟုတ်သေး။ အထခေါ၊ စင်စစ်သော်ကား။ ဥဘတောဗျဉ္ဇနကာဒိန်ပိ၊ တို့၏လည်း။ နိမိတ္တံ၊ သည်။ပါရာဇိက ဝတ္ထု၊သည်။ ဟောတိ၊ ဖြစ်သေး၏။

နိမိတ္တံအရကား ဤအရာမှာ မဂ်သုံးဆယ်တည်း၊ ထို့ကြောင့် အဋ္ဌကထာ (ဝိ-ဋ္ဌ-၁၊ ၂၂၆)၌ "ဧတေသု နိမိတ္တသညိတေသု"ဟု မိန့်တော်မူအပ်လတ့ံ။ သာရတ္ထဒီပနီ(၂၊ဂ၂)၌၊ နိမိတ္တ အင်္ဂဇာတန္တိ အတ္ထဘော ဧကံဟု မိန့်တော်မူခဲ့သည်ကား ပါဠိတော်နှင့် အဋ္ဌကထာမှာ အင်္ဂဇာတ်ကို နိမိတ်ဟု ဆိုသော အရာဖြစ်သောကြောင့် အရအားလျော်စွာ ဆိုသည်ဟု မှတ်အပ်၏။

စ၊ ဆက်၍ ဆိုဦးအံ့။ ကောလံ၊ မနုဿိတ္တိစသည်နှင့် မရောမရှက်သက်သက်။ မနုဿိတ္တိယာ ဧဝ၊ သာလျှင်။ နိမိတ္တံ၊ နိမိတ်အင်္ဂါဇာတ်သည်။ ပါရာဇိကဝတ္ထု သည်။ နု၊ မဟုတ်သေး။ အထခေါ၊ စင်စစ်သော်ကား။ အမနုဿိတ္ထိတိရစ္ဆာန-ဂတိတ္ထိ အမနုဿုဘတောဗျဉ္ဇနာဒီနမ္ပိ၊ တို့၏လည်း။ နိမိတ္တံ၊ နိမိတ် အင်္ဂါဇာတ်သည်၊ ပါရာဇိကဝတ္ထု၊သည်။ ဟောတိ၊ ဖြစ်သေး၏။

မိမ္မ၏သာလည်းကောင်း, လူမိန်းမ၏သာလည်းကောင်း, နိမိတ်အင်္ဂါဇာတ်သည် ပါရာဇိကဝတ္ထုမဖြစ်သော နိမိတ်အင်္ဂါဇာတ်ခြင်း ရေတူသောကြောင့် ရှေ့ငွေ့စသည်ဘိုဖြင့် ပြီးသော မိန်းမရုပ်၏လည်း နိမိတ်အင်္ဂါဇာတ်သည် ပါရာဇိကဝတ္ထု ဖြစ်လေသလောဟု စောဒနာရန် ရှိသောကြောင့် သုဝဏ္ဏရဇတာဒိမယာနဥ္စ-အစရှိသော စကားကို မိန့်အပ်သတည်း။

စသဒ္ဒါကား ပက္ခန္တရတ္ထတည်း။ ပါရာဇိက ဝတ္ထုဖြစ်သော အဖို့မှတစ်ပါး ပါရာ-ဇိက ဝတ္ထုမဖြစ်သော အဖို့တပါးကိုပြသော ဝါကျ ဖြစ်သောကြောင့်တည်း။ ဣတ္ထိနမ္ပိ၌ ပိသဒ္ဒါဖြင့် ရွှေငွေစသည်ဖြင့် ပြီးကုန်သော ဥဘတော ဗျည်းရုပ် စသည်ကို ပေါင်း။ နိမိတ္တံ၊ နိမိတ်အင်္ဂါဇာတ်သည်။ ပါရာဇိကဝတ္ထု၊သည်။ရှေးက ပါရာဇိကသဒ္ဒါကို စွဲ၍ လိုက်သတည်း။ နဟောတိ ဧဝ၊ မဖြစ်သည် သာလျှင် တည်း။ ဝတ္ထု မေ၁က ဧဝကို နဟောတိမှာယှဉ်၊ နိမိတ္တသာမညတော၊ သုဝဏ္ဏ-ရဇတာဒိမယာနမ္ပိ နိမိတ္တံ ပါရာဇိက ဝတ္ထု ဟောတိ၊ နဟောတီတိ? ကဿစိ အာသင်္ကာ သိယာ ဟူသော သာရတ္ထဒီပနီ (၂၊ ဂ၇) စကားကိုထောက်။ ယတ္ထ ယတ္ထ အာသင်္ကတ္ထ တတ္ထ တတ္ထ ပဋိသေဓော ကာတဗ္ဗော (ဇူ၊၁၊ ၁၄၀) ဟူသော ပရိဘာသာနှင့်အညီ လျှဉ်းပါဘွယ် ရှိရာမှာ ဧဝ-သဒ္ဒါကို ယှဉ်ရိုးဝ ည်း။ သာရတ္ထဒီပနီမှာ ဂဏ္ဌိပုဒ် သုံးဆောင်တို့၌ အမနုဿိတ္ထိ ပသင်္ဂနှင့် စပ်၍ဆိုသည်ကို အမနုဿိတ္ထိပသင်္ဂ မရှိကောင်းသောကြောင့် ဋီကာဆရာပယ်သတည်း။ ဝတ္ထု-

'မေဝ နပဟောတိ ဟူသော စကားဖြင့် မိန်းမနိမိတ်အင်္ဂါဇာတ်နှင့် မိမ္မရုပ်၏ နိမိတ်အင်္ဂါဇာတ်သည် အင်္ဂါဇာတ်ခြင်း ရေတူသောကြောင့် လျှဉ်းပါခြင်းသို့ ရောက်သော ရွှေငွေ စသည်တို့ဖြင့် ပြုလုပ်အပ်သော မိန်းမတို့၏ နိမိတ်အင်္ဂါဇာတ်ကို ပါရာဇိက ဝတ္ထုမဟုတ်ဟု ပယ်တော်မူသတည်းဟု ဆိုထိုက်သည်ဟု ဋီကာဆရာ မိန့်သတည်း။ တသ္မာ ဖြင့် နကေဝလံ စသော ပထမဝါကျ,သုဝဏ္ဏ ရဇတာဒိမယာနန္တိအစရှိသော ဒုတိယ ဝါကျပေါင်း၍ နှစ်ဝါကျကိုနှဲ။

ယံ ယံ နိမိတ္တံ သည်၊ ယေသံ သတ္တာနံ သဗ္ဗတ္ထ အမနုဿိတ္ထိယာတျာဒိဝစနေသု၊ဧတေမဂ္ဂါ၊တို့သည်။(သမတ်ံ သမဂ္ဂါ ဟောန္တိ မှာ ပကတိ ကတ္တားစပ်) နိမိတ္တသည်တေသု၊ နိမိတ်ဟု မှတ်အပ်ကုန်သော၊ ဧတေသု မဂ္ဂေသု၊ ဤအမျိုးသုံးဆယ်သောမဂ်တို့တွင်။

တံမဂ္ဂံ၊ ထိုဝစ္စမဂ်သို့၊ အတ္တနော၊ ၏။ အင်္ဂဇာတံ၊ အင်္ဂါဇာတ်ဖြစ်သော။ ပုရိသနိမိတ္တံ၊ ကို။ သဗ္ဗတ္ထအာပတ္တိထုလ္လစ္စယဿတျာဒိဝစနေသု။ ဥပလာပေတွာ ဝါ ဝတွာဝါ။ ။ဟတ္ထပါဒ သိသာဒီသု၊ တို့တွင်။ နိပ္ပရိပ္ဖန္ဒံ၊ ‌တုန်လှုပ်ခြင်းမရှိအောင်။ သုဂ္ဂဟိတံ၊ မြဲမြံစွာ ကိုင်အပ်သောလက်စသော အစိတ်ဖြစ်သော ကိုယ်အင်္ဂါကို။ ဂဟေတွာ၊ ကိုင်၍။ ဣတ္ထိယာ၊ ၏(ဝါ)ကို။ ဝစ္စမဂ္ဂေန၊ ဖြင့်။ တဿဘိက္ခုနော၊ ၏။ အင်္ဂဇာတံ၊ ကို။ အဘိနိသီဒေန္တိ၊ ဖိ၍ ထိုင်စေကုန်၏။ ဣတ္ထိယာကား ကာရိုက်ကံ, အင်္ဂဇာတံကား အဘိဘာဝနအနက်ကို ဟောသော အဘိ၏ကံ။ သံပယောဇေန္တိကား အဓိပ္ပာယ်ဖွင့်။ မိန်းမကို ဝစ္စမဂ်နှင့် ရဟန်း၏ အင်္ဂါဇာတ်ကို ယှဉ်စေခြင်းသည် သံပယောဇာပနတည်း။

သောစေ ဉ္စ စေကို စေသာဒိယတိ ။ပ။ နိဟရဏကာလေ ပဋိသေဝနစိတ္တံ စေဥပဋ္ဌပေတိ–ဟု ကြိယာ တဆယ့်နှစ်ချက်နှင့်ယှဉ်လေ။ အသာဒိယန္တော၊ မသာယာသောရဟန်းသည်။ အင်္ဂဇာတံ၊ မိမိအင်္ဂါဇာတ်ကို။ အာသီဝိသမုခံ၊ မြွေဟောက်ခံတွင်းသို့။ ပဝိဋ္ဌံဝိယစ၊ သွင်းအပ်သကဲ့သို့လည်းကောင်း။ အင်္ဂါရကာသုံ၊ မီးကျည်းစုသို့၊ (ဝါ)မီးကျည်းပြည့်သောတွင်းသို့။ ပဝိဋ္ဌံဝိယစ၊ သွင်းအပ်သကဲ့သို့လည်းကောင်း။ မညမာနော၊ မှတ်ဘင်သည်။ ဟုတွာ၊ ဖြစ်၍။ တနည်းကား မညမာနော မညမာနတ္တာ၊ ကြောင့်။

သမ္ဘဝ လိတာနိ အစရှိသောပါဌ်သည် သမ္ဘဝလိတာနိပုဒ်၏ အဆုံး၌လည်းကောင်း, ဥက္ခိတ္တာသိကေဝိယပုဒ်၏ အဆုံး၌လည်းကောင်း စသဒ္ဒါမပါမရှိဘဲ သဗ္ဗာယတနာနိ ပုဒ်နှောင် ဥပဋ္ဌဟန္တိပုဒ်နှင့် တကွ"သမ္ဘဝလိတာနိ သဗ္ဗာယ-

နာနိ ဥပဋ္ဌဟန္တိ ဥက္ခိတ္တာသိကေဝိယ ဝဓကေ ပဋ္ဌ ကာမဂုဏေ ပဿန္တိ” ဟူ၍ လည်းကောင်း၊ ဆိုအပ်ပြီးသော နှစ်ပုဒ်၏အဆုံး၌ စ သဒ္ဒါနှင့် တကွ လည်းကောင်း ဆိုအပ်ပြီးသော ပုဒ်နောင် ဥပဋ္ဌဟန္တိပုဒ်နှင့်တကွလည်းကောင်း၊ “သမ္ပဇ္ဇလိတာနိ စ သဗ္ဗာယတနာနိ ဥပဋ္ဌဟန္တိ ဥက္ခိတ္တာသိကေဝိယစ ဝဓကေ ပဋ္ဌကာမဂုဏေ ပဿန္တိ” ဟူ၍ လည်းကောင်း နှစ်ထွေရှိ၏။ ထိုပါဌ်နှစ်ခုသည် ပါဌ်ဟောင်း ပါဌ်မှန်မဟုတ်၊ ပါဌ်သစ် ပါဌ်ပျက်တည်း။ အဘယ့်ကြောင့်နည်း ဟူမူ ရှေးပါဌ်မှာ သဗ္ဗာယတနာနိဟူသော ကံနှင့်ပဋ္ဌကာမဂုဏေ ဟူသော ကံသည် ပဿန္တိ ကြိယာ၏ ကံဖြစ်၍ စ- သဒ္ဒါရှိသင့်လျက်နှင့် မရှိသောကြောင့် လည်းကောင်း၊ သဗ္ဗာယတနာနိ ဟူသောကံကို ဥပဋ္ဌဟန္တိ ဟူသော အကမ္မက ကြိယာနှင့် မစပ်သင့်သောကြောင့် လည်းကောင်း၊ နောက်ပါဌ်မှာ စသဒ္ဒါ ရှိငြားသော်လည်း သဗ္ဗာယတနာနိဟူသော ကံ မစပ်နိုင်သော ဥပဋ္ဌဟန္တိ ဟူသော ကြိယာပါရှိသောကြောင့် လည်းကောင်းတည်း။ သဗ္ဗာယတနာနိပုဒ်နောင် ဥပဋ္ဌဟန္တိ ဟူသော ပုဒ် မပါမရှိသဲ ဆိုအပ်ပြီးသော ပုဒ်နှစ်ခု၏အဆုံး၌ စ-သဒ္ဒါ နှင့် တကွ “သမ္ပဇ္ဇလိတာနိစ သဗ္ဗာယတနာနိ ဥက္ခိတ္တာသိကေဝိယစ ဝဓကေ ပဋ္ဌကာမဂုဏေ ပဿန္တိ” ဟု အချို့ပါဌ်ရှိ၏။ ထိုပါဌ်သည်သာ ပါဌ်ဟောင်း ပါဌ်မှန်ဖြစ်သတည်း၊ အဘယ့်ကြောင့်နည်းဟူမူ သဗ္ဗာယတနာနိ ဟူသော ကံနှင့် ပဋ္ဌ ကာမဂုဏေ ဟူသော ကံသည် ပဿန္တိ ကြိယာ၏ ကံ ဖြစ်၍ စ သဒ္ဒါ ရှိသင့်သည့်အလျောက် ရှိသောကြောင့်တည်း။

ပုဂ္ဂလံ၊ ကို။ ဘဂဂါ၊ သည်။ ရက္ခန္တေ ၁စ၊ စောင့်တော်မူ လိုသည်ဖြစ်၍ လည်းကောင်း။ အဿ ပုဂ္ဂလဿ၊ ထိုမသာယာသော အာရဒ္ဓဝိပဿကဖြစ်သော ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။

ပစ္စတ္ထိကာနံ၊ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူကိုရှာမှီးကုန်သော ရဟန်းတို့ ၏။ (ဝါ)ရန်သူရဟန်းတို့၏။ မနောရထဝိဃာတံ၊ ရထားမှူးနှင့် တူသောစိတ်၏ ရထားနှင့်တူသော ပျက်စီးစေလိုခြင်းဟု ဆိုအပ်သော အလို၏ ပျက်စီးခြင်းကို။ (ဝါ)နှစ်လုံးအလို၏ ပျက်စီးခြင်းကို။ ကရောန္တော စ၊ ပြုတော်မူလိုသည်ဖြစ်၍ လည်းကောင်း။

ရထားမှူးကို ရထားသည် ထိုထိုအရပ်တို့၌ လှည့်လည်အောင်ပြုသကဲ့သို့ ရထားမှူးနှင့်တူသောစိတ်ကိုအလိုသည် ထိုထိုအာရုံတို့၌ အာရုံပြုသောအား ဖြင့် လှည့်လည်အောင်ပြုတတ်သောကြောင့် မနောရထ မည်သတည်း။

ပိဟာမနော ရထောဏ္ဍေသာ။ ။အဘိဓာန်သက္ကကဏ္ဍ(၁၆၃) စိတ္တသာနာနာ ရမ္မကောသု ဝိဟ္ဘမကရဏာတော မနသော ရထော ဏ္ဍဝ မနောရထော။ အဘိဓာန်ဋီကာ (၁၆၃-ဂါထာဖွင့်)အဘိဓာန်၌၊ မနောရထ သဒ္ဒါသည် တဏှာ စသော နှစ်ဆယ်နှစ်ပုဒ်တွဲစပ်လျက် လာရကား တဏှာဟောရင်းတည်း၊ သို့ပင် ဖြစ်လင့်ကစား ဤအရာမှာ အရာသိုလိုက်၍ အလိုနှင့်တဏှာသည် အာရုံကို အလိုရှိသည်၏ အဖြစ်ဖြင့် တူရကား အလိုကို မနောရထဟုယူအပ်၏၊ အလိုနှင့် တဏှာတူသည်ကိုမူကား၊ အတဏှာသဘာဝမ္ပိ ရုစိ အာလမ္ဗဏံစ္ဆာ သဘာဝ· သာမညေန ဏ္ဍမေဝ ဝတ္ထုမြာဟ အာကခါတုဏ္ဍစ္စာဒိ ဟူသော အဘိဓာန် ဋီကာကို ထောက်၍သိအပ်၏။

### ပဌမ စတုက္ကကထာ နိဋ္ဌိတာ။

ပဌမ စတုက္ကံ ဒဿေတွာကို စတုက္ကာနိ ဒဿေန္တော မှာစပ်။

မတ္တံ၊ သေသောက်ခြင်းစသည်တို့ဖြင့် မူးရစ်သော မိန်းမကို။ ဥမ္မတ္တံ၊ ဘီးလူး ဖမ်းစားခြင်းစသည်ဖြင့်ရူးသွပ်သောမိန်းမကို။ ပမတ္တံ၊ မေ့လျော့သောမိန်းမကို။ မဟာဘယေ၊ သိဟိုကျွန်းမှ ပြဟ္မဏတိဿ ခိုးသူဘေးကြီးဖြစ်သောအခါ၌။ ဏ္ဍဒဋ္ဌစသောစကားသည် "ပါရာဇိက ဝတ္ထုသ္မိံ ပါရာဇိက မေဝပညပေန္တိ" ဟူသော ရှေးစကား၏ ဒဋ္ဌိဟိတ်တည်း။ တသ္မာဖြင့် ပါရာဇိကဝတ္ထုသ္မိံ ပါရာဇိ· ကမေဝ ပညပေန္တိကိုစပ်။

အပိစ-အစရှိသောနည်းဖြင့် "ပါရာဇိကဝတ္ထုသ္မိံ ပါရာဇိကမေဝ ပညပေန္တိ" ဟူသောအကြောင်းမှ "တတော ပရံ ထုလ္လစ္စယံ နတ္ထီတိ ဒဿေတုံ ဌပေသိ" ဟူသောအကြောင်းလဲ၍ ထုလ္လစ္စယမေဝ ဒိဿတိ ဟူသော ဉပတိဿမထေရ်၏ အဆုံးအဖြတ်ကိုသာ အဋ္ဌကထာဆရာ ထောက်ပံ့တော်မူသတည်း။ (သာရတ္ထ· ထောက်)

ယသ္မာ တတောပရံ ထုလ္လစ္စယံ နတ္ထီတိ ဒဿေတုံ ဌပေသိ၊ တသ္မာ ထုလ္လစ္စယ· မေဝ ဒိဿတိ၊ ဏ္ဍတိပိ ကာရဏံ ဝေဒိတဗ္ဗံ၊ ယဒိပိ ခယိတံ၊ ယဒိပိ နတ္ထိ၊ စေသတိပိ နိမိတ္တသဏ္ဍာနံ ယဒိ ပညာယတိ၊ ဧဝံ သတိ ယသ္မာ ပဝေသနံ ဇာယတိ၊ တသ္မာ ပါရာဇိကမေဝ ဟောတိ။

ဆဝိစမ္မံနတ္ထိဖြင့် သမ္ဗသော ခယိတံကို ဖွင့်သတည်း။ ယဒိပိ နတ္ထိ။ စေသတိ· ပိ ကို ပါရာဇိကမေမှာစပ် ယဒိပညာယတိ၊ စေသတိကိုမူကား လက္ခဏာသတ္တမိ အကြောင်း၏ အဖြစ်ဖြင့် ပဝေသနံ ဇာယတိမှာစပ်။ ယဒိပိ။ ပ။ နတ္ထိ ဖြင့် စောဒကဆရာ၏ အာဘောဂကို ပြသတည်း၊ ပဝေသနံ ဇာယတိဖြင့် အကြောင်း ကို ပြသတည်း။ နိမိတ္တသဏ္ဍာနံ ပညာယတိကား ပဝေသနံ ဇာယတိဟူသော အကြောင်း၏ အကြောင်းကို ပြသတည်း။

တနည်းကား၊ နိမိတ္တ သညာ်ဘန် ပညာယ တိကို ဆင့်၍ ပဝေသနံ ဇာယတိ ဖြင့် ဖွင့်သတည်း။ သွင်း၍ဖြစ်အောင် နိမိတ်သညာ်န်ထင်ရမည်ဟု ဖွင့်သတည်း။ သွင်း၍မဖြစ်အောင် နိမိတ်သညာန် မပြောစလောက်ထင်မှု ထိုနိမိတ်၌ ခမထုန် မှီဝဲသော ရဟန်းအား ပါရာဇိကအာပတ်မသင့်ဟု ပြန်၍သိအပ်၏။

ပန တထာပိ ဝ ယော မဂ္ဂါ ယဒိ အက္ခာယိတာ၊ ဇဝံ သန္တေသု တေသု တီသု မဂ္ဂေသု ဥပက္ကမန္တဿ ပါရာဇိကံ။ ။အက္ခိ, နာသ, ကဏ္ဏ, ဆိဒ္ဒ, ဝတ္ထိကောသ-သေသုဝါ၊ မျက်စေ့ပေါက်, နှာခေါင်းပေါက်, နားပေါက်, စည်ဖေါင်းဖုံ့, သိုအိမ် တို့၌လည်းကောင်း။ ဒေဝ ခေဝ နာဘိယာဝတ္ထိ (အဘိဓာန်၊ (၂၇၆-ဂါထာ) နရဝဂ်)။ ။နာဘိယာအခေါ်ဘာဂေါ် ဝတ္ထိနာမ၊ သောဒ္ဓိသု။ ဝတ္ထိမုတ္တာပုဋ္ဌံ။ မုတ္တာသယဖုဋ္ဌောဝတ္ထိရိတိရတနာ မာလာ။ ဝသတိ မုတ္တမေတ္ထာတိ ဝတ္ထိ၊ ဝသ နိဝါသေတိ၊ တဿထော၊ ထိပစ္စယေနဝါ သိဒ္ဓံ။ (အဘိဓာန်ဋီကာ ၂၇၆-ဂါထာ ဖွင့်)ဝသီယတိ အဓ္ဌာဒိယတ်တိ ဝတ္ထိ၊ နာဘိယာ အခေါ်ဘာဂေါ်၊ (ကစ္စာဒိ-မောဂ္ဂလာန် ၉၀-သုတ်)။ အင်္ဂလ္လုတ္တံ ကောသော စ။ (အဘိဓာန်နရဝဂ် ၂၇၃-ဂါထာ) ဒွယံ ပုရိသလိင်္ဂပသိဗ္ဗကေ။ (အဘိဓာန်ဋီကာ) ဝတ္ထိကောသေသူတိ ဝတ္ထိပုဋ္ဌေသု ပုရိသာနံ အင်္ဂဇာတကောသေသု။ (သာရတ္ထဒီပနီ၊ ဋီ၊၂၊၉၁) ဝတ္ထိကို ဝတ္ထိပုဋ္ဌေသု ဖွင့်သတည်း။ ကောသကို ပုရိသာနံ အင်္ဂဇာတကောသေသု ဖွင့်သတည်း။ အဘိဓာန်နှင့် အညီပင်တည်း။ ဝတ္ထိကောသေသူတိပုရိသာနံ အင်္ဂဇာတကောသစမ္မေသု၊ ဝိမတိ ဝိနောဒနီ (၁၊၄၄) သာရတ္ထဒီပနီနှင့် လည်းကောင်း၊ အဘိဓာန်, ကစ္စာဒိမောဂ္ဂလာန်နှင့် လည်းကောင်း မညီ။ ဥဒ္ဒမြာတကံ၊ ဖူးဖူးရောင်သည်။ကုထိတံ၊ ကျိုက်ကျိုက်ဆူသည်။ တိရစ္ဆာနဂတာနံ၊ တို့တွင်။

ဝတ္ထိကောသေ ထုလ္လစ္စယံ စကား၌ ဝတ္ထိကောသေဟု ကေဝုင်နှင့် ဆိုသည်ကား ကေတ်ငဲ့၍ဆိုသတည်း။ ဝတ္ထိနှင့်ကောသသည် ဒွန်ပုဒ်တည်း။ ကာယသံသဂ္ဂရာဂေနဝါ မေထုနရာဂေနဝါ စကား၌ သွတ်သွင်းခြင်းငှါ အလို မရှိဘဲ သက်သက်သုံးသပ်လိုသော အလိုဆန္ဒနှင့် စပ်သော ရာဂသည် ကာယ-သံသဂ္ဂရာဂမည်၏။ သွတ်သွင်းခြင်းငှာ အလိုရှိသော ဆန္ဒနှင့်စပ်သော ရာဂသည် မေထုနရာဂမည်၏။ မေထုနဿာဒေန လောမံ ဝါ အင်္ဂုလိ အင်္ဂုဋ္ဌဗီဇာဒီနိဝါ ပဝေသေန္တဿာပိ ဒုက္ကဋမေဝ ဟူသော အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁၊၂၂၂)မူလပညတ် အဖွင့်၌ မေထုနဿာဒေနစကားဖြင့် ကာယသံသဂ္ဂရာဂကို နစ်စေသတည်း။ ကာယသံသဂ္ဂရာဂရှိက သံဃာဒိသိသ်သာ ဖြစ်ရာသတည်းဟု သာရတ္ထဒီပနီ၌

မိန့်တော်မူသတည်း။ ကာယသံသဂ္ဂရာဂဖြစ်ပုံကား အမွေးစသည်နှင့် မိန်းမ၏ အင်္ဂါဇာတ်တွင်းရှိ အသားကို သုံးသပ်လိုသော အလိုဆန္ဒနှင့် စပ်သော ရာဂတည်း။

ပိဏ္ဍပါတစာရိကရဟန်းဝတ္ထုမှာ ပိဏ္ဍစာရိကရဟန်းသည်အိပ်ပျော်သော သူငယ်မကိုမြင်၍ ကာယသံသဂ္ဂရာဂဖြင့် တပ်သည်ဖြစ်၍ မိမိ၏ချေမကို သူငယ်မ၏ အင်္ဂါဇာတ်တွင်းသို့ သွပ်သွင်းရာမှာ သံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူသတည်း။ ထိုဝတ္ထု၌ ကာယသံသဂ္ဂရာဂဟူသည် မိမိ၏ခြေမဖြင့် သူငယ်မ၏ အင်္ဂါဇာတ်တွင်းရှိအသားကို သုံးသပ်လိုသောအလိုဆန္ဒနှင့်စပ်သောရာဂတည်း။ မိမိ၏အင်္ဂါဇာတ်ကို မိန်းမ၏အင်္ဂါဇာတ်တွင်းသို့ သွင်းရာ၌ကား ကာယသံသဂ္ဂ-ရာဂမဆိုင်၊ ပုံသေမေထုနရာဂသာ ဖြစ်သတည်း။ ထို့ကြောင့်-မိန်းမ၏အင်္ဂါဇာတ်တွင်းရှိအသားကို သုံးသပ်လိုသော အလိုဆန္ဒနှင့် စပ်သော ကာယသံသဂ္ဂရာဂဖြင့်သာ မိမိ၏ အင်္ဂါဇာတ်ကို မိမ္မ၏ အင်္ဂါဇာတ်တွင်းသို့ သွတ်သွင်းပါသည်။ မေထုနရာဂဖြင့် မသွတ်သွင်းပါ။ ထို့ကြောင့် ပါရာဇိကအာပါတ် မသင့်ပါ။ သံဃာဒိသိသ် အာပါတ်သာ သင့်ပါသည်ဟု အမြွက်မထောင်ကြကုန်ရာ။ ထို့ကြောင့် ဝိမတိ ဝိနောဒနီ(၁၄၆-နှာ)၌ တတ္ထ ပန ယေနကေစိ အာကာရေန ဖဿသာ သာဒိယနက္ခဏေ ပါရာဇိကမေဝဟု မိန့်အပ်၏။ ။သာရတ္ထဒီပနီ (၂၊၁၀၆-နှာ)၌၊ ပါရာဇိကဘယေန အာကာသဂတမေဝ ကတွာ ပဝေသနာဒီနိ ကရောန္တဿ သဟသာ ထာလုကံဝါ ပဿံဝါ အင်္ဂဇာတံ ဖုသတိစေ၊ ဒုက္ကဋမေဝ၊ မေထုနရာဂဿ အဘာဝတော တိ ဝဒန္တိ၊ ဥပပရိက္ခိတွာ ဂဟေတဗ္ဗာဟု မိန့်အပ်၏။

မိမိ၏အင်္ဂါဇာတ်ကို မိမ္မ၏အင်္ဂါဇာတ်တွင်းသို့ သွတ်သွင်းခြင်း၌ တည်သော ရာဂသည်လည်း မေထုနရာဂမည်သကဲ့သို့ ခံတွင်းသို့ သွတ်ခြင်း၌ တည်သော ရာဂသည်လည်း မေထုနရာဂပင်ဖြစ်သောကြောင့် အာစရိယဝါဒကိုဋီကာဆရာ နှစ်သက်တော်မမူသည်နှင့် "ဥပပရိက္ခိတွာ ဂဟေတဗ္ဗာ"ဟု မိန့်တော်မူသတည်း။

ကာယ သံသဂ္ဂရာဂေနဝါ၊ မေထုနရာဂေနဝါ ကိုအပဝေသေန္တေမှာမစင်လင့်၊ ဆုပတိမ္မာသာစပ်။ ။ဉတ္တိယာ၊ ၏။ နိမိတ္တံ၊ သို့။ အပဝေသေန္တော၊ မသွင်းသည်။ ဟုတွာ၊ ဖြစ်၍။

မေထုနရာဂေန ။ပ။ ထုလ္လစ္စယံဟု ဆရာဆိုသကဲ့သို့ပင် မဟာအဋ္ဌကထာ၌ ဆိုအပ်လေသလောဟု မေးရန်ရှိသောကြောင့် မဟာအဋ္ဌကထာ ယံပနစသည်ကို မိန့်အပ်သတည်း။

ပန ဆိုပုံထူးသည်ကို ဆိုဦးအံ့။ တနည်းကား–ဆရာမိန့်သည် အားလျော်စွာ မေထုနရာဂဖြင့် နိမိတ်ဖြင့် နိမိတ်ကို ထိုးခြင်းကြောင့် ထုလ္လစ္စဉ်းဖြစ်သော ကြောင့် မဟာအဋ္ဌကထာ၌ "ဣတ္ထိနိမိတ္တံ မေထုနရာဂေန နိမိတ္တေန ဆုပတိ ထုလ္လစ္စယံ"ဟု ဆိုအပ်လေသလောဟု မေးရန်ရှိသောကြောင့် မဟာ-အဋ္ဌကထာယံ ပန စသည်ကို မိန့်အပ်သတည်း။

မေထုနရာဂေန ဣတ္ထိယာ နိမိတ္တံ၊ အပဝေသန္တော နိမိတ္တေန နိမိတ္တံ ဆုပတိ ထုလ္လစ္စယံ ကိဉ္စာပိ ဟောတိ၊ ပန တထာပိ မဟာအဋ္ဌကထာယံ။ပ။ထုလ္လစ္စယန္တိ ဝုတ္တံ။ ။ဤမဟာအဋ္ဌကထာယံပန စသော စကားကို မိန့်ဆိုသည်ကား န စ ဘိက္ခဝေ ရတ္တစိတ္တေန(ဝိ၊၃။၂၇၀) စသော မဟာဝါ စမ္မခန္ဓက စကားမှာ ကေစိဆရာတို့ အလိုအားဖြင့် နိမိတ္တံ မုခေန ဆုပတိ ဟူသော အတ္ထဝိကပ်မှ တပါးသော အခြင်းအရာအားဖြင့်လည်း ပကတိမုခေန ဆုပတိ ဟူသော အတ္ထဝိကပ် ဖြစ်ရာသည်၏ အကြောင်းကို ပြလို၍ စကားသွယ်သောအားဖြင့် မိန့်ဆိုတော်မူသတည်း။ သာရတ္ထဒီပနီမှာ "အတ္ထဝိကပ္ပဿ၊ ၏။ ဗီဇံ၊ ဖြစ်ခြင်း၏ အကြောင်းကို" ဟု အနက်ပေး။ နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။ (အဘိဓာန်၊ သက္ကကဏ္ဍ ၉၁-ဂါထာ) ဣမိဿာ ဇဋ္ဌုပ္ပတ္တိယာ၊ ဤအကြောင်းဝတ္ထု အမှုအခင်း ဖြစ်ခြင်းကြောင့်။ န စ ဘိက္ခဝေ။ပ။ထုလ္လစ္စယဿာဝယ်၊ ၍။ အဝိသေသေန၊ အင်္ဂဇာတေန ဟူသော ဝိသေသန ကင်းသဖြင့်(ဝါ) သာမည အားဖြင့်။ ဝုတ္တံ၊ ၏။ တံသဗ္ဗမ္ပိ၊ ထိုအလုံးစုံသော မဟာအဋ္ဌကထာ၌ မိန့်အပ်သော စကား, စမ္မခန္ဓကဉ် ဟောတော်မူအပ်သော စကားကိုလည်း။

ဣတရထာ၊ ဆဗ္ဗဂ္ဂိရဟာန်းတို့၏ နိမိတ်အင်္ဂါဇာတ်အဇ ထိပ်ဖျားဖြင့် နွားမတို့၏အင်္ဂါဇာတ်ကို တို့ခြင်းဟုဆိုအပ်သော အနက်မှ တစ်ပါးသော ဆဗ္ဗဂ္ဂိ ရဟာန်းတို့၏ ပကတိသော ခံတွင်းဖြင့် နွားမတို့၏အင်္ဂါဇာတ်ကို တို့ခြင်းဟု ဆိုအပ်သော အခြင်းအရာအားဖြင့်။ အတ္ထေ၊ အနက်ကို။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ တံသန္ဓာယဘာသိတံ၊ ထိုခန္ဓကဉ်ရည်၍ ဟောတော်မူအပ်သော ပကတိခံတွင်းဖြင့်သာ တို့ခြင်းကို။ ။ကာယသံသဂ္ဂရာဂေန စသည်ကား ပသံသန္တိ၏ အကြောင်းစကားတည်း။ ယသ္မာကာယသံသဂ္ဂရာဂေန။ပ။ဒုက္ကဋ္ဌံ၊ တသ္မာ ပသံသန္တိ။

အဝသေသကေ့နသတ္တတိဒွိသတစတုက္ကကထာနိဋ္ဌိတာ။

သန္တတာယ၊ အဝတ်သစ်ရှက်စသော အနှီးကို မိမိ၏အင်္ဂါဇာတ်အတွင်း၌ သွတ်သွင်း၍ မိမိအင်္ဂါဇာတ်အသားကို ရဟာန်းအင်္ဂါဇာတ် သွတ်သွင်းသော ကာလမထိရအောင် ဖြန့်ခင်းသော။ ဣတ္ထိယာ၊ ၏။ ယဿာ ဣတ္ထိယာ။ပ။

ပဋိစ္ဆန္နောသာ ဉတ္တိသန္တတာ နာမ။ ။ယတ္ထကေ ပဝိဋ္ဌေ ပါရာဇိကံ ဟောတီတိ ဟေဋ္ဌာ မယာ ဝုတ္တံ။ တတ္ထ ကံ အလ္လောကာသံ အတ္တနော အင်္ဂဇာတံ ဓေပဝိသတိ။ ။သဗ္ဗတ္ထ အလုံးစုံကုန်သော ပဝေသန စသည်တို့၌။

ဤယတ္ထကေ ပဝိဋ္ဌေ ပါရာဇိကံ ဟောတိဟူသော စကားကို အောက်(ဝိ၊ဋ္ဌ၊၁။ ၂၂၂)၌ ဤအတိုင်းဆိုပြီးမဟုတ်။ သဗ္ဗန္တိမေန ပမာဏေန ကေတိလဗီဇမတ္တမ္ပိ ဝါတေန အသံဖုဋ္ဌေ အလ္လောကာသေ ပဝေသေတိ ဟူသော အောက်၌ ဆိုအပ်ပြီးသော စကားကို ချုံ၍ ဆိုတော်မူသတည်း။

ဝေဋ္ဌနှင့်ပဗ္ဗာဒိနံ၊တဖက်ကအဆစ်ပိတ်သော ဝါးဆစ်ကျူစစ်စသည်တို့တွင်။ တဿ ဝေဋ္ဌနှင့်ဒိကဿ၊ ၏။ တလံ၊ အတွင်းဖြစ်သော အဆစ်ပိတ်အပြင်ကို။ ဉတ္တိနိမိတ္တေ၊ ၌။ ဝုတ္တံယထာ၊ ဆိုအပ်သကဲ့သို့။ ဇဝံ တထာ၊ ထို့အတူ။ သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ဉတ္တိဝစ္စမဂ္ဂ ပဿာဝမဂ္ဂတို့၌။ လက္ခဏံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။ ဝိမတိကို ကြည့်၍အနက်ပေးသတည်း။

သန္ထတစတုက္ကဘေဒကထာ နိဋ္ဌိတာ။

---

အညေပိ၊ မိမိမှတစ်ပါးကုန်သော မင်းချင်းယောကျ်ားတို့ကို။ အာဏာ-ပေန္တာပိ၊ စေခိုင်းသည်ဖြစ်၍လည်း။ ။ဥပ္ပလဂန္ဓပစ္စတ္ထိကာ-ဟူသော ပုဒ်၌ ဂန္ဓ-သဒ္ဒါသည် အနည်းငယ်ဟူသော အနက်, ဂန္ဓာရုံဟူသော အနက် ဤနှစ်နက်တို့တွင် ဂန္ဓာရုံဟူသောအနက်ဟောဖြစ်၍ ဂန္ဓာရုံကို ဂန္ဓ-ဟု ဆိုအပ်သလော ဟု မေးရန်ရှိသောကြောင့် "ဂန္ဓန္တိ ဟဒယံ ဝုစ္စတိ စကားကို မိန့်သတည်း။

ဂန္ဓသဒ္ဒါသည် ဤအရာမှာ ထောက-အနက်ဟော ဖြစ်သတည်း။ ထောက အရလည်း နှလုံးသားတည်းဟု ပြတော်မူသတည်း။ ဂန္ဓသဒ္ဒါ ထောကအနက်, ဃာယနီယအနက် ဤနှစ်နက်ကို ဟောသည်၏ အဖြစ်ကို ဂန္ဓော ထောကေ ဃာယနီယေ၊ ဟူသော အဘိဓာန် (၁၁၂၉-ကထာ) အနေကတ္ထဝဂ်ပါဒကို ထောက်၍ သိအပ်၏။ ဂန္ဓာရုံသည် မိမိ၏တည်ရာဖြစ်သော စမ္ပာယ် စကားခရား စသော ပန်းတို့ကို ဤအရပ်မှာ ရှိသတည်းဟု ပြတတ်သကဲ့သို့ ဟဒယသည်လည်း မှီရာ၏အဖြစ်ဖြင့် မိမိကိုမှီသော မနောဝိညာဏ်အား ဤအာရုံကား ရူပါရုံဖြစ်သည်၊ ဤအာရုံကား သဒ္ဒါရုံဖြစ်သည် သို့ စသည်ဖြင့် ပြတတ်သတည်း။ သို့ပြတတ်သောကြောင့် ဟဒယဝတ္ထုကို ဂန္ဓဟု ဆိုအပ်သတည်း။ ထို ဟဒယဝတ္ထုသည် အနည်းငယ်သာတည်း။ အများမဟုတ်။

ဥပ္ပလဂန္ဓထေနော ဟူသောပြယုဂ်၌ ဂန္ဓ-သဒ္ဒါသည်ကား ဖြတ်ခြင်း ဆေဒန အနက်ဟောတည်း။ ဤ၌ကဲ့သို့ ဟဒယဝတ္ထုဟောမဟုတ်။ ဥပ္ပလဂန္ဓထေနောတိ၊

ဒုတ္တ ပန မေဆဒနေ(မာတုမာလာ)"ဥပ္ပလဂန္ဓထေနော၊ ကြာကို ဖြတ်တတ်သော သူခိုး"ဟု အနက်ပေး။

ဥပ္ပလ သဒ္ဒါသည် ကြာဟော ဖြစ်သောကြောင့် "ဥပ္ပလဥ္စ ဂန္ဓဥ္စ"ဟု ဝစနတ္ထ ပြုရမည်လောဟု မေးရန်ရှိသောကြောင့် တံ ဥပ္ပါဋေန္တိ စသည်ကို မိန့်အပ်သတည်း။

ဤစကားရပ်ဖြင့် ဥပ္ပလ သဒ္ဒါသည် ကြာဟောမဟုတ်၊ ဥရှေးရှိသော ပလ-ဓာတ် အ-ပစ္စည်းဖြင့် ပြီးသတည်း၊ ပလ-ဓာတ်သည် ပလ ဂတိယံ(နီတိဓာတု ၃၄၄) ဟူသည်နှင့်အညီ ဂတိ အနက်ကို ဟောရင်းတည်း။

ဤအရာမှာမူကား ဝိယောဂအနက်ကို ထွန်းသော ဥ-ဟူသော ဥပသာရပုဒ်နှင့် ယှဉ်ခြင်းကြောင့် ပလ-ဓာတ်သည် ကင်းခြင်းဝိယောဂအနက်ကို ဟောသတည်း။ ထိုဥပ္ပလ-ပုဒ်မှာလည်း ကာရိုက်ပစ္စည်းအတွင်း ဝင်သတည်း ဟု ပြတော်မူသတည်း။ "ဥပ္ပလာပေန္တိ ဥဒ္ဓရန္တီတိ ဥပ္ပလာ၊ ဂန္ဓံ ဟာဒယံ ဥပ္ပလာ ဥဒ္ဓရဏကာ ဥပ္ပလဂန္ဓာ" ဟု ဝစနတ္ထပြု။ "ဥပ္ပလာပေန္တိ၊ ကင်းစေတတ်ကုန်၏"ဟု အနက်ပေး၊ ပုဒ် ရှေ့နောက်ပြန်၍ ပြီးသတည်း။ ဥပ္ပလာပေန္တိကို ဥဒ္ဓရန္တိဟု ငါ ဖွင့်သည်ကား ဥပ္ပါဋေတွာ ဝါ တိ မုဂ္ဂမာသာဒီနိ ဥဒ္ဓရိတွာ ဝါ ဟူသော ဒုတိယ ပါရာဇိက သိက္ခာပုဒ် ခေတ္တဋ္ဌကထာအဖွင့် (သာရတ္ထဒီပနီ ၂၊၁၄၄) စကားကို ထောက်၍ ဖွင့်သတည်း။ အဋ္ဌကထာ၌ "တံ၊ ထိုနှလုံးသားကို။ ဥပ္ပာဋေန္တိ၊ ကင်းစေကုန်၏ (ဝါ) ထုတ်တတ်ကုန်၏။" ဟု အနက်ပေး။ ဒန္တဇ တတိယက္ခရာ-ဒ-နှင့် ဥပ္ပါဒေန္တိ ဟု မရှိသင့်၊ ပါဌ်ပျက်တည်း။ သို့ရှိသော် "ဥပ္ပာဒေန္တိ၊ ဖြစ်စေကုန်၏"ဟူ၍ အနက်ယောဇနာ ရသတည်း။ ထိုအနက်သည် ဤအရာနှင့် မလျော်။ ထို့ကြောင့် မုဒ္ဓဇ ပဌမ ဋ-နှင့် ဥပ္ပါဋေန္တိ ဟူသော ပါဌ်ကိုသာ ပါဌ်မှန် ဟု မှတ်အပ်၏။ ဒုတိယပါရာဇိက သိက္ခာပုဒ် ဥဒကဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁၊၂၇၇) ၌ ဥပ္ပာဋိတမတ္တေ ဟူ၍ လည်းကောင်း, ဥပ္ပာဋိတာယ ဟူ၍လည်းကောင်း, ဥပ္ပာ-ဋေန္တဿဟူ၍လည်းကောင်း မုဒ္ဓဇ ပဌမ ဋ-နှင့်ပင် ရှိသတည်း။ ခေတ္တဋ္ဌကထာ ၌လည်း "ဥပ္ပါဋေတွာ ဝါ" ဟု မုဒ္ဓဇ ပဌမ ဋ - နှင့်ပင် ရှိသတည်း။ ငါ၏ပါရာ-ဇိကဏ် အဋ္ဌကထာသည် စံကျောင်းဆရာတော်ဘုရား၏မူမှ ကူးရေးသတည်း။

အဋ္ဌ, ပဋ္ဌ, ဏ္ဌ, ကိဋ္ဌ,ကာဋ္ဌ ဂတိယံ(ဓာတုမာလာ ၅၃ နှာ)၊ဤဓာတုမာလာကို ထောက်၍ ဥပ္ပါဋေန္တိ ပုဒ်သည် ဥ-ရှေးရှိသော ပဋ္ဌ - ဓာတ်နှင့်ပြီးသတည်းဟု သိအပ်၏။ ဥ - သည် ဝိယောဂ အနက်ကို ထွန်းသောကြောင့် ပဋ္ဌ - ဓာတ်သည် ကင်းခြင်း ဝိယောဂ အနက် ကို ဟောသတည်း။ ထို့ကြောင့် ဥပ္ပါဋေန္တိ၊ ကင်းစေကုန်၏၊(ဝါ)ထုတ်တတ်ကုန်၏" ဟု ငါအနက်ပေးသတည်း။

အယံ ဝိသေသော၊ ဤ ရာဇာနော ဧဝ ပစ္စတ္ထိကာ စသော အထူးသည်။ ဧတ္ထ- ဧတေသု ရာဇပစ္စတ္ထိကဝါရာဒီသု စတူသု ဝါရေသု၊ တို့၌။ ဝိသေသော၊ တည်း။

ဣမဿ သုတ္တဿ၊ ဤ အ မဂ္ဂေန အမဂ္ဂံ ပဝေသေတိ အာပတ္တိ ထုလ္လစ္စယဿ- ဟူသော ပါဠိတော်အား။ အနုလောမဝသေန၊ လျော်သည်၏ အစွမ်းဖြင့်။ သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ပဌမက္ခမဂ္ဂဏ္ဍကာနာမ စသော အရာတို့၌။ ဝဏ္ဏသံခေ- ပေ၊ ၌။ ထုလ္လစ္စယံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။

ဧဝံ၊ ဤသို့။ တတ္ထ တတ္ထ၊ ထိုထို ဘိက္ခုပစ္စတ္ထိက သုဒ္ဓိက ဝါရ စသည်တို့၌။ ကဏ္ဍကဏ္ဍသရိရကမ္ပဒိနိ၊ ယားနာ, ပွေးနာ, ကိုယ်၏ တုန်လှုပ်ခြင်း စသည် တို့သည်။ ။ကဏ္ဍု ကဏ္ဍူ တိကဏ္ဍုပယာ။ ခဇ္ဇုကဏ္ဍုဝဏံ ပျထ၊ ပါမံ ဝိတစ္ဆိကာ- ကစ္ဆု။ ။(အဘိဓာန် ၃၂၆-၇။ နရဝဂ်) ရှေးနှစ်ပါဒ လာ ပရိယာယ်ကား ယားနာ၏ ပရိယာယ်တည်း။ တတိယပါဒလာ ပရိယာယ်ကား ပွေးနာ၏ ပရိယာယ်တည်း။ ပဉ္စကံ ကဏ္ဍုယံ၊ တိကံ ကစ္ဆုယံ။ ။အဘိဓာန်ဋီကာ (၃၂၆-၇ ဂါထာများ)။ ။ပဉ္စကံ၊ သဒ္ဒါငါးပါး အပေါင်းသည်။ ကဏ္ဍုယံ၊ ယားနာ၌။ ဝတ္တတိ၊ ဖြစ်၏။ တိကံ၊ သဒ္ဒါသုံးပါးအပေါင်းသည်။ ကစ္ဆုယံ၊ ပွေးနာ၌။ ဝတ္တတိ၊ ဖြစ်၏၊

ဒဿေတွာ ဝါ မုခေန ဟတ္ထံ ပဝေသေတွာ ဟာဒယာရူပံ မဒ္ဒန္တာ ဟုတွာ ဝါ ဝိပ္ပလ္လတ္ထသညေ ဝိပရိတအတ္တေသညေ၊ ဖောက်ပြန်သော မှတ်ခြင်းသဘောရှိ သော သညာရှိသည်တို့ကို။ လယာန်ုလ္လယုဂ်။ ။ဝိပရိ အာသော ဝိပလ္လာသော၊ ဝိပရိ အတ္ထံ ဝိပလ္လတ္ထံ။ (သန္ဓိသဒ္ဒနီတိ။ ၁၁၀—သုတ်) ဝိပလ္လတ္ထသညေ-ပုဒ်၌ အတ္ထသဒ္ဒါသည် ပရမတ္ထပုဒ်၌ အတ္ထသဒ္ဒါကဲ့သို့ သဘောဟောကည်း။ ဝိပရိတော အတ္တော ဧတိဿာ သညာယာတိ ဝိပလ္လတ္ထာ၊ ဝိပလ္လတ္ထာ သညာ ဧတေသံ သတ္တာနန္တိ ဝိပလ္လတ္ထသညာဟု ဝဇနတ္ထပြု။ တတ္ထ စ သုဘာဝိပလ္လာသဝိပလ္လဋ္ဌာ သတ္တာ။ ။(သုတ်မဟာဝါ အဋ္ဌကထာ, ဒီ ဋ္ဌ၊ ၂။ ၃၄၅) မဟာသတိပဋ္ဌာန သုတ်အဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်း အဖွင့် (အဘိဋ္ဌ၊ ၂။ ၂၀၅) အနက်ကား "သုဘာဝိပ္ပလ္လာသဝိပလ္လဋ္ဌာ သုဘာဝိပ္ပလ္လာသဖြင့် မဖောက်မပြန် မှတ်ခြင်း သဘောရှိသော သညာရှိ ကုန်သော။ သတ္တာ၊တို့သည်–"ဟုအနက်ပေး။ "သုဘာဝိပလ္လာသေန ဝိပလ္လဋ္ဌာ- သညာ ဧတေသံ သတ္တာနန္တိ သုဘာဝိပလ္လာသ ဝိပလ္လဋ္ဌာ"ဟု ဝဇနတ္ထပြု။ တထာ နံ ဋ္ဌ ယုဂ်။ အဋ္ဌကထာ၊ အတ္ထကထာဝါ သဒ္ဒနီတိသန္ဓိ။ ၁၀၇-သုတ် ဤသဒ္ဒ- နီတိ-သန္ဓိလာသုတ်,ဥဒါဟရဏ်ကို ထောက်၍ ဝိပလ္လာသပုဒ် ဒန္တဇ တ္တ- မုဒ္ဓဇ ဋ္ဌ– နှစ်တွေ့ ရှိကောင်းသတည်း။ ထို့ကြောင့် ဤပါရာဇိကဏ် အဋ္ဌကထာ၌ ဒန္တဇ တ္ထ

ဒွေ့ ပန ဓဆဒနေ(ဓာတုမာလာ)"ဥပ္ပလဂန္ဓထေနော၊ ကြာကို ဖြတ်တတ်သော သူခိုး"ဟု အနက်ပေး။

ဥပ္ပလ သဒ္ဒါသည် ကြာဟော ဖြစ်သောကြောင့် "ဥပ္ပလဥ္စ ဂန္ဓဥ္စ"ဟု ဝစနတ္ထ ပြုရမည်လောဟု မေးရန်ရှိသောကြောင့် တံ ဥပ္ပါဠေတ္တိ စသည်ကို မိန့်အပ်သတည်း။

ဤစကားရပ်ဖြင့် ဥပ္ပလ သဒ္ဒါသည် ကြာဟောမဟုတ်၊ ဥရှေ့ရှိသော ပလ-ဓာတ် အ-ပစ္စည်းဖြင့် ပြီးသတည်း၊ ပလ-ဓာတ်သည် ပလ ဂတိယံ(နီတိဓာတု ၃၄၄) ဟူသည်နှင့်အညီ ဂတိ အနက်ကို ဟောရင်းတည်း။

ဤအရာမှာမူကား ဝိယောဂအနက်ကို ထွန်းသော ဥ-ဟူသော ဥပသာရပုဒ်နှင့် ယှဉ်ခြင်းကြောင့် ပလ-ဓာတ်သည် ကင်းခြင်းဝိယောဂအနက်ကို ဟောသတည်း။ ထိုဥပ္ပလ-ပုဒ်မှာလည်း ကာရိုက်ပစ္စည်းအတွင်း ဝင်သတည်း ဟု ပြဆော်မူသတည်း။ "ဥပ္ပလာပေတ္တိ ဥဒ္ဓရန္တီတိ ဥပ္ပလာ၊ ဂန္ဓံ ဟာဒယံ ဥပ္ပလာ ဥဒ္ဓရဏကာ ဥပ္ပလဂန္ဓာ" ဟု ဝစနတ္ထပြု။ "ဥပ္ပလာပေတ္တိ၊ ကင်းစေတတ်ကုန်၏"ဟု အနက်ပေး၊ ပုဒ် ရှေ့နောက်ပြန်၍ ပြီးသတည်း။ ဥပ္ပလာပေတ္တိကို ဥဒ္ဓရန္တိဟု ငါ ဖွင့်သည်ကား ဥပ္ပါဠေတွာ ဝါ တိ မုဂ္ဂမာသာဒီနိ ဥဒ္ဓရိတွာ ဝါ ဟူသော ဒုတိယ ပါရာဇိက သိက္ခာပုဒ် ခေတ္တဋ္ဌကထာအဖွင့် (သာရတ္ထဒီပနီ ၂၊၁၄၄) စကားကို ထောက်၍ ဖွင့်သတည်း။ အဋ္ဌကထာ၌ "တံ၊ ထိုနှလုံးသားကို။ ဥပ္ပါဠေန္တိ၊ ကင်းစေကုန်၏ (ဝါ) ထုတ်တတ်ကုန်၏။" ဟု အနက်ပေး။ ဒန္တဇ တတိယက္ခရာ-ဒ-နှင့် ဥပ္ပါဒေန္တိ ဟု မရှိသင့်၊ ပါဌ်ပျက်တည်း။ သို့ရှိသော် "ဥပ္ပာဒေန္တိ၊ ဖြစ်စေကုန်၏"ဟူ၍ အနက်ယောဇနာ ရသတည်း။ ထိုအနက်သည် ဤအရာနှင့် မလျော်။ ထိုမုဒ္ဓဇ ပထမ ဠ-နှင့် ဥပ္ပါဠေန္တိ ဟူသော ပါဌ်ကိုသာ ပါဌ်မှန် ဟု မှတ်အပ်၏။ ဒုတိယပါရာဇိက သိက္ခာပုဒ် ဥဒကဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁၊၂၇၇) ၌ ဥပ္ပာဠိတမတ္တေ ဟူ၍ လည်းကောင်း, ဥပ္ပာဠိတာယ ဟူ၍လည်းကောင်း, ဥပ္ပာ-ဠေန္တဿဟူ၍လည်းကောင်း မုဒ္ဓဇ ပဌမ ဠ -နှင့်ပင် ရှိသတည်း။ ခေတ္တဋ္ဌကထာ ၌လည်း "ဥပ္ပါဠေတွာ ဝါ" ဟု မုဒ္ဓဇ ပထမ ဠ - နှင့်ပင် ရှိသတည်း။ ငါ၏ပါရာ-ဇိကဏ် အဋ္ဌကထာသည် စံကျောင်းဆရာတော်ဘုရား၏မူမှ ကူးရေးသတည်း။

အဠ္ဌ, ပဠ္ဌ, ဏ္ဌ, ကိဠ္ဌ,ကာဠ္ဌ ဂတိယံ(ဓာတုမာလာ ၅၃ နှာ)၊ဤဓာတုမာလာကို ထောက်၍ ဥပ္ပါဠေန္တိ ပုဒ်သည် ဥ-ရှေ့ရှိသော ပဠ - ဓာတ်နှင့်ပြီးသတည်း ဟု သိအပ်၏။ ဥ - သည် ဝိယောဂ အနက်ကို ထွန်းသောကြောင့် ပဠ - ဓာတ် သည် ကင်းခြင်း ဝိယောဂ အနက် ကို ဟော သ တည်း။ ထို့ ကြောင့် ဥပ္ပါဠေန္တိ၊ ကင်းစေကုန်၏၊(ဝါ)ထုတ်တတ်ကုန်၏" ဟု ငါအနက်ပေးသတည်း။

'အယံ ဝိသေသော၊ ဤ ရာဇာနော ဧဝ ပစ္စတ္ထိကာ စသော အထူးသည်။ ထွေ-
ဇ္ဇတေသု ရာဇပစ္စတ္ထိကဝါရာဒီသု စတူသု ဝါရေသု၊ တို့၌။ ဝိသေသော၊ တည်း။

ဣမဿ သုတ္တဿ၊ ဤ အ မဂ္ဂေန အမဂ္ဂံ ပဝေသေတိ အာပတ္တိ ထုလ္လစ္စယဿ-
ဟူသော ပါဠိတော်အား။ အနုလောမဝသေန၊ လျော်သည်၏ အစွမ်းဖြင့်။
သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ပဋ္ဌဂ်မုခမဏ္ဍကာနာမ စသော အရာတို့၌။ ဝဏ္ဏသံခေ-
ပေ၊ ၌။ ထုလ္လစ္စယံ၊ ကို။ ဝေဒိတဗ္ဗံ၊ ၏။

ဇဝ်၊ ဤသို့။ တတ္ထ တတ္ထ၊ ထိုထို ဘိက္ခုပစ္စတ္ထိက သုဒ္ဓိက ဝါရ စသည်တို့၌။
ကဏ္ဍုကစ္ဆုသရီရကမ္မဒ္ဒိနိ၊ ယားနာ, ပွေးနာ, ကိုယ်၏ တုန်လှုပ်ခြင်း စသည်
တို့သည်။ ။ကဏ္ဍု ကဏ္ဍူ တိကဏ္ဍုယာ။ခဇ္ဇူကဏ္ဍူဝဏာံ ပျထ၊ ပါမံ ဝိတစ္ဆိကာ-
ကစ္ဆု။ ။(အဘိဓာန် ၃၂၆-၇။ နရဝဂ်) ရှေးနှစ်ပါဒ လာ ပရိယာယ်ကား
ယားနာ၏ ပရိယာယ်တည်း။ တတိယပါဒလာ ပရိယာယ်ကား ပွေးနာ၏
ပရိယာယ်တည်း။ ပဉ္စကံ ကဏ္ဍုယံ၊ တိကံ ကစ္ဆုယံ။ ။အဘိဓာန်ဋီကာ
(၃၂၆-၇ ဂါထာများ)။ ။ပဉ္စကံ၊ သဒ္ဒါငါးပါး အပေါင်းသည်။ ကဏ္ဍုယံ၊
ယားနာ၌။ ဝတ္တတိ၊ ဖြစ်၏။ တိကံ၊ သဒ္ဒါသုံးပါးအပေါင်းသည်။ ကစ္ဆုယံ၊
ပွေးနာ၌။ ဝတ္တတိ၊ ဖြစ်၏၊

ဒဿေတွာ ဝါ မုခေန ဟတ္ထံ ပဝေသေတွာ ဟာဒယာရုပ် မဒ္ဒန္တာ ဟုတွာ ဝါ
ဝိပ္ပလ္လတ္ထသညာ ဝိပရိတအတ္ထသညာ၊ ဖောက်ပြန်သော မှတ်ခြင်းသဘောရှိ
သော သညာရှိသည်တို့ကို။ လယာနံ့္လယုဂံ။ ။ဝိပရိ အာသော ဝိပလ္လာသော၊
ဝိပရိ အတ္ထံ ဝိပလ္လတ္ထံ။ (သန္ဓိသဒ္ဒနီတိ။ ၁၁၀—သုတ်) ဝိပလ္လတ္ထသညာ·ပုဒ်၌
အတ္ထသဒ္ဒါသည် ပရမတ္ထပုဒ်၌ အတ္ထသဒ္ဒါကဲ့သို့ သဘောဟောကည်း။ဝိပရိတော
အတ္ထော ဧတိဿာ သညာယာတိ ဝိပလ္လတ္ထာ၊ ဝိပလ္လတ္ထာ သညာ ဧတေသံ
သတ္တာနန္တိ ဝိပလ္လတ္ထသညာဟု ဝဓနတ္ထပြု။ တတ္ထ စ သုဘာဝိပလ္လာသဝိပလ္လဋ္ဌာ
သတ္တာ။ ။(သုတ်မဟာဝါ အဋ္ဌကထာ, ဒီ ဋ္ဌ၊ ၂။ ၃၄၅) မဟာသတိပဋ္ဌာန
သုတ်အဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်း
အဖွင့် (အဘိဋ္ဌ၊ ၂။ ၂၀၅) အနက်ကား "သုဘဝိပ္ပလ္လာသဝိပလ္လဋ္ဌာ
သုဘဝိပ္ပလ္လာသဖြင့် မဖောက်မပြန် မှတ်ခြင်း သဘောရှိသော သညာရှိ
ကုန်သော။ သတ္တာ၊တို့သည်–"ဟုအနက်ပေး။ "သုဘဝိပလ္လာသေန ဝိပလ္လဋ္ဌာ-
သညာ ဧတေသံ သတ္တာနန္တိ သုဘဝိပလ္လာသ ဝိပလ္လဋ္ဌာ"ဟု ပစနတ္ထပြု။ တထာ
နံ့ဋ္ဌ ယုဂံ။ အဋ္ဌကထာ။ အတ္ထကထာဝါ သဒ္ဒနီတိသန္ဓိ။ ၁၀၇–သုတ် ဤသဒ္ဒ-
နီတိ·သန္ဓိလာသုတ်,ဥဒါဟရဏ်ကို ကောက်၍ ဝိပလ္လာသပုဒ် ဒဋ္ဌဇ တ္တ· မုဒ္ဓဇ ဋ္ဌ–
နှစ်တွေ့ ရှိကောင်းသတည်း။ ထို့ကြောင့် ဤပါရာဇိကဏ် အဋ္ဌကထာ၌ ဒန္တဇ တ္ထ

နှင့် ဝိပလ္လတ္ထ-ဟု အဋ္ဌကထာဆရာ ရေးတော်မူသတည်း။ သုတ်မဟာဝါ- အဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ မုဒ္ဒဇ ဋ္ဌနှင့် ဝိပလ္လဋ္ဌဟု အဋ္ဌကထာဆရာ ရေးတော်မူသတည်း။ လယာနံ လယုဂံ။ ဝိပရိအာသော ဝိပလ္လာသော ဝိပရိအတ္ထံ ဝိပလ္လတ္ထံ။ ။ဤသဒ္ဒနီတိသန္နိဋ္ဌာန်၌ ဒန္တဇ တ္ထနှင့် လာရှိသောကြောင့် ဒန္တဇ တ္ထနှင့်သာ ဝိပလ္လတ္ထပုဒ် ရှိသင့်သည်ဟု မဆိုသာ။ အဘယ့်ကြောင့်နည်း ဟူမူ လ္လ အစုံပြုသည်ကို ပဓာနပြု၍ လယာနံ လ္လယုဂံသုတ်ကို မိန့်တော်မူသတည်း။

ဒန္တဇ တ္ထ-ကို ပဓာနပြု၍ မိန့်တော်မမူ။ဒန္တဇ တ္ထ-နှင့် မုဒ္ဒဇ ဋ္ဌ-ကို တထာနံ ဋ္ဌယုဂံ (နီတိသုတ္တ ၁၀၇-သုတ်) ရှေ့သုတ်ဖြင့် မိန့်တော်မူသတည်း။ ထို့ကြောင့် ဝိပလ္လတ္ထံဟု ဒန္တဇ တ္ထနှင့် မိန့်တော်မူသည်ကား ဥပလက္ခဏာ နည်းမျှသာတည်း။ မုဒ္ဒဇ ဋ္ဌနှင့် ဝိပလ္လဋ္ဌဟူ၍လည်း ရှိကောင်းသေး၏ဟု မှတ်အပ်၏။ ဝိ-နောင်ပ-အက္ခရာသည် ဆိုအပ်ပြီးသော အဋ္ဌကထာတို့၌ ဒွေဘော်နှင့် ရှိ၏။ သဒ္ဒနီတိ၌ကား ဒွေဘော်မရှိ။ ရူပသိဒ္ဓိ ပရဒွေဘာဝေါသုတ်၏ ဝုတ္တိမှာ ဒွေဘော်ရောက်သည်ကိုအကျယ်ပြရာ ဝိ-နောင်ဒွေဘော် ရောက်ရမည်ဟူ၍လည်းကောင်း၊ ပရိ ပုဒ်၌ ပ-မှာ ဒွေဘော် ရောက်ရမည်ဟူ၍ မဆိုသောကြောင့်လည်းကောင်း ကျမ်းဂန်တို့၌ ပဒွေဘော် ကင်းလျက် ဝိပရိတပုဒ်သာ လာရှိသောကြောင့်လည်းကောင်း အဘိဓာန်သံကိဏ္ဏဝဂ်[?]၇၇၆-ဂါထာ၌ ပ-ဒွေဘော်ကင်းလျက် ဝိပလ္လာသော ဉာတာဘာဝေါဟု လာရှိသောကြောင့် လည်းကောင်း၊ အဘိဓာန်ဋီကာ၌ "ဝိပရိပုဗ္ဗော အသုခေပနေ ဏော ဝိပလ္လာသော"ဟု ဖွင့်သောကြောင့်လည်းကောင်း ဒွေဘော် မရှိသည်သာ ယုတ္တတရ ဖြစ်သတည်း။ အချို့အဋ္ဌကထာတို့၌ ဒန္တဇ ပထမက္ခရာ တ္တနှစ်လုံးနှင့် ဝိပလ္လတ္တသညာဟု ရှိသေး၏။

စိတ္တေ ကာယေ သဘာဝေစ၊ သော အတ္တာ ပရမတ္တနိ။ (အဘိဓာန် အနေကတ္ထဝဂ် ဂါထာ ၈၆၁-ဂါထာ)။ ပရမတ္တနိ၊ တစ်ပါးကုန်သော မိစ္ဆာ တိတ္ထိတို့၏ အယူ၌ ရအပ်သော ကိုယ်၌ဟု အနက်ပေး။ ဤသို့သဘောဟော အတ္တသဒ္ဒါလာရှိငြားသော်လည်း သုတ်မဟာဝါ အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့၌ ဒန္တဇ တ္ထကို မုဒ္ဒဇ ဋ္ဌလဲ၍ ဝိပလ္လဋ္ဌာဟု လာရှိသောကြောင့် ဒန္တဇ ဒုတိယ ထ-အထက်၌ ဒန္တဇ ပထမ တ-ဆင့်၍ "ဝိပလ္လတ္ထသညာ" ပုဒ်သာ အမှန်ဟု အစဥ်မပြတ် အဆက်ဆက် မှတ်အပ်ကုန်ရာ၏။ အတ္ထပုဒ်မှာ ဒန္တဇ-တ္ထသာအရင်း ဖြစ်သည်ကိုလည်း သုဝုသာန မုဝုသာန မတောထောစ သုတ် သဒ္ဒါနရူပ အသတိ ဘာဝတိတိ အတ္ထော ဥဒါဟရုဏ်ကို ထောက်၍ သိအပ်၏။

ပဒဘာဇနီယဝဏ္ဏနာ နိဋ္ဌိတာ။

သိက္ခာပဒံ နာမ စကား၌ သိက္ခာပဒ မည်ရင်းကား ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော စသော သဒ္ဒါအစဉ်တည်း။ သိက္ခာပုဒ် ရှိခြင်းကြောင့် အာပတ်သင့်သတည်း။ သိက္ခာပုဒ်ကား အကြောင်းတည်း။ အာပတ်သင့်ခြင်းကား အကျိုးတည်း။ ထို့ကြောင့် အကြောင်းဖြစ်သော ယော ပန စသော သဒ္ဒါအစဉ်၏ သိက္ခာပဒ အမည်ကို အကျိုးဖြစ်သော အာပတ်၌ ကာရဏူပစာအားဖြင့် တင်စား၍ ဤအရာ၌ အကျိုးဖြစ်သော အာပတ်သည် သိက္ခာပဒမည်သတည်း။ ထို့ကြောင့် "ဆ သမုဋ္ဌာန စသော စကားကို မိန့်အပ်သတည်း။ ယော ပန စသော သဒ္ဒါအစဉ်မှာ သမုဋ္ဌာန် မရှိ။ အာပတ်မှာသာ သမုဋ္ဌာန်ရှိသတည်း။ထို့ကြောင့် သာရတ္ထဒီပနီ၌"အာပတ္တိယေဝ ဟိ သိက္ခာပဒသီသေန ဝုတ္တာ။ သမုဋ္ဌာနာဒယော ဟိ အာပတ္တိယာ ဟောန္တိ န သိက္ခာပဒဿ" ဟူ၍လည်းကောင်း၊ သိက္ခာပဒံ နာမ အတ္ထိ ဆ သမုဋ္ဌာနန္တိ ဧတ္ထာပိ သိက္ခာပဒသီသေန အာပတ္တိ ဝုတ္တာတိ ဝေဒိတဗ္ဗာ။ တေနေဝ ဝက္ခတိ သဗ္ဗာနေတံ အာပတ္တိယံ ယုဇ္ဇတိ၊ သိက္ခာပဒသီသေန ပန 'သဗ္ဗအင္ဂကထာသု ဒေသနာ အာရုဠှာတိ ဟူ၍လည်းကောင်း မိန့်အပ်၏။

တတြာပိ ဆ သမုဋ္ဌာနာဒိ သိက္ခာပဒေသု ကိဉ္စိ ကိရိယတော သမုဋ္ဌာတိ။ တတြာပိ ကိရိယသမုဋ္ဌာနာဒိသိက္ခာပဒေသု ႏသညာဝိမောက္ခံ၊ ဝိတက္ကမသညာ မရှိသဖြင့် အာပတ်မှ လွတ်ခြင်းရှိရာဖြစ်သော သိက္ခာပုဒ်သည်။ နောသညာ ဝိမောက္ခံ၊ ဝိတက္ကမသညာ မရှိသဖြင့် အာပတ်မှ လွတ်ခြင်းရှိရာ မဟုတ်သော သိက္ခာပုဒ်သည်။ သစိတ္တကံ၊ စိတ်ရှိသော သိက္ခာပုဒ်သည်။ ကာယကမ္မံ၊ ကာယကံဖြစ်သော။ သိက္ခာပဒံ၊ သည်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ သိက္ခာပဒံ၊ သည်။ တေသု၊ ထိုသုံးဆယ့်နှစ်ပါးကုန်သော စိတ်တို့တွင်။ ယံ သိက္ခာပဒံ၊ သို့။ (ဝါ) အာပတ်သို့။ (ဝါ)ရုပ် အဗျာကတ အာပတ်သို့။ ကုသလစိတ္တေန၊ဖြင့်။ အာပဇ္ဇတိ၊လွန်ကျူးသောအားဖြင့် ရောက်၏။ တံ သိက္ခာပဒံ၊ သည်။ (ဝါ) ထိုအာပတ်သည်။ (ဝါ) ရုပ်အဗျာကတ အာပတ်သည်။ ကာရဏူပစာရေန၊ ဖြင့်။ ကုသလံ၊ ကုသိုလ်မည်၏။ ယံ သိက္ခာပဒံ၊ သို့၊ ဣတရေဟိ၊ ကုသိုလ်မှတစ်ပါးကုန်သော အကုသိုလ်, အဗျာကတတို့ကြောင့်။ အာပဇ္ဇတိ၊ ၏။ တံ သိက္ခာပဒံ၊ သည်။ ဣတရံ၊ ကုသိုလ်မှ တစ်ပါးသော အကုသိုလ်, အဗျာကတမည်၏။

ယံ ကုသလစိတ္တေန အာပဇ္ဇတိ တံ ကုသလံ၌ ဆိုအပ်ပြီးသော နည်းဖြင့် နှိုက်၍ အနက်ပေးရမည်ကို ယံ ကုသလစိတ္တေန အာပဇ္ဇတီတိ ယံ သိက္ခာပဒသီသေန ဂဟိတံ အာပတ္တိံ ကုသလစိတ္တသမင်္ဂီ အာပဇ္ဇတိ။ ဣမိနာ ပန ဝစနေန တံ

ကုသလန္တိ အာပတ္တိယာ ဝုစ္စမာနေ ကုသလဘာဝေါ ပရိယာယတော၊ န ပရမတ္ထတောတိ ဒဿေတိ ဟူသော သာရတ္ထဒီပနီ(၂၊၉၈)စကားကိုထောက်၍ သိသတည်း။ သာရတ္ထဒီပနီ၌ တံ ကုသလန္တိ၊ ၍။ အာပတ္တိယာ၊ ၌။ ကာရကပုပ-စာရေန၊ ဖြင့်။ ဝုစ္စမာနေ၊ တင်စား၍ ဆိုအပ်ခေါ်ဝေါ်အပ်သော။ ကုသလ-ဘာဝေါ၊ ကုသိုလ်၏ အဖြစ်သည်။ (ဝါ) ကုသိုလ်ဟူသော အမည်သည်။ ပရိယာယတော၊ ပရိယာယ်အားဖြင့်သာလျှင်။ (ဝါ) ကာရကူပစာရအားဖြင့် သာလျှင်။ ဟောတိ၊ ၏။ ပရမတ္ထတော၊ မှန်သော အနက်အားဖြင့် (ဝါ) မုချ အားဖြင့်။ နဟောတိ၊ မဖြစ်။ ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏-ဟု အနက်ပေး။

ဝိမတိဝိနောဒနီ (၁၊ ၁၅၁-နှာ) ၌ သာရတ္ထဒီနိပယံ ပန - စသည်ဖြင့် သာရတ္ထဒီပနီစကားကို အပြစ်တင်ဆို၍။ "ဧဝံ အဝတွာ ကုသလပက္ခေ ဧဝ-ကထနဿ ကာရဏံ န ပဿာမ" ဟူ၏။ ကုသိုလ်ကား အနဝဇ္ဇဖြစ်သတည်း။ အာပတ်ကား သာဝဇ္ဇဖြစ်သတည်း။ သို့အချင်းချင်းဆန့်ကျင်ဘက် ဖြစ်သော ကြောင့် ကုသိုလ်အဖို့၌ ဆိုသတည်း။ သို့ဆိုသတည်း ဟု အကြောင်းရှိ သတည်း။ သာရတ္ထဒီပနီဆရာ၏ အလိုအားဖြင့် အာပတ်ဟူသည် ပရမတ်တည်း၊ ပညတ်မဟုတ်။ သာရတ္ထဒီပနီဆရာအလိုရှိတိုင်း အာပတ်သည် ပရမတ်သာဖြစ် သင့်သတည်း၊ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ် (ဝိ၊ဋ္ဌ၊ ၂၁၇၉) အဖွင့်၌ "န စ အမူလကေန ပါရာဇိကေန ဓမ္မေနာတိ ဧတ္ထ အာဂတော ပါရာဇိကဓမ္မော ပဏ္ဏတ္တိနာမ ဟောတိ၊ ကသ္မာ အစ္စန္တအကုသ-လတ္တာ။ဝုတ္တမ္ပိ ဟောတံ အာပတ္တာဓိကရဏံ သိယာ အကုသလံ သိယာ အဗျာက-တ" န္တိဟု မိန့်အပ်၏။

ဝိမတိဝိနောဒနီ (၁၊၁၅၂) ၌ သဗ္ဗတ္ထာပိ ပညတ္တိ သဘာဝါတိ ဝေဒိတဗ္ဗာ။ တေနေဝ ဒုဋ္ဌဒေါသသိက္ခာပဒဋ္ဌကထာယံ အာပတ္တိယာ အကုလာဒိသဘာဝံ ပရပရိကပ္ပိတံ နိဿာယေတ္တံ အာဒိကမ္မိကဿ အနာပတ္တိဝစနတော။ ပ။ ပဏ္ဏတ္တိ-မတ္တမေဝ အာပတ္တာဓိကရဏန္တိ ဝေဒိတဗ္ဗန္တိ သယမေဝ ဝက္ခတိ- ဟု မိန့်တော် မူတိုင်း ဒုဋ္ဌဒေါသသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌ မရှိ။ အကယ်၍"ပဏ္ဏတ္တိမတ္တမေဝ အာပတ္တာဓိကရဏံ' စကားသည် ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ် အဋ္ဌကထာ၌ရှိခဲ့မူ ထိုစကားသည် "န စ အမူလကေန ပါရာဇိကေန ဓမ္မေနာတိ ဧတ္ထ အာဂတော ပါရာဇိကဓမ္မော ပဏ္ဏတ္တိ နာမ" ဟူသော ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ် အဋ္ဌကထာ စကားနှင့် ပြောင့်ဖြောင့် ရှေ့နောက်ဆန့်ကျင်သတည်း၊ ရှေ့နောက်ဆန့်ကျင် သောစကားကိုလည်း အရှင်မဟာဗုဒ္ဓဃောသဆရာ ဆိုတော်မမူရာ။ ပဌမဒုဋ္ဌ

ဒေါသ သိက္ခာပုဒ်အဖွင့် ဝိမတိဝိနောဒနီ (၁၊၂၉၀) ၌"ကောတိ ကေစိ။ပ။ တေနေဝ အဋ္ဌကထာယံ ဝုတ္တန္တိဝေဒိတဗ္ဗံ"ဟုတမျက်နှာခန့်ဖွင့်တော်မူသေး၏။ အဋ္ဌကထာမှာ ဆိုကေ စသော သံဝဏ္ဏနာပါဌ်မရှိ၊ အကယ်၍ ထိုပါဌ် အဋ္ဌကထာမှာ ရှိခဲ့မူ၊ ကုသလစိတ္တေန ဟိ အာပဇ္ဇိံ အာပဇ္ဇန္တော သဝိညတ္တိကံ အဝိညတ္တိကံ ဝါ သိက္ခာပဒဝီတိက္ကမာကာရပ္ပဝတ္တံ, ရူပက္ခန္ဓသာခါတံ အဗျာကတာပတ္တိံ အာပဇ္ဇတိဟူသောစကားကို သာရတ္ထဒီပနီ(၂၊ ၉၈-) ၌ပထမ ပါရာဇိက သိက္ခာပုဒ်အဖွင့်၌ ပုံသေမဆိုရာသတည်း။ စူဠဝါသမထက္ခန္ဓကအဖွင့် ဝိမတိဝိနောဒနီမှာလည်း ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်အဋ္ဌကထာကို ဆောင်၍ ပညတ်အာပတ်မည်ကြောင်းကို အကျယ်ဝိတ္ထာရအားဖြင့် မိန့်ဆိုသေး၏။ မိန့်ဆိုတိုင်း ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ် အဋ္ဌကထာ၌ မရှိဖြစ်သတည်း။ မရှိဘဲနှင့်ဆောင်၍ မိန့်ဆိုသည်ကို ငါတို့ စံကျောင်းဆရာတော်ဘုရားကြီးသည် နှစ်သက်တော်မမူ။ သာရတ္ထဒီပနီ၌ မိန့်ဆိုတော်မူတိုင်းကုသိုလ်စိတ်ဖြင့် ရုပ်အဗျာကတအာပတ်သင့်သည်ရှိသော် အကြောင်းကုသိုလ်စိတ်သည် အနုဝဇ္ဇ သုခဝိပါက လက္ခဏာရှိသည်။ ရုပ်အဗျာကတအာပတ်သည် အဝိပါကလက္ခဏာ ရှိသည်။ ထို့ကြောင့် "သာပတ္တိကဿ ဘိက္ခဝေ" စသော ပါဠိတော်မှာ အဗျာကတအာပတ်ကို ချွင်းချန်ရမည်လောဟူမူ အဗျာကတအာပတ် သင့်မှန်းသိလျက်နှင့် ဖုံးလွှမ်းသောရဟန်းသည် ဖုံးလွှမ်းခြင်းကြောင့် ထိုအဗျာကတအာပတ်ကို အရင်းခံ၍ ဖြစ်ပေါ်သော ဒုက္ကဋ်ဟု ဆိုအပ်သော အကုသိုလ် အာပတ္တာဓိကရုဏ်းသို့ ရောက်ပြန်သတည်း၊ ထိုအကုသိုလ် အာပတ္တာဓိကရုဏ်းသည် အကုသိုလ်သဘောရှိသည်၏ အဖြစ်ကြောင့် သဂ္ဂမောက္ခတို့၏ အန္တရာယ်ကို ပြုတတ်သတည်း။ ထို့ကြောင့် အာပတ်နှင့်တကွဖြစ်သော ရဟန်း၏ အပါယ်သို့ လားရာသည်၏အဖြစ်ကို သာပတ္တိကဿ ဘိက္ခဝေ အစရှိသော စကားဖြင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သတည်း။ ထို့ကြောင့် "သာပတ္တိကဿ ဘိက္ခဝေ" စသော ပါဠိတော်မှာ အဗျာကတအာပတ်ကို မချွင်းချန်အပ်။ အဗျာကတအာပတ် အတွင်းဝင်သတည်းဟု မှတ်အပ်၏။ ထို့ကြောင့် တေရသကဏ္ဍဋီကာ စူဠဝါသမထက္ခန္ဓက အဖွင့် (သာရတ္ထ ဋီ၊၃။ ၃၉၇-နှာ)၌ ယဒိ ဧဝံ သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါတိ ပစနတော အဗျာကတဿ ပိ ဝိပါကမမ္ဘတော အာပဇ္ဇေယျာတိ၊ နာပဇ္ဇေယျ။ အသဉ္စိစ္စ အာပန္နာ ဟိ အာပတ္တိယော ယာဝ သော န ဇာနာတိ၊ တာဝ အနန္တရာယ ကရာ၊ ဇာနိတွာ ဆာဒေန္တော ပန ဆာဒနပ္ပစ္စယာ အညံ ဒုက္ကဋ္ဌသင်္ခါတံ အကုသလမာပတ္တာဓိကရဏမာပဇ္ဇတိ၊ တဉ္စ အကုသလသဘာဝတ္တာ သဂ္ဂမောက္ခာနံ အန္တရာယကရဏန္တိ သာပတ္တိကဿ အပါယဂါမိတာ ဝုတ္တာ။ အဗျာကတံ ပန

အာပတ္တာဓိကရဏံ အဝိပါကမ္မမေဝါတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ–ဟု မိန့်တော်မူအပ်၏။ သဗ္ဗတ္ထအဗျာကတံ နာမ တဿ ဝိပါကာဘာဝမတ္တံ သန္ဓာယ ဇဝံ နာမကံ ဇာတန္တိ လိခိတံ ဝိစာရေတွာ ဂဟေတဗ္ဗံ။ (ဝဇိရဗုဒ္ဓိ၊ ၅၂၀·)။ ဝိစာရေတွာ ဂဟေတဗ္ဗံဟု ဝဇိရဗုဒ္ဓိဋီကာ၌ မိန့်တော်မူတိုင်း တေရသကဏ်ဋီကာ၌ စုံစမ်း၍ ဖွင့်တော်မူသတည်း။

တွေ့၊ ဤကာယဒွါရဖြင့်သာ ဖြစ်ရာ၌။ ။စ၊ ဆက်၍ ဆိုဦးအံ့။ ဇတံ သဗ္ဗံ၊ ဤအစုံလုံးစုံသော သမုဋ္ဌာန် စသည်သည်။ အာပတ္တိယံ၊ ၌။ ကိစ္စာပိ ယုဇ္ဇတိ၊ ရှင့်။ ပနတထာပိ၊ လည်း။ သိက္ခာပဒသီဧသေန၊ ဖြင့်။ အဋ္ဌကထာသု၊ တို့၌။ ယသ္မာ၊ ကြောင့်။ ဒေသနာ၊ သို့။ အာရုဠှာ၊ ၏။ တသ္မာ။ ကြောင့်။ ဇဝံ၊ ဤသို့။ သမာသတော ပန သိက္ခာပဒံနာမာတိအာဒိဝစနံ၊ ကို။ မယာ၊ သည်။ ဝုတ္တံ၊ ၏။

ပန၊ အထူးကို ဆိုဦးအံ့။ ဝတ္ထုဂါထာ၊ ကို။ သိပ္ပိကာနံ၊ ပန်းချီသမားစသော အတတ်သည်တို့၏။ ပဋိစ္ဆန္နကရူပါနိ၊ သူတပါးတို့ အတုမယူရအောင် ဖုံးဖုံးကွယ်ကွယ် ထားအပ်ကုန်သော ပြုပုံကားရုပ်တို့ကို။

စီဝရသဒ္ဒါသည် သာသနာထမ်း ရဟန်းတို့၏ သင်္ကန်းဟောတည်း။ စီရသဒ္ဒါသည်ကား လျှော်တေသင်္ကန်းစသော ရသေ့နှင့် တိတ္ထိတို့၏ အဝတ်ဟောတည်း။ ထို့ကြောင့် ဏွာဒိမောဂ္ဂလာန် (၁၄၄–သုတ်) ၌ "စယတီတိ စီရံ၊ ဝက္ကလံ" ဟု မိန့်အပ်၏။

အဇိနက္ခိပန္တိ၊ ဟူသည်ကား။ သလောမံ၊ အမွေးနှင့် တကွသော။ သခုရံ၊ ခွါနှင့်တကွသော။ အဇိနမိဂစမ္မံ၊ သစ်နက်ရေကို။ ပြကတေ့သော သစ်နက်မည်သော သတ္တဝါ၏ အရေကိုယူ။ ထို့ကြောင့် ကျမ်းဆရာတို့သည်လည်း "သလောမံ သခုရံ အဇိနမိဂစမ္မံ" ဟုမိန့်ကုန်သတည်း။ အရှင်မဟာသီလဝံသ အစရှိသော ထေရ်မြတ်တို့လည်း"'ပုံးညက်သဖွယ်၊ ပန်းပြောက်ချယ်သို့၊ သပ္ပါယ်လှစွာ၊ ခြေသည်းမွှာနှင့်၊ အရာမပျက်၊ သစ်နက်အရေ၊ ဆောင်စနေကို" စသည်ဖြင့် မိန့်ကုန်သတည်း"ဟု အဋ္ဌသာလိနီဂဏ္ဌိနိဒါန်း၌ မိန့်ဆို မှာထားတော်မူ၏။ ဤအဋ္ဌကထာ စကားဖြင့် "အဇိနံခိပတိ သမန္တတော ပရိက္ခိပတီတိ အဇိနက္ခိပံ"ဟူသော ဝစနတ္ထကို ပြတော်မူသတည်း။ အရကား စမ္မရ၏။ ထို့ကြောင့် အဋ္ဌသာလိနီ (အဘိ၊ဋ္ဌ၊၁။၃၉) နိဒါန်း၌ "သခုရံ အဇိနစမ္မံ"ဟု ခိပသဒ္ဒါ၏နေရာမှာ စမ္မသဒ္ဒါနှင့် မိန့်တော်မူသတည်း၊ မဂေါ် အဇိနယောနိ စ။ ။အဘိဓာန အရည်ာဒိဝဂ် (၆၁၇-ဂါထာ) အဇတိ ဝိက္ကယံ ယာတီတိ အဇိနံ၊ စမ္မံ၊ ဏွာဒိမောဂ္ဂလာန်(၁၀၂·သုတ်) ဌာန္ဒပ

စာရအားဖြင့် စမ္ပံဟု အရဟောကြားတော်မူသတည်းဟုယူသော် ဤပါရာဇိကဏ်
အဋ္ဌကထာလာ "အဇိနမိဂစမ္မ"စကားနှင့် ဏ္ဍာဒိမောဂ္ဂလာန်စကား တသား
တည်းကျသတည်း။

သာရတ္ထော၊ ပြင်းစွာတပ်သည်ဖြစ်၍။ သံရတ္တောဟု ပုဒ်ဖြတ်၊ သံ-သည်
ဘုသအနက်ဟော။ ဗျဥ္ဇနေ စ သုတ်ဖြင့် သ-ထက်၌ နိဂ္ဂဟိတ်ကိုချေ၊ တတိယ
ပိုင်း ဒီဃံ သုတ်ဖြင့် သ-အစိတ် အ-ကို အာ-ဒီဃပြု။ ။ဗျဥ္ဇနေ စ။ နိဂ္ဂဟီတံ ခေါ
ဗျဥ္ဇနေ စ ပရေလောပံ ပပ္ပေါတိ။ ကွစိ ဆန္ဒာနုရက္ခနာဒိမှို၊သကာရ ဟာကာရေ-
သု ဥပသဂ္ဂတ္ထာ ဒီဃော၊ အရိယသစ္စာန ဒဿနံ၊ တော် ဗုဒ္ဓါန သာသနံ၊
သာရတ္တော၊ သာရာဂေါ။ (သန္ဓိရူပသိဒ္ဓိ)။

ဥပ္ပလဝဏ်ထေရ်ရီမသည် သူဆင်းရဲ၏ သမီးလောဟု မေးရန်ရှိသောကြောင့်
"တေရသမေ ။ပ။ သေဋ္ဌိဓီတာ"စသည်ကို မိန့်အပ်သတည်း။

ထိုသူဌေးသမီး ဥပ္ပလဝဏ် ထေရီမသည် ပကတိသာဝိကာမလောဟု မေးရန်
ရှိသောကြောင့် "သတသဟဿကပ္ပေ အဘိနီဟာရသမ္ပန္နာ"စကားကို မိန့်အပ်
သတည်း။ အဂ္ဂသာဝိကာမ ဟူလိုသတည်း။ ထို့ကြောင့် အင်္ဂုတ္တိုရ် သုမေဓ
ကထာ(အဘိ၊၃၊၁၊၄၄)၌"ခေမာ ဥပ္ပလဝဏ္ဏာစ အဂ္ဂါဟေဿန္တိ သာဝိကာ"
မိန့်အပ်၏။ အဂ္ဂသာဝကယောကျ်ားမှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ
ဖြည့်ရသည်ကို ထိုထိုကျမ်းတို့၌ မိန့်ဆိုအပ်သတည်း။အဂ္ဂသာဝိကာမမှာမူကား
ဤ သတသဟဿကပ္ပေ အဘိနီဟာရသမ္ပန္နာ စကားကို ထောက်၍ သင်္ချေမပါ
ကမ္ဘာတစ်သိန်းသာ ပါရမီဖြည့်ရသည်ကို သိအပ်၏။

အဘယ့်ကြောင့် ထိုထေရီမသည် ဥပ္ပလဝဏ္ဏာ-ဟူသော အမည်ကို ရသနည်း၊
ကြာသဏ္ဍာန်ရှိသောကြောင့် ဥပ္ပလဝဏ္ဏာဟူသော အမည်ကို ရလေသလောဟု
မေးရန်ရှိသောကြောင့် တဿာ စသည်ကို မိန့်အပ်သတည်း။

ပန– ကား ဝိသေသတ္ထဇောတကတည်း။ တာယေဝ၊ ထိုကြာညိုအဆင်း
နှင့်တူသော အဆင်းရှိသော ကိုယ်အရေကြောင့်သာလျှင် ကြာညိုအဆင်းနှင့်
တူသော အဆင်းရှိသော ကိုယ်အရေသည် ကောင်းသတည်း။ ထို့ကြောင့်
တာယေဝ၊ ဟူသောဟိတ်ကို ကူခြင်းငှာ"ဝဏ္ဏပေါက္ခရတာယ"ဟူသောဟိတ်ကို
မိန့်အပ်ပြန်သတည်း။ ဝဏ္ဏပေါက္ခရတာယ၊ အဆင်း၏ ကောင်းသည်၏ အဖြစ်
ကြောင့်။ ဝဏ္ဏဿ ပေါက္ခရတာ ဝဏ္ဏပေါက္ခရတာ (သာရတ္ထဒီပနီ ၂၊၁၀၀)
ပေါက္ခရသဒ္ဒါသည် ဤအရာ၌ သုန္ဒရအနက်ဟောတည်း။

ပေါက္ခရံ ပဒုမေ ဒေဟော၊ ဝဇ္ဇာဘဏ္ဍမုခေပိ စ၊ သုန္ဒရတ္တေ စ။ သလိလေ၊ မာတင်ကရကောဠိယံ။ (အဘိဓာန်အနေကတ္ထဝဂ်၊ ၈၂၇-ကထာ) သုန္ဒရဘာဝဂုဏတော ပုသိတဗ္ဗံ သိနေဟတဗ္ဗန္တိ ပေါက္ခရံ၊ ကာယဝဏ္ဏော။ ။ပေါက္ခရသာ သုန္ဒရသာကာယဝဏ္ဏသာ ဘာဝေါ ပေါက္ခရတာ ဟု ဝစနတ္ထပြု။ ပုသ သိနေဟသဝနပူရဏေသု (ဓာတုမာလာ။ ၂၁၆။) ပုသ သရေဟိ ခရော။ ။ပုသ သရေဟိခရေ ဟောတိ။ ပေါသိယတိ ဧလေနာတိ ပေါက္ခရံ၊ ပဒုမံ (ဏွာဒိမောဂ္ဂလာန် ၁၆၈-သုတ်)။ ။ပုသ ဝုဒ္ဓိမှိ ခရော၊ ဝုဒ္ဓိ သသာ ကော။ (အဘိဓာန်ဋီကာ ၆၈၅-ဂါထာ ပါတလဝဂ်အဖွင့်) ဤဏွာဒိမောဂ္ဂလာန်, အဘိဓာန်ဋီကာလာ စကားကို မှီ၍ ပေါက္ခရပုဒ်ကို ရုပ်ပြီးစေအပ်၏။ ပေါက္ခလံနာမ သမိဒ္ဓ သုန္ဒရဥ္စ၊ တဿဘာဝေါ ပေါက္ခရတာတိ ရကာရံ ကတွာ ဝုတ္တော။ ။သမိဒ္ဓတာ သုန္ဒရတာတိ အတ္တော (ဝိမတိဝိနောဒနီ ၁၊၁၅၄)တစ်နည်းမှတ်။ ဝဇိရဗုဒ္ဓိဋီကာလာနည်းကိုလည်း တစ်နည်းမှတ်။

အသဒ္ဓမ္မာခိပ္ပါယေန၊ သူတော်မဟုတ် သူယုတ်တို့၏အကျင့်ဟု ဆိုအပ်သော မေထုန်မှီဝဲခြင်း၌ဖြစ်သော အလိုရှိသော လုလင်တစ်ယောက်သည်။ ပရာမဋ္ဌာ၊ ယောနိသောမနသိကာရ ရှေ့သွားဖြင့် ညောင်းညာခြင်း ကင်းစေအံ့သော၌ ကိုယ်အင်္ဂါကို ဆုတ်နယ်သုံးသပ်ခြင်းမှတစ်ပါးသော အယောနိသောမနသိကာရ ရှေ့သွားဖြင့် ကာမဂုဏ်ကို သာယာ၍ကိုယ်အင်္ဂါကို သုံးသပ်ခြင်းဖြင့် သုံးသပ်အပ်သော ဥပ္ပ သဝဏ် ထေရီမသည်။ (ပရာမာသာ ဓမ္မာဟူသော မာတိကာပုဒ်မှာကဲ့သို့ အနက်ပေးသတည်း)။ တဿ၊ ထိုလုလင် တစ်ယောက်သည်။ ထေရိယာ၊ ၏။ ဒဿနပထံ၊ မြင်လောက်သော ခရီးကို။ ဝိဇဟန္တသောဝ၊ စွန့်ဆဲ စွန့်စဉ်သာလျှင် [ဆဋ္ဌီ အနာဒရတည်း။ ရုဒတော ဒါရကဿ ပဗ္ဗဇိကဲ့သို့ မှတ်။ ရုဒန္တသ္မိံ ဒါရကေ ပဗ္ဗဇိကား သတ္တမီအနာဒရတည်း။]

ပုရိသသဏ္ဌာနံ၊ ယောကျ်ား၏ သဏ္ဌာန်ဟုဆိုအပ်သော။ မဿုဒါဌိကာဒိသဗ္ဗံ၊ မုတ်ဆိတ်ကျင်စွယ် အစရှိသော အလုံးစုံသည်။ အန္တရဟိတံ၊ ကွယ်ပျောက်၏။

ဤဝိနည်းအဋ္ဌကထာအလိုအားဖြင့် မုတ်ဆိတ်ကျင်စွယ် အစရှိသည်သည် ပုရိသလိင်မည်၏။ အဋ္ဌသာလိနီ (အဘိ ဋ္ဌ၊၁၊၃၅၇)၌ တတ္ထ လိင်္ဂန္တိ သဏ္ဌာနံ၊ ဣတ္ထိယာဟိ ဟတ္ထပါဒဂီဝါ ဥရာဒီနံ သဏ္ဌာနံ န ပုရိသာသ ဝိယ ဟောတိ-ဟု မိန့်အပ်၏။

အဋ္ဌသာလိနီ အလိုအားဖြင့် လက်, ခြေ, လည်ပင်း, ရင် စသည်သည် လိင်မည်၏။ နိမိတ္တန္တိ သဥ္ဇာနနံ၊ ဣတ္ထီနဥ္ဟိ ဥရမံသံ အဝိသဒံ ဟောတိ၊ မုခံ နိမ္မဿု-

ဒါဠှိကံ-ဟု အဋ္ဌသာလိနီ၌ မုတ်ဆိတ်ကျင်စွယ်စသည်သည် နိမိတ္တမည်ကြောင်းကို မိန့်တော်မူ၏။

အရှင်မဟာဗုဒ္ဓဃောသ ဆရာသည် ဝိနယဘာဏက, အဘိဓမ္မဘာဏက အလျောက် မိန့်တော်မူသည်။ မိမိ၏ စကားချင်းမညီဟု အပြစ်တင်ရန် မရှိ။ တတ္ထ ဣတ္ထိနံ အင်္ဂဇာတံ ဣတ္ထိလိင်္ဂံ။ (အဘိဓမ္မတ္ထဝိဘာဝနီဋီကာ-၁၉၇)။ အဋ္ဌကထာနည်းမှ တစ်နည်းမှတ်။ ဣတ္ထိသဏ္ဌာနံ၊ မိန်းမ၏ သဏ္ဌာန်ဖြစ်သော။ ထနာဒိကံ၊ အသားမြတ်စသည်သည်။ဥပ္ပန္နံ၊၏။ ဣတ္ထိလိင်္ဂန္တိ ထနာဒိကံ ဣတ္ထိသဏ္ဌာနံ ဝုတ္တန္တိ အာဟ ပုရိသ ။ပ။ ဣတ္ထိသဏ္ဌာနံ ဥပ္ပန္နန္တိ။ (ဝိမတိဝိနောဒနီ ၁၊၁၅၄။) အဿ၊ ထိုဘိက္ခုနီမ၏။ (သံဂမိတုံ-မှာစပ်)ဝသိတုံ၊ နေခြင်းငှာ။ ယသ္မာ၊ ကြောင့်။ အပ္ပဋိရူပံ၊ မလျောက်ပတ်။ တသ္မာ၊ ကြောင့်။ ဘိက္ခုနူပဿယံ၊ သို့။ ဂန္တွာ၊ ၍။ ဘိက္ခုနီဟိ၊ တို့နှင့်။သဒ္ဓိံ၊ တကွ။ ဝသိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ အယံ အဓိပ္ပါယော၊ သည်။ ဝုတ္တံဝုတ္တော၊ သည်။ ဟောတိ၊ ၏။သမ္ဘာပိ၊သော။တာ အာပတ္တိယော၊ တို့ကို။ (ဝုဋ္ဌာတုံမှာ စပ်) ဝုဋ္ဌာတုံ-၌ ကာရိကဏာပေ-ပစ္စည်းကျေသတည်း။ ဝိမတိဝိနောဒနီကိုထောက်။

ဧတ္ထ စ ဒုဒ္ဒသဝတ္တုမှို၊ တတ္ထ၊ ထိုသို့ လိင်ကွယ်ပြောင်းရာ၌။ အာပတ္တိ၊ ကို။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဤသို့ ပါဠိသေသ ဆောင်၍ အနက်ပေး။

နိဒ္ဒိ၊ သို့။ ဩက္ကန္တာနံ၊ သက်ကုန်သော။ ဒွိန္နံ၊ သော။ ဘိက္ခုနံ၊ တို့တွင်။ ကေသာ၊ အား။ ဒွါရံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓတည်းဟူသော အကြောင်းကို။ ပရိယတ်သည် ပဋိပတ်၏အကြောင်း, ပဋိပတ်သည် ပဋိဝေဓ၏ အကြောင်း, မဂ်ဖိုလ်ပဋိဝေဓသည် နိဗ္ဗာန်ပဋိဝေဓ၏အကြောင်း။

ဓမ္မောတိ ပရိယတ္တိပဋိပတ္တိပဋိဝေဓသင်္ခါတော တိဝိဓောပိ သဒ္ဓမ္မော ဟူသော သာရတ္ထဒီပနီ (၂၊ ၁၀၂) စကားကို မှီးသတည်း။

လဇ္ဇိနိယော သစေပိ ဟောန္တိ၊ တထာပိ ယသ္မာ သင်္ဂါဟိကာယော န ဟောန္တိ၊ တသ္မာ အညတ္ထ ဂန္တုံ လဗ္ဘတိ။ သစေ၌ ပိ-ကျေ၊ နောက်ဝါကျ သစေ၌လည်း ပိ ကျေ။ ပန ကိုလည်း တထာပိအနက်ပေး။ ယသ္မာ တသ္မာ ထည့်။ တတိယ ဝါကျ၌လည်း သစေ၌ ပိ-ကျေ။ ပန ကိုလည်း တထာပိ အနက်ပေး၊ ယသ္မာ, တသ္မာထည့်။

ပရိဒ ၁၀စရော၊ ပရိသတ်ဘောင်၌ ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာ၏ အဖြစ်ဖြင့် ကျင်လည်ကျက်စားသည်။ ။ဝိနယကမ္မံ၊ ဝိကပ္ပနာဝိနည်းကံကို။ ပကတတ္တော၊ မပြန်သောလိင်ရှိ၍ ပကတိသဘောရှိသော အဖော်ရဟန်းသည်။

အနုပေက္ခဝိဿဇ္ဇနေနာတိ အညဿ အဒတွာဝ အနုတ္တိကတာယ နတ္ထိ ဣမိနာ ကမ္မံ၊ န ဣဒါနိ နံ ပရိဘုဉ္ဇိဿာမီတိ ဝတ္တုံသု ဝါ “ပုန ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိဿာမီ”တိ ပဋိဂ္ဂဟဏေ ဝါ အနပေက္ခဝိဿဇ္ဇနေန။ (သာရတ္ထဒီပနီ။ ၂။ ၁၀၅)။ ။အနပေက္ခ ဝိဿဇ္ဇနေနာတိ ဝတ္ထုံ အနပေက္ခဝိဿဇ္ဇနေန ဝါ ပဋိဂ္ဂဟဏေန ဝါ ပုန ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိဿာမီတိ။ ။(ဝဇိရဗုဒ္ဓိဋီကာ။ ၁၁၄)။ ။အနပေက္ခာ ဝိဿဇ္ဇနေနာတိ အညဿ အဒတွာဝ အနုတ္တိကဿေဝ ပဋိဂ္ဂဟိတ ဝတ္ထုနော ဗဟိ ဆဍ္ဍနေန။ ပ ။သာရတ္ထဒီပနိယံ ဟိ အနပေက္ခ ဝိဿဇ္ဇနေနာတိ ဧတ္ထ အညဿ အဒတွာဝ အနုတ္တိကတာယ နတ္ထိ၊ ဣမိနာ ကမ္မံ န ဒါနိ နံ ပရိဘုဉ္ဇိဿာမီတိ ဝတ္တုံသု ဝါ ပုန ပဋိဂ္ဂဟေတွာ ပဋိဘုဉ္ဇိဿာမီတိ ပဋိဂ္ဂဟဏေ ဝါ အနပေက္ခဝိဿဇ္ဇနေနာတိ ဧဝံ ပရိဘုဉ္ဇိတုကာမဿေဝ ပဋိဂ္ဂဟဏမတ္တဝိဿဇ္ဇနမ္ပိ ပဋိဂ္ဂဟဏဝိဇဟနကာရဏံ ဝုတ္တံ၊ တံ နဂဟေတဗ္ဗံ။ (ဝိမတိ ဝိနောဒနီ ၁၊၁၅၈)။ ။ဝိမတိဝိနောဒနီစကား ဂရု ဖြစ်သတည်း။

ဝိနည်းအရာ၌ ဂရုက လဟုက နှစ်ပါးရှိမူ ဂရုက၌ တည်ရိုးတည်း၊ ပါစိတ် သန္နိဓိကာရ သိက္ခာပုဒ်အဖွင့်၌လည်း ဋီကာဝါဒ ကွဲသတည်း၊ ဝိမတိဝိနောဒနီ ဋီကာလာစကားကား ဂရုဖြစ်သတည်း၊

ဘိက္ခုနီဟိ၊ တို့နှင့်။ သာဓာရဏာယ၊ သော။ ပဋိစ္ဆန္နာယ၊ သော။ အာပတ္တိယာ၊ သဉ္စရိတ္တအာပတ် စသော အာပတ်ကြောင့်။ ပရိဝသန္တဿ၊ ပရိဝသ်နေစဉ်။ လိင်္ဂံ၊ ပုရိသလိင်သည်။ သစေ ပရိဝတ္တတိ၊ အကယ်၍ ပြန်အံ့။ နောက်၌ သဉ္စရိတ္တာပတ္တိကား ဥပလက္ခဏာနည်းတည်း၊ အာဒိဒီပကနည်း တည်း၊ ပရိဝါသ်နေပြီး၍ မာနတ်မကျင့်မီ သာဓာရဏ အာပတ်သင့်လည်း ပက္ခမာနတ်ကိုသာ ပေးအပ်၏။ အဋ္ဌကထာ၌ “သစေ ဘိက္ခုနီတိ၊ ။ ပ ။ ပုန ပက္ခမာနတ္တမေဝ ဒါတဗ္ဗံ” စကားကို မိဂပဒဝလဉ္ဇနနည်းအားဖြင့်သာ မိန့်ဆိုတော်မူအပ်သတည်းဟု မှတ်အပ်၏။ထို့ကြောင့် သာရတ္ထဒီပနီ၌ အာစရိယဝါဒ၊ ထွက်သတည်း။ ။

ဆာရတ္တံ မာနတ္တမေဝ ဒါတဗ္ဗံ ဟူသောစကားကို မိန့်ဆိုတော်မူသည်ကား ရဟန်းဖြစ်စဉ်က ပရိဝါသ်နေပြီးဖြစ်သောကြောင့် မိန့်ဆိုတော်မူသတည်း။ သစေ မာနတ္တံ ဧရန္တဿ ပရိဝတ္တတိ ဟူသော အဋ္ဌကထာစကားကို လော်။

ပက္ခမာနတ္တံ၊ ကို။ စရန္တိယာ၊ ကျင့်စဉ်။ လိင်္ဂံ၊ ဣတ္ထိလိင်သည်။ သစေပရိ· ဝတ္တတိ၊ အံ့။ ဧဝံ သတိ၊ သော်(ဝါ) ကြောင့်။ တေန ပက္ခမာနတ္တေန၊ ဖြင့်။ အတ္ထော၊ အကျိုးသည်။ ယသ္မာ၊ ကြောင့်။ နဟောတိ၊ ရှိသည်မဖြစ်။ တသ္မာ၊ ကြောင့်။ ဆာရတ္တမာနတ္တမေဝ၊ ကိုသာလျှင်။ ဒါတဗ္ဗံ၊ ၏။လိင်ပြန်၍ ရဟန်း

ယောကျ်ားဖြစ်ကာလ မဖုံးလွှမ်းသောကြောင့် ဆာရတ္တမာနတ်ကိုသာ ပေးအပ်သည်ဟု ဟိတ်ကူကိုထည့်လေ။ တာသု ပဋိပဿဒ္ဓိ ဧဝ၊ ဣတိအယံ ပါဠိမုတ္တော ဩက္ကန္တိက ဝိနိစ္ဆယော။

ဒါရုမိတလိကာ၌ ဝိဂ္ဂဟ်ကား၊ အတ္တနော မိတာ ဝိယ ဝတ္တာလက်ာရေဟိ အာလာပိယတိ ဘူသာပိယတိ အလင်္ကာရိယတီတိ မိတလိကာ။ ဒါရူဟိ ကတာ-မိတလိကာ ဒါရုမိတလိကာဟု ဝစနတ္ထပြု၍ သစ်သားမိန်းမရုပ်ကို ရသတည်း၊ ထို့ကြောင့် "ဒါရုမိတလိကာ နာမ ကဋ္ဌရူပံ"ဟု မိန့်အပ်သတည်း။

အလ-ဘူသနေ၊ အလတိ။ အလင်္ကာရော၊(ဓာတုမာလာ။ နီတိဓာတု ၁၆၂) ဝါသိ ဘူသ အလင်္ကာရေ။ ဝါသတိ၊ ဘူသတိ၊ ဝိဘူသတိ။ ဘူသနံ၊ ဝိဘူသနံ။ (ဓာတုမာလာ။၁၇၃) စ၊ ဆက်၍ဆိုဦးအံ့။ ဣမေသု ဒွိသုဝတ္ထုသု၊ တို့၌။ ဒုက္ကဋံ၊ သည်။ ဟောတိ ယထာ၊ သို့။ ဧဝံ တာဝ၊ ထိုအတူ။ ။ဧဋ္ဌာ၊ မိုက်ကုန်သည် ဖြစ်၍။ဗာလော ဒတ္တု ဧဋ္ဌော မူဠ္ဟော၊(အဘိဓာန်ဝိသေသျာဓိနဝဂ်။၇၂၁-ဂါထာ) ဝဋ္ဋကတော၊ အိမ်ခွေး ့မြေခွေးစသည်တို့သည် ကိုက်ခဲသောအားဖြင့် ပြုလုပ်အပ်သော ဟင်းလင်းပေါက်ရှိသော။ တနည်းကား ဝဋ္ဋကတေ ဝဋ္ဋကတတ္တာ၊ ကြောင့်။ ဝိဝဋ္ဋေ၊ ဖွင့်သော။ မုခေ၊ ခံတွင်း၌။ ဝဋ္ဋကတေကိုဆင့်၍ ဝိဝဋ္ဋေဖြင့် ဖွင့်သတည်း၊ သို့ဖွင့်သောကြောင့်ပင် ဝဋ္ဋကတေ၌ ဝဋ္ဋပုဒ်မှာ ဝရ–ဓာတ် တ–ပစ္စည်း၊ ဒုက္ကဋ၌ကဲ့သို့ ဒန္တဇ တ-ကို မုဒ္ဓဇ ဋ–ပြုသည်ကို သိအပ်၏။

"ဩဋ္ဌေန ဝရိယတိ သံဝရိယတိ ပိဒဟိယတီတိဝဋ္ဋံ"ဟု ဝစနတ္ထပြု၊ ဝရ ဝရဏ သမ္ဘတ္တီသု၊ ဝရဏံ ဝတ္တံ ဗြဟ္မစရိယာဒိ ဟူသော ဏျာဒိမောဂ္ဂလာန် (ဂ၃-သုတ်)ကို မှီးသတည်း။

တတ္ထ၊ ထိုသူ့ားတို့မှ ပြင်ဘက်နှုတ်ခမ်းသားတို့၏ အတွင်းအရပ်၌။ ။ပန၊ အဖွိတပါးကို ဆိုဦးအံ့။ ဩဋ္ဌမံသေ၊ကို။ ဥပ္ပါဋိတေ၊ ခွာနုတ်၍ ပစ်အပ်သည်ရှိသော်။ ။ဗဟိ၊အပသို့။ နိက္ခမိတ္ဂာ၊ ထွက်၍။(ဝါ)ခေါ်၍။ တတ္ထ၊ ထိုအပသို့ ထွက်၍ ခေါ်၍ တည်သော သွား၌။ ဂိဝါယ၊ ၏။ ဥပရိ၊ အထက်၌။

ပေတိဝတ္ထု၌ နိဗ္ဗာမတဏှိကာစသော ပြိတ္တာမတို့သည် ရှိကုန်၏။ထိုပြိတ္တာမတို့သို့မေထုန်မှီဝဲခြင်းကို မဆိုထားဘိဦး။ချဉ်းကပ်ခြင်းငှာလည်းမတတ် ကောင်းကုန်သည်မဟုတ်လော့။သို့ပါလျက် အဘယ်ကြောင့် ပြိတ္တာမ၌ မေထုန်မှီဝဲသောရဟန်းသည် ပါရာဇိကသို့ ရောက်သနည်းဟု စေတနာရန်ရှိသောကြောင့် ပေတိဝတ္ထုမှိစသည်ကို မိန့်အပ်သတည်း။

ပေတိဝတ္ထုမှို၌။ နိဗ္ဗာမတဏှိကာဒိ ပေတိယော၊ တို့သည်။သန္တိ၊ ၏။တာသံ တို့သို့။အလ္လိယိတုမ္ပိ၊ချဉ်းကပ်ခြင်းငှာလည်း။ကိဥ္စာပိ န သက္ကာ၊ရှင့်။ပန တထာပိ၊ လည်း။ယသ္မာ၊ကြောင့်။ ယ ာသံ ဝိမာနပေတီနံ၊ တို့၏ ။ပ။ အနုဘောန္တိ၊ ၏။ တာ၊ဝိမာနပေတိယော၊ တို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။တသ္မာ၊ကြောင့်။ဝေရူပါ- ယ၊ သော။ပ။သစေပညာယန္တိ၊အံ့။ပေသန္တေသု၊ သော်(ဝါ)ကြောင့်။ တာသုဝိ- မာနပေတီသု၊တို့၌။ မေထုနံ ဓမ္မံ၊ကို။ ပဋိသေဝန္တော၊ သော။ ဘိက္ခု၊ သည်။ ပါရာဇိကံ၊သို့။ အာပဇ္ဇတိ၊၏။ ယက္ခိယာဝါ စကားကို ပြိတ္တာမနှင့် အလားတူ သောကြောင့် ဤပေတိဝတ္ထု၌ရေ၍ ဆိုသတည်း။

အယ ဘိက္ခုနော ဒုက္ကဋမေဝ ကိဥ္စာပိ ဟောတိ သမ္ဘဝေယျ ပန တထာပိ အယံ ဘိက္ခု ယသ္မာ မေထုနဓမ္မေ ဝိရဇ္ဇိတွာ ကာယသံသဂ္ဂံ သာဒိယိတ် ဝေဒိ- တဗ္ဗော။တေန ကာရဏေန ဘဂဝါ အာပတ္တိ သံဃာဒိသေသဿာတိ အာဟ။ ကသ္မာ ဆုပိတမတ္တဝတ္ထုမှို ဘဂဝါ အာပတ္တိသံဃာဒိသေသဿာတိ အာဟ။နနု- မေထုနေ ဝိရဇ္ဇိတွာ ဝိပ္ပဋိသာရိဿ ဒုက္ကဋမေဝ သမ္ဘဝေယျာတိ စောဒနံ သန္ဓာယာဟ ဆုပိတမတ္တဝတ္ထုသ္မိန္တိ အာဒိ။

**ဘဒ္ဒိယဝတ္ထု၌** ဘဒ္ဒိယေ၊ ဘဒ္ဒိယ အမည်ရှိသော။ ဇာတိယာဝနေ၊ မြတ်လေးတော၌။ ဤသို့ အနက်ယောဇနာရ၍ မြတ်လေးတောသည် ဘဒ္ဒိယ မည်လေ သလောဟု စောဒနာရန်ရှိသောကြောင့် ဘဒ္ဒိယဝတ္ထုသ္မိံ စသည် ကို မိန့်တော်မူအပ်သတည်း။

သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ ပြယုဂ်၌ကဲ့သို့ ဘဒ္ဒိယေ ဟူသော အာဓာရသည် သာမီပိကာဓာရဖြစ်သောကြောင့် ထိုမြို့သည် ဘဒ္ဒိယမည်သည်။ ထိုကြောင့် "ဘဒ္ဒိယေ၊ ဘဒ္ဒိယမြို့၌"ဟု အနက်ပေး ဟူလိုသတည်း။

အဘယ်သို့ သဘောရှိသော တောသည် ဇာတိယာဝနမည်သနည်း၊ထိုတော၌ မြတ်လေးခြုံသာရှိသော ဇာတိယာဝန-ဟု ရအပ်သော အမည်ရှိသော တော- သည် ဇတိယာဝန မည်လေသလောဟု စောဒနာရန်ရှိသောကြောင့် ဇာတိ- ယာဝန နာမ-စသည်ကို မိန့်တော်မူအပ်သတည်း။

ယေဘုယျ နယေန၊ ဖြင့်။ ဧဝံ လဒ္ဓနာမံ၊ ဤသို့ဇာတိယာဝန-ဟု ရအပ် သော အမည်ရှိသောတောသည်။ ဇာတိယာဝနံ နာမ၊ ဇာတိ ယာဝနမည်၏။ ဇာတိယာဝနံကား၊ ဒ. လုတ္တသမာသ်တည်း၊ ထိုမြတ်လေးတောသည် ဘဒ္ဒိယမြို့ နှင့်ဝေးလေသလော၊ အကယ်၍ ဝေးအံ့၊ထိုသို့ဝေးခဲ့သော် မိန်းမတို့ မလာရောက် နိုင်ရာခဲ့သော ကြောင့် တယောက်သော မိန်းမလာသဖြင့်မြင်၍ ရဟန်း၏ အင်္ဂါ

ဇာတ်၌ထိုင်၍ အလိုရှိတိုင်းပြုပြီးလျှင် ဖဲသွားခြင်းမဖြစ်ရာသည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် တံ တဿ-စသည်ကို မိန့်တော်မူ အပ်သတည်း။

ပါဠိတော်၌ နိပန္နော ဟောတိ-ဟူ၍ လာ၏၊ သည်းစွာ အိပ်ပျော်ခြင်းသို့ မရောက်မူ၍ လျောင်းရုံသာလျောင်းလေသလော၊သို့ဖြစ်သော် တယောက်သော မိမ္မသည် အလိုရှိတိုင်း ပြုခွင့်မရရာသည် မဟုတ်လောဟု စောဒနာ ရန်ရှိသော ကြောင့် သော တတ္တစသည်ကို မိန့်တော်မူအပ်သတည်း။

ကေရသံ၊အာဝဋ္ဋန်းစသော ဝိထိစိတ်တို့နှင့် မရောသော သဘောရှိသော။ ကေသဒ္ဒါသည် အ သဟာယ အနက်ဟောတည်း။ ရသ သဒ္ဒါသည်သဘော ဟောတည်း။ သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီကို မှီးသတည်း။ တစ်နည်းကား။ ကေရသံ၊ တစ်ခုတည်းသော ဘဝင်ကိစ္စရှိသော။ ဘဝင်မေဝ၊ သည်သာလျှင်။ နဒီသောတော ဝိယ၊မြစ်ရေအလျဉ်ကဲ့သို့။ ဝတ္တတိ၊ ဖြစ်၏ဟု အနက်ပေး။

အာဝဋ္ဋန်း စသော ဝိထိစိတ်တို့မှာ အာဝဋ္ဋနဒဿနစသော ကိစ္စအများ ထိုက်သည်အားလျော်စွာ ရှိသကဲ့သို့ ဘဝင်မှာ မရှိ၊ ဘဝ၏အကြောင်း၏ အဖြစ် တည်းဟူသော တကိစ္စသာရှိသည် ဟူလိုသတည်း။ ဤသည်ကား ငါ၏နည်း တည်း။

ကိလိန္နံ ပဿိတွာ၌ အိပ်ပျော်စဉ် ကျင်ကြီးကျင်ငယ် သွားသောကြောင့် ကျင်ကြီးကျင်ငယ်တို့ဖြင့် ညစ်နွမ်းသော မိမိအင်္ဂါဇာတ်ကို မြင်လေသလောဟု မေးရန် ရှိသောကြောင့် ကိလိန္နံ ပဿိတွာတိ-စသည်ကို မိန့်တော်မူအပ် သတည်း။ အသုစိကိလိဋ္ဌံ၊ မိန်းမ၏ သုက်သွေးဖြင့် ညစ်နွမ်းသော မိမိ၏ အင်္ဂါ ဇာတ်ကို။ ။ဝုဋ္ဌဟန္တော၀၊ ထဆဲဖြစ်၍သာလျှင်။ဧဝ—ဖြင့် ထ၍ကြွသည်ကို ကန့်၏ ။

သင်္ဂါမ သီသယောဓော၊ စစ်မြေဦး၌ သူရဲကောင်းနှင့် တူသော။ဘိက္ခု၊ရဟန်း ပါပေတည်း။

ဗေတ္တဝတ္ထုမှ၊ တံခါးမကို ဖွင့်၍ အိပ်သော ဝတ္ထု၌။ ကိဥ္စာပိ န ဝုတ္တာ ပန တထာပိ ဒုက္ကဋံ ဥပါလိတ္ထေရာဒီဟိ မဟာအဋ္ဌကထာယံ ဝုတ္တံ ဟု အနက်ပေး ။ ဒုက္ကဋံ ပသ္မာ ဝုတ္တံ၊ တသ္မာ ဧတ္တ အာပတ္တိ ဝိညာယတိတ် ယောဇနာ။ ဝိနယာ-လင်္ကာရ။(၁၁၂) ။တေ ဒုက္ကဋံ သိဒ္ဓံ။ ။ပရိဝတ္တကဒွါရမေဝ အလွယ်တကူ ဖွင့်လှစ်ကောင်းသော တံခါးသည်သာလျှင်။ ဂေါရူပါနံ၊ နွားတို့၏။ ရူပ-ပုဒ်ကား ပါရာဇိကဏ် တတိယ သံဂိတိလာ ရောဟိတမိဂရူပ ပုဒ်၌၊ ရူပ-သဒ္ဒါသည်

"ရောဟိတမိဂရူပန္တိ ဂေါကဏ္ဏမိဂဝေသံ" ဟု သာရတ္ထဒီပနီ (၁။၁၆၀) ဖွင့်သည်နှင့်အညီ အသွင်သဏ္ဌာန်အနက်ကို ဟောသကဲ့သို့ အသွင်သဏ္ဌာန် အနက်ဟောမဟုတ်။ မာသက ရုပ်ပိ၊ ပဲကိုလည်း (ပါရာဇိကကဏ် ဒုတိယ သံဂီတိ၊ ၄–၁၂၆) ရုပ–ကား တဗွော။ မာသကော ယေဝ မာသကရူပံ(သာရတ္ထ ဋီ ၁၊ ၁၁၃။) မောင်းထောင် ပါရာဇိကဏ်နိဒါန်း ဂဏ္ဌိ၌ မိန့်အပ်သည်နှင့်အညီ မာသကရုပ်ပုဒ်၌ ရူပသဒ္ဒါကဲ့သို့ အနက်မရှိ တဗ္ဗောတည်း။

ဝေဏုသလာကာ၊ ဝါးခြမ်းစိပ်တို့ကို။ ဂေါပွေတွာ၊ ဖရိုဖရဲ မကြဲရအောင် စောင့်ရှောက်သောအားဖြင့် သိ၍။ ။ဂုပ ရက္ခဏေ၊ ဂေါပတိ၊ ဂေါပကော၊ (ဓာတုမာလာ ၁၂၀) အာပတ္တိ၊ သည်။ ကိဋ္ဌာပိ နတ္ထိ၊ ပန တထာပိ သံဝရိတွာ နိပဇ္ဇိတဗ္ဗံ။ ယသ္မာ တေ ဝတ္တံ၊ တသ္မာ သံဝရိတွာ နိပဇ္ဇိတဗ္ဗံ။

သူစိဃဋိကာဒီသု၌ သူစိသရုပ် ဃဋိကာ သရုပ်ကို သုစီတိ မဇ္ဈေ ဆိဒ္ဒံကတွာ ပဝေသိတာ။ ဃဋိကာတိ ဥပရိ ယောဇိတာ" ဟု ဝိနယာလင်္ကာရဋီကာ(၁၊၁၁) ဒိဝါသယန ဝိနိစ္ဆယ၌ မိန့်တော်မူသည်အားလျော်စွာ တံခါးအကျဉ်သည် သူစိမည်၏၊ တံခါး၏အထက်မှထိုးသော မင်းတုပ်သည် ဃဋိကာမည်၏ဟု မှတ်အပ်၏။

ယသ္မာ ဘိန္နော ဝါ ဟောတိ၊ အဠ္ဌပိတော ဝါ ဟောတိ၊ တသ္မာ သံဝရိတုံ အထ န သက္ကောတိ၊ နဝကမ္မတ္ထံ ပ။ ကတော ဝါ အထ ဟောတိ၊ ယထာ ယေန အာကာရေန အဋ္ဌေ ဗန္ဓိယမာနေ သံဝရိတုံ န သက္ကောတိ၊ တထာ တေန အာကာရေန အဋ္ဌံ ဝါ အထ ဗန္ဓန္တိ၊ ဝေံသတိ ဝေရူပေ အန္တရာယေ ဝေရူပ အန္တရာယတ္ထာ။

နိဿေဏိံ၊ လှေခါးကို။ ။နိဿေဝိယတီတိ နိဿေဏိ၊ သောပါဏံ၊ (ဏာဒိမောဂ္ဂလာန်၊ ၆၁–သုတ်)

လှေခါးကို တင်၍ အိပ်မှသာ အပ်သလောဟု မေးရန် ရှိသောကြောင့် သစေ နိဿေဏိံမတ္ထကေ စသည်ကိုမိန့်အပ်သတည်း။ ။လှေခါးကို အထက်သို့ မတင်ဘဲ တံခါးကို ပိတ်၍သော်လည်း အိပ်ရာ၏ဟုလိုသတည်း။

အယံ ဟေတ္ထ သခေ်ပေါ၌ အယံ သဒ္ဒါသည် ဒင်္ဂကရဏာဇော်တက ဟိ–သဒ္ဒါနှင့် တကွဖြစ်သောကြောင့် "ဣဒံ။ ပ။ နတ္ထိ ဟူသောစကား၏ အဆုံး၌ ဣတိ သဒ္ဒါ တိုက်ရိုက်မရှိငြားသော်လည်း တတ္ထ သံဝရဏကိစ္စံ နတ္ထိ ၏။ အဆုံး၌ "ဣတိ အယံ သခေ်ပေါ" ဟု ဣတိ သဒ္ဒါကို ဆောင်၍ အနက်ယောဇနာ ရကား ဝုစ္စမာနာ ပေက္ခသာတည်းဟု မှတ်အပ်၏။

အယံ ရှောက၊ နောက်မှာ ဣတိ၊ ရှိသည့်သဒ္ဒါ။ ကျမ်းဂန်မှာ ဝုစ္စမာနခေါ်။ ဟူသော နိယံ၌ တိုက်ရိုက်ရှိမှုသာမဟုတ်၊ ဆောင်၍ရှိလည်း အရှိဟုမှတ်အပ်၏။

ဣဒံ ဒိဝါ ပဋိသလ္လီယနံ-စသောစကားဖြင့် လောဟပါသာဒါဒိသု-စသော စကားကို အကျဉ်းအားဖြင့်၊ ပြမြဲစေသတည်း။ ။ဟိ သ-စ္စံမှန်၏။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ ဧတ္ထ ဤတံခါးကိုပိတ်၍ အိပ်ရာ၌။ သင်္ခေပေါ၊ အကျဉ်းတည်း။ သင်္ခေပစကား၏ တတ္ထသံဝရဏကိစ္စံနတ္ထိမှာဆုံးသည်၏အဖြစ်ကို အနုဇာနာမိ ဘိက္ခဝေ ဒိဝါပဋိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတုန္တိ (ဝိ·၁၊၄၇)ဟု ပါဠိတော်လာတိုင်း ဒိဝါပဋိသလ္လီယန ဝိနိစ္ဆယ ဤကွင်ပြီးသော ကြောင့် သိသတည်း။

ရတ္တိံ ဒွါရံစသော စကားကိုမူကား၊ ဒိဝါပဋိသလ္လီယနနှင့် ရတ္တိပဋိသလ္လီယန သည် ပဋိသလ္လီယနချင်း စပ်လျဉ်းသောကြောင့်ဆိုသတည်း။ အယံပေတ္ထ၊ သင်္ခေပေါအရမဟုတ်၊ အကယ်၍ သင်္ခေပေါအရဖြစ်ခဲ့သော် သင်္ခေပေါဆိုလေသမျှလည်း ဝိတ္ထာရဖြစ်သောကြောင့် အယံပေတ္ထ ဝိတ္ထာရောဟူ၍သာ ဆိုရာ ကြသတည်း။ အယံ သဒ္ဒါ ဝုစ္စမာနပေက္ခဖြစ်ကြောင်းကို ဆိုအပ်ပြီးသော အကြောင်းကြောင့်သာ သိအပ်သည်မဟုတ်၊ ဝဇိရဗုဒ္ဓိဋီကာ (၁၁၇-နှာ)၌ အယံပေတ္ထသင်္ခေပေါတိ ဣဒါနိဝတ္တဗ္ဗံသန္ဓာယဝုတ္တံ ဟု မိန့်တော်မူသောကြောင့် လည်း သိသတည်း။

အရုဏော၊ အရုဏ်ဦးသည်။ (ဝါ) အရုဏ်အစသည်။ဥဂ္ဂတော၊ တက်ပြီးသည် ရှိသော် (ဝါ) တက်ပြီးမှု။ ဥဋ္ဌဟတိ၊ လျှောင်းခြင်းဣရိယာပုဒ်မှ ယဒ့်။ အနာ-ပတ္တိ၊ အာပတ်မသင့်။ အရုဏ်ဟူသည် ထွက်စသောနေ၏ နီမြန်းသောအရောင် တည်း။ထို့ကြောင့် ဝိနယာလင်္ကာရဋီကာအရုဏကထာ ဝိနိစ္ဆယ၌။ “သူရိယဿ ရက္တပဘာယေဝအရုဏောနာမ”(၁/၂၂)ဟု မိန့်အပ်၏။နေထွက်စအခါမှာ နေ၏ နီမြန်းသောအရောင်သည် ကာလမြင့်ရှည်တ[illegible]လေငြားသော်လည်း နီမြန်းသော အရုဏ်ဦးကိုသာ အရုဏဟု ယူအပ်၏။ ထို့ကြောင့် စူဠဝါပါတိမောက္ခဒွပနခန္ဓက အဋ္ဌကထာအဖွင့် သာရတ္ထဒီပနီ(၃၊၃၄၀)၌ ဥဒ္ဓသ္တေအရုဏေတိ ဥဂ္ဂတေ အရုဏ-သီသေဟု အဦးဟော သီသသဒ္ဒါနှင့်တကွ မိန့်အပ်၏။ ထို့ကြောင့် “အရုဏော၊ အရုဏ်ဦး, အရုဏ်အလယ်, အရုဏ်အဆုံးအားဖြင့် အရုဏ်အလုံးစုံသည်”ဟု အနက်မပေးလင့်။ အရုဏ်အလုံးစုံတက်ပြီး မဟုတ်သော်လည်း အရုဏ်ဦး အရုဏ်အစ တက်ပြီးဖြစ်သောကြောင့် အတိတ်ကာလ၌ သက်အပ်သော က-ပစ္စည်းနှင့်တကွဖြစ်သော အရုဏော ဥဂ္ဂတော စကားသည် လက္ခဏာ ဟာမိ ဖြစ်သ တည်း။ ထို့ကြောင့် အရုဏ်ဦး အရုဏ်[illegible] တက်ပြီးဖြစ်သော်လည်း နီမြန်း

သော အရုဏ်အလယ် အရုဏ်အဆုံးအတွင်းမှာ လျှောင်းခြင်း ဣရိယာပုထ်မှ ထရကား အရုဏ်တက်ခြင်းကြိယာနှင့် လျှောင်းခြင်း ဣရိယာပုထ်မှ ထခြင်းကြိယာပြိုင်သည်ကို စွဲ၍ အနာဒရသတ္တမီ မဖြစ်သင့်၊ ရုဒတောဒါရကဿပဗ္ဗဇိံယုဂ်၌ အန္တပစ္စည်းက ပစ္စုပ္ပန်ကာလ၌ သက်အပ်သည်နှင့် သူငယ် ငိုမှုစ၍ မပြီးဆုံးသရွေ့ကာလပတ်လုံး ပစ္စုပ္ပန်ဖြစ်ရကား သူငယ်ငိုခြင်းကြိယာအစ အခါမှာ အဖရုဟန်းပြုသည်ဖြစ်စေ, ငိုခြင်းကြိယာအလယ်အခါမှာ အဖရုဟန်းပြုသည်ဖြစ်စေ, သူငယ်ငိုခြင်းကြိယာဆုံးဆဲမှာ အဖရုဟန်းပြုသည်ဖြစ်စေ ရုဒတော-ဒါရကဿ သည် အနာဒရသတ္တမီဖြစ်သတည်း။

အနာပတ္တိ-ဖြစ်ရမှာ အကြောင်းကား— သုဒ္ဓစိတ္တေနနိပန္နဿ၊ နိဒ္ဒါယန္တ-ဿဝ အရုဏော ဥဂ္ဂစ္ဆတိ ဥဂ္ဂတေယေဝ နိဒ္ဒါဝသေနေဝ အနာပတ္တိ-ဟု သာရတ္ထဒီပနီ (၂၁၁၀-နှာ)၌ မိန့်အပ်သည်နှင့်အညီ အရုဏ်မတက်မီ လျှောင်းခြင်း ဣရိယာပုထ်မှ ထအံ့ဟု စင်ကြယ်သောစိတ်ဖြင့် လျှောင်းသည်လည်းတစ်ကြောင်း, အိပ်ပျော်သည်လည်းတစ်ကြောင်း ဤနှစ်ပါးသောအကြောင်းတည်း။ ဤသာရတ္ထဒီပနီ စကားတွင် သုဒ္ဓစိတ္တေန နိပန္နဿ စကားဖြင့် အနာဒရိယဒုက္ကဋ်ကို ဇင်စေသတည်း။ အရုဏော ဥဂ္ဂစ္ဆတိယေဝ နိဒ္ဒါဝသေနေဝ စကားဖြင့် ဒိဝါပဋိ-သလ္လီယန ဒုက္ကဋ်ကို စင်စေသတည်း၊ သုဒ္ဓစိတ္တေန နိပန္နဿ နိပန္နတ္တာ နိဒ္ဒါယန္တ-ဿဝ နိဒ္ဒါယန္တတ္တာဝ အရုဏော ဥဂ္ဂစ္ဆတိယေဝ၊ နိဒ္ဒါဝသေနေဝ အနာပတ္တိ ဟုသာရတ္ထဒီပနီမှာ အနက်ယောဇနာ။

ပဗုဇ္ဈိတွာ၊ နိုး၍။ ပုန၊ တစ်ဖန်။ သစေ သုပတိ၊ အကယ်၍လျှောင်းခြင်း ဣရိယာပုထ်မှ မထဘဲ အိပ်မြဲတမ်းအိပ်ပြန်အံ့။ ဗဟုဒေဝရတ္တိံ၊ များစွာသော ညဉ့်ပတ်လုံး။ ဇဂ္ဂိတွာဝါ၊ မပျောက်မပျက်ရအောင် ကမ္မဋ္ဌာန်းကို စောင့်ရှောက်၍လည်းကောင်း။ အဒ္ဓါနံ၊ သို့။ ဂန္တွာ၊ ၍။ ကိလန္တရူပေါ၊ ပင်ပန်းသောသဘောရှိသည်။ ဟုတွာဝါ၊ ၍လည်းကောင်း။ ကဏ္ဍဇတတိယဂ-နှင့် ဇဂ္ဂမာတိ၊ မာတု-မာလာမှာ မလာငြားလည်း ဤဇဂ္ဂိတွာပြယုဂ်ကို ထောက်၍။ ကဏ္ဍဇတတိယဂ-နှင့် ဇဂ္ဂမာတိလည်းရှိကြောင်းကို သိအပ်၏။ တံ့ အဇ္ဇ ဒဿဒိံ ကတွာ မမင္ဂုနေဋ္ဌတွာ မမ မာတရံ သဟတ္ထာ နှာပေန္တောဘောဇေန္တော ပါယေန္တော ပဋိဇဂ္ဂိဟိ (ကော-နိပါတ်ဇာတ် အဋ္ဌကထာ ဣတ္တိဝဂ် အသာတမန္တပဋ္ဌမ။ (ဇာတက ဌ၊၁။၃၀၄) ဤဇာတ်အဋ္ဌကထာကို ထောက်၍လည်း ကဏ္ဍဇတတိယ ဂ-နှင့် ဇဂ္ဂမာတ်လည်း ရှိကြောင်း သိအပ်၏။ ပဋိဇဂ္ဂါဟိ၊ အညစ်အကြေးမရှိအောင် စင်ကြယ်စေခြင်း, ထမင်းကြွေးခြင်း, ရေတိုက်ခြင်းတို့ဖြင့် စောင့်ရှောက်လေလော့။ ဇဂ္ဂ-မာတ်သည်

ရက္ခနအနက်ဟောတည်း။ အပ်ံ ဣမိနာ ဗြာဟ္မဏေန ကိစ္စေန ပဋိဇဂ္ဂိတော၊ (ကေနိပါတ် နန္ဒိဝိသာလဇာတ် အဋ္ဌကထာ (ဇာတက ဋ္ဌ၊ ၁၊၂၁၇)သာ တံ ယာဂုဘတ္တာဒီဟိ ပဋိဇဂ္ဂမာနာ မုတ္တဋ္ဌာနေ ဌပေတွာ ဝဍ္ဎေသိ (ကေနိပါတ်ကုရုင်္ဂဝဂ် ကဏှဇာတ် အဋ္ဌကထာ (ဇာတက ဋ္ဌ၊၁၊၂၁၀) ဤဇာတ်အဋ္ဌကထာကို ထောက်၍ ကဏ္ဍဇဟတိယ ၈-နှင့် ဇဂ္ဂဓာတ်လည်းရှိသည်ကို သိအပ်၏။

နိပန္နဂေ ၁ယေဝဠ် ဝေသဒ္ဒါဖြင့် ပါဒေပန-စသော ဒုတိယဝါကျလာ ရဟန်း နှစ်ပါးကို ကန့်။ ဖွဲ၍ အိပ်စေအပ်သော ရဟန်းကိုခွင့်ပြု။ နိပဇ္ဇာပိတော၁ဝဠ် ဝေ- သဒ္ဒါဖြင့် ကေဘဂ်နိပန္နရဟန်း နှင့်တကွ ယက္ခဂဟိတကရဟန်း, ဝိသညီဘူတရဟန်း တို့ကိုကန့်။နိသိဒိတွာ အပဿာယ စသောနှစ်ဝါကျလာ ရဟန်းနှစ်ပါးကိုခွင့်ပြု။ မဟာအဋ္ဌကထာယံ မဟာပဒုမထေရေနဝုတ္တံဠ် မဟာအဋ္ဌကထာ အတွင်းမှာ မဟာပဒုမထေရ်သည် မိမိ၏စကားကိုထည့်၍ဆိုသည်ဟုမှတ်အပ်၏။ မဟာအဋ္ဌ- ကထာကို အရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာအရှင်မြတ်တို့သာ စီရင် တော်မူကုန်သတည်း။ အရှင်မဟာပဒုမထေရ် စီရင်တော်မူသည် မဟုတ်၊ အရှင် မဟာဗုဒ္ဓဃောသဆရာ မဟာပစ္စရိအဋ္ဌကထာဝါဒတို့ကိုဆရာပြုတော်မူ၏၊ ထိုအဋ္ဌ- ကထာနှစ်ဝါဒတို့ကို မှတ်ယူရမည်လောဟု စောဒနာရန်ရှိသောကြောင့် ဒွေ ပန ဇနာစသော စကားကို မိန့်တော်မူအပ်သတည်း။

မဟာပစ္စရိယံ ကိဉ္စာပိ ဝုတ္တံ၊ ကုရုန္ဒဋ္ဌကထာယံ ကိဉ္စာပိ ဝုတ္တံ၊ ပန တထာပိ ဟုအနက်ပေး။

ဤဒွေ ပန ဇနာစသောစကားသည် မဟာအဋ္ဌကထာလာ စကားတည်း။ ထိုစကားကို နောက်ဆုံးထား၍ မိန့်တော်မူသောကြောင့်"သဗ္ဗတ္ထ ယော ယော အဋ္ဌက ထာ ဝါဒေါ ဝါ ထေရဝါဒေါ ဝါ ပစ္ဆာ ဝုစ္စတိ သော ပမာဏတော ဒဋ္ဌဗ္ဗော"(ဝိ၊ဋ္ဌ၊၁၊၂၆၀)ဟု အရှင်မဟာဗုဒ္ဓဃောသ ဆရာမိန့်မှာတော်မူသည်နှင့် အညီ ထိုစကားကိုသာ ပမာဏပြုသောအားဖြင့် ယူအပ်၏။ သာရတ္ထဒီပနီ (၂၊၁၁၁-နှ၁)၌ မုစ္ဆိတွာ ပဟိတတ္တာထေရေန အဝိသယတ္တာအာပတ္တိ န ဒိဿ- တီတိ ဝုတ္တံ-ဟု မိန့်အပ်၏။ အရှင်မဟာပဒုမထေရ်သည် အာပတ္တိ န ဒိဿတိ စကားကို မိမိ၏အာဘောဂကို ပြသောအားဖြင့် မိန့်တော်မူသည်ဟု မှတ်အပ် ၏။ ထို့ကြောင့် အဋ္ဌကထာ၌ အာပတ္တိ ကိဉ္စာပိ နဒိဿတိ ပန တထာပိ ယသ္မာ အာစရိယာ ဝေံ န ကထယန္တိ၊ တသ္မာ တဿာပိ အာပတ္တိယေဝါတိ မဟာပဒုမ ထေရေ န ဝုတ္တံ ဟု အနက်ယောဇနာရမည်။ ဤ ဒွေ ပန စသော စကားဖြင့် မဟာပစ္စရိအဋ္ဌကထာလာ "ကေဘဂ်ေန နိပန္နကောပေ ပ မုစ္စတိ" စကားကို မပယ်။ အဘယ်ကြောင့်နည်းဟူမူ ကေဘဂ်နိပန္နရဟန်းဟူသည် ပါဒေပန ဘူမိ-

တော အမောစေတွာ စသည်ဖြင့်လာသော ရဟန်းပင်တည်း။ သာရတ္ထဒီပနီ စကားကိုထောက်။ ထိုရဟန်းမှာ အနာပတ္တိဟု အဋ္ဌကထာဆရာ သန္နိဋ္ဌာန်ကျ မိန့်တော်မူပြီးဖြစ်သောကြောင့်တည်း။ မဟာပစ္စရိအဋ္ဌကထာလာ ပါဒေ ပန ဘူမိတော မောစေတွာ နိပန္နောစသောစကားကိုလည်းကောင်း ကုရုန္ဒီအဋ္ဌကထာလာ ဗန္ဓိတွာ နိပဇ္ဇာပိတောဝ မုစ္စတိ ဟူသောစကားကိုလည်းကောင်း ပယ်တော်မူသတည်း။ ကုရုန္ဒီအဋ္ဌကထာလာ စကားကို ပယ်သည်ကား နိပဇ္ဇာပိတောဝ မုစ္စတိ-ဟု ယက္ခဂဟိတကရဟန်း, ဝိသညီဘူတရဟန်းတို့ကို ကန့်သော ဧဝ သဒ္ဒါနှင့်တကွ ဆိုသောကြောင့် ပယ်သတည်း။ ဗန္ဓိတွာ နိပဇ္ဇာပိတ ရဟန်း အာပတ်မှလွတ်သည်ဟု ဆိုသည်ကား အမှန်ပင်တည်း။ ဒေ့ပန ဇနာ စသော စကား မဟာအဋ္ဌကထာလာရင်းစကား ဖြစ်ကြောင်းကို ဒေ့ပန ဇနာတိ အာဒိပိ မဟာအဋ္ဌကထာယ*မေ*ဝစနံ-ဟူသော ဝိမတိဝိနောဒနီဋီကာ (၁၊ ၁၆၂-နှာ)စကားကိုထောက်၍လည်းကောင်း,သဗ္ဗတ္ထ ယော ယော အဋ္ဌကထာဝါဒေါ ဝါ စသော အဋ္ဌကထာလာ စကားကိုလည်းကောင်း ထောက်၍သိအပ်၏။ မဟာအဋ္ဌကထာသည် မဟာပစ္စရိအဋ္ဌကထာ ကုရုန္ဒီအဋ္ဌကထာတို့မှ ရှေးကျသော်လည်း မဟာအဋ္ဌကထာ၌ အခွင့်ပြုတော်မူအပ်သော ယက္ခဂဟိတက ရဟန်းသည် ဘူတရဟန်းနှစ်ပါး အာပတ်မှမလွတ်ဟု မဟာပစ္စရိ အဋ္ဌကထာ၌ မိန့်တော်မူသောကြောင့်လည်းကောင်း ထို့အတူပင် ကုရုန္ဒီအဋ္ဌကထာ၌ နိပဇ္ဇာပိတောဝ၌ ဧဝ-သဒ္ဒါဖြင့် မဟာအဋ္ဌကထာ၌ ခွင့်ပြုတော်မူအပ်သော ကောက်-နိပန္နရဟန်းနှင့်တကွ ယက္ခဂဟိတက ရဟန်း, ဝိသညီဘူတရဟန်းကို ကန့်သောအားဖြင့် ထိုရဟန်းတို့ အာပတ်မှမလွတ်ဟု ပြသောအားဖြင့် မိန့်တော်မူသောကြောင့်လည်းကောင်း မဟာပစ္စရိ အဋ္ဌကထာလာ "ပါဒေ ပန ဘူမိ-တော-စသော စကားကိုလည်းကောင်း၊ ကုရုန္ဒီအဋ္ဌကထာလာ ဗန္ဓိတွာ စသော စကားကိုလည်းကောင်း ပယ်အပ်သည်ဟု ဆိုအပ်သတည်း။

ကိဉ္စာပိ အကာသိ ပန တထာပိ ယသ္မာ သော ဘိက္ခု အနာဂါမီ သမုစ္ဆိန္နကာမရာဂေါ၊ တသ္မာ နသာဒိယတိ။

ပထမပါရာဇိကဒီပနီ နိဋ္ဌိတာ။

မန္ဒာတ်မင်းသည်တိကနိပါတ် သက်ပ္ပဝဂ်အဋ္ဌမဇာတ်၌ လာ၏။ မဟာဂေါဝိန္ဒမင်းသည် သုတ်မဟာဝါ မဟာဂေါဝိန္ဒသုတ်၌ လာ၏။ သော စ ဂိဇ္ဈာ စသော ပထမစကားဖြင့် "ဂိဇ္ဈာ ဧတ္ထ သန္တီတိ ဂိဇ္ဈံ။ ကူဋံ။ ဂိဇ္ဈံ ကူဋံ ဧတဿာတိ ဂိဇ္ဈ ကူဋော-ဟူသော ဝစနတ္ထကို ပြသတည်း။ ဂိဇ္ဈသဒိသာနိ ဝါ စသော ဒုတိယ

စကားဖြင့် ဂိဇ္ဈံ ဝိယာတိ ဂိဇ္ဈံ၊ ကူဋ္ဌံ။ဂိဇ္ဈံ ကူဋ္ဌံ ဧတဿာတိ ဂိဇ္ဈကူဋော-ဟူသော ပစနတ္ထကို ပြသတည်း။ သာရတ္ထဒီပနီ၌ ယထာ–သာက, ပတ္တဝေါတိ-ဟု ဒန္တဇပထမက္ခရာ တ္တ-နှင့် စာအများ ရှိ၏။ ကျမ်းဂန်တို့၌ ဒန္တဇပထမ တ္တ-နှစ်လုံးနှင့် ဒန္တဇ အဝဂ် လ္လနှစ်လုံးသည် ထွေးယှက်တတ်သည်။ ဤအရာမှာ ဒန္တဇ အဝဂ် လ-နှစ်လုံးနှင့် 'သာကပလ္လဝေါ''ဟု ရှိရမည်။ "ဟင်းရွက်နှင့် တူသောရွက်နု''ဟု အနက်ပေး။ ။သာကော အနိတ္တိယံ ဉာကော၊ (အဘိဓာန် စတုဗ္ဗဏ္ဏဝဂ် ၄၅၉–ဂါထာ) ဟင်းရွက်ဟော။ ပလ္လဝေါ ဝါ ကိသာလာယံ (အဘိဓာန် အရညာဒိဝဂ် ၅၄၃–ဂါထာ) ရွက်နုဟော။

သမ္မဟုလာပုဒ်သည် များစွာကုန်သောပါဠိ အဋ္ဌကထာ ပေ တို့၌ဩဋ္ဌဇ တတိယ ဗ-အက္ခရာ၌လည်းကောင်း ဟ-၌ ဦ-ဒီဃနှင့်လည်းကောင်းရှိကြ၏။မသင့်။ဩဋ္ဌဇ ပထမက္ခရာ ပ-နှင့်လည်းကောင်း, ဟ-၌ ဥ-ရဿနှင့်လည်းကောင်း ရှိသောပုဒ်သာ အသင့်ဖြစ်သတည်း။ သမ္ပဟောတီတိ သမ္ပဟုလံ အဘိဓာန်ဋီကာ ဝိသေသျ မိနဝဂ်အဖွင့် (၇၀၃-ဂါထာ)။ ။သံ-ရှေးပ-ရှေးဟု- ဓာတ်-ပစ္စရအနက်ဟော။ ကောက္ခရကောသမှာလည်း သံ–ရှေးပ–ရှေးရှိသောဟု-ဓာတ်ပစ္စရအနက်ဟောရာ သမ္ပဟုလာ ပြုဂ်ကို ထုတ်သတည်း။ အများဟော ဗဟုလ-ဟု ဩဋ္ဌဇတတိယ ဗ-နှင့်ရှိသောပုဒ်မှာ သံရှေးမရှိ၊ ထို့ကြောင့် ဝတ်ကမ္မဝါစာ ရွတ်ဖတ်ရာမှာ ဩဋ္ဌဇပထမက္ခရာ ပ-နှင့်လည်းကောင်း ဟ-၌ဥ-ရဿနှင့်လည်းကောင်း သမ္ပဟုလာ-ဟူ၍သာ ရွတ်ကြဆိုသတည်း။

တတ္ထ ပဟုတေတိ အနုပ္ပဒေ ဗဟုမှိ ယာဝဒတ္ထိကေတိ ဝုတ္တံ ဟောတိ၊ ဘ–ကာရဿ ပ-ကာရော လဗ္ဘတိ ပဟုသန္တော နတာရတီတိ အာဒီသု ဝိယ။ (ခုဒ္ဒက ပါဌ အဋ္ဌကထာ ဘာတိရောကုဍ္ဍသုတ်အဖွင့် (ခုဒ္ဒကပါဌ-နှာ-၁၇၃-နှာ၌ရှု)။ ဤသို့ အဋ္ဌကထာလာတိုင်း ပဟုဘာပုဒ်နှစ်ချက် သင့်ငြားသော်လည်း သမ္ပဟုလပုဒ်မှာ နှစ်ချက်သင့်ဟု ဆိုးဖြတ်သော အရာမရှိသောကြောင့်လည်းကောင်း၊ ပရိဝါအဋ္ဌကထာကမ္မ (ဝိ-ဋ္ဌ-၄။ ၂၄၇။)အဖွင့်၌ ယံ ပန သုတ္တန္တိက ထေရာ ဒကာရော ဝ ကာရမာပဇ္ဇတိ။ ဟကာရော ဒကာရမာပဇ္ဇတိ၊ စကာရော ဇကာရမာပဇ္ဇတိ၊ ဇကာရော စကာရမာပဇ္ဇတိ၊ ယကာရော ဂ ကကာရမာပဇ္ဇတိ၊ ကကာရော ယကာရမာပဇ္ဇတိ၊ တသ္မာ ဒကာရာ ဒီသု ဝတ္တဗ္ဗေသု ဟကာရာဒိဝစနံ နဝိရုဇ္ဈတီတိ ဝဒန္တိ တံ ကမ္မဝါစံ ပတ္ဝာ နဝဋ္ဋတိဟု မိန့်တော်မူသည်နှင့်အညီ ပထမက္ခရာပ-ကို တတိယက္ခရာ ဗ-ပြု၍မရွတ်သင့်သောကြောင့်လည်းကောင်းသမ္ပဟုလ ပုဒ်ကို ဩဋ္ဌဇပထမက္ခရာ ပ-နှင့်သာ ရွတ်ကြဆိုသတည်း။

သဒ္ဒါကြီး ဥဏ္ဏာဒ်မှာ ဗဟုမှိ သန်ျာနေအလန္တိ ဗဟုလံ-ဟူ၍လာသော ဗဟုလ-ပုဒ်မှာ သံရှေးရှိက သမ္ဗဟုလဖြစ်သည်။ ထို့ကြောင့် သြဋ္ဌဇတတိယက္ခရာ ဗ-နှင့် သမ္ဗဟု လပုဒ်လည်း သင့်ရာသည်ဟု မဆိုသာ။ သို့သြဋ္ဌဇတတိယက္ခရာ ဗ-နှင့် သမ္ဗဟုလပုဒ် ရုပ်ပြီးကို တစ်စုံတစ်ခုသောကျမ်း၌ အဆိုမရှိသောကြောင့် တည်း။ ဤသည်ကား ဝဏ်ကမ္ဘဝါစာမှာ သြဋ္ဌဇတတိယက္ခရာ ဗ-နှင့်ရွတ်ကြအံ့ သည်ကို စိုးရိမ်လှသောကြောင့် ဆုံးဖြတ်သော သမ္ဗဟုလ ပဒဝိနိစ္ဆယ ဖြစ်သတည်း။

နာလကပဋိပဒံ ပဋိပန္နေန၌ နာလက မထေရဝတ္ထုကား သုတ္တနိပါတ် မဟာဝဂ် နာဠကသုတ်မှာ လာသတည်း။ ဝိမတိ ဝိနောဒနီ (၁၊၁၆၄)၌ သာရတ္ထဒီပနီယံ ကေဒေသေန အဝုတ္တမ္ပိ တံ ဒိဝသံ ဝုတ္တဘာဂါ ပေက္ခာယ ဝုတ္တမေဝ ဟောတိတိ အာဒိ ဝုတ္တံ။ တံ န ယုတ္တံဟု မိန့်အပ်၏။ သာရတ္ထ ဒီပန်၌ မုချနိပ္ပရိယာယ အားဖြင့် ဝုတ္တ ဖြစ်သည်ကို မဆို။ ကျောင်း ဆောက်သောအရာစသည်မှာ ပြုလုပ်ပြီး များသောပြုလုပ်ပြီးသော အပေါင်း ကျောင်း၏ ကတဝိဟာရံ အမည်ကို ပြုလုပ်၍မပြီးသေးသော အစိတ် ကျောင်းတစ်စိတ်၌ တင်စား၍ ကတဝိဟာရ ဟု ကေဒေသျူပစာရအား ဖြင့် ဆိုသကဲ့သို့ ဝါကျတ်ပြီး လရက်များသောကြောင့် ဝါကျတ်ပြီး လရက် အများအပေါင်း၏ ဝုတ္တအမည်ကို ဝါကျတ်ပြီး မဟုတ်သော ပဝါရဏာနေ့ တစ်စိတ်၌တင်စား၍ ဝုတ္တဟု ကေဒေသျူပစာရအားဖြင့် ဆိုသောကြောင့် သာရတ္ထဒီပနီစကားသည် ဝိမတိဝိနောဒနီ၌ မိန့်တိုင်း န ယုတ္တံမဟုတ်၊ ယုတ္တ သာတည်း။ ကေဒေသျူပစာရအားဖြင့် သာရတ္ထဒီပနီမှာဆိုကြောင်းကို ကတာ ကတ ဘာဂါပေက္ခာယ သမုဒါယေ-ပဝတ္တာ ကတာကတ ဝေါဟာရော ဝိယ-ဟူသော ဥပမာ စကားကို ထောက်သဖြင့် လည်းကောင်း၊ နိပ္ပရိယာယတော စသောစကားကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။ သာရတ္ထဒီပနီ ဥပမာစကား၌ အဓိပ္ပာယ်ကား၊ ပြုအပ်ပြီး၊ များသော ပြုအပ်ပြီးကို ငဲ့၍ ပြုအပ်ပြီးအပေါင်း၌ဖြစ်သော ကတဝေါဟာရသည် မပြီးသေးသော အစိတ်၌ ဖြစ်သကဲ့သို့ ဟူလိုသတည်း။ အကတမှာလည်း ဆိုအတူပင်တည်း။ သမုဒါယေ-ပဝတ္တာ ကတာကတဝေါဟာရော ကေဒေသေ ပဝတ္တာတိဝိယ ဟု အနက်ပေး။ ကေဒေသေန အဝုတ္တမ္ပိဟူသော စကားရင်းကိုထောက်။ ဝိပ္ပကတံ ဟိ ယံကိဉ္စိ ကတာကတန္တိ ဝုစ္စတိ (၂၊ ၁၁၆) စကား၌ အပြီးချားသော ဝိပ္ပကတကို ကတဟု ဆိုအပ်၏။ မပြီးသည်များသော ဝိပ္ပကတကို အကတဟု ဆိုအပ်၏ ဟူသော အဓိပ္ပာယ်ကို မှတ်အပ်၏။ သ-၌ ယ-မပါသော ကေဒေသူပစာရ သဒ္ဒါ

သည့် အစိတ်၏အမည်ကို အပေါင်း၌ တင်စားခြင်းကို ဟောသတည်း။ သ-၌ ယ-ပါသော ကေဒေသျှ ပစာရသဒ္ဒါသည် အပေါင်း၏အမည်ကို အစိတ်၌ တင်စားခြင်းကို ဟောသတည်း။ "ကေဒေသိနေ့ာ နာမ ကေဒေသမှို ဥပစာ-ရော ဝေါဟာရော ကေဒေသျှုပစာရော"ဟု ဝိဂ္ဂိုဟ်ပြု၊ ဣဝဏ္ဏော ယံနဝါသုတ် နှင့် သျှဖြစ်အောင်စီရင်။ သ-၌ ယ-ပါသော ကေဒေသျှုပစာရရှိကြောင်းကို သဒ္ဒတ္ထ ဇာလိနီ (၁၂-ဂါထာ)၌ မိန့်အပ်၏။ (ဝိမတိ ဝိနောဒနီ (၁၊ ၁၉၅)၌ အယဥ္စဝိစာရဏာ ဥပရိ ဝဿူပနာယိက ခန္ဓကေအဘိ ဘဝိဿတီတိ တတ္ထေဝ တံ ပါကဋံ ကရိဿာမ ဟု မိန့်တော်မူ၏၊ မိန့်တော်မူတိုင်း ဝဿူပနာယိက-ခန္ဓကအဖွင့်၌၊ သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဧတ္ထသဒိသ-ဝသာနိ ဧဟိဒ္ဓါ ဝိတိနာမေတွာ စသော စကားဖြင့် ထင်စွာပြုအပ်ပါသော်လည်း ကေဒေသျှုပစာရအားဖြင့် သာရတ္ထဒီပနီမှာ ဆိုပေရကား ယုတ္တသာတည်း၊ နယုတ္တမဟုတ်။

ယာဝ တတိယကံပုဒ်ကို တိဏ္ဏံပူရဏော တတိယော-ဟု ပူရဏတဒ္ဓိတ် ဝစနဒွေ့ပြု၍။ ဒွိတီဟိ တိယော-သုတ်ဖြင့် တိယပစ္စည်းသက်ပြီးလျှင် တစ်ဖန် ဒွါဒိတောကော နေကတ္ထေ စ သုတ်ဖြင့် အနေကအနက်၌ က-ပစ္စည်းသက်ပြီး နောက် ကာလဒ္ဒါန မစ္စန္တ သံယောဂေသုတ်ဖြင့် ကာလ အစ္စန္တ သံယောဂ အနက်၌ ဒုတိယာဝိဘတ်သက်၊ ထိုသို့ပြီးသည်ကို သိစေခြင်းငှာ ယာဝ တတိယ-ကန္တိ ယာဝတတိယဝါရံဟု မိန့်အပ်သတည်း။ "ယာဝ တတိယဝါရံ၊ သုံးခု မြောက်သောအကြိမ် တိုင်အောင်"ဟုအနက်ပေး။

ပရိပုဏ္ဏသိပ္ပေါတိ အတ္ထောဟူ၍သာ ရှိရမည်။ ပရိပုဏ္ဏသိပ္ပေါ ပရိသုဒ္ဓသိပ္ပေါ တိအတ္ထောဟု မရှိသင့်။ထို့ကြောင့် သာရတ္ထဒီပနီ၌ "အနူနေ ပရိပုဏ္ဏသိပ္ပေါ" ဟုမိန့်အပ်၏၊ အကယ်၍ ပရိသုဒ္ဓသိပ္ပေါဟု ရှိခဲ့သော် ပရိယောဒါတသိပ္ပေါတိ ပရိသုဒ္ဓသိပ္ပေါဟူသော စကားနှင့် ကားတပ်သကည်း။

အနဝယတ္တော၊ တစ်ပါးကုန်သော အိုးထိန်းသည်တို့၏ မိမိအောက်အိုးထိန်းသည်တို့၏ အမှု၌ အဖန်ဖန်မယုတ်သည်၏ အဖြစ်သည်။ သတိပိ၊ ဆယ်ရေး တစ်ရေးရှိခဲ့မူလည်း။ အညေဟိ၊ မိမိမှတစ်ပါးကုန်သော အိုးထိန်းသည်တို့နှင့်၊ အသဒိသသိပ္ပေါ၊မ ာူသောသက်ဝန်းကျင်မှ စင်ကြယ်သော အိုးထိန်းသည်တို့၏ အတတ်ရှိ၏။

ပိဋ္ဌသင်္ဃာတက ကပါဋ္ဌ သူစိ ဃဋိက ဝါတပါန ကပါဋ္ဌမတ္တံ၊ တံခါးပေါင်, တံခါးမအရွက် တံခါးအခြင်မင်းတုတ် လေသာပြတင်းတံခါးရွက်မျှကို။

အနုဒ္ဒယာ-ပုဒ်၌ဒယ-ဓာတ်သည် ဒါန ဂတိ ဟိံသာဒါနရက္ခာ အနက်တို့တွင် မည်သည်အနက်၌ ဖြစ်လေသနည်းဟု မေးနှံ့ရှိသောကြောင့် အနုဒ္ဒယာတိ အနုရက္ခနာ စကားကို မိန့်သတည်း။

မေတ္တာပုဗ္ဗဘာဂံ၊ မေတ္တာစျာန်၏ရှေ့အဖို့ဖြစ်သော အလုံးစုံသော သတ္တဝါတို့၌အစီးအပွားကို နှံ့စေကာမျှဖြစ်သော ကာမာဝစရမေတ္တာကို။ ကရုဏာပုဗ္ဗ-ဘာဂံ၊ ကရုဏာစျာန်၏ရှေ့အဖို့ဖြစ်သော သတ္တဝါတို့၌ သနားကာမျှ ဖြစ်သော ကာမာဝစရကရုဏာကို။ မေတ္တာကရုဏာနံ၊ အပ္ပနာသို့ ရောက်ကုန်သော မေတ္တာ, ကရုဏာတို့၏။ ပါတဗျဘာဝံ၊ ဖျက်ဆီးအပ်သည်၏ အဖြစ်သို့။

ပါတဗျဘာဝန္တိ ဝိနာသေ တဗ္ဗဘာဝံ၊ သာရတ္ထဒီပနီ။ ပါဓာတ် ပရိဘုဥ္ဇန အနက်ဟော၊ ဖျက်ဆီးခြင်းသည်ပင် သုံးဆောင်ခြင်း ပရိဘုဥ္ဇနမည်၏။ ဗုဒ္ဓဝါဒ ပါတဗျတာယ ပါစိတ္တိယံ–သိက္ခာပုဒ်အဖွင့်ပါစိတ် အဋ္ဌကထာ (ပါ၊ဌ၊၃၊၂၆။)၌၊ ပါတဗျဿဘာဝေါ ပါတဗျတာ၊ ဆေဒနဘေဒနာ ဒီဟိ ယထာရုစိ ပရိဘုဥ္ဇိတဗ္ဗ တာတိ အတ္ထောဟူ၍ ဖွင့်တော်မူအပ်သောစကားကို ထောက်၍ ဖျက်ဆီးခြင်းသည် သုံးဆောင်ခြင်း ပရိဘုဥ္ဇနမည်သည်၏ အဖြစ်ကို သိစေအပ်သတည်း။

ယံ ယံ ဝတ္ထုံ၊ အကြင်အကြင်မြေကြီးကို တူးဖို့ခြင်းအစရှိသော အာပတ်၏ အကြောင်းကို။ ဝီတိက္ကမတိ၊ လွန်ကျူးကျော်နင်း၏။ တတ္ထ တတ္ထ၊ ထိုထိုမြေကြီးကို တူးဖို့ခြင်းအစရှိသော အာပါတ်၏ အကြောင်းကြောင့်။ ယောပနဘိက္ခု ပထဝိံ ခဏေယျ ဝါတိ အာဒိနာဖြင့်။ ဝုတ္တမေဝ၊ သော။ အာပတ္တိံ၊ ပါစိတ်အာပတ် စသော အာပတ်ကို။ အာပဇ္ဇတိ၊ ၏။ ဓနိယတ္ထေရဿအား။ အာဒိကမ္မိကတ္တာ၊ ကြောင့်။ အနာပတ္တိ၊ အလုံးစုံမြေဖြင့်ပြီးသော ကုဋီကို ပြုခြင်းကြောင့် အာပတ်မသင့်။ သေသာနံ၊ ဓနိယမထေရ်မှကြွင်းကုန်သော။ သိက္ခာပဒံ၊ နစဘိက္ခဝေသဗ္ဗမတ္တိကာမယာစသော သိက္ခာပုဒ်တော်ကို။ ဂိဥ္ဇကာဝသထ သခေ်ပေန၊ အုတ်ကျောင်းအသွင်ဖြင့်။ ဂိဥ္ဇကာတုစ ဣဋ္ဌကာ၊ အဘိဓာန်ပူရဝဂ် (၂၂၀-ဂါထာ) ဂဇိသဒ္ဒေ ဏျု အသိတ္တ၊ ဗိန္ဒာဂမောစ (အဘိဓာန်ဋီကာ)။ ဌ္တေ၊ ဤအလုံးစုံမြေဖြင့်ပြီးသော ကုဋီကို ပြုရာ၌။ တေသ၊ ဤဓနိယမထေရ် အား၊ ဝယကမ္မံ၊ တံခါးရွက်စသည်တို့ကို ပြုပြင်ခြင်းစသည်တို့၌ ပြုအပ်သော ဝတ္ထုပစ္စည်း ကုန်ခန်းခြင်းအမှုသည်လည်း (သာရတ္ထဒီပနီကိုမှီသတည်း) တစ်နည်းကား၊ ဝယကမ္မံ၊ မြေညက်ကို မြေမှုထုတ်ခြင်း မီးစာထင်းကိုဖြတ်ခြင်း စသည်ကို ပြုကုန်သော သူတို့အား ပေးအပ်သော ထမင်းရိက္ခာစသော ဝတ္ထုပစ္စည်း ကုန်ခမ်းခြင်းကြောင့် ပြီးသောအမှုသည်လည်း (ဝိမတိဝိနောဒနီကို မှီးသတည်း) သာရတ္ထဒီပနီအလိုအားဖြင့် “ဝယော ဝေ ကမ္မံ ဝယကမ္မံ” ဟု

ဝစနတ္ထပြု။ ဝိမတိဝိနောဒနီအလိုအားဖြင့် "ဝယေန နိပ္ဖန္နံ ကမ္မံ ဝယ ကမ္မံ"ဟု ဝစနတ္ထပြု။ ။အညာနိပိဥ္စ ပိသဒ္ဒါဖြင့် အကပ္ပိယံ, တိတ္တိယ ဓဇအကြောင်း နှစ်ပါးကိုပေါင်း။ ဤပိ-သဒ္ဒါကို ထောက်၍ ဤ အကြောင်းနှစ်ပါးကိုလည်း မဟာအဋ္ဌကထာ၌ မိန့်ဆိုကြောင်းကို သိအပ်၏။ဤအကြောင်းနှစ်ပါးကို အလို ရှိသောကြောင့် အရှင်မဟာဗုဒ္ဓဃောသ ဆရာသည် အထူးနုတ်၍ မိန့်တော်မူ သတည်း။

အယံ အကပ္ပိယာ ဘိ အာဒိဝိနိစ္ဆယော တွေ့ ကုဋိကာဘေဒါပနေ မယာ အမိပ္ပေ တော။ဝိနိစ္ဆယော။

သေနာသန ဗာဟုလ္လ ပဋိသေဓနာယ၊ ထိုသို့သဘောရှိကုန်သော မြေဖြင့် ပြီးကုန်သော မအပ်ကုန်သော ကျောင်းတို့၏ များပြားသည်၏ အဖြစ်ကို တားမြစ်ခြင်းအကျိုးငှါ။(ဝါ) ထိုသို့သဘောရှိသောမြေဖြင့်ပြီးသောကျောင်းကို ပြုပြင်ခြင်း၌ အများအမြဲအားထုတ်ခြင်းကို မြစ်ဝ ားတော်မူခြင်း အကျိုးငှါ ရှေးနည်းအလို "သေနာသနာနံ ဗာဟုလ္လံ"ဟု ပစနတ္ထပြု။ နောက်နည်းအလို "သေနာသနသ္မိ အဘိသင်္ခရဏေ ဗာဟုလ္လံ"ဟု ဝစနတ္ထပြု။ ဣတိအာဒီနိ အညာနိပိ ကာရဏာနိ ဝုတ္တာနိ။ ။အနုပဝဇ္ဇော၊ အပြစ်တင်၍မဆိုအပ်။ နေဝဓောဒေတဗ္ဗော၊ရှေးဦးစွာ မစောဒနာအပ်။ နသာရေတဗ္ဗော၊ အဖန်ဖန် မအောက်မေ့စေအပ်။ အနုပဝဇ္ဇောကို ဆင့်၍ နေဝစောဒေတဗ္ဗော,နသာရေ- တဗ္ဗောဖြင့် ဖွင့်သတည်း။ နတံ လဗ္ဘာ စသည်ကား အနုပဝဇ္ဇော နေဝ စောဒေ တဗ္ဗော နသာရေတဗ္ဗော ကြိယာသုံးပါး၏ အာကာရတည်း။ ထိုစကား မှန်၏။ နတံ လဗ္ဘာ ဝတ္ထုံသည် အနုပဝဇ္ဇော စသော သုံးပါးကို ပေါင်းဆိုအပ်သော စကားတည်း။

တတြ အကပ္ပိယံ ပရိက္ခာရန္တိ ဝစနေ၊ အန္တောဝါ၊ ထီး၏ အတွင်း၌ လည်းကောင်း။(ဝါ)ထီး၏အောက်အပြန့်၌လည်းကောင်း၊ဗဟိဝါ၊ ထီး၏အထက် အပအမို၌လည်းကောင်း။ ဗဟိတိ ဥပရိ။ အန္တောတိဟေဋ္ဌာ(ဝိနယ ဝိနိစ္ဆယ ဋီကာ ကုန်ခါနီးပကိဏ္ဏက ဝိနိစ္ဆယ အဖွင့် ၃၅၀-နှာ) ပဉ္စဝဏ္ဏေန၊ အဖြူ အနီ အညို အရွှေ အစိမ်းအားဖြင့် ငါးပါးသော အဆင်းရှိသော။ ။သိဗ္ဗိတုံဝါ၊ ချုပ်ခြင်းငှါလည်းကောင်း။ ဆတ္တဒဏ္ဍဂ္ဂါဟကံ၊ မယိမ်းမယိုင်ရအောင် ထီးရိုးကို ယူတတ်သော။ သလာကပဉ္စရံ၊ ဝါးချမ်းစိတ်ဖြင့် ပြုအပ်သော ထီးချိုင့် ထီးခရိုင်ကို။ ဝိနန္ဓိတုံဝါ၊ ဖွဲ့ခြင်းငှါလည်းကောင်း။ ဝဋ္ဋတိ၊ အပ်၏။

ဆတ္တဒဏ္ဍဂ္ဂါဟကံသလာကာ ပဉ္စရန္တိ ဧတ္တ ယော ပဥ္စရသလာကာနံ မဇ္ဈေဋ္ဌော ဗုန္ဒေ ပုထုလော အဟိဆတ္တက သဒိသော အဂ္ဂေသဆိဒ္ဒေါ ယတ္ထဒဏ္ဍန္တရံပဝေ-သေတွာ ဆတ္တံဂဏှန္တိ၊ ယော ဝါ သယမေဝ ဒီဃတာယ ဂဟဏ ဒဏ္ဍော ဟောတိ၊ အယံ ဆတ္တဒဏ္ဍောနာမ၊ တဿ အပရိဂဠနတ္ထာယ ဆတ္တသလာကာနံ မူလပ္ပဒေသ ဒဏ္ဍဿ သမန္တတော ဒဠှပဥ္စရံကတွာ သုတ္တေဟိ ဝိနန္ဓန္တိ။ သော ပဒေသော ဆတ္တဒဏ္ဍဂ္ဂါဟက သလာက ပဉ္စရံနာမ၊ တံ ဝိနန္ဓိတုံ ဝဋ္ဋတိ။ (ဝိမတိ ဝိနောဒနီ ၁၊ ၁၆၆။) ပဥ္စရသလာကာနံ၊ ထီးချိုင့်ထီးခရိုင်ဖြစ်သော ဝါးခြမ်းစိတ်တို့၏။ ။ သဆိဒ္ဒေါ၊ ထီးအဘွတ် အဖျားတတ်ရန် အပေါက်ရှိ၏။ ယတ္ထ၊ အကြင်အဖျား၌ အပေါက်ရှိသောထီးရိုး၌။ဒဏ္ဍန္တရံ၊ ကန့်လန့်တုတ် တံတပါးကို။ ပဝေသေတွာ အဖျားအပေါက်၌သွင်း၍။ ။ဆတ္တသလာကာနံ၊ ထီးခရိုင်ဖြစ်သော ဝါးခြမ်းစိတ်တို့၏။ မူလပဒေသံ၊ အရင်းအရပ်ကို။ ဒဏ္ဍဿ၊ ထီးရိုး၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဒဠှံ၊ မြဲမြံစွာ။ ပဥ္စရံ၊ ချိုင့်ကို။ ဤသို့အနက်ပေး။

ဒဏ္ဍဗုန္ဒေ၊ ထီးရိုးအဖူ၌။ (ဝါ) ထီးရိုးအရင်း၌။ ဝုဏာတိဿဗုန်၊ ဝုဏိယတိ သံဝရိယတိတိ ဗုန္ဒော။ မူလပ္ပဒေသော။ ဏှာဒိမောဂ်–၉၆–သုတ် ဩဠှဇ တတိယ ဗ–နှင့် ဗုန္ဒပုဒ် အမှန်တည်း။ ဩဠှဇ တတိယ ဖ–နှင့် ဖုန္ဒပုဒ်အမှန် မဟုတ်။ ဆတ္တမဏ္ဍလိကံ၊ ထီးချိုင့်ထီးခရိုင်၏ အဆုံးအတွင်း၌ ထီးချိုင့်ထီးခရိုင် ဝါးခြမ်းစိတ်အစွန်းသွင်း၍၊ ဖွဲ့ရန်ငယ်သော သစ်သားလုံတံအဝန်းကို။ ရဇ္ဇု-ကေဟိ၊ ကြိုးတို့ဖြင့်။ ဂါဟေတွာ၊ ယူ၍။ ဒဏ္ဍေ၊ ထီးရိုး၌။ ဗန္ဓန္တိ၊ ဖွဲ့ကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ တသ္မိံ ဗန္ဓန ဌာနေ၊ ထိုဖွဲ့ရာအရပ်ဟု ဆိုအပ်သော ငယ်သောသစ်သား လုံတံအဝန်း၌။ ဝလယမိဝ၊ လက်ကောက်ကွင်းကဲ့သို့။ ဥက္ကိရိတွာ၊ အနိမ့်အမြင့်ပြုသောအားဖြင့် တက်၍။ လေခံ၊ အရေးအသားကို။ ဌပေန္တိ၊ ထားကြကုန်၏။ ယခုကာလ၌ကဲ့သို့ ထီး ကို ဖွင့်သောအခါ ငယ်သော သစ်သားလုံတံ အဝန်းအောက် ထီးရိုးမှာ ကန့်လန့်တုတ်တံသွင်းရန် အပေါက် မရှိ၍ သစ်သားလုံတံအဝန်း ကကြိုးကို ထီးရိုးကန့်လန့် တုတ်တံသွင်းသင့် သောနေရာ ထီးရိုးမှာ ဖွဲ့ချည်ရသတည်း။

နာနာ သုတ္တကေဟိ၊ အဖြူအနီအစရှိသော အထူးထူးသော အဆင်းရှိသော ချည်တို့ဖြင့်။ အာဂန္တုကပဋ္ဋံ၊ သလင်းထောင် အလှာကို။ ။အန္တာဝိကံပိအာရော-ပေတုန္တိ အာဂန္တုက ပတ္တုမ္ပိဒါတုံ။ (ဝိနည်း မဟာဝါ အဋ္ဌကထာစီဝရ ခန္ဓကအဖွင့် (ဝိ၊ဌ၊၃၊၄၁၀)သလင်းထောင်သင်္ကန်းချုပ်ရပုံကိုမဟာဝါ အဋ္ဌကထာစီဝရက္ခန္ဓက အဖွင့်သို့ရောက်မှ ပြအံ့သတည်း။ ပဋ္ဋမုခေဝါ၊ နှစ်ခုကုန်သော အလျားအနံ

အလှာတို့၏ စပ်၍ ချုပ်ရာ အစ၌ လည်းကောင်း (ဝါ) အလှာတို့၏ အစွန်း အစ၌လည်းကောင်း (ဝါ) တစ်ခုသော အမှတ်မရှိသော အလှာ၏ ယုတ်သည် မလောက်သည်ကို ဖြည့်ခြင်းအကျိုးငှာ စပ်ရာအရပ်၌ လည်းကောင်း၊

ပဋ္ဌမုခေပိဝါတိဒ္ဒိန္နံ အာယာမ ဝိတ္ထာရပဋ္ဌာနံ သံဃဋ္ဋိဋ္ဌာနေ ကဏ္ဍောပိ ဝါ။ ကေသေဝ ဝါ ပတ္တသာ ဥဒ္ဓနပူရဏတ္ထံ သံဃဋ္ဋိတဋ္ဌာနေပိ ဝါ။ (ဝိနယ ဝိနိစ္ဆယဋီကာ (၂။၃၅၂) ပက်ဏ္ဏက ဝိနိစ္ဆယ အဖွင့်)။

ပရိယန္တေဝါ၊ အလျားအနားပတ်၏ နှစ်ခုသော အစွန်းအဆုံး၌။ ။ပတ္တသာ-ပရိယန္တေဝါတိ အနုဝါတဿ ဥဘယ ပရိယန္တေဝါ (ဝိနယဝိနိစ္ဆယဋီကာ၊ ၂။ ၃၅၂။) ဝေဏိံဝါ၊ ပြောင်းနှံသဏ္ဌာန်အားဖြင့် ချုပ်ခြင်းကိုလည်းကောင်း။ ။ ဝေဏိန္တိ ဝရက သီသာကာရေန သိဗ္ဗနံ။ ။(သာရတ္ထဒီပနီ ၂၊၁၁၉)နှင့် ဝိမတိ ဝိနောဒနီ။ (ဝါ) လူးနှံသဏ္ဌာန်အားဖြင့် ချုပ်ခြင်းကို လည်းကောင်း။

ဝေဏိန္တိ ကုဒြူသသီသာကာရေန သိဗ္ဗနံ၊ ကေစိ ဝရက သီသာကာ-ရေနာတိ ဝဒန္တိ။ (ဝိနယဝိနိစ္ဆယ ဋီကာ ၂၊၃၅၂) ဝိနိစ္ဆယဋီကာ၌ ကေစိဝါဒ စကားကို ဆိုသည်ကား ဝေဏိန္တိစသော သာရတ္ထဒီပနီလာ စကားကို အမှတ် မရ၍ တစ်ပါးသော ဆရာတို့ ဆိုသည်ကို ကေစိ ထိုးသတည်း။ ဝိနိစ္ဆယဋီကာ ဆရာသည် သာရတ္ထဒီပနီဆရာ၏ တပည့်တည်း။ တပည့် ဖြစ်ကြောင်းကို မူကား ဝိနိစ္ဆယဋီကာ ပဏာမ ရှိခိုးဥ်အရင် စကားကို ထောက်၍ သိသတည်း။ အကယ်၍ သာရတ္ထဒီပနီလာ စကားကို ဒ မှတ်ရက အလွန်အလေးပြု၍ ရှိခိုး ခဲ့သော ဆရာကို ကေစိမထိုးသည် ပုံသေတည်း။

သံခလိကံဝါ၊ ကြောင်နှောင်သံကွင်းဆက် သဏ္ဌာန်အားဖြင့် ချုပ်ခြင်းကို လည်းကောင်း။ ကရောန္တိ၊ ၏။ ပဋ္ဌမုခေဝါ စသည်ကား သုဝိကမ္မဝိကာရ၏ သရုပ်တည်း။ ထို့ကြောင့် သံခလိကံဝါ၌ ပုဒ်သေးစပ်ရမည်။ ကရောန္တိသို့ လှည့်၍ ဂံအနက်ပေးသည် လည်းကောင်းဟု အနက်ပေး၍ နဝဋ္ဌတိမှာ မစပ် လင့်။ အချို့အဋ္ဌကထာ၌ သံခလိကံဝါ၌ ပုဒ်သေးမရှိ။ ပုဒ်သေးကျသတည်း။ ။ ဝေဏိံ သံခလိကန္တိစေတ္ထ ဥပယောဂဝစနံ ကရောန္တီတိ ကရဏ ကြိယာပေက္ခံ။ သာရတ္ထဒီပနီဋီကာ (၂၊၁၁၉။) ဆရာ မိန့်သည်ကား ဝေဏိံဝါ၊ သံခလိကံ ဝါ ကို နောက် နဝဋ္ဌတိ ကြိယာမှာ စပ်မည်စိုးသောကြောင့် မိန့်တော်မူ သတည်း။ သာရတ္ထဒီပနီစကားသည် အသင့်ပင်ပင်တည်း။ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယ ကျမ်း၌ (၃၀၃၅) "ဝေဏိံ သံခလိကံဝါပိ၊ ကရောတော ဟောတိ ဒုက္ကဋံပ ဝေဏိံ သံခလိကံ နှစ်ပုဒ်ကို ကရောန္တိ၊ ကြိယာ၏ အရာ၌ တည်သော

ကရောတော ကြ်ယာ၏ကံ၏ အဖြစ်ဖြင့် မိန့်တော်မူသတည်း။ အကယ်၍ ဝေဏိံ ဝါ သံခလိကံ ဝါကို နောက်နဝဋ္ဋတိ်မှာ စပ်ခဲ့သော် ယံကိဉ္စိသုစိကမ္မဝိကာရ၏ သရုပ်တိမ်မြုပ်လေရာသတည်း။ ဂဏ္ဌိကပဋ္ဋကာဉ္စ၊ ကမ္ပတ်သီး တပ်ရန် ကမ္ပတ် အိမ်အလှသာကို လည်းကောင်း။ ပါသကပဋ္ဋကာဉ္စ၊ ကမ္ပတ်ကွင်းကြိုးတပ်ရန် ကမ္ပတ် အိမ်အလှသာကို လည်းကောင်း။ အဋ္ဌိယဂယမုဂ္ဂရာဒိနိ၊ စေတီသဏ္ဌာန်,ချွန်း တောင်းသဏ္ဌာန်,ဆေးကိပုတ်သဏ္ဌာန် ချုပ်ခြင်းအစရှိသည်တို့ကို။ကောဏသုတ္တ ပိဠကာစ၊ ကမ္ပတ်သီးအိမ် အလှသားအပြား ကမ္ပတ်ကွင်းအိမ် အလှသားအပြားတို့၏ အနထောင့်တို့မှ ထုတ်အပ်ကုန်သော ချည်အစွန်းတို့၏ (ဂဏ္ဌိပုဒ် သုံးစောင်အလို) ပိဠကသဒ္ဒါသည် ရှဲသေးနှင့်တူသော ချည်အစွန်းဟောတည်း၊ **တစ်နည်းကား** ကောဏသုတ္တ ပိဠကာစ၊ ကမ္ပတ်အသီးအိမ် အလှသားအပြား, ကမ္ပတ်ကွင်း အိမ် အလှသားအပြားတို့၏ အထောင့်တို့မှ ထုတ်အပ်ကုန်သော ချည်း ထိုချည် တို့၏ ပြန်နှစ်၍ ချုပ်အပ်ကုန်သော ချည်အစွန်းတို့သည်လည်း။ (ခုဒ္ဒသိက္ခာပြု အရှင်ဓမ္မသိရိမထေရ်နှင့် ဝိနယ ဝိနိစ္ဆယပြုဆရာ ဗုဒ္ဓဒတ်မထေရ်အလိုတည်း)။ ကဉ္စိကပိဠခလိအာဒီသု၊ ပအုံးရည်, မုန့်ညက်, ကစီရည်စသည်တို့၌။ ကဉ္စိတိဝါ- ယနတန္တမက္ခန ကဉ္စိသဒ္ဒိသာတူလာကဉ္စိ။ ပိဋ္ဌန္တိ တဏ္ဍုလပိဋ္ဌံ။ တဏ္ဍုလပိဋ္ဌေဟိ ပက္ကာခလိ (ဝိနိစ္ဆယဋီကာ။ ၂၃၅၄)။ စီဝရံ၊ ကို။ ပက္ခိပိတုံ၊ အဆင်ပြေပြစ် ပြောင်ချော်ခြင်းကို တောင့်တ၍ ထည့်ခြင်းငှာ။ ။ဝဏ္ဏမဋ္ဌမဘိပဏ္ဍယံ(ဝိနိစ္ဆယ အဋ္ဌကထာ။ ၃၁၄၀-ဂါထာ)။

ကဏ္ဍုသုတ္တကံနဝဋ္ဋတိ–ဟူသောစကား၌ ကဏ္ဍုသုတ္တသရုပ်ကို ထွေစ စီဝရေ အာယာမဟော ဝိတ္ထာရဟော စ သိဗ္ဗိတွာ အနုဝါ တဟော ဗဟိနိက္ခန္တ သုတ္တံ စီဝရံ ရဇိတွာသုက္ခာ ပန ကာလေ ရဇ္ဇုယာ ဝါ စီဝရဝံသေ ဝါ ဗန္ဓိတွာ သြလမ္ဗိတုံ အနုဝါတေ ဗဒ္ဓသုတ္တာနိ စ ကဏ္ဍုသုတ္တာနိနာမ။ ယထာဟစီဝရဿ ကဏ္ဍုသုတ္တကံ နဝဋ္ဋတိ၊ ရဇိတကာလေ ဆိန္ဒိတဗ္ဗံ။ ယံ ပန အနုဇာနာမိ ဘိက္ခဝေ ကဏ္ဍုသုတ္တကန္တိ ဧဝံ အနုညာတံ၊ တံ အနုဝါတေ ပါသကံ ကတွာ ဗန္ဓိတဗ္ဗံ၊ ရဇနကာလေ လဂ္ဂနတ္ထာယာတိ။ (ဝိနယ ဝိနိစ္ဆယဋီကာ(၂၃၅၃၊၄)။ ဤဋီကာ စကားကို ရှု၍သိအပ်၏။

ဤဋီကာစကား၌ နိက္ခန္တသုတ္တဉ္စ ဗဒ္ဓသုတ္တာနိစ ကဏ္ဍုသုတ္တာနိနာမဟု အနက် ပေး၊ ဂဏ္ဌိကကပိ၊ ဝါး ဆင်စွယ် သား ချိုစသည်တို့ဖြင့် ပြုအပ်သော ကမ္ပတ်သီး ၌လည်း။ ။ဂဏ္ဌိကေတိဝေဠုဒန္တဝိသာဏာဒိမယ ဂဏ္ဌိကေ။ (ဝိနယ ဝိနိစ္ဆယ ဋီကာ (၂၃၅၅) လေခါဝါ၊ အလုံးစုံသော အရေးသည်လည်းကောင်း။ ပိဠကာဝါ၊ မုံညင်းစေ့နှင့်တူသော ငယ်သောအပြွတ်သည်လည်းကောင်း။ လေခါ- ဝါတိဝဋ္ဋာဒိဘေဒါလေခါ၊ ပိဠကာတိ သာသပ ဗီဇသဒိသာ ခုဒ္ဒကပုဗ္ဗုဠာ။ (ဝိနိစ္ဆယဋီကာ ၂၃၅၅-နှာ)။

အာရဂ္ဂေန၊ ပွတ်ဆောက်ဦးဖြင့်(ဝါ) အပ်ဦးဖြင့်။ အာရဂ္ဂေနာတိ အာရကဏ္ဋကဂ္ဂေန။ သုခိမုခေနဝါ။ (ဝိနိစ္ဆယဋီကာ ၂၊၃၅၅)။ လေခံ၊ အလုံးနွားသေးကောက်စသော သဏ္ဌာန်ရှိသော အမှတ်မရှိသော အရေးအသားကို။ ။ ပတ္တမဏ္ဍလေ၊ သလွဲမှု သလွဲမည်းစသည်တို့ဖြင့် ပြုအပ်သော သပိတ်၏ အောက်သပိတ်ခြေ စသည်တို့၏ အထက် အလယ် အကြား၌ ပြုအပ်သော ခွေဝန်း၌။ ။ ပတ္တမဏ္ဍလကေတိ ပတ္တေဆဝိရက္ခဏတ္ထာယ တိပုသီသာဒီဟိ ကတေ ပတ္တာဓာရေ။ ယေဟွာ အာခါရာဒီနံ ဥပရိဂ ာတဗ္ဗေ ပတ္တပဏ္ဍလေ။ (ဝိနိစ္ဆယဋီကာ ၂၊၃၅၅)။ ဘတ္တိကမ္မံ၊ ၁* ဆဋ္ဌမူ ပါဠိ၊ အဋ္ဌကထာ ဋီကာတို့၌ ဘိတ္တိကမ္မံ-ဟု ရှိ၏။ ဝေဘန်အပ်သည်ကိုပြု၍ အထူးထူးသော အခြင်းအရာရှိသော အရုပ်ငယ်တို့ဖြင့် ဆန်းကြယ်သော အမှုသည်။ ။ဘတ္တိကမ္မန္တိ ဝိဘတ္တိကတာနာနာကာရရူပကကမ္မစိတ္တံ။ (ဝိနိစ္ဆယဋီကာ ၂၊၃၅၅) များစွာသော အဋ္ဌကထာ ပေတို့၌ ဣ-အက္ခရာနှင့် ဘိတ္တိကမ္မံ ရှိသည်ကား ဝိဘတ္တိကတာဟူသော ဝိနိစ္ဆယဋီကာ စကားနှင့်မညီလေ။ အ-အက္ခရာနှင့် ဘတ္တိကမ္မံရှိမှ ညီသတည်း။ ဘတ္တိသဒ္ဒါမှ ဝိဘတ္တအနက်ကို ဟောသတည်း။ ဘိတ္တိသဒ္ဒါသည် ဝိဘတ္တအနက်ကိုမဟော။ ။ မကရဒန္တကံ၊ မကန်းငါးတို့၏ သွားသဏ္ဌာန်သည်။ ဤအနက်ကား နောက်၌ "မကာရမုခံဝါ" ဟု မိန့်လတ္တံ့ သည်ကိုငဲ့၍ အနက်ပေး သတည်း။ မကာရမုခံဝါ ပုဒ်မှာ "မကန်းငါး၏ ခံတွင်းသဏ္ဌာန်သည်" ဟု အနက်ပေးရသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ၌ "မကရမုခန္တိ မကရမုခသဏ္ဌာနံ" ဟု မိန့်အပ်သတည်း။ ဝိနယဝိနိစ္ဆယ (၃၀၅၃-ဂါထာ)၌လည်း "မကရဿမုခံပိဝ" ဟု မိန့်အပ်သတည်း။ တစ်နည်းကား မကရဒန္တကံ၊ တောင်ထွဋ်ရှ သဏ္ဌာန်သည်၊ မကရဒန္တကန္တိ ဂိရိကုဋ္ဋာကာရံ(ဝိနိစ္ဆယဋီကာ)(၂၊၃၅၅)မကန်းငါး၏သွားသည် တောင်ထွဋ်ရှ စုန့်စုန့်တက်သည်နှင့် တူသောကြောင့် သဒိသူပစာရအားဖြင့် မကရဒန္တကသဒ္ဒါသည် တောင်ထွဋ်ကို ဟောသောအနေဖြင့် ဖွင့်တော်မူသည်ဟု မှတ်ရန်ရှိသတည်း။

ကာယ ဗန္ဓနဿ သောဘဏတ္တံ စသော အဋ္ဌကထာစကားကိုထောက်၍ ယခုကာလ ခါးပန်းကြိုးကို ပန်းရာ၌ သံသယဖြစ်ဖွယ်ရှိ၏။ အလွန်ပင် ယခုကာလ ခါးပန်းကြိုးတင့်တယ်သတည်း။ ပုဆိုးအပြားခါးပန်းဝက်အူကျစ်ရိုးရိုး ခါးပန်းကိုသာ ဘုရားဟောတော်မူသတည်း။ ပုဆိုးခါးပန်းအပြားမှာ "ဥဇုကမေဝ ပန မစ္ဆကဏ္ဋကံ ဝါ" စသည်ဖြင့် အဋ္ဌကထာလာတိုင်း ပြုရမည်တည်း။ ဝက်အူကျစ်ခါးပန်းမှာ သံကောက်အိမ်ကဲ့သို့ပြုရသတည်း။ စူဠပါ ခုဒ္ဒက ခန္ဓက အဋ္ဌကထာစကားကိုလည်း ထောက်သတည်း။ မစ္ဆကဏ္ဋက ခါးပန်းကို ဆန်းမကြယ် ဖြောင့်ဖြောင့် ပြေပြေချောချော ပြုရသတည်း။ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယ

(၁၀၅၄၊ဂါထာ)၌ ဥဇုကံ မဇ္ဈကာဿံ ၀ါ၊မဇ္ဈံ ၀ါပန-ဟု မိန့်အပ်၏။ပဋ္ဋိက ခါးပန်းကို သင်ပေါင်းချက်သဏ္ဌာန်ပြုရသတည်း။ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယ(၁၀၅၄–ဂါထာ)၌ ပဋ္ဋိကံခဇ္ဇူရိပတ္တာကာရာကာရံ ဟု မိန့်အပ်၏။ ပကတိဝီတာပဋ္ဋိကာ။ ။(ဝိနယ ဝိနိစ္ဆယဋီကာ)(၁၀၅၅–ဂါထာ)။ဖွင့်

အဋ္ဌမင်္ဂလာဒိကံ၌ အဋ္ဌမင်္ဂလသရုပ်ကို အဋ္ဌမင်္ဂလာနိ နာမ သင်္ခေါ၊ စက္ကံ၊ ပုဏ္ဏကုမ္ဘော၊ဂဒါ၊သိရိဝစ္ဆော၊ အင်္ကုသော၊ဓဇံ၊သောဝတ္ထိကန္တိ-ဟူသော သာရတ္ထဒီပနီ(၂၁၂-နှာ)ဋီကာစကားဖြင့် သိအပ်၏။ ။သင်္ခေါ၊ ခရုသင်း။ စက္ကံ၊ စက်ဝန်း။ ပုဏ္ဏကုမ္ဘော၊ ရေပြည့်အိုး။ ဂဒါ၊ ချွန်းတောင်း။ သိရိဝစ္ဆော၊ အသရေရှိသော နွားငယ်။ အင်္ကုသော၊ ချွန်း။ ဓဇံ၊ တံခွန်။ သောဝတ္ထိကံ၊ လည်ရေးသုံးဆင့်။ (ဂဒါနှင့်ဂယာ ကား ပရိယာယ်တည်း)။ မူလေတနုကံ၊ အဂ္ဂမဟာဿကတ္ထာ ဂဒါကာရေနသိဗ္ဗနံ ဂယာဟူသော သာရတ္ထဒီပနီဋီကာ(၂၊၁၁၉)စကားကိုထောက်။

ယထာဝါ၌ ဝါ ကို ဝေဒွေတ္ထာဝါဟု ယူ၍။ စတုရံသာ ဝါ ဟု ရ-၌ နိဂ္ဂဟိတ်နှင့် သ-မှာဒွေဘော်ကင်းလျက် စာအမျှားရှိ၏။ ကောဏောသောကောဋိ-နာရိယံ။ ။အဘိဓာန်ဗတုဗ္ဗဏ္ဏာဝဂ်(၁၉၄၊ဂါထာ) သိသေဝါယံ၊ အ၊ ရသော၊ အသော။ (အဘိဓာန် ဋီကာ) (၁၉၄–ဂါထာဖွင့်) အ။ အပစ္စည်းသက်၊ ရသော၊ သိခေတ်၏ ရှေ့အာ–ကို အ–ရသပြု။ သဒွေဘော်ကို မဆိုသော်လည်း ပုဒ်နေကိုထောက်၍ ဒွေဘော်ပြု။ အသောကောဏော ဟယေပျထ။ ။(အဘိဓာန်အနေကတ္ထဝဂ်ပါဒ။) (၁၁၀၂–ဂါထာ)။ ကောဏော၊ ဝိဒိသာယံ။ ဟယေတုရင်္ဂေစ။ (အဘိဓာန်ဋီကာ) (၁၁၀၂–ဂါထာဖွင့်) ဤအဘိဓာန်စာကိုယ်, ဋီကာတို့ကိုထောက်၍ ရ–၌ နိဂ္ဂဟိတ်ကင်းလျက် သ–ဒွေဘော်နှင့် စတုရဿာဝါ ရှိရမည်။ ရ–ကား အာဂုံ။ အံသ သဒ္ဒါသည် အထောင့်အမြောင့်ကိုမဟော။ ပခုံး အဖို့ အစု အနက် နှစ်ချက်ကို ဟောသည်။ ထို့ကြောင့် အဘိဓာန်အနေကတ္ထဝဂ်ပါဒ (၁၁၀၂–ဂါထာ)၌၊ "အံသော ခန္ဓေ စ ကောဋ္ဌာ-သေ"ဟု မိန့်အပ်၏။ ဤအရာမှုကား အမြောင့်အထောင့်အနက်ကို အလိုရှိအပ်သတည်း။ ထို့ကြောင့် ရ–၌ နိဂ္ဂဟိတ်ကင်းလျက် သ-ဒွေဘော်နှင့် စတုရဿာ ဝါ ရှိမှ သင့်သတည်း။

အာရကဏ္ဍကေပိ၊ ပေထိုးခေးမောက်၌လည်း။ ။အာရကဏ္ဍကေတိ ပေါ-တ္ထကာဒိ အဘိသင်္ခရဏတ္ထံကတေဒိဿမုခ သတ္ထကေ။ ။သာရတ္ထဒီပနီ (၂၊၁၂၁–နှာ)

**တစ်နည်းကား** အာရကဏ္ဍကေပိ။ သပိတ်ခြေ၊ သပိတ်လက်ကောက်ကွင်းတို့ကို ထွင်းကြောင်းဖြစ်သော စူးငယ်၌လည်း။ အာရကဏ္ဍကေတိ ပတ္တာဓာရဝလယာနံ ဝိဇ္ဈနကဏ္ဍကေ။ (ဝိနယ ဝိနိစ္ဆယဋီကာ ၃၀၆၇–ဂါထာဖွင့်) အာရကဏ္ဍကံ နာမ ပေါတ္ထကာဒိ အဘိသင်္ခရဏတ္ထံ ကတဒီဃမုခ သတ္ထကန္တိ ဝဒန္တိ။ ဘမကာရာနံ ဒါရုအာဒိ လိခန သတ္ထကန္တိကေစိ။ (ဝိမတိ ဝိနောဒနီ။) (၁၊ ၁၆၈။) ကေစိတို့အလိုအားဖြင့် "အာရကဏ္ဍကေပိ၊ ပွတ်ခုံစရာ ဓားငယ်၌လည်း" ဟု အနက်ပေး။ ပိပ္ဖလိကေပိ။ သင်တုန်းဓားငယ်၌လည်း။ သတ္ထံ တု ပိပ္ဖလံဘဝေ။ (အဘိဓာန်စတုဗ္ဗဏ္ဏဝဂ်။)(၅၂၇–ဂါထာ) ဒွယံ ခုဒ္ဒကသတ္ထေ။ သသဟိံသာယံ။ ထော။ ပိယမ္ပိ ဖာလေတီတိ ပိပ္ဖလံ၊ ဖလဝိဒါရဏော။ ။(အဘိဓာန်ဋီကာ။ ၅၂၈–ဂါထာဖွင့်။) မဏိကံဝါ။ ထူသောအပြွတ်သည်လည်းကောင်း။ ပိဠကံဝါ။ ငယ်သောသိမ်မွေ့သော အပြွတ်သည်လည်းကောင်း။ မဏိကန္တိ ထူလပုဗ္ဗုဠံ။ ဝိနယ ဝိနိစ္ဆယ ဋီကာ ၃၀၆၇–ဂါထာဖွင့်) ပိဠကန္တိ သုခုမပုဗ္ဗုဠံ။ ဥတ္တရာရဏိယံဝါ။ အထက်ပွတ်ကျေလုံတံ၌လည်းကောင်း။ အဓရာရဏိယံဝါ၊ အောက်ပွတ်ခုံ ဆုံငယ်၌လည်းကောင်း။ အရဏိ ဓနုကေဝါ၊ ပွတ်နှိုင်လေး၌လည်းကောင်း။ ဥပရိ၊ အထက်၌။ ပေလ္လနဒဏ္ဍကေ ဝါ၊ ဓားနှိပ်သော ထွန်းသောလုံတံ၌လည်းကောင်း။

အရဏိ သဟိတေကန္တ ကိစ္စကရေဒဏ္ဍော ဥတ္တရာ ရဏီနာမ။ ဝါပိတိ ပိသဒ္ဒေန အဓရာရဏိံ သင်္ဂဏှာတိ။ ဥဒုက္ခလ ဒဏ္ဍဃာတံ အဓိဝစနံ။ အဋ္ဋနက ယန္တ ဓနု ဓနုကံ နာမ။ မုသလမတ္တက ပိဋ္ဌနဒဏ္ဍကော ပေလ္လဒဏ္ဍကောနာမ။ (ဝိနယ ဝိနိစ္ဆယဋီကာ ၃၀၆၉–ဂါထာဖွင့်)။ ပိဋ္ဌနဒဏ္ဍော ကိုထောက်၍ ပေလ္လ၌ ပိလ–ဓာတ် ဖြစ်ကြောင်းကို သိအပ်၏။ ထိုကြောင့် ဩဋ္ဌဇပထမ ပ–နှင့် သော ပေလ္လ–ပုဒ် ရှိသင့်သတည်း။ ဩဋ္ဌဇဒုတိယ ဖ-နှင့် မရှိသင့်။

ဥဘောသု ဝါ ပဿေသု ဝါသဒ္ဒါဖြင့် ကေပဿေကို စည်းသတည်း။ **တစ်နည်းကား** ကေပဿေဝါ စကားကြွင်းသတည်း။ [ကေပဿေဝါတိ ဝေနသေသော။ (ဝိမတိဝိနောဒနီ။) ဟေလာဘာဇနေသု၊ ဆီခွက်တို့တွင်။ သာရတ္ထဒီပနီ၌ ရှ-ဇပလ္လာဘာ ။ပ။ ဝုစ္စန္တိစကားကို အလဇ္ဇီရဟန်းတို့သည် မင်းနှင့် အကျွမ်းပင်ဝတ်သောကြောင့်သာ မိန့်ဆိုတော်မူသတည်း။ မင်းနှင့် အကျွမ်းဝင်သမျှ ရဟန်းအလုံးစုံ အလဇ္ဇီဖြစ်သောကြောင့် မိန့်ဆိုတော်မူသည်မဟုတ်။ မောဂ္ဂလိပုတ္တမထေရ်မြတ်ကဲ့သို့ သာသနာတော်အရေးအရာနှင့်စပ်၍ မင်းနှင့် အကျွမ်းဝင်သောရဟန်းကို အလဇ္ဇီမဆိုထိုက် မဆိုကောင်းမဆိုသင့်။ ဒေဝဒတ်ကဲ့သို့ သာသနာတော်ကို ဖျက်ဆီးလိုသောအားဖြင့် မင်းနှင့်အကျွမ်းဝင်သော

ရဟန်း ယခုကာလအရှိန်အစော်တန်ခိုးအာနုဘော်ကိုသာငဲ့၍ သာသနာတော်ကို မငဲ့ဘဲ မင်းနှင့်အကျွမ်းဝင်သောရဟန်း ဤရဟန်းမျိုးတို့ကိုသာ ဤအရာမှာ အလဇ္ဇီရဟန်းဟု ဆိုအပ်သတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ၌ "ရာဇဝလ္လဘာ အလဇ္ဇိနော ရာဇကုလူပဂါ ဝုစ္စန္တိ"ဟူ၍သာမမိန့်မဆိုဘဲပရနိကာယာပိ ။ပ။ အန္တရာယကရာဟူသော ဝိသေသနစကားကိုလည်း မိန့်ဆိုအပ်သတည်း။ မင်းနှင့်အကျွမ်းမဝင်ကုန်သော အလဇ္ဇီရဟန်းတို့၏ ကျောင်းသည်ကား ဝိရုဒ္ဓသေနာသနမမည်။ အလဇ္ဇီပင်ဖြစ်သော်လည်း။ မင်းနှင့်တကွ အကျွမ်းမဝင်က အားကိုးမရှိ၍ ဆိုဆုံးမသဖြင့် လဇ္ဇီ အသင်းအပင်း ရဟန်းကောင်း လဇ္ဇီဖြစ်တတ်ပြန်သတည်း။ ထို့ကြောင့် "ရာဇဝလ္လဘောတိ"ဟု အဋ္ဌကထာ၌ မိန့်အပ်သတည်း။

တေသုဒဗ္ဗသမ္ဘာရေသု။ ထိုအမိုးအခြင်အုတ်စသော ဒြဗ်အဆောက်အအုံတို့သည်။ (ပုတိဘူတေသုမှာစပ်။) (ဝါ) တို့ကို။ (ဟဋေသု ဒဍ္ဎေသု မှာစပ်။) ပူတိဘူတေသုဝါ၊ ဆွေးသည်ဖြစ်၍ ဖြိုက်ကုန်သော်လည်းကောင်း။ ဟဋေသုဝါ။ ဆောင်အပ်ဆိုးအပ်ကုန်သော်လည်းကောင်း။ ဒဍ္ဎေသုဝါ၊ လောင်အပ်ကုန်သော်လည်းကောင်း။ အနုပဝဇ္ဇာ၊ အပြစ်တင်၍ မဆိုအပ်ကုန်။ စောဒေတုံ၊ စောဒနာခြင်းငှာ။

## ပါဠိမုတ္တက ဝိနိစ္ဆယဒီပနီ နိဋ္ဌိတာ။

ဒါရုဂေဟ ဂဏကောစကား၌ ဒါရုဟိမာပိတံဂေဟံဟု ဝစနတ္ထပြုရမည်လောဟု မေးရန်ရှိသောကြောင့်လည်းကောင်း ဂဏကသဒ္ဒါသည် ဟူးရားတတ်သောသူဟူသောအနက်ကို ဟောလေသလောဟု မေးရန်ရှိသောကြောင့်လည်းကောင်း တတ္ထစသည်ကို မိန့်အပ်သတည်း။ [ဂဏကောတုမုဟုတ္တိကော။ အဘိဓာန်-စတုဗ္ဗဏ္ဏဝဂ် (၃၄၇-ဂါထာ)ဂဏကော ဟူးရားတတ်သောသူ။ မုဟုတ္တိကော ဟူးရားတတ်သောသူ] ဒါရုနံ ဒါရုဘဏ္ဍာနံ ဂေဟံ အာဂါရံ ဒါရုဂေဟံဟူသော ဝစနတ္ထကိုလည်းကောင်း ဒါရူနိ ဂဏေတိ ဂဏေတွာ ဂေါပေတီတိ ဂဏကော ဟူသော ဝစနတ္ထကိုလည်းကောင်း ပြသတည်း။

ဒေဝဂဟဒါရူနိ ပုဒ်ကို ဒေဝဿဂဟံဒေဝဂဟံ၊ ဒေဝဂဟတ္ထာယ နိက္ခိတ္တာနိ ဒါရူနိ ဒေဝဂဟဒါရူနိ-ဟု ဝစနတ္ထပြုရာကောင်းအံ့လောဟု စောဒနာရန် ရှိသောကြောင့် ဒေဝဂဟဒါရူနီတိ စသည်ကို မိန့်အပ်သတည်း။

ဂဟိတဗ္ဗာနီတိဂဟာနိ၊ ဒေဝေန ဂဟာနိ ဒေဝဂဟာနိ။ ဒေဝဂဟာနိစ တာနိ ဒါရူနိစေတိ ဒေဝဂဟဒါရူနိ-ဟူသော ဝစနတ္ထကို ပြသတည်း။

နဂရပဋိသံခါရိကာနိ စကား၌ နဂရံ ပဋိသင်္ခရောန္တီတိ နဂရ ပဋိသင်္ခါရိကာနိ ဟု ဝစနတ္ထပြုရမည်လောဟု မေးရန်ရှိသောကြောင့် နဂရပဋိသင်္ခါရိကာနီတိ စသည်ကို မိန့်အပ်သတည်း။ ပဋိသင်္ခရောန္တိ ဧတေဟီတိ ပဋိသင်္ခါရိကာနိ နဂရဿ ပဋိသင်္ခါရိကာနိ နဂရပဋိသင်္ခါရိကာနိ ဟူသောဝစနတ္ထကို ပြသတည်း။ ဥပါသိကာဒါယိကာ ဟူသော ဣတ္ထိလိင်အရာမှာ အ-ကိုဣ-ပြုရသည်ကား အမြဲတည်း။ နပုလ္လိင်အရာ၌ကား မမြဲ။ ဤအရာ၌မူကား နပုလ္လိင်အရာ၌အကို ဣ-ပြု။

အာပဒတ္ထာယ နိက္ခိတ္တာနိ၌ သားရဲစသော ဘေးရန်ကို အာပဒါဟု ဆိုအပ်သလောဟု မေးရန်ရှိသောကြောင့် အာပဒတ္ထာယ နိက္ခိတ္တာနီတိ စသည်ကို မိန့်အပ်သတည်း။

စူဠဝါအဋ္ဌကထာ ခုဒ္ဒကဝတ္ထုခန္ဓကအဖွင့်မှာ အာပဒါသူတိ ဝါဠမိဂါဒယော ဝါ ဒိတ္ထာ စသည်ဖြင့် သားရဲစသည်တို့ကို အာပဒါဟု ဆိုအပ်ကုန်သတည်း။ "အာဘုသံ ဝိပ္ပတ္တိံ ပဇ္ဇန္တိ ပါပုဏန္တိ ဧတေဟီတိ အာပဒါ"ဟု ဝစနတ္ထပြု၊ ဝါဠ-မိဂ စသည်ရ၏။ ဤအရာ၌မူကား "ဝိရူပံ အာပဇ္ဇနံ အာပဒါ"ဟု ဝစနတ္ထပြု။ ဝိပ္ပတ္တိရ၏။ (ဝိပ္ပတ္တိစာပဒါ။ အဘိဓာန် စတုဗ္ဗဏ္ဏဝဂ် ၃၇၅-ဂါထာ) ပဋိရာဇူ-ပရုန္ဓနာဒိနာ ဝါ။ ရန်သူမင်းတို့၏ နှိပ်စက်ခြင်းစသည်ဖြင့် လည်းကောင်း။ ဝေါပုရဋ္ဌာလကရာဇင္ဂေဏပုရဟတ္ထိသာလာဒီနံ၊ တံခါးမုခ်, ပြအိုး, နန်းတော်တွင်း, ဆင်တင်းကုတ်စသည်တို့၏။

မဂရေဋ္ဌေ ဖြင့် မဂဓသဒ္ဒါ မုချအားဖြင့် မဂမနိုင်ငံဟောဟု ပြသတည်း။ ။ မဟတိယာ စသောစကားဖြင့် မဟတိ မတ္တာ ပမာဏံ ဧတဿာတိ မဟာမတ္တော ဟူသော ဝစနတ္ထကို ပြသတည်း။ ဒုတိယနည်းမှာ မဂရေညောဖြင့် ဌာနူပစာရ အားဖြင့် မင်းဟောဟုပြသတည်း။ မဟာ အမစ္စော စသော စကားဖြင့် အမတ္တသဒ္ဒါ အမတ်ဟောတည်း "မဟန္တော အမတ္တော မဟာအမတ္တော" ဟူသောဝစနတ္ထကို ပြသတည်း။ မဟာ မတ္တော ပဋ္ဌာနဥ္စ၊ မတိ သစိဝေါ မန္တိနီ။ သစိဝေါ သစိဝါ မစ္စော အဘိဓာန်စတုဗ္ဗဏ္ဏဝဂ်။ (၃၄၀-ဂါထာ) မဟာ မတ္တော ပဋ္ဌာနံ ဤနှစ်ပုဒ်ကား အမတ်ကြီး ဟောတည်း။ မဟတီ မတ္တာ ပရိစ္ဆေဒေါ-ယဿ မဟာမတ္တော၊ ပကဋ္ဌေ တိဋ္ဌတီတိ ပဋ္ဌာနံ(အဘိဓာန်ဋီကာ ၃၄၀ ဂါထာဖွင့် မတိ သစိဝစသော ငါးပုဒ်ကား မင်းတိုင်ပင်အမတ်ဟောတည်း။ သဗ္ဗကိစ္စေသု ရညာ မန္တေန အမာ သဟာဘဝတီတိအမစ္စော။ အမာသဒ္ဒေါယံ နိပါတော သဟတ္ထေ။ စွပစ္စယော (အဘိဓာန်ဋီကာ ၃၄၀-ဂါထာဖွင့်) ဤအဋ္ဌကထာ၌မူကား မဟန္တသဒ္ဒါရှေးရှိသောကြောင့် အမစ္စသဒ္ဒါသည် အမတ်အနက်ကို ဟောသတည်း။ ရညာ မင်းနှင့်။ မန္တေန၊ တိုင်ပင်ခြင်းဖြင့်။ (ဝါ) တိုင်ပင်သော အားဖြင့်။ အမာသဟ၊ တကွ။ (အမာကို သဟဖွင့်)

တေနဟိ ဗြဟ္မဏဒါရကာဟေ ဂဏ္ဌိကံ အာဏာပေဟီတိ (ပါဠိတော်)စကား၌ ဂဏ္ဌိကံ၊ သစ်ဘက္လာစိုးကို။ မမ၊ ငါ၏။ သန္တိကံ၊ အထံတော်သို့။ အာဂမနတ္ထာယ၊ လာခြင်းအကျိုးငှာ။ အာဏာပေဟိ၊ စေလော။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ဤသို့ အဓိပ္ပါယ်ထင်ရှားအောင် အပြည့်အစုံအနက်ပေး။ အာဏာပေဟိနှင့် ပဏ္ဏာသာပေဟိသည် အတူတူပင်တည်း။ စစ်ဆေးမေးမြန်းခြင်းငှာ သစ်ဘက္လာစိုးကို အခေါ်ထည့်သတည်း။ သောတာပန်တည့်ဘုရားရှင်ကျောင်းဒါယကာသည် တဘက်စကားနှင့် အဘယ်မှာသတ်ခြင်းငှာ စေလိမ့်မည်နည်း။ "ဟနိတုံ၊ သတ်ခြင်းငှာ။ အာဏာပေဟိ၊ စေလော"ဟု အနက်မပေးလင့်။ ပကတိယာပိ တဿ ဣဿာပကတော၀၊ သော ရညော အာဏာပေဟီတိဝစနံ သုတွာ–ဟူသော နောက်စကားကို ထောက်သတည်း။ ဤနောက်စကား၌ ဣဿာပကတာ ကြောင့်သာ အာဏာပေဟိဟူသော အရိပ်အမြွက်စကားကိုကြား၍ သတ်ခြင်းငှာတဆင့်စေသတည်းဟု မှတ်အပ်၏။ မင်းကြီးက သတ်ခြင်းငှာ စေသောကြောင့် သတ်ခြင်းငှာတဆင့်စေသတည်းဟု မမှတ်အပ်။

ဗန္ဓ၊ နှောင်ဖွဲ့သည်ကို။ ကတွာ၊ ပြု၍။ ဟနိတုံ၊ သတ်ခြင်းငှာ။ အာဏာပေဿာမိ၊ စေအံ့။ ပုရာဟံ ဟညာမိ-ဟူသောစကားကို ထောက်သတည်း။ မင်းကြီးကား သောတာပန်တည့် ဘုရားရှင်ကျောင်းဒါယကာဖြစ်သောကြောင့် သတ်ခြင်းငှာ မစေသည် ပုံသေတည်း။ ထိုအခါ သောတာ ပန်ဖြစ်ကြောင်းကို လောမေန တုံ့ မုတ္တော၊ မာ ပုန ပိ ဧဝရူပမကာသီတိ ဣဒံ ကိံ ဗျာပါဒဒီပကံ ဒါရုသုပိ လောဘက္ခန္ဓ ဒီပကံ ဝစနံ သောတာ ပန္နဿ သတော တဿ ရာဇဿ ပဋိရူပံ။ နနု နာမ ပုဗ္ဗေ ကဘံ သုကာံ ဘန္တေ၊ ဝဒေယျာထ ပုနပိ ယေနတွော်တိ ပဝါရေတွာ အတီဝပီတိ ပါမောဇ္ဇံ ဥပ္ပါဒေတဗ္ဗံ၊ ဘေန သိယာတိ။ သစ္စမေတံ-သောတာပန္နတ္တာ အတိဝ ဗုဒ္ဓမာမကော ဓမ္မမာမကော သံဃမာမကောစ၊ တသ္မာ ဘိက္ခုနံ ဧကပ္ပိယံ အသဟန္တော။ သိက္ခာပဒ ပညတ္တိယာစ ဩကာသံကတ္တုကာမော သုပသုတ္တာနိ မေ ဒါရုနီတိ တုဋ္ဌစိတ္တော ပိ ဝေမာဟာ တိ၊ ဝေဒိတဗ္ဗံ။ ဟူသော ဝဇီရဗုဒ္ဓိဋီကာ (၁၂၃-နှာ)စကားကို ထောက်၍သိအပ်၏။

အဋ္ဌကထာ၌ ဝဓံဝါ ပါပုဏိဿတီတိ အကြံကို မင်းသောတာပန် တည်သည်ကို ဓနိယမထေရ်မသိ၍ ကြံသတည်း။ ဓနည်း မင်းသောတာပန် တည်သည်ကို သိသော်လည်း မင်းမသိဘဲနှင့် အမတ်ပဏ္ဏားတို့သတ်အံ့သည်ကို ကြံသတည်း၊ မင်းကြီးသည်သတ်ခြင်းကိုမပြု နှောင်ဖွဲ့ခြင်းကိုမူကား သောတာပန်တည်ဖြစ် ပေသမှုလည်း ပြုသေး၏၊ ထို့ကြောင့် မဟာဝါဘေသင်္ဂဟကျမ်း၌၊ "အထခေါ

ရာဇာ ဝါဂါမော သေနိယော ဗိမ္ဗိသာရောတံ အာရာမိက ကုလံ ဗန္ဓာပေသိ(ဝိ၊၃ ၃၀၂နှာ)ဟု ဟောတော်မူအပ်၏။ ဒါရုနံ ကူစ္စာ၌ ကိစ္စပုဒ်ကို ကရဏီယံကိစ္စံဟု ဝဏ္ဏနာမပြုရ၊ ကဆေ့ဧတိ ဧတေနာတိ ကိစ္စံဟူ၍သာ ဝဏ္ဏနာပြုဟု ပြလိုရကား ဒါရုနံ ကိစ္စာတိ-စသည်ကို မိန့်သတည်း။ ဝဓဗန္ဓနာဒယော ကိဥ္စာပိ ဟောတိ၊ ပန တထာပိ။

ဥဒ္ဓါယန္တိ၌ ဥ-ရှေးရှိသော စျေခေတ်လော၊ အကယ်၍ ဥ-ရှေးရှိသော စျေခေတ်ဖြစ်ခဲ့သည်ရှိသော် ဥ သည် ဥဒ္ဒဂ်မအနက်ကို ဟောရသောကြောင့် ဤအရာနှင့် မလျော်ရာသည် မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် မနုဿာ ဥဒ္ဓါယန္တီတိ စသည်ကို မိန့်အပ်သတည်း။ တမ္ဗိပရိတုပပဒေဗျဥ္ဇနေစ သတ်ဖြင့်အဝ-ကို ဥ-ပြုရသောကြောင့် အဝ ရှေးရှိသော စျေခေတ်ဟုလိုသတည်း။

အဝသဒ္ဒါသည် ဝိယောဂအနက် ဟောလောဟု မေးရန်ရှိသောကြောင့် အဝဇာနန္တာ တိ စျာယန္တိကို မိန့်သတည်း။ အဝသဒ္ဒါသည် အောက်ပြု၍ သိခြင်းဟူသော "အဝစျာနန အယုတ်အားဖြင့် သိခြင်း"အနက်ဟော ဟူလိုသတည်း။

စျေခေတ်ကို ခေတုပါဌကျမ်းမှာ စိန္တာအနက်၌ မိန့်အပ်ရှတ်အပ်သောကြောင့် စိန္တာအနက်၌ ဖြစ်လေသလောဟု စောဒနာရန်ရှိသောကြောင့် ဩလောကနတ္ထံ ကို မိန့်အပ်သတည်း။ ခေတ်တို့၏ များသောအနက်ရှိသည်၏ အဖြစ်ကြောင့် အတ္ထာတိသယ နည်းအားဖြင့် ခေတုပါဌကျမ်းမှာ စျေခေတ်ကို ဩလောကန အနက်၌ မမိန့်အပ် မရှတ်အပ်သော်လည်း ဩလောကန အနက်၌ စျေခေတ် ဖြစ်သတည်းဟု ပြတော်မူသတည်း။

အဝ-သဒ္ဒါကို အဝဇာနနအနက်ဟော၊ စျေခေတ်ကိုလည်း အတ္ထာတိသယ နည်းအားဖြင့် ဩလောကနအနက်ဟောကြံသော်သာ ဖြစ်လေသလောဟု မေးရန်ရှိသောကြောင့် လာမကတော ဝါ-စသည်ကို မိန့်သတည်း။ အဝ-သဒ္ဒါ သည် ဟာနိအနက်ဟော, စျေခေတ်သည် စျေစိန္တာယံဟု ခေတုပါဌကျမ်း၌ မိန့်အပ်ရှတ်အပ်သည်နှင့်အညီ စိန္တာအနက်ဟော ဟူလိုသတည်း။

ဒဗ္ဗံ မလ္လပုတ္တံ ဘိက္ခူ ဥဇ္ဈာပေန္တီတိ ဆန္ဒာယ ဒဗ္ဗော မလ္လပုတ္တောတိ အာဒိနိ ဒဿန္တာ တိ အာယသ္မန္တံ၊ တေဟိ ဘိက္ခူဟိ အဝ ဇာနာပေန္တိ၊ အဝ-ညာယ ဩလောကာပေန္တိ၊ လာမကတော ဝါ စိန္တာပေန္တီတိ အတ္ထော။ လက္ခဏံ-ပနေတ္ထ သဒ္ဒသတ္ထာနုသာရေန ဝေဒိတဗ္ဗံ။ (ဘိက္ခုပါစိတ် တတိယသင်္ဂြုဟ်ပုဒ်အဖွင့် အဋ္ဌကထာ–ဝိ၊ ၃၊ ၃၉)။ ။ခေတုပါဌေ စျေသဒ္ဒေါ စိန္တာယံ ပဋ္ဌိတောတိ

အာဟ လာမကမတာ ဝါ စိန္တာပေန္တီတိအာဒိ။ အယမေဝ စ အနေကတ္တတ္တာ မှာတူနံ ဩလောကနတ္တော ပိ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ။တေရသကဏ္ဍဋီကာ (သာရတ္ထ၊ ဋီ၊ ၃၊ ၂၄။) ပဌ္ဌာန်းမူလဋီကာအဖွင့်အစ မဓုသာရတ္ထဒီပနီမှာလည်း ဓာတုပါဌကျမ်းမှာ မလာသောဓာတ်နက်ကိုဟောက အတ္ထာတိသယနည်းအားဖြင့် ဟောသည်ဟုမိန့်အပ်သတည်း။

ခိယန္တိ၌ ခီ-ဓာတ် ခယအနက်ဟောတည်း။ ဤအရာမှာ ကုန်စေခြင်းသာမည ဟောလောဟု မေးရန်ရှိသောကြောင့် ခိယန္တီတိစသည်ကို မိန့်အပ်သတည်း။

ဂုဏ်ကျေးဇူးကို ကုန်စေခြင်း ဝိသေသဟောတည်း။ ဂုဏ်ကျေးဇူးကို ကုန်စေခြင်းဟူသည် ကျေးဇူးမဲ့ကို ဆိုခြင်းပင်တည်းဟု အဓိပ္ပါယ်ကို အရင်းမူသဖြင့် ဓာတ်နက်ကို ပြသတည်း။ ခီယတိ ခ်ယျတ် ဝါ၊ သာသနာနုရူပေန သရေတ္တကာရေသ ဣယျာဒေသောဟု ဓာတုမာလာ (၁၈-နှာ)၌ မိန့်ရကား ခီယတိ ခိယျတိ နှစ်ချက်ပင်သင့်၏။

ဝိပါစေန္တိ၌ ဝိ-သည် ဝိတ္ထာရဏ အနက်ဟော ပစ-ဓာတ်သည် ပစ-သံပါကေ ဟူ၍ လာသော သံပါကအနက်, ပစ-ပါကေဟူ၍လာသော ပါကအနက်ကို မဟော။ ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝံပါစေတ် ဂေါစရန္တိအာဒီသု ဇဿောပိ အတ္ထော ဒဋ္ဌဗ္ဗောဟု ဓာတုမာလာ (၃၈-နှာ)၌ မိန့်အပ်သည်နှင့်အညီ ပါကအနက်မှ တပါးသော ကရဏ အနက်ဟောတည်း။ ထို့ကြောင့် ဝိပါစေန္တီတိစသည်ကို မိန့်အပ်သတည်း။

ဝိတ္ထာရေန္တာ၊ ခဲ့ကုန်သည်ဖြစ်၍။ ဝိပါစေန္တိ၊ ခဲ့သည်ကို ပြုကုန်၏။ အဒိန္နံအာဒိယိဿတီတိ အယံပါဌော ဝေ၊ အဒိန္နံ အာဒိယိဿတိ ဟူသော ဤပါဌ်သည်သာလျှင်။ (ဝေကျေ) ဥဇ္ဈာယန္တော၊ ကဲ့ရဲ့ခြင်းအနက်ရှိသည်။ က်ဥ္စုပိ ဟောတိ၊ ရှင့်။ ပန တထာပိ၊ လည်း။ ယံ တော် အဒိန္နံ၊ အကြင်အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးတို့၏ ဥစ္စာကို။ (တော်၊ ကား ပဒါလင်္ကာရ၊ အနက်မရှိ) အာဒိယ်၊ ခိုးယူ၏။ ဝစနဘေဒေ၊ အဒိန္နံသဒ္ဒါ ဒါရှုနိသဒ္ဒါတို့၏ ကေဝုစ် ဗဟုဝုစ်အထူး၌။

ပုရာဏဝေါဟာရိကော မဟာမတ္တောစကား၌ ပုရာဏဝေါဟာရိကပုဒ်ကို "ပုရာဏော ဝေါဟာရိကော"ဟု ဝစနတ္တပြုရမည်လော ဟူ၍လည်းကောင်း။ ဝေါဟာရသဒ္ဒါသည် ဆိုခြင်းအနက်, ခိုက်ရန်ဖြစ်ခြင်းအနက်, သဒ္ဒပညတ်အနက်, ကုန်သွယ်ခြင်းအနက်, စေတနာအနက်တို့ကို ဟောလေသလောဟူ၍ လည်း

ကောင်း၊ ဝေါဟာရိကဉ် ဇာကပစ္စည်းသည် တရတိ စသော အနက်တို့တွင် အဘယ်အနက်၌ ဖြစ်လေသနည်းဟူ၍ လည်းကောင်း၊ ပုရာဏဝေါဟာရိကော သည် ဝိသေသျ, မဟာမေတ္တာသည် ဝိသေသနလောဟူ၍ လည်းကောင်း မေးရန်ရှိသောကြောင့် ပုရာဏဝေါဟာရိကော မဟာမတ္တောတိ စသည်ကို မိန့်သတည်း။

ဝေါဟာရသဒ္ဒါ ဆိုခြင်း၌ ဖြစ်သည်ကို, ဝေါဟာရောဝစနံဝစော ဟူသော အဘိဓာန်သဂ္ဂကဏ္ဍ (၁၀၅)ကို ထောက်၍ သိအပ်၏။

ခိုက်ရန်ဖြစ်ခြင်း၌ ဖြစ်သည်ကို ဝေါဟာရောတု ဝိဝါဒေါထ ဟူသော အဘိဓာန် သဂ္ဂကဏ္ဍ (၁၁၇-ဂါထာ)ကိုပင် ထောက်၍ သိအပ်၏။ သဒ္ဒပညတ် စသည်၌ဖြစ်ခြင်းကို ပေါဟာရော သဒ္ဒ ပဏ္ဏတ္တိ ဝဏိဇ္ဇာ စေတနာ သုစဟူသော အဘိဓာန် အနေကတ္ထဝဂ်ဂါထဒ္ဓ (၇၄၉-ဂါထာ) ကိုထောက်၍ သိအပ်၏။ ဝိနိစ္ဆယ ဝေါဟာရေ-ဟု ဖွင့်သောကြောင့် ဤအရာမှာ ဝိနိစ္ဆယဝေါဟာရ ၌ ဖြစ်သည်ကို သိအပ်၏။ ဝိနိစ္ဆယ ဝေါဟာရဟူသည် ရှေး၌ဖြစ်ကုန်သော တရားကို စောင့်ကုန်သောမင်းတို့သည် ရေးသားကုံး၍ ထားအပ်သော ဝိနိစ္ဆယ ဝေါဟာရတည်း။ တို့ကြောင့် သတ္တကနိပါတ်ဇာတ် အဋ္ဌကထာ ကုက္ကုဝဂ်ပဌမ ဇာတ်အဖွင့်၌ ဝေါဟာရသုစိန္တ ပေါရာဏကေဟိ ဓမ္မိ ကရာဇူဟိ လိခါပေတွာဌပိတ ဝိနိစ္ဆယဝေါဟာရေ သုခိ၊ အဂတိဂမနံ ပဟာယ ဓမ္မေန ဝိနိစ္ဆယ ကာရကန္တိ အတ္ထော (ဇာတ.က ဌ ၃၊၃၀၁) ဟု မိန့်အပ်၏။ ထိုပေါရာဏက ဓမ္မိကရာဇာ တို့ ရေးသားသီကုံး၍ ထားအပ်သော ဝိနိစ္ဆယ ဝေါဟာရဟူသည်လည်း နီတိ ကျမ်းတည်း။ ထို့ကြောင့် အသီတိနိပါတ်ဇာတ် အဋ္ဌကထာ ပဌမသုတသောမ ဇာတ်အဖွင့် (ဇာတက ဋ္ဌ၊၅၊၅၃၁)၌ နခတ္တ ဓမ္မေတိ တံ ခတ္တိယ ဓမ္မသင်္ခါတေ- နီတိ သတ္တေ န ကုသလောဟု မိန့်အပ်၏။ နီတိကျမ်းဟူသည် ရှေးမွေသတ် ကျမ်းတည်း။ ထို့ကြောင့် မဏိသာရမဉ္ဇူသာကျမ်း၌ ဧထိမုတ္တသင်္ဂဟအဖွင့် (၂၄၇)၌၊ တတ္ထနီတိပါဌေက ပမာဏတောတိ နီတိသတ္တေ အာဂတာယ ဒုဇ္ဇနသာ ဒဏ္ဍောအာဒါတဗ္ဗော၊ သုဇနသာ ပူဇာကာတဗ္ဗာတိ ပါဌသာ ပရိစ္ဆေဒေန ဟု မိန့်အပ်၏။ ယခုကာလရှိသော လောကနီတိကျမ်း, ဓမ္မနီတိကျမ်းသည် အသီတိ နိပါတ်ဇာတ် အဋ္ဌကထာလာ+နီတိကျမ်းမဟုတ်။

ဝိနိစ္ဆယ ဝေါဟာရပုဒ်ကို "ဝိနိစ္ဆယေန ဝေါဟာရတိ ကထေတိ ဧတေန နီတိ သတ္တေနာတိ ဝိနိစ္ဆယဝေါဟာရံ၊ နီတိသတ္တံ"ဟု ဝစနတ္ထပြု။ တွေကေန၊ ဤမျှအတိုင်း အရှည်ရှိသော ငါးပဲ ထိုငါးပဲထက်လွန်သော ဥစ္စာကြောင့်။ ပါရာဇိကံ၊ ကို။ ပညပေန္တိ။၏။ တွေကေန။ ဤမျှအတိုင်း အရှည်ရှိသော တစ်ပဲ

ထက်အလွန် ငါးပဲအောက် အယုတ်ဖြစ်သော ဥစ္စာကြောင့်။ ထုလ္လစ္စယ်၊ကို။ ပညပေန္တိ၊၏။ တွေကေန ဤမျှအတိုင်းအရှည်ရှိသော တစ်ပဲ ထိုတစ်ပဲအောက် အယုတ်ဖြစ်သော ဥစ္စာကြောင့်။ ဒုက္ကဋံ၊ ကို။ ပညပေန္တိ၊၏။ ဤသို့ဝိသေသ ဖော်၍ အနက်ယောဇနာရသည်ကို မရိယာဒ် ဘိန္ဒိတွာ ပဉ္စမာသကံဝါ အတိရေကပဉ္စမာသကံဝါ အဂ္ဃနကံ ဥဒကံ နိက္ခာမေတိ၊ အာပတ္တိ ပါရာဇိကဿ။ အတိရေကမာသကံ ဝါ ဦန ပဉ္စမာသကံဝါ အဂ္ဃနကံ ဥဒကံ နိက္ခာမေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။မာသကံဝါ ဦနမာသကံဝါ၊အဂ္ဃနကံဥဒကံ နိက္ခာမေတိ၊ အာပတ္တိ ဒုက္ကဋဿဟူသော (ဝိ ၁၊၆၃) ဥဒကကထာ ပါဠိတော်ကို ထောက်၍ သိအပ်၏။

ဟနတိဝါဟူသော စကားကို ဗိမ္ဗိသာရမင်း သောတာပန် မတည်မီကသတ်သည်ကိုရည်၍ ဘုရားသခင် မေးမြန်းတော်မူသောအားဖြင့် ဟောတော်မူသတည်းဟုယူအပ်၏။

ပဉ္စမာသကောပါဒေါတိ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတိဟူသော အဋ္ဌကထာစကား၌ မာသသရုပ်ကို ဤဝိနည်းပါဠိအဋ္ဌကထာ၊ ဋီကာကြီးသုံးစောင်, ဝိနည်းဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာဟောင်း ဋီကာသစ်, ဝိနည်းသင်္ဂြိုဟ်ဋီကာဟောင်း,ဝိနယာ လင်္ကာရဋီကာတို့၌ မပြအပ်။ ထို့ကြောင့် မာသ သရုပ်ကို လဇ္ဇီပေသလ သိက္ခာကာမ ဝိနယ ဂရုကပုဂ္ဂိုလ်တို့ မှတ်သားရန် ကျမ်းဂန်သာဓကနှင့်တကွ ပြအံ့သတည်း။

ပုနေက ဒိဝသံ ရာဇာပဏ္ဍိတေန သဒ္ဓိံ ဥယျာနံအဂမာသိ။ တဒါ ကော ကဏ္ဍကော တောရဏဂ္ဂေ ဝသတိ။ သော ရာဇာနံ အာဂစ္ဆန္တံ ဒိသွာ ဩတရိတွာ ဘူမိယံ နိပဇ္ဇိ။ ရာဇာ တံ ဒိသွာ ကိံ ကရောတိ ပုစ္ဆိ။ မဟောသဓော မဟာရာဇ တုမှေ ဩဝဒတိ တိအာဟ။ သစေ ဝေါ မှာကံ ဒေတိ၊ ဧတဿ မာ နိဗ္ဗေ ဒေါ ဟောတု၊ ဘောဂမဿ ဒါပေဟီတိ။ ဒေဝ ဧဿ ဘောဂေန ကိစ္စံ နတ္ထိ၊ ခါဒနီယမတ္တံ အလမေဝဿာတိ။ ကိံ ပနေသ ခါဒတီတိ။ မံသံ ဒေဝါတိ။ ကိတ္တကံ လဒ္ဓုံ ဝဋ္ဋတီတိ။ ကာကဏိကမတ္တဂ္ဃနိကံ ဒေဝါတိ။ ရာဇာ ကော ပုရိသံ အာဏာပေသိ။ ရာဇဒါယော နာမ ကာကဏိကမတ္တံ နဝဋ္ဋတိ၊ ဣမဿ နိဗဒ္ဓံ အဍ္ဎမာသဂ္ဃနကံ မံသံ အာဟရိတွာ။ ဒေဟီတိ။ သော သာဓုတိ သမ္ပဋိစ္ဆိတွာ တထာ ပဋ္ဌာယ တထာ အကာသိ။ ။ မဟောသဓဇာတ် အဋ္ဌကထာ(ကကဏ္ဋကပဉှာ။) (ဇာတက ၄၊၆၊၁၇၅-နှာ)

ဤအဋ္ဌကထာစကား၌ မဟောသဓာက ပုတ်သင်စားလောက်ရုံမျှတချင်း ရွှေးခန့်ငွေ အဖိုးထိုက်သော အသားကိုရခြင်းငှါ အပ်ပါသည်ဟုဆိုသတည်း။ ဝိဒေဟရာဇ်မင်းက အစိုးရသော မင်းတို့၏ ပေးခြင်းသည် တချင်ရွှေးခန့်ငွေ အဖိုးထိုက်သော အသားကို ပေးလို့မလျော်ဟု နှလုံးပိုက်၍ ပဲဝက်ရွှေးနီကြီး အချိန်နှစ်ရွှေးခန့် ငွေအဖိုးထိုက်သော အသားကို အပေးထည့်သတည်း။ ကာကဏိက ဟူသည် ရွှေးနီကြီးတည်း။ ရွှေးငယ်မျက်နှာမည်းမဟုတ်။ ထို ရွှေးနီကြီးကို ကာကဏိက-ဟု ယူမှ “စတ္တာရောဝီဟယော ဂုဉ္ဇာ” ဟူသော အဘိဓာန် စတုက္ကဏ္ဍဝဂ်-ဂါ စကားနှင့်ညီသတည်း။ ထိုစကားကို ဆိုသင့်စွ၊ ရွှေးငယ်မျက်နှာမည်းသည် စပါးလေးလုံးအချိန်မရှိ၊ ရွှေးနီကြီးသည်သာ စပါးလေးလုံးအချိန်ရှိသတည်းဟူ၍ အဘိဓာန်ဆရာ နှလုံးပိုက်တော်မူသတည်း။

ကာကဏိကမတ္တံနာမ ဒိယဍ္ဎဝီဟိတိ ဝဒန္တိ။ ကင်္ခါဋီကာသစ် နိဿဂ္ဂိယပတ္တဝဂ် ပထမသိက္ခာပုဒ်အဖွင့်။(၃၂၆–နှာ)။ ဤကင်္ခါဋီကာသစ်ဆရာ၏ အလိုအားဖြင့် စပါးတစ်လုံးနှင့် တစ်ချမ်းချိန်ဝန် အတိုင်းအရှည်သည် တစ်ရွှေးအတိုင်း အရှည်မည်၏ဟု မှတ်အပ်၏။

နစဿကိဉ္စိ ဘောဂါနံ ဝယောတိ ကာကဏိကမတ္တမ္ပိ ဘောဂါနံ ဝယော န ဘဝေယျ။ (သုတ်သီလက္ခန်အဋ္ဌကထာသာမည ဖလသုတ်အဖွင့် (ဒီဋ္ဌ၊၁၊၁၉၀) ကာကဏိကမတ္တံနာမ ကောဂုဉ္ဇမတ္တန္တိ ဝဒန္တိ။ ဒိယဍ္ဎဝီဟိမတ္တန္တိ၊ ဝိနယဋီကာယံ ဝုတ္တံ။ (သုတ်သီလက္ခန်ဋီကာသစ်။ သီဋီ(နဝ) ၂၊၁၂၈–နှာ) ဤစကားတွင် ကာကဏိကနှင့် ဂုဉ္ဇသည် ပရိယာယ် ဖြစ်သောကြောင့် ကောဂုဉ္ဇမတ္တံ ဟူသော စကားကို ဆိုသတည်း။ထိုကာကဏိက၏ ချိန်ဝန်ကို ပြခြင်းငှါ ဒိယဍ္ဎဝီဟိမတ္တံ စကားကို ဆိုသတည်း။ ဤနှစ်ပါဒတို့တွင် ဤအရာသည် ဝိနည်းအရာဖြစ်၍ ဂရုကဥ္စ တည်သောအားဖြင့် ကင်္ခါဋီကာသစ်၌မိန့်တိုင်းသာလျှင် ကာကဏိကပ-မာဏကို မှတ်ယူကြရာသတည်း။ ကင်္ခါဋီကာသစ်၌ ဝီဟိအရသည် “ဝီဟိတိ သဗ္ဗာပိဝီဟိဇာတိ” ဟု ပါစိတ် အဋ္ဌကထာ(၈၉–နှာ) ဘောဇနဝဂ် ပဉ္စမသိက္ခာပုဒ်အဖွင့် လာသည်နှင့်အညီ သာလိယဝ ဂေါဓုမကင်္ဂု ဝရကကုဒြူသက။ ဤ စပါးခြောက်မျိုးမှ ကြွင်းသော စပါးတည်း။

ဂုဉ္ဇာ ဣတ္ထီ၊ ဂုဉ္ဇအာ။ လတာဝိသေသ။ ကုဉ္ဇတပ္ပရိယာယော။ ကာကစိဉ္စိ။ ကဏှလာ။ သာင်္ဂုဋ္ဌာ၊ ရတ္တိကာကာဓော ဏန္တိကာ၊ ကာကာဒနီ၊ ကာကာတိတ္တိကာ၊ ကာကဇင်္ဃာ၊ သိင်္ဂုဠီနီ၊ စူဠာမဏိ၊ သောမျာ-သိခဏ္ဍီ။ အာဂုဏာ၊ တာမ္ဗိကာ။ သိတပါကီ။ ဥစ္စဋ္ဌာ၊ ဂကုစဋ္ဌိကာ၊ ရတ္တာ၊ ကမ္ဘောဇီ၊ ဘိလ္လဘူသနာ၊ ဝန္ဓျာ။ သျာမလာ စူဠာ။ ကာကစိဉ္စိကာ။ ။ဂုဉ္ဇ

ပရိယာယ် ၂၃။ ။တိယဝပရိမာဏံ၊ ရတိပရိမာဏ စတုရင်္ဂုလပရိမာဏ ဂေါဓုမဒွယပရိမာဏ။ ။ဂုဍ္ဍအတိုင်း အရှည်။ (မုတ္တာဝဋ္ဋ အဘိဓာန်) တိယဝပရိမာဏ၊ သုံးမယောအတိုင်း အရှည်။ရတိပရိမာဏ၊ ရွေးအတိုင်း အရှည်။စတုရင်္ဂုလပရိမာဏ၊ လေးစပါးအတိုင်းအရှည်။ ဂေါဓုမပရိမာဏ၊ ဂျုံနှလုံးအတိုင်းအရှည်။ မာဂဓ၌ ကာကဏိက၊ သင္ကေတ၌ကား၊ ကာကဏာန္တိကပုဒ် ဖြစ်သတည်း။ ဤသို့ ဂုဍ္ဍအတိုင်းအရှည် လောကီသဒ္ဒါကျမ်းမှာ အထွေထွေလာငြားသော်လည်းဂရုပြုသင့်သော အရာဖြစ်၍ ကခါဋ္ဌိကာသစ် ဖွင့်တိုင်းမှတ်ကြရာသတည်း။

အစ္စုမာသဂ္ဃနကဟူသောပုဒ်၌ အစ္စုမာသ ဟူသည်ကာကဏိက မတ္တဂ္ဃနကံ ဟူသောရှေးစကားကို ထောက်၍ရွေးနီကြီး အချိန်နှစ်ရွေးရှိသော ငွေတည်း ဟုသိအပ်၏။ ထို့ကြောင့် မာသဟူသည် ရွေးနီကြီး အချိန်လေးရွေးရှိသော ငွေဟုသိအပ်၏။

မုသာဝါဒေ၊ ကာကဏိကမတ္တသ္မိ အတ္ထာယ၊မုသာကထနေ အပ္ပသာဝဇ္ဇော၊ တတော အစ္စုမာသကသ္မိ၊မာသကသ္မိ၊ ဟူ၍လာသောသမ္မောဟ ဝိနောဒနီ အဋ္ဌကထာ သိက္ခာပဒ ဝိဘင်းအဖွင့်စကား (အဘိ၊ဋ္ဌ-၂၊ ၃-ရေ) မှာလည်း ထိုအတူပင် အစ္စုမာသနှင့် မာသသရုပ်ကို သိအပ်၏။ အဘိဓာန်၌ကား "ဒွေဂုဉ္ဇာ မာသကောဘဝေ"၊ ဟုရွေးနီကြီးနှစ်ရွေး အချိန်ရှိသော ငွေသည် မာသက-ဟုလာ၏။ သို့ပင်လာလေငြားသော်လည်း ဤအဘိဓာန်ဒါန် သိက္ခာပုဒ်တော်အရာမှာ အဘိဓာန် လာတိုင်းမာသအရကို မမှတ်အပ်၊ မဟာသဗ္ဗဇာတ် အဋ္ဌကထာ.လာ သဗ္ဗညု ဘုရားရှင် ဟောတော်မူသည်နှင့်အတူ ဘုရားအလောင်းတော် မဟောသဓာ သုခမိန် မြွက်ဆိုအပ်သော ကာကဏိကမတ္တဂ္ဃနိကံ ဒေဝ-ဟူသောစကားကို မှီး၍ "ရာဇာဒါယောနာမ ။လ။ ဒေဟိ" ဟု ဝိဒေဟရာဇ်မင်း ဆိုအပ်သော "အစ္စုမာသ ဂ္ဃနိကံ မံသံ" ဟူသော စကားအတိုင်းလည်းကောင်း။ ဘုရားရှင်ဟောတော်မူအပ်သော သင်္ဂါယနာတင် မဟာအဋ္ဌကထာလာတိုင်း ဘုရှင်မဟာဗုဒ္ဓဃောသ ဆရာသည် စီရင်အပ်သော "မုသာဝါဒေ ကာကဏိကမတ္တသ္မိ အတ္ထာယ" စသော စကားအတိုင်းလည်းကောင်း၊ ရွေးနီကြီး အချိန်လေးရွေးရှိသော ငွေသည် မာသမည်၏ဟု မှတ်ယူအပ်၏။

သောဝစခေါ် ပေါရာဏာသ နီလကဟာပဏာသ ဝဿေန၊ ဟူသောအဋ္ဌကထာလာစကား၌။ နီလကဟာပန ပြုပုံကို ပေါရာဏသတ္ထာ နူ ရူပံ လက္ခဏံ သမ္ဗန္ဓာ ဥပ္ပါဒိတာ နီလကဟာပဏာတိ ဝေဒိတဗ္ဗာ(၂။၁၂၃-နှာ)ဟု ဤသာရတ္ထ ဒီပနီ၌ မိန့်အပ်၏။ ။သာရတ္ထ ဒီပနီဆရာ၏ တပည့်စီရင်အပ်သော ဥတ္တရ ဝိနိစ္ဆယ

ဋီကာ၌ (၄၀၈-နှာ) ပေါရာဏသတ္ထာနုရူပံ ဟူသော မိမိဆရာ၏စကားရိပ်ကို ကြည့်၍ ဆရာ၏စကားကိုထင်ရှားသိစေခြင်းငှာ ရှေးကျမ်းဟောင်းလာတိုင်း ပဉ္စမာသာသုဝဏ္ဏာဿ၊ တထာရဇတဿ၊ ဒသမာသာ တမ္ဗဿာတိ ဧတေဝီသတိမာသေ မိဿေတွာဗန္ဓနတ္ထာယ ဝီဟိမတ္တံလောဟံ ပက္ခိပိတွာ အက္ခရာနိစဟတ္ထိအာဒီနမညတရဥ္ဇရူပံ ဒဿေတွာ ကတော နိဒ္ဒေါသတ္တာနီလကဟာပဏော နာမ-ဟောတိ-ဟု မိန့်ဆိုအပ်၏။ ရွှေငါးပဲ၊ ငွေငါးပဲ၊ ကြေးနီဆယ်ပဲ၊ ဤပဲနှစ်ဆယ်တို့ကိုရော၍ အချင်းချင်း ဖွဲ့စပ်စေခြင်းငှာ စပါးတလုံးခန့်မျှသောခဲကို ထည့်၍ အက္ခရာတို့ကိုလည်းကောင်း၊ ဆင်စသည်တို့တွင် တစ်ခုခုသော အရုပ်ကိုလည်းကောင်း ပြ၍ပြုအပ်သော ဒင်္ဂါးအသပြာသည် ဂျတ်သုပ်စသော အပြစ်မရှိသည်၏အဖြစ်ကြောင့်"နတ္ထိ ဧလံ ဒေါသော ဧတဿာတိ နီလော။ နီလောစသော ကဟာပဏောစာတိ နီလကဟာပဏော"ဟူသော ဝစနတ္ထနှင့်အညီ နီလကဟာပဏမည်သတည်း။ ထိုနီလကဟာပဏမည်သော ငွေဒင်္ဂါးသည် ရွှေစင်နှစ်ပဲနှင့် နှစ်ရွေးထိုက်သတည်း။ ထို့ကြောင့် ဥတ္တရဝိနိစ္ဆယဋီကာ(၄၀၈-နှာ)၌ "တံပန သုဝဏ္ဏမာသကဝသေနအစ္စုတိယမာသကံဟောတိ"ဟု မိန့်အပ်၏။ တံပန၊ ထိုနီလကဟာပဏသည်ကား။ သုဝဏ္ဏမာသကဝသေန ရွှေစဥ်ပဲ၏ အစွမ်းအားဖြင့်။ အစ္စုတိယမာသကံ၊ အခွဲနှင့်တကွ သုံးပဲထိုက်သည် (ဝါ) နှစ်ပဲနှင့်နှစ်ရွေးထိုက်သည်။ ဟောတိ၊ ၏။ ဆိုအပ်ပြီးသောနည်းအတိုင်း ရွေးနီကြီးအချိန် လေးရွေးရှိသော ရွှေသည် တစ်ပဲဖြစ်သောကြောင့် ပဲဝက်နှစ်ရွေးရှိသည်နှင့်သို့ အနက်ပေးသတည်း။ နီလကဟာပဏ၊ တမတ်ကိုခိုးသော်လည်းကောင်း၊ရွှေစင် အခွဲနှင့်တကွ သုံးပဲကို နှစ်ပဲနှင့်နှစ်ရွေးကို လေးစုငှနှစ်ရွေးနှင့် ရွေးဝက်ရွေး တစ်ချမ်းဖြစ်၏။ ဤငရွှေစင်နှစ်ရွေးနှင့် ရွေးဝက် ရွေးတစ်ချမ်းကို ခိုးသော လည်းကောင်း၊ ဤရွှေစင်နှစ်ရွေးနှင့် ရွေးဝက်ရွေးတစ်ချမ်းထိုက်သော ဥစ္စာဘဏ္ဍာကို ခိုးသော်လည်းကောင်း ပါရာဇိကကျ၏ဟု ယူရန်ရှိသတည်း။

ယခုကာလ ပြောစမှတ်ပြုကြသည်အတိုင်း ရွှေစင်တစ်မတ်ကိုလည်းကောင်း ရွှေစင်တစ်မတ်ထိုက်သော ဥစ္စာဘဏ္ဍာကိုလည်းကောင်း ခိုးမှသာ ပါရာဇိကကျသည်မဟုတ်၊ ထို့ကြောင့် (ဝိ ၁၊၇၉-နှာ) "တေန ခေါ ပန သမယေန အညတရောဘိက္ခုကုလလေန- ဥက္ခိတ္တမံသပေသိံ ပူရေသာမိကာ ပဿန္တိတိ၊ ဘေယျစိတ္တော အဂ္ဂဟေသိ။သာမိကာ တံ ဘိက္ခုံ စောဒေသုံ အဿမဏောသိတွန္တိ။ တဿ ကုက္ကုစ္စံ အဟောသိ ။ပ။ အာပတ္တိ တွံ ဘိက္ခုအာပန္နောပါရာဇိကန္တိ"ဟု ဟောတော်မူအပ်၏။ ထိုစကားဆိုသင့်စွ။ ရွှေစင်တစ်မတ်ကိုလည်းကောင်း၊ ငွေဒင်္ဂါး ငါးအသပြာကိုလည်းကောင်း ထိုက်သော အလွန်ကြီးသော အသား

တုံးကို အာကာယ်မှာ စွန့်ချီခြင်းငှာ တတ်ကောင်းနိုင်လိမ့်မည်နည်း၊ မတတ်နိုင်သည်သာတည်း။ (ဝိ ၁၊၈၁။)၌ တေန ခေါ ပန သမယေန အညတရော ဘိက္ခု သာဝတ္ထိယံ ဒုဗ္ဘိက္ခေ အာပဏိကဿ တဏ္ဍုလမုဋ္ဌိံ ။ပ။ မုဂ္ဂမုဋ္ဌိံ ။ပ။ ထေယျစိတ္တော အဝဟရိ၊ တဿ ကုက္ကုစ္စံ၊ အဟောသိ။ပ။ အာပတ္တိံ တွံ ဘိက္ခု အာပန္နော ပါရာဇိကန္တိ ဟူ၍လည်းကောင်း ဟောတော်မူအပ်၏။ ဘုရားရှင် ရှေ့လက်ထက်တော်အခါက ဝေရဉ္ဇာနိုင်ငံမှာကဲ့သို့ သာဝတ္ထိပြည်မှာ အာဟာရပြတ်၍ သေကြလေအောင် အလွန်ငတ်မွတ်ရှားပါးသည်ဟူ၍ ကျမ်းဂန်တို့၌ မလာမရှိ။ ထို့ကြောင့် သာဝတ္ထိပြည်မှာ တော်ရုံသာငတ်မွတ်သည်ဟု ယူရန်ရှိသတည်း။ သို့ယူရသော သာဝတ္ထိပြည်မှာ ငတ်မွတ်သောအခါ၊ နီလကဟာပဏ တစ်မတ်ကိုလည်းကောင်း၊ ရွှေစင်နှစ်ရွေးနှင့် ရွေးဝက် ရွေးတစ်ချမ်းကိုလည်းကောင်း ထိုက်သော တဆုပ်ခန့်သော ဆန်, ပဲနောက်, ပဲကြီး, နှမ်းကို ခိုးသည်ဟု ယူရန်ရှိသတည်း။ ဝိမတိ ဝိနောဒနီဋီကာ (၁၊၁၆၉-နှာ)၌ကား ယသ္မိံ ပဒေသေ နီလကဟာပဏောနသန္တိ၊ တတ္ထာပိကာဋ္ဌက ဝိရဟိတဿ နိဒ္ဒန္တ သုဝဏ္ဏဿ ပဉ္စမာ-သဂ္ဃနကေနဘဏ္ဍေနပါဒပရိစ္ဆေဒေါကာတဗ္ဗော ဟု မိန့်အပ်၏။ ထိုစကားသည် ရူပိယသိက္ခာပုဒ်အဋ္ဌကထာ (ဝိ ၄၊၂၊၂၆၉) သာ "ကဟာပဏောတိ သောဝဏ္ဏ-မယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ"စကားနှင့်မညီလေ။ နီလက-ဟာပဏ ဟူသည် ပါကတိက ကဟာပဏတည်း။ ထိုအယူကို ဥတ္တရ ဝိနိစ္ဆယဋီကာ (၂၄၀၁-နှာ)၌ တဿ ယထာဝုတ္တလက္ခဏဿ ကဟာပဏဿ သဗ္ဗဒေ-သေသု အလဗ္ဘမာနတ္တာ သဗ္ဗဒေသသာဓာရဏေန တဿ မိဿက ကဟာပဏဿ ပဉ္စမာသပါဒဂ္ဃနကေန သုဝဏ္ဏေ နေဝပါရာဇိကဝတ္ထုမှို၊ နိယမိတေ သဗ္ဗဒေသ-ဝါသီနံ ဥပကာရာယ ဟောတိတိ ဝံ သုဝဏ္ဏေ နေဝပါရာဇိကဝတ္ထု ပရိစ္ဆေဒေါ-ကတော၊ အယမေဝနိယမော သီဟဠစရိယဝါဒေဟိ သာရေတိ ဂဟိတော။ တသ္မာ သိက္ခာဂရုကေဟိ သဗ္ဗတ္ထပေသလေဟိ ဝိနယ ဓရေဟိ အယမေဝ ဝိနိစ္ဆယော-သာရတော ပစ္စေတဗ္ဗော ဟူသောစကားဖြင့် ပယ်ရှားတော်မူပြီးဖြစ်သတည်း။ ထိုစကားမှန်၏၊ တဿ မိဿက ကဟာပဏဿ ပဉ္စမာသ ပါဒဂ္ဃနကေန သုဝဏ္ဏေ နေဝ-ဟူသောစကား၌ မိဿက ကဟာပဏမည်သော နီလပဟာပဏ၏ ငါးပဲ ဟူသော တမတ်ထိုက်သော ရွှေစင်သည် နှစ်ရွေးနှင့် ရွေးဝက် ရွေးတစ်ချမ်းသာ အချိန်ရှိသတည်း၊ ချိန်ဝန်ရှိသတည်း။ ရွှေစင်ငါးပဲ ချိန်ဝန်ကား ဝိမတိ ဝိနောဒနီဋီကာ၌ မိန့်တော်မူတိုင်း မရှိလေ။ ဝိနယ ဝိနိစ္ဆယဋီကာကို သာရတ္ထဒီပနီဋီကာဆရာ၏ တပည့်စီရင်အပ်ရကား ဝိနယ ဝိနိစ္ဆယဋီကာသည် ဝိမတိ-ဝိနောဒနီဋီကာ၏ ရှေ့၌ဖြစ်သတည်း။ ထို့ကြောင့် ဝိမတိ ဝိနောဒနီဋီကာမရှိမီက ဖြစ်ထွန်းနှင့်သော ဝိမတိ ဝိနောဒနီဋီကာလာ အယူနှင့်

တစ်ထပ်တည်းကျသော အယူကို တဿယထာ ဝုတ္တလက္ခဏာဿ စသော စကားဖြင့် ပယ်ရှားတော်မူပြီး ဖြစ်သတည်း။ ဥတ္တရဝိနိစ္ဆယ ဋီကာ၌သာ ပယ်ရှားတော်မူပြီးဖြစ်သည် မဟုတ်။ အဋ္ဌကထာ၌လည်း "သောစခေါ ပေါရာဏာဂဿနိလကဟာပဏဿဝသေန" ဟူသော စကားဖြင့် ပယ်ရှား တော်မူပြီး ဖြစ်သတည်း။ အကယ်၍ ဝိမတိ ဝိနောဒနီဋီကာလာတိုင်း ရွှေစင်ငါးပဲဖြင့် ပါဒကို ဆုံးဖြတ်ရသည်ဖြစ်လေက အဋ္ဌကထာ၌ "သောစခေါ ကာဠက ဝိရဟိတဿ နိဒ္ဓန္တသုဝဏ္ဏဿဝသေန" ဟူသောစကားကိုသာ မိန့်တော်မူသတည်း။ "သောစခေါပေါရာဏဿနီလကဟာပဏဿဝသေန" ဟူသော စကားကိုမူကား မိန့်ဆိုတော်မမူရာ။ စင်စစ်မူကား "သောစခေါကာဠက ဝိရဟိတဿ" စသောစကားကို မိန့်ဆိုတော်မမူဘဲ သောစခေါပေါရာဏဿ–စသောစကားကိုသာ မိန့်ဆိုတော်မူသတည်း။ ထို့ကြောင့် အဋ္ဌကထာ၌လည်း ပယ်ရှားတော်မူပြီး ဖြစ်သတည်း။

တံ ဟိ ယသ္မာ စသောစကားဖြင့် ရဇကာဝတ္ထာနိ အတ္တရန္တိဇတ္တာတိ ရဇကတ္ထရဏံ" ဟူသော ဝစနတ္ထကို ပြတော်မူသတည်း။ ဟိ-ကို ယသ္မာ ဖြင့် ဖွင့်သည်မဟုတ်။ ထိုစကားသည် ဝိတ္ထာရ စကားဖြစ်သောကြောင့် "ဟိ ဝိတ္ထာ· ရေမိ။ ချဲ့ဦးအံ့"ဟု အနက်ပေး။ တေသံ၊ ထိုဝါသည်တို့သည်။ ပမာဒေန၊ မေ့လျော့သဖြင့်။ အပဿန္တာနံ၊ မမြင်ကုန်စဉ်။

ဂါမောနာမာတိ ဧဝမာဒိ၊ ဂါမောနာမ၊ ဤသို့အစရှိသောစကားကို။(ဝုတ္တံမှာ ငေပ်။) ယသ္မိံ ဂါမေ-စသောစကားဖြင့် "ကော ဇေ ကုဋိ ယသ္မိံ ဂါမေတိ ကော ကုဋိကော" ဟူသော ဝစနတ္ထကို ပြသတည်း။

ကေ–သဒ္ဒါသည် ဥပလက္ခဏာနည်း။ နိဒဿန နည်းအားဖြင့် ဟောတော်မူအပ်သော သဒ္ဒါဖြစ်၍ နှစ်ခု၊ သုံးခု စသော အိမ်ရှိသောရွာဟု မှတ်ရမည်လော မေးရန်ရှိသော ဤ ကော ဇေ ကို မိန့်သတည်း။

ကုဋိ-သဒ္ဒါသည် ဂန္ဓကုဋိပုဒ်၌ ကုဋိသဒ္ဒါ ကျောင်းအနက်ကို ဟောသကဲ့သို့ ကျောင်းအနက်လောဟု မေးရန်ရှိ၍ ကေ ဂေဟံ-ကို မိန့်သတည်း။

ဂေါနိသာဒိနိဝိဋ္ဌ-ပုဒ်ကို "နိသာဒေတိ အဿာဒေတီတိ နိသာဒိ။ ဂေါဧဝ နိသာဒိ ဂေါနိသာဒိ။ ဂေါနိသာဒိ ဝိယနိဝိဋ္ဌော ဂေါနိသာဒိနိဝိဋ္ဌော"ဟု ဝစနတ္ထ ပြုရမည်လောဟု မေးရန်ရှိ၍ ဂေါနိသာဒိနိဝိဋ္ဌော နာမ–စသည်ကို မိန့်အပ်သတည်း။

ဤစကားဖြင့် "နိသီဒန္တိ ပဝိသန္တိ သန္နိဝေသန္တိ ဧတသ္မိံ ပဒေသေတိ- နိသာဒိ၊ ဂုန္နံနိသာဒိဂေါနိသာဒိ။ ဂေါနိသာဒိဝိယ ဝိနိဋ္ဌော ဂေါနိသာဒိနိ ဝိဋ္ဌော" ဝစနတ္ထကို ပြသတည်း။ သီဒ=ဝိသရဏဂတျာဝသာနေသု။ (နီတိဓာတု-၉၅)။ (ဓာတုမာလာ) ဥစ္စင်္ဂေမံနိသာဒေတွာ ပြုဂ်၌ (နု၊၆၊၁၅၂။) ကဲ့သို့ ဤဒီဃကို အာဒီဃပြုသတည်း။ "နိသာဒနံ ပဝိသနံ သန္နိဝေသနံ နိသာဒေါ၊ ဂုန္နံဝိယ နိသာဒေါ ဧတိဿာတိ ဂေါနိသာဒိ။ (ခုဒ္ဒသိက္ခာဋီကာသစ် ဘူမိနိဒ္ဒေသ။ (၃၂၆-နှာ)

ဝီထိသန္နိဝေသာဒိဝသေန။ လမ်းခရီး၌ စုရုံး၍နေခြင်း စသည်တို့၏ အစွမ်းဖြင့်။ အာဒိ၊ ဖြင့် ခရီးမဟုတ်သောတောတောင်စသည်ကိုယူ၏။ ။ တတ္ထ တတ္ထ၊ ထိုထိုနွားခြံ၌။ တတ္ထ တတ္ထ၊ ထိုထိုရွာတည်ထောင်သင့်သော အရပ်၌။ ယဿဂါမဿ၊ အား။ အနုရာဓပုရဿ၊ အား။ ဒွေ၊ သော။ ဤနန္ဒခိလာ၊ တို့သည်။ သန္တိ ဝိယ၊ သို့။ ဒွေ၊ သော။ ဤနန္ဒခိလာ၊ သည်။ သန္တိ၊ ရှိကုန်၏။ မာတုဂါမေ၊ သည်။ ခိပတိယထာစ၊ လည်းကောင်း။ ခိပန္တိယထာစ၊ လည်းကောင်း။ ဧဝံ တထာ အခိပိတွာ၊ နိဗ္ဗကော-သဿ စကား၌ နိဗ္ဗ-ဟူသည် အမိုးစွန်းတံစက်မြိတ်တည်း။ (နိဗ္ဗန္တိ၊ဆေဒကော-ဋ္ဌိယံ၊ အဘိဓာန်ပူရဝဂ်၊ ၂၁၇-ဂါထာ)။ ထိုအမိုးစွန်းတံစက်မြိတ်သည် ထွက်, ဝင်သောလူတို့၏ ဦးခေါင်းနှင့်ထိခိုက်တိုက်မိရာဖြစ်၍ ဆဲရေးအပ်သောကြောင့် "ကုသိယတီတိ အက္ကောသိယတီတိ ကောသော ဟူသော ဝစနတ္ထ၊ ကြောင့်။ ကောသ၊ မည်သတည်း။ ကုသ အက္ကောသနေ၊ (ဏှာဒိမောဂ္ဂလာန်)

ဧတ္ထ၊ ဤပရိက္ခိတ္တဿ၊ပ။လေဍ္ဍုပါတော၊ ဟူသောပါဠိတော်အရာ၌။ ဣဒံ၊ ဤမဟာအဋ္ဌကထာမိန့်အပ်သောစကားသည်။ ပမာဏံ၊ တည်း။ ဧတ္ထ၊ ဤပါဠိတော်အရာ၌။ ပမာဏံ၊ သည်။ ဟောတိယထာ၊ သို့။ ဧဝံတထာ၊ တူ။ သဗ္ဗတ္ထ၊ အလုံးစုံသော ရှေ့နောက်ဖြစ်သော အရာတို့၌။ ဤ တွင် ရှေးဟူသည် ပထမပါရာဇိက သိက္ခာပုဒ် အဖွင့် ကုန်ခါနီး "ဒွါရံဝိဝရိတွာ-နိပန္နဝတ္ထု"အဖွင့်"ကောမုစ္စတိ ကော န မုစ္စတိ"စသော စကားတည်း။ ဝဇီရ-ဗုဒ္ဓိဋီကာ(၁၂၅-နှာ)၌ အနုဂဏ္ဌိပဒေပန ယောယော အဋ္ဌကထာဝါဒေါ ဝါ ထေရဝါဒေါ ဝါ ပစ္ဆာဝုစ္စတိတိ ဣတောအနာဂတံ၊ သန္ဓာယဝုတ္တံ၊ နာတီတံ၊ ယဒိ အတီတမ္ပိသန္ဓာယ ဝုတ္တံ၊ မဟာပဒုမထေရ ဝါဒေါဝ ပမာဏံ ဇာတန္တိ အာပဇ္ဇတိ၊ တသ္မာအနာဂတမေဝ သန္ဓာယ ဝုတ္တန္တိ အာစရိယာ ကထယန္တီတိ ဝုတ္တံ-ဟု မိန့်အပ်၏။ သို့မိန့်အပ်ငြားသော်လည်း ဒွါရံ ဝိဝရိတွာနိပန္နဝတ္ထု အဖွင့်

မှာမဟာပဒုမတ္ထေရဒါဒကို နောက်ဆုံးဆိုအပ်သည်မဟုတ်။ ဒွေပနဇနာ-စသော မဟာအဋ္ဌကထာစကားကိုသာ နောက်ဆုံးဆိုအပ်သောကြောင့် လည်းကောင်း၊ ထိုမဟာအဋ္ဌကထာစကားသာ ပမာဏဖြစ်သောကြောင့်လည်းကောင်း။ သဗ္ဗတ္ထ အရ အတိတ်,အနာဂတ် ရှေး,နောက်နှစ်ပါးဟု မှတ်ယူအပ်သတည်း။ ဒွေပနဇနာ-စသော နောက်ဆုံးစကား (ဝိ၊ဋ္ဌ၊၁၊၂၄၆။)မဟာအဋ္ဌကထာစကားဖြစ်ကြောင်းကိုမူကား "ဒွေပနဇနာတိ အာဒိပိမဟာအဋ္ဌကထာယမေဝ ဝုတ္တံ" ဟူသော ဝိမတိဝိနောဒနီဋီကာ (၁၊၁၆၂။)ကိုထောက်၍သိအပ်၏။ ဝိမတိဝိနောဒနီဋီကာဆရာလည်း "ဒွေပနဇနာ"စသော စကား မဟာအဋ္ဌကထာစကားဖြစ်ကြောင်းကို ဤပါရာဇိကဏ်အဋ္ဌကထာအစ (၂-နှာ)ပဋ္ဌိညာဉ် စကားမှာ မဟာအဋ္ဌကထံ သရီရံကတွာ-ဟူသော စကားကို ထောက်၍ သိသတည်း။ သေသမို၊ ကြွင်းသော ဂါမူပစာရလက္ခဏာကိုလည်း သေသမ္ပိတိ ဂါမူပစာရလက္ခဏံ သန္ဓာယဝဒတိ။ (သာရတ္ထ၊ ဋီ၊၂၊ ၁၂၅)။တတြ ထိုဂါမူပစာရကို ယူရာ၌။ယသ္မာ ဒုဝိဓော ဟောတိ။ တသ္မာ စ, ယသ္မာပရိက္ခေဒေါ ဟောတိ၊ တသ္မာစ,

ပရိက္ခေပေါယေဝ၊ ပရိက္ခေဒေါ-ဟူသော စကား၌။ ယောပိစ ဂါမော-စသည်ဖြင့် မိန့်အပ်လတ္တံ့ စကားကိုရှုရ၍ အလွန်ကျယ်သော အရာမ်သည် ပမာဏမဟုတ်-ဟု သိအပ်၏။ အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နော ဟောတိ ဟူသော မဟာဝါ အဋ္ဌကထာ စီဝရခန္ဓက (ဝိ၊ဋ္ဌ၊၃၊၄၁၇) အဖွင့်စကားကိုထောက်၍ အရာမ် ထိုက်ရာ အရပ် အရာမ်အပ်သော အရာမ်သည်သာ ပရိက္ခေဒ-ဟု သိအပ်၏။

ယော အာစရိယော ဝဒတိ။ တဿ အာစရိယဿ ဝါဒေ။ တတော အာပဇ္ဇနတော။ တသ္မာစသည်ကား လဒ္ဓဂုဏ်တည်း။ တသ္မာဖြင့် အာပဇ္ဇတိ, သံကိယတိ, ဝေဒိတဗ္ဗော-ဟူသော ကြိယာသုံးပါးကိုစွဲ။ ဝုတ္တနယေနေဝ မဟာအဋ္ဌကထာ၌ တသ္မိံ ဃရူပစာရေ ဌိတဿ စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။

ဝုတ္တနယဖြင့် သာ ဂါမဂါမူပစာရကို ပုံသေ ကေန္တ သိအပ်လေသလော။ ဝုတ္တနယဖြင့်သာ သိအပ်သော် ရွာဟောင်းရွာဆိုးကုန်း၏ ရှေးကကျယ်သည် ဖြစ်သောကြောင့် ထိုရွာဟောင်း ရွာဆိုးကုန်းကို ရှေးအပိုင်းအခြားဖြင့်သာ ပိုင်းခြားအပ်လေသာလောဟု မေးရန်ရှိသောကြောင့် "ယောပိ စ"အစရှိသည်ကို မိန့်သတည်း။

စသဒ္ဒါကား ဝါကျာရမ္ဘဇောတက၊ ယောဂါမော၊ သည်။ ပုဗ္ဗေ၊ ရှေး၌။ မဟာ၊ ကျယ်သည်။ ဟုတွာ ဟောန္တောပိ၊ ဖြစ်ပါသော်လည်း။ ဤသို့ယောပိ၌ ပိ-ကို ဟုတွာနှင့် ယှဉ်၍အနက်ပေး။ သဏ္ဍော ဟုတွာ နိဗ္ဗတ္တိ၌ ကဲ့သို့ ဟုတွာ၌

တ္တာပစ္စည်းကို လက္ခဏာအနက်၌သက်။ "သက္ကော၊ သည်။ ဟုတ္တာ ဟောန္တော၊ ဖြစ်သည်ရှိသော်။ နိဗ္ဗတ္တိ၊ ဖြစ်၏"ဟု အနက်ပေးရသကဲ့သို့ ဤမှာလည်း လက္ခဏာ အနက်ပေးမှ ပိသဒ္ဒါကို ဆိုကျိုးရှိသကည်း။ "ယင်းသုံးပစ္စည်း သက်ရာလည်း။ တစ်နည်း လက္ခဏာ (နိယာမ်)။ ယောပိဂါမော ဟုတ္တာသည် စောဒကဆရာ၏ အာဘောဂကို ပြသတည်း။

ထို့ကြောင့် ပိ·သဒ္ဒါကို ဟုတ္တာနှင့်ယှဉ်ရသတည်း။ ဤယောပိစ ဂါမော စသောစကားကို ထောက်၍ ကျောင်းတိုက်မှာလည်း အရပ်ထိုက်ရာ အရပ် ထက်လွန်၍ အရပ်ပြုသည်နှင့် ကျောင်းတိုက်အရပ် အလွန်ကျယ်က အရပ် ပမာဏမဟုတ်။ ဓူဝသန္နိပါတ ဌာန, ပရိယန္တဋ္ဌိတ ဘောဇနသာလ, နိဗဒ္ဓဝသနက အာဝါသတို့တွင် တစ်ခုခုသော ဌာနမှ အားအသယ်အလတ် ရှိသော ယောကျ်ား၏ ခဲ နှစ်ကျအတွင်းသာ အရပ်ဥပစာရသိမ် မည်သည်ကိုသိအပ်၏။ ထို့ကြောင့် မဟာဝါအဋ္ဌကထာ စီဝရခန္ဓကအဖွင့်(ဝိ၊ဋ္ဌ၊၃၊၄၁၇)၌ ဥပစာရသိမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန, အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ။ အပိစ ဘိက္ခူနံ ဓုဝ သန္နိပါတဋ္ဌာနတောဝါ, ပရိယန္တေဋ္ဌိတ ဘောဇနသာလတောဝါ, နိဗန္ဓဝသနက အာဝါသတောဝါ, ထာမ မဇ္ဈိမဿပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ၊ အန္တော ဥပစာရသိမာ ဝေဒိတဗ္ဗာဟု မိန့်အပ်၏။ ဤအဋ္ဌကထာစကားရပ်တွင် ပရိက္ခေပါရဟဋ္ဌာနဟူသည် ဓူဝသန္နိပါတ ဌာနစသည်မှ ခဲတကျအတွင်းတည်း။ (ဟေရသကဏ်ဋီကာနှင့် ဝိမတိ ဝိနောဒနီဋီကာအလို) တနည်းကား။ ပရိက္ခေပါရဟဋ္ဌာနဟူသည်ဓုဝသန္နိပါတဋ္ဌာနစသည်မှ ခဲနှစ်ကျ အတွင်းတည်း။ (ဝဇီရဗုဒ္ဓိဋီကာအလို။) ဤမထေရ်သုံးပါး ဝါဒကို မဟာဝါ စီဝရက္ခန္ဓက အဖွင့်ဋီကာသုံးဆောင်မှာ လာရှိသတည်း။ ဤပရိက္ခေပါရဟဋ္ဌာနေန ဟူသောစကားဖြင့် ပရိက္ခိတ္တဿ ဝိဟာရဿ ဟူသော ရှေးစကားမှာ ဓုဝသန္နိပါတဋ္ဌာန စသည်မှ ခဲနှစ်ကျအတွင်း၌ အရပ်သာ အရပ်မည်ကြောင်း ထိုထက်လွန်က အရပ်မမည်ကြောင်းကို ပြတော်မူသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၂၊၁၂၅)၌ ဃရူပစာရေ ဌိတဿမဇ္ဈိမဿ ပုရိသဿ လေဍ္ဍုပါတောတိ ဣမိနာ ပရိက္ခိတ္တဿပိ ဂါမဿ သစေ လေဍ္ဍုပါတတော ဒူရေ ဒူရေပရိက္ခေပေါ ဟောတိ။ လေဍ္ဍုပါတော ယေဝ ဂါမပရိစ္ဆေဒေါတိ ဂဟေ တဗ္ဗန္တိ ဝဒန္တိဟု မိန့်အပ်၏။ ဂါမပရိစ္ဆေဒကို ဆိုသောဋီကာစကားဖြင့် အာရာမ ပရိစ္ဆေဒကို သိကောင်းသတည်း။ အရပ်ပြားသည်ဟု မမှတ်မသားဘဲ မနေကြရာ။

ဤလက္ခဏာကို အလုံးစုံသောအရာတို့၌ သိအပ်သလောဟု မေးရန်ရှိသော ကြောင့်။ "အရညံနာမ ဌပေတွာ ဂါမဉ္စ ဂါမူပစ ရဉ္စာတိ ဣမံစသည်ကို မိန့်သတည်း။

ပါဠိတော်မှာ "ဂါမာဝါအရညာဝါ"ဟူ၍သာ လာသောကြောင့် ဃရနှင့် ဃရူပစာရ ဂါမူပစာရကို စပ်လျဉ်းသောအားဖြင့်သာ မဟာအဋ္ဌကထာ၌ ဆိုတော်မူသည်၊ထို့ကြောင့်ဃရနှင့်ဃရူပစာရ ဂါမူပစာရမှာ ခိုးသော်ရမှာန်းအား ပါရာဇိကမကျ သို့လားဟုလျှဉ်းပါရန်ရှိသောကြောင့် "ဝေံဘဂတော" စသည်ကို မိန့်သတည်း။

အဇ္ဈောဟရဏီယံ ကိဥ္စိပိ ဝုစ္စတိ၊ ပန တထာပိ သသာမိကဿ ဘဏ္ဍဿေဝ အာဒါနေန ပါရာဇိကဘာဝတော ဣဓ ယံကိဉ္စိ ပရပရိဂ္ဂဟိတံ သသာမိကံ ဘဏ္ဍံဒ ဒိန္နန္တိ ဝုစ္စတိ။ ယဿာ အာဒိယတိ။ တဿာစ သောယဿာထေယျ စိတ္တောဟောတိ။ တဿာစ။

အာဒိယေယျစသော ခြောက်ပါးသောပုဒ်တို့တွင်၊ "ပစ္စိမံ၊ ပစ္စိမံ၊ ပုရိမဿ ပုရိမဿ အတ္ထဝိဝရဏံ"ဟု တပါးသောအရာတို့၌ မိန့်အပ်သည်နှင့်အညီ နောက်နောက်သောပုဒ်သည် ရှေးရှေးသောပုဒ်၏ အဖွင့်ဖြစ်၍ အထူးမရှိ ထို့ကြောင့် ထိုခြောက်ပါးသောပုဒ်တို့ကို ခိုးယူခြင်းသာမည၏ အစွမ်းအားဖြင့် ဟောတော်မူအပ်လေသလောဟု မေးရန်ရှိသောကြောင့် အာဒိယေယျ။ပ။ သင်္ကေတံ ဝီတိနာမေယျာတိ တွေပနစသည်ကို မိန့်သတည်း။

ပနကား ပက္ခန္တရ ဇောတက။ ။အဘိယောဂဝသေန၊ သူတပါး၏ အရာမ်ကို မိမိနှင့်ယှဉ်စေခြင်းဟု ဆိုအပ်သော တရားတွေခြင်း၏ အစွမ်းအားဖြင့်။ (အစုအဘိယောဂေ။ ။ဓာတုမာလာ) ဆဋ္ဌ၊ ဆဋ္ဌဖြစ်သော။ သင်္ကေတံဝီတိနာမေယျပုဒ်ကို။ ပရိကပ္ပဝသေနဝါ၊ ဥစ္စာထားရာအရပ်ကို ကြံသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ သုင်္ကဃာတဝသေန၊ ကင်းထားရာအရပ်၏ အစွမ်းအားဖြင့် လည်းကောင်း။

ဤနှစ်ပုဒ်တို့တွင် ပရိကပ္ပဝသေန ဟူသောစကားကို "သံကေတံဃတိပတိကပ္ပိယတိ တွေဌာနေတိ သံကေတံ" ဟူသောဝစနတ္ထ အားလျော်စွာ မိန့်သတည်း။ ထို့ကြောင့် ပရိကပ္ပိတဋ္ဌာနံ ဟူ၍ မိန့်တော်မူလတ္တံ့။သင်္ကေတာပရိကပ္ပကား ဤအရာမှာ မဆိုင်။

ပရိကပ္ပ နှစ်ပါးရှိသည့်ကိုကား အဘိန္နသဒ္ဒ ဝတ္ထုမှ နောက်ဝတ္ထုအဖွင့်မှာ မှုပြလတ္တံ့။ သင်္ကေတ ဂမ္ဘကထာ၌ သင်္ကေတ–သဒ္ဒါကား ချိန်းခြင်းအနက် ဟော။

သုက်ဿာတငသေနဝါ ဟူသော စကားကို မူကား "သံကေတိယတိ ဉာယတိ ဧတ္ထ သုက်နှိသင်္ကေတံ"ဟူသော ဝစနတ္ထအားလျော်စွာ မိန့်သတည်း။ ကိတ ဉာဏော ကေတတိ။ ကေတနံ၊ ကေတကော၊ သင်္ကေတော။ (ဓာတုမာလာ။ ၆၇-နှာ)။

အဘိယောဂဝသေန စသော စကားကိုဆောက်၍ ပါဠိတော်မှာ "အာဒိယေယျ၊ တရားတွေ့၍ ခိုးယူငြားအံ့။ ဟရေယျ၊ သူတစ်ပါး၏ ဘဏ္ဍာကို ဆောင်း၍ ခိုးငြားအံ့။ ဟရဓာတ်သည် ဆောင်ခြင်းအနက်ကိုသာ မဟော။ ဆောင်၍ ခိုးခြင်းဟု ဆိုအပ်သော သိခါပတ္တအနက်ကို ဟောသတည်း။ သတ္တဟာရကံဝါဿ ပရိယေသေယျ၌ ကဲ့သို့မှတ်။ ထို့ကြောင့် အဋ္ဌကထာ၌ "ဟရေယျာတိ၊ အညဿ ဘဏ္ဍံ ဟရန္တော။ ပ။ ခန္ဓံသြရောပေတိ၊ အာပတ္တိ ပါရာဇိကဿ"ဟု မိန့်တော်မူလတ္တံ့။ "အဝဟရေယျ၊ ပစ္စည်းရှင်နှင့် ကင်းစေ၍ ခိုးငြားအံ့" ပစ္စည်းရှင်နှင့် ကင်းစေခြင်း ဟူသည် ငါမယူဘူးဟု ဆိုခြင်းတည်း။ ထို့ကြောင့် "နာဟံ ဂဏှာမီတိ ဘဏတိဟု မိန့်လတ္တံ့။အာဂ-သည် ဝိယောဂအနက်ရှိသတည်း။ "ဣရိယာပထံ၊ ဥစ္စာဘဏ္ဍာနှင့်တကွ ဖြစ်သောသူ၏. ဣရိယာပုတ်ကို ဝိကောပေယျ၊ ဖျက်ဆီးငြားအံ့။"ဌာနာ၊ကုန်း, ကြည်းစသော ဥစ္စာ၏ တည်ရာအရပ်မှ။ စာဝေယျ၊ ရွေ့စေငြားအံ့"။ "သံကေတံ၊ ကြံစည်ရာအရပ်, ကင်းသားရာ အရပ်ကို"။ ဤသို့အနက်ပေး။။

အရှင်မဟာဗုဒ္ဓဃောသ ဆရာ၊ ယောဇနာပနေတ္ထ- စသော စကားကို ခေါင်းတည်၍ အာဒိယေယျ စသော ပုဒ်တို့၌၊ ယောဇနာနည်းကို ပြတော်မူ၏။ ထိုယောဇနာနည်းကိုသာ သိအပ်လေသလောဟု မေးရန် ရှိသောကြောင့် အပိစ-အစရှိသည်ကို မိန့်သတည်း။

အပိစ၊ အပရောနယော မယောဝုစ္စတော။ ဧဝံ ဝဏ္ဏယတာဟိ၌-ဟိကား ဖလဇောတကတည်း။

ပဉ္စဝီသတိအဝဟာရေ တို့ကို ပြသော် ရှေးအဋ္ဌကထာတို့၌ လာသည်အားလျော်စွာ ဆရာပြမည်လောဟု မေးရန်ရှိသောကြောင့် ဣမသ္မိံ စ ဌာနေစ စသည်ကို မိန့်သတည်း။ ပဉ္စပဉ္စကော။ပ။ သလ္လက္ခေတ ဗ္ဗာကို လုံရင်းကောက်။

အဘယ်ကြောင့် ကောင်းစွာ မှတ်သားအပ်သနည်း။ ဤအရာမှာ အလုံးစုံကုန်သော အဋ္ဌကထာလာ စကားတို့သည် အနာကုလ,အလုဠိတ, သုဝိညေယျ ဝိနိစ္ဆယ ဖြစ်ကုန်ခဲ့သော ရှေးအဋ္ဌကထာတို့၌ လာသည်အားလျော်စွာသာ မှတ်သား သင့်ကုန်ရာသည် မဟုတ်လောဟု မေးရန်ရှိသောကြောင့် ဣမသ္မိံ စ ဌာနေ စသည်ကိုမိန့်သတည်း။

ဣမသ္မိံ စ ။ပ။ ဒုဝိညေယျ ဝိနိစ္ဆယာ၊ တသ္မာ ပဥ္စ ပဥ္စကေ စသည်ကို လိုရင်းကောက်။ ။အာကုလာ လုဠိတာ နှစ်ပုဒ်သည် အချင်းချင်း ပရိယာယ်တည်း။ လုဠိတာ-ပုဒ်သည် လုဠ ဓာတ်ဖြင့် ပြီးသတည်း။ ဤပုဒ်ကိုထောက်၍ ဓာတုမာလာ၌ "လောဠ ဥမ္မာဒေ" ဟု လောဠ-ဓာတ်သာ လာရှိငြားသော်လည်း လုဠ-ဓာတ်လည်း ရှိသေး၏ဟု သိအပ်သတည်း။

ဒုဝိညေယျဝိနိစ္ဆယာ-ကား အသီးအခြားသော အပြစ်ပြ ပုဒ်တည်း။ အာကုလာ၊ နှောင့်ယှက်ကုန်သည်။ လုဠိတာ၊ မွှေနှောက် ချောက်ချားကုန်သည်။ ဤအရာ၌ အလုံးစုံကုန်သော အဋ္ဌကထာလာ စကားတို့၏ အာကုလ လုဠိတ ဒုဝိညေယျ ဝိနိစ္ဆယ ဖြစ်ကုန်သည်၏အဖြစ်ကို ဆရာ အဘယ့်ကြောင့် သိအပ်ကုန်သနည်း။ ပစ္စက္ခအားဖြင့် သိအပ်ကုန်သလောဟု မေးရန်ရှိသော ကြောင့် တထာဟိ-စသည်ကို မိန့်အပ်သတည်း။

ဤတထာဟိ စသည်ကား ရှေးဝါကျ၏ဉာပကအကြောင်းတည်း။ တထာဟိ ဝုတ္တံ သင်္ဂဟာကာရေဟိ။ တဿာနုဘာဝေန ဟတန္တရာယောတိ-ဟူသော အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ (ပဏာမ)စကားကို ထောက်သတည်း။ ထို့ကြောင့် မဏိသာရမဉ္ဇူသာ (၁၊၄၄-နှာ)ကျမ်း၌ သကဝစနံ သာဓျ၊ ပရဝစနံ သာဓက၊ သကဝစနံ ဉာပျ၊ ပရဝစနံ ဉာပကန္တိဝစနတော သကဝစနံ ပရဝစနေန သာဓေန္တော ဉာပေန္တော စ အာဟ တထာဟိတိ အာဒိ-ဟု မိန့်အပ်၏။ ရှေးဝါကျ၏ ဉာပက, သာဓက အကြောင်း ဖြစ်လေငြားလည်း ထို တထာဟိ စသောစကားကို ရှေး ဣမသ္မိံ စ ဌာနေ စသောဝါကျ၏ အကြောင်း၏အဖြစ်ဖြင့် မပြန်လင့်၊ ဧဝမိမသ္မိံ ဌာနေ-စသော နောက်ဝါကျသို့သာ အကြောင်း၏ အဖြစ်ဖြင့်သွား။ ရှေးဣမသ္မိံ စ ဌာနေ စသောစကားနှင့် နောက် ဧဝမိမသ္မိံ ဌာနေ စသောစကားသည် အတူတူပင်တည်း။ အတူတူဖြစ်လေက နောက်စကားကို မရေးသင့် ဟူရာမှာ အဋ္ဌကထာတို့၌ ဤသို့ စကားကျယ်စိုင်း၍ အရင်းစကား အစစကား ငုတ်သောအရာမှာ အရင်းစကား အစ စကား အတိုင်း အဆုံးသတ်၍ ထားရိုးရှိသတည်းဟု ဖြေလေ။ တသ္မာဖြင့် နောက် ဧဝမိမသ္မိံ ဌာနေ စသည်ကိုစွဲ။ ရှေး၌ ဒဿိတံ ဒဿိတာနိ အဆုံးရှိကုန်သော အလုံးစုံကုန်သောအဋ္ဌကထာစကားတို့သည် အာကုလ လုဠိတ ဖြစ်ကုန်သည်ဟု သို့သိအပ်ကုန်ရာ၌ အကြောင်းတို့တည်း။

အလုံးစုံကုန်သော အဋ္ဌကထာစကားတို့၏ အာကုလ လုဠိတ ဖြစ်ကုန်သည်အဖြစ်ကို ဤအကြောင်းကြောင့် သိအပ်ကုန်သည်ဟု သိအပ်ရာ၌ အကြောင်းကို ဆရာပြ၏။ အဘယ်အကြောင်းကြောင့် ဒုဝိညေယျ ဝိနိစ္ဆယ

ဖြစ်ကုန်သည်ကို သိအပ်ကုန်သနည်းဟု မေးရန်ရှိသောကြောင့် ယဲနိ- အစ ရှိသည်ကို မိန့်သတည်း။

သို့ပင် တစ်ခုသော ပဉ္စက နှစ်ခုကုန်သော ပဉ္စကတို့ကို ပြုအပ်ကုန်သည် ဖြစ်ပါစေကုန်ဦးတော့ သို့ပင်ဖြစ်ကုန်လေငြားသော်လည်း ထိုပြုအပ်ကုန်သော ပဉ္စကတို့သည် ရှေးအလုံးစုံကုန်သော အင်္ဂါကထာတို့၌ ပြအင်ကုန်သည့်အတိုင်း ပဉ္စက ဖြစ်ကုန်လေက အလုံးစုံသော အင်္ဂကထာ ပါ စကားတို့သည် အာကုလ လုဠိတ ဖြစ်ကုန်သည်ဟု မသိအပ်ကုန်သည် မဟုတ်လောဟု စောဒနာရန် ရှိသောကြောင့် ဧတာနိ စ-အစရှိသည်ကို မိန့်သတည်း။

အဘယ်ကြောင့် ထိုပဉ္စကဘို့သည် ပဉ္စက မဖြစ်ကုန်သနည်း။ ငါးပါးသော အရေအတွက် စုံစေ့ပါသည် မဟုတ်လောဟု မေးရန်ရှိသောကြောင့် ယတ္ထဟိ- စသည်ကို မိန့်သတည်း။

သို့ပင် ဆိုအပ်သည် ဖြစ်ပါစေဦးတော့ သို့ပင် ဖြစ်လေငြားသော်လည်း ပဉ္စဟာကာရေဟိ အဒိန္န-စသော ပါဠိတော်လာ စကား, ဆဟာကာရေဟိ-စသော ပါဠိတော်လာ စကားတို့၌ တစ်ခုတစ်ခုသောပုဒ်ဖြင့် တစ်ခုတစ်ခုသော အဝဟာရ ဖြစ်ခဲ့သော် ထိုပဉ္စကတို့သည် ပဉ္စက ဖြစ်ကုန်ရာသည်မဟုတ်လောဟု မေးရန်ရှိသောကြောင့် တွေ ပန-စသည်ကို မိန့်သတည်း။ ရှေးစကား၏ ဟိတ်ကူတည်း။

ပန-သဒ္ဒါ ဝိသေသတ္ထ ဇောတက်။ ယသ္မာ ဒုဝိညေယျ ဝိနိစ္ဆယာ၊ တသ္မာ ပဉ္စ ပဉ္စကံ။ပ။ သလ္လက္ခေတဗ္ဗာတိ ယောဇနာ။ ကော် ပဉ္စကံ ယသ္မာ ဒဿိတံ တသ္မာစ, ဒွေ ပဉ္စကာနိ ယသ္မာ ဒဿတာနိ၊ တသ္မာစ, တောနိ ပဉ္စကာနိ ယသ္မာ န ဟောန္တိ၊ တသ္မာစ, ဟိယသ္မာ ယတ္တ ယေသု ပဉ္စကေသု ဧကေကေန ပဒေန အဝဟာရော ယသ္မာ သိဇ္ဈတိ တသ္မာ တံ ပဉ္စကံ ပဉ္စကံ နာမ ယသ္မာ ဝုစ္စတိ၊ တသ္မာစ,တွေ ပဉ္စဟာကာရေဟိ အဒိန္နံ့ အာဒိဝစနဆဟာကာရေဟိတျာဒိ ဝစနေသု၊ သဗ္ဗေဟိ အဒိန္နံ့ အာဒိဟိ ပဒေဟိ ဧကောယေဝ အဝဟာရော ယသ္မာ သိဇ္ဈတိ တသ္မာစ,တောနိ ပဉ္စကာနိ ပဉ္စကာနိ န ဟောန္တိ။ တတ္ထ တေသု ပဉ္စဝိသတိယာ အဝဟာရေသု လဗ္ဘမာနာနိယေဝ နာနာဘဏ္ဍပဉ္စကာဒီနိ ယာနိပိ ပဉ္စကာနိ ဒဿိတာနိ သဗ္ဗေသံ တေသံ ပိ ပဉ္စကာနံ အတ္ထော ယသ္မာ န ပါကဋ- သိဒ္ဓော၊ တသ္မာစ, ဧဝံ ဣမိနာ ဝုတ္တနယေန ဣမသ္မိံ ဌာနေ သဗ္ဗအင်္ဂကထာ အာကုလာ လုဠိတာ ဒုဝိညေယျ ဝိနိစ္ဆယာတိ မယာ ဉာယတိ။ တသ္မာ ဣမသ္မိံ- ဌာနေ သဗ္ဗအင်္ဂကထာနံ အာကုလတ္တာ လုဠိတတ္တာ စေဝ ဒုဝိညေယျ ဝိနိစ္ဆယ-

တ္တာစ ပဉ္စ ပဉ္စကေ သမောဓာနေတွာ ဒသာိယမာနာ ဣမေ ပဉ္စဝီသတိ အဝဟာရာ သာဓုကံ သလ္လက္ခေတဗ္ဗာတိ ယောဇနာ။

တတ္ထ၊ ထိုပဉ္စပဉ္စကတို့တွင်။ နာနာဘဏ္ဍပဉ္စကဉ္စ ဧကဘဏ္ဍပဉ္စကဉ္စ လဗ္ဘန္တီတိ မှာစပ်။ နာနာဘဏ္ဍပဉ္စကဉ္စတျာဒိ၊ စနေ မယာ ဝုတ္တံ။ ။ပရိကပ္ပါဝဟာရဿစ-ဟူသောစကားကို "သံကေတိယတိ ပရိကပ္ပိယတိ ဧတ္ထာတိ ဌာနေတိ သံကေတံ" ဟူသော ဝစနတ္ထအားလျော်စွာ မိန့်ဆိုသတည်း။ နိဿဂ္ဂိယာဝဟာရဿစ–ဟူသော စကားကိုမူကား "သံကေတိယတိဉာယတိဧတ္ထ သုက်န္တိ သံကေတံ" ဟူသောဝစနတ္ထ အားလျော်စွာ မိန့်ဆိုသတည်း။ တတိယ ပဉ္စမေသု ပဉ္စကေသုဥ တတိယ ပဉ္စက ကား သာဟတ္ထိက ပဉ္စကတည်း၊ ပဉ္စမ ပဉ္စကကား ထေယျာဝဟာရပဉ္စကတည်း။

နာနာဘဏ္ဍပဉ္စကဉ္စ ဧကဘဏ္ဍ ပဉ္စကဉ္စ "တတ္ထ နာနာဘဏ္ဍ ပဉ္စကဉ္စ တျာဒိဝစနေန မယာ" ဝုတ္တံ။ ဤဝုတ္တံ စသော စကားသည် နိဂုံးတည်း[၁]။

တနည်းကား။ ။ဤဝုတ္တံစသော စကားသည် မေးခြင်းအကျိုးငှာ ရှေးဦးစွာ ထားအပ်သော ဥပနာ စကားတည်း။ ဤနည်းအလိုအားဖြင့် "မယာ၊ သင် အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေပြီ" ဟု အနက်ပေး။ ပိဋကတ်သုံးပုံ အဋ္ဌကထာမှာ ဤသို့သဘောရှိသော နိဂုံးစကား ဥပနာစကားကို အရှင်မဟာ ဗုဒ္ဓဃောသဆရာ ရေးသား၍ ထားသည်ကား အလွန်ပင် ပါးရှားသတည်း။

ယေန အဝဟာရေန အန္တော သုင်္ဃာတေ ဌိတော ဗဟိသုင်္ဃာတံ ပါတေတိ၊ အာပတ္တိ ပါရာဇိကဿာတိ ဣမိနာဝစနေန သဒ္ဓိံ သံကေတံ ဝိတိနာ-မေယျာတိ ဣဒံ ပဒယောဇနံ လဗ္ဘတိ။ သော အဝဟာရော နိဿဂ္ဂိယောနာမ ဟုအနက်ပေး။

ယေနအဝဟာရေန၊သည်။(လဗ္ဘတိမှာစပ်) အန္တောသုင်္ဃာတေ စသော ပါဠိတော်စကားသည် သုင်္ဃာတကဏ္ဍမှာ လာသတည်း။ သံကေတံ ဝိတိနာ-မေယျ ဟူသော ပါဠိတော်စကားသည်။ အာဒိယေယျ အဖွင့်မှာ လာသတည်း။ သံကေတတသဒ္ဒါသည် ဤအရာမှာ "သံကေတိယတိ ဉာယတိ ဧတ္ထသုက်န္တိ သံကေတံ" ဟူသော ဝစနတ္ထကြောင့် သုင်္ဃာတဌာနကို ဟောသတည်း။

သုင်္ဃာတကထာယံ၊ ၌။ အာဂတေန၊ သော။ အန္တောသုင်္ဃာတေ-ဌိတော ဗဟိ သုင်္ဃာတံ ပါတေတိ အာပတ္တိ ပါရာဇိကဿာတိ ဣမိ-နာဝ၊ [၂](စ–ဆဋ္ဌမှု) ဤအန္တောသုင်္ဃာတေ ။ပ။ ပါရာဇိကဿ ဟူသော စကားနှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။သံကေတံ ဝိတိ နာမေယျာတိ ဣဒံ ပဒယော

၁။ နာနာဘဏ္ဍပဉ္စကဉ္စ၊ ကိုလည်းကောင်း။ ဧက ဘဏ္ဍ ပဉ္စကဉ္စ၊ ကိုလည်းကောင်း တတ္ထ နာနာ ဘဏ္ဍ ပဉ္စကဉ္စတျာဒိဝစနေန၊ဖြင့်။ မယာ၊ သည်။ဝုတ္တံ၊ ပြီ၏ဟု အနက်ပေး။
၂။ နိဿဂ္ဂိယောမာကိပဒံ လဗ္ဘတီတိ ပဒေကတ္တာ (ယောဇနာ ၁၅၃–နှာ)။

ဇနံ၊ သံကေတံ ဝိတိ နာမေယျံ ဟူသော ဤပုဒ်ကို ယှဉ်ခြင်းကို။ လဒ္ဒတိ၊ ရအပ်၏။ ဣမိနာဝ ဥဒ္ဒ ဝေဖြင့် သုက်ဿာတ ကထာဥ္ပပင် ရှေးဖြစ်သော ပထမံ ပါဒံ သုက်ဿာတံ အတိက္ကာမေတိ။အာပတ္တိ ထုလ္လစ္စယဿ၊ဒုတိယံပါဒံ အတိက္ကာမေတိ အာပတ္တိပါရာဇိကဿ ဟူသော စကားကိုကန့်။ အာယုံကြောင့်နည်း ဟူမူ ထိုပဌမံပါဒံ သုက်ဿာတံစသော စကားဖြင့် နိဿဂ္ဂိယ ခိုးခြင်းကို မပြမူ၍ သာဟတ္ထိက ခိုးခြင်းကိုသာ ပြသောကြောင့်တည်း။

အတ္ထသာဓကောနာမ၊ စေခိုင်းအပ်သော၏ သူတစ်ပါး၏ ဥစ္စာဘဏ္ဍာကို ခိုးယူခြင်းမှလည်းကောင်း။ ဖိနပ်စသည်တို့ကို စီ၍ကျစေခြင်းမှ လည်းကောင်း။ ရှေးထက် ရှေးဦးစွာကသာလျှင် ပါရာဇိက အာပတ်သင့်ခြင်း ဟု ဆိုအပ်သော အကျိုးပြီးစေတတ်သော ခိုးခြင်းမည်သည်ကား။ ။အသုံနာမ ဘဏ္ဍံစသော စကားသည် ဥပလက္ခဏနည်းမျှသာတည်း။ ကိရိယာသိဒ္ဓိတောစသော သာရတ္ထ- ဒီပနီ(၂၁၂၀-နှာ) စကားကိုထောက်။ ။ပါဋ္ဌိယံ၊ ၌။ သံဝိဒါဝဟာရောနာမာတိ အာဒိနာစေဝ သံကေတကမ္မံနာမာတိ အာဒိနာစ နိမိတ္တကမ္မန္တိ အာဒိနာ စ အာဂတနယေနေဝ ဝေဒိတဗ္ဗာ။ ။ဝေမိမာနိ ဖသည်ကား ပဉ္စ ပဉ္စကာနိ နာမစသော စကား၏ နိဂုံးတည်း။

ပေါရာဏာအရ သင်္ဂါယနာတင်ဆရာဟု ဝဇီရ၌ မိန့်အပ်၏။ ။အတ္ထံ၊ အာပတ်သင့်ခြင်း, အာပတ်မသင့်ခြင်း စသော အကျိုးကို။ ။သာလယအခါ ကောက်မိသောဝတ္ထုကြောင့် အာပတ်သင့်ခြင်း အကျိုးဖြစ်သတည်း။ နိရာလယ အခါ ကောက်မိသောဝတ္ထုကြောင့် အာပတ်မသင့်ခြင်း အကျိုးဖြစ်သတည်း။ ထိုကြောင့် သာရတ္ထဒီပနီ(၂၁၃၁)၌ မာရေယျတ္ထံ ဝိစက္ခဏောတိ ဣမသေဝ စသည်ကို အထက်၌ မိန့်လတ္တံ့။

ပန တဿာပိ၊ ထိုသို့ ပါရာဇိကဖြင့် မဆုံးဖြတ်အပ်ငြားသော်လည်း။ ဘဏ္ဍသာမိကေသု၊ တို့သည်။ပ။ ဒါတဗ္ဗံ၊ ၏။ အယံ၊ ဤသို့ပေးရခြင်းသည်။ ဧတ္ထ၊ ဤနိရာလယအခါ သူတပါးဘဏ္ဍာကို ဆောင်ယူကောက်ယူရာ၌။ သာမီစိ၊ လောကုတ္တရာတရေး အားလျော်သော အကျင့်ဝတ်တည်း။ သာမီစိတိဝတ္တံ အာပတ္တိ ပန နတ္ထိတိ အဓိပ္ပာယော။ သာရတ္ထဒီပနီဋီကာ (၂၁၃၀-နှာ) ဝဇီရဗုဒ္ဓိမှာလည်း ထိုနည်းတူလာ၏။

သကသညာယ အဒေန္တဿ အာပတ္တိ နတ္ထိတိ ဝဒန္တိ။ ဝိမတိဝိနောဒနီဋီကာ (၁၁၇၄-နှာ)။ ပရသညာဖြင့် မပေးသော်လည်း နိရာလယပစ္စည်းကို ကောက်ယူသော အရာဖြစ်၍ ပါရာဇိကအာပတ်မသင့်။ ပရသညာအတွက်နှင့် ဒုက္ကဋ် အာပတ်သာ သင့်သတည်း။

ဍာမသာ အတ္တသာ၊ ဤနိရာလယအခါ သူတစ်ပါး၏ ဘဏ္ဍာကို ဆောင်ယူကောက်ယူသည့်ရှိသော် ပါရာဇိကအာပတ်ဖြင့် မဆုံးဖြတ်ရခြင်း ဟူသော အနက်ကို။ ။ဘာတိယမင်း ဟူသည် သိဒ်ိုရိတည်း။ တတ္ထစေတိယင်္ဂဏေ၊ ၌။ မဟာဇနသမ္မဒ္ဒေါ၊ များစွာကုန်သော လူတို့၏အချင်းချင်း နင်းနယ်သွားလာခြင်းသည်။ ။မဒ္ဒ မဒ္ဒနေ မဒ္ဒတိ ပမဒ္ဒတိ ကဏ္ဍကံ မဒ္ဒတိ (ဓာတုမာလာ။ ၉၅-နှာ)မဟာဇနသမ္မဒ္ဒေါတိ မဟာဇနသခေါ်ဘောဟု သာရတ္ထဒီပနီ(၂၊၁၃၀)၌ ဖွင့်သည်ကား နင်းနယ်သွားလာခြင်းဟူသည် "လှုပ်လှုပ်ရှားရှား နင်းနယ်သွားလာခြင်းတည်း" ဟု အဓိပ္ပါယ်တွက်ကို ဖွင့်သတည်း။ ။ခုဘ သဉ္စလနေ ခေါဘတိ သခေါ်ဘတိ ဟတ္ထိနာဂေပဒိန္နမှိ၊ ခုဗ္ဘိတ္ထ နဂရံ တဒါ။ (ဓာတုမာလာ။ ၁၂၉-နှာ) သမ္မဒ္ဒေါတိနိ ဝိဒ္ဓတာ သခေါ်ဘောဝါ ဟူသော ဝိမတိဝိနောဒနီ (၁၊၁၇၄) အဖွင့်သည်လည်း နင်းနယ်သွားလာခြင်း ဟူသည် "အချင်းချင်း စပ်၍ နင်းနယ်သွားလာခြင်းဟူ၍ လည်းကောင်း, လှုပ်လှုပ်ရှားရှား နင်းနယ်သွားလာခြင်းဟူ၍လည်းကောင်း အဓိပ္ပါယ်တွက်ကိုပင် ဖွင့်သတည်း။

ဇနကာယေ၊ စေတီတော်ကို ဖူးမြော်သော လူများအပေါင်းသည်။ ဘဇ္ဇေ၊ စေတီရင်ပြင်တော်မှ သက်ဆင်းပြီးသည်ရှိသော် (ဝါ) သက်ဆင်းပြီးမှ။ ။ ဘဇ္ဇံ တု ဂဋ္ဌိတံ ပန္နံ ခုတဥ္စ ဓံသိတံ ဘဝေ။ ။အဘိဓာန်ဝိသေသျာဂ်နေဝဂ် (၇၅၁-ဂါထာ)။ ။ဘသ အဓောပတနေ တော။(အဘိဓာန်ဋီကာ)။ စေတီရင်ပြင်မှ သက်ဆင်းသော် စေတီရင်ပြင်နှင့် ကင်းသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ(၂၊၁၃၁-နှာ)၌ "ဘဇ္ဇေ ဇနကာယေတိ အပဂတေ ဇနကာယေ" ဟု အဓိပ္ပါယ်ကို ပြသောအားဖြင့် ဖွင့်သတည်း။ စေတီရင်ပြင်မြင့်သောကြောင့် စေတီယင်ပြင်မှ သက်ဆင်းရသတည်း။ စေတီယင်ပြင် မြင့်ကြောင်းကိုမူကား၊ အမစ္စပုတ္တော ဉာတိပရိဝုတော ပါစီနဒွါရေန စေတိယင်္ဂဏံ အာရုဠှော။ ဟူသော ပရိဝါရအဋ္ဌကထာ ပဉ္စကဝဏ္ဏနာ (ဝိ၊ဋ္ဌ၊၄၊၁၇၅-နှာ)ကို ထောက်၍ သိအပ်၏။ တေ တဝ အနာပတ္တိယော ကိဉ္စာပိ အသ။ ပန တထာပိ ထေယျစိတ္တေန ဂဟိတတ္တာ။ ။အမတေန၊ အမြိုက်ရေဖြင့်။ အဘိသိတ္တော ဍူဝ၊ သွန်းလောင်းအပ်သကဲ့သို့။

သာမဏ္ဏံ၊ နည်းသောအဖိုးသည်။ သံသဒ္ဒါသည် ခေ်ပအနက်ဟောတည်း။သခေ်ပဟူသည် အနည်းတည်း။ထို့ကြောင့်သာရတ္ထဒီပနီ(၂။၁၃၁-နှာ)၌"သမဏ္ဍန္တိ အပ္ပဏ္ဍံ" ဟုမိန့်အပ်၏။ ။အန္တရသမုဒ္ဒဟူသည် သိဒ်ိုရိမှထောက်သော် သမုဒ္ဒရာတစ်ဘက်ဖြစ်သောဇမ္ဗူဒိပ်ကျွန်းတည်း။ မဟာဝိဟာရ၊ သိဒ်ိုရိကျွန်း မဟာဝိဟာရ ကျောင်းတိုက်သို့။ ။ဒါဠှအတ္တံ၊ထင်းတို့ဖြင့် ပြုအပ်သော ဆွမ်းချက်ရခြင်းစသော

ကိစ္စကို။ ။အတ္ထသဒ္ဒါသည် "အရဏံ ကိစ္စံ ဘာဝေန ပဝတ္တနံ အတ္တော"ဟူသောဝစနတ္ထကြောင့် ကိစ္စအနက်ကို ဤအရာမှာဟောသတည်း။ ထိုကြောင့် သာရတ္ထဒီပနီ(၂၊ ၁၃၁-နှာ)၌၊ ဒါရုအတ္ထံ ဟရတီတိ ဒါရုဟိ ကတ္တဗ္ဗံ ကိစ္စံ သာဓေတီ"ဟုမိန့်အပ်၏။ တနည်းကား၊ ဒါရုအတ္ထံ၊ ထင်းပြုရခြင်းဟူသောအကျိုးကို။ ဒါရု၌ ကရဏပုဒ်ကျေ သို့အနက်ပေးသော်လည်း သင့်ရာသေး၏။ မယိ သန္တေတိ အာဒိ သဗ္ဗံ ရညာ ပေသာဒေန ဝုတ္တံ၊ ထေရေန ပန အနုန္နဉ္စဝိကံ ကတန္တိ နမညိတဗ္ဗံ- ဟုသာရတ္ထ ဒီပနီ(၂၊၁၃၁-နှာ)၌ မိန့်တော်မူသောကြောင့် သာသနာဝန်ထမ်း ရဟန်းပြုပြီးသော သူသည် ရဟန်းတို့အားမလျောက်ပတ်သော လူတရားကိုဆုံးဖြတ်ခြင်းအမှုကိုမပြုဘဲ မျက်နှာလွှဲ၍ ရဟန်းတရားကိုသာ အားထုတ်ကာ နေကြရာသတည်း။ ငါတို့လက်ထက်အခါမှာ မန္တလေးရတနာပုံနေပြည်တော်ဘည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် မှုးမတ်မိုဝန် မြို့သူကြီးစသော သူတို့ကို စိတ်မချသည်နှင့် လူမှုကိစ္စတို့ကိုကျေးတော မြို့ရွာ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့အား လွှဲအပ်ခြားသော်လည်း။ သာရတ္ထ ဒီပနီ၌ မိန့်တော်မူတိုင်း အာဘာမ္ဗိကဂေါဒတ္တ မထေရ်ထုံးကို နှလုံးထား၍ မျက်နှာလွှဲကာသာ ရဟန်းတရားနှင့်သာ နေကြကုန်ရာသည်။ သို့မနေဘဲ ဂတိလိုက်စား ရဟန်းတို့အား မလျောက်ပတ်သော လူ့ဘို့အခမ်ကျှဏ်းတရားကို လက်ခံ သိမ်းပိုက် ဆုံးဖြတ်ကြသည် ဖြစ်၍လဇ္ဇီပေသလ သိက္ခာကာမ မထေရ်မှန် မထေရ် မြတ်တို့၏ စောဒနာခြင်းကိုခံရသော ရဟန်း အမျှားပင် နိုင်ငံဝန်းကျင်မှာ ရှိလေသတည်းဟု ကြားသိရသတည်း။

ယထာ၊ အဖိုးနောက်မှ ယုတ်လျော့သော သပိတ်ဟူသည် အဘယ်နည်း။ ကောဂဿ၊ ယထာ ကုလူပကော။ဧဝံ နိဒ္ဒဿနေ၊ (သဒ္ဒနီတိ စတုပဒမာလာ။ နီတိသုတ္တ ၃၇၇-နှာ)ယထာ၊ ဥဒါဟရဏ် အဘယ်နည်းဟူးကား ဟု အနက်ပေးရခြားသော်လည်း။ ဂ-ကို က-ပြုရသော ဥဒါဟရဏ်ကိုဖေါ် ပြသော ပြယုဂ်၌ပါရှိသည်နှင့် နိဒဿနေ ဟူသတည်း။ ဤပထမနည်းအလိုအားဖြင့် ယထာ သဒ္ဒါသည် နိဒဿန အနက်၌ဖြစ်သော နိပါတ်တည်း။ တနည်းကား နဝခေါဘော၊ ပွတ်သစ်စဖြစ်သော။ ယထာ ယောပတ္တော၊ အကြင်သပိတ်သည် ဟု အနက်ပေး။ နောက်ဝါကျ၌ သော ဟူ၍ မိန့်အပ်သည်နှင့် အညီတည်း။ ဤဒုတိယနည်း အလိုအားဖြင့် ယထာသဒ္ဒါသည် ယ-အနက်ကိုဟောသော နိပါတ်ပုဒ်တည်း။ ယထာ ဟာဝေ ပါဏရိဝေတ္ထ ရက္ခိတာ၊ ဒုဋ္ဌာ မယိ အညမဘိပ္ပ-မောဒယိ။ ။နဝကနိပါတ်သမုဂ္ဂဇာတ်။(ခု၊၅။ ၉၇။)ယထာဟဝေ ပါဏရိဝေတ္ထ-ရက္ခိတာတိ အယံမယာ အတ္တနော ပါဏာ ဝိယ တွေ အနေ္တာ ကုစ္ဆိယံ ပရိဟ-

ရန္တေန ရက္ခိတာ ဟူသော (ဇာတက ၄၊ ၃။ ၅၀၅။) အဋ္ဌကထာကို ရှု၍ ယထာ သည် အယံ–အနက်ရှိသည်။ ယထာသည် ယာ–အနက်ရှိသည်ဟု ကြံသော် သဘောလျော်သည်ဖြစ်၍ "ယထာ ယာ ဣတ္ထိ" ဟု အနက်ယောဇနာ ခဲ့သည် ဟု ငါတို့ကျေးဇူးရှင် ဖြစ်တော်မူသော ပြည်ဆရာတော် ဘုရားကြီးသည် နဝနိပါတ် ဇာတ်နိသျှဉ်း မှာထားတော်မူသတည်း။

အာဏိဂဏ္ဍိကာ ဟတောဝါ၊ သံ မယ်န အလုံးအဖွဲ့တို့ဖြင့် ဖွဲ့အပ်သော် လည်းကောင်း။ ။ကေဒိသံ–စသော သာရတ္ထဒီပနီစကားဥ္ "သစေ ဝဒတိ ကေဒိဝသံ" စသောစကားကို ပဲခွပ်ဓားမကို ရောင်းရင်းဖြစ်သော ပန်းပဲသည် လက်မှာမူကား တံပူဖြတ်ခြင်းစသည်ကို ပြုငြားသော်လည်း အဖိုးမယုတ် သောကြောင့် ပဲခွပ်ဓားမရှင် ဝယ်ယူအပ်သော ပဲခွပ်ထားမကိုသာ ရည်၍ အဖိုးယုတ်သည်ကို အဋ္ဌကထာ ဆရာမိန့်အပ်သတည်း ဟူလိုသတည်း။

ပါသာဏသက္ခရံ ဟူသောစကား၌ ပါသာဏနှင့် သက္ခရအထူးကို တတ္ထ· မုဋ္ဌိပ္ပမာဏတော ဥပရိပါသာဏာတိ ဝေဒိတဗ္ဗာ။ မုဋ္ဌိပ္ပမာဏာ သက္ခရာ– ဟူသော ပါစိတ် အဋ္ဌကထာ ပသဝီခဏနသိက္ခာပုဒ်အဖွင့်ကို (ဝိ၊၄၊၃၊ ၂၁။) ထောက်၍ သိအပ်၏။

ယထာရူပံ၌ ရူပသဒ္ဒါသည် ခန္ဓ, ဘဝ, နိမိတ္တ–စသော ၁၃ ယ်နက်တို့တွင် သဘာဝအနက်ဟု ပြခြင်းမှာ "ယထာ ရူပန္တိ ယထာ ဇာတိကံ–ဟု မိန့်တော်မူ သတည်း။ ယထာ ဇာတိကံ၌ ဇာတသဒ္ဒါ သဘာဝ ဟောဟည်း။

သကလပထဝိယာ၊ အလုံးစုံသော ဇမ္ဗူမြေ၌။ ရာဇာ၊ မင်းတည်း။ ထိုကိုပင် ဆင့်၍ဒီပစက္ကဝတ္တိ ဖွင့်သတည်း။ ဒီပစက္ကဝတ္တိသရုပ်ကို အသောကသဒိသော–ဖြင့် ပြသတည်း။ သကလပထဝိယာ၊ "အလုံးစုံသော လေးကျွန်းမြေ၌" ဟု အနက် မပေးလင့် အဘယ်ကြောင့်နည်းဟူမူ ရာဇာနေ့စကားကို ဘုရားရှင် ရွှေလက် ထက်တော်အခါ ထင်ရှားရှိသော မင်းတို့ကိုသာ ရည်၍ဟောတော်မူသော ကြောင့်တည်း။ ဘုရားရှင် ရွှေလက်ထက်တော်အခါမှာ လေးကျွန်းကိုအစိုးရ သော စကြာမင်းမရှိကောင်း။ "ဒီပစက္ကဝတ္တိ၊ ဇမ္ဗူဒီပါကျွန်း၌ အာဏာစက်ကို လည်စေတတ်သော မင်းတည်း၊ အသောကသဒိသော၊ ဓမ္မာသောကမင်းနှင့် တူသော မင်းတည်း။ "ဒီပစက္ကဝတ္တိ၊ လေးကျွန်း၌ စကြာရတနာကို လည် စေတတ်သော မင်းတည်း" ဟု အနက်မပေးလင့်။ ဒီပဒေသေပ၊ ကျွန်း၏ တစ်စိတ်တွင်လည်း။ ကောကံ၊ သော။ မဏ္ဍလံ၊ အဝန်းအရပ်ငယ်ကို။ ။ ဗိမ္ဗိသာရ ပသေနဒီ စသော မင်းတို့ကဲ့သို့ကျယ်ဝန်းသော အရပ်ကို အစိုးမရ။ အဝန်းအရပ်ငယ်ကိုသာ စားသောက် အစိုးရကုန်သည် ဟူလို။

အန္တရဘောဂိက မင်းတို့ဟူသည် ယခုအခါ မြန်မာနိုင်ငံ ရခိုင်နိုင်ငံဒေ့ကြား တောင်ရိုး၌ နေကုန်သော ချင်းမင်းနှင့် တူကုန်သော မင်းတို့တည်း။

အက္ခဒဿာပုဒ်၌ အက္ခပုဒ်အရကား "အရန္တိ ယန္တိ ဂစ္ဆန္တိ တွေ့ အဘိယုဥ္ဇနကာ မနုဿာ တိ အက္ခာ"ဟု ဝစနတ္ထပြု၍ တရားဆုံးဖြတ်ရာ ဇရပ်ကို ရသတည်း။

အက္ခေ နိသီဒိတွာ ဝဇ္ဇာဝဇ္ဇံ ပဿန္တီတိ အက္ခဒဿာဟု ဝစနတ္ထပြု၍ တရားမ တရားသူကြီးကို ရသတည်းဟု ပြလိုရကား အက္ခဒဿာတိ စသည်ကို မိန့်သတည်း။

အက္ခပုဒ် ရပ်ပြီးပုံကား။ မုခါဒယော ဟူသော ဏ္ဍာဒိမောဂ္ဂလာန် ၃၁–သုတ်ဖြင့် အရ–ဓာတ်နောင် ခ-ပစ္စည်းသက်၍ ပြီးစေအပ်၏။ အရန္တိ ယန္တိ ဧတေနာတိ အက္ခော၊ သကဋ္ဌာဝယဝေါ ပါသကော စ ဟူသော ဏ္ဍာဒိမောဂ္ဂလာန်လာ ဝိဂ္ဂုဟ်ကို မှီး၍ ဝိဂ္ဂုဟ်ပြုသတည်း။ အက္ခော၊ ဝင်ရိုး။ ပါသကော၊ အံစာ။ ဌာနန္တရပတ္တာ၊ အရာထူးသို့ ရောက်ကုန်သော။ ယေ အမစ္စာ ဝါ၊ လည်းကောင်း။ ယေရာဇကုမာရာဝါ၊ လည်းကောင်း။ ကတာပရာဓာ၊ ပြုအပ်သော မင်းပြစ် မင်းဒဏ် ရာဇဝတ်ရှိကုန်သည်။ ဟောန္တိ၊ ၏။ တေ၊ ထိုမှူးမတ်မင်းသားတို့ကို။

သကဝိရိယ နိဿိတမင်းတို့ ဟူကုန်သည် ပါရာဇိကကဏ် အဋ္ဌကထာ တတိယပါရာဇိက ဝိနီတ ဝတ္ထု၊ ဝဠိတ္တိ ဝတ္ထုမှ နှစ်ခုမြောက် ဒုတိယဝတ္ထုလာ အဘယမည်သော ခိုးသူစသော မင်းတို့တည်း။

ယံ တံ အာဒါတဗ္ဗဘဏ္ဍံ ဒဿိတံ၊ ယတ္ထ ယတ္ထ ဘူမိအာဒီသု၌။ ဒိတံ၊ သော၊ တံ အာဒါတဗ္ဗဘဏ္ဍံ၊ သည်။ ဂစ္ဆတိမှာစပ်၊ (ဝါ)ကို ဒဿေတုံမှာစပ်။ ယထာ ယထာ၊ အကြင် အကြင်သို့သော ဌာနာစာဝန ဘာဇနဂတကရဏ စသော အခြင်းအရာအားဖြင့်။ "ဌာနာစာဝေတိ အတ္တဂနော ဘာဇန ကတံ ဝါ ကရောတိ" စသော ပါဠိတော်ကို ထောက်၍ အနက်ပေးသတည်း။ ယထာ ယထာ အာဒါနံ ဂစ္ဆတိတိ ဘူမိအာဒီသု ဌိတံ ဘဏ္ဍံ သမ္ဘဝသော အဂ္ဂဟဏောပိ၊ ယေန ယေန အာကာရေန ဂဟဏံ ဥပဂစ္ဆတိ ဟူသော သာရတ္ထဒီပနီ (၂။၁၃၁–နှာ)၌ သဗ္ဗသော၊ နှစ်ယောက်မြောက်သော အဖော်ကို ရှာမှီးခြင်း စသော အလုံးစုံသော အခြင်းအရာအားဖြင့်။ အဂ္ဂဟဏောပိ၊ မယူငြားသော်လည်း။ ယေန ယေန အာကာရေန၊ အကြင် အကြင် ဌာနာစာဝန ဘာဇန ဂတ ကရဏ

စသော အခြင်းအရာအားဖြင့်။ ဤသာရတ္ထဒီပနီ စကား၌ သဗ္ဗသော အင်္ဂ-ဟဏေပိ ‑စကားဖြင့် အလုံးစုံသော အခြင်းအရာအားဖြင့် မယူပါသည် မဟုတ်လော ဟု စောဒက ဆရာ၏ အာဘောဂကို ပြသတည်း။ စောဒက ဆရာကား အဘယ်အကျိုးငှါ ဝိဘင်းကို ဟောသနည်း ဟု စောဒနာသတည်း။ ဇော် ဣမိနာ ဂါထာပဒေန ယံ သင်္ဂေသု အနေကယောဇနသတပ္ပမာဏ-သဗ္ဗရတနမယဝိမာနသုမ္ဗဝေဇယန္တပ္ပဘုတိသု သသာမိကံ၊ ယဥ္စ ဗုဒ္ဓုပ္ပါဒ ဝိရဟေန အပါယမေဝ ပရိပူရေန္တေသု သတ္တေသု သုညဝိမာနပ္ပဋိဗဒ္ဓံ အသာမိကံ၊ ယံ ဝါ ပနညမ္ပိ ပထဝိမဟာသမုဒ္ဒဟိမဝန္တာဒိနိဿိတမသာမိကံ ရတနံ၊ တံ နိဒ္ဒိဋ္ဌံ ဟောတိ။ ခုဒ္ဒကပါဠ အဋ္ဌကထာ ရတနသုတ် (၁၄၃–နှာ) အဖွင့် ဤ စကားကို သုတ္တန်နည်း အဒိန္နဒါန်နှင့် စပ်၍သာ မိန့်တော်မူသတည်း။ ဝိနည်း နည်းအားဖြင့် လူတို့၏ ဥစ္စာသာ ပရပရိဂ္ဂဟိတ ဖြစ်သတည်း။ ထို့ကြောင့် ကင်္ခါဝိတရဏီ (–ကင်္ခါ၊ဋ္ဌ၊၁၂၀။ နှာ) ၌ အညဿ မနုဿဇာတိကဿ ဝသေန ပရပရိဂ္ဂဟိတံ ဟု မိန့်အပ်၏။သုတ္တန်,အဘိဓမ္မာနည်းအားဖြင့်နတ်, လူ, တိရစ္ဆာန် အမှတ်မရှိသောသူ၏ ဥစ္စာကို ခိုးယူသူ အဒိန္နဒါန်ဖြစ်၏။ ထို့ကြောင့် အဋ္ဌသာ-လိနီ (အဘိ၊ဋ္ဌ၊၁၊ ၁၄၀) ၌၊ မနုဿ သဒ္ဒါမပါဘဲ "ပရ ပရိဂ္ဂဟိတံ" ဟူ၍သာ မိန့်တော်မူသတည်း။ ဤနိဒ္ဒေက ပါဠအဋ္ဌကထာ စကားကိုထောက်၍ လူတို့မြေ၌ မြှုပ်ထားအပ်သော ဥစ္စာပင်ဖြစ်သော်လည်း ဆွေမျိုးခုနစ်ဆက် အသိမ်း အဆည်းပြတ်က အသာမိက ဟု မှတ်အပ်၏။

ဋ္ဌိတံ တံဘဏ္ဍံ။ အင်္ဂပစ္စင်္ဂ၊ ကို။ ယံ ယံ ဖန္ဒာပေတိ၊ အကြင်အကြင် တုန် လှုပ်စေ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော။ ဟတ္ထ တတ္ထ ဖန္ဒာပနေ၊ ထိုထိုအင်္ဂါ ကြီး, ငယ်ကို တုန်လှုပ်စေခြင်းကြောင့်။ ဒွါရပိဒဟနေဝါ၊ ဖွင့်ပြီးသော မိမိ၏ကျောင်း တံခါးကို ပိတ်ခြင်းကြောင့်လည်းကောင်း။အညသို ၊ဒွါရပိဒဟနမှတစ်ပါးသော။ ဂမနသ၊ အဖေါ်ရဟန်း၏ အထံသို့ သွားခြင်းအား။အနုပကာရေဝါ၊ ကျေးဇူး မပြုသော ကာယကံ, ဝစီကံကြောင့် လည်းကောင်း။ သဏ္ဌာပေတိ၊ ကိုယ်၌ ကောင်းစွာ ထားအံ့ (ဝါ) ပြန်လှန်၍ ပြင်ဝတ်အံ့။ သဗ္ဗတ္ထ၊ သော။ ဟတ္ထဝါရပဒဝါရေသု၊ တို့၌။ သဗ္ဗတ္ထ ဟတ္ထဝါရပဒဝါရေသု ဟူသော နောက်စကားနှစ်ရပ်ကို ထောက်၍ အနက် ယောဇနာသတည်း။

နိမိ၊ ရွှေဒိုးကို။ ဥပလဒွေါ၊ သိအပ်၏။ ။ဥပလဒွေါတိ ဉာတော၊ သာရတ္ထဒီပနီ (၂၊၁၃၂) လာဘန္တိ ပဋိဝိဇ္ဈန္တိကဲ့သို့မှတ်။

တံ ပမာဒလိခိတံ‑ စကား၌ သင်္ဂါယနာတင်သောအခါ၌ ပမာဒလိခိတ စကားမရှိ၊ ဝဋ္ဋဂါမဏိမင်းလက်ထက်တော် ပေထက်အက္ခရာတင်သော အခါမှာ

သာ ပမာဒလိခိတစကားရှိသတည်း။ပမာဒလိခိတန္တိ ဝေဒိတဗ္ဗန္တိ အပရဘာဂေ ပေါတ္ထကာရုဠှကာလေ ပမဇ္ဇိတွာ လိခိတန္တိဝေဒိတဗ္ဗံ။ (သာရတ္ထဒီပနီ ၂၊၁၃၂)။ ပမာဒလေခန္တိ အပရဘာဂေ ပေါတ္ထကာရုဠှကာလေ ပမဇ္ဇိတွာလိခနဝသေန ပဝတ္တံ ပမာဒပါဌံ၊ (သာရတ္ထဒီပနီ- ၁–၂၂—နှာ။ အစပဋ္ဌိညဉ်အဖွင့်)။ အပရာ ပရံ လိခန္တေဟိ ပမာဒေန သတိံ အပစ္စုပဋ္ဌပေတွာ အညတ္ထ လိခိတဗ္ဗံ အညတ္ထလိခနာဒိဝသေန ပဝတ္တိတာ ပမာဒလေခါနာမ။ ဝိမတိ ဝိနောဒနီ (၁၊၇–နှာ။ အစ ပဋ္ဌိညဉ်အဖွင့်)။ ဝိမတိ ဝိနောဒနီအလို စာရေးတို့၏ ပမာဒလေခ။ သာရတ္ထဒီပနီ အလို ပေထက်အက္ခရာ တင်သော မထေရ်တို့၏ ပမာဒလေခ။ သာရတ္ထ ဒီပနီနည်းကို ဆရာတို့ နှစ်သက် သတည်း။ သင်္ဂါယနာတင် ရဟန္တာအရှင်တို့မှာ ပမာဒလေ့ခမရှိ ရဟန္တာမှ ပမာဒနှင့် လေခယှဉ်းယော် လက်ာစကားမတော်။

ဟိ ဝိတ္ထာရမိ တော်ဒုက္ကဋံနာမ ထေရေဟိ ဓမ္မသင်္ဂါဟကေဟိ ဌပိတံ ကဋံ ဝါ လတံ ပါ ဆိန္ဒတိတိ ဧဝနေ ပုဗ္ဗပယောဂသဟပယောဂေသု အသမ္ဘော-ဟတ္တံ သမောဓာနေတွာ ပုဗ္ဗပယောဂဒုက္ကဋံ။ ပ။ ပဋိဿဝဒုက္ကဋန္တိ အဋ္ဌ-ဝိဓန္တိ ဒဿိတန္တိယောဇနာ။ ။ဧဝံနာစာဝနသင်္ခါတအဒိန္နာဒါနဿ ဒုတိယပရိ-ယေသနာဒိ သင်္ခါတေန ပုဗ္ဗပယောဂေန ပဝတ္တံ ဒုက္ကဋံ ပုဗ္ဗပယောဂဒုက္ကဋံ။ ဧဝံနာစာဝန သင်္ခါတ အဒိန္နာဒါနဘူတ ပယောဂေန သဟပဝတ္တံ ဒုက္ကဋံ သဟ-ပယောဂဒုက္ကဋံ။တတ္ထ ဇာတကန္တိ အာဒိနာ ဟိ ပါဠိ အာဂတံ ဒုက္ကဋံ ဧဝံနာစာဝန သင်္ခါတ အဒိန္နာဒါနဘူတပယောဂေန အာသန္နတ္တာ ကေဝလံ အဒိန္နာဒါန-ဘူတပယောဂေန သဟ အပဝတ္တမ္ပိ သဟ ပဝတ္တန္တိ ဝုစ္စတိ။အနာမာသေ ပဝတ္တံ ဒုက္ကဋံ အနာမာသဒုက္ကဋံ။ဒုရူပစိဏ္ဏေန ပဝတ္တံ ဒုက္ကဋံ ဒုရူပစိဏ္ဏဒုက္ကဋံ။ဝိနယေ ပညတ္တံ ဒုက္ကဋံ ဝိနယဒုက္ကဋံ။ သတိ ပိ ဟိ ဉာတရေသမ္ပိ သတ္တန္နံ ဒုက္ကဋာနံ ဝိနယေ ပညတ္တဘာဝေ ဟေသံ သတ္တန္နံ ဒုက္ကဋာနံ ပုဗ္ဗပယောဂဒုက္ကဋန္တိ အာဒိလဒ္ဓ-နာမ ဝိသေသတ္တာစေဝ ဉာမဿ ယံ ပန ပိဏ္ဍာယ စရန္တဿာတိအာဒိ ဝုတ္တဒုက္က-ဋဿ အလဒ္ဓနာမ ဝိသေသတ္တာ စ ဉာဒမေဝ ဒုက္ကဋံ ဝိနယ ဒုက္ကဋံနာမ။ ဉာတေန ပဝတ္တံ ဒုက္ကဋံ ဉာတဒုက္ကဋံ။ ဉတ္တိယာ ပဝတ္တံ ဒုက္ကဋံ ဉတ္တိဒုက္ကဋံ။ ပဋိဿဝေန ပဝတ္တံ ဒုက္ကဋံ ပဋိဿဝဒုက္ကဋံ။

ပုဗ္ဗ သဟ နာမာသ၊စိဏ္ဏ ဝိနယာ။ ဉတ္တိ ဉာတ၊ ဋိဿဝ၊ အဋ္ဌ ဒုက္ကဋာ။

ထွေ ပနဥ် ပန ကား ဝိသေသတ္ထဇောတက တည်း။ အပဋိဂ္ဂဟေတွာ ဝါ အဓေဝိတွာဝါ ဉာဒံ ပန စသော စကားသည် အတ္တာဓိပ္ပေတပြစကားတည်း။ ပနကား ပက္ခန္တရတ္ထဇောတကတည်း။

အသဿာဘိကင်္ခနော၊ ထိုဘူမဋ္ဌဘဏ္ဍာကို ခိုးလိုသော ရဟန်းအား (သြက္ကမတိ-မှာစပ်) ဧရနိက္ခေပံ၊ ဘူမဋ္ဌဘဏ္ဍာကို မခိုးပါဘူးဟူသော ဝန်ချခြင်းကို။ အကတ္ဝာ၊ မပြုမူ၍။ ဘဉ္ဇဿဟော၀၊ ဘူမဋ္ဌဘဏ္ဍာကို ခိုးအံ့ဟု အားထုတ်ခြင်းရှိသည်သာလျှင်။ ။ တတြ တေသု ဒ းဥပတ္တိဒုက္ကဋေသု အာပတ္တိဂုလ္လစ္စ-ယာဿာတိ ဝစနေသု။ ။တွေ့ တေသု ဒွိသု ဒုက္ကဋထုလ္လစ္စယ ပဒေသု ပဌမံ ဒုက္ကဋံ ပဒံ တာဝ မယာ ဝုစ္စတေ။ဒုဋ္ဌုံ၊ဖောက်ပြန်စွာ။ ကတံ၊ပြုအပ်သည်တည်း။ ဒုဋ္ဌု-ကို သတ္ထာရာ ဝုတ္တကိစ္စံ ဝိရာဓေတွာ”ဟု ကြိယာဝိသေသနှင့် ဖွင့်သောကြောင့် ဒုဋ္ဌုံ–ပုဒ်ကို ကြိယာဝိသေသန အနက်ပေးသတည်း။ နောက်နည်း၌သာ ကတံကို ကိရိယာဟု ဖွင့်၍ ရှေ့သို့ မဖွင့်သောကြောင့် “ကတံ၊ ပြုအပ်၏” ဟု အနက် ပေးသတည်း။ နှစ် ယောက် မြောက် သော အဖော် ကို ရှာမှီးခြင်း စသည်သည် သူခိုး ရဟန်းသည် ပြုအပ်သည်၏ အဖြစ်ကြောင့် “ကာတဗ္ဗန္တိ ကတံ”ဟူသော ဝစနတ္ထကြောင့်ကတ မည်သတည်း။ နောက်နည်း၌ “ဒုဋ္ဌုံ၊ ဖောက်ပြန်သော။ ကတံ၊ ပြုခြင်းတည်း- ဟုအနက်ပေး။ ။ဝိရူပါ-သာ ကိရိယာကိုထောက်သတည်း။ ရှေ့နည်း၌ ဒုဋ္ဌုံကို “စွာ” ဟုအနက်ပေးသည်ကား။

ကြိယာဝိသေသနံ ယန္တံ၊ တံ သဗ္ဗမ္ပိ နပုံသကေ။

ဒုတိယာယေကဝစနံ၊ ဂတိတဿဟိ တာဒိသီ။

ဟူ၍လာသော သမ္ဗန္ဓဇိန္တာ (၆၄-ဂါထာပုဒ်အဖွင့်)စကားနှင့် အညီတည်း။ ဒုဋ္ဌု-ပုဒ်သည် ဒုပုဗ္ဗ ဌာတိပဝတ္တတိ အသုန္ဒရဘာဝေနာတိ ဒုဋ္ဌု၊ ဒုးသောဘာနံ ဟုဏ္ဍာဒိမောဂ္ဂလာန်(၆-သုတ်)လာသည်နှင့်အညီ ကိတ်ပုဒ်တည်း။ဒုဋ္ဌု နိန္ဒာယံ ဟုအဘိဓာန် (၁၁၅၄-ဂါထာ) အဗျယဝဂ်၌လာသည်နှင့်အညီ နိပါတ်မဟုတ်၊ ထို့ကြောင့် ပဌမနည်း၌ ဒုတိယာကေဝုစ်အံ-ဝိဘတ်နှင့်တကွ ဒုဋ္ဌုံဟုမိန့်တော်မူလတည်း။ ယံပါပံ၊ အကြင်မကောင်းမှုသည်။ အပရဒ္ဓဥ္စ၊ ဘုရားရှင်ဟော တော်မူတိုင်း မပြုခြင်းကြောင့်ချော်သည်လည်းကောင်း။ ဝိရဒ္ဓဥ္စ၊ ကုသိုလ်ကို ချွတ်စေသည်လည်းကောင်း။ ခလိတဉ္စ၊ အရိယာတို့၏ အနွယ်အကျင့်ကို ယွင်းစေသည်လည်းကောင်း။ (ယဉ္စ-၌ စ-ကို ခလိတံမှာယှဉ်)။ ဟောတိ၊ ၏။ တံပါပံ၊ သည်။ ဒုက္ကဋံ၊ မည်၏။

ဤဂါထာဖြင့် ဒုက္ကဋ၏သရုပ်ကို အရင်းမူသဖြင့် ဝစနတ္ထကို ပြသတည်း။ ဒုတိယဂါထာဖြင့် ဥပမာကိုပြသတည်း။

တံ ကမ္မံ၊ သည်၊ ကဋ္ဌုကပ္ပလံ၊ ခါးစပ်သော အကျိုးရှိသည်။ သံယောဂ-ဘာဝေါ၊ လ-သံယုတ်၏အဖြစ်ကို (ဝါ) လဒွေးဘော်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊

၏။ ။သံယောဂေ ပန ကတေ-စသော သာရတ္ထဒီပနီဋီကာ (၂၁၃၄-နှာ) စကားကိုထောက်၍ ဤအရာ၌ ထုလ-ဟု ဦ-ဒီဃနှင့် ပုဒ်ရင်းဖြစ်ကြောင်းကို သိအပ်၏။ ထုလနှင့် ထုလ္လကား ပရိယာယ်တည်း။ ပိနံ ထူလဥ္စ ပီဝရံ။ ထုလ္လဥ္စ ဝဋ္ဋရဥ္စာထ၊ (အဘိဓာန် ဝိသေသျာဓိနဝဂ် ၇၀၁-ဂါထာ)။

ကေဿ သန္တိကေ ဒေသေတဗ္ဗောသူ ဖြင့် ပါရာဇိက, သံဃာဒိသိသ်ကို နစ်စေသတည်း။ တွေ့ ဧဟာသု ပုဗ္ဗပယောဂ သမာပယောဂေသု၊ တို့တွင်။ သဟပယောဂတော၊ ရှေ့အိုး၏အထက်၌ ပေါက်သော ထင်းနွယ်ကို ဖြတ်ခြင်းတည်းဟူသော အစဆုံးဖြစ်သော သဟပယောဂကို ပြုသည်မှ။ ပဋ္ဌာယေ၀၊ စ၍သာလျှင်။ ပုရိမာ ပုရိမာ၊ ဒ. စဆုံး သဟပယောဂ အာပတ်မှလည်းကောင်း, သဟပယောဂအာပတ်အများတွင် နောက်နောက်သော သဟပယောဂ အာပတ်မှလည်းကောင်း ရှေးရှေး၌ဖြစ်သော။ အာပတ္တိ၊ ဒုတိယပရိယာယ်သနစသည်ကြောင့် သင့်သောဒုက္ကဋ်အာပတ်, မှသားဆိုခြင်းစသည်ကြောင့် သင့်သော ပါစိတ်အာပတ်သည်။

အာပတ္တိဒွ ရ ပါစိတ်အာပတ်ကိုလည်း ယူရသည်ကို နောက်ဝါကျကို ထောက်၍သိသတည်း။ နောက်နောက်သော သဟပယောဂအာပတ်မှ ရှေးရှေး သဟပယောဂအာပတ်ကို ယူရသည်ကိုကား သဟပယောဂေ အစရှိသော ဝါကျကိုထောက်၍ သိသတည်း။ ထိုဝါကျ၌ စ-သဒ္ဒါသည် ဝါကျာရမ္ဘဇောတက တည်း။

ပန တထာပ် ဣဓ ဒုတိယပါရာဇိကေ။ ။ဣမိနာ အန္တေန၊ ဤမှာဘက် အိုးစွန်းဖြင့်။ ဖုဋ္ဌောကာသံ၊ ထိရာအရပ်ကို။ (အတိက္ကာမေတိ ၌ခတ်ကံ တည်း) ကေသဂ္ဂမတ္တမ္ပိ။ မျှလည်း။ ပါရိမန္တေန။ ထိုမှာဘက်အိုးစွန်းကို (ကာရိတ်ကံတည်း)အပနာမေန္တော။ တွန်းသောရပန်းသည်။ ။ကေဋ္ဌာနေဋ္ဌိတာယ ကုမ္ဘိယာ ကိုအစွန်းဖြစ်သော "ဌာနာစဝနံစေတ္ထ" ဝါကျသို့သမ္ဗန်၏ အပြစ်ဖြင့် လှည့်၍ အနက်ပေး။ နောက်မှာစပ်စရာမရှိ။ ။ဒွေဋ္ဌာနာနိ၌ သစ်ငုတ်တစ်ဌာန,သံကွင်းတစ်ဌာန သို့နှစ်ဌာနမှတ်။

သေသသု၊ ပစ္ဆိမဋ္ဌာနာဝနမှ ကြွင်းကုန်သော ခါဏုက ဥဒ္ဓရဏာသံခလိကဆိန္ဒနကုန်၌(ဝလယံကို ကတွာ မှာစပ်ပြီးလျှင် ပဝေသိတံမှာလည်းစပ်) တွေ့။ ဤသို့ရှေ့အိုး၏ အထက်၌ပေါက်သော သစ်မြစ်မှာ ကွင်းကိုသွင်းရာ၌။ ဝိသေသော၊ အထူးတည်း။

ဩကာသေ၊ ရွှေအိုးတည်ရာအရပ်၌။ ကုမ္ဘိံ၊ ကိုး ကတွာ၊ ထားသည်ကို ပြု၍။ . ။ပရိစ္ဆေဒေါ၊ ပဥ္စမာသကံဝါ အတိရေကပဉ္စမာသကံဝါ-ဟူ၍ ဟော တော်မူအပ်သောအပိုင်းအခြားကို။ ပန။ စင်စစ်သော်ကား၊ ဆိန္နိတွာ၊ ဖြတ်ပြီး ၍။ ဩကာသံ၊ ရွှေအိုးထုတ်ယူနိုင်လောက်သော အရပ်ကို။ ကတွာ၊ ၍။ဟုပေး၊ မူအစောင်စောင်တို့၌"ဆိန္နိတွာ ဩကာသံ ကတွာ"ဟု ချည်းသာရှိကြသည်။ နိဿယတို့၌လည်း ထိုအတိုင်းပင် အနက်သမ္ဗန်ကြသည်။ အပဗျူဟန္တောပိ။ ရွှေအိုးတွင်းမှာ အောက်ဆုံးအိုးဝန်း၌တည်သော ရွှေကို ရှေးဦးစွာယူအံ့ဟု နှလုံးပြု၍ လက်ဝဲလက်ယာနံပါး အိုး၏ဒေးတွင်းမှာရွှေနှစ်ဖြာ နေအောင် ပယ် သောအားဖြင့် ယက်သော်လည်း။ ဖန္ဒာပေတိ ယေဝ၊ တုန်လှုပ်စေသည် မည် သည်သာတည်း။

သုတ္တာရုဠှံ ဘဏ္ဍံဝါ ပါမင်္ဂံဝါ စသော ပါဠိတော်စကား၌ ဘဏ္ဍံ ဝါ အရကို"သုတ္တေန အာဝုတသာပိ တော် အမိဝစနံ"ဟူသော ပဉ္စမအောင်မြေယျ ကြား စကားအားလျော်စွာ "မုတ္တာဝဠိအာဒယောပိ ဧတ္တေဝ သင်္ဂဟံ ဂတာ" ဟူ၍ မိန့်တော်မူသောကြောင့် ပုလဲသွယ် စသည်ကိုယူလေ။ ထိုစကား ဆိုသင့်စွ။ ပုလဲသွယ်စသည်ကို ချည်ကြိုး၌ သီကုံးသောအားဖြင့် တင်အပ် သာတည်း။ ဧတ္တေဝ၌ ဧသဒ္ဒါဖြင့် သုတ္တာရုဠ္ဌဘဏ္ဍာကိုသာ စွဲရသတည်း။ မုတ္တာဝဠိစသည်တို့သည် ပါမင်္ဂစသည့်တို့ကဲ့သို့ သုတ္တမယ မဟုတ်သောကြောင့် ဧတ္တေဝ၌ ဧဝ-သဒ္ဒါဖြင့် ပါမင်္ဂစသည်တို့ကို မရုံ့။ ထို့ကြောင့် ဘဏ္ဍံဝါအရကို ပုလဲသွယ်စသည်ကိုယူလေ။ဤသို့ဖြစ်သည်ရှိသော် သုတ္တာဝုတဘဏ္ဍာကိုပြသည့် စကားနောက်ကျသည်ဟု အပြစ်တင်ရန်ရှိသည်မှာ ပါမင်္ဂါဒီနိစသောစကားကို ပစ္စာသတ္တိနည်းအားဖြင့် မိန့်တော်မူသောကြောင့် နောက်ကျသည်ဟု ဖြေ။ သုတ္တာရုဠှဟူသော ဝိဂ္ဂဟကို ဘဏ္ဍံဝါမှာသာ စပ်ရသည်မဟုတ်။ ပါမင်္ဂံဝါ စသည်မှာလည်း စပ်ရသတည်း။ ဤသို့စပ်ရသော် "ပါမင်္ဂါဒီနိ ဟိ သောဝဏ္ဏမယာနိပိ ဟောန္တိ" စသော အဋ္ဌကထာစကားနှင့် ဆန့်ကျင်ရာသည် ဆိုခဲ့မူ သုတ္တာရုဠှံပုဒ်၌ သုတ္တသဒ္ဒါကို ဥပလက္ခဏနည်းအားဖြင့် ဟောတော် မူအပ်သောကြောင့် မဆန့်ကျင်ဟု ဖြေလေ။ သုတ္တေန အာဝုတသာပိ တော်အမိဝစနံဟူသော ရှေးအဘိမြေယျစကားကိုထောက်၍"သုတ္တေ၊ ချည် ကြိုး၌။ အာရုဠှံ၊ သီကုံးသောအားဖြင့် တင်အပ်သည်တည်း"ယု အနက်ပေး။ သုတ္တမယသာပိ တော် အမိဝစနံ-ဟူသော နောက်အဘိမြေယျ စကားကိုထောက် ၍ "သုတ္တာ၊ အဂ်ိတ်အစိတ်ဖြစ်သော အတိုင်ဖြစ်သောချည်၌၊ အာရုဠှံ၊ ရက်သွင်းသောအားဖြင့် တင်အပ်သည်တည်း" ဟု အနက်ပေး။

ပါမင်္ဂါဒိနိ ကောဠိယံ ဟူသောစကားကို ပါမင်္ဂါဒိနိ ဟိ သောဝဏ္ဏမယာနိပိ ဟောန္တိ-ဟူသော ရှေးစကားအားလျော်စွာ ဆိုသတည်း။ ပါမင်္ဂါဒိနိ၌ အာဒိသဒ္ဒါဖြင့် မုတ္တာဝဋ္ဋိ စသည်တို့ကိုလည်းယူ၊ ကဏ္ဍုသုတ္တက စသည်တို့ကို သာ မယူလင့်။ သမ္ပတိတ္ထိကံ ကုမ္ဘိ ကတ္ဝာ ဌပိတံ သုတ္တာရုဠ္ဟံ မုတ္တာဝဋ္ဋိ-အာဒိဘဏ္ဍပါမင်္ဂါဒိဝါ၊ မုခဝဋ္ဋိယံ ကတ္ဝာ ဌပိတံ သုတ္တာရုဠ္ဟံ မုတ္တာဝဋ္ဋိ အာဒိဘဏ္ဍပါမင်္ဂါဒိဝါ။ ။ဥပစာကုမ္ဘိယံ ဝါ၊ နှမ်း ဆန် စသည်ဖြင့် ထက်ဝက်ပြု သော အိုး၌လည်းကောင်း။ ရိတ္တကုမ္ဘိယံဝါ၊ နှမ်း ဆန် စသည်မှဆိတ်သော အချည်းနှီးသော အိုး၌လည်းကောင်း။ ပန၊ အဖိုတပါးကို ဆိုဦးအံ့။ ပရိ-ပုဏ္ဏာယဝါ၊ နှမ်း ဆန် စသည်ဖြင့် အိုးနှုတ်ခမ်းထိပြည့်သည်လည်းဖြစ်သော။ ဦနာယဝါ၊ သို့မပြည့်သည်ဖြစ်၍ ယုတ်သည်လည်းဖြစ်သော။ ကုမ္ဘိယာ၊ အိုးမှ။ ဥပစာကုမ္ဘိယံဝါ ဟူသောရှေးစကားကို ထောက်၍ ဦနာယဝါပုဒ်၌ သို့အနက် ပေးသတည်း။ အန္တော ကုမ္ဘိယံ ဌပိတံ စသောစကားသည် သခေ်ပအဋ္ဌကထာ မဟာပစ္စရိ အဋ္ဌကထာ စသည်တို့၌ မိန့်အပ်သော စကားတည်း။ ရှေးပါမင်္ဂါဒိနိ ကောဠိယံ စသောစကားလည်း မဟာအဋ္ဌကထာကိုမှီ၍ ဆိုအပ်သော အရှင် မဟာဗုဒ္ဓဃောသ စကားတည်း။ ထို့ကြောင့် ပါမင်္ဂါဒိနိ ကောဠိယံ စသော စကား၌ န သကလာ ကုမ္ဘိဟု- မိန့်အပ်သတည်း။

အန္တော ကုမ္ဘိယံ ဌပိတံ စသောစကား၌ တဿပိ သမ္ဗာပိ ကုမ္ဘီဌာနံ-ဟု မိန့်အပ်သတည်း။

မဟာအဋ္ဌကထာယံ ပန- စသော စကားကိုကား မိမိစကား၏ သာဓက အလိုငှါသာ ဆိုသတည်း။ ဣတရံ သခေ်ပမဟာပစ္စရိအာဒိသု ဝုတ္တာဝစနံ ဝိနယ ဝိနိစ္ဆယေဟိတ်အာဒိနာ မယာ ဝုတ္တကာရဏာတော အပိစ အပရံ ကာရဏံ မယာ ဝုစ္စတေ။ အတ္တနော ဘာဇနဂတံပါ ကရောတိ မုဋ္ဌိံ ဝါ ဆိန္ဒတိတိ ဝစနတောပိ အတ္တနော ဘာဇနဂတကရဏာသဝေ, မုဋ္ဌိဆိန္ဒနဿစ, အန္တောကုမ္ဘိယံ ယေဝ ကတတ္တာစ ယတ္ထာယေနဥပစာကုမ္ဘိယံ ဝါ ရိတ္တကုမ္ဘိယံ ဝါ ဌပိတန္တိ ဝုတ္တကာရ-ဏေန အန္တော ကုမ္ဘိယံ ဌိတဿ သဗ္ဗာ ကုမ္ဘီဌာနံ န ဟောတိ၊ တေ ဂ ာရဏံ တဿ ဣတရဿ သခေ်ပမဟာပစ္စရိယာဒီသု ဝုတ္တဝစနဿ အဂဟေတဗ္ဗဘာဝေ ကာရဏန္တိ ယသ္မာ ဝေဒိတဗ္ဗံ၊ တသ္မာ တံ ဣတရံ သခေ်ပမဟာပစ္စရိယာဒီသု ဝုတ္တဝစနံ န ဂဟေတဗ္ဗံ။

ထိုဘ္ပိုယထာ ယေန။ပ။ဝုတ္တကာရဏေန ဟု ယထာကို ဖွင့်သော အရာသည် အသင့်ပင်ဖြစ်သတည်း။ အဘယ့်ကြောင့်နည်းဟူမူကား "ယံ ပန ဥပစာကုမ္ဘိယံ ရိတ္တကုမ္ဘိယံဝါ ဌပိတံ" ဟူသော အနိယတ်ဝါကျကို "တဿ အတ္တနော ဖုဋ္ဌော-

ကာသောဝဋ္ဋာနံ၊ နသကလာ ကုမ္ဘိ” ဟူသောနိယတ်ဝါကျ၏ အကြောင်း၏ အဖြစ်ဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုတော်မူခဲ့သောကြောင့်တည်း။ ထိုစကား ဆိုသင့်မှ။တဿ အတ္တနော စသော နိယတ်ဝါကျမှာ“ယံ ပန ဥပစုကုမ္ဘိယံ ဝါ” စသော အနိယတ်ဝါကျမှ တစ်ပါး အကြောင်းမရှိပြီ။

ဝစနတောင်္ဂ ပိ-ဖြင့် ဝိနယ ဂ်ီနိစ္ဆယေဟိ။ပ။ ဌာတဗ္ဗံ ဟူသောအကြောင်း ကိုဆည်း။ ဤအရာကား အလှန်ပင်ခက်သော အရာတည်း။ မုခံ၊ ခံတွင်းကို။ အနုပဒနတွာ၊ ကောပတ်စသည့် ထည့်ရန်အိုးဝမှ မပယ်မူ၍ (ငါ) နောက်သို့ မဆုတ်မူ၍ (ပိဝတောမှာ-စပ်)အာကစ္ဆုန္တဿ၊ ထောပတ်စသည် ထည့်ရန်အိုးကို ခံတွင်းသို့ငင်၍။ ပိဝတော၊ သောက်သော ရဟန်း၏။ ပရဂလ ဂတမေဝ ပုဒ်တွင် ပရဂလ-ပုဒ်၌စပ်။ရက္ခတိယေဝါတိ၌ ဣတိကို ဣတိအယံ ဝိဘာဝေါ ဒဿိတော ဟုအနက်ပေး။

* အယံ ဧွက၊ နောက်မှာ ဣတိ၊ ရှိသည့်အရာ၊ ကျမ်းဂန်မှာ၊ ဝုစ္စမာန ခေါ်” ဟူသည်နှင့် အညီတည်း။

စိက္ကနံ၊ ပြစ်ချွဲသည်။ (ဝါ)ခဲသည်။စိက္ကနန္တိ ဗဒ္ဓံ။ (သာရတ္ထဒီပနီ။၂။၁၃၆)။ ဝိမတိ ဝိနောဒနီ (ဝိမတိဋီ။၁။၁၇၇)၌ တတ္ထပဝိဋ္ဌတေလာဒိနော စသည်ကို မဆိုသင့်။အကြောင်းကား–တစ်ပေါင်းတည်း စပ်သော်လည်း ဤမှာ ဘွဲ့ဖူးပုဆိုး သောက်အပ်သောတင်မတ် ထိုက်သော ထောပတ်သည် ဘွဲ့ဖူးပုဆိုး၌ စွန်းငြိ စွဲကပ်၍ ညှစ်မရအောင် ဘွဲ့ဖူးပုဆိုးမှာ တည်နေသည်နှင့် ဘွဲ့ဖူးပုဆိုးကို ညှစ်၍ ပစ်စေခြင်းငှာ မတတ်ကောင်းသောကြောင့် လက်မှ လွတ်ခါမျှ၌ အတ္တသာဓက ခိုးခြင်း ဖြစ်သောကြောင့်တည်း။ အတ္တသာဓက ခိုးခြင်း ဖြစ်ကြောင်းကို “ပရဿ ဝါ ပန တေလကုမ္ဘိယာ ပါဒဂ္ဃနကတေလံ အဝဿံ ပိဝနကာနိ ဥပဟာနာဒီနိ ပက္ခိပတိ။ ဟတ္ထတော မုတ္တမတ္တေယေဝ ပါရာဇိကံ” ဟူသော သာဓက အတ္တ သာဓကကို တစ်နည်းပြသော ကင်္ခါဝိတရဏီအဋ္ဌကထာ (၁၁၇–နှာ) စကားဖြင့် သိအပ်၏။ ကုမ္ဘီဂတတေလမှာ ခွက်၌ ဆီကိုပြန်၍ ဆီအိုးမှာ လောင်းခြင်းငှာ မတတ်ကောင်းသောကြောင့် ဆီကို ခပ်၍ ယူသည် နှင့် မနှိုင်းသင့်။ ။ အာတ တေလာဒိဝိနာသေန (ဝိမတိဋီ၊၁။၁၇၇) စသည် ကိုလည်းမဆိုသင့်၊အကြောင်းကား“အဝဿံ ပိဝနကံ”ဟု အဋ္ဌကထာ၌မိန့်သော ကြောင့် ဆီမပျက်စီးဟု သိအပ်သောကြောင့်တည်း။ ပျက်စီးစေလိုက “ဥစ္စာရံ ဝါ ပဿာဝံ ဝါ” စသည်ဖြင့် မိန့်လတ္တံ့သည် အားလျော်စွာ ဥစ္စာရပဿာဝံ စသည်ကိုသာ ထည့်လေရာသတည်း။

(**သာရတ္ထဒီပနီ၊ ၁၃၆– နှာလာ**) ထေယျစိတ္တေန ပရသန္တကဂ္ဂဟဏပယောဂဿ ကတတ္တာ စကားဌ် "ထေယျ စိတ္တေန၊ ဖြင့်။ ပရသန္တကဂ္ဂဟဏပယောဂဿ၊ သူတစ်ပါးတို့၏ ဥစ္စာကို ယူကြောင်း ဖြစ်သော အတ္တသာကေနှင့် ငပ်သော ပုဆိုး သားရေနယ်ပိုင်း စသည်ကို ထည့်ခြင်း ပယောဂကို။ ကတတ္တာ၊ ကြောင့်။ ဟတ္ထတော၊ မှ။ မုတ္တမတ္တေ၊ ဌ္ဍ။ ပါရာဇိကံ၊ ၏" ဟု အနက်ပေး။

**တံဘဏ္ဍံ၊ သည်။** ဝတ္ထကုမ္ဘိယ ၊ ဌ်။ ကိဉ္စာပိ ဝုတ္တံ၊ ရှင့်။ ပနတထာပိ၊ လည်း။ တံမဟာအဋ္ဌကထာယံ ဝုတ္တဝစနံ၊ သည်။ တတ္တေဝ မဟာအဋ္ဌကထာယံ၊ ဌ်သာလျှင်၊ ပရတော၊ နောက်ဌ်။ ဥဒကကထာယံ၊ ဌ်။ သဧမရိယာဒံ ဒုဗ္ဗလံ ကတွာတံ အာဒိနာ၊ ဖြင့်။ ဝက္ခမာနေန၊ မိန့်အပ်လတ္တံ့သော။ သုက္ခတဠာကေ၊ ခြောက်သောတစ်ဖက်ဆီးကန်ကို ဆိုရာဌ်၊ (သုက္ခတဠာက·ဌ် ဝစန ကျေ) အာဂတာယ၊ သော။ သုက္ခမာတိကာယ၊ ကို။ ဥဇုကရဏဝိနိစ္ဆယေန၊ နှင့်။ ဝိရုဇ္ဈတိ၊ ၏။ "သုက္ခတဠာကေ၊ ခြောက်သောတစ်ဖက်ဆီးကန်ဌ်" ဟု အနက်ပေးက အစပ်မရှိ။ တွေဥ္စမာသဂ္ဂနကပိဝနေ၊ တဿ ကုမ္ဘိယံ ပက္ခိတ္တဘဏ္ဍဿ၊ ကို။ တတ္ထရိတ္တကုမ္ဘိယံ၊ ဌ်။ တတြကုမ္ဘိယံ၊ ဌ်။ အယံအညောဘိက္ခု၊ သည်။ ထေယျစိတ္တေန၊ ဖြင့်။ တေလပိဝနကဘဏ္ဍံ၊ ကို။ ဧပက္ခိပတိ၊ အံ့။ ပန၊ ဝါဒထူးဟူသော အဖို့တင်ပါးကို ဆိုဦးအံ့။ အနာပတ္တိမတ္တမေဝ၊ အာပတ်မသင့်ခြင်းမျှကိုသာ၊ ဝုတ္တံ၊ ၏။ မတ္တာ ဖြင့် မဟာအဋ္ဌကထာဌ်ကဲ့သို့ နေဝအဝဟာရော နဂိဝါ"ဟု စီစစ်ခြင်းကိုကန့်။ ထို့ကြောင့် မဟာပစ္စရိက်အဋ္ဌကထာဆရာအလိုအားဖြင့် အဝဟာရဂိဝါ ဖြစ်ရမည် ဟူလိုသတည်း။

**တစ်နည်းကား**– အနာပတ္တိမျှကိုသာ ဆို၍ "ဂိဝါ" ဟု မဆိုသောကြောင့် ရှေ့ဌ်ဆိုအပ်ပြီးသော မဟာအဋ္ဌကထာဝါဒကိုသာ မဟာပစ္စရိယအဋ္ဌကထာလာ "အနာပတ္တိမတ္တမေဝ" စကားဖြင့် တည်စေသတည်း။

ဩမင့်ဝါ။ အောက်သို့အဝမှ၍ ထိုးဖောက်အပ်သည်လည်းဖြစ်သော။ (ဝါ) အထက်မှစ၍ ထိုးဖောက်အပ်သည်လည်းဖြစ်သော။ ဥမ္မင်္ဂဝါ၊ အထက်သို့ အဝမှ၍ ထိုးဖောက်အပ်သည်လည်းဖြစ်သော။ (ဝါ)အောက်မှ စ၍ထိုးဖောက်အပ်သည်လည်းဖြစ်သော။ ဝေမင်္ဂါ။ အိုးနံပါးမှ ရှေးရှုဖြောင့်ဖြောင့် ကန့်လန့်ဖောက်အပ်သည်လည်းဖြစ်သော။ ဆိဒ္ဒံ။ အိုးပေါက်ကို။ ကရောတိ၊ ပြုအံ့။

ဩမင်္ဂနာမ အဓောမုခဆိဒ္ဒံစကားဖြင့် ဩမင်္ဂပုဒ်ဌ် အဝရှေးရှိသော မသခါတ် အဝ ဥပသဂ္ဂရပုဒ်၏ အဓောဘာဂ အနက်ကိုလည်းကောင်း အဓောဘာဂအရ အပေါက်၏ အောက်အဝဖြစ်သည်ကိုလည်းကောင်း မသခါတ်၏

ဝိဇ္ဈာနဟူသော ဟိံသာအနက်ကိုလည်းကောင်း ပြတော်မူသတည်း။ "မသိတဗ္ဗံ ဝိဇ္ဈနေန ဟိံသိတဗ္ဗန္တိ မင္ဂံ။ အမခေါ မုခံ မင္ဂံ သြမင္ဂံ ဟု ဝစနတ္ထပြု။

ဥမ္မင္ဂံနာမ ဥဒ္ဓံ မုခဆိဒ္ဒံစကားဖြင့် ဥ·ဥပသာရပုဒ်၏ ဥဒ္ဓင်္ဂမအနက်ကို လည်းကောင်း၊ ဥဒ္ဓင်္ဂမ အရ အပေါက်၏ အထက်အဝ ဖြစ်သည်ကိုလည်းကောင်း ပြတော်မူသတည်း။

ဝေမင္ဂံနာမ စသော စကားဖြင့် ဝိ·ဥပသာရပုဒ်၏ အဘိမုခ·အနက်ကိုလည်းကောင်း, အဘိမုခ အရ အိုးအုံနံပါးပြင်ဘက်က အိုးအုံအလယ်တည့်တည့်ကျ အောင်ဖောက်ရာ အိုးအုံပြင်ဘက်တည်း၊ အိုးအုံနံပါးအတွင်းက အိုးအုံအလယ် တည့်တည့်ပြင်ဘက် အပေါက်နှင့်စပ်မိအောင် ဖောက်ရာ အိုးအုံအတွင်းတည်းဟု ပြတော်မူသတည်း။ တတြ သြမင္ဂသ·စသော စကားဖြင့် အောက်သို့အဝကျယ် သော်လည်း ထိုအဝကျယ်သည့် အိုးအတွင်း အရာ၌ မတည်သောကြောင့် အပေါက်ပြုသော အခြင်းအရာကိုစွဲ၍ အပကၡ၍ အပေါက်ပြုမှု အတွင်း အပေါက်အစွန်းမှ ထောပတ်စသည် လျှောကျသော် ပါရာဇိကအာပတ်သင့် သတည်း။ အတွင်းက စ၍ အပေါက်ပြုမှု အပ အပေါက်စွန်းမှ ထောပတ်စသည် လျှောကျသော် ပါရာဇိကအာပတ် သင့်သတည်း ဟု ပြတော်မူသတည်း။

ဥမ္မင္ဂသ ယထာ တထာဝါ·စသော စကားဖြင့် အထက်အဝဟူသော အတွင်း အဝကျယ်သည်နှင့် ထိုအထက်အဝဟူသော အတွင်းအဝကျယ်သည် အိုးအတွင်း အရာ၌ တည်သောကြောင့် အပစွန်းမှ ထောပတ်စသည် လျှောကျသော် ပါရာဇိက အာပတ်သင့်သတည်းဟု ပြတော်မူသတည်း။

မေဝင္ဂသ·စသော စကားဖြင့် အိုးအုံအလယ်တည့်တည့်မှ ထောပတ်စသည် လျှောကျသည်ရှိသော် ပါရာဇိကအာပတ် သင့်သတည်းဟု ပြတော်မူသတည်း။

ပန တထာပိ၊ ထိုသို့အင္ဂကထာတို့၌ မိန့်အပ်သော်လည်း။ တံ ဝေမင္ဂသာတိ အာဒိဝစနံ၊သည်။ အန္တော စ၊ အိုးအုံအတွင်းမှ လည်းကောင်း။ ဗဟိ စ၊ အိုးအုံ အပမှလည်းကောင်း။ ပဋ္ဌာယ၊ စ၍။ မဇ္ဈေ၊ အိုးအုံအလယ် တည့်တည့်၌။ ဌပေတွာ၊ မဖောက်သေးဘဲ ချန်ထား၍။ ဝါ၊ ချန်ထားပြီးမှ။ ကတဆိဒ္ဒေ၊ထိုချန်ထားသော အိုးအုံ အလယ်တည့်တည့်၌ ပြုအပ်သော အပေါက် ရှိသည်။ သတိ၊ ရှိသော်။ တင္ဂကသာ၊ ၏။ မရိယာဒဘေဒနေန၊ နှင့်။ သမေတိ၊ ညီညွတ်၏။

ဤသို့ မဖောက်မူ၍ အတွင်းကစ၍ တလျှောက်တည်း ပြင်ဘက်ကျအောင် ဖောက်သော်လည်းကောင်း, ပြင်ဘက်ကစ၍ တလျှောက်တည်း အတွင်းကျအောင် ဖောက်သော်လည်းကောင်း။ တဋ္ဌကမရိယာဒဘေဒန်နှင့် မညီဟူလိုသတည်း။ အန္တောဝဋ္ဋာယ-စသော စကားကို မိန့်ဆိုတော်မူသည်ကား ဝေမဋ္ဌနှင့်စပ်၍ မိန့်ဆိုတော်မူသတည်း။ သာရတ္ထဒီပနီကို ထော က်။

ပန၊ ဝေမဋ္ဌ အပေါက်၏ အိုးအုံအလယ်မှ လျှောကျသည်၏ အစွမ်းဖြင့် ဆုံးဖြတ်ရသည်မှတစ်ပါး ဝေမဋ္ဌ အပေါက်၏ အပစွန်း, အတွင်းစွန်းဖြင့် ဆုံးဖြတ်ရသည်ကို ဆိုဦးအံ့။ ပန တထာပိ ဘဏ္ဍဝိနာသဒွါရဿ ကတတ္တာ။

ဝဋ္ဋိတွာ ဝါ၊ လုံးလိမ့်၍လည်း။ ဂမိဿတိ၊ စီးသွားလတ္တံ့။ ဝေလံ ဝါ၊ မြောင်းကမ်းကိုလည်း။ ဥတ္တရာပေဿတိ၊ လျှံထွက်လိမ့်သတည်း။ (ဏာပေ-ပစ္စည်း အနက်မရှိ။) ဥတ္တရိဿတိ၊ ရှိသော် ယုတ္တတရတည်း။ ဝေလံ ဝါ ဥတ္တရတု-ကို ထောက်။ ဥတ္တရာပေတု-ဟုမဆိုသောကြောင့် ထိုစကားကို ထောက်သတည်း။ ဥတ္တရာပေဿတိ၌ ဂတ္တားကား ဥဒကံတည်း။ ထိုရေကို လျှံထွက်စေသော ကာရိုက်ကတ္တားကား မရှိ။ ထို့ကြောင့် ဏာပေ-ပစ္စည်းအနက် မရှိသင့်၊ ဥတ္တရိဿတိဟူ၍သော်လည်း ရှိသင့်သတည်း။

ဥစ္စာရံ ဝါ-စသည်သည် အခါဒိတဗ္ဗံ ဝါ-စသော ရှေးပါဠိ၏အဖွင့်တည်း။ တတ္ထ တိဿံ အဋ္ဌကထာယံ ဝုတ္တံ ဘေဒနဆဋ္ဋနသင်္ခါတံ ပုရိမဒွယံ ကုမ္ဘိဇဇ္ဇရကရဏေန စ မာတိကာဥဇုကရဏေန စ န သမေတိ။ အဘယ်ကြောင့် ပုရိမဒွယသည် ကုမ္ဘိဇဇ္ဇရကရဏ, မာတိကာဥဇုကရဏနှင့် မတူဟု အပြစ်ကို ပြသနည်း။ ထိုပုရိမဒွယသည် ထိုကုမ္ဘိဇဇ္ဇရကရဏ, မာတိကာဥဇုကရဏနှင့် တူသော လက္ခဏာ မရှိကောင်းလေက ထိုသို့အပြစ်ကို မပြရာသည် မဟုတ်လော ဟု စောဒနာရန်ရှိသောကြောင့် တံ ဟိ စသည်ကို မိန့်အပ်သတည်း။

ကသ္မာ ပန သမေတီတိ အာဟ တံ ဟီတိအာဒိ။ ။သာရတ္ထဒီပနီ (၂၊ ၁၃၇-၈။)။ ဤသာရတ္ထဒီပနီ၌ ကသ္မာ န သမေတီတိ ဒေါသံ ပကာသေတီတိ စောဒနံ သန္ဓာယာဟ တံ ဟီတိ အာဒိ—ဟု အနက်ယောဇနာလေ။

ဟိ ယသ္မာ တံ ပုရိမဒွယံ ကုမ္ဘိဇဇ္ဇရကရဏေန စ မာတိကာဥဇုကရဏေန စ သဒ္ဓိံ ကေလက္ခဏံ ဘဝိတုံ ယုတ္တံ၊ တသ္မာ စ မဟာအဋ္ဌကထာယံ သံဝဏ္ဏိတနယေန ကေလက္ခဏံ ယသ္မာ န ဟောတိ။ တသ္မာ စ န သမေတီ တိ ဒေါသံ အဟံ ပကာသေမိ။

နောက် ဈာပန, အပရိဘောဂ နှစ်ပါးကား အသိုနည်း၊ သင့်လေသလောဟု စောဒနာရန်ရှိသောကြောင့် ပစ္စိမံ ပန–စသည်ကို မိန့်အပ်သတည်း။

တတ္ထ တိဿံ မဟာအဋ္ဌကထာယံ ဝုတ္တံ ဈာပနအပရိဘောဂကရဏာသင်္ခါတံ ပစ္ဆိမဒ္ဒယံ ဌာနာ အစာဝေန္တေနာ ပိ ကာတုံ ယသ္မာ သက္ကာ။ တသ္မာ မဟာအဋ္ဌကထာယံ ဝုတ္တံ၊ တမ္ပိ ပစ္ဆိမဒ္ဒယံ န ယုတ္တံ၊ လဒ္ဓဂုဏ်ကို ပြလိုရကား တသ္မာ စသည်ကို မိန့်သတည်း။

ဟသ္မာဖြင့် ပုရိမဒ္ဒယံ န သမေတိ၊ ပစ္ဆိမံ။ ပ။ ကာတုံ နှစ်ဝါကျကိုစွဲ။ ထွေ ဧတေသု၊ ဒွိသု ဒ္ဒယေသု ဝုတ္တံ က်ရ ပါရာဇိကံ ဣတိ ဝဒန္တိ၊ ဘိန္ဒတိဝါတိ မုဂ္ဂရေန ပေါထေတွာ ဘိန္ဒတိတ်အာဒိနာ ဝုတ္တပကာရဖဿာ အညထာ အဓေန ပကာ-ရေန အတ္တသာ ဂဟေတဗ္ဗတော။ ပါဠိယံ ဟိ–စသည်ကား ဝိတ္ထာရတည်း။ ဆဠေ္ဍတိတိ အယံ ပရိဟာရော ဝေ ဧကေ ဝဒန္တိ။ ဧဝံစသည် နိဂုံးတည်း။

ထွေ တတ္ထ ဘိန္ဒတိ ဝါ တိ အာဒိဝစနေ အယံ ဝက္ခမာနော နယော သာရော။

ကေပလံ၊ ဌာနာ စာဝနနှင့်မရော်မယှက် သက်သက်။ ထေယျစိတ္တေန၊ ဖြင့်။ ဘိန္ဒတိ၊ ခွဲ၏။ ဘိန္ဒတ္တာ၊ ကွဲသည်၏အဖြစ်ကြောင့်။ ထွေ တေလာဒီသု၊ တို့တွင်။ ယံဝါတေလံ၊ သည်လည်း။ ပတ္တိန္နံ၊ ပြက်ခွဲ၏။ ပတ္တိန္နတ္တိ အတံရဇ်တတ္တာ ယဒ္ဓံ။ (မဟာဝါအဋ္ဌကထာ ဇဝရခန္ဓက။ ဝိ၊ ဋ္ဌ၊ ၃။ ၄၀၀။) ဠိကာကျော် ထိနန္နံ ထိနံ့ဠ ထိ–မာတ်၊ယု-ကို အာနန-ပြု။ အာ–ကို ချေ၍ ထိနန့်ပြီး၊ ထိနံ ဠ ယု-ကို အန–ပြု အ-ကို ချေ၍ ထိနပြီး။ တံ ပတ္တိန္နံ ဘေလံ၊ သည်။ ကောဋဒ္ဒမေဝ၊ တပေါင်းတည်း မစီးမသွား ဖွဲ့စပ် လုံးခဲသည်သာလျှင်။ ပ႑တွာ၊ ၍။ တိဋ္ဌတိ၊ ၏။ တံ ပတ္တိန္နံ တေလံ၊ကို။ ထေယျစိတ္တေန၊ ဖြင့်။ အဆဋ္ဋေတု ကာမောယေဝ၊ စွန့်ခြင်းငှါ အလိုမရှိသည်သာလျှင်။ ဟုတွာ၊ ၍။ ကေဝလံ၊ စွန့်ခြင်းနှင့် မရောမယှက် သက်သက်။ တတ္ထတေလေ၊ ၌။ ထေယျစိတ္တေန၊ ဖြင့်။ ဥဒကဝါလိကာဒီနိ၊ တို့ကို။ အာကိရတိ၊ လောင်း၏။

ထိနန္တိ သပ္ပိပိဏ္ဍော ဝိယ အဃဋ္ဋာရိကတာယ ဃနဘာဝေန ဌိတံ။ (အဋ္ဌသာ-လိနီ နိက္ခေပကဏ္ဍအဖွင့်။ အဘိ၊ ဋ္ဌ၊ ၁၊ ၄၀၉) ကို ထောက်၍ ထိနံ–ဠ ထိ–မာတ်နောင် သက်အပ်သော ယု–ကို အနပြု၊ ဌာနံ၊ ဠ ယု- ကို အန ပြုရသကဲ့သို့တည်း။ လီ–သိလေသေ၊ လိနာတိ။ နိလိနာတိ။ (မာတုမာလာ) (၂၅၄–နှာ) ကိယောဒိ ဂိုဏ်းလာ လီ·မာတ်ကဲ့သို့ ထိမာတ်ရှိသည်ကို သိအပ်

၏။ ထိ–ခေတ်သည် ဂတိနိဝတ္တိ ဟောတည်း။ တစ်နည်းကား ထာ–ခေတ်၏ အစိတ်အာ·ကို ဋ္ဌ·ပြု။တနည်းကား ယု·ကို အနပြု။ အ·ကို ဋ္ဌ·ပြု အာ·ကိုချေ။ ထ–ကို ဋ္ဌ·သို့ကပ်။ ထိန ပြီး၏။ မဟာဝါ အဋ္ဌကထာ စီဝရက္ခန္ဓကလာ "ပတ္တိန္န" ၌ နည်းတူ။ ဝုစ္စတီတိ ဧကေ ဝဒန္တိ။ နာသေတုကာမတာပကွေ ပန–စသည် ကား အရှင်ဗုဒ္ဓဃောသဆရာ၏ စကားတည်း။ ဤ နာသေတုကာမတာ ပက္ခေဟူသော စကားရိပ်ကို ထောက်၍ ဧကေဝါဒမှာ ထေယျစိတ္တေနပုဒ်ကို လည့်ကာ တည့်ကာ အနက်ပေးသတည်း။

ကေဝလဘိန္နနဥဒကဝါလိကာဒိအာ·ာ်ရဏာတော ဋ္ဌတရထာပိ ဋ္ဌတရေန ဥဒကသမ္ဘိန္နနဝမနပယာဝဆင္ဆန္နနပိ ဌာနာစာဝေတုကာမဿာပိ ဒုက္ကဋံ ယုဇ္ဇတိ ဟု ယောဇနာ။ ယုဇ္ဇတိ–ဟု သာမည ရှိငြားသော်လည်း ပါဠိတော်၌ အာပတ္တိ ဒုက္ကဋဿ ဟု လာရင်းရှိ၍ ဒုက္ကဋံ–ပုဒ်ကိုထည့်သတည်း။ ဇံ ဟိ စသည် ကား လဒ္ဓဂုဏ်တည်း။ ပါဠိ ၌ သည်လည်းကောင်း။ အဋ္ဌကထာ မဟာအဋ္ဌကထာသည်လည်းကောင်း။ ပုဗ္ဗာပရေန၊ ရှေးဖြစ်သော တတ္ထေဝ ဘိန္ဒတိဝါ စသော ပါဠိတော်လာ စကားတို့၏ အဖွင့်အဋ္ဌကထာ စကား, နောက်ဖြစ်သော ဝိနီတဘိဏ္ဍပကာဝတ္ထုလာ ပါဠိတော် စကားတို့၏ အဖွင့် အဋ္ဌကထာ စကားနှင့်။ ပါဠိဒ္ဓာရ "တတ္ထေဝ ဘိန္ဒတိဝါ" စသော ပါဠိ, ဝိနီတ တိဏ္ဏပကာ ပတ္ထု ပါဠိတို့ကိုယူ။ အဋ္ဌကထာ အရကိုလည်း ထိုပါဠိတို့၏ အဖွင့်ကိုယူ။ တိဏ္ဏ ပကာဝတ္ထုသည် ဒုတိယ ပါရာဇိက ကုန်ခါနီးမှာ လာ၏။

ဘူမဋ္ဌကထာ နိဋ္ဌိတာ။

- - -

ပဋ္ဌိစ္ဆန္နေ ဝါ၊ သော။ အပဋ္ဌိစ္ဆန္နေ ဝါ၊ သော။ ဘူမိတလေ ဝါ၊ ကောင်း။ ပါသာဏတလပဗ္ဗတတလာဒီသု၊ တို့တွင်။ ယတ္ထ ကတ္ထစိ ဝါ၊ ကောင်း။ ဌပိတံ၊ ကားအပ်သောကဏ္ဍာကို။ ဘိလေသ နိယျာသာဒိ၊ သစ်စေး, ကျံ စသည်တို့ အစေး စသည်သည်။

ကေနစိ ဗန္ဓသိလေသေန ဝါ ပဋ္ဌိစ္ဆာဒေတဗ္ဗံ။ (ဦးန ပဉ္စဗန္ဓန သိက္ခာပုဒ် အဋ္ဌကထာ။ ဝိ၊ ၄၊ ၂၊ ၂၇၇) နိယျာသခါဒနီယေ ကော ဥဇ္ဇုနိယျာ- သော၀ သတ္တာပာ ကာလ်ကော။ ။(ပါစိတ် အဋ္ဌကထာ ဝိကာလ ဘောဇန သိက္ခာပုဒ်အဖွင့်။ ဝိ၊ ၄၊ ၃၊ ၁၀၃)။

ကုမ္ဘိယာ၊ ၏။ (ဌာနမှာစပ်) (ဝါ) ကို။ (စာဝနမှာစပ်) သခ်လိကဗန္ဓသာ၊ ၏။ ဌာနဘာဒေါပိ၊ ကိုလည်း။ ပုဗ္ဗေ၊ ၌။ ဘူမဋ္ဌကထာယံ၊ ၌။ ယဒိ ပန ကုမ္ဘိံ မုခဝဋ္ဋိယံ ပါသံ ဣတ္ထာတိ အာဒိနာ၊ ဖြင့်။ ဝုတ္တနယေန၊ ဖြင့်။ သလ္လက္ခေ-တဗ္ဗော၊ ၏။

## ထလဋ္ဌကထာ နိဋ္ဌိတာ။

မုခတုဏ္ဍကေန၊ နှုတ်သီးဖျားဖြင့်။ ကလာပဂ္ဂေန၊ အမြီးစီး၏ အဖျားဖြင့်။ တံ အင်္ဂံ တဿ မောရဿ ဌာနံ ဥပ္ပတိတမတ္တော၀၊ ပျံတက်ခါမျှ၌လည်းကောင်း။ ဒုတိယပဒဝါရေဝ၊ ၌လည်းကောင်း။ ။ဝါတဝေရက္ခိတ္တံ၊ လေ၏ အဟုန်သည် အထက်သို့ ပစ်လွှင့်အပ်သည်။ ဟုတ္တာ၊ ၌။ အာဘိမုခါဂတံ၊ မိမိ၏အထံသို့ ရှေ့ရှု လွင့်လာသော။ သာဋကံ၊ ကို။ သုဝဏ္ဏသလာကံ၊ ရွှေချောင်းကို။ စီဝရေ၊ ၌။ ပတိတံ၊ကျလာသောသင်္ကန်း၌ရစ်ပတ်၍ တည်နေသော လည်ရွဲစသောတန်ဆာ, ရွှေတုံး,ရွှေပိုင်းကို။ အနုဒ္ဓရိတ္ဝာဝ၊ ရစ်ပတ်သောသင်္ကန်းအတွင်းမှ မထုတ်ခဲ့မူ၍ သာလျှင်။ သီသေဝါ၊ ဦးခေါင်း၌ လည်းကောင်း။ မုခေဝါ၊ ခံတွင်း၌လည်း ကောင်း။ ပါဒေဝါ၊ ခြေထက်၌လည်းကောင်း။

ခီရံ ပိဝိတွာ ဝစ္ဆော တံ ကုဋ္ဌဝစ္ဆံနှင့် ရူပါရမ္မဏာဒိ ရသပါနာ၊ စိတ် ဒုဋ္ဌစိတ္တံသည် ဥပမာ ဥပမေယျတည်း။ ဥပစာရပ္ပနာဝသေန ဥပနိသီဒတိ စေဝ ဥပနိပဇ္ဇတိ စ ဟူသောစကား၌ "ဥပစာရ၏ အစွမ်းအားဖြင့် ကပ်၍နေ၏၊ အပ္ပနာ၏ အစွမ်းအားဖြင့် ကပ်၍အိပ်၏"ဟု အစဉ်အတိုင်းမှတ်။ ထိုင်နေခြင်းသည် အိပ်ခြင်း၏ အကြောင်းဖြစ်သကဲ့သို့ ဥပစာရသည် အပ္ပနာ၏ အကြောင်းဖြစ်သောကြောင့် ဥပစာရပ္ပနာဝသေနစသောစကားကို မိန့်တော်မူသတည်း။ ထိုအာရုံသို့ ဥပစာရအပ္ပနာ၏ အစွမ်းအားဖြင့်ကပ်၍နေသော်လည်းကောင်း ကပ်၍အိပ်သော်လည်းကောင်း အဘယ်အကျိုးရှိသနည်းဟု မေးရန်ရှိသောကြောင့် ဝေမဿောတ်-စသည်ကို မိန့်သတည်း။

ဓေဝံ၊ ဤသို့ဥပစာရအပ္ပနာ၏ အစွမ်းအားဖြင့် ကပ်၍နေခြင်း, ကပ်၍အိပ်ခြင်းသည်။ သတိရှိသော်။

ဝိမတိ ဝိနောဒနီအလိုအားဖြင့် ဓေဝံ ဖြင့် ဗန္ဓေယျဝံ-စသော ဒုတိယပါဒကို စွဲရမည်။ တေန ဝုတ္တံ စသည်ကား ဣမဿဟ်စသည်၏ နိဂုံးတည်း။ ။ အထဝါစသော နည်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်သည်ကို ပြသတည်း။ ထို့ကြောင့် "အဂ္ဂဖလံ အရဟတ္တံ သမ္ပါပုဏိတုံ"ဟု မိန့်အပ်၏။ ရှေးနည်းဖြင့် လောကီစျာန်သို့ ရောက်သည်ကို ပြသတည်း။ ထို့ကြောင့် ရှေ့နည်း၌ "ဥပစာရပ္ပနာ ဝသေန ဥပနိသီဒတိ စေဝ ဥပနိပဇ္ဇတိစ"ဟု မိန့်အပ်၏။

ဝတ္ထုဝိဇ္ဇာ ဧရိယောဝိယ၊ မြေရာမြေကို သိသော ဆရာကဲ့သို့။ [နဂရဘူမိ ကို ထောက်သကည်း]။ ။တိဏဂဟနံဝါ၊ မြက်တောကိုလည်းကောင်း။ ဝနဂဟနံဝါ၊ သစ်တောကိုလည်းကောင်း။ ပဗ္ဗတဂဟနံဝါ၊ တောင်တောကိုလည်းကောင်း။

**မြက်တော** ဟူသည် ပကတိ မြေအပြင်မှာဖြစ်စေ, တောင်မှာဖြစ်စေ— အမှတ်မရှိသောအရပ်မှာ ပေါက်သော မြက်ပင်အပေါင်းတည်း။ **သစ်တော** ဟူသည် ပကတိ ညီညွတ်သော မြေအပြင်၌ ပေါက်သော သစ်ပင်အပေါင်း

တည်း။ တောင်တောဟူသည် တောင်၌ပေါက်သော သစ်ပင်အပေါင်းတည်း။ အရည်နာမ နိက္ခမိတွာ ။ပ။ အရည်း (အဘိ၊ ၂၊ ၆၀)စကားသည် ဈာနဝိဘင်း ပါဠိတော်လာစကားတည်း။ အရညကံ နာမ သေနာသနံ ပဉ္စဓနုသတိကံ ပစ္ဆိမံ စကားသည် ဘိက္ခုဝိဘင်း ပတ္တဝဂ် အဋ္ဌမသိက္ခာပုဒ်လာ စကားတည်း။ဣန္ဒခီလာ ဗဟိ နိက္ခမိတွာ ဋ္ဌိတံ ယံ ဌာနံ အတ္ထိ၊ တော် သဗ္ဗံ ဌာနံ အရညံ ဟု အနက်ပေး။ ဣန္ဒခီလတော ဗဟိ နိက္ခမိတွာတိ အဋ္ဌော၊ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဈာနဝိဘင်းအဖွင့်) ပဝိဝေကသုခံ၊ ပဝိဝေကကြောင့် ဖြစ်သော ချမ်းသာရှိရာဖြစ်သော။ အရညံ၊ သို့။ ။ဒဋ္ဌဘာဝဋ္ဌ ပဝတ္တန သုခ-တဋ္ဌ အာရမ္မဏပရိဂ္ဂဟူပါယဋ္ဌ။

ပလ္လက်ပုဒ်သည် ပရိရှေးရှိသော အက-ဓာတ်ဖြင့် ပြီးသတည်း။ ပရိ-သည် သမန္တအနက်ဟော၊ ထို့ကြောင့် သမန္တတော-ဟု ဖွင့်သတည်း။ အကိ-ဓာတ်သည် လက္ခဏအနက်မှ တပါးသော ဗန္ဓနအနက်ကို ဟောသတည်း။ ထို့ကြောင့် ဦရုဗဒ္ဓါသနံ-ဟု ဖွင့်သတည်း။

"ပရိ သမန္တတော ဦရုဿ အက်နံ ဗန္ဓနံ ပလ္လင်္ကော"ဟု ဝစနတ္ထပြု။ ပလ္လင်္က-တော ပရိဝဋ္ဋေတွာ ပါပိတော၊ ဟတောယေဝနာမတိ အဋ္ဌော။ ။ (တိ°သနိပါတ် ပဏ္ဏရဇာတ် ဇာတကအဋ္ဌကထာ ၅၊ ၇၅။) ပရိအရှင်္ကတော ပုဒ်ဖြတ်၊ ပရိကို ပရိဝဋ္ဋေတွာ ဖွင့်သတည်း။ အင်္ကတောကို ဟတောယေဝနာမ-ဖွင့်သတည်း။ ရကို လပြု၊ ဣကို တ္တပြု၊ လကို ဒွေဘော်ပြု၍ ပလ္လင်္ကတော နေသည်။ ငါတို့ ပြည်ဆရာတော်ဘုရားကြီး၏ ဓာတ်နိသျ အမှာတည်း။ ဤဓာတ်နိသျအမှာကို မှီ၍ ပရိ၌ ဣကိုအ-ပြု၊ ရကို လပြု၍ လ-ကို ဒွေဘော်ပြု၍ "ပလ္လက်" ပုဒ်ပြီးကို သိအပ်၏။

အာဘုဇိတွာ၌ ဘုဇ-ဓာတ်သည် အာ-ရှေးရှိ၍ ကောဋိလ္လအနက်မှ တစ်ပါးသော အာဗန္ဓနအနက်ကို ဟောသည်ဟု သိစေခြင်းငှာ "အာဘုဇိတွာတိ အာဗန္ဓိတွာ" ဟု မိန့်တော်မူသတည်း။ ဘုဇ ကောဋိလ္လေ အာ-ဝိ-ပုဗ္ဗော အညတ္ထေသုစ။ ဥရဂေါ ဘုဇတိ။ အာဘုဇတိ။ ဘိက္ခု ပလ္လင်္ကံ အာဘုဇတိ၊ မဟာသမုဒ္ဒေါ အာဘုဇတိ။ အာဝဋ္ဋတီတိ အတ္ထော ဝဏ္ဏဒါနန္တိ အာဘုဇတိ။ မနသိ ကရောတီတိ အတ္ထော။ မူလာနိဝိဘုဇတီတိ မူလဝိဘုဇော၊ ရထော။ (ဓာတုမာလာ ၄၇)။

အထ၊ ထိုသို့မည္ဟတ်သည်၏ အခြားမဲ့၌။ (နု ဉပ္ပဇ္ဇန္တိမှာ ဇပ်၊) အတ သဒ္ဒါသည် အနန္တရ အနက်ဟော။ အနန္တရိယေ၊ အထ နံ အာဟ။ ။ (သဒ္ဒနီတိ စတုပဒမာလာ ၃၇၇)။ ပရိပဟတိပုဒ်သည် မုဒ္ဒဇ, ဒန္တဇ

နှစ်ချက်နှင့် နှစ်မျိုးရှိ၏၊ သင့်သည်ချည်းတည်း။ ထို့ကြောင့် အဇ္ဈတ္တိကနိဒါန်း အဖွင့် သာရတ္ထဒီပနီ၌ "ပဋ္ဌိတိ ပတန္တိ၊ အယမေဝ ပါဌော" (သာရတ္ထ၊ ဋီ ၁၊ ၂၀၄-၅) ဟု မိန့်အပ်၏။ ပဋိသမ္ဘိဒါ နည်းသည် အသဝါ·စသည်ဖြင့် ပြသော နောက်နည်းတည်း။

တတ္ထ ဒီဃံ ဝါ အဿသန္တော တျာဒိဝစနေ။ ။ဧဝံ တာဝ စသည်ကား နိဂုံးတည်း။ ဒီဃရဿာနံ တာဝ-ဟု အနက်ပေး။ တေန ဝုစ္စတိ ကာယေ ကာယာနုပဿနာ သတိပဋ္ဌာနဘာဝနာသို့ ရောက်မှ ပဋိသမ္ဘိဒါမဂ် ပါဠိဆုံးသတည်း။ ဣတိ အာဟ-ဟု ပြန်၍ အနက်ပေး။

သဗ္ဗကာယပဋိသံဝေဒီ ပုဒ်၌ ပဋိ-သဒ္ဒါ ပစ္စေကအနက်ဟော။ သံ-သဒ္ဒါ သမ္မ-ဒေဝ အနက်ဟော။ သဗ္ဗ-သဒ္ဒါဖြင့် အဿာသ ပဿာသကာယကို အကြွင်းအကျန်မရှိ ယူရခြင်းပြီးသော်လည်း အဿာသ ပဿာသကာယ၏ များစွာသော ကလာပ်အပေါင်း၏ အဖြစ်ကြောင့် အလုံးစုံကုန်သော အစိတ်အစိတ်အဿာသ ပဿာသတို့ကိုလည်း အသီးသီး သိခြင်းကို ပြတော်မူခြင်းငှါ ပဋိသဒ္ဒါကို ဟောတော်မူသတည်း။ ထိုသို့ အစိတ်အစိတ် အဿာသ ပဿာသတို့ကို အသီးသီး သိခြင်း၌ အရိုအသေပြုလေ့ရှိသည်၏ အဖြစ်ကို ပြတော်မူခြင်းငှါ သံ-သဒ္ဒါကို ဟောတော်မူသတည်း။

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ ။ပ။ ပဿသိဿာမီတိဟု နှစ်ဝါကျကို တစ်ရေးတည်းထည့်ပြီးလျှင် တစ်ရေးတည်း မဖွင့်မူ၍ သကလဿ အဿာသကာယဿ စသည်ဖြင့် အသီးအသီးအနက်အဖွင့်ကို အဋ္ဌကထာဆရာ ပြုတော်မူသည်ကား။ အဿာသ ပဿာသတို့၌ ယောဂီပုဂ္ဂိုလ်၏ ပဋိပတ်အစီအရင် တူငြားသော်လည်း အသီးအသီး ရှိသေစွာ အကြင်အခြင်းအရာအားဖြင့် ကျင့်အပ်၏။ ထိုအခြင်းအရာအားဖြင့် ထိုအသီးသီးသော အနက်ကိုသာ ပြခြင်းအကျိုးငှါ ဝါကျပုဒ်နှစ်ပါးအနက် တူငြားသော်လည်း သကလဿ·စသည်ဖြင့် ဝါကျပုဒ်နှစ်ပါး၏ အသီးအသီး အနက်အဖွင့်ကို အဋ္ဌကထာဆရာ ပြုတော်မူသတည်း။ ဋီကာအဖွင့်ခက်၍ ဋီကာအဓိပ္ပာယ်ကို ဖော်လိုက်သတည်း။

ယသ္မာ အဿသတိစေဝ ပဿသတိ စ၊ တသ္မာ စ, ဉာဏသမ္ပယုတ္တစိတ္တေန အဿာသနေစေဝ ပဿာသနေ စ၊ သတိ အဿသိဿာမိ ပဿသိဿာမီတိ-သိက္ခနာ နာမ ယသ္မာ ဟောတိ တသ္မာ စ, အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတီတိ ဝုစ္စတိ။

ကေဿဟိ·စသည်ဖြင့် အဿသိဿာမိပဿသိဿာမီတိ သိက္ခတိဟူ၍သာ ဟောတော်မမူဘဲ သဗ္ဗကာယပဋိသံဝေဒီသဒ္ဒါနှင့်တကွ ဟောတော်မူခြင်း၏

အကြောင်းကိုပြသတည်း။ဟိ ယသ္မာ ကေသာ ဘိက္ခုနော။ပ။ကိလမတိ။တသ္မာစ, ဟိ ယသ္မာ ကေသာ မစ္ဆုံ ။ပ။ န အာဒိပရိယောသာနံ ပါကဋံ ဟောတိ၊ တသ္မာ စ ဟိ ယသ္မာ ကေသာ။ပ။ ကိလမတိ၊ တသ္မာ စ ဟိ ယသ္မာ ကေသာ။ပ။ ကိလမတိ၊ တသ္မာ စ တာဒိသေသန ဘဝိတဗ္ဗတ္တိ ဒဿေန္တော သဗ္ဗကာယ ပဋိသံဝေဒီ သဒ္ဒေန သဒ္ဓိံ သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမိ။ပ။ ပဿသိဿာမီတိ သိက္ခတီတိ အာဟ။

သိက္ခတိ၌ သိက္ခ-ဓာတ်သည် သိက္ခ-ဝိဇ္ဇောပါဒါနေဟူသည်နှင့်အညီ အတတ်ကို သင်ယူခြင်းအနက်ကို ဟောရင်းတည်း၊ ဤ၌မူကား အတတ်ကို သင်ယူ၍ အားထုတ်ခြင်းဟူသော သိခါပတ္တ အနက်ကို ဟောသည်ဟု သိစေခြင်းငှါ သိက္ခတိကို ဃဋတိဖြင့် ဖွင့်သတည်း။ နောက်နည်းအလိုအားဖြင့် သိက္ခ-ဓာတ်သည် သိက္ခာသုံးပါးကို ကျင့်ခြင်း အနက်ကို ဟောသတည်း။

တတ္ထ တေသု ဒွိသု ဒီဃံဝါ အဿသန္တော။ပ။ပဇာနာတိ သဗ္ဗကာယ ပဋိသံဝေဒီ။ပ။သိက္ခတီတိ နယေသု ပုရိမနယေ ယောဂကရဏေန ကေဝလံ အဿမ္ပိဿံ၊ ဣတော ကေဝလံ အဿသနံ ပဿသနတော။ပဋ္ဌာယ ဉာဏုပ္ပါဒနာဒီသု ဣတော ပဇာန နတော ပဋ္ဌာယ ကတ္တဗ္ဗဿ။

ပဿမ္ဘေန္တော၌ ပပုဗ္ဗ သမ္ဘု ဓာတ်၊ သ ဘု သမ္ဘု ဟိံ သာယံ ဟူသည်နှင့်အညီ (နီတိဓာတု၊ ၁၂၅) ဟိံသာအနက်ကို ဟောရင်းတည်း။ ဤ၌မူကား သန္တိအနက်ကို ထွန်းတတ်သော ပ-ဥပသာရပုဒ်နှင့် ယှဉ်ခြင်းကြောင့် ဓာတွတ္ထ ဗာဓကဖြစ်သော ပ-ဥပသာရပုဒ်၏ သန္တိအနက်ကို ဟောသေတည်း။ ပ-ဥပ သာရပုဒ် သန္တိအနက်၌ဖြစ်သည်ကိုကား အာဒိကမ္မေ ဘုသတ္ထေ ့၊သမ္ဘဝေါ’တိတ္ထ တိတ္တိသု။ နိယောဂ’ ဿရိယ’ ပ္ပိတိ–ဒါန ပူဇာဂ္ဂ သန္တိသု။ ဟူသော(အဘိဓာန် အဗျယဝဂ် ၁၁၆၂-ဂါထာ)စကားဖြင့် သိအပ်၏။ သမ္ဘုဓာတ်သည် ပ-ဥပသာရပုဒ်နှင့်ယှဉ်ခြင်းကြောင့် သန္တိအနက်၌ ဖြစ်ရပုံမှာ “ပရာဇေတိ” ကဲ့သို့ မှတ်အပ်၏။

တတြ ဩဠာရိကံ ကာယသင်္ခါရံ ပဿမ္ဘေန္တောတိ ဝစနေ။ ။အာဘောဂ သမန္နာဟာရ မနသိကာရ ပစ္စဝေက္ခဏာ၊ ရှေးဦးစွာဆင်ခြင်ခြင်း ကောင်းစွာ အဖန်ဖန် ဆောင်ခြင်း စိတ်၌ပြုခြင်း, ပညာဖြင့် ဆင်ခြင်ခြင်းတို့သည်။ ။ အဓိမတ္တံ၊ ပြင်းပြသော ကာယသင်္ခါရသည်။ (ပုလ္လိင်သည် နပုလ္လိင် ပြန်သ တည်း) တနည်းကား အဓိမတ္တံ၊ ပြင်းပြစွာ။ (ကြိယာဝိသေသနတည်း)။ ။တတ္ထ ကာယ-သင်္ခါရေသု ပုဗ္ဗေ ဝုတ္တနယေနေဝ ပုရိမဿ ပုရိမဿ ကာယသင်္ခါရဿ ပစ္စိမေန

ပစ္စိမေန ကာယသံခါရေန။ ။ အဿာသ ဥဿာသ ပဿမ္ဘယံ ကာယသင်္ခါရန္တိ-ပဒဿ။ ။ကာယ် ဘာ၊ ကိုယ်၌ဖြစ်ကုန်၏။ ဧတေ ဓမ္မာ၊ ထို အဿာသ, ပဿာသ တရားတို့သည်။ ကာယပဋိဗဒ္ဓါ၊ ကိုယ်နှင့် စပ်ကုန်၏။ (ဝါ) ကိုယ်၌ မှီကုန်၏။ ကာယသင်္ခါရာ၊ ကိုယ်သည် ပြုအပ်ကုန်၏။ သဗ္ဗကာယပဋိသံဝေဒီ အဿာသသာ၊ အလုံးစုံသော အဿာသအပေါင်းကို ထင်စွာ ပြုအပ်သော ယောဂီပုဂ္ဂိုလ်၏ အဿာသတို့သည်။ အာနမနာ၊ ရှေးရှုကိုယ်ကို ညွတ်စေခြင်း ။ ဝိနမနာ၊ အသီးသီး နံပါးသို့ ညွတ်စေခြင်း။ သန္နမနာ၊ အလုံးစုံအားဖြင့် ကောင်းစွာ ညွတ်စေခြင်း။ ပဏာမနာ၊ နောက်သို့ညွတ်စေခြင်း။ ဣတိ၊ ဤသို့။ ကိရ ဧသ ကိစ္စတိ၊ အကယ်၍ ကျင့်အံ့။ ငြိမ်းစေအံ့ဟု ကျင့်သော် ငြိမ်းစေခြင်းဖြစ်သတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၂၊ ၁၉၆။)၌ ဝုတ္တပ္ပကာရေန စသည်ကို မိန့်သတည်း။

ဝါတူပလဒ္ဓိယာ စ ၌ စ–ဖြင့် အဿာသပဿာသာနဉ္စ စသည်ကို ဆည်းသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၂၊ ၁၉၆)၌ "စသဒ္ဒေါ သမုစ္စယတ္ထော" ဟု မိန့်အပ်သတည်း။

စောဒကဆရာသည် ဩဠာရိက ကာယသင်္ခါရကို ဩဠာရိက, သုခုမ နှစ်မျိုးသာ ခွဲ၍ သုခုမကာယသင်္ခါရတို့ကို ငြိမ်းစေလျက် ကျင့်သည်ဟု နှလုံးပိုက်၍ စောဒနာသတည်း။ ပရိဟာရဆရာကား ကာယသင်္ခါရကို ဩဠာရိက, သုခုမ အတိသုခုမ သုံးမျိုးခွဲ၍ အတိသုခုမ ကာယသင်္ခါရကို မငြိမ်းစေဟု နှလုံးပိုက်၍ ဖြေသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၂၊ ၁၉၇)၌ ဟဘာဝနာ ဟောတိ တိ ယဒိ ပိ–စသည်ကို မိန့်အပ်သတည်း။ သုခုမသဒ္ဒနိမိတ္တာရမ္မဏာတာ ပိ သုခုမသဒ္ဒနိမိတ္တာ ရမ္မဏဖာယပိ စိတ္တံ ပဝတ္တတိ၊ တာ၌ ယ–ကျေ။ ထို့ကြောင့် သာရတ္ထဒီပနီ (၂၊ ၁၉၇)၌ "သုခုမတရ နိမိတ္တာ ရမ္မဏာဘာဝေနာပိ" ဟု မိန့်အပ်၏။

ဒယံဝဏ္ဏနာ။ ဧတ္ထ ဧတေသု စတူသု စတုက္ကေသု၊ ဒုတိယစတုက္ကာဒိတော တာဝ ပဌမံ ကာယာနုပဿနာဝသေန ဝုတ္တဿ ပဌမစတုက္ကဿ အနုပုဗ္ဗပဒ ဝဏ္ဏနာ။ ။ပဌမစတုက္ကဟူသည် သဗ္ဗကာယပဋိသံဝေဒီ စသည်တည်း။ ဒုတိယစတုက္ကစသည်သည် ပီတိပဋိသံဝေဒီစသည်တည်း။ ပီတိပဋိသံဝေဒီသုခပဋိသံဝေဒီ စတုက္ကတစ်ခု။ စိတ္တသင်္ခါရပဋိသံဝေဒီ၊ စိတ္တပဋိသံဝေဒီ။ ပ။ ဝိမောစယံ စိတ္တံ စတုက္ကတစ်ခု။ အနိစ္စာနုပဿီ ။ပ။ ပဋိနိဿဂ္ဂါနုပဿီ စတုက္ကတစ်ခု။

ဧတ္ထ ပဌမစတုက္ကေ၊ ပတ္တမျာနဿ။ ။ဝေဒနာစိတ္တဓမ္မာနုပဿနာဝသေန ၌ ပီတိပဋိသံဝေဒီသုခပဋိသံဝေဒီစတုက္က၌ ဝေဒနာ၏ အစွမ်းအားဖြင့် ဟောတော်မူသတည်း။ စိတ္တသင်္ခါရ ပဋိသံဝေဒီ စတုက္က၌ ဝေဒနာနုပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူသတည်း။ အနိစ္စာနုပဿီ ။ပ။ ပဋိနိဿဂ္ဂါနုပဿီ

စတုက္က၌ ဓမ္မာနုပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူသတည်း။ ထို့ကြောင့် "ဧဝံ ဝေဒနာနုပဿနာနယေန ဣဒံ စတုက္ကံ ဘာသိတံ(ဝိ၊ဋ္ဌ၊ ၂။၃၄။) ဧဝံ စိတ္တာနုပဿနာဝသေန ဣဒံ စတုက္ကံ ဘာသိတံ (ဝိ၊ဋ္ဌ၊ ၂။၃၅။) အနိစ္စတ္တိ ပဋ္ဌက္ခန္ဓာ" စသည်ကို မိန့်လတ္တံ့။

အနိစ္စာနုပဿီ စသည်တို့သည် ဓမ္မာနုပဿီတည်း။ ပဋ္ဌက္ခန္ဓာ စသည်တို့သည် အနိစ္စ စသည်မည်ကုန်သော် အနိစ္စာ စသည်တို့သည် ဓမ္မာနုပဿီ၌ ဓမ္မအရ ဖြစ်သောကြောင့် ပဋ္ဌက္ခန္ဓာ စသည်တို့ကို အဖန်ဖန်ရှုခြင်းသည် ဓမ္မာနုပဿနာ မည်သတည်း။ ဣမေဝ ပဌမ စတုက္ကေ ကမ္မဋ္ဌာနတော တာဝ အာဒိကမ္မိကဿ (ဝိ၊ဋ္ဌ၊ ၂၊ ၂၀)။ ။စတုဗ္ဗိဓံ သီလံ ပရိသောဓေတ္ဗေဒတော တာဝ ဝိသောဓေတဗ္ဗံ (ဝိ၊ဋ္ဌ၊ ၂၊ ၂၀)။ ။သီမဋ္ဌကဒေဝတာဒီဟိ ပဌမံ တာဝ ပရိစ္ဆိန္နတ္တာ(ဝိဋ္ဌ၊ ၂၊ ၂၁။) သဗ္ဗတ္တ၊ အလုံးစုံသော ရဟန်းတို့သည် ပြုအပ်သော အမှု၌။ (ဝါ) အလုံးစုံသော ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၌။ဣတိ ကတ္ဘာ စ,ဣတိ တဿာ စ,ပဒဋ္ဌာနတ္တာ စ။

သဗ္ဗတ္ထကပုဒ်သည် သဒ္ဒပုဒ် အဿကပုဒ်၊ သဗ္ဗကို သဗ္ဗတ္ထဖွင့်သတည်း။ အတ္တဂကို အတ္တယိတဗ္ဗံ ဖွင့်သတည်း။ကံအနက်၌ အတ္ထ-ခါတ်နောင် ဏျပစ္စည်း သက်။ဏျကို အကပြု။ ။ဣမ ပန စသည်ဖြင့် အတ္ထာခိပ္ပေတကို ပြသတည်း။

ဝိသုဒ္ဓသီလေန ဇ ဥပစ္ဆိန္နပလိဗောဓေန စ ဣဒံ ကမ္မဋ္ဌာနံ ဥဂ္ဂဏှန္တေန ဘိက္ခုနာ။ (အယံ ပန၌ ပနသည် ဝိသေသတ္ထဇောတကတည်း) သဗ္ဗတ္ထ ကမ္မဋ္ဌာနေသု အသမ္မူဠှော။ တတြ၊ ထိုအာနာပါန ကမ္မဋ္ဌာန်းကို သင်အပ်ရာ၌။ ပဉ္စသန္ဓိကံ၊ ငါးပါးသောအစပ်အဖို့ရှိသော။ (ဥဂ္ဂဟစသည်တို့သည် အခါင်းချင်း အကြောင်း အကျိုးအားဖြင့် စပ်သောကြောင့် သန္ဓိမည်ကုန်သတည်း)။ ဥဂ္ဂဟော၊ ကမ္မဋ္ဌာန်းပါဠိကို သင်ခြင်းလည်းကောင်း။ ပရိပုစ္ဆာ၊ ကမ္မဋ္ဌာန်းပါဠိ၏အနက်ကို မေးခြင်းလည်းကောင်း။ ဥပဋ္ဌာနံ၊ ကမ္မဋ္ဌာန်း၏နိမိတ်ထင်ခြင်းကို မှတ်ခြင်း လည်းကောင်း။ (ဥပစာရဈာန်ကြောင့်သည်း)။ အပ္ပနာ၊ ဤသို့ ကမ္မဋ္ဌာန်း၏ နိမိတ်ထင်သောဈာန်သို့ ရောက်တတ်၏ဟု မှတ်ခြင်းလည်းကောင်း။ လက္ခဏံ၊ ကမ္မဋ္ဌာန်း၏ သဘောကို မှတ်ခြင်းလည်းကောင်း။

ဥပဋ္ဌာနံ-၌ ဥပစာရဈာနပုဒ် ကျေသည်ကို "ဧဝံ ဘာဝနာမနုယုဉ္ဇန္တဿ ဧဝမိမဲ့နိမိတ္တံ ဥပဋ္ဌာတီတိ ဥပစာရဈာန် ဟူသော သာရတ္ထဒီပနီ(သာရတ္ထ၊ ဋီ ၂၊ ၂၀၅။) စကားကိုကောက်၍ သိအပ်၏၊ သာရတ္ထဒီပနီဆရာသည် "န စိရသေဝ နိမိတ္တံ ဥပဋ္ဌာတီ"ဟု မိန့်အပ်ပေါ်သော အဋ္ဌကထာ (၂၊ ၂၉။) စကားကိုထောက်၍ ဤစကားကို မိန့်ဟောမူသတည်း။

**ဝေါ၊** ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုအပ်လတ္တံ့သော "ဂဏောန္တေန စ ပဋမံ ဒန္တ ဂဏနာယ" (ဝိ၊ ၂။ ၂၃)စသော နည်းဖြင့်။ ဘာဝနံ၊ အာနာပါနဿတိ သမာဓိ-ဘာဝနာကို။ အနုယုဉ္ဇန္တဿ၊ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား။ **ဝေါ၊** ဤသို့ ကြွယ်၏အဆင်း စသည်တို့ကဲ့သို့။ ဣမ၊ ဤသို့ ဂဏနာဖြင့် အားထုတ်ရာ၌။ နိမိတ္တံ၊ နိမိတ်သည်။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ ဣတိ၊ ဤသို့။ ဥပမာရဏံ၊ ရှေးအဖို့ မစီးဖြန်းမိက မှတ်သားရခြင်းပယည်း ဟု **အနက်ပေး။** (သာရတ္ထဋီကာ ၂၀၇-အနက်)။

အပ္ပနာပုဒ်၌ ဥပမာရဏပုဒ် ကျေသည်ကိုလည်း "တထာ ကမ္မဋ္ဌာနမပ္ပနာ ဇဝံ ဗျာနံမပွေတီတိ" ဟူသော သာရတ္ထဒီပနီ (၂၊ ၂၀၇) စကားကိုပင် ထောက်၍ သိအပ်၏။ ။ကမ္မဋ္ဌာနမပ္ပနာ၊ ကမ္မဋ္ဌာနမပ္ပနာသည်။ တထာ၊ ထိုအတူ။ **ဝေါ၊** ဤသို့ ကြွယ်၏အဆင်းစသည်တို့ကဲ့သို့ နိမိတ်ထင်သော်။ ဗျာနံ၊ ဗျာန်သို့။ အပွေတိ၊ ရောက်တတ်၏။ ဣတိ၊ ဤသို့။ ဥပမာ ရဏံ၊ မှတ်သားခြင်းတည်း။ ဤအရာ၌ အပ္ပနာသဒ္ဒါသည် အပ္ပနာဗျာန်ဟောမဟုတ်၊ ရောက်ခြင်းအနက် ဟောတည်း။

**ဂဏနာ** စ၊ **ကော်** ကော် စသည်ဖြင့် ထွက်သက်, ဝင်သက်တို့ကို ရေတွက်ခြင်းလည်းကောင်း။ အနုဗန္ဓနာ စ၊ ထွက်သက်, ဝင်သက်တို့သို့ အစဉ်လိုက်သဖြင့် သတိကို မပြတ်ဖြစ်စေခြင်းလည်းကောင်း။ ဖုသနာ စ၊ နှာသီးဖျားစသောအရပ်ကို ထွက်သက်, ဝင်သက်တို့ကို ထိစေခြင်း လည်းကောင်း။ ဌပနာစ၊ ကောင်းစွာ အာနာပါန အာရုံ၌ အပ္ပနာဗျာန်ကို ထားခြင်း လည်းကောင်း။ သလ္လက္ခဏာ စ၊ အနိစ္စတာ စသည်တို့ကို မှတ်သောအားဖြင့် အနိစ္စ ဒုက္ခ, အနတ္တ-ဟု နာမ်, ရုပ်ကို ကောင်းစွာ မှတ်ခြင်း, ဝိပဿနာရှုခြင်း လည်းကောင်း (အာနာပါန ဗျာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဗျာန်ကို ခြေပြု၍ ဝိပဿနာ ရှုသတည်း)။ ဝိဝဋ္ဋနာ စ၊ ပဝတ္တဟူသော, နိမိတ္တဟူသော မှလည်းသော မဂ်လည်း ကောင်း။ ပါရိသုဒ္ဓိ စ၊ အလုံးစုံသော ကိလေသာတို့မှ ငြိမ်းသော ဖိုလ်လည်း ကောင်း။ ပေယာ၊ ထိုမဂ်ဖိုလ်တို့ကို။ ပဋိပဿနာ စ၊ ဆင်ခြင်သောအားဖြင့် အဖန်ဖန် ရှုခြင်းလည်းကောင်း။ ဣတိ ဒသယံ၊ သည်။ မနသိကာရဝိဓိ၊ တည်း။

ပစ္စဝေက္ခဏာ၌ ဣတိ ကျေသတည်း။ ပဝတ္တဟူသည် သံသရာဝဋ်တည်း။ နိမိတ္တဟူသည် သင်္ခါရနိမိတ်အာရုံတည်း။ အန္တရေ၊ ငါးခုအတွင်း စသည်တို့၏ အကြား၌။ ခဏ္ဍံ ဇကံ တိဏံ ပဉ္စ စသည်ဖြင့် နှစ်ခု, လေးခု စသည် ကျိုးပေါက် မပါသည်ကို။ နှ ဒဿေတဗ္ဗံ၊ မပြအပ် မထင်စေအောင်။

ဒန္တဂဏနာယ၊ နေးနှေးရေတွက်ခြင်းဖြင့်။ ဓညမာပက ဂဏနာယ၊ စပါး ခြင်သော သူတို့၏ ရေတွက်ခြင်းဖြင့် (ဝါ) ကညည်းတို့၏ ရေတွက် ခြင်းဖြင့်။ (ဓညမာပက ဂဏနာယဖြင့် ဒန္တဂဏနာယကို ဆင့်၍ ဖွင့်သတည်း။)

နာဠိံ၊ ကွမ်းစားခွက်ကို။ ပတ္တော တု နာဠိ နာရိယံ။ (အဘိဓာန်စတုဗ္ဗဏ္ဏဝဂ် ၈၄–ဂါထာ) ဩကိရတိ၊ လောင်း၏။

ဥပမာ စကား၌ ကိဉ္စိ ကစဝရံ ဒိသွာ တံ ဆဒ္ဒေန္တော ဖြင့် နှေးနှေးရေတွက်ခြင်း၏ အကြောင်းကို ပြသတည်း။ ဥပမေယျစကား၌ "အသာဿ ပဿာသေသု ယော ဥပဋ္ဌာတိ တံ ဂဟေတွာ" ဖြင့် နှေးနှေး ရေတွက်ခြင်း၏ အကြောင်းကို ပြသတည်း။ (ဒသဒသာတိ-၌ ဣတိ-ကို ဂဏေတဗ္ဗံမှာ စပ်။) ပဝတ္တမာနံ ပဝတ္တမာနံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော အဿာသပဿာသတို့တွင် တစ်ခုခုကို။

ဤဒန္ဓဂဏနာမှာ သီဃဂဏနာ၌ ကဲ့သို့ "အန္တော စ ဗဟိ စ အဂဟေတွာ" ဟု မိန့်ဆိုတော်မမူသောကြောင့် ဝင်သက်ဖြစ်အံ့ နှာခေါင်းမှ စ၍ ချက်တိုင်အောင် ဝင်သော ဝင်သက်, ထွက်သက် ဖြစ်အံ့ ချက်မှစ၍ နှာခေါင်းဝတိုင်အောင် ထွက်သော ထွက်သက်ကို ယူ၍ ရေတွက်ရမည်ကို ဋီကာဉာဏ်ဖက်၍ အချက်ကျစွာ သိအပ်ရာ၏။

"ပုရိမနယေန ဂဏယတော"သည် သီဃံ သီဃံ ပုနပ္ပုနံ သဉ္စရန္တိ"၏ သမ္ဗန္ဓဒါန်လည်း ဟုတ်၏။ အကြောင်းလည်း ဟုတ်၏။ ပုရိမနယေန အရသည် "ပုရိမနယေနာတိ သီဃဂဏနာယ ဂေါပါလကဂဏနာယာတိ အတ္ထော" ဟု ဝိသုဒ္ဓိမဂ်ဋီကာ, သာရတ္ထဒီပနီဋီကာ (၂။၂၁၁) နှစ်စောင်လာရှိသည့် အတိုင်း ဒန္ဓဂဏနာ၌ကဲ့သို့ အတွင်း, အပ အဿာသပဿာသတို့ကို ယူ၍ "ဧကော။ ပ။ ဒသ" ဟု လျင်စွာ လျင်စွာ တွက်သောနည်းတည်း။ ထို့ကြောင့် ဤပစ္ဆိမနည်း၌ "အန္တော စ ဗဟိ စ အဂဟေတွာ" ဟု မိန့်အပ်သတည်း။ ဤသို့ဖြစ်သော် ပုရိမသီဃဂဏနာနှင့် ဒန္ဓဂဏနာ မထူးရာဟူမူ။ ပုရိမသီဃဂဏနာကား ဒန္ဓဂဏနာထက်လျင်မြန်သတည်း။ ဒန္ဓဂဏနာကား ပုရိမသီဃဂဏနာ လောက် မမြန်ဟုဖြေလေ။ ရေတွက်ရပုံမှာ အတွင်းအပ အဿာသပဿာသတို့ကို ယူ၍ ရေတွက်ရသည် ချည်းတည်း။ ဒုတိယသီဃဂဏနာကား "ဒွါရပတ္တံ ဒွါရပတ္တံ ယေဝ"ဟု မိန့်အပ်သောကြောင့် နှာခေါင်းဝ-သို့ ရောက်လာသော အဿာသပဿာသတို့ကိုသာယူ၍ ရေတွက်ရသတည်း။

အထာနေန-စသောနည်းသည် ပထမသီဃဂဏနာနည်းတည်း။ ဝေမိမဿာပိ အစရှိသောနည်းသည် ဒုတိယသီဃဂဏနာနည်းတည်း။ ဥပမာမှာလည်း ဆေကော ဟိ စ ... ဒုတိယသီဃဂဏနာတည်း။ ...တည်းကား ဒုတိယ သီဃဂဏနာပင်တည်း၊ ဤသို့ ဥပမာ ဥပမေယျနှစ်ပါးစုံ၌ပင် သီဃဂဏနာသည်

နှစ်မျိုးရှိသောကြောင့် ရှေးသီဃဂဏာနာ ရှိရကား "ပုရိမနယေနာတိ ဒန္တဂဏာနာယ" ဟူသော ဝိမတိ ဝိနောဒနီ(၁၊ ၂၁၆)စကားမသင့်။ နွားကျောင်းသားသည် နွားတို့ကို ခြံမှ တစ်ကောင်စီ မနှေးမမြန် ထွက်စအခါ "ဧကော, ဒွေဟု မနှေးမမြန်ရေတွက်ရသတည်း။ ထို့နောက် မြန်မြန်ထွက်သောအခါ လျင်မြန်စွာ ရေတွက်ရသတည်း။ ဤကဲ့သို့ပင် ပုရိမဂဏာနာမှာ ဒန္တဂဏာနာ၌ကဲ့သို့ အတွင်းအပ အဿာသ ပဿာသတို့ကိုယူ၍ "ဧကော။ ပ။ ဒသ" ဟု မနှေးမမြန်ရေတွက်ရသတည်း။ သို့ရေတွက်ရသည်ကို တိုက်ရိုက်မလာသော်လည်း ဥပမာစကားကို ထောက်သဖြင့်လည်းကောင်း ပုရိမနယေန ဂဏယတောဟူသော အဋ္ဌကထာစကားရပ်ကို ထောက်သဖြင့်လည်းကောင်း သိအပ်၏။။အန္တော အရကို ချက်တိုင်အောင်ယူ။ ဗဟိအရကို နှာခေါင်းဝတိုင်အောင်ယူ။ ဝင်သက်ထွက်သက် အစဉ်အတိုင်း အန္တော ဗဟိမှတ်၊

ဒွါရပတ္တံ ဒွါရပတ္တံယေဝ၊ နှာခေါင်းဝသို့ရောက်လာ, နှာခေါင်းဝသို့ရောက်လာသော ထွက်သက်ဝင်သက်ကိုသာလျှင်။ ။အဗ္ဘန္တရံ၊ အတွင်းအရပ်သည်။ ဝါတဗ္ဘာဟတံ ဝိယ စ၊ လေပြင်းခပ်သကဲ့သို့လည်းကောင်း၊ မေဒပူရိတံ ဝိယ စ၊ အဆီဖြင့်ပြည့်သကဲ့သို့လည်းကောင်း။ ဟောတိ၊ ၏။ မေဒပူရိတံ ဝိယ၌ စ-သဒ္ဒါ ကျေသတည်း။ သာရတ္ထဒီပနီကို ထောက်သတည်း။

အဘယ့်ကြောင့် အနုဗန္ဓနာဖြင့် နှလုံးသွင်းသော ယောဂီရဟန်းသည် ဖုသနာဌပနာ၏ အစွမ်းအားဖြင့် နှလုံးသွင်းအပ်သနည်း။ ဖုသနာဌပနာသည် အနုဗန္ဓနာနှင့် မတူ၊ မနသိကာရဝိဓိ အသီးအခြားမဟုတ်ပါလောဟု စောဒနာရန်ရှိသောကြောင့် ဂဏာနာနုဗန္ဓနာဝသေန ဂိယာ ဟိ-စသည်ကို မိန့်သတည်း။

ဟိ ယသ္မာ ဂဏာနာနုဗန္ဓနဝသေန ဝိသုံ မနသိကာရော အတ္ထိ ဝိယ ဖုသနာဝသေန စ ဌပနာဝသေန စ[၁]၊ ဝိသုံ မနသိကာရော နတ္ထိ၊ တသ္မာ အနုဗန္ဓနာယ မနသိကရောန္တောန ဖုသနာဝသေန စ ဌပနာဝသေန စ မနသိကာတဗ္ဗံ။ သာရတ္ထဒီပနီ၌– ဂဏာနာယ စ၊ နှင့်လည်းကောင်း။ အနုဗန္ဓနာယ စ၊ နှင့်လည်းကောင်း။ ဝိနာ၊ ၍။ ဖုသနာယ၊ နှင့်။ ဝိနာ၊ ၍။ ဌပနာယ၊ ဖြင့်။ မနသိကာရော၊ သည်။ နတ္ထိ ဝိယ၊ ကဲ့သို့။ ဖုသနာယ၊ နှင့်။ ဝိနာ၊ ၍။ ဂဏာနာယပိ၊ ဖြင့်လည်း။ မနသိကာရော၊ သည်။ နတ္ထိယေဝ နနု၊ ရှိသည်သာ မဟုတ်လော။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ ဣတိ၊ ကျေ။

---

[၁]။ ဖုသနာ ဌပနာဝသေန ဟု ဆဋ္ဌမူ၌ ရှိ၏။

ဂဟေတဗ္ဗာ ယထာ၊ ဧဝံ တထာ အနုပဗ္ဗနာဉပနာယ မူလဘာဝတော ပဓာနဘာဝေန ဂဟေတဗ္ဗာ၊ တာယ အနုပဗ္ဗနာယ ဝိနာ။ နာနန္တရိက ဘာဝေ ဂဏနာ အနုပဗ္ဗနာနှင့်အခြားမရှိသည်၏ အဖြစ်သည်။

ဣတရာသံ၊ ဤဂဏနာအနုပဗ္ဗနာမှ တစ်ပါးကုန်သော ဖုသနာဉပနာ တို့၏။ တဒဘာဝံ၊ ထိုမူလမဟုတ်သည်၏ အဖြစ်ကို။ ။တာ ဖုသနာဌပနာ ဖုသနာ ဉပနာဝသေန။ ။ဝိသုံ မနသိကာရော နတ္ထိတိ ဣမိနာစသော ဝိမတိ ဝိနောဒနီ စကားအဆိုကောက်သတည်း။ သာရတ္ထဒီပနီနည်း ဖြောင့်သတည်း။

ပဂုံဌဒေါဝါရိကောပမာဟိ စ ပင္ရိသမ္ဘိဒါယံ ဝုတ္တ ကကစောပမာယ စ ။ ပဂုံဋ္ဌော၊ အဖ ဆွံ့သည်။ အတ္တနော ဘရိယာယ ပုတ္တဿ စ၊ (သာရတ္ထဒီပနီ ၂။ ၂၁၃ ထောက်)။ ကိဋ္ဌတံ (ကိဋ္ဌန္တာနံ)။ ။ဥဘော ကောဋိယော စ မဇ္ဈဉ္စ ဥပနိဗန္ဓနတ္ထမ္ဘမူလေ၊ ဧယဉ်ပခက်ကို ဖွဲ့ချိရာဖြစ်သော သည်ငုံငင်နှင့်တူသော နှာခေါင်းဖျား ခံတွင်းဝနိမိတ် အနီးအပါး၌။ တတ္ထေဝနိမိတ္တေ၊ ထိုနှာခေါင်းဖျား ခံတွင်းဝ နိမိတ်၌သာလျှင်။

သတိယာ နိသိန္နောတိ သတိဝသေ န နိသီဒန္တော။ သတိ ဟိ တတ္ထာတိ အာဒိနာ ဌာနေ ဝိယ ဝတ္တဗ္ဗံ။ ဝိသုဒ္ဓိမဂ္ဂဋီကာအတိုင်း ရေးသားသော သာရတ္ထဒီပနီဋီကာ (၂။ ၂၁၄) စကားဖြင့် သတ်ကို သတိဝသေန ။ပ။ ဌတ္ဝာ”ဟု အဋ္ဌကထာ ရှေးက မိန့်ခဲ့သည့်အတိုင်း “သတိဝသေန တတ္ထေဝ နိမိတ္တေ နိသိန္နော”ဟု ရှေ့နောက် ညီညွတ်အောင် ရေးသင့်သည်ကို ပြသတည်း။

ဟိ ယသ္မာ အာနာပါနဿတိ ကမ္မဋ္ဌာနတော အညာနိ ကမ္မဋ္ဌာနာနိ ဥပရူပရိ ဝိဘူတာနိ ဟောန္တိ ယထာ။ တထာ အာနာပါနဿတိ ကမ္မဋ္ဌာနံ ဥပရူပရိဝိဘူတံ န ဟောတိ၊ ဣဒံ အာနာပါနဿတိကမ္မဋ္ဌာနံ။ပ။ န ဥပဂစ္ဆတိ။ တသ္မာ သုခုမတာယ သုခုမတာယ နိမိတ္တာရမ္မဏံ ပဝတ္တတိ ယေဝ။

ဒေသတော၊ ပကတိ ထိရာ နှာခေါင်းဖျားအရပ်ဖြင့်။ ။အလ ပစ္စာ၊ ထို ကင်ခြင်သည်မှနောက်၌။ ဧဝံ ဤသို့။ ပဋိသဥ္စိက္ခတာ၊ ဆင်ခြင်ပြီးသော ယောဂီရဟန်းသည်။ (ပဋိစောဒေတဗ္ဗော၊ ၌စပ်)။ ။ပနတာထာပိ မန္ဒပညာ- တာယ ပဋိက္ကဟတုံ န သက္ကောသိ။ ဣတိ ပဋိစောဒေတဗ္ဗော၊ အထ ပစ္ဆာ၊ ထိုသို့အပြစ်တင်ကာ တဖန်စောဒနာသည်မှ နောက်၌။ အနေန၊ ဤရဟန်း သည်။ ပကတိဖုဋ္ဌဝသေနေဝ၊ ပကတိအဿာသပဿာသ ထိရာနှာခေါင်း ဖျားအရပ်၏ အစွမ်းအားဖြင့်သာလျှင်။ (ဣဒမဟိ—စသည် ကား ထိုစကား၏ အကြောင်းတည်း။) ဟိ ယသ္မာ၊ ကြောင့်။ ပူပေတဗ္ဗံ၊ ထားသင့်ယားထိုက်၏။

တသ္မာ၊ ကြောင့်။ ပဝတ္တေတဗ္ဗော၊ ၏။ (ဥလ္လမမေဝတိ – စသည်ကား ပဋ္ဌပေတဗ္ဗံ ၏ ဒဋ္ဌီတည်း။)

ဟိသစ္စံ၊ မှန်၏။ ဥလ္လမမေဝ အတ္တဝသံ၊ ဤအကျိုး၏ အကြောင်းကိုသာလျှင်။ ဥလ္လမမေဝါတိ ဥလ္လမံ ဧဝ အနုပဋ္ဌဟန္တသာ ကာယသခ်ါရသာ ကဏ္ဍကုဋ္ဌာပန-ညာဏယန ဥပဋ္ဌာပန ဝိဓိမေဝ ဟူသော သာရတ္ထဒီပနီ (၂၊၂၁၇)စကား၌ ဆူးကို ဆူးနှင့်ထွင်ရသကဲ့သို့ စူးသောဆူးနှင့် မထင်ရှားသည့်၏ အဖြစ်ဖြင့်တူသော မထင်ရှားသော အဿာသပဿာသကို အဿာသပဿာသထင်ရာ နှာခေါင်းဖျားနှင့် မှတ်ရ၍ ထင်သောအဿာသပဿာသနှင့် ရှာဖွေကြံရာကား ကဏ္ဍ-ကုဋ္ဌာပနညာဏေန ဟူသတည်း။ ကဏ္ဍာပိ ဟိ–စသည်ဖြင့် မနသိကာရေ ပဝတ္တေ တဗ္ဗောကို ချဲ့သတည်း။ ခုနစ်ကြောင်းခန့်မှာ တေန ဘိက္ခုနာ န တေ အဿာသ-ပဿာသာစသည်ကို လိုရင်းကောက် (ဝိ၊ဋ္ဌ၊၂၊၂၀) ဗလဝတိ သတိ စ ပညာ စ ဣစ္ဆိတဗ္ဗာသည် ထို ဘေန ဘိက္ခုနာ န တေ အဿာသပဿာသာ စသည်၏ အကြောင်းတည်း။ တာဟိ စ ပန စသည်ကား ဟိတ်ကူတည်း။ ယထာဟိစသည် ကား ဣစ္ဆိတဗ္ဗာ အဆုံးရှိသောစကား၏ တပ္ပါကဋ္ဌိကရဏတည်း။ နောက်ယထာ ပန–စသည်သည် တာ ဟိ စ ပန စသည်၏ တပ္ပါကဋ္ဌိကရဏတည်း။ ဧဝံ ဟိ စသည်သည် ဖလဝါကျတည်း။

တတော၊ ထိုသို့ထင်သည်မှ။ ပရံ၊ ၌။ ဥပဋ္ဌဟန္တိ၊ အရ အဿာသပဿာသ တို့ကား ပဋ္ဌိဘာဂနိမိတ်မဟုတ်။ ပရိကမ္မနိမိတ်သာတည်း။ ထို့ကြောင့် တတော–စသောဝါကျဖြင့် ပရိကမ္မနိမိတ်ဖြစ်သည်မှ နောက်၌ကျင့်ရာသော အစီအရင်ကို ပြသတည်း။

တသ္မိံ ယေဝ ဌာနေ။ ထိုနှာခေါင်းဝအရပ်၌သာလျှင်။ အဿာသပဿာသော၊ တို့ကို။ ယောဇေတဗ္ဗာ၊ ၍။ ပန၊ ဝါဒတပါးကို ဆိုဦးအံ့။ အယံ၊ ဤဆိုအပ်လတ္တံ သော အဆုံးအဖြတ်သည်။ အဋ္ဌကထာ ဂ်ိနိစ္ဆယော၊ မဟာအဋ္ဌကထာလာ အဆုံးအဖြတ်တည်း။ ။ပဗ္ဗတေယျာ၊ ပောင်ထိပ်မှ စီးဆင်းသော။ ဝေါသာနံ၊ ကမ္မဋ္ဌာန်းမှ စိတ်ဆုတ်နစ်ခြင်းသို့။ နိရာသော၊ ကမ္မဋ္ဌာန်း၌ အာသာကင်းသည် ဖြစ်၍။ ဝိသီဒေယျ၊ ပင်ပန်းရာ၏။

သီဒ ဝိသာရဏာ ဂတျာဝသာနေသု—ဟု ဓာတုပါလာ၌ မိန့်အပ်သော အနက် တို့ကို သီဒဓာတ်မဟော၊ အဘိဓာန်ဒီပိုယဝဂ်လာ ဝိ–သဒ္ဒါ၏အနက် တဆယ့် ကိုးပါးတို့တွင် ဝိ ဥပသာရုပုဒ်သည် ခေဒ အနက်ကိုထွန်းပြ၍ သီဒဓာတ်၏အနက် ကို ဖြစ်သောကြောင့် သီဒဓာတ်သည် ခေဒအနက်ကို ဟောသတည်း။ သာရတ္ထ-ဒီပနီ၌ ဝိသီဒေယျကို ဝိလာဒံအာပဇ္ဇေယျဟုဖွင့်သည်ကား အဓိပ္ပါယ်ဖွင့်တည်း။

"ဝိသာဒံ၊ ပင်ပန်းခြင်းသို့" ဟု အနက်ပေး၊ ဝိသာဒပုဒ်၌ သိ-အစိတ် ဣ-ကို အာ-ပြုသတည်း။ ပသာဒေါပုဒ်၌ကဲ့သို့မှတ်။ ပသာဒပုဒ် သီဒဓာတ်ဖြင့် ပြီးသည်ကို သီဒဝိသာရဏ ဂတျာဝသာနေသု။ သီဒတိ။ ပ။ နိသီဒန္တိ။ ပသီဒန္တိ၊ ဝိပ္ပသီဒန္တိ၊ နိသီဒတိ။ ပသာဒေါ။ ဟူသောဓာတုမာလာ (နိတိဓာတု၊ ၉၅။) ထောက်၍ သိသာတည်း။ ကိလေသာ တို့တည်။ သန္နိသိန္နာ၀၊ ကောင်းစွာနေကုန်သည်သာ။ ဟောန္တိ၊ ၏။ သံ-သည် သမ္မာ အနက်ဟော။

ဒ္ဒိဟိ အာကာရေဟိ၊ နှစ်ပါးကုန်သော အကြောင်းတို့ကြောင့်။ နှစ်ပါးကုန်သော အကြောင်းတို့ဟူသည် နိဝရဏတို့ကို ပယ်သဖြင့် ဈာန်တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတို့မှ ဝေးသည်၏ အဖြစ်, ဈာန်အင်္ဂါ ထင်ရှားဖြစ်သည်၏ အဖြစ်ဖြင့် ဈာန်တို့၏ မြဲမြံသည်၏အဖြစ်။ ဤ နှစ်ပါးကုန်သော အကြောင်းတို့တည်း။ ဤသို့ အဋ္ဌကထာ ဋီကာစပ်၍မှတ်။

ဉပစာရဘူမိယံ အရ ဌာနဘုံမဟုတ်၊ အဝတ္ထာဘုံတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ (၂၊၂၂၀)၌ "ဉပစာရဘူမိယန္တိ ဥပစာရဝတ္ထာယံဟု" မိန့်အပ်၏။ ပဋိလာဘဘူမိယံ၌လည်း ထို့အတူပင်တည်း။ ဧတ္ထ အာနာပါနသတိကမ္မဋ္ဌာနေဇဝ ပတ္တစတုတ္ထဇ္ဈာနော ဘိက္ခု သလ္လက္ခဏာ ဝိဝဋ္ဋနာဝသေန ကမ္မဋ္ဌာနံ ဝဍ္ဎေတွာ ပါရိသုဒ္ဓိံ ပတ္တုကာမော-ဇဋ္ဌကထာ စကားဲ၌ သလ္လက္ခဏာဝသေန ဝိဝဋ္ဋနာဝသေန ဟု ပုဒ်ကိုစွဲ။ သလ္လက္ခဏာကား ဝိပဿနာ၊ ဝိဝဋ္ဋနာကား မဂ်၊ သလ္လက္ခဏာဝသေနကို ဝဍ္ဎေတွာ, ပတ္တုကာမော ကြိယာနှစ်ခု၌စပ်။ ဝိဝဋ္ဋနာဝသေနကို ပတ္တုကာမော မှာသာစပ်။ ဝိဝဋ္ဋနာနှင့် ကမ္မဋ္ဌာနဝဍ္ဎန မဆိုင်။ ပါရိသုဒ္ဓိ အရ ဖိုလ်တည်း။ ပတ္တုကာမော အရ သာရတ္ထဒီပနီ၌ နှစ်ချက်ဖွင့်ရာတွင် သလ္လက္ခဏာဝသေန သမာပဇ္ဇိတုကာမော၌ သလ္လက္ခဏာအရ အာဝဇ္ဇနဝသီဘော် ဖြစ်သော အာဝဇ္ဇန်းတည်း။ သလ္လက္ခဏာသဒ္ဒါ မှတ်သားဆင်ခြင်ခြင်း အနက် ဟောတည်း။

တေသံ ဈာနင်္ဂါနံ နိဿာယံ တံ နိဿယာနိ၊ တာသာ ဟဒယဝတ္ထုနော နိဿယာနိ တေသံ ဘူတာနံ နိဿယံ။ ။ယထာ ပရိဂ္ဂဟိတ ရူပါရမ္မဏံ ဝါ၊ အကြောင်းအကြောင်းသိမ်းဆည်းအပ်ပြီးသော ဟဒယဝတ္ထု မဟာဘုတ် ဥပါဒါရုပ်လျှင် အာရုံရှိသည်လည်းဖြစ်သော။ ယထာ ပရိဂ္ဂဟိတ ရူပဟဒယုဒ္ဓါရမ္မဏံ ဝါ၊ အကြောင်း အကြောင်း သိမ်းဆည်းအပ်ပြီးသော ဝေဒနာစသော ရုပ်,နာမ်ဟဒယဝတ္ထု စက္ခု

စသော ဒွါရလျှင် အာရုံရှိသည်လည်းဖြစ်သော။(ဝိမတိဝိနောဒနိကို မှီးသတည်း) အဋ္ဌကထာမှာ ပဌမစကားကို "ကေသံ နိဿာယ ဟဒယဝတ္ထု" စသည်နှင့်အညီ ဆိုသတည်း။ ဒုတိယစကားကို "သမာပတ္တိတော" စသည်နှင့်အညီ ဆိုသတည်း။ ဝဇီရဗုဒ္ဓိဋီကာ အဆိုကောက်သတည်း။

ကမ္မာရဂဂ္ဂရိယာ၊ ပန်းပဲသည်တို့၏ သားရေအိတ်ဟု ဆိုအပ်သော ယွတ်တိတည်း။ ဘသတ္ထ၊ သားရေအိတ်ကိုလည်းကောင်း။ တဇ္ဇံ၊ ထိုသားရေအိတ်အား လျော်ပတ်သော။ ဝါယာမဥ္စ၊ ကိုလည်းကောင်း။ အယာသာ ပယာသာ တိ ပယာတိ၊ တံ ပစ္စယံ ဒိသွာ။

ဧတ္ထ အဝသေသေသု ပဒေသု ဝိသေသမတ္တံ ဧတ္ထ ဒုတိယစတုက္ကေ ဝိပဿနာ ဘူမိဒဿနတ္ထံ၊ သော နိရောဓော။ ဧတ္ထ ဒုတိယစတုက္ကေ၊ သော နိရောဓော။ ဧတ္ထ ပီတိပဋိသံဝေဒီ စတုက္ကေ ၌။ တစ်နည်းကား။ ဧတ္ထ၊ ဒုတိယစတုက္က၌။ အပိစ၊ ဝိသေသော မယာ ဝုစ္စတေ။

တတ္ထ တသ္မိံ အဘိပ္ပမောဒယံ စိတ္တန္တိ ဝဠနေ။ သမာဒဟံ စိတ္တံ အဖွင့်၌ ရှေးနည်းသည် သမထနည်းတည်း။ နောက်နည်းသည် ဝိပဿနာနည်းတည်း။ တာနိ ဝါ ပန၌ ပနကား အနက်မရှိ၊ ဝဇနာလင်္ကာရတည်း။(ဝါ) တနည်းကား။ တဒုဘယဒဿနဝသေန၊ ထိုနှစ်ပါးစုံသော ခယဝိရာဂ ၊ အစ္စန္တဝိရာဂ တို့ကို မြင်သည်၏ အစွမ်းအားဖြင့် (ဝိပဿနာသည် ခယဝိရာဂကို မြင်သတည်း။ မဂ်သည် အစ္စန္တဝိရာဂကို မြင်သတည်း။)

ဥဒယဗ္ဗယံ၊ နှစ်ပါးစုံသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်သည်လည်း။ ပုရိမ ပုရိမ ဉာဏာနံ၊ ရှေးရှေး၌ ဖြစ်ကုန်သော ဝိပဿနာဉာဏ်, ဂေါတြဘူဉာဏ်တို့၏။ အနု အနု ပဿနာပဿနာ၊ နောက်၌နောက်၌။ ပဿနတော၊ သင်္ခါရနှင့် နိဗ္ဗာန်ကို ရှုတတ်မြင်တတ်သည်၏ အဖြစ်ကြောင့်။ ဝိပဿနာဉာဏ်သည် ရှေးရှေး ဝိပဿနာဉာဏ်၏ နောက်၌ သင်္ခါရကို ရှုမြင်သတည်း။ မဂ်ဉာဏ်သည် ဂေါတြဘူဉာဏ်၏ နောက်၌ နိဗ္ဗာန်ကို ရှုမြင်သတည်း။

တတိယပါရာဇိက ပဒဘာဇနီယာ၊ တတိယပါရာဇိက အာပတ်ကို ပညတ်တော်မူခြင်းငှာ။ ဘိက္ခုနံ၊ ရဟန်းတို့၏။ အညမညံ၊ အချင်းချင်း။ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပနံ၊ ချခြင်းတည်းဟူသော။ ယံ တံ နိဒါနဥ္စ၊ အကြောင်း အကြောင်းသည် လည်းကောင်း။ ယံ တံ ပကရဏဥ္စ၊ အဖြစ်အပျက်သည်လည်းကောင်း။ ဥပ္ပန္နံ၊ ဖြစ်၏။ ။ပဋ္ဌိပုဗ္ဗိတဉ္စာ ဝိဂရဟိတ္ဘာ။ တတ္ထ၊ ထိုမိမိကိုယ်ကို မိမိဇီဝိတိန္ဒြေမှ ချခြင်း, အချင်းချင်း ဇီဝိတိန္ဒြေမှချခြင်း, မိဂလဏ္ဍိကကို ဇီဝိတိန္ဒြေမှ ချစေခြင်း သုံးပါးတို့တွင်။ ဧတ္ထ တတိယပါရာဇိကဌာနေ။

ယသ္မာ၊ ကြောင့်။ တယာ၊ သင်ဒါယကာသူတော်ကောင်းသည်။ ကလျာဏံ ကောင်းမှုကုသိုလ်ကို။ သုစိကမ္မံ၊ စင်ကြယ်သောကံကို။ ကတံ၊ ပြုအပ်ပြီး။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ၊ သင်ဒါယကာသူတော်ကောင်းသည်။ ခေါ၊ စင်စစ်။ ကတ ကလျာဏော၊ ပြုအပ်ပြီးသော ကောင်းမှုကုသိုလ်ရှိသည်။ အသိ၊ ဖြစ်၏။ ကိဗ္ဗိသံ၊ မကောင်းမှုကို။ သာဟသိကံကမ္မံ၊ အဆောတလျင် သတ်ဖြတ်ခြင်းအမှုကို။ လောဘာဒိကိလေသုဿဒံ၊ လောဘစသော ကိလေသာ ထူပြောသည်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ဣဒံ ဝစနံ၊ ဤအကတပါပေါစသော စကားကို။ အဝေါစ်၊ ငါတို့ဆဗ္ဗဂ္ဂိ ရဟန်းတို့သည်။ ဝုစ္စတိ၊ ဆိုအပ်သနည်း။

ယသ္မာ စသော စကားဖြင့် ပါဠိတော်မှာ ကတံ ဇယာ-စသောစကား၏ အကတပါပေါ-စသော စကားကို ဆိုခြင်း၏ အကြောင်းစကားဖြစ်သတည်းဟု ပြတော်မူသတည်း။

ကလက်တော၊ ပြုအပ်သော သေရာကာလရှိသည်။ (ဝါ) ပြုအပ်သော သေခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကာမဂုဏောဟိ-၌ ကာမ သဒ္ဒါ ဝတ္ထုကာမဟော ဟူ၍လည်းကောင်း, ဂုဏသဒ္ဒါ ရာသိဟောဟူ၍လည်းကောင်း ပြတော်မူခြင်းငှာ ပဉ္စဟိ-စသည်ကို မိန့်တော်မူသတည်း။

ယာနိ စသည်ဖြင့် အဟိတာနိ အဝုဓိကမှုနိ၏ အကြောင်းကို ပြသတည်း။ ယာနိ ဘောဇနာဒီနိ။ ဥဿုက္ကဝစနံ၊ နောက်ဖြစ်သော ဝေါရောပေယ ကြိယာကို အားထုတ်ကြောင်း, ကြိယာကို ဆိုကြောင်းစကားတည်း။ ။ပကပ္ပေတွာ၊ ကြံစီ ပိုင်းခြား၍။ အယံ၊ ဤစိတ်တိက္ကမသည်။ သဉ္စိစ္စသဒ္ဒဿ၊ ၏။ သိခါပတ္တော၊ အထွတ်အထိပ်သို့ ရောက်သော။ အတ္တော၊ တည်း။

သတ္တဟာရကဲ၀ါ' ဿပရိယေသေယျ၌ ပရိယေသေယျ သဒ္ဒါသည် ရှာမှီး ခြင်းအနက်ထက် လွန်၍ ရှာမှီး၍လည်းခြင်း သိခါပတ္တအနက်ကို ဟောသကဲ့သို့ သဉ္စိစ္စသဒ္ဒါသည် ကောင်းစွာ စေ့ဆော်၍ လွန်ကျူးခြင်း သိခါပတ္တအနက်ကို ဟောသည်ဟူလိုသတည်း။

သာရတ္ထဒီပနီ (၂၊၂၅၁)၌ "အပရိယေသိတဝီတိက္ကမမှိ၊ မဆုံးသေးသော လွန်ကျူးခြင်းဖြစ်သော။ အဝသာနံ၊ သဉ္စိစ္စသဒ္ဒါ၏ အဆုံးဖြစ်သော အနက် အထွတ်အထိပ်ဖြစ်သော အနက်ဟု ဆိုအပ်သော သိခါပတ္တအနက်သို့"ဟု အနက်ပေး။

သဗ္ဗသုနုမအတ္ထဘာဝဒဿနတ္ထံ၊ အလုံးစုံကုန်သော ဥပပါတ်, သံသေဒဇ လူတို့၏ အတ္တဘောထက် သိမ်မွေ့ သေးဖွဲ့သော အတ္တဘောတို့ကို ပြခြင်း အကျိုးငှါ။ ။ပဌမံ၊ သော၊ တညွှစိတ္တံ၊ ယိုပဋိသန္ဓေစိတ်လည်းကောင်း။ တံ သမ္ဘယုတ္တာ၊ ကုန်သော။ တယော၊ ကုန်သော။ အရူပက္ခန္ဓာ စ၊ တို့လည်း ကောင်း။ တေန၊ ထိုပဋိသန္ဓေစိတ်နှင့်။ သဟ၊ တကွ။ နိဗ္ဗတ္တံ၊ သော။ကလလ- ရူပဥ္စ၊ လည်းကောင်း။ ဣတိအယံ မနုဿဝိဂ္ဂဟော၊ သည်။ သဗ္ဗပဌမော၊ သော။ မနုဿဝိဂ္ဂဟော၊ မည်၏။ တတ္ထ၊ ထိုမနုဿဝိဂ္ဂဟာတွင်။ ဇာတိဥဏ္ဏာယ၊ ထိုနေ့ ဖွားသစ်စဖြစ်သော သိုးမွေး၏။ (ကေစိဝါဒ–ဇာတိသဒ္ဒါသည် ဖွား မြင်ခြင်း ပသုတိအနက်ဟော။) (ဝါ) ဇာတ်နှင့်ပြည့်စုံသော သိုးမွေး၏ (အပရေဝါဒ–ဇာတိသဒ္ဒါသည် ကုလအနက်ဟော။) (ဝါ) ကိုယ်ဝန်ကိုခွဲ၍ ယူအပ်သောသိုးမွေး၏ (အညေဝါဒ–ဇာတိသဒ္ဒါ ကိုယ်ဝန်ဟော)။

နိကာယေ သန္တိသာမည-ပသုတိသု ကုလေ ဘဝေ။ ဝိသေသျေ သုမနာယဥ္စ၊ ဇာတိ သခ်တလက္ခဏော။ (အဘိဓာန် အနေကတ္ထဝဂ် –၇၉၂–ဂါထာ)

တိလတေလဿ၊ နှမ်းဆီ၏။ အနာဝိလံ၊ မနောက်သော။ ဗိန္ဒုယထာ၊ အစက် အပြောက်ကဲ့သို့လည်းကောင်း။ အနာဝိလော၊ သော။ သပ္ပိမဏ္ဍော ယထာ၊ ထောပတ်အကြည်ကဲ့သို့လည်းကောင်း။ တထာ၊ ထိုအတူ။ ဧဝံဝဏ္ဏပ္ပဋိဘာဂံ၊ ဤသို့ဆိုအပ်ပြီးသော နှမ်း ဆီပေါက်, ထောပတ်အကြည် အတိုင်းအရှည်သဏ္ဌာန် ဖြင့် ခွဲဝေပိုင်းခြားအပ်သောရုပ်ကို။

ဝဏ္ဏသဒ္ဒါသဏ္ဌာန်ဟော။ ပဋိဘာဂသဒ္ဒါ ခွဲဝေပိုင်းခြားအပ်သော အနက် ဟော။ "ပဋိပဋိတဗ္ဗံ ဝိဘဇိတဗ္ဗန္တိ ပဋိဘာဂံ ဧဝံ ဝဏ္ဏေန ပဋိဘာဂံ ဧဝံဝဏ္ဏ- ပဋိဘာဂံ" ဟု ဝစနတ္ထပြု။

တစ်နည်းကား။ ။ဧဝံ ဝဏ္ဏပဋိဘာဂံ၊ ဤသို့သော အဆင်းသဏ္ဌာန်ရှိသော ရုပ်ကို။ ဝဏ္ဏသဒ္ဒါ အဆင်းဟော။ ပဋိဘာဂသဒ္ဒါ သဏ္ဌာန်ဟော။ "တိလတေလ ဗိန္ဒုနာ စေဝ, သပ္ပိမဏ္ဍေ စ ပဋိသဒိသတံ ဘဇတိ သေဝတီတိ ပဋိဘာဂံ" ဟု ဝစနတ္ထပြု။ ကလလရုပ်၏ သဏ္ဌာန်ရင်း။

တစ်နည်းကား–ဧဝံ ဝဏ္ဏပဋိဘာဂံ၊ ဤသို့သော အဆင်းသဏ္ဌာန်အားဖြင့် တူသည်၏အဖြစ်သို့ ရောက်ခြင်းရှိသော ရုပ်ကို။ ပဋိ-သဒ္ဒါ သဒိသအနက်ဟော၊ ဘာဂ-သဒ္ဒါ ရောက်ခြင်း အနက်ဟော။ ယာဝ ရောကာလာ တွေ့ရသော မနုဿဝိဂ္ဂဟော နာမ။ (ပါဠိတော်)။ ဧဝံ ပဋိတ္တကံ ထွေ့ အဒိဋ္ဌကတွာ

ပကတိယာ ဝီသဝဿသတာယုကဿ သတ္တဿ ယာဝ မရဏကာလာ တွေန္တရေ အနုပုဗ္ဗေန ဝုဍ္ဎိပ္ပတ္တော အတ္တဘာဝေါ ဧသော မနုဿဝိဂ္ဂဟော နာမ။ ( အဋ္ဌကထာ )။ ကလလ ရေကြည် တည်စမှစ၍ သေသည်တိုင်အောင် မရဏာသန္နဝီထိ ကျသည်တိုင်အောင် ဤအတွင်း၌ ကြီးပွားသော အတ္တဘော သည် မနုဿဝိဂ္ဂဟမည်၏ ဟူလိုသတည်း။ ထို့ကြောင့် တစ်ယောက်သော သူသည် နံနက်တစ်ချက်တီးအခါက သတ်၍ သုံးချက်တီးအခါမှာ သေလတ္တံ့ သောသူကို တစ်ယောက်သောသူသည် နှစ်ချက်တီးအခါ ထပ်၍ တစ်ချက် တည်း လည်ဂုတ်ကိုဖြတ်သဖြင့် ထပ်၍သတ်အံ့၊ ရှေးဦးစွာ သတ်သူ မှာ ပါရာဇိကာပတ်ကို မထိုက်၊ ကြီးပွားသော အတ္တဘောကို သတ်သော ကြောင့် နောက်သတ်သူမှာသာ ပါရာဇိကာပတ်ကို ထိုက်သတည်း။ ထို့ကြောင့် ဝိနိတဝတ္ထုကထာ ပဌမဝတ္ထုအဖွင့် အဋ္ဌကထာ (ဝိ။ ဌ၊ ၂။ ၆၁။)၌ "သစေ ဟိ တဿ သံဝဏ္ဏနံ သုတွာ အာဟာရုပစ္ဆေဒါဒိနာ ဥပက္ကမေန ဧကဇဝနဝါရာ- ဝသေသေပိ အာယုသ္မိံ အန္တရာ ကာလံ ကရောတိ၊ ဣမိနာဝ မာရိတော ဟောတိ"ဟု မိန့်အပ်၏။ ဤအဋ္ဌကထာစကားဖြင့် မရဏာသန္နဝီထိ မကျမီ တစ်ဝီထိခန့်ဆုတ်၍ သတ်သောသူ၏ ပယောဂကြောင့် သေမှုလည်း ဇီဝိတာ- ဝေါရောပန ဖြစ်သောကြောင့် သတ်သောသူမှာ ပါရာဇိကာပတ်ကို ထိုက်၏ဟု ပြတော်မူသတည်း။ ကင်္ခါဝိတရဏီ မူလဋီကာ သတ္တရသမဝဂ် (မူလဋီ၊ ၃။ ၁၀၆) ၌လည်း ဧတ္ထ ကိဉ္စာပိ သတိ ဇီဝိတေ ဇီဝိတာဝသေသေ ဇီဝိတာဝေါရောပေတီတို ဝစနတော အတ္တနော ဓမ္မတာယ မရန္တံ ကောဋ္ဌေန္တဿဝါ သီသံ ဝါ ဆိန္ဒန္တဿ နတ္ထိ ပါရာဇိကာပတ္တီတိ အာစရိယာ ဝဒန္တိ။ ပါဏောပါဏသညီတာ ပဓာနစိတ္တ- ဥပက္ကမ မရဏာေသု ဝိဇ္ဇမာနေသုပိ န တေန ဥပက္ကမေန မတောတိ နတ္ထိ ပါရာဇိ ပါရာဇိကာပတ္တီ အဓိပ္ပါယော။ ဝံ ပန မရန္တေန တေန ဧကစိတ္တဝါရမ္ပိ ဓမ္မတာ မရဏ- တော သြရိတော နမတောတိ ဒဋ္ဌဗ္ဗန္တိ"ဟု မိန့်အပ်၏။ မရန္တံ၊ သေခါနီးသောသူကို။ ဣတိအယံ၊ ကား။ အာစရိယာနံ၊ တို့၏။ အဓိပ္ပါယော၊ တည်း။ ဝံ ပန စသည်ဖြင့် အာစရိဝါဒကို ပယ်သတည်း။ ပန တထာပိ၊ လည်း။ ဧဝံမရန္တဿ၊ ကို။ တေန ဥပက္ကမေန၊ ထို နှုတ်ခြင်း, ဦးခေါင်းကိုဖြတ်ခြင်း လုံ့လ ပယောဂကြောင့်။ (န မတော၌ စပ်၊) ဧကစိတ္တဝါရံ၊ ပကတိသော မရဏာသန္နဝီထိမကျမီ တစ်ခုသော စိတ်အကြိမ်၌။ (န မတော-၌ပင်စပ်)

နတ္ထိ ပါရာဇိကာပတ္တီ၊ ပါရာဇိကာပတ္တိ လက္ခဏာဘာဝတောတိ အဓိပ္ပါယော၊ တမေဝလက္ခဏာဘာဝံ ဒဿေတုံ ပါဏော ပါဏသညီတာတိ အာဒိ ဝုတ္တံ။ တတ္ထ နတေနာတိ ယော ပနေန ဥပက္ကမော ကတော၊ တေန ဥက္ကမေန န မတော၊ ဓမ္မတာ မရဏေနေဝ မတောတိ ဒဋ္ဌဗ္ဗန္တိ အဓိပ္ပါယော။ ဒဋ္ဌဗ္ဗန္တိ ဝါ

ယောဲတု သုဝိညေယျံ ဝါ၊ အင်္ဂပါဠိ ပူရိယာဝ ပါဏာတိပါတော။ ။(အနု ဋီကာ၊ ၃၊၁၄၂၃။) အနုဋီကာဆရာသည် မူလဋီကာကို နှိပ်ရောင်ရေးင်နှင့် မူလ ဋီကာကို အားပေးသဖြင့် အာစရိယဝါဒကို ရေနစ်ရာမှာ ဝါးနှင့်နှိပ်သကဲ့သို့ ထပ်၍နှိပ်သတည်း။ ဤအဋ္ဌကထာ သာမံ အဓိဋ္ဌာယ- စသော မာတိကာ၏ ဝိတ္ထာရအဖွင့်(ဝိ၊ဋ္ဌ၊၂၊၄၃)၌ "အထ ဒုတိယပ္ပဟာရေန မရတိ၊ နတ္ထိ ပါဏာတိ ပါတော" စကား၌ ဒုတိယပုဒ်ခတ်ခြင်း အားကြီးသောကြောင့် သေမှု ပါဏာတိပါတကံ မမြောက်၊ အကြောင်းကား မသေစေလိုသော စိတ်ဖြင့် ပုတ်ခတ်သောကြောင့်တည်း။ သေစေလိုသောစိတ်ဖြင့် ပုတ်ခတ်မှု ဒုတိယ ပုတ်ခတ်ခြင်းဖြင့် ကံမြောက်သတည်း။ ပဌမ ဒုတိယပုတ်ခတ်ခြင်းသည် သေလောက်သောပယောဂကို ပြုသည်ချည်းဖြစ်သောကြောင့် ပယောဂ တူမျှ ခဲ့မူ ဒုတိယပုတ်ခတ်ခြင်းကို သေစေလိုသောစိတ်ဖြင့် ပြုငြားသော်လည်း တစ်ယောက်သောသူ၏ သန္တာန်မှာ ဇီဝိတိန္ဒြေတစ်ခုကို အာရုံပြု၍ ပါဏာတိပါတ ကံ နှစ်ခုမထိုက်ကောင်းရကား ပထမပုတ်ခတ်ခြင်းဖြင့်သာ ပါဏာတိပါတကံ ထိုက်သတည်း။ ဥဘယေဟိ မတေပိ(ဝိ၊ဋ္ဌ၊၂၊၄၃) စသော စကား၌ ဥဘယ၏ အရတွင် ဒုတိယပဟာရကို အညစိတ္တဖြင့် ပြုသည်ဟု ဋီကာသုံးစောင်ဖွင့်သည် ကား အညစိတ္တေန ဟူသော အဋ္ဌကထာစကားအားလျော်စွာ ဖွင့်သတည်း။

ဥပက္ကမေန ဝါ-ဟု ဝါ-ကို ရွှေ၍ယူ၌။ ဇီဝိတာ ဝိယောဇေယျာတိ အတ္ထော။ ကိဉ္စာပိ ဟောတိ။ ပန တထာပိ ယသ္မာ ဇီဝိတာ ဝေါရောပနံ နာမ။ သ္မာယံ အတ္ထော၊ ထိုဇီဝိတိန္ဒြေ၏ အစဉ်အဆက်ကို ဖြတ်၏ဟူသော အနက် ကို။ တတ္ထ ဇီဝိတာ ဝေါရောပေယျာတိ ဝစနေ။ ။တေသု အတီတာနာဂတေသု ကော် အတိတံ နိရုဒ္ဓံ၊ ကော် အနာဂတံ အနုပ္ပန္နံ။

တသ္မိံ တဒုဘယေ၊ ထိုနှစ်ပါးသော သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်၌။ ။တံ ထိုဇီဝိတိန္ဒြေကို လျင်မြန်စွာ ချခြင်းအစီအရင်ကို။ ။ဇီဝိတာဝေါရောပေယျာ တိ ကလလကာလေပိတိအာဒိနာ ဝုတ္တံ ပကာရမေဝ။ တေ စတ္တာရောပိ ပရတော ပါဠိဝဏ္ဏနာယမေဝ သာမန္တိ သယံ ဟနတီတိ အာဒိနာ ဝိတ္ထာရတော အာဝိ ဘဝိဿန္တိ။

အာတပ္ပနိုကာ၊ အာတပ္ပနဗေဒင်ကို သိကုန်သောသူတို့သည်။ အာတပ္ပနံ အာတပ္ပနဗေဒင်ဖြင့် စီရင်အပ်သော။ မန္တံ၊ ကို။ ဤတိ၊ နှိပ်စက်ခြင်းကို။ ဥပဒ္ဒဝံ၊ အလွန်နှိပ်စက်ခြင်းကို။ ရောဂံ၊အနာ သာမညကို။ ပဇ္ဇရကံ၊ ဖျားနာကို။ သုစိကံ၊ တံကျင်ကို။ ဝိသုစိကံ၊ တံကျင်နှင့်တကွ စိမ်းစိုသော ဝမ်းသွေးအံသော အနာကို။ ပက္ခန္ဒိယံ၊ သက်သက် သွေးအံသော အနာကို။

ပက္ခန္ဒတိ နိဿရတီတိ ပက္ခန္ဒိကာ။ ကုမ္ဘ ပဒဝိကြွေပေ။ "ဠက္ကိယ မတိယာဝေါ ဝါ၊" ဇတိ။ "ပက္ကမာဒီပဋိန္ဒော စေ"တိ တေ္တ ကောဒ္ဒေန တိဿ န္တိ၊ ဓာတုန္တ- လောပေါ စ၊သကတ္တေ ကော ဒ္ဒိဘ္ဘော။ယဒဒိနာ ပရ ဣကာ ရဿ ခေ၊ပက္ခန္ဒိကာ၊ (အဘိဓာန်ဋီကာ ၃၂၅ ဂါထာ)။

တ္တေဝိဇ္ဇာမယိဒ္ဒိယံ။ ဒိဋ္ဌ ဒဋ္ဌ ဖုဋ္ဌ ဝိသာနံ၊ ကြည့်ခြင်းအဆိပ်၊ခဲခြင်းအဆိပ်၊ တွေ့ခြင်း အဆိပ်ရှိ ကုန်သော။ တတြ မရဏော။ နေသံ ယက္ခာနံ၊ မရဏေ စ ဣဒ္ဒါနုဘာဝေစ အာကာသဂမနာဒိသု စ အာဏာပဝတ္တနာဒိသု စ မရဏေ စ။

ကထံ၊ အဘယ်ကြောင့်။ န သမေတိ၊ နည်း။ ဟိ ယသ္မာ ကုသလာစေဝ အဗျာကတာ စ ။ပ။ ဟိ ယသ္မာ ပါဏာတိပါတော ပရိတ္တော ဣတိ တသ္မာ န သမေတိ။

ဥပနိက္ခိပေယျာတိ အတ္တတော ဠာတရတော ပရိယေသနမတ္တတ္တေ ယော အဓိပ္ပေတော သတိ။

ပန တထာပိ၊ ဥပနိက္ခိပေယျ အနက်ဖြစ်သော်လည်း။ပါဠိယံ၊ ၌။သမ္ဗန္ဓ၊သော။ ဗျဉ္ဇနံ၊ ကို။ အနာဒိယိတွာ၊ ၍။ ဌာနေ၊ ဤသတ္တမီ ရဟိတဝါဒ ပရိယေ သေယျ ဟူသောစကား၌ ။ ဝုတ္တာဝသေသံ၊အသံ ဝါ ယသည်ဖြင့် ဟောတော်မူအပ်သည်မှ ကြွင်းကျန်သော။ ဒဿေန္တောပိ၊ ပြသည်ဖြစ်၍ လည်းကောင်း။ ဘာဏန္တောပိ၊ ဆိုသည်ဖြစ်၍သည်းကောင်း။ သာရတ္ထဒီပနီ(၂၊၂၅၈-နှာ)၌၊ ယသ္မာ။ ပ။တသ္မာ ဒ္ဒိခာ ဘိန္ဒိတွာ ပဒဘာဇနံ ဝုတ္တန္တိ၊ သော။ ဤဒိသံဝစနံ၊ သည်။ ဟေဋ္ဌာ၊ အောက်ဖြစ်သော မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ စကား၌။ ဝုတ္တဝိဘင်္ဂနယဒဿနဒဿနံ၊ ဟောသင့်ဟောထိုက်ဟော ရသောဝိဘင်းနည်း အပြားကိုပြကြောင်း ဖြစ်သော စကားတည်းဟု အနက်ပေး။

မရဏ မနော သို့ ရှေ့ပုဒ်က ဝုတ္တသဒ္ဒါလိုက်၍ ဝုတ္တ မရဏမနော ဟုယူဉ်။ဣတိ အတ္ထော ကိဥ္စာပိ ဟောတိ ပန တထာပိ။ ဣတိသဒ္ဒ ပန၌ ပနကား ပက္ခန္တရတ္ထ တည်း။ ယသ္မာ အာဟရိဘာဗ္ဗော တသ္မာစ ဇဝ် အာဟရိယမာနေ ဣတိသဒ္ဒေန မရဏဿ အာမသနတော ဣတိသဒ္ဒတ္တာ ဝုတ္တတ္တာစ ဣတိ သဒ္ဒတ္တာ ဝစနတော တာဝ အတ္တော န ဝုတ္တော။

ယသ္မာစေတ္တ၌ စသဒ္ဒါကား ဝါကျာရမ္ဘတ္တဇောတက။ တေ္တ စိတ္တသင်္ကပ္ပေါ ဘိ ဝဇနေ။ အထခေါ သံဝိဒဟနမတ္တဿေဝံ အမိဝနံ-ဖြင့် ဣပ္ပ-သဒ္ဒါ၏ ဝိမိ- အနက်၌ဖြစ်သည်ကို ပြတော်မူသတည်း။ ဝိမိသဒ္ဒါ၏အနက်ကား ပြုပြင်စီရင် ခြင်းတည်း။

ကပ္ပေါ ကာလေ ယုဂေ လေသေ၊ ပညတ္တိပရမာယုသု။
သဒိသော တီသု သမန္တ-ဝေါဟာရကပ္ပဗိန္ဒုသု။
သမန္တတ္ထေန္တရကပ္ပါ-ဒိကေ တက္ကေ ဝိဓိမှိ စ။ (အဘိဓာန် အနေကတ္ထဝဂ် ၇၉၉။ ဂါထာ)

ကပ္ပ ဝိဓိမှိ။ ဝိဓိကြိယာ။ သီဟသေယျံ ကပ္ပေတိ၊ (ဓာတုမာလာ၊ ၃၂၃--နှာ) သံကပ္ပေ'၊ ပြုပြင်စီရင်ခြင်းသည်။ သံကပ္ပနှင့်ကပ္ပသည်အတူတူ၊ သံဥပသာရ လျှောက်သည်သာ ထူးသတည်း။

သမာဒပနတော တာဝ။ မုဋ္ဌိ ဇာဏု နိပ္ပေါဠနာဒီဟိ၊ မိမိကိုယ်ကို မိမိလက်ဆုပ်ဖြင့်ပုတ်ခတ်ခြင်း, ပုဆစ်ဒူးဖြင့်ပုတ်ခတ်ခြင်းစသည်တို့ဖြင့်။ မရဏာ သမာဒပနဝသေန၊ သေအောင်တိုက်တွန်းနှိုးဆော်သည်၏အစွမ်းအားဖြင့်။ ။ကေတော၊ အတ္တတကမ္မ။ဘုဥ္ဇန္တဿ၊ စားဖေါ်ဘေးဖက်ဖြစ်သောသူ၏။ နခေ၊ လက်သည်း၌။ ဝိသံ၊ အဆိပ်ကို။ ပက္ခိပိတွာ၊ ထည့်၍။ မရဏာဒိ သမာဒပနဝသေန၊ သေခြင်းစသည်ကိုတိုက်တွန်းနှိုးဆော်သည်၏အစွမ်းအားဖြင့်။

ဝိသံ ပက္ခိပိတွာမရဏာဒိ သမာဒပနေ၌ အာဒိဖြင့် ဆရာ ဇီဝကသည် တမန်သည် ကာကအား လက်သည်း၌ ဝမ်းကျဆေးထည့်၍ ရှစ်ရှားသီးကို ဆိတ်ပြီးလျှင် ထိုရှစ်ရှားသီးကို ကာကအား ပေးသောဝတ္ထုနှင့်အညီ လက်သည်း၌ ဝမ်းကျဆေးထည့်၍ သေခြင်းစသည်ကို တိုက်တွန်းနှိုးဆော်ခြင်းကိုယူလေ။

ယသ္မာ ဒသိတံ၊ တသ္မာ စ, ယသ္မာ တန္တိ နဋ္ဌပိတာ၊ တသ္မာ စ, ယသ္မာ နသက္ကောန္တိ၊ တသ္မာ စ, ယသ္မာ ဩကာသော ဟောတိ တသ္မာ စ, ဒုက္ကုလ္လာနံ သဗ္ဗာကာရေန နယဂ္ဂဟဏတ္ထဉ္စ, အနာဂတေ ပါပပုဂ္ဂလာနံ ဩကာသပဋိဗာဟနတ္ထဉ္စ။ တ္တောတော တ္တောဒ္ဓေန သာမန္တိ သယံ ဟနတိ တျာဒိဝစနေန။

အညစိတ္တေန၊ သေစေလိုသောစိတ်မှတစ်ပါးသော နာကြင်စေလိုသောစိတ်ဖြင့်။

ပန ဝိသေသော မယာ ဝုတ္တော။ ဣမ အာဂန္တုကမာရကော။ တတ္ထ ပရသေနာယ အာဏာပကဿ။ ပရသေနာယ အရဟာ သစေ ဟောတိ။ ။ ဟောန အာဝိဋ္ဌဟိတွာ အာဏာပေတီတိ အာဒိနာ ဝစနေန။

ယောဗ္ဗန ထာဝရိယာဒိ ကာလော စ၊ နုပျိုရာကာလ, မြဲမြံစွာတည်ရာကာလ အစရှိသော ကာလသည်လည်းကောင်း၊ ဟောတိ၊ ၏။

ယောဗ္ဗညံတုစ ယောဗ္ဗနံ(အဘိဓာန်၊နရဝဂ် (၂၅၀)။ ။ယုဝဿ ဘာဝေါ ယောဗ္ဗညံ၊ ယောဗ္ဗနဉ္စ၊ ဘာဝေဏျော။ ဏော စ၊ အထ ဝါ ယု မိဿနေ။ယု– ဥဿ ခဝါဒေသော ဝုဒ္ဓိ။ တေသံ ဘာဝေါ ယော ဗ္ဗညာဒိ။ ။(အဘိဓာန်ဋီကာ ၂၅၀-ဂါထာ) ယုဝဿ ဘာဝေါ ယောဗ္ဗနံ၊ မဟာဝုဒ္ဓိနာ နကာရာဂမော။ ။(တဒ္ဓိတ် ရူပသိဒ္ဓိဧဝိသမာဒီဟိ သုတ်ဓါဝုတ္တိ၊ ရူ–၂၃၉ ) ယောဗ္ဗန – အရကား မုချအားဖြင့် နုပျိုသောသူ၏အဖြစ် ဟုဆိုအပ်သော နုပျိုခြင်းကြီးယာကို၏။ ဤမှာမူကား ထိုကြီးယာ၏ တည်ရာကာလကို ဥပစာရအားဖြင့်ယူ။ သို့မှာသလောဟူသော ဝိသေသျနှင့် ဝိသေသန ဝိသေသျတန်သတည်း။ ထာဝရော ဇင်္ဂမာ အညော(အဘိဓာန်၊ ဝိသေသျာဓိနဝဂ်(၇၂၁ ဂါထာ)။ ။ တိဋ္ဌတီတိ ထာဝရော။ ဌာ ဂတိနိဝတ္တိယံ၊ ဝရော။ ဝဏ္ဏဝိကာရော ထာဝရေ။ ဓာဝရောပိတျေကေ။ ။အောက်ချေ–ဌာဝရောပိတျေကေ။ အဘိဓာန်ဋီကာ ၇၁၂-ဂါထာ။ ဌာ–ဂတိနိဝတ္တိယံ, တိဋ္ဌတိ သံလေန ထာဝရော, စိရကာလပဝတ္တနကော, ဝရပစ္စယော၊ ဌကာရ ထကာရော စ နိပါတနာ။ မောဂ် ပဉ်၊၅၊၅၄။ (အဘိဓာန်ဋီကာ–၇၁၂-ဂါထာ)။

မဟလ္လကော စ ဝုဍ္ဍော စ၊ ထေရော ဇိဏ္ဏော စ ဇိဏ္ဏကော။ ။(အဘိဓာန် နရဝဂ်)။ ။မာ–ဂတိ နိဝတ္တိယံ၊ ဠရော။ မဿ ထတ္တံ။ အာသေ တ္တံ၊ ။(အဘိဓာန်ဋီကာ ၂၅၄-ဂါထာ)။ ဒေဋ္ဌံ တိဋ္ဌတီတိ ထာဝရော၊ ထာဝရတ္တံ-ပတ္တောတိ ထာဝရိယော။ ပဉ္စတဒ္ဓိတ် ဏိက–ပစ္စည်း၊ က–ကိုယ ပြု။ ။ထေရ ပုဂ္ဂိုလ်ဟူသော ကြီးရင့်သောသူကိုရ၏။ ဤမှာမူကား ထေရပုဂ္ဂိုလ်ဟူသော ကြီးရင့်သောသူ၏ မြဲမြံစွာတည်ရာကာလကို ဥပစာရအားဖြင့်ယူ။

ဝိဇ္ဈနံဝါ၊ ဝမ်းစသည်ကို ထိုးဖောက်ခြင်းကိုလည်းကောင်း။ ဆေဒနံဝါ၊ လက်စသည်ကို ဖြတ်ခြင်းကိုလည်းကောင်း။ဘေဒနံဝါ၊ ဝမ်းစသည်ကိုခွဲခြင်းကို လည်းကောင်း။ ဤနည်းကား လက်နက်နှင့်မမှတ်မူ၍ အရပ်ကိုသာမှတ်သော နည်းတည်း၊ ဤနည်း၌ ဝိဇ္ဈနံဝါ ပုဒ်နက်ကို သာရတ္ထ ဒီပနီ၌ မသွင်းငြားလည်း နောက်၌ "ဥသုနာ ဝိဇ္ဈနံ" ဟု (သာရတ္ထဋီ ၂-၂၆၂) မိန့်တော်မူသောကြောင့် လည်းကောင်း ဥသုနာ ဝိဇ္ဈနသည် အမှတ်မရှိ ဝမ်းစသည်ကို ထိုးဖောက်ခြင်း ဖြစ်သောကြောင့်လည်းကောင်း။ ဤသို့အနက်ပေးသတည်း။

တနည်းကား၊ ဝိဇ္ဈနံဝါ၊ မြားစသည်ဖြင့် ထိုးဖောက်ခြင်းကို လည်းကောင်း။ ဆေဒနံဝါ၊ သံလျက်ဖြင့် ခုတ်ဖြတ်ခြင်းကို လည်းကောင်း။ ဘေဒနံဝါ၊ ဆောက်ပုတ် စသည်တို့ဖြင့် ဦးခေါင်း စသည်ကို ခွဲခြင်းကို လည်း ကောင်း။ [ဤနည်းကား လက်နက်နှင့် မှတ်သောနည်းတည်း။ အရပ်ကိုမူကားမမှတ်] သမ္ဘုဉ္စနံဝါ၊ ခရုသင်းကဲ့သို့ ဦးပြည်းသည်ကို ပြုခြင်းလည်းကောင်း။

ယဒိ ဟိ ဝတ္ထုံ–စသောစကားသည် ဝတ္ထု, ကာလစသည်တို့တွင် ဝတ္ထု၏ ဝိတ္ထာရ ဖြစ်သောကြောင့်လည်းကောင်း၊ ပုရိမ ပဿ–စသည်ဝ့် ၏ ဝတ္ထုသဘော ရှိသည်နှင့် ဝတ္ထုဖြင့်ယူရသောကြောင့်လည်းကောင်း၊ သာရတ္ထဒီပနီ စကားသင့် သတည်း။ ။သခ်မုဏ္ဍကစသည်သည် ကြိယာအထူးဖြစ်သကဲ့သို့ ပုရတော ပဟာရဏ် စသည်သည် ကြိယာအထူးမဟုတ်သောကြောင့် ငိမတိ ဝိနောဒနီ စကားမသင့်။ ငိမတိ ဝိနောဒနီ ဆရာကဲ့သို့ယူရမည် စိုးသောကြောင့်ပင် ဝဇိရဗုဒ္ဓိဋီကာ(၁၅၉) ၌။ "ပုရတော ပဟာရိတ္ထာတိ အာဒိဝတ္ထု သင်္ကေတမေဝ ကိရာဟု မိန့်အပ်၏။ သာရတ္ထဒီပနီဋီကာဆရာ (၂၊၂၆၃။)သည် ဤဝဇိရ ဗုဒ္ဓိဋီကားစကာရပ်ကို ရှု၍ "ပုရိမ ပဿာဒိနမ္ပိ ဝတ္ထုသဘာဂတော ဝတ္ထုဂ္ဂဟဏေနေဝ ဂဟဏန္တိ အာဟ ပုရတော ပဟာရိတ္ထာတ်အာဒိ"စကားကို မိန့်အပ်သတည်း။

ထွေ၊ ဤဝတ္ထုအရာ၌။ ပန–ကားပက္ခန္တရတ္ထ။ ။မာရေတုံ၊ သတ်ခြင်းငှါ။ ပါယမန္တဿ၊ အားထုတ်စဉ်။ [ဝိဂတော သင်္ကေတော အာဏတ္တိနိယာမော ဧတ္တာတိ ဝိသံကေတော။ ။(ဝိနယ ဝိနိစ္ဆယဋီကာ၊၁၊၁၄၁။)။ ။သင်္ကေတ သဒ္ဒါသည် နိယာမအနက်ဟော။ ။ဣမာယ ဓာရာယ၊ ဤအလယ်အသွားဖြင့်။ မာရေဟ်၊လော့။ဣတိ၊သို့။ ဝုတ္တော၊ သည်။ ဣတရာယ ဓာရာယ ဝါ၊ ဤမှတစ်ပါး သော အရင်းအဖျား အသွားဖြင့်လည်းကောင်း။ တလေန ဝါ။ သံလျက်အပြင် ဖြင့်လည်းကောင်း။ တုဏ္ဍေန ဝါ၊ သံလျက်ဦးဖြင့် လည်းကောင်း။ ထရုနာ ဝါ၊ သံလျက်ရိုးဖြင့် လည်းကောင်း။ မာရေတိ။ သတ်အံ့။ ။သော အာဏာတ္တော။ ထိုစေခိုင်းအပ်သောသူသည်။ (ဝေါရေ ပေတိ၌စပ်။) ယော၊ အကြင်သူကို။ (အက္ခာတော၌စပ်) ယံ၊ အကြင်သူကို။ (ဝေါရောပေတိ ၌စပ်) ဣတိ၊ ဤသို့။ ယော မာရိတော၊ ကို။ ဝုတ္တော၊ ၏။ (ယော အာဏာပကေန အက္ခာတောကို ထောက်သတည်း။)ယော၊ကို။ အာဏာပကေန၊ သည်။ ဇီဝိတာ ဝေါရေ ပေတိ၊ ၍။ ဝုတ္တော၊ ၏။ ။တဿ၊၏။သဟာယံ၊ သော။ ဣမံ၊ ဤအနီးဌ်တည်သော သူကို။ အာဏာပကေန၊ သည်။ဝုတ္တတော၊ ဆိုအပ်သည်မှ။ တာဝ၊စွာ။

ပရိဝတ္တိတ္ဋာ၊၍။ တသ္မိံ ဌာနေ၊ ၌။ ဌိတံ၊ သော။ ဗလဝ သဟာယတော၊မှ။ ဣဘရမေဝ၊ ကိုသာလျှင်။ ။အဿ၊ ၏။ ဣမံသဟာယံ၊ ကို။ အာဏာပကေန၊ သည်။ဝုတ္တတော၊ မှ။ဘာဝ၊ စွာ။

ဘိက္ခုဘိက္ခုံ အာဏာပေတိ။ ဣတ္ထန္နာမံ ဇီဝိတာ ဝေါရောပေဟီတိ။ ဤပါဠိ တော်ကို ထောက်၍စသည်ကို တခင့်ဟောပြ ပြောကြားရာ၌ ကာရိုက်နှင့်ထားရ မည်ကိုလည်းကောင်း။ ဓေရာ၌ ပဉ္စမီဝိဘတ်နှင့်ထားရမည်ကိုလည်းကောင်း။ မှတ် သိအပ်၏ဟု ပြည်ဆရာတော်ဘုရားကြီး မိန့်တော်မူသတည်း။

ထုလ္လစ္စယံ တောဝ ဒုက္ကဋံ။ ။ဝီရဟုရိသော ဉာတိ ဝဒေတိ။ ဉာတိ အာရောစေတိ။ ဉာဘိ တစ်ခုကျေ။ ကေသံပိ ဗုဒ္ဓရက္ခိတ မမ္မရက္ခိတာနံ။

ဝိသက္ကိယ ဒူတ "ပဒနိဒ္ဒေသေစကား၌ ဝိသက္ကိယပုဒ်ကို ငိယောဂေန သက္ကာပိ- တဗ္ဗော ဂမာပိ တဗ္ဗောတိ၊ ဝိသက္ကိယော" ဟု ဝစနဘ္ဘူပ္။ ဝိသည်ဝိယောဂအနက် ဟော၊ သက္ကဓာတ်သည် ကကိဝကိ သက္က တိကင္ဂိက သေက ဂတျတ္ထာ။ ကက်တိ၊ ဝက်တိ၊ သက္ကတိ။ ဟု (၁၇–နှာ)ဓာတုမာလာ မိန့်ရှိသည်နှင့်အညီ ဂတ်အနက်ဟောတည်း။

အရင်း၌တည်သော ဆရာနှင့်ကင်းသောအားဖြင့် ဆရာက သွားစေအပ်သော သူဟူသည်သံဃရက္ခိတသို့သာလျှင် ပြောဆိုသောဗုဒ္ဓရက္ခိတတည်း၊ ထိုဗုဒ္ဓရက္ခိတ သည် ဆရာစေတိုင်းမပြု ချွတ်ယွင်းသည်ကိုပြုရကား ထိုချွတ်ယွင်းသည်ကို ပြုခြင်း သည်ပင် ဆရာနှင့်ကင်းသောအားဖြင့် သွားခြင်းမည်သတည်း။ ထိုသို့သွားခြင်း သည် အရင်း၌တည်သောဆရာနှင့် လုံးလုံးမကင်းရကား ဆရာကသွားစေခြင်း ပင် ပရိယာယ်အားဖြင့်ဖြစ်သတည်း။ ထို့ကြောင့် "ငိသင်္ကေတ ကရဏေန နေဝ ဟိ သေ ဝိသက္ကိယ ဒူတောတိ ဝုစ္စတိ" ဟု အဋ္ဌကထာ၌ မိန့်လတ္တံ့။

မူလဋ္ဌသော ဝ ဒုက္ကဋန္တိ ဝေဒိတဗ္ဗံ-သည် မဟာအဋ္ဌကထာ စကားတည်း။ ဝေံ- သန္တေစသည်ဖြင့် အရှင်မဟာဗုဒ္ဓဃောသ ဆရာသည်မဟာအဋ္ဌကထာစကားကို ပယ်သတည်း။

ဝေံ၊ ဤမဟာအဋ္ဌကထာ၌ ဆိုအပ်ပြီးသောနည်းဖြင့်။ အတ္ထ၊ သည်။ သန္တေ၊ သော်။ ပဋိဂ္ဂဟဏေ၊ သံဃရက္ခိတ ဝန်ခံရာ၌။ သံဃရက္ခိတဿ၊ အား။ အာပတ္တိယော၊ ဒုက္ကဋ်အာပါတ်သည်ပင်။ ယသ္မာ၊ ကြောင့်။ နသိယာ၊ မဖြစ်ရာ။ တသ္မာ စ၊ ကောင်း။ သဉ္စရိတ္တ ပဋိဂ္ဂဟဏ မရဏာ ဘိနန္ဒနေသုပိ၊ တို့၌သော်လည်း။ (ပိ-ကား သမ္ဘာဝနာ)။ အာပတ္တိ- သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ဖြစ်သေး ၏၊ တသ္မာ စ၊ လည်းကောင်း။ မရဏာ ပဋိဂ္ဂဟဏေ၊ ၌။ ဂ ထံ ကေန ကာရဏေ န၊ ကြောင့်။ နသိယာ၊ မဖြစ်ဘဲနဲ့အံ့နည်း။ ယသ္မာ၊ ကြောင့်။ သိယာ ဧဝ၊ တည် ။ တသ္မာ စ၊ ကောင်း။ ပဋိဂ္ဂဟဏသ္မိဿ၊ အားသာလျှင်။ ဧတံ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ (ပုရိမ နယေပိ ဧ-၌ စ-ကား ဝါကျာရမ္ဘဇောတက)။ ပုရိမနယေပိ၊ အခြားမရှိ လွန်လေပြီးသော အဝိသက္ကိယ ဒူတနိဒ္ဒေသနည်း၌လည်း။ ဧတံဒုက္ကဋံ၊ ကို။ ပဋိဂ္ဂဟဏသ္မိဿ၊ အား။ ကာတုံပိ ဝေဒိတဗ္ဗမေဝ၊ အကယ်၍သိအပ်သည်သာ လျှင် ဖြစ်၏ရှင့်။ ပန တထာပိ၊ သည်။ ဩဟာသာဘာဝေန၊ ဟောခွင့်၏မရှိခြင်း

ကြောင့်။ န ဝုတ္တံ၊ အပ်။ (တဿာ စသည်ကား လဒ္ဓဂုဏ်တည်း။ တဿာ၊ ဖြင့်။ ဩဘာသဘာဝေန န ဝုတ္တံ၊ ကိုဖွဲ့။) တေသု ပဉ္စမဝါရေ ဒုတိယဝါရေ ဒိတော တာဝ။ ဘာဝိတတ္တာ စ ဩရတတ္တာ စ။

ဒုတကာသ နိဒ္ဒိတ။

တတ္ထ အ ရဟော ရဟောသညီ ဥလ္လပနာဓိသု။ ။စောရပိ၊ လည်း။ တံ၊ ထိုရဟန်းကို။ န ဟနန္တိနာမ၊ မသတ်ဘဲရှိလှသို့ကုန်သည်မည်သနည်း။ န ခုံ-သတိ နာမ, န အဟာရတိနာမဟုယဉ်။ တသ္မိံ၊ ထိုရန်သူရဟန်းသည်။ သမ္မုခေဝ၊ မျက်မှောက်၌သာလျှင်။ သတိ၊ ရှိစဉ်၊ ပရမ္မုခသညီ၊ မျက်ကွယ်၌ရှိသည်ဟု အမှတ်ရှိသည်။ ဟုတ္ဝာ၊ ၍။ ။တသ္မိံ၊ ထိုရန်သူရဟန်းသည်။ ဂတေပိ၊ သွားပြီးသော်လည်း။ ။ယထာ ယေန အာကာရေန၊ ဖြင့်။ ဟတ္ထမုဒ္ဒါဒီဟိ၊ ဖြင့်။ ဉာမသ္မိံ အတ္တော၊ ကို။ ဒဿိယမာနေ၊ သော်။ သော ဇနော၊ သည်။ ။ဂစ္ဆတိ၊ ၏။ ဉာတိ အယံ အတ္တော၊ ကို။ ဇေနေ ဘိက္ခုနာ၊ သည်။ ဝုတ္တော၊ ၏။ ဉာတိ၊ ကြောင့်။ ဇာနာတိ၊ ၏။ တထာ တေန အာကာရေန၊ ဖြင့်။ ဟတ္ထ မုဒ္ဒါဒီဟိ၊ ဖြင့်။ ဉာဒံ အတ္တံ၊ ကို။ ဒဿေတိ၊ ၏။

သဗ္ဗတ္ထ ဝါရေသု၊ ၌။ သံဝဏ္ဏနာယ၊ ကြောင့်။ ။တဿ၊ ၏။ ဒုက္ခုပ္ပတ္တိယံ၊ ကြောင့်။ ဒုက်ခဖြစ်လတ္တံ့ မဟုတ်သော် ဒုက္ကဋ်သင့်။ ဒုက္ခဖြစ်လတ္တံ့ ဖြစ်သော် ဒုက္ကဋ် မသင့်။ ထုလ္လစ်ဉ်းသင့်။ မသေသောအရာ၌ သို့ထိုက်သည့်အားလျော်စွာ ဒုက္ကဋ် ထုလ္လစည်းသင့်သတည်း။

သော ဇနော၊ သည်။ တံ သံဝဏ္ဏနံ၊ ကို။ နဇာနာတိ၊ မသိ။ ။ဒိန္နံ၊ တို့ကို (ကံအနက်၌ ဆဋ္ဌီ)။ ဒိန္နံ၊ ၏။ မရဏံ၊ ကို၊ ဥဒ္ဒိဿ၊ ၍။ (ဤနည်းအလို မရဏံ ပုဒ်ထည့်)။

ဇဝံ၊ ဤသို့ သီသံ ဝါ ဘိန္ဒိတွာ ပပါတေ ဝါ ပပတိတွာ—စသောနည်းဖြင့်။ အာရောစိတမဂ္ဂေ၊ ၌။

ဒုက္ခမဖြစ်သော် ဒုက္ကဋ်။ ထုလ္လစည်း မသင့်။ ဒုက္ခဖြစ်သော် ထုလ္လစ်ဉ်းသင့် ဒုက္ကဋ်မသင့်၊ မသေသော အရာမှာ ဆိုသင့်သည်။

ဉာတိဿဝါ၊ အဖမျိုးအားလည်းကောင်း။ သာလောဟိတဿ ဝါ၊ သွေးစပ်သော အမိမျိုးအား လည်းကောင်း။ တဿ ဓမ္မာ ဟောတိ၊ ဉာတ် ဝါ၊ လည်းကောင်း။ ဉာတိ၊ သို့။ လိခတိ၊ အံ့။

ဧတ္တာပိ လိခနေ ဒုက္ကဋ ထုလ္လစ္စယာ သဗ္ဗတ္ထ သံဝဏ္ဏနာ ယာတိ' အာဒိနာ စေဝ, သာသနေ အာရောစိတမတ္တေ ဒုက္ကဋန္တိ အာဒိနာ စ ဝုတ္တနယေနေဝ ဝေဒိ-တဗ္ဗာ။ ။တထာ ကတ္ဂာ ဝါ မုစ္စတိ။

မသိ၊ မှင်ကို။ မက္ခေတိ၊ ဆူးအားရေးအက္ခရာ ထင်အောင်လိမ်းကျံအံ့။ ။ သစေ ဗဟုကာ မရန္တိ၊ ဇဝံ သန္တေသု ဗဟူ ဥဒ္ဒိဿ လိခိတေတိ အာဒိနာ နယေန ဝုတ္တသဒိသောဝ နယော။ ။သံဃာန္ထိတော၊ ဆက်စပ်အပ်သည် ရှိသော်။ဒုဗ္ဗော တေဝါ၊ မကောင်းသဖြင့် ဆေးဖျော်အပ်သည်လည်းဖြစ်သော။ ဒုဗ္ဗာပိတေဝါ၊ မကောင်းသဖြင့် မီးတိုက်အပ်သည်လည်းဖြစ်သော။ ပတ္တေ၊ ပေပြား၌။ ယာဝ၊ လောက်။ အက္ခရာနိ၊ တို့သည်။ ပညာယန္တိ၊ ထင်ကုန်သေး၏။

ခဏန္တဿ၊ အား။ ထုလ္လစ္စယတော၊ မှ။ တာဝ၊ စွာ(ဒုက္ကဋံ ဟောတိ၌စပ်)။

ဤ၌လည်း ဒုက္ကဋ် ထုလ္လစ်ဥဿ ပါရာဇိက အာပတ်ယင့်ပုံကို ရှေး၌ ငါပြခဲ့ပြီးသော နည်းကို မှီ၍ သိအပ်၏။

အာနန္တရိယ ဝတ္ထုသုစဉ် စ–ကား ဝါကျာရမ္ဘဇောတက၊ တတ္ထ ဩပါတခဏနေ စေတနာ ဗဟူ ဟောန္တိ။ ။မဟာအဋ္ဌကထာယံ၊ မဟာပစ္စရိ သင်္ခေပ-အဋ္ဌကထာသု ဝုတ္တနယတော တာဝ ဝုတ္တံ။ ။ သန္နိဋ္ဌာပိကာ၊ အလုံးစုံကုန်သော ပယောဂတို့၏ အဆုံးဖြစ်သော ပယောဂကို ပြီးစေတတ်သော။ အတ္ထ-သာဓကစေတနာ၊ သေခြင်းတည်း ဟူသော အကျိုးကို ပြီးစေတတ်သော စေတနာသည်။ မဂ္ဂါနန္တရဖလသဒိသာ၊ မဂ်၏ အခြားမဲ့၌ ဖြစ်သောဖိုလ်တည်းဟူသော အကျိုးရှိသော မဂ်စေတနာနှင့် တူ၏။

သုတ္တန္တိကဏ္ဌေရာတိ – စသော သာရတ္ထဒီပနီ (၂၊၂၆၇) စကား၌ အာစရိယဝါဒသာ မဟာအဋ္ဌကထာစရိယတ္ထေရေယေဝ–အရ အရှင်မဟာကဿပ စသော မထေရ်မြတ်တို့ကို မယူသင့်။ မဟာအဋ္ဌကထာ၌ မိမိတို့အယူဝါဒကို ထည့်၍ ရေးသားကုန်သော သုတ္တန္တိက မထေရ်တို့ကိုသာ ယူသင့်သတည်း။ အဘယ်ကြောင့် နည်းဟူမူ ဒီရှင်မဟာကဿပ စသော မထေရ်မြတ်တို့ကို မည်သူမျှဦးခေါင်းမေ၍ ပြက်ရယ်သမှု မပြုဝံ့သောကြောင့်တည်း။

သုတ္တန္တိကတ္ထေရာ၊ မဟာအဋ္ဌကထာအတွင်း၌ မိမိတို့၏ အယူဝါဒကို ထည့်၍ ရေးကုန်သော သုတ္တန္တိက မထေရ်တို့သည်။ သန္နိဋ္ဌာပိ က ဧတနံ ဝေ၊ ကိုသာ လျှင်။ (ဝေကျေ။) ဂဏှန္တိ၊ ကုန်၏။ ကုလတ်၊ သို့။ ဝုတ္တံ၊ ၏။

ဧဝ·ဖြင့် သဗ္ဗန္တိမ ပယောဂ သန္နိဋ္ဌာပိက စေတနာမှ ကစ်ပါးသော ကေ ကုဒါလ ပဟာရ ပယောဂသန္နိဋ္ဌာပိက စေတနာကို ကန့်။

သဗ္ဗတ္ထ၊ အလုံးစုံသော တစ်ပါးသောသူတို့ တွင်း၌ ချ၍ သေစေခြင်းစသည် တို့၌။ ဝိသင်္ကေတော၊ ချွတ်ယွင်းသည်။ ဟောတိ၊ ၏။ [ဧသေဝနယော·ဖြင့် ဧကော ဩပါတံ စသော စကားလေးရပ်ကို ညွှန်းသတည်း။] ဣမေဝ၊ ဤ ယေ ကေစိ မာ·ရတုကာ·မာ စသော နည်း၌သာလျှင်။ ပုရိမနယေ၊ (ယေ) မရိတုကာမာ စသော ရှေးနည်း၌။ မာတရံဝါ၊ ကိုလည်းကောင်း။ ပိတ ရံဝါ၊ ကိုလည်း·ကောင်း။ အ·ရဟန္တေ ဝါ၊ တို့ကို လည်းကောင်း။ ဝေရိကေဟိ၊ တို့သည်။ အာ·နေတွာ၊ ၍၊ တတ္ထ·ဩပါတေ၊ ၌။ မာရိတေ၊ သေစေအပ်သည် (ဝါ) သတ်·အပ်သည်။ သတိ၊ ရှိသော်။ အာနန္တရိယံ၊ သည်။ ဟောတိ၊ ၏။

သဗ္ဗသာပိ၊ အလုံးစုံသောကျခြင်း, ကျစေခြင်းတို့၌လည်း။ ယထာနုရူပံ၊ အမိအဖ, ရဟန္တာ သတောအားလျော်စွာ။

ဩပါတခ·ဏကယောဝ၌ ဧဝ·ဖြင့် စောရတို့ကို ကန့်။ တတ္ထ ပတိတံ စသော စကားကို ယောက်၍ သတ်အံ့ငှါ လိုက်ရာ သတ်အပ်သောသူ ပြေးလာသည်ကို ရဟန်းက ဖမ်း၍ ပေးရာ ထိုသူကို သတ်က ပါရာဇိကကျသည်ကို သိအပ်၏။

မရဏော၊ ၌။ ဝတ္ထုဝသေန၊ ဘီလူး, ပြိတ္တာ, တိရစ္ဆာန်တည်း ဟူသော ဝတ္ထု၏ အစွမ်းဖြင့်။ [ဘီလူး, ပြိတ္တာ သေသော် ထုလ္လစ္စည်းသင့်သည်။ တိရစ္ဆာန် သေသော် ပ·စိတ်သင့်သည်။] န နာသိသန္တိ၊ မပျက်စီးကုန်လတ္တံ့ သေး။ သုဥ္ဇုဒ္ဓါတုဝါ၊ လည်း။ ဘဝိဿန္တိ၊ ဖြင်ကုန်လတ္တံ့။

အနေ·ဒိဿ ခ·ဏ စသည်၌ ပကတိရင်း·က တိရစ္ဆာန်သည် ဘီလူး, ပြိတ္တာ ယော·င်ဖန်ဆင်းခိုက် ဖြစ်·၍ ဘီလူး ပြိတ္တာ အသွင်ဖြင့် ကျ၍ မိမိဘို့သဘော အားဖြင့် သေမှု ဖြစ်သောကြောင့် တိရစ္ဆာန်အသွင်နှင့် သေရသတည်း။ ထို့ကြောင့် "ယော ပန ဘိက္ခု သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ ပါစိတ္တိယံ" သိက္ခာပုဒ်တော်နှင့် အညီ မိန့်တော်မူ၍ ပမာဏဖြစ်သောကြောင့် ဖုသဒေဝ မထေရ်ဝါဒကို နောက်ထား၍ မိန့်တော်မူ·သ·တည်း။ မိမိသဘောအားဖြင့် သေမှု ဖြစ်သည်ကို သာရတ္ထဒီပနီ (၂၂၆၈။)၊ ဝိမတိဝိနောဒနီ (၁၂၃၁။) တို့၌ မိန့်အပ်၏။ မိ·ငိန္ဒပဉှ(၂၆၇)၌ "မတာနံ မဟာရာဇ ယက္ခာနံ သရီရံ ကိဋ္ဌဝဏ္ဏော-န ပါ ဒိဿတိ၊ ကိမိဝဏ္ဏော နာ ဝါ ဒိဿတိ၊ ကိပိလ္လိကဝဏ္ဏော န ဝါ ဒိဿတိ၊ ပဋင်္ဂ· ဝဏ္ဏော န ဝါ ဒိဿတိ၊ အဟိဝဏ္ဏော န ဝါ ဒိဿတိ ဝိစ္ဆိကဝဏ္ဏော န ဝါ ဒိဿတိ၊ သတပဒိဝဏ္ဏော န ဝါ ဒိဿတိ၊ ဒိဇဝဏ္ဏော န ဝါ ဒိဿတိ မိဂဝဏ္ဏော န ဝါ ဒိဿတီတိ

ဟူ၍ ဟောတော်မူသည်ကို ထောက်၍ မိမိတို့၏သဘောအားဖြင့် သေကုန်သော သတ္တဝါတို့တွင် ဘိက္ခုဘိက္ခုနီသည်သော ကာလ ပိုးကောင်, ခြပုန်း စသော အဆင်း သဏ္ဌာန်ဖြင့် အကောင်ကျန်ရစ်သည်ကို သိအပ်၏။ ယက္ခော ဝါ စသော ပါဠိတော်၌ ပကတိ ယက္ခ ပေတ တိရစ္ဆာနဂတ မနုဿဝိဂ္ဂဟ သုံးပါးတို့၌ ပါဠိတော်လာ ဖြစ်၍ လှည်းပါးရန် မရှိ။

ပကတိနဂါး,ဂဠုန်,တိရစ္ဆာန်သည် ဘိက္ခုပြဲ့တွင်အသွင်နှင့် ကျရှုံ့သော လျှင်းပါး ရန်ရှိသောကြောင့် အနေဒ်သာ စသည်ကို အဋ္ဌကထာဆရာ မိန့်သတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ၌ ဂဏ္ဌိပုဒ်ဝါဒသင့်သတည်း။ သာရတ္ထဒီပနီ၌ နှစ်ဝါဒ ထုတ်သည်ကား ပါဠိတော်ကိုစွဲ၍ ထုတ်သတည်း။ အဋ္ဌကထာကိုစွဲ၍ ထုတ်ရန် မရှိ။ သာရတ္ထဒီပနီလာ ကေစိဝါဒအလို "ယက္ခော ဝါ ပေတော ဝါ"အရ ပကတိ ယက္ခပေတ။ "တိရစ္ဆာနဂတ မနုဿ ဝိဂ္ဂဟဟော ဝါ"အရ တိရစ္ဆာန် ယောင်ရှူ ယောင်ဆောင်သော ယက္ခပေတတည်း။ တိရစ္ဆာနဂတ မနုဿ ဝိဂ္ဂဟဟော ဝါ၌ ဝါ ဖြင့် အစိတ်အစိတ်ကို ဆည်းနိုးမပြတ်သည်နှင့် ထိုကေစိဝါဒကို သာရတ္ထ-ဒီပနီဆရာ မကြိုက်သောကြောင့် ကေစိ ထိုးသတည်း။ ကေစိဝါဒအလို တိရစ္ဆာနဂတ မနုဿ ဝိဂ္ဂဟဟော ဝါ ကို။ တိရစ္ဆာန ပေတဝိဂ္ဂဟဟော စ မနုဿ ဝိဂ္ဂဟဟော စ တိရစ္ဆာနဂတ မနုဿ ဝိဂ္ဂဟဟော"ဟု ဒွန္ဒဝိဂြိုဟ်ပြု။ ဝါ သဒ္ဒါဖြင့် အစိတ် အစိတ်ကို အထူးကြံ။ ဂဏ္ဌိပုဒ်သည် ယက္ခော ဝါ ပေတော ဝါ ၏ ဝိသေသန။ ဂဏ္ဌိပုဒ်သုံးဆောင် အလိုအားဖြင့် "တိရစ္ဆာနဂတ မနုဿ ဝိဂ္ဂဟဟော ဝါ။ လူယောင်ဆောင်သော တိရစ္ဆာန်သည်လည်းကောင်း ဟု ပါဠိတော်မှ အနက် ပေး။

ပဋိန္တော၊ လဲသော။ ရုက္ခော ဝါ၊ သည်လည်းကောင်း။

တင္ဂါကံ ဝါ ၌ ဝါ ကို ရွေ၍ ကာရေဘာနှင့်ယှဉ်။ ပေါက္ခရဏိံ ဝါ ၌။ဝါ ကို တင္ဂါကံနှင့်လည်းယှဉ်။ အာဝသံ ဝါ ၌ ပါ ကို ကာရေဘာနှင့်ယှဉ်၊ သင်္ကမနံ ဝါ ၌ ဝါ ကို အာဝါသံနှင့်လည်းယှဉ်။

တင္ဂါကံ ဝါ ပေါက္ခရဏိံ ဝါ ကာရေတွာ ဝါ ဧတိ၊ ပတိဋ္ဌာပေတွာ ဝါ ဗောမ်ံ ရေပေတွာ ဝါ အာဝါသံ ဝါ သင်္ကမနံ ဝါ ကာရေတွာ ဝါ ပုစ္ဆာကိ ပေဘဇန ။

ပါသာဒီသုပိ အဋ္ဌုပ္ပလာ ဒိတော ဟာဝပါသ် ပြေ ခွဲ။ ဝယိံ၊ စောင်ရန်း ကို။ ကတွာ၊ ကွင်း၏ ဝဲ, ယာ၌ ပြုရဲ။ သာ ရော ပင်းလို။ ပဇဝေသတ်၊ သွင်းအံ့။ (ဝါ) ဝင်စေအံ့။ ။ယန္တကံ၊ မြှုံပုဒ္ဒ၊ ပါသ ကို၊ ကွင်း ဝါ ကွင်းအရိုးကို။ ဌပေတိ၊ အံ့။ ။တဏ္ဍုလသာကပါဒိုံ၊ ယိုအခင်ပြုတ်သော

ကုင်းတံ ကုင်းရိုးကို။ ။သယံ၊ မိမိသည်။ ငန္တိတံ၊ ရေ၍ ကျစ်အပ်သော ကုင်းကြိုးကို။ ဉဇ္ဇုဓရနှတွာ ဝါ၊ ကြိုးတို့ကိုဖြေ၍လည်းကောင်း။ ဝါကော၊ တိုကို။ လဘိတွာ၊ ရ၍။ ဝဋ္ဋိဘံ၊ မိမိကျစ်အပ်သော ကြိုးကို။ ဟိရိ ဟိရိ၊ အမြှင်အမြှင်။ ကတွာ ဝါ၊ ပြု၍လည်းကောင်း။ မုဉ္စတိ၊ ၏။သာမု သုဋ္ဌု၊ ကောင်းစွ ကောင်းစွ။ မရတ္၊ သော။ ဣတိ၊ သို့။ အဘိနန္ဒန္တော၊ အလွန်နှစ်သက်သည်။ ဟုတွာ၊ ဖြစ်၍။ ဝတ္၊ ပုံ၍ (ယည့်)။ ဂစ္ဆတိ၊ အံ့။

မရဏာဘိနန္ဒန ဝဏ္ဏဒါရဥ္ဖြ ဖြစ်သည် အရဟော ရဟောသညီ နိဒ္ဒေသ ပါဠိ, ဒ ဥ္မကတ်ကိုတောက်၍ သိမှုသောကြောင့် ဤသို့ အနက်ပေးသတည်း။ ။ သာဓုသုဋ္ဌု မရတူတိ ဝစီဘေဒံ ကရောတိ။ (ဝဇိရဗုဒ္ဓိဋီကာ။ ၁၆၇-နှာ)။

တဒတ္တမေ၊ ထိုဒသစေခြင်းအကျိုးငှာသာလျှင် "မရဏတ္ထာယ ဣဒံ နိဂ္ဂိတ္တံ"ကိုထောက်၍ အနက်ပေးသတည်း။

ပါကတိကံ၊ သူတစ်ပါးဘို့သည် ပြုအပ်သော ပကတိသော လက်နက်ကိုသာလျှင်။ လဘိတွာ၊ ရ၍။ မူလဋ္ဌေန၊ သည်။ ဌပိတံ၊ သည်။ ဟောတိ၊ အံ။ ဝေသတိ၊ ယော်။ မူလဋ္ဌော၊ သည်။ မုစ္စတိ၊ ၏။

မူလဋ္ဌ ရဟန်း ပြုရင်းလက်နက် မဟုတ်သောကြောင့် ထိုလက်နက်ကိုမူ မူလဋ္ဌရဟန်း လားမြဲ ရောက်မှတည် တစ်ပါးသောရဟန်းသည် ရွေ၍ထားသော ကြောင့်လည်းကောင်း၊ မူလဋ္ဌ ရဟန်းလွတ်သတည်း။ ရွေ၍ထားသည်ကို "သစေ ပန အဉ္ဉာနေ"စသည်ကိုထောက်၍ သိသတည်း။
ဝိသဂဂဇ္ဇနေပိ ။ပ။ ဝေဿဝ နယော-ဖြင့် "တသ္မိံ အပယောနေ"စသည်ဖြင့် ဆိုအပ်ပြီးသော နည်းကို ညွှန်ပြသတည်း။

မဟန္တတရံ၊ အလွန်များစွာသော။ သစေ ကရောတိ ဝါ၊ အကယ်၍ပြုမူလည်း ပြုအံ့။ မ နဋ္ဌံ၊ များသောအဆိပ်ကို။ (ကရောတိမှာစပ်) အတိရေကံ၊ လွန်ကည်။ ပေဿတိ၊ ၏။ ဣတိ မနသိ ကတွာ၊ ၍။ ခုဒ္ဒကံ၊ ငယ်အောင်။ သစေ ကရောတိ ဝါ ဖြံ၊ တနုကံ၊ ကျဉ်ကို။ ဗဟလံ၊ ထူအပ်အောင်။ သစေ ကရောတိ ဝါ ပြုအံ့၊ ဗဟလံ၊ ကို။ တနုကံ၊ အောင်။ သစေ ကရောတိ ဝါ၊ ၏။ အတ္တနော ။ ဝါ ဥပတ္တာ၊ ပူစေ၍၊ ဟောဋ္ဌာဝါ၊ အောက်သို့လည်းကောင်း။ ဥပရိဝါ၊ အထက်သို့လည်းကောင်း။ သစေ သဥ္ဇာရေတိပါ၊ အကယ်၍ ရွှေမူ လည်း ရွှေအံ့။ ပေ သတိ၊ သော်။ တဿာပိ၊ အားလည်း။ ပါရာဇိကံ၊ ၏။ ဟောဋ္ဌာ ဝါ ဥပရိ ဝါ ကို၊ သဉ္စာရေတိ သို့ စာကြောင်းများ တည့်အောင်စီရွေ့၍ အနက်ပေးသတည်း။ ဥပရိ ဝါ-ဋ္ဌဝါ-ကို ဟောဋ္ဌာမှာလည်း ယူဉ်။

ဟေဋ္ဌာဘာဂေ ဆိန္ဒိတွာ ဝါ တေ ဆိန္ဒိက္ခာ ဝါ။ ။အပဿေန ဖလကာဒီနံ၊ သော။ စက်မေ၊ ဌ်။ အာလမ္ဗနရုက္ခ ဖလကပရိယောသာနနမှို၊ အမှီတံကဲသင်ပုဒ်, အမှီဘံကဲပျဉ်အသုံးရှိကုန်သော မှီရာတို့၏သည်း။ ပိ·ကို ရှေ့သည်။

အပဿေန ဖလကာဒီနံ၌။ အာဒိဖြင့် "အပဿေနံ နာမ နိဋ္ဌပရိဘောဂေါ စသည်ဖြင့် မိန့်ဆိုအပ်ပြီးသော စကားကို ကြည့်၍ "အပဿေန ထမ္ဘ စသည်ကို ယူလေ။ သောဗ္ဘာဒီသု မဥ္စ ဝါ စသော စကားသည် သောဗ္ဘေ ဝါ နရကေ ဝါ စသည်၏ အဖွင့်မဟုတ်သေး။ ဒုဗ္ဗလံ ဝါ ကရောဘိ ၏ အဖွင့် သာတည်း။ ။ယထာ တတ္ထ ။ပ။ ပတတိ·ဝါကျသည် ရှေး၀ါကျ၏ အာကာရ တည်း။ ယထာ ယေန အာကာရေန ဥပိယမာနေ ပတတိ။ တထာ တေန အာကာရေန မဥ္စံ ဝါ ပီဌံ ဝါ ဒးပဿေန ဖလကံ ဝါ အာနေတွာ သစေ ဥပေတိ ဝါ သောဗ္ဘာဒီသု သဥ္စရုကာသေတု ဟောတိ။ တံ ဒုဗ္ဗလံ သစေ ကရောတိ ငါ။ ဧဝံ ကရောန္တဿ ကရဏေ ဒုက္ကဋံ။ ။မဥ္စဝါ၌ ဝါကို ရှေ့၍ ဥပေတိ ၌ ယှဉ်၊ သို့ယှဉ်မှ သောဗ္ဘာဒီသု ဝါ စသော ဝါကျ၌ ကရောတိ ဝါ ဟုအနက်ပေးရသည်နှင့် ညီအံ့သတည်း။

ဘိက္ခုံ အာနေတွာ·စသည်သည် သောဗ္ဘေ ဝါ နရကေ ဝါ စသည်၏ အဖွင့်တည်း။ သယံဝါ ပါတေတိ·စသည်သာ ဘိက္ခုံ အာနေတွာ စသော ရှေးစကား၏ ဝိတ္ထာရတည်း။ ။အဝုတ္တော၀ ၌ ဝါကို မဇ္ဈေဒီပကနည်းအားဖြင့် မိန့်အပ်သတည်း။

သယံ ပါတေတိ ဝါ, အညေန ပါတာပေတိ ဝါ အဘ္ဘနော ဓမ္မတာယ ပါတေတိ ဝါ အမနုဿော ပါတေတိ ဝါ, ဝါတပ္ပဟာရေန ပတတိ ဝါ, အတ္တနော ဓမ္မတာယ ပတတိ ဝါ, ဟု ဝါ·သဒ္ဒါကိုယှဉ်။ ။သံပဇ္ဇိတွာ ဝါ, ဝတွာ ဝါ·ဟု ဝါသဒ္ဒါကိုယှဉ်။ ။အတ္တာနံ ပဟရတု ဝါ, အညံ ပဟာရေတု ဝါ ဘာသိ ဒတွာ မူလံ ဒတွာ ဟု·မူလံ ဒတွာ၌ ဒတွာကို အသိ မှလည်းယှဉ်။ အသိ ဒတွာ ဟုရှိသည်ကားမသင့်။

. အရေနှ၊ တံစဉ်းဖြင့်။ ဿံသိတွာ၊ ပွတ်တိုက်၍။ ပေါ်ပွ ကေ တံ ငါဒေတွာ သစေပိ ကောဒ မရတိတိအာဒိနာ ဝုတ္တနယေန၀။

ပရံ၊ မိမိမှတစ်ပါးသော။ အမနုဿရူပံ၊ စိတ်နှလုံးကို မပွားစေတတ်သော အဆင်းရှိသော သူကို။ (သာရတ္ထဒီပနီနက်)။

အတ္တနာ ဝါ စသော အဌကထာ နောက် စကားနှင့်အညီဘည်း။ ပါဠိတော်၌ "ဒုမနာပိကံ ရူပံ ဥပသံဟရတိ" ဟု အဆင်းကို ဆောင်ကြောင်းကို ဟောတော်မူပါလျက်နှင့် ပရံ ဝါ စသည်ဖြင့် အဆင်းရှိသောသူကိုဆောင်သည် ဟု ဖွင့်တော်မူသည်ကား သက်သက်အဆင်းကို ဆောင်ခြင်းငှာ မတတ်ကောင်းသောကြောင့် ဖွင့်တော်မူသတည်း၊ သာရတ္ထဒီပနီ(၂၊၂၇၈။)၌ ပါရာဇိကန္တိ ပါဠိတော်မလာ ဒုဋ္ဌဗ္ဗာဟု၊ မိန့်သောကြောင့်"ဣတရေ ပါ။ မရတိ၊ ပါရာဇိကံဟု ရှိသည်၌ ပါရာဇိကံကို အပိုမှတ်။

ဝိသဖသ မဟာကစ္ဆုဖသာဒယော၊ အဆိပ် အတွေ၊ မျောက်ယောင်းမပင် အစရှိသည် ကိုသည်။ ဝိသဖသ မဟာကစ္ဆုဖသာဒယော၊ အဆိပ်အတွေ့၊ ဝဲကြီးအစရှိ စသည်ဖြင့် နိဿယများ၌ ပြန်ဆိုကြသည်။ ကစ္ဆုတိ မဟာကစ္ဆု-ဟု မဟာနိဒ္ဒေသဋ္ဌ(၅၁)၌ဖွင့်သည်။ ကပိကစ္ဆုဒုဖဿောထ (အဘိဓာန် ၅၈၂) သည် ပရိယာယ်ဖြစ်သည်ဟုမထင်။ ကပိကစ္ဆု ဒုဖဿောထ။ ။(အဘိဓာန် အမှာပင်။ ၅၈၂။ ။)မျောက်ယောင် မပင် ပရိယာယ်။ ။ကင်ိနံ ဝါနရနံ ကစ္ဆုံ ဇနေတီတိကပိကစ္ဆု၊ ဒုက္ခ သမ္ဖဿတာယ ဒုဖဿော။ ။(အဘိဓာန် ဋီကာ၅၈၂-ဂါထာ)။ ။

တနည်းကား။ ဝိသဖဿ မဟာကစ္ဆု ဖဿာဒယော၊ အဆိပ်အတွေ့ ပွေးကြီးနှာ အတွေ့စသည်ကိုသည်။ ။ပါမံဝိတစ္ဆိကာ ကစ္ဆု။ ။(အဘိဓာန် ရောဂ၊ ၃၂၇-ဂါထာ) စိနပဋ္ဌ ဟံသပုပ္ဖ လိကာ ဖဿဒယော၊ စိန့်တိုင်း၌ ဖြစ်သော ပုဆိုးအတွေ့ ဟင်္သာတို့၏ အတောင်အတွေ့ လဲအတွေ့စသည်တို့သည်။

ဟဿမာနေနာ ကိဠာပိ ဘဏာဘိ။ တထာ ပိ ဒေါမနဿ စိတ္တေနေဝ ဘဏတိတိ ပေဒိတဗ္ဗာ။

အနုပ္ပဗ္ဗဇ္ဇာ ဘာဝါ စ၊ ဒေါမနဿ ၏ အစဉ်ဖွဲ့ခြင်း၏ မင်္ဂခြင်းကြောင့် လည်းကောင်း၊ မကောက္ကကဘာဝံ၊ တစ်ပါ.သော ဂင်လာနရဟန်း၏ သေခြင်းကို မိတ်တို့အလိုရှိသည်၏ အဖြစ်ကို ယထာယနာဝ၊ အသက်အားလျော်သဖြင့် သာလျှင် ယာဂ နိဒ္ဒါ နိဿနာဝ၊ အသက်အပိုင်းအခြားအားလျော်သဖြင့်သာလျှင်။ [ဒုနိသန္တိ ဩ၊ အနဲ့ ရှ၊ သံ-ရေရှိသော ခါ-ခါတ်သည် ပရိစ္ဆဒဟော] တစ်နည်းကား ယကာနှာ နိဿာဝ၊ အသက်အစဉ်အားလျော်သဖြင့်သာလျှင်။ [ဒု နှု-ရှေး သံ-ရှေးရှိသော ခါ-ခါတ်သည် အနုပ္ပဗ္ဗဟော]။

အသဥ္စိစ္စ ကင်ပ် ဘာဂဝါတိ။ (ပါဠိတော်ဝိ၊၁။၁၁၁) ဘဂဝါ၊ မြတ်စွာဘုရား။ အဝယ်၊ သည်။ အသဥ္စိစ္စ၊ ၍။ မတ္တကော၊ ၌။ အဝတ္တာသိ၊ ဖိမိပါ၏။ ။

အသဥ္စိစ္စေတိ အဝဓကစေတနော။ (အဋ္ဌကထာ ဝိ၊ ၂၊၆၇)။ အသဥ္စိစ္စာ အဟန္တုံ ပါဏံယံ နဒီယတိ။ အဋ္ဌကထာယံ ဝုတ္တတ္တာ တထာ ရူပါယ ပါဏံယာဘာဝီ တဗ္ဗန္တိ ဝဒန္တိ (ဝဇီရဗုဒ္ဓိဋီကာ။ ၁၆၇-နှာ)။

ပဥ္စဗန္ဓံ၊ ဘောဇဥ်ကိုနှိပ်စက်သည်ကို။ ဝါ။ ဘောဇဥ်၏အန္တရာယ်ကို။

ဧတ္ထ စေတဿ ပရိက္ခိတ္တာဝါ ပေ။ ပရိက္ခိတ္တာတိ ယေန ကေနစိ ပါကာရေန စသောစကား၌ မဟာဝါအဋ္ဌကထာ တေသဉ္စကူဋ္ဌကအဖွင့် (ဝိ၊ဋ္ဌ။၃၊၃၀၀) လာ ဂေါနိသာဒိကာဘူမိအရာ၌ ပြုအပ်သော အရံကဲ့သို့ နွား-မ-ကျော်နိုင်အောင် ရံသော အရံကို။ ထင်ရှားကျက်ယောင်းသည် ရှိလွန်မည်။ဧတ္တာဝတာ ဝရိက္ခိတ္တာတိ ဝစနေန။ ။ဧတ္ထ အနရိက္ခိတ္တာ ဂါမေ။

[၄၁-၄၇၉] သဘာဂေ ဣတိလိင်ဗျတ္တယေန သဘာ ဝတ္တာဟူသောစကားနှင့်သဘာဟူသော ဣတ္ထိလိင်သဒ္ဒါသည် သဘာယံ ဟုနပုံလိင်ပြန်သည်ကို လိင်ပြန်သည်ဟုဆိုသည်မဟုတ်၊ သဘာယ-သဒ္ဒါသည် နပုလ္လိင်တည်ဟူသော လိင်အထူးနှင့်ယှဉ်၍ ဆည်ဖြစ်၍ သဘာ-ဟူသောဣတ္ထိလိင်သဒ္ဒ၏ ပရိယာယ်ဖြစ်သည်ကိုသာ လိင်ပြန် ဆိုသတည်း။ တေရသကဏ္ဍကာ ဝိမတိဝိနောဒနီဋီကာ နှစ်စောင်ကိုမှီး၍ ဤ အဓိပ္ပါယ်ကို သိသတည်း။

တတ္ထ သဒ္ဒသိဿဋ္ဌနေနဝါ-စသော အဋ္ဌကထာစကား၌ သဘာယေဝါဟု သာမညအားဖြင့်ဆိုပြီးသော်လည်း သက်နိုးထားရာသဘင်ကိုသာ ယူရမည်၊ အမှတ်မရှိသော သဘင်ကို မယူအပ်။ ထို့ကြောင့် အဋ္ဌကထာ၌ သဘာယ နိက္ခိပိတ္ဝာ ပန စသော စကားကို ဆိုသတည်း။ ဤအဋ္ဌကထာစကား၌လည်း သဘာယေဝါအရ အမှတ်မရှိသော သဘင်ကို မယူ၍၊ သက်နိုးထားရာ သဘင်ကိုသာ ယူရမည်၊ အကယ်၍ ဒါမ်၌ သက်နိုးကိုထားရာ၌ အမှတ်မရှိသော သဘင်ကို ယူသည်ဖြစ်အံ့ သဘင်၌သက်နိုး ထားရာ၌လည်း အမှတ်မရှိသော သဘင်ကို ယူရရာသည်။ ဤသို့ ... သဒ္ဒသိဿဋ္ဌနေန ဝါ၊ နဂရဒ္ဒါရမူလေဝါ ဒရက်လည်း သက်နိုးထားရာ သိမ်နှင့်နီးသော ... ဂါရင်းကိုသာ ယူရမည်။ အထောက်ကား ... သဘာယေ နိက္ခိပိတွာ ပန စသောအဋ္ဌကထာစကားတည်း ။ ဇရင်းအဋ္ဌကထာ၌ ... ဒွါရမူလေဝါ ဟုသာမညအားဖြင့် ဟောတော်မူအပ်သည်ကို ဗုဒ္ဓမတ္တည့်ဖြစ်၍ ဝိသေသ

၁။ ကတ္ထုတာသို့ ဂါမေဝ ဧကူပစာရော နာမ ကောတဗ္ဗော ဟုရှိမည်။

ဖွင့်သတည်း။ သဘာဝယံ ဂစ္ဆန္တေန စသော ပါဠိတော် စကား၌ သင်္ကန်း ထားလို၍ သဘင်သို့ သွားသော ရဟန်းသည် သဘင်၌ ပရိသတ်ပြုမ်းသည်ဖြစ်၍ မိမိ၏ဟတ္ထပါသ်သို့ ရောက်သော အိမ်စျေး၌ထားသည်ဟူမှတ်။

ဟတ္ထပါသေ ဟတ္ထံ ပသာရေတွာ စသော အဋ္ဌကထာစကား၌ ဟတ္ထပါသ အရ ရဟန်း၏ဟတ္ထပါသ်ကိုသာယူ။ သဘင်၏ ဟတ္ထပါသ်ကို မယူလင့်။ အကြောင်းကား လမ်းသွားဆဲရဟန်း ထားသောအရာဖြစ်သောကြောင့်တည်း။ အာပတ္တေ-ဖြင့် ဟတ္ထပါသ-အရ နှစ်တောင့်ထွာ ပမာဏမဟုတ်၊ နှစ်တောင့်ထွာ ပမာဏသို့ရောက်သော အိမ်စျေးဟု ပြုသတည်း။ ဤသို့ ဖွင့်သည်ကား စီရင်ဂ္ဂိပိတ္တာကို ထောက်၍ ဖွင့်သတည်း။ ဟတ္ထပါသဂတ-အရ အိမ်ကျောင်း စသည်တို့နှင့် ဆက်ဆံသောကြောင့် ကိုယ်ခွဲ အာပတ္တေ-ကို မိန့်သတည်း။ အိမ်စျေးသည်၏လက်၌ထားသည် ဟူ ဆိုသတည်း။ သဘင်၌ သင်္ကန်းကိုထားအံ့ဟု လမ်းသွားဆဲပုဂ္ဂိုလ်ရသော အနုဇာနကို ဆိုသောအရာဖြစ်၍ လမ်းမ၌ အိမ်ကျောင်းစသည်မရှိ အိမ်စျေးသာ ရှိသင့်သောကြောင့် ဤသို့ ဖွင့်သတည်း။ သဘာဝယံ ဂစ္ဆန္တေန-စသော ပါဠိတော်ကိုထောက်၍ ဖွင့်သတည်း။

[ကျော်တော်] အဘယ့်ကြောင့် အိမ်ကျောင်းသည်၌ မထားသနည်းဟု မေးရန်ရှိသောကြောင့် ဟတ္ထံ ပသာရေတွာ ။ပ။ နက္ခမပသုဒေ-စသောစကားကို မိန့်သတည်း။ (လမ်းသွားနှင်း အသားလွဲသောကြောင့် ဟူ ပိုသတည်း။)

အာပတ္တေဟု ဝိသေသဖွင့်သည်ကား လမ်းအားလျော်စွာ ဖွင့်သတည်း။ လမ်း၌ရှိသမျှ ကင်းတဲ ရေချမ်းစင် စသည်တို့၌လည်း နည်းတူ သိအပ်၏။ ပုရိမ နယေနေဝ-ဖြင့် ဟတ္ထ သဒ္ဒသံသန္ဒေနဝါ။ပ။ အသက္ကောန္တေန ကို ညွှန်းသတည်း။ အဋ္ဌကထာ၌ သဘာဝေ ဝါ ဝတ္တဗ္ဗံ ဒွါရမူလေ ဝါ၊ ဟတ္ထပါသာ ဝါ နဝိဇဟိ-တဗ္ဗံဟု သာမညအားဖြင့်သာဆိုငြားသော်လည်း ဥပတိဿမထေရ်ဝါဒကို ထောက်၍ သင်္ကန်းထားရာလမ်း တစ်လျောက်ရှိသော သဘင်လမ်း၏ ရှေးရှုဖြစ်ကုန်သော တံခါးတို့၏ ဟတ္ထပါသ်ကိုယူ။

ဟတြာယံ ဝိနိစ္ဆယော-စသည်ဖြင့် ဟတ္ထပါသေ ဟတ္ထံ ပသာရေတွာ စသော နောက် စကားကိုသာ အံ့ဖြတ်သတည်း။ ရှေ့စကား၌ ဤ အဆုံးအဖြတ် မရကောင်း။ လမ်း၌ ထားသည် မဟုတ်သောကြောင့်တည်း။ တတြ ဟတ္ထပါသာ ဝါ နဝိဇဟိတဗ္ဗန္တိဝစနေ ယသ္မာ ပန ဝီထိယာ နှင့် ဆိုခဲ့ပြီးသော ကိုယ်ခွဲ အာပတ္တေ-အရတူသည်း။ ။သဗ္ဗတ္ထ ဒွါရသ-သသသုး ။ဟသာာ သမ္မုခဋ္ဌာနေ-ဖြင့် လမ်းတစ်လျောက်ရှိသော သဘင်နှင့်

လမ်း၏ရှေးရှုဖြစ်သော တံခါး၌ ကျင့်ရသော အစီအရင်ကို ပြသတည်း၊ တဿာ ဝီထိယာ သမ္မုခဋ္ဌာနေ-ပသော ပြေရာသ ဖော်ပြ ပါ (၂၄၉၄) စာပိုဒ်၌ တတ္ထဖြင့် သမ္မုခဋ္ဌာနေကိုစွဲ၊ သာ စ အန္တရဝီထိ-ဟူရာကိုလည်း သက်နိုးထား ရာ ရှေးလမ်းကိုယူ။ သာ စ ဟု တာ-သဒ္ဒါဖြင့်ဆိုသောကြောင့် ညွှန်ယူရမည်ကို သိအပ်၏။ လက်ဝဲလက်ယာလမ်း၏ အကြားဖြစ်သောကြောင့် အန္တရဝီထိ-ဟု ဆိုသတည်း။

ဂိမ္ဟတိဝိနောဒနီ (၁၊၃၁၇။) ၌ ကား သင်္ကတံခါးတို့၏ အကြားခရီးဟူ၏။ သက်နိုးသားရာရှေး၏ အနီး၌ သင်္ကန်းရှိမှ ...။ သင်္ကန်းတစ်လျှောက်၌ အိမ်ကို ယူရသည်ကား လမ်းတစ်ပြောင်းပြောင်းသော အားပေါ်သောကြောင့်တည်း။ သင်္ကန်းနှင့်အိမ်ပြတ်၍ နေရာ၌ ခရီး၏ဟတ္ထပါသ်ပြင် ပိုင်းခြားရသည်။ ထို့ကြောင့် "ဝီထိဟတ္ထပါသေ နုက္ခတိ" ဟု ... ဝင်ငံနေသော် ဝီထိဂေဟ-ကို ယူဆို၍ အာဒိသရိယောသ ... ပယ်တော်အပ်၏။ အော-ပဏအရ သင်္ကန်းနှင့် နီးနီးသော အိမ်... ယူရသည်ကြောင့် ... အပ်၏။ အဋ္ဌကထာ၌ သာရသ ဟတ္ထပါသေ ဂတ္တ-ဟူသော ... သင်္ကန်းမရှိသော အိမ်ကိုရည်၍ ဆိုသတည်း။ သင်္ကန်းသော ... ပြခဲ့မှု ယည့် သဇေ့ စိဝရံ နိက္ခိတ္တံ ဟောတိ၊ ဝ.သို့ သဧရ ... ပါ ဝသော ... လာတိုင်း ဆုံးဖြတ်အပ်၏။

ပုရေဘတ္တ ဝါ ပစ္ဆာဘတ္တ ဝါ-ဟူသော စကားကို နှစ်ခုသော ခရီးတို့ကို နှံ့၍ဘည်သော အိမ်ဖြစ်၍ မွေနောက်ခရီးသွားသော ... ခရီးအသော အရှောက် ရလေသလောဟု ... ဆိုသတည်း။ အိမ်၏ရှေ့နောက်နှင့်အတူ ခြေရင်းခေါင်းရင်း၌လည်း အိမ်၏ ဟတ္ထပါသ်၌သာ အရုဏ်တက်စေရမည်။ ဟတ္ထပါသေ-ဟူသော ... ကိုလည်း သင်္ကန်းမရှိသော အိမ်ကိုယူ၍ ဆိုသတည်း။ ဝေ-သဒ္ဒါဖြင့် ဝီထိဟတ္ထပါသကိုဂန္ဓ၊ သင်္ကန်း-ယေ စိဝရံ နိက္ခိပိတ္ဗ-ဝသော ပင်္ဂိမဏ္ဍလာကို သင်္ကန်းယေ နိက္ခိပိတွာ ပန-စသည်ဖြင့် ဖွင့်သတည်း။ သင်္ကန်းယေ ဝါ-ဟု ... သက်နိုးထားရာ သင်္ကန်းကိုသာ ယူလေ။ သမ္မုခေ သင်္ကန်းယေ ဟု မဖွင့်သောကြောင့်တည်း။

တဿ သမ္မုခေ ဟူရဒ္ဒါရှုသော် သက်နိုးထားရာသင်္ကန်းနှင့် နီးသည်ကို သမ္မုခေ-ဆိုသတည်း။ သ ဘင်ပေ သာသာ ပနဲ ယဒိ ... ဝေနတ္ထာ သာလာသဒ္ဒိသ ကဘာ-ဟူသော ဝိမတိဝိနောဒနီ (၁၊၃၁၈)၌ စကားကို ထောက်၍ အိမ်ဝန်းပွဲလမ်းကျင်းပရန် များစွာသောသူတို့နှင့် ဆက်ဆံသော အား ဖြင့် လည်းကောင်း, ဆက်ဆံသောအားဖြင့် လည်းကောင်း ဆောက်လုပ်၍

ထားအပ်သော ဟင်းကုတ်ကိုယူလေ။ သာဘာ ပန ဟဒိ သမ္ဗေသံ ဝသနတ္ထာယ သာလာသဒိသာ ဂေဟာ။ အန္တရာရာမေ ပိယ ယထာ သုခံ ဝသိတုံ ဧန္တိတိ ဝေဒိတဗ္ဗံ-ဟူသော ဝိမတိဝိနောဒနီ (၁၊၃၁၈) စကားကိုယောဂ်၍ ရှာတင်း ဇရပ်၌ ရှာတင်းကျောင်း အာရာမ်၌ကဲ့သို့ အလိုရှိတိုင်း သက်နှမ်းမှုံခြင်းစသည်ကို မပြုမူ၍ နေရမည်ကို သိအပ်၏။ သဗ္ဗတ္ထ နိဝေသနာဒိသု ကေပူပစာရတော စ။

တေရသကဏ္ဍဋီကာ (၁၊၃၉၄) ၌ သဗ္ဗတ္ထာပိတိ ဂါမာဒိသု အဇ္ဈောကာသ ပရိယန္တေသု ပန္နရသသု-ဟု ဖွင့်အပ်၏။ ဂါမ၌ ကေပူပစာရ, နန္တပစာရကို ပြုပြီး ဖြစ်သောကြောင့် သဗ္ဗတ္ထ-အရ ဂါမ ပါသင့်မည်မထင်ပေ။

အာဒိမှိ စ အန္တေ စ-ဟု စ-သဒ္ဒါကိုယူဥ်။ သဗ္ဗတ္ထ နိဝေသနာဒိသု ပဉ္စကေ- ပါဒိဝသေန။ ။

[၁၁၄၀၀–၄၀၁] သမ္ဗောသုံးသူခပ်သိမ်းတို့နှင့်

[၁၁၄၀၂၊၄၀၇] ၎ တော ဥဒ္ဒေါသိတတော ပဋ္ဌာယ။ ။

[၁၁၄၀၈]ပရိယာဒိယိတွာ သိမ်းယူ၍(ဝ)လှမ်းမိုး၍။အဇ္ဈောကာသေ ရှာကျွင်းမြစ်တွင်း ၌။ နဒီပရိယာရော စ လည်ပတ်၏အပွင့် ဝိမတိ ဝိနောဒနီလာ ဒဇ္ဈေ ဝါဒကို တေရသကဏ် ဋီကာဆရာ၊ ဝိမတိ ဝိနောဒနီဋီကာ ဆရာနှစ်ပါးပင် နှစ်သက်တော် မမူ။

ဝိဟာရရံ ဂန္ဓာ ဂေသိ တမ္ဗုံ၌ တစ်သိမ်မှ ပေးအပ်သော ဆန္ဒသည် တစ်သိမ်သို့ မရောက်သကဲ့သို့၊ သိမခြားသည်ဖြစ်၍ သက်နှမ်းအစောင့်အရှောက် မရှိသောကြောင့် ကျောင်းသို့သွား၍ နေအပ်သည်ဟူလိုသတည်း။

ယသ္မာ နာနာကုလာ ပရိက္ခိတ္တော ခေတ္တာ စသော တေရသကဏ်, (၂၊၃၉၅)၌ကာလာ စကားကို ထောက်၍ ပင်္ဂြေ ဝိဂယ်နာနာကုလ ပရိက္ခိတ္တ ခေတ္တဝဍ္ဍကရော အာရာမ တို့ကိုဆိုသောအရာ၌ "အန္တော ခေတ္တေ ဝတ္ထဗ္ဗံ အန္တော ဋ္ဌကရဏေ ဝတ္ထဗ္ဗံ,အန္တော အာရာမေ ဝတ္ထဗ္ဗံ" ဟူသော စကား သုံးချက် မရှိသင့်သည်ကို သိအပ်၏။ လောဂမာရဇိန် ကျောက်စာ၌လည်း မရှိ။ ခုဒ္ဒသိက္ခာ ဋီကာဟောင်း၌လည်း မရှိ။

[၁၁၄၈၁-၄၉၂] အဇ္ဈာကာသေ၌ ဝိဟာရနေနိဝေသန သဒိသော-ဟူသော စကားဖြင့် မိမိဖွင့်အပ်ပြီးသော ဟတ္ထပါသာဝါတိ ဂဗ္ဘဿ ဟတ္ထပါသာ စသော စကားကို ညွှန်ပြသတည်း။ နိဝေသန အဆုံးအဖြတ်နှင့် ဝိဟာရအဆုံးအဖြတ် အလုံးစုံမတူ။ ပါဠိတော်လာပုံကိုယောက်သတည်း။ "နိဝေသန သဒိသော၊

နိဝေသနဌ် ဖွင့်ဆိုအပ်ပြီးသည်နှင့်တူ၏”ဟု အနက်ပေး။ (ဝုတ္တ-သဒ္ဒါ ကျေသတည်း)။

ဝိဟာရေနာမ သပရိက္ခိတ္တော ဝါ စသော ဧရသကဏ်ဋီကာ(၂၊ ၃၉၅) စကားဌ် ကျောင်းတိုက်ကို အာဝါသဆိုသတည်း။ ကျောင်းတိုက်ကို တည်ထောင်ရင်း ဒါယကာ၏ အစွမ်းအားဖြင့် ကောကုလ,နာနာကုလ သန္တက ကို သိအပ်၏။ ကျောင်းအရံကို ပြုတတ်သော ဒါယကာ၏ အစွမ်းအားဖြင့် မှတ်ခဲ့သော် ပရိက္ခိတ္တ-မှာ အမှုက်ခက်သတည်း။

အဋ္ဌကထာဌ် ဆာယာယ ဖုဋ္ဌောကာသဿ-ဟုဆိုငြားသော်လည်း ဝိရုဠသာခါယပန-စသော နောက်စကားကို ထောက်၍ အပန်းဖြေ၍ နားနေခြင်းငှာ လျောက်ပတ်သော အရိပ်ကိုသာ ယူရမည်။ နေပူမျှား၍ နားနေခြင်းငှာ မလျောက်ပတ်သော အရိပ်ကို မယူလင့်။

အဂါမက် နာမ-စသော စကားဌ် ရွာနယ်မှ လွတ်သော တောကိုသာ ယူလေ။ ဝိဥ္ဈာဋဝိတော-သည် ဝေဘာမ်ပင် အနီးအပါးဌ် ရှိသတည်း။ မဇ္ဈိမဒ္ဓါနံ အဂမနပထေ-သည် သမုဒ္ဒမဇ္ဈေ၏အဖွင့်တည်း။ ဒီပကေသု-သည် မဇ္ဈိမဒ္ဓါနံ အဂမန ပထေ-၏ အဖွင့်တည်း။ ကင်္ခါဂဏ္ဌိ ဌ်“အဂမနပထေသု[၁] တို့ဌ်”ဟုအနက်ပေးသတည်း။ မဟာဝါ အဋ္ဌကထာ ဥပေါသထက္ခန္ဓက အဖွင့် (ဝ႑ြ၊၃၊၃၃၆)ဌ် ဤအဋ္ဌကထာဌ် ကဲ့သို့ အဂမနပထေ-သာရှိသတည်း။ ဣတရသ္မိံ၊ အရှေ့အရပ် သို့ သွားသည်မှ တပါးသော အနောက်အရပ်သို့သွားရာဌ်။

[၁၄၂၅]အသဲ၊ ထိုရဟန်းသည်။ (ဝါ)၏။ နာယန္တဿေဝ၊ ရေချိုးစဉ်သာ လျှင်။ ဆင္ဒီ အနာဒရတည်း။ ။အပရိဘောဂါရဟတ္တာတိ၊ ဣမိနာဝ-စသော တေရသကဏ်ဋီကာ (၂၊ ၃၉၅) စကားဌ် အဋ္ဌကထာမှာ နိဿဂ္ဂိယ ဘာဝဿ ဓာနေ အပရိဘောဂါရဟတ္တာ ဟု ဝိသေသမဆို၊သာမညအားဖြင့်သာဆိုသော ကြောင့် ဤအပရိဘောဂါရဟတ္တာ-ဟူသော သာမည စကားဖြင့် ဒုစိတ္တက အနက်သဘောပြီး၏ ဟူလိုသတည်း။

ဒွေ ဟတ္ထေန ဂဟေတ္ဗာ-ဟူသော စကားကို ကေသီနှင့် ဒုကဋ်ကို မဝတ်ရှိ သင့်သောကြောင့် ဆိုသတည်း။ ကော် ပါဠိပိုတ္ဒာ ကော် အံသကူဋေ ဌပေတ္ဗာ ဂန္တဗ္ဗန္တိ၊ ဣဒံ ဗဟူနံ သဉ္စာရဋ္ဌာနေ-စသော တေရသကဏ် ဋီကာ(၂၊ ၃၉၅)ဌ်

၁။ ချောင်းကောက် ကင်္ခါဂဏ္ဌိ(၃၂)ဌ်“အဂမနပထေသု-လူးလာ မပြန်နိုင်ကုန်သော” ဟုရှိ၏။

န သာရုပ္ပံ-ဟုဆိုသည်ကိုထောက်၍ တစ်ထည်တို ဝတ်၍၊ နှစ်ထည်ကိုကိုင်၍ သွားသော်လည်း အပြစ် မရှိသည်ကို သိအပ်၏။

နသက္ကာ-စသော အဋ္ဌကထာစကား၌ စီဝရံ အပနေတွာ စကားကုံ နိသိဂ္ဂိယ-သင်္ကန်းကို ဝတ်ရုံလျက် ဝိနည်းကံ မပြုကောင်း သောကြောင့် ဆိုသတည်း။ ထို့ကြောင့် နဟိက္ခဝေ နိဿဂ္ဂီစီဝရံ န ဒါတဗ္ဗံ။ယော နဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟု (ဝိ·၁၊၂၉၇။) ဟောတော်မူအပ်၏၊ နိဿဂ္ဂိယသင်္ကန်းကို ဝတ်လျက် ဝိနည်းကံမပြုရသည်နှင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်အား ပေး၍ ဝိနည်းကံ ပြုရသောကြောင့် ဤစကားကို ဆိုသတည်း။

ဗဟိ ဂါမံ ဂန္တွာ-ဟူသောစကားကုံ ဆွမ်းစားဇရပ် စသည်မှ တစ်ပါးသော အရပ်၌ သုပ္ပဋိစ္ဆန္န-သိက္ခာပုဒ်နှင့်အညီ နေရသည်ဖြစ်၍ သင်္ကန်းကို ကိုယ်မှ ပယ်ရှားခြင်းငှာ မအပ်သောကြောင့် ဆိုသတည်း။

သစေ ဂစ္ဆန္တာနံ ယေဝ-စသော စကားကို မယေရ်တို့က သိတင်းငယ်တို့ကို ငဲ့ကွက်ခြင်းရှိ ၍ သွားနှင့်သော အရာကိုရည်၍ ဆိုသတည်း။ မငဲ့မူ၍ သွားစ ခဏ၌ နိဿရည်းငြိမ်း၏။ ။စီဝရံ နိဿဂ္ဂိယံ-၌ ဆရာ၏သင်္ကန်း နိဿဂ္ဂိယ ဖြစ်သည် ဟူလိုသတည်း။ တေရသကဏ္ဍဋီကာ (၂၁၃၉၅)၌ ဥဿာဟော အပရိ-စ္စတ္တေပိ စကား၌ မအိပ်မီက အရှင်၏အဘွင်း၌ မိအောင် လိုက်အံ့ဟူသော အားထုတ်ခြင်းကို ဥဿာဟ-ဆိုသတည်း။ ဤ ဥဿာဟော အပရိစ္စတ္တေ ပိ စသော အာစရိယဝါဒကို ဂါမံ ပဝိသ်တွား၊ပ။ န ပဋိပဿမ္ဘတိဟူသော အဋ္ဌ-ကထာစကား့ ယေပ် အန္တေ၁အရူဏေ ယေဝ။ ပ။န ပဋိပဿမ္ဘတိ-ဟူသော အဋ္ဌကထာစကားတို့ကို ထောက်ထား၍ ဆင်ခြင်ရန်ရှိသတည်း။ဤအရာ၌ ဝိမတိ ဝိနောဒနီဋီကာလာတိုင်း သင့်လိမ့်မည်ထင်သတည်း။

တေရသကဏ္ဍဋီကာ၌ သစေ ဇဝံ ဂစ္ဆန္တာ-မှစ၍ ကာယ၁ ဝုတ္တံ-တိုင်အောင် သော စကားသည် စောဒနာစကားတည်း။ တေရသကဏ္ဍဋီကာ၌ နိဿယ ပဋိပ္ပဿဒ္ဓိယေဝ-၌ ဝေ-ဖြင့် နိဿဂ္ဂိယကိုကန့်။

တစ်နည်းကား ဝေ-ကို န ဝတ္တဗ္ဗာ-နောင် ရွှေ့၍ အနက်ပေး။ ဝုစ္စတေ-ကား အဖြေတည်း။ သဥဿာဟတ္တာ စသော စကား, သတိပိ-စသောစကား (သာရတ္ထ ၂၁၃၉၆။)တို့သည် ဝုစ္စတေ၏ အကြောင်းစကားတို့တည်း။

သစေ ပန ဓေနုဘယေန ဝါ-စသော အဋ္ဌကထာစကား၌ ဝိမတိဝိနောဒနီဋီကာ ဆုံဖြတ်တိုင်း သင့်သတည်း။ ဂါမံ ပဝိသိတ္ဝာ စသော အဋ္ဌကထာစကား, ယေ ပိ အန္တောအရုဏေယေဝ စသော အဋ္ဌကထာစကားတို့နှင့် လျော်သတည်း။

အန္တောသိမာယံ၊ အဝိပ္ပဝါသ မဟာသိမ်အတွင်း၌။ ပစ္ဆာ၊ သိမ်သမုတ်သည်မှနောက်၌။ ပတိဋ္ဌာပိတံ၊ တည်ထောင်စေအပ်သော။ ဂါမံ၊ ရွာသို့။

နေဝစီဝရာနိ နိဿဂ္ဂိယာနိ ဟောန္တိ-၌ အကြောင်းကား အဝိပ္ပဝါသ မဟာသိမ်အတွင်း၌ ဖြစ်သောကြောင့်တည်း။ နိဿယော ပန ပဋိပဿမ္ဘတိ-၌ အကြောင်းကား အဝိပ္ပဝါသ မဟာသိမ်တွင်းဖြစ်ငြားသော်လည်း ဥပစာရသိမ်တွင်း မဟုတ်သောကြောင့်တည်း။

ပစ္စုဒ္ဓရိတ္ဝာဝ ဒါတဗ္ဗံ စကားကို ထိုနေ့သိတင်းငယ် ပြန်မလာသော် နိဿ-ဂ္ဂိယ ဖြစ်သောကြောင့် ဆိုသတည်း။ ပစ္စုဒ္ဓရာပေတွာဝ ၌လည်း ဤအတူတည်း။ သစေ အဿတိယာ ဂစ္ဆတိ-ကို ထောက်၍ ဌပေတဗ္ဗံ-စကား၏အဆုံး၌ ဒဟ-ရေနာပိ အတ္တနော စီဝရံ ပစ္စုဒ္ဓရိတ္ဝာဝ ဒါတဗ္ဗံ။ ထေရဿာပိ စီဝရံ ပစ္စုဒ္ဓရာ-ပေတွာဝ ဒါပေတဗ္ဗံ-ဟူသော ဝါကျကိုလည်း သိအပ်၏။ အဿတိယာ၊ သတိမဟုတ်သဖြင့်။ (ဝါ) သတိမေ့သဖြင့်။

ဝိဿာသေန ဂဟေတွာ-၌ ဝိဿာသအားဖြင့် အယူမြောက်သည်ဖြစ်စေ မမြောက်သည်ဖြစ်စေ အခွင့်ဒါန်ကျသည်ချည်းတည်း။

ဥဒ္ဒေါသိတသိက္ခာပဒ ဒီပနီ နိဋ္ဌိတာ။

(၄-၄၉၇) ဥက္ခိပိတွာ-ဖြင့် ဥဿာပေတွာ-၌ ဥပုဗ္ဗ သိ-ဓာတ်၊ ဥ-သည် ဥဒ္ဓဂ်မအနက်ကို ထွန်းသတည်း။ ထို့ကြောင့် သိ-ဓာတ်သည်။ သိ-ဂတိယံဟူ၍ လာသော ဂတိအနက်မှတစ်ပါးသော ဥက္ခိပန-အနက်ကို ဟောသည်ဟု ပြသတည်း။

တေရသကဏ္ဍဋီကာ(၂၇၉၆)၌ ဘဏ္ဍိကာဗဒ္ဓါနိ ဘဏ္ဍိကာဗဒ္ဓါနိတိပိ ပဌန္တိ-ဖြင့် ဘဏ္ဍိက၌ အ-ချဿနှင့် ဘဏ္ဍိကဗဒ္ဓါနိ-ဟူ၍သာ ရွတ်သည်မဟုတ်။ ဘဏ္ဍိ-ကာ၌ အာဒီဃနှင့် ဘဏ္ဍိကာဗဒ္ဓါနိ-ဟူ၍ ရွတ်အပ်ကုန်၏ ဟူလိုသတည်း။ ဘဏ္ဍိကာဗဒ္ဓါနိကို ဘဏ္ဍိက+အာဗဒ္ဓါနိ-ဟု ပုဒ်ဖြတ်။ ဘဏ္ဍိကာကတွာ ဗဒ္ဓါနိတိ အတ္ထော ဖြင့် ပါဌ်နှစ်ပါးတို့၏ အနက်ကို ပြသတည်း။

(၄+၄၉၉-၅၀၀) အဋ္ဌကထာ၌ ကောဒသမာသေတိ ကော်-စသည်၌ ပစ္ဆိမကတ္တိက မာသံ-အရကား။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ကစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် တစ်လတည်း။ ကင်္ခါဝိတရဏီ (၁၅၉)၌ ဝဿာနဿ ပစ္ဆိမော မာသော-ဟု မိန့်အပ်သည်နှင့်အညီ ထိုတစ်လသည် မိုးလ၏ နောက်ဆုံးဖြစ်သောကြောင့် ပစ္ဆိမ-သဒ္ဒါဖြင့် ပစ္ဆိမကတ္တိကမာသံ-ဟုမိန့်သတည်း။ ကတ္တိကဿ ယုဇာမာသာ' ပစ္ဆိမပုဗ္ဗကတ္တိကာ ဟူသောအဘိဓာန်(၇၆-ဂါထာ)အရ ပုဗ္ဗကတ္တိကသည် သီတင်းကျွတ်လတည်း၊ ပစ္ဆိမကတ္တိကသည် တန်ဆောင်မုန်း လတည်း၊ တစ်မျိုးစီမှတ်အပ်၏။

တေရသကဏ်ဍဋီကာ(၂၃၉၇)ဝယ် အဋ္ဌကထာယ န သမေတိ-၌ အဋ္ဌကထာ အရ အစ္စေကစီဝရ-သိက္ခာပုဒ်အဋ္ဌကထာတည်း။ ၎င်းအဋ္ဌကထာ၌ အကာလ သင်္ကန်းဖြစ်လျက်နှင့် သင်္ကန်းကာလ၌ အစောင့်အရှောက် ရကြောင်းကို ဆိုသတည်း၊ ထို့ကြောင့် မညီ။

အကာလစီဝရသာမညတော၊ အကာလသင်္ကန်းနှင့် တူသည်၏ အဖြစ် ကြောင့်။ သဒိသူပစာရ-အားဖြင့် အကာလစီဝရ မည်သည်ကို ပြသတည်း။ ယဒိ ဝေ ကေပုဂ္ဂလဿ အစရှိသော စကားဖြင့် (သာရတ္ထ၊၂၃၉၇) အကာလ သင်္ကန်းနှင့် မတူသည်ကို စောဒနာသတည်း။

အာဒိဿ၊ အကာလသင်္ကန်းဟု ရည်ညွှန်း၍။ ဝစနသာမညတော၊ သံဃာ အား လှူအပ်သော အကာလသင်္ကန်းနှင့် လှူသောအခါ ဒါယကာဆို၍ လှူပုံ ရေတူသည်၏ အဖြစ်ကြောင့်။ လဒ္ဓမာနမတ္တံ၊ အကာလသင်္ကန်း၏ အဖြစ်ဖြင့် ရအပ်ကာမျှကို (သာရတ္ထ၊၂၃၉၇)။ ဝစနသာမညတောကို လဒ္ဓမာနမတ္တံ-၌ စပ်။ မတ္တ-ဖြင့် အကာလသင်္ကန်းစစ်နှင့် တူသောကြောင့် အကာလသင်္ကန်း မည်သည်ကို ကန့်သတည်း။

အဋ္ဌကထာ၌ ကေပုဂ္ဂလဿ ဝါ စသည်၌။ "ကေပုဂ္ဂလဿ ဝါ အကာလ စီဝရန္တိ ဥဒ္ဒိဿိတွာ ဣဒံ တုယှံ ဒမ္မိတိ ဒိန္နံ" ဟု အနက်ယောဇနာ။ ။ အထောက်ကား- အာဒိဿ ဝစနသာမညတော ဟူသော တေရသကဏ်ဍဋီကာ စကားတည်း။ ဤအရာဝယ် ဂိုဏ်းကို ပုဂ္ဂိုလ်၌သွင်း။ သံဃာ၌ သွင်းသော် မလျော်။

သုတ္တန္တိက ဂဏဿ-၌ နှစ်ပါးသုံးပါးကို ဂဏအရယူ။ ။တတော၊ ထိုသို့ လှူအပ်သော သင်္ကန်းမှ။ (ပတ္တဘာဂဝသေန-၌စပ်) တတော၊ ထိုသို့ရသော

ကြောင့်။ ။ပုဗ္ဗေ၊ ရှေး၌။ (ထည့်) ပေသိတံ၊ စေအပ်ပြီ (ဝါ) စေအပ်နေကျတည်း။ အတ္တော ကိစ္စာပိ ဟောတိ။ ပန တထာပိ မာသပရမတော စေဥတ္တရိ နိက္ခိပေယျာတိ ဇဝံ အဝတွာ။ ။အန္တရာ၊ မူလသက်နီးဖြစ်သည်မှဆယ်ရက်အတွင်း၌ဖြစ်သော ဒုတိယနေ့ စသည်၌။ပစ္စာသာစီဝရေ၊ သင်္ကန်းလျာပုဆိုးရနိုးခြင်းသည်။ ဥပ္ပဇ္ဇမာနေ၊ သော်။ (အတ္တနော ဂတိကံ ကရောတိ-၌စပ်) ပစ္စာသာစီဝရံ၊ သည်။ မူလစီဝရံ၊ ကို။ မူလစီဝရံ၊ သည်။ ပစ္စာသာစီဝရံ၊ ကို။

တေရသကဏ္ဍဋီကာ၌ "ဥဒ္ဓံ၊ ၌။ ဥပ္ပန္နံ၊ သော။ ပစ္စာသာစီဝရံ၊ ကို။ပ။ မူလစီဝရံ၊ သည်။ အတ္တနာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ကရဏသမ္ဗန္ဓတာမတ္တေန၊ ချုပ်ကာ စပ်ကာမျှဖြင့်။(မတ္တ-ဖြင့် ချုပ်၍ပြီးမှ ပိုင်းခြားသည်မဟုတ် ဟူသော အနက်ကို ပြသတည်း။) ယဒိ ပူရတိ။

အဋ္ဌကထာ၌ ပစ္စာသာစီဝရမ္ပိ ပရိက္ခာရစောဠံ အဓိဋ္ဌာတဗ္ဗံ စကား၌ "သစေ န လဘတိ၊ ပစ္စာသာစီဝရမ္ပိ ပရိက္ခာရစောဠံ အဓိဋ္ဌာတဗ္ဗံ-ဟူသော ကင်္ခါဝိတရဏီ အဋ္ဌကထာ(၁၆၃)။ ပိသဒ္ဒေန နကေဝလံ မူလစီဝရမေဝါတိ ဒဿေတိ-ဟူသော ကင်္ခါဝိတရဏီဋီကာ (၃၀၁)တို့နှင့် စပ်၍ အဓိပ္ပာယ်ကို မှတ်အပ်၏၊ ပစ္စာသာသင်္ကန်းနှင့် ရောအပ်သော မူလသင်္ကန်းကို ကာလအတွင်း၌ ဆိုး၍ မပြီးလျှင် ပရိက္ခာရစောဠ တင်ရသည်။

**တတိယကထိနသိက္ခာပဒဒီပနီ နိဋ္ဌိတာ။**

---

(ဋ္ဌ၊၅၀၃-၅၀၅) တေရသကဏ္ဍဋီကာ (၂၊၃၉၈)၌ ပိတာ စ မာတာ စ ပိတရော-စသော စကားကို အဋ္ဌကထာနည်းမှ တစ်နည်းအားဖြင့် ဆိုသတည်း။ အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ဆိုသည်မဟုတ်။ ထို့ကြောင့် အဋ္ဌကထာ၌ ပိတု ပိတာ ပိတာမဟော-စသည်ကို မိန့်အပ်၏။ တေရသကဏ္ဍဋီကာ၌ ပိတာ စ မာတာ စ ပိတရော ဟူသော စကားကို ပကတိသော ပိတုပုဒ်ကို ရည်၍ ဆိုသတည်း။ ပကတိသော ပိတု-ပုဒ်အာမဟ ပစ္စည်း၏အနက်ဖြစ်သော ပိတု-ပုဒ် ဤနှစ်ပါးစုံကိုရည်၍ ဆိုသည်မဟုတ်။ ထို့ကြောင့် ဇဝံ ဟိ ပိတာမဟဂ္ဂဟဏေနေဝ မာတာမဟောပိ ဂဟိတောဟု(သာရတ္ထ ဋီ၊ ၂၊၃၉၈။)မိန့်အပ်၏။ ပိတာမဟာ တေသံ ယေဝ-ကိုထောက်၍ ပိတူနံ ပိတရော-ရှိသင့်သတည်း။

**တစ်နည်းကား၊** ပိတူနံ ပိတာ-ကား ဧာတျာပေက္ခ။ ပိတာမဟာ တေသံ-ကား ဒဗ္ဗာပေက္ခ။ ပိတာမဟာ တေသံ-ဟူသော ဗဟုဝုစ်စကားကို အဖ၏အဖတစ်ယောက်၊ အမိ၏အဖတစ်ယောက်။ ဤသို့ နှစ်ယောက်ဖြစ်သောကြောင့် ဆိုသတည်း။ တေရသကဏ္ဍဋီကာ၌ ပိတာမဟဒွန္ဒာ-ဟူ၍လည်းကောင်း ပိတာမဟ

ဒွန္တာ-ဟူ၍လည်းကောင်း ပါဠိနှစ်ထွေရှိ၏။ ပိတာမဟ ဒွန္ဒာ-ရှိမူ "အဖိုးအဖွား တို့၏ အသက်အစုံတိုင်အောင်" ဟုအနက်ပေး။ ပိတာမဟဒွန္တာ ရှိမူ "အဖိုး အဖွားတို့၏ အသက်အဘိုင်းအရှည်ဟုဆိုအပ်သော ကာလအစွန်နှင့် ဆုံးသည့်တိုင် အောင်" ဟု အနက်ပေး။ ရှေးပါဠိအရှိများသတည်း ပိတာမဟယုဂါ-ဟူသော ပါဠိတော်နှင့်ညီသတည်း။ ယုဂနှင့် ဒွန္ဒ-သည် ပရိယာယ်တည်း။ ယုဂန္တု ယုဂင်္ စ ဒွန္ဒံ၊ အဘိဓာန်အရညာဒိဝဂ်(ဗြ၂ဂ-ဂါထာ)။

ဝိမတိဝိနောဒနီ (၁၁၃၂၃)၌ ပိတာ စ မာတာ စ ပိတရော၊ ပိတူနံ ပိတာ စ မာတာ စ ပိတာမဟာ စသော် စကားကို အဋ္ဌကထာနည်း ဧတရသကာဏ် ဋီကာနည်းမှ တစ်နည်းဆိုသတည်း။ ပိတုပိတာ ပိတာမဟော-စသော အဋ္ဌ- ကထာစကားကိုဒေသနာမုခမေဝ စေတံဟူသော အဋ္ဌကထာစကားကို ထောက်၍ သည်ဟု မှတ်အပ်၏။

ပိဘာမဟော ယုဇ္ဇတိဘိ ယုဂံ-ဟု ဝစနတ္တပြု၍ အာယုပ္ပမာဏကိုရသောကြောင့် "ယုဂန္တိ အာယုပ္ပမာဏံ ဝုစ္စတိ" ဟု အဋ္ဌကထာ၌ မိန့်သတည်း။

[ကျမ်းတက်]ပိတာမဟနှင့် ယုဂကို ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္တပြုရမည်ဟု ဖွင့်ပြီးလျှင် "ယုဂန္တိ အာယုပ္ပမာဏံ ဝုစ္စတိ" ဟု မိန့်တော်မူတိုင်း အာယုပ္ပမာဏ သည် ပိတာမဟယုဂ-မည်၏ ဟု မှတ်ရမည်လောဟု စောဒနာချန်ရှိသောကြောင့် တစ်နည်းဆို အဘိလာပမတ္တမေဝ စေတံ-ကို မိန့်သတည်း။

အဓိပ္ပာယ်ကား ပိတာမဟယုဂ-သဒ္ဒါသည် သဒ္ဒါမျှသာဖြစ်သတည်း။ သဒ္ဒါ ရှိတိုင်းအနက်ကို မယူရ။ အနက်ကိုကား "ယထာ ကတဥ္စ ဗျပ္ပတ္တိ၊ ရုဋ္ဌိယာ အတ္တဝိနိစ္ဆယော-ဟူသော(ဘေဒစိန္တာ၊ ၁၇၁)ပရိဘာသာနှင့်အညီ ပိတာမဟကို သာ ယူလေဟူလိုသတည်း။

ဧတရသကာဏ်ဋီကာ၌ ပိတာမဟဒွန္ဒာဟု မိန့်သည်ကား အဋ္ဌကထာနည်းမှ တစ်နည်းတည်း။အဋ္ဌကထာနည်းအားဖြင့် ယုဂသဒ္ဒါသည် ဒွန္ဒအနက်ကိုမဟော။ ပိတာပိတုပိတာ-စသော ရှေ့စကား၌ တဿ ပိတာ စ မာတာ စ-အစရှိသော နောက်စကားကိုထောက်၍ တဿ ပိတာ စ မာတာ စ ဘာတာ စ ဘဂိနီ စ ပုတ္တာ စ ဓီတရော-စဟူသော စကားကိုလည်း သိအပ်၏။ ဉာတိ ဗေဝံ ဉာမိနာ နယေန၊ ဖြင့်။ ဟုအနက်ပေး။ ဉာတိ ဗေဝံ-တိုင်အောင်သောစကားသည် နည်းပြစကားဖြစ်၍ အကျယ်နည်းကို ဤသို့ သိအပ်၏။

ပိတာ ပိတုပိတာ တဿပိတာ စ မာတာ စ၊ တေသံ ပိတာ စ မာတာ စ။ တေသံ ပိတာ စ မာတာ စ တေသံ ပိတာ စ မာတာ စ။ တေသံ ပိတာ စ မာတာ စ။ (ဤသည်ကား အဖအဘိုးမှစ၍ အထက်ခုနစ်ဆက်တည်း)။

ပိတာ ပိတုပိတာ။ တဿ ဘာတာ တဿ ပုတ္တာ စဓိတရော စ၊ တေသံ ပုတ္တာ စ ဓိတရော စ တေသံ ပုတ္တာ စ ဓိတရော စ။ တေသံပုတ္တာ စ ဓိတရော စ (ဤသည်ကား အဖအဘိုးတို့၏ညီအစ်ကိုမှစ၍ အောက်ခုနစ်ဆက်တည်း) ပိတာ၊ ပိတုပိတာ၊ တဿပုတ္တာ၊ တေသံ ပုတ္တာ စ၊ ဓိတရော စ၊ တေသံ ပုတ္တာ စ၊ ဓိတရော စ၊ တေသံပုတ္တာစ၊ ဓိတရော စ၊ တေသံ ပုတ္တာ စ၊ ဓိတရော စ (ဤကားအဖအဘိုး၊ အဘိုး၏သားမှစ၍ အောက်ခုနစ်ဆက်တည်း။)

ပိတာ ပိတုပိတာ၊ တဿ ဓိတရော။ တာသံ ပုတ္တာ စ ဓိတရော စ။ တာသံ ပုတ္တာ စ ဓိတရော စ၊ တာသံ ပုတ္တာ စ ဓိတရော စ တာသံ ပုတ္တာ စ ဓိတရော စ။ (ဤသည်ကား အဖအဖိုး အဖိုး၏ သမီးမှစ၍ အောက်ခုနစ်ဆက်တည်း။)အဖအဘိုး အဘိုး၏မိဘ၊ ထိုအမိအဖ၏ ညီအစ်ကိုမောင်ကြီး မောင်ငယ် အစ်မ နှစ်မ ညီမ သား သမီးမှစ၍ အောက်ကိုလည်းသက်လေ။ နောက်၌ ပိတု မာတာ တဿာ မာတာ စ ပိတာ စ ဘာတာစ အစရှိသည်ဖြင့် ဆိုသည်ကား နည်းပြတည်း။

ပိတုမာတာ တဿာ ပိတာ စ မာတာ စ တေသံ ဘာတာ စ ဘဂိနီ စ ပုတ္တာ စ ဓိတရော စ-ဟု မဆိုသော်လည်း သိအပ်၏။ ဤ ပိတာ၊ ပိတုမာ-တာ အစရှိသော စကား၌ ပိတာ၊ ပိတု ပိတာ-စသော ရေးစကား၌ကဲ့သို့ ငါးမျိုးတည်း။ ပိတာ ပိတုပိတာ အစရှိသော စကား၌ ပိတာ ပိတုဘာတာ တဿ ပုတ္တာ စ ဓိတရော စ။ တေသံ ပုတ္တာ စ ဓိတရော စ အစရှိသည် ဖြင့် ခုနစ်ဆက်။ ပိတာ၊ ပိတုဘဂိနီ တဿာ ပုတ္တာ စ ဓိတရော စ-အစရှိသည် ဖြင့် ခုနစ်ဆက်။ ပိတာ၊ ပိတုပုတ္တာ တေသံ ပုတ္တာ စ ဓိတရော စ အစရှိသည် ဖြင့် ခုနစ်ဆက်။ ပိတာ၊ ပိတု ဓိတရော။ တာသံ ပုတ္တာ စ ဓိတရော စ အစရှိ သည်ဖြင့် ခုနစ်ဆက်။ အဖအဆက်ပြီး၏။

မာတာ၊ မာတုမာတာ၊ တဿာ ပိ မာတာ-အစရှိသော စကား၌လည်း အဖဆက်ကို မှီ၍ သိအပ်၏။ အဋ္ဌကထာ၌ ရှေ့နှင့်နောက်ကို နောက်နှင့် ရှေ့ကို စပ်၍ အကျယ်ဝိတ္ထာရကို ဤသို့ ပြခဲ့သည့်အတိုင်း သိအပ်၏။

ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ အဖေး၊ အဖွေး။ လောကစကားသည် ဤအဋ္ဌကထာနှင့် ညီ၏။ သား၊ မြေး၊ မြစ်၊ တီ၊ မြွေး။ ကျွတ်၊ ဆတ်၊ လောကစကားတွင် ကျွတ်၊ ဆတ်၊ ဤနှစ်ခုသည် ဤအဋ္ဌကထာ၌မလာ။

ဥဘတောသံဃေတိ ဘိက္ခုနီ သံဃော စသည်ကို ရဟန်းမိန်းမတို့၏ အထံ၌ ရှေးဦးစွာ ရဟန်းခံရသောကြောင့် ဆိုသတည်း။

ဧတ္ထ ကိဥ္စာပိ-စသော တေရသကဏ္ဍဋီကာစကား၌ သာကိယာဒိနံ-၌ အာဒိ-သဒ္ဒါဖြင့် မိထွေးတော်ဂေါတမီကိုယူ။ ကိဥ္စာပိ-မှစ၍ လဗ္ဘတိ-တိုင်အောင်သော စကားဖြင့် ငါးရာ ကုန်သော သာကီဝင် မင်းသမီး၊ မိထွေးတော် ဂေါတမီ လိုင်ပြန်ကုန်သော ဘိက္ခုနီမတို့၏ အစွမ်းအားဖြင့် ဧကတော ဥပသမ္ပန္န ဖြစ်ကုန်သော ရဟန်းမိန်းမတို့ကို ဤသိက္ခာပုဒ်၌ ဘိက္ခုနီမ၏ အဖြစ်ဖြင့် ရအပ်သည်ကို ပြသတည်း။

ပကတိ နိယာမေနေဝ၊ ပကတိဖြစ်သော မှတ်သားခြင်းဖြင့်သာလျှင်။ (သာရတ္ထ ၂၊ ၃၉၉) ရဟန်းမိန်းမတို့၏ အထံ၌ ရဟန်းခံမှု ဧကတော ဥပသမ္ပန္န ရဟန်းမိန်းမတည်း၊ ရဟန်းယောကျ်ားတို့၏အထံ၌ ရဟန်းခံမှု ဥဘတောဥပသမ္ပန္န-ရဟန်းမိန်းမတည်းဟု တပည့်သားသာဝကတို့ ပကတိသာမညအမှတ်အသားကို ပကတိနိယာမဟု ဆိုသတည်း။

(၄၁၅၀၆)တေရသကဏ္ဍဋီကာ (၂၊၃၉၉)၌ ကာယ ဝါစာဟိ ကဍ္ဍိ ဝိကာရံ အကတွာ-၌ ဤရဟန်းသည် သက်နီး ဖွပ်စေလို၏ဟု သိစေသောအမူအရာကို ကဍ္ဍိ ဝိကာရံ-ဆိုသတည်း။ ဧကေန ဝတ္ထုနာတိ ပဌမ ဂဏေန-ဟူသော ဝိမတိ ဝိနောဒနီစကား (၁၊ ၃၂၃)၌။ ပဌမ ကတေန၊ ဓောဝါပန စသည်တို့တွင် အမှတ်မထင် ရှေးဦးစွာ ပြုအပ်ပြီးသော ဝတ္ထုဖြင့်" ဤသို့အနက်ပေးမှ တေရသကဏ္ဍဋီကာစကားနှင့် ညီသတည်း။ ဧတ္ထ သိက္ခာပဒေ။ ။

အဥ္ဇကထာ၌ အာနေဟိတိ ဝုတ္တေ-၌ ဝစ-ဓာတ်သည် ဒွိကမ္မကဓာတ်၊ ဘိက္ခုနီလည်း ကံတခု။ စကားလည်း ကံတခု၊ ထိုတွင် စကားကိုငဲ့၍ ဝုတ္တေ-ဆိုသတည်း။

အာနေဟိတိ ဝုတ္တာ-၌ကား ဘိက္ခုနီမကိုငဲ့၍ ဝုတ္တာဟု ဆိုသတည်း။ စကားကိုငဲ့မှု ရှေ့၌ကဲ့သို့ ဝုတ္တေ ဟုသာ ဆိုရာသတည်း။ ။ သဗ္ဗတ္ထ ပဒေသု။ ။

ရဟန်းယောကျ်ားတို့၏ အထံ၌ ပဉ္စင်းမခံမီ ရဟန်းမိန်းမတို့၏ အထံ၌ ပဉ္စင်းခံသည်ကို ဧကတော ဥပသမ္ပန္န ဆိုသတည်း။ ။ပဉ္စသတာ သာကိယာ-နိယော ဟု ဆိုခြားသော်လည်း မိထွေးတော် ဂေါတမီကိုလည်း သိအပ်၏။ တေရသကဏ္ဍဋီကာဝယ် အာဒိ-သဒ္ဒါဖြင့် ရှေကဖွင့်ခဲ့ပြီသည်ကို ထောက်သတည်း။ ဤအရာဝယ် တေရသကဏ္ဍဋီကာ(၂၊ ၃၉၉)၌ ပဉ္စသတာနိ ပရိမာဏ မေတာ သန္တိ ပဉ္စသတာနိ-ဟု အညပုဒ်ကို ဣတ္ထိလိင်နှင့်ထား၍ နိ-အက္ခရာနှင့်

နိပ္ပန္န ချလျက်စာအများရှိ၏။ နိ-အက္ခရာပိုသတည်း။ ဝိမတိဝိနောဒနီ၊ (၁၊၃၂၃) အာကာရန္တနှင့်ရှိ၏။ အဋ္ဌကထာ၌ ပဋ္ဌသတာ-ဟုရှိသည်နှင့်ညီသတည်း။ ။

ပုရာဏစီဝရ သိက္ခာပဒ ဒီပနီနိဋ္ဌိတာ။

---

[၄၊၅၀၈] ပိဏ္ဍပါတတော အရ ဌာနီဆွမ်းကိုဆိုသဖြင့် ဌာနဆွမ်းခံရာကိုယူ။ ကတစောရိကကမ္မာ ဟုတ္ဝာ။ ဟုတ္ဝာ ထည့်၍အနက်ပေး။ ထို့ကြောင့် ဟရိတ္ဝာ ဟုဖွင့်သတည်း။ [ဟရိတ္ဝာ၊ ခိုးယူကုန်ပြီး၍]။ ။စောရဇေဋ္ဌကော-ဖြင့် စောရာနံ ဂါမော သမူဟော စောရဂါမော။ စောရဂါမံ နေတီတိစောရဂါမဏိကော ဟု ဝစနတ္ထပြု၍။ စောရဇေဋ္ဌက ကို ရသတည်းဟုပြသတည်း။

ဂါမဏိကနှင့်ဂါမဏိယအတူတူ။ ဂါမဏိယော တု မာတင်-ဟယာဒျာစရိ-ယော ဘဝေ။ ။အဘိဓာန်ကုလဝင် (၃၆၈-ဂါထာ)။ ဂါမံ ဝါ ဟတ္ထာဒိသမူဟံ နေတီတိ ဂါမဏိယော။ နသ္သ ဏတ္တံ။ ။(အဘိဓာန်ဋီကာ ၃၆၈ ဂါထာဖွင့်) ဂါမဏိသေဋ္ဌသတ္တမာ။ ။အဘိဓာန်ဝိသေသျာဓိနဝင်။ ။(၆၉၅-ဂါထာ) ဂါမံ နေတီတိ ဂါမဏိ။ (အဘိဓာန်ဋီကာ၊ ၆၉၅) တိသု ဂါမဏိ သေဋ္ဌသ္မိံ အဓိပေ ဂါမဇေဋ္ဌကေ။ အဘိဓာန်အနေကတ္ထဝင် (၈၂၀)။

ဓေတ္တော၊ ဤအရပ်သို့။ မာဂစ္ဆထ၊ မသွားကြပါကုန်လင့်။ သဗ္ဗေ၊ အလုံးစုံ ကုန်သောခိုးသူတို့သည်။ ဣတော၊ ဤအရပ်သို့။ ထေ အာဧထ၊ လာကြကုန်။ သမာဓိမှာ၊ ဖလသမာပတ်သမာဓိမှ။ ။ တံ မံသံ အဂ္ဂဟေသိ ၌ ဒန္တပေါန သိက္ခာ ပုဒ် သန္နိဓိသိက္ခာပုဒ်တို့ကို ပညတ်တော်မမူသေးသည်နှင့် မိမိကိုယ်တိုင် အသားကိုကောက်ယူ၍ ထိုနေ့ကိုလွန်မှ ချက်ပြုတ်၍ ဘုရားသခင်အား လှူလေ သတည်း။ "အာမကမံသပဋိဂ္ဂဟဏာ ပဋိဝိရတော"-ဟု သုတ္တန် (ဒီ ၁၊၅) ၌ ဟောတော်မူသော်လည်း ဒါယကာတို့လှူသော သားစိမ်းကို ခံသည်ကိုရည်၍ ဟောတော်မူသောကြောင့် ပံသုကူဖြစ်၍ ကောက်လေသတည်း။ ဒါယကာတို့ လှူသော သားစိမ်းကိုရည်၍ ဟောတော်မူကြောင်းကိုကား အဒိန္နဒါန်သိက္ခာ ပုဒ်၌ ခြင်္သေ့,သစ်,ကျားတို့၏ စားကြွင်းကောက်ရသည်ကို ဆိုသည်ကိုထောက် ၍ သိအပ်၏။

သြဟိယျကော-၌ အဝ-ပုဗ္ဗ ဟာ-ဓာတ်၊ ဏျ-အနက်ဟော၊ ဟာ-၏ အစိတ် အာ-ကို ဣ-ပြု။ ဏျ-ကို အကပြု၊ ယ-လာ။ ရဟန်းတို့ဆွမ်းခံဝင်၍ ဥဒါယိကိုစွန့်သော် ဥဒါယိကလည်း ရဟန်းတို့ကို စွန့်သည်မည်သတည်း။ စွန့်ခြင်းဟူသည် ကြွင်းကျန်ရစ်ခြင်းတည်း။ ထို့ကြောင့် သြဟိယျကောတိ-စသည်ကိုမိန့်သတည်း။ အန္တိမန္တိပဋ္ဌန္နံ-စသည်ဖြင့် သဒ္ဒတ္ထကိုပြသတည်း။ အန္တိ-

မန္တိ ပတ္တိမံ–ဖြင့် သင်္ကေတတ္ထကို ပြသတည်း။ ဤ၌ တစ်ခုတည်းသောပုဒ်ကို နှစ်ခါတည်၍ဖွင့်သတည်း။ ။ ပဉ္စန္နံ စီဝရာနံကို နိဒ္ဓါရဏအနက်ပေး။ ကေမကံ ဟု နိဒ္ဓါရဏီယထည့်။ ထို့ကြောင့်တေရသကဏ္ဍဋီကာ(၂၄၀၀)၌ "ပဉ္စန္နံ စီဝရာနံ ကေမကံ"·ဟုမိန့်အံ့ပ်၏။ တေရသကဏ္ဍဋီကာ (၂၄၀၀)၌။ သဗ္ဗသော ဝါ ပရိယန္တံ-၌ "သဗ္ဗသော၊ ခြောက်ခုမြောက်သော သင်္ကန်းမရှိခြင်း၊ မိမိမှတပါး သော နှစ်ခုမြောက်သောသင်္ကန်းမရှိခြင်းတည်းဟူသော အလုံးစုံသော အခြင်း အရာအားဖြင့်"ဟုအနက်ပေး။

လေသေနာပိ၊ ငါးထည်ထက် အပိုထားလိုသော အမြွက်အားဖြင့်လည်း။ အကြောင်းထူးရှိသောကြောင့်တဘက်ကိုဝတ်ရသည်နှင့် သံကစ္စိကံ နိဝါသေတွာ ကိုမိန့်သတည်း။ ဥပမံ ဒဿေတွာ–ဖြင့် နိ·၏ နိဟရဏတ္ထ·ကိုပြသတည်း။ ဥပမာကို ထုတ်ခြင်းဟူသည် ဥပမာကို ပြခြင်းပင်တည်း။ တနည် ကား ဂါင္ဃံ ဖြင့် နိ·၏ဘုသတ္ထ·ကိုပြသတည်း။ ဥပမံ ဒဿေတွာ·ဖြင့် ဂါင္ဃံ ပိဠိယမာနာ–၏ သရုပ်ကို ပြသတည်း။

[၄၊၅၁၀] ဥဇ္ဈာယိံ သု-၌ ဉာတိကျေသတည်း။ ဉာတိ အယံ စောဒနာ-ဟု အနက်ပေး။

ယာပေဿာမ၊နည်း။ ဉာတိ၊ ဤသို့။စိန္တာယံ၊ ကြံစည်သောအခါ၌။ ဝိဟတ္ထ တာယ၊ ရဟန်းယောကျ်ားတို့က မိမိဟူသော ဘိက္ခုနီမတို့၏ သင်္ကန်းကို ခံယူခြင်းမှ ပျက်စီးသောလက်ရှိသည်၏ အဖြစ်သည်။ သမတိတုန္တတ္တာ၊ နှိပ်စက် အပ်သည်၏ အဖြစ်ကြောင့်။

[၄၊၅၁၂] ဟတ္ထ ပ္ပသာရဏာဒီသု ဖြင့် ပယောဂ·သရုပ်ကိုလည်းကောင်း၊ ပယောဂ၏ ကေသိက်ကိုလည်းကောင်း၊ သာမည နိဒ္ဒေသကိုလည်းကောင်း ပြသတည်း။ တနည်းကား–ပယောဂေ၌သို့ ဝိဘတ်၏ ဗဟုဝုစ်၌ဖြစ်ခြင်းကို ပြသတည်း။ တနည်းကား ဧ·၏ သု·ဝိဘတ်၏ကာရိယ အဖြစ်ကို ပြသတည်း။ တနည်းကား သုကို သို့·ရေးသည်ကိုပြသတည်း။ ပဋိဂ္ဂဟဏေနဖြင့် အဓိပ္ပါယတ္ထကို ပြသတည်း။ တနည်းကား ပဋိ သည် ဓာတွတ္ထဗာဓက ဖြစ်၍ လဘဓာတ်၏ ပဋိဂ္ဂဟဏတ္ထ၌ ဖြစ်ခြင်းကိုပြသတည်း။ တနည်းကား အတ္တာတိသယနည်းအားဖြင့် လဘ ဓာတ်၏ ပဋိဂ္ဂဟဏတ္ထ၌ ဖြစ်ခြင်းကို ပြသတည်း။ ပဋိလာဘေန ၌ နာ-ဝိဘတ်ကိုသတ္တမီအနက်၌ သက်။

[၄၊၅၁၃][ကျမ်းတက်]အညာတိကာယ အညာတိကာသည် ဧသော စကား၌ အညာတိက၌ အညာတိက အမှတ်ရှိ၍ ဟောင်းခံသော ရဟန်းအားသာ

နိဿဂ္ဂိယပါစိတ်အာပတ်သင့်ရာသည်။ အညာတိကာ၌ ဝေမတိကဖြစ်၍ ညာတိကအမှတ်ရှိသည်ဖြစ်၍ ခံသောရဟန်းအားမူကား နိဿဂ္ဂိယပါစိတ် အာပတ်မသင့်ရာ ဒုက္ကဋ်အာပတ်သာသင့်ရာသည်။ သို့ဖြစ်၍ ဝေမတိက ညာတိကအခန်း၌ "အညတြ ပါရိဝတ္တကာ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟူသောပါဌ်သည် မှားယွင်းသည်ဖြစ်လေသလောဟု စောဒနာရန်ရှိသောကြောင့် အညာတိကာယ အညာတိကသညီတိ တိကပါစိတ္တိယံ စကားကိုမိန့်သတည်း။

[၄၊၅၁၄] ဟာရိဋ္ဌကီခဏ္ဍေနာပိ၊ ဖြင့်လည်း။ မဟဏ္တံ၊ ကို။ စေတာပေတွာ၊ ၍။ စီဝရံ၊ ကို။ သစေ ပိ ပဋိဂ္ဂဏှာတိ၊ အံ့။ အနာပတ္တိ၊ အာပတ်မသင့်။

တေရသကဏ္ဍဋီကာ၌ "အနဓိဋ္ဌာနုပဂသာမညတော၊ သပိတ်အိတ်စသည် တို့နှင့်အဓိဋ္ဌာန်မလောက်ခြင်းသဘော တူသည်၏အဖြစ်ကြောင့်"ဟုအနက်ပေး။ အဋ္ဌကထာ၌ ပတ္တတ္ထဝိက စသည်တို့ကိုဆိုပြီး ဖြစ်လျက်နှင့် ကော ပန ဝါဒေါ စသည်ဖြင့် ပတ္တတ္ထဝိက စသည်တို့ကို ဆိုပြန်သည်ကား သစေ ပိ မဋ္ဌပ္ပမာဏာ စသော ရှေးဝါကျ၌ ပိ သဒ္ဒါ၏ သမ္ဘာဝိတတ္ထကို ပြခြင်းငှာဆိုပြန်သတည်း။

စီဝရပဋိဂ္ဂဟဏ သိက္ခာပဒဒီပနီ နိဋ္ဌိတာ။

[၄၊၅၁၅] ဘိက္ခုနီနံ၊ တို့တွင်။ ပတိကံ၊ ဌ္ဌော၊ ယုတ်သော။ လောလဇာတိကော၊ လျှပ်ပေါ် လော်လည်ခြင်း သဘောရှိသော ရဟန်းတည်း။

နိပဟိနော ဟိန လာမကာ၊ ပတိကိဋ္ဌ နိကိဋ္ဌဋ္ဌ" (အဘိဓာန် ၆၉၉-ဂါထာ) ကိဋ္ဌ-ဂတိယံ၊ ပတိ နိ ပုဗ္ဗော တု နိဿာယံ၊ ဌ္ဌော၊ ပတိကိဋ္ဌ နိကိဋ္ဌဋ္ဌ။(အဘိဓာန် ဋီကာ)။ လောဋ္ဌ- ဥမ္မာဒေ။ (ဓာတုမာလာ၊ ၂၀၀) ဘူဝါဒိဂိုဏ်း မုဒ္ဒဇ ဌကာ-ရန္တဓာတ်ကိုထောက်၍ လောဋ္ဌတွင် နောက်ဌသည် မုဒ္ဓဇ ဌတည်း။

ပဌ္ဌောတိ ဆေကော၌ သြဋ္ဌဇ ပဌမ(ပ) မုဒ္ဒဇ ဒုတိယ(ဌ)နှင့် ပဌ္ဌော"ဟူ၍ သြဋ္ဌဇပဌမ(ပ)၊ မုဒ္ဒဇ ဒုတိယ(ဌ)နှင့် "ပဋ္ဌော"ဟူ၍ သြဋ္ဌဇပထမ(ပ)၊ မုဒ္ဒဇပထမက္ခရာ(ဋ)နှင့် ပဋ္ဌောဟူ၍လည်းကောင်း စာအစောင်စောင်ရှိ၏။ ထိုတွင် နောက်ဆုံး သြဋ္ဌဇ ပထမ(ပ)မုဒ္ဒဇ ပထမ ဋနှင့်"ပဋ္ဌော" ဟူသော ပုဒ်သာ အသင့်ဖြစ်သတည်း။ ထို့ကြောင့် တေရသကဏ္ဍဋီကာ (၂၊၄၀၁)၌ "ပဋ္ဌုယေဝ ပဋ္ဌော"ဟုမိန့်အပ်၏။ ကတဟတ္ထော စ ကုသလော၊ ပဝီဏာဘိညသိက္ခိတာ နိပုဏော စ ပဋ္ဌု ဆေကော။ စတုရော ဒက္ခ ပေသလာ။ ။ (အဘိဓာန်-၇၂၀-၁)ပဋ္ဌ ဂမနေ-ဥ(အဘိဓာန်ဋီကာ)၊ ဂမနအရည်းဉာဏဂတိတည်း၊ ပဋ္ဌတီတိ ဇာနာတီတိ ပဋ္ဌုဟု ဝစနတ္ထပြု။

ပဋ္ဌျယော ပဋ္ဌောဟူသော တေရသကဏ္ဍဋီကာစကားဖြင့် ပဋ္ဌ-ပုဒ်နောင် သကတ်အနက်၌ ဏျ-ပစ္စည်း သက်သည်ကို ပြသတည်း။ ဏျ-ပစ္စည်း ဖော အနက်၌သာလျှင် "ဏျ, တ္တ, တန၊ ပစ္စည်းကျ၊ ဘေတ္တ နပုံးယူ" ဟူသည်နှင့် အညီ ဏျ-ပစ္စည်း အဆုံးရှိသောပုဒ် နပုလ္လိင်၌ ဖြစ်သတည်း။ တတ္တ သာဓု-အနက်၌ ဖြစ်သော် ပုလ္လိင်၌ အချို့ ပြယုဂ်ဖြစ်၏။ ထို့ကြောင့် မူလ မောဂ္ဂလာန် တဒ္ဓိတ်(၄၊၇၂)၌ ဏျော တတ္ထ သာဓု။ ။သတ္တမျန္တာ တတ္တ သာဓုတိ အသ္မိံ အတ္တေ ဏျော ဟောတိ။ သဗ္ဗော ပါရိသဇ္ဇော-ဟု မိန့်အပ်၏။ သဗ္ဘိမှိ သာဓု သဗ္ဗော။ ပရိသတိ သာဓု ပါရိသဇ္ဇော-ဟု ဝစနတ္ထပြု၊ ပုလ္လိင်၌ အချို့ပြယုဂ်ဖြစ်၏။ ထို့ကြောင့် တဒ္ဓိတ်သဒ္ဒနီတိ(၇၈၃)၌ တဿာဓုမှိ ဏျော။ တသ္မိံ သာဓု ဣစ္စတ္တေ ဏျပစ္စယော ဟောတိ။ ကမ္မနိ သာဓု ကမ္မညံ-ဟု မိန့်အပ်၏။

ပဋ္ဌ-၌ ဥ-ကို ချေရသောကြောင့် လည်းကောင်း။ ဏျ-၌ ဏ-ကို ချေရ သောကြောင့်လည်းကောင်း။ ဋ္ဌ-ကို ယ-သို့ ကပ်၍ ပဋ္ဌျ-ပုဒ်ဖြစ်၏။ ထိုပဋ္ဌျ-ပုဒ်၌ ဋ္ဌျ-ကို ဒေါ ဓဿ စ-သုတ်၌ စ-သဒ္ဒါဖြင့် ဋ္ဌ-နှစ်လုံးပြု။ ဤသို့ ပြုရမည်ကို မောဂ္ဂလာန်, ရူပသိဒ္ဓိ, သဒ္ဒနီတိ-စသော သဒ္ဒါကျမ်းတို့၌ မဆိုငြားသော်လည်း ပြယုဂ်ရှိသည်သာလျှင် ပမာဏဖြစ်သည်နှင့် ဋ္ဌျ ကို ဋ္ဌ-ပြုသတည်း။

ဒက္ခေ စ တိခိဏေ ဗျတ္တော။ ရောဂမုတ္တေ ပဋ္ဌုတ္တိသု။ အဘိဓာန်(၉၂၆)။ ပဋ္ဌ-သဒ္ဒါသည် ဆေက-အနက်ဟောသတည်း။ ဆေက-ဟူသည် သမတ္ထတည်း။ သမတ္ထ-ဟူသည် အဘိဓာန်အနေကတ္ထဝဂ်(၁၀၆၈)၌ "သက္ကေ သမတ္ထော သမ္ဗန္ဓေ" ဟုလာသည်နှင့်အညီ သက္က-တည်း ထိုသက္က-ဟူသည် ပဋ္ဌိဗလ တည်း။ ထို့ကြောင့် သမတ္ထော ပဋ္ဌိဗလောကို မိန့်သတည်း။ ပါစိတ်ဘိက္ခုနီဝဂ် ဆဋ္ဌသိက္ခာပုဒ်၌ တစ်မျိုးဖွင့်လတ္တံ့။ သရသမ္ဗန္ဓော-သည် ပဋ္ဌိဗလော၏ အကြောင်းတည်း။ ကဏ္ဌ-မာဓုရိယေနသမ္ပန္နာဂဓေတာ သည် သရသမ္ဗန္ဓော ၏ အကြောင်းတည်း။ တေရ-သကဏ္ဍဋီကာ(၂။၄၁၂)၌ ဓမ္မဝသေန ဥပစာရဝသေန စသည်၌ "ဓမ္မဝသေန၊ ရဟန်းတို့၌ ဆိုအပ်သော လောကအကျင့် သဘောမျှ၏ အစွမ်းအားဖြင့်။ ဥပစာရဝသေန၊ ပြောဆိုခြင်းမျှ၏ အစွမ်းအားဖြင့်။ ဥပစာရဝသေနကား ဓမ္မ-ဝသေန ၏ အဖွင့်တည်း။ ဥပစာရမျှ၏ အစွမ်းအားဖြင့်သာ ဖိတ်သတည်း။ လှူလိုသည်၏ အစွမ်းအားဖြင့် ဖိတ်သည်မဟုတ်။ "လောကဝတ်ဖိတ်" ဟူလို သတည်း။

ယာသ္မာ ပန ပဝါရေတ္ဗာ ပိ အဒါတုကာမော အပ္ပဝါရိတဋ္ဌာနေယေဝ တိဋ္ဌတိ-ဟူသော တေရသကဏ္ဍဋီကာ(၂၊၄၀၂။) စကားကို ထောက်၍ လောက

ဝတ်ဖိတ်သည်ကို တောင်းရာ၌ ဝိညတ္တိဒုက္ကဋ် သင့်သည်ကို သိအပ်၏။ အညာတအပ္ပဝါရိတတော ဟိ ဝိညတ္တိ နာမ ဟောတိ-ဟူသော ဝိမတိဝိနောဒနီ(၂၊၃၂၅)ကို ထောက်၍လည်း သိအပ်၏။ ဘိက္ခုနီ တေရသကဏ္ဍဋီကာ နိဿဂ္ဂိယ ကောဒသမ သိက္ခာပုဒ်အဖွင့်(၃၊၁၂၂)၌ ဧကာဒသမေ ယသ္မာ ပဝါရိတဋ္ဌာနေ ဝိညတ္တိနာမ နပဋိသေဓေတဗ္ဗာ တသ္မာ ဘဂဝါ မမ္မနိမန္တနဝသေန ပဝါရိတဋ္ဌာနေ ဝဒေယျာသိ ယေနတ္ထော တိ ဝုတ္တာယ စတုက္ကံ သပရမံ ဝိညာပေတဗ္ဗန္တိ ပရိစ္ဆေဒံ ဒဿေတိတိ ဝေဒိတဗ္ဗံ”ဟူသော စကား၌ မမ္မနိမန္တန-ဟူသည် တစ်စုံတစ်ခုသော ဂုဏ်၌ နှစ်သက်သဖြင့် လှူလိုသော သဘောအားဖြင့် ဖိတ်ခြင်းတည်း။ လောကဝတ်ဖိတ်သည် မဟုတ်။ ဤသို့ အရအားလျော်စွာ မမ္မနိမန္တန-ကို နှစ်မျိုးခွဲရန် ရှိသည်ဟု မှတ်ထင်သတည်း။

အဒ္ဓါနသခါတံ ဒီဃမဂ္ဂ-ဖြင့် မဂ္ဂ-သဒ္ဒါသည် သာမညသဒ္ဒါဖြစ်၍ အဒ္ဓါနံ ဒီဃမဂ္ဂသံ-ဟု အဘိဓာန် ဘူမိဝဂ်(၁၉၃)၌ လာသည်နှင့်အညီ ရှည်စွာသော ခရီးဟော အဒ္ဓါန-သဒ္ဒါဖြင့် အထူးပြုသည်ကို သိစေသတည်း။ ပရိယာယ်သဒ္ဒါ နှစ်ချက်ဆင့်သောကြောင့် မြင့်သော အနက်ကို သိစေသည် မဟုတ်။ ။ နဂရဝိထိမဂ္ဂံ၊ သာဝတ္ထိမြို့သို့ သွားကြောင်းဖြစ်သော ခရီးဟု ဆိုအပ်သော ခရီးသို့။ ဤ-နဂရဝိထိမဂ္ဂံ-ဖြင့် အဒ္ဓါနမဂ္ဂ-၏ သရုပ်ကို ပြသတည်း။ ဤပုဒ်၌လည်း မဂ္ဂသာမည-ဖြစ်၍ နဂရဝိထိ-ဖြင့် အထူးပြုသတည်း။ ပရိယာယ်သဒ္ဒါ နှစ်ချက်ဆင့်မဟုတ်။ ။ယော အတ္ထော ဝုတ္တော။ ဧတံ အတ္ထံ အာရောစေသုံ။ ။

[၃၊၅၁၇] အညာတကံ ဂဟပတိံ ဝါတိအာဒီသု-စသောစကား၌ တိဏေန ဝါ ပဏ္ဏေန ဝါ ပဋိစ္ဆာဒေတ္ဗာ-ဟူသောစကားကို ထို အညာတကံ ဂဟပတိံ ဝါ-စသော စကား၏နောက်မှ ဟောအပ်သည်ဖြစ်လျက်နှင့် အစပြု၍ပြသည်ကား ခရီးအကြား ကျောင်းသို့-ဝိဟာရစီဝရ-စသည်ကို ယူလို၍ သွားသော ရဟန်းသည် မြက်သစ်ရွက်ဖြင့်ဖုံးလွှမ်း၍ သွားအပ်သည်ဟုသိစေလို၍ အစပြု၍ ပြသည်ဟုထင်သတည်း။

အဋ္ဌကထာနောက်၌ ကျောင်းသို့သွားရာ၌ မြက်သစ်ရွက်ဖြင့် ဖုံးလွှမ်း၍ သွားရပုံကို မဆိုပေဘူး။ ရဇကတ္ထရဏ-သို့သွားရာ၌ကားဆိုသတည်း။ ဆိုကြောင်းကိုကား“သစေ အန္တရာမဂ္ဂေ ရဇကတ္ထရဏံ ဝါ ။ပ။ သာခါပလာသာ နိဝါသနေ ဘိက္ခူ”ဟူသောစကားကိုထောက်၍သိသတည်း။ ရဇကတ္ထရဏ-သို့သွားရသော ရဟန်းနှင့် ဝိဟာရသို့သွားရသော ရဟန်းသည်ကား အလားတူသတည်း။

တူကြောင်းကိုကား "သစေ ပန ဧတေသံ ဝုတ္တပ္ပကာရာနံ ဂိဟိဝတ္ထာဒီနံ"–စသော နောက်စကားကိုသောက်၍ သိသတည်း၊ ဤသို့ အလားတူသည်ဖြစ်၍ ကျောင်းသို့သွားရာ၌လည်းဆိုသင့်သည်ပင်ဟု မှတ်ရန်ရှိသတည်း။

သစေ စောဒေ စ-သောစကား၌ မထေရ်တို့၏ သပိတ်သက်န်းကို ပတ္တစီဝရာနိ-ဟု ဆိုသတည်း။ မထေရ်တို့၏ကိုယ်၌ ဝတ်ဆဲ, ရုံဆဲဖြစ်သော အဝတ်အရုံကို နိဝါသန-ပါရုပနမတ္တံယေဝ-ဟုဆိုသတည်း။

ထေရေဟိ၊ တို့သည်။ အညာတကာပဝါရိတာနံ၊ ဘိုကို။ ဒဟာရာနံ၊ တို့၏။ အာဂမနတော ဝါ၊ လာသည်မှလည်းကောင်း။ အနာဂမနတော ဝါ၊ မလာသည်မှလည်းကောင်း။ တာဝ၊ ရှေးဦးစွာ။ စီဝရံ ကို။ နေဝဝိညာပကဗ္ဗံ၊ မတောင်းအပ်သည်သာတည်း။

သီတင်းငယ်ရဟန်းတို့ လာရောက်သောအခါ သင်္ကန်းမပါလာခါမှသော်လည်း အညာတက အပ္ပဝါရိတ ဒါယကာတို့ကို သင်္ကန်းကိုတောင်းကောင်းသည်။ သီတင်းငယ်ရဟန်းတို့ မလာကြာမှသော်လည်း အညာတက အပဝါရိတ ဒါယကာတို့ကို သင်္ကန်းကို တောင်းကောင်းသည် ဟုလိုသတည်း။ နိဝါသန ပါရုပနဥ္စ တံ ဘဏ္ဍကဥ္စ။ ။နိဝါသနပါရုပနာနိ၊ တို့ကုံ။ ထေရာနံ၊ တို့၏။ သာခါပလာသံ၊ ကို။ ဘဥ္စတွာ၊ ၍ ။ ဝါကာဒီဟိ၊ ဖြင့်။ ဂန္ဓေတွာ၊ ၍။ ။ အတ္တနော၊ မိမိဟူသော သီတင်းငယ်အား။ ဒါနတော၊ မှ။ တာဝ၊ ရှေးဦးစွာ။ ထေရာနံ၊ တို့အား။ နဒါတဗ္ဗာနိ၊ ကုန်။ တေသံ ထေရာနံ၊ တို့၏။ ဟတ္ထေ၊ လက်၌၊ ဒတွာ ဝါ၊ ပေးပြီး၍လည်းကောင်း။ (ဝါ) ပေးပြီးမှတောင်းယူ၍လည်းကောင်း။ အဒတွာ ဝါ၊ မပေးမူ၍လည်းကောင်း။ (ဝါ) မပေးဘဲယူ၍လည်းကောင်း။ အတ္တနာ၊ သည်။ ဘဥ္စတွာ၊ ၍။ ဝါကာဒီဟိ၊ ဖြင့်။ ဂန္ထိတံ၊ သော။ သာခါပလာသံ၊ ကို။ နိဝါသေတွာ၊ ၍။ တေသံ၊ ထိုသစ်ခက်သစ်ရွက်ကို ဝတ်ရကုန်သော သီတင်းငယ်ရဟန်းတို့အား။

တေ ဝိညတ္တ မနုဿာ ဝါ၊ တို့သည်လည်းကောင်း။ အညေ၊ သော။ သာခါပလါသနိဝါသနေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဒိသွာ၊ ၍။ ဉဿာဟဇာတာ၊ ကုန်သော။ မနုဿာ ဝါ၊ တို့သည်လည်းကောင်း။ ယာနိဝတ္ထာနိ၊ တို့ကို။ ဒေန္တိ၊ ကုန်အံ့။

ဝိညတ္တမနုဿ-အရ သစေ အန္တရာမဂ္ဂေ-စသော ရှေးနှစ်ဝါကျ၌ ဆိုအပ်ပြီးသော လူတို့ကိုယူအပ်၏။ ဤနှစ်ဝါကျ၌ "တာဒိသေ၊ ထိုခဝါသည်ဘွဲ့ကဲ့သို့ရှုခြင်းသဘောရှိကုန်သော"ဟု အနက်ပေး။ ။ကပ္ပိယာနိပိ အကပ္ပိယာနိပိ-၌ ပိ-

ကား ဝါသဒ္ဒတ္ထ॥ ။ရဇနာယ၌ အာယ-ကား ကရိုဏ်းအနက်၌ သက်အပ်သော စတုတ္ထီဝိဘတ်၏ အာယတည်း။ ။နော စေ ဟောတိ-စသော တေရသကဏ် ဋီကာစကား (သာရတ္ထ-၂၄၀၂)၌ "ဂစ္ဆန္တဿ၊ သက်နိုးသင်းပိုင်မပါဘဲ အချည်းနှီးသွားသော ရဟန်းအား"ဟု အနက်ပေး။

ဣမိနာစ-အစရှိသော တေရသကဏ်ဋီကာစကား(သာရတ္ထ-၂၄၀၂)၌ ဥပဂစ္ဆ-န္တိ-ဟု ဗဟုဝုစ်နှင့် စာအများရှိ၏။ ဥပဂစ္ဆတိ ဟု ဧကဝုစ်သာလိုသတည်း။ဝုတ္တံ-ဟု နိဂ္ဂဟိတ်နှင့် စာအစောင်စောင်ရှိ၏။ ဿ-ဝိဘတ်နှင့်ရှိရမည်ထင်သတည်း။ ဣမိနာ၊ ဤဆိုအပ်ပြီးသော နော စေ ဟောတိ- စသော ပါဠိတော်စကားဖြင့်။ ဣဒါနိ-ကို ဝိဟာရစိဝရံပါတိ အာဒိသု ဝိနိစ္ဆယော ဝေဒိတဗ္ဗော-ဟုထည့် ပါ၍ဝေဒိတဗ္ဗော၌စပ်။

ဘူမတ္ထရဏန္တိ-စသော အဋ္ဌကထာစကား၌ ပုဆိုးနှမ်းအခင်းကို ဘူမတ္ထ-ရဏ ဆိုသတည်း။ ထို့ကြောင့် တေရသကဏ်ဋီကာ (သာရတ္ထ ၂၄၀၃) ၌ တဿ ဥပရိတိ ဘူမတ္ထရဏဿ ဥပရိ-ဟု မိန့်အပ်၏။

စိမိလိကာဟိ၊ ပုဆိုးနှမ်းတို့ဖြင့်။ အတ္ထရဏံ၊ အခင်းကို။ ကတ္វာ၊ ၍။ (အတ္ထရဏံ ကား ယည့်သတည်း)။ ။ပူရိတာ၊ အဆာဖြင့်ပြည့်သည်။ သစေ ဟောတိ၊ အံ့။ ဝိဓုနိတ္វာပိ၊ အဆာကိုခါတွက်၍လည်း။

တဋ္ဌမေ ။ပ။ အဓိပ္ပါယေန-ဟု မိန့်တော်မူသောကြောင့် ထိုအလိုဖြင့် မယူမူ၍ ဣဿရိယ ဘောအားဖြင့်ယူသော် ထုလ္လစ္စည်း အာပတ်သင့်၏။ ထေယျ စိတ်ဖြင့်ယူသော် ပါရာဇိက အာပတ်သင့်၏ဟု မှတ်အပ်၏။ ။ပုန ဌပေဿာမိ-သည် ဩဒဟိဿာမိ-၏ အဖွင့်တည်း။ ဩဒဟိဿာမိ-၌ အဝ-ပုဗ္ဗ ဓာတ်။ ဌပန-အနက်ဟောတည်း။ ကုဋေ ဝါ စိ လဘိတ္វာ ပါကတိကံမေဝ ကာတဗ္ဗံ။ ။

ကေသဉ္စိ ။ပ။ ဌပေတဗ္ဗန္တိ တ္တေ လေသေန စသော တေရသကဏ်ဋီကာ စကား(သာရတ္ထ-၂၄၀၃)၌ အာဂတတ္တာ ဟုအာ-ဒီဃနှင့် စာအစောင်စောင်ရှိ၏။ အဂတတ္တာဟု ပဋိသေဓ အ-ရဿနှင့် ရှိရမည် ဝိဒေသဂတေန-ဟု အရပ် တပါးသို့ သွားသည်ကို ဆိုသောအရာ ဖြစ်သတည်း။ အညံ၊ သော။ စီဝရံ၊ ကို။ လဘန္တောပိ၊ ရလျက်လည်း။ လေသေန၊ ငါကား ခိုးသူလုယက်အပ်သော သက်နိုးရှိသော ရဟန်းဖြစ်သတည်းဟု အမြွက်ထောင်သောအားဖြင့်။ ဂဟေ-တွာ၊ ၍။ အာဂတတ္တာ၊ မသွားသည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဝုတ္တပ္ပကာရဂိဟိဝတ္ထာဒိနံ၊ ကုန်သော။ ဘိသိစ္ဆဝိ ပရိယန္တာနံ၊ ကုန်သော။ ဧတေသံ ဝတ္ထာနံ၊ တို့တွင်။ ကိဉ္စိ၊ ကို။ န လဗ္ဘတိ၊ အံ့။

[၁၁၅၁၉] ယေဟိ ကေဟိစိ ဝါ အစ္စန္တ္တိ တွေ့-စသော စကား၌ သိတင်းသုံးယော်တို့က မထေရ်ကြီးတို့၏ အကျိုးငှာ မြက် သစ်ရွက်တို့ကို ချိုးပြီးသည်ရှိသော်သာလျှင် လည်းကောင်း။ မထေရ်ကြီးတို့မှာ မိမိတို့၏ အကျိုးငှာ မြက်သစ်ရွက်တို့ကို ချိုးပြီးရှိသော်သာလျှင် လည်းကောင်း။ သိတင်းယော်တို့၏ သက်န်းကို တောင်းရမည်။ အာဂျမ်းဝင်၍ ယူရမည်။ (ရှေးကဖွင့်ဆိုခဲ့ပြီးသည်ကို ထောက်သတည်း)။ ။ယမ္ပိ စီဝရံ-ကိုလည်း။ (ဂဏ္ဌိ၌စပ်)။ အညေ၊ အစ္စန္တစီဝရ ရဟန်းမှ တပါးကုန်သော ရဟန်းတို့ကို။ (ယာစိတွာ၌စပ်)။ ယာစိတွာ ဝါ အညေဟိ ဝိဿာသေန ဝါ ဂဏှိ။

ပရိဘောဂဇိဏ္ဏံဝါတိ တွေ့-စသည်၌လည်း မထေရ်ကြီးတို့၏ အကျိုးငှါ ချိုးအပ်သော မြက်သစ်ရွက်, မထေရ်ကြီးတို့က မိမိတို့၏အကျိုးငှာ ချိုးအပ်သော မြက်သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းသဘည်း။ သိတင်းယော်တို့သည် မိမိတို့၏ အကျိုးငှာ မြက်သစ်ရွက်တို့ကို မချိုးကောင်းပေ။ ရှေးကဖွင့်ဆိုခဲ့ပြီးသည်ကိုပင် ထောက်သတည်း။

အာစရိယုပဇ္ဈာယာဒီနံ၊ တို့အား။ (ဒိန္နံ၌စပ်) အစ္စန္တစီဝရဋ္ဌာနေ စ နဋ္ဌစီဝရဋ္ဌာနေ စ၊ ဝိညတ္တိယာ၊ ကြောင့်လည်းကောင်း။ အကပ္ပိယ စီဝရပရိဘောဂေ စ၊ ကြောင့်လည်းကောင်း။

[၁၁၅၂၀] ဉာတကာနံ ပဝါရိတာနန္တိ တွေ့-စသည်ဖြင့်၊ ဉာတကာနံ ပဝါရိတာနံ-ပုဒ် တို့ကို "တို့အား" ဟု အနက်ပေး၍ အနာပတ္တိနှင့် မစပ်လင့်။ "တို့ကို" ဟု အနက်ပေး၍ ဝိညာပေန္တဿ ထည့်ပုဒ်နှင့် စပ်လေဟု ပြသတည်း။ တေသံ-ကို ဝိညာပေန္တဿ-နှင့်စပ်။

[ကျမ်းတက်] အနာပတ္တိသမယေ ဉာတကာနံ ပဝါရိတာနံ-ဟူ၍ ဟောတော်မူတိုင်း အနာပတ္တိပုဒ်နှင့် စပ်သင့်ပါသည် မဟုတ်လော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဝိညာပေန္တဿ-ပုဒ်နှင့် စပ်၍အနက်ကို မှတ်အပ်လေသနည်းဟု မေးရန်ရှိသောကြောင့် နဟိ-စသည်ကို မိန့်သတည်း။ ဉာတကပဝါရိတာနံ၊ တို့အား။ အာပတ္တိ ဝါ၊သည်လည်းကောင်း။ အနာပတ္တိ ဝါ၊သည်လည်းကောင်း။ ဟိ ယသ္မာ ကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ဝေမတ္တော၊ ကို။ ဒဋ္ဌဗ္ဗော၊၏။

ဤအရာဝယ် အနာပတ္တိသမယေ-စသော ပါဠိတော်အနေကို ထောက်လျှင် အဋ္ဌကထာ၌ စကားရှေ့နောက်ပြန်သတည်းဟု သိအပ်၏။ ဉာတကာနံ ပဝါရိတာနန္တိ တွေ့ ။ပ။ အနာပတ္တိ ဝါ ဟောတိ၊ ၏။ အခြားမဲ့၌ ပဝါရိတာနန္တိ တွေ့ စ

သံယာဝသေန-မှစ၍ ကုရုန္ဒိယံ ဝုတ္တံ တိုင်အောင်သော စကားရှိရမည်။ ထို၏ အခြားမဲ့၌ သေသံ-စသော စကားရှိရမည်။ (အတ္တနော ဓနေနာတိ စသော စကားရှိရမည်)

ပဝါရိတာနန္တိ ဉာတ-ကသည်၌ အပိုအမိုမတောင်းဘဲ သင်းပိုင် မရှိသော် သင်းပိုင်ကိုသာ တောင်းသည်။ ကေသိ မရှိသော် ကေသိကိုသာ တောင်းသည်။ သံဃာဋိ မရှိသော် သံဃာဋိကိုသာ တောင်းသည်။ ဤသို့ တောင်းသည်ကို ပမာဏမေဝ ဝဋ္ဋတိ-ဆိုသတည်း။

ယော ပန ပဝါရေတွာ-စသည်၌ သဒ္ဓါတရားရှိ၍ ဖိတ်ပြီးလျှင် ရှေ့ဝါကျလာ ဒါယကာကဲ့သို့ မိမိအလိုအလျောက် ရဟန်း တို့က မတောင်းဘဲ ပေးရမှန်း မသိသော ဒါယကာကို့၌ ဗာလဘာဝ-ဆိုသတည်း။ မိမိအလိုအလျောက် ပေးရမှန်းသိသော ဒါယကာကို့၌ သတိသမ္မောသေန-ဆိုသတည်း။

ဂေဟေ ပန-စသည် ယထာ သုံ-သဒ္ဒါ အလိုက်ခံ၍ ယထာ သုခံ နိသီဒိတုံ ဝါ နိပဇ္ဇိတုံ ဝါ န လဘတိ-ဟု အနက်ယောဇနာ။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၂၇၂)၌ "နိသီဒိတုံ ဝါ နိပဇ္ဇိတုံ ဝါ န လဘတိတိ ယထာ သုခံ န လဘတီတိ အဓိပ္ပါယော"ဟု မိန့်အပ်၏။

အယံ ပန-၌ အယံ-သည် ဝုတ္တမာနပေက္ခ တည်း။ တသော၀ ဗုဒ္ဓရက္ခိတဿ ဝါ တဿေဝ ဓမ္မရက္ခိတဿ ဝါ အတ္တာယ၊ အညာတကွဘာယပူသောပုဒ်၌ ဝိမတိဝိနောဒနီဋီကာ ဆရာသည် ဤခ ပန အညာဿ (၂၃၂၅) စသည်ဖြင့် အဋ္ဌကထာစကားကို ပယ်၍ ဖွင့်၏။ အဋ္ဌကထာသရာကား "မိမိ၏ အကျိုးငှာ မိမိ၏ ဉာတိပဝါရိတတို့ကို တောင်းသည်ကိုရည်၍ ဉာတကာနံ ပဝါရိတာနံ စကားကို ဘုရားရှင် ဟောတော်မူသတည်း"။ မိမိ၏ ဉာတိပဝါရိတတို့ကို သူတပါး၏ အကျိုးငှါ တောင်းသည်ကို လည်းကောင်း၊ သူတပါး၏ ဉာတိပဝါရိတတို့ကို သူတပါး၏ အကျိုးငှါ တောင်းသည်ကို လည်းကောင်း၊ အညဿတ္ထာယ-စကားကို ဘုရားရှင်ဟောတော်မူသတည်း"ဟု နှလုံးပိုက်တော်မူသတည်း။ ဝိမတိဝိနောဒနီဋီကာ ဆရာသည်ကား မိမိ၏ ဉာတိပဝါရိတတို့ကို မိမိ၏ အကျိုးငှါ တောင်းသည်ကို လည်းကောင်း၊ သူတပါး၏ အကျိုးငှါ တောင်းသည်ကို လည်းကောင်း၊ သူတပါး၏ ဉာတိပဝါရိတတို့ကို သူတပါး၏ အကျိုးငှါ တောင်းသည်ကိုလည်းကောင်း ရည်၍ ဉာတကာနံ ပဝါရိတာနံ-စကားကို ဘုရားရှင်ဟောတော်မူသတည်း။ တပါးသော ခိုးသူလုယက်အပ်သော သင်္ကန်းရှိသော ရဟန်း၏အကျိုးငှါ အညာတက အပဝါရိတတို့ကို တောင်းသည်ကို

ရည်၍ အညသာတ္တာယ-စကားကို ဘုရားရှင်ဟောတော်မူသတည်းဟု နှလုံးပိုက်ရှိသတည်း။ ဝိမတိဝိနောဒနီဋီကာစကားကို နောက်သိက္ခာပုဒ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "အညတြ သမယာ။ အနာပတ္တိသမယေ"ဟု ဟောတော်မူသည်ကို ထောက်၍ အညာတက ဒးပဝါရိတတို့ကို တောင်းကုန်သည်။ အညသာတ္တာယ-ကို ထောက်၍ တောင်းကုန်သည် မဟုတ်သောကြောင့် စဥ်းစားကြကုန်ရာသတည်း။

## အညာတက ပိညတ္တိသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

(၅၂၂-၅၂၇)တေရသကဏ်ဋီကာ (၂၄၀၃)၌ ပဂ္ဂါဟိကသာလန္တိ ဒုဿဝါဏိဇကေန် အာပဏ-ဖြင့် ဒုဿဝါဏိဇော ဒုဿာနိ ပဂ္ဂဟေတွာ ပရိဂ္ဂဟေတွာ ဝေတိ ပဂ္ဂါဟိကာ-ဟူသော ဝစနတ္ထကို ပြသတည်း။ အဘိတိ ဥပသဂ္ဂေါတိ တဿဝိသေသတ္ထာဘာဝံ ဒဿေတိ တေနာဟ ဟရေတုန္တိ အတ္ထောတိပဟူ၍ တေရသကဏ်ဋီကာ(၂၄၀၃)၌ မိန့်တော်မူသောကြောင့် အဋ္ဌကထာ၌ အဘိတိ ဥပသဂ္ဂေါ ဟူသော စကား၌ မတ္တ-သဒ္ဒါကျေသည်ကို သိအပ်၏။ ဥပသဂ္ဂေါဆိုလျှင် ဥပသာရပုဒ်ဖြစ်သည်ကိုလည်းကောင်း၊ အနက်ရှိသည်ကိုလည်းကောင်း သိအပ်၏။ ဥပသဂ္ဂမတ္တော-ဆိုလျှင် ဥပသာရပုဒ်ဖြစ်သည်ကိုလည်းကောင်း၊ အနက်မရှိသည်ကိုလည်းကောင်း သိအပ်၏ ဤနှစ်မှုကား မတ္တသဒ္ဒါကျေသောကြောင့် ဥပသဂ္ဂေါဟူ၍သာ မတ္တ-သဒ္ဒါမပါဘဲ ဆိုငြားသော်လည်း အဘိ-ဥပသာရပုဒ်အနက်မရှိသည်ကို သိအပ်၏။ ပါဠိ၊ အဋ္ဌကထာ၌ပင် ဒေါ ဿေ စ သုတ် ၌ စ-သဒ္ဒါဖြင့် ဒုက္ကဋ်ပြယုဂ်၌ကဲ့သို့ ဒန္တဇပဌမ ဝါ-ကိုမုဒ္ဒဇပဌမ ဌ-ပြု၍ "အဘိဟဋ္ဌုံ" ဟုရှိ၏။ ဒန္တဇ ပဌမ တ-ကို မုဒ္ဒဇ ဒုတိယ ဌ ပြု၍ အဘိဟဋ္ဌုံ-ဟူ၍သာ ရှိရမည်။ ထို့ကြောင့် ကိတ်ရူပသိဒ္ဓိ ယဇာဿ ဿရဿင္ဌေ-သုတ်၏ ဝုတ္တိ၌ အဘိဟရိတုံ အဘိဟဋ္ဌုံပြယုဂ်ကို ထုတ်သတည်း။ သာဒိသန္တပုစ္ဆဘန္ဇဟန္သာဒီဟိဋ္ဌော-သုတ်ဖြင့် ဝါ-ကို ဓာတွန်နှင့်တကွ ဌ-ပြု။ ဤ၌ အဘိဟဋ္ဌုံ-ပုဒ်ကို ဂဏ္ဌိဝိသောဓနေ လေခကဆရာတို့ အထူးထူး ဆုံးဖြတ်ကြသော်လည်း ရူပသိဒ္ဓိ၌ အဘိဟဋ္ဌုံ ဟု စီရင်၍ ရှိသေပြီ။ ဆရာတော်ဦးဗုဒ်ဘိက္ခုပါတိမောက်နိသျှ၌ မှာတော်မူ၏။ ဤ၌-စသောစကားသာ အမှာတည်း။ ရှေ့စကားကား ငါ၏စကားတည်း။

[ကျမ်းကာဂ်] ပဝါရေယျ၌ ပ-ရှေ့ရှိသော ဝရ-ဓာတ်။ တားမြစ်ခြင်း အာဝရဏအနက် ဟောမဟုတ်၊ အလိုရှိခြင်းဣစ္ဆာ-အနက်ဟောသတည်း။ ကာရိုက် ဏေ-ပစ္စည်း ကျေသာသည်းဟု သိစေချင်းငှာ ပဝါရေယျသတိ ဣစ္ဆာပေယျကို မိန့်သတည်း။

ဣစ္ဆာပေယျ၊ သင်္ကန်းကို အလိုရှိစေခြင်းအံ့။ ဣစ္ဆံရှစိ၊ သင်္ကန်းကို အလိုရှိခြင်းကို။ ဥပ္ပါဒေယျ၊ ဖြစ်စေခြင်းအံ့။ ဝဒေယျ၊ အလိုတော်ရှိလျှင် ယူတော်မူပါဟု ဆိုခြင်းအံ့။ နိမန္တေယျ၊ ဖိတ်ခြင်းအံ့

အဘိဟဋ္ဌုံ ပဝါရေယျ ပါကျ၏အနက်နှစ်ပါးတွင် ရှေးအနက်ကို ဝါစာဘိဟာရကိုငဲ့၍ ဆိုသတည်း။ နောက်အနက်ကို ကာယာဘိဟာရကိုငဲ့၍ ဆိုသတည်း။

[ကျမ်းတက်] အဘယ့်ကြောင့် ဤအနက်နှစ်ပါးကို သိအပ်သနည်း၊ အဘိဟာရအပြားမရှိက မသိသင့်သည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် တတ္ထစသည်ကို မိန့်သတည်း။

[ကျမ်းတက်] ဤသို့အဘိဟာရနှစ်ပါး ရှိစေကာမူ နှစ်ပါးအထူးမရှိက ဤအနက်နှစ်ပါးကို မသိအပ်သည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် ကာယေန ဝါ ဟိ စသည်ကို မိန့်သတည်း။

[ကျမ်းတက်] ဤသို့ အဘိနီဟာရနှစ်ပါး အထူးရှိစေကာမူ နှစ်ပါးစုံကို ဘုရားမဟောက ဤအနက်နှစ်ပါးကို မသိအပ်သည်မဟုတ်လောဟု စောဒနာရန်ရှိသောကြောင့် တေနာယံမ္ပိစသည်ကို မိန့်သတည်း။ [စောဒနာသည်အားလျော်စွာ အနက်ပေး]

သန္တရုတ္တ ရုပရမန္တီ သာအန္တရံ စသည်ဖြင့် တိပဒဇဟုဗ္ဗိဟိသမာသ်ကို ပြသတည်း။ သမာသ်ပုဒ်အရကား သင်းပိုင် ကိုယ်ဝတ်သာ၍ အစိတ်တည်း၊ အညပုဒ်အရကား သင်္ကန်းသုံးထည်ဖြစ်၍ အခါခင်းတည်း။ ။အသ သာဒိတဗ္ဗစီဝရဿ၊ အား။ (လမ္ဗကဏ္ဏောကဲ့သို့မှတ်။)

အဿ စီဝသဿာတိ အဿ သမုဒ္ဒါယဘူတဿ ဟရိတဗ္ဗဿ စီဝရဿ။ တက္ကုဏာသံဝိညာဏော ဟိ အယံ ဗာဟိရတ္ထသမာသော။ ယထာ လမ္ဗကဏ္ဏောတိ ဒဋ္ဌဗ္ဗံ။ တေနာဟ နိဝါသနေနာတိ အာဒိ။ (ကခ်ါဋီကာသစ်–၃၀၆)။ ။

တတော အဘိဟဋ္ဌစီဝရတော၊ မှ။ တိစီဝရိကနေဝ၌ ဝေ ဖြင့် အစ္ဆိန္နအသဗ္ဗတိစီဝရိက ရဟန်းကို ကန့်သတည်း။ အသေန၊ အစ္ဆိန္နသဗ္ဗတိစီဝရိက ရဟန်းမှတစ်ပါးသော အစ္ဆိန္န အသဗ္ဗ တိစီဝရိက ရဟန်းသည်။ ပဒဘာဇနီ၌ သစေ တိစီဝရံ နဋ္ဌာနိ ဟောန္တိ။ ဒွေ သာဒိတဗ္ဗာနိ အစ္ဆိန္နသဗ္ဗတိစီဝရိက ရဟန်းကျင့်ရမည်ကို ပြသတည်း။ ဒွေ နဋ္ဌာနိ-စသည်ဖြင့် အစ္ဆိန္န

အသမ္ဘတိစီဝရိက ရဟန်း ကျင့်ရမည်ကို ပြသတည်း။ နဿဒွါနီ ဖြင့် အစ္ဆိန္န ကိုလည်း ယူရသတည်း။ တေရသကဏ္ဍဋီကာ (၂။၄၀၅)၌ ပဏ္ဏတိယာဝ သန္တရုတ္တာရေန စရတိတ် သာသကိသိက္ခာပဒဝသေန ဝါ-စသော စကားကို တိစီဝရိက်ရဟန်းကို ငဲ့၍ဆိုသတည်း။ (ရိက္ခာရစောဋ္ဌက, ဝိကပ္ပနိက-ရဟန်း တို့မှာ သာသကိသိက္ခာပုဒ်လာ အကြောင်းသုံးပါးမရှိခြားသော်လည်း သင်းပိုင် ကိုယ်ဝတ်ဖြင့်သာ လှည့်သည်ကောင်း၏။

တတိယဿ အလာဘေန ကုံသောက်၍ နှစ်ထည်ဖြင့် တိစီဝရိက် အဓိဋ္ဌာန် ဖြောက်သည်ကိုလည်းကောင်း၊ နှစ်ထည်ဖြင့်ဖြောက်သော် တစ်ထည်ဖြင့်ဖြောက် သည်ကို လည်းကောင်း သိအပ်၏။ တေရသကဏ္ဍဋီကာ (၂။၄၀၅)၌ ဒွေ နဋ္ဌာနီတိ အဓိကာရတော-ဟု စာအစောင်စောင်ရှိ၏။ အဓိကာရဌာနရှိမှ အမှန် တည်း။ ထို့ကြောင့် ကင်္ခာဋီကာသစ် (၃၀၇)၌ ဒွေ နဋ္ဌာနီတိ အဓိကာရတော ဝုတ္တံ ဒွေ သာဒိတမ္ဘာနိတိ-ဟု မိန့်အပ်၏။

ယဿ ကော်ယေဝ ဟောတိတိ အညေန (သာရတ္ထ ဋီ၊၂။၄၀၅။) စသည်၌ "အညေန၊ အစ္ဆိန္န နဋ္ဌ အကြောင်းမှ တစ်ပါးသော။ ကာရဏေန၊ မွေ့ရစ်ခြင်း ဆွေးမြည့်ခြင်းစသော အကြောင်းကြောင့်။ ပ်နဋ္ဌသေသစီဝရံ၊ ပျက်စီးသည်မှ ကြွင်းသော သင်္ကန်းကို။ ။

တွေ အဘိဟဋ္ဌုံ ပဝါရေဏာ(၃၊၅၂၆) သေသကံ အာဟရိဿာမိတိစသည်၌ ဒွေစီဝရာနိ၊ တို့ကို။ ကတွာ၊ ချုပ်သည်ကို ပြု၍။ သေသံ၊ ကြွင်းသောသင်္ကန်း လျာ ပုဆိုးကို။ ပုန၊ တဖန်။ အာဟရိဿာမိ၊ ပို့လာအံ့။

အဓိပ္ပာယ်ကား– ခိုးသူ လုယက်ခြင်းတည်းဟူသော အကြောင်းကြောင့် နံကြီးလျှာရှည် သင်္ကန်းလျာပုဆိုးကို လှူသည့်ကာလ နှစ်ထည်ကုန်သော သင်္ကန်းတို့ကိုချုပ်၍ အကြွင်းကို တစ်ဖန် ပြန်ပေးအံ့ဟု ဆောင်ယူသွားသော် အနာပတ္တိ ဟူလိုသတည်း။တေရသကဏ္ဍဋီကာ၌ သေသကံ တုယှေဝ ဟောတူတိ ဒေန္တီတိ ဝုတ္တာ-စသည်ကိုသောက်၍ သေသကံ တုယှေဝ-စသော ပါဠိတော် စကား၌ နှစ်ထည်တို့ကိုချုပ်၍ တဖန် ပို့လာသည့်ကာလ အကြွင်းသည်လည်း အရှင်ဘုရားအား ဖြစ်ပါစေလောဟု လှူသော်လည်းကောင်း၊ အကြွင်းကို ပို့လာအံ့ဟုဆိုပြီးလျှင် ယူ၍သွားသော အခါ၌အကြွင်းသည်လည်း အရှင်ဘုရား တို့အား ဖြစ်ပါစေဟု လှူသော်လည်းကောင်း အနာပတ္တိ-ဟူသော အနက်ကို သိအပ်၏။

ဉာတကာနံ ဒေန္တာနံ စီဝရံ သာဒိယန္တဿ, ပဝါရိတာနံ ဒေန္တာနံ စီဝရံ သာဒိယန္တဿ။ ။ခတရသကဏ်ဋ္ဌိကာ (၂၄၀၇)၌ ဂေဟံ ပန ပမာဏမေဝ-စသည်ဖြင့် ပြအပ်သော ကေစိဝါဒမသင့်။ သုံးထည်ကို သာယာသော်လည်း သပ္ပေခပျက်သတည်း။ ထိုကြောင့် မသင့်။ ယသ္မာ ပနိဒံ ။ပ။ ဝုတ္တန္တိ တွောယမဓိပ္ပာယော (သာရတ္ထ။ ၂၊၄၀၇) စသည်ဖြင့် အဋ္ဌကထာဆရာ၏ အဓိပ္ပာယ်ကိုပြသတည်း။ အဋ္ဌကထာဆရာ၏အလိုအားဖြင့်တစ်ပါးကုန်သောသူတို့၏ အကျိုးငှာ ဉာတကပဝါရိတ-တို့၌ အလွန်ကိုတောင်းသော် နိဿဂ္ဂိယပါစိတ်အာပတ် သင့်ရမည်။ ဂဏ္ဌိပုဒ်ဆရာတို့၏အလိုအားဖြင့် အာပတ်မသင့်။ ဣမ အညဿတ္ထာယာတိ အဝုတ္တတ္တာစသည်ဖြင့် ဂဏ္ဌိပုဒ်ဆရာ၏စကားကိုငဲ့၍ ဖောဒနာတက်သတည်း။

## တဒုတ္တရိသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

(၄၁၅၂၇) မမ ဥပဋ္ဌာကော-ဖြင့် မိမိ ဒုတိယာဝိဘတ်၏ ဆဋ္ဌျတ္ထကိုပြသတည်း။

(၄၁၅၂၈-၅၂၉) ယံ ဘိက္ခုံ ဥဒ္ဒိဿ ယံ စီဝရစေတာပန္နံ ဥပက္ခဋ္ဌံ ဟောတိ တံ စီဝရစေတာပန္နံ တဿ ဘိက္ခုနော-ဟု ယောဇနာ။ ယံ ဟိ-စသည်ကား၊ ပစ္စယံ ကတွာ၏ ယုတ္တိအကြောင်းတည်း။ ယံ စီဝရစေတာပန္နံ၊ ကို။ တေန ဝုတ္တံ-စသည်ကား ယံ ဟိ စသည်၏ လဒ္ဓဂုဏ် စကားတည်း။ ထို့ကြောင့် ထိုစကားကို ထိုစကား၏ ခြားမဲ့၌ ထားသတည်း။

ပစ္စယော ပိ ဟိ-စသည်ကား ရှေး ပစ္စယံ ကတွာ-၏ အာဂုမ်အကြောင်းတည်း။ ဘိက္ခုံ အစ္ဆာဒေတုကာမေန ဟိ-စသည်သည် တဿ ဒဿကာနုဒေဿနတ္ထံ၏ အကြောင်းတည်း။

သော အစ္ဆာဒေတုကာမော ဟောတိ-ကို လိုရင်းကောက်။ ဘိက္ခုံ အစ္ဆာဒေတုကာမေန-စသည်ကား အစ္ဆာဒေတုကာမော၏ အကြောင်းတည်း။ တေန ဝုတ္တံ-စသည်ကား အစ္ဆာဒေတုကာမော၏ လဒ္ဓဂုဏ်တည်း။ တံ ဘိက္ခုံ ဥဒ္ဒိဿ။ ။ သော ဒါယကော။

ကရဟတ္တေ ဟိ ၌ "တတိယာ သော္ဘင္ဂ သာတ္ထမှိ" (ဝိဘတျတ္ထ ၃-ဂါထာ) ဟူသည်နှင့်အညီ တစ်ဆယ့်ခြောက်ပါးသော အနက်ကို ကရဏတ္ထဆိုရင်းတည်း။ ဤအရာ၌ ကတ္တုတ္ထကို ကရဏတ္ထဆိုသတည်း။

အဿ စိဘုဒေဘာဘာ ပနူဿ၊ ၏။ ဥပက္ကူဋ္ဌဘာဝေါ၊ ဥပက္ကူဋ္ဌ မည်သည်၏ အဖြစ်ကို။ ။ယံ စိဝရ စေတာပန္နံ၊ ကို။ ။တွေ အစ္ဆာဒေသာမိတိ ဝစနေ၊ ၌။ အတ္တော၊ အဓိပ္ပါယ်နက်သည်း။

ယတြ ဿရေ။ တတြ ဿရေ။ တွေ ဟတြ စေ ယော ဘိက္ခုတျာဒိဝစနေ။

[ကျမ်းတက်] ဥပသက်မိဘွာ-ဟူသော ပုဒ်၏အနောက်ကို ဂန္ဒွာ-ဟူသောပုဒ်ဖြင့် ဖွင့်ပြရခြင်းကိစ္စ ပြီးပါပြီမဟုတ်လော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဿရံ ဟူသော ပုဒ်ကို ဟောတော်မူလေသနည်း၊ အိမ်သို့သွားသောကြောင့် ဟောတော်မူသလေဟု စောဒနာရန်ရှိသောကြောင့် ဧတ္တ ဥပသက်မိတ္ဒာတိ စသည်ကို မိန့်သတည်း။

အဓိပ္ပါယ်ကား–အိမ်ရှင်ကို တွေ့မြင်လို၍ သွားသည်ကို ပြောဆိုကြသော အရာ၌ အိမ်သို့သွားသည်ဟု အပြောအဆိုများသောကြောင့် ဿရံ-ဟု ဟောတော်မူအပ်သည်ဟူလိုသတည်း။

အဿ သာဓု အာဒိဝစနဿ။ ။ဣမဿ ဝိကပ္ပဿ [ဋ္ဌ၊၅၃၁] ဂဟာပတိဿ၊ အား။ (ဝဒတိ၊ ၌စပ်။)

မဟာဋ္ဌ ဒေါ်ဓောပေတကာမဿ အပ္ပဂ္ဃံ စေတာပေတိ-အဖွင့် ဝိမတိဝိနောဒနီဋီကာ (၁၊ ၃၂၆)၌ ဝိညတ္တိပစ္စယာ ပန ဒုက္ကဋ္ဋမေဝဟု မိန့်ပြီးလျှင် ပုဗ္ဗေ အပ္ပဝါရိတောတိဟိ သုတ္တေ ဝိညတ္တိကာရဏံ ဝုတ္တံ-ဟု အကြောင်းကို ပြတော်မူ၏။ အပ္ပဝါရိတော-ဟု ဟောတော်မူသော်လည်း လျှုလိုသော ဒါယကာဖြစ်၍ ပဝါရိတ အရာ၌တည်ပေသည်။ ထို့ကြောင့် ထိုအကြောင်းကို မဆိုသင့်။ မာတိကာ အဋ္ဌကထာ၌ အညာတကဝိညတ္တိ-ဟု အင်္ဂါလာများသော်လည်း ထိုစကားကို ဝိညတ္တိဒုက္ကဋ္ဋ ဖြစ်သောကြောင့် ဆိုသည်မဟုတ်၊ အထူးစီရင်၍ မတောင်းခြင်းကြောင့်သာ ဆိုသတည်း။ ထို့ကြောင့် မာတိကာ အဋ္ဌကထာ စကားကိုလည်း အကြောင်း၏အဖြစ်ဖြင့် မဆိုသင့်။

အဋ္ဌကထာ၌ နဂ္ဂိဋ္ဌိဝတ္တုဗ္ဗာ-၌ မုဒေဝေင်္ကကပ္ပိယကာရကေ၊ အသမ္မုခေ ကပ္ပိယ ကာရက-ကို က လှူလိုလျှင်သာ မဆိုရသတည်း။ လှူလိုလျှင် ဆိုရသေး၏ဟု အဓိပ္ပါယ်ကိုယူသော် ထိုနဂ္ဂိဋ္ဌိဝတ္တုဗ္ဗာ- စကားကိုထောက်၍ တောရသကာ၏ ဋီကာ-စကားကို အပြစ်ဘင်ရန်မရှိ၊ တဋ္ဌ သမကံ။

ဟိ ယသ္မာ၊ ကြောင့်။ ဣဒံ သိက္ခာပဒံ၊ သည်။ အဋ္ဌဝတ္ထုကံ၊ အဖိုးပွား ခြင်းရှိ၏။ တသ္မာ၊ ကြောင့်။ ယော ဂဟပတိကော၊ သည်။ ။

## ပဌမ ဥပက္ခဋ သိက္ခာပဒဝိပနိ နိဋ္ဌိတာ။

---

[၁၁၅၇၂] ကေသာ၊ တင်ယောက်သော ဒါယကာကို။ ။ဒွိန္နံ၊ နှစ်ယောက် ကုန်သော ဒါယကာတို့ကို။ ။ပိဋ္ဌံ၊ ကို၊ ကတွာ၊ ၍။ ဂဏှာတော၊ အား။ အာပတ္တိ၊ ကို။ ဝေဒိတဗ္ဗာ ယထာ၊ ကဲ့သို့။ ။

## ဒုတိယဥပက္ခဋ သိက္ခာပဒဝိပနိ နိဋ္ဌိတာ။

---

[၁၁၅၇၃] ပညာသကဟာပဏာဒဇ္ဈော-ဖြင့် "ပညာသာယ ဗန္ဓော ပညာသ-ဗန္ဓော" ဟူသော ဝစနတ္ထကို ပြသတည်း။ ဗန္ဓော၊ ဖွဲ့အပ်၏။ ပညာသံ ဇ်တော-သည် သဒ္ဒတ္ထမဟုတ်၊ အဓိပ္ပာယတ္ထတည်း။ ဇိမတော၊ ရှုံး၏။ ဇိဇာနိယံ။ (ဓာတုမာလာ ၂၄၇။) ဤ ဇိတော ဣတ္ထုရုပ်ကိုယောက်၍ "ပညာသံ၊ ကို။ ဗန္ဓော၊ ဖွဲ့တတ်၏" ဟု အနက်ပေး။ ။ဒါတဗ္ဗော၊ ဒါပေတဗ္ဗော နှစ်ထွေရှိ၏၊ သင့်သည်ချည်းတည်း။ ဒါတဗ္ဗော-ရှိမှု "ပညာသံ၊ ကို။ ပဌမာဂတာနံ၊ တို့အား။ ဝေတန ပစ္စာအာဂတေန၊ သည်။ ဒါတဗ္ဗော၊ ပေးအပ်၏-"ဟု အနက်ပေး။ ဒါပေတဗ္ဗော ရှိမူ ပညာသံ-ည်ဓာတ်ကံတည်း။ "သော ပစ္ဆာ အာဂတော"-ဟု ကာရိုက်ကံထည့်။ ပဌမာဂတာနံ-ဟု သမ္ပဒါန်ထည့်။ ။ အဇ္ဈုပေက္ခာ၊ ဘဏ္ဍ အာဂမေဟိတိ- စသည်ဖြင့် အဂ္ဂ-ကို ကောဒိဝသံ-ဖွင့် ပတည်း။(ဣမသ္မိံ ကာလေ အဂ္ဂ၊ ပဋုယာဒနိဋ္ဌာနိပါတနာသိဇ္ဈတ္တိ-သုတ်၊ ကိတ်၊ကစ္စည်းသဒ္ဒါကြီး) အမှာကံ၊ ဖြင့် ကျော-ကို ဖွင့်သ တည်း။ နောက်ပုဒ်ဟာ-လာ၊ ဒဏ္ဍဇန-ကို မုဒ္ဒဇ ဏ ပြုဟုပြသတည်း။ဇိဝေ၊ ရှုံးသည်။ ၁၁၅၇၈-၅၇၉။

အဿအမဂ္ဂဿ၊ လိုအပ်တ်အား။ ရာဇတော၊ မှ။ ဂဒ္ဒိ၊ သော။ ဘောဂံ ဘုဉ္ဇိဘဗ္ဗံ၊ သုံးဆောင်အပ်သော အဆုံးရခြင်းစည်းစိမ်သည်။ အတ္ထိ၊ ရှိ၏။ အဿအမဂ္ဂဿ၊ အား။ ရာဇတော၊ မှ။ လဒ္ဓေါ၊ သော။ ဘောဂေါ၊ အစိုးရ ခြင်းစည်းစိမ်သည်။ အတ္ထိ၊ ၏၊

ရာဇတော ဘောဂန္တိ ရာဇတော လဒ္ဓဘောဂံ။ ရာဇဘောဂေါတိ ရာဇာ မတွော။ ရာဇတော ဘောဂေါတိ ရညာ ဒိန္နံ ဣဿရိယံ။ (ကင်္ခါဋီကာသစ် ၃၁၀)

ယံ ဝတ္ထုံ မာတိကာဋ္ဌကထာယံ-စသည်ဖြင့် ဆေရသကဏ်ဋီကာ(၂၊ ၄၀၆) ဆရာသည် မာတိကာ အဋ္ဌကထာကို ယူ၍ ဖွင့်၏။ ဝိမတိဝိနောဒနီဋီကာ ဆရာသည် မာတိကာအဋ္ဌကထာ၏ ရှေးနေပြု၍ ဆေရသကဏ်ဋီကာစကားကို ယူ၍ဖွင့်၏။ ထိုနှစ်ပါးကုန်သော ဋီကာအဖွင့်တို့တွင် ဆေရသကဏ်ဋီကာ အဖွင့်အတိုင်း သင့်မည်ထင်သတည်း။ ထို့ကြောင့် အဋ္ဌကထာ(ဝိ၊ ၃-၂၊၂၅၆) နောက်၌ "ဒေသနာမတ္တမေဝစေတံ ဒုတိယေန စ်ဝရေစေတာပန္န ပဟိတေယျာတိ၊ သယံ အာဟရိတွာ ပိ ပဏ္ဍုပါတာဒီနံ အတ္တာယ ဒဒန္တေသုပိ ဒေသောဝနယော" ဟု မိန့်အပ်၏။ ဤမိန့်အပ်သော အဋ္ဌကထာ စကားဖြင့် ပစ္စည်းရှင် ဒါယကာသည် ကိုယ်တိုင်ဆောင်၍ အကပ္ပိယဝေါဟာရဖြင့် လှူအပ်သည်ဖြစ်စေ၊ ကပ္ပိယဝေါဟာရဖြင့် လှူအပ်သည်ဖြစ်စေ ဤသိက္ခာပုဒ်၌လာသောနည်းဖြင့် ကျင့်အပ်၏ဟူသောအနက်ကိုပြသတည်း ။ ဤယံ ဝတ္ထုံ ဟောတိ မာတိကာ-ဋ္ဌကထာယံ စသည်(သာရတ္ထ-၂၊ ၄၀၆)၌ သတိပိ ဟိ-စသည်ကား (သာရတ္ထ-၂၊ ၄၀၇) နှ ဒိဿတိ-၏ အကြောင်းတည်း။ နှ စ ဒုတိယေန-စသောစကား သည်သည်း နဒိဿတိ၏ အကြောင်းပင်တည်း။ ယဒိပန အာဂမနသုဿ-စသည်ကား အာဂမနသုဿ အဿုဒ္ဓတ္တာ အကပ္ပိယတွံ-စသော မာတိကာ အဋ္ဌကထာ (ကင်္ခါ၊ ၁၆၉)စကားနှင့်ကိုစပ်၍ တက်သတည်း။ ကပ္ပိယဝေါဟာရဝသေန ဝဒတိ၊ (သာရတ္ထ ၂၊ ၄၀၇)၌ ဤ၊ကန်းဖိုးကို မည်သည့်ဒါယကာက အရှင်ဘုရားထံသို့ ပို့ချေဟု စေသည်ဖြစ်၍ ဆောင်ယူခဲ့ရပါသည်။ ကပ္ပိယကာရက ရှိတော်မူပါ်လေ-ဟုလျှောက်ထားသောစကားကိုကပ္ပိယဝေါဟာရဆိုသတည်း။

စီဝရာနိ အတ္တာယ(သာရတ္ထ ဋီ၊ ၂၊ ၄၀၇)ဟု နိ-အက္ခရာနှင့် စာအစောင် စောင်ရှိ၏။ နိဂ္ဂဟိတန္တ နံ အက္ခရာနှင့် ရှိရမည်။ အပုဏ္ဏတ္တာဝ-ဟု အ-အက္ခရာ နှင့် မရှိသင့်။ အ အက္ခရာကင်းလုက် ပုဏ္ဏတ္တာဝ-ဟု ရှိမည်။ အဋ္ဌကထာ၌ "ဣဒံ စေဒနာလက္ခဏံ"သည် နိဂုံတည်း။ ဝိမတိဝိနောဒနီဋီကာ(၁၊ ၃၂၉)၌ နဝတ္တဗ္ဗော ဒေဟိ မေ စီဝရံ။ပ။ စေတာပေဟိ ဝါ မေ စီဝရံ ဣဒံ-အစရှိသည် ဖြင့် ဒေဟိ မေ စီဝရံ အစရှိသော စကားကိုဆိုသော် ရှုပိယ သံဝေါဟာရသို့ မရောက်သည်မည်၏ဟူ၍ သာဆိုသတည်း။ စင်စစ်ရောက်၏ဟု မဆိုပေ။ ထို့ကြောင့် အာပတ်ဖြင့်ဆုံးဖြတ်သော် ဆေရသကဏ် ဋီကာဖွင့်တိုင်း ဝတ္ထုဘေဒ ဒုက္ကဋ် အာပတ်ဖြင့်သာ ဆုံးဖြတ်အပ်၏၊ ဋီကာနှစ်စောင် ဝါဒမခြား။

[ကျမ်းတက်]ဆေရသကဏ်ဋီကာ(၂၊ ၄၀၈)၌ ဝတ္ထုဘေဒ ဒုက္ကဋ်မသင့်သော ကြောင့် တောင်းခြင်းမမြောက်ဟု ဇုတ်ရည်သေးဟု စေဒနာရန်ရှိသော ကြောင့် စေဒနာ ပန-စသည်ကို မိန့်ပေသတည်း။ (ဤသို့စေဒနာတင်လေ) ဣဒံစ္စတံ ကုသလံ သာဓု-ဟူသောအဋ္ဌကထာ၌ သာဓု-သည် အဓိပ္ပါယ်အဖွင့်

တည်း။ ကုသလ-သဒ္ဒါသည် အနဝဇ္ဇ အနက်ဟောတည်း။ ။ တတ္ထ စတုက္ကတ္တ[ုံ]။ ပါဠာဘဗ္ဗနိ့ဝဏ္ဏနာ။ ဘဗ္ဗဋ္ဌာနနံ၊ လေးကြိမ်မြှပ်ခြင်း အစရှိကုန်သော အလုံးစုံကုန်သော ရှင်ခြင်းတို့၌ငွ။ သာခေါရဏော၊ သော။ ဇနည် ကား။ သာခေါရဏော သာခေါရဏတ္တာ၊ ကြောင့်။ ယော တုက္ကိဘာဝေါ၊ သည်။ အတ္တိ၊ ၏။ တံ တုက္ကိဘာဝံ၊ ကို။ သဗ္ဗဋ္ဌာနံ၊ တွိုင်း။ ဌာဝ၊ စွာ။

ပုစ္ဆိယမာနော၌ ရှေ့နည်းအလိုအားဖြင့် ယောန်းကိုရသတည်း။ ထို့ကြောင့် အဝုတ္တ ကတ္တားအနက်ပေး နောက်နည်း အလိုဒဝါးဖြင့် ဒါယကာကိုရသတည်း။ ထို့ကြောင့်၊ ဝုတ္တကံအနက်ပေး။ ကရဏတွေဖြင့် ကတ္တားကို ကရိုဏ်းဆိုသတည်း။ ပုစ္ဆိ ကုရုမာနေ ဖြင့် နာမ-ဓာတ်ကိုပြသတည်း။

တွေ ပုစ္ဆိယမာနော တိ ဝစနေ အာဂတကာရေကာ ဗုဒ္ဓဝိ-၌ တောရသကဏ် ဋီကာဝါဒတွင် ကျော်ပုဒ်လာသည်သာ အသင့်တည်း။ ထို့ကြောင့် အဋ္ဌ ကထာ၌ "သောပိ သဗ္ဗစောဒနာ ယော သဗ္ဗဋ္ဌာနနံ ဓ ဘာဝတ်" ဟု အဋ္ဌ ကထာ၌ မိန့်အင်တတ္တ။ အာဂတကာရေကာ၊ လာခြင်း၏ အကြောင်းကိုရပ်လို၍ လာသောကြောင့် ပေါ်ခြင်းသည် အာဂတကာရကမည်သတည်း။ တောရသကဏ် ဋီကာ(၂၃၀၀)၌ တဿ နကတ္တဗ္ဗန္တိ ဝါရိဘသော၌ "တဿ၊ ထိုသို့ဌာနကာ လှင် ဖြစ်သောကြောင့်။ နကတ္တဗ္ဗန္တိ၊ ၌။ ဝါရိဘသော၊ ထားမြစ်အပ်သည်ကို။ ကတတ္တာ၊ ကြောင့်။ (ပန အနက်မရှိ)တဿ-ကို ဘဒ္ဒတိ ဌာပ်။ ကတတ္တာ ကိုလည်း ဘဒ္ဒတိ-၌ပင်ပေး ဤအဖွယ် ဝိတိဝိနောဒနီ၌ ကျော်ပုဒ်တကားကို ကောင်ထို၍ တပ်ဖွင့်ဆေး၏။ အဋ္ဌကထာနှင့် ညီလေ။ ဝေ ဝ ကာ၌ ဣဒံ သာ ဝတော ဝေ ညဖြင့် သု မ မြို့ မြင်မြင့်ကော မလိုရင်၍ ယဘောအားဖြင့် မတောင်းလိုသော ရဟန်းသည်လည်း ပြုအပ်၏ ဟူသော အနက်ကို ပြယတည်း။

တတ္ထ ဟာပနေ။ ။ဧတ္ထ စောဒနာ ဌာနေသု။ ။အဋ္ဌကထာ၌ ယသ္မိံ ဌာနေ စသည်တွင် ယသ္မိံ၌ ကော ပါကျူးမွေးဇော ကတည်း။ ယာခုခေါ် စာမူတို့၌ စ ဒ္ဒါမပါ) ပေသ်တန္တိ၌ ကောဆိုအပ်ပြီးသော အနက် ပေါင်း သတည်း။ "ယသ္မိံ ဌာနေ၊ အကြောင်း ဟောန်းနေ သာ အနေ ။ ဟ သော၊ လိုရဟန်းဇ။ စီဝရစေတာပန္နံ၊ ကို။ ပေသိတံ၊ ဇ။" ဟု အနက်ပေး။ ထို့ကြောင့် ဇစီ ဗုဒ္ဓ ၄ ၇ ၌ ယတ္တာ တိ ဝုတ္တေ အတ္တနော ဒ သ ဂဏ္ဍိ ဝုတ္တံ ပိယ ဟော တိ။ ဝေနဝုတ္တံ "ဗျဥ္ဇနံ ပန သမေတိ" တိ-ဟု မိန့်သပ၏။ ရဟန်းနေရာအရပ်သို့

သက်န်းဖိုးကို စေသည်ကို ဆိုသောအရာမဟုတ်၊ မင်း,မင်း၏ အမတ်ထံမှသင်္ကန်းဖိုးကို ဆောင်သည်ကိုသာဆိုသော အရာဖြစ်၍ ယတာဿ စီဝရစေတာပန္နံ အာဘတံ-သဒ္ဒါသည် ဤအရာနှင့်မညီ ဟူလိုသတည်း။

ဗျာဥ္စနံ၊ ယတာဿ စီဝရ စေတာပန္နံ အာဘတံ-သဒ္ဒါသည်။ဣမိနာ ပကာရေနေ၊ ဤအရာနှင့်။ နသမေတိ၊ မညီမညွတ်။

ဝဇီရာဗုဒ္ဓိနာ်းမှ တနည်းကား ယသို ဌာနေ၊ အကြင်မင်း,မင်း၏ အမတ်၏ အာံဟု ဆိုအပ်သော အရပ်၌။ ဧသ ဒံကျုနော၊ ၏။ စီဝရစေတာပန္နံ၊ ကို။ ပေသိတံ၊ စေအပ်၏။ ဤသို့အနက်ပေးသော် ပေသိတ-အနက်ကို ဟောသော အာဘာတ-သဒ္ဒါသည် အာဝေရကို မင်္ဂကား ယတ္ထ-သဒ္ဒါသည် ပေသိတ အနက်ကို ဟောသော အာဘတ-သဒ္ဒါနှင့် မညီ မလျော် ဟူလိုသတည်း။ "ဗျဉ္ဇနံ၊ ယတ္ထသဒ္ဒါသည်။ အာဘတသဒ္ဒေနနှင့်။ နသမေတိ၊ မညီမလျော်။"

အဋ္ဌကထာ၌ ဧဝ ရဿ စီဝရံ ဂဏိတ္ဘာ ဒေဟိတိ ဂစ္ဆတိ ၌ အလိုရှိလျှင် သင်္ကန်းကို တောင်းယူရစ်တော်မူပါဟု ဒါယကာက လျှောက်ကြားပုံ မလာသောကြောင့် မလျှောက်ကြားသော်လည်း တောင်းအပ်၏ဟု မှတ်လေ။

အာဏတ္တာ ဝါ ဝေယျာဝစ္စကာရာ ပါ။ ။ ဧတေသု၊ ဤရဟန်းညွှန်အပ်သော ဝေယျာဝစ္စကရတို့၌။ ။

အဝိစာရေတုကာမဟောယဉ္ဇ် ကပ္ပိယကာရကာ ရှိလျက်နှင့် "သော ခေါ် အာဝုသော ဘိက္ခုနံ ဝေယျာဝစ္စကရော" ဟု မစိစစ်လိုဟူလိုသတည်း။ ထို့ကြောင့် "နတ္ထမှာကံ ကပ္ပိယကာရကော" ဟူ၍ကိုဆိုသော် သမ္ဗောဓနမုသာဝါဒ မဖြစ်ပြီးသောဟူမူ မိမိနှင့် အကျွမ်းဝင်သော ရှက်ဆောင်ရေခြင်းငှါ မေးမြန်း၍ ထားအပ်သော ကပ္ပိယကာရက သာသည်။ ထိုဒါယကာ၏ အမှုကိစ္စကို ရှက်ဆောင်ရွေခြင်းငှါ မေးမြန်း၍ ထားအပ်သော ကပ္ပိယကာရက မရှိသည်ကို ရည်၍ ဆိုသောကြောင့် သမ္ဗောဓနမုသာဝါဒမဖြစ်။ ထို့ကြောင့် တေရသကဏ္ဍ္ဍီကာ(၂၇၀၃)၌၊ အဝိစာရေတုကာမတာယာတိ ဣမသ္မိံ ပန္တေ နတ္ထမှာကံ ကပ္ပိယကာရကောတိ ဣဒံ ဟာဒိသံ ကရောန္တော ကပ္ပိယကာရကော နတ္ထီတိ ဣမိနာ အဓိပ္ပါယေန ဝုတ္တံ ဟု မိန့်အပ်၏။

ဧဟောသု၊ ဤကမန့် ညွှန်ကြားအပ်သော ဝေယျာဝစ္စကရတို့၌။ ။ ဧတ္ထ၊ ဤတမန်ညွှန်းပြအပ်သော ဝေယျာဝစ္စကရတို့၌။ စောဒနာယ ပမာဏံ နတ္ထိ၌ ဌာနကိုသည်း သိအပ်၏။

အညံ ကပ္ပိယကာရကံ စသည်ကား သင်ကပ္ပိယကာရကမလုပ်လင့်၊ မည်သူ ကပ္ပိယကာရကလုပ်ဟု ကပ္ပိယကာရက ရွေးပြောင်းသည်ကို ဆိုသတည်း။

အညံ၊ သော။ ကပ္ပိယကာရကံ၊ ကို။ ဥပေတွာပိ၊ ၍လည်း။ မူလကပ္ပိယ ကာရကဿ၊ ၏။ ဟတ္ထေ၊ ၌၊ ဇနံ၊ ကို။ အာဟရာပေတဗ္ဗံ၊ ၏။

ဒုတိယ ဟတ္ထ ဘော် စသည်၌ အနာရောဂျတွာ စကားကိုဆိုသည်ကား ရဟန်းအား ကြားခဲ့သော် သံမုခပထမ ဒုတိယဒွိပ္ပကပ္ပိယကာရကသို့ အလျော် အားဖြင့်ဝင်သောကြောင့် ဆိုသတည်း။ အပရော ဘိက္ခုနော စသည်၌ ဤ ခါ ဘဒ္ဒေ။ ၊။ ပဋိဂ္ဂဏှာတု အာယသ္မာ စီဝရစေတာပန္နံစကားကို ရှေးဦးစွာ လျှောက်ကြား၍ လည်းကောင်း၊ မလျှောက်ကြားမူ၍လည်းကောင်း၊ ရဟန်း၏ အလုပ်အကျွေးဒါယကာ၏လည်းကောင်း။တပါးသောဒါယကာ၏လည်းကောင်း လက်၌ အကပ္ပိယ ဝတ္ထုကို ပေးအပ်၍ မထေရ်အား သင်္ကန်းကို လှူရစ်ပါဟု ဆိုပြီးလျှင် မထေရ်၏ အထံသို့ ပြန်၍မလျှောက် မကြားဘဲ ထိုအရပ်မှ ဖဲသွား သည်ဟူလိုသတည်း။

ဧတ္တာဝ စကားကိုလည်း ရဟန်းအား လျှောက်ကြားသော် အသမ္မုခ ပထမ ဒုတိယ တတိယ ဒုတိယဋ္ဌကပ္ပိယကာရကသို့ အလျော်အားဖြင့် ဝင်သော ကြောင့်ဆိုသတည်း။ ရဟန်းညွှန်းပြအပ်သော အသမ္မုခ ကပ္ပိယကာရက သုံးယောက်၊ တမန်ညွှန်ပြအပ်သော ကပ္ပိယကာရက လေးယောက်တို့ကို ရဟန်းအား မကြားသည်ဖြစ်အံ့ ပမ္မုခ ကပ္ပိယကာရကသို့ အလျော်အားဖြင့် သွင်းလေ။ ။

ဧဝံ သု အညာတကာ အပဝါရိတေသု ဂိယ ပဋိပဇ္ဇိတဗ္ဗံ သားကို အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်ရာသောကြောင့် ဆိုသည်မဟုတ် ထို ပစ္စည်းသည် မုခဝေဝဋ္ဌိက ကပ္ပိယကာရကစသည်တို့၏ ဥစ္စာမဟုတ်၊ ရဟန်း၏ သာ ဥစ္စာဖြစ်သတည်း။ သည်းတွောဒေသာ မယာ စသည်ဖြင့် ဘုရားဟောတိုင်း ဒါယကာတို့လျှောက်ထားမှ ယခင်ရမည်ကို မလျှောက်မထားဘဲနှင့် တောင်း လေသောကြောင့်သာ ဝတ္တဘေဒဒုက္ကဋ်အာပတ်သင့်သတည်း။ 'အတ္ထော မေ အာဝုသော စီဝရေန''ဟု ကိုယ်မည်ကို''ဒေဟိ မေ စီဝရံ''စသည်ကိုဆိုသော် ဝတ္တ- ဘေဒဒုက္ကဋ် အာပတ်သင့်သလော်မှုလ်။ သည်းတွော သော မယာတိအာဒိ ပန စသောစကားကိုတရစကာက်ကာ(၂၄၁၊) ဓာဝိသည်ကား ဤအမိပ္ပာယ် ကိုရည်၍ဆိုသတည်း။ ဇဝိရ ဒိဋ္ဌိကာ' ၄၁)၌ အညာတက ပိညတ္တိသိက္ခာ ပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သည်ဟုဆို၏ ကပ္ပိယကာရကတို့၏ အထံ၌အပ်နှံ၍

လာ၊ အပ်သော ပစ္စည်းကို မဆိုထားဘိဦး၊ သံဃာ့အကျိုးငှာ ငွေရှုဆောင်အပ်သော ဆွမ်း သံဃာကို ရည်သွန်း၍ အိမ်၌ထားအပ်သော ဆွမ်းဖိုးကဲ့သို့ တောင်းသော်လည်း အညာတကဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်မသင့်။ ပရိဏတ သိက္ခာပုဒ်ကိုထောက်သတည်း။ ဤသိက္ခာပုဒ်ဖွင့် တေရသကဏ္ဍဋီကာ (၂၄၀၇) ၌လည်း ဝိဝါဒ ခေါ် မယံ ပရိဏာမာတိ ဣဒံ ပန-စသောစကားကို မိန့်အပ်၏။ ပထမ ဥပက္ခဋသိက္ခာပုဒ်ဖွင့် တေရသကဏ္ဍဋီကာ (၂၄၀၆)၌လည်း၊ ဝေဒ စေ ဒေတုကာမောမှိတ် အတ္တနော သန္တကေ အဝုတ္တေပိ ဒါတုကာမတံ သုတွာ ယဒဂ္ဃနကံ သော ဒါတုကာမော ဟောတိ။ တဒဂ္ဃနကံ အာဟာရာပေတုံ ဝဋ္ဋတိဟုမိန့်အပ်၏။

သယံ အာဟရိတွာ ပိဏ္ဍသည်၌ ကပ္ပိယဝေါဟာရ အကပ္ပိယဝေါဟာရတို့တွင် တပါးပါးဖြင့် ကိုယ်တိုင်ဆောင်၍ လှူသတည်း။ ဓေဝ နယောဖြင့် ဣဓေကစ္စော ဘိက္ခုသ စီဝရတ္ထာယ ဒုဿေ န (ဝိ၊ ၂၊၂၇) စသည်ကို ညွှန်းသတည်း။ ဤဒမ္မိ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတိ၌ ပိသဒ္ဒါဖြင့် မိမိအကျိုးငှာ လှူအပ်သောပစ္စည်းကို ပေါင်းသတည်း။ ဘိက္ခုနော န ဝဋ္ဋတိဟု သံဃာမှ အလွတ်ရဟန်းကို သမ္ပဒါန်ခံ။ သံဃာ၌ အကျုံးဝင်သော ရဟန်းကို သမ္ပဒါန်မခံလင့်။ န ကေဝလံ(ဝိ၊ ၂၊၂၈) အစရှိသော ရှေ့စကားကိုထောက်သတည်း။ ယသ ကသ စိမှစ၍ မဟာပစ္စရိဂကောသတည်း။ ယသ ကဿစိသည် အညဿ ၏ ဝိသေသနတည်း။ သံဃာဂိုဏ်း, ပုဂ္ဂိုလ်, စေတီ,ဝိဟာရ သည်ကို အညဿ အနုယူ။ သံဃာ သည်တို့အကျိုးငှာ "သံဃဿ ဒမ္မိ" ဟုဆို၍ လှူသည်ဖြစ်စေ "သံဃဿ အတ္ထာယ ဘုမ္မာ ဒေမ" ဟုဆို၍ လှူသည်ဖြစ်စေ ခံသောပုဂ္ဂိုလ်အား ဒုက္ကဋ် အာပတ်သင့်သတည်း။ စေတီစသည်တို့၏ အကျိုးမှာ လှူရာ၌ "စေတိယဿ ... ဒေမ" ဟုဆို၍ လှူသော်သော် ခံသောပုဂ္ဂိုလ်အား ဒုက္ကဋ်အာပတ်သင့်သတည်း။ "စေတိယဿ ဒေမ" ဟုဆို၍လှူသော် ခံသော ပုဂ္ဂိုလ်အား မဖြစ်မှု။ သဒ္ဓေ ပ ... သံဃ ဝါ (ဝိ၊ ၂၊၂၇)စသောအဋ္ဌကထာ နောက်စကားကို ထောက်သတည်း။

ကောလံ ... သုကတဒုက္ကဋ်၌ ကေဝလံဖြင့် ခံသည်ကို ကန့်သတည်း။ ရဟန်းသံဃာ ... ကဲ အလိုရှိလျှင် ကပ္ပိယကာရကကို လှူသည်ကို သုကတ။ ... သုံးဆောင်သည်ကို ဒုက္ကဋ်သတည်း ... အပြောမှာ ... အလိုရှိရာပစ္စည်းကို ... ယာကမာ ... ဟု ... သတည်း။ ထို့ကြောင့်ဤ ဝါကျ၌ ကပ္ပိယကာရကကို စတုဒ္ဒိသိကဒ်၌ ကပ္ပိယကာရကသို့ အလျော်အားဖြင့်သွင်းအပ်၏။

အထာပိ။ပ။ဘဝိဿတိဝါကျလာ ကပ္ပိယကာရကံ လည်း ဧဝ ဋ္ဌ ဋ္ဌတ နိဒ္ဒိဋ္ဌကပ္ပိယကာရသို့ပင် အလျော်အားဖြင့် သွင်းအပ်၏။ မယ့်မဝဝေ စသော ဝါကျသာကပ္ပိယကာရကာကို ဘား ပယနွှာနိဒ္ဒိဋ္ဌ ကပ္ပိယကာရကသို့ အလျော်အားဖြင့် သွင်းအပ်၏။ (အနာမသိတ္တာကို ဝဏ္ဏိဋ္ဌဝင်။) သံဃာ ဝိဟာရတ္ထာယဒေမစသည် ဖြင့်ဆိုသော သံဃာ့ ဘာဉ်ကို သုံးသင့်သည်မည်၏။ ဝိမတိဝိနောဒနီ (၁၊၃၃၀) ကိုလောက်သတည်း။ ဝိမတိဝိနောဒနီ ဆရာသည် စေတိယဒီနံ အတ္ထာယဒေသော နောက်ပျတ်ရေကစကားကို ထောက်၍ဆို သတည်း။ စေတိယဿဒေမစသော စကားသည် ကပ္ပိယဝေါဟ ရမျှသာဖြစ်၍ သံဃာကိုဆုံးပုဂ္ဂိုလ်ဘူတွင် ဒါယကာရည်သည် အားလျော်စွာ သံဃိကဂဏိက ပုဂ္ဂလိကဖြစ်သတည်း။ ထို့ကြောင့် "သံဃံ ဝါ။ပ။ အနာမာသတ္တာ" ဟုမိန့်အပ်သတည်း။ အကယ်၍ ဒါယကာရည်သွင်းသည့် အားလျော်စွာ သံဃိက ဂဏိက ပုဂ္ဂလိက မဖြစ်မူ၍ ဤသံဃံဝါသော စကားကိုမဆိုရာ စေတိယာဒီနံ အတ္ထာယ တုမှေ ဂဏှတ္ထာ ဌပေထ စကား၌ တုမှေ ဂဏှတ္ထာ ဌပေထ-ဟု ရဟန်းတို့ကို အယူခိုင်းသောကြောင့် မအပ်သည်ဖြစ်၍ ပယ်ရ သတည်း။ စေတိယာဒီနံ စသည်ကား အနာမသိတ္တာ၏ ပျတ်ရေကစကားတည်း။ နဝဋ္ဋတိတိ ပဋိက္ခိပိတဗ္ဗ၌ မပယ်မူ၍ ယူသော် ဒုက္ကဋ်အာပတ် သင့်၏ မှတ်။

ပဋိဂ္ဂဟာပေ။ပ။ ပရိဘောဂေပိ အာပတ္တိ-စကား၌ သံဃာအား လှူသည်ကို ရည်ညွှန်းတိုင်းသော သံဃာခံသည်ဖြစ်၍ ပဋိဂ္ဂဟဏ၌ နိဿဂ္ဂိယပါစိတ် အာပတ် သင့်သတည်း။ ထို့ကြောင့် ပဋိဂ္ဂဟဏေ ပါစိတ္တိယံ-ဟု တေရသကဏ္ဍဋီကာ (၂၊၄၁၀)၌ မိန့်အပ်၏။ ဝဇိရဗုဒ္ဓိ (၂၇၄)၌လည်း "ပဋိဂ္ဂဟဏေ အာပတ္တိ-ပါစိတ္တိယ မေဝ"ဟု မိန့်အပ်၏။ ဝိမတိ ဝိနောဒနီ(၁၊၃၃၀)၌မူ ဥဂ္ဂဏှာပေ။ပ။ ဒုတိယပါရာဇိကာဖက် နဝသောခဏနေ အဋ္ဌကထာ ရှေးစကားကို ထောက်၍ ပဋိဂ္ဂဟဏ-၌ ဒုက္ကဋ်ဟူ၏။ ရှေ့စကားမှာ သံဃာ၏ အကျိုးငှာ လှူသည်ကို သံဃာမှ အလွတ်ဖြစ်သော ရဟန်းခံသတည်း။ ဤအရာမှာ သံဃာအား လှူသည်ကို ရည်ညွှန်းတိုင်း သံဃာခံသတည်း။ ထို့ကြောင့် ရှေ့စကားကို ထောက်၍ ဤအရာမှာ ဒုက္ကဋ်မဆုံးဖြတ်သင့်။ ရှေ့စကားမှာ သံဃာမှအလွတ် ဖြစ်သော ရဟန်းခံသည်ကိုက ား "ယဿ ကဿ စိ ဟိ အညဿ တ္ထာယ ဥဂ္ဂ-ဏှိတ္တဿ ဒုက္ကဋံ ဟောတိ" ဟူသော မဟာပစ္စရိ အဋ္ဌကထာ စကားကို ထောက်၍ သိအပ်၏။

တတြ၊ ထိုသံဃာတွင်။ သော ဘိက္ခု၊ ထိုဥက္ကာ သံဃာ သည်၌ ပပ ထိုက်၍ ပယ်သည်ဟု သိလျက်လည်းကောင်း၊ မသိ၍လည်းကောင်း ထိုသံဃာ၏ လာဘ် ကိုယယ်ဘ်သည်ဟု အပြစ်တင်သည် ဖြစ်အံ့၊ ထိုရဟန်းအား မျက်နှင့် စပ်၍

ပယ်သည်ကို အဓမ္မကံနှင့် စပ်၍ အပြစ်တင်လေသောကြောင့် ဒုက္ကဋ်အာပတ်သင့်သည်ဟူလိုသတည်း။

တောချသကဏ်ဋီကာ(၂၄၃၀)၌ "ဣဒံ၊ ဤသေ့ဝ သာပတ္တိကော" စကားကို။ အဋ္ဌကထာပမာဏေနေဝ၊ ဖြင့် သာလျှင်။ ဂဟေတဗ္ဗံ၊ ၏"။ ။ပါဠိတော်မှာ မလာသောကြောင့်။ အဋ္ဌကထာပမာဏေနေဝ ဂဟေတဗ္ဗံ ဟု ဆိုသတည်း။ ပရဿ စသော(သာရတ္ထ ၂၄၃၀) စကားသည် အာစရိယဝါဒတည်း။ နောက်ပဋိဂ္ဂဏောပိ စသည်ကား တဋ္ဌာကဟူသော ဒုက္ကဋ်ဝတ္ထုနှင့် စပ်သော နောက်ပဋိဂ္ဂဟဏောပိ စသည်၏ အဖွင့်တည်း။

ကိဥ္စိ၊ စိုးစဉ်းမျှ။ စိဝရေယေဝ ဥပနေတဗ္ဗံ-၌ ဧဝ-သဒ္ဒါဖြင့် ဆွမ်းစသည်ပြည့်စုံသောအခါ၌ ဆွမ်းစသည်ဘို့၌ မဆောင်အပ်ဟူသော အနက်ကိုပြသတည်း၊ သံဃော ကာ မတိသည် နိယသနည်းမျှသာတည်း။ ဂိုဏ်းပုဂ္ဂိုလ်တို့၌ နည်းတူသိ၊ သံဃသုန္တတာယ စသည်၌ "မူလစ္ဆေဇ္ဇအားဖြင့်လည်းဆောင်အပ်၏" ဟု မှတ်အပ်၏။ မူလစ္ဆေဇ္ဇံ အကတွာ၌ အချိုကို ချန်ဦးဟူလိုသတည်း။

အညံ့ ခေတ္တဝတ္ထာဒိ-၌ အာဒိဖြင့် ပုပ္ပာရာမ စသည်ကိုသာ မယူရ။ တဋ္ဌာကကိုလည်းယူ။ ထို့ကြောင့် သဓေ ဟိ စသည်ကို မိန့်ရသတည်း။ ဋီကာဆရာတို့ အလိုအားဖြင့်ကား တဋ္ဌာကကို ခေတ္တ၌သွင်း။ တဋ္ဌာကသပိ စသောစကားကို ဋီကာဆရာဆိုသည်ကား အဋ္ဌကထာဆရာ အဘယ့်ကြောင့် သဓေဟိစသည်ဖြင့် တစ်ဘက်ဆည်ကံကို ခံရ၌ အာပတ်ကို ဆိုအပ်သနည်း။ ခေတ္တဝတ္ထာဒိ အဂ ပ္ပိယံ န သမ္ပဋိစ္ဆိတဗ္ဗံ ဟူသည်နှင့်အညီ လယ်ယာစသည်ကို ခံရာ၌သာ အာပတ်ကို ဆိုသည်မဟုတ်လေ့ဟု စောဒနာဖွယ် ရှိသောကြောင့် ဆိုအပ်သတည်းဟု မှတ်အပ်၏။ ဒုက္ကဋ်ဝတ္ထု၌ တဋ္ဌာကသာ မလာသောကြောင့် အဋ္ဌကထာဆရာဖွင့်ရသတည်း။ ရေတွင်း, ရေကန်, ရေမြောင်းတို့ကို တဋ္ဌာက ဆိုးဖြတ်အပ်၏။

ယော ပန တာဒိသံယေဝ စသည်ဖြင့် အဋ္ဌကထာလာတိုင်း စီရင်သော် ရှေးငွေစသည့်မှာ မအပ်။ နိဿဂ္ဂိယ ဒုက္ကဋဝတ္ထု ဖြစ်သောကြောင့်တည်း။ ဗတ္ထာရော ပစ္စယေ သံဃော ပရိဘုဥ္ဇတု စသည်ဖြင့် ပစ္စည်းနှင့်စပ်၍လှူသော တဘက်ဆည်းကံမှာ ဒုက္ကဋ်ဝတ္ထုဖြစ်၍ အပ်သတည်း။ ဤအရာဝယ် ဝမတိဝိနောဒနီ(၁၃၃၁)၌ ဣဒဥ္စ သံဃဿ ပရိဘောဂတ္ထာယ-စသောစကားကို ဆို၏။ အဗျတ္တေနပန သမ္ဗုဘိက္ခုနာ စသော အဋ္ဌကထာနောက်စကားကိုထောက်၍

ဆင်ခြင်ရန်ရှိသတည်း။ ဤအဋ္ဌကထာနောက်စကားမှာ အလုံးစုံသော ရဟန်းတို့အား မအပ်ဖြစ်သတည်း။ ထိုကဲ့သို့ပင် ဤ၌လည်း သံဃာ့ဂိုဏ်းပုဂ္ဂိုလ်တို့အား အပ်လေရာသတည်း။

ယဒိ ပန ဘိက္ခုံ ပိဟိ-စသည်၌ ယာစိတ္ဝာ ခဏိတ္ဝာ-ဟု ဂ-သဒ္ဒါကိုယူ၍။ ယာစိတ္ဝာကို ငဲ့၍ ကာရိတံဆိုသတည်း။ ခဏိတွာကိုငဲ့မူ ကတံ-ဆိုသင့်သတည်း။ ကတံပုဒ်နှင့်ကျသတည်း။ တစ်နည်းကား— ကာရိတဥ္စ ကတဥ္စ ကာရိတံဟုပေါင်းသိက်ပြု။ ယာစိတွာကို ကာရိတံပုဒ်၌စပ်။ ခဏိတွာကို ကတံပုဒ်၌စပ်။ ဟတ္ထကံကို ဘောင်း၍ ကပ္ပိယမြေ ဖြစ်အံ့။ "ဣမံ ဥဒ္ဒဿကံ ဇာနဟု ကပ္ပိယဝေါဟာရ, ခဏဟု အကပ္ပိယဝေါဟာရနှစ်ပါးဖြင့် တူးစေသည်။ ကပ္ပိယမြေ၌ ကိုယ်တိုင် တူးရသည်ကိုဆောက်သတည်း။ အကပ္ပိယမြေဖြစ်အံ့ ကပ္ပိယဝေါဟာရဖြင့်သာတူးစေသည်ဟုမှတ်၊ အကပ္ပိယ ဝေါဟာ ဖြင့် အကပ္ပိယဥဒ္ဒဿက ဖြစ်သတည်း။ သစေ ပန ကောစိ၊ အဇ္ဈောတ္ထာ-စသော ဒုဋ္ဌကထာစကားကို ဆောက်သတည်း။

သဟဿ္တေန။ပ။ခနိတွာ၌ အကပ္ပိယမြေကို ကိုယ်တိုင်တူး ပြုသောအကပ္ပိယတဠာက ဖြစ်သည်ဟုမှတ်။ အကပ္ပိယမြေ၌ အကပ္ပိယဝေါဟာရဖြင့် ပြုစေလျှင် အကပ္ပိယတဠာက ဖြစ်သည်ကို ဆောက်သတည်း။ ။ဥဒကပရိဘောဂတ္ထာယ-ဟုဆိုခဲ့သောကြောင့် ပစ္စယပရိဘောဂအကျိုးငှါ တစ်ဖက်အသုံးကိုကို ပြုသော အကပ္ပိယတဠာကဟု မှတ်အပ်၏။ ပစ္စယဝသေန ပဋိဂ္ဂဟိတတဠာကေ မှစ၍ ဒုဗ္ဗိနိဗ္ဗာဂံ ဟောတိ သဒ္ဒေသံ အကပ္ပိယမေဝ တိုင်အောင်သော ဒုဋ္ဌကထာ နောက်စကားကို ဆောက်သတည်း။ တစေ နိဿာယ အရှေ့သောစကားကို ဥဒကပရိဘောဂအကျိုးငှါ ပြုရင်းဖြစ်သောကြောင့် ဒါယကာတို့က ထိုရေ ကန်ကို အမှီပြု၍ဖြစ်စေအပ်သော ကောက်မှ ကပ္ပိယဘဏ္ဍာကို လယ်စုပေးခဲ့သော် အပ်ပါမည်လောဟုသျှင်ပါးလောရာသောကြောင့်သာ ဆိုသတည်း။ ဤသို့လျှုမှုသာမဟုတ်၊ မလျှုဒါန်း မပေးကမ်းဘဲနေခဲ့သော် ရဟန်းဘို့ ရေကန်နှင့်စပ်သောကြောင့် ပရိယာယ ဖြင့်တောင်းအပ်၏။ ရေကို တားမြစ်အပ်၏ဟု မှတ်ထင်သတည်း။ အာထမန္ဒသာ စသည်၌သံဃာ ဥပကာရတ္ထာယကို အလျော်အားဖြင့်သာဆိုသတည်း။ လူတို့သည် မိမိတို့၏ အကျိုးငှါ သဿကမြေကို တူးရာ၌လည်း အဆုံးအဖြတ်မခြား အတူတူပင်တည်း။ တံ ဓော။ပ။ဌွေတိ စကား၊ အမှာကံ။ပ။လဗ္ဘတိ စကားနှစ်ပါးတို့ကို ထိုလူတို့တူး၍ ထိုလူတို့ပင် ကောက်ကို ဖြစ်စေသော ဒေရာဖြစ်သောကြောင့် ထိုလူတို့ကို ငဲ့ကွက်၍ အလျော်အားဖြင့်သာ ဆိုသတည်း။ မလျှုဒါန်းဘဲနေခဲ့ကုန်သော် ပရိယာယ်ဖြင့် တောင်းအပ်၏။ ရေကို တားမြစ်အပ်၏။ ကပ္ပိယကာရကကို ထားပါကုန်ဟု မခေလျှောက်ကြားသော်လည်း ထားအပ်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီ(၁၊၃၃၁)၌ ဌပေထာတိ

ဝုတ္တေတိ ဣဒံ-စံသည်ကို မိန့်အပ်သတည်း။ ဥဒကံ ဝါရေတုံ လဗ္ဘတိကိုထောက်၍ ဝိမတိဝိနောဒနီ၌ ဆုံးဖြတ်သည်ကား အကယ်၍ တူးရင်းစွဲလွှတ်သည့် ရေကန်၌ ရှိသောရေကို အစိုးရကုန်ငြားအံ့။ သို့သော်သည် အရပ်တစ်ပါး သွားကုန်သည် ဖြစ်၍ တစ်ပါးကုန်သော သူတို့ဝင်၍ လယ်လုပ်ရာ၌ ရဟန်းတို့သည် ရေကို တားမြစ်ခြင်းငှါ မရကုန်ရာ။ တားလည်း ကားမြစ်ခြင်းငှါ ရကုန်၏။ အခွန်ကိုလည်း ခံယူအပ်၏ ထို့ကြောင့် တူးရင်းစွဲလူတို့ရေကို အစိုးမရကုန်။ ရဟန်းတို့သာ အစိုးရကုန်သတည်းဟု သိအပ်၏။ နစ ဘိက္ခုနံ ကပ္ပိယဒေန္တီ၌ ကပ္ပိယကာရက ထားရပုံကို ဆိုငြားလည်း မသောက်မထား မညွှတ်ဘဲ ကပ္ပိယကာရက ထားလိုလျှင် တားခြင်းကြောင့် အပြစ်မထင် သစေပနကောဂိ အဗျတ္တောစသည်၌ တဋ္ဌာကံ ဒမ္မိဟု ဆိုရှိလျှင် မတားမြစ်မူ၍ "သာဓု ဥပါသကာ"ဟုဆိုရ၍ ခံခြင်းသည် အကပ္ပိယဝေါဟာရအားဖြင့် ခံသည်မည်၏၊ "ဣမံ သြကာသံ ဒေ"စသည်ဖြင့် တူးစေခြင်းသည် အကပ္ပိယ ဝေါဟာရဖြင့် တူးစေသည်မည်၏။ "တဋ္ဌာကံ ဒေ"ဟုဆို၍ တူးစေသော် ကပ္ပိယဝေါဟာရ အားဖြင့် တူးစေသည်မည်၏။ ထို့ကြောင့် ပါစိတ်အဋ္ဌကထာ ပထဝီခဏန သိက္ခာပုဒ်အဖွင့်(ဝိ၊ ၃၊ ၁၂၁။)၌။ ပေါက္ခရဏိံ ခဏာတိဝဒတိ၊ ဝဋ္ဋတိ။ တေသယေဝ ဟိ ခေါ်ပေါက္ခရဏိံ နာမ ယောတိ၊ တဿာ အယံ ကပ္ပိယဝေါဟာရော။ သေနယောဝပိ တဋ္ဌာကံ အာဝဋ္ဋံ ဇာတိအာဒီသုပိ။ ဣမံ သြကာသံ ခဏ၊ ဣမသ္မိံ သြကာသေ ပေါက္ခရဏိံ ခဏာတိ ဝတ္တုံပန န ဝဋ္ဋတိဟု မိန့်အပ်၏။ ဥဒကပရိဘောဂ အကျိုးငှါ ခံသည်ဖြစ်စေ ပြုသည်ဖြစ်စေ၊ ပဏ္ဍယပရိဘောဂ အကျိုးငှါ ခံသည်ဖြစ်စေ ပြုသည်ဖြစ်စေအကပ္ပိယဝေါဟာရအားဖြင့်ခံသော်လည်းကောင်းပြုစေသော်လည်း ကောင်း ထိုတဋ္ဌာကဆည်ကန်ကို မသုံးဆောင်အပ်။ ထိုတဋ္ဌာကဆည်ကန်ကို မှီ၍ ရအပ်သောကပ္ပိယဘဏ္ဍာသည်လည်း မအပ်သည်သာတည်းပဋိဂ္ဂဟကာတိဖြင့် ပဋိဂ္ဂဏှာပေတိကိုလည်းယူ။ အကြောင်းကား မိမိခံခြင်းငှါမအပ်သော် သူ့ပစ္စည်းကို ခံစေခြင်းငှါ အပ်သောအရာ ဝိနည်းဒေသနာတော်မှာ အချိပ်အမြွက်မျှ မရှိသော ကြောင့်တည်း။ ကာရေတိဖြင့် ကရောတိကိုလည်းယူ။ စိတ္တလပဗ္ဗတေ ဘိက္ခုနာ နိဟဋ္ဋဥဒကဝါဟကံကို သောက်သပ ည်း။ ထိုစကားမှန်၏ ရဟန်းသည်အပ်သော ရေပြွန်မအပ်သောကြောင့် အဋ္ဌနာဂမင်း၏ မိဖုရားကြီး လုယက်ယူပြီးလျှင် တဖန်လှူရသတည်း။ ကိုယ်တိုင်တူးသည်ကိုလည်း အကပ္ပိယဝေါဟာရအားဖြင့် ပြုသည်ဟု ဆိုအပ်သတည်း ဤသိက္ခာပုဒ်၌ ဗန္ဓနဒွန္ဓာပနတို့ကို အကပ္ပိယ ဝေါဟာရဟုမဆိုရချေ၊ ထို့ကြောင့်ကပ္ပိယဝေါဟာရေပိ စသောစကားကို မိန့်အပ်လေ၏။ တံဘိက္ခုံဟိဟုဆိုသောကြောင့် အလုံးစုံကုန်သော ရဟန်းတို့အား မအပ်သည်ကို သိအပ်၏။ သစေ ဘိက္ခုံဟိ ပရိဋ္ဌတ္တဘာဝံဟု ဆိုလတ္တံ့ ဖြစ်သော ကြောင့်လည်း အလုံးစုံကုန်သော ရဟန်းတို့အား မအပ်သည်ကို သိအပ်၏။ သစေ

ဘိက္ခုဟိ ပရိစ္စတ္တဘာဝံ ဥတွာ၌ ရဟန်းသံဃာတို့ မသုံးမစွဲ ထားအပ်သည်ကို လည်းကောင်း၊ မုတ္တစတ္တအားဖြင့် စွန့်ပစ်အပ်သည်ကိုလည်းကောင်း၊ ပရိစ္စတ္တ ဟုဆိုသတည်း။ ထိုနှက်ပါးတို့တွင် သံဃိက-ရေကန်ဖြစ်အံ့ ဂရုဘဏ်ဖြစ်သည်နှင့် မုတ္တစတ္တမစွန့်အပ်။ စွန့်သော်လည်း စွန့်သည် မမည်ချေ သံဃိကပင်တည်း။

သာမိကော ဝါ အရ တင်္ဃကရှင် ဒါယကာကား အဗျတ္တရဟန်းအား တင်္ဃကကို လှူသော ဒါယကာတည်း။ ဤသာမိကောဝါ ။ပ။ ဥပ္ပန္နောစကားကို ထိုသူတို့နှင့်စပ်သောကြောင့်သာ ဆိုသတည်း။ တစိမ်းပြင်ပြင်ဖြစ်သော သူတို့ လှူသော်လည်း အပ်၏ဟု မှတ်အပ်၏။ ဒေတိ၌ နောက်ရှိသော အစ္ဆိန္နတ္တာပုဒ်ကို သံဟဝိလောကနနည်းအားဖြင့် အလိုက်ခံ၍ "အစ္ဆိန္နတ္တာ၊ ရဟန်းတို့လက်မှ လုယက်၍ ။ပ။ ဒေတိ၊ လှူအံ့" ဟုအနက်ပေး။ ထို့ကြောင့် ဝိမတိဝိနောဒနီ (၁၊၃၃၁)၌။ ပုန ဒေတီတိ အစ္ဆိန္နတ္တာ ဒေတိဟု မိန့်အပ်၏။ ဤစကားကို ဝိမတိဝိနောဒနီကို အမှီပြု၍ ဆိုသတည်း။ ဘိက္ခုဟိ ပရိစ္စတ္တဘာဝံ ဟု အဋ္ဌကထာ၌ မိန့်အပ်သည်နှင့်အညီ ရဟန်းတို့ စွန့်ပြီးဖြစ်၍လုယက်ဖွယ် မရှိသောကြောင့် ဝိမတိဝိနောဒနီစကားကို စဉ်းစားရန်ရှိသတည်း။ သကသညာဖြင့် လည်းကောင်း၊ ပံသုကူလသညာဖြင့် လည်းကောင်း၊ ယူသည်ကိုလည်းကောင်း ထေယျစိတ်ဖြင့် ယူသည်ကိုလည်းကောင်း အစ္ဆိန္နတ္တာဟု ဆိုသတည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီ(၁၊၃၃၁) နောက် ပစ္ဆိန္န ကုလဝံသေ-စသော အဋ္ဌကထာစကား၏ အဖွင့်၌ "အသာမိကန္တိ သညာယ"ဟု မိန့်အပ်၏။ မုတ္တစတ္တ နိရာလယအားဖြင့် စွန့်ပစ်အပ်သော ပုဂ္ဂလိက ဂဏိက တစ်ဖက်ဆည်းကန်ကို ယူသော်-ယူသောသူ၏ ဥစ္စာဖြစ်သောကြောင့် တစ်ဖန် ကပ္ပိယဝေါဟာရအားဖြင့်လှူသော် အပ်ပြန်သတည်း။ မုတ္တ စတ္တ နိရာလယအားဖြင့် မစွန့်ပစ်အပ်၊ မသုံးဆောင်မူ၍သာ စွန့်ထားအပ်သော ပုဂ္ဂလိက, ဂဏိက, သံဃိက တစ်ဖက်ဆည်းကန်ကို လည်းကောင်း၊ မုတ္တ စတ္တ နိရာလယအားဖြင့် စွန့်ပစ်အပ်သော သံဃိက တစ်ဖက်ဆည်းကန်ကို လည်းကောင်း-ယူသော် ယူသောသူ၏ ဥစ္စာလုံးလုံး မဖြစ်ငြားသော်လည်း၊ ထိုသူ၏ ဥစ္စာအရာ၌ တည်သောကြောင့် တစ်ဖန် ကပ္ပိယ ဝေါဟာရအားဖြင့် လှူပြန်သော် အပ်သတည်း။ ထို့ကြောင့် ကေစိ ပန ဧဝံ န ဘိက္ခုနာ ဝိဿာသံ ဂဟေတွာ ပုန ဒိန္နံ ဝဋ္ဋတီတိ ဝဒန္တိ။ တံ န ယုတ္တံ။ န ဟိ တဿေတံ ဝိနယကမ္မံ၊ နာပိ တံ ဧတ္တကေန အညံ ဝတ္ထု ဟောတီ-ဟူသော ပဌမ ကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ (ဝိ ဌ၊ ၂။၂၃၂)စကား၏ အဖွင့် ဘေရသာကဏ်ဋီကာ(၂၊၃၉၃)၌ တံ န ယုတ္တန္တိ ဝိနယကမ္မဿ ကရဏာဝသေန ဂဟေတွာ ဒိန္နတ္တာ ငုတ္တံ။ ဿစေ ပန ပရော ဿတ္တာသေဝ ဝိဿာသံ ဂဏှာတိ။ ပုန ကေနစိ ကာရဏေန ဧတေန ဒိန္နံ တဿ န ဝဋ္ဋတီတိ နတ္ထိ-ဟု

မိန့်အပ်၏။ ဇနပဒသာ သာမိကော စကားကိုလည်း ထိုသူနှင့်စပ်သောကြောင့် သာ ဆိုသတည်း။ အမှတ်မရှိသောသူ လုယက်၍ လှူသော်လည်း အပ်ရာ၏။ တဿ ဇနပဒဿဋ္ဌ ရေကန်ရှိရာ ဇနပုဒ်ကိုယူ။ သော အစ္ဆိန္ဒိတွာ စသည်၌ သော အစ္ဆိန္ဒိတွာ ပုန ကပ္ပိယဝေါဟာရေန ဒေတိ-ဟု အနက်ယောဇနာရမည်ဟု စံကျောင်းဆရာတော်အမိန့်ရှိသတည်း။ ဝိမတိဝိနောဒနီ(၁၊၃၁၁)၌ ဣမိနာ ယေန ကေနစိ အစရှိသောစကားကို သာမဏ္ဍိယအားဖြင့် ပြအပ်သော အနက်ကို ရည်၍ ဆိုသတည်း။ ထေယျစိတ်ဖြင့် လုယက်၍ယူသည်ကား နိတ္ထတည်း။

ကပ္ပိယဝေါဟာရေပိ၊ ကပ္ပိယဝေါဟာရဖြင့် ခံအပ်သော ရေကန်၌လည်း။ ဝိနိစ္ဆယံ၊ကို။ မယံ၊ ငါတို့သည်။ ဝက္ခာမ၊ အံ့။

ဥဒကဝသေန ပဋိဂ္ဂဟိတတဠာကေ-၌ ဥဒကံ ရိဿာဂ, ပစ္စယပရိဘောဂ နှစ်ပါးဘို့တွင် အမှတ်မထင်လှူသည်ဖြစ်စေ။ ရေအကျိုးငှါ ခံသော် ဤနည်း အတိုင်း ကျင့်ရမည်။ ခံသည်သာ ပဓာနတည်း။ ဤကပ္ပိယဝေါဟာရေပိ-၌သော စကားကို ယဒိ ပန ဘိက္ခူဟိ ဟတ္ထ ကမ္မံ ယာစိတွာ-အစရှိသောစကားကို ငဲ့၍ ဆိုသတည်း။ ဝိမတိဝိနောဒနီ၌ သုဒ္ဓစိတ္တဿ ဣဒံ သဟတ္ထေန အစရှိသော စကား ရပ်၌ သဟတ္ထေန-ဖြင့် တစ်ဖက်ဆည်ကန်တွင်း၌တည်သော တူးပြီးဖြစ်သော မြေလုံးမြေခဲတို့ကို ကိုယ်တိုင်ထုတ်သည်ကိုလည်းကောင်း၊ ကိုယ်တိုင်ကန်သင်းဖွဲ့ သည်ကိုလည်းကောင်း ဆိုသတည်း။

အကပ္ပိယဝေါဟာရေန-ဖြင့် တစ်ဖက်ဆည်ကန်တွင်း၌တည်သော တူးပြီး ဖြစ်သော မြေလုံးမြေခဲကိုထုတ်လော၊ ကန်သင်းဖွဲ့လောဟု အကပ္ပိယဝေါဟာရ ဖြင့် စေသည်ကို ဆိုသတည်း။ ကပ္ပိယဝေါဟာရေန-ဖြင့် ဤမြေလုံးမြေခဲတို့ကို သိလော၊ ကန်သင်းသိလောဟု ကပ္ပိယဝေါဟာရဖြင့် စေသည်ကိုဆိုသတည်း။ ဝိမတိဝိနောဒနီစကား သင့်မည်မထင်။ ကောက်ကို ပြည့်စေခြင်းငှါ ကပ္ပိယ-ဝေါဟာရဖြင့် စေခိုင်းသော်လည်းအကပ္ပိယတဠာကပင် ဖြစ်လေရာသတည်း။ အထောက်ကား “မတ္တိကုဒ္ဓါရဏပါဠိဗန္ဓနာဒီနိ ပန ကာတုံ န ဝဋ္ဋတိ” မှစ၍ “သဗ္ဗေ-သံ အကပ္ပိယမေဝ” အဆုံးရှိသော အဋ္ဌကထာနောက်စကားတည်း။ ထို့ကြောင့် သင့်မည်မထင်။ ။သုဒ္ဓစိတ္တဿ ပန ကေဝလံ ဥဒကံ ပရိဘောဂတ္ထမေဝါတိ အဓိပ္ပါ-ယော ဟု ဧ ရသကဏ်ဋီကာ(၊၊၃၁၁)ဆရာဖွင့်တိုင်းသာ သင့်မည်ထင်သတည်း။ ဤတေရသကဏ်ဋီကာစကားကိုထောက်၍ ပစ္စည်းကိုငဲ့ကွက်ခြင်း အသုဒ္ဓစိတ် ရှိခဲ့မူ အကပ္ပိယ တဠာကဖြစ်သည်ဟု မှတ်လေ။ ။မတ္တိကုဒ္ဓါရဏပါဠိဗန္ဓနာဒီနိ၌ အာဒိဖြင့် မတ္တိကုဒ္ဓါရဏပနပါဠိဗန္ဓနာပနတို့ကို ယူလေ။ တစ်ဖက်ဆည်ကန်တွင်း၌ တည်သော တူးပြီးဆွပြီးမြေကို ကိုယ်တိုင်ထုတ်သည်ကား မတ္တိကုဒ္ဓါရဏတည်း။

သူတစ်ပါးကို ထုတ်စေသည်ကား မတ္တိကုဒ္ဒါရာပနတည်း။ ။ကပ္ပိယကာရကံ ဌပေတုံ န ဝဋ္ဋတိ၌ ဝိမတိဝိနောဒနီဋီကာဆရာဖွင့်တိုင်းပင် သင့်သတည်း။ အဋ္ဌကထာမှာ န-ပါတိုင်း အာပတ်မတပ်ရ။ ယဒိ တေ သယမေဝ-စသည်ကိုလည်း အလျော်အားဖြင့်သာ ဆိုသည် ထင်သတည်း။ အကြောင်းကား ပဋ္ဌည်း၏ အစွမ်းအားဖြင့် ခံအပ်ပြီးသော တစ်ဖက်ဆည်ကန်၌ သုဒ္ဓစိတ်ရှိမူ မတ္တိကုဒ္ဒါရာ-စသည်ဘို့ကို ပြုခြင်းငှါ အပ်သေးသောကြောင့်တည်း။ အဗျတ္တေန ပန လဇ္ဇိဘိက္ခုနာ-စသော စကားကို သစေ ကပ္ပိယကာရကာ သယမေဝ ကရောန္တိ စကားမှ ထွက်ရမည်။ ထိုကြောင့် ကာရာပိတေသု ဟုမိန့်အပ်၏။ "လဇ္ဇိဘိက္ခုနာ မတ္တိကုဒ္ဒါရာဒီသု ကာရာပိတေသု" ဟု အနက်ပေး။ ။မတ္တိကုဒ္ဒါရာ-စသည်တို့ကို ကိုယ်တိုင်ပြုရာ၌လည်း နည်းတူမှတ်။

သစေ ပန ဥဒကဿ ဩကာသော အတ္ထိ-စသည်၌ ကန်တွင်း၌ ရေနည်းသည် ဖြစ်၍ ရေတည်ရာအရပ်ရှိလျက်နှင့် ကန်သင်းခိုင်ခန့်သည်ဖြစ်၍ ရေမဝင်သောကြောင့် ရေသွင်းစေခြင်းငှာ ပရိယာယ်ပြုသတည်း။ ဥဒ္ဒနေ အဂ္ဂိ န ပါတေန္တိ စသည်၌ ခုံလောက်၌ မီးကို အခြားသို့ မကျစေရအောင် မီးမပြုတ်ရအောင် မီးမပြုတ်ဆွမ်းချက်ရအောင် ရေအမှုကို ရပါစေလော့ဟူလိုသတည်း။

ရေကန်၌ ရေတည်မှ လယ်လုပ်ရသည်၊ လယ်လုပ်ရမှ စပါးရသည်၊ စပါးရမှ အခွန်အတုတ်ရသည်၊ အခွန်အတုတ်ရမှ မီးတင်းကုတ်၌ မီးမပြုတ်ဆွမ်းချက်ရသည်။ ထိုကြောင့် ဤသို့ပရိယာယ်ပြု၍ ဆိုသတည်း။ သဿံ ကတွာ စသည်၌ လယ်လုပ်၍ အခွန်အတုတ်စပါးကို ဆောင်ခဲ့ကုန်လော့ဟု ပရိယာယ်ဆိုသတည်း။ သဿံ ကတွာ အာဟရထာတိ ဝတ္တုံ ပန န ဝဋ္ဋတိ၌ အသစ်ကို ဖြစ်စေသော အရာမဟုတ်သောကြောင့် ထိုရဟန်းအားသာ မအပ်သတည်း။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၂၅၀)၌ တဿေဝေတံ အကပ္ပိယံ၊ ကသ္မာ အပုဗ္ဗဿ အနုပ္ပါဒိတတ္တာ။ ယေဟွာ သဿံ ကတွာ အာဟရထာတိ ဝတ္တုံ ပန န ဝဋ္ဋတီတိ။ ပဏ္ဍေ ပိ ဝေဝနပေ႒ာ-ဟု မိန့်အပ်၏။

သစေ ပန တဠာကေ-စသည်၌ ကုန်းနှင့်စပ်သော ဝဲယာ ကန်သင်းနှစ်ဖက်ကို ပဿတော ဆိုသတည်း။ ကုန်းဘက်က ကန်သင်းကို ပိဋ္ဌိတော ဆိုသတည်း။ ။ ပကတိဘာဂံ အဂ္ဂဟေတွာ၌ ပကတိဘာဂေါ နာမ ဒ္ဒသမံ ရဋ္ဌေ စတုအမ္မဏမတ္တံ ဟု တေရသကဏ္ဍဋီကာ (၂၄၁၁) ဖွင့်တိုင်း လေးအမ္မဏကို ပကတိဘာဂ ဆိုသတည်း။ ဒ္ဒသမံ ရဋ္ဌေ ဆိုသောကြောင့် အရပ်ဓလေ့အားဖြင့် ပကတိဘာဂ ကို သိအပ်၏။ တေရသကဏ္ဍဋီကာ၌ တစ်ဆယ့်တစ်ဝီတ်သည် ဝစ်အမ္မဏမည်သည် ဖြစ်၍ တစ်ဆယ့်တစ်တင်းကို လေးအမ္မဏဆိုသည်ဟု မှတ်အပ်၏။ ဝစ်ဆယ့်

တစ်စိတ်၏ တစ်အမွှာမည်သည်၏ အဖြစ်ကို ဝါဟော တု သကဋ္ဌောစေကာ၊ ဒသမဒေါကာ တု အမွှာ·ဟူသောအဘိဓာန်စတုဗ္ဗဏ္ဏဝဂ်(၄ဂ၄·ဂါထာ)လာ စကားကို ထောက်၍ သိအပ်၏။ ဤစကားကို တေရသကဏ္ဍဋီကာဆရာသည် လယ်တစ်ပယ်မှ ခံရသောအခွန်အတုတ်စပါးကို ရည်၍ ဆိုသတည်း၊ မိုး လေမှန်သော် လယ်တစ်ပယ်မှ တစ်ရာ့တစ်ဆယ် စပါးထွက်တတ်သတည်း။ အဓိပ္ပာယ်ကား ဆယ်ဖို့ကို ပကတိ ဘာဂဆိုသတည်း။ လေးအမွှာ မျိုးထောင်လောက်သော အရပ်သည် တစ်ပယ်မည်၏။

နဝသဿေ ဝါ စသည်၌ တရံဘဆစ်မျှ မလုပ်ရဖူးသေးသော လယ်သည် နဝသဿမည်၏။ မယင်းလယ်သည် အကာလသဿ မည်၏။ နဝသဿသည် မလျှုဒါန်းမီ ဒါယကာတို့၏လက်မှ အမွှာအားဖြင့် အဖို့ကို ပိုင်းခြားသောအရာလည်း ရှိသတည်း။ မပိုင်းခြားသောအရာလည်း ရှိသတည်း။ အကာလသဿသည်လည်း ထို့အတူ နှစ်ပါးရှိသတည်း။ ထို့ကြောင့် အပရိစ္ဆိန္နဘာဂေဟု ဝိသေသန မ-ရသတည်း။ နှစ်နှစ် သုံးနှစ်စသည်ဖြင့် လုပ်ကိုင်ဖူးသော လယ်၌ များသောအားဖြင့် အဖို့ကို ပိုင်းခြားတတ်သတည်း။ ထို့ကြောင့် ထိုလယ်ကို ဤအရာ၌ မဆိုသတည်း။ မဆိုသော်လည်း အဖို့ကို မပိုင်းခြားရလေသည် ဖြစ်က ဤအဆုံးအဖြတ်ဖြင့်သာ ဆုံးဖြတ်ရာသတည်း။ ကဟာပဏေ ဥဋ္ဌာပေတိ သည် နိဒဿနနည်းမျှသာတည်း။ ဆန်စပါးဖြင့် သင်္ကန်းလျာပုဆိုးစသည်ကို ဖြစ်စေ၍လည်း ဤနည်းပင်တည်း။ ဤအရာဝယ် အသပြာကို ဖြစ်စေသောကြောင့် အလုံးစုံကုန်သော ရဟန်းတို့အား မအပ်သည်မဟုတ်။ အသစ်ကိုဖြစ်စေသောကြောင့်သာလျှင် အလုံးစုံကုန်သော ရဟန်းတို့အား မအပ်သတည်း။ ထို့ကြောင့် နောက်ဝါကျ၏အဖွင့် တေရသကဏ္ဍဋီကာ (၂၊၄၁၁)၌ "အပုဗ္ဗဿ အနုပ္ပါဒိတတ္တာ" ဟု မိန့်အပ်၏။ ဝိမတိဝိနောဒနီ (၁၊၃၃၁)၌ကား တဿေဝ အကပ္ပိယံ၊ ကသ္မာ ဧဿ ဝိစာရိတတ္တာဟူသော အဋ္ဌကထာနောက် စကားကို ထောက်၍ ကဟာပဏေတိ ဣမိနာ စသော စကားကိုဆို၏၊ ဆိုသော်လည်း ဆင်ခြင်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ ထိုအရာ၌ အသစ်ကိုဖြစ်စေရသည် မဟုတ်၊ ဤအရာ၌ အသစ်ကိုဖြစ်စေရသည်ဖြစ်၍ နေရာချင်းမတူသောကြောင့်တည်း။

ယော ပန ကဿထဝပထာတိ အာဝက္ခာ-စသည်၌ ယထာ ကရိယမာနေ တဠာကံ ဟောတိ၊ တထာ ပထဝိံ ခဏ-ဟု အကပ္ပိယ ဝေါဟာရအားဖြင့် တက်ဖက်ဆည်ကန်ကို ပြုစေသော် အလုံးစုံကုန်သော ရဟန်းတို့အား မအပ်သကဲ့သို့ ကဿထ ဝပထ·ဟုဆိုသော် အကပ္ပိယဝေါဟာရ ဖြစ်ခြင်းကြောင့် အလုံးစုံကုန်သော ရဟန်းတို့အား မအပ်ဟု မှတ်အပ်၏။ ထို့ကြောင့် ဝိမတိ-

ဝိနောဒနီ (၁၊၃၃၁)၌ ကာယဝ ဝပသာတိ ဝစနေ သဗ္ဗေသမ္ပိ အကပ္ပိယ သိယာတိ အာဟ အဝတ္ထာတိ-ဟု မိန့်အပ်၏။ ဤနည်းကိုမှီ၍ အောက်ဖြစ်သော ကုလဒူသန သိက္ခာပုဒ်အဖွင့်၌ ကုလဒူသကအကျိုးငှာ သစ်ပင်စိုက်ပျိုးရာ၌ အကပ္ပိယဝေါဟာရဖြင့် စိုက်ပျိုးရာတို့၌ အလုံးစုံသော ရဟန်းတို့အား မအပ်ဟု မှတ်အပ်၏။

တွေကာယ ဘူမိယာ-၌ အဖိုးပိုင်းခြားအပ်ပြီးသော ကောက်ပင်ရှိသော လယ်မြေကို ဆိုသတည်း။ အထောက်ကား နဝသဿေဝါ၊ အကာလသဿေဝါ-အစရှိသော ဋ္ဌာနကားတည်း။ ဤအရာဝယ် မြေကို တည်စေသောကြောင့် ထိုရဟန်းအားသာ မအပ်သည်မဟုတ်၊ အသစ်ကို မဖြစ်စေသောကြောင့် ထိုရဟန်းအားသာ မအပ်ဖြစ်သတည်း။ အလုံးစုံသော ဝါကျတို့နှင့် ဆက်ဆံသောအားဖြင့် မိန့်ဆိုအပ်သော အပုဗ္ဗာ အနုပ္ပါဒိဟတ္ထာ အပ္ပေယံ ဋ္ဌေဘိတိ အာဟ တသေဝေတံ အကပ္ပိယန္တိ-အစရှိသော တေရသကဏ္ဍကာ (၂၊၄၁၁) စကားကို ထောက်သတည်း။

ဤအရာဝယ် တွေကော နာမ ဘာဂေါတိ တွေကော ကဟာပဏောတိ ဣဒမ္ပိ အစရှိသော ဝိမတိဝိနောဒနီ (၁၊၃၂၁) ဋီကာလာ စကားကိုထောက်၍ အသပြာ မည်မျှပေးရမည်ဟု တောင်း၍ ဒါယကာတို့က လှူဒါန်းသည်ကာလ ဤသိက္ခာပုဒ်လာတိုင်း အပ်သော အစည်ဖြင့် ခံ၍ရသော်လည်း ထိုရဟန်းအား သာ မအပ်ဟု မှတ်အပ်၏။ တွေ ကော ဝဒန္တိ-အစရှိသော တေရသက ဋ္ဌကာ (၂၊၄၁၂) စကားဝယ် ပထမ ကောဋ္ဌာဝါဒ၌ ကဟာပဏေ သာဒိယတ္တာ-ဟု ဆိုခြားသော်လည်း "နံ သံဃော ကဟာပဏေ ခါဒတိ" ဟု ပယ်လျက်ရှိသောကြောင့် ဥပနိက္ခိတ္တသာဒိယန မဖြစ်။ ရူပိယသံဝေါဟာရ သာ ဖြစ်သည်ဟု သိအပ်၏။

သဗ္ဗေသံ အကပ္ပိယံ-၌ စီရင်သောရဟန်းအား ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သတည်း။ တသေဝ အကပ္ပိယံ၌ စီရင်သော ရဟန်းအား ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သတည်း။ ။ ထို့ကြောင့် နောက်၌ "ကယဝိက္ကယေ ပိ အနာပတ္တိ" ဟု မိန့်အပ်လတ္တံ့။

[ကျမ်းတက်] သဗ္ဗေသံ ကပ္ပိယံ-ဆိုသောကြောင့် တွေကော ဘိ တဏှုလေဟိ ဣဒဉ္စိဒဉ္စ အာဟရထ ဟု ဆိုရမည်လောဟု စောဒနာရန်ရှိသောကြောင့် ပုဗ္ဗေ ပန စသည်ကို မိန့်သတည်း။

စတုသာလဒွါရေ၊ လေးခုသော မုခ်ထွက်ရှိသော ဆွမ်းစားဇရပ် ဝ၌။ တဓေဝ၊ ထိုအဝန်းပြုသော အခြင်းအရာအားဖြင့်သာလျှင်။ ။ပဲတူနှ်၊

မိဘတို့၏။ သန္တိကာ၊ အထံမှ။ ဧဝရူပံ၊ ဤသို့သဘောရှိသောစကားကို။ နေဝသုဘာပုဗ္ဗံ၊ မကြားအပ်စဖူး။ ။တတြုပ္ပါဒံ၊ ထိုသံဃိကအာရာမ်၌ ဖြစ်သောမုန့်ကို။

ဤအရာ၌ "ပေါက္ခရဏီဥဒကဝါဟကမာတိကာဒီသုပိ ဧသေဝနယော" ဟု ဆိုသောကြောင့် တဋ္ဌာကကို လှူရသော အခြင်းအရာကိုဆိုရာ အထာပိ-မမ တဋ္ဌာကံ ဝါ ပေါက္ခရဏိံ ဝါ-အစရှိသော ရှေးစကား (ဝိဋ္ဌ၊ ၂။ ၂၅၈) ၌ ပေါက္ခရဏိံ ဝါ ရှိရမည်မထင်။ တဋ္ဌာကံဝါ၌ ဝါလည်းရှိရမည်မထင်။ ဤအရာ၌ "စတုပစ္စယပရိဘောဂတ္ထာယ ဒမ္မိတိ ဝဒတိ၊ သဒါ သမ္ပဋိစ္ဆိတဗ္ဗံ" ဟု မိန့်အပ်သည်ကို ထောက်၍ တစ်ဖက်ဆည်းကန် လှူရာသော အခြင်းအရာကို ဆိုရာ တေရသကဏ္ဍဋီကာ (၂၄၁၀) ၌ ဘိက္ခုသံဃော စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတု တဋ္ဌာကံ ဒမ္မိတိ ဝါ- စသော စကားကို ဆိုသတည်း။

ဣမိနာ ဌာနေန အမှာာက်သီမာ ဂတာ-၌ အရှေ့ကိုလားသော် ဤအရပ်, အနောက်ကိုလားသော် ဤအရပ်, တောင်ကိုလားသော် ဤအရပ်, မြောက်ကို လားသော် ဤအရပ်ဖြင့် ငါတို့၏သိမ်ဖြစ်သည်ဟု ဆိုအပ်၏ ဟူလိုသတည်း။ အန္တောသိမာယ အရ လာဘသိမ်ကိုယူ။ ။တဋ္ဌာကံ ဝါ ခနတိ၊မာတိကံ ဝါ နေတိ-ဟု ဝါသဒ္ဒါကိုယူ၍။ စေတိယင်္ဂဏာဗောဓိယင်္ဂဏာဒီနိ ဒုသန္တိသည် ကျောင်းတိုက် အလယ်၌ မြောင်းသွယ်ရာ၌ တားမြစ်ချင်း၏ အကြောင်းတည်း။ မာတိကံ၊ ကို။ နေထ၊ သွယ်သာသွယ်ကြကုန်။ နေယကား ဥပလက္ခဏ၊ခနကို လည်း သိ။

ဥစ္ဆုံ ဝါ အပရဏ္ဏံ ဝါ အလာဗုကုမ္ဘဏ္ဍာဒိကံ ဝလ္လိဖလံ ဝါ သဗ္ဗ၊သော။ တော် ဥစ္ဆုခေတ္တံ ဝါ၊ ကိုလည်းကောင်း။ တော် အပရဏ္ဏဝတ္ထုံ ဝါ၊ကိုလည်းကောင်း။ တော် ဝလ္လိဖလံ ဝါ၊ ကိုလည်းကောင်း။

သဟဝတ္ထုနာ ပရာမဋ္ဌတ္တာ ဟု မိန့်တော်မူသောကြောင့် ဝလ္လိဖလံ ဝါ-အရ လည်း ဝလ္လိဖလအခင်းကိုယူ။ ထို့ကြောင့် "ယထာ ဇာတမေဝ" ဟု မိန့်အပ်၏။ ခေတ္တာဒယော ပန သဗ္ဗေ သံဃဿေဝ ဝဋ္ဋန္တိ စသော ဝိမတိဝိနောဒနီ(၁၃၃၂) စကား၌ မြဲမြံစွာ အထောက်မရှိ။

သာယံ နိဂါဒပါ န ဒါတဗ္ဗာ-၌ နိဝါပကိုပေးသော် ထိုက်သည်အား လျော်စွာ သဒ္ဓါဒေယျဝိနိပါတန ဒုက္ကဋ်အာပတ်, ကုလဒူသနဒုက္ကဋ်အာပတ်ဖြင့် ဆုံးဖြတ်အပ်၏။

အဇိကာဒီသု ပိ ဧသေဝနယော-၌ အာဒိသဒ္ဒါဖြင့် ပဋ္ဌဂေါရသနှင့် စင်သော ဟတ္ထိ အဿ မဟိံ သစသည်တို့ကိုသာ ယူအပ်၏။ ပဋ္ဌဂေါရသနှင့်မစပ်သော ကုက္ကုဋ္ဌသူကရ စသည်တို့ကို မယူအပ်။ ။ဟတ္ထိ ဒေမ–အစရှိသောစကားဖြင့် ဇပ် သောအရာကို တန်နည်းပြသတည်း။ ကုက္ကုဋ္ဌသူကရာ-အစရှိသော စကားဖြင့် ကြက်,ဝက်တို့မှာ ဆင်,မြင်း,ကျွဲ,နွားတို့ကဲ့သို့ မဟုတ်၊ သက်သက် မိသပရိ တောဂသာ အကျိုးရှိသောကြောင့် ကရှဏာကို ရှေ့ထား၍ "မယံ ဣမေ ဂဟေတွာ"အစရှိသော စကားကိုဆို၍ ယူသော်လည်း မအပ်သည်ကိုပြသတည်း။ ကုက္ကုဋ္ဌသူကရာ သုခံ ဇီဝန္တုဟုဆို၍ "အရညေ ဝိသဇ္ဇေထ" ဟုဆိုပါလျက် ထား၍ သွားသော်အပ်၏။ ဝိဟာရဿ ဒေမ၊ ဘိ သံဃိကဝိဟာရံ သန္တာယ ဝုတ္တံ ဟူသော ဝိမတိဝိနောဒနီ(၁၃၃၂)စကား၌ ပါဠိအဋ္ဌကထာအကောက်ပဲ။ အတ္ထာနော မတိသာ ဟု ဘိုးတော်ကြီးလက်ထက် ဗားကရာဆရာတော် ဖမိန့်ရှိသည်ဟု စူဠဝါပါဠိတော် နိဿယသစ်စသော များစွာသော ကျမ်းဂန်တို့ကို ကျကျနန အဆန်းတကြယ် အံ့သြဖွယ် စီရင်တော်မူသော မန္တလေးရတနာပုံမြို့ ပဋ္ဌမ သံဂါယနာတင် မင်းတရားကြီးလက်ထက် မဟာဇောတိကာရာမ ရွှေကျောင်း ကြီး၌ သီတင်းသုံးနေတော်မူသော ငါတို့ကျေးဇူးရှင် "သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ပထမ တံဆိပ်နာမံတော် "သုဒဿနဓဇအတုလ-လာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယ တံဆိပ်နာမံတော် ရှိတော်မူသော ဝိနယာဓရဖြစ်တော်မူသော ငါတို့ စံကျောင်းဆရာတော် အမိန့် ရှိသတည်း။ ။

ရာဇသိက္ခာပဒဝဏ္ဏနာ နိဋ္ဌိတာ။

ပဌမဝဂ္ဂဝဏ္ဏနာ နိဋ္ဌိတာ။

[၄၁၅၄၂] "ဧကေနပိ၊ တမျှင်လည်းဖြစ်သော။ ကောသိယံသုနာ၊ ပိုးချည် အမျှင်နှင့်။ ဋ္ဌကလောမာနိ၊ သိုးမွေးတို့ကို။ မိဿိတွာ၊ ရော၍" ဟု ပါဠိတော် မှာ အနက်ပေး။ အကြောင်းကား နောက်နောက်သော သိက္ခာပုဒ်တို့၌ သိုးမွေးအခင်းဟောသည်နှင့်အညီ သိုးမွေး အခင်းကို ဟောတော်မူသည်ဟု သိအပ်သောကြောင့်တည်း။

ထို့ကြောင့် ဝိမတိဝိနောဒနီ(၁၃၃၃)၌ မိဿေတွာတိ ဋ္ဌကလောမေဟိ မိဿေတွာ" ဟု မိန့်၏၊ ဝိမတိဝိနောဒနီ၌ ဋ္ဌကလောမေဟိဟုမိန့်၏။ ကောသိယံသုနာ ဟု ပါဠိတော်၌ သဟာဒိယောဂ တိုက်ရိုက်ရှိသောကြောင့် ဋ္ဌကလောမာနိဟု ကံ-ရှိသင့်သတည်း။ မိဿိတွာ ကတံ ဟောတိဟိ ... အဋ္ဌကထာ၌ ရှိ၏။ ပါဠိတော်၌ "ဧကေန ပိ ကောသိယံသုနာ မိဿိတွာ

ကရောတိ ဝါ ကာရာပေတိ ဝါ”ဟု လာရှိသောကြောင့် ကတံ ဟောတိ မရှိသင့်။ ဧကေန ပိ ကောသိယံသုနာ မိဿေတွာတိ ဟူ၍သာရှိသင့်သတည်း။

အတ္တနော၊ မိမိဟုဆိုအပ်သောရဟန်း.၏။ ရုစိဝသေန၊ ဖြင့်။ မိဿိတံ:ပိုးချည် အမျှင်နှင့်ရောအပ်သော သိုးမွေးအခင်းသည်။ ကင်္ခတု၊ တည်လေစေ။ တဿ သန္ထတဿ၊ ထိုသိုးမွေးအခင်းကို။

ကာယကမ္မံဟူ၍သာ စာအချို့ ရှိ၏။ ပါဠိတော်၌ ကရောတိ ဝါ ကာရာ- ပေတိ ဝါ-ဟူ၍ ဟောတော်မူသောကြောင့် ကာယကမ္မံ ဝစီကမ္မံ ဟု ရှိသော ပါဌ်သာ အမှန်တည်း။

## ကောသိယသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

[ဋ၊ ၅၄၇] သုဒ္ဓါနံ၊ အဖြူ စသည်တို့နှင့် မရောမယှက် သက်သက်ဖြစ်ကုန် သော။ ကာဠကာနံ၊ မည်းနက်ကုန်သော သိုးမွေးတို့၏။ ဤသို့ အဖြူကို ခေါင်းတည်၍ အနက်ပေးသည်ကား နောက်ဖြစ်သော ဒွေဘာဂ သိက္ခာပုဒ်၏ ဝဏ္ဏနာ၌ “တေ ထောကံယေဝ သြဒါတံ အနွေ့ အာဒိယိတွာ” ဟူ၍ လာသော (ဝိ ၁၊၃၃၁) စကားကို ထောက်သတည်း။ “အဖြူနှင့်မရောမယှက် သက်သက် ဖြစ်ကုန်သော”ဟု အနက်မပေးဘဲ ဤသို့ အာဒိဝန်နှင့် အနက်ပေးသည်ကား “အညေဟိ အမိဿိတကာဠကာနန္တိ အတ္ထော” ဟူသော အဋ္ဌကထာကို ထောက်သတည်း။

## သုဒ္ဓကာဠကသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

[ဋ၊ ၅၅၂] ဒွေ တုလာ အာဒါတဗ္ဗာ ဟူသော စကား၌ တုလ-သရုပ်ကို ဧတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ဒွေ ဂုဉ္ဇာ မာသကော ဘဝေ။ ။ဒွေ အက္ခာ မာသကာ ပဉ္စ-က္ခာနံ ဓရဏမဋ္ဌကံ။

သုဝဏ္ဏော ပဉ္စဓရဏံ၊ နိက္ခံ တုနိက္ခိ ပဉ္စ ဟော။ ပါဒေါ ဘာဂေ စတုတ္ထေ ထ၊ ဓရဏာနိ ပလံ ဒသ။ ။တုလာ ပလသတဉ္စာတ-ဟု အဘိဓာန် စတုဗ္ဗဏ္ဏဝဂ် (၄၇၀-၁)လာ စကားကိုမှီ၍ စပါ.လေးလုံးသည် တစ်ချင်ရွေး၊တစ်ဂုဉ္ဇ မည်၏။ နှစ်ချင်ရွေးသည် တစ်ပဲ(မာသက)မည်၏။ပဲငါးစ်ဆယ်သည် တစ်အက္ခ မည်၏။ ရှစ်အက္ခသည် တစ်ဓရဏ မည်၏၊ ငါးဓရဏသည် တစ်သုဝဏ္ဏမည်၏။ငါးသုဝဏ္ဏ သည် တစ်နိက္ခမည်၏။ ကဟာပဏ၏ လေးဖို့ တစ်ဖို့သည် တစ်မတ်၊ တစ်ပါဒ မည်၏။ ပိုလ်တစ်ရာသည် တစ်ချိန်(တစ်တုလ) မည်၏-ဟု မှတ်အပ်၏။

ကေဝလံ၊ ကောသိယ သိက္ခာပုဒ်နှင့် မရောမယှက် သက်သက်။ ဣဒံ သိက္ခာပဒံ၊ ဤဒွေဘာဂ သိက္ခာပုဒ်ကို။ အာဒါယစ၊ သုဒ္ဓ ကာဠက, ဩဒါတ- လောမတို့၏ နှစ်ဖို့ထက် အလွန်ကိုယူ၍ လည်းကောင်း။ အနာဒါယစ၊ သုဒ္ဓ ကာဠက, ဩဒါတလောမ တို့၏ နှစ်ဖို့တို့ကို မယူမူ၍လည်းကောင်း။ ကရဏတော၊ ပြုခြင်းကြောင့်။ ကိရိယာ ကိရိယံ၊ လွန်၍ ယူခြင်းတည်းဟူသော မပြုအပ် သည်ကို ပြုခြင်း, နှစ်ဖို့တို့ကို ယူခြင်းဘည်းဟူသော ပြုအပ်သည်ကို မပြုခြင်း ရှိ၏ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏”ဟု အနက်ပေး။ ထို့ကြောင့် ဝိနယပိနိစ္ဆယဋီကာ (၁၊၃၁၄)၌ ကြိယာ ကြိယန္တိ ဣဒံ တတိယသိက္ခာပဒံ ပန ဒွေ ဘာဂါ သုဒ္ဓ- ကာဠကာနန္တိ အာဒိနာ ဝုတ္တနယေန အဂ္ဂဟေတွာ ကာဠကာနံ အတိရေ- ကဂ္ဂဟဏဝသေန အနနုညာတပ္ပကာရေန ကရဏတော ကြိယာကြိယံ နာမ။ ယထာဟ အဋ္ဌကထာယံ အာဒါယ အနာဒါယ စ ကရဏတော ကိရိယာကိရိယန္တိ-ဟု မိန့်အပ်၏။ အတိရေကဂ္ဂဟဏဝသေန– ဖြင့် မပြု အပ်သည်ကို ပြုခြင်းကြောင့် ကိရိယဖြစ်သည်ကို ပြသတည်း။ အဂ္ဂဟေတွာ- ဖြင့် ပြုအပ်သည်ကို မပြုခြင်းကြောင့် အကိရိယဖြစ်သည်ကို ပြသတည်း။

ဒွေဘာဂသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

---

[၄၊၅၅၇] ယဒါ ဆဗ္ဗဿာနိ- ဇသော စကားဖြင့် ပရိပုဏ္ဏာနိ ဟောန္တိ၊ တဒါ သန္တတံ သဒ္ဒါတို့ကို ထည့်၍ အနက်ယောဇနာရမည်ကို ပြသတည်း။

ဟိ ယသ္မာ၊ ကြောင့်။ သော ဘိက္ခု၊ သည်။ ဆဗ္ဗဿာနိ၊ တို့ ပတ်လုံး။ ဝါ၊ တို့ကို။ န ကရောတိ၊ မပြု။ ဣတိ တသ္မာ၊ ကြောင့်။ ဣတိ ဧဝံ အဝတွာ၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ဆဗ္ဗဿ သိက္ခာပဒဒီပနီ နိဋ္ဌိတာ။

---

[၄-၅၆၅]ဧဝံ သန္တေ ပိ-စသည်ကား ဟိတ်ကူတည်း။ ကတ္တာဗ္ဗာ ကိစ္စာပိ သိယာ၊ ပန တထာပိ ယသ္မာ အယံ ဘာဂဝတော။ တော ဧသော ပရိဝိတက္ကော အဟောသိ။ တသ္မာ ဧဝ မာဟ-ဟု နောက်သို့လှမ်း၍ အနက်ပေး။

မယိ ဩကာသံ-စသည်ကား ပရိဝိတက္ကနာကာရ-ကိုပြသော စကားတည်း။ ပညပေဿာမီတိ တော ဧသော ပရိဝိတက္ကော အဟောသိ။ ။ဧဝံ ဗဟူနိ စသည်လည်း ဟိတ်ကူပင်တည်း။ ဟိ ယသ္မာ ဧတ္တ ပဋိသလ္လီနေန ဧဝံ ဗဟူနိ

အာနိသံသာနိ ဟောန္တိ။ ဣတိ တသ္မာ ဝေမာဟ။ ။တတ္ထ သံဃမဇ္ဈေ သန္ဒိဿတိ။ ။

[ဠ၊၇၆၆] ပိဟန္တာ ကို ပိဟယန္တာ ဖွင့်သည်ကား "ပိဟ-ဣစ္ဆာယံ၊ ပိဟေတိ" ဟု ဓာတုမာလာ၌ လာသည်နှင့်အညီ ပိဟ-ဓာတ် စုရာဒိ ဂိုဏ်းဖြစ်၍ ပိဟန္တာ၌ အ-နှောင်းသောကြောင့် ကာရိုက် ဧ-ကျေသည်ကို သိစေခြင်းငှာ ဖွင့်သတည်း။

သန္တတော၊ ကောသိယသိက္ခာပုဒ် စသည်တို့၌လာသော ပိုးချည်နှင့် မရောသော သိုးမွေးအခင်း၊ အဖြူ စသည်တို့နှင့် ရောသော မည်းနက်သော သိုးမွေးအခင်း၊ မည်းနက်သောသိုးမွေးတို့၏ နှစ်ဖို့တို့ကို ယူ၍ ပြုအပ်သောအခင်း၌။ စတုတ္ထစီဝရသညီတာယ၊ စတုတ္ထသက်န်းဟု အမှတ်ရှိသည်၏ အဖြစ်ကြောင့်။ သဗ္ဗသန္တတာနိ၊ အလုံးစုံကုန်သော ပိုးချည်နှင့်မရော သိုးမွေးအခင်းစသော အခင်းတို့ကို။ ဥဇ္ဈိတွာ၊ စွန့်ကြကုန်၍။

အရညကင်္ဂဒီပနီ တီကာ ပါဠိယံ ပဓာနင်္ဂသေန ဝုတ္တာနိ၊ သေသာနိ ပိ တေသမာဒယံ သုယေဝါတိ ဝေဒိတဗ္ဗံ။ တေနေဝါဟ သန္တတေ စတုတ္ထစီဝရသညီ-တာယာတိ- ဟူ၍ ဇေရသက ဋီကာ (၂၄၁၄)၌ မိန့်အပ်သည်နှင့်အညီ တိစီဝရိတ်ခုတင်ကို ဆောင်တော်မူကြလိုကုန်သည်ဖြစ်၍ ဆိုအပ်ပြီးသော အခင်း၌ စတုတ္ထသက်န်း အမှတ်ရှိကုန်သည်၏ အဖြစ်ကြောင့် ဆိုအပ်ပြီးသော အခင်းတို့ကို စွန့်တော်မူကြကုန်သည် ဟူလိုသတည်း။

နိသီဒိုင်ကို မဟာဝဂ္ဂစီဝရခန္ဓက (ဝိ ၃၊၄၁၀)၌ "အနုဇာနာမိ ဘိက္ခဝေ ကာယ ဂုတ္တိယာ၊ စီဝရဂုတ္တိယာ၊ သေနာသနဂုတ္တိယာ" ဟု ပညတ်တော်မူရင်းတည်း။ ထိုနိသီဒိုင်ကိုပင်လျှင် ပိုးချည်နှင့်မရောသော သိုးမွေးအခင်း စသည်တို့ကို တိုဆိုအရပ်၌ စွန့်ပစ်ကြကုန်သည့်အကြောင်း ဝတ္ထုကို အကြောင်း ပြု၍ သဒ္ဓါဒေယျ ဝိနိပါတန မဖြစ်စေခြင်းငှာ ပြုရမည့်အခြင်းအရာ အာကာရ ကို သိစေတော်မူလိုသောကြောင့် ဤ နိသီဒနသန္တတ သိက္ခာပုဒ်တော်ကို ပညတ်တော်မူသတည်း။ ထိုနိသီဒိုင်ကိုပင်လျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ အတိုင်းအရှည် ပမာဏမရှိကုန်သော နိသီဒိုင်တို့ကို ဆောင်ကြခြင်းတည်းဟူသော အကြောင်း ဝတ္ထုကို အကြောင်းပြု၍ ပမာဏဖြင့်ပြုစေခြင်းငှာ "နိသီဒနံ ပန ။ပ။ တိရိယံ-ဒိယဍ္ဍံ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ" ဟု နိသီဒနသိက္ခာပုဒ် တော်ကို ပညတ်တော်မူသတည်း။ တစ်ဖန် ဥဒါယီမထေရ် ကိုယ်ကြီးသည်နှင့် မထိုင်လောက်သည်ကို အကြောင်းပြု၍ မူလပညတ်လည်း မပျက်ရအောင်

ထိုင်လည်း ထိုင်လောက်အောင် အဆာကိုသာတိုးစေ၍ အနုပညတ်နှင့်တကွ "နိသီဒနံ ပန ။ပ။ ဒသာဝိဒတ္ထိ။ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ" ဟု သိက္ခာပုဒ်တော်ကို ပညတ်တော်မူသတည်း။ ထို့ကြောင့် တေရသကဏ္ဍဋီကာ (၂၄၁၅)၌ ဣဒဥ္စ နိဒသိနသန္ထတံ နာမ နိသီဒနစီဝရမေဝ, နာညန္တိ ဝဒန္တိ စသော စကားကို မိန့်အပ်၏။ ထိုစကား၌ "သန္ထတသဒိသံ ကောသိယမိဿက အခင်းစသော အခင်းနှင့်အတူ" ဟု အနက်ပေး။ နိသီဒနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ (ဝိ ဋ္ဌ၊၃၊၁၅၅)၌ "နိသီဒနံ နာမ သဒသံ ဝုစ္စတိ။ သန္ထတသဒိသံ သန္ထရိတွာ ကောသိယံ အဠေ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိမတ္တေ ပဒေသေ ဒွိသု ဌာနေသု ဖာလေတွာ တိဿော ဒသာ ကရီယန္တိ၊ တာဟိ ဒသာဟိ သဒသံ နာမ ဝုစ္စတိ" ဟူ၍သာ လာသတည်း။ ဆန္နံ စီဝရာနံ အညတရံ စီဝရံ သန္ထရိတွာ ဟူ၍ ကံဝိသေသ မလာသောကြောင့် ကောစိဝါဒ မသင့်။ နိသီဒိုင်ကိုသုံးဆောင်သော အခါ ခင်း၍ နိသီဒိုင်အခင်း၏အထက်၌ ထိုင်သဖြင့်လည်းကောင်း၊ အိပ်သဖြင့် ဖြင့်လည်းကောင်း သုံးဆောင်ရမည်။ ထို့ကြောင့် မဟာဝါစီဝရက္ခန္ဓက၌ မွန်မြတ်ကုန်သော ဘောဇဉ်တို့ကိုစား၍ သတိသမ္ပဇဉ်ကင်းကုန်၍ အိပ်ပျော်ကုန်စဉ် သုက်လွှတ်၍ ကျောင်းကို သုတ်ဖြင့်လိမ်းကျံသော ဝတ္ထုကို အကြောင်းပြု၍ "အနုဇာနာမိ ဘိက္ခဝေ ကာယဂုတ္တိယာ စီဝရဂုတ္တိယာ သေနာသန ဂုတ္တိယာ နိသီဒနံ" ဟူသော စကားတော်ဖြင့် နိသီဒိုင်ကို ပညတ်တော် မူသတည်း။ ဓုတင်တိစီဝရိတ်ဆောင်သော ပုဂ္ဂိုလ်တို့မှာ နိသီဒိုင်မအပ်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် (၁၊၆၂)၌ မုဒုကာယ သဘာဂဘိက္ခုနံ စီဝရာနိ နိဝါသေတွာ ဝါ ပါရုပိတွာ ဝါ ရဇနကမ္မံ ကာတုံ ဝဋ္ဋတိ။ တတြဋ္ဌကပစ္စတ္ထရဏမ္ပိ တဿ ဝဋ္ဋတိ။ ပရိဟာရိတုံ ပန န ဝဋ္ဋတိ ဟု မိန့်အပ်၏။ ဝိသုဒ္ဓိမဂ်ဋီကာ (၁၊၉၃)၌လည်း တတြဋ္ဌကပစ္စတ္ထရဏံ နာမ အတ္တနော ပရဿ ဝါ သန္တကံ သေနာသနေ ပစ္စတ္ထရဏဝသေန အဓိဋ္ဌိတံ ဟု မိန့်အပ်၏။ ဓုတင်တိစီဝရိက မရှိ ဉက္ကဋ္ဌတရဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မိဿရမဓမ္မသာမိ ဖြစ်တော်မူ၍ မိုးရေခံသင်္ကန်းကို သုံးဆောင်တော်မူသတည်း။ ထို့ကြောင့် ဧကနိပါတ် မစ္ဆဇာတ်အဋ္ဌကထာ(ဇာတက၊ဋ္ဌ၊၁၊၃၄၀။) ၌ "သတ္ထာ ဧကေနန္တေန ဥဒက- သာဋိကံ နိဝါသေတွာ ဧကေနန္တေန သီသံ ပါရုပိတွာ ဇေတဝနပေါက္ခရဏီယံ နှာယိဿာမီတိ သောပါနေ အဋ္ဌာသိ" ဟု မိန့်အပ်၏။ ။ ကဏ္ဍုပဋိစ္ဆာဒိ ဝတ်ရပုံကို ဤ ဇာတ်အဋ္ဌကထာနှင့်အညီ ကဏ္ဍုပဋိစ္ဆာဒိသိက္ခာပုဒ်အဖွင့် ဝဇိရဗုဒ္ဓိဋီကာ(၃၄၂)၌လာ၏။ နိသီဒိုင်မှာ ဤကဲ့သို့ဝတ်ရပုံ ကျမ်းဂန်ဟူသမျှ မှာမလာ။ထို့ကြောင့်မဝတ်သင့်၊ခင်း၍သာလျှင်ထိုင်ရအိပ်ရမည်။ ဤနိသီဒိုင်ကို အဆာမပါဘဲ မြတ်စွာဘုရား၏ သုံးထွာပမာဏကိုပြုသော်မအပ်။ ထို့ကြောင့် စူဠဝါ အဋ္ဌကထာ သတ္တသတိက ခန္ဓကအဖွင့် (ဝိ ဋ္ဌ၊ ၄၊၁၃၅)၌ ဒွိန္နံ သုဂတ-

ဝိဒတ္ထိနံ ဥပရိဒသာယေဝ ဝိဒတ္ထိမတ္တာ လဗ္ဘတိ။ ဒသာယ ဝိနာ တံ ပမာဏံ ကရောန္တဿ ဣဒံ အာဂတမေဝ ဟောတိ။ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယန္တိ ဟုမိန့်အပ်၏။ တေရသကဏ္ဍဋီကာ (၃၊ ၄၅၄)၌ တံ ပမာဏံ ကရောန္တဿာတိ ဒသာယ သဒ္ဓိံ နိသီဒနေ ယံ ပမာဏံဝုတ္တံ ဒသာယ ဝိနာ တံ ပမာဏံ ကရောန္တဿ ဟုဖွင့်အပ်၏။ ဝိမတိဝိနောဒနီ(၂၊၂၆၉)၌လည်း "တံ ပမာဏံ ကရောန္တဿာတိ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိတ္တယပ္ပမာဏံ ကရောန္တဿ၊ ဒသာယ ပန ဝိဒတ္ထိဒ္ဒယပ္ပမာဏံ ကတံ၊ အဒသကမ္ပိ နိသီဒနံ ဝဋ္ဋတိ ဝေါတိ အဓိပ္ပါယော" ဟုဖွင့်အပ်၏။ (ဤကား စာသင်စဉ်အခါက မှတ်ထားသော အဆုံးအဖြတ်တည်း။)

ဤနိသီဒနသန္ထတ သိက္ခာပုဒ်၌ နိသီဒနသန္ထတံ ပန ဟူသော စကားကို မဟာဝါစီဝရက္ခန္ဓက၌ အနုဇာနာမိ ဘိက္ခဝေ ကာယဂုတ္တိယာ စီဝရဂုတ္တိယာ သေနာသနဂုတ္တိယာ နိသီဒနံ" ဟုဟောတော်မူပြီးဖြစ်သောကြောင့် ဟောတော်မူသတည်း။ ထို့ကြောင့် နိသီဒနသန္ထတနှင့် နိသီဒနစီဝရသည် အထည်ကိုယ် တခုတည်းပင်တည်း။ ဤ၌ကရဏာကာရကိုငဲ့၍ ဟောတော်မူသတည်း။ မဟာဝါစီဝရက္ခန္ဓက၌ မူကားကျောင်းကို သုတ်–လိမ်းကပ်သည်ကို အကြောင်းပြု၍ဟောတော်မူသတည်း။ ပါစိတ်နိသီဒန သိက္ခာပုဒ်ကိုမူကား ထိုနိသီဒန သန္ထတစီဝရကိုပင် ပမာဏမရှိ ဆဗ္ဗဂ္ဂိရဟန်းတို့ သုံးဆောင်ခြင်းကြောင့် ပညတ်တော်မူသတည်း။ သုံးဆောင်သောအခါ ခင်း၍သာ သုံးဆောင်ရမည်။ မဟာဝါ စိဝက္ခန္ဓကပါဠိတော်နိသီဒန သိက္ခာပုဒ်ကိုထောက်သတည်း။ တင်ပျဉ်ခွေပြီး လျှင်တခုသော အလယ်အဆာကို ပေါင်နှစ်ဘက်ကြား၌ တင်ထား၍ နှစ်ခုသော ဝဲ,ယာအဆာကိုပေါင်နှစ်ဘက်မှာ တင်ထား၍ သုံးဆောင်ရမည်ဆိုကြ၏။

အဆာသုံးခုနှင့် လျော်အောင် ဆိုရုံမျှသာတည်း။ အာဂုံသာဓကမရှိ၊ အာဂုံ သာဓက မရှိရုံမျှသာမဟုတ်သေး၊ စင်စစ်မူကားနိသီဒနသန္ထတသိက္ခာပုဒ်အဖွင့် "သကိံ နိဝတ္ထမ္ပိ သကိံ ပါရုတမ္ပိတိ သကိံ နိသိန္နမ္ပိ နိပန္နမ္ပိ" ဟူသော အဋ္ဌကထာ စကားနှင့်လည်း ဆန့်ကျင်သတည်း။ နိသီဒနံ နာမ သဒသံ ဝုစ္စတိ။ သန္ထတံ နာမ သန္ထရိတွာ ကတံ ဟောတိ။ အဝါယိမံ–ဟူသော နိသီဒနသိက္ခာပုဒ် ပဒဘာဇနီ စကား(ဝိ ၁၊၃၃၉)ကို ထောက်၍ ယခုကာလပြုလုပ်ကြသောပိတ်ဖြင့် နိသီဒိုင်ကား အတုသာတည်း။ နိသီဒိုင်အစစ်မဟုတ်။ ထို့ကြောင့် နိသီဒနအဓိဋ္ဌာန် မတင်သင့်။ ပစ္စတ္တရဏ အဓိဋ္ဌာန်သာ တင်ရမည်။ နိသီဒိုင်အစစ်ပြုလုပ်လိုမူကား အလျားအနံပမာဏလောက်သော တရုတ်ကော်ဇောကိုလည်းကောင်း, အလျား အနံငယ်မူ နှစ်ခုစပ် တရုတ်ကော်ဇောကိုလည်းကောင်းပြုလုပ်ရာ၏။ နိသီဒိုင်မှာ

အိပ်ရာခင်း၌ အဆင်း၊ ပမာဏမရှိသကဲ့သို့ အဆင်းပမာဏ မရှိရသရွေ့ တရုတ်ကော်ဇောကိုပင် ပြုလုပ်ခြင်းငှါအပ်ရာသတည်း။

သမန္တတော သမဇ္ဈမာနေ နိသီဒတိ–ဟူသောဘိက္ခုပါစိတ် နိသီဒနသိက္ခာပုဒ်ဝဏ္ဏနာ(ဝိ ၄၊ ၂၂၁) စကား၌ "သမန္တတော၊ အနံ့ထက်ဝန်းကျင်မှ" ဟု အနက်ပေး။ ထို့ကြောင့် အဋ္ဌကထာ(ဝိ၊ ဌ၊ ၃၊ ၁၅၅)၌ "ယထာ ဟိ စမ္မကာရော" အစရှိသော စကားကို မိန့်သတည်း။ ထိုအဋ္ဌကထာစကား၌ "ဝိတ္ထတံ၊ အနံ့ပြန့်အောင်" ဟုအနက်ပေး။ အဆာသုံးခုကိုပညတ်တော်မူသည်ကား မူလပညတ်လည်းမပျက်ရအောင် သုံးဆောင်ခြင်းငှါလည်းလောက်အောင် ပညတ်တော်မူသတည်း။ ဤအဆာကို ပညတ်တော်မမူမူ၍ ထိုင်လောက်အောင် တစ်ထွာဘိုး၍ ပြုရမည်ဟု ပညတ်တော်မူသော် မူလပညတ်ပျက်သတည်း။ အလျားမှ အဆာတစ်ထွာတပ်။ အနံ့မှ မတပ်လင့်။ ထို့ကြောင့် စူဠဝါ သတ္တသတိကခန္ဓကအဖွင့် အဋ္ဌကထာ(ဝိ၊ ဌ၊ ၄၊ ၁၃၅)၌ ဒွိန္နံ သုဂတ ဝိဒတ္ထီနံ ဥပရိ ဒသာယ ဝိဒတ္ထိမတ္တာ လဗ္ဘတိ။ ဒသာယ ဝိနာ တံ ပမာဏံ ကရောန္တဿ ဣဒံ အာဂတမေဝ ဟောတိ တံ အာတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယန္တိ ဟုမိန့်အပ်၏။

တေရသကဏ္ဍဋီကာ၌ တံ ပမာဏံ ကရောန္တဿ ယတိ ဒသာယ သဒ္ဓိံ နိသီဒနေ ယံ ပမာဏံ ဝုတ္တံ၊ ဒသာယ ဝိနာ တံ ပမာဏံ ကရောန္တဿ ဟု ဖွင့်အပ်၏။

ပမာဏဟူသည် အလျားပမာဏတည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌ တံ ပမာဏံ ကရောန္တဿာတိ သုဂတဝိဒတ္ထိယာ ဝိဒတ္ထိဒွယပမာဏံ ကရောန္တဿ၊ ဒသာယ ပန ဝိဒတ္ထိဒွယပ္ပမာဏံ ကတံ၊ အဒသကမ္ပိ နိသီဒနံ ဝဋ္ဋတိ ဧဝါတိ အဓိပ္ပာယော ဟုမိန့်အပ်၏။

ဆရာမြတ်တို့ကား သန္ထကသဒိသံ သန္ထရိတ္វာ–စသော နိသီဒနသိက္ခာပုဒ် အဋ္ဌကထာစကားသာမညကိုသာ ရှု၍ စူဠဝါသတ္တသတိက ခန္ဓကအဋ္ဌကထာ စကားဂိုသေသကို ရှုတော်မမူဘဲ အနံ့မှ အဆာတပ်တော်မူကုန်၏။ ထိုင်သောအခါ ဝဲယာအဆာနှစ်ခုကို နောက်သို့လှန်၍ ဝဲယာနိသီဒိုင် အထည်ကိုယ်နှင့်စပ်၍ ထိုင်ရမည်။ သမန္တတော သမဇ္ဈမာနေ–ဟူသော ပါဠိတော်စကားကိုထောက်သတည်း။ ဤသို့ ထိုင်သည်ကိုမြင်၍ နောက်သားရဟန်းတို့သည် အဆာကိုပုဆစ်အိမ်ကဲ့သို့ တပ်ကုန်သတည်း။ ထိုစကားမှန်၏ အဆာနှစ်ခုကိုနောက်သို့ ဝဲယာအထည်ကိုယ်နှင့်စပ်ကာထားသော်ပုဆစ်အိမ်နှင့်တူလေသတည်း။ သို့သော်လည်း ဤသို့ချုပ်ခြင်းသည် မအပ်။ နိသီဒနသိက္ခာပုဒ်ဝဏ္ဏနာ၌ "သေနာသနံ အသုစိနာ မက္ခိယတိ" ဟူ၍သာ လာငြားသော်လည်း သုတ်ပွတ်က ကျောင်းကိုသာလိမ်း

ကပ်သည့်မဟုတ်၊ ကိုယ်နှင့်သက်နီးကိုလည်းလိမ်းကပ်တတ်သောကြောင့် "အနုဇာနာမိ ဘိက္ခဝေ ကာယဂုတ္တိယာ စီဝရဂုတ္တိယာ သေနာသနဂုတ္တိယာ နိသီဒနံ" ဟု ဟောတော်မူသတည်း။ နိသီဒိုင်ကိုခင်း၍ အိပ်မှုကား ကာယဂုတ္တ, စီဝရဂုတ္တ, သေနာသနဂုတ္တ အကျိုးရှိသတည်း။ နိသီဒိုင်ကိုခင်း၍ ထိုင်သည်အိပ်သည်ကို မဟာဝါစီဝရက္ခန္ဓကဌ် ပစ္စတ္ထရဏကို ခွင့်ပြုကြောင်းဖြစ်သော အရှင်အာနန္ဒာ ဝတ္ထု(ဝိ၊၃၊၄၃၀)၌ အတိရေဒ္ဓကံ နိသီဒနံ န သဗ္ဗံ သေနာသနံ သံဂေါပေတိ ။ပ။ ယာဝ မဟန္တံ ပစ္စတ္ထရဏံ အာကင်္ခတိ တာဝ မဟန္တံ ပစ္စတ္ထရဏံ ကာတုံ–ဟူသော စကားကိုထောက်၍ သိအပ်၏။ ထိုစကားမှန်၏၊ နိသီဒနနှင့် ပစ္စတ္ထရဏကို အညမည ပဋိယောဂီအားဖြင့် ဟောတော်မူရကား ပစ္စတ္ထရဏကို ကဲ့သို့ နိသီဒနကိုလည်း ခင်း၍ ထိုင်ရ အိပ်ရသည်ကို သိအပ်၏။ ထို့ကြောင့် နိသီဒနသန္ထတ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ သကိံ နိဝတ္ထမ္ပိ သကိံ ပါရုတမ္ပိ တိ သကိံ နိသိန္နမ္ပိ ဝဋ္ဋတိ ပနိသိန္နမ္ပိ ဟု မိန့်အပ်၍ ဝတ်ရုံခြင်းကို မူကား မပြုအပ်။

အာယသ္မာ အာနန္ဒော ဘဂဝတော ပဋိကုဋ္ဌံ နိသီဒနံ အာဒါယ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓိ။အထ ခေါ ဘဂဝါ ယေန စာပါလံ စေတိယံ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ။ မဟာဝဂ္ဂသံယုတ် စာပါလဝဂ်ဒသမသုတ်ပါဠိတော် (သံ၊၃၊၂၂၆)၌နိသီဒနတ္ထိ စမ္မက္ခဏ္ဍံ အဓိပ္ပေတံ (သံ၊ ဋ္ဌ၊၃၊၂၇၂ ) ဋီကာ၌ကား မဖွင့်။ ဒသပရိက္ခာရိကဿ နိသီဒနံ ဝါ စမ္မက္ခဏ္ဍံ ဝါ ဝဋ္ဋတိ။ (ဒီ ဋ္ဌ-၁၊၁၇၅) အဖွင့်စကား၌ နိသီဒနနှင့် စမ္မက္ခဏ္ဍ တခြားစီ။ ဤပါဠိ,အဋ္ဌကထာကိုထောက်၍ ထိုင်ခြင်းအိပ်ခြင်းငှာ နိသီဒိုင်ကို ပြုရကြောင်းကို သိအပ်၏။ ထိုစကားမှန်၏၊ ပါဠိတော်၌ "ပညတ္တေ အာသနေ နိသီဒိ" ဟု လာရှိသတည်း။ ထိုင်ရာဖြစ်ကလည်း အိပ်ရာဖြစ်ကောင်းသတည်း၊ နိသီဒနသဒ္ဒါသည် ထိုင်ရာ ဟောသတည်း။ထိုင်ရာဖြစ်ကလည်း အိပ်ရာဖြစ်သည်နှင့် ထိုနိသီဒနသဒ္ဒါဖြင့် အိပ်ခြင်းကိုခွင့်ပြု၍ ဝတ်ရုံခြင်းကိုဖြစ်သတည်း၊အိပ်ခြင်းကိုခွင့်ပြုကြောင်းကိုကား "ယသ္မာ ပန နိသီဒိတွာဝ နိပဇ္ဇတိ။ တေနဿ ပဒဘာဇနေ ဥဘယမ္ပိ ဝုတ္တံ" ဟူသော ပါရာဇိကကဏ် အဋ္ဌကထာ ပဌမအနိယတ သိက္ခာပုဒ်(ဝိ ဋ္ဌ၊၂၊၂၁၄-၅။)အဖွင့်ဖြင့် သိအပ်၏။

"ဝါကစီရဥ္စ စမ္မဉ်၊ ကလဗလ ပတ္တရိတ္ထာန၊အဝကုဇ္ဇော နိပဇ္ဇဟံ" ဟူသော အဋ္ဌသာလိနီ သုမေဓကထာ(အဘိ၊ဋ္ဌ၊၁။၄၃)၌လာသော စမ္မကသည် မဟာဝဂ္ဂသံယုတ် စာပါလဝဂ် ဒသမသုတ်လာ နိသီဒနနှင့်မခြား၊ အတူတူပင်တည်း။ ဤကား အရှယ်ရောက်မှ ငယ်၍ ဆုံးဖြတ်သော အဆုံးအဖြတ် ဖြစ်သတည်း။

နိသီဒနသန္ထတသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

(၃၁၇၇၁)ဥပ္ပဋ္ဋေသုံ ၌အ၀ ပုဗ္ဗ ပဒိ-ဓာတ်။ပဒိ-ပရိဟာသေ ဟူသည်နှင့်အညီ ပရိဟာသနအနက်ဟောတည်း။ ပဒိ-ဂတိယံဟူသည်နှင့်အညီ ဂတိအနက်ဟော မဟုတ်။ထို့ကြောင့်"အ၀ဟာသိံသု"ဟုဖွင့်သတည်း။အာသုမ္ဘိ၌ အာပုဗ္ဗ သုဘ-ဓာတ်၊သုဘ-ပဟာရေ(နိတိဓာတု-၁၇၂)ဟူသည်နှင့်အညီ ပဟာရအနက်ဟော-သိုးမွေးတို့ကိုမြေ၌ ပုတ်ခတ်ခြင်းဟူသည် မြေ၌ကျစေခြင်းတည်း။ ထို့ကြောင့် "ပါတေသိ"ဟုဖွင့်သတည်း။ ဘူမျာ စ ပရိသုမ္ဘနာ ပြယုဂ်(ခု ၆၊၃၄၇)၌ ကဲ့သို့မှတ်။

[၃၁၇၇၂]သဥဿာဟတ္တာ စ၊ အဇ္ဈောဟရိဿတိဟု နှလုံးပြု၍ ထားခြင်း ဥဿာဟရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သိက္ခာပဒဿ၊၏။ အစိတ္တ-ကတ္တာ စ၊ အစိတ္တက၏ အဖြစ်ကြောင့်လည်းကောင်း။ အာပတ္တိယေ၀၊တည်း။

အဇ္ဈော ဟရိဿတိတိ ဠပေတိ ကို ငဲ့၍ သဥဿာဟတ္တာကို ဆိုသတည်း။ သုဒ္ဓစိတ္တေန။ ပ ။ ပါတေတိကိုငဲ့၍ အစိတ္တကာ စ သိက္ခာပဒဿကို ဆိုသတည်း။ ဧတ္ထ ပါတနေ၊ လေ့တပါးသောသူ အပသို့ ကျစေရာ၌။

အညဂိဟိတော၌ အ-ရဿနှင့်ရှိမှသင့်။အညာဟု အာ-ဒီဃနှင့် ရှိက မသင့်။ ပဌမဝိဓာန သိက္ခာပုဒ်(ဝိ ၃၊၃။၂၄)၌ မှတ်လေတ္တံ့။

[၃၁၇၇၃]ဘဝေါ၊ ဓိုသုံးယူဇနာထက်။ ပရ၊အလွန်။ အညတ္တ၊တပါးသော အရပ်သို့။ ဂစ္ဆတိ၊ သွားအံ့။

## ဧဠကလောမ သိက္ခာပဒဒီပနီ နိဋ္ဌိတာ

[၃၁၇၇၄] ရိဉ္စန္တိ ၌ ရိစ-ဓာတ်သည် ရိစ-ဝိရေစနေ ဟူသည်နှင့် အညီ ကင်းခြင်း အနက်ဟောတည်း။ ကာရိက်းဏော-ပစ္စည်း ကျေသတည်း။ ။ ဥဒ္ဒေသံ၊ ကို။ ပ ။အဓိပညံ၊ကို။ ရိဉ္စန္တိ၊ ကင်းစေကုန်၏ ဟု ပါဠိတော်၌ အနက် ပေး။ ကင်းစေခြင်းဟူသည် စွန့်ခြင်းတည်း။ ထို့ကြောင့် ဥဇ္ဈန္တိဟု ဖွင့်သတည်း။ ဥဇ္ဈန္တိ၌ ဥဇ္ဈ-ခာတ်သည် "ဥဇ္ဈ-ဥဿဂ္ဂေ၊ ဥဿဂ္ဂေါ ဆဋ္ဋနံ"ဟု ဓာတုမာလာ (၅၀)၌ လာသည်နှင့်အညီ ဥဿဂ္ဂအနက်ဟောတည်း။ အဘိဓမ္မတ္ထသင်္ဂြိုဟ် အာသမ္ဘာ သင်္ဂဟတွင် သင်္ဂဟဂါထာ၌ တာလုဇ တတိယ ဇ နှင့် ဆင့်၍ စတုတ္ထ ဈ-နှင့် "အဂ္ဂမဂ္ဂဖလုဇ္ဈိတေ"ဟု ရှိရမည်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ် ရူပသင်္ဂဟ ရူပ-ပဝတ္တိက္ကမမှလည်း "ဥတုသမုဋ္ဌာနရူပံ အတိရိဉ္ဇတိ" ဟု တာလုဇ ပဥ္စမ

ဥ-ဆင့်၍ တာလုဇ ပဌမ စ-နှင့် ရှိရမည်။ ဋီကာကျော် (၂၀၅-နှာ)မှာလည်း ထို့အတူ အတိရိတ္တတိတိ သေသပြဟ္မာန် ပင္ဒိသန္ဓိယံ ပဝတ္တော စ ဥပလဘိတဗ္ဗ-ရူပတော အဝသိဋ္ဌ ဟောတိ ဟူ၍ ရှိရမည်။ ။

## ဋ္ဌေကလောမ ဓောငါပနသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

---

(ဋ္ဌ၊၅၇၃-၅၇၄)သုဝဏ္ဏာသ နာမံ ကိဋ္ဌာပိ ဟောတိ။ ပန တတာပိ တံ ဇာတ-ရူပံ။ ။သုဝဏ္ဏအရ ရွှေတုံး ရွှေခဲ။ ရဇတံ၊ ငွေတုံးငွေခဲ။ ဇာတရူပံ၊ ရွှေတုံး ရွှေခဲ။ ဣတိအာဒီသု၊ ဤသို့ အစရှိသော ပါဠိတို့၌။ ရူပိယံ၊ ငွေတုံးရွှေခဲကို။ ကိဋ္ဌာပိ ဝုတ္တံ၊ ၏။ ပန တထာပိ၊ လည်း။ ဣဓ ဣမသ္မိံ သိက္ခာပဒေ၊ ၌။ ယံကိဉ္စိ၊ သော။ ဝေါဟာရဂမနီယံ၊ ရောင်းဝယ်ခြင်းသို့ ရောက်သော။ ကဟာ-ပဏာဒိ၊ ရွှေဒင်္ဂါး, ငွေဒင်္ဂါးစသည်ကို။ အဓိပ္ပေတံ၊ ၏။

ကဟာပဏာဒိ၌ အာဒိဖြင့် လောဟ မာသကစသည်ကို ယူအပ်၏။သက်သက် သော ငွေတုံး ရွှေခဲကိုမူကား မယူအပ်။ သို့မယူအပ်သော် သက်သက်သော ငွေတုံးရွှေခဲ ရဇတအရ၌ မကျန်ပြီလောဟူမူ။ ဇာတ ရူပသဒ္ဒါဖြင့် သက်သက် သော ရွှေတုံးရွှေခဲကို ယူရသကဲ့သို့ ထိုနည်းကို မှီ၍ ရဇတ-သဒ္ဒါဖြင့်လည်း သက်သက်သော ငွေတုံးငွေခဲကို ယူရသည်ကို သိက္ခာပုဒ်လာ ရဇတပုဒ်ဖြင့် သိလောက်သောကြောင့် ငွေတုံးငွေခဲကို ချန်လှပ်၍ ကဟာပဏာဒိ ဟူသော စကားကို အဋ္ဌကထာဆရာ ဆိုသတည်း။ ရဇတအရ၌ ငွေတုံးငွေခဲကို မယူ ရသောကြောင့် ကဟာပဏာဒိဟူသော စကားကို ဆိုသည်မဟုတ်၊ ထို့ကြောင့် သက်သက်သော ငွေတုံး ငွေခဲသည် ရဇတအရ၌ မကျန်ဟု မှတ်သိအပ်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီ၌ "သိက္ခာပဒေ ဇာတရူပရဇတန္တိ ပဒေနေဝ ဝုတ္တံ" ဟု မိန့်အပ်၏။

သောဝဏ္ဏမယော အရ ငွေစသည်နှင့် မရောသော သက်သက်သော ရွှေဒင်္ဂါးတည်း။ရူပိယမယော အရ ရွှေစသည်နှင့် မရောသော သက်သက်သော ငွေဒင်္ဂါးတည်း။ ပါကတိကော အရ အဒိန္နဒါန် သိက္ခာပုဒ်က ပြပြီးသော ရွှေငါးပဲ၊ ငွေငါးပဲ၊ ကြေးနီဆယ်ပဲ၊ ဤပဲနှစ်ဆယ်တို့ကို ရော၍ အချင်းချင်း ဖွဲ့စပ်စေခြင်းငှာ စပါးတစ်လုံးခန့်မျှသော ခဲကို ထည့်၍ ပြုအပ်သော နီလ ကဟာပဏတည်း။ ဤမှာ ကဟာပဏ သုံးပါးပြား၍ ပါကတိကနီလ ကဟာ-ပဏ အသီးအခြား ဖြစ်ရကား အဒိန္နဒါန် သိက္ခာပုဒ် ဝိမတိဝိနောဒနီ၌ ရွှေစင် တင်းမတ်ဖြင့် ပါဒကို ပိုင်းခြားရမည် ဆိုသော စကားကို စဉ်းစားဆင်ခြင် အပ်၏။

ယော ယော မာသကော၊ သည်။ ဣတိ တေ သဗ္ဗမ္ပိ၊ သည်လည်း။ ရဇတံ၊ ငွေတုံးငွေခဲ။ ဇာတရူပံ၊ ရွှေဂ ုံးရွှေခဲ။ ဇာတ ရူပ မာသကော၊ ရွှေပဲရွှေဒင်္ဂါး။

ရူပိယ မယော ဝါ ပါကတိကော ဝါ တိ အာဒိနာ၊ ဖြင့်။ ဝုတ္တပ္ပဘေဒေါ၊ သော။ ရဇတ မာသကော၊ ရွှေပဲရွှေဒင်္ဂါး။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ နိဿဂ္ဂိယဝတ္ထု အာဒီသု တီသု ဝတ္ထူသု။ သဗ္ဗမ္ပိ နိဿဂ္ဂိယ အာဒိကံ တိဝိဓံ ဝတ္ထုံ။ "သေသပဒေသု ပီတိ ဥဂ္ဂဏှာပေယျ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျသင်္ခါတေသု သေသပဒေသု ပိ။ တတ္ထ၊ ထိုနိဿဂ္ဂိယ ဝတ္ထုစသည် တို့တွင်။ ဇာတရူပရဇတဘာဇနေသုစ၊ တို့တွင်လည်းကောင်း။ ကဟာပဏ-မာသကေသုစ၊ ကဟာပဏဟူသော မာသကတို့တွင်လည်းကောင်း။ ဧကံ၊ တစ်ခုခုကို။

သဟာဿဥ္ဇပိ စသည်ကို သိထိလဗန္ဓကိုရည်၍ဆိုသတည်း။ စေပိ-သည် ဂရဟာဇောတကတည်း။ ဤသဟဿဥ္ဇပိ စသော မဟာအဋ္ဌကထာစကား၏ အဓိပ္ပါယ်ကို မဟာပစ္စရိတ်, ကုရုန္ဒီတို့၌ ပြသတည်း။

တတ္ထ ဇာတရူပါဒိသု။ ။သစေ ပိ သာဒိယတိ၊ သစေ ပိ ဟောတိ။ ဝေံသတိပိ၊ ။အကိရိယသမုဋ္ဌာနံ၊ ကိုယ်နှုတ်တို့ဖြင့် ပယ်ခြင်းတည်းဟူသော ပြုအပ်သည်ကို မပြုခြင်းကြောင့်ဖြစ်သော။

ကင်္ခါဝိတရဏီကာသစ် ပဌမပါရာဇိက သိက္ခာပုဒ်အဖွင့်(၁၇၉–နှာ)၌ မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ ဣဒံ ယေဘုယျ ဝသေန ဝုတ္တံ ဥပနိက္ခိတ္တသာဒိယနာဒီသု အာပတ္တိ သမ္ဘဝတော တိ ဒဋ္ဌဗ္ဗ–ဟု မိန့်အပ်၏။ ဤသို့ မိန့်တော်မူခြင်းသည် ကား "ကိရိယာ သမုဋ္ဌာနန္တိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ။ ပဋ္ဌပက္ခမေ သတိ သာဒိယန္တဿ အကိရိယသမုဋ္ဌာနာဘာဝတော။ မနောဒွါရေ အာပတ္တိနာမ နတ္ထီတိ ဣဒမ္ပိ ဗာဟုလ္လဝသေနေဝ ဝုတ္တန္တိ ဝဒန္တိ" ဟူသော သာရတ္ထဒီပနီစကား (၂၊၉၇)ကိုမှီး၍ ဆိုသတည်း။ သို့မှီး၍ဆိုငြားသော်လည်း ပဋ္ဌပက္ခမဖြစ်သော် သာဒိယနဖြစ်ရာမှ ဤအဋ္ဌကထာ၌ "ကာယဝါစာဟိ ကတ္တဗ္ဗဿ" စသည်ဖြင့် လာသည်နှင့်အညီ ကိုယ်နှုတ်တို့ဖြင့် မြစ်ရမည်ကို မမြစ်သောကြောင့် ကာယ-ဒွါရ, ဝစီဒွါရ၌ အကိရိယ သမုဋ္ဌာန်အာပတ်ဖြစ်ရကား သာရတ္ထဒီပနီလာ အာစရိယဝါဒကိုပင် ဆင်ခြင်ရန် ရှိသတည်း။ ကာယဒွါရ ဝစီဒွါရ၌ ဘုရားရှင် အာပတ်ကို ပညတ်တော်မူသတည်း။ မနောဒွါရ၌ ပညတ်တော်မမူ။ ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ ဒုတိယပါရာဇိကအဖွင့် ဝိနီတဝတ္ထု ဒုတိယအဖွင့် (ဝိ ဌ၁၊၁။၃၂၇)၌ သစေဘဂဝါ ကာယဝစီဒွါရတော ဝိနာပိ စိတ္တုပ္ပါဒမတ္တေန

အာပတ္တိံ ပညပေယျ၊ ကော သင်္ကုဏေယျ အနာပတ္တိကံ အတ္တာနံ ကာတုံ။ တေနာဟ အနာပတ္တိ ဘိက္ခု စိတ္တုပ္ပါဒေတိ”ဟု မိန့်အပ်၏။ မနောဒွါရေ ပန စသော စကားသည်“အကရဏတော”ဟူသော ဟိတ်နှင့်တကွသော အာပတ္တိံ· အာပဇ္ဇတိ ဟူသော အကျိုး၏ အကြောင်းဖြစ်သောကြောင့် အဝယဝီဟိတ် တည်း။ အဝယဝီ သဒ္ဒါအပေါင်းဟောတည်း။

ပန ယသ္မာ မနောဒွါရေ အပ္ပကမတ္တာဝသေနာပိ အာပတ္တိနာမ နတ္ထိ၊ တသ္မာ အကရဏတော အာပတ္တိံ အာပဇ္ဇတိ။ ပန သဒ္ဒါ ယသ္မာ အနက်ဟောတည်း။

ဇေတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ကြားခြင်း, ဆိုခြင်းဖြင့်။

ဣဒံ ဂုတ္တဋ္ဌာနံ-ဟု ကြားခြင်းသည် ကပ္ပိယကို မှီသတည်း။ ဣမ နိက္ခိပါဟိ-ဟု ဆိုသော် ဒုဗ္ဗိစာရဏ ဖြစ်ရကား ရွှေ, ငွေ ကြောင့်ဖြစ်သော ပစ္စည်းကို သုံးဆောင်ခြင်းလည်း မအပ်သည်နှင့် ထိုအကပ္ပိယကို မှီသတည်း ဟူလို သတည်း။ ။သံဃာဒီနံ အကပ္ပိယံ။

တတော၊ ထိုဝေဘန်ရာအရပ်မှ။ ဌပိတံဝါ၊ သည်လည်းကောင်း။ဂဋ္ဌိတံဝါ၊ သည်လည်းကောင်း။ တိရစ္ဆာနဂတပဋ္ဌိဂ္ဂဟိတမ္ပိ၊ သော်လည်းကောင်း။ (ဌပိတံနှင့်စပ်၍ အဓိပ္ပါယ်ယူ) ပံသုကူလမ္ပိ၊ သော်လည်းကောင်း။ (ဂဋ္ဌိတံနှင့် စပ်၍ အဓိပ္ပါယ်ယူ)

သပ္ပိနာ ဝါ တေလေန ဝါ အစရှိသည်၌ ပဒီ ပံကတွာ သည် ဥပလက္ခဏ နည်းမျှသာတည်း။ သူ့ဘစ်ပါးတို့ပြုအပ်သော ဆီမီးသည်လည်း နည်းတူပင် တည်း။ ဆီမီးရောင်၌ အိပ်ခြင်းစသည်ကိုပြုသော် ဆီမီးရောင်ကို သုံးဆောင်ခြင်း သဘောရှိသောကြောင့် န ဝဋ္ဋတိ-ဟု ဆိုသတည်း။

နိဿဂ္ဂိယဝတ္ထုကို မအပ်သောအားဖြင့် ခံ၍တည်ထားအပ်သော စေတီပုထိုး ကို ဖူးမြော်သော် ပရိဘောဂသဘော မရှိသောကြောင့် အပ်၏ဟု မှတ်အပ်၏။ တေန ဝတ္ထုနာ၊ ထိုသံဃာ၏အလယ်၌ စွန့်အပ်သော ရွှေငွေဝတ္ထုဖြင့်-ဟုအနက် ပေး။ ထို့ကြောင့်“တံ ဝတ္ထုံ ဥပနိက္ခိပံ ဌပေတွာ”ဟု မိန့်လတ္တံ့။

ပေါက္ခရဏိယာ၊ မှ။ ဥဗ္ဗိဒေါဒကံ၊ ထွက်သော ရေကို။ ကီတာယ၊ ဝယ်အပ်သော လေးထောင့်ကန်၌။ ဌိတေန၊ သော။ ယေန ဥဒကေန၊ နှင့်။

တံ အာဂန္တုကမ္ပိ နဝန္ဟတိဋ္ဌဝယ် အပ်သော လေးထောင့်ကန့်၌ ဝယ်ရာပါ သောရေတည်း။ နောက်မှ ာသောရေမဟုတ်။ နောက်မှလာသောရေဖြစ်အံ့၊ ရှေး"အနန္တော ဥဒကေ"စသောဝါကျဖြင့် ဆုံးဖြတ်အပ်၏။

ဥပနိက္ခေပံ၊ ကြေးမြီအတိုးချေးခြင်းကို။ ၊ဘူမိပိ ဗီဇမ္ပိ ဖလံ န ဝဋ္ဋတိ။ ဝဋ္ဋတိဟု နှစ်ထွေရှိ၏။အနန္တော ဥဒကေ ပန-စသော ရှေးစကားကို ထောက်၍ န-လိုမည်မထင်။ အထ ဗီဇာနိ-စသည်၌ နိဿဂ္ဂိယ ဝတ္ထုဖြင့် ဝယ်အပ်သော မျိုးစေ့မှ အညွန့်အညှောက်ပေါက်သောကြောင့် တစ်ပါးသောရဟန်း,အာရာမ်စောင့်တို့၏ အဖို့မှ ဆောင်အပ်သော တတော အာဟရေန စသော ဝါကျဖြင့် ပြအပ်သော ထောပတ်စသည်နှင့် မတူသောကြောင့် အပ်သတည်း။

ဖလံ့ ဝဋ္ဋတိ ဘူမိံ ပရိဘုဥ္ဇိတုံ န ဝဋ္ဋတိ။ ။အထာပိ န ဆင္ဌေတိ၊ အာပိထ ဂစ္ဆတိ၊ ဇဝံသတိပိ န ဝါရေတဗ္ဗော။ န ဝါရေတဗ္ဗော-ဟု ဆိုသောကြောင့် မြစ်သော် ဒုက္ကဋ်မှတ်။

တတော ပဋ္ဌာမနတော၊ကြောင့်။ ဥက္ကသေနွော-၌ ငါ မာတိကာကို သိသည် ငါဝိနည်းကို သိသည်ဟု မိမိကိုယ်ကို ချီးမြှောက်ခြင်းသည် ဥက္ကံသနမည်၏။ ထို့ကြောင့်"နေဝါယံ"စသည်ကို မိန့်အပ်၏။

မုဋ္ဌဿတိဘာဝံ၌ သံဿာ့အာလယ်၌ တွေတွေဝေဝေ မေ့မေ့ လျော့လျော့ နေခြင်းသည် မုဋ္ဌဿတိဘာဝ မည်၏။

[ဋ္ဌ၊ ၅၇၅] ပန၊ အထူးကိုဆိုဦးအံ့။ ကေနစိပရိယာယေန-စကားကို ခံအပ်သော ရွှေ ငွေကြောင့် ဖြစ်သော ပစ္စည်းကို ရည်၍ ဆိုသတည်း။ မိမိမှတ ပါး ကုန်သော သိတင်းသုံးဖော်ငါးယောက်အာရာမ်စောင့်စသည်တို့သည် မိမိတို့အား ရောက်သောအဖို့နှင့် ကပ္ပိယပစ္စည်း တစ်ပါးကို လဲလှယ်၍ ပေးသော် အပ် သေး၏၊ ဒ ထောက်ကား "သစေ ပန တေန အညံ့ ပရိဝဋ္ဋေတွာ အာရာမိကာ ဒေန္တိ၊ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိတိ မဇ္ဈိမဂဏ္ဌိပဒေ စူဠဂဏ္ဌိပဒေ စ ဝုတ္တံ"ဟု ရှေး၌ မိန့်အပ်ပြီးသော တေရသကဏ္ဍဋီကာ (၂၄၁ဂ) စကားတည်း။ ဤကေနစိ ပရိယာယေန စကားကို ဧဝံ အသန္တသာမ္ဘာဝနာယ စသော နောက်ဝါကျမှာလည်း ယှဉ်လေ။

အပ္ပစ္စဝေက္ခိတွာပရိဘုဥ္ဇိတုံ န ဝဋ္ဋန္တိ၌ ဘုရားရှင်သည် အာပတ်ကို အရင်းမူ၍ ပစ္စဝေက္ခဏာကို ဟောတော်မူသည် မဟုတ်သောကြောင့် ဆေးပစ္စည်းမှ ကြွင်းသော ပစ္စည်းသုံးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင် သော်လည်း အာပတ်မသင့်။

ဒုဿီလဿ-အရ ဒုဿီလပုဂ္ဂိုလ်သည် ပါရာဇိကကျသော ဒုဿီလ,သံဃာဒိသိသ်စသည်တို့တွင် တစ်ပါးပါးကို လွန်ကျူးသော ဒုဿီလဟူ၍ နှစ်ပါးအပြားရှိ၏။ ပထမပါရာဇိက သိက္ခာပုဒ်အဖွင့် ဝိမတိဝိနောဒနီ (၁၊၁၀၅) စကားကိုထောက်၍ဤသို့ နှစ်မျိုးခွဲသတည်း။ ဤအရာ၌ စတုတ္ထပါရာဇိကအဖွင့် အင္ဂုကထာလာ စောရ လေးပါးတို့ကို ထောက်၍ (ဝိ၊၃၊၂၇၆-၇၇။ ပိဋ္ဌေ ပဿိတဗ္ဗံ။) နှစ်ပါးစုံကိုပင် အလိုရှိအပ်သတည်း။

သီလဝန္တပုဂ္ဂိုလ်အား ထေယျပရိဘောဂကို အလျဉ်းမရသောကြောင့်လည်းကောင်း, ဒါယဇ္ဇပရိဘောဂ သာမိပရိဘောဂတို့ကို မုချအားဖြင့် မရသောကြောင့်လည်းကောင်း, သီလဝတော အပ္ပစ္စဝေက္ခိတပရိဘောဂေါ - စသောစကားကို ဆိုသတည်း။ သေက္ခပုဂ္ဂိုလ်တို့အား ထေယျပရိဘောဂကို အလျဉ်းမရသောကြောင့်လည်းကောင်း, ဣဏပရိဘောဂကို သီလဝန္တပုဂ္ဂိုလ်ဖြင့်မှတ်ပြီးဖြစ်သောကြောင့်လည်းကောင်း,သာမိပရိဘောဂကိုမုချအားဖြင့်ရသောကြောင့်လည်းကောင်း,သတ္တန္နံ သေက္ခာနံ-စသော စကားကို ဆိုသတည်း။ ရဟန္တာပုဂ္ဂိုလ်တို့အား ထေယျပရိဘောဂကို အလျဉ်းမရသောကြောင့် လည်းကောင်း၊ ဣဏပရိဘောဂကိုသီလဝန္တပုဂ္ဂိုလ်ဖြင့်၊ ဒါယဇ္ဇပရိဘောဂကို သေက္ခပုဂ္ဂိုလ်တို့ဖြင့် မှတ်ပြီးဖြစ်သောကြောင့် လည်းကောင်း ခီဏာသဝါနံ ပရိဘောဂေါစသည်ကို ဆိုသတည်း။

သံဃဿေဝ ဒေတိ၌ မိမိ၏လက်သို့ ရောက်လေပြီးသော ဥဒ္ဒေသဘတ်စသည်တို့ကို မလှူ၊ စာရေးတံအဖိုးကိုသာ လှူသည်ဟု မှတ်အပ်၏။ ယထာဒါနမေဝဂဟိတတ္တာ၌ ဒါယကာတို့ လှူတိုင်းကိုသာယူလေသည် အလဇ္ဇီပုဂ္ဂိုလ်၏ လက်သို့ရောက်ပြီးပစ္စည်းကို မယူ ဟူလိုသတည်း။

ပုဂ္ဂလေ့ာလဇ္ဇီ၊ အပိဏ္ဍပါတော ဓမ္မိယော၌ ကုလဒူသနအနေသန အမှုကိုပြုပြီး ပည်မှ နောက်ကာလ၌ ဒေသနာကြားသော် ပုဂ္ဂိုလ်သည် လဇ္ဇီဖြစ်၏။ ကုလဒူသန အမှုကို ပြုခြင်းကြောင့် ရအပ်သော ပစ္စည်းသည် အဓမ္မိယဖြစ်၏။

ရူပိယသိက္ခာပဒ ဒီပနီနိဋ္ဌိတာ။

[၄၅၈၇]ကတာကတာဒိဝသေန၊ ဦးခေါင်းတန်ဆာ စသည်တို့၏ အစွမ်းအားဖြင့် ပြုအပ်ပြီးသော ရွှေငွေ မပြုအပ်သော ရွှေငွေအစရှိသည်တို့၏ အစွမ်းအားဖြင့်။ ကတဟူသည် ကဋံ နာမသီသူပဂံ-စသည်ဖြင့် ပဒဘာဇနီ(ဝိ၊၁၊၃၄၈)၌ လာသည်နှင့်အညီ ရွှေငွေဖြင့်ပြုအပ်သော ဦးခေါင်းတန်းဆာ အစရှိသည်တည်း။ အကတဟူသည် တစ်ခဲနက်ပြုအပ်သော ရွှေတုံးရွှေခဲတည်း။ အာဒိသဒ္ဒါဖြင့် ကတ, အကတနှစ်ပါးစုံကို ယူအပ်၏၊ ထို့ကြောင့် ပဒဘာဇနီ၌ "ကဋာကဋံ နာမ တဒုဘယံ"ဟု ဟောတော်မူအပ်၏။

နာနပ္ပကာရကံဟူသော ဝိသေသနသည် ရူပိယ သံဝေါဟာရံ-ပုဒ်၌ ရူပိယဟူသော ပုဒ်တစ်စိတ်၏ ဝိသေသနတည်း။ ပုဒ်တစ်စိတ်၏ ဝိသေသနဖြစ်ကောင်းသည်ကို "ဝိပါကဝဋ္ဋဘူတေ ပဋိသန္ဓိပဝတ္တိဖဿာဒယော" ဟူသော ပဋိစ္စသမုပ္ပါဒဝိဘင်းအဖွင့် မူလဋီကာ (၂၊၈၅)။ ဝိပါကဝဋ္ဋဘူတေတိ စ ဣဒံ ပဝတ္တဝိသေသနံ ဒဋ္ဌဗ္ဗံ"ဟူသော အနုဋီကာ (၂၊ ၉၂) စကားတို့ကို ထောက်၍ သိအပ်၏။ ဤကား အဋ္ဌကထာနည်းမှ တစ်နည်းဖြစ်သော ငါ၏နည်းတည်း။ အဋ္ဌကထာ ဆရာ၏ အလိုအားဖြင့် နာနပ္ပကာရကံသည် ရူပိယသံ-ဝေါဟာရံ၌ သံဝေါဟာရပုဒ်၏ ဝိသေသန သာတည်း။ နောက် ကယဝိက္ကယသိက္ခာပုဒ်၌ နာနပ္ပကာရကံကို ကယဝိက္ကယံ၌သာ စပ်ရသတည်း။ ထိုကဲ့သို့ပင် ဤ၌လည်း နာနပ္ပကာရကံကို ရူပိယသံဝေါဟာရံ ပုဒ်၌သာ စပ်ရသတည်း။ သခေါါသိလာပဝါဠ္ဍရဇတံဇာတရူပံ စသော ဝိဘင်းပါဠိတော် ဓာတုဝိဘင်း (အဘိ၊၂၊၈၄)၌ ဟောတော်မူအပ်သော "ရဇတန္တိ ကဟာပဏော" ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (အဘိ ၄-၂၊၆၀)၌ ဖွင့်အပ်သော ကဟာပဏကိုသာ ရူပိယသဒ္ဒါဖြင့် မယူရ။ ဣစ္စေတံ သဗ္ဗမ္ပိ ရဇတံ ဇာတရူပံ စသည်ဖြင့် ရူပိယ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ (ဝိ၊၄၊၂၊၂၉)၌ မိန့်အပ်သော ရဇတ, ဇာတရူပ,ဇာတရူပ, မာသက,ရဇတမာသက ဤလေးပါးကို ရူပိယသဒ္ဒါဖြင့်သာ ယူအပ်၏ဟု ပြလိုသောကြောင့် "ရူပိယသံဝေါဟာရန္တိ ဇာတရူပရဇတပရိဝတ္တနံ" ဟူသော စကားကို မိန့်အပ်သတည်း ထို့ကြောင့် တေရသကဏ္ဍဋီကာ(၂၊၄၂၂) ရူပိယသံဝေါဟာရသိက္ခာပဒေ ဇာတရူပါဒိစတုဗ္ဗိဓမ္ပိ နိဿဂ္ဂိယ-ဝတ္ထု ဣဓ ရူပိယဂ္ဂဟဏေနေဝ ဂဟိတန္တိ အာဟ ဇာတရူပရဇတပရိဝတ္တနန္တိ ဟု မိန့်အပ်၏။ ဇာတရူပ သဒ္ဒါဖြင့် ပကတိရွှေတုံး ရွှေဒင်္ဂါးကိုယူ။ ရဇတသဒ္ဒါဖြင့် ပကတိ ငွေတုံး ငွေဒင်္ဂါးကိုယူ။ ဝေါဟာရသဒ္ဒါသည် "ဝေါဟာရေ ဘဒ္ဒပဏ္ဏတ္တိ၊ ဝဏိဇ္ဇာ စေတနာသု စ" ဟု (အဘိဓာန် ၈၄၉-ဂါထာ) မိန့်အပ်သော သုံးပါး ကုန်သော အနက်တို့တွင် "သံသုဋ္ဌ ဝိသေသေန ဝဏိဇ္ဇဝသေန အဝဟရဏံ ပရိဝတ္တနံ သံဝေါဟာရော"ဟူသော ဝစနတ္ထနှင့်အညီ ဝဏိဇ္ဇအနက် ဟောတည်း။

[၄၅၇၉] သဗ္ဗတ္ထ ဂီတူပဂန္တိအာဒိသု။ ။ယော အယံ တိကော ဝုတ္တော။ ဒုက္ကဋဝတ္ထုမေဝဝါ ကပ္ပိယဝတ္ထုံဝါ။

မူလဂ္ဂဟဏော၊ ဒါယကာတို့လှူအပ်သော ဒုက္ကဋ်ဝတ္ထုဖြစ်သော အဖိုးကို ခံယူရာ၌။ ။တထေဝ၊ ထို့ အတူသာလျှင်။တဿဝါ၊ထိုဒုက္ကဋ်ဝတ္ထုကိုလည်းကောင်း။ တေနဝါ၊ ထိုဒုက္ကဋ်ဝတ္ထုနှင့်လည်းကောင်း။ စေတာပနေပိ၊ ဖလှယ်ရာ၌လည်း။ တံဒုက္ကဋံ၊သည်။ ယုတ္တံ၊၏။

တဿ ဝါ စေတာပနေပိ-ဖြင့်-ဒုက္ကဋ်ဝတ္ထုကို ဒုက္ကဋ်ဝတ္ထုနှင့် ဖလှယ်သည်ကို ဆိုသတည်း။ ထို့ကြောင့် ရှေ၌ "ဒုက္ကဋဝတ္ထုနာ ပန ဒုက္ကဋဝတ္ထုနော"ဟု မိန့်အပ်ပြီ။ တေန ဝါ စေတာပနေ ပိ ဖြင့် ဒုက္ကဋ်ဝတ္ထုနှင့် ကပ္ပိယဝတ္ထုကို ဖလှယ်သည်ကို ဆိုသတည်း။ ဤ တေနဝါ စေတာပနေ ပိ ကိုထောက်၍ ရှေး၌ "ဒုက္ကဋဝတ္ထုနာ ပန ဒုက္ကဋဝတ္ထုနော"စကားသည် ဥပလက္ခဏနည်းမျှသာတည်း ဟု သိအပ်၏။ ထို့ကြောင့်"ဒုက္ကဋဝတ္ထုနာပန ဒုက္ကဋဝတ္ထု နော" ဟူသော ရှေ စကား၌ ဒုက္ကဋဝတ္ထုနာ ကပ္ပိယဝတ္ထုနော-ဟူသောစကားကိုလည်း သိအပ်၏။ တဿ စေတာပနေ ပိ စကား,တေန ဝါ စေတာပနေ ပိ စကားတို့ဖြင့်ထိုက်သည် အားလျော်စွာ ဆိုအပ်ပြီးသောနည်းဖြင့် ဖလှယ်ပုံကို ဆိုသည်ကိုကား ဤ အဋ္ဌကထာ ခပ်သိမ်းသော အရာ၌ သာခညဖြစ်သည်ကို ဝိသေသ ပြဘော်မူလေ့ရှိသော အရှင်ဗုဒ္ဓဒတ္တ ဆရာသည် ဝိနယ ဝိနိစ္ဆယ(၆ဂ-နှာ)၌—

ဒုက္ကဋဿ စ ပဝတ္ထုံ ဝါ၊ ဝတ္ထုံ ဝါ ကပ္ပိယဿ စ ။
ဝတ္ထုနာ ဒုက္ကဋဿေဝ၊ ပရိဝတ္တေတိ ဒုက္ကဋံ—

ဟု မိန့်အပ်၏။ ဤစကားရပ်တွင် ဒုက္ကဋဿ စ ဝတ္ထုံ။ ဝတ္ထုနာ ဒုက္ကဋဿေဝ ဖြင့် ဒုက္ကဋ်ဝတ္ထုကို ဒုက္ကဋ်ဝတ္ထုနှင့် ဖလှယ်သည်ကို ပြသတည်း။ဝတ္ထုံ ဝါ ကပ္ပိယဿ စ၊ဝတ္ထုနာ ဒုက္ကဋဿေဝ—ဖြင့် ကပ္ပိယဝတ္ထုကို ဒုက္ကဋ်ဝတ္ထုနှင့်ဖလှယ် သည်ကို ပြသတည်း။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ(၁၊၃၂၇-နှာ)၌ "ဒုက္ကဋဿေဝ ဝတ္ထုနာ ဒုက္ကဋဿ စ ဝတ္ထုံ ဝါ (ကပ္ပိယဿ ဝတ္ထုံ ဝါ)ပရိဝတ္တေတိ၊ ဒုက္ကဋန္တိ-ယောဇနာ"ဟု မိန့်အပ်၏။

ဝဍ္ဎိံ၊ အတိုးအပွားကို။ ပယောဇေန္တဿ၊ယှဉ်စေသော ရဟန်းအား။ ဒုက္ကဋံ၊၏။

ဤအသပြာကိုယူပြီး၍ တစ်လ တစ်နှစ်ရှိသော် အသပြာအတိုး မည်မျှ ပေးရမည်ဟု ဆိုမူ ရူပိယသံဝေါဟာရဖြစ်၍ နိဿဂ္ဂိယ အာပတ် သင့်သတည်း။ ကပ္ပိယကာရကနှင့်ကင်း၍ ကိုယ်တိုင် အသပြာအတိုး မည်မျှဖြစ်စေ ဤမျှသော အသပြာကို ယူလော့ဟုဆိုမူ ကယဝိက္ကယလက္ခဏာ မရှိသောကြောင့် ဒုက္ကဋ် အာပတ်သင့်သတည်း။ ထို့ကြောင့် ဝဇိရဗုဒ္ဓိ(၂၆၆)၌ ဝဍ္ဎိံ ပယောဇေန္တဿာတိ- ဧတ္ထ ဣဒံ ဂဟေတွာ ကတိမာသေ, ကတိသံဝစ္ဆရေ ဧတ္တကံ ဒေဟီတိ ဧဝ ဝဒတိ၊ ရူပိယသံဝေါဟာရော ဟောတိ။ ဝိနာ ကပ္ပိယကာရကေန ဧတ္တကာ ဝဍ္ဎိ ဟောတု၊ ဧတ္တကံ ဂဏှာဟီတိ ဝဒတော ဒုက္ကဋံ။ ကယဝိက္ကယလက္ခဏာဘာဝတော-ဟု မိန့်အပ်၏။ ဝိနာကပ္ပိယကာရကေ-န ဟုဆိုသောကြောင့် ကပ္ပိယကာရက အတို့လို အလျောက် အတိုးချသော် အပ်၏ဟု မှတ်အပ်၏။ ဧတ္တကာ ဝဍ္ဎိ ဟောတု။ ဧတ္တကံ ဂဏှာဟိ-ဟူသောစကားကို ကယဝိက္ကယသိက္ခာပုဒ်အဖွင့် ဒ္ဋ္ဌကထာ ဣမံ ဘတ္တံ ဘုဥ္ဇ။ပ။ဝဒတိ။ဝဋ္ဋတိဟူသောစကားအားလျော်စွာဆိုသတည်း။ သမုဋ္ဌာပေတီတိ သယံ ဂဏှာ ဝါ စသော ဝိမတိဝိနောဒနီစကား(၁၂၄၅)၌ သယံ ဂဏှာဖြင့် ကိုယ်တိုင်တူးဆွ၍ဖြစ်စေသည်ကိုပြသတည်း။အာဏာပေတွာ ထိုင့်၍ဒုဿိတတ္တာ ကို ဆိုသတည်း။သယံဂဏှာကိုင့်၍ အညဿ မူလဿာမိကဿ အဘာဝတောကို ဆိုသတည်း။အသပြာလက်ခပေး၍ အဿာမိက မြေ၌ သံမျိုးစေ့ကိုဖြစ်စေမူ အခ ဖြင့် တူးဆွကုန်သောသူတို့၏ ဥစ္စာဖြစ်သတည်း။ ထို့ကြောင့် ဝိမတိ ဝိနောဒနီ ကယ ဝိက္ကယသိက္ခာပုဒ်အဖွင့် (၁၂၄၇) ၌ ယဥ္စ အဿာမိက ဘူမိံ ခဏိတွာ- စသောစကားကိုမိန့်အပ်၏။

အဋ္ဌကထာဝယ် ကောဋ္ဋာပေတွာ၌ ကောဋ္ဋေတွာကိုလည်း ယူအပ်၏။ ကရောတိ၌လည်း ကာရေတိကိုလည်း ယူအပ်၏[၁]။ကိုယ်တိုင် တူးဆွသဖြင့်သံမျိုး စေ့ကိုဖြစ်စေပြီးလျှင် အသပြာလက်ခပေးသဖြင့် နှက်စေ၍ အသပြာလက္ခပေး သဖြင့် သပိတ်လုပ်စေသော်လည်းကောင်း၊ အသပြာ လက်ခပေးသဖြင့် နှက် စေ၍ ကိုယ်တိုင်သပိတ်လုပ်သော်လည်းကောင်း, ကိုယ်တိုင်နှက်၍ အသပြာ လက်ခပေးသဖြင့် သပိတ်လုပ်စေသော် လည်းကောင်း, တပါးသော သပိတ်ရှင် သာမိကမရှိသည်နှင့် များစွာမအပ်သော အမှုကိစ္စ ရှိသောကြောင့် "မဟန္တံ အကပ္ပိယံ ကိစ္စံ တေဿာတိ မဟာအကပ္ပိယော"ဟူသော ဝစနတ္ထကြောင့် မဟာအကပ္ပိယမည်သတည်း။ အသပြာလက်ခပေး၍ သံမျိုးစေ့ကို ဖြစ်စေပြီး လျှင် ကိုယ်တိုင်နှက်၍ ကိုယ်တိုင် သပိတ်လုပ်သည်ရှိသော် "မူလေ မူလဿာ မိကာနံ" စသောနည်းအတိုင်း မှတ်အပ်၏။

၁။ ကာရေတိ–ဖြင့်။ ကရောတိကိုလည်း ယူအပ်၏။

တေရသကဏ်ဋီကာ ရာဇသိက္ခာပုဒ်၌ ပြအပ်ပြီးသော အကပ္ပိယ တဋ္ဌာက ကို မိမိဥစ္စာပြု၍ လှူသောအဆုကိုထောက်၍ "ဣဒံ ပဥ္စန္နံယောဝ သဟဓမ္မိကာနံ" စသော (၂၄၂၃)စကားကို ဆရာတို့ဆိုသတည်း။ ထို အာစရိယဝါဒကို ရူပိယ သိက္ခာပုဒ်၌ "အညေသံ ဘိက္ခူနံ ဝါ အာရာမိကာနံ ဝါ" (ဝိ၊ဌ၊၂'၂၇၁) စသော စကားကိုထောက်၍ မနှစ်သက်သောကြောင့် "န သက္ကာ ။ပ။ သိဒ္ဓံ" စကားကို ဋီကာဆရာဆိုသတည်း။ သိဘင်းသုံးဖော် ငါးယောက်တို့သည် လည်းကောင်း၊ဒါယကာဘို့သည်လည်းကောင်း၊ မဟာအကပ္ပိယ သပိတ်ဖြင့် အဆင့်ဆင့် လဲလှယ်အပ်သော ပစ္စည်းလည်း သိတင်းသုံးဖော် ငါးယောက်တို့ အား မအပ်။ထို့ကြောင့် "ဝါသိ ကာရေတိ တာယ ဆိန္န ဒန္တကဋ္ဌမ္ပိ အကပ္ပိယံ" စသည်ကို မိန့်အပ်၏။

တေရသကဏ်ဋီကာ(၂၄၂၄)၌ ယဒိ ပဋိဂ္ဂဟိတ ရူပိယံ-စသော စကားသည် ဋီကာဆရာစကားတည်း။ အပရေ ပနေတ္ထ ဧဝံ ဝဒန္တိ ( သာရတ္ထ ၂၄၂၄ ) စသော အပရေဝါဒ မသင့်။ "မူလဿ အနိဿဋ္ဌတ္တာ' ဟူသော အဋ္ဌကထာစကား ရှိသောကြောင့် ထိုစကားနှင့်မညီလေ။ ဝိမတိဝိနောဒနီ (၁၃၄၅)၌ "ဣဒဥ္စ ဤ န သက္ကာစသော စကားကိုလည်း။ တေန ရူပေန၊ ထိုသပိတ်သဏ္ဌာန်ဖြင့်။ ဌိတဥ္စ၊ ကိုလည်းကောင်း။ တမ္မူလိကေန၊ ထိုသပိတ်လျှင် မူလ ရှိသော။ ဝတ္ထုမုတ္တာဒိရူပေန၊ ကပ္ပိယဝတ္ထု ပုလဲစသော သဏ္ဌာန်ဖြင့်။ ဌိတဥ္စ၊ ကိုယ်လည်းကောင်း ။ပ။ ဟိ၊ ချဲ့ဦးအံ့။ တမ္မူလိကံ၊ ထို သပိတ်လျှင် မူလရှိသော။ ဒုက္ကဋဝတ္ထုမ္ပိ၊ ကိုလည်းကောင်း။ ကပ္ပိယဝတ္ထုံ စ၊ ကိုလည်းကောင်း၊ ကေနစိ ဥပါယေန၊ ဖြင့်။ တေန ရူပေန၊ ထိုဒုက္ကဋ်ဝတ္ထုကပ္ပိယ ဝတ္ထု သဏ္ဌာန်ဖြင့်။ ကပ္ပိယံ၊ ကို။ ကာတုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်း" ဟု အနက်ပေး။

ယဒိ ပန (ဝိမတိ ဋီ ၁၃၄၅)စသော စကားသည် ရူပိယသံဝေါဟာရ သိက္ခာပုဒ်နှင့်အညီ ဆုံးဖြတ်သည်ဖြစ်၍ သင့်၏။

မဟာအကပ္ပိယ သပိတ်ဖြင့် ရွှေငွေကို လဲလှယ်ရာ၌လည်း ဤနည်းပင်တည်း။ အထောက်ကား "တေန ရူပေန" ကို ထောက်သတည်း။

ဒုဗ္ဗိစာရိတတ္တာ-၌ ပေရသကဏ်ဋီကာအလို ရူပိယသံဝေါဟာရကို ဒုဗ္ဗိစာ-ရဏဆိုသတည်း။ ဝိမတိဝိနောဒနီအလိုအားဖြင့် ရူပိယသံဝေါဟာရကို ဒုဗ္ဗိစာ-ရဏမဆိုလို။ ထို့ကြောင့် ဝိမတိဝိနောဒနီ (၁၃၄၆) ၌ "မူလဿ အသမ္ပဋိစ္ဆိ-တတ္တာတိ ဣမိနာ" စသည်ကို မိန့်အပ်၏။

ဣဒမေ က ဘာပဏော ဂဟေတွာ ဣမံ ဒေဟိ-ဟု အစီရင်မကောင်းသောကြောင့် ဒုဗ္ဘိစာရဏာဆိုလိုသတည်း။ ။မဟာသုမတ္ထေရဿ ကိရ-စသည်၌ "ဥပဇ္ဈာယော အနုရုဒ္ဓတ္ထေရော နာမ" ဟု ဆိုသောကြောင့် မဟာပဒုမထေရ်နှင့် စာသင်ဖက် မဟာသုမ မထေရ် မဟုတ်။ မဟာသုမ မထေရ်တစ်ပါးဟု ယူရန်ရှိသတည်း။ ထိုမဟာသုမ မထေရ်၏ ဥပဇ္ဈာယ်ကား ဥပတိဿမထေရ်တည်း။ ။

ရူပိယသံဝေါဟာရ သိက္ခာပဒ ဒီပနီ နိဋ္ဌိတာ။

---

[၄၁၅၄] ကယဉ္စေဝ၊ ဝယ်ခြင်းသို့ လည်းကောင်း။ ဝိက္ကယဉ္စ၊ ရောင်းခြင်းသို့ လည်းကောင်း။ ကီ-ဒဗ္ဗဝိနိမယေ၊ ဒဗ္ဗဝိနိမယော ကယဝိက္ကယဝသေန ဘဏ္ဍဿ ပရိဝတ္တနံ။ ကိဏာတိ၊ ဝိက္ကိဏာတိ၊ (ဓာတုမာလာ ၂၄၇) ဝိက္ကိဏာတိ-၌ ဝိ-ဥပသာရပုဒ်သည် ဝိယောဂအနက်ကို ထွန်းသောကြောင့် ကီ-ဓာတ်သည် ပစ္စည်းရှင်နှင့်ပစ္စည်း ကင်းသောအားဖြင့် ရောင်းခြင်းအနက်ကို ဟောသတည်း။

[၄၁၅၅] ယဒါ ကယိတဉ္စ ဟောတိ ။ပ။ ကရောန္တေ နာတိ အတ္ထော ကိဉ္စာပိ ဟောတိ၊ ပန တထာပိ ဣမိနာ ဣမန္တိ အာဒိဝစန နုပတော ပါဠေ အတ္ထနော၊ ဘဏ္ဍံ ပရဟတ္ထဂတန္တိဝစနေန အတ္တနော ဘဏ္ဍံ ဒဿိတံ။

ဂိဟိပဗ္ဗဇိတေဟိ၊ လူပရိဗိုဇ်ရဟန်းတို့နှင့်။ (ထို့ကြောင့် ဤသိက္ခာပုဒ်၏ ဝတ္ထု၌ "အညတရော ပရိဗ္ဗာဇကော" ဟု ဟောတော်မူအပ်၏။)

ဧဝံ ဝတွာ ဧသောဝါကျ၌ ရဟန်းက စရှိဆိုသည်ကို သိအပ်၏။ ။ဣမိနာ ဣမံ ဒေဟီတိ ဝုတ္တော ဝါ- ဟူသောဝါကျ၌ လူကစရှိဆိုသည်ကို သိအပ်၏။ ဝတွာ ဝါ (ဝုတ္တော ဟုတွာ ဝါ)မာတုယာပိ အတ္တနော ဘဏ္ဍံ ဒေတိ ဣမိနာ ဣမံ ဒေဟီတိ ဝုတ္တော ဝါကို နောက်ဝါကျနှင့်လည်းယှဉ်။ မဇ္ဈေဒီပကနည်းတည်း။ ဣမိနာ ဣမံ ဒေဟီတိ ဝုတ္တော ဟုတွာ ဝါ, ဣမံ ဒေဟိ ဣမံ တေ ဒဿာမီတိ ဝတွာ ဝါ, မာတုယာ ပိ ဘဏ္ဍံ အတ္တနာ ဂဏှာတိ။ ။

ဣမိနာ၊ ဤကပ္ပိယဝတ္ထုဖြင့်။ ဣမံ၊ ဤကပ္ပိယဝတ္ထုကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ ပရိဝတ္တေကိ၊ ဖလှယ်အံ့။ ယထာဝတ္ထုကမေဝ၊ ကပ္ပိယဝတ္ထုအားလျော်စွာသာလျှင်။ အာပတ္တိ၊ ကယဝိက္ကယနိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏ဟု အနက်ပေး။

ဣမိနာ၊ ဤနိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု၊ ကပ္ပိယဝတ္ထုဖြင့်။ ဣမံ၊ ဤနိဿဂ္ဂိယ ဝတ္ထု၊ ဒုက္ကဋဝတ္ထု ကပ္ပိယဝတ္ထုကို။ ဒေဟိ၊ ပေလော။ ဣတိ၊ ဤသို့။ ပရိဝတ္တေတိ၊ အံ့။ ယထာဝတ္ထုကမေဝ၊ နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု၊ ကပ္ပိယဝတ္ထုအားလျော်စွာ။ အာပတ္တိ၊ ရူပိယသံဝေါဟာရ နိဿဂ္ဂိယအာပတ်၊ ဒုက္ကဋအာပတ်၊ ကယဝိက္ကယ နိဿဂ္ဂိယအာပတ်သင့်သည်။ ဟောတိ၊ ၏။ ဟု အနက်ပေးလင့်။

အဘယ်ကြောင့်နည်းဟူမူ နောက်ယထာဝတ္ထုကမေဝ စကားနှင့်ရပ်၌ နိဿဂ္ဂိဝတ္ထု ဒုက္ကဋဝတ္ထု မဆိုသောကြောင့်တည်း။

ဣမမ္ပိ သြဒနံ ဘုမ်တွာ ဣမံ နာမ ကရောထာတိ။ ။နာပိတေန ကေသေဆိန္ဒာပေတိ။ ဣမံ သြဒနံဘုဉ္ဇိတွာ ဣမံ န မကရောထာတိ ကမ္မကာရေဟိ ဘူမိသောဓနာဒိကံ နဝကမ္မံ ကာရေတိ။

ဣမံ ဘတ္တံ ဘုဉ္ဇ-အစရှိသည်၌ "ဣမံဒေဟိ၊ ဣမံ တေ ဒဿာမီတိ ဝတွာ ဝါ" စသည်ကိုထောက်၍ "ဣဒံ ကမ္မံ ကရောဟိ၊ ဣဒံ ဘတ္တံ ဘုဉ္ဇာပေဿာမိ" ဟု ဆိုမူ ကယဝိက္ကယ ဖြစ်၏ဟု မှတ်အပ်၏။ ဧတ္တ ရဇနဒါရု အာဟရဏာဒီသု။

[၁၅၉၇] ထာလကမ္ပိ၊ အပိုတစ်ခုဖြစ်သော ခွက်ကိုလည်း။ ။အဿ၊ ထိုရဟန်းဝတ္ထု၏။ အပဂ္ဃဘာဝံ၊ ကို။

မဟဂ္ဃဘာဝံဉတွာ စသောစကား၌ ဝဥ္စေတွာ-ဟုဆိုသောကြောင့်သူတစ်ပါး ဥစ္စာ ဘဏ္ဍာကို အဖိုးထိုက်သည်ကို သိသည့်အလျောက် "သင်၏ဥစ္စာဘဏ္ဍာကား အဖိုးမည်မျှထိုက်သည်။ ငါ၏ဥစ္စာဘဏ္ဍာကား အဖိုးမည်မျှထိုက်သည်" ဟု အကောင်အရှားပြောကြားသောအားဖြင့် မလှည့်ပတ်မူ၍ လဲလှယ်သော် အာပတ် မထင်။

ပုနပ္ပုန်၊ အဖန်ဖန်။ အပနေတွာ၊ မဘော်သောသပိတ်ကို ပယ်၍။ ဝိဝရိတွာ၊ အဖိုးနှင့်လျော်သော သပိတ်ကိုဖွင့်လှန်၍။ ဂဏှာတိ၊ အံ့။ ။နာဋ္ဌိယာ၊ ဒါယကာ၏ ချင့်စရာကျည်တောက်ဖြင့်။ နမိနာပေတဗ္ဗံ၊ မချင့်စေအပ်။ ဟိယသ္မာ၊ ကြောင့်။ နာဋ္ဌိယာ၊ ဒါယကာ၏ ချင့်စရာကျည်တောက်၌။ အဝသိဋ္ဌဟောလံ၊ ကြွင်းကျန်သော အကပ်ခံပြီး ရဟန်း၏ ဆီသည်။ ဟောတိ၊ ရှိသည် ဖြစ်အံ့။ တံတေလ၊ ထိုကြွင်းကျန်သော အကပ်ခံပြီး ရဟန်း၏ ဆီသည်။

ပစ္စာ၊နောက်၌။ မိနန္တဿ၊ ချင့်သော ဒါယကာ၏။ အပ္ပဋိဂ္ဂဟိတကံ၊ ရဟန်းသည် အကပ်မခံအပ်သေးသော ဆီသစ်ကို။ ဒုသေယျ၊အကပ်ခံပြီး ဖြစ်အောင် ဖျက်ဆီးရာ၏။ ဣတိတသ္မာ၊ကြောင့်။ နမိနာပေတဗ္ဗံ၊ မချင့်စေအပ်။

*ကယဝိက္ကယသိက္ခာပဒဝဏ္ဏနာ နိဋ္ဌိတာ။

ဒုတိယဝဂ္ဂဝဏ္ဏနာ နိဋ္ဌိတာ။

---

[၃၊၅၉၇] ကယဝိက္ကယိကော သတ္တဝိဟာပဏိကဝဏိဇော၊(အဘိဓာန်စတုဗ္ဗဏ္ဏဝဂ် ၄၆၉-ဂါထာ) [ ကုန်သည်ဟော] ဝဏ-သဒ္ဒေ ဣဇော၊ (အဘိဓာန်ဋီကာ)။"ကိဏာသ ကိဏ ထာတိ ဝဏ္ဏနိ သဒ္ဒံ ကရောန္တီတိ ဝါဏိဇာ" ဟု ဝစနတ္ထပြုရသည်နှင့်အညီ ဝါဏိဇသဒ္ဒါသည် ကုန်သည်ဟောတည်း။ ဝါဏိဇ္ဇ၌ ဝဏိဇ္ဇာထ၊ (၄၄၁-ဂါထာ) (အဘိဓာန်စတုဗ္ဗဏ္ဏဝဂ်။ ကုန်သွယ်ခြင်းဟော)။ ဝဏိဇာနံ ကမ္မံဝါဏိဇ္ဇံ။ (အဘိဓာန်ဋီကာ)၊(၄၄၆-ဂါထာဖွင့်)။

ကုန်သည်ဟော ဝါဏိဇသဒ္ဒါမှာ ဇ-ဒွေးဘော်နှင့် မရှိရ။ကုန်သွယ်ခြင်းဟော ဝါဏိဇ္ဇ သဒ္ဒါမှာသာ ဇ ဒွေးဘော်နှင့်ရှိရမည်။ ပဏ္ဍော ပဝတ္တံ ဝါဏိဇ္ဇံ ပဏ္ဍဝါဏိဇ္ဇံ ဟု ဝစနတ္ထပြု။ အမတ္တံ ပဏ္ဍော စ ဘာဇနံ။ (အဘိဓာန်စတုဗ္ဗဏ္ဏဝဂ် ၄၅၇၊ ဂါထာ)။ အမ-ဂတိယံ၊ အတ္တော။ အဘိဓာန်ဋီကာ။ (၄၅၇ ဂါထာဖွင့်) အမာမိယျတ္တော။ အမ-မာဝရ ကလာဒီဟိ အတ္တော၊ဟောတိ။ အမတ် ဖ ဘလံ့နှရံ ပဝတ္တတိတိအမတ္တံ ဘာဇနံ။ ပုပ္ဖသရလောပေါ။ (ကျွဲဒိမောဂ္ဂလာန်-ဂ၁-သင်၊ အဘိဓာန်ဋီကာနှင့် ကျွဲဒိမောဂ္ဂလာန်အနေကိုထောက်သော် ထိုဆရာနှစ်ဦးတို့ အလိုအားဖြင့် အ-ရသနှင့် အမတ္တရှိရမည်။ အဘိဓာန်စာကိုယ်နှင့် ဝိနည်းပါဠိ, အဋ္ဌကထာအနေကိုထောက်သော် အာဒီဃနှင့်အာမတ္တရှိရမည်။ ပါဠိ, အဋ္ဌကထာသာ ပမာဏတည်း။

ပဏ္ဍဝိက္ကယသာလာ တု၊ အာပဏော ပဏ္ဍဝီထိကာ။ (အဘိဓာန်ပုရဝဂ်။ (၂၁၃-ဂါထာ)။အိမ်ဈေးဟော။အာပဏာယင်္တ္တ ပျဝဟာရနေ့ အသ္မိန္တိ အာပဏော (အဘိဓာန်ဋီကာ ၂၁၃ ဂါထာ အဖွင့်)။ ပဏ-ဗျဝဟာရေ ထုတိယေ နု။ ပဏာတိ ဝါဏိဇော၊ ဝေါဟာရံ ကရောတိ ဣစ္စတ္တော။ သဒ္ဒေါ ဗုဒ္ဓ ပဏာတိ၊ ထောမယတိ ဣစ္စတ္တော၊အာပဏာ။(ဓာတုမာလာ ၆၁-နှာ)

ယောသ ကုသာလ ဘဏ္ဍဝါဏိဇကာပဏာ၊ အကြင်အိုးထိန်းသည် ကုန်သည် တို့အား။ တာနိ၊ ထို မိုးခွက်ဟုဆိုအပ်ကုန်သော။ ဘဏ္ဍာနိ၊ ကိုသည်။ သန္တိ၊ ကုန်၏။ (အဘာဏ္ဍတဂ္ဂတိ ဂိဂ္ဂဟိတည်း)။

[၃၊၆၀၂] ဝဏ္ဏသဒ္ဒါသည် သဏ္ဌာန,ဝဏ္ဏ,ရုပ-စသော အနက်တို့တွင် ပမာဏ အနက်ဟောတည်း။ ထို့ကြောင့် ပမာဏာနိဟု ဖွင့်သတည်း။ "ဝဏ္ဏီယတိ ပတ္တဿ ပမာဏံ ကရိယတိ ဧတေဟိ ဥက္ကဋ္ဌပတ္တာဒီဟီတိ ဝဏ္ဏာ"ဟု စေနတ္ထပြု။ ပတ္တဿ အရ သပိတ်သာမည တည်း။ ပမာဏာနိ အရ သပိတ်ဝိသေသတည်း။ ပတ္တဿ အရ သပိတ်သာမည၏ ဥက္ကဋ္ဌစသော အတိုင်းအရှည်ကို ဥက္ကဋ္ဌ သပိတ် စသည်တို့သည် ပြုကြောင်းဖြစ်သောကြောင့် ဝဏ္ဏ မည်ကုန်သတည်း။ ထိုဥက္ကဋ္ဌစသော သပိတ် ဝဏ္ဏတို့သည်ပင် "ပမီယန္တိ ပတ္တသာမညံ မာနိယန္တိ ဧတေဟိ ဥက္ကဋ္ဌပတ္တာဒီဟီတိ ပမာဏာနိ" ဟူသော ဝစနတ္ထကြောင့် ပမာဏ မည်ကုန်၏။

အစ္စာဋ္ဌကောဒနံ-၌ အာဋ္ဌကသဒ္ဒါသည် ပြည်-ဟောတည်း။

ထို့ကြောင့်ဒိန္နံ တဏ္ဍုလနာဠိနံ-ဟု မိန့်အပ်၏။ ဤ ဒိန္နံ တဏ္ဍုလနာဠိနံ စကား ကို ထောက်၍ နာဠိ သဒ္ဒါသည် စလယ်ဟောဟု သိအပ်၏။ စလယ်နှင့် ကွမ်းစားကား အတူတူပင်တည်း။ ထို့ကြောင့် အဘိဓာန် စဘုဒ္ဓဏ္ဏဝဂ်(၄၇၄-ဂါထာ)၌ "ပတ္ထော တု နာဠိ နာဠိယံ"ဟု မိန့်အပ်၏။ ထိုစလယ်သည်သာလျှင် မဂဓဆုဇ်စလယ်, သီဟဠစလယ်, ဒမိဠစလယ်-ဟု ပြားလေသတည်း။

အစ္စုတေရသပလာ ဟောတိ-၌ ပလ-သဒ္ဒါသည် ပိဿာ ဟောတည်း။ ။ ပလ မူလ လဝန ပဝနေသု လဝနံ ဆေဒနံ။ ပဝနံ သောဓနံ။ ပါလေတိ ပလံ။ ပလံ နာမ မာနဝိသေသော။ လောကဿ ဝိမတိံ ပါလေတိ လုနာတိ သောဓေတိ စာတိ ပလံ-ဟူသော ဓာတုမာလာ (၃၄၄) စကားကို ထောက်၍ ပလသဒ္ဒါ၏ ဝိဂ္ဂဟ်, အဘိဓေယျတ္ထကို သိအပ်၏။

အစ္စုတေရသပလာ၊ ကစ်ဆယ့်သုံးပိဿာခွဲ ချိန်အပ်သော ပဲကြီး ရှိသည်၊ ပဲကြီး ဆန့်သည်[၁] *။ ဤအနက်ကား တေရသကဏ္ဍဋီကာဆရာ၏ အလို အားဖြင့် ပေးသော အနက်တည်း။ တစ်နည်းကား "အစ္စုတေရသပလာ မဂဓဆုဇ် ချိန်ဝန်အားဖြင့် တစ်ဆယ့်သုံးပိဿာခွဲ ချိန်အပ်သော ရေရှိသည် *[၂]၊ ရေဆန့်သည်။ ဤအနက်ကား ဝိမတိဝိနောဒနီဋီကာဆရာ၏ အလိုအားဖြင့် ပေးအပ်သော အနက်တည်း။

---

၁။ အစ္စုတေရသပလာ၊ အခွဲနှင့်တကွတစ်ဆယ့်သုံးပိဿာချိန် အပ်သော ပဲကြီးရှိသည်ဟုပေး။

၂။ "အစ္စုတေရသပလာ၊ မဂဓဆုဇ် ချိန်ဝန်အားဖြင့် အခွဲနှင့်တကွတစ်ဆယ့် သုံးပိဿာ ချိန်အပ်သော ရေရှိသည်"ဟု ပေး။

ငါးကျပ်, တစ်ပိဿာ, တစ်ဆယ်ကျပ် တစ်ပိဿာ စသည်ဖြင့် ပိဿာအများ ရှိသည်တွင် ဤအရာနှင့်လျော်သော ပိဿာကိုယူ။ ဤအစုတေရသပလာ ဟောတိ-ဟူသော စကားဖြင့် အဋ္ဌကထာဆရာသည် ချိန်ဝန်ဖြင့်သာ မှတ်၍ မဂဓနာဠိကို ပြသည်။ ချင့်ဝန်ဖြင့် မှတ်၍မပြ။ ထို့ကြောင့် ချင့်ဝန်ဖြင့်မှတ်ရာ၌ ဝိဝါဒများသောကြောင့် တေရသကဏ္ဍဋီကာ(၂၄၂၇-နှာ)၌ မဂဓနာဠိ နာမ ဆပသတာနာဠိတိ ကေစိ-အစရှိသော စကားကို မိန့်လေသတည်း။ တေရသကဏ် ဋီကာ၌"တိပသတာယ၊ သုံးလက်ဖက်ရှိသော။ နာဠိယာ၊ လောကီယ-နာဠိဖြင့်။

စတုမဋ္ဌိကံ ကုဍုဝံ(သာရတ္ထ ၂၄၂၇)၌ တစ်လက်ဆွမ်း လက်ခုပ်တစ်ဖက်သည် တစ်ကုဍုဝ မည်၏။ ကုဍုဝနှင့် ပဿတ အတူတူတည်း။ ထို့ကြောင့် အဘိဓာန် စတုဗ္ဗဏ္ဏဝဂ်(၄၈၂-ဂါထာ)၌ "ကုဍုဝေါ ပသတော ဧကော" ဟု မိန့်အပ်၏။ ဝိနယာလင်္ကာရဋီကာ(၁၊၁၀၂)၌လည်း"ကုဍုဝေါတိ ပသတော"ဟု မိန့်အပ်၏။ လေးဆုပ် တစ်ကုဍုံ၊ လေးကုဍုံ တစ်စလယ်၊တစ်ပတ္ထမည်ကြောင်းကို စတဿော မုဋ္ဌိယော ဧကော ကုဍုဝေါ၊ စတ္တာရော ကုဍုဝါ ဧကော ပတ္ထော၊ စတ္တာရော ပတ္ထာ ဧကော အာဠှကော၊ စတ္တာရော အာဠှကာ ဧကံ ဒေါဏံ၊ စတ္တာရိ ဒေါဏာနိ ဧကာ မာနိကာ။ စတဿော မာနိကာ ဧကာ ခါရီ၊ ဝီသတိ ခါရိကာ ဧကော ဝါဟောတိ-ဟူသော မဇ္ဈိမပဏ္ဏာသဋီကာ စတုတ္ထဖြစ်သော ရာဇဝဂ်(မ၊ဋီ၊၃၊၁၃၉) ဋီကာစကားဖြင့် သိအပ်၏။ ဤအဋ္ဌကထာစကားကိုထောက်၍ "ပတ္ထသဒ္ဒါ စလယ်ကွမ်းစားကို ဟောသည်"ကို သိအပ်၏။

တဿာ ဟာရမိဘုံ အဍ္ဍမာနန္တိ ဟောန ကာရဏေန အဟံ သဟာယေန ဒိန္နံ ကေပလာသတုမ္ဗံ ဟာရမိ ဂဏှာမီတိ ဒဿေတိ။ မာနန္တိ ဟိ အဍ္ဍနံ နာဠိနံ နာမံ၊ စတုန္နံ အဍ္ဍမာနံ စတဿော စ နာဠိယော တုမ္ဗော နာမ။ တေန ဝုတ္တံ ပသာသတုမ္ဗန္တိ။ ကေနိပါတ်ဇာတ် အဋ္ဌကထာ စုဒ္ဒသမဖြစ်သော အသမ္ပဒါနဝဂ် ပထမဖြစ်သော အသမ္ပဒါနဇာတ်အဖွင့် (ဇာတက ဋ္ဌ၊၁၊၄၉၃)။ ။အဍ္ဍနံ နာဠိနံ၊ ရှစ်စလယ်တို့၏။ နာမံ၊ တည်း။ စတုန္နံ နာဠိနံ၊ လေးလေးလယ်တို့၏။ အာဍ္ဍမာနံ၊ မာနဝက် တစ်ပြည်သည်။ ဟောတ်၊ ၏။ စတဿော စ နာဠိယော၊ လေးစလယ်တို့သည်လည်း။ တုမ္ဗောနာမ၊ တစ်ပြည်မည်၏။ ဤစကားကို ထောက်၍ ပတ္ထသဒ္ဒါ၏ ပရိယာယ်ဖြစ်သော နာဠိသဒ္ဒါလည်း စလယ်ကွမ်းစားကို ဟောသည်ကို သိအပ်၏။

ကုဍုဝေါ ပသတော ဧကော၊ ပတ္ထော တေ စတုရော သိယုံ။ အာဠှကော စတုရော ပတ္ထာ၊ ဒေါဏံ ဝါ စတုရာဠှကံ။ (၄၈၂) ပတ္ထော တု နာဠိ နာရိယံ–

ဟူသော အဘိဓာန် ဗတုဗ္ဗဏ္ဏဝဂ် (၄၇၄-ဂါထာ)စကား, "ပတ္တေနာခွေ စ နာဠိတ္တိ" ဟူသော အဘိဓာန် အနေကတ္ထဝဂ်ဂါထာ(၁၀၅၇-)စကား။ ဤစကား တို့သည် ဆိုအပ်ပြီးသော မဇ္ဈိမပဏ္ဏာသဋီကာ, ကေနိပါတ်ဇာတ် အဋ္ဌကထာ စကားတို့နှင့်ညီယဟည်း။

တံ ဂစ္ဆန္တေဂစ္ဆန္တေကာလေ ဃံသနေန ပရိက္ခီဏံ နာဠိကောဒနမတ္တ ဿေဝ ဂဏှနကံ ဇာတံ။ ။ဥဒါန်းအဋ္ဌကထာ စတုတ္ထဝဂ် ဆဋ္ဌဖြစ်သော ပိဏ္ဍောလဘာရဒွါဇသုတ်အဖွင့် အဋ္ဌကထာ (ဥဒါန၊ဋ္ဌ.၂၂၈)၌ နာဠိသဒ္ဒါ လည်း စလယ်ကွမ်းစား ဟောတည်း။သာ၀တ္တိယံ ဝိဟရတိ။ တေန ခေါ ပန- သမယေန ရာဇာ ပသေ နဒီကောသလော ဒေါဏပါကကုရံ ဘုဉ္ဇတိ။ ။ သဂါထာဝဂ္ဂ သံယုတ် (ပါဠိတော် သံ ၁၊၈၂) ပသေနဒီ ကောသလမင်း တစိတ်ချက်ထမင်းကို စားသတည်း။ ဒေါဏပါက ကုရန္တိ ဒေါဏပါကံ ကုရံ။ ။ပ။ ဒေါဏာသာ တဏ္ဍုလာနံ ပက္ကဘတ္တံ တဒုပိယဉ္စ သူပဗျဉ္ဇနံ ဘုဉ္ဇတီတိ အတ္ထော (အဋ္ဌကထာ သံ၊ဋ္ဌ၊၁၊၁၄၀)။ ဒေါဏာသာတိ စတုန္နံအာဠှကာနံ သော ဠသ- နာဠိနန္တိ အတ္ထော။ (ဋီကာ သံ၊ဋီ၊၁၊၁၇၅) အထ ခေါ ရာဇာ ပသေနဒီကော- သလော အနုပုဗ္ဗေန နာဠိကောဒနပရမတာယ သဏ္ဌာသိ။ (၎င်းပါဠိတော်) (သံ၊၁၊၈၄)။ နောက်၌ပသေနဒီ ကောသလမင်းသည် ဘုရားမှာကြားဝါဒဖြင့် တစ်နာဠိချက် တစ်ကွမ်းစားချက် တစ်စလယ်ချက် ထမင်းကိုသာ စားသတည်း။

နာဠိကောဒနပရမတာယ သဏ္ဌာသီတိ သော ကိရ မာနဝေါ ဒိဝသေ ဒိဝသေ တထာဂတဿ သန္တိကံ ဂစ္ဆတိ၊ ဒသဗလဿ ဝိသာသိကော အဟောသိ။ အထ နံ ကေဒိဝသံ ပုစ္ဆိ၊ ရာဇာ ကိတ္တကံ ဘုဉ္ဇတီတိ။ သော နာဠိကောဒနန္တိ အာဟ။ ဝဍ္ဎိဿတိ တ္တောဝတာ ပုရိသဘာဂေါ သော၊ ဣတော ပဋ္ဌာယ ဂါထ မာဝဒီတိ။ ဣတိ ရာဇာ တထေဝ သဏ္ဌာသိ။ ။(အဋ္ဌကထာ သံ၊ဋ္ဌ၊၁၊၁၄၁။) ပုရိသဘာဂေါ သောဘတိ မဇ္ဈိမေန ပုရိသေန ဘုဉ္ဇိတဗ္ဗဘာဂေါ သော။ ယဒိဒံ နာဠိကောဒနမတ္တံ။ ဋီကာ (သံ၊ဋီ။၁၊၁၇၅) ဤစကားတို့ကိုထောက်၍ လည်း နာဠိသဒ္ဒါ စလယ်ကွမ်းစားကို ဟောသည်ကိုသိအပ်၏။ ပတ္တောဒနော နာလမယံ ဒုဝိန္န ။ (ခု၊ဇါ၊၉၉။) ပတ္တောဒနောတိ နာဠိမတ္တော ဩဒနော။ (ဇာတ်ဋီကာ)။ ဤစကားတို့ကိုထောက်၍လည်း နာဠိသဒ္ဒါ-စလယ် ကွမ်းစားကို ဟောသည်ကို သိအပ်၏။

ဘိက္ခုနော ပန ဝသနဋ္ဌာနေ ကော တဏ္ဍုလနာဠိ ကော ဂုဠပိဏ္ဍော စတုဘာဂမတ္တံ သပ္ပိတိ တတ္ထကံ နိဓေတုံ ဝဋ္ဋတိ။ အကာလေ သမုတ္တာစောရာနံ အတ္ထာယ။ သုတ်သီလက္ခန်အဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့်။(ဒီ၊ဋ္ဌ၊၁၊၈၁)

ဤစကားကိုထောက်၍လည်း နာဠိသဒ္ဒါ စလယ်ကွမ်းစားကို ဟောသည်ကို သိအပ်၏။

တဒုပိယံ ဗျဉ္ဇနန္တိ တဿ ဩဒနဿ အနုရူပံ မစ္ဆမံသသာကဖလကဠီရာဒိ ဗျဉ္ဇနံ။ (ဤသိက္ခာပုဒ် အဖွင့်အဋ္ဌကထာ။) ဗျဉ္ဇနန္တိ ဥတ္တရိဘင်္ဂ၊ တေန မစ္ဆမံသမုဂ္ဂသုပါဒိဟိ အနေကသူပံ။ နာနပ္ပကာရမံသာဒိဗျဉ္ဇနေဟိ အနေက ဗျဉ္ဇနန္တိ ဝုတ္တံ ဟောတိ။ မူလပဏ္ဏာသအဋ္ဌကထာ မူလပရိယာယဝဂ် ပဉ္စမ ဖြစ်သော အနင်္ဂဏသုတ်အဖွင့်။ (မ၊ဋ္ဌ၊၁၊၁၁၅။) ကေစိ ပန ကုတောစိဒေဝ သဗ္ဗသာခရဏ္ဍဌာနတော မစ္ဆေ အာနေတွာ ပစ္စိမဝတ္ထုဘာဂေ ဥဒကအာဝါဠေ ခိပိတွာ ပေါသေတွာ ဒိဝသေ ဒိဝသေ ဒွေ တီဏိ ဥပ္ပတ္တရိဘင်္ဂတ္ထာယ မာရေန္တိ။ ပါရာဇိကအဋ္ဌကထာ အဒိန္နာဒါန် သိက္ခာပုဒ်အဖွင့် ခုဒ္ဒကဋ္ဌကထာ။(ဝိ၊ဋ္ဌ၊၁၊၂၈၈) ။ ။အနာပတ္တိ အသဉ္စိစ္စ အဿတိယာ အဇာနန္တဿ ဂိလာနဿ ခဇ္ဇကေ၊ ဖလာဖလေ ဥတ္တရိဘင်္ဂေ အာပဒါသု ဥမ္မတ္တကဿ အာဒိကမ္မိ ကဿာတိ။ ။ (ဘိက္ခုဝိဘင်းပါဠိတော်) သေခိယ ကဗဠဝဂ္ဂဒသက သိက္ခာပုဒ်အဖွင့်။ (ဝိ၊၂၊ ၂၅၆)။ ဤစကားရပ်တို့ကို ထောက်၍ ငါး,အမဲဟင်းတို့သည် ဗျဉ္ဇနဥတ္တရိဘင်္ဂ မည်ကုန်သည်နှင့် ငါးဟင်း,အမဲဟင်းတို့ကို ကိုက်ဖြတ်၍ စားသော်လည်း ကဗဠဝဂ္ဂဒသက သေခိယသိက္ခာပုဒ်ဖြင့် အပြစ်မရှိသည်ကို သိအပ်၏။ မစ္ဆမံသ သာကဖလ ကဠီရာဒိဗျဉ္ဇနံ-၌ မစ္ဆ၊ မံသဗျဉ္ဇန စသည်တို့တွင် ပါစ်ခုနှုသော ဗျဉ္ဇနတည်း။

အနုတ္တဏ္ဍုလံ၊မဆပ်လွန်းမမာလွန်း န-ပုဒ် ဥ-ပုဒ် တဏ္ဍုလ-ပုဒ်။ဥ -သည်ပဗလ အနက်ဟောတည်း။"ပဗလတ္တေ မဟာဗလ တ္တေ" ဟုအဘိဓာန်ဋီကာ (၁၁၆၈-ဂါထာဖွင့်) လာသည်နှင့်အညီ ပဗလသဒ္ဒါသည် မဟာဗလအနက်ဟောတည်း။ အလွန်မာသော ဆန်သည် ဥတ္တဏ္ဍုလမည်၏။ မမာလွန်းသောဆန်သည် အနုတ္တဏ္ဍုလမည်၏။

အဝဿာဝိတောဒနံ၊ချိုးမကပ်သောထမင်း ကို အဝ-ပုဒ်၊အဿာဝိတောဒနပုဒ်။ အဿာဝိတောဒနဟူသည် ယိုစီးခြင်းဖရိုဖရဲကြဲခြင်းမရှိသော ထမင်းချိုးတည်း။ "နဿဝတိ နပဂ္ဃရတိတိ အဿာဝိတော" ဟု ဝစနတ္ထပြု၊ ထမင်းချိုးရ၏။ အဿာဝိ တဧဘာ အဝဂတော ဝိယောဂေါတိ အဝဿာဝိတော-ချိုးမှကင်းသော ထမင်း ရ၏။ အဝ-သည် ဝိယောဂ-အနက်ဟောတည်း။ အဿာဝိတ-ပုဒ်နှင့် နိဿာဝပုဒ် အတူတူ ထမင်းချိုးဟောတည်း။ နိဿာဝ သဒ္ဒါ ထမင်းချိုးဟောသည်ကို နိဿာဝေါ စ တထာ စာမော"ဟူသောအဘိဓာန်စတုဗ္ဗဏ္ဏတ်(၄၆၆-ဂါထာ)ဖြင့် သိအပ်၏။ ဒွယံဘတ္တမဏ္ဍေ။ သုသဝနေ၊ ဝိသဇ္ဇပဒါဒိတော။ စပုအာဒနေ၊ အာ-ပုဗ္ဗတ္တာ ပါနေ၊ ကမ္မေ ဏော။ ။အဘိဓာန်ဋီကာ (၄၆၆-ဂါထာဖွင့်)။

တံ ဒသာဟံ၌ ဒသာဟံဖြင့် တံအစွဲကိုပြသတည်း။ တနည်းအားဖြင့် တံအစွဲကိုပြပြန်လို၍ တံ သတ္တဝိဓမ္ပိ စသည်ကို မိန့်သတည်း။သတ္တဝိဓမ္ပိ ပတ္တံဖြင့် တံအစွဲကိုပြသဟည်း။ အဒိန္နဒါန်သိက္ခာပုဒ်အဖွင့်(ဝိ၊ ၃၊ ၁၊ ၂၅၂) ၌လာသော "တေလ ဝဏ္ဏော ပန ဝန္နတိ" စကားကိုထောက်၍ တေရသကဏ္ဍ္ဋီကာ(သာရတ္ထ ၂၊ ၄၂၇) ၌တ္တေဝတာကာဠဝဏ္ဏတာ အစရှိသောစကားကို ဆရာတို့ဆိုကုန်သတည်း။

[၃၊ ၆၀၇] ပါကဿ ဟိ ဦနတ္တာ ပတ္တသင်္ခံ န ဂစ္ဆတိဟူသော အဋ္ဌကထာ စကားကို ထောက်သော် ဆရာတို့ဝါဒသင့်မည်မထင်။ အကြိမ်လည်းစေ့ မှ အဆင်းလည်း ဆီကြည်အဆင်းရှိမှ ပတ္တဟူသော အရေအတွက်သို့ ရောက်သတည်း။

ကာကဏိကမတ္တမ္ပိ ဝါ မူလံအဒိန္နံ စသည်ဖြင့် ဆိုတိုင်း သက်န်းမှာလည်း သိအပ်၏။သစေ ကောစိ ဒသပတ္တေ စသောစကားကို အဋ္ဌကထာဆရာ မိန့်တော်မူသောကြောင့် အတိတ်အရုဏ်ကိုသာယူအပ်၏။ အကယ်၍ အနာဂတ်အရုဏ်ကိုယူသည်ဖြစ်လေက တဆယ့်တလုံးအပ်လေရာသည်၊ အပ်လည်းမအပ်ခဲ့။ ဤအတိုင်း ဝိနည်းတိစီဝရိတ်ကို ဆောင်သော ရဟန်းတို့မှာ တိစီဝရိတ်ဆယ်ထည် သုံးဆောင်ကောင်းသည်ကိုသိအပ်၏။

ပတ္တသိက္ခာပဒ ဒီပနီ နိဋ္ဌိတာ။

---

[၃၊ ၆၀၉] သော ကုမ္ဘကာရော ။ကိဉ္စာပိ ဥပ္ပာဒေတ္ဗာ၊ ပန တထာပိ။ ။ အဿပတ္တဿ ယဿပတ္တဿ တဿ ဗန္ဓနောကာသဿ။ ။

ပါဠိတော်လာ အဗန္ဓနောကာသော နာမ(ဝိ၊ ၁၊ ၃၅၇) အစရှိသောစကား၌ "ယဿပတ္တဿ၊အား။ ဒွင်္ဂုလာ၊ သော။ ရာဇိ၊သည်။ နဟောတိ၊ မဖြစ်။ သော ပတ္တော၊ သည်။ အဗန္ဓနောကာသော၊ဖွဲ့ရာအရပ်မရှိသော။ ပတ္တောနာမ၊ ၏။ ယဿပတ္တဿ၊အား။ ဒွင်္ဂုလာ၊သော။ ရာဇိ၊သည်။ဟောတိ၊ ၏။ သောပတ္တော၊ သည်။ ဗန္ဓနောကာသော၊ ဖွဲ့ရာအရပ်ရှိသော။ပတ္တော နာမ၊၏" ဟု အနက်ပေး။

အဋ္ဌကထာမှာ ယဿ ဒွင်္ဂုလာ ရာဇိ ဟောတိတိ ယဿ ပန စသောစကားဖြင့် အနက်ပေးရမည်ကိုပြသည်မဟုတ်။ ပြုရသော်အစီအရင်ကိုသာ ပြသတည်း။ ယဿ ပတ္တဿ၊ အား။ တာဒိသာ၊ သော။ ကော၊ သော။ ရာဇိ၊ သည်။ ဟောတိ၊ ၏။ သောပတ္တော၊ ကို။ တဿာ ရာဇိယာ၊ ၏။ ပ ။ ဗန္ဓိတဗ္ဗော၊၏၊" ဟု အနက်ပေး။ ထို့ကြောင့် သောနှင့်လျော်အောင် "ဗန္ဓိတဗ္ဗော။ တံဗန္ဓန်" ဟု ရှိရမည်။ ထို့ကြောင့် တေရသကဏ္ဍ္ဋီကာ(၂၊ ၄၂၉)၌ တိပုသုတ္တကေန ဝါ ဗန္ဓိတ္ဗာတိ ဧတ္ထ ဗန္ဓိတဗ္ဗောတိ ပါဌော ဂဟေတဗ္ဗော။

ပုရေဘတ္တပေါတ္တကေပိ ဟိ အာသမေဝပါဒ္ဒေ ,ဒိဿတိဟုမိန့်အပ်၏။ ဝိနည်းသင်္ဂြိုဟ် (ဝိနယသင်္ဂဟ ၄၊၄၀) ၌ ဝိနည်းအဋ္ဌကထာစကားကိုပြင်၍ ယဿ ပန တာဒိသာ ကောပိ ရာဇိ ဟောတိ၊ တေန တဿာ ရာဇိယာ ဟေဋ္ဌိမပရိယန္တေ- ပတ္တဝေဓကေန ဝိဇ္ဈိတွာ ပစိတွာ သုတ္တရဇ္ဇုကမကစိရဇ္ဇုကာဒီဟိဝါတိ ပုသုတ္တကေန ဝါ ဗန္ဓိတွာ တံ ဗန္ဓနံ အာမိသဿ။ အလဂ္ဂနတ္ထံတိပုပဒ္ဒေန ဝါ ကေနစိ ဝါ ဗဒ္ဓသိလေသေန ပဋိစ္ဆာဒေတဗ္ဗံ ဟု ရေးတော်မူ၏။ ဤအဋ္ဌကထာ အတိုင်းရေးတော်မူသည်မဟုတ်။ "ယဿ ဘိက္ခုနော၊၏။ ပတ္တော၊၌။ တာဒိသာ၊ သော"ဟု အနက်ပေး။ ဝိနည်းသင်္ဂြိုဟ်ကို တေရသကဏ္ဍဋီကာဆရာ ရေးသတည်း။ ဤအဋ္ဌကထာ စ ၁နေပုံကို အားမရ၍ ဝိနည်းသင်္ဂြိုဟ်မှာ ဤသို့ရေးသတည်း။

ယဿပတ္တဿ၊အား။ ဒွေ ရာဇိယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

[၄၊၆၁၅] ယောပန သန္တုဋ္ဌိယာ စသော စကားကို မိန့်တော်မူသောကြောင့် အလုံးစုံကုန်သော ရဟန်းတို့သည် သန္တုဋ္ဌိ သဘောအားဖြင့် နေကုန်ခဲ့မူ ထိုသပိတ်ကို ပတ္တဝိညာပကရဟန်းသာ မေးကြကုန်ရန် ရှိသတည်း။

မယှမေဝပတ္တံစသည်၌ သဒ္ဓိဝိဟာရိက,အန္တေဝါသိကတို့ပြည့်တို့က မိမိတို့၏ မြတ်သောသပိတ်ကို မထေရ်ကြီး၏ အနီးအပါး၌ ထားကုန်၍ မထေရ်ကြီး၏ ညံ့သောသပိတ်ကို ယူကြကုန်သော်မထေရ်ကြီးက "န ဝိဿဇ္ဇေတဗ္ဗော"ဟု ဟော တော်မူအပ်သော အာဏာတော်ကို ရှုကြောက်၍ ငါ၏လပိတ်ကိုသာ ဆောင်ခဲ့ ပါဟု ဆိုရန်မရှိ ဟူလိုသတည်း။

**ဦနပဉ္စဗန္ဓနသိက္ခာပဒ ဒီပနီ နိဋ္ဌိတာ။**

---

[၄၊၆၁၈] ဥယျုတ္တပ္ပယုတ္တော ထေရဿ လောကုတ္တာယ ပဗ္ဗာဇ် သောမေန္တော ဘိက္ခု ဒိသွာ။

[၄၊၆၁၉-၆၂၁] [ကျမ်းတက်] မာလာကိတေ ပုဒ်၌ဝိသေသန, ဝိသေသျ ရှေ့နောက်ပြန်သတည်း ဟုပြလိုရကား– မာလာကိတေတိ ကိတမာလေကို မိန့် သတည်း။

**ကိတမာ**လေ ပုဒ်၌ တာလုဇ ဣနှင့် ကိတမာလေရှိမှ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ညီအံ့သတည်း။ စာအများတို့၌ ကဏ္ဌဇအ နှင့် ကတမာလေ ရှိ၏။ ကိတ၌

ကိရခါတ် ကိရ-ဝိကိရဏေဟု ကိတ်ရူပသိဒ္ဓိလာသည်နှင့်အညီ ပြွမ်းခြင်း ဝိကိရဏအနက်ကိုဟောသတည်း။ ကိတ-ဖြစ်အောင် ရက ာရော စသုတ်ဖြင့် စီရင်အပ်၏။

ကိတမာလေ၊ ပြွမ်းသော ပန်းကုံးရှိကုန်သော။ ကုသုမမာလာပဋိမဏ္ဍိတေ၊ တန်ဆာဆင်အပ်သော ပန်းကုံးရှိကုန်သော။

ကုသုမသဒ္ဒါသည် "ပသဝေါ ကုသုမံ ပုပ္ဖံ"ဟု အဘိဓာန်အရည်ဂါ(၅၄၅)၌ လာသည်နှင့်အညီ ပန်းဟောတည်း။ မာလာသဒ္ဒါသည်"မာလာ ပုပ္ဖေ စ ပန္တိယံ-ဟုအဘိဓာန် အနေကတ္ထဝဂ်ဂါထာ(၁၁၂၀)၌ လာသည်နှင့်အညီ ဒ. စဉ် ပန္တိ အနက်ဟောတည်း။ အစဉ် ဟူသည် ဤအရာ၌ ပန်းကုံးတည်း။ မာလာတိ"ယံ ကိဉ္စိ ပုပ္ဖံ၊ကိဉ္စာပိ ဟိ မာလာသဒ္ဒေါ လောကေ ဗဒ္ဓမာလာ ဝါစကော၊ သာသနေ ပန ရုဠ်ိယာ ပုပ္ဖေသုပိ ဝတ္တော။ တသ္မာ ယံ ကိဉ္စိ ပုပ္ဖံ ဗဒ္ဓ မဗဒ္ဓံ ဝါ။ တံ သဗ္ဗံ မာလာတိ ဒဋ္ဌဗ္ဗံ။ (သာရတ္ထဋ္ဌီ၊ ၃၊၂၅၃) ထိုစကားရပ်၌ ဗဒ္ဓဟူသည် ပန်းကုံးတည်း။ အဗဒ္ဓဟူသည် ပကတိပန်းတည်း။ မာလာဒီသုမာလာတိ ယံ ကိဉ္စိ ပုပ္ဖံ။ (သုတ်သီလက္ခန်အဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့်(ဒီ၊ဋ္ဌ၊ ၁၊၇၆))မာလာတိ ဗဒ္ဓမာလာ ဝါ အဗဒ္ဓမာလာ ဝါ။ [ဧင်းအဋ္ဌကထာ ဧင်းအဖွင့် (ဒီ၊ဋ္ဌ၊၁၊၈၄)] ထိုစကားရပ်၌လည်း ဗဒ္ဓဟူသည် ပန်းကုံးတည်း။ "ကုမ္ဘိတ္ထိ ပိဋ္ဌရော ကုဏ္ဍံ၊ ခဋ္ဌော ပျုက္ခလိ ထာလျု ခါ။ ကောလမ္ဗော စာထမယော်ကံ။' ဘာဏကော စ အရဥ္စရော(၄၅၀)" ။ကောလမ္ဗော တိုင်အောင် ထမင်းအိုးပရိယာယ်။ မဏိက္ကံ ရေသည်ကား အိုးစရည်းပရိယာယ်။ ။တုဏ္ဍိ ကိရော တု ဥက္ခလီ၊ မဟန္တဘာဇနံ စာဋိ၊ အတိခုဒ္ဒံ ကုဋ္ဌံ ဘဓေ။ ။ဓာတုမာလာ (၅၄-နှာ) အဘိဓာန်စကားကို ထောက်၍ လင်ယ်ဗထက်ချိုင့်နှင့် ကောလမ္ဗသင့်ရာသည်။ ကောဋ္ဌမ္ဗ မသင့်ရာ။ ဤအဋ္ဌကထာနှင့် ဓာတုမာလာအလိုအားဖြင့် ကောလမ္ဗသဒ္ဒါ အိုးစရည်းဟောတည်း။ အဘိဓာန်အလိုအားဖြင့် ထမင်းအိုးဟောတည်း။

ဩလီနဝိလီနာနိ-၌ ဩ-သည် အဝသဒ္ဒါ၏ ကာရိယ ဩ-တည်း။ အဝ-သဒ္ဒါသည် အဓော အနက်ဟောတည်း။ ထို့ကြောင့် ဟေဋ္ဌာ စ-ဟု မိန့်သတည်း။ ဝိ-သည် ဝိဝိဓ-အနက်ဟောတည်း။ ထို့ကြောင့် ဥဘတော ပဿေသု စ-ဟု မိန့်သတည်း။ လီ-ဓာတ်သည် ဂဋ္ဌန အနက်ဟောတည်း။ ထို့ကြောင့် ဂဋ္ဌိတာနိ ဟု မိန့်သတည်း။ ဓာတုမာလာဒိဝါဒိဂိုဏ်း(၂၃၈)၌ ဝိလိ ဝိလီန ဘာဝေ သပ္ပိ ဝိလီယတိ-၌ ဤပါဠိတော်, ဤအဋ္ဌကထာ စကားတို့ကို ထောက်၍ "ဝိလီ၊ ဝိ-ရှေးရှိသော လီ-ဓာတ်သည်" ဟု အနက်ပေးရန် ရှိသတည်း။ ။အန္တရဓာ အဒဿနေ ဟူသော ဒိဝါဒိဂိုဏ်း(၂၂၈)လာ စကား၌ "အန္တရဓာ၊ အန္တရရှေး

ရှိသော ဓာ-ဓာတ်သည်”ဟု အနက်ပေးရသကဲ့သို့ဟည်း။ ထို့ကြောင့် ဓာတု-မာလာဒီဝါဒီဂိုဏ်း၌“အန္တရဓာ အဒဿနေ အန္တရပုဗ္ဗော၊ဓာ ဓာတု၊ ဝိဇ္ဇမာနဿ ဝတ္ထုနော အဒဿနေ ဝတ္တတိ၊ အန္တရ ဓာယတိ။ အန္တရဓာနံ ။ပ။ အန္တရာပိ ဓာယတိ”ဟု မိန့်အပ်၏။

ဩကိဏ္ဏဝိကိဏ္ဏာ-၌ ဩ-သည် အဝသဒ္ဒါ၏ ကာရိယဩ-တည်း။ အဝသဒ္ဒါသည် အခြော အနက်ဟောတည်း။ ထို့ကြောင့် ဘူမိံ ခနန္တောဟိပ ဟု မိန့်သတည်း။ ဝိ-သည် ဝိဝိဓအနက်ဟောသည်း။ ထို့ကြောင့် ဘိတ္တိယော ခနန္တောဟိ ဥပရိ-သဥ္ဇရန္တောဟိ စ ဟု မိန့်သတည်း။ ကိရဓာတ်သည် ကိရ-ဝိက္ခိရဏေဟု ကိတ်ရူပသိဒ္ဓိ၌ လာသည်နှင့်အညီ ဝိကိရဏ အနက်ဟောတည်း။

တံ ခီဝရံ သုလဘံ ဝါ ဟောတု။ ။သန္နိဓိကာရကံပုဒ်သည် ကဗဠာဝစ္ဆေဒကံ ပုဒ်ကဲ့သို့ ကြိယာဝိသေသနတည်း။ ထို့ကြောင့် သန္နိဓိံ ကတွာ-ဟု ဖွင့်သတည်း။ ကဗဠာဝစ္ဆေဒကပုဒ် ကြိယာဝိသေသနဖြစ်သည်ကို ကဗဠာဝစ္ဆေဒကန္တိ ကဗဠံ-အဝစ္ဆိန္ဒိတွာ အဝစ္ဆိန္ဒိတွာ” ဟူသော ကင်္ခါဝိတရဏီ သေခိယသိက္ခာပုဒ် (၂၇၃) စကားကို ထောက်၍ သိအပ်၏။ “သာမိ သမ္ပိဝန္နတိ”ဟု အနက်ပေး။ ပိ-သဒ္ဒါ ကျေသတည်း။ ။ပစ္ဆာ ဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိရာမိသမေဝ ပရိဘုဥ္ဇိ-တဗ္ဗံ ဟူသော အဓိပ္ပာယ်ကို မှတ်အပ်၏။

သစေ သယံ ကရောတိ စသည်၌ ဆီဦးကို ကိုယ်တိုင်ချက်သော ရဟန်းအား သာမပါက မဖြစ်သောကြောင့် ခုနစ်ရက်လည်း နိရာမိသသာလျှင် အပ်သတည်း။ သာမံပက္ကနှင့် တကွ အာမိသကို သုံးဆောင်ခြင်းငှာ မအပ်သော ကြောင့် နိရာမိသမေဝ စကားကို ဆိုသတည်း။ နက်ဖြန် နံနက် စသည်တို့၌ အာမိသနှင့်တကွ စားမှု သန္နိဓိပါစိတ်တစ်ချက်, သာမံပက္ကနှင့် အာမိသကိုရော၍ စားခြင်းကြောင့် ဒုက္ကဋ်တစ်ချက် ပေါင်း အာပတ်နှစ်ချက်မှက်။

ပုရေဘတ္တံ ပဋိဂ္ဂဟိတ ခိရေန ဝါ ဒဓိနာ ဝါ ကတသပ္ပိ။ ။သယံ ကတံ တဒဟု ပုရေဘတ္တမေဝ နိရာမိသမေဝ ဝဋ္ဋတိ-ဟု အနက်ပေး။ ထို့ကြောင့် ဝေရသကဏ်ဋီကာ(၂၄၃၀)၌ သယံ ကတံ နိရာမိသမေဝ ဝဋ္ဋတိကို တဒဟု ပုရေဘတ္တမေဝ သန္ဓာယ ဝုတ္တံ-ဟု မိန့်အပ်၏။ ဋီကာဆရာသည် ပစ္ဆာဘတ္တတော ပဋ္ဌာယ နဝဋ္ဋတိယေဝ ဟူသော အဋ္ဌကထာစကားကို မျှော်၍၊ တဒဟု ပုရေ-ဘတ္တမေဝ စကားကို ဆိုသတည်း။

နဝနီတံ တာပေန္တသ္သ သာမံ ပါကော ကိဥ္စာပိ န ဟောတိ။ ပန တထာပိ သာမံ ပက္ကေန တေန နဝနီတေနပိ သဒ္ဓိံ အာမိသံ ဟိယျသွာ နဝဋ္ဋတိ။ တသ္မာ စ, သာမံပက္ကေန တေနနဝနီတေနပိ သဒ္ဓိံ အာမိသဿ အဝဋ္ဋနဘာဝေ သတိ ပုရေဘတ္တံ ပဋိဂ္ဂဟိတ ခီရေန ဝါ ဒဓိနာ ဝါ၊ သယံ ကတသပ္ပိနာ သဒ္ဓိံ အာမိသဿ အဝဋ္ဋန ဘာဝေ ဟိ ယသ္မာ ဝတ္တဗ္ဗမေဝ နတ္ထိ။ တသ္မာ စ, ပုရေဘတ္တံ ပဋိဂ္ဂဟိတ ခီရေန ဝါ ဒဓိနာ ဝါ ကတသပ္ပိသယံ တဒဟု ပုရေဘတ္တ မေဝ နိရာမိသမေဝ ဝဋ္ဋတိ-ဟု အနက်ပေး။

ဧသေဝနယောဖြင့် အနာပတ္တိကို ညွှန်းသတည်း။ အနာပတ္တိကို ညွှန်းသော်လည်း လုံးလုံးအနာပတ္တိ မဖြစ်၊ နိဿဂ္ဂိယအားဖြင့်သာလျှင် အနာပတ္တိ ဖြစ်သတည်း။ ထို့ကြောင့် တေရသကဏ္ဍဋီကာ (၂၄၃၀)၌ ဧသေဝနယောတိ နိဿဂ္ဂိယံ န ဟောတီတိ အတ္ထော ပုံ မိန့်အပ်၏။ နိဿဂ္ဂိယံ န ဟောတိ၌ အဓိပ္ပာယ်ကား နိဿဂ္ဂိယအားဖြင့် အနာပတ္တိဖြစ်သည်ကိုသာ ရည်၍ ဧသေ-နယော စကားကို အဋ္ဌကထာဆရာ ဆိုသည်၊ ဒုက္ကဋ်အာပတ်မှုကား မလွတ်ဟူလိုသတည်း။

အယံ ပန ဝိသေသော စသောစကားဖြင့် နေလွဲသောအခါ၌ အကပ်ခံအပ်သော နို့ရည်,နို့ခမ်းစသည်တို့ဖြင့် ပြုအပ်သော ထောပတ်ကို ခုနစ်ရက်ကို လွန်စေရာ၌ အဇ္ဈောဟရဏ သဘောမရှိသောကြောင့် လုံးလုံး အနာပတ္တိ ဖြစ်သတည်း။ အကပ္ပိယ မံသသပ္ပိကို ခုနစ်ရက်ကိုလွန်စေရာ၌ အဇ္ဈောဟရဏ သဘောရှိသောကြောင့် လုံးလုံး အနာပတ္တိမဖြစ်၊ နိဿဂ္ဂိယအာပတ်ဖြင့်သာ အနာပတ္တိ ဖြစ်သတည်း။ ဒုက္ကဋ်အာပတ်ဖြင့်မူကား အနာပတ္တိမဖြစ်၊နေလွဲသော အခါ၌ အကပ်ခံအပ်သော နို့ရည်,နို့ခမ်း စသည်တို့ဖြင့် ပြုအပ်သော ထောပတ်နှင့် အကပ္ပိယ မံသသပ္ပိ၏ အထူးကိုပြသတည်း။ ပါဠိတော်လာ အဇ္ဈောဟရဏ သဘောရှိသော ထောပတ်နှင့် အထူးကိုပြသည်မဟုတ်။ ယတ္ထ-ပါဠိယာ ။ပ။ တတ္ထ ဟူသောစကားဖြင့် ဒုက္ကဋ်သင့်ရာဌာနကို ပြသတည်း။ ပရတောစဿ စသည်၌ အဿဖြင့် မနုဿသပ္ပိနဝနီတကို စွဲလေ၊ သုံးသပ်လေ။ နောက်၌ မိန့်အပ်လတ္တံ့သော "ခီရာဒီသု အကပ္ပိယံ နာမ နတ္ထိ"(ဝိ၊ဋ္ဌ၊၂၊၂၆၂။) စသော ဝိနိစ္ဆယသည် ဝိနိစ္ဆယောအရတည်း။ ဤအရာ၌ ကေဘာဇနေပိ-အမိဿိတ္ဝာ-စသည်ဖြင့် ဆိုသောနည်းကို သပ္ပိမှာလည်း သိအပ်၏။

ဝတ္တေ ပန ဒဓိဂုဠိကာယောပိ-စသည်၌ နို့ခမ်းပေါက်, ရက်တက်ပေါက် တို့သည် များစွာမဟုတ်။ ယံ တတ္ထ ခယံ ဂမိဿတိ-ဟု မိန့်လတ္တံ့သည်နှင့်အညီ တစ်ဖန်ထပ်မံ၍ ချက်အပ်သည်ရှိသော် ဆီဦးအဖြစ်သို့ မရောက်ကုန်မူ၍ မီးစား

သဖြင့် ကျေပျောက်လတ္တံ့သော နို့ဓမ်းပေါက်, ရက်တက်ပေါက် မီးစားသဖြင့် အလုံးစုံပင် မကျေမပျောက်သော်လည်း အသားဆီ၏ဆီ၌တည်သော သိမ်မွေ့သောမှုန့်နှင့်တူသော အသားအကြေ စသည်တို့ကဲ့သို့ အဗ္ဗောဟာရိကအားဖြင့် ဆီဦးအဖြစ်သို့ ရောက်လတ္တံ့သော နို့ဓမ်းပေါက်,ရက်တက်ပေါက်ဟု မှတ်အပ်၏။ တေလဘိက္ခာယ ပဝိဋ္ဌာနံ ပန-စသော နောက်စကားကို ထောက်၍ ဥပစ္စမထေရ်တို့၏ အယူဝါဒ မသင့်ကြောင်းကို သိအပ်၏။

[ကျမ်းတက်] မစစ်မူ၍ ချက်သော် သာမံပက္က မဖြစ်ရာလေသလောဟု စောဒနာရန်ရှိသောကြောင့် ယံ တတ္ထ စသည်ကို မိန့်သတည်း။

ဤစကားရပ်၌ အာမိသအဖြစ်မှ စွန့်၍ ဆီဦးဖြစ်လတ္တံ့သည်ကို ''ခယံ ဂမိဿတိ''ဟု ဆိုသည်မဟုတ်။ မီးစားသောအားဖြင့် ကျေပျောက်လတ္တံ့သည်ကို ခယံ ဂမိဿတိ-ဟု ဆိုသတည်း။မီးစားသောအားဖြင့် အလုံးစုံ မကျေမပျောက်သော်လည်း အနည်းငယ်မျှသာ ထောပတ်ဖြစ်မှု အပ်သေး၏။ ဤသို့ယူမှ ပုရေဘတ္တံ ပဋိဂ္ဂဟိတခီရေန ဝါ ဒဓိနာ ဝါ ကတသပ္ပိအနုပသမ္ပန္နေန ကတံ-အစ ရှိသော ရှေးစကား, ယံ ပန ဟတ္ထ သုခုမရဇသဒိသံ မံသံ ဝါ အစရှိသော နောက်စကား (ဝိ ၄၊၂၊၂၉၂) ဤစကားနှစ်ရပ်တို့နှင့် ညီအံ့ထင်သတည်း။

[ကျမ်းတက်] မီးစားသောအားဖြင့် ကုန်ခြင်းသို့ ရောက်လတ္တံ့ဖြစ်ငြား သော်လည်း သဝတ္ထုကပဋိဂ္ဂဟဖြစ်ရာသည် မဟုတ်လောဟု စောဒနာရန်ရှိသော ကြောင့် ဗ္တောဂတာ ဟိ စသည်ကိုမိန့်သတည်း။

ဗ္တောဂတာ၊ ဤသို့ မီးစားသောအားဖြင့် ကုန်လတ္တံ့သော နို့ဓမ်းပေါက်, ရက်တက်ပေါက်ဖြင့်။ ဗ္တော မဟာသီဝတ္ထေရဝါဒေ။ ။အာမိသေန သဒ္ဓိံ-ပက္ကတ္တာ စသည်၌ အာမိသနှင့်တကွ ချက်အပ်သောကြောင့်။ မီးစားသော အားဖြင့် ကျေပျောက်သော်လည်း အကပ်ခံအပ်သော နို့ရည် နို့ဓမ်းဖြင့် ချက်အပ်သော ထောပတ်နှင့်အတူ မွန်းလွဲသောအခါမှစ၍ မအပ်လေရာဟု ကုက္ကုစ္စလွန်မင်းကုန်သော မထေရ်တို့က ကုက္ကုစ္စရှိကြကုန်သေး၏ ဟူလိုသတည်း။ (တသ္မိံမ္ပိ၌ ''တသ္မိံ ဒဓိဂတေ တက္ကဂတေ ခယံ ဂတေပိ''ဟု ယောဇနာ။)

ဤ တသ္မိံမ္ပိ ကုက္ကုစ္စာယန္တိ စကားဖြင့် မိမိဟု ဆိုအပ်သော အရှင်မဟာဗုဒ္ဓဃောသဆရာလည်း နိဗ္ဗဋ္ဋိတသပ္ပိ ဝါ နဝနီတံ ဝါ ပစိတုံ ဝဋ္ဋတိ-ဟူသော မာတိကာ အဋ္ဌကထာ (ကခါ၊ ၄၊ ၁၇၁)စကားကို ထောက်၍ ကုက္ကုစ္စရှိသည်၏အဖြစ်ကို ပြသတည်းဟု ကေရသကဏ်ဋိကာ၌ မိန့်အပ်၏။ နိဗ္ဗဋ္ဋိတသပ္ပိဝါ၌ လုံးလုံး

ယာဝကာလိက ဖြစ်သော နို့ခမ်းပေါက်, ရက်တက်ပေါက်မှ ကင်းပြီးဖြစ်သော ထောပတ်ကိုယူမှုသာ သင့်သည်မဟုတ်သေး။ စင်စစ်မူကား ယာဝကာလိက ဝတ္ထုမှ ထုတ်အပ်သော မီးစားသောအားဖြင့် ယာဝကာလိကဝတ္ထုကျေပျောက် အောင် မီးတိုက်အပ်သော သဂောသဘ်္ဘိရှိသော ထောပတ်ကိုယူလည်း သင့်ရာ သေးသတည်း။ နိဗ္ဗဋ္ဋိတသပ္ပိဝါတိ ယာဝကာလိကဝတ္ထုတော ဝိဝေစိတသပ္ပိံ ဝါ။ ယထာ ကတ္ထ ဒဓိဂတံ ဝါ တက္ကဂတံ ဝါ ခယံ ဂမိဿတိ၊ ဧဝံ ဈာပိတံ ဝါ တိ အတ္ထော။ နဝနီတံဝါတိ တက္ကဗိန္ဒုနိပိဒဓိဂုဠိကာ ယောပိ အပနေတွာ သုဓောတ နဝနီတံ ပဏီတုံဝဋ္ဋတိ-ဟူသော ကခ်ါင္ခိကာသစ်(၃၃၀)လာ စကားကို ထောက်သတည်း။ ဤအရာကား အလွန်ခက်ခဲသည်။ အလွယ်မမှတ်ကြလင့်။ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ ဥဂ္ဂဟိတကံ ကာလဝတိ အာဒိနာ စ, သစေ အနု- ပသမ္ပန္နေန ပုရေဘတ္တံ နိဂ္ဂတံ အာဒိနာ စ, ပစ္ဆာဘတ္တံပဋိဂ္ဂဟိတနဝနီတေနာတိ အာဒိနာ စ, ဥဂ္ဂဟိတကေန ကတေတိအာဒိနာ စ, သေဝနယော အကပ္ပိယ မံသသပ္ပိမှိတိ အာဒိနာ စ, သပ္ပိမှိ ဝုတ္တကမေနေဝ ဂဟေတဗ္ဗော။

တတ္တောဝ၊ ကိုဆီခံစရာသပိတ်၌သာလျှင်။ ။တတ္ထ၊ ထိုထောပတ်စသည် တို့၌။ ဟောန္တိ၊ အံ့။ ။အာဒိစ္စပါကကာတွာ-ဖြင့် သာမံပါကကို-ပယ်သတည်း- ပရိဿာဝေတွာ-ဖြင့် သမ္ဘိန္နရသကိုပယ်သတည်း။ သတ္တာဟကာလိကဖြင့် သတ္တာ ဟကာလိကဖြစ်၍ ခုနစ်ရက်ပတ်လုံး သုံးဆောင်လေဟု ပြသတည်း။

[ကျမ်းတက်] သုံးဆောင်ခြင်းငှာသာ အပ်လေသလောဟု မေးရန်ရှိသော ကြောင့် တာနိ ပဋိဂ္ဂဟေတွာစသည်ကို မိန့်သတည်း။

တာနိ၊ ထိုထောပတ် ဆီဦး ဆီတို့ကို။(ပစိတွာ-၌စပ်။)ပဋိဂ္ဂဟေတွာ၊ အကပ် ခံ၍။ ဌပိတာဘောသဇ္ဇေဟိ၊ ထားအပ်ကုန်သောယာဝဇီဝကဆေးတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပစိတွာ၊ ချက်၍။ နတ္ထုပါနမ္ပိ၊ နှာနှပ်စရာ အဖျော်ကိုလည်း။ ကာ- တုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

ပဋိဂ္ဂဟေတွာ စကားကို နှာနှပ်သောအခါ တွင်းသို့ ဝင်ခြင်းကြောင့် အပြစ် မရှိစေခြင်းငှာ ဆိုသတည်း။ ရဟန်းကို မီး၌ မကျွေစေသော် သာမံပက္ကဖြစ်လေ သောကြောင့်လည်းကောင်း, အလဇ္ဇီသာမဏေချက်၍ပေးသော် မအပ်သော ကြောင့်လည်းကောင်း လဇ္ဇီသာမဏေရောဟူသော စကားကို မိန့်သတည်း။

---

တာနိ ဟု ယခု မူတို့၌ မရှိ။

ယထာ ယေန အာကာရေန၊ အကြင်မီး၌ ကျေစေသောအခြင်းအရာအား ဖြင့်။ ပစိယမာနေ၊ ချက်အပ်သည်ရှိသော်။ ဇလ္လာ၊ ထိုဇထာပတ်, ဆီဦး, ဆီတို့၌။

ဆံကျိုးစသည်တို့၏ အနံ့ကြောင့် ထောပတ်, ဆီဦး, ဆီပုပ်သိုးရာသောကြောင့် ထိုအပြစ်မှ လွတ်စေခြင်းငှါသာ ပုန ပစိတ္ဗာ စကားကို မိန့်သတည်း။ ဤသို့ တစ်ဖန်မချက်သော်လည်း အပြစ်မထင်။ ထို့ကြောင့် အာဒိစ္စပါကံ ကတ္ဗာ စသော ရှေးဝါကျ၌ ထိုစကားကို မဆိုသတည်း။

အာဒိစ္စပါကံ ကတွာတိ အာဒိနာ၊ ဖြင့်။ ဝုတ္တေန၊ သော။ ပုရိမနယေနေဝ၊ ဖြင့်သာလျှင်။ ။ပုရေဘတ္တံ တိလေ ပဋိဂ္ဂဟေတွာ ကတတေလံ၌မလျှော် မပေါင်းရေနွေးဖြင့် မဆွတ်မူ၍ ပွတ်နယ်သဖြင့် ပြုအပ်သော ဆီဟုမှတ်အပ်၏။ ထို့ကြောင့် ပုရေဘတ္တံပဋိဂ္ဂဟိတကတိလေစသော စကားကို မိန့်လတ္တံ့။ ။သာမံ ပက္ကတွာဟု မိန့်အပ်လတ္တံ့သည်နှင့်အညီ တိလပိဋ္ဌံ ဝါ သေဒေတွာ စကားဖြင့်ပေါင်းအပ်သောနှမ်းမှုန့်ညက်၏ ပက္ကသဘောရှိသည်၏ အဖြစ်ကိုပြသတည်း။ထို့ကြောင့် ပိုးမထိုးစေခြင်းငှာ ပေါင်းအပ်ပြီးသော မန်ကျည်းသီးမှည့်တို့သည် ပက္ကသဘောရှိကုန်သည်နှင့် ထိုမန်ကျည်းသီးမှည့်အဖျော်ကိုနေမွှန်းလှဲသောအခါ မသုံးဆောင်အပ်ဟုမှတ်အပ်၏။ ပြုတ်ဖျော်အပ်သော မန်ကျည်းသီးအဖျော်နှင့် အလားတူသတည်း။ပက္ကသဘောရှိက အဖျော်မအပ်သော အကြောင်းကို "ဖာရုသံ နဂ္ဂိသန္တတ္တံ၊ ပါနကံ ယာမကာလိကံ"ဟူသော နိဒ္ဒသိက္ခာ(၈၆ ဂါထာ) စကားဖြင့် သိအပ်၏။

သာသပဧဘလာဒီသုပိ-အစရှိသောစကား၌ အဝတ္ထုကပဋိကပဋ္ဌဂ္ဂဟိတေသုဟုစာအချို့ရှိ၏၊ မှုန်ညင်းစေ့သည်နှမ်းစေ့ကဲ့သို့ ယာဝကာလိကပတ္ထုမဟုတ်ရကား သဝတ္ထုကပဋိဂ္ဂဟိတေသု ဟုရှိရမည်။ ယာဝကာလိကဝတ္ထု မဟုတ်သည်ကိုကား "ဝတ္ထုနံ ယာဝဇီဝိကတ္တာ"ဟု မိန့်အပ်လတ္တံ့သော စကားဖြင့် သိအပ်၏။ ဝိကာလဘောဇနသိက္ခာပုဒ်အဖွင့် (ဝိ၊ ၃၃၁၊၁၀၃) မဓုကဋ္ဌိ ပုန္နာဂဋ္ဌိ ဟရီဋကာဒီနံအဋ္ဌိနိသိဒ္ဓတ္ထ ကဋ္ဌိရာဇိကဋ္ဌိတိဝေ မာဒီနိ အဋ္ဌိနိ ယာဝဇီဝိကာနိ ဟူသော စကားဖြင့်လည်း သိအပ်၏။ ထိုစကား၌ သိဒ္ဓတ္ထကဋ္ဌိဟူသည် မုန်ညင်းဖြူစေ့တည်း။ ။သဝတ္ထုက တိလသောလေဟု စာအချို့၏၊ အဝတ္ထုကာ ိလတေလေဟုရှိရမည်။ တိလတေလံ တာဝ ပုရေဘတ္တန္တိအာဒိနာ ဝုတ္တသဒိသောဝ ဝိနိစ္ဆယော။ ။ဖေသေတွာ စ ဘဇ္ဇိတွာ ၈ဝ ၈။ ။

ဧရဏ္ဍော တု စ အာမဏ္ဍော။ ။အဘိဓာန်အရည်ဝင်။ (၅၆၅-ဂါထာ) ဤရ-ခေပေ။ ဧရံ အာဒေသော ဤရတိ ကမ္ပတီတိ ဧရဏ္ဍော။ ဗျဉ္ဇနပုဗ္ဗော ဏ္ဍာဒိ-မောဂ္ဂလာန်(၅၉) ဧရဏ္ဍသဒ္ဒါ ကြက်ဆူဟော။ ။နတ္ထိ၊မရှိ ဣတိတသ္မာ၊ ကြောင့်။ တဒဟု ပဗ္ဗဇိတော တဒဟုကတံ ဟု ထည့်၍ အနက်ပေး။

တေလတ္ထာယဂဟိတာသာသပါဒီနံ စသည်၌ မုန်ညင်းစေ့ စသည်တို့သည် ယာဝဇီဝိကဝတ္ထု ဖြစ်ကုန်ငြားသော်လည်း ဆီပြုခြင်းအကျိုးငှာ အကပ်ခံလေသောကြောင့် သတ္တာဟကာလိက ဖြစ်ကုန်သည်နှင့် သတ္တာဟ တိက္ကမ၌ ဒုက္ကဋ်အာပတ်သင့်သတည်း။ ယာဝဇီဝက မုန်ညင်းစေ့မှ သတ္တာဟကာလိကဆီ ဖြစ်သည်ကို ယာဝကာလိက နှမ်းစေ့မှ သတ္တာဟကာလိက ဆီဖြစ်သကဲ့သို့ အပြန်အလှန်မှတ်အပ်၏။

ကရမန္ဒာဂါသိအာဒီနံ-ဟုစာအများရှိ၏။ကရမန္ဒ အတသီအာဒီနံဟုရှိရမည်။ ။ အတသီ နှမ်းကြပ် အတသီဂစ္ဆဝိသေသော။ ။ (ဏွာဒိမောဂ္ဂလာန်) (၂၁၇)

ဧတေသု တေလေသု။ ။သာမံ ပက္ကတ္တာတိအာဒိနာ သဝတ္ထုကပဋိဂ္ဂဟိတတ္တာ အာဒိနာစ, ပုရေဘတ္တံ ပဋိဂ္ဂဟိတာနန္တိအာဒိနာ စ ဥဂ္ဂဟိတကံ ကတ္ဝာ အာဒိနာ စ, ဥဂ္ဂဟိတကံ ကတ္ဝာတိ အာဒိနာ စ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

[၃၊၆၂၃] ဂဟိတာ ကိဉ္စာပိ ဟောန္တိ နေ တထာပိ ဝါဠမစ္ဆတ္တာ သုသုကာ ဝသန္တိ ဝိသံ ဝုတ္တံ ဧတ္ထ အစ္ဆာဒိသု။ ။ကော မနုဿဝသာ အကပ္ပိယာ။ ။ တတ္ထဝသာယ။

သားဆီသည် ယာဝကာလိက ဝတ္ထုဖြစ်ငြားသော်လည်း သားဆီကို ချက်သော် တန်ခိုးထက်သတည်း။ အလွန်အကဲအနာကို ပယ်ဖျောက်တတ်သတည်း။ ဤသို့ အကြောင်းထူး ရှိသောကြောင့် "ကာလေ ပဋိဂ္ဂဟိတံ ကာလေ နိပ္ပက္ကံ" စသည်ဖြင့် သားဆီကို ချက်ကြလေဟုအထူးခွင့်ပြုတော်မူသည်နှင့်အညီ သစေ ပန ဝသံပဋိဂ္ဂဟေတွာ-စသောစကား အဋ္ဌကထာဆရာမိန့်သတည်း။ထို့ကြောင့်ဝိမတိဝိနောဒနီ ( ၁၊၃၅၃ )၌ "ရောဂနိဂ္ဂဟတ္ထာယဝေဝသာယ အနုညာတတ္တာ-သလ္လက္ခေတွာ ပစ္ဆာ သာဓူတိ သမ္ပဋိစ္ဆိ" ဟု မိန့်အပ်၏။ ။

တတြာပိ၊ ထိုသားဆီကို အကပ်ခံ၍ ကိုယ်တိုင် ပြုရာ၌လည်း။

သားဆီသည် ယာဝကာလိကဝတ္ထုဖြစ်သောကြောင့် ပစ္ဆာဘတ္တမှန အာစ ရှိသော စကားကို အဋ္ဌကထာဆရာ မိန့်သတည်း။

ပက္ကတေလကသဋ္ဌေ ဝိယ ကုက္ကုစ္စာယတိ-၌ နို့ရည်စသည်တို့ကို ထည့်၍ ချက်အပ်သော ဆီဦး၌ နို့ရည်အဖတ်သည် အာမိသဖြစ်၍ ထိုနို့ရည်အဖတ်နှင့်တကွ ဆီကို အကပ်ခံ၍ ချက်ခြင်းငှာ မအပ်သကဲ့သို့ ထို့အတူ သားဆီကို ထည့်၍ ချက်အပ်သော ထောပတ်ဆီဦး၌ သားဆီသည် အာမိသဖြစ်၍ ထိုသားဆီနှင့် တကွသော ထောပတ်ဆီဦးကို အကပ်ခံ၍ ချက်ခြင်းငှာ မအပ်လေတန်ရာဟု အလိုလို ကုက္ကုစ္စရှိသည် ဟူလိုသတည်း။

တေရသကဏ္ဍဋီကာ၌ "အဖတ်နှင့်တကွ ချက်ခြင်းငှာမအပ်၊ ဆီသက်သက်သာ ချက်ခြင်းငှာအပ်၏"ဟု ဝိမတိဝိနောဒနီစကား (၁၊၃၅၂)နှင့် အတူတူ မှတ်အပ်၏။

မဟာသီဝမထေရ်ဆိုသောအတိုင်း အဋ္ဌကထာဝါဒီတို့က ရက်တက်မှု ထုတ်သစ်စဖြစ်သော အနည်းငယ်ခန့်မျှသော နို့ဓမ်းပေါက်၊ ရက်တက်ပေါက် ရှိသော ဆီဦးကို ချက်ကောင်း၏ဟု အယူရှိကြသောကြောင့် "ဘန္တေ နဝနီတေ ။ပ။ ဝဋ္ဋတိ"စကားကို ဆိုကြကုန်သတည်း။ ဥပတိဿမထေရ်ကား ကုက္ကုစ္စ လွန်သောကြောင့် န ဝဋ္ဋတိ စကားကို ဆိုသတည်း။

ကေတော ပစိတ္တာ သံသဋ္ဌာနိ တေ ဇဝန္တာနိ စသည်၌ သားဆီသည် ယာဝကာလိကဝတ္ထု ဖြစ်ငြားသော်လည်း သားဆီကိုချက်သော် တန်ခိုးတက်သည်၊ ရောဂါကိုအလွန်နှိပ်စက်တတ်သည်။ ဤသို့ အကြောင်းထူးရှိသောကြောင့် အထူးအားဖြင့် "ကာလေ ပဋိဂ္ဂဟိတံ"စသည်ဖြင့် အခွင့်ပြုတော်မူသည်နှင့်အညီ ထောပတ်, ဆီဦး, သားဆီ-တို့ကို တပေါင်းတည်းချက်၍ စပ်အပ်သည်ရှိသော် တန်ခိုးထက်သည်၊ ရောဂါကို အလွန်နှိပ်စက်တတ်သည်၊ ထို့ကြောင့် အပ်သင့်ပါသည် ဟူကြလိုကုန်သည်။ ဤသို့ လျှောက်ကြားကုန်သည် ကာလ"ရောဂါကို နှိပ်ခြင်းငှာ သားဆီကိုချက်အပ်၏"ဟု ဘုရားရှင်ခွင့်ပြုတော်မူအပ်သည်၏အဖြစ်ကို သတိရ၍ သာဓုဟုသောဟု ဝန်ခံသတည်း။ ထို့ကြောင့် ဝိမတိဝိနောဒနီ (၁၊၃၅၃)၌ "ရောဂနိဂ္ဂဟတ္ထာယဝေ ဝသာယ အနုညာတတ္တံ သလ္လက္ခေတွာ ပဉ္စာ သာဓူတိ သမ္ပဋိစ္ဆိ"ဟု မိန့်အပ်၏။

မဓုကရိ ဟိ နာမ စသည်၌ မဓုကရီဟိ နာမမဓု မက္ခိကာဟိသည် နောက်နှစ်ပုဒ်၏ ဝိသေသန ဖြစ်လေအံ့။ ခုဒ္ဒကမက္ခိကာဟိ အရကား ပျားငယ်,ယင်ပျား, သစ်ခေါင်း ပျားတည်း။ ဘမရမက္ခိကာဟိ အရကား ပျားကြီးတည်း။ ထို့ကြောင့် ခုဒ္ဒသိက္ခာဋီကာသစ် (၃၀၀)၌။ ခုဒ္ဒါ ခုဒ္ဒမဓုမက္ခိကာ စ ဘမရာ စ ခုဒ္ဒဘမရ၊ ခုဒ္ဒဘန္တေ၊ ကတ္တာ နပုံ သကေကဝစနံ။ မဓုံ ကရောန္တီတိ မဓုကရိယော။ ကာ ဝေမက္ခိကာ မဓုကရိမက္ခိကာ၊ ခုဒ္ဒါဘမရမေဝ မဓုကရိမက္ခိကာတိကမ္မဓာရေ-

ယော။ တာဟိ ကတံ မဓုမဓုနာမာတိ အတ္တော။ ဋီကာယမ္ပန ဝိသုံ မဓုကရိသဒ္ဒံ ဝိကပ္ပေတွာ ဒဏ္ဍကေသု မဓုကရာမဓု ကရိမက္ခိကာနာမာတိ ဝုတ္တံဟု မိန့်အပ်၏။ မဓုကရိဟိနာမ မဓုမက္ခိကာဟိသည် နောက်နှစ်ပုဒ်၏ ဝိသေသနမဟုတ် အသီးအခြားဖြစ်အံ့။ မဓုကရိဟိ နာမ မဓုမက္ခိကာ၏ အရကား ပျားငယ် ယင်ပျားတည်း။ ခုဒ္ဒကမက္ခိကာဟိ၏ အရကား သစ်ခေါင်းပြားတည်း။ ဘမရရက္ခိကာ၏ အရကား ပျားကြီးတည်း။ အဘိဓာန်(၆၃၄)၌ "ဆပ္ပဒေါစ မဓုဗ္ဗတော။ ။ မဓုလီဟော မဓုကရော။ မဓုပေါ ဘမရောအလိ" ဟု ဘမရ သဒ္ဒါ ပိတုန်း၏ ပရိယာယ်မှာလာ ပြောသော်လည်း ဤအရာမှာ ပိတုန်းကို ဘမရသဒ္ဒါဖြင့် မယူအပ်။ အကြောင်းကား ပိတုန်းကို "အင္ဂပက္ခိကာ ကာဠမဟာဘမရာ ဟောန္တိ"ဟု မိန့်လတ္တံ့ဖြစ်သောကြောင့်တည်း။ ထို့ကြောင့်ကင်္ခါဋီကာသစ်(၃၂၉)၌။ မက္ခိကာ မဓုမေဝါတိ ခုဒ္ဒကဘမရမဓုကရိဟိ တီဟိ မက္ခိကာဟိ ကတံ မဓုမေဝ-ဟု မိန့်အပ်၏။ ဤစကားရပ်၌ ခုဒ္ဒက အရသစ်ခေါင်းပျားတည်း။ ဘမရအရ ပျားကြီးတည်း။ မဓုကရိအရ ပျားငယ် ယင်ပျားတည်း။ ခုဒ္ဒသိက္ခာ ဋီကာဟောင်း(၁၁၆၊ ၇)၌လည်း"ဣဒါနိ မဓုဝိကတိဒဿေတုံ ခုဒ္ဒါဘမရ မဓုကရိ-မက္ခိကာဟိ ကတန္တိ ဝုတ္တံ၊ တတ္ထ ခုဒ္ဒါတိ ခုဒ္ဒမက္ခိကာ ဘမရာတိ မဟာဘမရမက္ခိကာ၊ ဒဏ္ဍကေသု မဓုကရာ မဓုကရိ မက္ခိကာနာမ။ တောဟိ တီဟိ မက္ခိကာဟိကတံ မဓုနာမာတိ အဓိပ္ပာယော"၊ဟု မိန့်အပ်၏။ ထိုစကားအပေါင်းတို့တွင်ကင်္ခါဋီကာသစ်,ခုဒ္ဒသိက္ခာဋီကာဟောင်းတို့၌လာသောစကားသည်၊"မဓုံ မဓုကရိကတံ။" ဟူသော ဝိနယ ဝိနိစ္ဆယ(၁၀၉)စကားနှင့် ညီညွတ်သတည်း။ ထိုစကားနှစ်ရပ်၌ မဓုကအရ မဓုမက္ခိကကိုယူအပ်၏၊ အာဒိသဒ္ဒါဖြင့်ခုဒ္ဒကမက္ခိက,ဘမရမက္ခိကတို့ကိုယူအပ်ကုန်၏။ထို့ကြောင့်ဝိနယဝိနိစ္ဆယဋီကာ(၁၊ ၃၅၁)"မဓုကရိတန္တိ မဓု မက္ခိကာ ခုဒ္ဒကမက္ခိကာ ဘမရမက္ခိကာ သင်္ခါတာဟိတီဟိ မဓုကာဟိကတံ"ဟု မိန့်အပ်၏။ အဋ္ဌကထာ၌ အကယ်၍ ခုဒ္ဒသိက္ခာ ဋီကာသစ်၌ မိန့်တော်မူတိုင်း မဓုကရိဟိ နာမ မဓုမက္ခိကာဟိသည် နောက်နှစ်ပုဒ်၏ ဝိသေသန ဖြစ်လေအံ့။ "မဓုကရီဟိ နာမ မဓုမက္ခိကာသင်္ခါတာဟိ"ဟု အဋ္ဌကထာ ဆရာရေးတော်မူရာသည်၊ ရေးလည်း မရေးခဲ့။ ခုဒ္ဒသိက္ခာ (၉၀)၌"ခုဒ္ဒါဘမရ မဓု"ကရိ၊ မက္ခိကာဟိကတံမဓုဟု မဓုကရိမက္ခိကာဟိ ဟူသောပုဒ်ကိုနောက်ထား၍ ရေးတော်မူသည်ကားဂါထာအရာဖြစ်၍ဆန်းဂိုဏ်း-သင့်အောင် ရေးသတည်း။ ဝိသေသန ပရပဒ ဖြစ်၍ရေးတော်မူသည် မဟုတ်။ ဝိနယဝိနိစ္ဆယကျမ်းကို စီရင်တော်မူသော အရှင်ဗုဒ္ဓဒတ္တဆရာသည် အဋ္ဌကထာ၌ သာမညဖြစ်၍ မပေါ်သည်ကိုဖော်၍ ထင်ရှားအောင် ရေးတော်မူခြင်း အလေ့ရှိသတည်း။ အရှင်မဟာဗုဒ္ဓဃောသ ဆရာမှနောက်၌ ကျမ်းရေးသော ဆရာများတွင် အလွန်ဆိုးဖြစ်သတည်း။ ကင်္ခါဋီကာသစ်,ခုဒ္ဒသိက္ခာဋီကာသစ် ဆရာနှစ်ပါး

တို့သည် သာရတ္ထဒီပနီဋီကာပြု အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်ကုန်သတည်း။ ထိုနှစ်ပါးတို့တွင် ကင်္ခါဋီကာသစ်ဆရာသာလျှင် သတည်း။ ဝိနယ ဝိနိစ္ဆယ ဋီကာဆရာသည်လည်း အရှင်သာရိပုတ္တရာ၏ တပည့်တည်း။ ခုဒ္ဒသိက္ခာဋီကာသစ်ဆရာထက်သာလျှင်သတည်း။

ဌပိတံ ဝါ၊ သည်လည်း။သစေ ဟောတိ၊ အံ့။ဣဟ ရံ၊ ဤပျားရည်မှ တပါးသော ပျားငယ် ယင်ပျားရည် သစ်ခေါင်းပျားရည်ကို။ နာနာဘာဇနေသု၊ တို့၌။ ဌပိတံ ဝါ၊ သည်လည်း။ သစေ ဟောတိ၊ အံ့။ ဧဝံသတိ၊ သော်။ ဝတ္ထု-ဂဏနာယ၊ ဖြင့်။ နိဿဂ္ဂိယာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ မဟာမဓုံ၊ ကို။ ဧကမေဝ၊ သော။ ခဏ္ဍံ၊ အပိုင်းကို။ ကတွာ၊ ၍။ ဌပိတံ ဝါ၊ သည်လည်း။ သစေ ဟောတိ၊ အံ့။ဣတရံ၊ ဤပျားကြီးရည်မှ တပါးသော ပျားငယ်ယင်ပျား သစ်ခေါင်းပျားရည်ကို။ ဧကဘာဇနေ၌။ ဌပိတံ ဝါ၊ သည်လည်း။ သစေ ဟောတိ၊ အံ့။

မဓုမက္ခိတံ ပန မဓုဂတိက မေဝ၌ ပျားရည်ဖြင့် လိမ်းကျံအပ်သော အကောင်ကင်းသော ပျားသလက်,ပျားဖယောင်းသည် ပျားရည်နှင့် အတူ သတ္တာဟကာလိက ဟူလိုသတည်း။

စီရိကာ နာမ သပက္ခာဒီဃမက္ခိကာအရကား ပျားသန်တည်း။ တုမ္ဗလ နာမိကာ စ အဋ္ဌိပက္ခိကာကာဠမဟာဘမရာ-အရကား ပျားပိတုန်းတည်း။

“တုန္တိသဒ္ဒံ ကတွာ ပလေန္တိ ဝေဟာသံ ဂစ္ဆန္တီတိ တုမ္ဗလာ”ဟု ဂဏ္ဌိနေ ပြုရန်ရှိသတည်း။

ဖာဏိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တန္တိ ဥစ္ဆုရသံ ဥပါဒါယ-ဧသော စကား၌ အဝတ္ထုကပက္ကာ ဝါ စကားကို မဟာအဋ္ဌကထာ အလိုအားဖြင့် မိန့်ဆိုသတည်း။ ထို့ကြောင့် မဟာပစ္စရိယ၌ ဧတံ သဝတ္ထုပက္ကံ စသည်ကို မိန့်အပ်လတ္တံ့။ ဤအရာဝယ် တေရသကဏ်ဋီကာ(၂၄၃၂၅)။ “ပါဠိယမ္ပိ ဟိ အနုဇာနာမိ ။ပ။ အနုညာတော”ဟု မိန့်သည်ကို ထောက်၍ အဂိလာနပုဂ္ဂိုလ်သည် တင်လဲကို သုံးဆောင်လိုသော် တင်လဲရည် ဖြစ်စေ၊ တင်လဲခဲဖြစ်စေ၊ ရေနှင့်ဖျော်မှသာ သုံးဆောင်ခြင်းငှာ အပ်သတည်းဟု ယူရန်ရှိသတည်း။ သို့ပင် ယူရန်ရှိသော်လည်း “ပဋိဂ္ဂဟေတွာ ဌပိတံ လောဏောဒကံ လောဏံ ဟောတိ၊ လောဏံ ဝါ ဥဒကံ ဟောတိ၊ ရသော ဝါ ဖာဏိတံ ဟောတိ၊ ဖာဏိတံ ဝါ ရသော ဟောတိ” ဟူ၍ လာသော ဒန္တပေါဏသိက္ခာပုဒ်အဖွင့် အဋ္ဌကထာစကား (ဝိ၊၄၊၁၁၉)

နှင့်အညီ ရေနှင့်ရောအပ်သော တင်လဲရည်သည်သာ ဂုဠောဒကမည်သည်မဟုတ်၊ ပြကတေ့ တင်လဲရည်သည်လည်း ဂုဠောဒက မည်သတည်း။ ထို့ကြောင့် ပြကတေ့သော တင်လဲရည်သည်လည်း အဂိလာနပုဂ္ဂိုလ်အား အပ်၏ဟု မှတ်အပ်၏။ ဋီကာဆရာသည် ဤစကားကို အရသို့ လိုက်၍ "ရေနှင့်ရောအပ်သော တင်လဲခဲကိုသာမိန့်ဆိုသည်"ဟု မှတ်အပ်၏။

အဘိဓာန် စတုဗ္ဗဏ္ဏဝဂ် (၄၆၂)၌ "ဂုဠော စ ဖာဏိတံ ခဏ္ဍော"ဟု မိန့်အပ်၏။ ဂုဠော၊ ကြည်သော တင်လဲ။ ဖာဏိတံ၊ ပြစ်ခဲ့သော တင်လဲ။ ခဏ္ဍော၊ သကာ။ ။တေရသကဏ်ဋီကာ (၂၊၄၃၃)၌ သယံ ကတံ နိရုမိသ မေဝ ဝဋ္ဋတီတိ ဧတ္ထ။ပ။ဂဟေတဗ္ဗံ စကားကို အဝတ္ထုကပက္ကာဝါဟူ၍လာသော မဟာအဋ္ဌကထာစကားအားလျော်စွာသာလျှင် အဋ္ဌကထာဆရာ မိန့်ဆိုအပ်သည်နှင့်အညီ မိန့်ဆိုအပ်သတည်း။ နေရာကျ အဓိပ္ပာယ်ကား "နိရုမိသမေဝ ဝဋ္ဋတိ တတ္ထ ပဝိဋ္ဌယာဝကာလိကဿ"စသည်ဖြင့် ဝိမတိဝိနောဒနီ (၁၊၃၅၃) ဖွင့်တိုင်းသော အဓိပ္ပာယ်တည်း။

သေ နယော ဥစ္ဆုံ ပဋိဂ္ဂဟေတွာ-စသည်၌ သေနယောဖြင့် ဆိုအပ်ပြီးသော ပုရေဘတ္တ ပဋိဂ္ဂဟိတေန-စသော စကားတလျှောက်ကို ညွှန်းသတည်း။ ကြံချောင်းကို ဥစ္ဆုံ ဆိုသတည်း။ ဧျာမ ဥစ္ဆု ဖာဏိတံဝါ-စသော စကားကို လူသာမဏေတို့ပြုအပ်သော တင်လဲကိုရည်၍ဆိုသတည်း။ရဟန်းပြုမှုလျဉ်းပါးရန်ပင် မရှိ မအပ်သည် ကေန်တည်း။ ဧျာမ ဥစ္ဆုဖာဏိတံဝါ-ဖြင့် မီးလောင်သော ကြံခင်း၌တည်သော မီးလောင်သောကြံဖြင့်ပြုအပ်သောတင်လဲ၏သဝတ္ထုကပက္က၏အဖြစ်ကို ပြသတည်း။ ကောဋ္ဋိတဥစ္ဆုဖာဏိတံဝါဖြင့် နုတ်နုတ်စင်း ခုတ်ပြီးလျှင် ညှစ်၍ မစစ်ဘဲ ချက်အပ်သောတင်လဲ၏ သဝတ္ထုကပက္က၏ အဖြစ်ကို ပြသတည်း။ ဥစ္ဆုဖာဏိတံ ပစ္ဆာဘတ္တံ စသည်၌ အဖတ်နှင့်တကွ ချက်အပ်သည် ဖြစ်စေ, အဖတ်မပါဘဲ ချက်အပ်သည်ဖြစ်စေ၊ လူသာမဏေတို့ ချက်အပ်သည် ဖြစ်အံ့၊ အဖတ်နှင့်တကွ ချက်အပ်သော်လည်း ထိုအဖတ်သည် သကာခဲဖြစ်သည့်အခါ ခြောက်သွေ့ခြင်းသို့ ရောက်သည်ဖြစ်၍ ယာဝကာလိကအဖြစ်ကို စွန့်ရကား အဗ္ဗောဟာရိကဖြစ်သည်နှင့် မှန်းလွဲသောအခါ မအပ်သောတင်လဲမည်သည် မရှိဟူလိုသတည်း။

ခီရံ ပက္ခိပိတွာ ပက္ကတေလံ ကသ္မာ အစရှိသော တေရသကဏ်ဋီကာ(၂၊၄၃၃) စကား၌လူသာမဏေတို့ပြုရာ၌သာ အပ်သတည်း၊ ဆီ၌သည့်၍ ချက်အပ်သော နို့ရည်သည် ချက်ဖန်များသော် ဆီဖြစ်သတည်း။ "အညံ၊ တပါးသော သစ်မယ်ဇယ်တင်လဲသည်"တေရသကဏ်ဋီကာအနက်တည်း။

ခဏ္ဍသကဗ္ဗရံ ပန ခီရဇလ္လိကံ-စသည်၌ ဒါယကာတို့သည် သကာခဲ၌ နို့ရည်ကို ထည့်ကုန်၍ လျှုဒါန်းကုန်သော် သကာခဲ၌ နို့ရည်ကို ပယ်ကုန်၍ ယာဝကာလိကဝတ္ထုကြင်းအောင် သုတ်သင်နိုင်ကုန်သောကြောင့် သုတ်သင်ကုန်၍ ခုနစ်ရက်ပတ်လုံး သုံးဆောင်ခြင်းငှာ အပ်၏ဟု ဟူလို သတည်း။ သကာခဲ၌ နို့ရည်ကိုထည့်၍ ချက်သော် နို့ရည်ကို ထည့်၍ ပြုအပ်သော သစ်မယ်ဇယ် တင်လဲနှင့်အတူ ယာဝကာလိကဖြစ်၏။

ကဒလိခဇ္ဇူရိအမ္ဗ-လဗုဇပနသစိဉ္စာဒီနံ - စသည်၌ ငှက်ပျောသီးအမှည့်နှစ် စသည်တို့ဖြင့်ပြုအပ်သောတင်လဲကို ဆိုသတည်း။ ပင်စည်မှ ဖြစ်သောတင်လဲကိုမဆို။ ထို့ကြောင့် ထန်းရည်သည် ထန်းဖိုရည်ဖြစ်စေ, ထန်းမရည်ဖြစ်စေ ပင်စည်မှထွက်သောကြောင့် အပ်၏ဟု မှတ်အပ်၏။

သတ္တာဟံ ပန အနတိက္ကမေတွာ-စသည်၌ တာနိ ပဋိဂ္ဂဟေတွာ တဒဟု ပုရေ-ဘတ္တံ-စသည်ဖြင့် မိန့်ဆိုအပ်လတ္တံ့သည် အားလျော်စွာ အဓိပ္ပာယ်ကိုယူအပ်၏။

ဟိ ယသ္မာ သတ္တဝိဓံ ဟောတိ တသ္မာစ,ယသ္မာ အနုညာတံ၊တသ္မာစ,ယသ္မာ ဒဗ္ဗကာလံ ဥဒ္ဒိဿ အနုညာတံ။တသ္မာ စ,ယသ္မာ အနုညာတာ အနာပတ္တိယော ဟောန္တိ။ တသ္မာ စ, ယသ္မာ အနုညာတာနိ ဥပသမ္ပဒါဒီနိ ဟောန္တိ။ တသ္မာစ။ ယသ္မာ ဝသာနာမေန အနုညာတံ။ တသ္မာစ,ယသ္မာ သတ္တာဟံ ပရိဘုဉ္ဇိတဗ္ဗာနိ။ တသ္မာ စ,သတ္တာဟံ။ပ။ယထာသုခံ ပရိဘုဉ္ဇိတဗ္ဗံ။

[၄၊၆၂၄]သာသပမတ္တံ ဝါ သစေပိ ဟောတိ။ သာယနမတ္တံ ဝါ သစေပိ ဟောတိ။ ဧဝံ သတိပိ နိဿဇ္ဇိတဗ္ဗမေဝ။

တေဟိ မက္ခိတာနိ၊အရောင်ထွက်စေခြင်းငှာ သက်န်းကိုယောပတ် ဆီဥ ဆီတို့ဖြင့် အတော်အသင့် လိမ်းကျံသည်။

အရောင်ထွက်စေခြင်းငှာပင် တောင်ဝှေး,ဖိနပ်,ခြေပွတ်အိုးခြမ်း, ညောင်စောင်း, အင်းပျဉ် စသည်တို့ကို ထောပတ်, ဆီဥ,ဆီ, ပျားရည်, တင်လဲတို့ဖြင့် လိမ်းကျံသည်။

[၄၊ ၆၂၅] ကိဉ္စာပိ အနာပတ္တိ။ပန တထာပိ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။

တေခသဟက်ဋ္ဌီကာ၌ “ပနသဒ္ဒပယောဂေါပိ။ အရှစိအနက်ကို ထွန်းပြတတ်သော ပနသဒ္ဒါကို ယှဉ်ခြင်းသည်လည်း။န သင်္ဂဏှတိ၊အရာဌာနနှင့်ညီညွတ်ခြင်းသို့မရောက်”ဟု အနက်ပေး၊ကေသာ သန္တကံ ဟောန္တမ္ပိ(သာရတ္ထ၊၂၊၄၃၅) ဖြင့် အဝိဘတ္တမဟုတ်။ တစ်ယောက်ယောက်သော ရဟန်း၏ ဥစ္စာဖြစ်သောကြောင့် အကပ်ခံရင်း ရဟန်းအား အာပတ်သင့်ရာသည် မဟုတ်လောဟု စောဒကာ၏ နှလုံးသွင်း အာဘောဂကို ပြသတည်း။ ဤပုဒ်ကို နတ္ထိ၌စပ်။ ။ အပရိဘောဂံ ဟောတိတိ ကဿစိ အမနုညဿ ပတိတတ္တာ[သာရတ္ထ၊၂၊၄၃၅]၌ တစ်စုံတစ်ယောက်သော လူအား ဤမဲအားကို ဤအရပ်မှ ဤအရပ်သို့ ပြောင်းရွှေ့လောဟု အကပ်ကို စွန့်သောအားဖြင့် စေအပ်သောကြောင့် ဟူလိုသတည်း။ ဤသို့စေကာ သုံးဆောင်လိုသော် အကပ်မခံမူ၍ သုံးဆောင်ခြင်းငှာ မအပ်။

အဋ္ဌကထာ၌ နယိဒံ ယာစိတဗ္ဗ·စကားကို တောင်းသော် မလျော်သောကြောင့် ဆိုသတည်း။ ။အညေန ဘဏ္ဍုနာ ဝတ္တဗ္ဗော·စကားကို အလျော်အားဖြင့်သာဆိုသတည်း။ မထေရ်ကြီးတောင်းသော်လည်း အပြစ်မထင်။

ဘေသဇ္ဇသိက္ခာပဒဒီပနီ နိဋ္ဌိတာ။

[၄၊၆၂၆] ပဋိကစ္စသဒ္ဒါသည် ပုရတ္ထဝါစီနိပါတ်ပုဒ်တည်း။ထို့ကြောင့်“ပုရေယေဝ”ဟု ဖွင့်သတည်း။ [၄၊၆၂၇] ဂိမှမာသာနံ၊တပေါင်းလပြည့်ကျော်-တစ်ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့တိုင်အောင်ကုန်သော နွေလတို့တွင်။ကော၊ တစ်ခုသော။ ပစ္ဆိမမာသော၊ နောက်ဆုံးဖြစ်သော နယုန်လပြည့်ကျော်တစ်ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အဆုံးရှိသော တစ်လသည်။ သေသော၊ ကြွင်းသေး၏။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ဆိုသင့်ဆိုထိုက်သော။ ကာလော၊ ကာလ၌။ ပရိယေသိ တဗ္ဗံ(ဝိ၊၁၊ ၃၆၅)၌စပ်။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ (၁၊၃၅၃)၌။ နိဒ္ဒါရဏေ သာမိဝစနံ။ ဂိမှေသု စတူသု မာသေသူတိ အတ္ထော။ နိဒ္ဓါရိတဗ္ဗံ ဒဿေတိ မာသောသေသောတိ ဧတ္ထ ဝတ္တဗ္ဗော ကာလောတိ သေသော။ ဖဂ္ဂုနမာသဿ ကာဠပက္ခပါဋိပဒတော ပဋ္ဌာယ ဇေဋ္ဌမာသ ပုဏ္ဏမိပရိယောသာနေသု တီသု မာသေသု အတိက္ကန္တေသူတိ အတ္ထော။ သေသမာ-သော နာမ ဇေဋ္ဌမာသဿ ကာဠပက္ခပါဋိပဒတော ပဋ္ဌာယ အာသဠိမာသ ပုဏ္ဏမိပရိယောသာနော။ ဂိမှာနံ မာသော သေသောတိ ဝတ္တဗ္ဗော ကာ-လောတိ အတ္ထော·ဟု မိန့်အပ်၏။ ။တ္ထော၊ ဤမာသော သေသော ဂိမှာ-နန္တိ-ဟူသော စကား၌။ ဝတ္တဗ္ဗော ကာလောတ် ပါဌော၊ သည်။ သေသော၊ ကြွင်းသည်။ ဟောတိ၊ ၏။ ။ဂိမှာန နာမကော၊ နွေလအမည်ရှိသော။

အတိရေက မာသေ-ပုဒ်တွင် မာသေပုဒ်တစ်စိတ်၌သာ စပ်ရမည်။ သေသေ ပုဒ်၌ မစပ်ရ။ အကြောင်းကား သေသေ-အရ နွေလကိုသာ မယူရ၊ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ နယုန်လပြည့်နေ့တိုင်အောင်သော လ-ကို ယူရသည်နှင့် ဆောင်းလ, နွေလ-အရောဖြစ်၍ ဂိမှာနေနှင့် သေသေသည် ဝိသေသန ဝိသေသျ မတန်သောကြောင့်တည်း။

ပရိယေသနက္ခေတ္တံ စသည်၌ ပရိယေသနခေတ် မဘိုင်မီ ရှာသော် "အတိရေကမာသေ သေသေ ဂိမှာနေ ဝဿိကသာဋိကစီဝရံ ပရိယေသတိ။ နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟု ဟောတော်မူသည်နှင့်အညီ နိဿဂ္ဂိယပါစိတ်အာပတ် သင့်သတည်း။

ကရဏခေတ်မတိုင်မီ ပြုသော် "အဒ္ဓမာသေ သေသေ ဂိမှာနန္တိ ကတွာ" ဟူသော အာဏာတော်နှင့်မညီသောကြောင့် ဒုက္ကဋ်အာပတ်သင့်သတည်း။

နိဝါသနခေတ် မတိုင်မီ ဝတ်သော် "အတိရေကဒ္ဓ မာသေ သေသေ ဂိမှာနေ ကတွာ နိဝါသေတိ။ နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟု ဟောတော်မူသည်နှင့် အညီ နိဿဂ္ဂိယပါစိတ်အာပတ်သင့်သတည်း။

အဓိဋ္ဌာနခေတ်မတိုင်မီ အဓိဋ္ဌာန်တင်သော် "အနုဇာနာမိ ဘိက္ခဝေ ဝဿိကသာဋိကံ စာတုမာသံ အဓိဋ္ဌာတုံ" ဟူသော အာဏာတော်နှင့်မညီသောကြောင့် ဒုက္ကဋ်အာပတ်သင့်သတည်း။

ကုစ္ဆိသမယော, ပရိယေသန, ကရဏ, နိဝါသန, အဓိဋ္ဌာနတို့၏ ထိုက်သည် အားလျော်စွာ အတွင်းဖြစ်သောအခါ လည်းကောင်း၊ ပိဋ္ဌိသမယော၊ ပရိယေသန, ကရဏ, နိဝါသန, အဓိဋ္ဌာနတို့၏ အပဖြစ်သောအခါ လည်းကောင်း၊ ပိဋ္ဌိသမယ စတုက္ကံ၊ ပိဋ္ဌိသမယ၌ဖြစ်သော စတုက္ကလည်းကောင်း၊ ကုစ္ဆိသမယ စတုက္ကံ၊ ကုစ္ဆိသမယ၌ဖြစ်သော စတုက္ကလည်းကောင်း။

အယမေကော အဓုမာသော စသည်၌ ဝိမတိဝိနောဒနီဋီကာဆရာသည် ဆွဲဆွဲငင်ငင် အဋ္ဌကထာပါဠိမှာ ရှိသည့်အတိုင်း သင့်လျော်အောင် ဖွင့်၏၊ အရှိုးမကျ။ တေရသကဏ္ဍဋီကာဆရာဖွင့်တိုင်းသာ သင့်သတည်း။

ယာဝ၊ အကြင်မျှလောက်။ ကတ္တိကပုဏ္ဏမာ၊ တန်ဆောင်မုန်းလပြည့် တိုင်အောင် ကုန်သောနေ့တို့သည်။ သန္တိ၊ ကုန်၏။ တာဝ၊ ထိုမျှလောက်။ ဣမေ စတ္တာရော မာသာ၊ တို့သည်။ ပန၊ သမယနှင့် စတုက္က၏ရှေးဦးစွာ။ ကတ္တိကပုဏ္ဏမာသိယာ၊ တန်ဆောင်းမုန်းလပြည့်နေ့၏။

ဣမိနာ သိက္ခာပဒေန-၌ ဝေသဒ္ဒါ ကျေသတည်း။ ဣမိနာ သိက္ခာပဒေန ဝေ-ဟူသော အနက်ကိုမှတ်။ အညာတကဝိညတ္တိသိက္ခာပဒေနံ နိဿဂ္ဂိယံ ပါစိတ္တိယံ စကားရပ်တွင် အညာတကဝိညတ္တိ သိက္ခာပဒေန၌ စ သဒ္ဒါ ကျေသတည်း၊ အညာတက ဝိညတ္တိ သိက္ခာပဒေန စ-ဟူသော အနက်ကို မှတ်။ စ-သဒ္ဒါဖြင့် ဤသိက္ခာပုဒ်ကို ဆည်းသတည်း။ ။အညာတကဝိညတ္တိ သိက္ခာ-ပဒေန အနာပတ္တိ-စကားရပ်တွင် အညာတကဝိညတ္တိသိက္ခာပဒေန၌ ဝေ-သဒ္ဒါကျေသတည်း။ ဝေ-သဒ္ဒါဖြင့် ဤသိက္ခာပုဒ်ကိုကန့်။ ထို့ကြောင့် ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏-ဟူသော အနက်ကို သိအပ်၏။ ဤသို့သိအပ်သော အနက်ကို သာခကဆောင်ခြင်းငှာ။ "ဝုတ္တံ ပေတံ"စသော စကားကို မိန့်သတည်း။ ဤသို့ပြင်မှ သာခက သာမေယျတန်သတည်း။

ဣမ မတ္တံ၊ ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏ဟူသော အနက်ကို။ တေရသကဏ္ဍကာ၌ ဣမ မတ္တံအရ နှစ်ပါးဖွင့်ရာမှာ ရှေ့အနက်ကို ယှဉ်ဖက်ဖြစ်၍သာ ဖွင့်သတည်း။ လိုရင်းမဟုတ်၊ နောက်အနက်သာ လိုရင်းတည်း။ နိဿဂ္ဂိယံ ပါစိတ္တိယံ သုံးပါးနှင့် အနာပတ္တိတစ်ပါးသည် ပိဋ္ဌိသမယ စတုက္ကတည်း။ ။ယေ မနုဿာ ပုဗ္ဗေပိ ဝဿိကသာဋိကစီဝရံ ဒေန္တိ တေ ဥပသင်္ကမိတွာ ဝေ မဿုဝစနီယာ (ဝိ၊၁၊၃၆၅။)ဟု ဟောတော်မူသည်နှင့်အညီ ရှေးအခါကလည်း မိုးရေခံသင်္ကန်းကို လှူဖူးသော ဒါယကာတို့သို့ ကပ်၍ ဆိုရမည့် ဝတ်ပျက်သောကြောင့် "ဝတ္တဘေဒေ ဒုက္ကဋံ"စကားကို မိန့်သတည်း။

အညာတကဝိညတ္တိသိက္ခာပဒေနနိဿဂ္ဂိယံပါစိတ္တိယံ၌ မိုးရေခံသင်္ကန်းရှာမှီးရာ အခါသမယဖြစ်၍ ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သောကြောင့် အညာတကဝိညတ္တိသိက္ခာပဒေန ဧဝ နိဿဂ္ဂိယံ ပါစိတ္တိယံ-ဟု ဧဝသဒ္ဒါနှင့် အနက်ကို သိအပ်၏။

ဣဒံ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ဤအရာဝယ် တေရသကဏ္ဍဋီကာ (၂၊၄၃၇)၌ စကား ရှေ့, နောက်ပြန်သတည်း။ "ဝိညတ္တိ ။ပ။ နိပ္ဖာဒေန္တဿ။ ဣဒန္တိ ။ပ။ ပါစိတ္တိယံ၊ ပကတိယာဝဿိကသာဋိကဒါယကာ နာမ"ဟု ရှိရမည်။

